
www.burmeseclassic.com

# မြတ်တရားကို ရှာဖွေတွေ့ရှိသူ

ဦးနု

BURMESE CLASSIC .com

ဦးနု နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်



www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၃၂၀၇၀၄၀၆၁၁ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၃၂၀၂၉၅၀၆၀၇ ]

●

မျက်နှာဖုံး
ဇော်မောင်

- - -

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

- - -

ထုတ်ဝေခြင်း
အောက်တိုဘာ၊ ၂၀၀၈

●

ဒေါ်စန်းစန်းနု (၀၂၉၈၀)၊ ဝေဒေသာစာပေ
အမှတ် ၁၃/၂၉၆၊ ရန်တင်းမြို့နယ်
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၀၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများပုံနှိပ်သည်။

# မာတိကာ

ပထမအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ ... ဏ
နိဒါန်း ... ၁
အနုသယခုနစ်ပါး ... ၁
ကိလေသာဟူသည် အဘယ်နည်း ... ၃
ဗုဒ္ဓဘာသာ၏ပန်းတိုင် ... ၃
ဤအနုသယများကို မည်သို့ပယ်သတ်ရမည်နည်း ... ၄
သီလ၊ သမာဓိ၊ ပညာ ... ၄
အဘယ့်ကြောင့် သီလ၊ သမာဓိ၊ ပညာဟု စဉ်းစားသနည်း ... ၅
သီလ သိက္ခာပုဒ်များကို မည်သို့ဆောက်တည်ရသနည်း ... ၅
သမထကမ္မဋ္ဌာန်းကို မည်သို့အားထုတ်သနည်း ... ၆
ဝိပဿနာဘာဝနာကို မည်သို့အားထုတ်သနည်း ... ၇
မဂ်စိတ်တို့၏ တန်ခိုးများ ... ၈
သဘာဝအားဖြင့် ကျန်မဂ်သုံးပါးကို မည်သို့ရရှိသနည်း ... ၉
ပထမအကြောင်း ... ၉
ဒုတိယအကြောင်း ... ၉
ပထမစမ်းသပ်မှု ... ၁၁
ဒုတိယစမ်းသပ်မှု ... ၁၂
တတိယစမ်းသပ်မှု ... ၁၄
စတုတ္ထစမ်းသပ်မှု ... ၁၅
စိတ်ဝင်စားဖွယ် မေးခွန်းများစွာ ... ၁၈
ကိုယ်တိုင်သာကြည့်သော ယုံကြည်မှု ... ၁၈
စကားပြောသော တိရစ္ဆာန်များ ... ၂၂
သဿတဝါဒ မယုံသူ ... ၂၅
[illegible]သလင်္ကာသာဝင် မိတ်ဆွေ ... ၂၅
[illegible] ဖန်ဆင်းရှင်များမရှိ ... ၂၅

www.burmeseclassic.com


အနောက်တိုင်းမှ ခေါင်းဆောင်တစ်ဦး ၂၅

ဥပမာပုံပြင် ၂၆

အနုးအညွှတ်တောင်းပန်ခြင်း ၂၈

သီလနှင့်ပတ်သက်၍ ဗုဒ္ဓက ဘာပြောကြားခဲ့သနည်း ၂၉

သမာဓိနှင့်ပတ်သက်၍ ဗုဒ္ဓက ဘာပြောကြားခဲ့သနည်း ၃၁

ပညာနှင့်ပတ်သက်၍ ဗုဒ္ဓက ဘာကို ပြောကြားခဲ့သနည်း ၃၂

တတိယအကြိမ် အားထုတ်မှု ၃၃

ကျေးဇူးတင်လွှာ ၃၄

အညွှန်းစာအုပ်များ ၃၄

သမိုင်းအကျဉ်း ၃၄

မဟာစည်ဆရာတော် ၄၁

**အခန်း ၁**

သစ္စာလေးပါးကို တွေ့ရှိသူ ၄၅

**အခန်း ၂**

ပါရမီဟူသည် အဘယ်နည်း ၅၃

**အခန်း ၃**

ပါရမီဆယ်ပါး ၆၀

**အခန်း ၄**

နောက်ဆုံးဘဝ ၁၃၈

**အခန်း ၅**

အယူဝါဒမျိုးစုံကို ဘုရားလောင်း တွေ့ကြုံခဲ့ခြင်း ၁၄၁

**အခန်း ၆**

အာနာပါနသတိ၏ အရေးပါမှု ၁၅၀

**အခန်း ၇**

ဗုဒ္ဓအဖြစ်သို့ မှန်ကန်သောလမ်းကြောင်း ၁၆၆

**အခန်း ၈**

ဗုဒ္ဓအဖြစ် ၄၅ ဝါ ၁၇၆

**အခန်း ၉**

ပထမဝါ

အနတ္တနိဒါန်း ၁၉၀

**အခန်း ၁၀**

အနတ္တနှင့် ယင်း၏ နောက်ဆက်အကျိုးများ ၂၀၅

**အခန်း ၁၁**

ပထမဝါ

သာသနာပြုလုပ်ငန်းအစျိုး ၂၃၈

**အခန်း ၁၂**

ပထမဝါ

ဘဒ္ဒမင်းသားများကို ကယ်ချွတ်ခြင်း ၂၄၄

**အခန်း ၁၃**

ပထမဝါ

အဂ္ဂသာဝကနှစ်ပါးအကြောင်း ၂၅၆

**အခန်း ၁၄**

ပထမဝါ

ကပ္ပိလဝတ်ပြည်သို့ ဗုဒ္ဓကြွခြင်း ၂၆၃

**အခန်း ၁၅**

ဒုတိယ၊ တတိယ၊ စတုတ္ထဝါများ

ဟန်ဆောင်သူ ဖမ္မကြ ၂၇၁

**အခန်း ၁၆**

ပဥ္စမဝါ

ဘိက္ခုနီ (ရဟန်းမ) သံဃာစတင်ခြင်း ၂၈၄

**အခန်း ၁၇**

ဆဋ္ဌမဝါ

ခေါ်လားအပ်သော တန်ခိုးဣဒ္ဓိကိုပြခြင်း ၂၉၇

**အခန်း ၁၈**

အဋ္ဌမဝါ

[illegible] လယ်သမား ၃၀၆

**အခန်း ၁၉**

နဝမဝါ

[illegible]ပုဏ္ဏားက သမီးကို ဗုဒ္ဓအားပေးခြင်း ၃၀၉

**အခန်း ၂၀**

[illegible] နှစ်မြောက်ဝါ

သီရိမာ ပြည့်တန်ဆာမ ၃၂၁


www.burmeseclassic.com

www.burmeseclassic.com

**အခန်း ၂၁**
၁၈ ခုမြောက်ဝါ
ယဇ္ဇန်းသည်မကလေးအကြောင်း ၃၂၉
**အခန်း ၂၂**
၁၉ ခုမြောက်ဝါ
ကပ်စေးနဲ့သူဌေးကြီး ၃၃၂
**အခန်း ၂၃**
၂၀ မြောက်ဝါ
အမြီလုပ်ကျေးသူ ၃၃၆
**အခန်း ၂၄**
၂၁ ခုမြောက်ဝါ
ပေါက္ခရသာတိကို ကယ်ချွတ်ခြင်း ၃၃၈
**အခန်း ၂၅**
ဒေဝဒတ် ၃၅၅
**အခန်း ၂၆**
ဘောကြီးကိုဖြစ်စေခဲ့သော လှည့်ပတ်မှု ၃၇၄
**အခန်း ၂၇**
အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန်ဝင်ခြင်း ၃၈၄
**အခန်း ၂၈**
ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း ၃၉၂
(မဟာပရိနိဗ္ဗာန)
**စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း** –
**စာရေးသူ ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များ** –

## ပထမအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ

မြတ်တရားကို ရှာဖွေတွေ့ရှိသူမှာ ၁၉၇၀–၁၉၈၀ ခုနှစ်များအတွင်း ဖေဖေ နိုင်ငံခြားတွင် နေထိုင်စဉ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် The Discoverer, The Path နှင့် The Disciples ဟူ၍ စာမူ သုံးမူ ဖြစ်ပါသည်။

၁၉၈၀ ခုနှစ် မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး ပထမစာအုပ်ဖြစ်သော The Discoverer ကို ဦးမြင့်ဆွေ မဟာဝိဇ္ဇာ(လန်ဒန်)အား မြန်မာဘာသာသို့ ပြန်စေခဲ့ပါသည်။ ဆရာဦးမြင့်ဆွေထံတွင် နှစ်အတော်ကြာခဲ့ပြီး ဖေဖေ့ထံ မြန်မာဘာသာပြန်မူ ရောက်သည့်အခါတွင်လည်း အခြား အကြောင်းကြောင်းများကြောင့် မြန်မာပြန်မူကို ပြန်ဖတ်မကြည့်ဖြစ်ခဲ့ပါ။ ဖေဖေ မကွယ်လွန်မီ နှနှင်ခန့်မှ ထိုစာမူကို စာအုပ်အဖြစ် ထုတ်လိုကြောင်း ကျွန်မအား ပြောလာသော်လည်း အကောင်အထည် မဖော်ဖြစ်ခဲ့ပါ။ ထို နှနှစ်အတွင်း ဖေဖေသည် ဘာသာပြန်မူကို မဖတ်ဖြစ်ဘဲ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော The Path ကိုသာ ဖတ်လိုက်၊ ပြင်လိုက်၊ ဖြုတ်လိုက်၊ တရားစာများ ထပ်ထည့်လိုက်နှင့်သာ အလုပ်ရှုပ်နေပြီး ကွယ်လွန်ချိန်တွင် The Path အင်္ဂလိပ် စာမူမှာ ပြင်လျက်တန်းလန်း ဖွင့်လျက်သား သူ့စာရေးစားပွဲပေါ်တွင် ကျန်ရစ်ခဲ့ပါသည်။

The Discoverer မြန်မာပြန်ကို ဖတ်ရှုမသွားဖြစ်ခဲ့ပါ။ ယခုစာအုပ်မှ ဖာသည် ကျွန်မ ဖခင် ဦးနု၏ မြန်မာစာအရေးအသား မဟုတ်ပါ။ ကြီး ဦးမြင့်ဆွေ၏ မြန်မာစာအရေးအသားသာ ဖြစ်ပါသည်။

ဆသေ ဆုံးပြီး ခြောက်လခန့် ကြာသောအခါ ဖေဖေ အကူအညီတောင်း ထိုအခါ ခိတ်ဆွေထံသွား၍ ဖေဖေ တစ်ခါက ကျွန်မအား တိုင်ပင်ခဲ့ဖူးသည်ကို သတိရသဖြင့် စာအုပ်ထုတ်လို၍ လာပြောခြင်းဖြစ်ကြောင်း ပြောပြရာ ထိုဦးလေးက အခက်အခဲများရှိကြောင်း ပြောလိုက်သဖြင့် စာအုပ်ထုတ်မည့်ကိစ္စ မအောင်မြင်ခဲ့ပါ။

ဤသို့ဖြင့် မေ့မေ့လျော့လျော့ ဖြစ်သွားခဲ့ရာ လွန်ခဲ့သည့်နှစ်ကမှ ၂၀၀၇ ခုနှစ်တွင် ဖေဖေ သက်ရှိထင်ရှား ရှိနေခဲ့ပါလျှင် အသက် ၁၀၀ ပြည့်မည် ဆိုသည့် အကြောင်း ရင်း ၁၀၀ ပြည့် မွေးနေ့တွင် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com

အနေနှင့် တစ်ခါမျှ မထုတ်ဝေဖူးသေးသည့် ဤစာအုပ်ကြီးကို ထုတ်ဝေရလျှင် ကောင်းမှာပဲဟု အကြံရခဲ့၍ စာပေလောက မိသားစုနှင့်-တိုင်ပင် အကူအညီ တောင်းပြီး ဤစာအုပ်ကြီး ဖြစ်မြောက်ရေးအတွက် လုံးပန်းခဲ့ကြရပါသည်။

ပထမဦးဆုံး ကြုံရသည့် ပြဿနာမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤစာအုပ်သည် ဖေဖေက အင်္ဂလိပ်လိုရေးသားခဲ့ပြီး ဆရာကြီး ဦးမြင့်ဆွေက မြန်မာလို ဘာသာပြန်ခဲ့သော်လည်း စာမူအမည် The Discoverer ကို မြန်မာ ဘာသာသို့ မပြန်ခဲ့ပါ။ ထို့ကြောင့် စာအုပ်အမည် ပေးရန် စဉ်းစားရပါသည်။ Discover ဆိုသည့် စာလုံးမှာ အကြောင်းအရာ တစ်ခုကို ပထမဦးဆုံး ရှာဖွေ တွေ့ရှိသည်ဟု အဓိပ္ပာယ်ရပြီး Discoverer မှာ ရှာဖွေတွေ့ရှိသူ ဖြစ်ပါသည်။ ထိုစာအုပ်ထဲတွင် ရေးသားထားသည်များမှာလည်း မြတ်စွာဘုရားအကြောင်း များသာ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်သည့် သစ္စာလေးပါး မြတ်တရားကို ပထမဦးဆုံး ရှာဖွေတွေ့ရှိသူဟု သင်ကြား မှတ်ယူခဲ့ဖူးသဖြင့် ကျွန်မ ဉာဏ်မီသလောက် ရိုးရိုးရှင်းရှင်းပင် မြတ်တရားကို ရှာဖွေ တွေ့ရှိသူ ဟု ခေါင်းစဉ်တပ်ပေးခဲ့ပါသည်။ ဖေဖေ ကြိုက် မကြိုက် မမှန်းဆနိုင်ပါ။ ဖေဖေ့စာမူကို အမည်ပေးလိုက်ရသည့်အတွက်တော့ ကျွန်မ အလွန် ဂုဏ်ယူမိပါသည်။

ပါဠိ ကျမ်းဂန်ကို သေသေချာချာ နားလည်တတ်ကျွမ်းသည့်သူ တစ်ယောက်က ပါဠိ သတ်ပုံ သတ်ညွှန်းများ အမှားအမှန်ပြင်ဆင်ရန်နှင့် အဓိပ္ပာယ်ကို သေသေချာချာ သိရှိနားလည်ပြီး ဖတ်ရှုပြင်ဆင်ပေးရန်အတွက် ဖခင်ကြီး၏ မိတ်ဆွေ ဦးစောဝင်း (မဟာစရိယ၊ B.A, D.B.L, D.M.L, D.I.L, D.A Psy:) အား အကူအညီ တောင်းရာ ဆရာဦးစောဝင်းက လိုလိုလားလားပင် ဖတ်ရှုပြင်ဆင်ပေးခဲ့ပါသည်။

စာမူ ကွန်ပျူတာစာစီအဆင့်တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ၊ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတာဘိဝံသအား ဖတ်ရှု ပေးတော်မူပါရန် လျှောက်ထား တောင်းပန်ခဲ့သဖြင့် ဆရာတော်ဘုရားကြီးက မေတ္တာရှေ့ထား၍ ဖတ်ရှုပေးခဲ့ပါသည်။ ဆရာတော်ဘုရားကြီးအားလည်း အထူး ကျေးဇူးတင်ရှိပါကြောင်းကို ရိုသေစွာ ခြေတော်ဦးခိုက် လျှောက်ထားအပ်ပါသည်။

စာမူကို စက်တင် ပုံနှိပ်နိုင်သည်အထိ နေ့ရောညဉ့်ပါ အထူးကြိုးစား ဖတ်ရှု ပြင်ဆင် တည်းဖြတ်ပေးပါသော မဟာစရိယ ဦးစောဝင်းအား လည်းကောင်း၊ ဤစာအုပ် ထုတ်ဝေရေးတွင် ကျွန်မနှင့် စိတ်တူကိုယ်တူ အားကြိုးမာန်တက် စက်တင် ပုံနှိပ် ကူညီပေးကြပါသော စာပေလောက မိသားစုအားလည်းကောင်း၊ စာအုပ်ကိစ္စအတွက် ကျွန်မထံသို့ အကြိမ်ကြိမ် အခေါက်ခေါက် လာ၍ ကူညီ ပေးသော စာပေလောကမှ ကိုအောင်မြတ်ကျော်အား လည်းကောင်း ဖေဖေ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၁၀၊ ၅၊ ၂၀၀၇။ စန်းစန်းနု

BURMESE CLASSIC .com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုန်းတော် ကြီးမြတ်တော်မူသော
ပူဇော်အထူးကို ခံတော်မူထိုက်သော
သစ္စာ လေးပါးကို အကုန်အစင် ကိုယ်တော်တိုင်
သိမြင်တော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

## နိဒါန်း

ဗုဒ္ဓဘာသာ၌ အစမ်းသပ်ခံနိုင်သော အရာများစွာရှိကြသည်။ ဗုဒ္ဓကိုယ်တော်တိုင်က မိမိ၏ တရားတော်များကို စမ်းသပ်စေချင်တော်မူသည်။ မိမိဟောခဲ့သည့် တရားတော်၏ ဉာဏ်တော်ခြောက်ပါးကိုရေတွက်ရာ၌ ဗုဒ္ဓသည် 'ဧဟိပဿိကော' (လာ၍ ကြည့်ရှုစမ်း [illegible])ဟု စတုတ္ထဂုဏ်တော်အဖြစ်ဖြင့် ရေတွက်ထားတော်မူခဲ့သည်။ ဤဂုဏ်တော် အားဖြင့် ဗုဒ္ဓသည် 'မိမိ၏တရားတော်များကို စမ်းသပ်နိုင်သည်'ဟု လည်းကောင်း၊ 'ပုဂ္ဂိုလ်တိုင်းအားဖြင့် ဗုဒ္ဓသည် မိမိ၏ တရားတော်များကို စမ်းသပ်နိုင်သည်'ဟု လည်း ကောင်း၊ 'ပုဂ္ဂိုလ်တိုင်းအား လာရောက်၍ တရားတော်များကို စမ်းသပ်ကြည့်ရန် [illegible]ခေါ်နိုင်သည်'ဟုလည်းကောင်း ဆိုလိုတော်မူသည်။ (ဓမ္မသုတ်)။

ဤစမ်းသပ်မှုအားလုံးတို့တွင် ရိုးရိုးကလေးနှင့်စစ်မှန်သည့် တန်ဖိုးပါရှိသဖြင့် [illegible]အား နှစ်ခြိုက်စေခဲ့သည့်စမ်းသပ်ခြင်းမျိုးတစ်ခု ပါရှိပေသည်။ ထိုစမ်းသပ်ခြင်း [illegible] အဘယ်နည်းဟူသည်ကို ကြည့်ကြပါစို့။

## အနုသယခုနစ်ပါး

[illegible]တော်များအရ အနုသယခုနစ်ပါးရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်း [illegible]။

၁။ ကာမရာဂါနုသယ
၂။ ဘဝရာဂါနုသယ

www.burmeseclassic.com

www.burmeseclassic.com



၃။ ပဋိဃာနုသယ

၄။ မာနာနုသယ

၅။ ဒိဋ္ဌာနုသယ

၆။ ဝိစိကိစ္ဆာနုသယ

၇။ အဝိဇ္ဇာနုသယ

ဤအနုသယခုနစ်ပါးတို့သည် လူတို့သန္တာန်မှာကိန်းနေသော တရားများဖြစ်သည်ဟု ဆရာအဆက်ဆက်တို့ အနုသယနှင့် ပတ်သက်၍ ဘာသာပြန်ဆိုခဲ့ကြပေသည်။ အနုသယများ လူတို့သန္တာန်မှာ အမြဲတမ်းရှိနေသည် ထင်ရလောက်အောင် အကြောင်းတိုက်ဆိုင်တိုင်း အဆက်မပြတ် အဖန်ဖန်ဖြစ်တတ်သောကြောင့် ကိန်းသည်ဟု ဆရာမြတ်တို့ ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်ပေသည်။ အမှန်မှာ ကာမရာဂါနုသယ (လောဘ) စသော အနုသယတို့သည် ဤခန္ဓာကိုယ်ထဲ၌ အမြဲတမ်း တည်ရှိမနေပါ။ ရူပါရုံနှင့် စက္ခုပသာဒတို့ တိုက်ဆိုင်သည့်အခါ လိုချင်သည်ဆိုသည့် လောဘဖြစ်လာပါသည်။ ဖြစ်ပြီးလျှင် ပျက်သွားပါသည်။ ခန္ဓာကိုယ်ထဲမှာ မည်သည့်သတ္တိမျှ ကျန်မနေခဲ့ပါ။ ပဋ္ဌာန်းဒေသနာမှာ နတ္ထိပစ္စည်းကို ဘုရားရှင် ဟောကြားတော်မူခဲ့သည်ကို သတိပြုသင့်ပါသည်။

၁။ ကာမရာဂါနုသယသည် ကာမရာဂ (ကာမဂုဏ်များကို တပ်မက်မှု)ဟုခေါ်သော ကိလေသာကို ဖြစ်ပေါ်စေသည်။

၂။ ဘဝရာဂါနုသယသည် ဘဝရာဂ (မြင့်မြတ်သည့်ဘဝများကို တပ်မက်မှု)ဟု ခေါ်သော ကိလေသာကို ဖြစ်ပေါ်စေသည်။

၃။ ပဋိဃာနုသယသည် ပဋိဃ (အမျက်ဒေါသ)ဟု ခေါ်သော ကိလေသာကိုဖြစ်ပေါ်စေသည်။

၄။ မာနာနုသယသည် မာန (ထောင်လွှားမှု)ဟု ခေါ်သော ကိလေသာကိုဖြစ်ပေစေသည်။

၅။ ဒိဋ္ဌာနုသယသည် သက္ကာယဒိဋ္ဌိ (ရုပ်နာမ်တရား၌ မှားသောအမြင်)ဟု ခေါ်သော ကိလေသာကို ဖြစ်ပေါ်စေသည်။

၆။ ဝိစိကိစ္ဆာနုသယသည် ဝိစိကိစ္ဆာ (ယုံမှားမှု) ဟုခေါ်သော ကိလေသာကို ဖြစ်ပေါ်စေသည်။

၇။ အဝိဇ္ဇာနုသယသည် အဝိဇ္ဇာ (အရိယာသစ္စာလေးပါးကိုသိမြင်ရန် မစွမ်းနိုင်မှု)ဟု ခေါ်သော ကိလေသာကို ဖြစ်ပေါ်စေသည်။



## ကိလေသာဟူသည် အဘယ်နည်း

စိတ်ကိုညစ်နွမ်းစေတတ်သော၊ တုန်လှုပ်စေသော၊ ညစ်ညူးစေသော စိတ်၏တုံ့ပြန်လှုပ်ရှားမှု သဘောမှုကို ကိလေသာဟုခေါ်သည်။ အထက်ဖော်ပြပါ (ကိလေသာ) ခုနစ်ပါးမှတစ်ပါး အခြား များစွာသော ကိလေသာတို့ရှိသေးသည်။ သို့ရာတွင် ယင်း အခြားကိလေသာတို့သည် ထိုခုနစ်ပါးလောက် အားမကောင်းသောကြောင့် ယင်းတို့ကိုဖြစ်ပေါ်စေသည့် အနုသယဓာတ်များကို အနုသယဟု သတ်မှတ်မထားခြင်းဖြစ်သည်။ ဤအားနည်းသည့် ကိလေသာများကို နောင်တွင်ပြဆိုသွားပါမည်။

## ဗုဒ္ဓဘာသာ၏ ပန်းတိုင်

ယင်းပန်းတိုင်သို့ မည်သို့ရောက်နိုင်မည်နည်း။

ဤအနုသယခုနစ်ပါးတို့ကို အမြစ်ပြတ်ပယ်သတ်နိုင်သည်။ ဤအားကောင်းသည့် မျိုးစေ့တို့ကို အမြစ်ပြတ်ပယ်သတ်ပြီးသောအခါ အခြားကိလေသာ၏ မျိုးစေ့ဟူသမျှသည် အလိုလိုပင် ပယ်သတ်ပြီးဖြစ်လိမ့်မည်။ အားကောင်း၊ အားနည်း နှစ်မျိုးလုံးသော ဤမျိုးစေ့တို့ကို ပယ်သတ်ပြီးသောအခါ ‘အာရုံခြောက်ပါး တစ်ပါးပါးနှင့် ထိတွေ့သည့်အခါတိုင်း’ ယင်းမျိုးစေ့တို့က ဖြစ်ပေါ်စေသည့် ကိလေသာတရားတို့သည် ဖြစ်ပေါ်လိမ့်မည် မဟုတ်။ ဤကိလေသာတို့သည် ပျောက်ကွယ်သွားလိမ့်မည်။ ယင်းကိလေသာတို့သည် မည်သည့် အခြေအနေတွင်မှ ပြန်ပေါ်လာလိမ့်မည် မဟုတ်။ ဤသည်ပင် ဗုဒ္ဓဘာသာ၏ ပန်းတိုင်ဖြစ်၏။ အနတ္တလက္ခဏသုတ်၏ အဆုံး၌ ဗုဒ္ဓက ဤသို့ မိန့်ကြားတော်မူ၏။ ‘ရဟန်းတို့၊ တစ်စုံတစ်ဦးသည် ဤရုပ်ခန္ဓာနှင့် နာမ် ခန္ဓာလေးပါးတို့ကို လွန်မင်းစွာ စက်ဆုပ်လာခဲ့လျှင် ယင်းသို့ သူ၏တပ်မက်မှုသည် လုံးဝပယ်သတ်ပြီးဖြစ်လာလိမ့်မည်။ သူ၏ တပ်မက်မှုသည် ဤသို့ ပယ်သတ်ပြီးသောအခါ သူသည် ကိလေသာအားလုံးမှ လွတ်မြောက်လာလိမ့်မည်။ သူသည် ကိလေသာ အားလုံးမှ ဤသို့လွတ်မြောက်သွားလျှင် ဤလွတ်မြောက်မှုကို ချက်ချင်း သိလာလိမ့်မည်။ သူသည် အောက်ပါအချက်များကိုလည်း သိလာလိမ့်မည်။

(က) သူ့အဖို့ တစ်ဖန် ပဋိသန္ဓေနေမှုသည် အဆုံးသတ်သွားပြီဟုလည်းကောင်း၊

(ခ) သူ့မှာ မြင့်မြတ်သည့်ဘဝများကို ရရှိဖို့အတွက် သီလ၊ သမာဓိ စသော မြင့်မြတ်သော ကျင့်ဝတ်များကို နောက်ထပ် ကျင့်သုံးဖွယ် မလိုတော့ပြီဟု လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) သူ့မှာ မဂ်ဖိုလ်ကို ရရှိရန် ဝိပဿနာကမ္မဋ္ဌာန်းကို နောက်ထပ် အားထုတ်ဖွယ် မလိုတော့ပြီဟု လည်းကောင်း၊

(ဃ) လက်ရှိ နာမ်ရုပ်ဖြစ်စဉ်များ ကုန်ဆုံးသော် အခြားနာမ်ရုပ်ဖြစ်စဉ်များ ရှိတော့မည် မဟုတ်ဟု လည်းကောင်း သိလာလိမ့်မည်။

## ဤအနုသယများကို မည်သို့ ပယ်သတ်ရမည်နည်း

အနုသယများကို ပယ်သတ်လိုသောပုဂ္ဂိုလ်မှာ

၁။ သီလ

၂။ သမာဓိနှင့်

၃။ ပညာ ရှိထားရမည်။

### သီလ

ပုဂ္ဂိုလ်တစ်ဦးသည် မမှန်သောအရာများကို ပြုလုပ်၊ ပြောဆိုခြင်းမှ ရှောင်ကြဉ် နိုင်လျှင် သူ့မှာ သီလရှိသည် မည်၏။

### သမာဓိ

ပုဂ္ဂိုလ်တစ်ဦးသည် သူအလိုရှိသလောက် ကြာမြင့်စွာ အာရုံတစ်ခု၌မိမိ၏စိတ်ကို စွဲမြဲစွာထားနိုင်လျှင် သူ့မှာ သမာဓိရှိသည် မည်၏။

### ပညာ

ပုဂ္ဂိုလ်တစ်ဦးသည် ဝိပဿနာကမ္မဋ္ဌာန်းဟုခေါ်သော ကမ္မဋ္ဌာန်းတရားကို အားထုတ်ခြင်း၏ အကျိုးရလဒ်အနေဖြင့် မိမိအား မဂ်ဉာဏ်များသို့ ဆောင်ကြဉ်းပေးသည့် ဝိပဿနာဉာဏ်များကို ရရှိလျှင် သူ့မှာ ပညာရှိသည် မည်၏။

မဂ္ဂ ဟူသည် ယေဘုယျအားဖြင့် လမ်းမှန်ကိုဆိုလိုသည်။ ယင်းသည် ဒုက္ခ၏ အဆုံးသို့ရောက်ကြောင်းလမ်းဖြစ်၏။ အခြားသောစိတ်များကဲ့သို့ပင် မဂ်စိတ်သည် ဖြစ်ပေါ်လာပြီး၍ နောက်စိတ်တစ်ခုကို ဖြစ်ပေါ်စေပြီးသည်နှင့်တစ်ပြိုင်နက် ချုပ်ပျောက် သွားသော စိတ္တက္ခဏတစ်ခုမျှသာဖြစ်၏။ သို့ရာတွင် မဂ်စိတ်သည် ဝိပဿနာ ဘာဝနာ၏ အကျိုးတရားအဖြစ်ဖြင့် ဖြစ်ပေါ်လာသည့် ထူးခြားသောစိတ်မျိုးဖြစ်၏။ အခြားသောစိတ်များနှင့်မတူဘဲ အနုသယများကို ပယ်သတ်နိုင်သောကြောင့် ယင်း မဂ်စိတ်ကို ထူးခြားသောစိတ်ဟု ခေါ်ဆိုခြင်းဖြစ်၏။



## အဘယ့်ကြောင့် သီလ၊ သမာဓိ၊ ပညာဟု စဉ်းစားသနည်း

ဤသို့ လွယ်ကူစေရန်အလို့ငှာ အထက်ပါ တရားသုံးပါးကို အောက်ပါနည်းအရ ဆောင်ရွက်လိမ့်မည်။

အနုသယ ခုနစ်ပါးကို ပယ်သတ်လိုသော ပုဂ္ဂိုလ်သည် ပထမဦးဆုံး ဗုဒ္ဓ၏ ညွှန်ကြားချက်များနှင့် လျော်ညီသော သီလမျိုး ရှိထားရမည်။ အကြောင်းကား သီလ မပါဘဲ သမာဓိကို ရရှိရန် မဖြစ်နိုင်သောကြောင့်တည်း။

သီလကိုရရှိပြီးနောက် ဗုဒ္ဓညွှန်ကြားချက်များနှင့်လျော်ညီစွာ သမထ ကမ္မဋ္ဌာန်းဟု ခေါ်သည့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ခြင်းဖြင့် သမာဓိ ရရှိထားရမည်။ အကြောင်း ကား သမာဓိမပါဘဲ ပညာကို ရရှိရန် မဖြစ်နိုင်သောကြောင့်တည်း။

သမာဓိကိုရရှိပြီးနောက် ဗုဒ္ဓ၏ညွှန်ကြားချက်များနှင့် လျော်ညီစွာ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းဖြင့် မိမိအား မဂ်ဉာဏ်များကို ဆောင်ကြဉ်းပေးမည့် ဝိပဿနာဉာဏ်များကို ရရှိရမည်။

## သီလ သိက္ခာပုဒ်များကို မည်သို့ ဆောက်တည်ရသနည်း

ဤမေးခွန်း၏အဖြေကို ကျမ်းစာထဲ၌ ပြည့်စုံစွာ ဖော်ပြထားသည်။ သို့ရာတွင် စာဖတ်သူများအဖို့ အဆင်ပြေစေရန်အတွက် ဤ၌ အချုပ်ကိုဖော်ပြပါမည်။

ကာယဒုစရိုက်သုံးပါးရှိ၏။ ယင်းတို့ကား သတ်ခြင်း၊ ခိုးခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်းနှင့် အရက်သောက်ခြင်း ဟူသော မမှန်သော နည်းတို့ဖြင့် မိမိ၏ ကာမဂုဏ် အလိုပြည့်အောင် ဖြည့်ဆည်းခြင်းတို့ ဖြစ်၏။

ဝစီဒုစရိုက်လေးပါးရှိ၏။ ယင်းတို့ကား လိမ်ပြောခြင်း၊ သူတစ်ပါးကို ကုန်းချော ခြင်း၊ ကြမ်းတမ်းဆဲရေးစကားကို ပြောဆိုခြင်း၊ အကျိုးမဲ့စကားမျိုးကို ပြောဆိုခြင်းတို့ ဖြစ်၏။

သီလဆောက်တည်လိုသော ပုဂ္ဂိုလ်သည် ဗုဒ္ဓရုပ်ပွားတော် (ဝါ) ရဟန်းတော်၏ ရှေ့၌ ရိုသေစွာ ထိုင်ရလိမ့်မည်။ ဗုဒ္ဓရုပ်ပွားတော်နှင့် ရဟန်းတော်နှစ်မျိုးလုံး မရှိ နိုင်လျှင် မိမိဖူးမြင်ဖူးသည့် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူဆူကို မိမိ၏စိတ်သို့ရောက်အောင် အာရုံပြုနိုင်သည်။ သူသည် ဘုရား၊ တရား၊ သံဃာတို့အား ရှိခိုးခြင်းပြုပြီးနောက် အောက်ပါအတိုင်း သိက္ခာပုဒ်များကို ရယူရမည်။

'ကျွန်ုပ်သည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါမည်'

'ကျွန်ုပ်သည် သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ပါမည်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်သည် မမှန်သောနည်းတို့ဖြင့် ကာမဂုဏ်အလိုကို ဖြည့်ဆည်းခြင်းမှ ရှောင်ကြဉ်ပါမည်'

'ကျွန်ုပ်သည် လိမ်ပြောခြင်းမှ ရှောင်ကြဉ်ပါမည်'

'ကျွန်ုပ်သည် ကြမ်းတမ်းဆဲရေးစကားကို ပြောခြင်းမှ ရှောင်ကြဉ်ပါမည်'

'ကျွန်ုပ်သည် အကျိုးမဲ့စကားမျိုးကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါမည်'

သူသည် သိက္ခာပုဒ်များကို စောင့်ထိန်းနိုင်သမျှ ကာလပတ်လုံး သူ့မှာ သီလ ရှိသည် မည်၏။ တစ်စုံတစ်ဦးသည် သူ့ကို သီလနှင့်ပြည့်စုံသူဟု ခေါ်နိုင်သည်။ သူသည် ထိုသိက္ခာပုဒ်များထဲမှ တစ်ပါးပါးကို ချိုးဖျက်မိခဲ့လျှင် သိက္ခာပုဒ်များကိုထပ်၍ ဆောက်တည်နိုင်၏။

## သမထ ကမ္မဋ္ဌာန်းကို မည်သို့ အားထုတ်သနည်း

ဗုဒ္ဓသည် စိတ်၏ တည်ကြည်မှုကိုရရှိရန်အတွက် ကမ္မဋ္ဌာန်းနည်းလေးဆယ်ကို သတ်မှတ်ပြဋ္ဌာန်းပေးတော်မူခဲ့၏။ ယင်းတို့ကို 'ဘာဝနာလေးဆယ်'ဟု ခေါ်၏။ ယင်းတို့ကို 'သမထဘာဝနာများ'ဟုလည်း ခေါ်၏။ သမထ စိတ်၏ တည်ငြိမ်မှု+ ဘာဝနာ = ကမ္မဋ္ဌာန်း အားထုတ်ခြင်းတို့ကြောင့် သမထ ဘာဝနာဟူသည် စိတ်၏ တည်ငြိမ်မှုကို ရရှိရန်အတွက် ကမ္မဋ္ဌာန်းအားထုတ်ခြင်းကို ဆိုလို၏။

ယောဂီသည် ဘာဝနာလေးဆယ်ထဲမှ တစ်ပါးပါးကို ကျင့်ကြံအားထုတ်လိုသော် သူပြုလုပ်ရန်လိုအပ်မည့် အဓိကအရာကား ဘာဝနာလေးဆယ်အသီးသီးအတွက် သတ်မှတ်ထားသော သင့်လျော်သည့်အာရုံတစ်ခု၌ မိမိ၏စိတ်ကို လုံးဝတည်ငြိမ်စွာ ထားနိုင်အောင် ပြင်းစွာ ကြိုးစားအားထုတ်ရန်ပင်ဖြစ်၏။ ဥပမာ ဝင်လေ၊ ထွက်လေ ရှုမှတ်မှုကို အာနာပါန သတိဘာဝနာအတွက် သတ်မှတ်ထား၏။ အဝတ်ဖြူစပေါ်၌ ဖြင့်သုတ်လိမ်းထားသော စက်ဝန်းကို ပထဝီကသိုဏ်း ဘာဝနာအတွက် သတ်မှတ်ထား၏။ မိမိ ချီးမွမ်းလေးစားသော ပုဂ္ဂိုလ်တစ်ဦး (ဝါ) သူ၏ရုပ်ပုံကို မေတ္တာဘာဝနာ အတွက်သတ်မှတ်ထား၏။ အထက်ဖော်ပြပါ သမထဘာဝနာသုံးပါးသည် ဗုဒ္ဓဘာသာ ဝင်များနှင့် အလွန်ရင်းနှီး သိရှိပြီးသားဖြစ်၏။ (သို့ရာတွင် တစ်စုံတစ်ဦးသည် သမထ ဘာဝနာကို ကျော်သွားပြီး စိတ်၏တည်ငြိမ်မှုအတွက် ဝိပဿနာသို့တောက်လျှောက် ကူးပြောင်းသွားနိုင်၏။ ဝိပဿနာကိုအားထုတ်ခြင်းဖြင့် ရရှိသော စိတ်၏တည်ငြိမ်မှုကို ခဏိကသမာဓိဟု ခေါ်၏။)



## ဝိပဿနာ ဘာဝနာကို မည်သို့ အားထုတ်သနည်း

ဝိ=ထင်ရှား သေချာသော+ပဿနာ=ရှုမြင်ခြင်း၊ ထို့ကြောင့် ဝိပဿနာ ဘာဝနာ သည် ရုပ်နာမ်တို့၏သဘောမှန်ကို ထင်ရှားသေချာစွာ သိမြင်အောင် ကမ္မဋ္ဌာန်း အားထုတ်ခြင်းကို ဆိုလို၏။

ယောဂီသည် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သောအခါ သူပြုလုပ်ရန်လိုအပ် သည့် အဓိကအရာကား (အောက်ပါတို့ကို) သိမြင်အောင် ကြိုးစားအားထုတ်ရန်ပင် ဖြစ်၏။

၁။ မိမိ၏ ခန္ဓာကိုယ်လှုပ်ရှားမှုများ

၂။ မိမိ၏ ဝေဒနာခံစားမှုများ

၃။ မိမိ၏ စိတ် အမျိုးမျိုးဖြစ်နေမှုများ ဥပမာ– သူသည် ဒေါသဖြစ်နေလျှင် မိမိ၏ ဒေါသစိတ်ကို သိမြင်ရမည်။ လောဘဖြစ်နေလျှင် မိမိ၏ လောဘ စိတ်ကို သိမြင်ရမည်။ ကာမဂုဏ်ကို မှီဝဲလိုစိတ်ဖြစ်နေလျှင် မိမိ၏ ကာမဂုဏ် မှီဝဲလိုစိတ်ကို သိမြင်ရမည်။

၄။ မိမိ၏ စိတ်အကြံအစည်များ

သူသည် ဤလေးချက် မြဲမြံစွာ သိမြင်မှုကို လုံလောက်စွာတည်ဆောက်ပြီးသော အခါ ဝိပဿနာဉာဏ်ကို တစ်ခုပြီးတစ်ခု ရရှိလာလိမ့်မည်။ သူသည် ဤဝိပဿနာ ဉာဏ်များကို ရရှိနေစဉ်မှာ သူ၏စိတ်သည် 'ကာမအာရုံများကို တပ်မက်မှု၊ အမျက် ဒေါသ၊ ယုံမှားသံသယ စသည်'ဟူသော ကိလေသာအားလုံးမှ ခေတ္တအားဖြင့် စင်ကြယ် နေလိမ့်မည်။

ဤဝိပဿနာဉာဏ်များက သူ့အား 'ရုပ်နာမ်တို့ကား အမြဲဖြစ်ပျက်နေ၏'ဟု သိမြင်နိုင်စေလိမ့်မည်။ ဤရုပ်နာမ်တို့၏ သဘောမှန်ကို သိမြင်မှုမှတစ်ဆင့် သူသည် အမြဲဖြစ်ပျက်နေသည့် ရုပ်နာမ်တို့သည် ဆိုးလှ၏၊ ကြောက်ဖွယ်ကောင်း၏၊ အားကိုး ရာမဲ့တတ် ဘေးရန်များ၏'ဟူ၍ တကယ်သိမြင်မှုများကို ရရှိလိမ့်မည်။

သူသည် 'ထိုသို့သဘောရှိနေသည့် ရုပ်နာမ်တို့သည် (တည်မြဲသည့်) အနှစ် ဉာဏ်ဓာတ်မျိုး မရှိနိုင်'ဟူ၍ တကယ်သိမြင်မှုများကိုလည်း ရရှိလိမ့်မည်။

ဤဝိပဿနာဉာဏ်များကြောင့် သူသည် ရုပ်နာမ်များကို ငြီးငွေ့စက်ဆုပ်လာ လိမ့်မည်။ ဤငြီးငွေ့စက်ဆုပ်စိတ်သည် အထွတ်အထိပ်သို့ရောက်သောအခါ သူသည် ချုပ်ငြိမ်းပင် မဂ်ဉာဏ်လေးပါးထဲမှ တစ်ခုဖြစ်စေ၊ အားလုံးဖြစ်စေ တစ်ခုပြီးတစ်ခု ရရှိလာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းရရှိမှုအားလုံးသည် ယောဂီ၏ သဒ္ဓါ၊ ဝီရိယ၊ သမာဓိနှင့် နောက်ဆုံးအရေးအပါဆုံးဖြစ်သည့် ပြုလုပ်မှု 'ကံ'များအပေါ် မူတည်၏။ မိမိ၏အတိတ်ဘဝများက မဂ်လေးပါးကို တစ်ကြိမ်တည်းဖြင့် ရရှိနိုင်သည့် ကုသိုလ်ကံ (ပါရမီ)ကို ဆည်းပူးခဲ့ပြီးသော ယောဂီသည် ထုံးစံအားဖြင့် ထိုမဂ်လေးပါးစလုံးကို ရရှိနိုင်၏။ သို့ရာတွင် မိမိ၏ကုသိုလ်ကံ လုံလောက်စွာ အားကောင်းခဲ့လျှင်သော်မှ သူသည် ဝိပဿနာ အားထုတ်စဉ်အတွင်းမှာ လုံလောက်စွာ သမာဓိအားမကောင်းလျှင် မဂ်လေးပါး (ဝါ) မဂ်သုံးပါးကို တစ်ကြိမ်တည်းဖြင့် ရရှိလိမ့်မည်မဟုတ်။ သူသည် ဤမဂ်ဉာဏ်များအတွက် ထပ်၍ကြိုးစားရလိမ့်မည်။

သူသည် မဂ်ဉာဏ်ကိုရသောခဏမှာ သူ၏မဂ်စိတ်သည် 'ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ'ဟူသော လောကီအာရုံခြောက်ပါးကို စွန့်ပယ်၍ နိဗ္ဗာန်ဟုခေါ်သော အာရုံသစ်ပေါ်၌ လုံးဝကျရောက် တည်နေလိမ့်မည်။ နိဗ္ဗာန်နှင့် သူ၏မဂ်စိတ် ထိတွေ့သည့်ကာလသည် တစ်စက္ကန့်၏ အစိတ်ကလေးတစ်ခုလောက်သာ ရှိလိမ့်မည်။ သို့ရာတွင် ထိုမဂ်စိတ်သည် အံ့ဖွယ်ကောင်းသော သဘာဝ တရားတစ်ခု ဖြစ်သောကြောင့် ဤထိတွေ့မှုသည် သူ့အား အချိန်လုံလောက်စွာ ကြာမြင့်အောင် ဝမ်းသာပီတိဖြစ်စေ၏။

## မဂ်စိတ်တို့၏ တန်ခိုးများ

၁။ ပထမဆုံး မဂ်ဖြစ်သည့် သောတာပတ္တိမဂ်သည် 'ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ'ဟု ခေါ်သော အနုသယနှစ်ပါးကို ပယ်သတ်လိမ့်မည်။ ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ ပယ်သတ်ပြီးသော ပုဂ္ဂိုလ်ကို 'သောတာပန်'ဟု ခေါ်သည်။

သောတာပန်ပုဂ္ဂိုလ်သည် အတ္တ (ဝါ) ဝိညာဉ်၌ ယုံကြည်ခြင်းရှိတော့မည်မဟုတ်။ ယင်းသည် ယုံကြည်မှု၏ ခေတ္တ ပျောက်ကွယ်ခြင်း (ဝါ) ရပ်ဆိုင်းခြင်းမျိုးမဟုတ်၊ ယင်းအတ္တ၌ ယုံကြည်မှုမျိုးကို သောတာပတ္တိ မဂ်က လုံးဝ ပယ်သတ်လိုက်၏။ ယင်းယုံကြည်မှုမျိုးသည် မည်သည့်အခြေအနေတွင်မှ ပြန်ပေါ်လာလိမ့်မည် မဟုတ်။

ဘုရား၊ တရား၊ သံဃာ၌ သူ၏ ယုံကြည်မှုသည် ခိုင်မြဲသွားလေပြီ။

သူသည် လုံးဝအသွင်ပြောင်းသွားသောကြောင့် မည်သည့်အခြေအနေတွင်မှ သတ်ခြင်း၊ ခိုးခြင်း၊ မမှန်သောနည်းဖြင့် မိမိကာမအလိုကို ဖြည့်ဆည်းခြင်း၊ လိမ်ပြောခြင်းတို့ကို ပြုလိမ့်မည်မဟုတ်။

အဆုံးမရှိသည့် ပဋိသန္ဓေနေရခြင်းတို့၏ အကြောင်းရင်းများဖြစ်သော ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ တို့ကို ပယ်သတ်ပြီးဖြစ်သောကြောင့် သောတာပန်သည် အဆုံးမရှိသော ပဋိသန္ဓေနေရမှုများ ရှိတော့မည်မဟုတ်။



... မည်သည့်အခြေအနေတွင်မှ 'ငရဲသတ္တဝါ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အစရှိသော' အပါယ်လေးဘုံသားအဖြစ် တစ်ဖန် ဖြစ်တော့မည် မဟုတ်။ အကြောင်းမူကား ထိုကဲ့သို့သော အပါယ်ပဋိသန္ဓေတို့၏ အကြောင်းရင်းများဖြစ်သည့် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ တို့ကို ပထမမဂ်က ပယ်သတ်ပြီး ဖြစ်သောကြောင့်တည်း။

သူသည် ဝိပဿနာကို ဆက်လက်အားထုတ်လျှင် မိမိလက်ရှိသက်တမ်းအတွင်းမှာ ကျန်အနုသယမှ ငါးပါးတို့ကို ပယ်သတ်မည့် ကျန် မဂ်သုံးပါးကို ရရှိနိုင်ခွင့်ရှိ၏။ သူသည် ကျန်မဂ်သုံးပါးတို့ကို ရရှိလျှင် သေလွန်သောအခါ တစ်ဖန် ပဋိသန္ဓေနေရလိမ့်မည် မဟုတ်။ သို့ရာတွင် သူသည် ဝိပဿနာပွားများမှုကို ဆက်မလုပ်လျှင် အလွန်ဆုံး နောက်ထပ် ပဋိသန္ဓေခုနစ်ကြိမ်သာ နေရလိမ့်မည်။ ထိုကာလအတွင်းမှာ မည်သို့ပင်ဖြစ်စေ ကျန်မဂ်သုံးပါးကို သဘာဝအားဖြင့် ကေန်ပင် ရရှိလိမ့်မည်။

## သဘာဝအားဖြင့် ကျန် မဂ်သုံးပါးကို မည်သို့ရရှိသနည်း

'သောတာပန်သည် မည်သို့ပင်ဖြစ်စေ ပဋိသန္ဓေခုနစ်ကြိမ်ထက် ပို၍နေရလိမ့်မည် မဟုတ်'ဟု ဗုဒ္ဓက ရတနသုတ်ထဲ၌ ဟောကြားထားပေသည်။ ယင်းအဆိုအတွက် အရေးပါသည့် အကြောင်းနှစ်ရပ်ရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်၏။

## ပထမအကြောင်း

ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယတို့သည် ကျန်အနုသယငါးပါးတို့ မိမိတို့၏ ရှင်သန်အားကိုရရှိရာ ရင်းမြစ်များဖြစ်ကြ၏။ ထို့ကြောင့်ဤရင်းမြစ်များကို သောတာပတ္တိမဂ်က ပယ်သတ်လိုက်သောအခါ ဤကျန်အနုသယငါးပါးတို့သည် ပဋိသန္ဓေခုနစ်ကြိမ်ထက် ပို၍ မကြာရှည်နိုင်တော့ချေ။

ယခုဖော်ပြပေးမည့် ဥပမာသည် ယင်းအချက်ကို ထင်ရှားစေလိမ့်မည်။ မြန်မာနိုင်ငံ၌ ကျွန်းပင်တို့ကို အခြားသစ်ပင်များကဲ့သို့ ခုတ်မလှဲကြကုန်။ ထိုကျွန်းပင်တို့သည် အောက်ခြေ၌ သင်းသတ်ထားသဖြင့် သတ်မှတ်ထားသည့်ကာလအတွင်း သေသွားလိမ့်မည်။ ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယတို့ကို ပယ်သတ်ခြင်းသည် ကျန်အနုသယငါးပါးကို သင်းသတ်လိုက်သည်နှင့် တူသည်။

## ဒုတိယအကြောင်း

တစ်မဂ်မျှ မရသေးသော ပုထုဇဉ်သည် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်နေစဉ်မှာ နာမ်ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို ခေတ္တအားဖြင့် သိမြင်လိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်။ သူသည် ဝိပဿနာကမ္မဋ္ဌာန်းကို ရပ်ဆိုင်းလိုက်သောအခါ နာမ်ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သိမြင်မှုသည် ပျောက်ကွယ်သွား၏။ သောတာပန်မှာကား ထိုသို့မဟုတ်ပေ။ နာမ်ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သူ၏ သိမြင်မှုသည် ဝိပဿနာကမ္မဋ္ဌာန်းကို ရပ်ဆိုင်းလိုက်သည်နောက်မှာပင် ဆက်လက် တည်မြဲနေ၏။ ယင်းသိမြင်မှုသည် ကြာလေ တိုးပွားလာလေဖြစ်၏။ ထိုသိမြင်မှုသည် တိုးပွားလေသောကြောင့် မဂ်သစ်တစ်ခုကိုရရှိပြီး သကဒါဂါမိ ဖြစ်လာသည်အထိ ထိုသောတာပန်ကို မိမိနှင့်အတူ ဝိပဿနာဉာဏ်တစ်ဆင့်မှတစ်ဆင့်သို့ ယူဆောင်သွား၏။ ထိုနည်းအတူပင် သကဒါဂါမ်သည် အနာဂါမ် ဖြစ်လာမည်။ အနာဂါမ်သည် ရဟန္တာ ဖြစ်လာမည်။ ဤဖြစ်စဉ်၏ ကာလသည် မည်သည့်အခြေအနေတွင်မှ ပဋိသန္ဓေ ခုနစ်ကြိမ်ထက် ပိုကြာမည် မဟုတ်။ အကြောင်းမူကား ကျန်အနုသယ ငါးပါးကို သောတာပတ္တိမဂ်က သင်းသတ်ထားပြီးသောကြောင့်တည်း။

၂။ ဒုတိယမဂ်ဖြစ်သည့် သကဒါဂါမိမဂ်သည် ကျန်အနုသယ ငါးပါးထဲမှ တစ်ပါးမျှ မပယ်သတ်ချေ။ သို့ရာတွင် ယင်းတို့ကို အားနည်းအောင်ကား ပြု၏။

ဒုတိယမဂ်ရပြီးသော ပုဂ္ဂိုလ်ကို သကဒါဂါမ်ဟု ခေါ်၏။

သကဒါဂါမ်မှာ မိမိ၏ လက်ရှိသက်တမ်းအတွင်း၌ ကျန်အနုသယငါးပါးကို ပယ်သတ်မည့် ကျန်မဂ်နှစ်ပါးကို ရရှိရန်အခွင့်အရေးရှိ၏။ သူသည် ကျန်မဂ်နှစ်ပါးတို့ကို ရရှိလျှင် သူ သေလွန်သောအခါ တစ်ဖန် ပဋိသန္ဓေနေရတော့မည်မဟုတ်။ သို့ရာတွင် သူသည် ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်မလုပ်လျှင် အလွန်ဆုံး နောက်ထပ် ပဋိသန္ဓေ နှစ်ကြိမ်သာ နေရတော့မည်။ ထိုကာလအတွင်း၌ သူသည် သဘာဝအတိုင်းပင် ကျန် မဂ်နှစ်ပါးကို ဧကန် ရရှိလိမ့်မည်။

၃။ တတိယမဂ်ဖြစ်သည့် အနာဂါမိမဂ်သည် ကာမရာဂါနုသယနှင့် ပဋိဃာနုသယတို့ကို ပယ်သတ်၏။

တတိယမဂ်ရပြီးသော ပုဂ္ဂိုလ်ကို အနာဂါမ်ဟု ခေါ်၏။

အနာဂါမ်သည် မိမိ၏ လက်ရှိသက်တမ်းအတွင်း၌ အနုသယသုံးပါးကို ပယ်သတ်မည်။ ကျန်မဂ်ကိုရရှိရန် အခွင့်အလမ်းရှိ၏။ သူသည် ကျန်မဂ်ကိုရရှိလျှင် သူ သေလွန်သောအခါ တစ်ဖန် ပဋိသန္ဓေနေရမည်မဟုတ်။ သို့ရာတွင် ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်မလုပ်လျှင် ဗြဟ္မာအဖြစ်ဖြင့် နောက်ထပ်ပဋိသန္ဓေတစ်ကြိမ် နေရလိမ့်မည်။ ထိုကာလအတွင်း၌ သူသည် ကျန်မဂ်ကို ရရှိလိမ့်မည်။

၄။ စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သော အရဟတ္တမဂ်သည် မာနာနုသယ၊ ဘဝရာဂါနုသယနှင့် အဝိဇ္ဇာနုသယတို့ကို ပယ်သတ်၏။



စတုတ္ထနှင့် နောက်ဆုံးမဂ်ရပြီးသော ပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်သည်။

ပဋိသန္ဓေနေရခြင်းတို့၏ အကြောင်းရင်းအားလုံးကို ပယ်သတ်ပြီးသောကြောင့် ရဟန္တာ သေလွန်သောအခါ နောက်ထပ်ပဋိသန္ဓေနေရတော့မည် မဟုတ်။ ပဋိသန္ဓေနေမှုမရှိသောကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ငြင်းခုံခြင်း၊ မနှစ်သက်သည့်ပုဂ္ဂိုလ်၊ အရာဝတ္ထုတို့နှင့် အတူမနေရခြင်း၊ ချစ်ခင်သူတို့နှင့် ကွေကွင်းရခြင်း၊ မိမိ၏ လိုအင်ဆန္ဒများ မပြည့်စုံခြင်း တို့သည် ဖြစ်ပေါ်မလာနိုင်တော့ပေ။

ပဋိသန္ဓေစိတ်များနှင့် ယင်းတို့၏ ယှဉ်ဖက် စေတသိက် ၁၀ ပါးတို့ကို ဒုက္ခ ခေါ်၏။ ဒုက္ခ ဟူသည် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့အား ဖြစ်ပေါ်စေသည့်အရာကို ဆိုလို၏။ ယင်းသည် မကောင်းသော၊ အားရန်များသော၊ ကြောက်မက်ဖွယ်ကောင်းသော၊ အားမကိုးရသောအရာကို ဆိုလို၏။ ထို့ကြောင့် ပဋိသန္ဓေနေမှု၏အဆုံးကို ဖြစ်သော၌ ဒုက္ခမှလွတ်မြောက်မှုဟု သိထား၏။ ဒုက္ခချုပ်ငြိမ်းခြင်းကို ဆိုလိုသော နိဗ္ဗာန်ဟုလည်း သိထား၏။

## ပထမ စမ်းသပ်မှု

မှတ်မှတ်လင်းလင်းပြောရလျှင် စာရေးသူသည် အသက် ၄၀ အနည်းငယ်ကျော်သည် အထိ ပုဂ္ဂိုလ်တစ်ဦးသည် မဂ်ဉာဏ်ကိုရဖို့အတွက် ကျင့်ကြံအားထုတ်ရမည့် ဝိပဿနာ ကမ္မဋ္ဌာန်းအကြောင်း အနည်းငယ်မျှ မသိခဲ့ပါ။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက်တွင် သူသည် ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်မှု၌ စာတွေ့ရော လက်တွေ့ပါ ကောင်းစွာ ကျွမ်းကျင်သည့် ပညာရှင်များစွာနှင့် ဆက်သွယ်မိခဲ့၏။ ဤပညာရှင်များနှင့် အနည်းငယ်ဆွေးနွေးပြီးသောအခါ သူသည် ဝိပဿနာ၌စိတ်ဝင်စားလာခဲ့၏။ ဤ စိတ်ဝင်စားမှု၏ အကျိုးဆက်အနေဖြင့် သူသည် ၁၉၄၈ ခုနှစ်၌ ပရဟိတ အကျိုး ဆောင် မြန်မာပုဂ္ဂိုလ်ကြီး ဆယ်ဦးသွင် အကြီးအကဲပါဝင်သော အဖွဲ့တစ်ဖွဲ့ ထို အဖွဲ့၌ ဝိပဿနာကိုစမ်းသပ်ရန်အတွက် ဝိပဿနာဌာနချုပ်ကို တည်ထောင်ခဲ့၏။ ထိုဌာနချုပ်ကို 'သာသနာ့ရိပ်သာ' ဟု အမည်ပေးထား၏။ ရွှေဘိုနယ်မှ မဟာစည် ဆရာတော်ဘုရားကြီးအား ဌာနချုပ်ကိုဦးစီးရန် ပင့်ဆောင်ခဲ့၏။

ထိုအခါ စာရေးသူသည် မိမိ၏ မွေးရပ်ဇာတိ ဝါးခယ်မမြို့နေ မိမိမိတ်ဆွေတစ်ဦး ထံ စာတစ်စောင်ရေးခဲ့၏။ စာထဲ၌ စာရေးသူသည် ထိုမိတ်ဆွေအား ရင်းနှီးသည့် မိတ်ဆွေတချို့ကို ခေါ်လာရန် ပန်ကြားခဲ့၏။ အကြောင်းမှာ သူသည် ထိုသူတို့အား ဝိပဿနာကမ္မဋ္ဌာန်းကို စမ်းသပ်စေလိုသောကြောင့်ဖြစ်၏။ 'ထိုသူတို့သည် ထိုဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဋ္ဌာန်းကို ပြင်းထန်စွာအားထုတ်၍ ယင်းအလုပ်ကို နှစ်ခြိုက်သလား၊ သို့မဟုတ် စိတ်ရောကိုယ်ပါ ကြိုးစားထိုက်သည့် တစ်စုံတစ်ရာကို သူတို့ရရှိသလား' ဆိုတာတွေကို မိမိအား ရိုးသားစွာပြောပြမည့် ပုဂ္ဂိုလ်များဖြစ်ရမည်ဟု အလေးထားရေးသားခဲ့၏။ ထိုမိတ်ဆွေသည် သူနှင့်အတူ လ ၁၀ ယောက်ခန့် ခေါ်လာ၏။ စာရေးသူကဲ့သို့ပင် ထိုပုဂ္ဂိုလ်များထဲက ဘယ်သူမျှ ဝိပဿနာကမ္မဋ္ဌာန်းအကြောင်း တစ်စုံတစ်ရာ မသိခဲ့ပေ။ အလွန်ထူးဆန်းသည်မှာ ထိုအုပ်စုထဲ၌ 'ကာဆင်' အမည်ရှိ ဘာသာခြားတစ်ဦး ပါရှိခဲ့၏။ 'ကာဆင်သည် ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် တန်ခိုးဣဒ္ဓိများကို ရရှိမည်ဟု သူ ထင်သောကြောင့် လိုက်ပါလာခြင်း ဖြစ်၏'ဟူ၍ ထိုလူစုခေါင်းဆောင်က စာရေးသူအား ပြောပြခဲ့၏။ ဤသူတို့သည် သူတို့၏ ဝိပဿနာ အလုပ်စခန်းကို အောင်မြင်စွာ ပြီးဆုံးသောအခါ ကာဆင်သည် ဖလသမာပတ်ကို သူဝင်စားနိုင်ခဲ့သော အမြန်နှုန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ထိုသမာပတ်ကို ထိန်းထားနိုင်သည့် ကာလနှင့် ပတ်သက်၍လည်းကောင်း အောင်မြင်သူစာရင်း၌ ထိပ်က ပါခဲ့၏။ ကာဆင်က 'ဝိပဿနာကမ္မဋ္ဌာန်းအကျိုးတရားအနေဖြင့် သူ ရရှိခဲ့သည့်အရာသည် တန်ခိုးဣဒ္ဓိများထက် များစွာ ပို၍ တန်ဖိုးရှိသည်'ဟု ထုတ်ဖော်ပြောကြားခဲ့၏။ ဝါးခယ်မသို့ ပြန်ရောက်သောအခါ ကာဆင်သည် မိမိ၏ မူလနာမည်ကို ဖျောက်၍ ဦးဆင်ဟူသော အမည်သစ်ကို ပြောင်းယူခဲ့သည်။ သူသည် ဝါးခယ်မရှိ ကမ္မဋ္ဌာန်းရိပ်သာ၌ အချိန်အများဆုံး နေထိုင်ခဲ့၏။ (ဖလသမာပတ်ဟူသည် ဖိုလ်ချမ်းသာတစ်မျိုးဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသည် ထိုဖလသမာပတ်ထဲ၌ ရှိနေသောအခါ နိဗ္ဗာန်ကိုသာလျှင်သိမြင်နေ၏။ သူသည် အဆင်း၊ အသံ၊ အနံ့ (အရသာ) အတွေ့အာရုံများကို မသိတော့ပေ။ သူသည် စဉ်းစားမှုနယ်မှ လုံးဝကင်းလွတ်နေ၏။ မဂ်ဉာဏ်ရရှိပြီးသော ပုဂ္ဂိုလ်တို့သည် ဖလသမာပတ်ကို ဝင်စားနိုင်၏။ ထိုအကြောင်းကို ကျမ်းစာကိုယ်ထဲ၌ အပြည့်အစုံ ရှင်းပြထားပါသည်။)

## ဒုတိယစမ်းသပ်မှု

ဤအကြိမ်၌ စာရေးသူသည် ဦးစံဖြိုး အမည်ရှိ သူအိုတစ်ဦးကို စေလွှတ်ခဲ့၏။ အထက်ဖော်ပြပါသူတို့နှင့် မတူဘဲ သူသည် ဝိပဿနာဘာဝနာနှင့် ပတ်သက်၍ အတော်များများသိထား၏။ သူသည် ထိုဝိပဿနာအလုပ်၌ အလွန် စိတ်ဝင်စားသဖြင့် သူ၏ စီးပွားရေးအလုပ်တစ်ခုလုံးကို သူ့သားများနှင့် သမီးများအား လွှဲထားခဲ့ပြီး ကမ္မဋ္ဌာန်းရိပ်သာအမျိုးမျိုးသို့ သွားရောက်ကာ ၁၇ နှစ်ကျော်တိုင် နေခဲ့၏။ ဦးစံဖြိုးက 'သူသည် ကမ္မဋ္ဌာန်းကို နှစ်ပေါင်းကြာရှည်စွာ အားထုတ်ခဲ့ပေမယ့် တစ်မဂ်မျှ မရသေး



[illegible] စာရေးသူအား ဝန်ခံပြောဆိုခဲ့၏။ သူသည် ထိုကမ္မဋ္ဌာန်းရိပ်သာများ၌ စိတ်၏ ငြိမ်းချမ်းမှုကိုသာ ရနိုင်ခဲ့၏။ သို့ရာတွင် သူသည် စိတ်မပျက်ခဲ့ပေ။ 'ဗုဒ္ဓ၏ စကားတော်သည် မှားနိုင်ဟု သူ ယုံကြည်ခဲ့၏။ ထိုရိပ်သာများ၌ ဟောကြားသည့် နည်းနိသျည်းများ မှားခဲ့ရာ၏။ သို့မဟုတ် သူ့မှာ ချို့ယွင်းချက်များ ရှိရမည်'ဤသို့ စဉ်းစားခဲ့၏။ ထို့ကြောင့် ဆရာသစ်တစ်ပါးကို တွေ့ရန် သူ့အား အခွင့်အရေးပေးလိုက်သောအခါ သူသည် ထိုအခွင့်အရေးကို ချက်ချင်းပင် ဝမ်းမြောက်စွာရယူခဲ့၏။ တစ်လခွဲခန့်ကြာသော် သူသည် စာရေးသူထံ ရောက်လာခဲ့၏။ ဝမ်းသာ၍ ပြုံးရွှင်နေသည့် မျက်နှာဖြင့် သူက စာရေးသူအား 'အဘ ပထမမဂ်ကိုရပြီ၊ အဘတို့၏ နည်းဟောင်းများ၌ အလွန်ကြီးမားသည့်အပြစ်ကို တွေ့ရှိရသည်'ဟူ၍ ဝမ်းသာစကား ပြောကြားခဲ့၏။

သူ သွားရောက်ခဲ့သည့် ရိပ်သာအားလုံး၌ ကမ္မဋ္ဌာန်းမှာ 'ခန္ဓာကိုယ်၏ လှုပ်ရှားမှုများကို ရှုမှတ်မှု၊ ခံစားမှုဝေဒနာများကို ရှုမှတ်မှု၊ စိတ်များကို ရှုမှတ်မှု၊ စဉ်းစားချက်များကို ရှုမှတ်မှု'ဟူသော သတိပဋ္ဌာန်လေးပါးအပေါ်၌ အခြေခံထား၏။ ယင်းသည် ဗုဒ္ဓ တရားတော်များနှင့်အညီပင် ဖြစ်၏။ သို့ရာတွင် ဤရိပ်သာများ၌ ကမ္မဋ္ဌာန်းအလုပ်ကို အဆက်မပြတ် အားထုတ်ခြင်း မရှိချေ။ ယင်းသည် အလွန်ကြီးမားသည့် အမှားတစ်ခု ဖြစ်၏။

နံနက်လေးနာရီခန့်မှာ သူတို့သည် ကမ္မဋ္ဌာန်းအလုပ်ကို စတင်ခဲ့ကြ၏။ ခြောက်နာရီမှာ ကမ္မဋ္ဌာန်းအလုပ်ကို ရပ်နားလိုက်၏။ နံနက်စာ စားပြီးသောအခါ ယောဂီများ (ကမ္မဋ္ဌာန်းအားထုတ်သူများ)သည် အတူစုထိုင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ အဘိဓမ္မာတရားနှင့် အခြား အမျိုးမျိုးသောအကြောင်းများကို ဆွေးနွေးပြောဆိုကြ၏။ ထို့နောက် အေးအေးဆေးဆေးနေတတ်သည့် ယောဂီများသည် မိမိတို့ အခန်းများထဲမှာနေပြီး အိပ်စက်နေလိမ့်မည်။ တချို့ကမူ သတင်းစာများကို ဖတ်ကြလိမ့်မည်။ ဝိပဿနာ အားထုတ်မှု ဒုတိယအကြိမ် နံနက်ရှစ်နာရီ စတင်သောအခါ ရှေ့အကြိမ်က သူတို့ ရရှိခဲ့သည့် အနည်းငယ်သော စိတ်၏တည်ကြည်မှု 'သမာဓိ'သည် လုံးဝ ပျောက်ကွယ်သွားပြီ၊ ဒုတိယအကြိမ်၌ သူတို့သည် မိမိတို့၏ သမာဓိကို အစကပင် ပြန်စရ၏။ ဤနည်းအားဖြင့် ယောဂီတို့သည် ရုပ်နာမ်တို့၏ မမြဲသောသဘောကို သိမြင်နိုင်လောက်သည့် လုံလောက်သော စိတ်တည်ကြည်မှု သမာဓိ ထူထောင်ရန် မစွမ်းနိုင်ဘဲ အချိန်ကုန်ဆုံးကာ တစ်ကြိမ်မှ တစ်ကြိမ်သို့ ကူးသွားခဲ့ကြ၏။

သို့ရာတွင် မဟာစည်ဆရာတော်ဘုရားကြီး ဦးစီးသော ကမ္မဋ္ဌာန်းရိပ်သာ၌ အားထုတ်နည်းသည်ကား ဤနေရာမှာ အခြားနည်းတချို့မှ ကွဲပြား၏။ မဟာစည်ရိပ်သာ၌ ယောဂီများအား ထိုင်ပြီး စကားပြောခွင့်မပေး၊ သတင်းစာများကို ဖတ်ခွင့်မပေး၊ အိပ်စက်ခြင်းအတွက်ဝင် ခွင့်မပြု။ ကမ္မဋ္ဌာန်းအားထုတ်မှုကို မပြတ်ဆက်လုပ်ရမည်။ ယောဂီ

www.burmeseclassic.com

www.burmeseclassic.com



သည် အပေါ်အပါးသွားချိန်ကလေးမှာတောင်မှ ထိုကမ္မဋ္ဌာန်းအလုပ်ကို မရပ်နားရချေ။ သူသည် ခန္ဓာကိုယ်လှုပ်ရှားမှုများ၊ ခံစားမှုဝေဒနာ အားလုံး၊ စိတ်ဖြစ်ပေါ်မှု အားလုံးနှင့် စိတ်အကြံအားလုံးတို့ကို အပြည့်အဝ သိမှတ်ရမည်။ သူ အိပ်ပျော်သွားသည့်အခါမှသာ ကမ္မဋ္ဌာန်းအလုပ် ရပ်နားရပြီး သူ နိုးသည်နှင့် တစ်ပြိုင်နက် ကမ္မဋ္ဌာန်းအလုပ် ပြန်စရ၏။

## တတိယ စမ်းသပ်မှု

သာသနာ့ရိပ်သာ ဖွင့်လှစ်ပြီးနောက် လအနည်းငယ်အကြာမှာ စာရေးသူသည် ဆိုးသွမ်းသည့် ပုဂ္ဂိုလ်တချို့၏ အသွင်ပြောင်းလဲသွားခြင်းနှင့် ပတ်သက်သည့် သတင်းများကို ရရှိခဲ့၏။ ဤဆိုးသွမ်းသည့်ပုဂ္ဂိုလ်တို့သည် ဝိပဿနာဉာဏ်အမြင်ကို ရရှိသွားပြီးနောက် အရက်သမားများက အရက်သောက်ခြင်းကို စွန့်ပယ်သွား၏။ ဓားပြများက သူတို့လက်နက်များကို စွန့်ပယ်သွား၏။ အိမ်ရာကျူးလွန်သူ အမျိုးသား အမျိုးသမီးတို့က သူတို့၏ အကျင့်ဆိုးများကို စွန့်ပယ်သွားကြ၏။ ထိုသူအားလုံးသည် သူတို့၏ လမ်းစဉ်များကို လုံးဝပြောင်းလဲပစ်ခဲ့ကြ၏။ ထို့ကြောင့် စာရေးသူသည် မိမိ၏ မိတ်ဆွေများထဲမှ အလွန်အမင်း ဆိုးသွမ်းသူတစ်ဦးကို ဆင့်ခေါ်လိုက်၏။ သူသည် လူသတ်၊ ဓားပြတိုက်၊ သူ့သားမယားကျူးလွန်၊ လိမ်ပြော၊ အရက် အလွန်အကျွံသောက်သူ ဖြစ်၏။ ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသောအခါ ထိုသူသည် မြစ်ဝကျွန်းပေါ်ရှိ ဒေသတစ်ခု၌ ငြိမ်းချမ်းမှုကို ထိန်းသိမ်းရေး တာဝန်ကျခဲ့၏။ သူသည် ကိုယ်တိုင်ပင် ဆိုးသွမ်းသော၊ မသင်္ကာသော လူအမြောက်အမြားကို ခေါင်းဖြတ်သတ်ခဲ့၏။ သူသည် ထိုဒေသမှာ တကယ်ပင် ကြောက်ဖွယ်ဖြစ်ခဲ့၏။

စစ်ပြီးသောအခါ သူသည် မုဆိုးမတစ်ဦးနှင့်အိမ်ထောင်ပြုခဲ့၏။ သူသည် သူမကို မကြာခဏ နှိပ်စက်တတ်၏။ တစ်ခါတစ်ရံ သူ့ရိုက်နှက်ချက်များက အလွန်ပြင်းထန်သဖြင့် သူမ၏မျက်နှာသည် မမှတ်မိလောက်အောင် ဖူးယောင်လာခဲ့၏။ ကာလအတန်ကြာသော် သူမသည် မိမိလွတ်မြောက်ကြောင်း နည်းလမ်းကိုကြံရလေ၏။ ထိုလူဆိုးက ကြိမ်းမောင်း (ဝါ) မျက်မှောင်ကြုတ်ကြည့်ခြင်း ပြုသည်နှင့်တစ်ပြိုင်နက် သူမသည် အိမ်မှခုန်ချပြီးထွက်ပြေးရလေ၏။ တစ်နေ့သ၌ သူမ ခုန်ချသောအခါ ထိုလူဆိုးက သူမ၏ ထဘီကိုဆွဲလိုက်၏။ သူမသည် ရှန်းကန်ရာ၌ မိမိ၏အရှက်ကို ဂရုမစိုက်နိုင်ခဲ့ပေ။ လူဆိုး၏လက်ထဲ၌ ထဘီထားခဲ့ပြီး သူမသည်အိမ်ပေါ်မှခုန်ချကာ မလုံ့တလုံဖြင့် လမ်းပေါ်၌ထွက်ပြေးသွားခဲ့ရ၏။ စာရေးသူသည် ဝိပဿနာကို စမ်းသပ်ရန်အတွက် ထိုလူအား ရိပ်သာသို့ အလွန်ပင်သွားစေချင်ခဲ့၏။



စာရေးသူသည် ထိုလူကိုတွေ့သောအခါ သာသနာ့ရိပ်သာသို့သွားဖို့ တောင်းပန်ခဲ့၏။ ထိုလူက 'ရိပ်သာသည် သူ့အတွက် သင့်လျော်သည့်နေရာ မဟုတ်သောကြောင့် မသွားနိုင်ပါ'ဟုဆို၏။ စာရေးသူက 'သင်သည် သေလွန်ပြီးနောက်မှာ မိမိအပြစ်တွေအားလုံးနဲ့ ကေနပ်ပင် ငရဲပြည်သွားရတော့မည်'ဟု ထိုလူအား ပြောလိုက်၏။ သူက 'ငရဲကိုမကြောက်ပါ'ဟုပြန်ပြော၏။ စာရေးသူသည် သူ့ကိုမိမိ၏အိမ်၌ ရက်အတန်ကြာထားခဲ့သည်။ သာမန်မိတ်ဆွေ တချို့သည် စာရေးသူကို ထောက်ခံပြီး ထိုလူအား ရိပ်သာသို့သွားရန် ဆွဲဆောင်ပြောဆိုကြ၏။ သို့ရာတွင် ရိပ်သာ၌ တစ်ရက်နှစ်ရက် ကြာသောအခါ သူ ထွက်ပြေးသွား၏။ အကြောင်းမူကား စာရေးသူတို့ ပြောပြသည့်အတိုင်း အခန်းအတူနေမိတ်ဆွေကို သတ်လိုသည့် သူ၏ခံစားမှုများကို နှိမ်နင်း၍ မရနိုင်သောကြောင့် ဖြစ်၏။ စာရေးသူသည် လအနည်းငယ်ကြာသော် သူ့ကို ထပ်တွေ့သည့်အခါတွင် စာရေးသူသည် သူ့အား စပါယ်ရှယ်အခန်းကို ပေးလိုက်၏။ ဝိပဿနာဘာဝနာအလုပ် အောင်မြင်စွာပြီးဆုံးသည်အထိ ရိပ်သာမှာ သူ ရှိသည်ဟု သိရှိရန် သတ်သက်ဖြင့် သူ့ကို စာရေးသူက နေ့စဉ်ဖိတ်ခေါ်ခဲ့၏။ ရက် ၂၀ ခန့်ကြာသော် သူ၏ အရုပ်အရာသည် ပြောင်းလဲသွား၏။ သူ့မျက်နှာပေါ်က ကောက်ကျစ်သည့်အသွင် မရှိတော့သည်မှာ ထင်ရှားလာ၏။ တစ်လကျော်ကြာသည့်အခါ ကြီးကြပ်သူ ရဟန်းကို ဝိပဿနာဉာဏ်အမြင်များအကြောင်း ဟောကြားသည့်တရားကို ကြားနာရန်နှင့် ကမ္မဋ္ဌာန်းအားထုတ်စဉ်အတွင်း သူ၏ တွေ့ရှိခံစားချက်များကို ဝိပဿနာဉာဏ်အမြင်များနှင့် နှိုင်းယှဉ်ကြည့်ရန်အတွက် သူ့အား အထူးသင်တန်းကို တက်ရောက်ခွင့်ပြုခဲ့၏။

သူသည် ရိပ်သာမှ ထွက်သွားသောအခါ စာရေးသူထံလာ၍ သူ၏ ဇနီးကို ရိပ်သာသို့ခေါ်လာလိုကြောင်း ပြောပြ၏။ သူ့ဇနီးကိုလည်း ရက် ၂၀ ခန့်ကြာလျှင် အထူးသင်တန်းသို့ တက်ရောက်ခွင့်ပြုခဲ့၏။

ယခုအခါ သူသည် လုံးဝပြောင်းလဲသွားသူ ဖြစ်လာ၏။ လင်၏ နှိပ်စက်မှုနှင့် ဇနီး၏ စူးရှအော်သံများက အေးငြိမ်းမှုကို မကြာခဏ နှောင့်ယှက်ခြင်းရှိခဲ့သော ဤအိမ်သ၌ ယခုအခါ အရာရာသည် တိတ်ဆိတ်သွားခဲ့ပေပြီ။

## စတုတ္ထ စမ်းသပ်မှု

ရိပ်သာကို တည်ထောင်သည့်အချိန်၌ တိုင်းပြည်မှာ အလွန်ကြီးမားသည့် ဆူပူသောင်းကျန်းမှု ရှိခဲ့၏။ ထို့ကြောင့် စာရေးသူသည် ၁၉၅၁ ခု၊ ဆူပူမှုကို လုံးဝနှိမ်နင်းပြီးနောက်မှာ ဗုဒ္ဓ၏တရားတော်များကို စမ်းသပ်ရန်အတွက် ရိပ်သာသို့ သွားနိုင်ခဲ့၏။ ရိပ်သာ၌ 'အသက်ရှူလိုက်သည့်အခါ ဝမ်းဗိုက် ဖောင်းလာခြင်းနှင့် ရှိုက်လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အခါ ဝမ်းဗိုက်ကျဆင်းသွားခြင်းအပေါ် စူးစိုက်ရှုမှတ်မှုဖြင့် စတင်ရန် မိမိအား သင်ပြပေးခဲ့၏။ သူသည် သဘာဝအတိုင်း ရှူ ရှိုက်ရမည့်အစား အထူးအားထုတ်မှုများပြုခဲ့၍ များယွင်းသော ရှူရှိုက်မှုကြောင့် သူသည် စူးစိုက်မရှုမှတ် နိုင်ခဲ့ပေ။ သူသည် လွယ်ကူစွာ မောပန်းလာခဲ့၏။ ကမ္မဋ္ဌာန်းပြသူက ဤအချက်ကို သိသောအခါ စာရေးသူအား ထိုင်တဲ့အခါ ကုလားထိုင်နှင့် ကျော ထိတဲ့အခါမှာ ထိုင်တယ်–ထိတယ်၊ ထိုင်တယ်–ထိတယ်ဟု စိတ်ထဲက ဆိုလျက် စူးစိုက်ရှုမှတ်ရန် ပြောကြား၏။ ယင်းနည်းသည် သူ့အား စိတ်၏တည်ကြည်မှု သမာဓိကို ရယူရာ၌ ကျေးဇူးပြုခဲ့၏။ သူသည် စိတ်၏ တည်ကြည်မှု အနည်းငယ် တည်ဆောက်ပြီးနောက် မိမိ၏ ရှုမှတ်မှုကို ထိုင်ခြင်း၊ ထိခြင်းမှ ဝမ်းဗိုက်၏ တက်ခြင်း၊ ကျခြင်း၊ ဖောင်းခြင်း၊ ပိန်ခြင်းအပေါ် စူးစိုက်ရှုမှတ်ရာတွင် အောင်မြင်သွားခဲ့၏။ (စိတ်၏ တည်ကြည်မှုအကြောင်း ပိုပြည့်စုံသော ဖော်ပြချက်အတွက် ကျမ်းစာကို ရှုပါ။)

သူသည် သမာဓိကို ပို၍ ပို၍ ရလာသည့်အခါ ပထမမဂ်နှင့် ဖိုလ်ဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားခဲ့၏။ ပထမမဂ်နှင့် ဖိုလ်သို့ရောက်အောင် ဖြတ်သန်းသွားရသည့် အဆင့်များ (ဉာဏ်စဉ်)သည် အရေအတွက်အားဖြင့် ၁၃ ဆင့်ရှိ၏။ စာရေးသူသည် အဆင့်အသီးသီး၌ သိမြင်ဖွယ်အရာအားလုံး သိမြင်ခဲ့သည်ကို မမှတ်မိတော့ပါ။ သို့ရာတွင် သူသည် ဉာဏ်စဉ်အချို့၏ မှတ်တိုင်များကို အလွန် ရှင်းလင်းသေချာစွာ သိမြင်နိုင်ခဲ့၏။ သူသည် ဤဉာဏ်စဉ် မှတ်တိုင်များကို သိမြင်ရဖို့ ဘယ်တုန်းကမှ စိတ်ကူးမထည့်ခဲ့ပေ။ ယင်းဉာဏ်စဉ်မှတ်တိုင်များက မိမိအား ပီတိဖြစ်မှု၊ ဝမ်းမြောက်မှု၊ ငြိမ်းချမ်းမှု စသည်တို့ဖြင့် ပြည့်လျှမ်းသွားစေခဲ့၏။

စာရေးသူသည် သခ်ါရုပေက္ခာ ဉာဏ်ဟူသော ၁၁ ခုမြောက် ဉာဏ်စဉ်သို့ ရောက်သွားပြီဟု နည်းပြဆရာက ယူဆသောအခါ သူက စာရေးသူအား 'ဗုဒ္ဓဆင်းတုတော် ရှေ့မှာ ထိုအဆင့်ထက် ကျော်မသွားလိုသည့် ဆန္ဒကို ကြေညာရန် ပြောကြားလေ၏။ ရှင်းလင်းချက်မှာ ဤသို့ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် အောက်ပါပန်းတိုင်များအနက် တစ်ခုခုကို ရွေးရမည်။

၁။ ပကတိသာဝက (သာမန်ရဟန္တာ)

၂။ မဟာသာဝက (မြင့်မြတ်သောသာဝက)

၃။ အဂ္ဂသာဝက (အမြတ်ဆုံးသာဝက)

၄။ ပစ္စေကဗုဒ္ဓ (ပစ္စေကဗုဒ္ဓါ=ဘုရားငယ်)

၅။ ဗုဒ္ဓ (သဗ္ဗညုဘုရား)



ဒုက္ခကို အလွန့် အလွန် စက်ဆုပ်သောကြောင့် ထိုဒုက္ခမှ မြန်နိုင်သမျှ မြန်မြန် လွတ်မြောက်လိုကြသော ပုဂ္ဂိုလ်တို့သည် ပကတိသာဝကကို ဆုတောင်းကြ၏။ သူတို့သည် စတုတ္ထနှင့် နောက်ဆုံးမဂ်ကို ရရှိလျှင် သူတို့အတွက် သေလွန်ပြီး နောက်တစ်ဖန် ပဋိသန္ဓေနေရခြင်း ရှိမည်မဟုတ်။ နောက်ထပ် ပဋိသန္ဓေနေခြင်းမရှိလျှင် နောက်ထပ် ဒုက္ခသည် ရှိတော့မည် မဟုတ်။ သူတို့သည် တတိယမဂ်ဖိုလ်ကို ရရှိပြီးနောက် စတုတ္ထနှင့် နောက်ဆုံးမဂ်ကိုရရန် ကမ္မဋ္ဌာန်း ဆက်လက်အားမထုတ်လျှင် သူတို့အဖို့ နောက်ထပ် ပဋိသန္ဓေတစ်ကြိမ် နေရလိမ့်မည်။ နောက်ထပ် ပဋိသန္ဓေ တစ်ကြိမ်အတွက် ဒုက္ခရခြင်းကိုဆိုလို၏။ သူတို့သည် ဒုတိယမဂ် ဖိုလ်ကို ရပြီးနောက် အထက် မဂ်ဖိုလ်များကိုရဖို့ ကမ္မဋ္ဌာန်းကို ဆက်လက် အားမထုတ်လျှင် သူတို့အတွက် နောက်ထပ် ပဋိသန္ဓေ တစ်ကြိမ်နေရခြင်း ရှိလိမ့်မည်။ နောက်ထပ် ပဋိသန္ဓေ တစ်ကြိမ်အတွက် ဒုက္ခရခြင်းကို ဆိုလို၏။ သူတို့သည် ဒုတိယမဂ် ဖိုလ်ကို ရပြီးနောက် အထက်မဂ် ဖိုလ်များကိုရဖို့ ကမ္မဋ္ဌာန်းကို ဆက်လက်အားမထုတ်လျှင် သူတို့အတွက် နောက်ထပ် ပဋိသန္ဓေနှစ်ကြိမ် နေရလိမ့်မည်။ ပဋိသန္ဓေနှစ်ကြိမ်အတွက် ဒုက္ခရခြင်းကို ဆိုလို၏။ သူတို့သည် ပထမမဂ်ဖိုလ်ကိုရပြီးနောက် အထက်မဂ် ဖိုလ်များကို ရဖို့အတွက် ကမ္မဋ္ဌာန်းကို ဆက်လက်အားမထုတ်လျှင် သူတို့အတွက် နောက်ထပ် ပဋိသန္ဓေ ခုနစ်ကြိမ်၊ ဒုတိယမဂ်ဖိုလ်ကို ရပြီးသူများအတွက် ပဋိသန္ဓေနှစ်ကြိမ်၊ တတိယမဂ် ဖိုလ်ကို ရပြီးသူများအတွက် ပဋိသန္ဓေ တစ်ကြိမ်ထက်ပို၍ မရှိနိုင်ပေ။

ဒုက္ခကို အလွန့်အလွန် စက်ဆုပ်ကြသည့် ပုဂ္ဂိုလ်တချို့လည်းရှိပါ၏။ သို့ရာတွင် သူတို့သည် ဒုက္ခရောက်ကြသည့် သတ္တဝါများအတွက် သူတို့တတ်နိုင်သမျှ များစွာ လုပ်ပေးလိုကြ၏။ ထို့ကြောင့် သူတို့သည် ကျန်ဆုတောင်းလေးမျိုးထဲမှ တစ်ခုကို ရွေးချယ်ကြ၏။ မဟာသာဝကဆု ပြည့်ရန်အတွက် ပါရမီဖြည့်ချိန်ကာလသည် ကမ္ဘာတစ်သိန်းထက် နည်းရလိမ့်မည်မဟုတ်။ အဂ္ဂသာဝကအတွက် ပါရမီဖြည့်ချိန် ကာလသည် ဒုတိယဆုထက် မတိုင်နိုင်အောင် ပိုကြာလိမ့်မည်။ ပစ္စေကဗုဒ္ဓါအတွက် ပါရမီဖြည့်ချိန်ကာလသည် တတိယထက် နှစ်ဆကြာလိမ့်မည်။ ဗုဒ္ဓအတွက် ပါရမီဖြည့်ချိန် ကာလသည် စတုတ္ထဆုထက် အနည်းဆုံး တစ်ဆကြာလိမ့်မည်။ ဤနောက် လေးမျိုးထဲမှ ဆုတစ်ခုပန်ထားသော ပုဂ္ဂိုလ်တို့သည် ပထမမဂ် ဖိုလ်ကို ရရှိလျှင် ဤလေးဆုထဲမှ တစ်ခုကို သိမြင်ဖို့အတွက် ပါရမီဖြည့်ဖို့ အခွင့်အရေး ရှိတော့မည်မဟုတ်။ သူတို့သည် အလွန်ဆုံး ပဋိသန္ဓေခုနစ်ကြိမ်နေပြီးနောက် ပဋိသန္ဓေ နေရတော့မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ဤနောက် လေးဆုထဲမှ တစ်ခုကိုရွေးထားပြီးကြောင်း နည်းပြဆရာက သိရှိသောကြောင့် စာရေးသူအား ၁၁ ခုမြောက် အဆင့်ထက်ကျော်မသွားရန် အကြံပြုခဲ့၏။

၁၉၆၈ ခုနှစ် ဇန်နဝါရီလ ပထမရက်သတ္တပတ်ထဲ၌ စာရေးသူသည် ရိပ်သာသို့ တစ်ဖန် သွားရောက်ခဲ့၏။ ဒုတိယအကြိမ် တရားအားထုတ်မှုသည် ပထမအကြိမ်ထက် များစွာ ပိုအောင်မြင်ခဲ့သည်ကို သူ တွေ့ရ၏။

## စိတ်ဝင်စားဖွယ် မေးခွန်းများစွာ

စာရေးသူသည် မိမိအား စိတ်ဝင်စားဖွယ် မေးခွန်းများစွာ မေးကြသည့် ပုဂ္ဂိုလ်များစွာကို တွေ့ခဲ့၏။ သူတို့အထဲမှ တချို့ကို အောက်တွင် ဖော်ပြထားပါသည်။

## ကိုယ်ကျိုးသာကြည့်သော ယုံကြည်မှု

လူငယ်တစ်ယောက်က စာရေးသူအား 'ဗုဒ္ဓဘာသာသည် လူများစွာကို မည်သို့ ကူညီခဲ့ကြောင်း' ပြောပြနိုင်း၏။ ဗုဒ္ဓဘာသာသည် တမလွန်ဘဝ၌ မည်သို့ ကူညီမည့်အကြောင်းကို ပြောမည်မဟုတ်ဟု စာရေးသူက ဖြေကြားခဲ့၏။ အကြောင်းမှာ မေးသူသည် ထိုကဲ့သို့သော အဖြေမျိုးကို လက်မခံမည့်ပုဂ္ဂိုလ်မျိုး ဖြစ်နေသောကြောင့်တည်း။ ထို့ကြောင့် စာရေးသူက ထိုလူငယ်အား 'ဗုဒ္ဓဘာသာသည် မျက်မှောက်ဘဝ၌ လူတို့ကို မည်သို့ ကူညီမည်နည်း'ဟူသော မေးခွန်းအားသာ မိမိ၏အဖြေများကို ကန့်သတ်ထားမည်ဟု ပြောလိုက်၏။ ထိုလူငယ်သည် နှစ်သက်သွားပုံမပေါ်။ ထိုအခါ စာရေးသူက 'လောဘ၊ ဒေါသ၊ မောဟတရားတို့ကို ဘယ်လိုသဘောထား သနည်း'ဟု သူ့အား မေးလိုက်၏။

**လူငယ်** ။ ။ထိုတရားများကို လူ့လောက၏ ရန်သူများဟု သဘောထားပါ၏။

**စာရေးသူ**။ ။ဗုဒ္ဓဘာသာသည် လူ့လောက၏ ဤရန်သူများကို မည်သို့ ပယ်သတ်ရမည်ဟု လူ့လောကအား သင်ကြားပေးသည့် တစ်ခုတည်းသော ဘာသာဖြစ်၏။ ယင်းသည်ပင် ဗုဒ္ဓ၏ဘာသာက လူတို့အား ကူညီပေးပုံဖြစ်၏။

**လူငယ်** ။ ။လောဘ၊ ဒေါသ၊ မောဟတရားတွေကို နောက်ဘဝမှာမဟုတ်ဘဲ၊ ယခု ဘဝမှာပင် ပယ်သတ်နိုင်၏ဟု သင် ဆိုပါသလော။

**စာရေးသူ**။ ။ဟုတ်တယ်၊ ဗုဒ္ဓသည် မိမိဟောကြားသည့်တရားတော်များ၏ ပန်းတိုင်ကို တမလွန်ဘဝမှာမဟုတ်ဘဲ ယခုဘဝမှာပင် ချမှတ်ထားခဲ့၏။ ပန်းတိုင်ကို နောင်ဘဝ၌ ချမှတ်ထားလျှင် ဗုဒ္ဓဘာသာ၌ ကျွန်ုပ် ယုံကြည်နိုင်မည်မဟုတ်ပေ။



**လူငယ်** ။ ။ထိုလေသာအားလုံးကို မိမိလက်ရှိဘဝမှာပင် ပယ်သတ်နိုင်၏ဟု သင် ဆိုလိုပါသလား။

**စာရေးသူ**။ ။ဟုတ်တယ်၊ လိုအပ်တဲ့ အားထုတ်မှုများရှိလျှင်ပေါ့။ တစ်စုံတစ်ယောက်သည် ပန်းတိုင်သို့ရောက်ရှိရန် အဆင့် လေးဆင့်ကို ဖြတ်သန်းသွားရမည်။ ကျွန်ုပ် တွေ့ဖူးသည့် ပုဂ္ဂိုလ်များစွာတို့သည် ပထမမဂ်သို့ ရောက်ဖို့အတွက်ပင် လိုအပ်သည့် ကြိုးစားအားထုတ်မှုမျိုး မရှိကုန်။

**လူငယ်** ။ ။သင်သည် ပထမမဂ်၊ ဒုတိယမဂ်၊ တတိယမဂ်၊ စတုတ္ထမဂ်နှင့် နောက်ဆုံးမဂ်တစ်ခုခုသို့ ရောက်သွားသည့်ပုဂ္ဂိုလ်များကို တွေ့မြင်ဖူးသလော။ ဤပုဂ္ဂိုလ်များကို ကျွန်ုပ်အား သင် ပြနိုင်သလော။

**စာရေးသူ**။ ။ဟုတ်ကဲ့။ ထိုပုဂ္ဂိုလ်များကို အကျွန်ုပ် တွေ့မြင်ဖူး၏။ ထိုပုဂ္ဂိုလ်များကို သင် တွေ့မြင်လိုလျှင် ကျွန်ုပ် ပြနိုင်ပါ၏။ သို့ရာတွင် စိတ်ကိုတိုင်းတာရန် ကိရိယာမရှိသောကြောင့် ကျွန်ုပ်ပြသည့် ပုဂ္ဂိုလ်များသည် မဂ်လေးပါးတွင် တစ်ပါးပါးသို့ ရောက်ရှိပြီးသည့် ပုဂ္ဂိုလ်များ တကယ် ဟုတ်သလား ဆိုတာကို သင် သိနိုင်မည်မဟုတ်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို စမ်းသပ်ရန် အကောင်းဆုံးနည်းကတော့ သင့်ကိုယ်တိုင်ပေါ်မှာ စမ်းသပ်ရန်ပင်ဖြစ်၏။ သင်သည် ပထမမဂ်သို့ ရောက်လျှင်ပင်–

၁။ အတ္တ၌ သင်ယုံကြည်မှုကို ပယ်သတ်ပြီးပြီဟု သင်ကိုယ်တိုင် တွေ့မြင်လိမ့်မည်။

၂။ ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် ယုံမှားမှုများကို ပယ်သတ်ပြီးပြီဟု သင်ကိုယ်တိုင် တွေ့မြင်လိမ့်မည်။

၃။ သင်သည် သီလ သမာဓိ ပညာ ပါရှိသည့် လမ်းစဉ်မှတစ်ပါး အခြားလမ်းစဉ်ကို မည်သည့်အခြေအနေတွင်မှ လက်မခံနိုင်ဟု သင်ကိုယ်တိုင် တွေ့မြင်လိမ့်မည်။

၄။ သင်သည် မည်သည့်အခြေအနေတွင်မှ မသတ်နိုင်၊ မခိုးနိုင်၊ သူတစ်ပါးသားမယားကို မကျူးလွန်နိုင်၊ လိမ်မပြောနိုင်၊ အရက်မသောက်နိုင်သည်ကို သင် ကိုယ်တိုင် တွေ့မြင်လိမ့်မည်။ အကြောင်းမူကား ထိုကဲ့သို့သော ဒုစရိုက်မှုတို့၏ အကြောင်းရင်းများဖြစ်သည့် အနုသယအားလုံးကို ပယ်သတ်ပြီး ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ မနာလိုမှု ဣဿာကို ပထမ မဂ်က ဖြတ်ပြီးဖြစ်သောကြောင့် ထိုဣဿာ လုံးဝမရှိတော့တာ ထင်ရှားသည်ကို သင်ကိုယ်တိုင် တွေ့မြင်လိမ့်မည်။

၆။ ညှဉ်းဆဲ သတ်ဖြတ်လိုစိတ် ဒေါသကို ပထမမဂ်က ပယ်သတ်ပြီး ဖြစ်သောကြောင့် ထိုစိတ်မျိုး လုံးဝ မရှိတော့တာ ထင်ရှားသည်ကို သင် ကိုယ်တိုင် တွေ့မြင်လိမ့်မည်။

၇။ မိမိမျက်မှောက်ဘဝ၌ ကိလေသာအားလုံးကို ပယ်သတ်ရန် ဖြစ်နိုင် မဖြစ်နိုင် သင်ကိုယ်တိုင် တွေ့မြင်လိမ့်မည်။

အုပ်စိုးသူတွေ၊ အုပ်ချုပ်သူတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ လူအိုတွေ၊ လူငယ်တွေ၊ မိန်းမအိုတွေ၊ မိန်းမငယ်တွေအကြား နေရာတိုင်းမှာ အကျင့်စာရိတ္တ ပျက်နေသည်ကို သင် တွေ့မြင်လိမ့်မည်။ ဤအကျင့်စာရိတ္တ ပျက်ပြားမှုမှ စစ်ပွဲများ၊ ပြည်တွင်းစစ်များ၊ တော်လှန်မှုများ၊ ဇရတ်သုတ်ခဖြစ်မှု၊ ဥပဒေမရှိမှု၊ ပျက်စီးမှု၊ လူ့ဂုဏ်သိက္ခာ ပျောက်ဆုံးမှု စသည်တို့ ဖြစ်ပေါ်လာကြ၏။

လူတန်းလွှာအားလုံး၌ရှိသည့် ခေါင်းဆောင်မြောက်မြားစွာတို့ကို အနည်းဆုံး ပထမမဂ်ကို ရပြီးသူတို့ဖြင့် အစားထိုးနိုင်သောနေ့တွင် လူ့လောကကိုဒုက္ခပေး သည့် ပြဿနာတို့၏ ဆယ်ပုံ ကိုးပုံသည် ပျောက်ကွယ်သွားလိမ့်မည်။

ဗုဒ္ဓဘာသာသည် ဤနည်းဖြင့် လူ့လောကကို ကူညီနိုင်၏။ ကျွန်ုပ်သည် သင့်အား အနည်းဆုံး ပထမမဂ်ကိုရအောင် အလွန်ပင် ကြိုးစားစေချင်သည်။ ခင်ဗျား ကြိုးစားမယ်လား။

**လူငယ်** ။ ။ကျွန်ုပ် ဒါကို စဉ်းစားပါမယ်။

**စာရေးသူ**။ ။သင်သည် ဒါကို စဉ်းစားနိုင်လျှင်ပင် တစ်စုံတစ်ရာ ဖြစ်၏။ သင့်ကို များစွာ ကျေးဇူးတင်ပါတယ်။

အထက်ပါမေးခွန်းသည် သင်္ဂါရဝအမည်ရှိ ပုဏ္ဏားတစ်ဦးက ဘုရားရှင်အား မေးခဲ့သည့် အလားတူ မေးခွန်းကို စာရေးသူအား သတိရစေ၏။

တစ်နေ့သ၌ သင်္ဂါရဝသည် ဘုရားရှင်ထံလာ၍ ဤသို့ပြောလေသည်။ 'အရှင် ဂေါတမ၊ ကျွန်ုပ်တို့ ပုဏ္ဏားများသည် ယဇ်ပူဇော်မှုများကို ကိုယ်တိုင်ပင် ပြုလုပ်ကြပါ၏။ တခြားသူတို့ကိုလည်း အလားတူပြုလုပ်ရန် ကျွန်ုပ်တို့ ပြောဟောကြပါ၏။ အရှင် ဂေါတမ၊ ယဇ်ပူဇော်မှုများကို ကိုယ်တိုင်ပြုလုပ်ခြင်း၊ တခြားသူတို့အားလည်း ပြော ဟော ခြင်းအားဖြင့် ပုဏ္ဏားတို့သည် တခြားသူတို့၏ ကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်သည့် လမ်းစဉ်ကို လိုက်နေကြပါ၏။ အရှင်ဂေါတမ ထိုထိုဤဤ ဤဇာတ်အမျိုးအနွယ်မှ ပုဂ္ဂိုလ်တစ်ဦးသည် သံဃာ့အဖွဲ့သို့ဝင်၍ ဒုက္ခမှ မိမိကိုယ်တိုင် လွတ်မြောက်မှုအတွက်



[illegible]လျှင် ထိုရဟန်းသည် ကိုယ်ကျိုးသာကြည့်သည့် လမ်းစဉ်ကို လိုက်နေ [illegible]၏။

[illegible] ပုဏ္ဏား သင်စဉ်းစားပုံသည် မမှန်ပေ။ ငါသည် သင့်အား မေးခွန်းတစ်ခု မေးမည်။ သင်ကြိုက်သလိုဖြေလော့။ ဗုဒ္ဓသည် ဒုက္ခ၏အဆုံးသို့ ရောက် ကြောင်း လမ်းကို တွေ့ခဲ့ပြီးနောက် အခြားသူတို့အား ဤသို့ပြောပြခဲ့၏။ 'လာကြလော့၊ မဂ်ဉာဏ်တို့အားဖြင့် ငါ တွေ့ခဲ့ပြီးသည့် နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကို သင်တို့အား ငါ ပြမည်။ သင်တို့သည် ငါ ညွှန်ကြားခဲ့သည့်အတိုင်း ကမ္မဋ္ဌာန်းကိုအားထုတ်လျှင် မဂ်ဉာဏ်တို့အား ဖြင့် နိဗ္ဗာန်ကို သင်တို့ တွေ့ကြလိမ့်မည်။ ငါ ညွှန်ကြားပြီးခဲ့သည့်အတိုင်း ကမ္မဋ္ဌာန်းကို အားထုတ်ကြလော့။

ဤနည်းဖြင့် ဗုဒ္ဓသည် မဂ်ဉာဏ်များကိုရဖို့အတွက် ကိုယ်တိုင် ကျင့်ကြံ အားထုတ်ခဲ့၏။ တခြားသူတို့အားလည်း အတူလုပ်ကြရန် ဟောကြားခဲ့၏။ ငါ၏ အဆုံးအမကို လက်ခံလျက် လူများစွာတို့သည် သံဃာ့အဖွဲ့သို့ဝင်၍ ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့ကြ၏။ မဂ်ဉာဏ်များကို ရပြီးနောက် ဤရဟန်းတို့သည် လူတို့ထံသွား၍ ဒုက္ခမှ ကိုယ့်ကိုယ်ကိုယ် လွတ်မြောက်စေရန်အတွက် ကမ္မဋ္ဌာန်းတရားအားထုတ်ရန် သူတို့အား ဟောကြားကြ၏။ ဤသို့လျှင် မဂ်ဉာဏ်များကိုရဖို့အတွက် (ကိုယ်တိုင်) တရားအားထုတ်ခြင်း၊ မဂ်ဉာဏ်ကိုရပြီးနောက် သူတစ်ပါးတို့အား အလားတူပြုလုပ်ကြရန် ဟောကြားခြင်းဟူသော ဖြစ်စဉ်သည် ဆက်လက် သွားနေ၏။ ဤနည်းအားဖြင့် မဂ်ဉာဏ်များကို ရပြီးသော ရဟန်းရှင်လူ တို့၏ အရေအတွက် ရာထောင်သောင်းမက များပြားလေ၏။

ပုဏ္ဏား၊ ငါ၏ ပြောဆိုချက်ကို သင် ဘယ်လိုထင်သနည်း။ ငါ ပြောပြခဲ့သည့်အတိုင်း ဤဖြစ်စဉ်ဟာ ဆက်လက်ဖြစ်နေလျှင် ရဟန်းပြု ခြင်း၏ အမှုသည် ကိုယ်ကျိုးသာကြည့်သည့် အမှုပေလော၊ သို့တည်း မဟုတ် တခြားသူတို့၏ အကျိုးစီးပွားအတွက်ပြုသည့် အမှုပေလော။

**သင်္ဂါရဝ**။ ။ အရှင်ဂေါတမ၊ သင် ပြောပြခဲ့သည့်အတိုင်း ဤဖြစ်စဉ်ဟာ ဆက်ဖြစ် နေလျှင် ရဟန်းပြုခြင်း၏အမှုသည် ကိုယ်ကျိုးသာမကြည့်သည့် အမှု ဖြစ်ပါ၏။ တခြားသူတို့၏ အကျိုးစီးပွားအတွက်ပြုသည့်အမှု [illegible]ပါ၏။

**ရှင်းအာနန္ဒာ**။ ပုဏ္ဏားတစ်စုံတစ်ဦးသည် ယဇ်ပူဇော်မှုများကို ကိုယ်တိုင်[illegible]ပြီးနောက် သူတစ်ပါးတို့အားလည်း ယင်းတို့ကိုပြုလုပ်ရန် ဟော[illegible]သည့်အကျင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ဦးသည် ကိုယ်တိုင် ကမ္မဋ္ဌာန်းတရား အားထုတ်ပြီးနောက် သူတစ်ပါးတို့အားလည်း တရားအားထုတ်ယောပြောသည့်အကျင့်နှစ်မျိုး အနက် မည်သည့်အကျင့်ကို သင် ပိုနှစ်သက်သနည်း။ ဘယ်အကျင့်က အားထုတ်မှုကို လျော့နည်းစေသနည်း။ ဘယ်အကျင့်က အကျိုးပိုမို ဖြစ်ထွန်းစေသနည်း။ ဘယ်အကျင့်က တစ်စုံတစ်ဦးကို ဒုက္ခမှ လွတ်မြောက် စေနိုင်သနည်း။

သင်္ဂါရဝ။ ။ အရှင်ဂေါတမနှင့် အရှင်အာနန္ဒာကဲ့သို့သော ပုဂ္ဂိုလ်များအား ကျွန်ုပ် ရှိခိုးပါ၏။

အရှင်အာနန္ဒာသည် မိမိ၏မေးခွန်းများကို နှစ်ကြိမ်ထပ်မေး၏။ သင်္ဂါရဝကလည်း အရှင်အာနန္ဒာ၏ မေးခွန်းများကိုမဖြေဘဲ အထက်က သူ ပြောခဲ့သည့်အတိုင်း ထပ်တလဲလဲ ပြန်ပြောလေ၏။ (အင်္ဂုတ္တရ– အတွဲ ၁၊ သင်္ဂါရဝသုတ်)။

## စကားပြောသော တိရစ္ဆာန်များ

စာရေးသူသည် အခြားလူငယ်တစ်ဦး တွေ့ခဲ့၏။ ထိုလူငယ်က ဇာတ်တော်များစွာထဲ၌ သူတွေ့ရှိသည့် စကားပြောသောတိရစ္ဆာန်များနှင့်ပတ်သက်၍ သူ မနှစ်သက်ကြောင်း ဖွင့်ဟပြောဆိုခဲ့၏။ ဤစကားပြောသော တိရစ္ဆာန်များအတွက်ကြောင့် ဇာတ်တော်များကို ရယ်ဖွယ်များအဖြစ် (ဝါ) ဒဏ္ဍာရီများအဖြစ် ယူဆခဲ့ရသည့် အန္တရာယ်ရှိသည်ဟု သူက စာရေးသူအား ပြောပြခဲ့၏။ စာရေးသူက သိပ္ပံစာအုပ်တစ်အုပ်၌ မိမိဖတ်ဖူးခဲ့တာကို ထိုသူအား ပြန်ပြောပြ၏။ ထိုသိပ္ပံစာအုပ်ကို ရေးသားသူက ဤသို့တွေးဆခဲ့၏။ ထိုသူကား ဟာတ်စ်လေး ဖြစ်ဖွယ်ရှိ၏။ သူသည် တိုင်းတာ၍မရနိုင်သော အတိတ်ကာလအတွင်း၌ စဉ်းစား၍မရနိုင်သည့် အဖြစ်အပျက်မျိုးသည် ဖြစ်ခဲ့နိုင်၏ဟု ယူဆရဲသော ပုဂ္ဂိုလ်ဖြစ်၏။ သူက ဤသို့ဆက်ပြော၏။ ‘အလွန် အသက်ရှည်ကြသည့် မျောက်တချို့အား လက်နှိပ်စက်တစ်လုံးကိုပေးခဲ့လျှင် ထိုမျောက်တို့သည် နှစ်သန်းပေါင်းများစွာကြာပြီးနောက်၌ ရိုက်စပီးယား၏ ကဗျာများကို မချော်လင့်ဘဲ လက်နှိပ်စက် ရိုက်ကောင်း ရိုက်နိုင်မည်။ ထို့ကြောင့် စာရေးသူက ထိုလူငယ်အား ဟာတ်စ်လေး ကဲ့သို့ ခွင့်လွှတ်တတ်ရန်၊ စကားပြောသည့် တိရစ္ဆာန်များကို တိုင်းတာ၍မရနိုင်သော ကာလအတွင်းက အဖြစ်အပျက်များအဖြစ်ဖြင့် သဘောထားရန် ပန်ကြားခဲ့၏။

ဗုဒ္ဓဘာသာ၌ သီးခြားကမ္ဘာသည် ယင်း၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း၊ မည်သည့် (အခြား) ကမ္ဘာများမှ မရှိဟု ယူဆခြင်းသည် ကျိန်ဆဲခြင်း



အမျိုးသင့်ဖြစ်၏၊ ဗုဒ္ဓဘာသာအလိုအရ ကျွန်ုပ်တို့၏ ကမ္ဘာမတိုင်မီက မရေမတွက်နိုင်သော ကမ္ဘာများ ရှိခဲ့ပြီ။ ဤကမ္ဘာနောက်၌လည်း မရေမတွက်နိုင်သောကမ္ဘာများ ရှိလိမ့်မည်။ ထို့အပြင် ဗုဒ္ဓဘာသာအလိုအရ တစ်ကမ္ဘာသက်တမ်းသည် တိုင်းတာ၍မရနိုင်လောက်အောင် ရှည်လျားလှ၏။ ဗုဒ္ဓက ဥပမာဖြင့် ယင်းသက်တမ်းကို ဤသို့ဖော်ပြတော်မူခဲ့၏။ ‘အလျား အနံ (လေးထောင့်) ခုနစ်မိုင်ရှိ၍ ခုနစ်မိုင်မြင့်သော သံတံတိုင်းကြီးကို မုန်ညင်းစေ့များဖြင့် ဖြည့်ထည့်ပါ။ လူတစ်ဦးက နှစ်တစ်ရာလျှင် တစ်ကြိမ် အစေ့တစ်စေ့ကို ယူပါစေ။ ဤသို့ပြုခြင်းကြောင့် သံတံတိုင်းကြီး (အတွင်း) သည် လုံးဝ ဘာမှမရှိသည့်အခါမှာပင် (အကြမ်းဖျင်းအားဖြင့် ဆက်တိုက်တည်နေသည့် ကမ္ဘာ လေးခု၏ သက်တမ်းနှင့်ညီမျှသော) မဟာကပ်တစ်ခုသည် ကုန်ဆုံးသွားဦးမည်မဟုတ်။ ဤအတိတ် (ဝါ) ပစ္စုပ္ပန်ကမ္ဘာများအနက် တစ်ခုခုမှာ စဉ်းစား၍မရနိုင်သော အဖြစ်အပျက်တစ်ခုခု (ဝါ) အဖြစ်အပျက်များ ဖြစ်ခဲ့နိုင်၏။ ထို့ကြောင့် မှတ်တမ်းထားသည့် ကျွန်ုပ်တို့သမိုင်း နှစ်ပေါင်း လေးငါးထောင်အတွင်း၌ စကားပြောသည့် တိရစ္ဆာန်များကို မတွေ့နိုင်သည့်အတွက် သက်သက်ကြောင့် ထိုကဲ့သို့ စကားပြောသည့် တိရစ္ဆာန်များကို ရယ်ဖွယ်အဖြစ် သဘောထားရန် သင့်လျော်မည်မဟုတ်။ ထိုလူငယ်သည် နားထောင်ရုံသာ ထောင်ခဲ့၏။ တစ်စုံတစ်ရာ ပြန်မပြောခဲ့ပေ။ ထို့ကြောင့် မိမိ၏ ရှင်းပြချက်သည် ထိုလူငယ်အား ကျေနပ်စေခဲ့သလား ဆိုတာကို စာရေးသူ မသိရပေ။

တိရစ္ဆာန်နှင့် လူတို့ စကားပြောခြင်း၊ မပြောခြင်းနှင့် ပတ်သက်၍ မူလက သက္ကတဘာသာဖြင့် ရေးသားထားပြီး မန္တလေးက ဆရာတော်ကြီးတစ်ပါးက မြန်မာဘာသာသို့ ပြန်ဆိုထားသော ကပ္ပဓမကျမ်းတွင် ရှင်းလင်းထားချက်တို့ကို ဤနေရာ၌ ထပ်မံ တင်ပြလိုပေသည်။ လူတို့၏ သက်တမ်းသည် အကျင့်သီလ စသည် ကောင်းဆိုးနှစ်တန်ကြောင့် အသက်တမ်းရှည်ခြင်း (တက်ကပ်) ဖြစ်ပေါ်ပြီး အသက်တမ်းတိုခြင်း (ဆုတ်ကပ်) တို့ ဖြစ်ပေါ်လေ့ရှိသည်။ လူတို့သည် သီလ ကောင်းမွန်သောအခါ ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ အသက်ရှည်ကြသည်။ အကျင့်သီလ ဆုတ်ယုတ်သောအခါ အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းသို့ တဖြည်းဖြည်း အသက်တမ်း တိုလာကြသည်။ တိရစ္ဆာန်တို့သည်လည်း ယင်းတို့၏သက်တမ်းအားလျော်စွာ အတက် အဆုတ်ရှိကြောင်း ဖော်ပြထားသည်။ သက်တမ်းရှည်သော တက်ကပ်တွင် လူနှင့် တိရစ္ဆာန်တို့သည် အကျင့်သီလ ကောင်းမွန်ကြသဖြင့် တက်ကပ်၏ အဆင့်တစ်ခု ရောက်သောအခါ အချင်းချင်း စကားပြော၍ရသည်ဟု ယင်းကပ္ပဓမကျမ်းတွင် မိန့်ဆိုချက်ရှိပါသည်။ ယင်းကျမ်းကို အနီးစခန်းဆရာတော် စသော ဆရာတော်ကြီးများနှင့် သုတေသီများက လက်ခံ ဟောပြောခဲ့ကြကြောင်းကို လေ့လာတွေ့ရှိပါသည်။ ထိုသည်တို့ကို

www.burmeseclassic.com



ထောက်ထား၍ လူနှင့် တိရစ္ဆာန်တို့ အချင်းချင်း စကားပြောဆိုနိုင်သည့် အချိန်ကာလတစ်ခု ရှိခဲ့ဖူးကြောင်း ထင်ရှားသိသာနိုင်ပါသည်။

စာရေးသူသည် စာဖတ်သူတို့အား အရေးကြီးသည့် အချက်တစ်ချက်ကို တင်ပြလို၏။ စကားပြောသော တိရစ္ဆာန်များသည် ဗုဒ္ဓဘာသာ၌ အဓိကကျသည့် အချက်များ လုံးဝ မဟုတ်ပေ။ ယင်းတို့သည် အပေါ်ယံပြဿနာများသာ ဖြစ်၏။ ဗုဒ္ဓဘာသာ၌ အဓိကအကျဆုံးသော အချက်တို့ကား ဗောဓိပက္ခိယတရား ၃၇ ပါးသာ ဖြစ်၏။ ယင်းတရားတို့သည် အနုသယခုနစ်ပါးတို့ကို ပယ်သတ်နိုင်သည့် မဂ်ဖိုလ်တရားများ ရရှိဖို့အတွက် ဗုဒ္ဓဟောကြားခဲ့သည့် တရားတော်များ၏ အချုပ်ဖြစ်၏။ ဒီဃနိကာယ်၊ ပါသာဒိကသုတ်၌ ဗုဒ္ဓသည် ဤသို့ မိန့်တော်မူခဲ့၏။

'စုန္ဒ၊ ငါ ဟောကြားသည့် တရားတော်များ၌ အချို့သော တရားများ ပါရှိ၏။ ငါသည် သဗ္ဗညုတဉာဏ်တော်ဖြင့် အပြည့်အစုံ ငါ သိခဲ့ပြီးနောက် ထိုတရားဓမ္မများကို ရဟန်းတို့အား ငါဟောကြား၏။ ဤတရားဓမ္မများကို ကြာမြင့်စွာတည်တံ့စေရန် ရည်ရွယ်ချက်ဖြင့် ရဟန်းတို့အားလုံးသည် စုပေါင်း၍ အမှားများကို မပြု။ ထိုတရားများကို အတူတကွ ရွတ်ဆိုခြင်းဖြင့် မှတ်တမ်းတင်ထားသင့်၏။ ဤတရားများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အငြင်းပွားမှု မရှိရပေ။'

ရဟန်းတို့သည် ဤသို့ပြုလုပ်လျှင် လူနတ်ဗြဟ္မာတို့၏ ကောင်းကျိုးအတွက် ဖြစ်လိမ့်မည်။ ဤတရားများကား အဘယ်နည်း။

(က) သတိပဋ္ဌာန်တရား လေးပါး၊

(ခ) သမ္မပ္ပဓာန်တရား လေးပါး၊

(ဂ) ဣဒ္ဓိပါဒ်တရား လေးပါး၊

(ဃ) ဣန္ဒြိယတရား ငါးပါး၊

(င) ဗိုလ်တရား ငါးပါး၊

(စ) ဗောဇ္ဈင်တရား ခုနစ်ပါး၊

(ဆ) အရိယမဂ္ဂင်တရား ရှစ်ပါးတို့ ဖြစ်၏။

စာဖတ်သူသည် ထိုတရားအားလုံးကိုမှတ်မိရန် ဝန်လေးလွန်းသည်ကို တွေ့ရလျှင် ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏ အကျဉ်းချုပ်ဖြစ်သော အရိယမဂ္ဂင်တရား ရှစ်ပါးကိုမှတ်ထားနိုင်ပါ၏။ သူသည် ယင်းအရိယမဂ္ဂင်တရားရှစ်ပါးကိုပင် အနည်းငယ် ဝန်လေးသည်ကို တွေ့ရှိလျှင် အရိယမဂ္ဂင် ရှစ်ပါး၏အချုပ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာ (အကျင့်) သုံးပါးကို မှတ်ထားနိုင်၏။

ဗောဓိပက္ခိယတရား ၃၇ ပါး၊ အရိယမဂ္ဂင်ရှစ်ပါး၊ သိက္ခာသုံးပါးတို့ကို ကျမ်းစာကိုယ်ထဲ၌ အပြည့်အစုံ ဖော်ပြထား၏။



## ဘာသာဝါဒမယုံသူ

[illegible]သည် ကိလေသာအလုံးစုံကို ပယ်သတ်ပြီးနောက် မိမိဘဝ၏ အကောင်း[illegible]သို့ ရောက်သွားပြီးသောအခါ ပဋိသန္ဓေ ကုန်ဆုံးခြင်းသို့ အဘယ်ကြောင့် [illegible]သင့်နည်းဟု ဘာသာဝါဒ မယုံသူတစ်ဦးက စာရေးသူအား တစ်ခါက [illegible]၏။

## ကက်သလစ်ဘာသာဝင်မိတ်ဆွေ

ရိုမန်ကက်သလစ်ဘာသာဝင် မိတ်ဆွေတစ်ဦးက စာရေးသူအား စိတ်ဝင်စားဖွယ် [illegible]ကို တင်ပြခဲ့ဖူး၏။ သူ၏ တင်ပြချက်အရ စားပွဲနှစ်ခုရှိ၏။ ပထမ စားပွဲပေါ်မှာ [illegible]လှသည့် မိန်းကလေးတစ်ဦး ထိုင်နေ၏။ ဒုတိယစားပွဲမှာ ဘာမျှမရှိ။ စာရေးသူသည် ဘယ်စားပွဲကို ရွေးမလဲဟု ကက်သလစ်မိတ်ဆွေက သိလိုလိမ့်မည်။ စာရေးသူက အဖြေမပေးနိုင်သေးမီ ကက်သလစ်မိတ်ဆွေက 'အပေါ်မှာ ဘာမျှမရှိတဲ့ စားပွဲကို ရွေးချယ်သောသူသည် ဗုဒ္ဓဘာသာ၏ပန်းတိုင် နိဗ္ဗာန်ကို ရွေးချယ်ပြီးသော ပုဂ္ဂိုလ်နှင့် တူလိမ့်မည်'ဟု ပြောလေ၏။

## ရေခဲမုန့်၊ ရုပ်ရှင်များ မရှိ

မြန်မာနိုင်ငံ၌ စာရေးသူသည် 'နိဗ္ဗာန်မှာ ရေခဲမုန့်၊ ရုပ်ရှင်များ ရှိမည်မဟုတ်သောကြောင့် နိဗ္ဗာန်ကို မလိုချင်'ဟု မိမိအား ပွင့်လင်းစွာပြောပြသည့် ဗုဒ္ဓဘာသာဝင်လူငယ်များကို မကြာခဏ တွေ့ခဲ့ဖူး၏။

## အနောက်တိုင်းမှ ခေါင်းဆောင်တစ်ဦး

အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် အဖြစ်အပျက်တစ်ခုကိုလည်း ဤနေရာ၌ ဖော်ပြသင့်၏။ ဒုတိယကမ္ဘာစစ်မတိုင်မီက အနောက်တိုင်းမှ ထင်ရှားသော ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်တစ်ဦးသည် မြန်မာနိုင်ငံသို့ အလည်ရောက်လာခဲ့၏။ သူသည် ရန်ကုန်၌ ထင်ရှားသော ဗုဒ္ဓဘာသာ ရဟန်းတော်တချို့ကို တွေ့ခဲ့၏။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် တရားရုံးချုပ်၊ တရားသူကြီးချုပ် ဖြစ်လာခဲ့သော ဦးသိန်းမောင်သည် အစည်းအဝေး၌ သဘာပတိလည်းဖြစ်၏။ အနောက်တိုင်းမှ ထင်ရှားသော ဗုဒ္ဓဘာသာဝင် ခေါင်းဆောင် အလိုအရ နိဗ္ဗာန်သည် ထာဝရဘုရားနှင့် ထာဝရချမ်းသာရှိရာ ကောင်းကင်ဘုံကဲ့သို့ပင် ဖြစ်၏။ မြန်မာဗုဒ္ဓဘာသာရဟန်းတော်များ၏ ကိုယ်စား ဦးသိန်းမောင်က 'နိဗ္ဗာန်အကြောင်း ဤယူဆချက်သည် ဗုဒ္ဓ၏တရားတော်များနှင့် မညီ'ဟု ပြောသောအခါ သူက 'ပဋိသန္ဓေ၏အဆုံးကို ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ပန်းတိုင်အဖြစ် ယူဆခြင်းကို အနောက်တိုင်း၌ အများက ဘယ်တော့မှ လက်ခံမည်မဟုတ်'ဟု ပြန်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေလိုခြင်း၊ ပျော်ရွှင်ခံစားလိုခြင်း၊ ထာဝရဘဝနှင့် ထာဝရချမ်းသာကို ရရှိခြင်းသည် လူတစ်ဦး၏ ပင်ကိုဘာဝ၌ အလွန်နက်ရှိုင်းစွာ စွဲမြဲနေသောကြောင့် ဘာသာဝါဒ မယုံသူဖြစ်စေ၊ ရိုမန်ကက်သလစ်များဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်များဖြစ်စေ လူနတ်ဗြဟ္မာများအဖို့ ပဋိသန္ဓေ၏ အဆုံးဟူသော ပန်းတိုင်ပါရှိသည့် တရားတော်ကို လက်ခံရန် မလွယ်ကူပေ။

နိဗ္ဗာန်၌ ရေခဲမုန့်၊ ရုပ်ရှင်များမရှိသဖြင့် နိဗ္ဗာန်ကို အလိုမရှိသည့် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တချို့နှင့် ရိုမန်ကက်သလစ် မိတ်ဆွေများ၊ ဘာသာဝါဒမယုံသူများအား လည်းကောင်း၊ နောက်ဆုံး အရေးအပါဆုံး အနောက်တိုင်းမှထင်ရှားသည့် ဗုဒ္ဓဘာသာ ခေါင်းဆောင်အားလည်းကောင်း စာရေးသူက အောက်ပါ ဥပမာပုံပြင်အားဖြင့် လေးစားစွာ ဖြေကြားလိုပါ၏။

## ဥပမာပုံပြင်

တောနက်ကြီးတစ်ခု၏အလယ်ခေါင်၌ ဧည့်ရိပ်သာတစ်ခုရှိလေ၏။ လမ်းမကြီးတစ်ခုသည် ထိုဧည့်ရိပ်သာတည်ရှိရာ ထိုဒေသကို ဖြတ်သွား၏။ ဧည့်ရိပ်သာ၏ ပိုင်ရှင်သည် 'နာမရူပ' (နာမ်ရုပ်) အမည်ရှိ လူဆိုးကြီးဖြစ်၏။ သူ့မှာ ရူပါရုံ (ကောင်းသောအဆင်း)၊ သဒ္ဒါရုံ (ကောင်းသောအသံ)၊ ဂန္ဓာရုံ (ကောင်းသောအနံ့)၊ ရသာရုံ (ကောင်းသော အရသာ)၊ ဖောဋ္ဌဗ္ဗာရုံ (ကောင်းသောအတွေ့) ဟု အမည်ရှိသော ချောလှသည့် သမီး ငါးဦး ရှိ၏။ ဆွဲဆောင်နိုင်သောအပြုံးများ၊ လှပစွာခြယ်သထားသော မျက်နှာများ၊ လှပသည့်ကိုယ်ခန္ဓာများ၊ မွှေးကြိုင်နေသည့် အဝတ်အစားများနှင့် မောပန်းနေသည့် ခရီးသည်များကို စွဲမက်ဖွယ်အသံများဖြင့် ကြိုဆို၍ ဖခင်က ဝမ်းရောဂါပိုးများပါရှိသည့် အရက်စက်အနည်းငယ် အသီးသီးထည့်ထားသော အမောပြေ သောက်ဖွယ်များဖြင့် ဧည့်ခံကြလိမ့်မည်။ 'ကောင်းတဲ့အဆင်း၊ ကောင်းတဲ့အသံ၊ ကောင်းတဲ့အနံ့၊ ကောင်းတဲ့ အရသာ၊ ကောင်းတဲ့အတွေ့တို့ကို တပ်မက်ခြင်း'ဟူသော မိမိတို့၏ ကာမရာဂထက် ပိုကောင်းတာကိုမရနိုင်သော ထိုခရီးသည်တို့သည် စားဖွယ်များကို စားရပြီး မိန်းမပျို များနှင့် ပျော်မွေ့ခြင်း အခွင့်အရေးကို မရရှိဘဲနှင့် ပြင်းထန်သည့်ဝေဒနာကို ခံစားရ ပြီးနောက် သေသွားကြလေ၏။ ထိုဧည့်သည်များ သေဆုံးပြီးနောက် ထိုလူကြီးနှင့်သမီး တို့သည် ခရီးသည်များပိုင် ပစ္စည်းတို့တွင် တွေ့နိုင်သမျှကို နှိုက်ယူကြလေ၏။

တစ်နေ့သ၌ ခရီးသည်ငါးယောက်ပါသည့် နောက်တစ်ဖွဲ့သည် ထိုဧည့်ရိပ်သာသို့ ရောက်လာ၏။ ထုံးစံအတိုင်းပင် ချောလှသည့်သမီးတို့က ထိုခရီးသည်များကို အမောပြေ သောက်ဖွယ်များဖြင့် ဧည့်ခံ၏။ ထိုခရီးသည်အားလုံးသည် ရှည်လျားခက်ခဲလှသည့် ခရီးကိုသွားခဲ့ရပြီးနောက် အလွန့်အလွန် မောပန်းနေကြ၏။ ထို့ကြောင့် သူတို့အားလုံး



သည် အလွန်စွဲမက်ဖွယ် သောက်စရာများကို တွေ့ရှိကြ၏။ သို့ရာတွင် ပဉ္စမမြောက် ခရီးသည်သည် ပြည်သူ့ကျန်းမာရေး အင်စပက်တော် (အရာရှိ)တစ်ဦး ဖြစ်နေ၏။ သူသည် မပြတ် အလေ့အလာ၏အစွမ်းကြောင့် မိမိ၏ အမောပြေ သောက်ဖွယ်မှ တစ်စက်ကိုယူ၍ ဖလင်ပြားပေါ်တွင် ကောင်းစွာတင်ပြီး မှန်ဘီလူးဖြင့် စစ်ဆေးလေ၏။ ခရီးသည်အဖော်တို့သည် မယုံနိုင်သောမျက်လုံးများဖြင့် သူ့ကို ကြည့်နေကြ၏။ ထို ကျန်းမာရေးအရာရှိသည် ဝမ်းရောဂါပိုးများကို တွေ့မြင်ရ၍ အလွန် အံ့အားသင့်သွား လေ၏။ ထို့ကြောင့် သူသည် ချက်ချင်းပင် ခရီးသွားဖော်များအား မိမိတို့၏ ဖန်ခွက် များကို မထိရန် သတိပေးလိုက်၏။

**ပထမခရီးသွား** –ဘာဖြစ်လို့လဲ၊ ဒီလောက်ပင်ပန်းသည့် ခရီးကို သွားခဲ့ပြီးနောက် ဒါဟာ အလွန်ထိုက်တန်သည့် သောက်ဖွယ် မဟုတ်လား။

**ဒုတိယခရီးသွား**–မင်း မှန်ဘီလူးကို လွှင့်ပစ်စမ်းပါ။ ငါကတော့ သောက်မှာပဲ။ ဒီ ချောလှတဲ့ မိန်းကလေးတွေနဲ့ ညအနည်းငယ်နေဖို့ရန်ပင် ဆုံးဖြတ် ထားတယ်။

**တတိယခရီးသွား**–'သောက်တာ မသောက်တာ ဆိုတာဟာ ဆုံးဖြတ်ရတော့မယ့် ပြဿနာပဲ၊ သို့ရာတွင် သောက်ဖွယ်ထဲ၌ပေါ်နေတဲ့ ရေခဲမှုန့်တုံးများကို တော့ ကျွန်ုပ် မြင်နေတယ်။

**စတုတ္ထခရီးသွား**–ကျွန်ုပ်တို့ထဲက တစ်ဦးမှ သင့်သတိပေးချက်ကို ဂရုစိုက်မယ်မဟုတ်။

**ပဉ္စမခရီးသွား** –ဒါဟာ သေရေးရှင်ရေးကိစ္စပဲ၊ ဒီမှန်ဘီလူးနဲ့စိုက်ကြည့်ရန် သင်တို့ အသီးသီးကို လေးစားစွာဖြင့် တောင်းပန်ပါတယ်။

**ဒုတိယခရီးသွား**–သင့်မှန်ဘီလူးကို ကျိန်ဆဲလိုက်ပါ။ မိန်းကလေးတွေက ရှုံ့စရာအလုပ် လုပ်ဖို့ ချောလွန်းလှပေတယ်။

**(သံပြိုင်ဆို)** –ရှုံ့စရာအလုပ်ကို လုပ်ဖို့ကွယ် မိန်းကလေးတွေက လှလွန်းတယ်။

ဤသို့လျှင် ကောင်းသောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၌လည်းကောင်း၊ (နိဗ္ဗာန်) ကို ထာဝရဘဝနှင့် ချမ်းသာဟုယူဆခြင်း၌လည်းကောင်း စွဲလမ်းတပ်မက်မှုကို ...သိနိုင်သေးသည့် ဗြဟ္မာနတ်လူတို့သည် ထာဝရဘဝနှင့် ထာဝရချမ်းသာအား ...ရသည့် အခွင့်အရေးကို ဘယ်တော့မှမရရှိဘဲ သေပြီးရင်း သေလျက် အဆုံးမရှိသည့် ...သန္ဓေနေရခြင်းများကို ဖြတ်သန်းသွားနေကြလိမ့်မည်။

ဗုဒ္ဓဘာသာ၌ စိတ်သမာဓိသည် မှန်ဘီလူးဖြစ်၏။ ထိုမှန်ဘီလူးသည် နာမ်ရုပ် ...၏ မမြဲသောသဘောကို တစ်စုံတစ်ဦးအား သိမြင်နိုင်စေလိမ့်မည်။ ဤသိမြင်မှုကြောင့် ...သည် 'မမြဲသောနာမ်ရုပ်တို့သည် ဆွေးမြည့်ပျက်စီးနေသည့် ...င်းအနာများနှင့် ...၏ဟုလည်းကောင်း၊ ထိုနာမ်ရုပ်တို့သည် ဘေးအန္တရာယ်များလှ၏ဟု လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ထိုနာမ်ရုပ်တို့သည် အားကိုးစရာမဟုတ်ဟုလည်းကောင်း ပညာဖြင့် သိမြင်မှုများကို ရရှိလိမ့်မည်။ သူသည် တစ်စုံတစ်ယောက်က တစ်စက္ကန့်ပင်တည်မြဲနေရန် အမိန့်ပေး၍ မရနိုင်သော နာမ်ရုပ်တို့သည် 'အတ္တ'မဟုတ်နိုင်ဟုလည်းကောင်း၊ ထိုနာမ်ရုပ်တို့သည် အနှစ်ဒြပ်ပါပြီး တန်ဖိုးရှိသောတစ်စုံတစ်ရာကို မပိုင်ဆိုင်ဟုလည်းကောင်း၊ ဤသို့သောပညာဖြင့် သိမြင်မှုများကိုလည်း ရရှိလိမ့်မည်။ ပုဂ္ဂိုလ်တစ်ဦးသည် ထိုကဲ့သို့သော သိမှတ်ခြင်းများ၊ သိမြင်ခြင်းများ ထင်ရှားသေချာစွာ ရရှိလျှင် ဝဋ်သံသရာ၏အဆုံးကို သူ၏ ပန်းတိုင်အဖြစ်ဖြင့် သိမြင်မှုနှင့်ပတ်သက်၍ မနှစ်သက်သော သဘောထားသည် လုံးဝ ပြောင်းလဲသွားမည်မှာ သေချာ၏။

မှန်ဘီလူးကိုမတွေ့ရှိသေးမီက လူတို့သည် ပိုးမွှားများကို မမြင်နိုင်သေးပေ။ မှန်ဘီလူးကိုတွေ့ရှိပြီးနောက်ကား လူတို့သည် ရှေးကမမြင်နိုင်ခဲ့သော ပိုးမွှားတို့၏ အသွင်သဏ္ဌာန်များကိုသာမက ပိုးမွှားတစ်မျိုးနှင့်တစ်မျိုး ကွဲပြားစေသည့် ပိုးမွှားတို့၏ ပုံပန်းအားလုံးကိုပင် မြင်နိုင်ကြ၏။ ထိုမှန်ဘီလူးသည် သိပ္ပံပညာရှင်တို့အား သူတို့တွေ့ရှိသည့်အရာ (ပိုးမွှား)သည် ဝမ်းရောဂါပိုးလား၊ ပလိပ်ပိုးလား၊ ငှက်ဖျားပိုးလား၊ တိုက်ဖွိုက်ပိုးလား စသည်ဖြင့် သိမြင်နိုင်စေ၏။

ဗုဒ္ဓဘာသာ၌ ပညာတတ် ပုဂ္ဂိုလ်တချို့သည် စိတ်တည်ကြည်မှု သမာဓိကို နာမ်ရုပ်တို့၏ အနိစ္စ (မမြဲမှု)၊ ဒုက္ခ (ဆင်းရဲမှု)၊ အနတ္တ (ဝိညာဉ်၊ အတ္တ မဟုတ်မှု) ဟူသော သဘောမှန်ကို သိမြင်စေနိုင်သည့် မှန်ဘီလူးဖြစ်သည့် 'သမာဓိမှန်ဘီလူး'ဟု ခေါ်ကြ၏။

နာမ်ရုပ်တို့၏သဘောမှန်ကို ဤသိမြင်မှုသည် အဆုံးမရှိသည့် ဝဋ်သံသရာနေရမှုတို့၏ အကြောင်းရင်းများဖြစ်သော တပ်မက်မှု၊ အမျက်ထွက်မှု၊ သစ္စာတရားကို မသိမှုတို့ကို ပယ်သတ်မည့် မင်္ဂလေးပါး၊ ဖိုလ်လေးပါးတို့၏ ရှေ့သွားဖြစ်သည်။

## အနုအညွှတ်တောင်းပန်ခြင်း

သိပ္ပံပညာ၏ ကြီးမားသည့် တိုးတက်လာမှုနှင့်အတူ ကမ္ဘာ၌ မြောက်မြားလှစွာသော ပုဂ္ဂိုလ်တို့၏ စိတ်များထဲ၌ ကောင်းမြတ်သည့် စိတ်သဘောထားဖြစ်ပေါ်လာ၏။ ဤသဘောထားကို မြင်မှယုံသည့် သဘောထားဟု ခေါ်နိုင်၏။ ဤသဘောထားကြောင့် ဤပုဂ္ဂိုလ်တို့သည် သူတို့ဝန်းကျင် သူတို့အထက် သူတို့အောက်မှာရှိသည့် တစ်စုံတစ်ရာကို အမှန်ဟု လက်မခံတော့ချေ။ သူတို့သည် အဆို (ဝါ) အယူအဆ တစ်ခုကို စာအုပ်ကြီးတစ်ခုမှ ယူထားသည် (ဝါ) ပုဂ္ဂိုလ်ကြီးတစ်ဦးက ပြောသည်ဟူသော အကြောင်းပြချက် သက်သက်ဖြင့် လက်ခံလိမ့်မည်မဟုတ်၊ ထိုအဆို အယူအဆကို သူတို့လေ့လာပြီး စမ်းသပ်ရဦးမည်။ လက်တွေ့စမ်းသပ်ပြီးနောက် မှန်သည်ဟု တွေ့ရှိမှသာလျှင် ယင်းကို လက်ခံတတ်ကြ၏။



ထိုပုဂ္ဂိုလ်ခုနစ်ပါးတို့ကို သီလ၊ သမာဓိ၊ ပညာ ဟူသော ကျင့်ဖွယ်-သိက္ခာသုံးပါးဖြင့် ပယ်သတ်နိုင်၏။

## သီလနှင့်ပတ်သက်၍ ဗုဒ္ဓက ဘာပြောကြားခဲ့သနည်း

'သီလကိုဆောက်တည်၍သတ်ခြင်း၊ ခိုးခြင်း(တိုက်ယူခြင်း)၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ လိမ်ပြောခြင်း၊ အရက်သောက်ခြင်းတို့မှ ရှောင်ကြဉ်သူတို့သည် အောက်ပါ အကျိုးတရား ငါးပါးကို ရရှိမည်ဟု ပြောကြားခဲ့၏။ (ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်)

၁။ သူတို့သည် ဒုစရိုက်မှုများအတွက် အချိန်နှင့်ငွေကို ဖြုန်းတီးဖို့မလိုသောကြောင့် ကောင်းစွာရှာ၍ ကောင်းစွာ စုဆောင်းနိုင်၏။
၂။ သူတို့သည် များမကြာမီ ကောင်းသောကျော်စောခြင်းကို ရရှိလိမ့်မည်။
၃။ မကောင်းမှုများမှ သူတို့ကင်းကြ၏ဟု သိမှုက သူတို့အား အကျင့်ပိုင်းဆိုင်ရာ သတ္တိကို ပေးလိမ့်မည်။ သူတို့သည် လူများကိုတွေ့သည်ဖြစ်စေ၊ ပွဲသဘင်များကို တက်ရောက်သည်ဖြစ်စေ၊ သူတို့သည်အပြစ်ကြောင့် စိတ်မသန့်မှု(ဝါ)နိမ့်ကျသည်ဟုထင်မှတ်မှုတို့က အနှောင့်အယှက်မဖြစ်စေဘဲ ထိုသို့(ရဲတင်းစွာ)ပြုနိုင်ကြ၏။
၄။ သေခါနီးအချိန်မှာ လူတို့သည် များသောအားဖြင့် ဘဝတစ်လျှောက်လုံး မိမိတို့ပြုခဲ့သည့် အမှုများမှ တချို့ကို သတိရတတ်ကြ၏။ သီလမရှိသူတို့ ပြုခဲ့သည့် အမှုများမှ တချို့သည် သူတို့ကို နှောင့်ယှက်လိမ့်မည်။ ယင်း၏အကျိုးဆက်ကြောင့် သူတို့သည် စိတ်အေးငြိမ်းမှုကို ရကြမည်မဟုတ်။ သီလရှိသူတို့ကား မိမိတို့ပြုခဲ့သည့် ကောင်းသောအမှုများကို သတိရကြလိမ့်မည်။ ထို့ကြောင့် သူတို့သည် စိတ်၏အေးငြိမ်းမှုကို ရကြလိမ့်မည်။ မိမိတို့၏ သီလကျေးဇူးကြောင့် သေလွန်သောအခါ ပဋိသန္ဓေကောင်းများကို သူတို့ရရှိမည်ဟူသော တွေးထင်မှုသည် သူတို့အား စိတ်သက်သာမှုများစွာကို ပေးလိမ့်မည်။
၅။ သူတို့သည် သေလွန်သောအခါ လူများအဖြစ် (ဝါ) နတ်များအဖြစ်ဖြင့် ပဋိသန္ဓေနေရလိမ့်မည်။

အင်္ဂုတ္တရနိကာယ်၊ ကိမတ္ထိယသုတ်၌လည်း ဗုဒ္ဓက သီလကိုတိကျစွာ စောင့်ထိန်းခြင်း၏ အကျိုးတရားခုနစ်ပါးကို ညွှန်ပြထား၏။

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာက ဗုဒ္ဓအား အောက်ပါမေးခွန်းများကို မေးလျှောက်၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ မကျိုးမပျက် စင်ကြယ်သော သီလ၏အစွမ်းကား အဘယ်ပါနည်း။ ယင်းအစွမ်းက သူတစ်ဦးအား မည်သို့ ကူညီနိုင်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ ။ ။သီလမှာ သူတစ်ဦးအား အဝိပ္ပဋိသာရ (မကောင်းသောသိမှတ်မှု၊ နှလုံးမသာယာမှု၊ နောင်တရမှုမှကင်းခြင်း)ကို ရစေနိုင်သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ အဝိပ္ပဋိသာရ၏အစွမ်းကား အဘယ်ပါနည်း။ ယင်းက သူတစ်ဦးအား မည်သို့ကူညီနိုင်ပါသနည်း။

ဗုဒ္ဓ ။ ။အဝိပ္ပဋိသာရမှာ သူတစ်ဦးအား ပါမောဇ္ဇ (ရွှင်လန်းဝမ်းမြောက်မှု)ကို ရရှိစေနိုင်သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ ပါမောဇ္ဇ၏အစွမ်းကား အဘယ်ပါနည်း။ ယင်းက သူတစ်ဦးအား မည်သို့ကူညီနိုင်ပါသနည်း။

ဗုဒ္ဓ ။ ။ပါမောဇ္ဇမှာ သူတစ်ဦးအား ပီတိ (ကြီးမားသည့် ကျေနပ်နှစ်သက်မှု) ကို ရရှိစေနိုင်သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ ပီတိ၏အစွမ်းကား အဘယ်ပါနည်း။ ယင်းက သူတစ်ဦးအား မည်သို့ကူညီနိုင်ပါသနည်း။

ဗုဒ္ဓ ။ ။ပီတိမှာ သူတစ်ဦးအား ပဿဒ္ဓိ (ငြိမ်သက်–ကြည်လင်မှု)ကို ရရှိစေနိုင်သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ ပဿဒ္ဓိ၏အစွမ်းကား အဘယ်ပါနည်း။ ယင်းက သူတစ်ဦးအား မည်သို့ကူညီနိုင်ပါသနည်း။

ဗုဒ္ဓ ။ ။ပဿဒ္ဓိမှာ သူတစ်ဦးအား သုခ (တပ်မက်မှု၊ အမျက်ထွက်မှု၊ မမှန်မကန် တွေးဆမှုဟူသော ကိလေသာတို့မှကင်းခြင်း)ကို ရရှိစေနိုင်သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ သုခ၏အစွမ်းကား အဘယ်ပါနည်း။ ယင်းက သူတစ်ဦးအား မည်သို့ ကူညီနိုင်ပါသနည်း။

ဗုဒ္ဓ ။ ။သုခမှာ သူတစ်ဦးအား သမာဓိ(စိတ်၏တည်ကြည်မှု)ကို ရရှိစေနိုင်သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ သမာဓိ၏ အစွမ်းကား အဘယ်ပါနည်း။ ယင်းက သူတစ်ဦးအား မည်သို့ ကူညီနိုင်ပါနည်း။



ဗုဒ္ဓ ။ ။သမာဓိမှာ သူတစ်ဦးအား ယထာဘူတ၊ ဉာဏ၊ ဒဿန (နာမ်ရုပ် တို့၏ သဘောမှန်ကိုသိမြင်စေနိုင်ကြောင်း) ဉာဏ်အမြင်ကို ရရှိစေ နိုင်သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ ယထာဘူတ၊ ဉာဏ၊ ဒဿန၏ အစွမ်းကား အဘယ် နည်း။ ယင်းက သူတစ်ဦးအား မည်သို့ ကူညီနိုင်ပါသနည်း။

ဗုဒ္ဓ ။ ။ယထာဘူတ၊ ဉာဏ၊ ဒဿနမှာ သူတစ်ဦးအား နိဗ္ဗိဒါ (မိမိ၏ နာမ်ရုပ်၌ ငြီးငွေ့မှု)နှင့် ဝိရာဂ (တပ်မက်ခြင်းကင်းမှု)ကို ရရှိစေနိုင် သည့် အစွမ်းရှိ၏။

အရှင်အာနန္ဒာ။ ။အရှင်ဘုရား၊ နိဗ္ဗိဒါနှင့် ဝိရာဂတို့၏ အစွမ်းများက အဘယ်နည်း။ ယင်းတို့က သူတစ်ဦးအား မည်သို့ကူညီနိုင်ပါသနည်း။

ဗုဒ္ဓ ။ ။နိဗ္ဗိဒါနှင့် ဝိရာဂတို့မှာ ဝိမုတ္တိ (ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း ချစ်အပ်သူတို့မှ ကွေကွင်းခြင်း စသည့် ဒုက္ခမှကင်းမှု) နှင့် ဝိမုတ္တိ ဉာဏ–ဒဿန (ဒုက္ခများမှ မိမိလွတ်မြောက်သည့်အချက်ကို သိမြင် နိုင်ကြောင်း ဉာဏ်အမြင်) ကို ရရှိစေနိုင်သည့် အစွမ်းများရှိ၏။

အာနန္ဒာ ငါ ဟောကြားခဲ့သည့်အတိုင်းပင် မကျိုးမပျက်၊ စင်ကြယ်သော သီလမှာ သူတစ်ဦးအား အဝိပ္ပဋိသာရမှသည် အရဟတ္တဖိုလ် (စတုတ္ထနှင့် နောက်ဆုံး မဂ် ဖိုလ်)သို့ တိုင်အောင်သော အကျိုးများကို ရရှိစေနိုင်သည့် အစွမ်းရှိပေ၏။

### သမာဓိနှင့်ပတ်သက်၍ ဗုဒ္ဓက ဘာပြောကြားခဲ့သနည်း

သံယုတ္တနိကာယ်–သမာဓိသုတ်၌ ဗုဒ္ဓက သမာဓိမှရရှိမည့် အကျိုးတရားများကို အောက်ပါအတိုင်း ရေတွက်ပြတော်မူ၏။

'ရဟန်းတို့၊ သမာဓိကိုရရှိရန် ပြင်းထန်စွာအားထုတ်ကြလော့။ သမာဓိရှိသော ရဟန်းသည် အမှန်တရားကို သိမြင်လိမ့်မည်။ မည်သည့် အမှန်တရားမျိုးကို သူ သိမြင်မည်နည်း။ သူသည် ငါးမိ၏ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ လေးပါးတို့ကား အမြဲပြောင်းလဲ နေကြ၏ဟု သိမြင်လိမ့်မည်။

ဤအမှန်တရားကို သိမြင်မှုသည် သူ့အား မိမိ၏ နာမ်နှင့်ရုပ်တို့ကို ငြီးငွေ့စေ လိမ့်မည်။ ဤငြီးငွေ့မှုကြောင့် သူ၏ နာမ်ရုပ်အား တပ်မက်မှုကို ပယ်သတ်လိမ့်မည်၊ ဤပယ်သတ်ခြင်း၏ အကျိုးတရားအနေဖြင့် သူသည် ကိလေသာများမှ လွတ်မြောက် လိမ့်မည်။ ဤလွတ်မြောက်မှုမှ ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် သူသည် အောက်ပါ တစ်ပြိုင်နက်သိမြင်မှုတို့ကို တစ်ခုပြီးတစ်ခု လျင်မြန်သောအစဉ်ဖြင့် ရရှိလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com



(က) ကိလေသာတို့မှ လွတ်မြောက်ပြီဟုလည်းကောင်း၊

(ခ) ပဋိသန္ဓေနေခြင်းနှင့် အဓိပ္ပာယ်တူဖြစ်သော မွေးဖွားမှုသည် ကုန်ဆုံးလေပြီဟု လည်းကောင်း၊

(ဂ) အပါယ်လေးဘုံ ပဋိသန္ဓေနေခြင်းများမှ မိမိအားကယ်တင်၍ လူနတ်ဗြဟ္မာဘုံတို့၌ ပဋိသန္ဓေကောင်းများကို ရရှိအောင်ကူညီစေရန်အလို့ငှာ သီလနှင့် သမာဓိတို့ကို မပြတ်အားထုတ်ခိုင်းနေသည့် မဂ်အကျင့်၏အဆုံးသို့ မိမိ ရောက်ပြီဟု လည်းကောင်း၊

(ဃ) မိမိအတွက် မဂ် ဖိုလ်များကို ရရှိရန် ကမ္မဋ္ဌာန်းတရားကို နောက်ထပ်အားထုတ်ဖို့ မလိုတော့ပြီဟုလည်းကောင်း၊

(င) လက်ရှိဘဝ ကုန်ဆုံးသည့်အခါ နောက်ထပ် ပဋိသန္ဓေနေရမှုများရှိတော့မည် မဟုတ်ဟုလည်းကောင်း သိမြင်လိမ့်မည်။'

## ပညာနှင့်ပတ်သက်၍ ဗုဒ္ဓက ဘာကို ပြောကြားခဲ့သနည်း

ပညာရရှိဖို့အတွက် ဟောကြားသည့် တရားတော်ဖြစ်သော သတိပဋ္ဌာနသုတ်၏ နိဒါန်းအနေဖြင့်လည်းကောင်း၊ တစ်ဖန် နိဂုံးအနေဖြင့်လည်းကောင်း ဗုဒ္ဓသည် အောက်ပါအတိုင်း ဟောကြားတော်မူ၏။

'ရဟန်းတို့ နာမ်ရုပ်အကြောင်း အစဉ်မပြတ်သိမြင်မှုကို တည်ဆောက်ရန်အတွက် သတိပဋ္ဌာန်ပွားများနည်း လေးနည်း ရှိပါကုန်၏။

သတိပဋ္ဌာန်သည် ဘုရားလောင်းများ၊ ပစ္စေကဗုဒ္ဓါလောင်းများနှင့် ရဟန္တာလောင်းများမှ စ၍ သတ္တဝါအားလုံးတို့ အနုသယများကို ပယ်သတ်ရန်အလို့ငှာ ဖြတ်သန်းသွားကြရမည့် တစ်ခုတည်းသောလမ်း ဖြစ်၏။ (ဗောဓိသတ္တ ဘုရားလောင်းဟူသည် တစ်နေ့တွင် မိမိ ဘုရားဖြစ်မည်ဟု ဘုရားတစ်ဆူထံမှာ ဗျာဒိတ်ရပြီးသော ပုဂ္ဂိုလ်မျိုး ဖြစ်၏။)

သတိပဋ္ဌာန်သည် သတ္တဝါအားလုံးတို့ စိုးရိမ်ပူဆွေးခြင်းများ၊ ပြင်းစွာ ငိုကြွေးခြင်းများကဲ့သို့သော စိတ်ဆင်းရဲမှုတို့မှ မိမိတို့ကိုယ်ကို လွတ်မြောက်စေရန် အလို့ငှာ ဖြတ်သန်းသွားရမည့် တစ်ခုတည်းသောလမ်း ဖြစ်၏။

သတိပဋ္ဌာန်သည် သတ္တဝါအားလုံးတို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းများကို အဆုံးသတ်ရန်အလို့ငှာ ဖြတ်သန်းသွားရမည့် တစ်ခုတည်းသောလမ်း ဖြစ်၏။

သတိပဋ္ဌာန်သည် သတ္တဝါအားလုံးတို့ အရိယာမဂ် ဖိုလ် လေးပါးတို့ကို ရရှိရန် အလို့ငှာ ဖြတ်သန်းသွားရမည့် တစ်ခုတည်းသောလမ်း ဖြစ်၏။



သတိပဋ္ဌာန်သည် သတ္တဝါအားလုံးတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အလို့ငှာ ဖြတ်သန်းသွားရမည့် တစ်ခုတည်းသောလမ်း ဖြစ်၏။

## တတိယအကြိမ် အားထုတ်မှု

ဤစာအုပ်ကို စာရေးသူ သုံးကြိမ် ပြန်ရေးခဲ့၏။ ပထမအကြိမ်၌ ကျမ်းစာထဲတွင် ပါဠိစကားလုံးများ၊ ယင်းတို့၏အဓိပ္ပာယ်များနှင့်တကွ ရေးသားခဲ့၏။ စာရေးသူ၏ မိတ်ဆွေတချို့က ယင်းစာအုပ်ကို ဖတ်ရှုသောအခါ မိမိသည် ယင်းစာအုပ်ကို ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့အား ဖတ်စေချင်လျှင် ကျမ်းစာကို ပါဠိစကားလုံးများဖြင့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် မိမိအား အကြံပြုကြ၏။ သူတို့၏ဆန္ဒကို လိုက်လျောသောအားဖြင့် စာရေးသူသည် ယင်းစာအုပ်ကို ပြန်ရေးခဲ့၏။ သူသည် ပါဠိစကားလုံးများကို ကျမ်းစာထဲမှ ထုတ်ယူပြီး ကျမ်းစာအဆုံး၌ ထပ်ထည့်ပေးသော ဝေါဟာရ ရှင်းတမ်းထဲ၌ ထည့်သွင်းထား၏။ စာရေးသူသည် ကျမ်းစာကို ပြန်ဖတ်ကြည့်သောအခါ မှန်သက်ခဲ့လေ။ သူသည် ဆားမပါသည့် ဟင်းကောင်းတစ်ခွက်ကို ပြုလုပ်နေသကဲ့သို့ ရိုးသားစွာ ခံစားမိ၏။ စာဖတ်သူတို့ ယခုတွေ့မြင်ရသည့် ကျမ်းစာကား တတိယအကြိမ် အားထုတ်မှု၏ ရလဒ်ဖြစ်၏။

အီလက်ထရွန်မဂ္ဂနက်တစ်ဇင်၊ မက္ကရိုကော့စမော့စ်၊ ဆင်ခရိုထရွန်၊ အင်တာဗာမီတာ၊ စပက်ထရော့စ်ရော့ကော်ပီ၊ သာမိုဒိုင်းနမိုက် စသည့် စကားလုံးတို့ထက်ပို၍ ဆေးစိုးကျိုးဖွယ်၊ လျှာလိမ်ဖွယ် ပါဠိစကားလုံး တစ်လုံးကိုမျှ တွေ့မည်မဟုတ်ဟု စာရေးသူ မျှော်လင့်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

၁။ ဗုဒ္ဓဘာသာသည် စမ်းသပ်မှုများကို ဖိတ်ခေါ်၏ဟူသော

၂။ ဗုဒ္ဓဘာသာသည် ယင်း၏ပန်းတိုင်ကို ပစ္စုပ္ပန်၌ထားရှိပြီး အနာဂတ်၌မထားသောကြောင့် ယင်းဘာသာကိုစမ်းသပ်လိုသော တစ်စုံတစ်ဦးသည် တမလွန်ဘဝမှာ မဟုတ်ဘဲ ပစ္စုပ္ပန်ဘဝ၌ ယင်းဘာသာက ကတိပေးထားသည့် အရာကို ရယူနိုင်၏ဟူသော အဓိပ္ပာယ်အားဖြင့် ဗုဒ္ဓဘာသာသည် ထူးဆန်းနေ၏။

ဗုဒ္ဓဘာသာကို အောင်မြင်စွာစမ်းသပ်ခဲ့သော ပုဂ္ဂိုလ်အားလုံးအား ဤစာအုပ်ကို ရိုသေလေးစားစွာဖြင့် ပေးအပ်လိုက်ပါ၏။

## အညွှန်းစာအုပ်များ

**၁။ ပိဋကသုံးပုံ–မြန်မာပြန်၍ ပြည်ထောင်စု ဗုဒ္ဓသာသနာအဖွဲ့ချုပ်မှ ပုံနှိပ်၏။**

## သမိုင်းအကျဉ်း

'တိ'သည် သုံးဟုဆိုလို၏။ 'ပိဋက'ဟူသည် ခြင်းတောင်းဟု ဆိုလို၏။ ခြင်းတောင်းသုံးခု = ပိဋကသုံးပုံ ဟူသော ဝေါဟာရကို သုတ်–ဝိနည်း၊ အဘိဓမ္မာ ဟူသော ဗုဒ္ဓဟောကြားခဲ့သည့် တရားတော်များ၏ အဓိကအပိုင်းကြီး သုံးပိုင်းအတွက် တင်စားသောအားဖြင့် အသုံးပြုထား၏။

'သုတ္တ'ဟူသည် ဒါန (ပေးကမ်းမှု)၊ သီလ (မိမိ၏ကိုယ်နှုတ်ကို ထိန်းချုပ်ခြင်းဖြင့် မမှန်သည့်အရာကိုပြုခြင်း၊ ပြောခြင်းမှ ရှောင်ကြဉ်မှု)၊ ဘာဝနာ (စိတ်၏ တည်ကြည်မှု)ဟူသော ဈာန်တရားများ၊ (လောဘ၊ ဒေါသ၊ အရိယသစ္စာ လေးပါးကို မသိမှု–မောဟတို့ကို ပယ်သတ်နိုင်သည့် ဉာဏ်များ) ဟူသော မဂ်တရားများကို ရရှိရန် ကြိုးစားအားထုတ်မှုတို့နှင့် ပတ်သက်၍ ဟောကြားထားသည့် တရားတော်များဖြစ်၏။



'ဝိနည်းဥပဒေများ'ဟူသည် ရဟန်းတော်များအား အကျင့်ဆိုင်ရာ လေ့ကျင့်ရန်အတွက် ဗုဒ္ဓက ပညတ်ပြဋ္ဌာန်းခဲ့သော စည်းမျဉ်းများ ဖြစ်၏။

'အဘိဓမ္မ'ဟူသည် စိတ္တ (စိတ်)၊ စေတသိက (စေတသိက်)၊ ရူပ(ရုပ်)၊ နိဗ္ဗာန (နာမ်ရုပ်တို့၏ချုပ်ငြိမ်းမှု)ဟူသော ပရမတ္ထတရားလေးပါးနှင့် ပတ်သက်၍ ရှည်လျားသော အပြည့်အစုံနားလည်စေသော ဖွင့်ဆို ရှင်းလင်းချက်ဖြစ်၏။

အဆင်ပြေစေရန်အတွက် ဤအဓိက အပိုင်းသုံးပိုင်းကို နိကာယ (အုပ်စု) ငါးခုဖြင့် ခွဲခြားထား၏။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်၏။

၁။ ဒီဃနိကာယ

၂။ မဇ္ဈိမနိကာယ

၃။ သံယုတ္တနိကာယ

၄။ အင်္ဂုတ္တရနိကာယ

၅။ ခုဒ္ဒကနိကာယ

အမှတ် ၁၊ ၂၊ ၃၊ ၄ တို့ကား သုတ္တနိကာယ်များသာ ဖြစ်၏။ အမှတ် ၅ ထဲ၌ကား ဝိနည်း၊ အဘိဓမ္မာနှင့် သုတ်တချို့ကို ထည့်သွင်းထား၏။ ဤနိကာယ်ငါးခုအနက် သုတ္တနိကာယ်လေးခု၊ ဝိနည်းနှင့် ခုဒ္ဒကနိကာယ်ပါ သုတ်များကို ပြည်ထောင်စု ဗုဒ္ဓသာသနာ့အဖွဲ့ချုပ်က မြန်မာဘာသာသို့ အပြည့်အစုံ ဘာသာပြန်ပြီး ဖြစ်၏။

အဘိဓမ္မာကား ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း ဟူသော ရှည်လျားသည့် တရားတော်ကျမ်း ခုနစ်မျိုးကို စုစည်းထားသည့် ပိဋက ဖြစ်၏။ ဤကျမ်းခုနစ်မျိုးအတွက် ပါဠိဘာသာဖြင့် ပုံနှိပ်ထားသည့် အတွဲ (ဝါ) စာအုပ်အရေအတွက်မှာ ၁၂ တွဲ (၁၂ အုပ်) ဖြစ်ပြီး စာမျက်နှာ အရေအတွက်မှာ ငါးထောင်ခန့်ရှိ၏။

ဤတရားတော် (ကျမ်း)များပါ အကြောင်းအရာသည် အလွန်ရှည်လျားသည့်အပြင် မြန်မာဘာသာသို့ ပြန်ဆိုရန်လည်း မလွယ်ကူပေ။ ထို့ကြောင့်အထိ ပြည်ထောင်စု ဗုဒ္ဓသာသနာ့အဖွဲ့ချုပ်သည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု (၂ တွဲ) ဟူသော ကျမ်း လေးကျမ်းကိုသာ ဘာသာပြန်ဆိုခဲ့၏။

အောက်တွင် ဘာသာပြန်ပြီးသော ကျမ်းအတွဲ အရေအတွက်ကို နိကာယ်အသီးသီးနှင့် ယှဉ်၍ ဖော်ပြထားပါသည်။

| | |
|---|---|
| ၁။ ဒီဃနိကာယ် | ၃ တွဲ |
| ၂။ မဇ္ဈိမနိကာယ် | ၃ တွဲ |
| ၃။ သံယုတ္တနိကာယ် | ၃ တွဲ |

www.burmeseclassic.com

www.burmeseclassic.com



၄။ အင်္ဂုတ္တရနိကာယ် ၃ တွဲ
၅။ ခုဒ္ဒကနိကာယ် ၃ တွဲ
(က) သုတ္တ ၇ တွဲ
(ခ) ဝိနယ ၅ တွဲ
(ဂ) အဘိဓမ္မာ ၅ တွဲ

၂။ (က) ပရမတ္ထသံခိပ်ဋီကာ– လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေး၏။

(ခ) ၊ – အခြေပြုသင်္ဂြိုဟ် ။ – သင်္ဂြိုဟ်ဘာသာဋီကာ ။။ – ကိုယ်ကျင့်အဘိဓမ္မာ ] အရှင်ဇနကာဘိဝံသ ရေး၏။

သာသနာနှစ် ၁၅ ရာစုလောက်က အရှင်အနုရုဒ္ဓ အမည်ရှိ အလွန် ထင်ရှားကျော်စောသည့် သီဟိုဠ်ရဟန်းတစ်ပါးသည် အဘိဓမ္မာခုနစ်ကျမ်းကို အတွဲ (ကျမ်း)ငယ်တစ်ခုအဖြစ် အကျဉ်းရုံး ရေးသားခဲ့၏။ ထိုအခါမှစ၍ ထိုကျမ်းသည် အဘိဓမ္မာကို ဖြတ်လမ်း သင်ကြားလိုသည့် ထေရဝါဒဗုဒ္ဓဘာသာရပ်များအတွက် လက်စွဲကျမ်းဖြစ်လာ၏။ ဤစာအုပ်သည် အဘိဓမ္မတ္ထသင်္ဂဟ(အဘိဓမ္မာအကျဉ်းချုပ်)ဟု ထင်ရှား၏။

အေဒီ ၁၈၉၀ ၌ ထင်ရှားကျော်ကြားသော လယ်တီဆရာတော်သည် ပရမတ္ထဒီပနီ (အဘိဓမ္မတ္ထသင်္ဂဟအဖွင့် ဋီကာကျမ်း) ဟု ခေါ်သည့် ကျမ်းတစ်ကျမ်းကို ရေးသားခဲ့၏။ ထိုကျမ်းမှာ ပါဠိဘာသာဖြင့် ရေးထား၏။ ၁၉၀၆ ခုနှစ်လောက်က လယ်တီပဏ္ဍိတ ဦးမောင်ကြီးအမည်ရှိသော သူ့တပည့်ကျော်များထဲမှ ပုဂ္ဂိုလ်တစ်ဦးသည် ထိုကျမ်းကို မြန်မာပြန်ခဲ့၏။ ကျမ်းစာအုပ်မှာ ပရမတ္ထ သံခိပ်ဋီကာ ဟု အမည်ရှိ၏။

လွန်ခဲ့သော နှစ်အနည်းငယ်က အရှင်ဇနကာဘိဝံသအမည်ရှိ ထင်ရှားသော မြန်မာ ရဟန်းတော်တစ်ပါးသည် အဘိဓမ္မာစာသင်သားများအတွက် အဓိကရည်ရွယ်လျက် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းနှင့်ပတ်သက်၍ မှတ်စုအဓိပ္ပာယ်ပြည့်စုံစွာ ဖြည့်စွက်ထားသည့် ကျမ်းတစ်ကျမ်းကို ရေးသားခဲ့၏။ ယင်းကျမ်းမှာ အခြေပြုသင်္ဂြိုဟ် (အဘိဓမ္မတ္ထ သင်္ဂြိုဟ်အတွက် အခြေခံ)ဟု အမည်ရှိ၏။ တစ်ဖန် ထင်ရှားသည့် ရဟန်းတော်ကပင် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းဆိုင်ရာ အနုစိတ် အဖွင့်ဋီကာကျမ်း တစ်ကျမ်းကို ရေးသားခဲ့၏။ ယင်းကျမ်းသည် သင်္ဂြိုဟ်ဘာသာဋီကာဟု အမည်ရှိ၏။ သူသည် ကိုယ်ကျင့်အဘိဓမ္မာ (အကျင့်ကောင်းတည်ဆောက်ရန်အတွက် အဘိဓမ္မာ) ကျမ်းကိုလည်း ရေးသားခဲ့၏။



၃။ ဇာတကအဋ္ဌကထာ (၅ တွဲ) ပထမ ညောင်ကန်ဆရာတော် မြန်မာပြန်သည်။

သမိုင်းအကျဉ်း

ဗုဒ္ဓမှာ မိမိအား ရှေးအတိတ်ကို ပြန်သတိရစေနိုင်သော 'ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်' ခေါ် တန်ခိုးဣဒ္ဓိရှိ၏။ ထိုတန်ခိုးဣဒ္ဓိဖြင့် ဗုဒ္ဓသည် ဗုဒ္ဓဖြစ်ဖို့အတွက် ဘုရားလောင်းအဖြစ်ဖြင့် ပါရမီဖြည့်ကျင့်နေစဉ်က မိမိ၏ အတိတ်ဘဝများထဲမှ ဘဝတချို့အတွင်း၌ ဖြစ်ပျက်ခဲ့သော ဝတ္ထုကြောင်းများစွာကို ပြန်လည်အောက်မေ့ခဲ့၏။ ဤဝတ္ထုကြောင်းများ၌ ဘုရားလောင်းအပြင် သူနှင့် တစ်နည်းနည်းဖြင့် ဆက်နွယ်နေသည့် ပုဂ္ဂိုလ်များစွာ ပါဝင်၏။

ဥပမာ– မိန်းမတစ်ဦးကို စွဲမက်မှုကြောင့် ကမ္မဋ္ဌာန်းတရားကို စွန့်လွှတ်ခဲ့သည့် ရဟန်းတစ်ပါးကို ဗုဒ္ဓထံ ခေါ်လာသောအခါ ဗုဒ္ဓက ဥမ္မာဒန္တီဝတ္ထုကို ပြန်ပြောလိမ့်မည်။ ထိုဝတ္ထု၌ ဘုရားလောင်းသည် သိဝိမင်းဖြစ်ခဲ့၏။ မိမိ၏ စစ်သူကြီး၏ မယားချောလေးဖြစ်သော ဥမ္မာဒန္တီကို စွဲမက်မှုကြောင့် သူသည် မိမိ၏နန်းတွင်းသားတို့၏ လှောင်ပြောင်ရော ဖြစ်လာခဲ့၏။ စစ်သူကြီးသည် ဤအကြောင်းကိုသိသောအခါ မိမိ၏မယားကို မင်းကြီးအား ပေးအပ်လေ၏။ မင်းကြီးသည် မိမိ၏ စွဲမက်ခြင်းအမှားကို သိမြင်သွားပြီး ထိုဖြားယောင်းသည့် အာရုံကို အောင်မြင်စွာ တိုက်ခိုက်ခဲ့၏။

ဝတ္ထုအဆုံး၌ ထိုရဟန်းသည် သောတာပတ္တိမဂ်ကိုရရှိပြီး မိန်းမ၌ မိမိ၏ ဘပ်မက်မှုမှ ပုံမှန်ပြန်ဖြစ်သွားလေ၏။

ဗုဒ္ဓသည် ဒုတိယအဂ္ဂသာဝက ဘိက္ခုနီမ ဥပ္ပလဝဏ္ဏာထေရီသည် ဥမ္မာဒန္တီ ဖြစ်ခဲ့ကြောင်း၊ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်သည် ဥမ္မာဒန္တီ၏ လင်ယောကျ်ားဖြစ်ခဲ့ကြောင်း၊ ဗုဒ္ဓအား လုပ်ကျွေးသူ အရှင်အာနန္ဒာသည် ရထားထိန်း ဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်း ဟောပြလေ၏။

ဇာတကအဋ္ဌကထာသည် ထိုကဲ့သို့သောဝတ္ထုများကို စုစည်းထားသည့် ကျမ်းဖြစ်၏။ အတွဲ ၅ တွဲရှိ ထိုကျမ်း၌ ဝတ္ထုပေါင်း ငါးရာငါးဆယ်အောက် အနည်းငယ်လျော့နည်း၏။ ထိုကျမ်းကို ဆင်ဖြူရှင်မင်း၏ လက်ထက်၌ ပထမညောင်ကန်ဆရာတော် ပါဠိမှ မြန်မာသို့ ပြန်ဆိုခဲ့၏။

၄။ မဟာဗုဒ္ဓဝင် (၆ တွဲ) အရှင်ဝိစိတ္တသာရာဘိဝံသ ရေးသည်။

သမိုင်းအကျဉ်း

'ဗုဒ္ဓဝံသ' (ဗုဒ္ဓဝင်)ဟူသည် ဗုဒ္ဓ၏အတ္ထုပ္ပတ္တိဖြစ်၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက မြန်မာဘာသာဖြင့် ဗုဒ္ဓဝင်ကျမ်းငယ်တချို့ ပေါ်ထွန်းခဲ့၏။ ထို့ကြောင့် ပြည့်စုံနိုင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသော ဗုဒ္ဓဝင်ကျမ်းကို စုစည်းရေးသားရန် ထိုအချိန်က ဝန်ကြီးချုပ်ဖြစ်သူ၏ တောင်းပန်ချက်အရ အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်သည် လက်ရှိဗုဒ္ဓဝင်ကျမ်းကို ရေးသားခဲ့၏။ ထိုကျမ်းသည် ၆ တွဲ (၈ အုပ်) ရှိ၏။ ထို့ကြောင့် ယင်းကျမ်းကို မဟာဗုဒ္ဓဝင်ကျမ်းဟု အမည်ပေးထား၏။

ဤထူးခြားလှသည့် ကျမ်းပြုသူအကြောင်း တစ်စုံတစ်ရာကို ဤနေရာ၌ အကျဉ်းမျှ ဖော်ပြသင့်၏။ သူသည် တိပိဋကရေဘွဲ့ကို ပထမဦးဆုံးရရှိသူ ဖြစ်၏။ ဤဘွဲ့ကို တိပိဋကရေစာမေးပွဲကို အောင်မြင်သူတို့အား ပေးအပ်သည့်ဘွဲ့ ဖြစ်၏။ ထိုစာမေးပွဲမှာ အာဂုံဖြေ၊ ရေးဖြေစာမေးပွဲများပါရှိ၏။ အာဂုံအတွက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပိဋကသုံးပုံကို လေးပိုင်းပိုင်းထား၏။ ဖြေဆိုသူသည် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများ၌ နှစ်စဉ်ကျင်းပသည့် စာမေးပွဲတွင် ပိဋကသုံးပုံတစ်ခုလုံးကို အာဂုံကျက်၍ အပိုင်းအသီးသီးကို ပြန်ဆိုရ၏။ ဖြေဆိုသူသည် တစ်နာရီပြည့်တိုင်း ၁၅ မိနစ်ခြားကာ ၅ နာရီခန့် နေ့စဉ်ပြန်ဆိုဖို့လိုမည်။ အာဂုံဖြေစာမေးပွဲသည် ရက် ၉၀ ခန့်ကြာမည်။ အာဂုံဖြေပြီးနောက် ရေးဖြေစာမေးပွဲလာ၏။ ဖြေဆိုသူသည် ပထမပိုင်းကို အာဂုံ ရေးဖြေစာမေးပွဲ နှစ်ခုစလုံး အောင်မြင်ပြီးမှသာ ဒုတိယပိုင်းအတွက် ဆက်သွားနိုင်၏။ စာမေးပွဲတစ်ခုခု၌ ကျရှုံးသူများသည် နှစ်စဉ်စာမေးပွဲများ၌ အောင်မြင်ရန် နောက်တစ်ကြိမ် ကြိုးစားနိုင်၏။

ထိုစာမေးပွဲကို ၁၉၄၉ ခုနှစ်က စဖွင့်ခဲ့၏။ စာရေးနေသည့်အချိန်အထိပင် တစ်ဦးတည်းမှအပ မည်သည့်ဖြေဆိုသူမှ လေးပိုင်းပါရှိသည့် စာမေးပွဲများကို အခက်အခဲမရှိဘဲ အောင်မြင်ခဲ့ဖူးသည် မရှိ။ ဖြေဆိုသူတို့သည် အာဂုံဖြစ်စေ၊ ရေးဖြေ၌ဖြစ်စေ၊ နှစ်ခုလုံး၌ဖြစ်စေ ကျရှုံးလိမ့်မည်။ သူသည် အာဂုံစာမေးပွဲကို အောင်သော်မှ အချို့သော အခြေအနေများ၌ ဖြေဆိုသူတို့အားကူညီပေးရန် စာမေးပွဲစည်းမျဉ်းများက အာဏာအပ်နှင်းထားသည့် စာမေးပွဲစစ်သူတို့၏ အကူအညီဖြင့် ထိုသို့အောင်မြင်ကြရ၏။ ဤစာဖြေသူတို့တွင် အများစုတို့သည် ရေးဖြေ၌ အောင်မှတ်မျှသာရရှိခဲ့၏။ ပထမပိုင်းကိုပင် မကျော်လွှားနိုင်သည့် စာဖြေသူများစွာလည်း ရှိခဲ့၏။

ထိုထူးချွန်သောရဟန်းတော်သည် လေးပိုင်းလုံးကို အခက်အခဲမရှိ အောင်မြင်ခဲ့၏။ အာဂုံ၌ မည်သည့်စာစစ်သူများမှ သူ့အား ကူညီခွင့်တစ်ခုမျှ မရခဲ့ချေ။ ရေးဖြေ၌ သူ ရရှိခဲ့သည့် ပျမ်းမျှ အမှတ်တို့သည် ၉၀ အထက်မှာ ရှိ၏။ ထိုအချိန်က ဝန်ကြီးချုပ်ဖြစ်သူသည် ထိုရဟန်း၏ အောင်မြင်မှုဖြင့် နှစ်ထောင်းအားရရှိလှသောကြောင့် ထိုရဟန်းအား အပြည့်အစုံ နားလည်စေမည့် ဗုဒ္ဓဝင်ကျမ်းကို ရေးသားရန် အထူး ပန်ကြားခဲ့၏။



၅။ ဗုဒ္ဓ၏ဥပဒေ—အရှင်ဇနကာဘိဝံသ ရေးသည်။

ဗုဒ္ဓ၏ အဆုံးအမများကို
၁။ ပရိယတ္တိသာသနာ
၂။ ပဋိပတ္တိသာသနာ
၃။ ပဋိဝေဓသာသနာ
ဟူ၍ သုံးမျိုးသုံးစား ခွဲခြားထား၏။

'ပရိယတ္တိသာသနာ'ဟူသည် တိပိဋက ဟူသော အဆိုအမိန့်များကို ဆိုလို၏။

'ပဋိပတ္တိသာသနာ'ဟူသည် ဈာန်၊ မဂ်၊ ဖိုလ်များကို ရရှိဖို့ရန်အတွက် သမထနှင့် ဝိပဿနာဘာဝနာ ဟူသော အကျင့်ကို ဆိုလို၏။

'ပဋိဝေဓသာသနာ'ဟူသည် ဈာန်၊ မဂ်၊ ဖိုလ်များကို ရရှိခြင်းဖြစ်၏။ အကျင့်သိက္ခာရှိသည့် ရဟန်းကောင်းများ မရှိလျှင် ဗုဒ္ဓ၏အဆုံးအမ သာသနာသုံးရပ်ကို စောင့်ထိန်းသိမ်းနိုင်ပေ။

ဝိနည်းဥပဒေများမရှိလျှင် အကျင့်သိက္ခာရှိသည့် ရဟန်းကောင်းများ မတည်ရှိနိုင်ပေ။

ထို့ကြောင့် ပထမသင်္ဂါယနာ (ဗုဒ္ဓ၏အဆုံးအမ တရားတော်များကို စနစ်တကျစုစည်းရန်အတွက် စာတတ်ရဟန်းများအစည်းအဝေး)၌ ပါဝင်ခဲ့သည့် မထေရ်မြတ်တို့သည် အစည်းအဝေး၏ သဘာပတိမထေရ်အား 'ဝိနည်းသည် သာသနာတော်၏ အသက်' ဖြစ်သောကြောင့် ဝိနည်းကို ပထမဦးစားပေးရန် ပန်ကြားကြလေ၏။

ဗုဒ္ဓ၏ဥပဒေတော် ကျမ်းပြုမထေရ် အရှင်ဇနကာဘိဝံသသည် မြန်မာ့ဘုရင်၏ မြို့တော်ဟောင်း အမရပူရရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၏ ဦးစီးနာယက ဆရာတော်ဖြစ်၏။ သူသည် ဝိနည်းကို အလွန်တိကျစွာ လိုက်နာသူဖြစ်၏။ ထိုရဟန်းတို့၏ ကျောင်းပရဝုဏ်အတွင်းမှာပင် ရဟန်းများကို ဟိုဟိုဒီဒီ လျှောက်သွားနေသည်ကို မတွေ့မြင်နိုင်ပေ။ သူတို့သည် (၁) မြို့တွင်းသို့ ဆွမ်းခံသွားသောအခါ၊ (၂) ဆွမ်းဘုဉ်းပေးရန် ဆွမ်းစားဆောင်သို့သွားသောအခါ ဦးစီးနာယကဆရာတော်က ဆင့်ခေါ်သည့်အခါမှာ သူတို့၏ ကျောင်းထဲမှ ထွက်လာကြ၏။

သူသည် ဗုဒ္ဓ ဥပဒေတော်ကျမ်းကို ရေးသားခဲ့၏။ ထိုကျမ်းကား မြန်မာလူတိုင်း နားလည်သည့် ရိုးရှင်းလွယ်ကူသော မြန်မာဘာသာဖြင့်ရေးသားသည့် ဝိနည်းဥပဒေများသာ ဖြစ်၏။ အရှင်ဇနကာဘိဝံသမှာ ထိုကျမ်းကိုရေးခြင်း၌ ရည်ရွယ်ချက် နှစ်ခုရှိခဲ့၏ဟု စာရေးသူ ယူဆပါသည်။ ပထမရည်ရွယ်ချက်ကား ပါဠိမတတ်သော ရဟန်းများအား ထိုကျမ်းကိုဖတ်ရှုခြင်းဖြင့် ဝိနည်းဥပဒေများကို နားလည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



စေရန် ဖြစ်၏။ စာရေးသူအဖို့မူကား ဒုတိယရည်ရွယ်ချက်သည် ပထမရည်ရွယ်ချက်ထက် များစွာ ပို၍ ကျယ်ပြန့်၏။ ထိုရည်ရွယ်ချက်ကား လူဝတ်ကြောင်တို့အား ဝိနည်းဥပဒေများကို နားလည်နိုင်စေရန်အတွက် ဖြစ်၏။ ဝိနည်းဥပဒေများကို လူတွေနားလည်ခြင်းသည် ဝိနည်းကိုမလိုက်နာသည့်ရဟန်းများအား ဟန့်တားရေး လက်နက်အဖြစ် ကျေးဇူးပြုနိုင်၏။ ဥပမာ ဝိနည်းအကြောင်း တစ်စုံတစ်ရာမသိခင်က စာရေးသူသည် မိမိထံအလှူခံသော ရဟန်းအားလေးလှူမိလိမ့်မည်။ ယခုမူ သူဒီလိုပြုတော့မည်မဟုတ်။ မဖိတ်ကြားဘဲ မိမိထံလာရောက် (အလှူခံ) ခြင်းဖြင့် ထိုရဟန်းသည် ဝိနည်းဥပဒေကို ကျူးလွန်သောကြောင့်လည်း ဖြစ်၏။ ငွေကို အလှူခံခြင်းဖြင့် ထိုရဟန်းသည် ပို၍ကြီးလေးသည့် ဝိနည်းဥပဒေကို ကျူးလွန်သောကြောင့်လည်း ဖြစ်၏။ ဝိနည်းဥပဒေများကို ထိုကဲ့သို့ သိနေခြင်းသည် ဗုဒ္ဓဘာသာဝင်များအကြား၌ အားလုံးဖြစ်နေလျှင် ထိုကဲ့သို့သော ရဟန်းများကို တွေ့မြင်ရမှုသည် လုံးဝ ပျောက်မသွားတောင်မှ အကြိမ်ပိုနည်းလာလိမ့်မည်။

ထို့အပြင် ရဟန်းတို့သည် ဝိနည်းဥပဒေများကို ကျူးလွန်ရာ၌ လွန်ကဲသွားလျှင် လူတို့က တကယ်ထိရောက်သည့် ခြေလှမ်းများ လှမ်းနိုင်၏။ ဗုဒ္ဓလက်ထက်က စံတင်လောက်သည့် ဥပမာတစ်ခုရှိခဲ့၏။

ကောသမ္ဗီပြည်၌ ရဟန်းတို့သည် ဗုဒ္ဓစကားကို နားမထောင်ကြကုန်။ လူတို့က ရဟန်းများကို သပိတ်မှောက်ရန် ဆုံးဖြတ်ချက်ချပြီး အကောင်အထည်ဖော်လိုက်သောအခါ ရဟန်းတို့သည် မိမိတို့ ဗုဒ္ဓစကား နားမထောင်မှုကို လျင်မြန်စွာ စွန့်ပြီး ဗုဒ္ဓထံမှ ခွင့်လွှတ်ခြင်းကို တောင်းခံကြ၏။ ထို့ကြောင့် အရှင်ဇနကာဘိဝံသသည် ရဟန်းတို့အား ဝိနည်းဥပဒေများကို ကျူးလွန်ခြင်းမှ ဟန့်တားရန်အလို့ငှာ လူတို့သည် ဝိနည်းဥပဒေများကို ကောင်းကောင်းသိထားရန် အလွန့်ကိုလိုအပ်ကြောင်း စဉ်းစားမိပုံရ၏။

| | | |
|---|---|---|
| က။ ဇောဓိပက္ခိယဒီပနီ | | လယ်တီဆရာတော်ရေးသည်။ |
| ခ။ ပဋိစ္စသမုပ္ပါဒဒီပနီ | | |
| ဂ။ ဓမ္မစက္ကပဝတ္တနနှင့် အနတ္တလက္ခဏနိဿယ | | |

နိုင်ငံများစွာမှ ပညာရှင်များသိပြီးဖြစ်သော လယ်တီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ ဒီလစ်)သည် ဤခေတ်တွင်ထင်ရှားလှသည့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ကြီးဖြစ်၏။ သူသည် ဗုဒ္ဓဘာသာလက်စွဲ (ဒီပနီ) ကျမ်းပေါင်း ၇၀၊ မာဂဓ ပါဠိဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးသားခဲ့၏။ ယင်းကျမ်းတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်များဆိုင်ရာ နားလည်လွယ်သည့် အဓိပ္ပာယ်ရှင်းချက်များနှင့် မှန်ကန်သည့် တင်ပြချက်များ ဖြစ်၏။



ဆရာတော်ဘုရားသည် ကျမ်းများစွာ ရေးသူဖြစ်၏။ သူ့ကျမ်းများသည် တစ်ရာကျော် ရှိ၏။

ဤဒီပနီကျမ်းများဖြင့် လယ်တီဆရာတော်သည် ဗောဓိပက္ခိယ၊ ပဋိစ္စသမုပ္ပါဒ်ကဲ့သို့သော ခက်ခဲသည့်အကြောင်းအရာများကို သာမန်ပုဂ္ဂိုလ်တို့ အလွယ်တကူ သက်လှမ်းမီနိုင်အောင် ဖော်ဆောင်ပေးခဲ့၏။

ဗောဓိပက္ခိယဒီပနီကျမ်းသည် မဂ်ဉာဏ်များကို ရရှိဖို့အတွက် အထူးလိုအပ်သည့် တရား ၃၇ ပါးဆိုင်ရာ လက်စွဲကျမ်းဖြစ်၏။ မဂ်ဉာဏ်လေးပါးရှိ၏။ ယင်းတို့သည် လောဘ၊ ဒေါသ၊ အရိယသစ္စာလေးပါး မသိမှု၊ မောဟ ကဲ့သို့သော ကိလေသာစိတ်၏ အညစ်အကြေးများကို ပယ်သတ်နိုင်သည့် ဉာဏ်များဖြစ်၏။

ပဋိစ္စသမုပ္ပါဒ ဒီပနီကျမ်းသည် ကြောင်းကျိုးဆက် နိယာမတရားဆိုင်ရာ သက်စွဲကျမ်း ဖြစ်၏။

နိဿယဟူသည် ဘာသာပြန်ခြင်းမျိုး သက်သက်မဟုတ်။ ပါဠိစကားလုံးများနှင့် ယင်းတို့၏ မြန်မာအဓိပ္ပာယ်များကို ပူးတွဲဖော်ပြခြင်း ဖြစ်၏။ ယင်းနိဿယသည် အဓိပ္ပာယ်ရှင်းကျမ်းလောက် မလွယ်ပေ။ အကြောင်းအရာဆိုင်ရာ အခြေခံအနည်းငယ်ရှိသည့် ပုဂ္ဂိုလ်သာလျှင် ထိုနိဿယကို နားလည်နိုင်၏။

ဓမ္မစက္ကပဝတ္တနနှင့် အနတ္တလက္ခဏသုတ်တို့သည် အလွန့် အလွန် အရေးပါသည့် သုတ်များဖြစ်၏။ ပဉ္စဝဂ္ဂီယ (ရဟန်းငါးပါးစု) ခေါ် ပထမဆုံး တပည့်သာဝကများအား ဟောကြားသည့် ဤသုတ် နှစ်သုတ်အားဖြင့် ဗုဒ္ဓသည် မိမိ တရားတော်များ၏ အနှစ်သာရကို ကြေညာခဲ့၏။

က။ ဝိပဿနာရှုနည်းကျမ်း
(ဝိပဿနာ အားထုတ်နည်း) – (၂ တွဲ)
ခ။ ပဋိစ္စသမုပ္ပါဒ် – (၂ တွဲ)

## မဟာစည်ဆရာတော်

ရဟန်းငယ်ဖြစ်စဉ်က မဟာစည်ဆရာတော်သည် ပိဋကတ်သုံးပုံ ပါဠိတော်များ အဋ္ဌကထာကျမ်းများနှင့် ဋီကာကျမ်းများကို သင်ကြားလေ့လာခဲ့၏။ သူသည် ဗုဒ္ဓ၏ တရားတော်များကို ကောင်းစွာနားလည်ပြီးနောက် မြန်မာနိုင်ငံ သထုံမြို့ရှိ ကျော်ကြားသော ကမ္မဋ္ဌာန်းရိပ်သာသို့ သွားခဲ့၏။ သူသည် မိမိအားထုတ်သည့် ကမ္မဋ္ဌာန်း၏ ရလဒ်များကို ကျေနပ်အားရသည်အထိ ထိုရိပ်သာမှာနေခဲ့၏။

ဝိပဿနာရှုနည်းကျမ်းထဲ၌ မဂ်ဉာဏ်များကိုရရှိဖို့ ယောဂီ (ကမ္မဋ္ဌာန်း အားထုတ်သူ) လိုက်နာရမည့် အသေးစိတ်ညွှန်ကြားချက်များကို မဟာစည်ဆရာတော်က မိန့်ကြား

www.burmeseclassic.com

www.burmeseclassic.com



ထားရာ အခန်းတချို့ပါရှိ၏။ ဤအခန်းများကို မဟာစည်ဆရာတော်က မဂ်ဉာဏ်သို့ တိုးတက်လျှောက်လှမ်းသွားရာတွင် ယောဂီပုဂ္ဂိုလ်ဖြတ်သန်းသွားရမည့် အတွေ့အကြုံများကို အသေးစိတ် သူ ဖော်ပြထား၏။ ထိုညွှန်ကြားချက်ထဲပါ လျှောက်လှမ်းသွားပုံများမှာ ကမ္မဋ္ဌာန်းရိပ်သာ၌ သူ အသုံးပြုခဲ့တာများပင် ဖြစ်၏။ အတွေ့အကြုံများမှာလည်း အများအားဖြင့် သူ ဖြတ်သန်းသွားခဲ့တာများပင်ဖြစ်၏။

မြန်မာနိုင်ငံ၌ ဝိပဿနာကမ္မဋ္ဌာန်းအကြောင်း စာအုပ်များစွာကို ကျမ်းပြုပုဂ္ဂိုလ်များစွာတို့ ရေးသားခဲ့ကြ၏။ သို့ရာတွင် စာရေးသူသိရသမျှတော့ မည်သည့်ကျမ်းမျှ မဟာစည်ဆရာတော်ရေးသည့် ဝိပဿနာရှုနည်းကျမ်းလောက် ပုံနှိပ်အကြိမ် မများခဲ့ပေ။ ဝိပဿနာရှုဖွယ်နည်းသည် ဝိပဿနာကမ္မဋ္ဌာန်းကို သာမန်ပုဂ္ဂိုလ်များ အလွယ်တကူ လက်လှမ်းမီနိုင်အောင် ယူဆောင်ပေးခဲ့သောကြောင့် အလွန်ပင် အကြိုက်များ၏။

မဟာစည်ဆရာတော်ကဲ့သို့သော ရဟန်းတစ်ပါးသည် မိမိအကြိုက်ဆုံး ဝိပဿနာကမ္မဋ္ဌာန်း ဘာသာရပ်အကြောင်းကို မြန်မာစကားမပြောတတ်သည့် ကမ္ဘာ့လူသားများအား တောက်ပြောင်စွာ ရှင်းပြနိုင်လောက်အောင် အင်္ဂလိပ်ဘာသာမတတ်သည်မှာ ဝမ်းနည်းဖွယ်ဖြစ်၏။

ပဋိစ္စသမုပ္ပါဒကျမ်းသည် မဟာစည်ဆရာတော်က မိမိ၏တပည့်တချို့အား ကြောင်းကျိုးဆက်ပြ နိယာမ တရားအကြောင်း ဟောပြောချက် ခြောက်ခုကို စုစည်းထားသည့် ကျမ်းဖြစ်၏။ ဟောပြောချက်တို့သည် ရိုးရိုးရှင်းရှင်းနှင့် နားလည်လွယ်၏။

**ဝိသုဒ္ဓိမဂ္ဂကျမ်း** – အရှင်မဟာဗုဒ္ဓဃောသ ရေးသည်။

ဤကျမ်းသည် ကျော်ကြားသော အဋ္ဌကထာ (အဖွင့်) ကျမ်းတစ်ခုဖြစ်၏။ ယင်းကျမ်းသည် အမှန်အားဖြင့် ဗုဒ္ဓ၏ဂါထာများ၊ (လေးပါဒ ပါရှိသည့်ဂါထာများ) ထဲမှ တစ်ခုကို ပြောင်မြောက်စွာ ရှင်းလင်းဖွင့်ဆို ရေးသားထားချက်ဖြစ်၏။

တစ်နေ့သ၌ နတ်သားတစ်ဦးသည် ကိလေသာများပယ်သတ်ပုံကို မိမိအား အကျဉ်းမျှ ဟောကြားပါရန်လျှောက်ထား၏။ ဗုဒ္ဓသည် အဖြေပါသည့် ဂါထာတစ်ခုကို ရွတ်ပြတော်မူ၏။ ကိလေသာများကို သီလ၊ သမာဓိ၊ ပညာဖြင့် ပယ်သတ်နိုင်သည်ဟု အဖြေကပြထား၏။

သီလ ဟူသည် မိမိကိုယ် နှုတ်ကို စောင့်ထိန်းခြင်းဖြင့် မမှန်တာကိုပြုလုပ်ပြောဆိုခြင်းမှ ရှောင်ကြဉ်မှုကို ဆိုလို၏။

သမာဓိ ဟူသည် မိမိ၏ စိတ်ကို ကောင်းစွာထိန်းချုပ်ခြင်းအားဖြင့် ရရှိသော စိတ်၏တည်ကြည်မှုကို ဆိုလို၏။

ပညာ ဟူသည် မဂ်ဉာဏ်များနှင့် မိမိအား မဂ်များသို့ပို့ဆောင်မည့် ဝိပဿနာဉာဏ်များကို ဆိုလို၏။



ဤဂါထာကို အခြေခံအသုံးပြုလျက် အရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်သုံးပုံထဲပါ သီလ၊ သမာဓိ၊ ပညာဆိုင်ရာ အဓိပ္ပာယ်ထူးပါသည့် အချက်အားလုံးကို ...၏ အဖွင့်ကျမ်းထဲသို့ ထည့်သွင်းထား၏။ သူသည် ဤအချက်များထဲသို့ မှတ်သား...ဖွယ် ရှင်းပြချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထပ်ထည့်ထား၏။ သူသည် ...အပ်သည့်နေရာတိုင်း၌ အရေးကြီးသည့် အဆုံးအဖြတ်များကိုလည်း ပေးထား၏။ ...ဉာဏ်များကို ရရှိဖို့အတွက် အလွန်အရေးပါသည့် လမ်းညွှန်အဖြစ် ထိုကျမ်းကို ...သတ်ခဲ့ကြ၏။

ထိုကျမ်းကို အရှင်နန္ဒမာလာက ပါဠိမှ မြန်မာဘာသာသို့ ပြန်ထား၏။ ဘာသာ...မှာ သုံးတွဲရှိ၏။

အရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်သုံးပုံဆိုင်ရာ အဋ္ဌကထာဆရာတို့တွင် ...ကျယ်ထင်ရှားဆုံးသော ပုဂ္ဂိုလ်ဖြစ်၏။

ဝိသုဒ္ဓိမဂ္ဂကျမ်းသည် သံဃပါလထေရ်၏ တောင်းပန်ချက်အရ ဗုဒ္ဓဃောသက ...သားခဲ့သော ဗုဒ္ဓတရားတော် စွယ်စုံကျမ်းကြီးဖြစ်၏။ (ပါဠိနာမအဘိဓာန်)

**ဓမ္မပဒအဋ္ဌကထာကျမ်း** – အရှင်မဟာဗုဒ္ဓဃောသ ရေးသည်။

ဓမ္မပဒအဋ္ဌကထာသည် ဗုဒ္ဓဟော ဂါထာတချို့နှင့် ယင်းတို့နှင့် ဆက်နွှယ်သည့် ...ကြောင်းများကို စုစည်းထားသည့် ကျမ်းဖြစ်၏။

ဥပမာ–ဗုဒ္ဓလက်ထက်၌ ရဟန္တာဖြစ်လာခဲ့သည့် ရဟန်းတစ်ပါးရှိခဲ့၏။ သို့ရာတွင် သူသည် နောက်ဆုံးမဂ်ဉာဏ်ရခါနီး တစ်ချိန်တည်းလောက်မှ မျက်စိအမြင်ဆုံးရှုံးခဲ့၏။ ဤအကြောင်းကိုသိလာသည့် ရဟန်းများက 'ရဟန်းသည် ကြီးမားလှသည့် ...သိုလ်မှုကိုပြုပြီးသောအခါ အဘယ့်ကြောင့် မျက်စိကန်းသွားသင့်သနည်း' ကဲ့သို့သော ...ခွန်းများကို စမေးလာကြ၏။

ဗုဒ္ဓက ဤသို့ အသေးစိတ်ပြန်ဟောပြ၏။ 'ထိုရဟန်းသည် သူ၏ ရှေးဘဝများမှ ...တစ်ခု၌ မျက်စိကုဆရာတစ်ဦး ဖြစ်ခဲ့၏။ သူသည် အမျက်ထွက်၍ မိန်းမတစ်ဦးအား ...သွားအောင် ပြုခဲ့၏။ ဤအကုသိုလ်ကံ (မကောင်းမှုကံ)ကြောင့် သူသည် သေလွန်...သောအခါ ငရဲ၌ဖြစ်ခဲ့၏။ သူ့ အကုသိုလ်ကံ၏ ကြီးလေးသောအပိုင်း အကျိုးပေး...သောအခါ သူသည် အကြိမ်များစွာ လူအဖြစ် ပဋိသန္ဓေနေခဲ့၏။ သူ၏ လူအဖြစ် ဘဝ...တို့၌ သူ့အကုသိုလ်ကံ၏ အကြွင်းအကျန်သည် သူ့အား မျက်စိကန်းစေခဲ့၏။ ...က် ဗုဒ္ဓသည် တစ်ဂါထာကို ရွတ်ဆိုတော်မူ၏။ ထိုဂါထာသည် အချုပ်အားဖြင့် ...အတိုင်း ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com



'ပုဂ္ဂိုလ်တစ်ဦးသည် မကောင်းသောစိတ်စေတနာဖြင့် တစ်စုံတစ်ခုကို ပြောဆို ပြုမူ၏။ ထိုကဲ့သို့သော စိတ်စေတနာဆိုးဖြင့် တစ်စုံတစ်ခုကို ပြောဆိုပြုမူခဲ့ခြင်းကြောင့် ဆင်းရဲသည့်ဒုက္ခသည် သူ့နောက်သို့ အစဉ်လိုက်တတ်၏။ လှည်း၏ဘီးတို့သည် လှည်းကိုဆွဲရန်းသည့် နွား၏ခြေလှမ်းများနောက်သို့ လိုက်သကဲ့သို့ ထိုဒုက္ခသည် သူ့နောက်သို့ အမြဲလိုက်တတ်၏။'

ဓမ္မပဒ အဋ္ဌကထာကျမ်းကို ညောင်လေးပင် တောရဆရာတော်က ပါဠိမှ မြန်မာဘာသာ ပြန်ဆိုခဲ့၏။ ထိုဘာသာပြန်သည် လေးတွဲရှိ၏။

ဓမ္မပဒ အဋ္ဌကထာကျမ်းကို အရှင်မဟာဗုဒ္ဓဃောသက စုစည်းရေးသားခဲ့၏။

**ဇာတ်ကြီးဆယ်ဘွဲ့** – အရှင်သြဘာသ ရေးသည်။

အရှင်သြဘာသသည် မတုပနိုင်အောင် ကောင်းမွန်သည့် ရေးဟန်အတွက် ကျော်စောခဲ့၏။ သူသည် ဇာတက အဋ္ဌကထာမှ ဇာတ်ကြီးဆယ်ခုကို ယူ၍ ကဗျာဆန်သည့် စကားပြေနည်းမျိုးဖြင့် ပြန်ရေးခဲ့၏။

## အခန်း ၁

## သစ္စာလေးပါးကိုတွေ့ရှိသူ

[illegible]သည် ဝတ္ထုကြောင်းကို ပြန်လည်ဟောကြားခဲ့၏။

ဗုဒ္ဓသည် ကပိလဝတ္ထုပြည်၌ သီတင်းသုံးနေစဉ် အဂ္ဂသာဝကနှစ်ပါးအနက် တစ်ပါးဖြစ်သူ အရှင်သာရိပုတ္တရာသည် ဗုဒ္ဓဖြစ်လာခဲ့ပုံကို ရဟန်းရှင်လူ ပရိသတ်အား ပြန်လည်ဟောကြားပါရန် ဗုဒ္ဓကို လျှောက်ထားပန်ကြားခဲ့၏။

အောက်ပါတို့သည် ဗုဒ္ဓဟောကြားချက်၏ အကျဉ်းချုပ်ဖြစ်၏။

မရေမတွက်နိုင်အောင် များပြားလှသည့် ရှေးအတိတ်ကမ္ဘာများ၌ တစ်နေ့တွင် ဂေါတမဗုဒ္ဓဖြစ်လာမည့် ပုဂ္ဂိုလ်သည် သူ့အတိတ်ဘဝများမှ တစ်ခုတွင် အလွန့်အလွန် ဥစ္စာကြွယ်ဝသူဖြစ်ခဲ့၏။ သူ့အမည်မှာ သုမေဓ ဖြစ်၏။ သူသည် ထိုများပြားလှသည့် ဥစ္စာကို မိမိ၏ မိဘများထံမှ အမွေဆက်ခံရရှိခဲ့၏။ တစ်နေ့တွင် သူသည် တစ်ယောက်တည်းထိုင်နေစဉ် အောက်ပါအတိုင်း စဉ်းစားမိ၏။

ပဋိသန္ဓေနေခြင်းသည် ဆင်းရဲ၏။ သေခြင်းသည် ဆင်းရဲ၏။ အိုခြင်းသည် ဆင်းရဲ၏။ (ဒုက္ခ–ကိုယ်နာကျင်မှု၊ စိတ်၏ဆင်းရဲမှုကိုပေးသည့်အရာ)

ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသည်တို့ကို မလွဲမသွေရရှိမည့် ငါသည် ဒုက္ခ၏အဆုံး နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းကို ရှာဖွေရန် အားထုတ်ရမည်။

ငါသည် နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းကို ရှာဖွေရာ၌ ငါ့အား အတားအဆီး မရှိဘဲ ထွက်ခွာသွားနိုင်စေရန်အလို့ငှာ စက်ဆုပ်ဖွယ်ကောင်းသည့် အသားအသွေး အားလုံးကို ဖုံးထားသော ချွေးမြည့်သည့်သဘောရှိသော ဤခန္ဓာကိုယ်၌ ငါ၏ [illegible]မှုကို ဖြတ်နိုင်လျှင် ကောင်းလိမ့်မည်။

ဒုက္ခ၏အဆုံး နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းသည် ကေန်ရှိရမည်။ ထိုကဲ့သို့သော လမ်းမျိုး မရှိဆိုတာ မဖြစ်နိုင်ရာ။ ဤလမ်းကို ရှာတွေ့ရန် အစွမ်းကုန် လုပ်ဆောင်အံ့။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းသာမှုရှိလျှင် စိတ်ချမ်းသာမှုသည် ရှိရ၏။ ထို့အတူပင် မပြတ်မစဲသော ဝဋ်သံသရာနေမှုများရှိလျှင် ပဋိသန္ဓေနေခြင်းတို့၏အဆုံးသို့ရောက်ကြောင်းလမ်းသည် ရှိရမည်။

အပူရှိလျှင် အအေးရှိရ၏။ ထို့အတူပင် ဒုက္ခကိုဖြစ်နေစေသည့် ကာမဂုဏ်များကို တပ်မက်မှု–လောဘ၊ အမျက်ဒေါသ၊ အမှန်ကိုမသိမှု–မောဟတည်းဟူသော မီးကြီးသုံးပါးရှိလျှင် ဤမီးကြီးသုံးပါးလုံးတို့ ငြိမ်းရာ နိဗ္ဗာန်မည်သည် ရှိရမည်။

အကုသိုလ်ရှိလျှင် ကုသိုလ်ရှိရ၏။ ထို့အတူပင် ပဋိသန္ဓေနေခြင်းရှိလျှင် ပဋိသန္ဓေနေခြင်း၏ အဆုံး–နိဗ္ဗာန်မည်သည် ရှိရမည်။

မစင်ဖြင့် ညစ်ပေနေသည့် ခန္ဓာကိုယ်ရှိသော သူသည် သန့်ရှင်းကြည်လင် ကြာပန်းငါးမျိုးနှင့်ပြည့်စုံသည့် ရေရှိသောရေအိုင်ကြီးကို အဝေးမှမြင်သော်မှ ထိုအိုင်သို့ သွားရာလမ်းကိုမရှာလျှင် အပြစ်သည် အိုင်ကြီးမှာမရှိ။ ထိုသူ၏အပြစ်သာ ဧကန်ဖြစ်၏။ ထို့အတူပင် ငါသည် မသန့်ရှင်းသောအရာ ဟူသမျှကို ပယ်သတ်နိုင်သည့် နိဗ္ဗာန်သို့ သွားရာလမ်းကိုမရှာဖွေလျှင် ယင်းသည် ငါ၏အပြစ်သာဖြစ်မည်။ နိဗ္ဗာန်၏အပြစ် မဟုတ်။

ပုဂ္ဂိုလ်တစ်ဦးသည် ရန်သူများက မိမိကို ဝန်းရံထားသည့်အခါ ဘေးကင်းနေရာသို့ သွားသောလမ်းကို မသွားလျှင် သူ့အပြစ်သာဖြစ်၏။ လမ်း၏အပြစ် မဟုတ်။ ထို့အတူပင် ငါ့ရန်သူများဖြစ်သည့် ကိလေသာ (စိတ်၏အညစ်အကြေး)တို့မှ ငါလုံးဝ လွတ်မြောက်မည့်နေရာဖြစ်သော နိဗ္ဗာန်သွားရာလမ်းကို ငါမသွားလျှင် နိဗ္ဗာန်၏ အပြစ်မဟုတ် ငါ့အပြစ်သာ ဖြစ်၏။

လူနာတစ်ဦးသည် မိမိရောဂါကိုကုစားနိုင်သည့် ဆရာကောင်းရှိသော်မှ မိမိ ရောဂါကို ကုစားရန်မသွားလျှင် သူ့အပြစ်သာ ဖြစ်၏။ ဆရာ၏အပြစ် မဟုတ်။ ထို့အတူပင် ကိလေသာတို့ဖြင့်ပြည့်နေသော ငါသည် ဤကိလေသာတို့ကိုပယ်သတ်ရာ၌ ကျွမ်းကျင်မှု၊ ကျော်ကြားသောဆရာ၏ ကုသပေးမှုများကို မရယူလျှင် ဆရာ၏အပြစ် မဟုတ်၊ ငါ့အပြစ်သာ ဧကန်ဖြစ်၏။

လုပလိုသောသူသည် မိမိလည်ပင်းမှာချည်ထားသည့် အသေကောင်ကို ချွတ်ပစ်၏။ ထို့အတူပင် ဒုက္ခ၏အဆုံးသို့ရောက်လိုသော ငါသည် အပုပ်နှင့်ပြည့်နေသည့် ဤခန္ဓာကိုယ်၌ ငါ၏တပ်မက်မှုကို ပယ်ဖြတ်ရမည်။ နိဗ္ဗာန်သို့ ရောက်သည်အထိ ငါဆက်သွားရမည်။

လူတို့သည် အပေါ့အပါးသွားပြီးနောက် မိမိတို့၏မစင်ကို စွန့်ရှံသာ စွန့်၏။ သူတို့၏ မစင်ကို ကြည့်ရန် ဂရုပင်မစိုက်ကြပေ။ ထို့အတူပင် ငါသည် အပုပ်နှင့်ပြည့်နေ



သည့် ခန္ဓာကိုယ်အလိုသို့လိုက်ရန် ခါးသီးစွာ ငြင်းဆန်ပေအံ့၊ ငါသည် နိဗ္ဗာန်သို့အရောက် သွားရန် ပြင်းထန်စွာ အားထုတ်ပေအံ့။

လှေပိုင်ရှင်တို့သည် ဆွေးမြည့်စိမ့်ယိုနေသည့် မိမိတို့၏လှေကို စွန့်ပစ်ကြကုန်၏။ ထို့အတူပင် ငါသည် အပုပ်နှင့်ပြည့်နေသည့် ဤခန္ဓာကိုယ်ကို အလိုလိုက်ရန် ငြင်းဆန်ပေအံ့။ ငါသည် နိဗ္ဗာန်သို့အရောက်သွားရန် ပြင်းထန်စွာ အားထုတ်ပေအံ့။

တန်ဖိုးရှိသောရတနာသေတ္တာကို သယ်ဆောင်သွားနေသော၊ မေ့လျော့မှုကြောင့် ဓားပြတစ်စုနှင့်အတူ ခရီးသွားနေမိသော ပုဂ္ဂိုလ်သည် ဓားပြတိုက်ခံရမည့် အန္တရာယ်ကို မြင်သောအခါ ထိုအဖွဲ့မှ ဧကန်ထွက်ပြေးလိမ့်မည်။ ဤအတူပင် ဓားပြများကဲ့သို့ လောဘ၊ ဒေါသ၊ သစ္စာ မသိမှု–မောဟ တို့က လွှမ်းမိုးသည့်အခါ ဒုစရိုက်မျိုးစုံကို ကျူးလွန်ခြင်းဖြင့် ငါ့အား ဒုက္ခပေးနိုင်သော ဤခန္ဓာကိုယ်အား ငါတပ်မက်နေမှုကို ပယ်သတ်ရမည်။ ငါသည် နိဗ္ဗာန်သို့ရောက်အောင် သွားရမည်။

သူဌေးကြီးသုမေဓာသည် အထက်ပါ စဉ်းစားချက်များကို လေးလေးနက်နက် သိမြင်ပြီးနောက် ဘုရင့်ထံသွား၍ သူ ရသေ့ဖြစ်လိုကြောင်း ပြောကြားကာ သူ၏ ပစ္စည်းများကို စွန့်လွှတ်လိုက်လေ၏။ ရှင်ဘုရင်က သူ့ပစ္စည်းတွေကို လက်ခံရန် ငြင်းဆိုသောအခါ သူသည် မိမိနေရာသို့ပြန်လာပြီး လှူဖွယ်ပစ္စည်းကိုလက်ခံရန် လာကြသူ အားလုံးအား သူ၏ပစ္စည်းများကို စတင်ပေးဝေလေတော့၏။ သူ၏ ပစ္စည်းတို့သည် များပြားလွန်းသောကြောင့် ထိုပစ္စည်းအားလုံးကို ရက်အနည်းငယ်အတွင်း၌ ပေးဝေရန် မဖြစ်နိုင်ချေ။ သူသည် ပေးဝေမှုကိုကြီးကြပ်ရာ၌ သူ့အချိန်ကိုမဖြုန်းလိုသောကြောင့် သူ့ပရိဂ္ဂဟ်ကို ကွပ်ကဲသူ မန်နေဂျာတို့အား ကြီးကြပ်ခြင်းအာဏာများကို လွှဲအပ်ခဲ့ပြီး ဓမ္မိကတောင်သို့ ထွက်သွားလေ၏။

သူသည် ထိုတောင်၌ အရံသင့်ဆောက်လုပ်ထားသည့်တဲကို တွေ့လေ၏။ သူသည် ပိုင်ရှင်များကိုမမြင်သောအခါ တဲထဲသို့ဝင်၍ ထိုနေ့အတွက် ထိုတဲမှာ အနားယူလေ၏။ နောက်တစ်နေ့နံနက်တွင် သူသည် ထိုတဲကို လိုအပ်တာထက် ပိုနေသဖြင့် စွန့်ခွာသွားပြီး သစ်ပင်တစ်ပင်၏ အရိပ်၌ နေလေ၏။ ထိုအခါ သူသည်ဆွမ်းခံရန် အနီးအနားရှိ ရွာတစ်ရွာသို့သွား၏။ ဆွမ်းစားပြီးသော် သူသည် ဆွမ်းခံလှည့်လည်သွားခြင်းသည် အချိန်ဖြုန်းခြင်းမျှသာဖြစ်၏ဟု တွေးဆလာသောကြောင့် မြေပြင်၌ သူ တွေ့ရှိသည့် သစ်သီးများကို စားသုံးရန် ဆုံးဖြတ်လေ၏။

ထိုအခါ သူသည် စိတ်၏ တည်ကြည်မှုများသာဖြစ်သည့် ဈာန်ရှစ်ပါးကိုရဖို့အတွက် မိမိ၏အချိန်အများဆုံးကို အသုံးချလေ၏။ ထိုဈာန်များကို ပညာရှိများအားဖြင့် သမာပတ်ရှစ်ပါး (ဈာန် ရှစ်ပါး) ဟု ခေါ်၏။ ထိုဒုတိယဈာန်သည် ပထမဈာန်ထက်

www.burmeseclassic.com

www.burmeseclassic.com



ဗိုအားကောင်း၏။ ဤအစဉ်အတိုင်း ဆက်သွားပြီး အဋ္ဌမရျာန်သည် အားအကောင်းဆုံး ဖြစ်၏။ (ဤအကြောင်းကို သမာဓိဆိုင်ရာအခန်း၌ ပို၍ပြည့်စုံစွာ ဖော်ပြပါမည်။)

သူ၏ ကြီးမားသောသဒ္ဓါနှင့် ဝီရိယကြောင့် သမာပတ် (ဈာန်) ရှစ်ပါးနှင့် အဘိညဉ် (စိတ်တန်ခိုး) ငါးပါးကို ရက်တစ်ပတ်အတွင်း ရရှိခဲ့၏။ ထိုအချိန်မှစ၍ နောက်တွင် သူသည် သမာပတ်ရှစ်ပါး၌ နစ်မြုပ်စွာဝင်စားလေ၏။ ထို့ကြောင့် ဒီပင်္ကရာ အမည်ရှိ ဗုဒ္ဓသည် နိုင်ငံ၏ဒေသတစ်ပိုင်း၌ ပွင့်တော်မူသောအခါ သူသည် ဤအချက်ကို မသိရှိခဲ့ပေ။

အဘိညာဟူသည် အဘယ်နည်း။ အဘိညာကို စိတ်၏တန်ခိုးဟု ခေါ်နိုင်၏။ အဘိညာသည် ငါးပါးရှိ၏။ ယင်းတို့မှာ ဣဒ္ဓိဝိဓအဘိညာ၊ ဒိဗ္ဗသောတအဘိညာ၊ စေတောပရိယအဘိညာ၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာ၊ ဒိဗ္ဗစက္ခုအဘိညာတို့ ဖြစ်၏။

(၁) ဣဒ္ဓိဝိဓအဘိညာကို တန်ခိုးပြနိုင်သည့် စိတ်တန်ခိုးဟု ခေါ်နိုင်၏။ ယင်းသည် တန်ခိုးပိုင်ရှင်အား တကယ်မတည်ရှိသည့်အရာများကို ဖန်ဆင်းနိုင်စေ၏။ ဥပမာ— သူသည် တစ်ဦးသာရှိသော်လည်း ဤတန်ခိုးဖြင့် ပုဂ္ဂိုလ်တွေများစွာရှိသည်ဟု တခြားသူတို့အား ထင်မြင်အောင် ပြုလုပ်နိုင်၏။ လူတွေများစွာရှိသော်လည်း သူသည် ဤတန်ခိုးဖြင့် တစ်ဦးတည်းသာရှိသည်ဟု တခြားသူတို့အား ထင်မြင်အောင် ပြုလုပ်နိုင်၏။ ဤနည်းအားဖြင့် သူသည် အခြားများစွာသော တကယ်မတည်ရှိသည့်အရာများကို ဖန်တီးနိုင်၏။ ဤစိတ်တန်ခိုးသည် ပိုင်ရှင်အား အာကာသထဲပျံတက်ပြီး ခရီးသွားခြင်းကိုလည်း ပြုလုပ်နိုင်စေ၏။

(၂) ဒိဗ္ဗသောတအဘိညာကို ကြားနိုင်သည့် စိတ်တန်ခိုးဟု ခေါ်နိုင်၏။ ယင်းသည် ပိုင်ရှင်များအား သူကြိုက်သလို ကြားစေနိုင်၏။

(၃) စေတောပရိယအဘိညာကို စိတ်အကြံကို သိနိုင်သည့် စိတ်တန်ခိုးဟု ခေါ်နိုင်၏။ ယင်းသည် ပိုင်ရှင်အား သူတစ်ပါးတို့၏ အကြံများကို သိစေနိုင်၏။

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာကို ပြန်အောက်မေ့နိုင်သည့် စိတ်တန်ခိုးဟု ခေါ်နိုင်၏။ ယင်းသည် ပိုင်ရှင်အား မတည်ရှိတော့သည့် ရှေးအတိတ်ကမ္ဘာ အနည်းငယ်ကို ပြန်အောက်မေ့နိုင်စေ၏။

(၅) ဒိဗ္ဗစက္ခုအဘိညာကို မြင်နိုင်သည့် စိတ်တန်ခိုးဟု ခေါ်နိုင်၏။ ယင်းသည် ပိုင်ရှင်အား သူကြိုက်သလို မြင်စေနိုင်၏။ သတ္တဝါတစ်ဦး သေပြီးနောက် ဘယ်မှာ ဖြစ်နေသည်ဟုလည်း သိစေနိုင်၏။

(ဤစိတ်တန်ခိုးများအကြောင်းကို သမာဓိဆိုင်ရာ အခန်း၌ ပြည့်စုံစွာ ရှင်းပြပါမည်။)



တစ်နေ့သ၌ သူသည် ကောင်းကင်ခရီးဖြင့်သွားနေစဉ် မြေပြင်ပေါ်၌ အလုပ်လုပ်နေကြသည့် ရမ္မာဝတီပြည်သား ပရိသတ်ကြီးကို တွေ့မြင်လေ၏။ ပြည်သားတို့သည် ဗုဒ္ဓနှင့် သူ၏ရဟန်းများအတွက် လမ်းကိုပြင်နေသည်ဟု သိရှိရသောအခါ ပရိသတ်ထဲ ဝင်ပါဝင် လုပ်ကိုင်လေ၏။ သို့ရာတွင် သူသည် ရွံ့ထူသည့်လမ်းကို ပြည့်အောင်မဖို့နိုင်သေးခင်မှာ ဗုဒ္ဓနှင့် ရဟန်းတော်များ ရောက်လာ၏။ ဗုဒ္ဓကိုမြင်လိုက်ရခြင်းသည် သူ့အား အတိုင်းမသိသောပီတိဖြင့် ပြည့်လျှမ်းသွားစေပြီး ထိုအချိန်မှာပင် 'ငါသည် သာမန်ရဟန်းတစ်ပါးအဖြစ်ဖြင့် နိဗ္ဗာန်ကို တစ်ဦးတည်း ခံယူခြင်းထက် ဆင်းရဲဖက် သတ္တဝါ များနိုင်သမျှ များများ မိမိနှင့်အတူ နိဗ္ဗာန်သို့ခေါ်သွားနိုင်သော ဗုဒ္ဓဖြစ်ရန် အားထုတ်မည်'ဟူသော မြင့်မြတ်သောအကြံသည် သူ့စိတ်ထဲ ရုတ်တရက် ပေါ်လာခဲ့၏။

ဗုဒ္ဓနှင့် ရဟန်းတော်တို့အနီးသို့ ရောက်လာသော် သူသည် အနားမှာရပ်နေသည့် မိန်းကလေးတစ်ဦးက သူ့အားပေးလိုက်သည့် ကြာငါးပွင့်ကို ဗုဒ္ဓအား လှူဒါန်းခဲ့၏။ ထိုအခါ သူသည် ချက်ချင်းပင် ညွန်အိုင်ငယ်ပေါ်၌ မိမိကိုယ်ကို ဆန့်တန်းလျောင်းချလိုက်၏။ ဗုဒ္ဓနှင့်ရဟန်းတော်များအား မိမိအပေါ်က လျှောက်သွားရန်ပင့်ဖိတ်ပြီးနောက် သူသည် တစ်နေ့တွင် ဗုဒ္ဓတစ်ဆူဖြစ်လိုကြောင်း ဆုကို လျှောက်ကြားလေ၏။

'ရသေ့သည် သူ့ဆုအား ဗုဒ္ဓထံမှ အတည်ပြုခြင်းကိုခံယူရန် သူ့အား အရည်အချင်း ပြည့်စေသော ဂုဏ်အရည်အချင်း ရှစ်ပါးရှိခဲ့ပြီ'ဟု ဗုဒ္ဓက သိမြင်၏။ ဗုဒ္ဓအား အနာဂတ်ကိုသိမြင်စေနိုင်သည့် အနာဂတံသဉာဏမည်သော စိတ်တန်ခိုးအားဖြင့် ဗုဒ္ဓသည် 'ထိုရသေ့ကား တစ်နေ့တွင် ဗုဒ္ဓဖြစ်လာမည်ဟုလည်း သိမြင်၏။ ထို့ကြောင့် ဗုဒ္ဓသည် ထိုရသေ့အား သူ့ဆုကို အတည်ပြုပေးတော်မူ၏။ ထိုအခါမှစ၍ နောက်ဆုံး ဗုဒ္ဓဖြစ်သည်တိုင်အောင် ထိုရသေ့သည် သူ့ဘဝများအားလုံးတစ်လျှောက်မှာ 'ဗောဓိသတ္တ' (ဘုရားလောင်း)ဟု ထင်ရှားလေ၏။ 'ဗောဓိ' သည် အပြည့်စုံဆုံးသော ဉာဏပညာကို ဆိုလို၏။ 'သတ္တ' သည် 'သတ္တဝါ' ကို ဆိုလို၏။ ထို့ကြောင့် 'ဗောဓိသတ္တ' ဟူသည် ဧကန် ဗုဒ္ဓဖြစ်လာမည့် သတ္တဝါလို့ ဆိုလို၏။

ထိုအတည်ပြုချက် (ဗျာဒိတ်)ကို ကြားသောအခါ ထိုမိန်းကလေးသည် လက်ထဲ၌ ကျန်ရှိသေးသည့် ကြာသုံးပွင့်ကို ဗုဒ္ဓအားပေးလှူလျက် 'မိမိတို့၏ ဘဝများအားလုံး၏ ဗုဒ္ဓဖြစ်ဖို့အတွက် သူ ပါရမီဖြည့်ကျင့်သည့် ကာလတစ်လျှောက်လုံး၌ မိမိသည် ရသေ့အား မိမိအတတ်နိုင်ဆုံး အကူအညီများစွာပေးနိုင်မည့် သူ့ဇနီးဖြစ်ရန် အလိုရှိကြောင်း' ဗုဒ္ဓအား ဆုတောင်းလေ၏။ ဗုဒ္ဓသည် သူမ၏ဆုတောင်းသည် ပြည့်လိမ့်မည်ဟုလည်း အတည်ပြု ဗျာဒိတ်ပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းကို နိဂုံးမချုပ်ခင် ဂုဏ်အရည်အချင်း ရှစ်ပါးနှင့် ယင်းတို့ကို မည်သို့ ရရှိကြောင်းကို အကျဉ်းမျှ ဖော်ပြသင့်၏။

ဗုဒ္ဓအဖြစ် ဆုပန်သည့်အချိန်မှာ ဆုပန်သူသည် ၁။ လူသား ဖြစ်ရမည်၊ ၂။ ယောကျ်ား ဖြစ်ရမည်၊ ၃။ စတုတ္ထနှင့် နောက်ဆုံးမဂ်ဉာဏ်အတွက် ပါရမီရင့်နေသည့် ပုဂ္ဂိုလ်ဖြစ်ရမည်၊ ၄။ ဗုဒ္ဓကို ကိုယ်တိုင် ဖူးတွေ့ရမည်၊ ၅။ ကြောင်းကျိုး ဆက်စပ်ပြ တရားတော်၌ မမိုတ်မသုံ ယုံကြည်ထားသောပုဂ္ဂိုလ်ဖြစ်ရမည်၊ ၆။ သမာပတ်–ရှစ်ပါး၊ အဘိညာ–စိတ်တန်ခိုးငါးပါးနှင့် ပြည့်စုံထားသောပုဂ္ဂိုလ်ဖြစ်ရမည်၊ ၇။ ဗုဒ္ဓဖြစ်ဖို့ အတွက် မိမိအသက်ကိုပေးလှူရန် ပြင်ဆင်ထားသောပုဂ္ဂိုလ်ဖြစ်ရမည်၊ ၈။ ဗုဒ္ဓအဖြစ်ကို ရရှိရန် အခက်အခဲဟူသမျှကို သူ့အား လက်ခံနိုင်စေသည့် ပြင်းထန်သော စိတ်ဆန္ဒ စွမ်းအင်နှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ရမည်။

ဤဂုဏ်အရည်အချင်း ရှစ်ပါးကို မည်သို့ရရှိခဲ့သနည်း။

တိုင်းတာ၍မရနိုင်သည့် အတိတ်ကာလ၌ မရေတွက်နိုင်သည့်ဗုဒ္ဓများပွင့်ပေါ်ခဲ့၏။ ထိုဗုဒ္ဓများ၏ ဥပဓိရုပ်သွင်နှင့် တန်ခိုးဣဒ္ဓိတို့သည် အလွန်အထူး ကြီးမားကြ၏။ ထိုဗုဒ္ဓတို့၏ တရားတော်တို့သည် ယင်းတို့ကို ကျင့်ကြံသည့် ပုဂ္ဂိုလ်အား နောင်ဘဝ၌မဟုတ် ယခုဘဝ၌ပင် ကိလေသာများကို ပယ်သတ်ဖြစ်စေနိုင်သဖြင့် အလွန်အထူး အံ့ဩဖွယ် လည်း ဖြစ်ပေ၏။

ထို့ကြောင့် (၁) ထိုဗုဒ္ဓများကို ဖူးတွေ့ခဲ့ကြသည့် ပုဂ္ဂိုလ်တချို့သည် ဝမ်းမြောက် ခြင်းကြောင့် လည်းကောင်း၊ လွန်ကဲသည့် ပီတိသောမနဿကြောင့် လည်းကောင်း တစ်နေ့တွင် ဗုဒ္ဓများဖြစ်လာရန် ဆုပန်ကြ၏။

(၂) အချို့သောပုဂ္ဂိုလ်တို့သည် ဗုဒ္ဓများကို ကိုယ်တိုင်မဖူးတွေ့ခဲ့ရသော်လည်း ဗုဒ္ဓများကို ဖူးတွေ့ခဲ့ဖူးသည့် အခြားပုဂ္ဂိုလ်များထံမှ ဗုဒ္ဓများအကြောင်းကို ကြားနာခဲ့ ကြရ၏။ ဤပုဂ္ဂိုလ်တို့သည်လည်း ဝမ်းမြောက်ခြင်းလွန်ကဲသော ပီတိသောမနဿများ ကြောင့် ထို (ဗုဒ္ဓ)ဆုကို ပန်ခဲ့ကြ၏။

(၃) အချို့သော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓများကိုယ်တော်တိုင် သုတ် (တရားတော်) များကို ကြားနာခွင့်များမရရှိခဲ့ပေ။ ထိုသူတို့သည် သုတ်တရားတော်များက ပရိသတ် အပေါ် သက်ရောက်သည့် လွန်ကဲသောလွှမ်းမိုးမှုဖြင့် စိတ်၌ လွန်စွာစွဲထင်ကျန်ရစ် ခဲ့ရကား ချက်ချင်းပင် ထို (ဗုဒ္ဓ)ဆုကို ပန်ခဲ့ကြ၏။

ထို (ဗုဒ္ဓ)ဆုကို ပန်ခဲ့ကြသည့် ဤပုဂ္ဂိုလ်မြောက်မြားစွာထဲမှ အများစုသည် အတန်ကြာသော် ထိုဆုကို မေ့ပျောက်ခဲ့ကြ၏။



တချို့ကား အမှတ်ရသော်လည်း သူတို့၏ ဆုပန်မှုသည် အလွန်ပင်လေးနက်ခြင်း ...ကုန်။ သူတို့သည် ထိုဆုပန်မှုကို မကြာခဏရွတ်ဆိုကြသော်လည်း ဗုဒ္ဓဖြစ်ဖို့ မိမိတို့ ...ိုယ်ကို ပါရမီဖြည့် လေ့ကျင့်ရန်အတွက် လေးလေးနက်နက် မလုပ်ဆောင်ခဲ့ကြပေ။

ထို့ကြောင့် သူတို့၏ ဗုဒ္ဓအဖြစ် ဆုပန်မှုသည် သေလွန်သည့်အခါ လေဖြစ် ...သေထဲသို့ပျောက်) သွားခဲ့၏။

သို့ရာတွင် ထိုဗုဒ္ဓအဖြစ် ဆုပန်မှုကို အမှတ်ရရုံသာမက ဗုဒ္ဓဖြစ်ဖို့ မိမိတို့ကိုယ်ကို ...ါရမီဖြည့် လေ့ကျင့်ရန်အတွက် လေးလေးနက်နက်လုပ်ဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ် ...နည်းငယ်ကား ရှိခဲ့၏။ ဤပုဂ္ဂိုလ်တို့သည် ဘုရင်များဖြစ်ခဲ့လျှင် ထီးနန်းများကို ...နဲ့ပယ်ခဲ့ကြ၏။ ဥစ္စာနေရှိခဲ့လျှင် ထိုနေကို စွန့်ပယ်ကြ၏။ သားမယားများရှိခဲ့လျှင် ...ိုသားမယားများကို စွန့်ပယ်ကြ၏။ အောက်တန်းလွှာပုဂ္ဂိုလ်များ မဟုတ်ခဲ့လျှင် ...သောက်ကိစ္စများ၌ စိတ်ဝင်စားခြင်းကို စွန့်ပယ်ကြ၏။ ထိုသို့စွန့်ပယ်ပြီးနောက် ဤပုဂ္ဂိုလ်တို့သည် မိမိတို့၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၏ ကျေးကျွန် ...စ်ခွင့် ပြုကြသူတို့ကား ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်အပ်သူတို့ ...ွေကွင်းရခြင်း စသည့် သံသရာလည်မှုတို့မှ မိမိတို့ကို နောက်ဆုံးတွင် လွတ်မြောက် ...စေသည့် စင်ကြယ်ကြောင်းလမ်းကို တွေ့မြင်ကြရမည် မဟုတ် ဟူ၍ ဆင်ခြင်မိကြ၏။ ...ို့ကြောင့် ထိုသူတို့သည် ကာမဂုဏ်များ၌ တပ်မက်ကြသည့် မိမိတို့၏ ဣန္ဒြေများကို ...ိုးနှိမ်သည့်အနေဖြင့် ညံ့ဖျင်းသည့်တဲများ၌နေ၍ အကြမ်းဆုံးသော အဝတ်များ ...သည်ကိုဝတ်ကာ မြေကြီးပေါ်ရှာတွေ့နိုင်သည့် အသီးအရွက်များ စားသုံးနေထိုင်ကြ၏။ ...သူတို့သည် မမှန်သည့်အရာများကို ပြုလုပ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်လည်း ...ဓိဋ္ဌာန်ပြု သီလဆောက်တည်ကြ၏။ မိမိတို့၏ စိတ်ကို ထိန်းချုပ်သည့် အနေဖြင့် ...ဋ္ဌာန်းဘာဝနာများကို စနစ်တကျအားထုတ်ကြ၏။ ဘာဝနာဟူသည် မိမိ၏စိတ်ကို ...ရုံတစ်ခု၌ မိမိအလိုရှိသမျှ ကြာမြင့်စွာထားနိုင်အောင် အဆက်မပြတ် ပြင်းထန်စွာ ...ထုတ်ခြင်းဖြစ်၏။ အချုပ်ပြောရလျှင် စိတ်၏တည်ကြည်မှု 'သမာဓိ'ကို ရရှိရန် ...ထုတ်ခြင်းပင် ဖြစ်၏။ ဤဘာဝနာများ အားထုတ်မှု၏ အကျိုးတရားအနေဖြင့် ...ူတို့သည် ဈာန်များကိုရရှိသည့်အခါ သူတို့စူးစိုက်ရှုရာ စိတ်အာရုံမှတစ်ပါး အခြား ...ခ်နုံတစ်ရာကို လုံးဝ မသိရှိကြတော့ချေ။

အခြားများစွာသော ပုဂ္ဂိုလ်တို့သည် မိမိတို့ပန်ခဲ့သည့် ဆုကို မေ့ပျောက်ကြ၊ ...မဟုတ် ဗုဒ္ဓဖြစ်ဖို့ ပါရမီဖြည့် လေ့ကျင့်မှုနှင့်ပတ်သက်၍ ဝတ်ကျေတန်းကျေသာ ...သော်လည်း ဤပုဂ္ဂိုလ်အနည်းငယ်တို့ကား မိမိတို့ပန်ခဲ့သည့်ဆုကို မမေ့ပျောက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အပြင် ဗုဒ္ဓဖြစ်ဖို့ မိမိတို့ကိုယ်ကို လေ့ကျင့်ရန်အတွက် စိတ်ထက်သန်စွာ လုပ်ဆောင်ကြလေ၏။ ဤပုဂ္ဂိုလ်အနည်းငယ်တို့မှာ သန့်စင်မွန်မြတ်သည့် ဂုဏ်နှစ်မျိုးရှိကြသော်လည်း အခြား ပုဂ္ဂိုလ်များစွာတို့ကား ထိုဂုဏ်များမှ ကင်းမဲ့ကြ၏။ ဤသန့်စင်မွန်မြတ်သည့် ဂုဏ်နှစ်မျိုးကား တကယ် ဗုဒ္ဓဖြစ်လိုသူအတွက် အခြေခံလိုအပ်ချက်များပင် ဖြစ်၏။ ယင်းတို့ကား–

(၁) မဟာကရုဏာ– ဗုဒ္ဓဆုပန်သူအား အခက်အခဲဟူသမျှကို ရင်ဆိုင်၍ စွန့်လွှတ်မှုဟူသမျှကို ခံယူနိုင်စေမည့် အလွန်ထူးမြတ်သော သနားမှု။

(၂) ဥပါယကောသလ္လဉာဏ–ဗုဒ္ဓဖြစ်ဖို့ မိမိကိုယ်ကို လေ့ကျင့်ရန်အတွက် ဗုဒ္ဓဆုပန်သူအား (က) ဘာကိုလုပ်ရမည်၊ (ခ) ဘာကိုမလုပ်ရဟူသည်ကို သိမြင်နိုင်စေသော အလွန်ထူးမြတ်သည့် သိဉာဏ်။

ဥပမာ– (ဒါနပါရမီဖြည့်ဆည်းရန်အတွက်) ကိုယ်လက်အင်္ဂါများကို ပေးလှူပစ်၏။ ဒါန၏ နောက်ကွယ်၌ရှိသော ဆန္ဒသည် လုံးဝ ဖြူစင်ရမည်။ ယင်းသည် ဗုဒ္ဓအဖြစ်ကို ရဖို့အတွက်သာဖြစ်ရမည်။ ထိုဆန္ဒကို ဘုရင်ကြီး၊ နတ်မင်းကြီး၊ သူဌေးကြီး စသည် ဖြစ်လိုမှုဖြင့် မည်သည့်အခြေအနေတွင်မှ မညစ်နွမ်းစေရ။ ဤနည်းအားဖြင့် ဤအသိဉာဏ်ရှိသောပုဂ္ဂိုလ်သည် ဖြစ်ပေါ်လာသည့် အခြေအနေမှ မှန်ကန်သည့် စိတ်ထားကို မည်သို့ ချမှတ်ထားရှိရမည်ကို သိမြင်လိမ့်မည်။

ဥပမာ– ကာမဂုဏ်တို့ကို တပ်မက်ခြင်းသည် တစ်စုံတစ်ဦးအား စင်ကြယ်ကြောင်းလမ်းစဉ်မှ သွေဖည်သွားစေလိမ့်မည်။ ထို့ကြောင့် ထိုတပ်မက်မှုကို ကောင်းစွာ ထိန်းချုပ်ရမည်။ ဤအသိဉာဏ်ရှိသောပုဂ္ဂိုလ်သည် ထိုတပ်မက်မှုကို မည်သို့လုပ်ရမည်ကို သိ၏။

ဤအလွန်ထူးမြတ်သည့် ဂုဏ်နှစ်ခုက လမ်းညွှန်ထားသောကြောင့် ဗုဒ္ဓဆုပန်သူတို့သည် ကုသိုလ်မှုများကို ဆည်းပူးပြီး၍ မိမိတို့၏ ဗုဒ္ဓဆုပန်မှုကို ဗုဒ္ဓတစ်ဆူ၏ အတည်ပြုပေးမှုအတွက် လိုအပ်သော ဂုဏ်အင်္ဂါရှစ်ပါးကို ရရှိပြီးသည့်တိုင်အောင် ယင်းကုသိုလ်မှုတို့ကို သယ်ဆောင်သွားလိမ့်မည်။

## အခန်း ၂

## ပါရမီဟူသည် အဘယ်နည်း

မိမိ၏ အတုမရှိသော စွန့်လှူမှု၊ အလွန်အထူးမြင့်မားသည့် အကျင့်သီလ၊ နက်နဲသော အသိဉာဏ်၊ ကြီးမားလှသည့် ကရုဏာတို့ကြောင့် ဗောဓိသတ္တ– ဘုရားလောင်းကို ပရမပုဂ္ဂိုလ်မြတ်ဟု ခေါ်၏။ မိမိ၏ ဤမြတ်သောဂုဏ်တို့အားဖြင့် မြောက်မြားလှစွာသော လူတို့အပေါ်၌ ဩဇာအာဏာလွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်ဖြစ်သောကြောင့်လည်း ဤသို့ (ပရမပုဂ္ဂိုလ်ဟု) ခေါ်ဝေါ်ခြင်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဖြစ်ဖို့ မိမိကိုယ်ကို လေ့ကျင့်ရန်အတွက် ဗောဓိသတ္တ (ဝါ) ပရမပုဂ္ဂိုလ် ပြုလုပ်သော မြင့်မြတ်ကောင်းမွန်သည့် အမှုကို ပါရမီဟု ခေါ်၏။

ထို့ပြင် ဗောဓိသတ္တဘုရားလောင်းသည် သဗ္ဗညုတဉာဏ်ကို ရရှိသည့်အခါမှသာ 'ဗုဒ္ဓ' ဖြစ်လာသောကြောင့် 'ဗုဒ္ဓအဖြစ်' ဟူသော စကားသည် 'သဗ္ဗညုတဉာဏ်' နှင့် အဓိပ္ပာယ်တူပုဒ်ဖြစ်၏။ ယင်းဉာဏ်သည် ဗုဒ္ဓအား သိဖွယ်ရာအလုံးစုံကို သိစွမ်းစေနိုင်သည့် ဉာဏ်မျိုးဖြစ်၏။ ပိုကောင်းသည့် ဝေါဟာရမရှိသောကြောင့် သဗ္ဗညုတဉာဏ်ကို (အနန္တဉာဏ်တော်) အကြမ်းဖျင်းအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်၏။ သဗ္ဗညုတဉာဏ်၏ အရေးအပါဆုံးဂုဏ်ကား 'ဒုက္ခ၊ ဒုက္ခ၏အကြောင်း၊ ဒုက္ခ၏ချုပ်ငြိမ်းမှု၊ ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်ကြောင်းလမ်း' ဟူသော အရိယသစ္စာလေးပါးနှင့် သက်ဆိုင်သည့် အချက်အားလုံးကို သိမြင်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် ပါရမီဟူသောစကားကို သဗ္ဗညုတဉာဏ်ရဖို့အတွက် ဗောဓိသတ္တပုဂ္ဂိုလ်ပြုလုပ်သည့် မြင့်မြတ်ကောင်းမွန်သော အမှုဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်၏။

မိမိတို့၏ ဗုဒ္ဓဆုပန်မှုကို ဗောဓိသတ္တ (ဝါ) ပရမ ပုဂ္ဂိုလ်တို့ ရယူရာဖြစ်သော ဗုဒ္ဓအရှင်တို့သည် ဗောဓိသတ္တတို့အား သဗ္ဗညုတဉာဏ်ကို ရယူရန်အတွက် ဘာတွေလုပ်သင့်သည်၊ ဘာတွေမလုပ်သင့်ဟူ၍ မပြောပြခဲ့ချေ။ ဗောဓိသတ္တတို့သည် ထုံးစံအတိုင်းဖြင့် မိမိတို့၏ အလွန်ထူးခြားသည့် အသိဉာဏ်စွမ်းဖြင့် မိမိတို့ကိုယ်တိုင်ပင် ထိုလမ်းကို တွေ့ရှိကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါတို့သည် ဗုဒ္ဓဖြစ်ဖို့ မိမိကိုယ်ကို လေ့ကျင့်ရန်အလို့ငှာ ဗောဓိသတ္တ ပုဂ္ဂိုလ်သည် လုပ်ဆောင်ရမည့် ပါရမီဆယ်ပါးတို့ ဖြစ်သည်။

**၁။ ဒါနပါရမီ**

သုမေဓာရသေ့ တွေ့ရှိသည့် ပထမဆုံး ပါရမီကား ဒါနဖြစ်၏။ ဒါနသည် ပေးကမ်းစွန့်ကြဲခြင်းကို ဆိုလို၏။

ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရလိုလျှင်၊ ဒါနပါရမီကို အထွတ်အထိပ်သို့ ရောက်သည်အထိ သင် ဆည်းပူးရမည်။

'အိုးသည် ထက်အောက်မှောက်လှန်လိုက်သည့်အခါ ၎င်းထဲရှိ ရေ (ဝါ) နို့ရည်ကို ထိန်ချန်မထားသကဲ့သို့ပင် သင်သည် သင်နိုင်သည့် အရာကို အလိုရှိသူတိုင်းအား တွေ့မြင်လျှင် သင့်အတွက် ဘာမျှ ထိန်းသိမ်းမထားရဘူး။

'သင်သည် အလှူခံပုဂ္ဂိုလ်ကို မရွေးချယ်ရဘူး၊ သင်သည် အမျိုး ဘာသာမရွေး အကူအညီတောင်းခံသူတိုင်းအား သင့်မှာ ရှိတာကိုပေးရမည်။

**၂။ သီလပါရမီ**

သူတွေ့ရှိခဲ့သည့် ဒုတိယပါရမီကား သီလ ဖြစ်၏။ သီလဟူသည် မမှန်တာကို ပြုလုပ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန် မိမိကိုယ်နှင့် နှုတ်ကိုထိန်းချုပ်ကြောင်း သိက္ခာပုဒ်များကို စောင့်ထိန်းထားခြင်း ဖြစ်၏။

ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် သင်သည် သီလပါရမီကို အထွတ်အထိပ်သို့ ရောက်ရှိသည်အထိ ဆည်းပူးရမည်။

'စာမရီမည်သော သားကောင်မျိုးသည် သူ့အမြီး၏ထိပ်ဖျား၌ အမွေးဆံစုရှိ၏။ ဤအမွေးများသည် တစ်စုံတစ်ခု၌ ငြိတွယ်မိလျှင် သူသည် ထိုနေရာမှ မသွားတော့ပေ။ သူသည် ထိုမြီးဆံတို့ကို ငြိတွယ်ခြင်းမှလွတ်အောင် ရုန်းကန်ခဲ့လျှင်သော်မှ ရုန်းကန်ခြင်းကြောင့် ဤမြီးဆံများ ကျွတ်ထွက်သွားမှာ စိုး၍ ထိုကဲ့သို့ရုန်းကန်ခြင်း မပြုတော့ချေ။ ထိုမြီးဆံများ ကျွတ်ထွက်သွားစေခြင်းထက် ထိုနေရာမှာ သူ အသေခံသွားလိမ့်မည်။ သူသည် အမြီး၏ထိပ်ဖျား၌ရှိသောအမွေးများကို မိမိ အသက်ဖြင့်လဲ၍ ကာကွယ်လိမ့်မည်။

'စာမရီသည် မိမိ၏ အမြီးဖျား၌ရှိသော အမွေးများကို မိမိအသက်ဖြင့် ကာကွယ်သကဲ့သို့ပင် သင်သည် သင်၏ သီလသိက္ခာပုဒ်များကို သင့်အသက်ဖြင့် အမြဲကာကွယ်သွားရမည်။



**၃။ နေက္ခမ္မပါရမီ**

သူတွေ့ရှိခဲ့သည့် တတိယပါရမီကား နေက္ခမ္မ ဖြစ်၏။ ယင်းသည် စွန့်လွှတ်ခြင်း ... သားမယားများကိုသာမဟုတ်၊ ကာမဂုဏ်တို့ကို တပ်မက်မှုနှင့် မိမိ၏ မကောင်းသည့် စိတ်အလိုဆန္ဒများကိုပါ စွန့်လွှတ်ခြင်းကို ဆိုလို၏။ ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် နေက္ခမ္မပါရမီကို အထွတ်အထိပ်သို့ ရောက်သည်အထိ ဖြည့်ကျင့်ရမည်။

'အချုပ်ခန်းထဲ၌ အကျဉ်းချထားခြင်းဖြင့် အစဉ်နှိပ်စက်ခံနေရသည့် အကျဉ်းသားသည် အချုပ်ခန်း၌ တွယ်တာမှုမရှိချေ။ သူသည် အချုပ်ခန်းမှ မိမိလွတ်မြောက်စေမည့် ...လမ်းများကို အစဉ်ရှာနေ၏။ သင်သည် ပဋိသန္ဓေနေရခြင်းတို့ကို ၃၁ ဘုံ ...လျှောက်ရှိ အချုပ်ခန်းတစ်ခုပြီးတစ်ခု (အကန့် အကန့်)ကဲ့သို့ မြင်ရမည်။ အကျဉ်း...ကဲ့သို့ပင် သင်သည် အဆုံးမရှိသည့် ပဋိသန္ဓေနေခြင်းတို့မှ မိမိ လွတ်မြောက်...သို့ ရှေးရှုသည့် ဖြစ်နိုင်သော ထွက်ပေါက်အားလုံးကို ရှာဖွေရမည်။ သင်သည် ...ဆုံးမရှိသည့် ပဋိသန္ဓေနေခြင်းတို့မှ သင့်ကိုယ်ကို လွတ်မြောက်စေရန်အလို့ငှာ ...လွှတ်ခြင်းကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားရမည်။

**၄။ ပညာပါရမီ**

သူတွေ့ရှိခဲ့သည့် စတုတ္ထပါရမီကား ပညာဖြစ်၏။ ယင်းသည် မိမိအတွက်သာ ...ဟုတ်၊ သူတစ်ပါးတို့၏ အသိပိုင်း၊ အကျင့်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မြင့်တက်မှုကို ...မြင့်စေရန်အတွက်လည်း အသိပညာစုဆောင်းခြင်းကို ဆိုလို၏။

ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတ...ဉာဏ်ကိုရရှိလိုလျှင် အသိပညာကို အထွတ်အထိပ်သို့ရောက်သည်အထိ ဆည်းပူးရမည်။

'ရဟန်းတစ်ပါးသည် အဆင့်မြင့်သူ၊ နိမ့်သူထံမှ မိမိဆွမ်းကို စုဆောင်းခံယူ၏။ ...ရဟန်းကဲ့သို့ပင် သင်လည်း ပညာရှိအားလုံးထံသို့ သူတို့၏ အမျိုးဇာတ်၊ ရာထူး ...င့်၊ ဥစ္စာဓနကိုမကြည့်ဘဲ ချဉ်းကပ်၍ 'ဆရာ၊ ဘယ်ဟာကကောင်းမှုလဲ၊ ဘယ်ဟာ ...ကောင်းမှုလဲ၊ သုစရိုက်က ဘာလဲ၊ ဒုစရိုက်က ဘာလဲ'ဟု မေးမြန်းရမည်။ ...သည်ဖြင့်အသိပညာကိုစုဆောင်းပြီးနောက် ယင်းအသိပညာကို မိမိအတွက် အသုံး... သူတစ်ပါးတို့အား အကျင့်ပိုင်း၊ အသိပညာပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မြင့်တက်မှုကို ...မြင့်စေရန်အတွက် ပေးကမ်းပါလော့'

**၅။ ဝီရိယပါရမီ**

သူတွေ့ရှိခဲ့သည့် ပဉ္စမပါရမီကား ဝီရိယ ဖြစ်၏။ ယင်းသည် ခွဲလုံ့လဖြင့် ...ငြင်းမှုကို ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ဆုံးမလေ၏။ 'သုမေဓ၊ သင်သည်-သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် ဝီရိယပါရမီကို အထွတ်အထိပ်သို့ရောက်သည်အထိ ဆည်းပူးရမည်။

'ခြင်္သေ့သည် ထိုင်နေစဉ်(ဝါ)ရပ်နေစဉ် (ဝါ)သွားနေစဉ် မိမိ၏ လုံ့လဝီရိယကို ဘယ်တော့မှ မလျှော့သကဲ့သို့ပင် သင်လည်း ဗုဒ္ဓဖြစ်ဖို့ လေ့ကျင့်သည့်ကာလ တစ်လျှောက်လုံး လုံ့လဝီရိယကို ဖြည့်ကျင့်ရမည်။

**၆။ ခန္တီပါရမီ**

သူတွေ့ရှိခဲ့သည့် ဆဋ္ဌမပါရမီကား ခန္တီဖြစ်၏။ ယင်းသည် သည်းခံခြင်းတို့ကို ဆိုလို၏။

ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် ခန္တီပါရမီကို အထွတ်အထိပ်သို့ရောက်သည်အထိ ဆည်းပူးရမည်။

'လူတချို့မှာ တစ်ခါတစ်ရံ သည်းခံခြင်းရှိ၊ တစ်ခါတစ်ရံ၌ သည်းခံခြင်း မရှိကြကုန်။ သူတို့မှာ လူတချို့အတွက်သည်းခံခြင်းရှိ၍ အခြားလူများအတွက် သည်းခံခြင်း မရှိကုန်။ ခန္တီကိုကျင့်ရာ၌ သင်သည် ထိုကဲ့သို့သော 'ခံ' နှစ်မျိုးကို ရှောင်ရမည်။ သင့်မှာ အခါခပ်သိမ်း လူအားလုံးအတွက် သည်းခံခြင်းရှိရမည်။

အစုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပုဂ္ဂိုလ်အားလုံးအားလည်းကောင်း၊ မိမိအပေါ် ပစ်ချလိုက်သည့် သန့်ရှင်း၊ မသန့်ရှင်းသောအရာများအားလည်းကောင်း သည်းခံခြင်းကိုပြနေသည့် မြေကြီး၏ စံထားလောက်သည့် သည်းခံခြင်းမျိုးသည် သင့်အဖို့ မှတ်ဖွယ်သင်ခန်းစာဖြစ်ရမည်။

**၇။ သစ္စာပါရမီ**

သူတွေ့ရှိခဲ့သည့် သတ္တမပါရမီကား သစ္စာဖြစ်၏။ ယင်းသည် မှန်ကန်ခြင်းကို ဆိုလို၏။

ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် သစ္စာပါရမီကို အထွတ်အထိပ်သို့ရောက်သည်အထိ ဆည်းပူးရမည်။

'သင်သည် တစ်ခါတစ်ရံ အမှန်ကိုပြော၍ တစ်ခါတစ်ရံမှာ မမှန်တာကိုပြောဆိုခြင်း၊ လူတချို့အား အမှန်ကိုပြော၍ အခြားလူတို့အား မမှန်တာကိုပြောဆိုခြင်းဟူသော ခံနှစ်မျိုးကို ရှောင်ရမည်။



'သောကြာဂြိုဟ်သည် လူ၏လမ်းကြောင်းမှ ဘယ်တော့မှ သွေဖည်မသွားသကဲ့သို့ပင် သင်သည် သစ္စာလမ်းကြောင်းမှ ဘယ်တော့မှ မသွေဖည်ရ။ သင်သည် တစ်စုံတစ်ရာကိုမြင်လျှင် သင်မြင်၏ဟု ပြောရမည်။ သင်သည် အသံတစ်ခုကို ကြားလျှင် သင် ကြား၏ဟု ပြောရမည်။ သင်သည် အနံ့နံလျှင်၊ အရသာကိုလျက်မိလျှင်၊ တွေ့ထိလျှင် ထိုအတိုင်းပင် ပြောရမည်။ စိတ်အကြံတစ်ခုကို သင်သိမြင်လျှင် ထိုအတိုင်းပင် ပြောရမည်။

'သင်သည် မမြင်၊ မကြား၊ မနံ၊ အရသာလျက်၊ တွေ့ထိ၊ ကြံသိလျှင် ထိုအတိုင်းပင် သင် ပြောရမည်။

'သင်သည် သစ္စာလမ်းကြောင်းမှ ဘယ်တော့မှ မသွေဖည်ရ'

**အဓိဋ္ဌာနပါရမီ**

သူတွေ့ရှိခဲ့သည့် အဋ္ဌမပါရမီကား 'အဓိဋ္ဌာန'ဖြစ်၏။ ယင်းသည် မြဲမြံသော ဆုံးဖြတ်မှု (အဓိဋ္ဌာန်)ကို ဆိုလို၏။

ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် အဓိဋ္ဌာနပါရမီကို အထွတ်အထိပ်သို့ရောက်သည်အထိ ဆည်းပူးရမည်။

'သင်သည် တစ်စုံတစ်ရာကိုပြုလုပ်ရန် တစ်စုံတစ်ခုသောစကားကို ပြောဆိုရန် ဆုံးဖြတ်လျှင် မည်သို့ဖြစ်စေကာမူထိုဟာကို ပြုလုပ်လော့၊ ပြောဆိုလော့၊ သင်သည် တစ်စုံတစ်ရာကို မပြုလုပ်ရန် တစ်စုံတစ်ခုသောစကားကို မပြောဆိုရန် ဆုံးဖြတ်လျှင် မည်သို့ပင်ဖြစ်စေကာမူ ထိုဟာကို မပြုလုပ်လင့်၊ မပြောဆိုလင့်။

'ကျောက်တောင်သည် ပြင်းထန်သည့်လေမုန်တိုင်းကြောင့် မတုန်လှုပ်သကဲ့သို့ပင်၊ သင်သည် သင်၏ မြဲမြံသည့်ဆုံးဖြတ်ချက်ကို စွန့်လွှတ်ရန် ဖိအားပေးနေသည့် အခြေအနေများကြောင့် မတုန်လှုပ်ရ၊ နောက်မဆုတ်ရဘူး။

'သင်သည် ဗုဒ္ဓဖြစ်ဖို့အတွက် ပါရမီအားလုံး၏ အထွတ်အထိပ်သို့ရောက်ရှိရန် သင့်အဓိဋ္ဌာန်များကို မယိမ်းမယိုင် ထိန်းသိမ်းသွားရမည်။'

**မေတ္တာပါရမီ**

သူ တွေ့ရှိခဲ့သည့် နဝမပါရမီကား မေတ္တာ ဖြစ်၏။ ယင်းသည် သတ္တဝါအားလုံးအား ချစ်ခင်မှုကို ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် မေတ္တာပါရမီကို အထွတ်အထိပ်သို့ရောက်သည်အထိ ဆည်းပူးရမည်။

'ရေသည် သူတော်စင်များ၊ သူယုတ်မာများကို အတန်းအစားမခွဲခြားဘဲ အေးမြစေ၊ သန့်ရှင်းစေသကဲ့သို့ပင် သင်သည် သင့်အား ဖျက်ဆီးလိုသည့် သင့်ရန်သူနှင့် သင့်အား ကူညီလိုသည့် သင့်မိတ်ဆွေများကို အညီအမျှ ချစ်ခင်ရမည်။

**၁၀။ ဥပေက္ခာပါရမီ**

သူတွေ့ရှိခဲ့သည့် ဒသမပါရမီကား ဥပေက္ခာ ဖြစ်၏။ ယင်းသည် စိတ်၏ ငြိမ်သက်မှုကို ဆိုလို၏။ ယင်းသည် တစ်စုံတစ်ဦးအား လောကဓံရှစ်ပါးကို လုံးဝ ငြိမ်သက်သည့်စိတ်ဖြင့် ရင်ဆိုင်နိုင်စေသောကြောင့် မြင့်မြတ်သည့် စိတ်အခြေအနေ ဖြစ်၏။ ထိုလောကဓံရှစ်ပါးတို့ကား အောက်ပါအတိုင်းဖြစ်၏။ (၁) တစ်စုံတစ်ဦးမှာ ဥစ္စာဓနရှိသည့်အခါ၊ (၂) ဥစ္စာဓနမရှိသည့်အခါ၊ (၃) တန်ခိုးသြဇာရှိသည့်အခါ၊ (၄) တန်ခိုးသြဇာမရှိသည့်အခါ၊ (၅) ချီးမွမ်းခံရသည့်အခါ၊ (၆) ချီးမွမ်းမခံရသည့်အခါ၊ (၇) ဒုက္ခရောက်သည့်အခါ၊ (၈) ဒုက္ခမှ လွတ်မြောက်သည့်အခါ။

ထိုအခါ သူသည် မိမိကိုယ်ကို ဤသို့ဆုံးမလေ၏။ 'သုမေဓ၊ သင်သည် သဗ္ဗညုတဉာဏ်ကို ရရှိလိုလျှင် ဥပေက္ခာပါရမီကို အထွတ်အထိပ်သို့ရောက်သည်အထိ ဆည်းပူးရမည်။

'တစ်သက်တာတွင် အတက်အကျများရှိကြ၏။ သင်သည် တက်နေသည့်အခါ မိမိကိုယ်ကို ဘဝင်မြင့်ခွင့် မပေးလင့်၊ စိတ်ဘဝင်မြင့်ခြင်းသည် လောဘကို ဖြစ်စေလိမ့်မည်။ သင်သည် ကျသွားသည့်အခါ မိမိကိုယ်ကို စိတ်မချမ်းသာခွင့် မပေးလင့်၊ စိတ်မချမ်းသာခြင်းသည် ဒေါသကို ဖြစ်စေလိမ့်မည်။ သင်သည် လောကဓံများကို လုံးဝ စိတ်ငြိမ်သက်မှုဖြင့် ရင်ဆိုင်နိုင်အောင် မိမိကိုယ်ကို ထိန်းသိမ်းလော့။

'သင်သည် သင့်မိတ်ဆွေများ၊ သင့်ရန်သူများကို လုံးဝငြိမ်သက်မှုဖြင့် ရင်ဆိုင်နိုင်အောင် ထိန်းသိမ်းလော့။'

ဤသည်တို့ကား ဗောဓိသတ္တတွေ့ရှိခဲ့သည့် ပါရမီဆယ်ပါးပေတည်း။ နောက်ဆုံးတွင် ထိုပါရမီဆယ်ပါး အသီးသီး၏ အထွတ်အထိပ်သို့ ကြိမ်ဖန်များစွာ ရောက်ခဲ့သည့်တိုင်အောင် မရေတွက်နိုင်သည့် ကပ်ကမ္ဘာတစ်လျှောက်လုံး တစ်ဘဝပြီး တစ်ဘဝ အတွင်း၌ ထိုပါရမီများကို တတ်စွမ်းသမျှဖြည့်ကျင့်ခဲ့ပေသည်။ တစ်ခါတစ်ရံ ပါရမီ တစ်ခုကို သူ့ဖြည့်ကျင့်မှုသည် မိမိ၏ ဥစ္စာဓန သားမယားများ၊ တစ်ခါတစ်ရံ မိမိ၏ကိုယ်အင်္ဂါများ၊ တစ်ခါတစ်ရံ မိမိ၏အသက် စွန့်လွှတ်ရခြင်းကို ဖြစ်စေခဲ့၏။



သူ စွန့်လွှတ်ခဲ့သည့်အရာသည် သူ့ဥစ္စာ၊ သူ့သားမယား ဖြစ်ခဲ့သော် သူ၏ ပါရမီကို သာမန်ပါရမီဟု ခေါ်၏။ သူ စွန့်လွှတ်ခဲ့ရသည့်အရာသည် သူ့မျက်စိများ၊ ကိုယ်ခန္ဓာများဖြစ်ခဲ့သော် သူ၏ ပါရမီကို ပို၍ မြင့်မြတ်သည့်ပါရမီဟု ခေါ်၏။ သူ စွန့်လွှတ်ခဲ့သည့်အရာသည် သူ့အသက်ဖြစ်ခဲ့သော် သူ၏ ပါရမီကို အမြင့်မြတ်ဆုံး ပါရမီဟု ခေါ်၏။

ထို့ကြောင့် အထက်ဖော်ပြပါ ပါရမီ ဆယ်ပါးကို ယင်းတို့အဆင့် သုံးဆင့်ဖြင့် မြှောက်ပွားလျှင် စုစုပေါင်း ပါရမီ ၃၀ ဖြစ်လာမည်။ ဤသို့အားဖြင့် ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ကို ရရှိဖို့အတွက် မိမိ၏ပါရမီများကို ဆည်းပူးခဲ့လေ၏။

သို့ရာတွင် ဗောဓိသတ္တသည် ဗုဒ္ဓဖြစ်ဖို့အတွက် လေ့ကျင့်ခဲ့ရသည့် အလွန်အမင်း ရှည်လျားလှသည့် ကာလတစ်လျှောက်လုံး၌ ပါရမီ ၁၀ ပါးတွင် တချို့ကိုသာ ဖြည့်ကျင့်ခဲ့၏ဟုလည်းကောင်း၊ ဒုစရိုက်မှုတစ်စုံတစ်ရာကို မကျူးလွန်ခဲ့ဟုလည်းကောင်း မထင်မှတ်နိုင်ပေ။

တစ်ခါတစ်ရံ သူသည် ဒုစရိုက်မှုများကို ကျူးလွန်ခဲ့၏။ ဤဒုစရိုက်မှုများအတွက် သူသည် မကြာခဏ ငရဲနှင့် တိရစ္ဆာန်လောက၌ ဖြစ်ခဲ့ရ၏။ သို့ရာတွင် ဗောဓိသတ္တနှင့်ပတ်သက်၍ အထူးခြားဆုံးသောအရာများအနက် တစ်ခုကား သူသည် မှားယွင်းသည့် အခါတိုင်းမှာ မိမိ၏ ဗုဒ္ဓဆုပန်မှုကို ဘယ်တော့မှ မျက်ခြည်မပြတ်ခဲ့သည့်အချက် ဖြစ်၏။ ဤအချက်ကြောင့်ပင် သူသည် လမ်းမှားသွားသည့်အခါ မကြာခဏ မှားယွင်းခဲ့၏။ သူသည် မိမိအမှားကို အမြန်သိရှိပြီး နောင်တရကာ အမှားပြင်သည့် ဆုံးဖြတ်ချက်ဖြင့် မိမိ၏ မကောင်းသောအကျင့်ကို စွန့်လွှတ်ခဲ့၏။

ဤပါရမီ ဆယ်ပါးတို့အပြင် ဗောဓိသတ္တဖြည့်ကျင့်ခဲ့သော ကောင်းမြတ်သည့် အရိုက် သုံးမျိုးလည်းရှိ၏။ ယင်းတို့ကား 'လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ' တို့ ဖြစ်၏။ ဥပမာ– သူသည် ဘုရင်နှင့် နိုင်ငံ (ဝါ) လူသားအတွက် ကောင်းမြတ်သည့် အမှုများကိုပြုလုပ်လျှင် သူ၏ အမှုကံတို့ကို 'လောကတ္ထစရိယ' ဟု ခေါ်တွင်ပေမည်။ သူသည် မိမိ၏ မိဘဆွေမျိုးများအတွက် ကောင်းမြတ်သည့်အမှုများကို ပြုလုပ်လျှင် သူ၏အမှုကံတို့ကို 'ဉာတတ္ထစရိယ' ဟု ခေါ်တွင်ပေမည်။ တစ်ခါတစ်ရံ သူပြုလုပ်ခဲ့သည့်အရာသည် လူသားအတွက်၊ ဆွေမျိုးများအတွက်မဟုတ်၊ သဗ္ဗညုတဉာဏ်အတွက်သာ ဖြစ်၏။ ထိုအခါ သူ၏ ကောင်းမြတ်သည့် အမှုကံတို့ကို 'ဗုဒ္ဓတ္ထစရိယ' ဟု ခေါ်တွင်ပေမည်။

ကျေးဇူးပြု၍ အခန်း ၃ ပါ ရှင်းပြချက်များ ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃

## ပါရမီဆယ်ပါး

ဇာတိသတ္တမျာဆိုင်ရာ အကြောင်းအရာများ ထုတ်နုတ်ယူရာဖြစ်သော ဇာတ်တော်တို့သည် ပုံဝတ္ထုများဖြစ်၏။ ဗုဒ္ဓလက်ထက်က အဖြစ်အပျက်တစ်ခုနှင့် ဆက်နွှယ်မှုရှိခဲ့သော ရှေးအတိတ်က အဖြစ်အပျက်ကို ပြန်ပြောရန်အတွက် ဗုဒ္ဓသည် ဇာတ်တော်ကို ဟောကြားခဲ့၏။ ဥပမာ–မိမိဖခင်၏ နေပြည်တော်သို့ကြွသွားစဉ်က တစ်နေ့တွင် အလွန်ပြင်းထန်သည့် မိုးကြီးရွာချခဲ့၏။ ပရိသတ်ကြီးထဲပါ စိုစွတ်လိုသည့် ပုဂ္ဂိုလ်များသာ စိုစွတ်ကြ၏။ မစိုစွတ်လိုသည့် ပုဂ္ဂိုလ်များကိုမူ မိုးရေတစ်စက်မှမထိပေ။ ပရိသတ်ထဲပါ ပုဂ္ဂိုလ်တို့သည် 'တယ်အံ့ဖွယ်ကောင်းတဲ့ မိုးပါလား'ဟု အော်ပြောကြ၏။ ထိုကဲ့သို့ အံ့ဖွယ်ကောင်းသည့်မိုးမျိုး ရှေးအတိတ်ကလည်းရွာဖူးသည်ဟု ဗုဒ္ဓက ပြန်လည်မိန့်တော်မူလေ၏။ ထိုအခါ ပရိသတ်ထဲပါ ပုဂ္ဂိုလ်တို့က မိမိတို့အကျိုးစီးပွားအတွက် ထိုအတိတ်အကြောင်းကို ပြန်၍ပြောပြရန် ဗုဒ္ဓအား ပန်ကြားကြ၏။ ဝေဿန္တရာမင်းကြီးသည် နေပြည်တော်မှ နှင်ထုတ်ခံရပြီးနောက် မိဘများ၊ သားသမီးများ၊ ဆွေမျိုးများနှင့် ပြန်ပေါင်းစည်းမိသည့်အခါတွင် ထိုကဲ့သို့သော မိုးမျိုးရွာချခဲ့ဖူးသောကြောင့် ဝေဿန္တရာဇာတ်တော်ကို ဗုဒ္ဓက ပရိသတ်အား ပြန်၍ ဟောကြားတော်မူလေ၏။

တစ်ခါတုန်းက မိန်းမတချို့နှင့် ချစ်ကြိုက်ခဲ့မိသောကြောင့် သံဃာ့ဘောင်ကို စွန့်ခွာရန် ပြင်ဆင်နေကြသည့် ရဟန်းတချို့ကို ဗုဒ္ဓထံခေါ်လာခဲ့၏။ ယခုပစ္စုပ္ပန်မှာသာ မဟုတ် ရှေးကလည်း ထိုမိန်းမများက ဖျက်ဆီးခဲ့ဖူးသည်ဟု ဗုဒ္ဓက ထိုရဟန်းတို့အား ဟောကြားလိမ့်မည်။ ထိုရဟန်းများကိုယ်တိုင်က (ဝါ) တစ်စုံတစ်ယောက်က ဗုဒ္ဓအား ထိုအတိတ်အကြောင်းကို ပြန်၍ဟောကြားရန် တောင်းပန်သည့်အခါ ဗုဒ္ဓက ထိုကဲ့သို့ ဟောကြားခြင်းပြုခဲ့၏။ ထိုကဲ့သို့သောအခွင့်အခါများ၌ တစ်ခါတစ်ရံ ဗုဒ္ဓသည် 'ဇာတိသတ္တဖြစ်စဉ်က မိမိအား မိန်းမတစ်ဦးက ဒုက္ခရောက်စေခဲ့ပုံ'ကို ပြန်ဟောတော်မူပေမည်။ ဤဇာတ်တော်တို့၏အဆုံး၌ ရဟန်းတို့သည် နောင်တရလာကြပြီး မိမိတို့၏ပန်းတိုင် (နိဗ္ဗာန်)ကို ရရှိရန်အတွက် ပြင်းထန်စွာ တရားအားထုတ်သွားကြလေ၏။ ဒေဝဒတ်က မိမိကိုသတ်ရန် အားထုတ်ခဲ့သည့်အခါ ဗုဒ္ဓအား 'ရှေးကလည်း ဒေဝဒတ်သည် မိမိကို



သတ်ရန်များစွာသတ်ရန် အားထုတ်ခဲ့၏'ဟု ရဟန်းတို့အား ဟောပြလိမ့်မည်။ တစ်စုံတစ်ဦး၏ တောင်းပန်ချက်အရ ဗုဒ္ဓသည် အတိတ်အကြောင်းကို ပြန်ဟောပြပေမည်။ ဤနည်းအားဖြင့် ဇာတ်တော်များကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

ဇာတ်တော်တိုင်း၏အဆုံးမှာ ဗုဒ္ဓသည် ဇာတ်တော်ထဲပါ အဓိကဇာတ်ဆောင်တို့ကို မိမိနှင့် တစ်နည်းနည်းဖြင့် ဆက်စပ်ခဲ့သည့် သက်ရှိပုဂ္ဂိုလ်တချို့နှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလိမ့်မည်။ ဤသို့လျှင် ဝေဿန္တရာဇာတ်တော်၏အဆုံး၌ ဗုဒ္ဓသည် 'ဇူဇကာကို ရာဟုလာမိခင်၏မောင် ဒေဝဒတ်နှင့်လည်းကောင်း၊ နတ်တို့၏ဘုရင် သိကြားမင်းကို အရှင်အနုရုဒ္ဓါနှင့်လည်းကောင်း၊ သိဉ္စည်းမင်းကို မိမိ၏ဖခင်သုဒ္ဓေါဒန မင်းနှင့်လည်းကောင်း၊ ဖုသတီမိဖုရားကို မိမိ၏မိခင် မဟာမာယာမိဖုရားကြီးနှင့် လည်းကောင်း၊ မဒ္ဒီကို ရာဟုလာမိခင်နှင့်လည်းကောင်း၊ (ဇာတ်တော်များထဲ၌ ဗုဒ္ဓ မဖြစ်ခင်က သိဒ္ဓတ္ထမင်း၏ မိဖုရားဖြစ်သူ ယသော်ဓရာကို ရာဟုလမာတာ=ရာဟုလာ၏မိခင်အဖြစ်ဖြင့် ညွှန်းဆိုထား၏)။ ဇာလီကိုရာဟုလာနှင့်လည်းကောင်း၊ ကဏှာကို ဗုဒ္ဓ၏ ဘိက္ခုနီအဂ္ဂသာဝက နှစ်ပါးထဲက တစ်ပါးဖြစ်သော ဥပ္ပလဝဏ္ဏာနှင့် လည်းကောင်း၊ ဝေဿန္တရာကို မိမိနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်း ပြတော်မူလေ၏။

ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဏ်ဟု ခေါ်သည့် တန်ခိုးဣဒ္ဓိအားဖြင့် ဗုဒ္ဓသည် သင့်လျော်သည့် အခွင့်အခါ ပေါ်ပေါက်လာတိုင်း အတိတ်ကြောင်းကို ပြန်ပြောပြ၏။ စာရှုသူတို့သည် သမာဓိဆိုင်ရာ အခန်းသို့ရောက်လာသည့်အခါ ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်အကြောင်းကို ပို၍ သိရပေမည်။

အောက်ပါတို့သည် ဇာတိသတ္တဆိုင်ရာ အကြောင်းအရာ တချို့ဖြစ်၍ ဤအကြောင်းအရာများမှာ စာရှုသူတို့သည် 'ဇာတိသတ္တသည် သဗ္ဗညုတဉာဏ်ကိုရရှိရန် မိမိကိုယ်ကို မည်သို့လေ့ကျင့်ခဲ့ရကြောင်း'ကို လေ့လာနိုင်၏။ ဤရှင်းပြချက်တို့သည် ဇာတ်တော်အစဉ်အတိုင်း မဟုတ်ပေ။ ဘုရားလောင်းသုမေဓာ တစ်ခုပြီးတစ်ခု တွေ့ရှိခဲ့သည့်အတိုင်း ပါရမီဆယ်ပါး၏ အစဉ်နှင့်ကိုက်ညီစေရန် ယင်းရှင်းပြချက်တို့ကို ထုတ်ယူထားပါသည်။

### ၁။ ဒါနပါရမီ

#### (က) ဝေဿန္တရာမင်းကြီး

(အောက်ပါသည် သာမန် ဒါနပါရမီ၏ နမူနာဖြစ်၏။)

ဗုဒ္ဓသည် ကပိလဝတ္ထုပြည်ရှိ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေစဉ်မှာ ပရိသတ်ထဲမှ မိုးစိုစွတ်လိုသည့် ပုဂ္ဂိုလ်များကို စိုစွတ်စေ၍ မစိုစွတ်လိုသည့် အခြား

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို လျစ်လျူရှုခဲ့သည့် အံ့ဖွယ်မိုးနှင့်စပ်လျဉ်း၍ မိမိ၏ဆွေမျိုးများနှင့် ကပိလဝတ်ပြည်သားများပါဝင်သည့် ပရိသတ်ကြီးအား ဤဇာတ်ကို ဗုဒ္ဓဟောကြားခဲ့၏။

ဘုရားလောင်းဝေဿန္တရာသည် သိဝိမင်းကြီး၏သား သိဥ္စည်းမင်းနှင့် ဖုသတီမိဖုရားတို့၏ သားဖြစ်၏။ သူသည် မှားသွားသည့်အထိ အလှူရက်ရောခဲ့။ ကလေးဘဝမှစ၍ သူသည် မိမိမှာရှိသည့် အရာဟူသမျှကို တောင်းသည့်ပုဂ္ဂိုလ်တိုင်းအားပေးလှူပစ်၏။ မိမိအား မိဘများက ဆင်မြန်းပေးထားသည့် အဖိုးတန်ရတနာများကို ရရှိပြီးနောက် မကြာမီပင်ပေးလှူပစ်၏။ သူသည် မိမိအသက်ကို အလိုရှိသူ တစ်စုံတစ်ဦးအား တွေ့မည်ဆိုလျှင် ထိုအသက်ကိုပေးလှူရန်ပင် ဆုံးဖြတ်ခဲ့၏။ သူသည် အရွယ်ရောက်လာသောအခါ မဒ္ဒီနှင့်လက်ထပ်၏။ သူတို့သည် ဇာလီနှင့် ကဏှာအမည်ရှိ သားတစ်ဦးနှင့် သမီးတစ်ဦး ရရှိခဲ့၏။

တစ်နေ့သ၌ သူ၏ အလှူရက်ရောမှုကို အခွင့်ကောင်းယူလျက် မိုးခေါင်မှုကြီးဖြစ်ပွားသည့် ကလိင်္ဂတိုင်းမှပုဏ္ဏားရှစ်ယောက်တို့သည် မိမိတို့အား သူ့ဆင်ဖြူတော်ကိုပေးလှူဖို့ ဝေဿန္တရာမင်းကြီးကို တောင်းပန်ရန် ရောက်လာကြ၏။ မင်းကြီးသည် ထိုဆင်ဖြူတော်ကို ချက်ချင်းပေးလှူလိုက်သည့်အခါ သူ၏ ပြည်သူတို့သည် အလွန့်အလွန်အမျက်ထွက်ကြကုန်၏။ အကြောင်းမှာ ဆင်ဖြူတော်သည် နိုင်ငံအား ငြိမ်းချမ်းမှုနှင့်ဝပြောမှုကို ဆောင်ပေးနိုင်သည်ဟု သူတို့ ယုံကြည်သောကြောင့် ဖြစ်၏။ သူတို့၏ အလွန်ပြင်းထန်သည့် ဆန္ဒပြမှုကြောင့် ခမည်းတော် ဖခင်မင်းကြီးသည် သူ့ကို ဝင်္ကပါတောင်သို့ နှင်ထုတ်ခဲ့ရ၏။ သူ ထွက်မသွားခင်မှာ သူ၏ပန်ကြားချက်အရ ခမည်းတော်မင်းကြီးက သူ့အား အလှူပွဲကြီး ပေးလှူခွင့်ပြုခဲ့၏။

မဒ္ဒီသည် ကလေးနှစ်ဦးနှင့်အတူ သူ့နောက်လိုက်သွားရန် အတင်း တောင်းဆိုခြင်းကြောင့် သူမကို လိုက်သွားခွင့်ပြုခဲ့၏။ သူတို့သည် မြို့ပြင်သို့ရောက်သည့်အခါ ပုဏ္ဏားလေးဦးတို့က သူ့ကို အရပ်ခိုင်းပြီး သူ့ရထားကိုရုန်းဆွဲနေသည့် မြင်းလေးကောင်ကိုတောင်းခံကြ၏။ မြင်းများကို ပေးလှူလိုက်၏။ ထို့နောက် မကြာခင်မှာ သူ၏ ရထားကိုအလိုရှိသည့် အခြားပုဏ္ဏားတစ်ဦးပေါ်လာပြီး ဝေဿန္တရာထံမှ ထိုရထားကိုလည်းတောင်းယူသွား၏။ သူတို့မှာ ရထားနှင့် မြင်းများမရှိတော့သည့်အခါ ဝေဿန္တရာသည် (မဒ္ဒီနှင့်အတူ) သူတို့၏ ကလေးများကိုသယ်ပိုးကာ ခြေလျင်သွားလေ၏။

တစ်နေ့သ၌ ပုဏ္ဏားအိုတစ်ဦးသည် သခ်မ်းကျောင်းသို့ ရောက်လာ၏။ သူ့အမည်ကား ဇူဇကာဖြစ်၏။ သူ၏ မယားပျိုကလေးက သူမအတွက် ကျေးကျွန်များ ရှာဖွေရန် သူ့ကို လွှတ်လိုက်ခြင်းဖြစ်၏။ ကျေးကျွန်များအဖြစ် ဝေဿန္တရာ၏ ကလေးများကို အလွယ်တကူရယူနိုင်သည်ဟု ဇူဇကာအား သူမက ပြောလိုက်၏။ မဒ္ဒီသည် အစာ



အတွက် သစ်သီးများရှာဖွေစဉ် တောထဲ၌ အဝေးရောက်နေစဉ်မှာ သူသည် ဝေဿန္တရာကို သွားတွေ့၏။ ဝေဿန္တရာသည် မိမိ၏ ကလေးနှစ်ယောက်ကို ပေးလှူပစ်လိုက်၏။

သူမ ပြန်ရောက်လာ၍ ကလေးများကို မတွေ့ရသည့်အခါ ကလေးများအကြောင်း မေးလေ၏။ ဝေဿန္တရာသည် မိမိ၏ ကွေကွင်းရမှု ပူဆွေးသောကများကို မိမိအဖို့ပင် အလွန့် အလွန် မခံနိုင်သည်ကို တွေ့ရသောကြောင့် ကလေးများအကြောင်း သတင်းစကားကို ကြား၍ တုန်လှုပ်ချောက်ချားသွားမှုက သူမ၏ နှလုံးကို ခွဲပစ်နိုင်သည်ဟု သူ စိုးရိမ်မိ၏။ ထို့ကြောင့် သူသည် ကျောက်တုံးလို ဆိတ်ဆိတ်နေခဲ့၏။ မိမိ၏ ကလေးများ ထူးဆန်းစွာပျောက်သွားမှုအပြင် မိမိချစ်လင်၏ ဤထူးဆန်းသည့် အမူအရာက သူမအဖို့ ကြီးမားလွန်းလှ၏။ ထို့ကြောင့် သူမသည် နောက်တစ်နေ့ နံနက်မှာ မေ့မျောသွား၏။ ပြန်သတိရသည့်အခါ သူမ မေးသည့် ပထမဆုံးမေးခွန်းကား 'အရှင် ကျွန်မ၏ ကလေးတွေ ဘယ်မှာလဲ' ဟူ၍ ဖြစ်၏။

'ကလေးတွေကို ပုဏ္ဏားတစ်ဦးအား ငါ ပေးလှူလိုက်ပြီ မဒ္ဒီ၊ သဗ္ဗညုတဉာဏ်ရဖို့ မလွယ်ဘူး၊ ထိုဉာဏ်ကို ရရှိလိုသူသည် မိမိ၏ ကလေးများကိုသာမက မိမိ၏ နှလုံးကိုပင် ပေးလှူရန် အပြည့်အဝ ပြင်ဆင်ထားရမယ်၊ ဤမြင့်မြတ်သည့်အလှူ၌ သင့်အား ငါ ဝမ်းမြောက်စေချင်၏'

'အရှင် မနေ့ညက ဒီအကြောင်းကို ကျွန်မအား အရှင်ပြောခဲ့သင့်ပါ၏၊ အရှင်၏ ကျောက်တုံးလို ဆိတ်ဆိတ်နေခြင်းက ကျွန်မအား အလွန်ပင် ဒုက္ခရောက်စေခဲ့ပါ၏၊ အရှင် ကျွန်မသည် အရှင်၏ မြင့်မြတ်သည့်အလှူ၌ အပြည့်အဝ ဝမ်းမြောက်ပါ၏၊ ပြုသည့် အမှုအတွက် နောင်တရမှုရှိလျှင် ထိုနောင်တကို ပျောက်ပစ်ပါလော့၊ အရှင်၏ စိတ်ကို ထိုကဲ့သို့သော အညစ်အကြေးများမှ လုံးဝကင်းစင်အောင် ထားပါလော့၊ ကျွန်မတို့ ပို၍ ပို၍ ပေးလှူနိုင်သည့် အခွင့်အခါများကို နောက်ထပ်များစွာ ကျွန်မတို့ ရနိုင်ပါစေ'

နောက်တစ်နေ့တွင် နတ်တို့၏ဘုရင် သိကြားမင်းသည် 'လောဘထုပြော၊ ဆင်ခြင်တုံတရားမရှိသည့် တစ်စုံတစ်ဦးက ဝေဿန္တရာထံလာ၍ မဒ္ဒီကိုတောင်းခံနိုင်သည်' ဟု စိုးရိမ်သောကြောင့် ပုဏ္ဏားအသွင်ဖြင့်ပေါ်လာပြီး မဒ္ဒီကိုတောင်းခံလေ၏။ ဝေဿန္တရာသည် သူမကို ပုဏ္ဏားအား ချက်ချင်းပေး၏။ 'ဣဒံမေ ပုညံ သဗ္ဗညုတဉာဏ ပစ္စယော ဟောတု' (ဤကောင်းမှုသည် သဗ္ဗညုတဉာဏ်ကိုရရှိရာ၌ ကျွန်ုပ်အား ထောက်ပံ့ပေးပါစေ) ဟူ၍ ဆိုလေ၏။

ထို့နောက် ဝေဿန္တရာသည် သူမ ဘာပြောမည်ကို ကြားဖို့ မျှော်လင့်ချက်ဖြင့် သူမကို ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အရှင် အသက် ၁၆ နှစ်အရွယ်က ကျွန်မ မိဘများက ကျွန်မကို အရှင့်အား ထိမ်းမြားပေးခဲ့၏။ သို့ဖြစ်၍ ကျွန်မသည် အရှင့်မယားဖြစ်ပါ၏။ အရှင်သည် ကျွန်မ၏ လင် ဖြစ်ပါ၏။ ထို့ကြောင့် အရှင်သည် ကျွန်မအပေါ် စိုးပိုင်ပါ၏။ စိုးပိုင်သော မယာကျားသည် မိမိ၏ပြည်သူများထဲက ဘယ်သူ့ကိုမဆို ပေးပစ်နိုင်ပါ၏။ သူမကို ရောင်းလဲ ရောင်းနိုင်၊ သတ်လဲ သတ်ပစ်နိုင်၊ သူမ၏ ကိုယ်အင်္ဂါတစ်ခုခုကို အလိုရှိရင် သူမကို ခုတ်ဖြတ်နိုင်ပါ၏။ အရှင်၊ ကျွန်မကို အရှင်ကြိုက်သလို ပြုနိုင်ပါ၏။ ကျွန်မသည် အရှင့်ကို အမျက်လည်း မထွက်ပါ၊ မုန်းလည်း မမုန်းပါ'

ဤအဆင့်၌ ပုဏ္ဏားအိုက ဤသို့ ကြားဖြတ်ပြောလေ၏။

'အကျွန်ုပ်သည် မဒ္ဒီကို ခေါ်သွားရန် လာခြင်းမဟုတ်ပါ၊ အရေးကြီးသည့် စကားအနည်းငယ်ပြောဖို့ ဒီကိုလာခြင်း ဖြစ်ပါ၏။

'ကျွန်ုပ် ပြောချင်တာက ဤသို့ဖြစ်ပါ၏။ မင်းကြီး၊ သင်နှင့် မဒ္ဒီတို့မှာ အသင့် ဘိုးဘေးတို့၏ သွေးမြတ် ပါရှိကြပါ၏။ သင်တို့နှစ်ဦးလုံးမှာ အကျင့်ကောင်း ရှိကြပါ၏။ သင်တို့ နှစ်ဦးလုံးမှာ ကိုယ်ပိုင် အလှကျက်သရေနှင့် ဆွဲဆောင်နိုင်သည့် ရုပ်ရည် ရှိကြပါ၏။ ဤဂုဏ်ရည်များမရှိသည့် ယောကျ်ားသည် မဒ္ဒီ၏လင် မဖြစ်ထိုက်ပါ၊ ဤဂုဏ်ရည်များ မရှိသည့် မိန်းမသည် အသင်၏မယား မဖြစ်ထိုက်ပါ။

'သင်တို့ အသီးသီးမှာ ခန္ဓာကိုယ် တသီးတခြား ရှိသော်ငြားလည်း ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေတို့သည် ပေါင်းစည်း၍ အတူစီးဆင်းခဲ့ကြသကဲ့သို့ပင် သင်တို့ နှစ်ဦးစလုံးမှာ အရာရာတူညီမှုရှိကြ၏။ သင်တို့နှစ်ဦးစလုံးသည် လင်နှင့် မယားအဖြစ်ဖြင့် အတူတကွနေထိုင်၍ ကုသိုလ်မှုတွေကို အတူတကွပြုရမည့်သဘောရှိသောကြောင့် သင်တို့နှစ်ဦးစလုံးသည် တိုင်းပြည်မှ နှင်ထုတ်မခံရမီ အလှူကြီးတို့ကို ကြီမ်ဖန်များစွာ ပေးလှူခဲ့ပြီး လူနေဒေသမှဝေးကွာလှသည့် ဤတောထဲ၌ပင် သင်တို့သည် တစ်စိတ် တည်း ရည်မှန်းချက်တစ်ခုတည်းဖြင့် သားမယားကို လှူပစ်ခြင်းဟူသော အလွန် ခက်ခဲ သည့် သို့သော် အလွန်ကောင်းမြတ်သည့် ကုသိုလ်မှုကြီးကို ပြုခဲ့ပေပြီ။ မင်းမြတ်၊ အလွန်မဝေးတော့သည့် အနာဂတ်ကာလမှာ သင်သည် သင့်အား ဗုဒ္ဓအဖြစ်သို့ ပိုနီးအောင် ယူဆောင်မည့် ပို၍ ပို၍ ကြီးမားသည့် ကုသိုလ်မှုတွေကို ပြုနိုင်ဖို့အခွင့် ကောင်းများကို ရပါလိမ့်မည်။ သင်၏မယား မဒ္ဒီသည် ဤမြတ်သောအားထုတ်မှုများ အားလုံး၌ အလွန်တန်ဖိုးရှိသည့် ကူညီဘက်ပုဂ္ဂိုလ် ဖြစ်ပါလိမ့်မည်။'

အထက်ပါစကားကိုပြောပြီးနောက် ပုဏ္ဏားအိုသည် မိမိ၏ ရုပ်သွင်ကို ပြပြီး၍ ဝေဿန္တရာအား မဒ္ဒီကို နည်းလမ်းတကျ ပြန်ပေးခဲ့လေ၏။



နောက်မကြာမီပင် ဝေဿန္တရာမင်းသားနှင့် မဒ္ဒီမင်းသမီးတို့ကို ရွှေနန်းမြို့သို့ ပြန်ခေါ်လေ၏။ သူတို့သည် ကြီးမားသည့် ပရိသတ်အခြံအရံဖြင့် မိမိတို့၏ကလေးများ၊ ဆွေမျိုးများ၊ သိဝိပြည်သူများနှင့် ပြန်လည်ပေါင်းစည်းသောအခါ မိုးကြီးသည်းစွာ ရွာသွန်းလေ၏။ ထိုမိုးကား မစိုစွတ်လိုသူတို့ကို လျစ်လျူရှုကာ စိုစွတ်လိုသူတို့ကိုသာ စိုစွတ်သောကြောင့် ပေါက္ခရဝဿမိုးဟု ခေါ်၏။

ဇာတ်တော်များအဆုံး၌ ဗုဒ္ဓသည် ဇူဇကာကို ဒေဝဒတ်နှင့်လည်းကောင်း၊ ဇူဇကာ၏မယား အမိတ္တတာပနာကို စိဥ္စမာဏဝိကာနှင့်လည်းကောင်း၊ သိကြားမင်းကို အရှင်အနုရုဒ္ဓါနှင့် လည်းကောင်း၊ ဝေဿန္တရာ၏ မိဘများကို သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာ မိဖုရားကြီးနှင့်လည်းကောင်း၊ ဝေဿန္တရာ၏ မိဖုရားကြီး မဒ္ဒီဒေဝီကို ရာဟုလာမယ်တော်နှင့် လည်းကောင်း၊ ဇာလီမင်းသားကို အရှင်ရာဟုလာနှင့် လည်းကောင်း၊ ကဏှာဇိနာ မင်းသမီးကို ဥပ္ပလဝဏ္ဏာ ထေရီနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ခ) သိဝိမင်းကြီး

အောက်ပါသည် ပိုမိုမြင့်မြတ်သည့် ဒါနပါရမီ၏ နမူနာဖြစ်၏။

ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့သည် ဗုဒ္ဓစာပေထဲ၌ အသဒိသဒါနဟု ထင်ရှားသော အတုမရှိ အလှူကြီးကို ဗုဒ္ဓအားပေးလှူခဲ့၏။ တစ်နေ့သ၌ ဤအလှူကြီးအကြောင်း ရဟန်းများအား ဆွေးနွေးပြောဆိုနေကြစဉ်မှာ ဗုဒ္ဓက 'မိမိ၏မျက်နှာများနှင့် ကိုယ်အင်္ဂါများကို ပေးလှူခြင်းသည် မိမိပိုင် ပစ္စည်းဥစ္စာကိုပေးလှူခြင်းထက် များစွာ သာလွန်၏'ဟူ၍ ထိုရဟန်းတို့အား မိန့်ကြားတော်မူလေ၏။ ထိုရဟန်းများ၏ ပန်ကြားချက်အရ ဗုဒ္ဓသည် ဇာတ်တော်ကို သူတို့အား ပြောပြလေ၏။

ရှေးတုန်းက ဗောဓိသတ္တသည် အရိဋ္ဌပုရပြည့်ရှင်ဘုရင် သိဝိအဖြစ်ဖြင့် မွေးဖွားခဲ့၏၊ သူသည် မိမိရှိ ပစ္စည်းများစွာကို နေ့စဉ်ပေးလှူသည့် အလှူရှင်ကြီးဖြစ်၏။ သူသည် ထိုအလှူမျိုးနှင့် မတင်းတိမ်ချေ။ ထို့ကြောင့် သူသည် မိမိ၏ ကိုယ်အင်္ဂါအချို့ကို တောင်းခံနိုင်သူ တစ်ဦးဦးအား ပေးလှူရန် ကြံရွယ်နေ၏။

တစ်နေ့သ၌ ယာစကာ သူကန်းတစ်ဦးသည် သူ့ထံသို့ရောက်လာပြီး သူ့မျက်စိများကို တောင်းခံလေ၏။ မင်းကြီးသည် ချက်ချင်းပင် မိမိ၏ ခွဲစိတ်ဆရာကိုခေါ်၍ မိမိ၏ မိသားစုများနှင့် ပြည်သူများက ကန့်ကွက်သည့်ကြားကပင် မိမိ၏ မျက်စိများကို ထုတ်ခိုင်းပြီး ယာစကာသူကန်းအား ပေးလှူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တော်၏အဆုံး၌ ဗုဒ္ဓသည် နန်းသုံးဆရာကို အရှင်အာနန္ဒာနှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဂ) စူဠနန္ဒိယ

အောက်ပါသည် အမြင့်မြတ်ဆုံးသော ဒါနပါရမီ၏ နမူနာဖြစ်၏။

ဒေဝဒတ်သည် ဗုဒ္ဓကိုသတ်ရန် လေးသမားများကို စေလွှတ်လိုက်၏။ သူသည် ဗုဒ္ဓကိုသတ်ရန် ကျောက်တုံးကြီးကို လှိမ့်ချခဲ့၏။ သူသည် မင်း၏ဆင်တော် နာဠာဂီရိကို အရက်တိုက် အပြည့်မူးစေပြီး ဗုဒ္ဓအားသတ်ရန် လွှတ်ခဲ့၏။ တစ်နေ့သ၌ ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့သည် ဒေဝဒတ်၏ ရက်စက်ယုတ်မာသည့် အမှုများအကြောင်း ဆွေးနွေးပြောဆိုနေကြ၏။ ဗုဒ္ဓက 'ရှေးဘဝအချို့ကလည်း ဒေဝဒတ်သည် ထိုကဲ့သို့သောအမှုတွေကို ပြုခဲ့ဖူးပြီ'ဟု ရဟန်းများအား ပြောပြ၏။ ထိုရဟန်းများ၏ ပန်ကြားချက်အရ ဗုဒ္ဓသည် ဤဇာတ်တော်ကို ဟောပြလေ၏။

တစ်ခါတုန်းက ဇောဓိသတ္တသည် မဟာနန္ဒိယမည်သော မျောက်ဖြစ်ခဲ့၏။ သူနှင့် သူ့ညီ စူဠနန္ဒိယ တို့သည် မျောက်အုပ်ကြီးကို ဦးဆောင်ခဲ့၏။ သူတို့မှာ မျက်ကန်းမိခင်ရှိ၏။ သူတို့သည် မိမိတို့၏ မျက်ကန်းမိခင်ကိုပြုစုစောင့်ရှောက်နိုင်ရန် အလို့ငှာ မိမိတို့၏ ဦးဆောင်မှုကို စွန့်လွှတ်ခဲ့၏။ သူတို့သည် ညောင်ပင်တစ်ပင်၌ အတူနေကြ၏။

တစ်နေ့တွင် မုဆိုးတစ်ဦး ရောက်လာ၏။ ထိုအချိန်မှာ သားနှစ်ဦးတို့သည် ထိုညောင်ပင်ရှိ အခေါင်းကြီးထဲ၌ နားနေကြ၏။ မိခင်တစ်ဦးတည်းသာ သစ်ကိုင်းကြီး တစ်ခုပေါ်၌ ထိုင်နေ၏။ မုဆိုးသည် ထိုမိခင်ကို မြင်၍ လေးမြားဖြင့် ပစ်မည်ပြုသောအခါ အစ်ကိုမျောက်သည် 'မုဆိုးသည် မိမိကိုရပြီးနောက် မမာသောမိခင်အိုကို ချမ်းသာပေးလိမ့်မည်'ဟု မျှော်လင့်လျက် အသတ်ခံရန် ချက်ချင်းပင် သစ်ခေါင်းထဲမှ ခုန်ထွက်လာ၏။ သူပစ်ချခံခဲ့ရ၏။ မုဆိုးသည် မိခင်အိုကို ထပ်၍ချိန်ရွယ်သောအခါ ညီငယ်မျောက်သည် မိမိ၏ အစ်ကိုကဲ့သို့ပင် အလားတူ မျှော်လင့်ချက်ဖြင့် ခုန်ထွက်လာ၏။ သူလည်း ပစ်ချခံလိုက်ရ၏။ မုဆိုးသည် မိခင်မျောက်ကိုလည်း ချမ်းသာမပေးဘဲ ပစ်ချလေသောအခါ ညီနောင်နှစ်ဦးတို့၏ မျှော်လင့်ချက်တို့သည် ပျက်ပြားသွားလေ၏။

ဇာတ်တော်၏အဆုံး၌ ဗုဒ္ဓသည် မုဆိုးကို ဒေဝဒတ်နှင့်လည်းကောင်း၊ ညီငယ် စူဠနန္ဒိယကို အရှင်အာနန္ဒာနှင့် လည်းကောင်း၊ မိခင်အိုကို မဟာပဇာပတိ ဂေါတမီ ထေရီနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။



## (ဃ) နန္ဒိယမိဂ

ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် မိမိ၏ မိခင်အား ထောက်ပံ့ပေးနေသည့် ရဟန်းတစ်ပါးနှင့်ပတ်သက်၍ ဤဇာတ်တော်ကို ရဟန်းတို့အား ဟောပြောခြင်း ဖြစ်၏။ ဗုဒ္ဓသည် ထိုရဟန်းကို အလွန်မြင့်တင် ချီးမွမ်းခဲ့၏။

ရှေးတုန်းက ကောသလသည် သာကေတပြည်၏ ဘုရင်ဖြစ်သောအခါ ဇောဓိသတ္တသည် နန္ဒိယမိဂမည်သော သမင်ဖြစ်ခဲ့၏။ ဘုရင်သည် သမင်လိုက်ခြင်းကို အလွန်နှစ်သက်၏။ သူသည် အမဲလိုက်ထွက်သောအခါ သူသည် မိမိအမဲလိုက်မှု၌ မိမိအား ကူညီစေရန် လယ်သမားများကိုဆင့်ခေါ်လေ့ရှိ၏။ ဤဆင့်ခေါ်မှုကြောင့် လယ်သမားတို့သည် မိမိတို့၏လယ်တောများကို စွန့်ပစ်သွားရ၏။ တစ်နေ့သ၌ သူတို့သည် အကြံတစ်ခုရကြ၏။ ယင်းအကြံသည် 'ဘုရင် သမင်လိုက်သွားဖို့ မလိုတော့သည့်အခါ မိမိတို့ကို ဆင့်ခေါ်မှုမှ ကင်းလွတ်ခွင့်ပေးလိမ့်မည်'ဟု သူတို့ ယုံကြည်ထားကြ၏။ ထိုအကြံနှင့်အညီစွာ သူတို့သည် ဝင်းခြံကြီးတစ်ခုကိုဆောက်ပြီး ထိုခြံထဲသို့ သမင်တို့ကို မောင်းသွင်းခဲ့ကြ၏။ သူတို့ထိုသို့ပြုလုပ်နေစဉ်မှာ နန္ဒိယမိဂနှင့် သူ့မိဘတို့သည် ချုံပုတ်တစ်ခုထဲ ဝင်ပြီးပုန်းနေကြ၏။ အတန်ကြာသော် လက်သမားတစ်စု ထိုချုံပုတ်ထံသို့ တည့်တည့်လာနေသည်ကို မြင်လေ၏။ 'သူတို့ ချုံထဲရောက်လာလျှင် သမင်သုံးကောင်တို့ကိုတွေ့၍ ခြံထဲမောင်းသွင်းပေမည်။ သူတို့ထဲက တစ်ကောင်ကောင်သည် မိမိအသက်ကိုစွန့်ပြီး ချုံထဲမှထွက်ပြေးလျှင် လယ်သမားများကို ဆွဲဆောင်နိုင်ပြီး ကျန်နှစ်ဦးသား လွတ်ပြေးနိုင်သည့် အခွင့်အလမ်းရှိပေ၏။ နန္ဒိယမိဂသည် ထိုအခြေအနေကို လျင်စွာစိမ်လျက် မိမိ၏ မိဘတို့အား အသိပေးပြီးနောက် သူတို့အတွက် မိမိအသက်ကို စွန့်မည်ဟု ပြောကြားလေ၏။ သူသည် ချုံထဲမှ ထွက်ပြေးသော် သူ ထင်ခဲ့တာသည် အမှန်ဖြစ်လာ၏။ လယ်သမားတို့သည် သူ့နောက်သို့လိုက်ကြ၍ သူ့မိဘတို့ လွတ်မြောက်သွားလေ၏။

အတန်ကြာသော် မိဘတို့သည် ခြံဝင်းနားသို့ တိတ်တဆိတ် ရောက်လာပြီး အလွန်အားကောင်းသည့် သမင်ဖြစ်သည့် မိမိတို့၏သားကို ခုန်ထွက်ရန် ပြောကြားလေ၏။ နန္ဒိယမိဂက ဤသို့ပြောလေ၏။ 'မိခင် ဖခင်တို့ ထွက်ပြေးကြပါ၊ အမှန်စင်စစ် ကျွန်ုပ်သည် ခြံဝင်းထဲမှ ခုန်ထွက်နိုင်ပါ၏။ သို့ရာတွင် ကျွန်ုပ်၏အဖော် သမင်များကို သူတို့ ကြမ္မာအတိုင်း ပစ်မထားခဲ့နိုင်ပါ။ ကျွန်ုပ်မှာ သူတို့ လွတ်မြောက်မှုအတွက် ဆောင်ရွက်ရန် တာဝန်ရှိပါ၏။'

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် နန္ဒိယမိဂ၏ မိဘတို့ကို သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာမိဖုရားကြီးနှင့်လည်းကောင်း၊ မင်းကြီးကို အရှင်အာနန္ဒာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



### (င) အလီနသတ္တု

ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဗုဒ္ဓသည် မိမိ၏ မိဘများအား ထောက်ပံ့ပေးသည့် ရဟန်းတစ်ပါးနှင့်ပတ်သက်၍ ရဟန်းတို့အား ဤဇာတ်တော်ကို ပြောပြလေ၏။ ဗုဒ္ဓသည် ထိုရဟန်းကိုချီးမွမ်း၍ ရှေးအခါက ပညာရှိအချို့သည် မိမိတို့မိဘများ၏ အသက်ကို ကယ်တင်ရန်အလို့ငှာ မိမိတို့၏ဥစ္စာခနများ(ဝါ)တိုင်းပြည်များကို စွန့်ခဲ့ကြဖူး၏ဟု ဆိုလေ၏။

ဗောဓိသတ္တသည် ဥတ္တရပဉ္စာလတိုင်း၏ ဘုရင့်သားတော်ဖြစ်ခဲ့၏။ သူ့အမည်မှာ အလီနသတ္တု ဖြစ်၏။ တစ်နေ့သ၌ ဘုရင်သည်တောထဲ၌ အမဲလိုက်နေစဉ် သူ့ကို လူသားစားတစ်ဦးက ဖမ်းဆီးလေ၏။ ဘုရင်က 'ပုဏ္ဏားတစ်ဦးအား သူ့တရားများကိုကြားနာရန် ကတိပေးထားသောကြောင့် မိမိ နန်းတော်သို့ပြန်သွားလိုသည်'ဟု ထိုလူသားစားအား ရှင်းပြလေ၏။ ပြန်လာပါမည်ဟု သူ ကတိပြုသောအခါ သူ့ကို လူသားစားက လွှတ်လိုက်၏။

ဘုရင်သည် ပုဏ္ဏား၏ တရားများကို ကြားနာပြီးနောက် မိမိ၏သားတော်ကို အခေါ်ခိုင်းပြီး 'မိမိ ကတိသစ္စာပြုခဲ့ပြီးသည့်အတိုင်း လူသားစားထံသို့ ပြန်သွားရမည်'ဟု ပြောပြလေ၏။ ထို့နောက် သူသည် မိမိသားတော်အား မိမိ၏ (ဘုရင်)နေရာကိုယူပြီး ပြည်သူများကို ကောင်းစွာအုပ်ချုပ်ရန် ပြောကြား၏။ သားတော်သည် ဖခင်ကိုယ်စား မိမိကိုယ်ကို လူသားစားအား ပေးအပ်ရန် ဆန္ဒပြုလေ၏။

အလီနသတ္တုသည် ဖခင်အတွက် မိမိ၏အသက်ကိုစွန့်ရန် သွားရသည်ဖြစ်၍ အလွန်မြင့်မြတ်သည့် အကျိုးဆောင်ခရီးသွားခြင်းဖြစ်သည်ဟု သိမြင်လေ၏။ သူသည် မိမိ၏နှလုံးသားကို ဖမ်းစားမည့် လူသားစားကို ချစ်ခင်မည့်အစား အမျက်ထွက်၊ မုန်းတီးလိုက်လျှင် မိမိ၏ အကျိုးဆောင်အလုပ်သည် မြင့်မြတ်တော့မည်မဟုတ်ဟုလည်း သိမြင်လေ၏။ ထို့ကြောင့် သူသည် မိမိ၏ စိတ်နှလုံးသားကို လူသားစားအား ချစ်ခင်မှုဖြင့် ပြည့်နေစေရန် အစွမ်းကုန်ကြိုးစားလေ၏။ သူသည် လူသားစားကို တွေ့သည့်အခါ မကြောက်ရွံ့ဘဲ အလွန်ပင် ရဲရင့်လေ၏။ သူသည် လူသားစားအား ဦးလေးကြီးဟု နှုတ်ဆက်လေ၏။

'ဦးလေးကြီး၊ ကျွန်ုပ်သည် ဘုရင်ဖယဒိသ၏သား အလီနသတ္တု ဖြစ်၏၊ ကျွန်ုပ်သည် ဖခင်အတွက် မိမိအသက်ကို စွန့်ခြင်းဖြင့် ကုသိုလ်မှုကို အလွန်ပင် ပြုလိုပါ၏၊ ထို့ကြောင့် သူ့ကိုယ်စား ကျွန်ုပ်လာခြင်း ဖြစ်၏။

'သစ်ပင်အောက်မှာ မီးကြီးမွှေးပါ၊ ကျွန်ုပ်သည် သစ်ပင်ပေါ်မှ ထိုမီးထဲသို့ ခုန်ဆင်းပါမည်၊ ကျွန်ုပ်ကို ကောင်းကောင်း ချက်ဖုတ်ပြီးသောအခါ အသင် စားနိုင်ပါ၏'



လူသားစားသည် မင်းသား၏ မကြောက်ရွံ့ခြင်းဖြင့် လွန်စွာ လွှမ်းမိုးအပ်သောကြောင့် ပြုထားသည့်ကတိမှ သူ့ကို ကင်းလွတ်ခွင့်ပြုကြောင်း ပြောကြားလေ၏။ ထိုအခါ မင်းသားသည် ထိုလူသားစားအား သူ့အသက်သတ်ခြင်းမှ တစ်သက်လုံး ရှောင်ကြဉ်ရန် ကတိပြုခိုင်းလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် အလီနသတ္တုမင်းသား၏ မိဘများကို သုဒ္ဓေါဒနမင်းကြီး၊ မဟာမာယာမိဖုရားကြီးနှင့်လည်းကောင်း၊ လူသားစားကို အရှင်အင်္ဂုလိမာလနှင့်လည်းကောင်း၊ အလီနသတ္တု၏ မယားကို ရာဟုလာ၏ မိခင်နှင့်လည်းကောင်း ဘုရားလောင်းဘဝတူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## ၂။ သီလပါရမီ

### (က) ဗန္ဓနမောက္ခ

တစ်နေ့သ၌ ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် တိတ္ထိတို့က ငွေပေး စေခိုင်းအပ်သော စိဉ္စမာဏဝိကာသည် ဗုဒ္ဓအား သူမနှင့် မေထုန်ဆက်ဆံမှု ရှိခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲပြောဆိုခဲ့၏။ ဗုဒ္ဓ၏ ဥပသကာများကို လှည့်ဖြားရန်အတွက် ကိုယ်ဝန်ရှိဟန်ဆောင်ဖို့ အသုံးပြုထားသည့် သစ်သားခွံသည် သူမမှ ပြုတ်ကျသွားသောအခါ သူမ၏ ယုတ်မာသည့်အကြံအစည်များ ပေါ်သွားလေ၏။ ဗုဒ္ဓက ရှေးဘဝတချို့၌လည်း မိမိ ဗောဓိသတ္တဖြစ်ခဲ့စဉ်က စိဉ္စာမာဏဝိကာသည် ထိုကဲ့သို့ မဟုတ်မမှန် စွပ်စွဲခဲ့ဖူးလေပြီ'ဟု မိန့်ဆိုလေ၏။ ရဟန်းတို့၏ ပန်ကြားချက်အရ ဗုဒ္ဓသည် ဇာတ်တော်ကို ပြောပြလေ၏။

ဗြဟ္မဒတ်မင်းသည် မိမိ၏မိဖုရား အချောအလှကို အလွန်ပင် ချစ်မက်၏။ တစ်နေ့သ၌ သူသည် သူမအပေါ် အချစ်စိတ်ပေါက်ကွဲလာခြင်းကြောင့် သူမအား လိုရာဆုကို တောင်းခွင့်ပေးလိုက်၏။ သူမက 'အရှင်မင်းကြီးသည် ယနေ့မှစ၍ နောင်တွင် ကျွန်မမှလွဲ၍ အခြား မည်သည့်မိန်းမနှင့်မျှ မေထုန်ဆက်ဆံမှုကိုအသာထားဘိဦး၊ ထိုမိန်းမတို့အား မျက်စိများဖြင့်ပင် မကြည့်ပါနှင့်ဟု ဆိုလေ၏။ မင်းကြီးက 'မိမိမှာ မိဖုရားခေါင်ကြီး၊ မိဖုရားငယ်များ၊ အမြွှာင်မိဖုရားများ၊ အလုပ်အကျွေးမများ တစ်သောင်းခြောက်ထောင်ထက်မနည်း ရှိထားသောကြောင့် ဒါ မဖြစ်နိုင်'ဟု ပြန်ပြောလေ၏။ သို့သော်လည်း သူမက အတင်းအကြပ်တောင်းဆိုသောအခါ နောက်ဆုံးတွင် မင်းကြီးက လက်လျှော့ပေး၍ သူမအား ကတိပြုရလေ၏။

တစ်နေ့သ၌ နယ်စပ်ရှိ သူပုန်များကို နှိမ်နင်းရန် မင်းကြီးကိုယ်တိုင် သွား၏။ သူ ... မထွက်ခွာခင်မှာ သူမက သူ့အား မိမိအပေါ် သူချစ်သည့် အမှတ်အသား

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သူ ကျန်းမာချမ်းသာကြောင်း၊ သူပုန်များကိုတိုက်ရသည့် တိုးတက်မှုအကြောင်း အသိပေးဖို့နှင့် မိမိ၏ ကျန်းမာချမ်းသာကြောင်းကို မေးမြန်းဖို့ နေ့စဉ် စာသဝဏ်ကို ပို့ပါရန် တောင်းပန်လေ၏။ မင်းကြီးသည် သူမ တောင်းခံသည့်အတိုင်း သစ္စာရှိရှိ ပြုလေ၏။ သူသည် နန်းတော်မှ ၆၄ ရက်တိုင် ဝေးကွာနေသောကြောင့် မိမိ၏ မိဖုရားထံသို့ စာသဝဏ်များနှင့်တကွ ၆၄ ယောက်သော စေတမန်တို့ကို စေလွှတ်ခဲ့၏။

မိဖုရားက 'တမန်တိုင်းသည် စာသဝဏ်ကို အိပ်ခန်းထဲရှိ မိမိထံသို့ ပို့ရမည်'ဟု တစ်ခါတည်း အမိန့်ထုတ်ထားလေ၏။ သူမသည် စာသဝဏ်ကို ဝမ်းပန်းတသာ လက်ခံပြီးနောက် တမန်တိုင်းကို မိမိထံ လက်ယပ်ခေါ်၍ မေထုန်ဖာတ်ခင်းလေ၏။

ဇောမိသတ္တသည် မင်းကြီး၏ ပုရောဟိတ်ဖြစ်၏။ မင်းကြီး မရှိစဉ်အတွင်းမှာ ထီးနန်းကိုစောင့်ရှောက်ရန် သူ့အား တာဝန်ပေးအပ်ထားခဲ့၏။ သူသည် နောက်တစ်နေ့ နေပြည်တော်သို့ မင်းကြီးရောက်လာတော့မည်ဟု သတင်းရရှိသောအခါ မြို့တော်နှင့် နန်းတွင်းမှာပါ လျောက်ပတ်သည့် မင်း ဧည့်ခံပွဲကို စည်းရုံး လုပ်ဆောင်လေ၏။ သူသည် ဧည့်ခံပွဲအတွက် စီစဉ်ပုံများကို ကြီးကြပ်ရန် နန်းတော်သို့ရောက်လာသည့်အခါ မိဖုရားသည် မိမိအိပ်ခန်းသို့ သူ့ကို ဆင့်ခေါ်လေ၏။ သူ သွား၏။ သူ အခန်းထဲ ရောက်ရောက်ချင်းပင် အိပ်ရာပေါ်လဲလျောင်းနေသည့် မိဖုရားက သူ့လက်ကို ဆွဲကိုင်ပြီး 'တက်စမ်းပါ ပုရောဟိတ်'ဟု ဆိုလေ၏။

'ကျွန်ုပ် မတက်နိုင်ဘူး'

'ဘာပြုလို့လဲ'

'ကျွန်ုပ် မင်းကြီးကို သိပ်လေးစားလို့၊ ကျွန်ုပ် သေသည့်အခါ ငရဲကျစေမည့် မကောင်းမှုမျိုးကို ကျွန်ုပ် စက်ဆုပ်တယ်၊ ဒါကြောင့် ဒါ မလုပ်နိုင်ပါဘူး'

'မင်းကြီး၏ တမန် ၆၄ ယောက်ကတော့ မင်းကြီးကို မလေးစားကြဘူး၊ သူတို့ဟာ ပြစ်မှားခြင်းကို မကြောက်ကြဘူး၊ သင်က မင်းကြီးကိုလေးစားသည့် တစ်ဦးတည်းသောလူပဲ၊ သင်ဟာ ပြစ်မှားခြင်းကိုကြောက်သည့် တစ်ဦးတည်းသော လူပဲ'

'မှန်၏ မိဖုရား၊ သို့ရာတွင် ဤတမန် ၆၄ ဦးတို့သည် မကောင်းမှုကိုပြုခြင်းဟာ ဘယ်လောက် ကြောက်စရာကောင်းကြောင်း သိလျှင် ထိုမကောင်းမှုကို ပြုမှာမဟုတ်ပါ၊ သူတစ်ပါး၏မယားနှင့် မေထုန်ပြုခြင်းဟာ ဘယ်လောက် ကြောက်စရာကောင်းကြောင်း ကျွန်ုပ် သိ၏။ ထို့ကြောင့် ဒါမျိုးကို ကျွန်ုပ် မလုပ်'

'ပုရောဟိတ်၊ အစီပွာယ်မဲ့ စကားပြောခြင်း၌ အချိန်မဖြုန်းလင့်၊ သင်သည် ကျွန်ုပ် အမိန့်ကို မနာခံလျှင် သင့်ဦးခေါင်းကို ကျွန်ုပ် ဖြတ်စေမည်'



'မိဖုရား၊ ကျွန်ုပ် မကြောက်ပါ၊ သင်သည် ကျွန်ုပ်၏ ဦးခေါင်းကို အကြိမ်တစ်ထောင် ဖြတ်ဖို့ ဆုံးဖြတ်ပြီးသော်မှလည်း ဒါမျိုးကို ကျွန်ုပ် မလုပ်'

ပုရောဟိတ်သည် အိပ်ခန်းမှ ထွက်သွားသော် မိဖုရားသည် မိမိ၏ကိုယ်ကို ကုတ်ခြစ်၊ မိမိ၏ကိုယ်ကို ဆီဖြင့်လိမ်းပွတ်၊ မိမိ၏အဝတ်များကိုဆုတ်ဖြဲပြီး နာဟန်ဆောင်ကာ မိမိအိပ်ရာပေါ်၌ လျောင်းနေ၏။ မင်းကြီးပြန်ရောက်သည့်အခါ သူမသည် 'ပုရောဟိတ်က ယုတ်မာသည့် သူ့တောင်းဆိုချက်များကို မလိုက်လျောသည့်အတွက် မိမိကို နှိပ်စက်ပြီးနောက် မတရားပြုကျင့်သွား၏'ဟု မမှန်မကန် သတင်းပေးလေ၏။ ဤသတင်းကိုကြားရသော မင်းကြီးသည် ဒေါသဖြင့် မိုက်ကန်းသွားလေ၏။ သူသည် ချက်ချင်းပင် ပုရောဟိတ်အား ခေါင်းဖြတ်ရန် အမိန့်ပေးလေ၏။ ပုရောဟိတ်က 'မိမိကို ခေါင်းမဖြတ်မီ မင်းကြီးထံ ခေါ်သွားပါ'ဟု တောင်းဆိုလေ၏။ မင်းကြီးသည် သူ့ကိုမြင်သောအခါ 'ပုရောဟိတ် အဘယ့်ကြောင့် သင်သည် ငါ့ကို အရှက်ခွဲခဲ့သနည်း၊ ဤမကောင်းမှုမျိုးကို အဘယ့်ကြောင့် သင် ပြုဘိသနည်း'ဟု ဒေါသဖြင့် အော်ပြောလေ၏။

'အရှင်မင်းကြီး၊ ကျွန်ုပ်ကား ပုဏ္ဏားဖြစ်ပါ၏၊ ကျွန်ုပ် တစ်သက်မှာ ပိုးမွှားငယ်များကိုပင် မသတ်ခဲ့ဖူးပါ၊ ပိုင်ရှင်က ကျွန်ုပ်အား စိတ်ပါစွာဖြင့်မပေးသည့် မြက်တစ်ပင်မျှ (ဝါ) ဝါးစကလေးမျှပင် မယူခဲ့ဖူးပါ၊ ကျွန်ုပ်သည် ထိမ်းမြားပြီး မိန်းမကို တဏှာဆန္ဒဖြင့် မကြည့်ခဲ့ဖူးပါ၊ ကျွန်ုပ်သည် ရယ်စရာအဖြစ်ဖြင့်ပင် မုသား မပြောခဲ့ဖူးပါ၊ ကျွန်ုပ်သည် သေရက်တစ်စက်ကလေးမျှပင် မသောက်ခဲ့ဖူးပါ၊ သင်မင်းကြီး မိဖုရားများအား ပြစ်မှားမှုတစ်ခုမျှ မပြုခဲ့ဖူးပါ၊ သို့ရာတွင် အရှင်မင်းကြီး၏ မိုက်မဲလှသည့် မိဖုရားသည် ကျွန်ုပ်၏ လက်ကိုဖမ်းဆွဲကာ သူမနှင့်မေထုန်ပြုရန် ကျွန်ုပ်ကို ဖိတ်ခေါ်ခဲ့ပါ၏၊ ကျွန်ုပ်က ငြင်းသည့်အခါ သူမက တမန်များနှင့်ပြုခဲ့သည့် ကိစ္စများကို ဖော်ပြောပြီး အလားတူပြုကျင့်ရန် ကျွန်ုပ်ကို တိုက်တွန်းခဲ့ပါ၏၊ သူမသည် ကျွန်ုပ်ကို မဆွဲဆောင်နိုင်သည့်အခါ သူမက ကျွန်ုပ်၏ခေါင်းကို ဖြတ်စေမည်ဟု ခြိမ်းခြောက်ပါ၏၊ အရှင်မင်းကြီး ထိုတမန်များကိုခေါ်ပြီး သူတို့ထံမှ အမှန်ကိုသိအောင် ပြုပါလော့'

ထိုတမန်များကို မင်းကြီးရှေ့သို့ ခေါ်လာ၏။ မင်းကြီးသည် မိဖုရားကိုလည်း ခေါ်လာရန် အမိန့်ပေး၏။ တမန်တို့၏ရှေ့မှောက်မှာ မိဖုရားသည် ထိုတမန်များနှင့် မေထုန်မှုပြုခဲ့ကြောင်း ဝန်ခံရလေ၏။ မင်းကြီးသည် မိဖုရားနှင့် ထိုတမန်များကို ခေါင်းဖြတ်ရန် အမိန့်ပေးသောအခါ ပုရောဟိတ်က ဤကဲ့သို့ အသနားခံလေ၏။

'အရှင်မင်းကြီး၊ ဤကဲ့ဆိုးလှသည့် တမန်တို့သည် မိဖုရား၏အမိန့်ကို မငြင်းဆန်သာကြောင့် မကောင်းမှုကိုပြုခဲ့ရ၏၊ ထို့ကြောင့် သူတို့မှာ အပြစ်မရှိပါ၊ မိဖုရားနှင့် ပတ်သက်၍ ဤသို့ ပြောပါရစေ၊ မိန်းမတို့သည် မေထုန်အားဖြင့် မရောင့်ရဲကြကုန်၏၊

www.burmeseclassic.com

www.burmeseclassic.com

ဤမရောင့်ရဲမှုသည် သူတို့သဘာဝထဲ၌ ပါရှိနေ၏၊ ထို့ကြောင့် ကျွန်ုပ်သည် အရှင်မင်းကြီး၏ သဘောထားကြီးမှုကိုပြု၍ မိဖုရားအား ခွင့်လွှတ်ရန် ပန်ကြားပါ၏။'

မင်းကြီးသည် မိဖုရားနှင့် သူမ၏ လင်မြှောင်တို့ကို ခွင့်လွှတ်လေ၏။ ပုရောဟိတ်သည် မြို့တော်မှ ဟိမဝန္တာသို့ထွက်ခွာ၍ ရသေ့ပြုလေ၏။

ဇာတ်တော်၏အဆုံး၌ ဗုဒ္ဓသည် မိဖုရားကြီးကို စိဉ္စမာဏဝိကာနှင့်လည်းကောင်း၊ မင်းကြီးကို အရှင်အာနန္ဒာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ခ) ကုရုဓမ္မ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ငှက်တစ်ကောင်ကိုသတ်သည့် ရဟန်းတစ်ပါးနှင့်ပတ်သက်၍ ဤဇာတ်တော်ကို ဟောပြခဲ့၏။

ဗောဓိသတ္တသည် ဣန္ဒပတ္တပြည်၏ ဘုရင် ဓနဉ္စယ၏သားအဖြစ် ဖွားမြင်၍ ဖခင်ကွယ်လွန်သော် မင်းဖြစ်လာ၏။ သူသည် အလွန့် အလွန် အကျင့်သီလကောင်းသည့် မင်းဖြစ်၏။ သူ့အကျင့်သီလကောင်း၏ သြဇာကြောင့် သူ့အနားရှိ အရာရှိများနှင့် နိုင်ငံတွင်းရှိ ပြည်သူတို့သည် ကောင်းသောအကျင့်သီလနှင့် ပြည့်စုံကြလေ၏။ ထိုသူတို့အားလုံးသည် ကုရုဓမ္မ မည်သော အကျင့်ဆိုင်ရာ ဓမ္မသတ်ကို တိကျစွာ ကျင့်သုံးကြ၏။ (ကုရုဓမ္မ ဟူသည် ကုရုလူမျိုးတို့ ကျင့်သုံးကြသည့် တရားကို ဆိုလို၏။)

ပြည်သူတို့၏အကျင့်သီလသည် ရာသီဥတုနှင့် ဆက်နွှယ်မှုရှိသည်ဟု ယုံကြည်ရ၏။ အကြောင်းမှာ အနီးအနားရှိ နိုင်ငံများနှင့်မတူဘဲ ဣန္ဒပတ္တပြည်၌ အချိန်မှန်မှန် မိုးရွာခြင်းရှိသောကြောင့်တည်း။ ပြင်းထန်သည့် မိုးခေါင်မှုကြောင့် အစာခေါင်းပါးမှု ရှိသော ကလိင်္ဂတိုင်း၏ မင်းသည် ကုရုဓမ္မသည် ဣန္ဒပတ္တပြည်သို့ မိုးကောင်းခြင်းကို မည်သို့ဆောင်ကြဉ်းပေးကြောင်းကို လေ့လာရန် ဣန္ဒပတ္တပြည်သို့ မိမိ၏ ပုဏ္ဏားတချို့ကို စေလွှတ်လိုက်၏။

ထိုပုဏ္ဏားတို့သည် ကုရုဓမ္မကို တိကျစွာစောင့်ထိန်းခြင်းအတွက် အလွန့် အလွန် ထင်ရှားကြသော မင်းကြီး၊ မယ်တော်မိဖုရား၊ သူ၏ မိဖုရားကြီး၊ အိမ်ရှေ့မင်း၊ ပုရောဟိတ်၊ ကြိုးကိုင် (မြေတိုင်း)အမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ ဘဏ္ဍာစိုး၊ တံခါးမှူး၊ ပြည့်တန်ဆာမတို့နှင့် ဆက်သွယ်ခဲ့ကြ၏။ မင်းကြီးမှစ၍ ပြည့်တန်ဆာမအထိ ထိုပုဂ္ဂိုလ်အားလုံးတို့သည် သူတို့၏ အကျင့်သီလနှင့် ပတ်သက်၍ ဒွိဟဖြစ်မှုတချို့ ရှိခဲ့ကြ၏။ အကြောင်းမှာ သူတို့အသီးသီးသည် ကုရုဓမ္မကို ဖောက်ဖျက်ခြင်းဖြစ်၏ဟု ယူဆထားသည့်အရာကို မသိဘဲနှင့်ပြုခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် သူတို့က 'မိမိတို့သည် ပုဏ္ဏားတို့သိက္ခာပုဒ်များရယူရာသင့်တော်သည့် ပုဂ္ဂိုလ်များမဟုတ်ကုန်'ဟု ယူဆကြ၏။



'သင်တို့၏ ကုရုဓမ္မကို ဖောက်ဖျက်မှုကား အဘယ်နည်း'ဟု မေးသည့်အခါ ထိုသူအားလုံးတို့က အောက်ပါဝန်ခံချက်များကို ပေးကြလေ၏။

မင်းကြီးက ဤသို့ဆို၏။ ဤနိုင်ငံ၌ စိတ္တရာဇအမည်ရှိ နတ်မင်းအား ဂုဏ်ပြုပွဲလုပ်သည့် အခါသမယ၌ ဘုရင်က အရပ်လေးမျက်နှာ၌ မြားတို့ကို ပစ်လွှတ်ရ၏ ဟူသော ဓလေ့တစ်ခုရှိ၏။ မြားတစ်စင်းသည် ရေကန်တစ်ခုထဲ ကျသွား၏။ ထိုမြားသည် ငါးတစ်ကောင်ကို သေစေခဲ့ပြီဟု ကျွန်ုပ် ထင်၏။

မယ်တော်မိဖုရားက ဤသို့ဆို၏။ တစ်နေ့သ၌ အနီးရှိနိုင်ငံ၏ မင်းကြီးသည် ရွှေပန်းကုံးနှင့် စန္ဒကူးဖြင့်ပြုလုပ်ထားသည့် အမွှေးပေါင်ဒါမှုန့်ကို ပေးပို့လိုက်၏။ ကျွန်ုပ်၏သားတော်မင်းကြီးသည် ထိုဟာအားလုံးကို ကျွန်ုပ်အားပေး၏။ ကျွန်ုပ်လည်း ယင်းတို့ကို အသုံးမပြုလို။ ထို့ကြောင့် ကျွန်ုပ်သည် ရွှေပန်းကုံးကို သားကြီး၏မယားအားလည်းကောင်း၊ အမွှေးပေါင်ဒါမှုန့်ကို သားငယ်အိမ်ရှေ့မင်း၏ မယားအားလည်းကောင်း ပေးလိုက်၏။ ထို့နောက် ကျွန်ုပ်သည် သားကြီး၏မယားအား ငါ ဘက်လိုက်ခဲ့၏ဟု သိမြင်လာခဲ့၏။

မိဖုရားက ဤသို့ဆို၏။ တစ်နေ့သ၌ ကျွန်ုပ်၏ ခင်ပွန်းနှင့် သူ့ညီတို့သည် မြို့တော်ကိုပတ်၍ မင်းပွဲသဘင် လှည့်လည်ရာ၌ ဆင်စီးသွားနေ၏။ ကျွန်ုပ်သည် မိမိ၏ပြတင်းပေါက်မှ အိမ်ရှေ့မင်းကို မြင်လိုက်၏။ ထိုအခါ ငါ့လင် သေသည့်အခါ သူ၏ မိဖုရားဖြစ်ဖို့ လမ်းခင်းထားရန် အိမ်ရှေ့မင်းနှင့် မိတ်ဖွဲ့ထားမှုကို ပြုလုပ်သင့်၏ ဟူသော အလွန်မတော်သည့် စိတ်အကြံသည် ကျွန်ုပ်၏ စိတ်ထဲ ပေါ်လာခဲ့၏။ ဤသို့အားဖြင့် ကျွန်ုပ်သည် မိမိ၏လင်သားမှ တစ်ပါးသော ယောကျ်ားတစ်ဦးကို တဏှာမျက်စိများဖြင့် ကြည့်ခဲ့ဖူး၏။

အိမ်ရှေ့မင်းက ဤသို့ဆို၏။ ကျွန်ုပ်သည် ရထားဖြင့် ညအခါမှာ မင်းကြီးထံ ကြာခဏ အလည်သွားလေ့ရှိ၏။ ကျွန်ုပ်သည် ခဏမျှကြာ၍ နန်းတော်မှထွက်ရန် ကြံရွယ်ခဲ့လျှင် နှင်တံကို ရထား၏အတွင်း၌ သိမ်းထားခဲ့၏။ ကျွန်ုပ်၏ အစေခံတို့သည် ဤအမှတ်အသားကို သိ၍ ကျွန်ုပ်၏အပြန်အတွက် အရံသင့်ဖြစ်စေရန် ရထား၌ စောင့်ကြည့်နေကြ၏။ ကျွန်ုပ်သည် နန်းတော်၌ ညအိပ်ရန် ကြံရွယ်ခဲ့လျှင် ရထား၏ဦး၌ နှင်တံကို ထားခဲ့၏။ ထိုအခါ ကျွန်ုပ်၏ အစေခံတို့သည် ရထားကို ထွားကာ အိမ်ပြန်ကြ၏။ ကျွန်ုပ်၏ အပြန်အတွက် နောက်တစ်နေ့နံနက်မှာ သူတို့ ... မိပြန်လာကြ၏။

တစ်ညမှာ ကျွန်ုပ်သည် ရထားထဲမှာ နှင်တံကိုထားခဲ့၏။ မင်းကြီးနှင့်အတူ ... ထိုင်နေစဉ်မှာ မိုးသည်းထန်စွာရွာသွန်း၏။ နန်းတော်မှာ ကျွန်ုပ် ညအိပ်ရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက မိန့်ဆို၏။ ကျွန်ုပ်၏ သနားဖွယ်ကောင်းသည့် အစေခံတို့သည် တစ်ချိန်ချိန်မှာ ကျွန်ုပ် ထွက်လာမည်ဟုထင်ကာ တစ်ညလုံး မိုးထဲ၌ ရပ်နေကြရ၏။

ပုရောဟိတ်က ဤသို့ဆို၏။ တစ်နေ့သ၌ ကျွန်ုပ်သည်နန်းတော်သို့သွားနေစဉ်မှာ ရထားအသစ်တစ်စီးကို မြင်ခဲ့၏။ စုံစမ်းသောအခါ မင်းကြီးထံသို့ အခြား မင်းတစ်ပါးက ဆက်သလိုက်သည့် ရထားဖြစ်သည်ဟု ကျွန်ုပ်အား ပြောပြ၏။ ထိုအခါ မတော်သည့်အကြံတစ်ခုသည် ကျွန်ုပ်စိတ်ထဲ၌ ဤသို့ပေါ်လာ၏။ ငါသည် ယခု အိုပြီ၊ ထို့ကြောင့် မင်းကြီးက ဒီရထားကို ငါ့အားပေးလျှင် အလွန်သက်သာစွာဖြင့် ငါ လှည့်လည်သွားနိုင်၏။

ကျွန်ုပ်သည် မင်းကြီးကို မြင်သောအခါ သူက ကျွန်ုပ်အား ရထားကိုပေးလိုက်၏။ ကျွန်ုပ်သည် သူတစ်ပါး၏ ပစ္စည်းကို ပိုင်ဆိုင်လိုသည့် မလျော်သည့် အလိုဆန္ဒကို ထားရှိခဲ့သောကြောင့် မင်းကြီးပေးတာကို ကျွန်ုပ် ငြင်းခဲ့၏။

မြေတိုင်းအမတ်က ဤသို့ဆို၏။ တစ်နေ့သ၌ ကျွန်ုပ်သည် မြေတစ်ကွက်ကို တိုင်းတာနေစဉ် လယ်ပုစွန်နေသည့် တွင်းတစ်ခုထဲသို့ တုတ်ချွန်တစ်ခုကို ထိုးစိုက်ခဲ့မိ၏။ ပုစွန်မှာ ကံခေပြီး အသတ်ခံလိုက်ရ၏။

ရထားထိန်းက ဤသို့ဆို၏။ တစ်နေ့သ၌ မင်းကြီး ရထားစီးနေစဉ်မှာ ကျွန်ုပ်သည် မင်းကြီးအား ရွာချတော့မည့်မိုးမှ လွတ်သွားစေရန်အလို့ငှာ မြင်းတို့ကို အလွန်ပြင်းစွာ မောင်းနှင်ခဲ့၏။

သူဌေးကြီးက ဤသို့ဆို၏။ တစ်နေ့သ၌ ကျွန်ုပ်သည် မိမိ၏ လယ်တောသို့ အလည်သွားပြီးနောက် မိမိ၏ခေါင်းပေါ်၌ တန်ဆာအဖြစ်အသုံးပြုရန် စပါးနှံတို့ကို ခူးခဲ့၏။ အတန်ကြာသော် ထိုလယ်တောအတွက် အခွန်တော်ကို မင်းကြီးအား ငါ မပေးရသေးဟု ကျွန်ုပ် သတိရလေ၏။ (ထိုခေတ်ကအခွန်တော်ကို ထုတ်ကုန်ပစ္စည်းဖြင့် ပေးရ၏။ ထုတ်ကုန်၏ ဆယ်ပုံတစ်ပုံသည် အခွန်တော်ဖြစ်၏။)

ဘဏ္ဍာစိုးက ဤသို့ဆို၏။ 'တစ်နေ့သ၌ ကျွန်ုပ်သည်မြေရှင်ထံမှာ အခွန်တော်အဖြစ်ဖြင့် မင်းကြီးရရှိမည့် စပါးနှံစည်းများကို ရေတွက်နေ၏။ ကျွန်ုပ်နှင့် မြေရှင်အကြား သတ်မှတ်ထားသည့် စပါးစည်းအရေအတွက် မြေရှင်၏ စပါးစည်းများမှ ထုတ်ယူပြီးသည့်အခါတိုင်းမှာ ထိုအပုံမှစပါးစည်းတစ်ခုကို အခွန်တော်အဖြစ်ယူရမည့် စပါးစည်း အရေအတွက်ကို စာရင်းသွင်းရန် ဘေးဖယ်ချထား၏။ ထိုအခါ ရုတ်တရက် မိုးရွာ လာ၏။ ကျွန်ုပ်သည် မိုးခိုရန်အမြန်သွားစဉ်မှာ စပါးစည်း အရေအတွက်ကို စာရင်းသွင်းဖို့ ဘေးဖယ်ချထားသည့် စပါးစည်းများကို အပုံတစ်ခုထဲသို့ ပစ်ချခဲ့၏။ ကျွန်ုပ်သည် ထိုစပါးစည်းများကို ဘယ်အပုံထဲသို့ ပစ်ချခဲ့သည်ကို မမှတ်မိနိုင်ခဲ့ပါ။ ကျွန်ုပ်သည် မင်းကြီးနှင့်ဆိုင်သည့်အပုံထဲသို့ စပါးစည်းများကို ပစ်ချခဲ့လျှင် ဒါ ခိုးမှု

seclassic.com



ဖြစ်၏။ ကျွန်ုပ်သည် ယင်းစပါးစည်းများကို မြေရှင်၏အပုံမှ ဘေးဖယ်ချထားခဲ့သောကြောင့် ကျွန်ုပ်သည် ထိုစပါးစည်းများကို မြေရှင်၏အပုံထဲသို့ ပြန်ထည့်ရမည်။

တံခါးမှူးက ဤသို့ဆို၏။ တစ်နေ့သ၌ ကျွန်ုပ်သည် ဝင်းတံခါးများကို မပိတ်မီ မိမိ၏တာဝန်အရ သုံးကြိမ် အော်ပြောခဲ့၏။ လုလင်တစ်ဦးနှင့် မိန်းမပျိုတစ်ဦးသည် ကျွန်ုပ်တို့ ဝင်းတံခါးများကိုပိတ်နေစဉ် ပြေးလာနေ၏။ ထို့ကြောင့် ကျွန်ုပ်သည် သူတို့ကို ဤသို့ ပြစ်တင်ပြောဆို၏။ မြို့ထဲမှာ မင်းကြီးရှိတာကို မင်းတို့ မသိဘူးလား၊ ဒီအချိန်မှာ ဝင်းတံခါးများပိတ်တာကို မင်းတို့ မသိဘူးလား၊ မင်းတို့ဟာ တောထဲမှာ တစ်နေ့လုံး ဆထုန်ပြုနေပြီး ငါတို့အား မလိုအပ်တဲ့ဒုက္ခကို ပေးကြတယ်။ ထိုအခါ လူငယ်တို့က ဤသို့ပြန်ပြော၏။ စကားကို သတိထားပြောပါ၊ သူမဟာ ကျွန်ုပ်မယား မဟုတ်ဘူး၊ ကျွန်ုပ်နှမ ဖြစ်တယ်။ ဤစကားများကိုကြားရသောအခါ ကျွန်ုပ်သည် အပြစ်မရှိသည့် ထိုလူငယ်တို့အား မဟုတ်မမှန် စွပ်စွဲမိခဲ့သည့်အတွက် နောင်တကြီးစွာရခဲ့ပါ၏။

ပြည့်တန်ဆာမက ဤသို့ဆို၏။ တစ်နေ့သ၌ ယောကျ်ားတစ်ဦးသည် ကျွန်ုပ်အား ငွေတစ်ထောင်ပေးပြီး ထွက်သွား၏။ ကျွန်ုပ်သည် အရင်လူအား ပြုစုမပြီးသေးမီ အခြားတစ်ဦးထံမှ အခကြေးငွေလက်ခံခြင်းကို မကောင်းမှုအဖြစ်ယူဆသောကြောင့် ထိုလူကို သုံးနှစ်တိုင် စောင့်ခဲ့ပါ၏။ ထိုကာလအတွင်း၌ ကျွန်ုပ်သည် ဆင်းရဲမွဲတေသွားခဲ့၏။ ထို့ကြောင့် ကျွန်ုပ်သည် မိမိအမှုကို တရားရုံးသို့တင်ရာ တရားရုံးက အရင်လူများကို သုံးနှစ်တိုင်စောင့်ခဲ့ပြီးနောက် အခြားလူထံမှ အခကြေးငွေလက်ခံခြင်းသည် မကောင်းမှုမဖြစ်ဟု ဆုံးဖြတ်ခဲ့၏။ တရားရုံးဆုံးဖြတ်ပြီးနောက် လူတစ်ယောက်သည် ကျွန်ုပ်အား အခကြေးငွေပေးရန် အဆိုပြု၏။ ကျွန်ုပ်သည် ထိုငွေကို လက်ခံရန် လက်ဝါးကို ဖြန့်ဖွင့်လိုက်၏။ ထိုအချိန်ကလေးမှာပင် အရင်လူပေါ်လာ၏။ ကျွန်ုပ်သည် ချက်ချင်းပင် လက်ကိုရုတ်ပြီး နောက်လူထံမှ အခကြေးငွေကိုလက်ခံရန် လက်ဝါးဖြန့်ဖွင့်ခြင်းဖြင့် မကောင်းမှုကို ငါ ပြုမိခဲ့၏ဟူသော အတွေးသည် ထိုအခါမှ စ၍ ကျွန်ုပ် စိတ်ထဲသို့ မကြာခဏ ရောက်ရောက်လာပါ၏။

ထိုပုဂ္ဂိုလ်အသီးသီးက ကုရုဓမ္မကို မိမိတို့ မည်သို့ချိုးဖောက်မိခဲ့ကြောင်း ရှင်းပြသော ပုဏ္ဏားတို့အား ပြန်ပြောပြသည့် အဖြစ်အပျက်တို့သည် အကျင့် သီလ ဆိုင်ရာ ...တ်ကို မည်မျှ သတိကြီးစွာဖြင့် သူတို့ စောင့်ထိန်းခဲ့ကြောင်းပြရန် ကျေးဇူးပြုရုံသာ ... ။ ထို့ကြောင့် ထိုပုဏ္ဏားတို့က မင်းကြီးမှအစ ပြည့်တန်ဆာမအထိ ထိုပုဂ္ဂိုလ် ...တို့သည် အကောင်းဆုံးဂုဏ်ရည်ရှိကြသဖြင့် မိမိတို့သည် ကုရုဓမ္မကို ...သူတို့ ...သင့်၏ဟု တစ်သံတည်းဖြင့် ကြေညာကြလေ၏။ သူတို့သည် ...ကုရုဓမ္မကို ...သောအခါ ရွှေပြားပေါ်၌ ရိုသေစွာ ရေးထိုး၍ သူတို့၏ ဘုရင်အား ပေးအပ် ...၏။

www.burmeseclassic.com

www.burmeseclassic.com



ကုရုဓမ္မမှာ သိက္ခာပုဒ်ငါးခု ပါရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်းဖြစ်၏။

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း

၂။ သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း

၃။ သူ့သားမယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း

၄။ မုသားစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

၅။ မူးယစ်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း

ထိုအကျင့်ဆိုင်ရာ ဓမ္မသတ်ကို ကလိင်္ဂတိုင်း၏ဘုရင်နှင့် ပြည်သူတို့က တိကျစွာ စောင့်ထိန်းကြ၏။ ဤစောင့်ထိန်းခြင်း၏အကျိုးအားဖြင့် မိုးရွာသွန်း၏။ ကောက်ပဲသီးနှံသည် အစာအလုံအလောက်ပြုပေး၏။ အစာခေါင်းပါးမှုဖြစ်တုန်းက မင်းမှုခဲ့သည့် အထွေထွေမငြိမ်သက်မှုသည် အလိုလိုပျောက်ကွယ်သွား၏။

ဇာတ်တော်၏အဆုံး၌ ဗုဒ္ဓသည် ပြည့်တန်ဆာမကို ဥပ္ပလဝဏ္ဏာထေရီနှင့်လည်းကောင်း၊ တံခါးမှူးကို အရှင်ပုဏ္ဏနှင့်လည်းကောင်း၊ မြေတိုင်းအမတ်ကို အရှင်ကစ္စည်းနှင့်လည်းကောင်း၊ ဘဏ္ဍာစိုးကို အရှင်မောဂ္ဂလာန်နှင့်လည်းကောင်း၊ သူဌေးကြီးကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း၊ ရထားထိန်းကို အရှင်အနုရုဒ္ဓါနှင့်လည်းကောင်း၊ ပုရောဟိတ်ကို အရှင်မဟာကဿပနှင့်လည်းကောင်း၊ အိမ်ရှေ့မင်းကို နန္ဒပညာရှိနှင့်လည်းကောင်း၊ မိဖုရားကြီးကို ရာဟုလာမိခင်နှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဂ) ဥမ္မာဒန္တီ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သာဝတ္ထိမြို့ထဲ၌ ဆွမ်းခံနေသော ရဟန်းတစ်ပါးသည် အလွန်ချောလှသည့် မိန်းမပျိုတစ်ဦးကို တွေ့မြင်၏။ သူသည် သူမ၏အလှများကို စွဲမက်သောကြောင့် အလွန့် အလွန် စိတ်မချမ်းမသာဖြစ်လာ၏။ သူသည် အစားအစာ ကမ္မဋ္ဌာန်းအလုပ်နှင့် မိမိ၏ ထေရ်ကြီးဝါကြီးတို့အား ပြုရမည့် နေ့စဉ်တာဝန်များကို စွန့်ပစ်လေ၏။ အခြားရဟန်းတို့သည် ထိုရဟန်းအား ထိုမိန်းမကို မေ့ပစ်ရန် မဆွဲဆောင်နိုင်။ တည်တည်ငြိမ်ငြိမ်ဖြစ်လာစေရန် မကြိုးစားနိုင်ခဲ့ပေ။ သူ့ကို ဗုဒ္ဓထံခေါ်သွားသောအခါ ဗုဒ္ဓက ဤဇာတ်တော်ကို ရဟန်းတို့အားပြောပြလေ၏။

ဥမ္မာဒန္တီသည် အရိဋ္ဌပုရပြည်ရှိ သူဌေးကြီး၏ သမီးဖြစ်၏။ သူမသည် အလွန် စွဲမက်လောက်အောင်ချောလှသဖြင့် သူမကိုမြင်သူတိုင်း မိမိကိုယ်ကို မထိန်းသိမ်းနိုင်ခဲ့ပေ။ ထိုမျှလောက်သောအလှကို သူမ မည်သို့ပိုင်ဆိုင်လာခဲ့ကြောင်းသိရန် စိတ်ဝင်စားဖွယ် ဖြစ်သောကြောင့် ဤအခရက်နှင့်ပတ်သက်တာကို ဤ၌ အကျဉ်းမျှ ဖော်ပြသင့်၏။



ရှေးဘဝတစ်ခု၌ သူမသည် အလွန်မွဲတေသည့် မိန်းကလေးဖြစ်၏။ တစ်နေ့သ၌ သူမသည် နီမြန်းတောက်ပရောင်ရှိ အပေါ်ရုံများဝတ်ဆင်ထားသည့် သူတော်စင်မအချို့ကို တွေ့မြင်ခဲ့၏။ သူမသည် ထိုအဝတ်များအပေါ် စိတ်ကူးယဉ်ပြီး တစ်ထည်ရရှိဖို့အတွက် သူကြွယ်တစ်ဦး၏အိမ်၌ သုံးနှစ်တိုင်အလုပ်လုပ်ခဲ့ရ၏။ သူမသည် တစ်ထည်ရသောအခါ ရေအိုင်တစ်ခုမှာ ရေချိုး၏။ သူမသည် ထိုအဝတ်ကို ဝတ်မည်ပြုသောအခါ ဓါတမဗုဒ္ဓအရင်ပွင့်ခဲ့သော ကဿပဘုရား၏တပည့် ရဟန္တာတစ်ပါးကို တွေ့မြင်၏။ ရဟန္တာမှာ လူဆိုးတို့က သူ့သင်္ကန်းများကို လုယက်ခံခဲ့ရ၏။ ထို့ကြောင့် ထိုရဟန္တာသည် သစ်ရွက်များကို မိမိ ခါးပတ်လည်၌ ချိတ်ဆွဲခြင်းဖြင့် မိမိ၏အတွင်းအင်္ဂါအား ဖုံးအုပ်သည့်နည်းလမ်းများကို ကြံစည်ပြုလုပ်ရလေ၏။ အစေခံမလေးသည် ရဟန္တာအား မိမိ၏ အပေါ်ရုံအဝတ်ကို ပေးလှူပြီး နောင်ဘဝများ၌ မိမိကို မြင်သူတိုင်းအား ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်လောက်အောင် စွဲမက်စေသည့်အလှမျိုးကို ရရှိလိုကြောင်း ဆုတောင်းလေ၏။

ဥမ္မာဒန္တီဇာတ်ထဲ၌ သူမ၏ဆုတောင်းပြည့်လေပြီ။ သူမသည် တကယ်ပင် စွဲမက်ဖွယ်အလှနှင့် ပြည့်စုံသည့် မိန်းကလေးဖြစ်၏။ သူ၏ဖခင် သူဌေးကြီးသည် မိမိ၏ သမီးအား မိဖုရားဖြစ်ထိုက်၏ဟု ယုံကြည်ကာ မင်းကြီးထံ မိဖုရားတစ်ဦးအဖြစ် သက်ခံရန် ချဉ်းကပ်လေ၏။ ဗောဓိသတ္တဖြစ်သောမင်းကြီးသည် 'သူမသည် တကယ် မိဖုရားဖြစ်ထိုက်သလား'ဟု သေချာစွာသိအောင်လုပ်ရန် သူဌေးကြီးအိမ်သို့ မိမိ၏ ပုရောဟိတ်ပုဏ္ဏားများကို စေလွှတ်လိုက်၏။ ထိုသူတို့သည် သူမကို မြင်သောအခါ ကိုယ့်ကိုယ်ကိုယ် ထိန်းမနိုင်သိမ်းမရ ဖြစ်သွားလေ၏။ တချို့က အော်ဟစ်ကြ၏။ တချို့ကား အခန်းထဲ၌ ဟိုပြေးသည်ပြေး လုပ်ကြ၏။ တချို့သည် မိမိတို့၏အင်္ကျီများကို ချွတ်ပြီး ဆူညံပျော်ရွှင်စွာ ဇော့ယမ်းကြ၏။ တချို့ကား မိမိတို့အား တည်ခင်းသည့် အစားစရာတို့ကို ကိုယ့်နားများထဲသို့ ထည့်သွင်းကြ၏။ သူမသည် ထိုသူတို့ကို စက်ဆုပ်သောကြောင့် အိမ်ထဲမှ မောင်းထုတ်ပစ်ရန် မိမိ၏ အစေခံများကို အမိန့်ပေးလေ၏။ ပုရောဟိတ်တို့သည် သဘာဝအားဖြင့်ပင် 'သူမကား ယုတ်မာသောကြောင့် မိဖုရား ဖြစ်ထိုက်'ဟု သံတော်ဦးတင်ကြလေ၏။ မင်းကြီးသည် သူတို့၏ အကြံပြုချက်ကို လက်ခံလိုက်၏။ ထို့ကြောင့် သူဌေးကြီးသည် သူမကို အဘိပါရက အမည်ရှိသော စစ်သူကြီးအား ပေးလိုက်လေ၏။

တစ်နေ့သ၌ တန်ဆောင်တိုင်မီးထွန်းပွဲဖြစ်၏။ ထိုနေ့၌ အဘိပါရက စစ်သူကြီးသည် တာဝန်ဖြင့် မြို့မှ ထွက်သွားရ၏။ ထို့ကြောင့် သူ ထွက်မသွားခင်မှာ ရှင်းလင်းသည့်ဖို့ မင်းခမ်းမင်းနားဖြင့် မြို့တော်ကိုလှည့်ပတ်သွားမည့် မင်းကြီးမြင်အောင် ပေးပေးနေရန် မိမိ၏ မယားအား ညွှန်ကြားခဲ့၏။ ဥမ္မာဒန္တီသည် မိမိအားအရှုက်ခွဲသည့် မင်းကြီးအား

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သည့် လက်စားချေလိုစိတ်ဖြင့် တောက်လောင်နေ၏။ ထို့နောက် မိမိအိမ်ရှေ့၌ ရထားဖြင့် သိဝိမင်းကြီးရောက်လာသည့်အခါ သူမသည် သူ့ထံသို့ ပန်းများကို ပစ်လိုက်၏။ မင်းကြီးသည် လှည့်ကြည့်၍ သူမကိုမြင်လျှင် ကိုယ့်ကိုယ်ကိုယ် ထိန်းမနိုင် သိမ်းမရ ဖြစ်သွားလေ၏။ သူသည် ဆက်လက်သွားနိုင်စွမ်းမရှိတော့သဖြင့် ရထားထိန်းအား နန်းတော်သို့ ပြန်လှည့်ခိုင်းလေ၏။ နန်းသို့သွားနေစဉ် သူသည် ရထားထိန်းအား 'ငါ့ထံ ပန်းများပစ်လိုက်သည့် မိန်းကလေးက ဘယ်သူလဲ၊ သူမဟာ အပျိုလား၊ အအိုလား မြန်မြန်ပြောစမ်း'ဟု မေးလေ၏။ ရထားထိန်းက 'အအိုပါ၊ အအိုပါ မင်းကြီး၊ အပျို မဟုတ်ပါ၊ သူမက အရှင့်စစ်သူကြီး၏မယား ဥမ္မာဒန္တီပါ'ဟု ပြန်ပြောလေ၏။ ထိုအခါမင်းကြီးသည် 'သေလိုက်ပါတော့ ဒိပုရောဟိတ်မိုက်တွေ၊ ဥမ္မာဒန္တီ၏ ဖခင်သည် သူမကို ငါ့အား ပထမဆုံး ပေးခဲ့၏၊ ဒိပုရောဟိတ် အကန်းတွေက သူမသည် မိဖုရား မဖြစ်ထိုက်ဘူးဟု သံတော်ဦးတင်ခဲ့ကြတယ်'ဟု ဆိုလေ၏။

သူသည် နန်းတော်သို့ရောက်သည့်အခါ သူသည် အိပ်ခန်းထဲ၌ ကိုယ့်ကိုယ်ကိုယ် ပိတ်လှောင်ပြီး သူမအမည် ဥမ္မာဒန္တီကို မကြာခဏ ကြားဖြတ်ဟစ်ကြွေးလျက် အိုးနင်းခွက်နင်း (မညီမညာ) အချစ်သီချင်းများကို ရွတ်ဆိုနေလေ၏။

စိတ်လှုပ်ရှားနေသည့် အမတ်တို့သည် ချက်ချင်းပင် အခြေအနေကို စစ်သူကြီးထံ သတင်းပို့၍ မိမိတို့သည် သတင်းပေးသူများဖြစ်၏ဟု မင်းကြီးအား အသိမပေးရန် အလေးအနက် ပန်ကြားကြလေ၏။ စစ်သူကြီးသည် မင်း၏ အိပ်ခန်း အပြင်ဘက်၌ ရပ်၍ မိမိမယား၏အလှများက နှိပ်စက်ထားအပ်သော အရှင်မင်းကြီး သီဆိုသည့် အချစ်သီချင်းများကို ကိုယ်တိုင်ကြားရလေ၏။

မင်းကြီးနှင့် စစ်သူကြီးတို့သည် အတူတကွ ကြီးပြင်းလာခဲ့ကြ၏။ သူတို့သည် အချင်းချင်း အလွန်ပင် ချစ်မြတ်နိုးကြ၏။ ထို့ကြောင့် စစ်သူကြီးသည် မင်းကြီးအား အရုပ်ဆိုးသည့် အခြေအနေမှကယ်တင်ဖို့ မိမိ၏ မယားကို သူ့အားပေးရန် အလျင်အမြန် ဆုံးဖြတ်လေ၏။ ဆုံးဖြတ်ချက်ချပြီးနောက် သူသည် အစီအမံတစ်ခုကို စဉ်းစားမိ၏။ ထိုအစီအမံအရ သူသည် မိမိ၏လူယုံများထဲမှတစ်ဦးကို ညောင်ပင် တစ်ပင်၏ အခေါင်းထဲ၌ ပုန်းခိုင်းထား၏။ သူသည် ထိုလူအား မိမိနှင့်အမတ်ကြီးများ ညောင်ပင်စောင့်နတ်အား တောင်းပန်ပသရန် ရောက်လာသည့်အခါ ဘာလုပ်ရမည်ကို လျှို့ဝှက်စွာ ညွှန်ကြားထား၏။

သတ်မှတ်ထားသည့်အချိန်မှာ စစ်သူကြီးနှင့် အမတ်ကြီးတို့ ရောက်လာ၍ တောင်းပန်ပသပွဲ အကျဉ်းမျှပြုပြီးနောက် အရှင်မင်းကြီးခံစားနေရသည့် စိတ်ရောဂါကို ပယ်ဖျောက်ရာ၌ မင်းကြီးကိုကူညီရန် ရုက္ခစိုးနတ်အား ပန်ကြားလေ၏။ ရုက္ခစိုးနတ်ဟန် ဆောင်နေသော သစ်ခေါင်းထဲရှိ ထိုလူက အသံတိုးတိုးဖြင့် ဤသို့ အခိုင်အမာ ဆိုလေ



၏။ 'စစ်သူကြီး၊ မင်းကြီးမှာ ရောဂါတကယ်မရှိပါ၊ သူသည် သင့်မယား၏အလှများက ပြင်းထန်စွာ ဖမ်းစားထားခြင်းဖြစ်၏၊ သူသည် သူမကိုရလျှင် အသက်ရှင်မည်၊ သူမကို မရလျှင် ကေန်သေမည်၊ ထို့ကြောင့် သင်သည် သူ့အား တကယ်အသက်ရှင်စေချင်လျှင် သင့်မယား ဥမ္မာဒန္တီကို မင်းကြီးအား ပေးလေလော့'။

စစ်သူကြီးသည် ထိုညောင်ပင်မှ မင်းကြီး၏အိပ်ခန်းသို့ တောက်လျှောက်သွားလေ၏။ သူသည် တံခါးကိုခေါက်၍ မင်းကြီးက တံခါးဖွင့်ပေး၏။

**စစ်သူကြီး**။ ။အရှင်မင်းကြီး၊ အမတ်ကြီးများနှင့်ကျွန်ုပ်သည် ညောင်ပင်စောင့်နတ်အား ယခုပင် တောင်းပန်ပသခဲ့ကြ၏၊ ရုက္ခစိုးနတ်က အရှင်မင်းကြီးသည် ကျွန်ုပ်၏မယား ဥမ္မာဒန္တီကို စွဲမက်စိတ်ဖြင့် ပြင်းစွာနှိပ်စက်ခံနေရကြောင်း ကျွန်ုပ်အား အတိအကျပြောလိုက်ပါ၏၊ အသင်မင်းကြီးသည် သူမကို ရလျှင် အသက်ရှင်မည်၊ မရလျှင် အသင်မင်းကြီး သေမည်ဟုလည်း သူက ပြောလိုက်ပါ၏။ ထို့ကြောင့် ကျွန်ုပ်သည် အရှင်မင်းကြီး အသက်ကို ကယ်လိုလျှင် ဥမ္မာဒန္တီကို အရှင်မင်းကြီးအားပေးရန် ထိုရုက္ခစိုးက ကျွန်ုပ်ကို ပန်ကြားပါ၏။

**သိဝိမင်းကြီး**။ ။ငါသည် သင့်မယားကိုယူလျှင် ဒါ မကောင်းမှု ဖြစ်မည်၊ ငါသည် အကျင့်ကောင်းသူတစ်ယောက် ဖြစ်တော့မည်မဟုတ်၊ အမှန်စင်စစ် သင့်မယားသည် ငါ့အား ကာမဂုဏ်ချမ်းသာကို ပေးနိုင်၏၊ သို့ရာတွင် ထို ကာမဂုဏ်ချမ်းသာတို့သည် မမြဲကုန်၊ ခဏသာခံ၍ မမြဲကုန်၊ သို့ရာတွင် ငါ သေသော် ထိုကာမဂုဏ်တို့က ငါ့ကို အပါယ်လေးပါး တစ်ပါးပါးသို့ ပို့ကြမည်၊ ငါ အသက်ရှင်နေစဉ်တောင်မှ ငါ၏ပြည်သူတို့သည် ငါ၏ ဤမကောင်းမှုကို အပြည့်အစုံ သိရှိကြပြီး ဤသိရှိမှုကြောင့် သူတို့က ငါ့ကို လူဆိုးအဖြစ် အထင်အမြင်သေးကြ၏ဟူသော အတွေးသည် သွားလေရာတိုင်း ငါ့ကို နှိပ်စက်နေလိမ့်မည်၊ ထို့အပြင် အဘိပါရက သင့်မယားချောကလေးမှ ကွေကွင်းရခြင်းက သင့်အား အလွန့်အလွန် စိတ်မချမ်းသာအောင် ပြုလိမ့်မည်။

**စစ်သူကြီး**။ ။အရှင်မင်းကြီး၊ ကျွန်ုပ်၏ မယားကို ယူတော်မူပါ၊ သူမကို ခံစားပါ၊ အရှင်မင်းကြီး စိတ်နှလုံးကျေနပ်အားရအောင် သူမကို ခံစားပြီးမှ ကျွန်ုပ်အား ပြန်ပေးပါ၊ ကျွန်ုပ်သည် ဤကိစ္စကို လျှို့ဝှက်ထားပါမည်၊ အရှင်မင်းကြီး၊ ဥမ္မာဒန္တီနှင့် ကျွန်ုပ်ကိုယ်တိုင်မှအပ အခြားဘယ်သူတွေမှ ထိုကိစ္စကို သိမည်မဟုတ်ကြောင်း ကတိပေးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သိဝိမင်းကြီး။ ။လူတချို့က မိမိတို့၏ မကောင်းမှုများကို သူတစ်ပါးတို့ မသိဟု ထင်ကြ၏၊ သူတို့ အလွန့်အလွန် မှားနေ၏၊ ဒုစရိုက်မှုအားလုံးကို ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အရိယာပုဂ္ဂိုလ်တို့ ကောင်းစွာသိပြီးဖြစ်၍ နတ်တို့သည် ထိုအမှုများကို ထိုးထွင်းမြင်ကြ၏။ အဘိညာဉ်ရ ပုဂ္ဂိုလ်များသည် ယင်းအမှုတို့ကို ထိုးထွင်းမြင်ကြ၏။ အဘိပါရက၊ ငါ့အား သင့်မယားကို ပေးအပ်မည့် အကြံကို စိတ်ထဲ မထားနဲ့တော့၊ သင်သည် နောင်တွင် အလွန့်အလွန် စိတ်မချမ်းမသာ ဖြစ်လိမ့်မည်။

စစ်သူကြီး။ ။ကျွန်ုပ်သည် မိမိမယားကို သင်မင်းကြီးအား တကယ်ဆက်သပါ၏၊ သူမကို လက်ခံတော်မူပါ။

သိဝိမင်းကြီး။ ။ပညာရှိ သူတော်မြတ်ပုဂ္ဂိုလ်တို့သည် ဒုက္ခရောက်သည်ဖြစ်စေ၊ ကြီးပွားတိုးတက်သည်ဖြစ်စေ မိမိတို့၏ အကျင့်လမ်းကြောင်းမှ ဘယ်တော့မှ သွေဖည်ကြမည်မဟုတ်။

စစ်သူကြီး။ ။အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ကျွန်ုပ်၏ မိခင်၊ ဖခင်၊ အုပ်ချုပ်သူ၊ ကိုးကွယ်ရာ နတ်ဖြစ်သည်သာမက ကျွန်ုပ်နှင့် ကျွန်ုပ်မယား၏ ကျေးဇူးရှင် ဖြစ်ကြောင်း မှန်လှပါ၏။ ကျွန်ုပ်နှင့် ကျွန်ုပ်မယားသည် အရှင်၏ ကျေးကျွန်များဖြစ်ပါ၏။ သင်မင်းကြီး၏ အလိုဆန္ဒကို ဖြည့်တော်မူပါလော့။

သိဝိမင်းကြီး။ ။အုပ်ချုပ်သူတချို့က သူတို့သည် အုပ်ချုပ်သူများအနေဖြင့် သူတို့ကြိုက်တာ ဟူသမျှကို လုပ်နိုင်သည်ဟု ထင်ကြ၏။ သူတို့သည် မကောင်းမှုကိုပြုပြီးနောက် နောင်တမရကြကုန်။ ထိုကဲ့သို့သော အုပ်ချုပ်သူတို့သည် အသက်ရှည်မည် မဟုတ်။ နတ်တို့သည် ထိုသို့သော ပုဂ္ဂိုလ်များကို စက်ဆုပ်ရွံရှာ အထင်အမြင်သေးကြကုန်၏။

စစ်သူကြီး။ ။အရှင်မင်းကြီး၊ သူမလင်ယောကျ်ား၏ သဘောတူချက်မပါဘဲ တခြားယောကျ်ား၏ မယားကိုယူခြင်းသည် မကောင်းမှုဖြစ်၏။ ဤယူဆချက်ကို ကျွန်ုပ် လက်ခံပါ၏။ သို့ရာတွင် သူမ၏ လင်ကိုယ်တိုင် အလွန့်အလွန် စိတ်ပါစွာဖြင့် ပေးအပ်သည့်မယားကို လက်ခံခြင်းသည် မကောင်းမှုမဟုတ်ပါ။ မိမိမြတ်နိုးသည့်အရာကို ပေးလှူပစ်သောပုဂ္ဂိုလ်သည် ရှည်လျားသည့်သံသရာ (အဆုံးမရှိသည့်ဘဝများ) တစ်လျှောက်လုံးမှာ မိမိမြတ်နိုးသည့် အရာအားလုံးကို ရရှိလိမ့်မည်။ အလှူပေးခြင်း၌ အလှူခံပုဂ္ဂိုလ်သည် အလှူရှင်ပေးခဲ့သည့်အရာနှင့် အချိုးအစား အလွန်အမင်း မမျှသည့် ကောင်းသောအရာများစွာကို အလှူရှင်အားရအောင်



ကူညီပေးသည့်ပုဂ္ဂိုလ်မျိုးဖြစ်ပါ၏။ ထို့ကြောင့် ပေးခြင်းကိုလက်ခံခြင်းသည် နည်းနည်းမျှ မကောင်းမှုမဖြစ်ပါ။ ဥမ္မာဒန္တီကိုလက်ခံရန် အရှင်မင်းကြီးအား ကျွန်ုပ် အနူးအညွတ် ပန်ကြားပါ၏။ အရှင်မင်းကြီးသည် အရှင်မင်းကြီး အားရကျေနပ်အောင် သူမကို ခံစားပြီးမှ သူမကို ကျွန်ုပ်အား ပြန်ပေးလိုက ပေးနိုင်ပါ၏။

သိဝိမင်းကြီး။ ။မဟုတ်ဘူး၊ သင့်မယားကို ငါ လက်ခံမည်မဟုတ်။

စစ်သူကြီး။ ။သူမသည် ကျွန်ုပ်၏မယား ဖြစ်နေတုန်းမှာ သူမကို အရှင်မင်းကြီး လက်မခံလိုလျှင် ကျွန်ုပ်သည် သူမကို ကွာပစ်ပါမည်၊ ထိုအခါ သူမသည် အိမ်ထောင်သည်မိန်းမ ဖြစ်မည် မဟုတ်တော့ပါ။

သိဝိမင်းကြီး။ ။အဘိပါရက၊ ဒါမျိုးမလုပ်နှင့်၊ အပြစ်မဲ့မိန်းကလေးအား ဤမတရားသည့် အပြုအမူမျိုးကို သင်ပြုလျှင် သင့်ကိုဆန့်ကျင်သည့် စွပ်စွဲချက်မျိုးစုံကိုပြုကာ ပြင်းထန်သည့် တိုးတိုးပြောလှုပ်ရှားမှုတစ်သီကြီး မကြာမီ ဖြစ်လာလိမ့်မည်။ နန်းတွင်း၌ အလုပ်လုပ်နေကြသည့် အမတ်ကြီးများ၊ အရာရှိများနှင့် နိုင်ငံ၌နေထိုင်ကြသည့်ပြည်သူတို့သည် သင်၌ ယုံကြည်မှု ရှိတော့မည်မဟုတ်၊ မတော်တဲ့အရာကို မလုပ်ချင်ပါနဲ့။

စစ်သူကြီး။ ။ကျွန်ုပ် ဒါတွေကို ရင်ဆိုင်နိုင်ပါ၏၊ ဂရုမစိုက်ပါ။ ကျွန်ုပ် သူမကို ကွာပစ်ပါမည်။ သူမသည် အိမ်ထောင်သည်မိန်းမ မဟုတ်သောအခါ သူမကို အရှင်မင်းကြီး ယူနိုင်ပါ၏။

မင်းကြီးသည် စစ်သူကြီးအား နောက်ထပ်ရှေ့တိုးသွားခြင်းမှ ရပ်ပစ်လိုသဖြင့် အလွန်ပါးနပ်သည့် နည်းပရိယာယ်ကို အသုံးပြုလေ၏။ သူသည် အံမျက်ထွက်လာဟန် ဆောင်ပြီး မိမိအသံထဲ၌ ဟန်ဆောင်ဒေါသထည့်ကာ စစ်သူကြီးအား ဤသို့ပြောဆို၏။ 'ရှေးက သင်သည် ငါ့အကျိုးစီးပွားအတွက် အခါခပ်သိမ်းအလုပ်လုပ်ခဲ့၏။ အခုမှ အဘယ်ကြောင့် ငါ့အား ဖျက်ဆီးလိုသည်ကို ငါ နားမလည်နိုင်၊ သင့်အား ချစ်ပြုမည့် အခြားမင်းတစ်ပါးပါးကို သင် မြင်ထားသလော'

စစ်သူကြီးသည် အံ့အားသင့်သွားပြီး နောက်ထပ် ဥမ္မာဒန္တီအကြောင်းကို မတင်ပြနိုင်တော့ချေ။ ထိုအခါမင်းကြီးက သူ့အား ဆုံးမစကား အနည်းငယ်ကို ပေးလေ၏။

'အဘိပါရက၊ မကောင်းမှုကို နှိမ်နင်းပြီး ကောင်းမှုကိုကျင့်သုံးသော မင်းသည် ကောင်း၏၊ စာတတ်ပြီး ပညာရှိသောပုဂ္ဂိုလ်သည် ကောင်း၏၊ မိတ်ဆွေတို့အား အမှီမဲ့ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကောင်း၏၊ မကောင်းတာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် စိတ်ချမ်းသာမှု၏ အကြောင်းရင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'အဘိပါရက၊ အမျက်ဒေါသနှင့် မကောင်းမှုကင်းသည့် အုပ်စိုးသူရှိသောနိုင်ငံ၌ လူတို့သည် မိမိတို့၏ မယားများ၊ သားများ၊ သမီးများ၊ ဆွေမျိုးများ၊ မိတ်ဆွေများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ နေနိုင်ကြ၏။

'အဘိပါရက၊ မစဉ်းမစားလုပ်သည့် အမှုတွေရှိ၏။ ငါသည် ဒီလို မကောင်းမှုမျိုးတွေ ပြုလုပ်ခြင်းကိုမနှစ်သက်။ ရှင်ဘုရင်တချို့သည် အကျိုးဆက်များကို ကောင်းစွာ ချင့်ချိန်ပြီးမှ အမှုများကိုပြုတတ်ကြ၏။ ငါသည် ထိုအမှုမျိုးတွေကို နှစ်သက်၏၊ ယခု သင့်အား ဥပမာနှစ်ခုကို ငါပေးအံ့။

'အဘိပါရက၊ နွားတန်း၏ထိပ်၌ရှိသော ရှေ့ဆောင်နွားလားသည် ကောက်ကွေ့စွာသွားလျှင် သူ့နောက်က နွားတို့လည်း ကောက်ကွေ့စွာသွားကြ၏။ ထိုနည်းတူစွာပင် နိုင်ငံ၏ခေါင်းဆောင်ဟု ယူဆထားသည့် ဘုရင်သည်မကောင်းမှုကို ပြုကျင့်လျှင် တိုင်းပြည်အား ဘာဖြစ်သွားမည်ဆိုတာ ထင်ရှားသည့်အချက် ဖြစ်၏။ ပြည်သူတို့သည် မကောင်းမှုမျိုးစုံကို လိုက်စားရာ၌ ဘုရင်ထက် ပိုလွန်သွားပေမည်။ ဘုရင်သည် အကျင့်သီလ (ကောင်းမှု)လမ်းကြောင်းမှ သွေဖည်လျှင် တစ်နိုင်ငံလုံးသည် ဒုက္ခပင်လယ်ထဲ၌ နစ်မြုပ်သွားလိမ့်မည်။

'အဘိပါရက၊ နွားတန်း၏ထိပ်၌ရှိသော ဦးဆောင်နွားလားသည် ဖြောင့်ဖြောင့် သွားလျှင် သူ့နောက်ကနွားတို့လည်း ဖြောင့်ဖြောင့်သွားကြ၏။ ထိုနည်းတူစွာပင် နိုင်ငံ၏ခေါင်းဆောင်ဟု ယူဆထားသည့် ဘုရင်သည် ကောင်းမှုကို ကျင့်ကြံလျှင် နိုင်ငံ၌ ဘာဖြစ်မည်ဆိုတာ ထင်ရှားသည့်အချက် ဖြစ်၏။ ပြည်သူတို့လည်း ကောင်းမှုကို ပြုကျင့်ကြပေမည်။ ဘုရင်သည် အကျင့်သီလ (ကောင်းမှု) လမ်းကြောင်းအတိုင်း လျှောက်သွားလျှင် နိုင်ငံ အေးချမ်းမှု၊ ဝပြောမှု၊ ပျော်ရွှင်မှု ရှိလာလိမ့်မည်။

'အဘိပါရက၊ ငါသည် အကျင့်သီလ (ကောင်းမှု) လမ်းကြောင်းအတိုင်း နိဗ္ဗာန်သို့ လျှောက်သွားပေအံ့။ ငါသည် မကောင်းမှုလမ်းကြောင်းဖြင့်သာ စကြဝတေး မင်းကြီး ဖြစ်လာခဲ့မယ်ဆိုရင် ငါသည် ထိုစကြဝတေးမင်းမျိုးမဖြစ်လို။ ကမ္ဘာကြီး၌ တစ်ခါတစ်ရံ ကမ္ဘာကြီးကို တရားသဖြင့် အုပ်ချုပ်သည့်မင်းများ ပေါ်ပေါက်တတ်၏။ ထိုမင်းတို့သည် စက္ကဝတ္တိရာဇာ–စကြဝတေးမင်းများဟု ထင်ရှား၏။ သူတို့သည် အလွန်ပင် အာဏာ ဘုန်းတန်ခိုးကြီးကြ၏။ သို့ရာတွင် ငါသည် ထိုမင်းတို့၏ အာဏာ၊ ဘုန်းတန်ခိုးများကို ရဖို့ မကောင်းမှု လမ်းကြောင်းဖြင့် လျှောက်သွားရလျှင် ဒါတွေကိုပင် ငါ မရရှိလို။

'အဘိပါရက၊ ငါတို့၏ ဘိုးဘေးတို့သည် ပြည်သူတို့ကို ကောင်းမှုလမ်းကြောင်း ဖြင့် ဦးဆောင်ခဲ့သည့် မင်းများအဖြစ်ထင်ရှားကြ၏၊ ငါ၏ ဘိုးဘေးတို့သည် မိမိတို့၏ ပြည်သူများကို ကောင်းမှု လမ်းကြောင်းအတိုင်း ဦးဆောင်ခဲ့ကြ၏။ ကောင်းမှု လမ်းကြောင်းကို မြတ်နိုးသော ငါသည် သူတို့၏ ခြေရာများနောက်သို့ လိုက်အံ့



ဤဆုံးဖြတ်ချက်ပြင်းပြသည့် စိတ်ဆန္ဒဖြင့် ငါသည်ကောင်းမှုလမ်းကြောင်းမှ ဘယ်တော့မှ သွေဖည်မသွားအောင် ငါ၏စိတ်ကို ဆုံးမပြုပြင်သွားပေအံ့'

ထိုအခါ စစ်သူကြီးသည် မင်းကြီးအား အလွန်ပင် ချီးမွမ်းလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ရထားထိန်းကို အရှင်အာနန္ဒာနှင့်လည်းကောင်း၊ စစ်သူကြီးကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း၊ ဥမ္မာဒန္တီကို ဥပ္ပလဝဏ္ဏာထေရီနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဿ) မဓုပါလ

ဗောဓိသတ္တသည် ကြီးမြတ်သည့်တောထွက်ခြင်းပြုပြီးနောက် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်သည့် အလွန်ပြင်းထန်သောအကျင့်မျိုးကို ချမှတ်ကျင့်သုံးလေ၏။ ဤအကျင့်များကို အကျိုးအားဖြင့် သူသည် ခွေလဲကျသွားပြီး သတိကင်းမဲ့သွားလေ၏။ သူ့ကိုစောင့်ကြည့်နေသည့် နတ်တို့က သူ သေသွားပြီဟု ထင်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် ဗောဓိသတ္တ၏ဖခင် သုဒ္ဓေါဒနမင်းကြီးအား ထိုအကြောင်းကို သတင်းပေး လေ၏။ သုဒ္ဓေါဒနမင်းမှာ မိမိ၏သား၌ ကြီးစွာသော ယုံကြည်မှုရှိ၏၊ မိမိ၏သားသည် ဗုဒ္ဓမဖြစ်မီ သေမည်ဟု ဘယ်တော့မှမထင်ခဲ့၊ ထို့ကြောင့် သူသည် ထိုသတင်းကိုမမှန်ဟု ယံချခဲ့၏။ သူ့နန်းတော်သို့ ဗုဒ္ဓကြွလာသည့်အခါ ဖခင်မင်းကြီးက ဤအဖြစ်အပျက်ကို ဗုဒ္ဓအား ပြန်လည်လျှောက်ထား၏။ ဗုဒ္ဓက 'ရှေးဘဝတစ်ခု၌ မိမိ၏ဖခင်သည် အလားတူသတင်းမျိုးကို မယုံခဲ့ဘူးပေ'ဟု ပြန်ပြောလေ၏။ မိမိဖခင်၏ ပန်ကြားချက် အရ အောက်ပါဇာတ်တော်ကို ဗုဒ္ဓက ဟောပြလေ၏။

တက္ကသိုလ်ရှိ ရွာတစ်ရွာ၌ မဓုပါလဟုခေါ်သည့် အမျိုးအနွယ်တစ်ခုရှိခဲ့၏။ ရွာကိုလည်း ထိုအမျိုးအနွယ်ကို အစွဲပြု၍ မဓုပါလဟုခေါ်၏။ ရှေးအစဉ်အဆက်များစွာ က၍ ထိုအမျိုးအနွယ်ဝင်ပုဂ္ဂိုလ်တို့သည် မြင့်မြတ်သည့်အကျင့်ဆိုင်ရာ ဓမ္မသတ်ကို ကျင့်သုံးခဲ့၏။ ယင်းသည် ကုသလကမ္မပထဟု ထင်ရှား၏။ ယင်းမှာ အောက်ပါ အချက် ၁၀ ခု ပါရှိ၏။

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း

၃။ မှားသောနည်းဖြင့် ကာမဂုဏ်ချမ်းသာမှုများကို ရှာဖွေခြင်း၊ ဥပမာ မိမိ၏လင်၊ မယား မဟုတ်သူနှင့် မေထုန်မှုပြုခြင်း၊ မူးယစ်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း

၄။ မမှန်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



၅။ ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း
၆။ ကြမ်းကြုတ်၊ ဆဲရေးသည့်စကားများကို သုံးခြင်းမှ ရှောင်ကြဉ်ခြင်း
၇။ အကျိုးမရှိသည့်စကားများကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း
၈။ သူတစ်ပါးတို့ပိုင်ဆိုင်သည့်အရာများ (ဥပမာ–ဥစ္စာ၊ ရာထူး၊ ဩဇာ၊ မယားလင်)ကို ပိုင်ဆိုင်လိုသည့် အလိုဆိုးများ ထားရှိခြင်းမှ ရှောင်ကြဉ်ခြင်း
၉။ သူတစ်ပါးတို့ကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးလိုသည့် အလိုဆိုးများကို မွေးမြူခြင်းမှ ရှောင်ကြဉ်ခြင်း
၁၀။ အယူမှားများကို လက်ခံခြင်းမှ ရှောင်ကြဉ်ခြင်း (ဥပမာ– သေပြီးနောက် ဘဝမရှိဟု ယုံကြည်မှု၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ပြုပြီး ပြောပြီး ကြံပြီးလျှင် ပြီးခြင်း ပျောက်ကွယ်သွားမည်ဟု ယုံကြည်မှု၊ မိမိ စိုက်ပျိုးခဲ့တာ၏ ရလဒ် တစ်စုံတစ်ရာကို ဘယ်သူမှ မရဟု ယုံကြည်မှု၊ ယင်းတို့သည် အယူမှားများ ဖြစ်၏။)

ဓမ္မပါလနွယ်ဝင် ပုဂ္ဂိုလ်အားလုံးတို့သည် ဤအကျင့်ဆိုင်ရာဓမ္မသတ်ကို အလွန်တိကျစွာ ကျင့်သုံးကြလေ၏။ ဤကျင့်သုံးမှု၏ အကျိုးအားဖြင့် အမျိုးအနွယ်ဝင် ပုဂ္ဂိုလ်များထဲမှ တစ်ဦးမျှ ငယ်ရွယ်တုန်းမှာ မသေကြကုန်။

ဓာမိသတ္တသည် တစ်ချိန်က ထိုအနွယ်၏အကြီးအကဲသား ဖြစ်ခဲ့၏။ သူသည် ဓမ္မပါလဟု အမည်ရှိ၏။ သူသည် အရွယ်ရောက်လာသည့်အခါ သူ့ဖခင်က သူ့ကို တက္ကသီလ မြို့ရှိ တက္ကသိုလ်သို့ ပို့ခဲ့၏။ သူသည် တက္ကသိုလ်သို့ ဝင်ပြီးနောက် တက္ကသိုလ်ဆရာကြီး၏ သားငယ်သည် သေသွား၏။ ဓမ္မပါလက မိမိအမျိုးအနွယ်ဝင်သည့် ပုဂ္ဂိုလ်တို့သည် ကုသလကမ္မပထ တရားကိုတိကျစွာ စောင့်ထိန်းသောကြောင့် တစ်ဦးမျှ ငယ်ရွယ်တုန်းမှာ မသေကြကုန်ဟု ပြောပြသည့်အခါ တက္ကသိုလ်ဆရာကြီးသည် ထိုကိစ္စကိုအမှန်သိအောင်လုပ်ရန် ဆုံးဖြတ်လေ၏။ ထိုဆုံးဖြတ်ချက်နှင့်အညီ သူသည် ဓမ္မပါလ၏ဖခင်ကို တွေ့သောအခါ သူ့သား သေသွားကြောင်း သူ့အား ပြောကြားလေ၏။ ဖခင်က မိမိတို့သည် ကုသလကမ္မပထ တရားကို အလွန်တိကျစွာ စောင့်ထိန်းသောကြောင့် အမျိုးအနွယ်ဝင် ပုဂ္ဂိုလ်များအတွက် ငယ်ရွယ်တုန်းမှာ သေသည့်ထုံးစံ မရှိဟု ခိုင်မြဲစွာပြောဆိုကာ တက္ကသိုလ်ဆရာကြီးစကားကို ယုံကြည်ရန် ငြင်းပယ်လေ၏။ နောက်ဆုံးတွင် ဆရာကြီးက ဓမ္မပါလ မသေကြောင်း ဝန်ခံရလေ၏။ သူသည် ဖခင်အား 'သင့်အား ဓမ္မပါလက မိမိအား အလားတူပင် ပြောပြခဲ့ကြောင်း ထိုကိစ္စကို အမှန်သိအောင်လုပ်ရန် ရွာသို့လာခဲ့ကြောင်း'ဟူ၍လည်း ဝန်ခံပြောကြားလေ၏။



ဇာတ်တော်အဆုံး၌ ဗုဒ္ဓက ဓမ္မပါလ၏ မိဘများကို သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာမိဖုရားကြီးနှင့်လည်းကောင်း၊ တက္ကသိုလ်ဆရာကြီးကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (င) သက်ပွ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သာဝတ္ထိမြို့ထဲ၌ ဆွမ်းခံနေစဉ် ချောလှသည့် မိန်းကလေးတစ်ဦးမြင်ခဲ့ပြီးနောက် သံဃာ့ဘောင်မှထွက်ရန် ဆုံးဖြတ်ခဲ့သော ရဟန်းတစ်ပါးနှင့်ပတ်သက်၍ ဤဇာတ်တော်ကို ရဟန်းတို့အား ဟောကြားလေ၏။

ရှေးတုန်းက ဓာမိသတ္တသည် သူဌေးကြီးတစ်ဦး၏သား ဖြစ်ခဲ့၏။ သူသည် မိမိ၏မိဘများ ကွယ်လွန်သည့်အခါ မိမိ၏ဥစ္စာဓနကို စွန့်ပြီး ဟိမဝန္တာ၌ ရသေ့ရဟန်းပြုလေ၏။ မိမိ၏ သဒ္ဓါတရားနှင့် လုံ့လဝီရိယကြောင့် အားလုံးသော သမာပတ်ရှစ်ပါး (ဈာန်ရှစ်ပါး)နှင့် အဘိညာဉ်(တန်ခိုးဉာဏ်) ငါးပါးကို ရရှိလေ၏။ မိမိသည် ဘုရင်နှင့် ပြည်သူတို့အား အကျင့်သီလဆိုင်ရာ လမ်းညွှန်မှုပေးသည့်ပုဂ္ဂိုလ် ဖြစ်နိုင်၏ဟု ယုံကြည်လျက် သူသည် ကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်သို့ လေဟုန်စီး ကြွသွားလေ၏။ မင်းကြီးသည် ရသေ့၏ ကျက်သရေနှင့် တည်ငြိမ်မှုတို့ဖြင့် အလွန်အားရကျေနပ်သောကြောင့် မိမိ၏ မင်းဥယျာဉ်ထဲ၌ ရသေ့အတွက် သင့်လျော်သည့် ဧည့်ခံမှုကို ပြုလေ၏။ မင်းကြီးသည် ထိုရသေ့အား မိမိ၏ဆွမ်းကိုခံယူဖို့ နံနက်တိုင်း နန်းတော်သို့ ကြွရောက်ရန်လည်း ဖိတ်ကြားလေ၏။ မင်းနှင့် မိဖုရားတို့သည် ဘုံခုနစ်ဆင့်ရှိ နန်းတော်၏ အပေါ်ဆုံးထပ်၌ ရသေ့အား ကိုယ်တိုင်လုပ်ကျွေးကြလေ၏။ ထိုနေရာသို့ ရသေ့သည် ဥယျာဉ်မှ ကောင်းကင်ခရီးဖြင့် ကြွရောက်လေ့ရှိ၏။

တစ်နေ့သ၌ မင်းကြီးသည် မြို့တော်မှ အဝေးသို့ရောက်နေ၏။ မိဖုရားသည် ရသေ့၏ ရောက်အလာကိုစောင့်လျက် ညောင်စောင်းပေါ်၌ လဲလျောင်းနေစဉ် ခဏမျှ အိပ်ပျော်သွား၏။ အတန်ကြာသော် သူမသည် ရသေ့ကြွလာသည့်အသံဖြင့် နိုးလေ၏။ သူမသည် ရသေ့အားကြိုဆိုရန် ကပျာကယာ ထလိုက်သောအခါ မိမိကိုယ်ကို လွှမ်းခြုံထားသည့် ထဘီအဝတ်သည် လျှောကျသွား၏။ ရသေ့သည် မိဖုရား၏ အဝတ်လစ်နေသည့်ကိုယ်ကို ခဏမျှ စိုက်ကြည့်မိ၏။ ထိုခဏကလေးအတွင်းမှာ သမာပတ်ရှစ်ပါး (ဈာန်ရှစ်ပါး)နှင့် အဘိညာဉ် (တန်ခိုးဉာဏ်) ငါးပါးတို့ ကွယ်ပျောက်လေ၏။ ဈာန်တို့က နှိပ်ကွပ်ထားအပ်သော တဏှာရာဂတို့သည် မြွေပွေးသည့် ခြင်းကို ဖွင့်ဖွင့်ချင်း ဦးခေါင်းထောင်လာသည့် မြွေကဲ့သို့ ပြန်ပေါ်လာလေ၏။ မိဖုရားသည် သူ့အား ထိုင်ရန်ပန်ကြား၏။ သူသည် ထိုင်ရန်ငြင်းဆန်ပြီး သူ့သပိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းအပြည့်ထည့်ပြီးပြီးချင်း ထွက်သွားလေ၏။ သူလာခဲ့တုန်းက ကောင်းကင်ခရီးဖြင့် လာခဲ့၏။ သို့ရာတွင် သူသည် သမာပတ်ရှစ်ပါး (ဈာန်ရှစ်ပါး) ဆုံးရှုံးသွားသောကြောင့် လေထဲ၌ လေဟုန်စီးမသွားနိုင်တော့ပေ။ သူသည် ဉယျာဉ်ထဲရှိ မိမိ၏ သင်္ခမ်းကျောင်းသို့ လမ်းလျှောက်ပြန်ခဲ့ရလေ၏။

သင်္ခမ်းကျောင်းထဲ၌ သူသည် မိမိယူလာခဲ့သည့် ဆွမ်းကို မစားနိုင်ချေ။ သူသည် မိမိ၏ခုတင်အောက်၌ သပိတ်ကိုထား၍ ခုတင်ပေါ်၌လဲလျောင်းကာ မိမိ မြင်ခဲ့သည့် ချစ်စဖွယ်အဝတ်လစ်ရုပ်သွင်ကို စဉ်းစားနေသည်မှ တစ်ပါး ဘာမျှ မလုပ်နိုင်ချေ။ မင်းကြီးသည် မြို့တော်သို့ပြန်ရောက်လာသည့်အခါ နန်းတော်သို့မသွားသေးမီ ရသေ့၏ သင်္ခမ်းကျောင်းသို့ သွားရောက်လေ၏။ သင်္ခမ်းကျောင်းကို ဖုန်သစ်ရွက်များနှင့် သပိတ်ထဲရှိ ဆွမ်းကို စားဖို့လာနေသည့် ယင်ကောင်များဖြင့် ကြောက်စရာ ညစ်ပတ်ရှုပ်ပွနေသည်ကို တွေ့ရလေ၏။

'အရှင်ဘုရား၊ ဘာဖြစ်နေပါသလဲ'ဟု မင်းကြီးက မေး၏။

'ငါသည် ပြင်းထန်သည့်ရိုက်ဒဏ် ခံခဲ့ရ၏'ဟု ရသေ့က ပြန်ပြော၏။

မင်းကြီးက မိမိ၏ရန်သူတို့သည် မိမိအားညှဉ်းဆဲရန် မစွမ်းနိုင်သောကြောင့် ရသေ့ကို ညှဉ်းဆဲသွားလေပြီဟု စဉ်းစားမိ၏။ သို့ရာတွင် သူသည် ရသေ့၏ကိုယ်၌ ဒဏ်ရာတစ်ခုမျှ မမြင်ရသည့်အခါ 'အရှင်ဘုရား ဘယ်မှာ နာသွားပါသလဲ၊ ဘယ်သူက လုပ်တာလဲ'ဟု ထပ်မေးလေ၏။

'မင်းကြီး၊ အခြား ဘယ်သူမှ လုပ်တာမဟုတ်၊ ငါသည် ကိုယ်တိုင်ပင် မိမိ၏ အသည်းနှလုံးကို တဏှာလောဘဖြင့် သုတ်လိမ်းထားသည့် မြားဖြင့် ထိုးဖောက်ခဲ့၏။ ဒဏ်ရာကိုမမြင်နိုင်၊ သို့ရာတွင် အသည်းနှလုံးကို ထိုးဖောက်ခံထားရသောကြောင့် တဏှာလောဘတို့သည် အလွန်လျင်မြန်စွာ တိုးပွားနေ၏'။

ထို့နောက် ရသေ့က မင်းကြီးအား ခဏမျှ သင်္ခမ်းကျောင်းထဲမှ ထွက်သွားဖို့ ပြောကြား၏။ သူသည် တစ်ဦးတည်းရှိသောအခါ ထိုင်၍ စိတ်ကြည်မှု သမာဓိအလုပ်ကို ကျင့်ကြံလေ၏။ သူသည် မိမိ၏ သမာပတ်ရှစ်ပါး (ဈာန်ရှစ်ပါး) နှင့် အဘိညာဉ် (တန်ခိုးဣဒ္ဓိ) ငါးပါးကို ပြန်ရသွားသည့်အခါ လေထဲ၌ လေဟုန်စီးသွားကာ 'ယခု ဟိမဝန္တာသို့ ပြန်တော့မည်'ဟု မင်းကြီးကို နှုတ်ဆက်သွားလေ၏။

'အရှင်ဘုရား၊ အရှင် ပြန်ကြွမသွားသင့်ပါ'

'မင်းကြီး၊ ငါ ဒီမှာ မနေသင့်၊ ဒါ ငါ့အဖို့ သင့်တော်သည့် နေရာမဟုတ်၊ ဤနေရာသည် လွန်ခဲ့သည့် ခဏလေးအထိ ငါရရှိခဲ့သည့် ဈာန်တရား ပျောက်ကွယ်ရခြင်း၏ အကြောင်းရင်းဖြစ်၏'

ဤသို့ပြောလျက် သူသည် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ပြန်ကြွသွားလေ၏။



ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် မင်းကြီးကို အရှင်အာနန္ဒာနှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## ၃။ နေကျွမ်းမှုပါရမီ

### (က) အယောဃရ

တစ်နေ့သ၌ ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့သည် ဗုဒ္ဓအားကြီးမြတ်သည့် တောထွက်ခဲ့ခြင်းအတွက် ချီးမွမ်းပြောဆိုနေကြ၏။ ဗုဒ္ဓသည် ဤအကြောင်းကို သိရှိသောအခါ မိမိသည် ရှေးဘဝများကလည်း ကြီးမြတ်သည့် တောထွက်ခြင်းများကို ပြုခဲ့ပြီဟု ပြောဆို၍ အောက်ပါဇာတ်တော်ကို ပြောပြလေ၏။

ဗာရာဏသီမင်း၏ မိဖုရားမှာ သားနှစ်ယောက်ရရှိခဲ့၏။ သူတို့နှစ်ဦးစလုံးကို မွေးပြီးနောက် ရက်အနည်းငယ်ကြာသော် ဘီလူးမတစ်ဦးက စားပစ်ခဲ့၏။ ထို့ကြောင့် တတိယကလေး ပဋိသန္ဓေရသည့်အခါ မင်းကြီးသည် အမတ်ကြီးများ၏ အကြံပေးချက်အရ သံအိမ်တစ်ခုဆောက်၍ ထိုသံအိမ်ထဲမှာ မိဖုရားကြီးကို ထိန်းသိမ်းထားလေ၏။ သားကလေးဖွားမြင်သည့်အခါ ထိုသားကို ဘီလူးမရန်မှကာကွယ်ရန်အလို့ငှာ အသက် ၁၆ နှစ်အထိ သံအိမ်ထဲမှာ ထိန်းသိမ်းထားလေ၏။

ဗောဓိသတ္တဖြစ်သူ မင်းသားကို 'အယောဃရ'ဟု အမည်ပေး၏။ မင်းကြီးသည် မင်းသားအား အခွင့်ကောင်းပေးသောအားဖြင့် ထီးနန်းကိုစွန့်လိုသဖြင့် သူ့ကိုထုတ်၍ မြို့တော်ကိုပတ်ကာ မင်းခမ်းမင်းနားဖြင့် လှည့်လည်ခိုင်းလေ၏။ မင်းသားသည် ဘဝ၌ မမြင်ရဖူးသည့် စိတ်ဝင်စားဖွယ်ရာ များစွာတို့ကို မြင်လေ၏။

မင်းသား။ ။ငါ့ကို ရှေးက ဒီဝတ္ထုတွေမှ အဘယ်ကြောင့် အဆက်ဖြတ်ထားခဲ့သနည်း။
အဘယ့်ကြောင့် တစ်ချိန်လုံး ငါ့ကို သံအိမ်ထဲမှာပိတ်သနည်း။

အမတ်ကြီးများ။ ။အရှင်မင်းသား၊ အရှင်၏ နောင်တော်နှစ်ဦးတို့ကို ဖွားမြင်ပြီးနောက် ရက်အနည်းငယ်ကြာသော် ကြောက်မက်ဖွယ် ဘီလူးမတစ်ဦးက ဖမ်းစားပစ်ခဲ့၏။ ထို့ကြောင့် အရှင့်ကို ထိုကြောက်မက်ဖွယ် ဘီလူးမမှ ကာကွယ်ရန် ထိုသံအိမ်ထဲမှာ ထိန်းသိမ်းထားခဲ့ရ၏။ ဤသံအိမ်၏ ကျေးဇူးကြောင့် အရှင် သည်အသက်ကိုရရှိခဲ့၏။

မင်းသားသည် အမတ်ကြီးများပြောတာကို ကြားရပြီးသော် ဤသို့စဉ်းစားလေ၏။ 'ငါသည် ငရဲအိုးထဲက သတ္တဝါလို ငါ့မိခင်ဝမ်းထဲ၌ ၁၀ လခန့်တိုင် ပဋိသန္ဓေနေခဲ့ရ၏။ ၁၆ နှစ်တိုင် ထိုသံအိမ်ထဲ၌ အကျဉ်းချခံခဲ့ရ၏။ ငါသည် ဘီလူးမ၏ဘေးမှ လွတ်မြောက်ခံခဲ့ရသော်လည်း အိုခြင်းနှင့် သေခြင်းကို ရရှိပေမည်။ ဘုရင်ဖြစ်ခြင်းဖြင့် ဘာထူးရှိအံ့နည်း။ ငါသည် မင်းအဖြစ်ကို လက်ခံပြီးနောက် ငါ့အဖို့ ဟိမဝန္တာသို့

www.burmeseclassic.com



သွားပြီး ရသေ့ရဟန်းပြုဖို့ အလွန် ခဲယဉ်းသွားမည်။ ငါသည် ယနေ့ လူ့လောကကို စွန့်ရန် ခမည်းတော်ထံမှ ခွင့်ပြုချက်ကို ရယူရအံ့’

သူသည် ခမည်းတော်ကိုတွေ့သောအခါ မင်းကြီးသည် မိမိသား၏ ဥပဓိရုပ် အသရေဖြင့် အလွန့်အလွန် အားရသွားလေ၏။ (သားအပေါ်) ချစ်ခင်မှုပေါက်ကွဲသဖြင့် သူသည် ထိုနေ့၌ မိမိ၏သားကို မင်းမြှောက်ရန် အမတ်ကြီးများကို အမိန့်ပေးလေ၏။ သို့ရာတွင် မင်းသားက ခမည်းတော်အား အောက်ပါအတိုင်း လျှောက်တင်လေ၏။

‘ခမည်းတော်၊ ကျွန်ုပ်သည် မင်း မဖြစ်လိုပါ၊ ရသေ့ရဟန်းပြုလိုပါ၏၊ ကျွန်ုပ်အား သနားသောအားဖြင့် ထိုသို့ပြုခွင့်ပေးပါ။

‘ခမည်းတော် ကျွန်ုပ်သည် ၁၀ လတိုင် အမိဝမ်းထဲ၌ ငရဲသတ္တဝါကဲ့သို့ နေခဲ့ရပါ၏၊ ဖွားမြင်ပြီးနောက် ၁၆ နှစ်တိုင် သံထောင်ထဲ၌ အကျဉ်းချခံခဲ့ရ၏။ အကျွန်ုပ်ကို ဘီလူးမမှ ကယ်တင်ခဲ့သော်လည်း ဘယ်သူမှ အိုခြင်း၊ သေခြင်းမှ အကျွန်ုပ်ကို မကယ်တင်နိုင်၊ အကျွန်ုပ်သည် လူများ၊ နတ်များ၊ ဗြဟ္မာများအဖြစ်ဖြင့် ပင်္ဂိုသန္ဓေနေရခြင်းတို့ကို ငြီးငွေ့ပါ၏။ အကျွန်ုပ် မအို၊ မနာ၊ မသေမီ အကျွန်ုပ်အား သနားသောအားဖြင့် ရဟန်းပြုပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းကဲ့သို့ အတူတွဲဖြစ်တတ်သော တရားများ ပါရှိသည့် အဆုံးမရှိ ပဋိသန္ဓေနေရခြင်းတို့ကို ရပ်စဲစေနိုင်သည့် ကမ္မဋ္ဌာန်း တရားကို အားထုတ်ခွင့်ပေးပါ။

‘ခမည်းတော်၊ စစ်ပွဲများ၌ အလွန်ရဲရင့်ကုန်သော စစ်သားကြီးတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို မအောင်နိုင်ကုန်၊ ထို့ကြောင့် ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်း တရားကို အားထုတ်ခွင့်ပေးပါ။

‘ခမည်းတော်၊ အခြား တန်ခိုးကြီးမင်းများကို အောင်နိုင်ကုန်သော မင်းကြီးတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို မအောင်နိုင်ကုန်၊ ထို့ကြောင့် အကျွန်ုပ်အား ရသေ့ရဟန်းပြုခွင့် ပေးပါ။

‘ခမည်းတော်၊ တန်ခိုးကြီးဘုရင်တချို့သည် မိမိတို့၏အားကောင်းသည့် စစ်တပ်များဖြင့် ရန်သူများ၏ ဖမ်းယူခြင်းတို့မှ မိမိတို့ကိုယ်ကို လွတ်မြောက်စေနိုင်ကြ၏။ သို့ရာတွင် မင်းကြီးတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့၏ ဖမ်းယူခြင်းများမှ မိမိတို့ကိုယ်ကို လွတ်မြောက်အောင်မလုပ်နိုင်ကြကုန်။

‘ခမည်းတော်၊ အားကောင်းရဲရင့်သော ဆင်တို့သည် ရန်သူတို့၏မြို့ကြီးများကို ဖျက်ဆီးနိုင်၍ လူမြောက်မြားစွာတို့ကို ဖျက်ဆီးနိုင်ကြ၏။ သို့ရာတွင် သူတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ကို မဖျက်ဆီးနိုင်ကုန်။

‘ခမည်းတော်၊ ရန်သူများကိုသတ်ရန် သင်ကြားလေ့ကျင့်ထားအပ်သည့် ဘုရင်လေးသမားတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ကို မသတ်နိုင်ကုန်။



‘ခမည်းတော်၊ အနောတတ္တ ကဲ့သို့သော ရေအိုင်ကြီးတို့သည် တစ်နေ့တွင် ခြောက်ခန်း သွားကြရလိမ့်မည်။ ကမ္ဘာမြေကြီးသည် တောကြီးများနှင့်အတူ တစ်နေ့တွင် ပျောက်ကွယ်သွားရမည်။ သက်ရှိသတ္တဝါ၊ သက်မဲ့အရာအားလုံးတို့သည် ဆွေးမြည့်သည့် သဘောရှိကုန်၏။

‘ခမည်းတော်၊ ဘုရင်ဖြစ်ခြင်း၊ ပုဏ္ဏားဖြစ်ခြင်း၊ သူဌေးကြီးဖြစ်ခြင်း၊ အားကောင်းသူ ဖြစ်ခြင်း၊ တန်ခိုးကြီးသူ ဖြစ်ခြင်းဟူသော အကြောင်းမှုဖြင့် ပုဂ္ဂိုလ်တစ်ဦးကို သေမင်းက ဂရုမစိုက်ချေ။

‘ခမည်းတော်၊ မှော်ဆရာကြီးတို့သည် အတုအယောင်များကိုဖမ်းဆီး၍ လူတို့ကို လိမ်ညာနိုင်ကြ၏။ သို့ရာတွင် သူတို့သည် အို နာ သေခြင်းတရားတို့ကို မလိမ်နိုင်ကုန်။

‘ခမည်းတော်၊ ကောင်းသောအမှု၊ ကောင်းသောစကား၊ ကောင်းသောအကြံသည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်အပ်သူတို့မှ ကွေကွင်းခြင်းကဲ့သို့သော အတူတွဲဖြစ်ဖက် တရားများ ပါရှိသည့် ပဋိသန္ဓေနေရမှုတို့ကို အဆုံးသတ်ဖို့အတွက် လိုအပ်ကုန်၏၊ ထို့ပြင် ထိုနောက်ဆုံးအဆင့်သို့ တက်မသွားနိုင်သေးမီ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံများကဲ့သို့သော ကောင်းသည့်နေရာတို့၌ ပဋိသန္ဓေနေရမှုများအတွက်လည်း ဤကောင်းသောအမှု၊ ကောင်းသောစကား၊ ကောင်းသောအကြံများကို မှီခိုအားထားနေသမျှ ကာလပတ်လုံး အနည်းဆုံးအပါယ်လေးပါးတို့၌ ဘယ်တော့မှ ဖြစ်ကြမည်မဟုတ်။

‘ထို့ကြောင့် အို နာ သေ တရားတို့က အကျွန်ုပ်ကို မနှိပ်စက် မအောင်သေးခင်မှာ အကျွန်ုပ်အား ကောင်းသောအမှု၊ ကောင်းသောစကား၊ ကောင်းသောအကြံများကို စုးစိုက်လုပ်နိုင်အောင် ရသေ့ရဟန်းပြုခွင့် ပေးသနားပါ။ ဤနေရာ၌ ကျွန်ုပ် စကားပြောနေတုန်းမှာပင် အို နာ သေ တရားတို့က အကျွန်ုပ်ထံ ခဏတိုင်း ချဉ်းကပ်လာနေပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် မင်းကြီးအား တိုင်းပြည်ကို အပ်ထားခဲ့ပါ၏၊ အကျွန်ုပ် သွားရပါမည်။

မင်းကြီးသည် မိမိသား၏တရားကိုနားထောင်ပြီးနောက် တရားဘက်ကူးပြောင်းသွားသဖြင့် သားဘက်သို့ ပူးပေါင်းသွားလေ၏။ မိဖုရား၊ ပုဏ္ဏားများ၊ သူဌေးများလည်း ဟိမဝန္တာဆီသို့သွားနေသည့် မင်းကြီးနှင့် မင်းသားကိုမြင်သောအခါ သူတို့နောက်သို့ လိုက်ကြလေ၏။ ထိုသတင်းသည် မြို့တော်၌ တောမီးကဲ့သို့ ပျံ့နှံ့သွား၍ မြောက်မြားလှသော ပြည်သူတို့သည် လူ့လောကကိုစွန့်၍ မိမိတို့၏ မင်းကြီး၊ မင်းသားနှင့် အတူတကွ ဟိမဝန္တာသို့ ချီတက်သွားကြလေသည်။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် အယောဃရ၏ မိဘတို့ကို သုဒ္ဓေါဒနမင်းကြီး၊ မဟာမာယာမိဖုရားကြီးတို့နှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



(ခ) စူဠသုတသောမ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရှေးဘဝများတစ်ခု၌ မိမိ၏ တောထွက်ခြင်းနှင့် ပတ်သက်၍ ဤဇာတ်တော်ကို ပြောပြလေ၏။

ဗောဓိသတ္တသည် ရှေးဘဝတုန်းက ဗာရာဏသီပြည်၏ ဘုရင်ဖြစ်ခဲ့၏။ သူ့မှာ လမင်းကဲ့သို့ ကျက်သရေရှိလှသည့်မျက်နှာ ရှိပေ၏။ ထို့ကြောင့် ဖခင်က သူ့အား သောမ အမည်ကို ပေးခဲ့၏။ သူသည် ကြီးပြင်းလာသည့်အခါ ဗဟုသုတများစွာကို ဆည်းပူးခဲ့၏။ ထို့ကြောင့် သူသည် သုတသောမဟု ထင်ရှားလာ၏။ သူသည် ဖခင် ထီးနန်းစွန့်သွားသောအခါ မင်း ဖြစ်လာခဲ့၏။ သို့ရာတွင် သူသည် ဘုရင်အဖြစ်ဖြင့် မပျော်မွေ့သောကြောင့် လူ့လောကကိုစွန့်ဖို့ အကြိမ်ကြိမ် စဉ်းစားနေလေ၏။

သူက မိမိ၏ဦးခေါင်း၌ ဆံပင်ဖြူတစ်ပင်ကို မြင်မြင်ချင်း မိမိအား အသိပေးရန် မိန့်မှာထားသောကြောင့် ဆတ္တာသည်သည် တစ်နေ့သ၌ မင်းကြီး၏ဦးခေါင်း၌ ဆံဖြူ တစ်ပင်ကို မြင်မိလေ၏။ မင်းကြီးသည် ထိုဆံဖြူကို နုတ်ခိုင်းပြီး မိမိ၏လက်ဝါး၌ ထားလေ၏။ ထိုဆံဖြူတစ်ပင်ကိုမြင်လျှင် မိမိ၏အိုမှုကို သတိပေးသည့်အရာ ဖြစ်သော ကြောင့်မင်းကြီးသည်အလွန်ပင် သံဝေဂရလေ၏။ သူ၏အမိန့်အရအမတ်ကြီးများ၊ နန်းတွင်း သူများ၊ ပြည်သူများကို မင်းရင်ပြင်၌ လျင်မြန်စွာ စုဝေးစေလေ၏။ ထိုအခါ မင်းကြီး သည် 'မိမိတောထွက်ပြီး ရသေ့ရဟန်းပြုအံ့'ဟု အစည်းအဝေး၌ လေးနက်စွာ ကြေညာ လေ၏။ ပြည်သူတစ်ဦးက ဤသို့ ကန့်ကွက်ပြောဆို၏။ 'အရှင်မင်းကြီး၊ အရှင်၏ ကြေညာချက်သည် ထက်စွာသောလှံဖြင့် အကျွန်ုပ်၏ အသည်းနှလုံးကို ထိုးဖောက်သလို ဖြစ်ပါ၏၊ အရှင်မင်းကြီးသည် ခုနစ်ရာသော အရှင့်မိဖုရားများကို ဂရုမပြုပေ၊ အရှင်မင်းကြီးထွက်သွားသော် ထိုမိဖုရားတို့ကား ဘာဖြစ်သွားပါမည်နည်း'

မင်းကြီး။ ။ဤမိဖုရားတို့သည် ငယ်ကြသေး၏။ သူတို့သည် အလွန်ချောလှကြ၏။ သူတို့သည် အခြားမင်းများထံမှ အကူအညီကို ရှာဖွေနိုင်၏။ သူတို့သည် ငါ့အား ပြန်လှည့်အောင် မပြုနိုင်ချေ။ ငါသွားဖို့ ဆုံးဖြတ်ထား၏။

အမတ်ကြီးတို့သည် မင်းကြီးနှင့် ငြင်းခုံ ယှဉ်ပြောရန် မစွမ်းနိုင်သောကြောင့် မယ်တော်မိဖုရားကို ခေါ်လာ၏။ မယ်တော်က ဤသို့ဆိုလေ၏။ 'သားတော်၊ သင့် မယ်တော်ဖြစ်၏။ ငါ၏ မျက်စိများထဲရှိ မျက်ရည်များစွာတို့သည် သင့်အား ပြန်လှည့် မဆွဲဆောင်နိုင်ဘူး၊ သင်သည် ငါ့အတွက် ဘာမျှ မစဉ်းစားဘူး၊ သင်ဟာ မွေးရကျိုး နပ်တဲ့သား မဟုတ်ဘူး'

မယ်တော် မိဖုရား မအောင်မြင်သည့်အခါ အမတ်ကြီးတို့သည် မင်းကြီး၏ ခမည်းတော်ကို ခေါ်ကြ၏။



ခမည်းတော်။ ။ငါ့သား ငါ့ကို ပြောပါ၊ ပြုစုစောင့်ရှောက်ရန် သင် တာဝန်ရှိသော မိဘအိုများကို စွန့်ပစ်ခြင်း၊ ရသေ့ရဟန်းပြုခြင်းဖြင့် သင်သည် အဘယ် အကျိုးကို ရမည်နည်း၊ သင်သည် မိဘများကို ထည့်မစဉ်းစားလျှင်သော်မှ သင့်သားများနှင့် သမီးများကို ထည့်စဉ်းစားသင့်၏။ သူတို့သည် သင် မရှိဘဲ ထိုက်တန်သည့် ယောကျာ်းကြီးအဖြစ်၊ မိန်းမကြီးအဖြစ်သို့ တိုးတက် ရန် စွမ်းနိုင်ကြမည် မဟုတ်။ သင်သည် သူတို့ အပြည့်အဝ ကြီးထွားသည် အထိ သင့်တောထွက်မှုကို ရွှေ့ဆိုင်းသင့်၏။

မင်းကြီး။ ။ခမည်းတော်၊ ကျွန်ုပ်သည် ခမည်းတော် အကြံပြုခဲ့သည့်အတိုင်း ယခု ပြန်လှည့်ပြီး မိမိ၏ မိဘများ သားသမီးများနှင့် အတူနေထိုင်သည် ဆိုကြ ပါစို့။ ကျွန်ုပ်တို့ နေချင်သလောက် အတူတကွ နေထိုင်နိုင်သည်ဟု အာမခံချက်ရှိပါသလော၊ သေမင်းသည် တစ်ဦးမှတစ်ဦးကို ခွဲပေမည်။

ခမည်းတော်ပြီးသော် ခုနစ်ရာသော မိဖုရားများ၊ မိဖုရားကြီးနှင့် သူမ၏ သားနှစ် ယောက်တို့ ရောက်လာကြ၏။ သို့ရာတွင် တစ်ဦးတစ်ယောက်မျှ မင်းကြီးအား ရသေ့ရဟန်းပြုမည့် သူ့ဆုံးဖြတ်ချက်ကို စွန့်ခိုင်းရာ၌ မအောင်မြင်ခဲ့ချေ။

စစ်သူကြီး၊ သူဌေးကြီး ကုလဝဒ္ဓနနှင့် ကြွယ်ဝသည့် ကုန်သည်များစွာတို့က 'မင်းကြီးမှာ အတွင်းလျှို့ဝှက် ကြောက်ခြင်းတစ်ခုရှိနေပြီး ထိုအတွင်းလျှို့ဝှက် ကြောက် ခြင်းက သူ့အား လူ့လောကကို အတင်းစွန့်ခိုင်းနေသည်'ဟု စဉ်းစားမိကြ၏။ သူတို့အလိုအရ မင်းကြီးသည် 'သူ့နိုင်ငံဒေဝါလီခံရပြီ'ဟု ကြောက်နေခဲ့၏။ ထို့ကြောင့် စစ်သူကြီးသည် မင်းကြီးအား တိုင်းပြည်၏ စီးပွားရေး၊ ဘဏ္ဍာရေး အခြေအနေ ကောင်းမွန်နေကြောင်းသတင်းကို ပေးလေ၏။ ကုလဝဒ္ဓနနှင့် ကြွယ်ဝသည့် ကုန်သည် များစွာတို့သည် မိမိတို့၏ ပြားပြောင်လှသော ဥစ္စာဓနကို မင်းကြီးအားပေးကြလေ၏။ သို့ရာတွင် မင်းကြီးက 'တောထွက်ဖို့ မိမိ ဆုံးဖြတ်ပြီးပြီ' ဟု ပြန်ပြောလေ၏။

မင်းကြီးသည် အထက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် စကားပြောဆိုပြီးနောက် ပရိသတ် ကြီးအား စကားပြောလေ၏။ သူ့ပြောစကားထဲပါ အဓိကအချက်များကား အောက်ပါ အတိုင်း ဖြစ်၏။

၁။ ဘဝသည် တိုတောင်း၏။ မိုက်မဲသူတို့သည် ဤအချက်ကို မသိကုန်။ ဤအချက် ကို မသိမမြင်ခြင်းသည် ဤလူတို့အား အပြစ်များစွာ ကျူးလွန်စေ၏။

၂။ ဤမိုက်မဲသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ဝန်းကျင်ရှိ လောက၌ မွေ့မက်ခွင့် ပြုကြ၏။ ထိုမိုက်မဲသူတို့သည် သေသည့်အခါ အပါယ်လေးပါးတို့တွင် တစ်ပါးပါး၌ ဖြစ်ကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များ လူစုခွဲသောအခါ မင်းကြီးသည် နန်းတော်မှ တိတ်တဆိတ် ထွက်သွားလေ၏။ သို့ရာတွင် သူထွက်ခွာသွားတာကို တွေ့ရှိသောအခါ မင်းကြီး၏မိဘများမှစ၍ အဆင့်နိမ့်ပြည်သူများအထိသော ပုဂ္ဂိုလ်များစွာတို့သည် ဟိမဝန္တာသို့ သူချီတက်သွားရာနောက်သို့ ပူးပေါင်းကြလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် စူဠသုတသောမ၏ မိဘများကို သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာမိဖုရားကြီးနှင့်လည်းကောင်း၊ မိဖုရားကြီးစန္ဒာဒေဝီကို ရာဟုလာ၏ မိခင်နှင့်လည်းကောင်း၊ သားကြီးကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း၊ သားငယ်ကို အရှင်ရာဟုလာနှင့်လည်းကောင်း၊ စစ်သူကြီးကို အရှင်မောဂ္ဂလာန်နှင့်လည်းကောင်း၊ မင်းကြီး၏ ညီငယ်ကို အရှင်အာနန္ဒာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဂ) သောမနဿ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဒေဝဒတ်သည် ရှေးဘဝတချို့ကလည်း မိမိကိုသတ်ရန် အားထုတ်ခဲ့ဖူးသည်ဟု ရဟန်းတို့အား ပြောကြားလေ၏။ ထိုရဟန်းများ၏ ပန်ကြားချက်အရ ဗုဒ္ဓသည် ဤဇာတ်တော်ကို ဟောကြားလေ၏။

ရေဏုသည် ရှေးတုန်းက ဥတ္တရပဉ္စာလတိုင်း၏ ဘုရင်ဖြစ်ခဲ့၏။ သူ့မှာ မိမိကို ဆက်ခံမည့်သားများ မရှိသောကြောင့် သူသည် စိတ်မချမ်းမသာ ဖြစ်နေ၏။ တစ်နေ့သ၌ အရှင်မဟာရက္ခိတအမှူးပြုသော ရသေ့ငါးရာတို့သည် သူ့ထံကြွလာကြ၏။ မင်းကြီးသည် သူတို့ကိုမိမိ၏ မင်းဥယျာဉ်ထဲ၌ထား၍ ကောင်းစွာပြုစုလေ၏။ မင်းကြီးသည် ထိုရသေ့များထံသို့ မိမိသွားရောက်သည့် အကြိမ်များအနက် တစ်ကြိမ်တွင် သားရလိုသည့် မိမိ၏ ပြင်းပြသည့်ဆန္ဒက ဖြစ်စေအပ်သော မိမိ၏ စိတ်မချမ်းသာမှုကို ထုတ်ဖော်လျှောက်လေ၏။ နောက်ရက်အနည်းငယ်ကြာသော် ရသေ့တို့သည် ဟိမဝန္တာသို့ ကြွသွားလေ၏။ ခရီးအကြား၌ တစ်နေရာမှာ သူတို့ရပ်နားနေစဉ် ရသေ့အချို့က မိမိကိုဆက်ခံမည့် သားကိုမရသည့်အတွက် မင်းကြီးအား သနားမိခြင်းကို ပြောဆိုကြလေ၏။ တန်ခိုးဣဒ္ဓိများနှင့်ပြည့်စုံသော ခေါင်းဆောင်ရသေ့ မဟာသံဃရက္ခိတက 'မင်းကြီးသည် မကြာမီ သားတစ်ဦးကိုရလိမ့်မည်'ဟု မိမိ၏ရသေ့များအား ပြောပြ၏။ သူတို့သည် နောက်တစ်နေရာသို့ ထွက်ခွာသွားသောအခါ ထိုရသေ့များထဲမှ စဉ်းလဲသော ရသေ့တစ်ပါးသည် နာဟန်ဆောင်ပြီး ချန်နေရစ်ခဲ့၏။ သူသည် ဆလာဘ်များကို ရချင်ဟု မျှော်လင့်ကာ နန်းတော်သို့ပြန်သွား၍ မင်းကြီးအား 'သူ့မိဖုရား သုမေဓာအား မကြာမီ သားတစ်ယောက်မွေးဖွားလိမ့်မည်'ဟု ဟောကြား၏။ ဤကြိုဟောခြင်းကို



မိမိရရှိခဲ့ရာ ပုဂ္ဂိုလ်ကိုမူ သူဖော်မပြောဘဲထား၏။ မင်းကြီးသည် မိမိအား သတင်းကောင်းဆောင်ခြင်းအတွက် ထိုရသေ့ယုတ်အား ဆလာဘ်များကိုပေး၍ မိမိ၏ မင်းဥယျာဉ်ထဲ၌ နေထိုင်ရန် သူ့အားဖိတ်ကြားလေ၏။ ထိုရသေ့ယုတ် ကြိုဟောသည့်အတိုင်း မိဖုရားကြီးတွင် သားတစ်ဦးမွေးဖွားသည့်အခါ ရသေ့အပေါ် မိမိလေးစားမှု တိုးပွားသဖြင့် မင်းကြီးသည် ရသေ့အား နတ်များကဲ့သို့မြင်နိုင်သည့် တန်ခိုးဣဒ္ဓိဟု ဆိုလိုသည့် ဒိဗ္ဗစက္ခု ဟူသော အလွန်မြင့်သည့် ဘွဲ့ထူးကို ပေးလေ၏။ ဗောဓိသတ္တဖြစ်သော ထိုသားသည် ကြီးပြင်းလာသော် သောမနဿဟု အမည်ရလေ၏။

တစ်နေ့သ၌ မင်းကြီးသည် နန်းတော်မှဝေးကွာသည့်နေရာသို့ ထွက်ခွာသွားသည့်အခါ သောမနဿမင်းသားအား ရသေ့ကို ကောင်းစွာကြည့်ရှုရန် ညွှန်ကြားခဲ့လေ၏။ မင်းသားသည် ရသေ့ထံသို့ ရုတ်တရက် သွားရောက်သည့်အခါ ရသေ့နှင့်ဆိုင်သည့် ကသိုဏ်းအလုပ်ကိုလုပ်ရမည့်အစား လယ်တောထဲ၌ သစ်ပင်များအား ရေလောင်းနေသည့် ရသေ့ကိုတွေ့မြင်ရ၍ အံ့အားသင့်သွား၏။ မင်းသားသည် ရသေ့၏ မလျော်သည့်အမှုအရာကို စက်ဆုပ်ရွံ့ရှာသောကြောင့် ထုံးစံအရ လေးစားဖွယ်စကားများကို သုံးစွဲပြောဆိုရမည့်အစား ရသေ့အား 'အို ဟင်းသီးဟင်းရွက်သည်၊ ဘာတွေလုပ်နေသလဲ'ဟု ပြောဆိုလေ၏။ ထို့နောက် မင်းသားသည် ရသေ့အား အရိုအသေမပြုဘဲ ထွက်သွားလေ၏။ ရသေ့သည်အရှက်ကြီးစွာဖြင့် နှိပ်စက်ခံရလေ၏။ ထို့ကြောင့် သူသည် မင်းသားဒုက္ခရောက်စေမည့် ဥပါယ်ကို လျှင်မြန်စွာကြံစည်လေ၏။ သူသည် မင်းကြီးမှာ မိမိ၌ လွန်စွာယုံကြည်မှုရှိ၏ဟု အလွန်ကောင်းစွာသိထား၏။ သူ၏ နည်းဥပါယ်သည် ယုံကြည်မှုကိုအသုံးချရန် ဖြစ်၏။

ရှေးဦးစွာ သူသည် သင့်တော်သည့်နေရာ၌ ကျောက်သင်ပုန်းတစ်ချပ်ကို ချထား၏။ ထို့နောက် သူသည် သောက်ရေအိုးကိုရိုက်ခွဲပြီး မိမိအခန်းထဲ၌ အိုးကွဲများ၊ သစ်ရွက်များကို ဖြန့်ကြဲထား၏။ ဤဟာတွေကိုပြုပြီးနောက် သူသည် မိမိကိုယ်ကို ဆီဖြင့်သုတ်လိမ်း၏။ ထို့နောက် ဦးခေါင်းမှ ခြေထောက်အထိ ခြုံထည်ဖြင့် လွှမ်းခြုံ၍ မိမိခုတင်ပေါ် လျောင်းနေ၏။

မင်းကြီးသည် ရသေ့ထံ ရောက်လာသည့်အခါ အခန်းထဲ ရှုပ်ပွေနေသည်ကို မြင်ရ၍ ထိတ်လန့်သွား၏။ ထို့ကြောင့် သူသည် ရသေ့ထံချဉ်းကပ်၍ သူ၏ခြေများကို ရိုသေစွာဆုပ်နယ်ပြီး 'ဒိဗ္ဗစက္ခု အရှင်ရသေ့ဘုရား၊ ဘယ်သူလာပြီး အရှင့်ကို စော်ကားသွားပါသနည်း' ဟု မေးလေ၏။ ရသေ့ယုတ်က 'ငါသည် သူတစ်ပါးတို့ကို စော်ကားလေ့မရှိ၊ သို့ရာတွင် သင့်သား မင်းသားသည် ဒီကိုလာပြီး ငါ့အား ရိုက်နှက်သွား၏'ဟု ပြန်ပြောလေ၏။

မင်းကြီးသည် အမျက်ထွက်ပြီး ချက်ချင်းပင် မိမိ၏သားကိုသတ်စေရန် အမိန့်ပေးလေ၏။ သို့ရာတွင် သား၏ပန်ကြားချက်အရ သူ့ကို သူ့ခမည်းတော်ထံ ခေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ခမည်းတော် အရှင်မင်းကြီးသည် ကျွန်ုပ်အား သတ်စေရန် အမိန့်ပေးခဲ့၏။ အကျွန်ုပ် အဘယ်အပြစ်မျိုး ကျူးလွန်ခဲ့သည်ကို သိပါရစေ'

'သင်သည် အလွန်ကြီးလေးသည့်ပြစ်မှုကိုကျူးလွန်ခဲ့၏။ ထိုပြစ်မှုသည် နတ်ပြည်ထက်ပင် မြင့်၏။ ဒိဗ္ဗစက္ခု တန်ခိုးများရှိသည့် ရသေ့သည် သူတရားကျင့်ကြံအားထုတ်မှုကို အလွန်မှန်မှန် လုပ်နေ၏။ သူသည် မြစ်သို့ နံနက်နှင့် ညအခါ မှန်မှန်သွားပြီး မိမိကိုယ်ကို သန့်စင်စေရန်အလို့ငှာ မြတ်သောအကျင့်များကို ကျင့်သုံး၏။ သူသည် မီးကို မှန်မှန်ရှိခိုး၍ လုပ်ကျွေး၏။ သူသည် မကောင်းတာကို ပြုလုပ် ပြောဆိုခြင်းမှ ရှောင်ရှားရန် မိမိကိုယ်နှင့် နှုတ်ကို ကောင်းစွာ ထိန်းချုပ်ထားခြင်း ရှိ၏။ သင်သည် ထိုကဲ့သို့သော သူတော်စင်ရသေ့အား ဟင်းသီးဟင်းရွက်သည်ဟု ခေါ်ဝံ့၏'

'ခမည်းတော်၊ အကျွန်ုပ်သည် ဟင်းရွက်သည်ကို ဟင်းရွက်သည်ဟု ခေါ်ခြင်းဖြင့် မည်သည့်ပြစ်မှုကိုမျှ မကျူးလွန်ပါ၊ ဤရသေ့သည် ဟင်းသီးဟင်းရွက်များကို ရောင်းချခြင်းဖြင့် ငွေအမြောက်အမြားကို ရှာခဲ့၏။ ထို့ကြောင့် အကျွန်ုပ်သည် သူ့အား ဟင်းသီးဟင်းရွက်သည်ဟု ခေါ်ခဲ့၏။ အရှင်မင်းကြီးသည် အကျွန်ုပ်ကို မယုံလျှင် စုံစမ်းဖို့ အရှင့်အရာထမ်းတို့ကို ဈေးများသို့ စေလွှတ်နိုင်ပါ၏'။

မင်းကြီးသည် မိမိအရာထမ်းများကို ဈေးများသို့ စေလွှတ်လိုက်ရာ ထိုဈေးများထဲရှိ ဟင်းသီးဟင်းရွက်သည်တို့က 'မိမိတို့သည် ရသေ့ထံမှ ဟင်းသီးဟင်းရွက်များကို ဝယ်ယူခဲ့ကြောင်း' ဝန်ခံကြလေ၏။ ထိုအခါ ရသေ့ဘာတွေလုပ်ထားကြောင်း သိမြင်ရန် လယ်တောသို့ မင်းကြီးကို ခေါ်သွား၏။ လယ်တောမှပြန်လာသည့်အခါ အရာထမ်းတို့သည် သခ်မ်းကျောင်းကို မွှေနှောက်ရှာ၍ ရှင်ရသေ့စုဆောင်းထားသည့် ငွေထုပ်များကို တွေ့ကြလေ၏။ ထိုကဲ့သို့ ရသေ့နှင့်ဆန့်ကျင်ဘက် ထင်ရှားလှသည့် အထောက်အထားကို စုစည်းလိုက်သည့်အခါ၊ မင်းကြီးသည် 'ရသေ့အား ဟင်းသီးဟင်းရွက်သည်ဟု ခေါ်ဝေါ်ခြင်း၌ မင်းသား မှန်၏'ဟု ဝန်ခံလေ၏။

ထိုအချိန်မှာ နန်းတွင်းသူများနှင့် ပြည်သူများပါဝင်သည့် ပရိသတ်ကြီးသည် သခ်မ်းကျောင်းရှေ့မှာ စုရုံးကြလေ၏။ မင်းသားက ပရိသတ်အား ဤသို့ ပြောကြားလေ၏။ 'နန်းတွင်းသူများ ပြည်သူများတို့ ကျွန်ုပ်တို့ပြောတာကို နားထောင်ကြပါ၊ ဤမိုက်မဲလှသည့်မင်းကြီးသည် ရသေ့ယုတ်၏ မမှန်သော စွပ်စွဲချက်များကို ကြားရပြီးနောက် ကောင်းစွာ မစူးစမ်းဘဲ မိမိအားသတ်စေရန် အမိန့်ပေးခဲ့၏' ထို့နောက် သူသည် မင်းကြီးဘက်လှည့်၍ ဤသို့ဆိုလေ၏။ 'ကျွန်ုပ်အား ဟိမဝန္တာသို့သွား၍ ရဟန်းပြုခွင့်ပေးပါလော့'

'ငါ့သား သောမနဿ၊ ငါသည် ယခု သင့်အား ချီးမြှောက်သောအားဖြင့် ထီးနန်းစွန့်ပါမည်၊ မင်းအဖြစ်ကို လက်ခံပါလော့'



'ခမည်းတော်၊ အကျွန်ုပ်သည် ယခု အရှင့်ကို သိနားလည်ပါပြီ၊ အရှင်သည် မိုက်မဲ၏၊ အရှင်သည် သူတစ်ပါးတို့အား မိမိကိုယ်ကို အလွယ်တကူ လွှမ်းမိုးခွင့်ပြုခဲ့၏၊ အကျွန်ုပ်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အတူနေလိုစိတ် မရှိ။

'ခမည်းတော်၊ လုံ့လမရှိ ပျင်းရိသောပုဂ္ဂိုလ်သည် မကောင်း၊ မိမိ၏ ကိုယ် နှုတ် စိတ်ကို မထိန်းချုပ်နိုင်သည့် ရဟန်းသည် မကောင်း၊ မဆင်မခြင် လုပ်တတ်သောမင်းသည် မကောင်း၊ မိမိ၏အမျက်ကို မထိန်းချုပ်နိုင်သည့် ပညာရှိသည် မကောင်း။

'ကောင်းမှုတို့ကိုပြုသော ပုဂ္ဂိုလ်သည် နောက်မှ နောင်တရရန် အကြောင်းရှိမည်မဟုတ်၊ ပြဿနာတစ်ခု၏အကြောင်းတရားများကို ချင့်ချိန်သော ပုဂ္ဂိုလ်သည် ဗုဒ္ဓနှင့် ပညာရှိများ၏ အဆုံးအမတရားများနှင့်အညီ နေထိုင်သော ပုဂ္ဂိုလ်မည်၏။

'ခမည်းတော်၊ အကျွန်ုပ်သည် သေမင်း၏ခံတွင်းမှ လွတ်မြောက်ခဲ့သောကြောင့် အကျွန်ုပ်၏ စိတ်သည် တောထွက်ဖို့ပြင်းစွာ ကိုင်းညွတ်နေပါ၏။ အကျွန်ုပ်ထွက်သွားပြီး ရဟန်းပြုပါရစေ' မင်းကြီးသည် သားတော်ကို မဆွဲဆောင်နိုင်တော့သည့်အခါ သူသည် မိဖုရားကို အကူအညီတောင်းရန် အခေါ်လွှတ်လေ၏။ သူမသည် ရောက်လာသော်လည်း သားတော်အား ထွက်သွားခြင်းမှ တားမြစ်မည့်အခါ တောထွက်၍ အားလုံးအတွက် ချစ်ခင်ကြင်နာမှုထားရှိသည့် ရဟန်းကောင်းဖြစ်ရန် ပန်ကြားလေ၏။

မင်းသား ထွက်ခွာသွားသည့်အခါ လူတို့သည် ရသေ့ယုတ်ကိုကျောက်ခဲများနှင့် ပေါက်၍ အသေရိုက်သတ်ကြလေသည်။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ရသေ့ကောက်ကို ဒေဝဒတ်နှင့်လည်းကောင်း၊ မိဖုရားကြီး သုမေ့ဒွာကို မဟာမာယာနှင့်လည်းကောင်း၊ မဟာရက္ခိတကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## ၄။ ပညာပါရမီ

### (က) မဟောသဓာပညာရှိ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် တစ်နေ့သ၌ ပညာဉာဏ်ကြီးမှုအတွက် ဗုဒ္ဓအား ရဟန်းတို့က ချီးကျူးပြောနေကြကုန်၏။ ဗုဒ္ဓသည် အကြောင်းကို သိရှိသည့်အခါ မိမိသည် ရှေးဘဝတချို့၌ ဉာဏ်ပညာနှင့်ပြည့်စုံခဲ့ဖူး၏ဟု ရဟန်းတို့အား ပြောကြားလေ၏။ ရဟန်းများ၏ ပန်ကြားချက်အရ အောက်ပါ ဇာတ်တော်ကို ပြောပြလေ၏။

ဗောဓိသတ္တသည် မိတ္ထိလာပြည်၌ သိရိဝမုနနှင့် သုမနဒေဝီတို့၏ သားအဖြစ်ဖြင့် ဖွားမြင်ခဲ့၏။ သူ၏ အဲ့ဖွယ်ဖြစ်သည့် စွမ်းရည်ကြောင့် ဝိဒေဟမင်းကြီးသည် သူ့အား

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်နှစ်အရွယ်၌ မိမိ၏ပဋ္ဌမမြောက် အကြံပေးသုခမိန်အဖြစ် ခန့်ထားခဲ့၏။ အသက် ၁၆ နှစ်အရွယ်၌ သူသည် ပညာရှိမိန်းမတစ်ဦးလည်းဖြစ်သည့် အမရာဒေဝိကို လက်ထပ်ယူခဲ့၏။ ဘုရင်များ၏ တင်ကူးလုပ်ဆောင်မှုသည် အခြားတိုင်းနိုင်ငံကို သိမ်းယူရန်သာရှိသည့် ရှေးအခါကာလ၌ မိတ္ထိလာကဲ့သို့သော နိုင်ငံငယ်ကလေးသည် ပိုအားကောင်းသည့် နိုင်ငံများက မိမိကိုသိမ်းရန် အားထုတ်မှုများနှင့် ပတ်သက်၍ အစဉ် သတိထား (နိုးကြား) နေရလေသည်။ ဘုရင်နှင့် သူ၏ အခြားအကြံပေး သုခမိန်လေးဦးတို့သည် မိုက်မဲသူများဖြစ်၏။ ထို့ကြောင့် မိမိ၏ဘုရင်နှင့် နိုင်ငံကိုချစ်သော မဟော် သဓာသည် မိမိ၏ဘုရင်နှင့် တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ခံရခြင်းမှ ကယ်တင်ရန် အမျိုးမျိုးသော နည်းစနစ်များ ထည့်သွင်းထားသည့် လုပ်ငန်းဆောင်တာကို ကိုယ်တိုင် ကြီးကြပ်လုပ်ဆောင်လေ၏။ သူ၏နည်းစနစ်များ၌ နန်းတော်အသီးသီးသို့ သူလျှိုများ စေလွှတ်ခြင်းပါဝင်၏။ ဤသူလျှိုများထဲက တစ်ဦးထံမှ အကြံပေးသုခမိန် အကြီးအကဲ ကေဝဋ္ဋက မိမိ၏အရှင် ဗြဟ္မဒတ်မင်းကြီးထံ ညီခံအောင်လုပ်သည့် လျှို့ဝှက် အကြံအစည်ကို မဟော်သဓာ ရရှိခဲ့၏။ ဤအကြံအစည်၌ မိတ္ထိလာပြည်မှအစ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို နှိမ်နင်းအောင်မြင်ရန်အတွက် လုပ်ဆောင်ထားသည့် ခြေလှမ်းများ ပါဝင်၏။ ကေဝဋ္ဋသည် မဟော်သဓာ၏ စွမ်းရည်ကို သိထားသောကြောင့် မိတ္ထိလာကို မိမိ အကြံအစည်မှ ချန်ထားခဲ့ခြင်းဖြစ်၏။

ထိုအကြံအစည်ကို အောင်မြင်စွာဆောင်ရွက်ပြီးနောက် ကေဝဋ္ဋသည် နှိမ်နင်းအောင်မြင်သော နိုင်ငံများ၏ ဘုရင်တို့ကို မင်းဥယျာဉ်ထဲရှိ စားသောက်ပွဲ၌ အဆိပ်ခတ်သတ်ဖို့ မိမိနိုင်ငံသို့ ခေါ်လာစေခဲ့၏။ မဟော်သဓာသည် မိမိ၏သူလျှိုထံမှ ဤလျှို့ဝှက်အကြံကိုရရှိခဲ့၏။ ဤပြစ်မဲ့ဘုရင်များကို ကယ်တင်ရန်အတွက် မဟော်သဓာသည် မိမိ၏ လက်ရွေးစင် စစ်သားတစ်ထောင်ကို ထိုစားသောက်ပွဲသို့ စေလွှတ်ခဲ့၏။ ဤရဲရင့်သော စစ်သားတို့သည် ကေဝဋ္ဋလူများအဖြစ် ရုပ်ဆောင်ထားပြီး စားသောက်ပွဲစလျှင်စချင်း အဆိပ်ခတ်ထားသည့် အရက်များထည့်ထားသော အိုးအားလုံးကို ရိုက်ခွဲပစ်လိုက်လေ၏။

ဗြဟ္မဒတ်မင်းသည် ပြင်းစွာ အမျက်ထွက်ပြီး မိတ္ထိလာကို ဝင်တိုက်လေတော့၏။ မဟော်သဓာမှာ အနုကေဝဋ္ဋ အမည်ရှိ အရာထမ်းတစ်ဦးရှိ၏။ မဟော်သဓာက ညွှန်ကြားသည့်အတိုင်း အနုကေဝဋ္ဋသည် မိတ္ထိလာပြည်အား သစ္စာဖောက်သူအဖြစ် ဟန်ဆောင်ကာ ဗြဟ္မဒတ်မင်း၏ စစ်တပ်ထဲဝင်လေ၏။ သူသည် မကြာမီပင် မင်း၏ ယုံကြည်မှုကိုရရှိလေ၏။ သူသည် ဗြဟ္မဒတ်မင်း၏ စစ်သားအားလုံးတို့အား ကျုံးများကို ဖြတ်သွားရန် စေလွှတ်လိုက်ရာ ယင်းကျုံးများ၌ သူတို့ကို မိကျောင်းများက စားပစ်လေ၏။ မိကျောင်းများမှ လွတ်ထွက်လာသည့်စစ်သားတို့ကို ရင်တား ကတုတ်



[illegible] နောက်ကွယ်၌ ပုန်းနေသည့် မဟော်သဓာတို့၏ လူတို့က ဖျက်ဆီးပစ်ကြ၏။ ဆုံးရှုံးမှုတို့သည် အလွန်ကြီးမားသောကြောင့် စစ်သားတို့သည် မိမိတို့၏အရာရှိများက ကျုံးများထဲဆင်းသွားရန် အမိန့်ပေးသည့်အခါ မသွားဘဲ ငြင်းဆန်ကြလေ၏။

အနုကေဝဋ္ဋသည် ဗြဟ္မဒတ်မင်းအား သူ၏ အကြံပေးသုခမိန်တို့သည် မဟော်သဓာထံမှ လာဘ်များကို လက်ခံကြသည်ဟု နားလည်အောင်ပြောဆိုရန် အလွန် ရဲရင့်သည့် ခြေလှမ်းကိုပင် လုပ်ဆောင်လေ၏။ ဤသတင်းကိုရရှိသည့်အခါ ဗြဟ္မဒတ်မင်းသည် အလွန်ပင် ထိတ်လန့်သွားသောကြောင့် စစ်ပွဲမှ ထွက်ပြေးလေ၏။ မင်းကြီးထွက်ပြေးသည့်သတင်းကို အနုကေဝဋ္ဋက သတိကြီးစွာဖြင့် ပျံ့နှံ့အောင်လုပ်ခဲ့ရာ စစ်သားတို့လည်း ထိုသတင်းကိုရရှိသဖြင့် အလွန်ယောက်ယက်ခတ်ကာ တစ်ကွဲတစ်ပြား ထွက်ပြေးကြလေ၏။

တစ်နှစ်ခန့်ကြာသော် ဗြဟ္မဒတ်မင်း၏ သုခမိန်အကြီးအကဲ ကေဝဋ္ဋသည် အကြံသစ်တစ်ခုကို ရရှိလေ၏။ မင်းကြီးသည် ထိုအကြံကို သဘောတူ၏။ ထိုအကြံ၏ ပထမခြေလှမ်းအဖြစ် ဗြဟ္မဒတ်မင်းသည် ဝိဒေဟပြည်သို့ ဆိုတီးအဖွဲ့များကို စေလွှတ်လိုက်၏။ ထိုဝိဒေဟတိုင်း၌ သူတို့သည် ဗြဟ္မဒတ်မင်း၏သမီး ပဉ္စာလစဏ္ဍီ မင်းသမီး၏ ပြိုင်ဘက်ကင်းအလှအပကို ချီးကျူးထားသည့် သီချင်းများကို သီဆိုကြလေ၏။ သူတို့က ဝိဒေဟမင်းကြီးသည် ဤပြိုင်ဘက်ကင်းသည့် မင်းသမီးအတွက် ကမ္ဘာမြေပြင်တွင် တစ်ဦးတည်းသော လိုက်ဘက်ညီသူဖြစ်၏ဟုလည်း သီဆိုကြ၏။ ဝိဒေဟမင်းသည် ထိုဆိုတီးသူများကို မိမိနန်းတော်သို့ဖိတ်ခေါ်ပြီး အလွန်ဝမ်းမြောက်သည့် အမှတ်အသားအဖြစ် သူတို့အား တန်ဖိုးရှိ လက်ဆောင်များကို ပုံအောပေးလေ၏။

ဗြဟ္မဒတ်မင်းသည် ဝိဒေဟမင်းနှင့် ပဉ္စလစဏ္ဍီမင်းသမီးတို့ ထိမ်းမြားခြင်းဆိုင်ရာ အကြံပြုချက်ကို စနစ်တကျပြုလုပ်ရန် ကေဝဋ္ဋကို စေလွှတ်ခြင်းဖြင့် ထိုအကြံ၏ ဒုတိယခြေလှမ်းကို အကောင်အထည်ဖော်လေ၏။ မဟော်သဓာမှတစ်ပါး မင်းကြီးမှအစ အနိမ့်ကျဆုံး ပြည်သူအထိ လူတိုင်း လူတိုင်းသည် ဥပါယ်တံမျဉ်ဖြင့် အလိမ်ခံရလေ၏။ ထို့ကြောင့် မင်းကြီးသည် မိမိ၏ သုခမိန်လေးဦးနှင့် တိုင်ပင်သည့်အခါ ထိုသုခမိန်တို့က 'ဗြဟ္မဒတ်မင်းသည် မနှစ်က စစ်ပွဲ၌ ရှုံးခဲ့ပြီးနောက် မိမိ၏သမီးကို ပေးခြင်းဖြင့် ဝိဒေဟမင်းနှင့် မိတ်ဖွဲ့ဂဟေဆက်ရန် အမှန်ပင်ဆန္ဒရှိ၏' ဟု ပြောဆိုကာ ချက်ချင်းပင် သဘောတူကြလေ၏။

ကေဝဋ္ဋသည် ကောက်ကျစ်စဉ်းလဲ၍ ဗြဟ္မဒတ်မင်းသည် ရည်မှန်းချက်ကြီးသူ ဖြစ်၏ဟု မဟော်သဓာက သိထား၏။ ထိုသူနှစ်ဦးလုံးသည် ဝိဒေဟပြည်အတွက် ဘယ်တော့မှ စေတနာကောင်းထားမည် မဟုတ်ဟုလည်း သူ သိ၏။ ထို့ကြောင့် ထိုအကြံတစ်ခုလုံးသည် ဝိဒေဟမင်းနှင့် မိမိကိုယ်ကို ကမ္ဘာလသို့ မျှားခေါ်ပြီး ဖျောက်ဖျက်

www.burmeseclassic.com

www.burmeseclassic.com



ပစ်မည့် နည်းပရိယာယ်ပင်ဖြစ်၏ဟု သူ ယုံကြည်၏။ ထို့ကြောင့် ဝိဒေဟမင်းကြီးက မိမိအကြံကို တောင်းခံသည့်အခါ သူက မင်းကြီးအား ပုံပြင်တိုသုံးခုကို ဤသို့ပြောပြလေ၏။ 'အရှင်မင်းကြီး၊ တစ်ခါတုန်းက မုဆိုးတစ်ဦးသည် တည်သမင်မကို အသုံးပြု၍ ချုံပုတ်ထဲ၌ပုန်းနေ၏။ လော်လည်သောသမင်သည် ထိုတည်သမင်မဖြင့် မျှားခေါ်ခံရသဖြင့် သူမထံချဉ်းကပ်သောအခါ မုဆိုးက ထိုသမင်ကို လှံဖြင့်ထိုးသတ်လေ၏။ ဗြဟ္မဒတ်မင်းကြီးနှင့် ကေဝဋ္ဋတို့သည် မုဆိုးများဖြစ်၏။ မင်းသမီး ပဉ္စလစဏ္ဍီသည် တည်သမင်မ ဖြစ်၏။ အရှင်မင်းကြီးသည် မိမိကိုယ်ကို သူတို့ နည်းဥပါယ်၏ သားကောင်ဖြစ်ခွင့်ပြုလျှင် ဗြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋဟူသော မုဆိုးယုတ်နှစ်ဦးတို့သည် သင်မင်းကြီးကို ကေန်ပင်သတ်မည် ဖြစ်၏။

'အရှင်မင်းကြီး၊ တစ်ခါတုန်းက ရေကန်ထဲ၌ ငါးဖမ်းလိုသော တံငါသည် ငါးမျှားချိတ်၌ မက်စရာငါးစာကို တပ်ထားပြီး ရေထဲသို့ပစ်ချလိုက်၏။ ငါးသည် ထိုမက်စရာငါးစာကိုသာ မြင်၏။ ငါးစာတပ်ထားရာ ငါးမျှားချိတ်ကို မမြင်ချေ။ ထိုငါးသည် ငါးစာကို ကိုက်လျှင်ကိုက်ချင်း တံငါသည်သည် ထိုငါးကိုဆွဲထုတ်၍ သတ်လေ၏။ ဗြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋတို့သည် တံငါများဖြစ်၏။ မင်းသမီး ပဉ္စလစဏ္ဍီသည် မက်စရာငါးစာဖြစ်၏။ အရှင်မင်းကြီးသည် မိမိကိုယ်ကို ဗြဟ္မဒတ်မင်းနှင့် ကေဝဋ္ဋ ဟူသော တံငါနှစ်ဦး၏ နည်းပရိယာယ်၏ သားကောင် ဖြစ်ခွင့်ပြုလျှင် သူတို့သည် သင်မင်းကြီးကို ကေန်ပင် သတ်မည်ဖြစ်၏။

'အရှင်မင်းကြီး၊ တစ်ခါတုန်းက သမင်တစ်ကောင်ရှိခဲ့၏။ သူသည် လျှာ၏ ဆွဲဆောင်မှုကို မခံနိုင်သောကြောင့် မိမိစားကျက်ဟောင်းကိုစွန့်၍ အစာကောင်းကို ရမည်ဟု မျှော်လင့်ရာဖြစ်သည့် မြို့ကြီးများကိုချဉ်းကပ်သွား၏။ တစ်နေ့သ၌ သူသည် သမင်ကိုရှာနေသည့် လူတစ်စုနှင့် တွေ့ဆုံမိ၏။ ထိုလူတို့က ထိုသမင်ကို သတ်ကြ၏။ အရှင်မင်းကြီးသည် မိမိကိုယ်ကို သူတို့နည်းပရိယာယ်၏ သားကောင်ဖြစ်ခွင့်ပြုလျှင် လူဆိုးနှစ်ဦးက သင်မင်းကြီးကို ကေန်ပင်သတ်မည်ဖြစ်၏'။

ဝိဒေဟမင်းသည် 'မိမိကို မိုက်မဲသည့်သမင်နှင့် ငါးတို့၏နေရာများ၌ထားခြင်းဖြင့် မဟော်သဓာသည် မိမိကို စော်ကားနေ၏'ဟု ထင်သောကြောင့် အလွန်အမျက်ထွက်လေ၏။ ထို့ကြောင့် သူသည် မိမိ၏ရှေ့မှောက်မှ သူ့ကိုလည်၌ကိုင်ကာ ဆွဲထုတ်ပြီး မိမိ၏တိုင်းပြည်မှ နှင်ထုတ်ရန်အမိန့်ပေးလေ၏။ မဟော်သဓာသည် ရက်အနည်းငယ်တိုင်အောင် ကုတ်ကုတ်နေခဲ့၏။ သို့ရာတွင် သူသည် 'မင်းသမီး၌ တပ်မက်စိတ်ဖြင့် တန်းနေသော မိုက်မဲလှသည့် မင်းကြီး၏အသက်သည် မိမိ၏ ကူညီထောက်မမှုမပေးလျှင် ကေန်ပင်ဘေးအန္တရာယ်ရောက်တော့မည်'ဟု ဆုံးဖြတ်မိသောကြောင့် မင်းကြီး၏ ထိမ်းမြားခြင်းဆိုင်ရာ အကြံအစည်ကိုလက်ခံကြောင်း စာသဝဏ်ကို ပို့လိုက်၏။



သူသည် မင်းကြီးကို တွေ့သောအခါ ဗြဟ္မဒတ်မင်း၏ နန်းတော်သို့ ကြိုတင်သွားခွင့် ပြုပါမည့် အကြောင်း၊ မိမိ၏ စာသဝဏ်ကို ရရှိသောအခါ၌သာ မင်းကြီးကြွလာပါမည့် အကြောင်း ပန်ကြားလေ၏။ မင်းကြီး သဘောတူသောအခါ မဟော်သဓာသည် မိမိ နှင့်အတူ စစ်သားများ၊ အင်ဂျင်နီယာတပ်ဖွဲ့များ၊ ပန်းရံများ၊ ကျွမ်းကျင်အလုပ်သမားများ သည်ကို ခေါ်သွားလေ၏။

မဟော်သဓာသည် ဗြဟ္မဒတ်မင်းထံမှ သူ့နေပြည်တော်အပြင်ဘက်၌ မင်္ဂလာပွဲ အတွက် ဝိဒေဟမင်းရောက်လာသည့်အခါ နေထိုင်မည့် မြို့ငယ်တစ်ခု ဆောက်လုပ်ခွင့် ရရှိလေ၏။ သူသည် ဂင်္ဂါမြစ်နှင့် နန်းတော်အကြား၌ ထိုမြို့ငယ်ကို ဆောက်လုပ်၏။ ထိုမြို့ငယ်ကို အံ့သြဖွယ်ကောင်းအောင် ဆောက်လုပ်နေစဉ်မှာ မဟော်သဓာသည် မြေအောက်ဥမင်နှစ်ခုကို ဆောက်လုပ်၏။ ဥမင်တစ်ခုက ထိုမြို့ငယ်မှ ဂင်္ဂါမြစ်ကမ်းသို့ သွား၍ အခြားဥမင်က ထိုမြို့ငယ်မှ မြို့တော်အတွင်းရှိ နန်းတော်သို့ သွားလိမ့်မည်။ သူသည် မိမိ၏ စီမံချက်ပြီးဆုံးသောအခါ ဝိဒေဟမင်းထံကြွလာရန် စာသဝဏ်ကို ပို့လိုက်၏။ မင်းကြီးရောက်လာသည့် ပထမညမှာ မဟော်သဓာသည် မင်းကြီးအား ကြိုဆိုရန် ညှော်ခံပွဲပေးလေ၏။ ညှော်ခံပွဲစ၍ မကြာသေးခင်မှာဗြဟ္မဒတ်မင်းသည် မိမိ၏ အကြံအတိုင်း စစ်အင်အားအပြည့်ဖြင့် မြို့တော်မှ ထွက်လာ၏။ သူသည် ထိုမြို့ငယ်ကို ဝိုင်းထားရန် အမိန့်ပေးလေ၏။ ဝိဒေဟမင်းသည် မိမိအပြစ်ကိုသိသည့် အသိစိတ် ဖြင့် မဟော်သဓာအား မိမိကို ထိုဒုက္ခမှကယ်တင်ရန် တောင်းခံလေ၏။ မဟော်သဓာ သည် မင်းကြီးအား မစိုးရိမ်ရန် ငြိမ်သက်စွာပြောပြ၏။ ထိုအချိန်၌ မိမိ၏စီမံချက်အရ မိမိ၏လူယုံတို့သည် မြေအောက်ဥမင်ဖြင့် နန်းတော်ထဲဝင်ကြ၏။ သူတို့သည် ဝိဒေဟ မင်းနှင့် မဟော်သဓာတို့ကို သတ်ပစ်ပြီးပြီဖြစ်ကြောင်း၊ ဗြဟ္မဒတ်မင်း၏ အမိန့်အရ မယ်တော်မိဖုရား၊ မိဖုရား၊ အိမ်ရှေ့မင်းနှင့် သမီးတော်မင်းသမီးတို့ကို အောင်ပွဲကျင်းပဖို့ စားသောက်ပွဲ၌ပါဝင်ရန် ထိုမြို့ငယ်သို့ခေါ်ရန် ရောက်လာခြင်းဖြစ်ကြောင်း မဟုတ်မမှန် သတင်းပေးကြ၏။ ထိုမင်းမိသားစုလေးဦးတို့ ဥမင်၏အချက်အချာနေရာအထူး၌ စောင့်ဆိုင်းပြီးနောက် မကြာခင်မှာ ဝိဒေဟမင်းနှင့် မဟော်သဓာတို့ရောက်လာကြ၏။ ထိုအခါမှသာ သူတို့သည် ရန်သူ့လက်တွင်းသို့ ကျရောက်ပြီဟု သိကြလေ၏။ မဟော် သဓာသည် အထူးစင်မြင့်တစ်ခု ဆောက်ထားစေ၏။ ထိုစင်မြင့်ပေါ်၌ ဝိဒေဟမင်းနှင့် မင်းသမီး ပဉ္စလစဏ္ဍီတို့ ထိမ်းမြားလေ၏။ ထိမ်းမြားပြီးနောက် မင်းမိဖုရားတစ်ပါးနှင့် မယ်တော်မိဖုရား၊ မိဖုရား၊ အိမ်ရှေ့မင်းတို့ကို ဂင်္ဂါမြစ်သို့ ခေါ်ဆောင်သွား၏။ ထိုမြစ်ထဲ၌ မင်းကြီးနှင့် သူ၏အဖော်များကို ဘေးကင်းရာနေရာသို့ ခေါ်ဆောင်သွားရန် အထူးလှေနှင့် အစောင့်အရှောက်သင်္ဘောများကို အရံသင့်ထားရှိလေ၏။ မင်းကြီးသည် မဟော်သဓာကို မိမိနှင့် တစ်ပါတည်းလိုက်လာစေလို၏။ သို့ရာတွင် မဟော်သဓာက

www.burmeseclassic.com



'ဗြဟ္မဒတ်မင်း၏ ဖမ်းဆီးခြင်းမှ မိမိ၏လူများကို လွတ်စေရန် အခွင့်အလမ်းများ သာခဲ့လျှင် ဝိဒေဟမင်းနှင့် ဗြဟ္မဒတ်မင်းဟူသော ရန်သူနှစ်ဦးကို မိတ်ဆွေများအဖြစ်ဖြင့် ပူးပေါင်းသွားအောင် လမ်းခင်းပေးရန် မိမိမှာ တာဝန်ရှိသေးကြောင်း' ပြောဆိုပြီးနောက် မြို့ငယ်သို့ပြန်သွားလေ၏။

နံနက်ရောက်ချိန်တွင် ဗြဟ္မဒတ်မင်းသည် မိမိ၏စစ်သည်များကို မြို့ငယ်သို့ ဦးဆောင်လာခဲ့၏။ ဗြဟ္မဒတ်မင်းသည် ကြေညာချက်ကိုကြားရ၍ အံ့အားသင့်သွား၏။ ထို့ကြောင့် သူသည် ကြေညာချက်အကြောင်း အမှန်သိရှိရန် မိမိ၏ တမန်များကို နန်းတော်သို့ ချက်ချင်းစေလွှတ်လိုက်၏။ သူသည်မိမိ၏ တမန်များထံမှ သတင်းကို ရရှိသည့်အခါ မိမိသည် မြို့ငယ်တွင်းရှိ မဟော်သဓာနှင့် သူ့လူများကို ကြိတ်ချေခဲ့လျှင် မိမိ၏မယ်တော်၊ မယား၊ သားနှင့် သမီးတို့အား ဘာဖြစ်သွားမည် ဆိုတာကို ရှင်းရှင်း လင်းလင်း သိမြင်လေ၏။ ထို့ကြောင့် သူသည် မဟော်သဓာအား မြေအောက်ဥမင် များကို ကြည့်ရှုဖို့ မိမိနှင့် မိမိ၏ လူတချို့အား လက်နက်များမပါဘဲ မြို့ငယ်တွင်းသို့ လာခွင့်ပေးရန် တောင်းခံလေ၏။

ဗြဟ္မဒတ်မင်းသည် မြေအောက်ဥမင်များကို တွေ့မြင်သောအခါ မဟော်သဓာ၏ ပါရမီဉာဏ်ကို အလွန်အားရကျေနပ်လှသောကြောင့် သူ့အား ဤသို့မေးမြန်းလေ၏။ 'မဟော်သဓာ၊ သင့်မှာ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးကို အောင်မြင်နိုင်ကြောင်း ပါရမီဉာဏ် ရှိပေ၏။ သင် ဘာကြောင့် ဒါကို မလုပ်သလဲ'ဟု မေးမြန်း၏။ မဟော်သဓာက ဤသို့ပြန်ပြော၏။ 'အရှင်မင်းကြီး၊ မိမိ၏ပုဂ္ဂိုလ်ရေးကြီးကျယ်မှုအတွက် သူတစ်ပါး တို့ကို သတ်ခြင်း၊ သူတို့၏နိုင်ငံများကို တိုက်ယူခြင်းတို့သည် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓများနှင့် ရဟန္တာများကဲ့သို့သော ပုဂ္ဂိုလ်မြတ်တို့ချီးမွမ်းအပ်သည့် အမှုများမဟုတ်ကုန်၊ အကျွန်ုပ် သည် ပုဂ္ဂိုလ်မြတ်တို့ ချီးမွမ်းအပ်သည့် အမှုများကိုသာ ပြုလုပ်လို၏။ အကျွန်ုပ်သည် ပုဂ္ဂိုလ်မြတ်တို့ကဲ့ရဲ့အပ်သည့် အမှုများကိုပြုရန် အလွန်စက်ဆုပ်၏'

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် မဟော်သဓာ၏ မိဘများကို သုဒ္ဓေါဒနမင်းကြီး မဟာမာယာ မိဖုရားကြီးနှင့်လည်းကောင်း၊ မဟော်သဓာ၏ မယားကို ရာဟုလာ၏ မိခင်နှင့်လည်းကောင်း၊ စူဠနီဗြဟ္မဒတ်မင်းကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း၊ သုခမိန်ကေဝဋ္ဋကို ဒေဝဒတ်နှင့်လည်းကောင်း၊ ဝိဒေဟမင်း၏မိဖုရား ပဥ္စလစဏ္ဍီဒေဝီကို ဗုဒ္ဓအား မဟုတ်မမှန်စွပ်စွဲရန် အသုံးချပြီးနောက် တိတ္ထိတို့ကသတ်ပစ်အပ်သော သုန္ဒရီ နှင့် လည်းကောင်း၊ ဝိဒေဟမင်း၏မိဖုရား ဥဒုမ္ဗရဒေဝီကို ဒိဗ္ဗမင်္ဂလိကာနှင့်လည်းကောင်း၊ ဝိဒေဟမင်းကို အရှင်ကာဠုဒါယီနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြ လေ၏။



## (ခ) အပဏ္ဏကာ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ကယ်ချွတ်ပေးရန်ဗုဒ္ဓထံသို့ အနာထပိဏ်သူဌေးကြီးက ခေါ်လာခဲ့သည့် တိတ္ထိငါးရာတို့နှင့် ပတ်သက်၍ ရဟန်း တို့အား ဤဇာတ်တော်ကို ဟောပြလေ၏။

ရှေးတုန်းက ဗောဓိသတ္တသည် လှည်းကုန်သည်မှူးဖြစ်ခဲ့၏။ သူ့လက်အောက်မှာ လှည်းငါးရာခန့်ရှိ၏။ သူတို့သည် ရောင်းချရန် ကုန်ပစ္စည်းအမျိုးမျိုးနှင့်အတူနိုင်ငံ၏ ဒေသများစွာသို့ သွားရောက်ကြ၏။ တစ်နေ့သ၌ သူသည် မြို့တစ်မြို့သို့ သဲကန္တာရကို ဖြတ်သွားရသည့် ခရီးကိုသွားရန် မိမိ၏လှည်းကုန်သည်စုကို အရံသင့်ပြင်ဆင်နေစဉ် အခြားလှည်းကုန်သည်စု ခေါင်းဆောင်တစ်ဦးသည် သူ့လက်အောက်ရှိ လှည်းငါးရာခန့် နှင့်အတူပင် ထိုအချိန်၌ ထိုမြို့သို့ပင် ထွက်ခွာရန်ပြင်ဆင်နေသည်ဟုလည်း သတင်းရ၏။ ဗောဓိသတ္တသည် ထိုဒုတိယလှည်းကုန်သည်စု ခေါင်းဆောင်ထံသို့သွား၍ 'သဲကန္တာရ ထဲ၌ ရေရှားပါးမှုကြောင့် တစ်ချိန်တည်း သဲကန္တာရကိုဖြတ်၍ ခရီးသွားရန် လှည်း ကုန်သည်စု နှစ်စုလုံးအတွက် မသင့်တော်'ဟု ရှင်းပြလေ၏။ သူသည် ထိုလှည်း ကုန်သည်စု ခေါင်းဆောင်အား မိမိ၏အရင် သွားချင်သွား နောက်မှ သွားချင်သွား ဟူသော အခွင့်အရေးကို ပေးလေ၏။ ဒုတိယလှည်းကုန်သည်စု ခေါင်းဆောင်က အရင်သွားရန် ရွေးချယ်၏။

သဲကန္တာရထဲ၌ ဘီလူး ၁၃ ဦးတို့က သူတို့ကိုတွေ့မြင်၍ မပြတ်မိုးရွာသွန်းခြင်း ဖြင့် လတ်ဆတ်ကြည်လင်သည့်ရေ၊ ကြာတို့ဖြင့်ပြည့်နေသည့် ရေအိုင်ကြီးတစ်ခု အနီး အနားမှာရှိသောကြောင့် မိမိတို့၏ရေများ သယ်သွားရခြင်းဟူသော မလိုအပ်သည့် ဒုက္ခ ကို မရှာရန် သူတို့အား အကြံပြုလေ၏။ မိုက်မဲလှသည့် လှည်းကုန်သည်စု ခေါင်းဆောင် သည် အကြံပြုချက်ကို လျင်မြန်စွာလက်ခံပြီး မိမိ၏လူတို့အား ရေများကို သွန်ပစ်ရန် အမိန့်ပေးလေ၏။ သို့ရာတွင် သူတို့သည် နေဝင်သည်အထိ မတည်ရှိသည့် ရေအိုင်ကို တွေ့ရသောအခါ အလွန်မောပန်း အားအင်ချည့်နဲ့လာကုန်၏။ သူတို့၏မောပန်းမှုကို အခွင့်ကောင်းယူလျက် ထိုဘီလူးတို့ရောက်လာပြီး သူတို့ကို ကျွဲနွားများနှင့်အတူ စားပစ်ကြလေ၏။

လအနည်းငယ်ကြာသော် ဗောဓိသတ္တ၏ လှည်းကုန်သည်စုသည် သဲကန္တာရကို ဖြတ်၍ ခရီးထွက်လေ၏။ မထွက်ခင်မှာ ဗောဓိသတ္တသည် မိမိ၏လူများကို စုဝေးစေပြီး သဲကန္တာရအန္တရာယ်များအကြောင်း ရှင်းပြ၏။ သူသည် မိမိ၏လူများကို ဤဘေးရန် တို့မှ ကာကွယ်ရန်အလို့ငှာ အရေးကြီးသည့်ညွှန်ကြားချက် နှစ်ခုကို သူတို့အား ပေး၏။ ဤညွှန်ကြားချက်များကား ၁။ မိမိ၏ ခွင့်ပြုချက်မပါဘဲ ယူလာခဲ့သည့် ရေထဲမှ တစ်စက်မျှ သုံးဆောင်ခြင်းမပြုရန်၊ ၂။ ရှေးက မိမိတို့ မစားဖူးသေးသည့် အသီးအရွက်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို သဲကန္တာရထဲ၌ စားသုံးခြင်းမပြုရန်တို့ ဖြစ်၏။ ထိုဘီလူးတို့ပင် ထိုလှေများကိုတွေ့မြင်၍ ယခင်လှည်းကုန်သည်စု ခေါင်းဆောင်အား ပေးခဲ့သည့် အကြံကို သူတို့အားပေး၍ ဤဘီလူးတို့သည် မိမိတို့၏ အကြံပေးချက်ကို လှည်းကုန်သည်စုမှ လူတို့အား နားလည်သဘောပေါက်အောင်ပြုရန်အလို့ငှာ မိမိတို့ ကိုယ်ကို ရွှံ့စိုများဖြင့် သုတ်လိမ်း၍ ရေများစီးကျနေသည့် ရိုးတံရှည်များပါရှိသည့် ကြာပန်းတို့ကို မိမိတို့ လက်များထဲ၌ကိုင်ထားကြ၏။ (ရွှံ့၊ ကြာ၊ ရေတို့သည် အစစ်မဟုတ်ကုန်၊ အတုအပများ ဖြစ်၏။ ဘီလူးတို့မှာ ထိုကဲ့သို့သော အတုအယောင်တို့ကို ဖန်ဆင်းနိုင်သည့် တန်ခိုးများရှိကြ၏။)

ဘီလူးတို့သည် ဗောဓိသတ္တကို မလှည့်ဖြားနိုင်ခဲ့ပေ။ သူက ဤသို့အကြောင်းပြ၏။ 'ဤသဲကန္တာရမျိုးထဲ၌ ရေအိုင်မရှိနိုင်။ သတင်းပြောကြားသူတို့သည် ထူးထူးခြားခြား ရဲတင်းပုံပေါ်၏။ သူတို့မှာ နီရဲသည့်မျက်လုံးများ ရှိ၏။ သူတို့သည် ငါ့ကို သူတို့ လှည့်ဖြားနိုင်သည့် လူအဟု ယူဆကြ၏။ ထိုအခါ သူက ထိုသတင်းပြောကြားသူ တို့အား ဤသို့ဆိုလေ၏။ 'များစွာ ကျေးဇူးတင်ပါတယ်၊ သင်တို့ သွားနိုင်ပါတယ်၊ ငါတို့ ကုန်သည်တို့မည်သည် ကိုယ်တိုင် ရေအသစ်ကို မမြင်ရလျှင် ကိုယ့်ရေကို ဘယ်တော့မှ စွန့်ပစ်လေ့မရှိ'

ဘီလူးတို့ ထွက်သွားသောအခါ လှည်းကုန်သည်စုမှလူတို့က ဗောဓိသတ္တထံ ချဉ်းကပ်၍ ရေသယ်သူများအား သူတို့၏ ကြီးမားသည့်ဝန်မှ သက်သာစေရန်အလို့ငှာ ရေယောင်းကို စွန့်ပစ်ဖို့ သူ အမိန့်ပေးသင့်၏ဟု တောင်းဆိုကြ၏။ ခေါင်းဆောင်က သူတို့အား ဤသို့ပြန်ပြော၏။ 'ဤသဲကန္တာရထဲ၌ ဒီလူတွေပြောသည့်အတိုင်း အဆက်မပြတ် မိုးရွာသွန်းရာ ရေအိုင်ကြီးရှိခဲ့လျှင် ဒါ ထူးခြားလှသည့် သဘာဝ အခြေအနေပဲ၊ ဤသဲကန္တာရကိုဖြတ်ကျော်ပြီး ငါတို့၏မြို့သို့လာကြသည့် ခရီးသွားများစွာတို့သည် ဤထူးဆန်းလှသည့် သဘာဝအခြေအနေအကြောင်း ငါတို့အား ကေန်ပင် ပြောလိမ့်မည်၊ ဒါနဲ့ပတ်သက်၍ တစ်စုံတစ်ယောက် ပြောဆိုသည်ကို သင်တို့ထဲမှ တစ်ဦးဦး ကြားဖူးသလား'

'ကျွန်ုပ်တို့ မကြားဖူးကြပါ'

'ဟိုဘက်ရှိရေအိုင်ပေါ်မှာ မိုးအဆက်မပြတ်ရွာလျှင် မိုးထဲကဖြတ်သန်းလာသည့် လေအေးတိုက်မှုကို သင်တို့ ခံစားမိရမည်၊ လေအေးတိုက်မှုကို သင်တို့ခံစားမိသလော'

'ကျွန်ုပ်တို့ မခံစားမိကြပါ'

'သင်တို့အား ငါပြောပြမည်၊ ရေအိုင်ကြီးနှင့် အဆက်မပြတ် မိုးရွာခြင်းအကြောင်း သင်တို့အား မမှန်သတင်းပေးခဲ့သည့် အဲဒီအကောင်တွေဟာ လူသားများ မဟုတ် ဘီလူးများ ဖြစ်၏၊ ငါတို့ ပြင်းစွာရေငတ်သဖြင့် အားနည်း မောပန်းလာသည့်အခါ



သူတို့မှာ ငါတို့ကို စားပစ်ရန် အကြံဆိုးရှိကြ၏၊ ဒါဟာ ငါတို့အား ရေကိုသွန်ပစ်ရန် ပြောခြင်း၏ အကြောင်းပြချက်ဖြစ်၏၊ ရေတစ်စက်ကိုမျှ သွန်မပစ်နှင့် ဆက်မောင်းကြ'။

နေဝင်သောအခါ ကျွဲနွားများနှင့်အတူ ပထမလှည်းကုန်သည်စုပါ လူများကို စားပစ်ရာနေရာသို့ သူတို့ ရောက်လာကြ၏။ ထိုနေရာမှာ အရိုးများ၊ ဦးခေါင်းခွံများဖြင့် ခုံးလွှမ်းနေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ဘီလူးတို့က ဖျက်ဆီးအပ်သော လှည်းကုန်သည်စု၏ ခေါင်းဆောင်ကို ဒေဝဒတ်နှင့်လည်းကောင်း၊ ပျက်စီးခြင်းမှ လွတ်မြောက်ခဲ့သည့် လှည်းကုန်သည်စုပါ လူငါးရာတို့ကို ဗုဒ္ဓ၏ တပည့်ဒကာများနှင့်လည်းကောင်း ထပ်တူ ဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဂ) ရာမပဏ္ဍိတ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သူကြွယ်လူငယ်တစ်ဦး၏ ဖခင်သည်သေဆုံး၏။ သားသည်အလွန်ပူဆွေးသောကြောင့် မိမိ၏မိသားစု ပုဂ္ဂိုလ်များနှင့် မိတ်ဆွေများမှ မိမိကိုယ်ကို အဆက်ဖြတ်ကာ တစ်ယောက်တည်းနေလေ၏။ ဗုဒ္ဓသည် ဤအကြောင်းကိုသိသောအခါ ထိုလူငယ်အား 'ရှေးအခါက ပညာရှိများသည် လောကဓံတရားတို့ကို စိတ်တည်ငြိမ်စွာဖြင့် ရင်ဆိုင်ခဲ့ကြ၏'ဟု မိန့်ကြားတော်မူ၏။ ထိုလူငယ်၏ပန်ကြားချက်အရ ဗုဒ္ဓက ဤဇာတ်တော်ကို ဟောကြားတော်မူလေ၏။

ဗာရာဏသီပြည်၏ ဘုရင် ဒသရထ မင်းကြီးမှာ ရာမ၊ လက္ခဏ၊ သီတာ ဟူ၍ ကလေးသုံးယောက်ရှိခဲ့၏။ ထိုသုံးဦးအနက် ရာမသည် ဗောဓိသတ္တဖြစ်၏။ မိဖုရားကြီး ကွယ်လွန်သည့်အခါ ဒသရထ မင်းသည် အခြားမိဖုရားတစ်ဦးကို ထိမ်းမြားယူရာ ဘာရတ ဟူသော သားတစ်ဦးကို ရလေ၏။

မိဖုရားအသစ်အတွက် အချစ်စိတ်ပေါက်ကွဲသဖြင့် ဒသရထ မင်းက သူမအား ဆုတစ်ခုကိုပေးခဲ့၏။ သူမက 'သင့်တော်သည့်အချိန်မှာ ထိုဆုကို မိမိတောင်းပါမည်'ဟု ပြန်ပြော၏။ သူမ၏သား အသက်ခုနစ်နှစ်ရှိသောအခါ သူမက မိမိ၏သားအတွက် အိမ်ရှေ့မင်းအဖြစ်ကို တောင်းလေ၏။ သူက 'မိမိသည် အငယ်ဆုံးသားအား ရာမနှင့် လက္ခဏ ဟူသော အခြား သားကြီးနှစ်ဦးကို ကျော်လွန်ခွင့် မပြုနိုင်ဟု ပြင်းထန်စွာ ပြန်ပြော၏။ သူသည် ရာမနှင့် လက္ခဏတို့၏အသက်များကို မိဖုရားသစ်က အန္တရာယ် ပြုနိုင်သည်ကို စိုးရိမ်သဖြင့် မိမိ အသက် ဘယ်လောက်ရှည်ရှည် နေရမည်ဆိုတာကို သိရှိရန် မိမိ၏ ဗေဒင်ပညာရှိများကို တိုင်ပင်၏၊ ထိုဗေဒင်ပညာရှင်များက 'မင်းကြီးသည် နောက်ထပ် ၁၂ နှစ် နေရမည်'ဟု သူ့အား ပြောပြကြ၏။ ထိုအခါ သူသည် မိမိ၏ သားနှစ်ဦးကို တွေ့၍ ၁၂ နှစ်တိုင် တောထဲ၌ သွားနေပြီး မိမိကွယ်လွန်သည့်အခါ ဗာရာဏသီသို့ ပြန်လာရန် အကြံပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်တို့ ထွက်သွားသောအခါ သီတာလည်း သူတို့နှင့်အတူ လိုက်သွား၏။ တောထဲ၌ ရာမသည် ရသေ့ဘဝဖြင့် နေထိုင်၍ လက္ခဏာနှင့် သီတာတို့က မိမိတို့၏ အစ်ကိုကြီးကို အလွန်ချစ်ခင်လေးစားစွာဖြင့် လုပ်ကျွေးပြုစုကြ၏။

ကိုးနှစ်ကြာသည့်အခါ မင်းကြီးသည် ကွယ်လွန်၍ ဘာရတသည် မင်းကြီး ကွယ်လွန်သည့်သတင်းကို ရာမထံ ယူဆောင်လာရာ ရာမသည် ထိုသတင်းကို စိတ်ငြိမ်းအေးသက်သာစွာဖြင့် လက်ခံလေ၏။ သို့ရာတွင် ရာမသည် နေ့စဉ်သစ်သီးရှာဖွေရာမှ ပြန်လာကြသည့် လက္ခဏာနှင့် သီတာတို့အား ထိုသတင်းကိုပေးသည့်အခါ သူတို့သည် အတိုင်းမသိ စိတ်သောကရောက်ကြလေ၏။ ဘာရတက ရာမအား ဖခင် ကွယ်လွန်သည့်သတင်းကို အဘယ်ကြောင့် အလွန့် အလွန် စိတ်ငြိမ်စွာဖြင့် ခံယူနိုင်ကြောင်း ကြောင်းခြင်းရာကို မိမိအားပြောပြရန် တောင်းပန်သည့်အခါ ရာမက ဤသို့ ပြန်ပြောလေ၏။

(က) ဘာရတ၊ ငိုကြွေးသူများထဲက ဘယ်သူမှ မိမိငိုကြွေးရာ သေသူများကို တစ်ဖန်ပြန်ရှင်လာအောင် လုပ်နိုင်စွမ်းရှိသည်ကို မတွေ့ရဘူးပေ။ ဒါဒီအတိုင်းဖြစ်လျှင် ပညာရှိသည် အဘယ်ကြောင့် သူတစ်ပါးတို့အား အကျိုးမရှိမည့်အရာကိုလုပ်ပြီး မိမိအပေါ် စိတ်ဆင်းရဲမှုကိုသာ ယူဆောင်လာမည်နည်း။

(ခ) ဘာရတ၊ လူငယ်တွေ၊ လူအိုတွေရှိကြ၏။ မိုက်မဲသူတွေ၊ ပညာရှိသူတွေ ရှိကြ၏။ သူကြွယ်တွေ၊ သူဆင်းရဲတွေရှိကြ၏။ သူတို့အားလုံး သေကြရမည်။

(ဂ) ညီငယ်ဘာရတ၊ မှည့်သည့်အသီးသည် ကြွေကျမည့်အန္တရာယ်ကို အမြဲရင်ဆိုင်ရသကဲ့သို့ပင် သတ္တဝါအားလုံးတို့သည် သေခြင်းအန္တရာယ်နှင့် အမြဲရင်ဆိုင်ရ၏။

(ဃ) အငယ်ဆုံးညီလေး၊ နံနက်က သင်တွေ့ခဲ့သည့် လူတို့ထဲမှ တချို့သည် ညအခါ၌ ကွယ်လွန်သွားလိမ့်မည်။ သင် ညက တွေ့ခဲ့သည့် လူတို့ထဲမှ တချို့သည် နောက်တစ်နေ့ နံနက်မှာ ကွယ်လွန်သွားလိမ့်မည်။

(င) ပညာရှိသည် ငိုကြွေးခြင်းဖြင့် တစ်စုံတစ်ဦးအား အကျိုးရှိရာကို လုပ်နိုင်လျှင် ငိုကြွေးပြီး စိတ်ဆင်းရဲမှုကို မိမိအပေါ်ယူဆောင်ရာ၏။

(စ) ငိုကြွေးခြင်းသည် စိတ်ဆင်းရဲမှုကို မိမိအပေါ်ယူဆောင်လာ၏။ မိမိကို ကြုံလှီသွားအောင်ပြု၏။ မိမိ၏အလှကို ဆုံးရှုံးအောင်ပြု၏။ သူတစ်ပါး၏သေခြင်းကို အချိန်မရွေ့ဆိုင်းနိုင်။ ထို့ကြောင့် ငိုကြွေးခြင်းသည် အသုံးမကျ အကျိုးမရှိချေ။

(ဆ) အငယ်ဆုံးညီလေး၊ တစ်စုံတစ်ဦးသည် မီးလောင်သည့်အိမ်ပေါ်သို့ အထောင်မက များစွာသော ရေအိုးတို့ကို လောင်းချသကဲ့သို့ပင်၊ ပညာရှိသည် မဆိုင်းမတွဘဲ မိမိ၏ဒုက္ခများ (ဝါ) ပြင်းထန်သည့် စိတ်သောကကို ကေန်ပင် ငြိမ်းသတ်နိုင်လိမ့်မည်။ လေသည် ဝါဂွမ်းကို တိုက်လွင့်ပစ်သကဲ့သို့ပင် ပညာရှိသည် မဆိုင်းမတွဘဲ မိမိ၏ ဒုက္ခများ (ဝါ) ပြင်းထန်သည့်စိတ်သောကကို ကေန်ပင် တိုက်လွင့်ပစ်လိမ့်မည်။



(ဇ) အငယ်ဆုံးညီလေး ဘာရတ၊ ပုဂ္ဂိုလ်တစ်ဦးမွေးဖွားသည့်အခါ သူကိုယ်တိုင်ပင် မွေးလာ၏။ ပုဂ္ဂိုလ်တစ်ဦး သေလွန်သည့်အခါ သူကိုယ်တိုင်ပင် သေလွန်သွား၏။ သို့ရာတွင် သူသည် အသက်ရှင်သည့်အခါ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် အတူနေထိုင်၏။

(ဈ) ဘဝ၏သဘောသဘာဝကို ဘယ်တော့မှ မျက်ခြည်မပြတ်သော ပညာရှိသည် လောကဓံတရားကို အပြည့်အဝ နားလည်လိမ့်မည်။ ဆင်းရဲဒုက္ခများနှင့် ပြင်းထန်သည့် စိတ်သောကသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို မနှိပ်စက်နိုင်ပေ။

(ည) လောကဓံတရားများကို နားလည်သည့်ပုဂ္ဂိုလ်သည် မိမိအလုပ်အကျွေးအစေခံ၊ နောက်လိုက်များကို ကြည့်ရှုစောင့်ရှောက်ခြင်း၊ မိမိ၏ဥစ္စာဓနကို ဖြန့်းတီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိမိ၏မယားကို ကောင်းစွာပြုမူခြင်း၊ မရှိဆင်းရဲသည့်ဆွေမျိုးများကို ထောက်ပံ့ရခြင်း၊ သတ္တဝါအားလုံးအပေါ် သနားစိတ်ထားရှိခြင်းအားဖြင့် ကောင်းသည့်အရာများကို ပြုလုပ်လိမ့်မည်။

ရာမ၏ ဤဆုံးမတရားစကားကို ကြားနာရသောအခါ လူများစွာတို့သည် ပြင်းထန်သည့်သောကမှ သက်သာသွားလေ၏။

ဘာရတသည် ရာမအား မင်းအဖြစ်ကိုလက်ခံဖို့ ဗာရာဏသီသို့ ပြန်လာရန် ဖိတ်ကြားသည့်အခါ ရာမက ဤသို့ ပြန်ပြောလေ၏။

'ဘာရတ၊ ဖခင်သည် ဗာရာဏသီက ငါထွက်ခွာခဲ့သည့်နေ့မှ ၁၂ နှစ်ကြာပြီးမှသာ ဗာရာဏသီသို့ ငါ့အားပြန်လာရန် ပြောကြားခဲ့၏၊ ယခု ကိုးနှစ်သာရှိသေး၏၊ ငါသည် နောက်ထပ် သုံးနှစ်စောင့်ရမည်၊ ငါဒီလိုမလုပ်လျှင် ငါ့ဖခင်၏အမိန့်များကို မနာခံရာသို့ ရောက်သွားလိမ့်မည်'

'ဒါဖြင့် ယခုအတောအတွင်း၌ ဗာရာဏသီကို ဘယ်သူအုပ်ချုပ်မည်နည်း အရှင်'

'ဘာရတ၊ သင်နှင့် လက္ခဏာတို့ အတူအုပ်ချုပ်လိမ့်မည်'

'အကျွန်ုပ် မအုပ်ချုပ်လိုပါ'

'အကျွန်ုပ်လည်း မအုပ်ချုပ်လိုပါ'

'ဒါဖြင့်ရင် ငါ၏ မြက်ဖိနပ်များကို ယူသွား၊ ထိုဖိနပ်များက ငါပြန်ရောက်လာသည်အထိ အုပ်ချုပ်သွားလိမ့်မည်'

လက္ခဏာ၊ သီတာနှင့် ဘာရတတို့သည် မြက်ဖိနပ်များကိုယူပြီး ဗာရာဏသီသို့ ပြန်သွားလေ၏။ အမတ်ကြီးတို့သည် ရာမ၏ မြက်ဖိနပ်များကို ရာဇပလ္လင်ပေါ်ခင်းထားပြီး ယင်းတို့၏ ရှေ့မှောက်၌ အမှုများကို ဆုံးဖြတ်ကြ၏။ ဆုံးဖြတ်ချက်များမှန်ကန်လျှင် မြက်ဖိနပ်များသည် အချက်တစ်စုံတစ်ရာကို မပြချေ။ သို့ရာတွင် ဆုံးဖြတ်ချက်များ မှားယွင်းလျှင် မြက်ဖိနပ်တို့သည် အချင်းချင်း တိုက်ခိုက်ကြ၏။ အမတ်ကြီးတို့သည်

www.burmeseclassic.com

www.burmeseclassic.com



အမှုများကို တစ်ဖန်စီရင်ပြီး မှန်ကန်သည့် အဆုံးအဖြတ်များကို ပေးသည့်အခါမှာသာ ထိုဖိနပ်များ ငြိမ်ငြိမ်နေကြ၏။

၁၂ နှစ်ကာလ ကုန်ဆုံးပြီးနောက် ရာမသည် ပြန်လာ၍ မိမိ ပြည်သူများအားလုံး ပျော်ရွှင်ဝမ်းသာမှုများအလယ်တွင် သီတာနှင့်ရာဇပလ္လင်ကို လက်ခံလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓက ရာမ၏ မိဘများကို သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာမိဖုရားကြီးနှင့်လည်းကောင်း၊ သီတာဒေဝီကို ရာဟုလာ၏မိခင်နှင့်လည်းကောင်း၊ ဘာရတမင်းသားကို အရှင်အာနန္ဒာနှင့်လည်းကောင်း၊ လက္ခဏကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြတော်မူလေ၏။

## ၃။ ဝီရိယပါရမီ

### (က) မဟာဇနက္က

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဗုဒ္ဓအား ကြီးမြတ်သည့် တောထွက်ခြင်းအတွက် ချီးကျူးနေကြသည့် ရဟန်းတို့အား ဤဇာတ်တော်ကို ဟောပြလေ၏။ ဤဇာတ်တော်ထဲ၌ ဗောဓိသတ္တသည် နေက္ခမ္မ (တောထွက်ခြင်း) ပါရမီကိုသာမက ဝီရိယ (ဖွဲလုံ့လ ပါရမီ)ကိုလည်း ဖြည့်ကျင့်ခဲ့၏။

မိတ္ထိလာပြည်၏ဘုရင် မဟာဇနကမှာ အရိဋ္ဌဇနကနှင့် ပေါလဇနကဟူ၍ သားနှစ်ဦးရှိခဲ့၏။ သူကွယ်လွန်သည့်အခါ သားကြီးသည် နန်းတက်၍ မိမိညီအား အိမ်ရှေ့မင်းခန့်လေ၏။ အိမ်ရှေ့မင်းမှာ မိမိအားရန်ငြိုးထားသည့် သုခမိန်အမတ်ကြီး တစ်ဦးရှိ၏။ ဤလူသည် မင်းကြီးထံသွား၍ 'မိမိ၏ အရှင်သခင်၊ အိမ်ရှေ့မင်းသည် အရှင်မင်းကြီးကို မကောင်းကြံနေသည်'ဟု မဟုတ်မမှန် သတင်းပေးလေ၏။ မင်းကြီးသည် အိမ်ရှေ့မင်းအား နှောင်ကြိုးတုပ်ပြီး မသင့်တော်သည့်အိမ်ထဲ၌ အကျဉ်းချထားရန် ချက်ချင်းပင် အမိန့်ပေး၏။ ညီငယ်သည် 'မိမိကား မင်းကြီးအား မကောင်းကြံမှုကို လက်တွေ့လုပ်ဆောင်သည်ကိုထားဘိဦး၊ ဘယ်တုန်းကမှ စိတ်ဖြင့်ပင် မကြံမိခဲ့ကြောင်း အလွန်သေချာစွာသိ၏။ ထို့ကြောင့် ပါဠိလို သစ္စာဟု ခေါ်သည့် အမှန်တရားကို ဤသို့ သစ္စာအဓိဋ္ဌာန်ပြုလေ၏။ 'ကျွန်ုပ်သည် မိမိအစ်ကိုအား မကောင်းကြံမှုကို ပြုခဲ့ဖူးလျှင် သံခြေကျင်းတို့သည် မြဲမြဲနေပါစေ၊ ဤမသင့်လျော်သည့်အိမ်သည် ပိတ်နေပါစေ၊ သို့ရာတွင် သူ့အား မကောင်းကြံမှုကို ဘယ်တုန်းကမှ မပြုခဲ့ဖူးလျှင် သံခြေကျင်းတို့သည် ပြတ်ထွက်သွားပါစေ၊ ဤမသင့်လျော်သည့် အိမ်တံခါးသည် ပွင့်ထွက်သွားပါစေ' (ဇာတ်တော်များထဲ၌ ထိုကဲ့သို့သော သစ္စာပြုမှုတို့ဆိုင်ရာ သာဓကများစွာကို တွေ့ရလိမ့်မည်၊ ထိုသစ္စာပြုမှုများကိုပြုကြသည့် ပုဂ္ဂိုလ်တို့သည် ဆင်းရဲဒုက္ခမှ



လွတ်မြောက်သွားကြ၏။ (ဝါ) မိမိတို့အလိုရှိရာကို သွားကြ၏။ စာဖတ်သူတို့သည် သစ္စာပါရမီသို့ ရောက်လျှင် ဤအကြောင်းကို ပို၍ တွေ့မြင်ရလိမ့်မည်။)

အထက်ပါသစ္စာပြုခြင်း အကျိုးအားဖြင့် သံခြေကျင်းတို့သည် ပြတ်ထွက်သွားပြီး အိမ်တံခါးတို့သည် ပွင့်ထွက်သွားလေ၏။ ညီငယ်သည် တောခိုသွား၍ စစ်တပ်တစ်ခုကို စုဆောင်းပြီးနောက် မြို့တော်ကိုဝင်ရောက်တိုက်ခိုက်လေ၏။ မင်းကြီးသည် တိုက်ခိုက်ရန် ထွက်လာ၏။ သို့သော် သူသည် စစ်ပွဲ၌ အသတ်ခံရသည်။ မင်းကြီး ကွယ်လွန်သွားကြောင်း သတင်းကိုကြားသောအခါ မိဖုရားကြီးသည် မိမိနှင့်အတူ ရတနာတို့ကို များနိုင်သမျှ များများယူပြီး နိုင်ငံမှ ထွက်ပြေးလေ၏။

ထိုအချိန်၌ သူမသည် ကိုယ်ဝန်ရှိ၏။ ထို့ကြောင့် ကာလစမ္ပာဟု ခေါ်သည့် နောက်တစ်နိုင်ငံသို့ ရောက်သွားပြီးနောက် မကြာမီပင် သူမအား ဗောဓိသတ္တဖြစ်သည့် သားတစ်ဦး မွေးဖွားလေ၏။ သူ့ကို မဟာဇနကဟု အမည်ပေး၏။ ကြီးပြင်းလာသော် သူ့ကိုကျောင်းပို့၏။ ထိုကျောင်း၌ မိမိ၏ ကစားဖက်တို့က သူ့အား မုဆိုးမသားဟု ခေါ်ခြင်းဖြင့် စော်ကားကြ၏။ သူ၏အပြင်းအထန်တောင်းဆိုချက်အရ မိခင်က သူ၏ဖခင် အကြောင်းကို သူ့အား ပြောပြလေ၏။ ထိုအခါ သူသည် မိမိ၏ဦးလေးထံမှ မိမိဖခင်၏ ထီးနန်းကိုပြန်ယူရန် ဆုံးဖြတ်လေ၏။ သူသည် မိမိဆုံးဖြတ်ချက် အကောင်အထည် ဖော်ရန် အလုံအလောက် အားကောင်းလာသည့်အခါ ကုန်သည်တစ်စုကို ဆက်သွယ်ပြီး မိတ္ထိလာသို့ပင်လယ်ခရီးဖြင့် သွားလေ၏။ ခဏကြာသော် သင်္ဘောသည် မုန်တိုင်းတစ်ခုကြောင့် ကွဲပျက်သွား၏။ သင်္ဘောပေါ်ရှိလူတို့သည် မိမိတို့ကိုယ်ကို ကယ်တင်ရန် အားမထုတ်ကြချေ။ သူတို့သည် ငိုကြွေး၍ မိမိတို့ကိုကယ်ဖို့ ရောက်လာမည့်တစ်စုံတစ်ဦးကို ရှာရုံသာ ရှာနေကြ၏။ မဟာဇနကမူ ငိုကြွေးခြင်းသည် မိမိကို ကူညီမည်မဟုတ်ဟု ကောင်းသိရှိ၏။ ထို့ကြောင့် သူက မငို၊ သူသည် ဤသို့သော အရေးကိစ္စမျိုး တွေ့ကြုံရာ၌ မိမိအားကူညီမည့် တစ်စုံတစ်ဦးကိုရှာခြင်းထက် မိမိကိုယ်ကို အားကိုးခြင်းကပိုကောင်းဟုလည်း ကောင်းသိရှိ၏။ ထို့ကြောင့် သူသည် မိမိအား ကူညီမည့် တစ်စုံတစ်ဦးကို မရှာတော့ပေ။ သူသည် လျင်မြန်စွာ သကြားနှင့်ထောပတ် ရောစားပြီး သင်္ဘောရွက်တိုင်ပေါ် တက်သွားလေ၏။ သူသည် မြုပ်နေသည့်သင်္ဘောမှ ဝေးနိုင်သမျှ ဝေးဝေးရောက်အောင် ထိုရွက်တိုင်ပေါ်မှ တအားကုန် ခုန်ချလေ၏။ ထိုသင်္ဘောဝန်းကျင်၌ ငါးမန်းတို့သည် ဒုက္ခရောက်သည့် ကုန်သည်တို့ကို စားသောက်နေကြ၏။

မဟာဇနကသည် မိမိသေသည်အထိကူးခတ်ရန် မြဲမြဲသောအဓိဋ္ဌာန်ဖြင့် မိမိ၏ သတ္တိနှင့် ဆုံးဖြတ်ချက်အဓိဋ္ဌာန်ကို ချီးမွမ်းနေသည့် ပင်လယ်စောင့်နတ်သမီးက သူ့အား လာကယ်ပြီး မိတ္ထိလာရှိ သရက်ဥယျာဉ်ထဲ၌ မိမိကို ချထားသည့်အထိ ရက်ပေါင်း အတော်ကြာ ပင်လယ်ထဲကူးခတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် မဟာဇနက၏ မိဖုရားကြီးကို ရာဟုလာ၏မိခင်နှင့်လည်းကောင်း၊ မဟာဇနက၏သား ဒီဃာဝုကို ရာဟုလာနှင့်လည်းကောင်း၊ မဟာဇနက၏ မိဘများကို သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာမိဖုရားကြီးနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ခ) မဟာကပိ

ဗုဒ္ဓသည် ကပိလဝတ္ထုပြည်သို့ ကြွသွားပြီး မိမိ၏ဆွေမျိုးတို့အား ဗုဒ္ဓဘာသာသို့ ကူးပြောင်းစေရန် ပင်ပန်းစွာလုပ်ဆောင်၍ ကိလေသာတို့ကို ပယ်သတ်နိုင်သည့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိကြောင်း နည်းလမ်းကို သူတို့အား ပြလေ၏။ ကောသလမင်းကြီး၏သား ဝိဋူဍုဘသည် ကပိလဝတ္ထုပြည်ကို ဖျက်ဆီးရန် ချီတက်သွားသောအခါ ဗုဒ္ဓသည် သူ၏ ရှေ့မှောက်၌ သွားရောက်ကာ သူ့ကို သုံးကြိမ်တိုင်တိုင် လှည့်ပြန်စေခဲ့၏။

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့က ဗုဒ္ဓအား သူ့ဆွေမျိုးတို့ကို ပျက်စီးခြင်းမှ လည်းကောင်း၊ ဆင်းရဲဒုက္ခမှလည်းကောင်း ကယ်ဆယ်ရန် ကြိုးစားခဲ့မှုအတွက် ချီးကျူးပြောဆိုနေကြ၏။ ဗုဒ္ဓသည် ဤအကြောင်းကိုသိရှိသောအခါ ရဟန်းတို့အား 'မိမိ၏ ရှေးဘဝများကလည်း မိမိ၏ဆွေမျိုးတို့အတွက် ထိုကဲ့သို့သော ကောင်းမှုများကို ပြုဖူးလေပြီ'ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့၏ တောင်းပန်ချက်အရ ဗုဒ္ဓသည် ဤဇာတ်တော်ကို ဟောပြလေ၏။

ရှေးတုန်းက ဗောဓိသတ္တသည် မျောက်တို့၏ခေါင်းဆောင် ဖြစ်ခဲ့၏။ ချောင်းတစ်ခု၏ ကမ်းပေါ်ရှိ သူတို့သွားလာကျက်စားသည့် နေရာ၌ အတုမရှိ အရသာနှင့် ပြည့်စုံသည့် သရက်သီးများ သီးနေသည့် သရက်ပင်တစ်ပင် ရှိ၏။ တစ်နေ့သ၌ ဗာရာဏသီမင်းသည် ထိုသရက်ပင်သို့ရောက်လာ၏။ သူသည် သရက်သီးအရသာဖြင့် စွဲမက်သွား၏။ ထို့ကြောင့် သူသည် ထိုသရက်ပင်အနီး၌ စခန်းချလေ၏။ ညအခါ၌ မျောက်ခေါင်းဆောင်သည် မိမိ အခြံအရံများနှင့်အတူ သရက်သီးများကိုစားရန် ရောက်လာ၏။ ထိုမျောက်တို့၏အသံများဖြင့် နိုးလာသော မင်းကြီးသည် နောက်တစ်နေ့နံနက် ထိုမျောက်များ သစ်ပင်မှဆင်းလာသည့်အခါ သတ်ရန်အလို့ငှာ ထိုသစ်ပင်ကိုဝိုင်းထားရန် မိမိ၏လူများကို အမိန့်ပေး၏။ မျောက်တို့သည် သစ်ပင်ကိုဝိုင်းထားသည့် မင်း၏လူများကိုမြင်သောအခါ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့ခြင်းကြီးစွာ ဖြစ်လေ၏။ ဗောဓိသတ္တသည် ထိုမျောက်တို့ကို ငြိမ်သက်အေးဆေးစွာဖြစ်ရန် အမိန့်ပေး၏။ ဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့သည့်အခါ ကြောက်ရွံ့ပြီး မိမိကိုယ်ကို ကယ်တင်ရန် ဘာမျှ မလုပ်နိုင်ခြင်းသည် မကောင်းဟု သူက ဦးစွာပထမ ထိုမျောက်တို့အား ပြောပြ၏။



သူသည် မိမိနောက်လိုက်များကို လျင်မြန်စွာဆုံးမပြီးသော် ထိုမျောက်တို့ကို ကယ်တင်ရန် မိမိ၏အသက်ကို စွန့်မည်ဟု သူက ကြံညာလေ၏။ သို့ကြံညာပြီးနောက် သူသည် သရက်ပင်၏ ထိပ်ဖျားမှ တအားကုန် ခုန်လိုက်ပြီး ချောင်း၏တစ်ဖက်ကမ်းသို့ ရောက်သွား၏။ သူသည် အားကောင်းသည့် နွယ်တစ်ခုကို လျင်မြန်စွာဖြတ်၍ သရက်ပင်နှင့် ချောင်းဆိုင် ဟိုဘက်ကမ်းရှိ သစ်ပင်ထိပ်ဖျားသို့ တက်သွား၏။ ထို့နောက် သူသည် နွယ်၏ တစ်ဖက်စွန်းကို မိမိ၏ခါး၌ပတ်ချည်ပြီးနောက် နွယ်၏အခြားတစ်ဖက်စွန်းကို ထိုသစ်ပင်၏ အကိုင်းတစ်ခု၌ ချည်၍ သရက်ပင်သို့ ပြန်ခုန်လိုက်၏။ ကံမကောင်းအဖြင့် နွယ်သည် လက်မအနည်းငယ်တိုနေ၍ သရက်ပင်၏ အကိုင်းကို ဖမ်းဆွဲနိုင်လောက်ရုံမျှသာ ရှည်၏။ သူသည် မိမိ၏ မျောက်များအား 'သင်တို့ လွတ်မြောက်ဖို့အတွက် ငါ၏ကျောပေါ်ကသွား၍ နွယ်ကိုအသုံးပြုလော့ မြန်မြန်လုပ်'ဟု အော်ပြောလေ၏။ မျောက်တို့သည် ပြောသည့်အတိုင်း လုပ်ကြ၏။ သို့ရာတွင် ဒေဝဒတ်လောင်းဖြစ်သော နောက်ဆုံးမျောက်ကမူ မျောက်ခေါင်းဆောင်ကို သတ်ဖို့ အခွင့်ကို တွေ့မြင်လေ၏။ သူသည် ပိုမြင့်သည့် သစ်ကိုင်းပေါ်သို့တက်၍ ဘုရားလောင်း၏ ကျောပေါ် ခုန်ချပြီး ကျောရိုးကိုချိုးပစ်လေ၏။ ဘုရားလောင်းသည် ထိုဒဏ်ကို သည်းခံ၍ သူ့အား လွတ်မြောက်စေလေ၏။ မင်းကြီးသည် ထိုမျောက်တို့ကို လွတ်မြောက်ဖို့ သွားလာနေ၌မှာ လေးမြားဖြင့်ပစ်ချရန် မိမိ၏လူများကို အမိန့်ပေးနိုင်ခဲ့၏။ သို့ရာတွင် သူသည် မျောက်ခေါင်းဆောင်၏ စွမ်းဆောင်ရည် ကောင်းခြင်းနှင့် သနားကြင်နာတတ်မှုဖြင့် လွန်စွာ ဘဝင်ခိုက်သွားသောကြောင့် မိမိ၏လူများကို (မပစ်အောင်) ထိန်းထားပြီး ဆင်းအဖြစ်အပျက်ကလေးကို အလွန့်အလွန် စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ၏။ ဤစိတ်ဝင်စားဖွယ် အဖြစ်အပျက်အဆုံး၌ သူသည် မိမိ၏ လူတချို့ကို သရက်ပင်ပေါ် တက်ခိုင်းပြီး မျောက်တို့၏ခေါင်းဆောင်ကို သယ်ချယူလာခိုင်း၏။ သူသည် ထိုမျောက်ခေါင်းဆောင် ကျန်းမာလာအောင် အစွမ်းကုန်လုပ်ခဲ့၏။ သို့ရာတွင် ဒဏ်ရာအလွန်ပြင်းထန်သောကြောင့် ထိုမျောက်သူတော်မြတ်ကို ကယ်ဆယ်ရန် မိမိအားထုတ်မှုကို စွန့်လွှတ်လိုက်ရ၏။ မျောက်ခေါင်းဆောင်ကို မင်းကြီး၏ဂုဏ်ပြုမှုအပြည့်ဖြင့် သင်္ဂြိုဟ်ပြီး ထိုမီးသင်္ဂြိုဟ်ရာနေရာ၌ စေတီတစ်ဆူကို တည်ထားခဲ့၏။ ဦးခေါင်းခွံကို သိမ်းယူထား၍ ရွှေချပြီး ဗာရာဏသီပြည်သို့ ယူသွားလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် မင်းကြီးကို အရှင်အာနန္ဒာနှင့်လည်းကောင်း၊ မဟာကပိ (မျောက်မင်း)၏ ကျောကို ချိုးပစ်သည့် မျောက်ကို ဒေဝဒတ်နှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## (ဂ) ဝက္ကလိထေရ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် လူတစ်ဦးသည် ဗုဒ္ဓ၏ တရားတော်များကို ကြားနာရပြီးနောက် ဒက္ခ၏ဘေးကို သိမြင်သဖြင့် ရဟန်းဘောင်သို့ ဝင်ရောက်လေ၏။ သူသည် ငါးနှစ်ခန့် ဗုဒ္ဓစာပေကို လေ့လာခဲ့၏။ ထို့နောက် သူသည် ဗုဒ္ဓထံမှ နည်းညွှန်မှုတို့ကိုယူပြီး၍ ကမ္မဋ္ဌာန်းအားထုတ်ရန် ဆိတ်ငြိမ်ရာသို့ ထွက်သွား၏။ သူသည် သုံးလတိုင် ကမ္မဋ္ဌာန်းအားထုတ်၏။ သူသည် တိုးတက်မှု တစ်စုံတစ်ရာကို မလုပ်စွမ်းနိုင်သောကြောင့် စိတ်ပျက်သွား၏။ ထို့နောက် သူသည် ကမ္မဋ္ဌာန်းအားမထုတ်တော့ဘဲ ဗုဒ္ဓ၏တရားတော်များကိုသာ ကြားနာတော့မည့်ဆန္ဒဖြင့် ဇေတဝန်ကျောင်းသို့ ပြန်လာခဲ့၏။ ဗုဒ္ဓသည် သူ့အကြောင်းကို သိရှိသောအခါ ရဟန်းတို့အား ဤဇာတ်ကို ပြောပြလေ၏။

ရှေးအခါက ဘုရားလောင်းသည် လှည်းကုန်သည်ငါးရာစု၏ ခေါင်းဆောင်ဖြစ်ခဲ့၏။ တစ်ညသ၌ ထိုကုန်သည်တို့သည် သဲကန္တာရကိုဖြတ်သွားရသည့်ခရီး၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြ၏။ သူတို့သည် မိမိတို့၏ ထင်း ရေ ရိက္ခာတို့ကို သုံးပြီးကြလေပြီ။ သူတို့သည် နောက်စခန်း၌ မိမိတို့၏ ထင်းရေရိက္ခာကို ပြန်ဖြည့်တင်းကြရ၏။

လမ်းညွှန်သူသည် ညပေါင်းများစွာ လမ်းညွှန်ခဲ့ရသဖြင့် လွန်စွာ ပင်ပန်းနေ၏။ ခရီးစဉ်၏ နောက်ဆုံးစခန်းဖြစ်သောကြောင့် သူသည် အေးဆေးသက်သာနေလိုက်၍ အိပ်ပျော်သွား၏။ နွားတို့သည် ပြန်လှည့်သွားကြသဖြင့် သူတို့သည် နံနက်ရောက်သော် ယခင်ညက ထွက်ခွာခဲ့ရာ စခန်းသို့ ပြန်ရောက်လာ၏။ ကုန်သည်စုပါ လူတို့သည် ရုတ်တရက် ထိတ်လန့်သွားကြ၏။

ဘုရားလောင်းသည် မိမိလူတို့အား အေးဆေးငြိမ်သက်နေကြရန် အမိန့်ပေးပြီးနောက် ရေတွင်းတူးရနိုင်မည့် နေရာကို ရှာရန်ထွက်သွား၏။ ခဏကြာသော် သူသည် မြက်အနည်းငယ်ပေါက်နေသည့် နေရာတစ်ခုသို့ ရောက်သွား၏။ အောက်မှာ ရေရှိမည်ဟု သူ ထင်မြင်သောကြောင့် မိမိ၏လူတို့အား ရေတွင်းတူးရန်ပြောကြား၏။ ငိုနေခြင်းသည် မိမိတို့အား လုံးဝအကျိုးတစ်စုံတစ်ရာ ပေးမည်မဟုတ်ဘဲ ထိုနေရာ၌ တူးခြင်းဖြင့် ရေရရှိပြီး မိမိတို့ကိုယ်ကို ကယ်နိုင်မည့်အခွင့်အလမ်း ရရှိပြီဟု သူတို့အား ပွင့်လင်းစွာ သူ ပြောကြား၏။ သူ၏ လူတို့သည် ဆက်လက်တူးကြ၏။ သို့ရာတွင် အတန်ကြာ တူးပြီးနောက် သူတို့သည် ကျောက်ဖျာတစ်ခုပေါ် ရိုက်ခတ်မိလေ၏။ သူ၏ လူတို့သည် အလွန်ပင် စိတ်အားလျော့သွားကြပြီး ဆက်မတူးတော့ချေ။ ဘုရားလောင်းသည်



တွင်းထဲ ကျောက်ဖျာသို့ ဆင်းသွား၍ ကျောက်ဖျာနားကပ်ပြီး နားထောင်သော် ကျောက်ဖျာအောက်၌ ရေသံကိုကြားရသဖြင့် ခွန်အားကြီးသည့် လူငယ်တစ်ဦးအား ဤသို့ ပြောကြားလေ၏။ 'ချစ်သား၊ ဤအဆင့်၌ သင်သည် စိတ်ပျက်ပြီး ဆက်မတူးလျှင် ငါတို့အားလုံး သေကြမည်၊ စိတ်မပျက်ပါနှင့်၊ မျှော်လင့်ချက်ကို မစွန့်ပါနှင့်။ သံတူကို ယူပါ၊ ကျောက်ဖျာသို့ ဆင်းသွားပြီး ခွဲပါလော့။ ထိုကျောက်ဖျာအောက်၌ ဧကန်ပင် ရေရှိ၏'။ ထိုလူငယ်သည် လုံးဝ စိတ်ပျက်နေသည့်လူတို့ကို စွန့်ခွာသွားပြီး တွင်းထဲ ဆင်းသွား၍ ကျောက်ဖျာကို ခွဲလေ၏။ ဘုရားလောင်းက ကြိုပြောသည့်အတိုင်းပင် သူသည် ရေကိုတွေ့လေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ကုန်သည်စုခေါင်းဆောင်အား ကူညီပေးသည့် လူငယ်ကို ကမ္မဋ္ဌာန်းအားထုတ်မှုကို အလျင်စလိုစွန့်လွှတ်သည့် ရဟန်းနှင့်လည်းကောင်း ဆပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဃ) ပဉ္စာဝုဓကုမာရ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ပျင်းရိသောရဟန်းတစ်ပါးနှင့် စပ်လျဉ်း၍ ရဟန်းတို့အား ဤဇာတ်တော်ကို ပြောပြလေ၏။

ဗာရာဏသီမင်းကြီး၏သားတော် ပဉ္စာဝုဓသည် ဘုရားလောင်းဖြစ်ခဲ့၏။ သူ့ကို သူ့ဖခင်က တက္ကသိုလ်သို့ ပို့လွှတ်၏။ မင်းသားသည် သင်ကြားစာပြီးဆုံး၍ နေပြည်တော်သို့ပြန်လာသည့်အခါ တက္ကသိုလ်ဆရာကြီးက သူ့အား လေး၊ မြား၊ ဓား စသည့် လက်နက်အချို့ကို ပေးလိုက်၏။ တောကြီးတစ်ခုသို့ဝင်ရောက်သော အခါ ရွာသားများက ခရီးသွားများကို သတ်စားသည့် ဘီလူးတစ်ဦးရှိသောကြောင့် ရှေ့ဆက်မသွားရန် သူ့အား သတိပေးကြ၏။ မင်းသားသည် မကြောက်မရွံ့ဘဲ ဆက်သွား၏။ ဘီလူးသည် သူရောက်လာသည်ကိုမြင်၍ သူ့ကိုသတ်ရန် ရှေ့တိုးသွား၏။ မင်းသားက သူ့အား ဤသို့ စတင်ပြောဆို၏။ 'ဟေ့ ဘီလူး၊ သတိထားလော့၊ ငါ အဆိပ်လူးမြားတို့ဖြင့် သင့်ကို ငါသတ်အံ့'။ ဘီလူးသည် အနီးသို့ရောက်လာသောအခါ မင်းသားသည် မိမိ၏ မြားအစင်း ၅၀ လုံးကို တစ်စင်းပြီးတစ်စင်း ဆက်ကာဆက်ကာ လျင်မြန်စွာ ပစ်လွှတ်၏။ မြားတို့သည် စူးမဝင်နိုင်ဘဲ ဘီလူး၏ ထူထဲစေးကပ်သည့် ကိုယ်မွေး၌ ကပ်ငြိသော၏။ ထို့နောက် သူသည် မိမိ၏ ဓားရှည်ကို ဆွဲထုတ်၍ ခုတ်၏။ ဓားရှည်လည်း ဘီလူး၏ကိုယ်မွေး၌ ကပ်ငြိလေသောအခါ သူသည် ဓားအိမ်ဖြင့် ဘီလူးကို ရိုက်နှက်၏။ ထိုဓားအိမ်သည် အခြားလက်နက်များထက် ပို၍ မထိရောက်သောအခါ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပုတ်ဖြင့် ဘီလူးကို ရိုက်နှက်၏။ ထိုဆောက်ပုတ်လည်း အခြားလက်နက်များကဲ့သို့ပင် မအောင်မြင်ဘဲ ရှိလေ၏။ သူသည် လက်နက်တစ်ခုမျှ မရှိတော့သည့်အခါ ရှေးဦးစွာ ညာလက်သီးဖြင့် နောက်ဘယ်လက်သီးဖြင့် ဘီလူးကို ထိုးကြိတ်၏။ ယင်းတို့ မအောင်မြင်သည့်အခါ ရှေးဦးစွာ ညာဒူးဖြင့်၊ နောက်ဘယ်ဒူးဖြင့် ဘီလူးကို ဒဏ်ရာရအောင် အားထုတ်၏။ ယင်းအားထုတ်မှုအားလုံးတို့ အချည်းနှီးဖြစ်သောအခါ သူသည် အဆုံးသတ် ရိုက်ချက်အဖြစ် ဘီလူးကို မိမိ၏ဦးခေါင်းဖြင့် ထိုးနှက်၏။ ယင်းလည်း မအောင်မြင်ချေ။ သူသည် ဘီလူး၏ ထူထဲစေးကပ်သည့် ကိုယ်မွေး၌ တွဲလျားဆွဲတည်ရှိလေ၏။

ဘီလူးသည် ထိုကဲ့သို့သောသားကောင်ကို ဘယ်တုန်းကမျှ မတွေ့ခဲ့ဘူးချေ။ မင်းသား၏ ကြောက်ရွံ့ခြင်းကင်းမှု၊ စိတ်ခိုင်မာမှု၊ ခွဲလုံ့လတို့သည် အမှန်ပင် ဘီလူးကို ကြောက်ရွံ့သွားစေခဲ့၏။ 'မင်းသားမှာ သူ့အား ထိုမျှရဲရင့်စေသည့် လျှို့ဝှက်လက်နက်တစ်ခုရှိရမည်'ဟု သူ စဉ်းစားမိ၏။ ထို့ကြောင့် သူသည် မင်းသားကို ကြိတ်ချေပြီး စားပစ်ရန် အလျင်စလို မလုပ်ချေ။ သူ့အား ထိုမျှ ကြောက်ရွံ့ခြင်းကင်းစေသည့် အရာကို ရှာလိုသဖြင့် မင်းသားအား ဤသို့ စတင်ပြောလေ၏။

'မင်းသား ဘာကြောင့် သေရမှာ မကြောက်သနည်း'

'ဘာကြောင့် ငါ ကြောက်ရမှာလဲ၊ လူတိုင်းဟာ တစ်နေ့မှာ သေရမှာပဲ၊ ယင်းသဘောအချက်က ငါ့အား ကြောက်ခြင်း ကင်းစေတာပဲ၊ ငါ့မှာ တခြားအကြောင်းတစ်ခုလည်း ရှိသေး၏၊ ငါ့မှာ ငါ့ကိုယ်ထဲ၌ လျှို့ဝှက်လက်နက်တစ်ခု ရှိ၏။ သင်က ငါ့ကို စားသော် ငါ ကေန်သေမှာပဲ၊ သို့သော် ငါ၏ လျှို့ဝှက်လက်နက်က သင်၏ အူတို့ကို အပိုင်းပိုင်းဖြတ်လိမ့်မယ်၊ သင်လည်း သေမှာပဲ'

ဘီလူးသည် သူ့ကို လွှတ်လိုက်၏။ မင်းသားသည် ဤသို့ ဆုံးမစကား ပြောကြား၏။ 'ဘီလူး၊ အတိတ်က သင်ကျူးလွန်ခဲ့သည့် မကောင်းမှုများကြောင့် သင်သည် ယခု ဘီလူးဖြစ်လာခဲ့၏။ သင်သည် သူတစ်ပါးတို့ကို သတ်ခြင်း၊ နှိပ်စက်ခြင်းဖြင့် မကောင်းမှုတို့ကို ဆက်လုပ်လျှင် အပါယ်လေးပါး တစ်ပါးပါး၌ ကေန်ဖြစ်လိမ့်မည်။ တစ်နေ့တွင် ဤအပါယ်ဘုံတို့မှ လွတ်မြောက်သောအခါ သင်သည် နတ်အဖြစ်၊ လူအဖြစ်ဖြင့် ဘယ်ဘုံမှာဖြစ်ဖြစ် ဘယ်တော့မှ အသက်ရှည်စွာ နေရမည်မဟုတ်။ သတ်ဖြတ်ခြင်းသည် အသက်တိုခြင်း၏ အကြောင်းတို့တွင် တစ်ပါးပါဝင်၏'။

ဓာတ်တော်အဆုံး၌ ဗုဒ္ဓသည် ဘီလူးကို အရှင်အင်္ဂုလိမာလနှင့် ထပ်တူဖြစ်ကြောင်း ဓာတ်ပေါင်းပြလေ၏။



## ၆။ ခန္တီပါရမီ

### (က) ခန္တီဝဏ္ဏ

ဗုဒ္ဓလက်ထက်၌ အိန္ဒိယပြည်မှာ အလွန် ဘုန်းတန်ခိုးကြီးသည့် မင်းတစ်ပါးရှိ၏။ သူ့အမည်ကား ကောသလဖြစ်၏။ သူသည် ပင်ကိုစရိုက်သဘောနှစ်ခုနှင့် ပြည့်စုံ၏။ သူသည် ဗုဒ္ဓ၌ ချစ်မြတ်နိုးမှုရှိသောကြောင့် ဗုဒ္ဓထံ မကြာ မကြာ သွားရောက်ပြီး တရားများနာကာ မဝေခွဲနိုင်သည့် ပြဿနာများကို မေးမြန်းသည့်အပြင် ဗုဒ္ဓအား ရက်ရက်ရောရောပေးလှူ၏။ သို့ရာတွင် သူသည် ပျက်သောအကျင့်စရိုက်ရှိသောကြောင့် သူ့အသက်သတ်ခြင်း၊ သူတစ်ပါး၏မယားကို လုယူခြင်း၊ လာဘ်ယူခြင်းနှင့် တကွ အခြားဆိုးယုတ်သည့် ဒုစရိုက်မှုများကို ကျူးလွန်ခြင်းတို့ကို ပြုလုပ်ရန် လက်နှေးမည် မဟုတ်။ တစ်နေ့သ၌ သူသည် ပွဲသဘင်တစ်ခု၌ ပြည်သားတစ်ဦး၏ မယားကို တွေ့မြင်၏။ သူသည် လင်ကိုသတ်၍ သူ သေသည့်အခါ သူ့မယားကို သိမ်းယူရန် ကြံစည်ခဲ့၏။ ဗုဒ္ဓသည် လင်ကိုအချိန်မီကယ်ဆယ်၍ မင်းကြီးကိုလည်း အလွန်ကြီးလေးသည့် မကောင်းမှုကို ကျူးလွန်ခြင်းမှ ကယ်ဆယ်ခဲ့၏။

တစ်နေ့သ၌ သူသည် မိမိအမတ်များထဲမှ တစ်ဦးသည် မိမိ၏မိဖုရားငယ်များထဲမှ တစ်ဦးနှင့်မေထုန်ကျူးလွန်နေသည်ကို တွေ့ရှိ၏။ လင်ကိုသတ်၍ သူသေသော် သူ့မယားကိုသိမ်းယူရန် လက်မနှေးသည့် မင်းကြီးသည် ယောကျ်ားတစ်ဦးအား မိမိ၏ မိဖုရားငယ်တစ်ဦးနှင့် ကာခိုမှုပြုသောအခါ အလွန်ပင် အမျက်ထွက်၏။ သာမန်အားဖြင့် သူသည် မိမိ၏အမတ်ကို သတ်ပစ်ရန် အမိန့်ပေးပြီးဖြစ်မည်။ သို့ရာတွင် ထိုအမတ်သည် မိမိအား ကျေးဇူးများသည့် အစေအပါးတစ်ဦးဖြစ်နေ သောကြောင့် သူသည် မိမိ၏စိတ်ကို မဆုံးဖြတ်နိုင်ဘဲ ရှိခဲ့၏။ ထို့ကြောင့် သူသည် ထိုကိစ္စနှင့် ပတ်သက်၍ ဗုဒ္ဓက ဘာမိန့်ကြားမည်ကို နားထောင်ရန် ဇေတဝန်ကျောင်းသို့သွားလေ၏။ ဗုဒ္ဓက မင်းကြီးအား 'ရှေးအခါက မင်းကောင်း မင်းမြတ်တို့သည် အလားတူ အခြေအနေမျိုးတို့၌ အံ့ဖွယ်ကောင်းသည့် သည်းခံခြင်းနှင့် ရက်ရောခြင်းတို့ကို ပြခဲ့ဖူး၏'ဟု မိန့်ကြား၏။

ကောသလမင်းကြီး၏ ပန်ကြားချက်အရ ဗုဒ္ဓသည် အောက်ပါဓာတ်ဝတ္ထုကို ပြန်ဟောပြလေ၏။

ရှေးတုန်းက ဘုရားလောင်းသည် ကုရုတိုင်း၏ ဘုရင်ဖြစ်ခဲ့၏။ သူ၏ အမတ်များထဲမှ တစ်ဦးသည် မိမိ၏ မိဖုရားငယ်များထဲမှ တစ်ဦးနှင့် မေထုန်ဖောက်ပြန်သည့် ကိစ္စတစ်ခု ဖြစ်ပေါ်နေ၏။ သို့ရာတွင် ထိုသစ္စာမဲ့သည့်အမတ်သည် မိမိ၏ အစေခံတစ်ဦးက မိမိ၏မယားများထဲမှ တစ်ဦးနှင့် အလားတူအမှုမျိုးပြုနေသည်ကို တွေ့ရှိသော

www.burmeseclassic.com

www.burmeseclassic.com



အခါ အမျက်ကြီးစွာထွက်၏။ ထို့ကြောင့် သူသည် ထိုအစေခံကို မင်းကြီးထံ ခေါ်သွားပြီး ယင်းကိစ္စကို လျှောက်တင်လေ၏။ မင်းကြီးက ဤသို့ ပြန်ပြော၏။ 'ငါ့မှာလည်း ငါ့ မိဖုရားငယ်များထဲမှ တစ်ဦးနှင့် မေထုန်ကျူးလွန်သည့် အမတ်တစ်ဦး ရှိ၏၊ ထိုအမတ်သည် ဤနေရာ၌ပင်ရှိ၏၊ ငါတို့ကိုလုပ်ကျွေးရာ၌ အသုံးဝင်သည့်လူကို ရဖို့ရန် အလွန်ခဲယဉ်း၏၊ ထို့ကြောင့် ငါသည် ကြီးမြတ်သည့် သည်းခံမှုထားခြင်းကို ပိုနှစ်သက်၏'

အမတ်နှင့် သူ၏ အစေခံနှစ်ဦးလုံးသည် နောင်တရကြပြီး ထိုအခါမှစ၍ မေထုန် ကျူးလွန်မှုမှ ရှောင်ကြဉ်သွားကြလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် မိမိကိုယ်ကို ကုရုမင်းကြီးနှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (၈) ဗုဒ္ဓဗောဓိ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် မိမိ၏ အမျက်ဒေါသကို မထိန်းချုပ်နိုင်သည့် ရဟန်းတစ်ပါးနှင့်စပ်လျဉ်း၍ ရဟန်းတို့အား ဤဇာတ်တော်ကို ပြောပြလေ၏။

ဘုရားလောင်းသည် ရှေးတုန်းက ဗြဟ္မာမင်း ဖြစ်ခဲ့၏။ သူသည် သေလွန်သည့် အခါ ကာသိတိုင်းတွင် အလွန်ကြွယ်ဝသည့် အမျိုး၌ ဖြစ်ခဲ့၏။ သူ့အမည်ကား ဗောဓိကုမာရဖြစ်၏။ (မှတ်ချက်—သေလွန်သည့်ကာလအထိ အလွန်အထူး စိတ်တည်ကြည်မှု သမာဓိ ခေါ်သော ဈာန်တရားများကို ထိန်းထားနိုင်သည့် ပုဂ္ဂိုလ်တို့သည် ဗြဟ္မာများ အဖြစ် ဖြစ်ကြလိမ့်မည်။ ဗြဟ္မာတို့မှာ အင်္ဂါဇာတ်များ မပါရှိကြ။ ဤအင်္ဂါဇာတ် မပါရှိခြင်းသည်ကား သူတို့သည် မိမိတို့၏ ရှေးဘဝများ၌ ကမ္မဋ္ဌာန်းအားထုတ်စဉ်အတွင်း၌ မိမိတို့၏သက်တမ်းအချိန်များဆုံးမှာ အမြဲပင်ဈာန်တရားတို့၌ နစ်မြုပ်နေသောကြောင့် မိမိတို့၏ ကာမစိတ်များကို အလွန်ပြင်းထန်စွာ နှိပ်ကွပ်ခဲ့ကြသည်ဟူသော အချက်ကြောင့် ဖြစ်၏။ သူတို့သည် သေသည်အထိ မိမိတို့၏ ဈာန်တရားများကို ထိန်းထားနိုင်လျှင် တစ်ဖန် ဗြဟ္မာများအဖြစ် ထပ်ဖြစ်ကြလိမ့်မည်။ သို့ရာတွင် သူတို့သည် မိမိတို့၏အသက် ကုန်ဆုံးချိန်နီးမှာ မိမိတို့၏ဈာန်များကို ဆုံးရှုံးကြလျှင် နတ်များ (ဝါ) လူသားများအဖြစ် ဖြစ်ကြရ၏။ ဤနတ်များနှင့် လူသားများမှာ အင်္ဂါဇာတ်များ ပါရှိကြသော်လည်း သူတို့၏ ကာမစိတ်တို့သည် အလွန့်အလွန် အားနည်းကြသည်။ သူတို့သည် မေထုန် ဆက်ဆံမှုကိုပင် စက်ဆုပ်ကြ၏။ ဤသို့ဖြစ်ရခြင်းသည် သူတို့ ဗြဟ္မာများဖြစ်ခဲ့စဉ်က ကာမစိတ်များကို အလွန်ပြင်းထန်စွာနှိပ်ကွပ်ခဲ့သည် ဟူသော အချက်ကြောင့် ဖြစ်၏။ ဗြဟ္မာများနှင့်ပတ်သက်၍ နောက်ထပ် သိမှတ်ဖွယ်ကို နောက်အခန်း၌ ပြဆိုလိမ့်မည်။)



ဗောဓိကုမာရသည်ကြီးပြင်းလာသည့်အခါ သူ့မိဘများက သူ့ကို အိမ်ထောင်ပြု စေချင်ကြ၏။ သို့ရာတွင် သူသည် ရှေးဘဝက ဗြဟ္မာဖြစ်ခဲ့ဖူးသူဖြစ်၍ အိမ်ထောင် မပြုလိုပေ။ သူ၏ မိဘတို့က သူ့ကို အလွန်ပြင်းထန်စွာ အတင်း အိမ်ထောင်ပြုခိုင်း၏။ အကြောင်းမှာ သူတို့၏သားသည် သူတို့၏မြားမြောင်လှသော ဥစ္စာကို အမွေဆက်ခံမည့် ကလေးမရရှိဘဲ သေသွားခဲ့လျှင် ထိုဥစ္စာများကို ဘုရင်က သိမ်းယူမည်ဟု စိုးရိမ်သော ကြောင့်ဖြစ်၏။ ထို့ကြောင့် နောက်ဆုံးတွင် သူသည် မိဘတို့အတင်းအကြပ် နိုင်းမှုများအား အလျှော့ပေးလိုက်ရသည့်အခါ မိဘတို့သည် ရှေးဘဝက ဗြဟ္မာဖြစ်ခဲ့ဖူးသူ အလွန့်အလွန် ချောလှသည့်မိန်းမငယ်ကို သူတို့သားအတွက် ရှာတွေ့လေ၏။

သူတို့ လက်ထပ်သည့်နေ့၌ လင်နှင့်မယားနှစ်ဦးသားသည် မေထုန်ကိစ္စကို ရှောင်ရှားရန် အဓိဋ္ဌာန်ပြုကြ၏။

ဗောဓိကုမာရ၏ မိဘများ သေလွန်သည့်အခါ သူက သူ့မယားအား ဤသို့ ပြောဆိုလေ၏။

'ဥစ္စာအားလုံးကို ယူသွားပြီး ပျော်ရွှင်စွာနေလော့'

'အသင် ဘာလုပ်မလို့လဲ'

'ငါ ဥစ္စာကို မလို၊ ငါသည် ရသေ့အဖြစ်ဖြင့် ဟိမဝန္တာသို့ သွားအံ့'

'အရှင်၊ ယောကျ်ားတို့သာ ရသေ့များ ပြုနိုင်ပါသလော'

'မဟုတ်ပါ၊ မိန်းမတို့လည်း ရသေ့များ ပြုနိုင်ပါသည်'

'ဒါဖြင့် ကျွန်ုပ်လည်း ရသေ့ပြုပါမည်၊ အသင်ထွေးချပစ်သည့် တံတွေးနှင့်တူသည့် အသင့်ဥစ္စာ၌ ကျွန်ုပ် မတပ်မက်ပါ'

သူတို့သည် မိမိတို့၏ ဥစ္စာအားလုံးကို ပေးလှူပြီးနောက် ရသေ့များအဖြစ် ဝတ်ဆင်၍ ဟိမဝန္တာသို့ သွားကြလေ၏။ သူတို့သည် ထိုဟိမဝန္တာ၌ ၁၀ နှစ် နေခဲ့၏။ ဆားချို့တဲ့၍ မကျန်းမာသောကြောင့် သူတို့သည် ဟိမဝန္တာမှဆင်းလာပြီး ဗာရာဏသီသို့ သွား၍ မင်းဥယျာဉ်၌ စခန်းချနေထိုင်လေ၏။ မင်းကြီးသည် ဥယျာဉ်သို့ သွားရောက်စဉ် အတွင်း ရသေ့မကို တွေ့မြင်သောအခါ သူမ၏ ရုပ်အလှများဖြင့် စွဲမက်သွားလေ၏။ ရသေ့သည် ရသေ့မနှင့် မည်သို့ဆက်နွယ်ကြောင်း မင်းကြီးက မေးမြန်း၏။ ရသေ့က ဤသို့ ပြန်ပြောလေ၏။

'ငါနှင့် ရသေ့မတို့အကြား၌ ဆက်နွယ်သည့်ပြဿနာမရှိ၊ လောကီသား တို့၏ အသိအမြင်အားဖြင့် ငါတို့မှာ ဆက်နွယ်မှု တစ်စုံတစ်ရာမရှိ၊ ငါတို့ နှစ်ဦးလုံးသည် လူ့ဘဝအကြောင်း ထပ်တူသိမြင်မှုရှိသောကြောင့် အတူတကွ ရသေ့များ ပြုလာကြ၏။ အမှန်စင်စစ် သူမသည် ငါတို့ ရသေ့များမပြုခင်က ငါ၏ ကညီဖော်ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'အို အရှင်ရသေ့၊ ရသေ့မမှာ ပြုံးရွှင်သည့်မျက်နှာ၊ စွဲမက်ဖွယ် မျက်လုံးအစုံ ရှိပါ၏၊ ထို့ကြောင့် တစ်စုံတစ်ဦးသည် သင်တို့နှစ်ဦးစလုံး ရသေ့မပြုခင်တုန်းက သင်၏မယား ဖြစ်ခဲ့ဖူးသည့် ရသေ့မချောကလေးကို ဤနေရာမှ အတင်းခေါ် ဆောင်သွားလျှင် အသင် ဘာလုပ်မည်နည်း'

'မင်းကြီး၊ ဤအတင်းအကြပ်ပြုမှု၏ အကျိုးကြောင့် ငါ၌ အမျက်ဒေါသ ဖြစ်ပေါ်လျှင် ထိုအမျက်ဒေါသကို ထွက်ပေါ်ခွင့်ပေးမည်မဟုတ်ဟု သင့်အား ကတိပေးနိုင်ပါ၏၊ ငါ အသက်ရှင်နေသရွေ့ ထိုအမျက်ဒေါသကို မည်သည့်အခြေ အနေတွင်မှ ထင်ရှားဖြစ်ခွင့်ပေးမည်မဟုတ်၊ မိုးကြီးသည် မြူမှုန်ကို ပယ်ဖျောက် မည်ကဲ့သို့ ငါသည် အမျက်ဒေါသကို ချက်ချင်းပင် ပယ်ဖျောက်လိမ့်မည်'

ရသေ့၏သဘောမြင့်မြတ်မှုသည် မင်းကြီးအား နှောင်တ ရအောင် မလုပ်နိုင်ခဲ့ပေ။ သူသည် မိမိ၏ အမတ်တစ်ဦးအား ရသေ့မကို နန်းတော်သို့ခေါ်ဆောင်သွားရန် အမိန့် ပေးလေ၏။ အမတ်ကဆွဲခေါ်သွားသည့်အခါ ရသေ့မက ငို၍ ဤသို့ဆို၏။ 'ဒါဟာ မြင့်မြတ်သည့်ပုဂ္ဂိုလ်၏ အပြုအမူမဟုတ်ပါ၊ လူယုတ်မာ၏ အပြုအမူမျိုး ဖြစ်ပါ၏၊ ငါ့အား ဤသို့ အတင်းခေါ်ဆောင်သွားခြင်းသည် မသင့်လျော်ပါ' ရသေ့မ၏ ငိုသံများ နှင့် ပြောစကားများကို ကြားသောအခါ ရသေ့သည် သူမကို တစ်ကြိမ်မျှသာ ကြည့်ရှု လေ၏။

မင်းကြီးသည် နည်းမျိုးစုံဖြင့် သူမ၏အချစ်ကိုရယူရန် မအောင်မြင်သောအခါ သူမကို နန်းတွင်းရှိ အခန်းထဲ၌ လှောင်ပိတ်ထားခဲ့ပြီး 'ရသေ့သည် သူ၏အမျက်ဒေါသ ကို တကယ်ပင် ပယ်ဖျောက်နိုင်သည့် အခြေအနေတွင်ရှိသလား' ဆိုတာကိုသိရှိရန် ရသေ့ထံသွား၏။ ရသေ့သည် သူ့အား စကားမပြောဘဲ မိမိ၏သင်္ကန်းကို ဆက်လက် ချုပ်နေသောအခါ မင်းကြီးသည် ရသေ့ကို အထင်မှား၍ ဤသို့ စတင်ပြောဆိုလေ၏။ 'သင်သည် အမျက်ဒေါသကို ချက်ချင်းပယ်ဖျောက်နိုင်၏ဟု ပြောခဲ့၏။ ယင်းစကား မမှန်တာကို ကျွန်ုပ် တွေ့ရှိရလေ၏။ ယင်းအချက်ကို ကျွန်ုပ် တွေ့သွားနိုင်သည်ဟု သင် ယခု စိုးရိမ်နေ၏။ ထို့ကြောင့် ကျွန်ုပ်အား သင်စကားမပြောခြင်း ဖြစ်၏။ သင်သည် မိမိသင်္ကန်းကိုချုပ်နေခြင်းဖြင့် မိမိအမျက်ဒေါသကို ဖုံးကွယ်ရန် ကြိုးစားနေ၏'

အရှင်ရသေ့က အောက်ပါအတိုင်းဖြေကြားလေ၏။

၁။ အရှင်မင်းကြီး၊ တစ်စုံတစ်ဦးအား ကောင်းတာ မကောင်းတာကို မသိနိုင်အောင် လုပ်တတ်သော၊ ပညာမဲ့ပုဂ္ဂိုလ်တို့ မွေးမြူထားရှိသော အမျက်ဒေါသမျိုး ငါ့မှာ ရှိခဲ့၏ဟု ငါ ဝန်ခံ၏။

၂။ အရှင်မင်းကြီး၊ အမျက်ဒေါသကိုထားရှိသောသူအား စိတ်ဆင်းရဲခြင်းမှတစ်ပါး ဘာကိုမျှ မပေးသောကြောင့် တစ်စုံတစ်ဦး၏ ရန်သူတို့အား ဝမ်းသာစေသော အမျက်ဒေါသမျိုး ငါ့မှာ ရှိခဲ့၏ဟု ငါ ဝန်ခံ၏။



၃။ အရှင်မင်းကြီး၊ တစ်စုံတစ်ဦးအား မိမိအတွက် ကောင်းသည့်အရာကိုပင် မသိနိုင် အောင်လုပ်တတ်သည့် အမျက်ဒေါသမျိုး ငါ့မှာရှိခဲ့၏ဟု ငါ ဝန်ခံ၏။

၄။ အရှင်မင်းကြီး၊ တစ်စုံတစ်ဦးအား ကောင်းသည့်အရာကိုပြုပြင်ခြင်းမှ တားမြစ် ရုံသာမက၊ မိမိအဖို့ ကောင်းသည့်အရာများစွာကိုလွှင့်ပစ်အောင်လည်း တိုက်တွန်း လှုံ့ဆော်ပေးတတ်သော အမျက်ဒေါသမျိုး ငါ့မှာရှိခဲ့၏ဟူ၍ ငါ ဝန်ခံ၏။

၅။ မီးသည် မိမိကိုထုတ်လုပ်ပေးသည့် ကိရိယာကို လောင်ကျွမ်းတတ်၏။

၆။ ထို့အတူပင် အမျက်ဒေါသသည် ယင်းကိုထားရှိသည့် ပညာမဲ့ပုဂ္ဂိုလ်တို့ကို လောင်မြိုက်တတ်၏။

၇။ အရှင်မင်းကြီး၊ မီးသည် သစ်ရွက်၊ မြက်ခြောက်တို့အလယ်မှ ကျယ်ဝန်းစွာပြန့်နှံ့ သွားသကဲ့သို့ပင် အမျက်ဒေါသသည် ပညာမဲ့သူတို့အကြား၌ ပို၍ပို၍ ဖြစ်ပေါ် တတ်၏။

၈။ ဆုတ်ယုတ်နေသည့် လဆုတ်လသည် တဖြည်းဖြည်း ပျောက်ကွယ်သွားသကဲ့ သို့ပင် အမျက်ဒေါသထားရှိသည့် ပုဂ္ဂိုလ်တို့သည် မိတ်ဆွေများ၊ တန်ခိုးသြဇာ၊ ဂုဏ်သိန် ရာထူးဥစ္စာတို့ကို တဖြည်းဖြည်း ဆုံးရှုံးစေလိမ့်မည်။

၉။ အရှင်မင်းကြီး၊ မီးလျှံသည် ယင်းကိုထောက်ပံ့ပေးသည့် မီးစာမရှိသောအခါ ငြိမ်းသွားသကဲ့သို့ပင် အမျက်ဒေါသလည်း ယင်းကို ထောက်ပံ့ပေးသည့် မသိမှု မောဟ မရှိသောအခါ ပျောက်ကွယ်သွား၏။ အမျက်ဒေါသသည် ပညာရှိပုဂ္ဂိုလ် တို့၏သန္တာန်၌ ကြာကြာ မတည်ရှိချေ။ တိုးပွားနေသည့် လဆန်းသည် တဖြည်း ဖြည်း တိုးပွားလာသကဲ့သို့ပင် အမျက်ဒေါသကို ပယ်ဖျောက်နိုင်သည့် ပုဂ္ဂိုလ်တို့၏ မိတ်ဆွေများ၊ တန်ခိုးသြဇာ၊ ဂုဏ်သိန်ရာထူးဥစ္စာတို့သည် တဖြည်းဖြည်း တိုးပွား လာလိမ့်မည်။

၁၀။ အရှင်မင်းကြီး၊ ငါ့မှာ ထိုအမျက်ဒေါသမျိုး ရှိခဲ့၏ဟု ငါ ဝန်ခံ၏။ သို့သော် ငါသည် မေတ္တာ ဘာဝနာနည်းဖြင့် ထိုအမျက်ဒေါသကို ငါ ပယ်ဖျောက်နိုင်သော ကြောင့် အမျက်ဒေါသဖြစ်ပေါ်လာပြီးနောက် မကြာမီပင် ပျောက်ကွယ်သွား၏။

မင်းကြီးသည် ရသေ့၏ တရားတော်၌ အလွန်နှစ်သက်အားရလေသောကြောင့် ရသေ့မကို ပြန်ပို့သည့်အပြင် ရသေ့နှစ်ဦးအား နောင်ဘယ်နည်းနှင့်မျှ ဒုက္ခပေးမည် မဟုတ်တော့ကြောင်း အာမခံလျက် ရသေ့တို့အလိုရှိသမျှ မိမိ၏ဥယျာဉ်ထဲ၌ နေထိုင် သွားရန် ဖိတ်ကြားလေ၏။ နန်းတော်မှပြန်ရောက်ပြီးမကြာမီ ရသေ့မ ကွယ်လွန်သော အခါ ရသေ့သည် မိမိ၏နေရင်းအရပ် ဟိမဝန္တာသို့ ထွက်သွားလေ၏။

(မေတ္တာဟူသည် တစ်ကမ္ဘာလုံးအား ချစ်ခင်ခြင်းကို ဆိုလို၏။ ဘာဝနာ ဟူသည် ပွားများခြင်းကို ဆိုလို၏။ ထို့ကြောင့် မေတ္တာဘာဝနာဟူသည် ဤ

www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာကို ပြုကျင့်သည့် ပုဂ္ဂိုလ်၏စိတ်ထဲ၌ စစ်မှန်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ ချစ်ခင်ခြင်းကို တိုးမြှင့်ရန်အတွက် ကမ္မဋ္ဌာန်း ရှုပွားခြင်းကို ဆိုလို၏။ မေတ္တာဘာဝနာကို အောင်မြင်စွာ အားထုတ်နိုင်သောပုဂ္ဂိုလ်သည် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တို့ကို ရရှိနိုင်၏။)

(ဈာန်များနှင့် ဈာန်များကိုရရှိဖို့ နည်းလမ်းတို့အကြောင်းကို သမာဓိဆိုင်ရာ အခန်း၌ ကြည့်ပါ။)

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ရသေ့မကို ရာဟုလမာတာနှင့်လည်းကောင်း၊ မင်းကြီးကို အရှင်အာနန္ဒာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဂ) ခန္တီဝါဒီ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် မိမိ၏ အမျက်ဒေါသကို မထိန်းချုပ်နိုင်သည့် ရဟန်းနှင့်စပ်လျဉ်း၍ ဤဇာတ်ကို ပြောပြလေ၏။

ဘုရားလောင်းသည် ရှေးတုန်းက ကာသိတိုင်းရှိ အလွန်ကြွယ်ဝသည့်အမျိုး၌ မွေးဖွားခဲ့၏။ သူ၏အမည်မှာ ကုဏ္ဍလဖြစ်၏။ သူသည် မိမိ၏မိဘများ ကွယ်လွန်ပြီးနောက် မြောက်မြားလှသည့် မိမိ၏ဥစ္စာတို့ကို ပေးဝေလှူပစ်ပြီး ဟိမဝန္တာ၌ (ခန္တီဝါဒီအမည်ရှိ) ရသေ့ပြုလေ၏။ နှစ်အတန်ကြာသော် သူသည် ဆားချို့တဲ့၍ မကျန်းမာသောကြောင့် ဗာရာဏသီပြည်သို့ ရောက်လာခဲ့၏။ သူသည် မင်းဥယျာဉ်၌ နားနေစဉ်မှာ ဗာရာဏသီပြည့်ရှင် ကလာဗုမင်းသည် အခြံအရံများစွာနှင့်အတူ ဥယျာဉ်သို့ ရောက်လာ၏။ မင်းသည် မိဖုရားငယ်တစ်ဦး၏ လက်ပေါ်၌ မူးယစ် အိပ်မောကျသွားသောအခါ အခြားမိဖုရားတို့သည် သူ့ကို စွန့်ထားခဲ့ပြီး ဥယျာဉ်ထဲ၌ လှည့်လည်လျှောက်သွားကြ၏။ သူမတို့သည် ရသေ့ကို တွေ့မြင်သောအခါ တရားများကို နာကြားရန် သူ့ကို ဝိုင်းရံထိုင်ကြလေ၏။ မိဖုရားငယ်သည် မင်းကြီးအားနှိုး၍ အခြားမိဖုရားတို့သည် မင်းကြီးထက် ရသေ့ကို ပို၍နှစ်သက်သောကြောင့် ရသေ့ထံ သွားကြပြီဟု ပြောပြသောအခါ မင်းကြီးသည် အလွန်အမျက်ထွက်သွား၏။ သူသည် သံလျက်ကို ကောက်ယူ၍ မိမိ၏ မိဖုရားတို့ ခြံရံအပ်သော ရသေ့ထံသို့ သွားလေ၏။

'ရသေ့၊ သင့်အယူကား အဘယ်နည်း'

'အရှင်မင်းကြီး၊ ငါ၏အယူကား ခန္တီ (သည်းခံခြင်း)ဖြစ်၏'

'ခန္တီဟူသောစကားဖြင့် သင် ဘာကိုဆိုလိုသနည်း'

'အရှင်မင်းကြီး၊ ခန္တီကိုကျင့်သုံးသော ပုဂ္ဂိုလ်သည် အမျက်ဒေါသကို ဖြစ်ပေါ်ခွင့်ပေးမည်မဟုတ်၊ သူသည် မိမိအား တခြားသူတို့ ဆဲရေး၍ ဇော်ကားပြုမူသောအခါ အမြင့်မြတ်ဆုံးသည် သည်းခံမှုဖြင့် တုံ့ပြန်လိမ့်မည်။

'ငါ ကြည့်ပါရစေ'



မင်းကြီး၏ အာဏာသားကို ပုဆိန်၊ ဆူးများတပ်ထားသည့် ကြိမ်လုံးနှင့်အတူ လာသောအခါ မင်းကြီးသည် ရသေ့အား လက်ညှိုးညွှန်ပြပြီး ဤသို့ အမိန့်ပေး၏။

'ဟဲ့ အာဏာသား၊ ဤရှုံ့မှုန်းစရာ သူခိုးကို မြေကြီးပေါ်တွန်းလှဲပြီး သူ၏ ရင်၊ ကျောနှင့် နံဘေးတို့၌ ကြိမ်ဖြင့်ရိုက်နှက်လော့'

အာဏာသားသည် မင်းကြီး၏အမိန့်ကို နာခံလုပ်ဆောင်လေ၏။ ရသေ့၏ အသားသည် အပိုင်းပိုင်းကွဲပြတ်သွား၏။ ထို့နောက် မင်းကြီးသည် ရသေ့အား 'သင့်အယူကား အဘယ်နည်း'ဟု ထပ်မေးပြန်၏။

'အရှင်မင်းကြီး၊ ငါ၏အယူကား ခန္တီ ဖြစ်၏။ ငါ၏ ခန္တီသည် အသားထဲ၌ တည်ရှိ၏ဟု သင်မင်းကြီး ထင်မှတ်၏၊ သင့်အဖို့ ထိုခန္တီကို မြင်ရန်မဖြစ်နိုင်၊ ထိုခန္တီသည် ငါ၏ စိတ်ထဲ၌ရှိ၏'

ထိုအခါမင်းကြီးသည် အာဏာသားအား ရသေ့၏ လက်နှစ်ဖက်ကို ဖြတ်ခိုင်း၏။ လက်များ ဖြတ်ပြီးသော် ရသေ့၏ ခြေထောက်များကို ဖြတ်လေ၏။

ထို့နောက် မင်းကြီးက ရသေ့အား သူ၏အယူကား အဘယ်နည်းဟု တစ်ဖန်မေးပြန်သောအခါ ရသေ့က 'ငါ၏အယူသည် ခန္တီဖြစ်၏၊ ထိုခန္တီသည် ငါ၏ လက်ခြေများထဲ၌ တည်ရှိ၏ဟု သင်မင်းကြီး ထင်မှတ်၏၊ ထိုခန္တီသည် ထိုနေရာ၌ မရှိ၊ ငါ၏ မြင့်မြတ်သည့် နှလုံးသားထဲ၌ တည်ရှိ၏'ဟု ပြန်ပြောလေ၏။

နောက်ဆုံးတွင် မင်းကြီးသည် ရသေ့၏ နှာခေါင်းကို ဖြတ်ခိုင်း၏။ သူ၏ အယူကား အဘယ်နည်းဟု မေးအပ်သော် ရသေ့က ရှေးကအတိုင်း ဖြေကြား၏။ ဤအဆင့်တွင် မင်း၏ အမျက်ဒေါသသည် ကန့်သတ်မှုများကို မသိတော့ချေ။ ထို့ကြောင့် သူသည် ရသေ့အား ရင်၌ဆောင့်ကန်ပြီး 'စဉ်းလဲသောရသေ့၊ သင့်ခန္တီကို သင်ကိုယ်တိုင် ပူဇော်သည်က ပိုကောင်း၏'ဟု အော်ပြောလေ၏။

မင်းကြီး ထွက်သွားသောအခါ သူ၏ စစ်သူကြီးသည် ရသေ့အား ရိုသေစွာ ယုယ ပြီးနောက် ဤသို့တောင်းပန်လေ၏။ 'အရှင်ဘုရား၊ အရှင့်မှာ အမျက်ဒေါသရှိလျှင် ထိုအမျက်သည် မင်းယုတ်အပေါ်၌သာ ကျရောက်ပါစေ၊ ထိုအမျက်ကို ပြည်သူတို့ အပေါ်သို့ မကျရောက်စေရန် အရှင့်အား အနူးအညွတ်ပန်ကြားပါ၏။ သူတော်စင်ရသေ့၏ အမျက်သည် ပြည်သူတို့အပေါ်၌ကျရောက်လျှင် ဤနိုင်ငံ ပျက်စီးသွားပါလိမ့်မည်'

'ငါ၏ လက်၊ ခြေ၊ နှာခေါင်းတို့ကိုဖြတ်ခိုင်းသည့် မင်းကြီးသည် အသက်ရှည်ပါစေ၊ ပညာရှိပုဂ္ဂိုလ်တို့မှာ ဘယ်တော့မှ အမျက်မရှိ (မထွက်)ကြကုန်' ဟု ဖြေကြားသော် ရသေ့သည် သေလွန်သွားလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ကလာဗုမင်းကို ဒေဝဒတ်နှင့်လည်းကောင်း၊ စစ်သူကြီးကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၇။ သစ္စာပါရမီ

### (က) ဝိဓုရ ပဏ္ဍိတ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဗုဒ္ဓအား သူ၏ပညာကြီးမှုအတွက် ချီးကျူးပြောဆိုနေကြသည့် ရဟန်းတို့အား ဤဇာတ်တော်ကို ပြောပြလေ၏။ ဇာတ်ထဲ၌ ဘုရားလောင်းသည် ပညာ(အသိဉာဏ်) ပါရမီကိုသာမက သစ္စ(မှန်ကန်မှု) ပါရမီကိုပါ ဖြည့်ကျင့်ခဲ့၏။

ရှေးအခါတုန်းက ဘုရားလောင်း ဝိဓုရပဏ္ဍိတသည် ဣန္ဒပတ္တပြည့်ရှင် ဓနဉ္စယ ကောရဗျ မင်း၏ အမတ်ကြီးဖြစ်ခဲ့၏။ တစ်နေ့သ၌ ပုဏ္ဏကအမည်ရှိ သူစိမ်းလုလင် တစ်ဦးသည် မင်းကြီးထံလာ၍ ကြွေအန်ကစားဖို့ စိန်ခေါ်လေ၏။ မင်းကြီးက 'သင့်မှာ ဘုရင်နှင့်ထိုက်တန်မည့် လောင်းကြေးဥစ္စာ တစ်စုံတစ်ရာ ပါရှိသလော'ဟု သူ့ကို မေး၏။ လုလင်သည် မင်းကြီးအား မိမိ၏ အံ့ဖွယ်ပတ္တမြားနှင့် မြင်းကို ပြ၏။ မင်းကြီးသည် ပတ္တမြားနှင့် မြင်းကို လွန်စွာ နှစ်သက်အားရသောကြောင့် လုလင်နှင့် ကြွေအန်ကစားရန် သဘောတူလေ၏။ ယခုမင်းကြီးအား သူ၏ လောင်းကြေးဥစ္စာကို ဖော်ပြဖို့တောင်းဆိုရန် လုလင်၏အလှည့် ဖြစ်၏။ မင်းကြီးက 'မိမိ၏ မိဖုရားကြီးနှင့် ထီးနန်းမှအပ တိုင်းပြည်အတွင်းရှိ မည်သူ၊ မည်သည့်ဥစ္စာကိုမဆို လုလင် သိမ်းယူနိုင်၏'ဟု ဆိုလေ၏။ သူတို့ ကစားပွဲကို မစတင်မီမှာပင် ပုဏ္ဏက လုလင်သည် မင်းကြီးကို သူ့အမတ်များ၏ ရှေ့မှောက်၌ သူ့ကတိစကားနှင့်ချည်လိုသဖြင့် ဤသို့ အတည်ပြုပြောဆိုလေ၏။

'အရှင်မင်းကြီး၊ အသင် ကစားပွဲရှုံးခဲ့လျှင် သင်ကိုယ်တိုင် သင့်မိဖုရားကြီးနှင့် သင့်ထီးနန်းမှတစ်ပါး တိုင်းပြည်အတွင်းရှိ မည်သူ မည်သည့်ဥစ္စာမဆို ယူသွားနိုင်သည်ဟု ယခုပင် အသင်ကတိပြုခဲ့၏။ မင်း၏ စကားတို့သည် ဆင်၏ အစွယ်များနှင့်တူ၏။ ဆင်စွယ်တို့သည် ထွက်ပေါ်လာပြီးသော် ဘယ်တော့မှ ဆင့်ဦးခေါင်းထဲသို့ တစ်ဖန် ပြန်ဝင်သွားမည် မဟုတ်။ ထို့အတူပင် သင် မင်းကြီးသည် ဘယ်တော့မှ ဖောက်ဖျက်ရလိမ့်မည် မဟုတ်။

သို့ရာတွင် ကျွန်ုပ်သည် သာမန်လူဖြစ်၏။ သင်ကား မင်း ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ် ကစားပွဲရှုံးလျှင် သင်သည် ကျွန်ုပ်၏ ပတ္တမြားနှင့် မြင်းကို ချက်ချင်း ယူသွားရမည်ဆိုတာ သိပ်သေချာပါ၏။ သို့ရာတွင် အသင် ကစားပွဲရှုံးလျှင် အသင်မင်းကြီးကမူ အချိန်ဆွဲထားမလားလို့ စိုးရိမ်ပါ၏။ ထို့ကြောင့် ကျွန်ုပ် နိုင်သည့်အချိန်မှာ ကျွန်ုပ် အလိုရှိတာကို ကျွန်ုပ်အား ချက်ချင်းပေးမလား ဆိုသည့် အာမခံချက်ကို ကျွန်ုပ်အား ပေးရန် အရှင်မင်းကြီးကို တောင်းပန်ပါ၏'

www.burmeseclassic.com



မင်းကြီးက အာမခံချက်ကို ပေး၏။ သူတို့ ကစားကြသောအခါ မင်းကြီး ရှုံးသွား၏။ ထို့ကြောင့် သဘောတူချက်နှင့်အညီ ပုဏ္ဏကသည် မင်းကြီး၏ အမတ်ကြီး ဝိဓုရပဏ္ဍိတကို ရလိုကြောင်း တောင်းဆိုလေ၏။

'ပုဏ္ဏက၊ မိမိ၊ မိမိ၏ မိဖုရားကြီးနှင့် မိမိ၏ထီးနန်းမှအပ တိုင်းပြည် အတွင်းရှိ မည်သူ၊ မည်သည့်အရာကိုမဆို သင် ယူသွားနိုင်သည်ဟု အမှန်ပင် ငါ ကတိပြုခဲ့၏။ ဝိဓုရသည် ငါ၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်သည်ဆိုတာကို သင် သိသင့်၏။ သင့်မှာ သူ့ကို တောင်းဆိုပိုင်ခွင့်မရှိ၊ ငါပိုင်ဆိုင်သည့်ပုဂ္ဂိုလ်၊ အရာဝတ္ထု အဖြစ်ဖြင့် ဘုညီစွာ သူ့ကိုမပြုမူနိုင် (သဘောမထားနိုင်)၊ သူသည် ငါ၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်သောကြောင့် သူသည် လောင်းကြေးဥစ္စာမဖြစ်၊ ဝိဓုရသည် ငါ၏ အင်္ဂါအစိတ်အပိုင်း တစ်ခုသာ မဟုတ်၊ ငါ၏ ကိုးကွယ်အားထားရာလည်း ဖြစ်၏၊ သူသည် တမလွန်၌ ငါ့အား ပိုကောင်းသည့်ဘဝသို့ ဆောင်ကြဉ်းပေးနိုင်သည့် ငါ၏ ပညာရှိအမတ်ကြီး ဖြစ်၏'

မင်းကြီးနှင့် ပုဏ္ဏကတို့အကြား သဘောထားကွဲလွဲမှုရှိသောကြောင့် သူတို့သည် မိမိတို့၏ အငြင်းပွားမှုကို ဝိဓုရက ဆုံးဖြတ်ရန် သဘောတူကြ၏။ သူတို့မှာ ဝိဓုရ ပဏ္ဍိတကိုတွေ့သောအခါ ပုဏ္ဏကက သူ့အား ဤသို့ စတင်ပြောဆိုလေ၏။

'ပညာရှိ၊ ကုရုမင်း၏အမတ်ကြီးဖြစ်သည့် ဝိဓုရသည် တရားမျှတမှုရှိ၏ဟု နတ်တို့အလယ်၌ အလွန်ထင်ရှား၏၊ သင်သည် မိမိ၏အသက်ကို စွန့်ရလျှင်သော်မှ မုသားစကားကိုပြောမည်မဟုတ်ဟုလည်း ကျော်စောလှ၏။ ဤသင်၏ ကျော်စောမှုသည် တကယ်အခြေခိုင်သည့် ကျော်စောမှုပေလော၊ သို့တည်းမဟုတ် ကျော်စောမှု အတု ဖြစ်လေသလော၊ သင်သည် မင်းကြီး၏ကျွန်တစ်ဦး ဖြစ်သလား၊ မင်းကြီး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်သလား ဆိုတာကို ကျွန်ုပ်အား ပြောပါလော့'

'လုလင်၊ ငါ၏ အဆုံးအဖြတ်သည် မင်းကြီးအား အကျိုးရှိနိုင်သည်ဖြစ်စေ၊ မရှိနိုင်သည်ဖြစ်စေ၊ ငါသည် အမှန်ကို ပြောဆိုမည်ဆိုတာကို စိတ်ချလက်ချနေပါ။ ကျေးကျွန်အမျိုးအစား လေးမျိုးရှိ၏။ ယင်းတို့မှာ ၁။ ကျွန်တို့၏သားသမီးများ၊ ၂။ ငွေဖြင့်ဝယ်ယူထားသည့်ကျွန်များ၊ ၃။ အခြားပုဂ္ဂိုလ်အား အလုပ်အကျွေးပြုနေသည့် ကျွန်များ၊ ၄။ ကျေးကျွန်များအဖြစ်ပြုထားသည့် စစ်သုံ့ပန်းများ။

'ငါသည် မင်းကြီး၏ အမတ်ဖြစ်သောကြောင့် ကျွန် တတိယအမျိုးအစားနှင့် သက်ဆိုင်၏၊ ငါသည် တိုင်းတစ်ပါးမြေပေါ်၌ ရှိနေခဲ့လျှင်သော်မှ မင်းကြီး၏ကျွန်သာ ဖြစ်၏၊ ထို့ကြောင့်မင်းကြီးက ငါ့ကို သူတစ်ပါးအားပေးလျှင် ယင်းအကြောင်းခြင်းရာများကြောင့် ဒါ တရားဝင်သည့် ပေးကမ်းမှုဖြစ်၏'

www.burmeseclassic.com



ဤသို့ အဆုံးအဖြတ်ကိုကြားရသော် မင်းကြီးသည် ပြင်းစွာ အမျက်ထွက်၍ ချက်ချင်းပင် ဤသို့ ပြစ်တင်ပြောဆိုလေ၏။ 'ဝိဓုရ၊ ငါသည် သင့်အား မြားမြောင်လှသည့်ဥစ္စာနှင့် အလွန်မြင့်သည့်ရာထူးကို ပေးခဲ့၏၊ လုံးဝ သူစိမ်းဖြစ်သည့် ဤပုဏ္ဏက လုလင်က သင့်အား ဘာမျှမပေးခဲ့စဖူး၊ သို့ရာတွင် သင်သည် သူ့ဘက်လိုက်ပြီး မိမိ၏ အဆုံးအဖြတ်ကို ပေးခြင်းအားဖြင့် နန်းတွင်းသားတို့၏ ရှေ့မှောက်၌ ငါ့အား အရှက်ရစေရန် သင် အလျှင်စလိုရှိဘိ၏။

'ပုဏ္ဏက၊ ဒီမှာ သင်၏ ကျွန်ကြီးလေ၊ ဘာကြောင့် သူ့ကို ဒီမှာဒီလောက်ကြာကြာ ထိန်းထားနေသလဲ၊ ချက်ချင်းသူ့ကို ယူဆောင်သွားလော့'

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ဝိဓုရ၏ မိဘများကို သုဒ္ဓေါဒနမင်းကြီး၊ မဟာမာယာမိဖုရားကြီးတို့နှင့်လည်းကောင်း၊ မနုဥ္စယမင်းကြီးကို အရှင်အာနန္ဒာနှင့် လည်းကောင်း၊ ပုဏ္ဏကကို အရှင်အင်္ဂုလိမာလနှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ခ) သုဝဏ္ဏသာမ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတစ်ပါးရှိလေရာ သူ့မိဘတို့သည် သူ ရဟန်းဘောင်သို့မဝင်မီက အလွန်ကြွယ်ဝကြ၏။ သူ ရဟန်းဖြစ်ပြီးနောက် နှစ်အတန်ကြာသော် သူ့မိဘတို့သည် ဆင်းရဲမွဲတေသွားကြ၏။ သူတို့သည် မိမိတို့၏သားကို မနှောင့်ယှက်လိုသောကြောင့် သာဝတ္ထိပြည်၏ လမ်းများထဲ၌ တောင်းရမ်းခြင်းဖြင့် တိတ်တဆိတ်နေထိုင်ကြ၏။ သားရဟန်းသည် သူတို့ကိုမြင်သောအခါ အလွန်အမင်း စိတ်တုန်လှုပ်သွား၏။ ထို့ကြောင့် သူသည် မိမိဆွမ်းခံရရှိခဲ့သမျှသော ဆွမ်းအားလုံးကို မိဘတို့အားပေးလိုက်၏။ သူသည် မိမိဆွမ်းခံရရှိသည့်ဆွမ်းကို မိဘများနှင့် ခွဲဝေရာနေရာတစ်ခု၌ နေ့စဉ် မိမိအား လာတွေ့ရန် မိဘတို့အား ပြောကြားခဲ့၏။ ယင်းကိစ္စကို အခြားရဟန်းတို့က တွေ့မြင်သွား၏။ ဗုဒ္ဓသည် ရဟန်းတို့ကို 'လူတို့အား တစ်စုံတစ်ရာပေးကမ်းခြင်းနည်းဖြင့်မဟုတ်ဘဲ ကောင်းသော အမှုအကျင့်အားဖြင့်သာလျှင် သူတို့၏ကြည်ညိုလေးစားမှုတို့ကိုရယူရန်' မိန့်မှာထားခဲ့သောကြောင့် ထိုရဟန်းတို့သည် ယင်းကိစ္စကို ဗုဒ္ဓအား လျှောက်တင်ကြ၏။ ဗုဒ္ဓသည် ထိုရဟန်းကို ချီးကျူးပြောဆို၍ မိမိတို့၏မိဘများအား လုပ်ကျွေးပြုစုကြသည့် ရဟန်းတို့အား ခွင့်ချက်ပေးလေ၏။ ထို့နောက် ဗုဒ္ဓသည် ရဟန်းတို့အား အောက်ပါ ဇာတ်တော်ကို ဟောတော်မူလေ၏။

ဘုရားလောင်း သုဝဏ္ဏသာမသည် ဒုကူလနှင့် ပါရိကာတို့၏ သားဖြစ်ခဲ့၏။ မိဘတို့က သူ့အား ချစ်မြတ်နိုးသည့်အမည်အဖြစ် သာမဟု ခေါ်ကြ၏။ သာမသည် အလွန်တာဝန်ကျေပြွန်သည့် သားဖြစ်၏။ သူသည် ဟိမဝန္တာတောင်ခြေ၌ ရသေ့များ



[illegible]ဖြစ်ဖြင့် နေထိုင်ကြသည့် မျက်မမြင်မိဘတို့ကို လုပ်ကျွေးပြုစု၏။ သူသည် မိမိ၏ [illegible]အများဆုံး ကျင့်ကြံပွားများခဲ့သည့် မေတ္တာဘာဝနာကြောင့် ဝန်းကျင်ဒေသများရှိ [illegible]တောရိုင်းတိရစ္ဆာန်တို့အား မိမိကို ချစ်မြတ်နိုးစေခဲ့၏။

ဗာရာဏသီပြည့်ရှင် ပိဠိယက္ခ မင်းသည် ထိုဒေသ၌ အမဲလိုက်စဉ်တွင် မြစ်[illegible]တစ်ခုမှ ရေသယ်နေသည့် သာမကို တွေ့မြင်လေ၏။ သားသမင်တို့သည် သာမ၏[illegible]နားကို ရေဖြည့်ပေးနေသည် ဟူသော အချက်က သူ့အား အထူးသဖြင့် အံ့သြမိစေခဲ့၏။ [illegible]မင်းကြီးသည် ရှေးက ထိုဒေသသို့ အမဲလိုက်သွားသည့် အကြိမ်များစွာအတွင်းမှာ [illegible]လူသားတစ်ဦးကို ဘယ်တုန်းကမှ မတွေ့မြင်ခဲ့ဖူးသောကြောင့် သာမကို နတ်တစ်ဦးအဖြစ် ထင်မှတ်ခဲ့၏။ သူသည် သာမထံချဉ်းကပ်ပြီး သူ ဘာသတ္တဝါမျိုးလဲဟု မေးမြန်းရန် အလွန့်အလွန် ဆန္ဒပြင်းပြခဲ့၏။ သို့ရာတွင် သူ ချဉ်းကပ်ရောက်သွားခဲ့လျှင် သာမ ပျောက်ကွယ်သွားမှာကို သူ စိုးရိမ်မိခဲ့၏။ ထို့ကြောင့် စိတ်အချရဆုံး နည်းလမ်း[illegible]ကား သာမကို ပစ်ခတ်၍ မလှုပ်နိုင်အောင်လုပ်ပြီး နောက်မှ သူ့ကို ချဉ်းကပ်မေးခွန်းများ မေးခြင်းဖြစ်၏ဟု ယုံကြည်သောကြောင့် သူသည် သာမကို အဆိပ်လူးမြားဖြင့် [illegible]စ်လေ၏။

မင်းကြီးသည် သာမကို တွေ့ရသောအခါ သာမမှာ အဆိပ်လူးမြားဖြင့် အပစ်ခံခဲ့ရသော်မှပင် အမျက်ဒေါသ လုံးဝမရှိဖြစ်နေခြင်းက သူ့အား အံ့သြသွားစေခဲ့၏။ ထို့ကြောင့် သူသည် နောင်တရလာသဖြင့် သာမ၏ မျက်မမြင်မိဘများကို သွားခေါ်ပေးမည်ဟု ကမ်းလှမ်းခဲ့၏။ ဖခင်သည် သား၏ဦးခေါင်းကို မိမိ၏ရင်ခွင်ပေါ် တင်ထား၍ မိခင်က သား၏ ခြေများကို မိမိရင်ခွင်ပေါ် တင်ထားလေ၏။

သူတို့မှာ မိမိတို့၏သား ပြန်နေကောင်းလာရေးအတွက် သစ္စာဆိုခြင်းမှတစ်ပါး အခြား ကိုးကွယ်အားထားရာတစ်ခုမျှ မရှိသောကြောင့် မိခင်က ဤသို့ သစ္စာဆိုခြင်းဖြင့် စတင်လေ၏။

၁။ ငါ့သား သုဝဏ္ဏသာမသည် ဘယ်တုန်းကမှ ကုသလကမ္မပထတရား ၁၀ ပါးကို စောင့်သုံးရန် မပျက်ကွက်ခဲ့ပေ။ (ယင်း ၁၀ ပါးတို့ကား သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ မုသားပြောခြင်း၊ ကုန်းတိုက်ပြောဆိုခြင်း၊ ကြမ်းတမ်းဆဲရေးသည့်စကားများကိုဆိုခြင်း၊ အကျိုးမရှိ သိမ်ဖျင်းသည့် စကားများကိုဆိုခြင်း၊ သူတစ်ပါးတို့ပိုင်ဆိုင်သည့် တစ်စုံတစ်ရာကို မတရား ရလိုမှုများကို ထားရှိခြင်း၊ သူတစ်ပါးတို့အား နှိပ်စက် ဖျက်ဆီးလိုသည့် အကြံဆိုးများကို မွေးမြူခြင်းတည်းဟူသော ဒုစရိုက်မှ ၁၀ ပါးတို့မှ ရှောင်ကြဉ်ခြင်းတို့ပင် ဖြစ်၏။)

www.burmeseclassic.com

www.burmeseclassic.com



ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

၂။ ငါ့သား သုဝဏ္ဏသာမသည် မေထုန်မှုမှ ရှောင်ကြဉ်ခြင်းဟူသော သီလကို စောင့်ထိန်းရန် ဘယ်တုန်းကမှ မပျက်ကွက်ခဲ့ပေ။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

၃။ ငါ့သား သုဝဏ္ဏသာမသည် သစ္စာစကားမှတစ်ပါး အခြား ဘာကိုမျှ မဆိုခြင်းဟူသော သီလကို စောင့်ထိန်းရန် ဘယ်တုန်းကမှ မပျက်ကွက်ခဲ့ပေ။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

၄။ ငါ့သား သုဝဏ္ဏသာမသည် မိဘတို့ကို တာဝန်ကျေစွာလုပ်ကျွေးပြုစုခဲ့၏။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

၅။ ငါ့သား သုဝဏ္ဏသာမသည် မိမိ၏ မိဘများကိုသာမက မိမိ၏ သက်ကြီးဝါကြီး ဆွေမျိုးများကိုပါ ရိုသေစွာ ပြုမူဆက်ဆံခဲ့၏။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

၆။ ငါသည် ငါ့အသက်ကို ချစ်မြတ်နိုးသည်ထက် ပို၍ ငါ့သား သုဝဏ္ဏသာမကို ချစ်မြတ်နိုးခဲ့၏။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

၇။ ငါနှင့် သုဝဏ္ဏသာမ၏ ဖခင်တို့သည် ကောင်းမှုများစွာကို ပြုခဲ့ကြပြီ။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

မိခင်ပြီးနောက် ဖခင်ကလည်း ထပ်တူ သစ္စာဆိုမှုကို ပြုခဲ့၏။ ဖခင်ပြီးသော် ရှေးခုနစ်ဘဝများက သာမ၏မိခင်ဖြစ်ခဲ့ဖူးသော ဂန္ဓမာဒနတောင်စောင့် နတ်သမီးလည်းဖြစ်သော ဗဟုသုန္ဓရီက အောက်ပါ သစ္စာဆိုခြင်းများကို ပြုလေ၏။

၁။ ငါသည် ကာလကြာမြင့်စွာ ဂန္ဓမာဒနတောင်ပေါ်၌ နေလာခဲ့ပြီ၊ ထိုကာလအတွင်း၌ ငါသည် ငါ့သား သုဝဏ္ဏသာမမှတစ်ပါး မည်သူ့ကိုမျှ မချစ်ခဲ့ဖူးပါ။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။



၂။ ဂန္ဓမာဒနတောင်ပေါ်၌ သစ်ပင်အားလုံးသည် မွှေးကြိုင်ကြ၏။ မမွှေးကြိုင်သည့် သစ်ပင်များ မရှိပေ။

ဤမှန်သည့် သစ္စာစကားကြောင့် ငါ့သား သုဝဏ္ဏသာမသည် သူ့ဒဏ်ရာများမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေ။

ဤသစ္စာဆိုခြင်းများ၏အဆုံး၌ သုဝဏ္ဏသာမသည် ဒဏ်ရာ ကင်းပျောက်ပြန်လည် ကျန်းမာသွားလေ၏။

ဤဇာတ်ဝတ္ထုထဲ၌ ဘုရားလောင်းသည် သစ္စာဆိုခြင်းတစ်ခုမျှ မပြုခဲ့ပေ။ သို့ရာတွင် သူသည် မုသားစကားကိုဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မေတ္တာဘာဝနာကို ပွားများခြင်းဖြင့် သစ္စာနှင့် မေတ္တာပါရမီများကို ဖြည့်ကျင့်ခဲ့၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် တရားဇာသိပြည့်ရှင် ပိဋ္ဌိယက္ခမင်းကို အရှင်အာနန္ဒာနှင့်လည်းကောင်း၊ ဗဟုသုန္ဓရီကို ဥပ္ပလဝဏ္ဏာ ထေရီမနှင့်လည်းကောင်း၊ သုဝဏ္ဏသာမ၏ မိဘများကို အရှင်မဟာကဿပ၊ ဘဒ္ဒကာပိလာနီထေရီမတို့နှင့်လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဂ) မစ္ဆ

ကောသလတိုင်း၌ ပြင်းထန်သည့်မိုးခေါင်မှု ဖြစ်ပွားခဲ့၏။ ထိုမိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံများ မအောင်မြင်ခဲ့ကြပေ။ ရေတွင်းများ ရေကန်များသည် ခန်းခြောက်သွားကုန်၏။ ဇေတဝန်ကျောင်းအနီး၌ရှိသော ရေအိုင်လည်း ခန်းခြောက်သွားခဲ့၏။ ယင်း၏အကျိုးဆက်ကြောင့် ထိုအိုင်၌နေကြသည့် ငါးများ၊ လိပ်များသည် ငှက်သတ္တဝါအားလုံး၏ သားကောင်များဖြစ်လာခဲ့၏။ ဗုဒ္ဓသည် မိုးကို ရွာသွန်းစေခဲ့၏။

တစ်နေ့သ၌ ဇေတဝန်ကျောင်း၌နေကြသည့် ရဟန်းတို့သည် ဗုဒ္ဓအား သူ့၏ မဟာကရုဏာတော်အတွက် ချီးကျူးပြောဆိုနေကြ၏။ ဗုဒ္ဓသည် ဤအကြောင်းကို သိရှိသောအခါ မိမိ၏ ရှေးဘဝတချို့လည်း မိုးကိုရွာစေခြင်းဖြင့် ငါးများကို ပျက်စီးခြင်းမှ ကယ်တင်ခဲ့ဖူး၏ဟု မိန့်ဆိုလေ၏။ ရဟန်းများ၏ပန်ကြားချက်အရ ဗုဒ္ဓသည် ဤဇာတ်တော်ကို ဟောကြားလေ၏။

ဘုရားလောင်းသည် တစ်ခါတုန်းက ငါးဖြစ်ခဲ့၏။ သူ့အဖော်တို့သည် အိုင်ငယ်တစ်ခု၌ အတူနေကြ၏။ အလွန်ပြင်းထန်သည့် မိုးခေါင်မှုကြောင့် သူ၏အိုင်သည် ခန်းခြောက်သွားလေ၏။ ကျီးများ၊ ဗျိုင်းများနှင့် အခြား ငှက်များစွာတို့သည် ထိုအိုင်သို့လာ၍ ငါးများကို တွေ့သည့်နေရာတိုင်းမှာ ကောက်စားကြ၏။ ဘုရားလောင်းသည် ထိုအခါကဖြစ်နေသည့် အခြေအနေ၌ မိမိ၏ တစ်ခုတည်းသော အားကိုးရာသည်

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဆိုခြင်းသာဖြစ်မည်ဟု စဉ်းစားမိခဲ့၏။ ထို့ကြောင့် သူသည် အောက်ပါ သစ္စာဆိုခြင်းကို ပြုလေ၏။

'မိမိတို့အမျိုး သတ္တဝါများကို စားသုံးသည့် ငါးတို့၏အမျိုး၌ ငါ မွေးဖွားခဲ့သော်မှပင် ငါသည် ငါ့တစ်သက်တာမှာ အသေးငယ်ဆုံးမှ အပြည့်အဝ ကြီးပြင်းသည့် ငါးအထိ မည်သည့်ငါးကိုမျှ ငါ မစားခဲ့ဖူးချေ။

ဤမှန်သည့်သစ္စာစကားကြောင့် မိုးကြီးသည်းထန်စွာ ရွာသွန်းပါစေ။ ယင်းမိုးကြီး၏အကျိုးဆက်ကြောင့် ငါနှင့် ငါ့ဆွေမျိုးတို့သည် ဘေးအန္တရာယ်များသည့် အခြေအနေမှ လွတ်မြောက်ကြပါစေသား'

သစ္စာဆိုပြီးသည့် အဆုံး၌ မိုးကြီးသည်းထန်စွာ ရွာသွန်းလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ရေအိုင်ထဲရှိ ငါးများကို မိမိ၏ တပည့်သာဝကများနှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ဃ) ကဏှာဒီပါယန

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းအဖြစ်၌ စိတ်ဝင်စားမှု မရှိတော့သည့် ရဟန်းတစ်ပါးနှင့် စပ်လျဉ်း၍ ရဟန်းတို့အား ဤဇာတ်တော်ကို ဟောတော်မူလေ၏။

သစ္စာပါရမီ၌ ပြဆိုခဲ့ပြီးသည့် စာပိုဒ်ထဲတွင် 'သစ္စာပြုသည့် ပုဂ္ဂိုလ်တစ်ဦးသည် မိမိတို့သစ္စာဆိုခြင်း၏ အကြောင်းအရာများအဖြစ် ကောင်းသောကိုယ်မှု၊ ကောင်းသော နှုတ်မှု၊ ကောင်းသောစိတ်မှုများကို ရွေးချယ်ခဲ့ကြောင်း တွေ့ရပေမည်။ ထို့ကြောင့် သဘာဝအားဖြင့်ပင် သစ္စာဆိုဖို့ဖြစ်သည့် အကြောင်းအရာတို့သည် ကောင်းသည့်အရာများ ဖြစ်ရမည်ဆိုတာလိုအပ်သည်ဟု ထင်မှတ်နိုင်၏။ ဤအကြောင်းအရာတို့သည် မှန်သမျှ၊ မမှားယွင်းသမျှ ကာလပတ်လုံး ယင်းအကြောင်းအရာများကို အသုံးပြုနိုင်၏။ အောက်ပါ ဇာတ်ဝတ္ထုထဲ၌ သစ္စာဆိုကြသည့်ပုဂ္ဂိုလ် သုံးဦးစလုံးသည် ကောင်းသည့် အရာများဟု မဆိုနိုင်သည့် အကြောင်းအရာများကို အသုံးပြုကြောင်းစာဖတ်သူတို့ တွေ့မြင်ရပါလိမ့်မည်။

ကောသမ္ဗီပြည် ကောသမ္ဗီကမင်း လက်ထက်၌ ဘုရားလောင်း ဒီပါယနသည် ပုဏ္ဏားတစ်ဦး ဖြစ်ခဲ့၏။ သူသည် မြားမြောင်လှသည့် မိမိ၏ဥစ္စာတို့ကို ပေးဝေလှူပစ်ပြီး ဟိမဝန္တာ၌ ရသေ့အဖြစ်ဖြင့် နှစ်ငါးဆယ်တိုင် နေခဲ့၏။ တစ်နေ့သ၌ သူသည် ဆားချို့တဲ့မှုကြောင့်ဖြစ်သော မိမိ၏ရောဂါကို ကုသရန်အတွက် ဗာရာဏသီပြည်သို့ ရောက်လာ၏။ ဗာရာဏသီပြည်၌ သူ ရသေ့မဖြစ်မီက ကောင်းစွာသိရှိခဲ့သည့် မဏ္ဍဗျခေါ် ပုဂ္ဂိုလ်က သူ့အား ဆွမ်း၊ ဆေး၊ သင်္ကန်းနှင့်နေထိုင်ရာများကို ပေးလှူ၏။ တစ်နေ့သ၌ မဏ္ဍဗျနှင့်



သူ၏ မယားတို့သည် သခ်မ်းကျောင်း၌ ရသေ့နှင့် စကားပြောနေစဉ်မှာ သူတို့၏သား ယညဒတ္တသည် မြွေကိုက်ခံရ၏။ ကလေး၏မိဘတို့က ရသေ့အား ကလေးကိုဆေးကုပေးရန် တောင်းပန်ကြ၏။ ရသေ့က မြွေကိုက်နာကုနည်းကို သူ မသိကြောင်း ပြန်ပြော၏။ ထိုအခါ သူတို့က ရသေ့အား ကလေးအပေါ်၌ မေတ္တာ ပွားများပေးရန်နှင့် သစ္စာပြုပေးရန် ပန်ကြားကြ၏။ ရသေ့သည် အကြံပြုချက်ကို သဘောကျလက်ခံပြီး ဤသို့ ဆုတ်ဖော်ပြောဆိုလေ၏။

'ငါသည် နှစ်ငါးဆယ်ကျော်တိုင် ရသေ့ပြုခဲ့ပြီး ထိုကာလအတွင်း၌ ရသေ့ပြုသည့် နေ့မှစ၍ ခုနစ်ရက်တိုင်သာ ရသေ့၏တာဝန်များကို သဒ္ဓါ၊ ဝီရိယတို့ဖြင့် ပြုလုပ်ခဲ့၏။ ခုနစ်ရက်မြောက်မှ ယခုအထိ နှစ်ငါးဆယ်ကျော်တိုင်အောင် မိမိ၏ တာဝန်များကို စိတ်ကျေတန်းကျေသာ ငါ လုပ်ခဲ့ပါ၏၊ ငါ၏စိတ်သည် ရသေ့ဘဝ၌ မရှိတော့၊ ငါ ရသေ့ဘဝကိုမစွန့်ခြင်းအကြောင်းမှာ ငါ ဤသို့ပြုလျှင် လူတို့က ငါ့ကို ဆန့်ကျင်ပြုလုပ်လာမည့် ကဲ့ရဲ့ခြင်းကို ငါ ကြောက်ရွံ့သောကြောင့် ဖြစ်၏။

'ဤမှန်ကန်သည့်သစ္စာစကားကြောင့် ယညဒတ္တသည် မြွေကိုက်နာမှ ပြန်လည်ကင်းပျောက် ကျန်းမာလာပါစေသား'

ကလေးသည် သက်သာလာသည့် အမူအရာများကို ပြလေ၏။

ရသေ့ပြီးနောက် ဖခင်က သစ္စာစကားကို ဤသို့ဆိုလေ၏။

'ငါသည် ပေးလှူခြင်းကို အနည်းငယ်မျှပင် မနှစ်သက်၊ ငါသည် အလှူတောင်းခံရန် ငါ့ဆီလာကြသည့် လူတွေကို မနှစ်သက်၊ ယခုအထိ ငါပေးလှူခဲ့သည့် အလှူအားလုံးကို သဒ္ဓါတရားကောင်းဖြင့် ပြုခဲ့သည်မဟုတ်၊ ငါတို့၏ အမျိုးအနွယ်၌ လက်ရှိမျိုးဆက်မှ အထက် ခုနစ်ဆက်တိုင်အောင်သော မျိုးဆက်ပါ ဘိုးဘွားတို့သည် ဒါန သီလတို့၏ အကျိုးတရား၌ သက်ဝင်ယုံကြည်မှု ရှိကြသည့် သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများ ဖြစ်ခဲ့ကြလေရာ ငါသည် ယင်းအမျိုးအနွယ် ၌ အယုတ်ညံ့ဆုံးပုဂ္ဂိုလ်ဖြစ်၏'ဟု လူတို့က ပြောကြမှာကို ကြောက်ရွံ့သောကြောင့်သာလျှင် ထိုဒါနမှုတို့ကို ငါ ပြုနေခဲ့ခြင်း ဖြစ်၏။

'ဤမှန်ကန်သည့်သစ္စာစကားကြောင့် ငါ့သား ယညဒတ္တသည် မြွေကိုက်နာမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေသား'

ယညဒတ္တသည် ပို၍ သက်သာသွား၏။

ယခု မိခင်၏အလှည့်ဖြစ်၏။ သို့ရာတွင် သူမက မိမိ၏လင် ရှေ့မှောက်၌ မိမိ သစ္စာမပြုရဲပါဟု ဆို၏။ လင်က သစ္စာစကားမှန်လျှင် ဘာပဲဖြစ်ဖြစ် ဆိုသာဆိုပါဟု ပြောသောအခါ သူမက ဤသို့ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မြွေသည် ငါ့သားကိုကိုက်ခဲ၏၊ ထို့ကြောင့် ဤမြွေကို ငါ အမုန်းဆုံးဖြစ်၏၊ သို့ရာတွင် မြွေအပေါ် ငါ၏ မုန်းတီးမှုသည် ငါ့လင်အပေါ် ငါ၏မုန်းတီးမှုထက် ဘယ်နည်းနှင့်မျှ မပိုပါ၊ ငါတို့၏အမျိုးအနွယ်၌ လက်ရှိ မျိုးဆက်အထက် ခုနစ်ဆက်တိုင်အောင်သောမျိုးဆက်ပါ ဘိုးဘွားတို့သည် သူတစ်ပါးသားမယားနှင့် ဖောက်ပြန်ခြင်းကဲ့သို့သော အမှုတို့ကို စက်ဆုပ်ရွံရှာစိတ်ဖြင့် ကြည့်ကြသော အကျင့်စာရိတ္တမြင့်မားသည့် ပုဂ္ဂိုလ်များဖြစ်ခဲ့ကြလေရာ ငါသည် ယင်းအမျိုး အနွယ်၌ အယုတ်ညံ့ဆုံး မိန်းမဖြစ်၏ဟု လူတို့က ပြောကြမှာကို ကြောက်ရွံ့ သောကြောင့်သာလျှင် ငါသည် အခြားယောကျ်ား တစ်ဦးနှင့် ထွက်မပြေးဘဲ ငါ့လင်နှင့်အတူ ဆက်နေရခြင်းဖြစ်၏။

'ဤမှန်ကန်သည့်သစ္စာစကားကြောင့် ငါ့သား ယညဒတ္တသည် မြွေကိုက်နာမှ ပြန်လည်ပျောက်ကင်း ကျန်းမာလာပါစေသား'

ဤသို့ သစ္စာစကားဆိုပြီးနောက် ထိုပုဂ္ဂိုလ်အားလုံးတို့သည် မိမိတို့ကိုယ်ကို ပြုပြင်ပြောင်းလဲရန် အဓိဋ္ဌာန်ပြုကြလေ၏။ ရသေ့သည် မိမိ၏တာဝန်များကို ကြီးမားသောသဒ္ဓါ၊ ဝီရိယတို့ဖြင့် လုပ်ဆောင်၏။ ဤပြောင်းလဲခြင်း၏ အကျိုးဆက်အနေဖြင့် သူသည် သမာပတ်ရှစ်ပါး (ဈာန်ရှစ်ပါး) လုံးနှင့် အဘိညာဉ် (စိတ်တန်ခိုး) ငါးပါးတို့ကို ရရှိ၏။ သား၏ဖခင်လည်း မိမိ၏အယူမှားတို့ကို စွန့်ပယ်၏။ မိခင်သည် မိမိလင်အပေါ် အမုန်းပွားခြင်းကို ရပ်ဆိုင်းလိုက်၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် မဏ္ဍဗျကို အရှင်အာနန္ဒာနှင့်လည်းကောင်း၊ သူ၏မယားကို ဝိသာခါနှင့်လည်းကောင်း၊ သားကို ရာဟုလာနှင့်လည်းကောင်း၊ ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## ၈။ အဓိဋ္ဌာနပါရမီ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌သီတင်းသုံးနေစဉ် တစ်နေ့သ၌ ရဟန်းတို့သည် ဗုဒ္ဓအား သူ၏ ကြီးမြတ်သည့် တောထွက်ခဲ့မှုအတွက် ချီးကျူးပြောဆိုနေ၏။ ဗုဒ္ဓသည် ဤအကြောင်းများကို သိရှိသောအခါ ဗုဒ္ဓက 'မိမိသည် ရှေးအတိတ်ဘဝများကလည်း အလားတူတောထွက်ခြင်းများကိုပြုခဲ့ဖူးပြီ'ဟု မိန့်ကြားလေ၏။ ရဟန်းတို့၏ ပန်ကြားချက်အရ ဗုဒ္ဓသည် အောက်ပါဇာတ်တော်ကို ဟောကြားလေ၏။ ဤဇာတ်တော်၌ ဘုရားလောင်းသည် နေက္ခမ္မ (တောထွက်ခြင်း) ပါရမီကိုသာမက အဓိဋ္ဌာန (စိတ်ပိုင်းဖြတ်မှု) ပါရမီကိုလည်း ဖြည့်ကျင့်ခဲ့၏။

ပါရမီဆယ်ပါးလုံး၌ အဓိဋ္ဌာနပါရမီသည် ကြီးမားသည့် အခြေခံသဘောရှိ၏။ သာဓကအနည်းငယ်ကို လေ့လာခြင်းဖြင့် ဤအဆိုကို မှန်ကန်ကြောင်း ပြကြပါစို့။



ဘုရားလောင်း ဝေဿန္တရာ (က–ဒါနပါရမီအကြောင်းကိုကြည့်)အဖို့ ဇူဇကာအား မိမိ၏ သားငယ်သမီးငယ်များကို ပေးလှူရန်လွယ်ကူပါ၏။ သို့ရာတွင် မိမိ၏ရှေ့မှောက်၌ ဇူဇကာက သွေးထွက်သည်အထိ အရိုက်ခံရ၍ ငိုကြွေးနေကြသည့် သူ့သားသမီးငယ်တို့က သူ့အား အကူအညီတောင်းခံကြသည့်အခါ မိမိကိုယ်ကို ထိန်းချုပ်ရန်မှာ မလွယ်ကူချေ။ ကံဆိုးလှသည့် သူ့ကလေးငယ်များကိုမြင်ရခြင်းက သူ့အား မခံမရပ်နိုင်ဖြစ်စေသောကြောင့် သခ်မ်းကျောင်းအတွင်းသို့ သူဝင်သွားခဲ့ရသည်။ သူ့အမျက်ကို မထိန်းချုပ်နိုင်သည့်ခဏမှာ ဇူဇကာကိုသတ်ပြီး ကလေးများကို ပြန်ယူလာရန်ပင် သူစဉ်းစားခဲ့၏။ ဘုရားဖြစ်ဖို့အတွက် မိမိအသက်ကိုပင် စွန့်လှူရန် မြဲမြံသည့် စိတ်ဆုံးဖြတ်မှု (အဓိဋ္ဌာန) သာ သူ့မှာ မရှိခဲ့လျှင် သူသည် ဇူဇကာကို သတ်ကောင်း သတ်ခဲ့နိုင်၏။

စူဠသုတသောမမင်းမှာ ထီးနန်းကိုစွန့်လွှတ်ရန် သူ့ဆုံးဖြတ်ချက်ကို အလွန်အားကောင်းသည့် ဆန့်ကျင်ကန့်ကွက်မှုရှိခဲ့၏။ (ခ– နေက္ခမ္မပါရမီအကြောင်းကိုကြည့်) သူ့အခြေအနေ၌ရှိသည့် တခြားပုဂ္ဂိုလ်များဆိုလျှင် ထီးနန်းကို စွန့်လွှတ်နိုင်ခဲ့မည်မဟုတ်။ သူသည် မိမိ၏မြဲမြံသည့် စိတ်ဆုံးဖြတ်မှု (အဓိဋ္ဌာန)ကြောင့်သာ ထီးနန်း စွန့်နိုင်ခဲ့၏။

ခန္တီဝါဒီရသေ့ (ဂ–ခန္တီပါရမီအကြောင်းကိုကြည့်)သည် မိမိ၏ မြဲမြံသည့် စိတ်ဆုံးဖြတ်မှု (အဓိဋ္ဌာန)ကြောင့် အသက်ကုန်သည်အထိ ခန္တီပါရမီကို ဖြည့်ကျင့်ရာ၌ အောင်မြင်ခဲ့၏။

ယခု ဤမြဲမြံသော စိတ်ဆုံးဖြတ်မှုနှင့် ပတ်သက်သည့် နောက်သာဓကတစ်ခု ရှိလာပြန်၏။

ဘုရားလောင်းသည် ရှေးတုန်းက ကာသိမင်း၏ တစ်ဦးတည်းသောသား တေမိယမင်းသား ဖြစ်ခဲ့၏။ တစ်နေ့သ၌ သူသည် တရားစီရင်ရာ ရုံးတစ်ရုံး၌ ရှိနေစဉ်မှာ သူ့ဖခင်သည် ၁။ ပထမခိုးသူအား ဆူးပါသည့်ကြိမ်ဖြင့် အကြိမ်တစ်ထောင် ပြင်းစွာ ရိုက်နှက်ရန်၊ ၂။ ဒုတိယခိုးသူအား သံခြေကျင်းခတ်ပြီး သံလှောင်အိမ်၌ ထားရန်၊ ၃။ တတိယခိုးသူအား သူ၏ကိုယ်အင်္ဂါနေရာများစွာ၌ ထက်စွာသောလှံဖြင့် ထိုးဆွရန်၊ ၄။ စတုတ္ထခိုးသူအား သံတံကျင်ဖြင့် ထိုးဖောက်ရန်ဟူ၍ သူခိုးလေးဦးအပေါ် စီရင်ချက်များ ချမှတ်ခဲ့လေ၏။ စီရင်ချက်များကိုကြားရသော် ဘုရားလောင်းသည် အလွန်ပြင်းထန်စွာ အံ့သြသွားခဲ့မိ၏။ သူသည် ထိုကဲ့သို့သော ဘုရင့်တာဝန်များကို မိမိအား ဘုရင်အနေဖြင့် လုပ်ဆောင်နိုင်းလိမ့်မည်ဟု သိမြင်လေ၏။ ပြည်သူတို့၏ ကောင်းကျိုးအတွက် တရားဥပဒေနှင့်စည်းကမ်းကို ထိန်းသိမ်းရန် ကောင်းသော ယုံကြည်ချက်ဖြင့် ထိုကဲ့သို့သော ဘုရင့်တာဝန်များကို လုပ်ဆောင်ရသော်မှပင် အပြစ်ထိုက်သူဟူသမျှအား

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းချခြင်း၊ ရက်စက်စွာပြုမူခြင်း၊ ပြင်းစွာရိုက်နှက်ခြင်း၊ သေဒဏ်ပေးခြင်း ဟူသော အပြစ်ဒဏ်များ ပေးရခြင်းသည် အပြစ်ရှိသည်သာတည်း။

ထို့ကြောင့် ဘုရင်ဖြစ်မှု၌ စက်ဆုပ်မှုကို မပယ်ဖျောက်နိုင်သောကြောင့် သူသည် ဆွံ့အ၊ နားပင်းဟန်၊ လှုပ်ရှားနိုင်စွမ်း မရှိဟန်ဆောင်ရန် အဓိဋ္ဌာန်ပြုလေ၏။

ဖခင်မင်းကြီးသည် မိမိ အမတ်ကြီးများ၏ အကြံပေးချက်အရ မိမိ၏သားကို စကားပြောအောင်၊ လှုပ်ရှားအောင် ပြုလုပ်ရန်အလို့ငှာ သူ့အား စမ်းသပ်ခြင်းများစွာကို ပြုလုပ်လေ၏။

ပထမဆုံးစမ်းသပ်ခြင်းကား သူ့အား အစားအစာများမပေးဘဲ ထားခြင်းဖြစ်၏။ မင်းသားသည် မိမိ၏ မြဲမြံသော စိတ်ဆုံးဖြတ်မှုကို စွန့်လွှတ်ခြင်းထက် အစာငတ်၍ သေရန် ပြင်ဆင်ထားသည်ဟု မင်းကြီးနှင့် သူ၏ အမတ်များတွေ့ရှိသောအခါ ပထမ စမ်းသပ်မှုဖြင့် အကျိုးမရှိ၍ အလျှော့ (အရှုံး) ပေးလိုက်ကြလေ၏။

ထို့နောက် သူတို့သည် မင်းသားနေသည့်အိမ်ကို မီးရှို့ရာတွင် မင်းသားသည် ကြောက်လန့်၍ အကူအညီ အော်ခေါ်ပြီး အိမ်မှထွက်လိမ့်မည်ဟု ယုံကြည်ခဲ့ကြ၏။ မင်းသား၏ အဖော်တို့သည် ထွက်ပြေးကြ၏။ သို့ရာတွင် မင်းသားသည် ဆွံ့အစွာဖြင့် မလှုပ်မယှက်နေရန် မိမိဆုံးဖြတ်ချက်ကို စောင့်ထိန်းလေ၏။

သူတို့သည် လှေကျင့်ထားသည့်ဆင်၊ အစွယ်များမပါသည့် မြွေများနှင့် သံလျက်စွဲထားသည့် ကြောက်မက်ဖွယ်လူများကိုလည်း အသုံးပြုခဲ့ကြ၏။

သူတို့သည် ကျော်ကြားသည့် ကချေသည်များ၊ အဆိုကျော်များ၊ တီးမှုတ်သူများနှင့် ကျွမ်းသမားများကိုလည်း မင်းသားထံ ခေါ်ဆောင်လာခဲ့ကြ၏။ သူတို့သည် ကြောက်မက်ဖွယ် ဆူညံသံများကိုလည်း ပြုခဲ့၏။

သူတို့သည် မင်းသား၏ ကိုယ်ကို အချိုရည်များဖြင့် သုတ်လိမ်းပြီး သူ့ကို ယင်ကောင်များ၊ ပိုးမွှားကောင်များ ကိုက်ခဲအောင် စွန့်ထားခဲ့၏။

သူတို့သည် သူ့ကို သူ့အိပ်ရာပေါ်၌ လုပ်ကျွေးပြုစုမည့် အထိန်းတစ်ဦးမျှမရှိဘဲ ပစ်ထားခဲ့ကြ၏။ ထို့ကြောင့် မင်းသားသည် ရက်များစွာတိုင် မိမိ၏အညစ်အကြေးထဲ၌ လူးလိမ့်နေခဲ့ရ၏။

သူတို့သည် မင်းသား၏အိပ်ရာ ခုတင်အောက်၌ မီးမယ်ဖြူအိုးများကို ချထားကြ၏။ ဤစမ်းသပ်မှု၏အကျိုးဆက်ကြောင့် မင်းသားငယ်မှာ တစ်ကိုယ်လုံး အဖု အပိန့်နာများ ရရှိခဲ့၏။ ထို့ကြောင့် သူတို့သည် မီးမယ်ဖြူအိုးများကို ဖယ်ရှားပစ်ခဲ့ကြ၏။ သူတို့သည် မင်းသားထံချဉ်းကပ်၍ သင်သည် ဆွံ့အ၊ နားပင်း၊ မလှုပ်ရှားနိုင်ဟန် ဆောင်ခြင်းဖြင့် မိမိကိုယ်နှင့် မိမိ၏ မိဘများအား တခြားမင်းများ၏ မျက်စိအမြင်၌ အရှက်တကွဲ ဖြစ်စေသည်ဟု ဆိုခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် သူ့အား စကားပြောရန် လှုပ်ရှားသွားလာရန် ငိုယိုပြီး တောင်းပန်ကြ၏။



သူတို့သည် နိုင်ငံအတွင်းရှိ အချောအလှဆုံး လုံမပျိုများနှင့်အတူ လှောင်ပိတ်ထားကြ၏။

စမ်းသပ်မှုတွေအားလုံး မအောင်မြင်သည့်အခါ မင်းကြီးသည် မိမိ၏မိုက်မဲသည့် အတော်များကို ဆင့်ခေါ်လိုက်ရာ သူတို့က မင်းကြီးအား မင်္ဂလာမရှိသည့် သားမိုက်ကို ချောက်ဖျက်ပစ်ရန် အကြံပေးကြ၏။ သူတို့က မင်္ဂလာမရှိသည့် မင်းသားကြောင့် မင်း မိဖုရားတို့အား အသက်အန္တရာယ်ရှိလာနိုင်၏။ တိုင်းပြည်၌ ပုန်ကန်ထကြွမှုများလည်း ဖြစ်လာနိုင်၏ ဟူ၍လည်း ရှင်းပြကြ၏။ မင်းကြီးသည် မင်းသားကို ချက်ချင်းသတ်ပစ်ရန် သဘောတူလေ၏။ သို့ရာတွင် မိဖုရား၏ပန်ကြားချက်အရ သူသည် သားတော်ကို ခုနစ်ရက်တိုင် မင်းမြှောက်ပေးခဲ့၏။ စကားပြောခြင်း၊ လှုပ်ရှားခြင်း အရိပ်လက္ခဏာ တစ်ခုမျှဖြစ်မလာသောအခါ မင်းကြီးသည် မင်းသားအား မြို့ပြင်ရှိ သုသာန်တစ်ခု၌ အသတ်ခိုင်းလိုက်၏။ ရထားမှူးသည် မင်းသားအတွက် တွင်းကိုတူးနေစဉ် မင်းသားသည် ရထားမှဆင်း၍ ရထားမှူးအား စကားပြောလေ၏။ အံ့သြ ထိတ်လန့်သွားသော ရထားမှူးက သူ့အားနန်းတော်သို့ပြန်ကြွပါရန် တောင်းပန်၏။ မင်းသားက သူသည် မင်း မဖြစ်လိုသောကြောင့် ဆွံ့အ၊ နားပင်း၊ လှုပ်ရှားနိုင်စွမ်း မရှိဟန် ဆောင်နေခြင်းဖြစ်၏ဟု ပြန်ပြောလေ၏။ သူသည် ရထားမှူးကိုပြန်ပို့လွှတ်ပြီး ရသေ့ပြုလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ရထားမှူးကို အရှင်သာရိပုတ္တရာနှင့်လည်းကောင်း၊ သာမိယကုမာရ၏ မိဘများကို သုဒ္ဓေါဒနမင်းကြီး၊ မဟာမာယာ မိဖုရားကြီးနှင့် လည်းကောင်း ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## ၉။ မေတ္တာပါရမီ

### (က) ကောရာဇ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ကောသလမင်းကြီး၏ သစ္စာဖောက် အမတ်နှင့် စပ်လျဉ်း၍ ရဟန်းတို့အား ဤဇာတ်တော်ကို ပြောပြလေ၏။

ကောရာဇသည် ဗာရာဏသီပြည်၏ မင်းဖြစ်၏။ သူသည် ဘုရားလောင်းဖြစ်၏။ သူ့မှာ မိမိ၏မိဖုရားငယ်တစ်ဦးနှင့် တိတ်တဆိတ် မေထုန်ကျူးလွန်သော သစ္စာဖောက် အမတ်တစ်ဦးရှိ၏။ အခြားအမတ်တို့က ထိုအကြောင်းကို သတင်းပို့လာသောအခါ မင်းကြီးက သင့်လျော်သည့် စုံစမ်းစစ်ဆေးခြင်းကို ပြုစေခဲ့၏။ အပြစ်ရှိကြောင်း တွေ့ရသည့်အခါ ထိုအမတ်ကို သေဒဏ်အပြစ်ပေးထိုက်သော်လည်း တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။

ထိုအမတ်သည် ကောသလတိုင်း၌ ဒဗ္ဗသေနမင်းထံ ခစားရန်သွားပြီး သူ့အား ကောရာဇမင်းအပေါ် စစ်ထိုးရန် တိုက်တွန်းလှုံ့ဆော်လေ၏။ ဗာရာဏသီပြည်၏

www.burmeseclassic.com

www.burmeseclassic.com



ကေရာဇမင်းသည် သွေးထွက်သံယိုမှုကို စက်ဆုပ်၍ မိမိ၏လူတို့အား ခုခံခြင်းမှ တားမြစ်သောကြောင့် ကောသလတိုင်း၏ ဘုရင် ဒဗ္ဗသေနသည် ဗာရာဏသီပြည်ကို အလွယ်တကူပင် သိမ်းယူနိုင်ခဲ့၏။

ကေရာဇမင်းကို မြောက်တံခါး၌ ကြိုးတစ်ချောင်းဖြင့် ချည်နှောင်၍ ဇောက်ထိုးဆွဲထား၏။ ဤအခြေအနေမှာရှိသည့် ကေရာဇမင်းသည် မေတ္တာဘာဝနာဖြင့် တတိယဈာန်ကို ရရှိသည့်တိုင်အောင် ဒဗ္ဗသေနမင်းအပေါ်၌ မိမိ၏စိတ်ကို ရှုးစိုက်ရလေ၏။ ထိုအခါ ဒဗ္ဗသေနမင်းသည် သူတော်ကောင်းကြီးအား မိမိပြုခဲ့သည့် မကောင်းမှုတို့၏ တန်ပြန်အကျိုးဆက်ကြောင့် တစ်ကိုယ်လုံးမှာ ပူလောင်ခြင်းကို ခံစားရလေ၏။ သူသည် မိမိ၏ အမတ်များကို တိုင်ပင်သည့်အခါ သူတို့က မင်းကြီးသည် သူတော်ကောင်းကြီးကို ပစ်မှားခဲ့သည့်အတွက် အပြစ်ဒဏ်အနေဖြင့် ပူလောင်ခြင်းကို ခံစားရရှိခြင်းဖြစ်၏ဟု ပြန်ကြားကြ၏။ ဒဗ္ဗသေနသည် နောင်တရပြီး ကေရာဇမင်းအား မိမိကို ခွင့်လွှတ်ပါရန် ပန်ကြားလေ၏။ ဒဗ္ဗသေနသည် ကေရာဇမင်းကို တွေ့မြင်သောအခါ ကေရာဇမင်းသည် သူ့မှာ ဘာမှမဖြစ်သကဲ့သို့ လုံးဝ ကြည်လင်အေးငြိမ်းနေပုံပေါ်နေ၏ ဟူသော အချက်ကြောင့် အလွန့်အလွန် ဘဝင်ခိုက်သွားလေ၏။ ထို့ကြောင့် သူက သူတော်စင်မင်းကြီးအား ဤသို့မေး၏။

'အရှင်မင်းကြီး၊ အသင်သည် ထိုကဲ့သို့ အကူအညီကင်းမဲ့သည့် အခြေအနေမှာ မည်ကဲ့သို့ ကြည်လင်အေးငြိမ်းစွာ နေနိုင်ပါသနည်း'

'ဒဗ္ဗသေနမင်း၊ ကိလေသာအားလုံးကို ငါ၏စိတ်မှ လုံးဝ ဖြတ်တောက်ပစ်နိုင်သော ဈာန်တို့အားဖြင့် ငါသည် အေးငြိမ်းစွာ နေနိုင်ခြင်းဖြစ်၏'

ဒဗ္ဗသေနမင်းသည် တိုင်းပြည်ကို ကေရာဇမင်းအား ပြန်အပ်၍ မင်းမြတ်အား ရှိခိုးပူဇော်ပြီး မိမိ၏တိုင်းပြည်သို့ ပြန်သွားလေ၏။

ထို့နောက် မကြာမီပင် ကေရာဇမင်းသည် ထီးနန်းကိုစွန့်၍ မိမိ၏အမတ်တို့အား တိုင်းပြည်ကို တရားနှင့်အညီအုပ်ချုပ်စေပြီး ရသေ့ပြုသွားလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် ဒဗ္ဗသေနမင်းကို အရှင်အာနန္ဒာနှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ခ) ဆရာသုနေတ္တ

ဗုဒ္ဓသည် ဝေသာလီပြည်အနီးရှိ သရက်ဥယျာဉ်၌ သီတင်းသုံးနေစဉ် သုနေတ္တအကြောင်း ပြဆိုထားရာ သတ္တသုရိယသုတ်'ဟုခေါ်သော တရားတော်ကို ဟောကြားခဲ့၏။

ဘုရားလောင်းသည် ရှေးတုန်းက ဘာသာရေးခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့၏။ သူ့အမည်ကား သုနေတ္တဖြစ်၏။ သူ့မှာ တပည့်များစွာရှိ၏။ သူသည် ပထမဈာန်ကို ရရှိရန် ...



...ဒ္ဒာ စိတ်၏တည်ကြည်မှု သမာဓိ ကျင့်ကြံအားထုတ်နည်းကို သူတို့အား သင်ပြပေး၏။ သူ၏တပည့်များစွာတို့သည် ထိုဈာန်ကိုရရှိနိုင်၍ စုတေသော် ဗြဟ္မာ့ဘုံတို့အနက် အောက်ဆုံးဖြစ်သည့် ပထမဈာန် ဗြဟ္မာ့ဘုံ၌ ဖြစ်ကြလေ၏။ ဈာန်မှလျှော့ကျသောပုဂ္ဂိုလ်တို့သည် စုတေသော် နတ်ဘုံခြောက်ဘုံတွင် တစ်ဘုံဘုံ၌ ဖြစ်ကြလေ၏။

သုနေတ္တသည် ခုနစ်နှစ်တိုင် မေတ္တာဘာဝနာကို ပွားများအားထုတ်ခဲ့၏။ သူသည် ဤကမ္မဋ္ဌာန်းအားထုတ်မှု၏ အထွတ်အထိပ်သို့ရောက်သွားခဲ့၍ ဤအောင်မြင်မှု၏ အကျိုးအားဖြင့် သုနေတ္တသည် ဗြဟ္မာ့ဘုံတို့၌ ကြိမ်ဖန်များစွာ ဖြစ်ရ၏။

## (ဂ) မဟာဂေါဝိန္ဒ

ရှေးတုန်းက ဘုရားလောင်းသည် ဒိသမ္ပတိ မင်း၏ပညာရှိအမတ်ကြီး မဟာဂေါဝိန္ဒ ဖြစ်ခဲ့၏။ မင်းကြီးသေလွန်သော် သူ့သား ရေဏုက ထီးနန်းဆက်ခံ၏။ မဟာဂေါဝိန္ဒ၏အကြံပေးချက်အရ တိုင်းပြည်ကိုခုနစ်ပိုင်းခွဲစိတ်ပြီး ရေဏုနှင့် ဒိသမ္ပတိမင်း၏ အခြား သားခြောက်ဦးတို့အား မျှမျှတတ ခွဲဝေပေးခဲ့၏။

မဟာဂေါဝိန္ဒသည် ဖြောင့်မတ်ခြင်းနှင့်ဉာဏ်ပညာရှိသောကြောင့် သူ့ကို မင်းများ အမတ်များနှင့် အခြားနန်းတွင်းသားများကသာမက ပြည်သူတို့ကပါ အလွန့်အလွန် ချစ်ခင်လေးစားကြ၏။ ထို့ကြောင့် သူသည် ဗြဟ္မာနှင့်တွေ့ဆုံ၍ အချို့သော အကြောင်းအရာကို ဆွေးနွေးနိုင်စွမ်းရှိရမည်ဟု ထိုသူများစွာတို့က ယူဆလာကြ၏။ ထိုယူဆချက်သည် ပြန့်နှံ့သွားသောအခါ လူတို့က ယင်းကို တကယ့်အမှန်အဖြစ် လက်ခံလာကြ၏။ လူတို့၏ ဤလွန်ကဲသည့် ထင်မှတ်ချက်သည် မဟာဂေါဝိန္ဒအား လွန်စွာ ကျေမနပ်ဖြစ်စေပြီး ဗြဟ္မာမင်းတစ်ဦးနှင့်တွေ့ဖို့ နည်းလမ်းများကို ရှာကြံစေခဲ့၏။ နောက်ဆုံး၌ သူသည် ပညာရှိပုဂ္ဂိုလ်တို့ပြုခဲ့သည့် အဆိုအမိန့် တချို့ကို ပြန်သတိရနိုင်ခဲ့၏။ ဤအဆိုအမိန့်အရ လူတစ်ဦးသည် တောထွက်ပြီး မိုးလေးလတိုင် ကရုဏာ (သနားမှု) ဘာဝနာကို ပွားများအားထုတ်မည်ဆိုလျှင် ဗြဟ္မာမင်းကို တကယ်ပင်တွေ့နိုင်၏။ ထို့ကြောင့် သူသည် တောထွက်၍ မိုးလေးလတိုင် ကရုဏာ ဘာဝနာကို ပွားများအားထုတ်လေ၏။ သူသည် လေးလတာကုန်ဆုံးချိန်၌ ဗြဟ္မာတစ်ဦးကိုမျှ မတွေ့ရသည့်အခါ စိတ်ပျက်သွား၏။ တစ်နေ့သ၌ သူသည် စိတ်ပျက်လျက် ရှိနေသောအခါ သနင်္ကုမာရ မည်သော ဗြဟ္မာမင်းသည် သူ့ရှေ့မှောက်၌ ရုတ်တရက် ပေါ်လာခဲ့၏။

'သင် ဘယ်သူလဲ'

'ဗြဟ္မာ့ဘုံများ၌ ဗြဟ္မာတို့က ငါ့ကို သနင်္ကုမာရဟု သိကြ၏။ ငါ့ကို သနင်္ကုမာရအဖြစ်ဖြင့် မှတ်ထားနိုင်၏'

'သင့်ကို ကြိုဆိုပါ၏'

www.burmeseclassic.com

www.burmeseclassic.com



'ဂေါဝိန္ဒ၊ ဤပစ္စုပ္ပန်လောက၌ရှိသည့် ပြဿနာများ၊ တမလွန်လောက၌ရှိသည့် ပြဿနာများနှင့်သက်ဆိုင်သည့် မေးခွန်းများကို ငါ့အား သင်မေးမြန်းနိုင်၏'

'သေလွန်သည့်အခါ ဗြဟ္မာ့ဘုံ၌ ဖြစ်ရန်အလို့ငှာ လူတစ်ဦးသည် ဘာကိုလုပ်ရမည်နည်း'

'သူသည် မိမိ၏ဥစ္စာ၊ မိသားစုကိုစွန့်ပယ်၍ ရသေ့ရဟန်းပြုရမည်၊ သူသည် မေထုန်မှီဝဲခြင်းမှ ရှောင်ကြဉ်ရမည်၊ ထို့နောက် သူသည် ကရုဏာဘာဝနာကို ပွားများ အားထုတ်ရမည်။ သို့အဖို့ စက်ဆုပ်ဖွယ်အနံ့မှ ကင်းရှင်းရန် လိုအပ်၏'

'အရှင်သည် စက်ဆုပ်ဖွယ်အနံ့ ဟူသော စကားဖြင့် ဘာကို ဆိုလိုပါသနည်း။ ကျွန်ုပ် ထိုစကားကို နားမလည်ပါ'

'ဂေါဝိန္ဒ၊ အမျက်ထွက်ခြင်း၊ လိမ်ပြောခြင်း၊ လှည့်ပတ်ခြင်း၊ မိတ်ဆွေတို့ကို သစ္စာဖောက်ခြင်း၊ နှမြောခြင်း၊ မာနထောင်လွှားခြင်း၊ မနာလိုခြင်း၊ လိုချင်ခြင်း၊ လောဘ၊ သူတစ်ပါးတို့ကို ညှဉ်းဆဲလိုခြင်း၊ သူတစ်ပါးတို့ကို မထိမဲ့မြင်ပြုလိုခြင်း၊ ကာမဂုဏ်တို့ကိုတပ်မက်ခြင်း၊ သစ္စာတရားကိုမသိခြင်းတို့သည် စက်ဆုပ်ဖွယ်အနံ့၌ ပါဝင်ကြ၏။ စက်ဆုပ်ဖွယ်အနံ့ရှိသည့်ပုဂ္ဂိုလ်အဖို့ ဗြဟ္မာ့ဘုံသို့ သွားရောက်ရာလမ်းမှာ ပိတ်နေ၏။ ထိုကဲ့သို့သောပုဂ္ဂိုလ်သည် သေလွန်သော် အပါယ်လေးပါး တစ်ပါးပါး၌ ကျရောက်ဖြစ်ရလိမ့်မည်။

'ဗြဟ္မာမင်းကြီး၊ လောကီလူသားအဖို့ မိမိကိုယ်ကို ထိုကဲ့သို့သော စက်ဆုပ်ဖွယ်အနံ့မှ ကင်းအောင် ထိန်းသိမ်းရန် လွယ်ကူမည် မဟုတ်။ ထို့ကြောင့် ကျွန်ုပ်သည် ရဟန်းပြုရန် ဆုံးဖြတ်ပြီးပါပြီ'

'သင် အလိုရှိက ယင်းသို့ သင်ပြုနိုင်ပါ၏'

ထို့နောက် မဟာဂေါဝိန္ဒသည် မိမိ၏ဆုံးဖြတ်ချက်အကြောင်းကို ခုနစ်ပြည်ထောင်မင်းများ၊ မင်းအသီးသီး၏ ဘဏ္ဍာစိုးနှင့် မိမိ၏ တပည့်ခုနစ်ရာတို့အား အကြောင်းကြားလေ၏။ ထိုသူအားလုံးတို့က သူ့အား ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ကြ၏။ သို့ရာတွင် သူတို့သည် သူ၏ဆုံးဖြတ်ချက်ကိုစွန့်လွှတ်ရန် သူ့ကို မဆွဲဆောင်နိုင်သည့်အခါ သူတို့လည်း ရဟန်းများပြုပြီး သူ့နောက်လိုက်ရန် ဆုံးဖြတ်ကြလေ၏။ မဟာဂေါဝိန္ဒသည် နောက်ဆုံး၌ မိမိ၏မယား ၄၀ တို့ကိုတွေ့ရ၏။ သူသည် မိမိဆုံးဖြတ်ချက်ကို သူမတို့အားပြောကြား၍ မိမိအားပြုရမည့်တာဝန်များနှင့် အနှောင်အဖွဲ့များအားလုံးမှ ကင်းလွတ်ခွင့်ပြုလေ၏။ သူမတို့သည် မိမိတို့နှစ်သက်သူ မည်သူ့မဆို လက်ထပ်ယူနိုင်ကြောင်း သူမတို့အား ပြောကြားရန် သူ မမေ့ခဲ့ပေ။ သူမတို့သည် အခြားသူများကဲ့သို့ပင် ရဟန်းပြုရန် သူ့ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကန့်ကွက်၍သူ့ဆုံးဖြတ်ချက်ကို စွန့်လွှတ်ရန် သူ့ကို မဆွဲဆောင်နိုင်သည့်အခါ သူ့နောက်လိုက်ကာ ရဟန်းပြုရန် ဆုံးဖြတ်ကြလေ၏။



မဟာဂေါဝိန္ဒသည် ရဟန်းပြုသွားသောအခါ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအပြင် အခြားပုဂ္ဂိုလ်များစွာတို့လည်း သူ့နောက်လိုက်ကာ ရဟန်းပြုကြလေ၏။

မဟာဂေါဝိန္ဒသည် ၁။ တစ်ကမ္ဘာလုံးချစ်ခင်ခြင်း=မေတ္တာဘာဝနာ၊ ၂။ ဒုက္ခရောက်နေသူတို့အား သနားခြင်း=ကရုဏာဘာဝနာ၊ ၃။ ကြွယ်ဝသည့်အခြေအနေတို့၌ရှိကြသူများအား အကျိုးလိုလားခြင်း=မုဒိတာဘာဝနာ၊ ၄။ မလိုမုန်းထားခြင်းနှင့် နှီးရိမ်ကြောင့်ကြစိုက်ခြင်းမရှိသော စိတ်အခြေအနေ၊ စိတ်၏ငြိမ်သက်မှု=ဥပေက္ခာဘာဝနာတို့ကို ပွားများအားထုတ်၏။ သူသည် မိမိ၏တပည့်များကိုလည်း အလားတူပြုလုပ်ရန် သင်ကြားပေးခဲ့၏။

ဤလေးမျိုးတို့သည် ဗြဟ္မဝိဟာရ ဘာဝနာ၌ ပါဝင်ကြ၏။ (ပိုပြည့်စုံသည့် ရှင်းလင်းချက်များအတွက် သမာဓိဆိုင်ရာ အခန်းကို ကြည့်ပါ။)

## ၁၀။ ဥပေက္ခာပါရမီ

### (က) ကဿပ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရန်ဖြစ်ကြသည့် ကောသလမင်းကြီး၏ အမတ်နှစ်ဦးနှင့် စပ်လျဉ်း၍ ဤဇာတ်တော်ကို ပြောပြလေ၏။

ရှေးတုန်းက ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌မွေးဖွားခဲ့၏။ သူသည် ကြီးပြင်းလာသောအခါ တောထွက်၍ ဟိမဝန္တာအရပ်၌ ဂင်္ဂါမြစ်ကမ်းပေါ်တွင် ရသေ့ပြုလေ၏။ သူသည် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်၍ သမာပတ်ရှစ်ပါး (ဈာန်ရှစ်ပါး)နှင့် အဘိညာဉ် (စိတ်တန်ခိုးငါးပါး)တို့ကို ရရှိလေ၏။ ဈာန်အားလုံးတို့တွင် သူသည် မိမိအား ဥပေက္ခာတရား ရရှိစေနိုင်သည့် ဈာန်များကို အထူးသဖြင့် နှစ်သက်၏။ သူသည် သင်္ခမ်းကျောင်း၏တံခါး၌ထိုင်လျက် ဈာန်တစ်ပါးပါးနှင့် ဝင်စားနေသည့်အခါတိုင်းမှာ မျောက်တစ်ကောင်သည် သူ့ထံလာပြီး ရသေ့၏ နားပေါက်ထဲသို့ သူ့အင်္ဂါဇာတ်ကိုသွင်းကာ မေထုန်မှီဝဲသကဲ့သို့သော လှုပ်ရှားမှုများကို ပြုလုပ်၏။ ရသေ့သည် ထိုမျောက်ကို မောင်းထုတ်ခြင်းမပြုဘဲ သူ့ကို လုံးဝ လျစ်လျူရှုလေ၏။

တစ်နေ့သ၌ ထိုမျောက်သည် ပါးစပ်ဖွင့်လျက် နေပူဆာလှုံနေသော လိပ်တစ်ကောင်ကို တွေ့မြင်၏။ သူသည် မိမိ၏ အင်္ဂါဇာတ်ကို မည်သည့်အပေါက်ထဲသို့မဆို သွင်းနိုင်၏ဟု ယုံကြည်သောကြောင့် လိပ်၏ပါးစပ်ထဲသို့ ထိုးသွင်း၏။ ကိုက်လိုက်ခြင်းသည် မခံမရပ်နိုင်ဖြစ်သောကြောင့် မျောက်သည် လိပ်ကို ချီမယူ၍ အကူအညီအတွက် ရသေ့ထံသွား၏။ ရသေ့က တရားဟောသောကြောင့် လိပ်သည် မျောက်ကိုလွှတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် မျောက်နှင့်လိပ်တို့ကို ရန်ဖြစ်သည့် အမတ်နှစ်ဦးနှင့် ထပ်တူဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## (ခ) လောမဟံသ

ရှေးတုန်းက ဘုရားလောင်းသည် အလွန်ကြွယ်ဝသူ ဖြစ်ခဲ့၏။ တစ်နေ့သ၌ သူသည် တောထွက်သွား၏။ သို့ရာတွင် သူသည် အခြားပုဂ္ဂိုလ်များစွာတို့နှင့် မတူဘဲ ရသေ့ပြုရန် တောတောင်များသို့ မသွားခဲ့ပေ။ သူသည် လူဝတ်ကြောင်ဘဝဖြင့်နေ၏။ အကြောင်းမှာ သူ၏ ဆင်ခြေသည် အောက်ပါအတိုင်း ဖြစ်သောကြောင့်တည်း။

ရသေ့၊ ရဟန်းများကို လူတို့က အလွန့် အလွန် ရိုသေကြ၏၊ သူတို့သည် မိမိတို့ သွားလေရာနေရာတိုင်းမှာ လူတို့ထံမှ ဆွမ်းနှင့် ရိုခိုးပူဇော်မှုကို ရရှိကြ၏။ ထို့ကြောင့် သူသည် ရသေ့အဖြစ်ဖြင့် လောကဓံတရားများအား သူ ရင်ဆိုင်စွမ်းနိုင်ရှိမှုကို စမ်းသပ်ရန်အတွက် အခွင့်ကောင်းများကို ရလိမ့်မည်မဟုတ်။ ထို့အပြင် သူသည် ရသေ့ပြုခဲ့လျှင် သူ စက်ဆုပ်ရွံရှာသည့် များစွာကျော်စောမှု ရှိလာမည်။

ဤဆင်ခြေကို စွဲကိုင်ထားလျက် သူသည် မိမိကိုယ်ပေါ်ရှိ အဝတ်အစားများမှတစ်ပါး ဘာကိုမျှယူမသွားဘဲ အိမ်မှ တိတ်တဆိတ် ထွက်သွား၏။ သူသည် မိမိကိုယ်ကို စမ်းသပ်ဖို့နည်းလမ်းများကို ရှာဖွေလျက် တစ်မြို့ပြီးတစ်မြို့ တစ်ရွာပြီး တစ်ရွာ လှည့်သွားလေ၏။

အချို့နေရာများ၌ သူသည် မိမိအား ကြင်နာစွာပြုမူသည့် လူများကိုတွေ့၍ တချို့နေရာများ၌မူ မိမိအား ကောင်းစွာ မပြုမူသည့် လူများကိုတွေ့၏။ သူသည် ကြင်နာစွာ ပြုမူမှု၊ မကောင်းစွာ ဆက်ဆံမှု နှစ်မျိုးစလုံးကို ညီတူညီမျှ ရှုမြင်နိုင်ရန် မိမိစိတ်ကို လေ့ကျင့်၏။

တစ်ခါတစ်ရံ သူသည် ဆွမ်းကို များစွာရရှိ၏။ တစ်ခါတစ်ရံမူ ရက်ပေါင်းအတန်ကြာ အစာမစားရဘဲ နေခဲ့ရ၏။ ကောင်းစွာ လေ့ကျင့်ထားအပ်သောသူ၏ စိတ်သည် ဆွမ်းများများရမှု၊ ဆွမ်းလုံးဝမရမှု နှစ်မျိုးစလုံးကို ညီတူညီမျှရှုမြင်ခဲ့၏။

တစ်နေ့သ၌ သူသည် မြို့တစ်မြို့သို့ရောက်သွား၏။ ထိုမြို့၌ ဆိုးသွမ်းလှသည့် ကလေးတစ်စုရှိ၏။ သူတို့သည် လူတို့အား စိတ်ဆင်းရဲအောင်လုပ်သည့် အတတ်ပညာ၌ ကျနစွာ လေ့ကျင့်ထားပုံပေါ်၏။

သူတို့သည် ခရီးသွားများကို အလွန်ရိုင်းပျစွာ နှောက်ပြောင် စကြလိမ့်မည်။ သူတို့သည် ထိုခရီးသွားတို့၏ စိတ်ဆင်းရဲမှု၌ ခွက်ခွက်လန်အောင် ကြမ်းတမ်းစွာ နှောက်ပြောင်ကြလိမ့်မည်။ သူတို့သည် လူအိုများ၊ သူဆင်းရဲများ၊ မိန်းမကြီးများကို တွေ့မြင်သောအခါ နောက်ကလိုက်ပြီး သူတို့ကျောများပေါ်သို့ ပြာပုံများကို လောင်းချ



လိမ့်မည်။ လူအိုတို့၏ ချိုင်းကြားများ၌ ခူးပါသည့်သစ်ရွက်တို့ကို ညှပ်ထည့်၍ ဆွဲထုတ်ကြ၏။ တချို့လူအိုတို့က ဆန့်ကျင်ကန့်ကွက်ခဲ့ကြလျှင် ဤကလေးဆိုးတို့သည် အိုမင်းချည့်နဲ့သည့် လူများအား သူတို့၏ အိုမင်းမစွမ်း ချည့်နဲ့ဟန်အမူအရာများကို လုပ်ပြခြင်းဖြင့် နှောက်ပြောင်ဟားတိုက်ကြ၏။

ဘုရားလောင်းသည် ဤကလေးများအကြောင်းကို ကြားသောအခါ ထိုနေရာမှာ ကြာမြင့်စွာနေရန် ဆုံးဖြတ်ခဲ့၏။ ထိုကလေးတို့သည် သူ့အားစိတ်ဆင်းရဲအောင်လုပ်ရန် အားလုံးထွက်ကြ၏။ သူသည် ထိုကလေးများကို မဆန့်ကျင်ဘဲ သည်းညည်းခံ၏။ တစ်နေ့သ၌ သူသည် အရိုးစုကို ခေါင်းအုံးအဖြစ်အသုံးပြုလျက် သချိုင်းဂူတစ်ခု၌ လဲလျောင်းနေ၏။ သူတို့သည် သူ၏ ဥပေက္ခာ(လောကဓံတရားအားလုံးကို ညီတူညီမျှ ရင်ဆိုင်နိုင်စွမ်း)ကို ဖြိုခွဲဖျက်ဆီးပစ်ရန် ရာနှုန်းပြည့်ဆုံးဖြတ်ထားဘိသကဲ့သို့ ရောက်လာကြ၏။ သူတို့သည် မိမိတို့ နေ့စဉ်လုပ်နေကျအပြင် ဘုရားလောင်း၏ မျက်နှာ ကိုယ်ပေါ်၌ တံတွေးထွေးခြင်း၊ ကျင်ငယ်စွန့်ခြင်းတို့ဖြင့် လုပ်နည်းသစ်များကို သူတို့ ကြံသလို အစွမ်းကုန် စတင်လုပ်ဆောင်ကြ၏။ ဘုရားလောင်း တုန်လှုပ်ကြောက်ရွံ့ နေတာကို မြင်ရဖို့အတွက် သူတို့မျှော်လင့်ခဲ့ကြ၏။ သူက မိမိတို့၏ သနားကြင်နာမှုကို တောင်းခံလိမ့်မည်ဟုလည်း သူတို့ မျှော်လင့်ခဲ့ကြ၏။ ထို့ကြောင့် သူတို့၏ တိုက်ခိုက်မှုများကို ဘုရားလောင်းက ပို၍ပင် ခံယူနိုင်ခဲ့ကြောင်း လျစ်လျူရှုခြင်း ဥပေက္ခာတရားသည် ထိုဆိုးသွမ်းလူငယ်တို့အား အလွန်ဒေါသထွက်စေခဲ့၏။ မိမိတို့သည် ကျောက်တံတိုင်းကြီးနှင့် တိုးဝှေ့တိုက်နေရသလိုဖြစ်နေကြောင်း တွေ့ရှိရသဖြင့် နောက်ဆုံးတွင် သူတို့ လက်လျှော့ အရှုံးပေးခဲ့ရသည်အထိ အသစ် အသစ် ပြုထားသည့် ဆုံးဖြတ်ချက် သစ်လွင်သည့်အားအင်တို့ဖြင့် နေ့စဉ်နေ့တိုင်း ပြန်လာခဲ့ကြ၏။

ဤဆိုးသွမ်းလူငယ်တစ်စုအပြင် ဘုရားလောင်းအား အရိုအသေပြုကြသည့် ကလေးကောင်းတစ်စုလည်း မြို့ထဲ၌ ရှိ၏။ ထိုကလေးကောင်းတို့သည် သူ့အား ရိုခိုးပူဇော်၍ သူ့အတွက် အစားအစာများကို ယူလာခဲ့ကြ၏။ သို့ရာတွင် တကယ်အံ့ဩဖွယ်ကောင်းသည်ကား ဘုရားလောင်းက ဤလူငယ်အုပ်စု နှစ်ခုလုံးအတွက် ညီတူညီမျှထားသည့်စိတ်ကို မွေးမြူနိုင်သည့် အချက်ပင်ဖြစ်၏။

ဤသို့လျှင် ဘုရားလောင်းသည် ဒီပင်္ကရာဘုရားထံမှ ဘုရားဖြစ်ဖို့ နိယတဗျာဒိတ်ကိုရရှိသည့်ကာလမှစ၍ နောက်ဆုံး ကပိလဝတ္ထုပြည် သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာမိဖုရားကြီးတို့သား သိဒ္ဓတ္ထမင်းသား ဘဝအဖြစ် ဖွားမြင်ခဲ့သည့်တိုင်အောင် မရေမတွက်နိုင်အောင် များပြားလှစွာသော မိမိ၏ဘဝများတစ်လျှောက်လုံး တစ်ဘဝပြီး တစ်ဘဝမှာ သဗ္ဗညုတဉာဏ်တော်အတွက် ပါရမီတော်တို့ကို ဆက်လက် ဆည်းပူး သွားခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

## နောက်ဆုံးဘဝ

ဘုရားလောင်းသည် ကမ္ဘာအသင်္ချေကာလတစ်လျှောက်လုံး ဘဝအသင်္ချေများစွာ သံသရာခရီး လှည့်လည်ခဲ့ပြီး၍ နောက်ဆုံးတွင် လက်ရှိ အိန္ဒိယနိပေါနယ်စပ်အနီး နိုင်ငံငယ်တစ်ခုဖြစ်သော ကပိလဝတ္ထုပြည်၌ သုဒ္ဓေါဒနမင်းကြီးနှင့် မဟာမာယာ မိဖုရားကြီးတို့၏သား ဖြစ်လာခဲ့၏။

တစ်နေ့သ၌ မင်းကြီးသည် မွေးဖွားစသားအကြောင်းကို ဗေဒင်ဆရာများနှင့် တိုင်ပင်လိုသဖြင့် မိမိ၏နိုင်ငံမှာ အကောင်းဆုံးဗေဒင်ပညာရှိ ရှစ်ဦး ဖြစ်ကြသော ရာမ၊ ဒါဇ၊ လက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဘောဇ၊ သုယာမနှင့် သုဒတ္တ တို့ကို ဆင့်ခေါ် လေ၏။ ရာမမှ သုယာမအထိ ဗေဒင်ဆရာခုနစ်ဦးတို့ အသီးသီးက ကောင်းစွာ ဗေဒင် တွက်ချက်၍ မင်းသားငယ်၏ထင်ရှားသည့် လက္ခဏာတို့ကို သတိပြု လေ့လာပြီးနောက် လက်နှစ်ချောင်းထောင်လျက် မင်းသားသည် မင်းအဖြစ်ဖြင့် နေထိုင်ခဲ့လျှင် စကြဝတေး ကမ္ဘာ့ဧကရာဇ်မင်း ဖြစ်လာမည်၊ ရဟန်းပြုဖို့ ထီးနန်းကို စွန့်ခဲ့လျှင် ဗုဒ္ဓဖြစ်လာလိမ့်မည် ဟူ၍ နိမိတ်ဖတ်ကြလေ၏။ သို့ရာတွင် အငွမ်မြောက် အငယ်ဆုံးဗေဒင်ဆရာ သုဒတ္တ ကမူ လက်တစ်ချောင်းကိုသာထောင်၍ မင်းသားသည် ဗုဒ္ဓမှတစ်ပါး အခြား ဘာမှ ဖြစ်မည်မဟုတ်ဟု မြဲမြံစွာ နိမိတ်ဖတ်လေ၏။

ဗုဒ္ဓ ဧကန်ဖြစ်လာမည့် ပုဂ္ဂိုလ်သည် လက္ခဏာတော်ကြီး ၃၂ ပါး ပါရှိရမည်။ ယင်းတို့ကို မဟာပုရိသလက္ခဏာဟု ခေါ်၏။ ဤ ၃၂ ပါးအပြင် ထိုပုဂ္ဂိုလ်မှာ လက္ခဏာ တော်ငယ် ၈၀ လည်းပါရှိရမည်။ ယင်းတို့ကို အသီတိအနုဗျဉ္စနဟု ခေါ်၏။ ယင်းတို့ကို ဗေဒင်ကျမ်းများ၌ ထင်ရှားစွာ ဖော်ပြထား၏။ သုဒတ္တသည် မိမိ၏ နိမိတ်ဖတ်ခြင်းကို ဤဗေဒကျမ်းများအပေါ် အခြေခံထားသောကြောင့် အခြားဗေဒင် ဆရာ ခုနစ်ဦးတို့ကမူ အချင်းချင်းတိုင်ပင်ပြီးနောက်မှ နောက်ဆုံးတွင် သုဒတ္တ၏ နိမိတ်ဖတ်ခြင်းကို လက်ခံကြ လေ၏။

ဗေဒင်ဆရာတို့၏ အကြံပေးချက်အရ မင်းသားကို သိဒ္ဓတ္ထ (အလိုဆန္ဒပြီးစီးခြင်း) ဟု အမည်ပေး၏။



မင်းကြီးသည် မိမိ၏သားကို စကြဝတေးမင်းကြီး ဖြစ်လာစေလို၏။ ဗုဒ္ဓ မဖြစ်စေလိုပေ။ ထို့ကြောင့် သူသည် သားတော်ကို ဗုဒ္ဓဖြစ်ခြင်းမှကာကွယ်ရန် လုပ်နိုင်သမျှ အရာအားလုံးကို လုပ်လေ၏။ သူသည် သားတော်ကို စည်းစိမ်၏ ရင်ခွင်ထဲ၌ သိပ်ထား၏။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်အပ်သူတို့မှ ကွဲကွာခြင်းကဲ့သို့သော ငြင်းထန်လှသည့်အရာတို့မှ မင်းသားကိုဖယ်ရှားရန်အလို့ငှာ အတီး အမှုတ် အက အဆို ဆွဲဆောင်ခြင်း မာယာအတတ်ပညာ၌ ကောင်းစွာ လေ့ကျင့်ထားအပ်သော မိမိ၏ နိုင်ငံအတွင်းရှိ အချောအလှဆုံး လုံမပျိုများဖြင့် မင်းသားကို ဝန်းရံထားစေ၏။ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော ပုဂ္ဂိုလ်အားလုံးကို မင်းသား လှည့်လည်သွား လာမည့် ပရဝုဏ်သို့ ချည်းကပ်ခြင်းမှပင် တားမြစ်ထား၏။ စကြဝတေးဖြစ်မည့် လမ်းကြောင်းမှ မင်းသားအား ပြန်လှည့်သွားစေနိုင်သည့် အရာဝတ္ထု ပုဂ္ဂိုလ်ဟူသမျှ နှင့် ဆက်ဆံမှုအလုံးစုံကို ငြင်းပယ်ထား၏။

အသက် ၁၆ နှစ်ရှိသော် မင်းသားသည် ရုပ်အလှအတွက် အလွန်ကျော်ကြား သော မိမိ၏ နှမဝမ်းကွဲ ယသော်ဓရာမင်းသမီးနှင့် လက်ထပ်ခဲ့၏။ လက်ထပ်ပြီး မကြာမီမှာပင် သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏သားအား ထီးနန်းစွန့်ပေးလိုက်၏။ သိဒ္ဓတ္ထမင်းသည် ကပိလဝတ္ထုပြည်ကို ၁၃ နှစ်တိုင် အုပ်ချုပ်လေ၏။

တစ်နေ့သ၌ သိဒ္ဓတ္ထမင်းသည် မိမိ၏ အခြံအရံနှင့်အတူ မင်းဥယျာဉ်သွားနေ၏။ လမ်းခရီးတွင် သူသည် လူအိုတစ်ဦးကို တွေ့မြင်၏။ ငါလည်း ငါ တွေ့မြင်ရသည့် ပုဂ္ဂိုလ်ကဲ့သို့ လူအိုဖြစ်လာရလိမ့်မည် ဟူသော အကြံသည် သူ့အား ချက်ချင်းပင် ကာမဂုဏ်တို့၏ စက်ဆုပ်ခြင်းကို ဖြစ်စေ၏။ ထို့ကြောင့် သူသည် မင်းဥယျာဉ်သို့ ဆက်မသွားတော့ဘဲ မိမိ၏ရထားကို နန်းတော်သို့ ပြန်လှည့်စေ၏။ နန်းတော်ထဲ၌ သူသည် လူအိုအကြောင်း စဉ်းစားနေစဉ် ပဋိသန္ဓေနေမှု ရှိနေသမျှ အိုခြင်းရှိရမည် ဟူသော အသိအမြင်ကို ချက်ချင်းရရှိလေ၏။

ဒုတိယအကြိမ်သွားသောအခါ သူသည် လူနာတစ်ဦးကို တွေ့မြင်၏။ ထိုမြင်ခြင်း သည်လည်း သူ့အား ကာမဂုဏ်တို့၌ စက်ဆုပ်ခြင်းကိုဖြစ်စေ၏။ ထို့ကြောင့် သူသည် ဥယျာဉ်တော်သို့ ဆက်မသွားတော့ဘဲ မိမိ၏နန်းတော်သို့ ပြန်လှည့်သွားခဲ့၏။ နန်းတော်ထဲ၌ သူသည် လူနာအကြောင်းကို စဉ်းစားနေစဉ် ပဋိသန္ဓေနေမှုရှိနေသမျှ အိုခြင်းနှင့် နာခြင်း ရှိရမည် ဟူသော ဒုတိယအသိအမြင်ကို ရရှိလေ၏။

တတိယအကြိမ်သွားသောအခါ သူသည် သူသေတစ်ဦးကိုတွေ့မြင်၏။ အထက် က ဖော်ပြခဲ့သည့် အလားတူအကြောင်းများကြောင့် သူသည် လှည့်ပြန်၍ နန်းတော်ထဲ၌ တစ်ဦးတည်းရှိနေသောအခါ ပဋိသန္ဓေနေမှုရှိနေသမျှ အိုခြင်း နာခြင်း သေခြင်း ရှိရမည် ဟူသော တတိယ အသိအမြင်ကို ရရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာသက္ကရာဇ် ၉၆ ခုနှစ်၊ ဝါဆို(အကြမ်းဖျင်း၊ ဇူလိုင်လ) လပြည့်နေ့၌ သိဒ္ဓတ္ထမင်းသည် ဥယျာဉ်တော်သို့ စတုတ္ထအကြိမ်သွားလေ၏။ လမ်းခရီးတွင် သူသည် ရဟန်းတစ်ပါးကို တွေ့မြင်၏။ သူ့အမိန့်အရ ရထားထိန်းသည် သူ့အား ရဟန်းထံသို့ မောင်းပေးခဲ့၏။

'အသင် ဘာကို လုပ်နေပါသနည်း၊ သင်၏ဦးခေါင်းသည် တခြားလူတို့၏ ဦးခေါင်းများနှင့်မတူ ခေါင်းတုံးပြောင်အောင် ရိတ်ထား၏။ သင်၏ အဝတ်သည်လည်း တခြားလူတို့၏ အဝတ်များမှ ကွဲပြား၏'

'အရှင်မင်းကြီး၊ ငါကား ရဟန်းဖြစ်၏'

'သင်သည် ရဟန်းဖြစ်၏ဟု သင်ပြောသောအခါ ဘာကို သင် ဆိုလိုပါသနည်း'

'ငါသည် ကုသလကမ္မပထခေါ်သော သိက္ခာပုဒ် ၁၀ ပါးကို စောင့်ထိန်းခြင်းသည် မြင့်မြတ်၏ဟု သိမြင်ပြီးနောက် လူ့လောကကို စွန့်ပယ်၍ ဦးခေါင်းတို့ ပြောင်အောင် ရိတ်ပြီး ညှိုဖန်ရည်ဆိုး သင်္ကန်းကို ဝတ်ခဲ့၏'

'သင်သည် တကယ်ပင် ချီးကျူးထိုက်သည့် ပုဂ္ဂိုလ်ဖြစ်ပါ၏'

ထို့နောက် သိဒ္ဓတ္ထမင်းသည် ထိုနေ့မှာပင် ရဟန်းပြုရန် သန္နိဋ္ဌာန်ချပြီးနောက် ဥယျာဉ်တော်သို့ဆက်သွား၍ ထိုဥယျာဉ်၌ တစ်နေ့တာနေပြီး ညနေချိန်တွင် နန်းတော်သို့ ပြန်လေ၏။ သူသည် နန်းတော်သို့ ရောက်ရောက်ချင်းပင် မိမိ၏ မိဖုရားကြီး ယသော်ဓရာသည် သားတစ်ဦးကိုဖွားမြင်၏ ဟူသော သတင်းကို ရရှိ၏။ သားသည် ရဟန်းပြုရန် ငါ၏အဓိဋ္ဌာန်အားကြီးမားသည့် အဟန့်အတား ဖြစ်နိုင်၏ဟု သိမြင်သောကြောင့် သူသည် သားတော်အား ရာဟုလာဟု အမည်ပေး၏။ (ဆိုရိုးသမိုင်းအရ ရာဟု ဟူသည် မိမိ၏ ပါးစပ်ဖြင့် နေနှင့် လကို ရှေ့တိုးမသွားနိုင်အောင် ထိန်းထားနိုင်စွမ်းရှိသော အလွန်အမင်းကြီးမားသည့် သတ္တဝါကြီး ဖြစ်၏။ ဆိုရိုးသမိုင်းထဲ၌ နေကြတ်ခြင်း၊ လကြတ်ခြင်းတို့သည် ရာဟုက သူ့ပါးစပ်ဖြင့် နေနှင့်လတို့ကို ဖွဲ့ထိန်းထားခြင်းကြောင့် ဖြစ်၏ဟု ယူဆထားခြင်း။)

ဘုရားလောင်းသည် အိပ်နေသည့် မိမိသားကို ခဏမျှကြည့်ရှုပြီးနောက် ညသန်းခေါင်အချိန်၌ ကပိလဝတ္ထုပြည်မှ ထွက်သွား၏။ သူသည် အနော်မာမြစ်၏ တစ်ဖက်ကမ်းသို့ ရောက်သောအခါ နံနက်ကပြုခဲ့သည့် အဓိဋ္ဌာန်နှင့်အညီ ဦးခေါင်းတုံး ရိတ်၍ ဖန်ရည်ဆိုးသင်္ကန်းများကို ဝတ်ပြီး ရဟန်းပြုလေ၏။

## အခန်း ၅

## အယူဝါဒမျိုးစုံကို ဘုရားလောင်း တွေ့ကြုံခဲ့ခြင်း

မိ ၁၀ ပါးတို့ ပြည့်ကျင့်ခဲ့ခြင်း အထွတ်အထိပ်အနေဖြင့် သဗ္ဗညုတဉာဏ်တော်သည် ရန် အရုံသင့်ဖြစ်နေ၏။ သို့ရာတွင် နေရောင်ကို အပင်ငယ်မှဖယ်ပစ်သော သစ်ပင် ၏အရိပ်ကြောင့် အချိန်မီ မပွင့်နိုင်သော အပင်ငယ်၏ အဖူးအငုံကဲ့သို့ သဗ္ဗညုတ ဏ်တော်သည် ဘုရားလောင်း၏ ကိလေသာများက လွှမ်းမိုးထားအပ်သောကြောင့် င်ပေါ်နိုင်ဘဲ ရှိလေ၏။ ထို့ကြောင့် ဘုရားလောင်း၏ ဦးစွာလုပ်ရမည့် တာဝန်ကား လေသာတို့ကို ပယ်သတ်ရန်ဖြစ်၏။ မိမိ၏ ကိလေသာတို့ကို ပယ်သတ်ရာ၌ ကဆုံး မအောင်မြင်မီမှာ ဘုရားလောင်း၏ စမ်းလုပ်ကြည့်မှုများနှင့် အားထုတ်မှု ကို ကျွန်ုပ်တို့ ကြည့်ကြပါဦးစို့။

### အာဠာရ၊ ဥဒ္ဒက တို့နှင့်တွေ့ခြင်း

းလောင်းသည် ရဟန်းပြုပြီးနောက် အနုပိယဟုခေါ်သော အနီးအနားရှိ သရက် ၌ ခုနစ်ရက်ခန့် နေထိုင်၏။ ထို့နောက် သူသည် ရာဇဂြိုဟ်ပြည်သို့ သွား၏။ ဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းသည် ဘုရားလောင်း၏ ကြီးမားသည့် ဥပမိသမ္ပတ္တိကို န့် အလွန် နှစ်သက်အားရသောကြောင့် သူ့အားရဟန်းဘဝကို စွန့်ပြီး မိမိ၏ ပြည်တစ်ပြည် တစ်စိတ်တစ်ပိုင်းကို အုပ်စိုးရန်ပြောကြား၏။ ဘုရားလောင်းက ည် လောကီလူ့ကိစ္စများ၌ စိတ်ဝင်စားမှုမရှိကြောင်း၊ ဆင်းရဲဒုက္ခမှလွတ်မြောက် ဟု ဆိုလိုသော နိဗ္ဗာန်ပန်းတိုင်ကိုသာ ရှာနေခြင်းဖြစ်ကြောင်း ပြန်ပြော၏။ ါ ဗိမ္ဗိသာရမင်းက ဘုရားလောင်းအား ဗုဒ္ဓဖြစ်သောအခါ ရာဇဂြိုဟ်ပြည်သို့ ဆုံး ကြွရောက်ပါရန် ပန်ကြားလေ၏။

ဘုရားလောင်းသည် မိမိ၏ပန်းတိုင်သို့ မိမိအား လမ်းညွှန်ပြနိုင်သည့် တစ်စုံ ာက်ကို ရှာဖွေရန် ရာဇဂြိုဟ်မှထွက်ခွာသွား၏။ ရှေးဦးစွာသူသည် တပည့်ကော ကို ဦးဆောင်နေသည့် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သူ အာဠာရကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့၏။ စုံစမ်းကြည့်သောအခါ အာဠာရသည် အာကိဉ္စညာယတန (အရူပ) ဈာန်
ရရှိအောင် မိမိအား လမ်းညွှန်ပေးနိုင်သည်' ဟု သူ သိရှိလေ၏။

(ထိုဈာန်သည် ဘယ်ဈာန်မျိုးဖြစ်ကြောင်း၊ ထိုဈာန်ကို ဘာလုပ်ရမည့်အကြောင်း
ထိုဈာန်ရရှိသော ပုဂ္ဂိုလ်သည် သေလွန်သော် ဘယ်ဘုံမှာ ဖြစ်မည့်အကြောင်းတို့
သမာဓိဆိုင်ရာအခန်း၌ ပြည့်စုံစွာရှင်းပြလိမ့်မည်။ သို့ရာတွင် စာရှုသူများ အဆင်ပြေ
အတွက် ဤအဆင့်၌ ဤဈာန်နှင့် ပတ်သက်၍ တစ်စုံတစ်ရာကို ပြဆိုသင့်၏။)

စုစုပေါင်း ဈာန်ရှစ်ပါး ရှိ၏။ အကြမ်းဖျင်းပြောရလျှင် ဈာန်တို့သည် စိတ်
တည်ကြည်မှုများပင် ဖြစ်၏။ ဒုတိယဈာန်သည် ပထမဈာန်ထက် ပိုအားကောင်း၏
တတိယဈာန်သည် ဒုတိယဈာန်ထက် ပိုအားကောင်း၏ စသည်။ အဋ္ဌမဈာန်သည်
အားကောင်းဆုံးဖြစ်၏။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်များကို ရူပဈာန်များ
ခေါ်၏။ ပဉ္စမမှ အဋ္ဌမအထိသော ဈာန်တို့ကို အရူပဈာန်များဟု ခေါ်၏။

ရူပဈာန်များအရာ၌ ဈာန်များကိုရဖို့ စိတ်က စူးစိုက်ရမည့် အာရုံသည် ရုပ်အာ
ဖြစ်၏။ အရူပဈာန်များအရာ၌ အာရုံသည် ကောင်းကင်သဘော စိတ်ကဲ့သို့သော
ရုပ်မပါသည့် အာရုံဖြစ်၏။ အရူပဈာန်များအတွက် ကမ္မဋ္ဌာန်းအားထုတ်ရမည့်ပုဂ္ဂို
တို့မှာ ရုပ်တရား၌ လေးနက်စွာ စက်ဆုပ်ခြင်းရှိရမည်။ ရုပ်ဝတ္ထုသည် မကောင်း
အားလုံး၏ အရင်းခံအကြောင်းဖြစ်၏ဟု သူတို့ မြဲမြဲစွာ ယုံကြည်ထားကြ၏။

ရူပဈာန်တစ်ပါးပါးကို ရရှိသောပုဂ္ဂိုလ်သည် သေလွန်သော် စိတ်နှင့် ရုပ်ခန္ဓာ
ပါရှိသည့် ဗြဟ္မာအဖြစ်ဖြင့် ဖြစ်လိမ့်မည်။ ထိုကဲ့သို့သော ဗြဟ္မာတို့ကို ရူပဗြဟ္မာများ
ခေါ်၏။ အရူပဈာန်တစ်ပါးပါးကိုရရှိသော ပုဂ္ဂိုလ်သည် သေလွန်သော် ရုပ်ခန္ဓာမရှိ
စိတ်သာရှိသော ဗြဟ္မာအဖြစ်ဖြင့် ဖြစ်လိမ့်မည်။ ထိုကဲ့သို့သော ဗြဟ္မာတို့ကို အရူ
ဗြဟ္မာများဟု ခေါ်၏။

ဗြဟ္မာတို့သည် အလွန် အသက်ရှည်ကြ၏။ အရူပဗြဟ္မာတို့သည် ရူပဗြဟ္မာ
တို့ထက် ပို၍ အသက်ရှည်ကြ၏။ သတ္တမဈာန်ဖြစ်သော အာကိဉ္စညာယတနဈာန်
ပြည့်စုံသော အရူပဗြဟ္မာ၏ အသက်တမ်းသည် ကပ်ကမ္ဘာခြောက်သောင်းလော
ရှည်၏။ အဋ္ဌမနှင့် နောက်ဆုံးဈာန်ဖြစ်သော နေဝသညာနာသညာယတနဈာန်
ပြည့်စုံသည့် အရူပဗြဟ္မာ၏အသက်တမ်းသည် ကပ်ကမ္ဘာ ရှစ်သောင်းလောက် ရှည်

ရူပ-အရူပ မည်သည့် ဗြဟ္မာမှ ထာဝရအသက်ရှင်မနေနိုင်ချေ။ အခြား သတ္တ
ကဲ့သို့ပင် သူတို့မှာ အိုခြင်း၊ သေခြင်းနှင့် တစ်ဖန်ပဋိသန္ဓေနေရခြင်းတို့ ရှိကြ

ဘုရားလောင်းသည် အာကိဉ္စညာယတနဈာန်၌ စိတ်မဝင်စားချေ။ ထိုဈာန်
ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၏အကြောင်းများဖြစ်သည့် ကိလေသာတို့



သတ်ရန် စွမ်းဆောင်နိုင်ခြင်း မရှိဟု သူ သိမြင်၏။ ထိုဈာန်သည် မိမိကို နိဗ္ဗာန်
သို့ မဆောင်ယူနိုင်ဟုလည်း သူ သိမြင်၏။ ထို့ကြောင့် သူသည် မိမိအား
ရက သူ၏ ကြီးမားသော နောက်လိုက်တပည့်တစ်ဝက်ကိုပေး၍ ဂိုဏ်း၏ တွဲဖက်
ဆောင်အဖြစ်နေရန် မိမိကို ဖိတ်ခေါ်ကြားသော်လည်း အာဠာရကို စွန့်ခွာလေ၏။

ဘုရားလောင်းသည် အာဠာရနောက် ရာမ၏သား ဥဒကနှင့် တွေ့၏။ ဥဒက
ကြီးမားလှသည့် နောက်လိုက်ပရိသတ်ကို ဦးဆောင်နေ၏။ ထိုအချိန်၌ သူသည်
သညာနာသညာယတနဈာန်ကို မရသေးချေ။ သို့သော် သူ့မှာ ထိုဈာန်အတွက်
နာရရှိထား၏။ ဥဒကသည် ဘုရားလောင်းအားထိုနည်းနာကို ပေးလိုက်ရာ
လောင်းသည် အဋ္ဌမဈာန်ကို နှစ်ရက် သုံးရက်အတွင်း ရရှိသွားသော် ဥဒကနှင့်
နောက်လိုက်တပည့်များ အံ့သြသွားကြ၏။ ထိုအခါ ဥဒကသည် ဘုရားလောင်း
မိမိအပါအဝင် မိမိ၏ကြီးမားသော တပည့်ပရိသတ်ကို ဦးဆောင်၍ မိမိနှင့်အတူ
ဖိတ်ကြားလေ၏။ ဘုရားလောင်းသည် အဋ္ဌမဈာန်လည်း သတ္တမဈာန်ကဲ့သို့ပင်
ပန်းတိုင်သို့ မိမိအားပို့ဆောင်မပေးနိုင်ကြောင်း သိမြင်သဖြင့် ထိုဖိတ်ကြားချက်ကို
ယ်၍ ပရိသတ်ကို စွန့်ခွာသွား၏။

သူသည် ဗိမ္ဗိသာရမင်း၏နိုင်ငံ၌ နောက်ဘာသာရေးခေါင်းဆောင်ကို ရှာဖွေနေ
သေနခေါ်သော ရွာကလေးသို့ ရောက်လာ၏။ ထိုရွာသည် ဥရုဝေလ မည်သော
နှင့် နီးကပ်၏။ ဘုရားလောင်းသည် မိမိ၏ ဘာသာရေးလုပ်ငန်းအတွက် ထိုရွာ
လးမှာ အလွန်သင့်လျော် လျောက်ပတ်သည်ကို တွေ့ရ၏။ ထို့အပြင် အဆက်မပြတ်
င်းသော ကြည်လင်သည့်ရေရှိသော နေရဉ္ဇရာမြစ်သည် ထိုတောနှင့် ကပ်လျက်
၏။ ဘုရားလောင်းဆွမ်းခံရရှိနိုင်ရာ ရွာငယ်အုပ်စုများလည်း ရှိ၏။ ထို့ကြောင့်
သည် ဥရုဝေလတော၌ အတည်နေထိုင်ရန် ဆုံးဖြတ်လေ၏။

ဘုရားလောင်းသည် အနီးရှိရွာများမှ ဆွမ်းကိုခံယူ၍ ဆွမ်းစားပြီးနောက် မေတ္တာ
နာ (မေတ္တာကမ္မဋ္ဌာန်း)၌ ဝင်စားနေ၏။ ခဏကြာသော် ဆွမ်းခံလှည့်လည်ခြင်း
အချိန်ဖြုန်းခြင်း ဖြစ်၏ဟု သူ ယူဆလာ၏။ ထို့ကြောင့် သူသည် ဆွမ်းခံသွား
ကို စွန့်၍ သစ်ပင်များမှ ကြွေကျသည့် သစ်သီးများဖြင့်သာ မိမိကိုယ်ကို မွေးတ
၏။ ခဏကြာသော်သူသည် မိမိနေသည့်သစ်ပင်မှ ကြွေကျသည့်သစ်သီးများ
သာ မိမိကိုယ်ကို မွေးတစေ၏။ ဗုဒ္ဓဖြစ်လိုလျှင် မေတ္တာဘာဝနာ တစ်ခုတည်းသည်
လောက်ဟုလည်း စဉ်းစားမိလာ၏။ သူသည် မိမိအဖို့ လိုက်နာကျင့်သုံးရမည့်
လမ်းသစ်ကို ရှာနေစဉ် ပါဠိဘာသာအရ အတ္တကိလမထာနုယောဂဟု သိထားသော
ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်သည့် အကျင့်များကို ကျင့်သုံးနေသည့်ပုဂ္ဂိုလ်များနှင့်
သွယ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်တတ်သည့် အကျင့်တချို့

ထိုအဆင့်၌ ထိုခေတ်မှာခေတ်စားခဲ့သည့် ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်သည့် အကျင့်များကို ဖော်ပြဖို့ လိုအပ်လာ၏။ မဇ္ဈိမနိကာယ်–မဇ္ဈိမပဏ္ဏာသ ကန္ဒရကသုတ်၌ ဗုဒ္ဓသည် ဤအကျင့်များအကြောင်းကို ဤသို့ပြဆိုထား၏။

တချို့ကား အဝတ်များကို မဝတ်၊ သူတို့သည် လူ့အကျင့်များကို စွန့်ပယ်ကာ မတ်တတ်ရပ်လျက်ပင် ဆီး ဝမ်း စွန့်ကြ၏။ သူတို့သည် မိမိတို့၏မစင်ကို ကိုယ့်လက်ချောင်းများဖြင့် သုတ်သင်ကြ၏။ တစ်စုံတစ်ဦးက အရှင်ဘုရား၊ အကျွန်ုပ်တို့၏ ဆွမ်းကို လက်ခံရန်ကြွလာပါ ဘုရားဟု ဖိတ်ကြားခဲ့လျှင် သူတို့က ထိုဆွမ်းကို ငြင်းပယ်ကြ၏။ တစ်စုံတစ်ဦးက ကျွန်ုပ်တို့၏ဆွမ်းကို လက်ခံရန် ရပ်ပါဘုရားဟု ဆိုလျှင် သူတို့က ထိုဆွမ်းကို ငြင်းပယ်၏။ သူတို့သည် မိမိတို့အတွက်ရည်စူး၍ ယူလာသည့် ဆွမ်းကို လက်မခံကြပေ။ မိမိတို့အတွက်ရည်စူး၍ ချက်ပြုတ်ထားသည့် ဆွမ်းကို လက်မခံကြပေ။ တစ်စုံတစ်ဦးက သူတို့ကို ဆွမ်းအတွက် မိမိအိမ်သို့ ဖိတ်ကြားလျှင် သူတို့သည် သွားရန် ငြင်းပယ်ကြ၏။ သူတို့သည် ထမင်းကို အိုးမှလည်းကောင်း၊ ခြင်းတောင်းမှလည်းကောင်း ယူလာခဲ့သည့်ဆွမ်းကို လက်ခံရန် ငြင်းပယ်ကြ၏။ ဆွမ်းကို တံခါး၏နောက်မှပေးလှူလျှင် ထိုဆွမ်းကို သူတို့ လက်မခံကြပေ။ သူတို့သည် မိမိတို့ကို ဆွမ်းအလှူရှင်မှ ခွဲခြားထားရန် တုတ် (ဝါ) ကျည်ပွေ့တစ်ခု ထားရှိလျှင် ဆွမ်းကို လက်မခံကြပေ။ လူနှစ်ဦး အတူထမင်းစားနေသည်ကို တွေ့ရှိလျှင် သူတို့သည် ဤလူနှစ်ဦးကပေးလှူသည့် ဆွမ်းကို လက်ခံလိမ့်မည်မဟုတ်။ သူတို့သည် မိမိကလေးကိုနို့တိုက်နေသည့် မိန်းမထံမှ ဆွမ်းကို လက်ခံလိမ့်မည်မဟုတ်။ ယောကျ်ားတစ်ဦးနှင့် စကားပြောနေသည်ကို တွေ့ရသောမိန်းမထံမှ ဆွမ်းကို လက်ခံလိမ့်မည်မဟုတ်။ တတိယပုဂ္ဂိုလ်အဖွဲ့က တိုက်တွန်းသဖြင့် ဆွမ်းကိုပေးလှူခဲ့လျှင် ထိုဆွမ်းကို လက်ခံလိမ့်မည်မဟုတ်။ (လှူမည့်)ဆွမ်းထဲမှ တစ်လုတ်စာကိုရရှိဖို့ ခွေးတစ်ကောင်က မျှော်လင့်နေသည်ကို တွေ့ရှိခဲ့လျှင် ထိုဆွမ်းကို လက်ခံလိမ့်မည်မဟုတ်။ ဆွမ်းပေါ်၌ ယင်များနားနေသည်ကို တွေ့ရှိခဲ့လျှင် ထိုဆွမ်းကို လက်ခံလိမ့်မည်မဟုတ်။ သူတို့သည် ငါး အသားကို မစားကြ။ ပျော့သောဝိုင်၊ မူးယစ်စေသည့်အရက်ကို မသောက်ကြ။ ဖွဲ့အောက်၌မြုပ်ထားပြီး ဖောက်ထားအပ်သောဆေးကို မသုံးဆောင်။ တစ်ခါတစ်ရံ သူတို့သည် အိမ်တစ်အိမ်မှ ဆွမ်းကိုခံ၍ ထိုဆွမ်းမှ တစ်လုတ်စာကိုသာ စားသုံး၏၊ တစ်ခါတစ်ရံ အိမ်နှစ်အိမ်မှ ဆွမ်းကိုခံ၍ နှစ်လုတ်စာကိုသာ စားသုံး၏။ ဤနည်းဖြင့် သူတို့ဆွမ်းခံရာ အိမ်များ၏ အများဆုံးအရေအတွက်သည် ဘယ်တော့မှ ခုနစ်အိမ်ထက် ပိုမည်မဟုတ်။ သူတို့နေ့စဉ်စားသုံးသည့် ဆွမ်းလုတ်များ၏ အများဆုံး အရေအတွက်သည်လည်း ဘယ်တော့မှ ခုနစ်လုတ်ထက် ပိုမည်မဟုတ်။ တစ်ခါတစ်ရံ



သူတို့သည် ခွက်ငယ်တစ်လုံးအပြည့်ရှိ ဆွမ်းဖြင့်ရောင့်ရဲကြ၏။ တစ်ခါတစ်ရံ ခွက်ငယ်နှစ်လုံးအပြည့်ရှိ ဆွမ်းဖြင့်ရောင့်ရဲကြ၏။ သို့ရာတွင် ဆွမ်းအပြည့် ခွက်ငယ်များ၏ အရေအတွက်သည် ဘယ်တော့မှ ခုနစ်ခွက်ထက်မကျော်ပေ။ သူတို့သည် တစ်ရက်ခြား ဆွမ်းစားကြ၏။ တစ်ခါတစ်ရံ သုံးရက်မှာတစ်ကြိမ် ဆွမ်းစား၏။ ဤနည်းဖြင့် တစ်ပတ်လျှင် တစ်ကြိမ်သာစားသည့်အထိ ဆက်သွား၏။ တစ်ခါတစ်ရံ တပက္ခ (၁၅ ရက်လျှင်) တစ်ကြိမ်သာ စား၏။

သူတို့သည် အသီးအရွက်စိမ်း၊ ဆန်စိမ်း၊ မြက်သီး၊ သားရေစများ၊ နွယ်မြက်ပင်များ၊ ဖွဲ၊ ဆန်ကွဲ၊ နှမ်းမှုန့်၊ မြက်၊ နွားချေး၊ သစ်မြစ်များ၊ အပင်မှကျသည့် အသီးများကို စားသုံးကြ၏။

တချို့က ပိုက်ဆံလျှော် (ဝါ) ပိုက်ဆံလျှော်နှင့်ရောထားသည့် အဝတ်စဖြင့်ပြုလုပ်ထားသည့် အဝတ်ထည်များကို ဝတ်ကြ၏။ သူတို့သည် အလောင်းကောင်ကို ရစ်ပတ်ထားသည့် အဝတ်ထည်များကို ဝတ်ကြ၏။ အမှိုက်ပုံများမှ ကောက်ယူရရှိသည့် အဝတ်စုတ်များဖြင့် လုပ်ထားသည့် အဝတ်များကိုဝတ်ကြ၏။ သစ်ခေါက်များဖြင့် လုပ်ထားသည့် အဝတ်ထည်များကို ဝတ်ကြ၏။ သစ်နက်ရေ (ဝါ) ထိုသားရေမှ ဖြတ်ယူအပ်သော အမွေးအမျှင်များဖြင့် လုပ်ထားသည့် အဝတ်အထည်များကို ဝတ်ကြ၏။ မြက်တစ်မျိုးဖြင့် ပြုလုပ်ထားသည့် အဝတ်များကို ဝတ်ကြ၏။ အဝတ်ထည်များအဖြစ်ဖြင့် လျှော်ရဲရဲ သီထားသည့် ပျဉ်ချပ်များကို မိမိတို့၏ကိုယ်မှာပတ်၍ ဝတ်ကြ၏။ လူ့ဆံပင်ဖြင့် လုပ်ထားသည့် အဝတ်ထည်များကိုဝတ်ကြ၏။ တိရစ္ဆာန်တို့၏ အမြီးများမှ အမွေးဖြင့် ပြုလုပ်ထားသည့် အဝတ်ထည်များကို ဝတ်ကြ၏။

သူတို့သည် မိမိတို့၏ မုတ်ဆိတ်၊ ဆံပင်များကို ဆွဲနုတ်လေ့ရှိ၏။ သူတို့သည် တင်ပါးချထိုင်ရန် ဖိတ်ကြားခြင်းကို ငြင်းပယ်လျက် ရပ်ချင်ရပ်နေမည်။ ဆောင့်ကြောင့် ထိုင်ချင် ထိုင်နေမည်။ သို့အတွက် ရပ်ခြင်း၊ ဆောင့်ကြောင့်ထိုင်ခြင်းတို့ကို ခဏခဏ ပြောင်းနေလိမ့်မည်။ သူတို့သည် ဆူးများပေါ်၌ နေထိုင် အိပ်စက်လိမ့်မည်။ တစ်နေ့လျှင် သုံးကြိမ် မြစ်ထဲ၌ ကြာမြင့်စွာ ရေငုပ်ကြလိမ့်မည်။ ဤနည်းအားဖြင့် သူတို့သည် ဤသည်များနှင့် အခြားများစွာသော ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်သည့် အကျင့်များကို လုပ်ဆောင်ကြလိမ့်မည်။

‘ရဟန်းတို့၊ သူတို့အား ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်သည့် အကျင့်များကို လုပ်ဆောင်လေ့ရှိကြသည့် ပုဂ္ဂိုလ်များဟု ခေါ်ဆိုသင့်၏’

## မိမိတို့ကိုယ်တိုင်နှင့် သူတစ်ပါးတို့အကြောင်း

ရဟန်းတို့၊ အချို့သောပုဂ္ဂိုလ်တို့သည် သရုပ္ပမဏ္ဍိုင်ဆောင်းအပ်ပြီးသော ...များသော်လည်းကောင်း၊ ဗြဟ္မာမျိုးနှင့်ဆိုင်သည့် အလွန်ကြွယ်ဝသော ပုဂ္ဂိုလ်များသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဖြစ်ကြ၏။ သူတို့သည် မြို့၏ အရှေ့အရပ်၌ ယဇ်ပူဇော်ရာ အဆောက်အဦ သစ်ကို ဆောက်လုပ်စေ၏။ ပထမအဆင့်အနေဖြင့် ယဇ်ပူဇော်ရာ အဆောက်အဦထဲသို့ မဝင်မီ ဘုရင်သည် မိမိ၏ ဦးခေါင်း၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ကို ရိတ်စေ၏။ ထို့နောက် သူသည် မိမိကိုယ်ကို ထောပတ်ဖြင့်သုတ်လိမ်း၍ ကျောပေါ်ရှိ ယားယံခြင်းများကို တိရစ္ဆာန်၏ ဦးချိုဖြင့် ပွတ်တိုက်ပြီးသော မပျက်မစီးသည့် ခွာများပါရှိသည့် တိရစ္ဆာန်သားရေကို ဝတ်ဆင်၏။ ဤရှေးဦးပြုဖွယ်တို့ကို ဆောင်ရွက်ပြီးနောက် ဘုရင်သည် မိမိ၏မိဖုရားကြီး ဘဏ္ဍာစိုးနှင့်အတူ ယဇ်ပူဇော်အဆောက်အဦထဲသို့ ဝင်သွား၏။ ဘုရင်သည် လတ်ဆတ်သည့်နွားချေးဖြင့် အလျှံပယ်လိမ်းကျံအပ်သော အိမ်၏ကြမ်းပြင်ပေါ်၌ လဲလျောင်း၏။ ထို့နောက် ဘုရင်သည် နွားမ၏နို့သီးမှ ညှစ်ယူအပ်သော နို့ရည်ကို သုံးဆောင်၏၊ မိဖုရားကြီးသည် ဒုတိယ နို့သီးမှ နို့ရည်ကို သုံးဆောင်၏၊ ဘဏ္ဍာစိုးသည် တတိယနို့သီးမှ နို့ရည်ကို သုံးဆောင်၏။ စတုတ္ထနို့သီးမှ ညှစ်ယူအပ်သော နို့ရည်ကို မီးအားကျွေးရန်အတွက် အသုံးပြု၏။ ထို့နောက် ဘုရင်သည် ဤသို့ ကြေညာ၏။ 'ယဇ်ပူဇော်ဖို့အတွက် နွားထီး (မြောက်မြားစွာ) တို့ကို သတ်လော့။ ယဇ်ပူဇော်ဖို့အတွက် နွားကလေး (မြောက်မြားစွာ) တို့ကို သတ်လော့။ ယဇ်ပူဇော်ဖို့ အတွက် နွားမ (မြောက်မြားစွာ) တို့ကို သတ်လော့။ ယဇ်ပူဇော်ဖို့အတွက် ဆိတ် (မြောက်မြားစွာ)တို့ကို သတ်လော့။ ယဇ်ပူဇော်ဖို့အတွက် သိုး(မြောက်မြားစွာ) တို့ကို သတ်လော့။ ယဇ်ပူဇော်ဖို့ အတွက် မြင်း (မြောက်မြားစွာ)တို့ကို သတ်လော့။ ယဇ်ပူဇော်ဖို့အတွက် သစ်ပင် (မြောက်မြားစွာ)တို့ကို ခုတ်လော့။ ယဇ်ပူဇော်ရာ နေရာ၌ လိုက်ကာများပြုရန် လည်းကောင်း၊ ယဇ်ပူဇော်ရာနေရာ၌ မြေပြင်တွင် ဖျာများအဖြစ် ခင်းရန်လည်းကောင်း မြက် (မြောက်မြားစွာ) တို့ကို ရိတ်လော့။

'ဘုရင်၏ အစေခံများနှင့် အလုပ်အကျွေးတို့သည် ပြင်းထန်စွာ အပြစ်ဒဏ်ပေးခံရပြီး ပြင်းထန်သည့်အပြစ်ဒဏ်ဖြင့် ခြိမ်းခြောက်ခံရပြီးနောက် မိမိတို့၏ မျက်နှာတို့မှ စီးကျသည့် မျက်ရည်များနှင့်ငိုကြွေးလျက် မိမိတို့၏ အလုပ်တာဝန်များကို လုပ်ဆောင်ကြရ၏။ ရဟန်းတို့၊ ဤမင်းများနှင့် ဗြာဟ္မဏနွယ်ဝင် ဤသူဌေးကြီးတို့အား မိမိတို့ အပေါ်၌သာမက သူတစ်ပါးတို့အပေါ်၌ပါ ဆင်းရဲဒုက္ခ (နှိပ်စက်ခြင်း)များကို ယူဆောင်လာကြသည့် ပုဂ္ဂိုလ်များဟု ခေါ်ဆိုသင့်၏။

## ကိုယ့်ကိုယ်ကိုယ် နှိပ်စက်သည့် နောက်ထပ်အကျင့်တချို့

ကုက္ကုရဝတ္တိကသုတ်၌ ဗုဒ္ဓသည် အလွန်ဆိုးယုတ်သည့် အကျင့်တချို့ကို မိန့်ဆို ထား၏။ ယင်းတို့ကား အချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်၏။

ဗုဒ္ဓသည် ကောလိယဒေသရှိ ဟလိဒ္ဒဝသန မည်သော ရွာ၌ သီတင်းသုံးနေစဉ် မိမိတို့အသီးသီး၏ ဘာသာရေးကျင့်စဉ်အဖြစ်ဖြင့် နွား၏အကျင့်များကို ကျင့်သုံးသည့်



ပုဏ္ဏနှင့် ခွေး၏ အကျင့်များကို ကျင့်သုံးသည့် သေနိယတို့သည် ဗုဒ္ဓကို ဖူးမြင်ရန် ရောက်လာကြ၏။ ပုဏ္ဏသည် ဗုဒ္ဓအားရှိခိုးပြီးနောက် ဗုဒ္ဓအနီး သင့်တော်သည့်နေရာ၌ ထိုင်လေ၏။ သေနိယကား ဗုဒ္ဓအား ရှိမခိုးချေ။ သူသည် ဗုဒ္ဓနှင့် စကားအနည်းငယ် ပြောပြီးနောက် ဗုဒ္ဓအနီး ကြမ်းပြင်ပေါ်၌ ခွေးကဲ့သို့ နေလေ၏။

သူတို့သည် လောဘ၊ ဒေါသ၊ မောဟကဲ့သို့သော ကိလေသာတို့ကိုပယ်သတ်ရန် နည်းလမ်းအဖြစ်ဖြင့် ထိုကဲ့သို့သော အကျင့်များကိုကျင့်သုံးသည့် ဘာသာရေးဂိုဏ်းနှင့် သက်ဆိုင်ကြ၏။ ပုဂ္ဂိုလ်တစ်ဦးသည် မိမိလက်ရှိဘဝ၌ ကိလေသာတို့ကို မပယ်သတ် နိုင်သော်မှပင် ထိုကဲ့သို့သောအကျင့်တို့၏ အစွမ်းဖြင့် နတ်အဖြစ်ဖြင့် ဖြစ်လိမ့်မည်ဟု ဂိုဏ်းဝင်ပုဂ္ဂိုလ်များက မြဲမြံစွာ ယုံကြည်ကြ၏။ သူတို့သည် မိမိတို့၏လက်များ ဖြင့် အစာကို ကောက်မယူချေ။ မိမိတို့၏ ပါးစပ်များဖြင့် မြေပြင်ပေါ်မှအစာကို ကောက်ယူ၍စားကြ၏။ သူတို့သည် ခွေးနွားများကဲ့သို့ မတ်တတ်ရပ်လျက် ဆီး ဝမ်း သွားကြ၏။ သူတို့သည် ခွေး နွား များလို နေထိုင်ကြ၏။ အဝတ်မဝတ်ဘဲ နေကြ၏။

ခဏကြာသော် ပုဏ္ဏသည် ဗုဒ္ဓအား ဤသို့လျှောက်လေ၏။ 'အရှင်ဘုရား၊ မိမိ၏ ဘာသာရေးအကျင့်အဖြစ်ဖြင့် ခွေး၏အကျင့်များကိုကျင့်သုံးသည့် သေနိယသည် အလွန်အမင်းခဲယဉ်းလှသည့် အလုပ်ကို ပြုလုပ်နေပါ၏။ သူသည် မြေပြင်ပေါ်သို့ ပစ်ချ သည့် အစာကို စားပါ၏။ သူသည် ခွေး၏အကျင့်များကို ကာလကြာမြင့်စွာ အပြည့်အဝ ကျင့်သုံးခဲ့ပြီး ဖြစ်ပါ၏။ သူသည် သေလွန်သော် အဘယ်ဘုံမှာ ဖြစ်ပါမည်နည်း'

ဗုဒ္ဓက ဤသို့ ပြန်လည်မိန့်ကြား၏။ 'ဤမေးခွန်းသည် မသင့်၊ ဖယ်ထားလော့။ ဤမေးခွန်းကို ငါ့အား မမေးလင့်' ဗုဒ္ဓက ကန့်ကွက်သော်လည်း ပုဏ္ဏက ဤမေးခွန်း ကို ဆက်မေး၏။ ဗုဒ္ဓက ရှေးနည်းအတိုင်းပင် ပြန်ပြော၍ သို့ရာတွင် ဤမေးခွန်းကို တတိယအကြိမ်မေးပြီးသော် ဗုဒ္ဓက ဤသို့ဖြေကြားလေ၏။ 'ပုဏ္ဏ၊ ဤ မေးခွန်းကို ငါ့အား မမေးရန် ငါတောင်းပန်ခဲ့သော်မှပင် ငါသည် သင့်အား မဆွဲဆောင် နိုင်ခဲ့သော ကြောင့် ယခု သင့်မေးခွန်းကို ငါ ဖြေမည်။ အချို့သောပုဂ္ဂိုလ်တို့သည် ခွေး၏အကျင့် များကို အပြည့်အဝ အဆက်မပြတ် ကျင့်သုံးကြ၏။ ခွေး၏စိတ်ကို အပြည့်အဝ အဆက်မပြတ်မွေးမြူကြ၏။ ခွေး၏ သွားလာလှုပ်ရှားမှုများကို အပြည့်အဝ အဆက် မပြတ် လုပ်ဆောင်ကြ၏။ ထိုကဲ့သို့သောပုဂ္ဂိုလ်တို့သည် သေသောအခါ ခွေးများအဖြစ် ဖြစ်ကြလိမ့်မည်။ သူတို့သည်တန်ခိုးကြီးနတ်များအဖြစ် ယုတ်စွအဆုံး နိမ့်ကျသည့် နတ်များအဖြစ် ပြန်ဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့လျှင် ငရဲ၌ ဖြစ်ကြလိမ့်မည်'

ဤစကားကိုကြားသော် သေနိယသည် ပြင်းစွာငိုလေ၏။ 'ဗုဒ္ဓပြောခဲ့သည့် စကား ကြောင့် မနာပါ၊ ကာလကြာမြင့်စွာ လမ်းမှားသို့ မိမိရောက်ခဲ့ပြီဟူသည့် ယခု သိလာ ရသောကြောင့် ငိုခြင်းဖြစ်ပါ၏'ဟု ဗုဒ္ဓအား ရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် ဗုဒ္ဓအား ဤသို့လျှောက်၏။ 'အရှင်ဘုရား၊ ပုဏ္ဏသည် ကာလကြာမြင့်စွာ နွား၏အကျင့်များကို ကျင့်သုံးခဲ့ပါ၏။ သူသေလွန်သော် အဘယ်ဘုံမှာ ဖြစ်ပါမည်နည်း' ဗုဒ္ဓက ထိုမေးခွန်းကိုလည်း ကန့်ကွက်ခဲ့၏။ သို့ရာတွင် ဗုဒ္ဓသည် သေနိယကို မဆွဲဆောင်နိုင်သည်ကို တွေ့ရသောကြောင့် တတိယအကြိမ် မေးပြီးနောက် သူ့အား ဤသို့ဖြေကြားလေ၏။ 'ထိုပုဂ္ဂိုလ်မျိုးတို့သည် နွား၏အကျင့်များကို အပြည့်အဝ အဆက်မပြတ် ကျင့်သုံးခဲ့လျှင် နွားများအဖြစ်ဖြင့် ပြန်ဖြစ်လိမ့်မည်။ သူတို့သည် ထိုအကျင့်ကြောင့် နတ်များဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့လျှင် ယင်းသည် မှားသောအယူ ဖြစ်သောကြောင့် ငရဲ၌ဖြစ်ကြလိမ့်မည်' ဤစကားကို ကြားသော် ပုဏ္ဏလည်း ကာလကြာမြင့်စွာ လမ်းမှားသို့ မိမိရောက်ခဲ့ပြီဟု သိလာသောကြောင့် ပြင်းစွာ ငိုလေ၏။

သူတို့၏ ပန်ကြားချက်အရ ဗုဒ္ဓသည် 'မကောင်းသောကံ၊ ကောင်းသောကံ၊ ကောင်း မကောင်း ရောသည့်ကံ၊ ကိလေသာတို့ကို ပယ်သတ်သည့်ကံ'ဟူသော ကံတရားလေးမျိုးကို ရှင်းပြသည့် တရားတော်ကိုဟောလေ၏။

[ က။ အောက်ပါတို့သည် ကုသိုလ်ကံ၌ ပါဝင်ကြ၏။

၁။ သတ်ဖြတ်ခြင်း၊ ၂။ ခိုးယူခြင်း၊ ၃။ မှားသောနည်းဖြင့် ကာမချမ်းသာကို ရှာခြင်း၊ ဥပမာ မိမိလင်၊ ဇနီး မဟုတ်သူနှင့် မေထုန်မှီဝဲခြင်းနှင့် အရက်သေစာ သောက်စားခြင်း၊ မုသားပြောခြင်း၊ ၅။ ကုန်းတိုက်ခြင်း၊ ၆။ ကြမ်းတမ်းဆဲရေးသော စကားကိုသုံးခြင်း၊ ၇။ အကျိုးမရှိသည့်စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါးတို့ ပိုင်ဆိုင်သော ဥစ္စာ၊ ရာထူး၊ အာဏာ၊ ဇနီး၊ လင်တို့အား ရရှိလိုသည့်အလိုဆိုးများကို မွေးမြူခြင်း၊ ၉။ သူတစ်ပါးတို့အား နှိပ်စက်ဖျက်ဆီးလိုသည့် အလိုဆိုးများကို မွေးမြူခြင်း၊ ၁၀။ အယူမှားတို့ကို လက်ခံခြင်း၊ ဥပမာ သေပြီးနောက် ဘဝမရှိဟု ယုံကြည်ခြင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ယင်းတို့ကို ပြုမူပြောဆိုကြံစည်ပြီးသည်နှင့် တစ်ပြိုင်နက် ပျောက်ကွယ်သွားကုန်၏ဟု ယုံကြည်ခြင်း၊ မည်သူမျှ မိမိစိုက်ပျိုးခဲ့သည့် အကျိုးဖလကို မရရှိဟု ယုံကြည်ခြင်း၊ ယင်းတို့သည် အယူမှားများဖြစ်၏။

ခ။ အထက်ဖော်ပြပါ မကောင်းမှု ၁၀ ပါးတို့မှ ရှောင်ကြဉ်လျှင် ကုသိုလ်ကံဖြစ်၏။

ဂ။ လုံးဝ ဆိုးသည်လည်းမဟုတ်၊ လုံးဝ ကောင်းသည်လည်းမဟုတ်သော ပုဂ္ဂိုလ်များ ရှိကြ၏။ သူတို့သည် တစ်ခါတစ်ရံ သတ်ဖြတ်ခြင်းကိုပြု၍ တစ်ခါတစ်ရံ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြ၏။ သူတို့သည် တစ်ခါတစ်ရံ ခိုးယူခြင်းကိုပြု၍ တစ်ခါတစ်ရံ ခိုးယူခြင်းမှ ရှောင်ကြဉ်ကြ၏။ ဤနည်းဖြင့် သူတို့သည် ကောင်းသော မကောင်းသော အမှုတို့ကို ပြုလုပ်ကြ၏။ ကောင်းသော မကောင်းသော



စကားတို့ကို ပြောဆိုကြ၏။ ကောင်းသော မကောင်းသောအကြံတို့ကို ကြံစည်ကြ၏။ ဤပုဂ္ဂိုလ်တို့မှာ ကောင်း မကောင်း ရောသောကံရှိကြ၏။

...တစ်စုံတစ်ဦးသည် မဂ်ဖိုလ်များကိုရသည်အထိ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို အားထုတ်ခဲ့လျှင် ထိုကံသည် ကိလေသာတို့ကို ပယ်သတ်သည့်ကံဖြစ်၏။

ပထမကံမျိုးကြောင့် ထိုပုဂ္ဂိုလ်သည် မကောင်းကျိုးများကို ရရှိလိမ့်မည်။ ဒုတိယ ကံမျိုးကြောင့် ကောင်းကျိုးများကို ရရှိလိမ့်မည်။ တတိယကံမျိုးကြောင့် ကောင်း မကောင်းရောသည့်အကျိုးများကို ရရှိလိမ့်မည်။ စတုတ္ထကံမျိုးကြောင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော ဒုက္ခမှ လွတ်မြောက်လိမ့်မည်။]

[ ] အတွင်း၌ ပြဆိုထားသော စာပိုဒ်တို့သည် စာရှုသူတို့၏အဆင်ပြေမှု ...ကွက် စာရေးသူ၏ ရှင်းလင်းချက်ဖြစ်၏။

တရားတော်၏အဆုံး၌ ပုဏ္ဏနှင့် သေနိယတို့သည် ကိုယ့်ကိုယ်ကိုယ်နှိပ်စက်သည့် ...တို့၏ အကျင့်များကို စွန့်ပယ်ကြလေ၏။ ပုဏ္ဏက 'ဗုဒ္ဓံ ဓမ္မံ သံဃံ' ဟူသော ...သုံးပါး၌ ကိုးကွယ်ဆည်းကပ်သည့် ပုဂ္ဂိုလ်အဖြစ် မိမိကိုမှတ်ယူပါရန် ဗုဒ္ဓ... ပန်ကြား၏။ သေနိယက မိမိကိုရဟန်းပြုပေးပါရန် ဗုဒ္ဓအား ပန်ကြား၏။ ...ရှင်သေနိယသည် ဆိတ်ငြိမ်ရာသို့သွား၍ ဝိပဿနာကမ္မဋ္ဌာန်းကို အပြင်းထန်ဆုံး ...ထုတ်ခြင်းကြောင့် မကြာမီပင် မိမိ၏ကိလေသာတို့ကို ပယ်သတ်သည့် စတုတ္ထနှင့် ...က်ဆုံးမဂ်ဖိုလ်ကို ရရှိသွားလေ၏။

## မိမိကိုယ်ကို နှိပ်စက်သည့်အကျင့်များ၏ လွှမ်းမိုးမှု

...ကိုယ်ကို နှိပ်စက်သည့် အကျင့်တို့အနက် တချို့သည် မြောက်မြားလှသော ပုဂ္ဂိုလ် ...ကို ဆွဲဆောင်ခဲ့၏။ ဘုရားလောင်းသည် ထိုသူတို့ထဲ၌ တစ်ဦးအပါအဝင်ဖြစ်၏။ ...သည် ဘုရားလောင်းဖြစ်စဉ်အခါ ဥရုဝေလတော၌ ထိုအကျင့်မျိုး အချို့ကို မည်သို့ ...ခဲ့ပုံကို ယခု ကျွန်ုပ်တို့ ကြည့်ကြစို့။ မဇ္ဈိမနိကာယ်–မူလပဏ္ဏာသ–မဟာ သီဟနာဒ ...၌ ဗုဒ္ဓက ဤသို့ မိန့်ဆိုခဲ့၏။

'သာရိပုတ္တ၊ အပိုင်းလေးပိုင်းရှိသည့် အကျင့်မြတ်ကို ငါကျင့်သုံးခဲ့၏ဟု ငါ ...၏။ ပထမပိုင်းမှာ တရားအားထုတ်သူသည် အလွန်ခြိုးခြံ ကျင့်ခြင်းရှိဖို့လို၏။ ...ပိုင်းမှာ တွယ်တာမှုမရှိဖို့လို၏။ တတိယပိုင်းမှာ သနားကြင်နာမှုရှိဖို့လို၏။ ...ပိုင်းမှာ ဆိတ်ငြိမ်ရာ၌ နေထိုင်မှုရှိဖို့လို၏။ ငါသည် ဤဂုဏ်လေးမျိုးစလုံး၌ ...ပါးတို့ကို သာလွန်ခဲ့၏။ (အလွန်ခြိုးခြံစွာကျင့်ခြင်း၊ တွယ်တာမှုမရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သနားကြင်နာခြင်း၊ ဆိတ်ငြိမ်ရာ၌နေထိုင်ခြင်းဟူသော ဤဂုဏ်လေးပါးတို့ကြောင့် ထို အကျင့်မျိုးကို မှားသောအကျင့်ဖြစ်စေကာမူ မြတ်သောအကျင့်ဟု ဗုဒ္ဓကခေါ်ဆို၏။

'သာရိပုတ္တ၊ ယခု ငါပြောမည့်အရာကား အလွန်ခြိုးခြံစွာကျင့်ခြင်း ဟူသော ပထမဂုဏ်၏ လိုအပ်ချက်တို့ကို ဖြည့်ဆည်းရန် ငါပြုခဲ့သည့်အရာများအကြောင်းဖြစ်၏။

၁။ 'ငါသည် အဝတ်များကို မဝတ်ခဲ့၊ လူ့အကျင့်များကို စွန့်ပယ်ပြီး ငါသည် မတ်တတ်ရပ်လျက်ပင် ကျင်ကြီး ကျင်ငယ်ကို စွန့်ခဲ့၏။ ငါသည် ငါ့ကျင်ကြီးကို ငါ့လက်ချောင်းများဖြင့် သုတ်သင်ခဲ့၏။ တစ်စုံတစ်ဦးက အရှင်ဘုရား၊ ကျွန်ုပ်တို့၏ ဆွမ်းကို လက်ခံရန်ကြွပါဟု ဆို၍ ငါ့ကို ဖိတ်ကြားခဲ့လျှင် ထိုဆွမ်းကို ငါ ငြင်းပယ်ခဲ့၏။ တစ်စုံတစ်ဦးက ကျွန်ုပ်တို့၏ဆွမ်းကို လက်ခံရန် ရပ်ပါဟု ဆိုခဲ့လျှင် ထိုဆွမ်းကို ငါ ငြင်းပယ်ခဲ့၏။ ငါ့အတွက် သီးသန့်ယူလာခဲ့သည့်ဆွမ်းကို ငါ လက်မခံခဲ့။ ငါ့အတွက် သီးသန့်ပြု စီရင်ထားသည့် ဆွမ်းကို ငါလက်မခံခဲ့။ တစ်စုံတစ်ဦးက ဆွမ်းအတွက် သူ့နေရာသို့ ငါ့ကိုဖိတ်ခေါ်ခဲ့လျှင် ငါသွားရန် ငြင်းပယ်ခဲ့၏။ ထမင်းအိုးမှလည်းကောင်း ခြင်းတောင်းမှလည်းကောင်း ယူပေးသည့်ဆွမ်းကို လက်ခံရန် ငါငြင်းပယ်ခဲ့၏။ ဆွမ်းကို တံခါး၏နောက်မှပေးခဲ့လျှင် ထိုဆွမ်းကို ငါ လက်မခံခဲ့။ ငါ့ကို ဒါယကာမှခွဲခြားရန် တုတ်(ဝါ) ကျည်ပွေ့ရှိနေခဲ့လျှင် ထိုဆွမ်းကို ငါ လက်မခံခဲ့။ လူနှစ်ယောက် ထမင်း အတူတူစားနေသည်ကို တွေ့ခဲ့လျှင် ဤလူနှစ်ဦးကပေးလှူသည့် ဆွမ်းကို ငါ လက်ခံမည် မဟုတ်။ ကိုယ်ဝန်ဆောင်မိန်းမက ပေးလှူသည့်ဆွမ်းကို ငါ လက်ခံမည်မဟုတ်။ မိမိ၏ကလေးအား နို့တိုက်နေသည့် မိန်းမထံမှ ဆွမ်းကို ငါ လက်ခံမည်မဟုတ်။ ယောကျ်ားတစ်ဦးနှင့် စကားပြောနေသည်ကို တွေ့ရသော မိန်းမတစ်ဦးထံမှ ဆွမ်းကို ငါ လက်ခံလိမ့်မည်မဟုတ်။ တတိယပုဂ္ဂိုလ်အဖွဲ့၏ တိုက်တွန်းမှုကြောင့် ဆွမ်းကို ပေးလှူခဲ့လျှင် ထိုဆွမ်းကို လက်ခံလိမ့်မည်မဟုတ်။ ဆွမ်းမှ တစ်လုတ်စာကိုရရှိရန် ခွေးတစ်ကောင်က မျှော်လင့်နေသည်ကို တွေ့ရှိခဲ့လျှင် ထိုဆွမ်းကို ငါ လက်ခံလိမ့်မည် မဟုတ်။ ဆွမ်းပေါ်၌ ယင်များနားနေသည်ကိုတွေ့ရှိခဲ့လျှင် ထိုဆွမ်းကို ငါ လက်ခံလိမ့် မည်မဟုတ်။ ငါး၊ အသားများကို ငါ မစားခဲ့။ အရက်ပျော့ အရက်ပြင်း သေရည်များကို ငါ မသုံးဆောင်ခဲ့။ စပါးခွံများအောက်၌ မြုပ်ထားခြင်းဖြင့် ဖောက်လုပ်သောသေရည်ကို ငါ မသုံးဆောင်ခဲ့။ တစ်ခါတစ်ရံ ငါသည် အိမ်တစ်အိမ်မှဆွမ်းကိုခံယူပြီး ထိုဆွမ်း တစ်လုတ်စာကိုသာ စားသုံးခဲ့၏။ တစ်ခါတစ်ရံ အိမ်နှစ်အိမ်မှ ဆွမ်းကိုခံယူပြီး နှစ်လုတ်စာကိုသာစားသုံးခဲ့၏။ ဤနည်းအားဖြင့် ငါဆွမ်းခံရာ အများဆုံးအိမ်အရေ အတွက်သည် ဘယ်တော့မှ ခုနစ်အိမ်ထက် ပိုမည်မဟုတ်။ တစ်ခါတစ်ရံ ခွက်ငယ် တစ်ခုစာ ဆွမ်းဖြင့်သာ ငါ ရောင့်ရဲခဲ့၏။ သို့ရာတွင် ခွက်ငယ်ခုနစ်ခွက်စာ ဆွမ်းထက် ဘယ်တော့မှမပိုခဲ့။ ငါသည် ဆွမ်းကို တစ်ရက်ခြား စားခဲ့၏။ တစ်ခါတစ်ရံ ဆွမ်း



…လျှင် တစ်ခါသာ ငါ စားခဲ့၏။ ဤနည်းဖြင့် တစ်ပတ်လျှင် တစ်ခါသာစားသည် …ထိ ငါ ဆက်သွားခဲ့၏။ တစ်ခါတစ်ရံ နှစ်ပတ်လျှင် တစ်ခါသာ ငါ စားခဲ့၏။

'ငါသည် ဟင်းရွက်စိမ်း၊ ဆန်စိမ်း၊ မြက်သီးများ၊ သားရေစများ၊ နှယ်များ၊ ဖွဲ၊ …နံ့ကွဲ၊ နှမ်းမှုန့်၊ မြက်၊ နွားချေး၊ သစ်မြစ်များ၊ အပင်မှကြွေကျသည့် အသီးအမျိုးမျိုးကို …သုံးခဲ့၏။

'သာရိပုတ္တ၊ တစ်ခါတစ်ရံ ငါသည် ခြံမှ ကျွဲနွားများ ထွက်သွားပြီးသည့်အခါ …ကျောင်းသားများ ခြံ၌ မရှိသည့်အခါမှာ ခြံထဲသို့တွားသွားပြီး နွားငယ်များ၏ ချေးကို …မိလိမ့်မည်။ သာရိပုတ္တ၊ ဤကား ရှေးက ဘယ်တုန်းကမှ ငါ စားလေ့မရှိခဲ့သည့် …စားကို ငါ စားခဲ့ပုံတည်း။

'သာရိပုတ္တ၊ မှန်ကန်သည့်စားသုံးမှုဖြင့် ကိလေသာတို့ကို ပယ်သတ်နိုင်သည်ဟု …ကြည်ကြ၊ ဝါဒဖြန့်ကြသည့် ရဟန်း ပုဏ္ဏားတချို့ရှိကြ၏။ ဆီးသီးများဖြင့် သူတို့ …ရောင့်ရဲကြသည်ဟုဆိုကြ၏။ သူတို့သည် နှမ်းမှုန့်ကိုလည်း စားသုံးကြ၏။ ဆီးဖျော် …ရည်ကိုလည်း သောက်သုံးကြ၏။ ဆီးသီးဖြင့်ပြုလုပ်သည့် အစားအစာအမျိုးမျိုးကိုလည်း …သူတို့စားသုံးကြ၏။ သာရိပုတ္တ၊ ငါသည် တစ်နေ့လျှင် ဆီးသီးတစ်လုံးသာ စားခဲ့ဖူး …သည်ကို ငါ မှတ်မိ၏။ သာရိပုတ္တ၊ ဆီးသီးများသည် ထိုအချိန်က အလွန်ကြီးသည်ဟု …ငင် ယူဆနိုင်၏။ သာရိပုတ္တ၊ ထိုသို့မယူဆလင့်။ ထိုအချိန်က ဆီးသီးတို့သည် …ခုဆီးသီးများလောက်ပင် သေးငယ်ခဲ့ကြ၏။

'သာရိပုတ္တ၊ ကုလားပဲစေ့များဖြင့် သူတို့ ရောင့်ရဲကြသည်ဟု ဆိုကြသည့် ရဟန်း …ဏ္ဏားတချို့ ရှိကြ၏။ တချို့က နှမ်းစေ့များဖြင့် ရောင့်ရဲကြသည်ဟု ဆိုကြ၏။ တချို့ …မှ ဆန်စေ့ဖြင့် ရောင့်ရဲကြသည်ဟု ဆိုကြ၏။ တချို့က ကုလားပဲစေ့ကိုသာမက …ကုလားပဲမှုန့်၊ ကုလားပဲပြုတ်နှင့် ကုလားပဲဖြင့် ပြုစီရင်သည့် အခြား အစားအစာအမျိုးမျိုး …ကိုလည်း စားသုံးကြ၏။ တချို့က နှမ်းစေ့ကိုသာမက နှမ်းမှုန့်၊ နှမ်းပြုတ်နှင့် …နှမ်းဖြင့်ပြုစီရင်သည့် အခြား အစားအစာအမျိုးမျိုးကိုလည်း စားသုံးကြ၏။ တချို့က …ဆန်စေ့ကိုသာမက ဆန်မှုန့်၊ ဆန်ပြုတ်နှင့် ဆန်ဖြင့်ပြုစီရင်သည့် တခြားအစားအစာ …များကိုလည်း စားသုံးကြ၏။ သာရိပုတ္တ၊ ထိုအချိန်က ဆန်စေ့တို့သည် အလွန်ကြီး၏ဟု …ငင် ယူဆနိုင်၏။ ထိုသို့ မယူဆလင့်၊ ထိုအချိန်က ဆန်စေ့တို့သည် ယခုဆန်စေ့များ …လောက်ပင် သေးငယ်ကြ၏။

'တစ်နေ့လျှင် ဆီးသီးတစ်လုံး (ဝါ) ဆန်တစ်စေ့ကိုစားသုံးခြင်းကြောင့် ငါ၏ …ကိုယ်သည် အလွန့်အလွန် ကြုံလှီသွားခဲ့၏။ ကြုံလှီသွားခြင်းကြောင့် ငါ၏ကိုယ်သည် …အင်္ဂါများက ရိုးတံထက်ပိုကြီးသည့် နွယ်တချို့နှင့် တူလိမ့်မည်။ ငါ၏ တင်ပါးတို့သည်

www.burmeseclassic.com

www.burmeseclassic.com


သဲပြင်ပေါ်က ကုလားအုတ်ခြေရာခွက်များနှင့် တူလိမ့်မည်။ ငါ၏ ကျောရိုးသည် လှိုင်းထပုံရှိသည့် ပုတီးကုန်းနှင့် တူလိမ့်မည်။ ငါ၏ နံရိုးတို့သည် ပြိုလဲကျသည့် ဇရပ်ယက်မများနှင့် တူလိမ့်မည်။ ကြုံလှီသွားခြင်းကြောင့် ငါ၏မျက်လုံးတို့သည် မျက်တွင်းများထဲ၌ နိမ့်ဝင် နစ်မြုပ်သွားကြောင်း ရေတွင်းနက်ထဲရှိ နစ်မြုပ်နေသော ရေနှင့်တူကြ၏။ ကြုံလှီသွားခြင်းကြောင့်လည်း အရေခွံလျော့ရဲနေသည့် ငါ၏ ဦးခေါင်းသည် အပင်မှ ဆွတ်ခူးပြီးနောက် လေနှင့်နေပူကြောင့် ခြောက်ကပ်ရှုံ့တွနေသည့် ဘူးသီးနှင့် တူလိမ့်မည်။

'သာရိပုတ္တ၊ ထိုအချိန်က ငါ့ဝမ်းဗိုက်ကိုစမ်းကြည့်သည့်အခါ ငါ့ကျောရိုးကို စမ်းမိနိုင်ခဲ့၏။ ငါသည် ကျောရိုးကို စမ်းကြည့်သည့်အခါ ဝမ်းဗိုက်ကို စမ်းမိနိုင်ခဲ့၏။ သာရိပုတ္တ၊ ဤကြုံလှီသွားခြင်းကြောင့် ငါ၏ ဝမ်းဗိုက်သည်ကျောရိုးနှင့် ထိနေပုံပေါ်ခဲ့၏။ သာရိပုတ္တ၊ ငါသည် ကျင်ကြီးကျင်ငယ်စွန့်ရန် ထလိုက်သည့်အခါ နေရာမှာပင် ခွေလဲကျသွားခဲ့၏။ သာရိပုတ္တ၊ တစ်ခါတစ်ရံ ငါသည် ငါ့ကိုယ်အား သက်သာရာပေးရန် ပွတ်သပ်သည့်အခါ ကြုံလှီသွားခြင်းကြောင့် ဆွေးမြည့်နေသည့် မွေးညင်းတို့သည် ကျွတ်ထွက်သွားခဲ့ကြ၏။

'သာရိပုတ္တ၊ ငါသည် ပိုက်ဆံလျှော်ဖြင့် ပြုလုပ်သည့် အဝတ်(ဝါ)ပိုက်ဆံလျှော်ဖြင့် ရောလုပ်ထားသည့် အဝတ်များကို ဝတ်ခဲ့၏။ ငါသည် အလောင်းကိုပတ်ထားသည့် အဝတ်ဖြင့်ပြုလုပ်သည့် အဝတ်များကိုဝတ်ခဲ့၏။ ငါသည် အမှိုက်ပုံများမှ ကောက်ရသည့် အဝတ်စများဖြင့်ပြုလုပ်သည့် အဝတ်များကို ဝတ်ခဲ့၏။ သစ်ခေါက်များဖြင့် ပြုလုပ်သည့် အဝတ်များကို ငါ ဝတ်ခဲ့၏။ တိရစ္ဆာန်တစ်မျိုး၏ သားရေနက် (ဝါ) ထိုသားရေမှ လှီးဖြတ်သည့် အမျှင်များဖြင့်ပြုလုပ်သည့် အဝတ်များကို ငါ ဝတ်ခဲ့၏။ မြက်တစ်မျိုးဖြင့် ပြုလုပ်သည့် အဝတ်များကို ငါ ဝတ်ခဲ့၏။ လျော့ရဲစွာသီထားသည့် ပျဉ်ချပ်များကို အဝတ်များအဖြစ်ဖြင့် ငါ့ကိုယ်မှာပတ်၍ ငါ ဝတ်ခဲ့၏။ လူ့ဆံပင်ဖြင့်ပြုလုပ်သည့်အဝတ်များကို ငါ ဝတ်ခဲ့၏။ တိရစ္ဆာန်တို့၏ အမြီးမွေးများဖြင့် ပြုလုပ်သည့် အဝတ်များကို ငါ ဝတ်ခဲ့၏။ ငှက်တစ်မျိုးမှ အမွေးတောင်များဖြင့် ပြုလုပ်သည့် အဝတ်များကို ငါ ဝတ်ခဲ့၏။

'သာရိပုတ္တ၊ ငါသည် ငါ၏ ဆံပင်၊ မုတ်ဆိတ်မွေးကို ဆွဲနုတ်လေ့ရှိခဲ့၏။ ငါသည် ထိုင်ရန်ဖိတ်ကြားမှုကို ငြင်းပယ်ကာ အကြိမ်ကြိမ်ပင်ရပ်ခြင်း၊ ဆောင့်ကြောင့်ထိုင်ခြင်းတို့ကို ပြုလိမ့်မည်။ ငါသည် ဆူးများပေါ်၌နေခြင်း၊ အိပ်ခြင်း ပြုလိမ့်မည်။ ငါသည် တစ်နေ့လျှင် သုံးကြိမ် မြစ်ထဲ၌ ကြာမြင့်စွာ နစ်မြုပ်နေလိမ့်မည်။

'သာရိပုတ္တ၊ ဤနည်းဖြင့် ငါသည် ခန္ဓာကိုယ်အား အလွန်အမင်း နာကျင်စေသည့် အကျင့်ကို အမြဲပင် ကျင့်သုံးခဲ့၏။ သာရိပုတ္တ၊ ယခုပြောခဲ့သည်ကား အလွန်ခြိုးခြံ



ကျင့်ခြင်း ဟူသော ပထမဂုဏ်၏ အင်္ဂါရပ်များကို ဖြည့်ကျင့်ရန် ငါလုပ်ဆောင်ခဲ့သည့် အကျင့်ဖြစ်၏။

၂။ 'သာရိပုတ္တ၊ ယခု ငါ ဆိုမည့်အရာကား တွယ်တာမှုမရှိခြင်း ဟူသော ဒုတိယဂုဏ်အင်္ဂါရပ်များကို ဖြည့်ကျင့်ရန် ငါ ပြုလုပ်ခဲ့သည့်အကြောင်း ဖြစ်၏။

'သာရိပုတ္တ၊ နှစ်များစွာတိုင်အောင် မြူမှုန်နှင့် အညစ်အကြေးသည် ငါ၏ ကိုယ်ပေါ်၌ စုပုံခဲ့၏။ ငါ၏ကိုယ်သည် နှစ်များစွာတိုင် မြူမှုန်နှင့် အညစ်အကြေးစုပုံနေရာ သပန်းပင်ငုတ်တိုနှင့် တူခဲ့၏။ ငါသည် မြူမှုန်အညစ်အကြေးတို့ကို ကိုယ်တိုင်ပွတ်တိုက်ရန်ကိုလည်း မစဉ်းစားခဲ့။ ယင်းတို့ကို တစ်စုံတစ်ဦးက ပွတ်တိုက်ပေးမည်ကိုလည်း အလိုမရှိခဲ့။ သာရိပုတ္တ၊ ယခု ငါဆိုခဲ့သည်ကား၊ တွယ်တာမှုမရှိခြင်း ဟူသော ဒုတိယဂုဏ်၏ အင်္ဂါရပ်များကို ဖြည့်ကျင့်ရန် ငါလုပ်ဆောင်ခဲ့သည့်အဖြစ် ဖြစ်၏။

၃။ 'သာရိပုတ္တ၊ ယခု ငါဆိုမည့်အရာကား သနားကြင်နာခြင်း ဟူသော တတိယဂုဏ်၏ အင်္ဂါရပ်များကိုဖြည့်ကျင့်ရန် ငါလုပ်ဆောင်ခဲ့သည့် အကြောင်းဖြစ်၏။

'သာရိပုတ္တ၊ ငါ့မှာ ရေပေါက်များပေါ်၌ပင် သနားကြင်နာခြင်း ရှိခဲ့၏။ ငါသွားရာလမ်း၌ ပြန့်ကြဲတည်ရှိသည့် ရေအိုင်များထဲရှိ တိရစ္ဆာန်ကလေးများ (ရေပေါက်ကလေးများ) ကို သတ်ခြင်းမှ ငါ ရှောင်ကြဉ်သင့်၏ဟူသော အချက်ကိုကိုယ်တိုင်ပင် အစဉ်သိနားလည်နေလျက် ငါ ရှေ့သို့ လျှောက်သွားသည့်အခါ သတိကြီးစွာထား၍ နောက်သို့ လျှောက်ပြန်သွားသည့်အခါ သတိကြီးစွာထားခဲ့၏။ သာရိပုတ္တ၊ ယခုငါဆိုခဲ့သည်ကား သနားကြင်နာခြင်း ဟူသော တတိယဂုဏ်၏ အင်္ဂါရပ်များကို ဖြည့်ကျင့်ရန် ငါလုပ်ဆောင်ခဲ့သည့် အကြောင်းဖြစ်၏။

၄။ 'သာရိပုတ္တ၊ ယခု ငါဆိုမည့်အရာကား ဆိတ်ငြိမ်ရာ၌ နေထိုင်ခြင်း ဟူသော စတုတ္ထဂုဏ်၏ အင်္ဂါရပ်များကိုဖြည့်ကျင့်ရန် ငါလုပ်ဆောင်ခဲ့သည့် အကြောင်းဖြစ်၏။

'သာရိပုတ္တ၊ တစ်ခါတစ်ရံ ငါသည် နွားကျောင်းသားများ၊ ဆိတ်ကျောင်းသားများ၊ သိုးကျောင်းသားများ၊ မြက်ရိတ်သမားများ၊ ထင်းခုတ်သမားများ၊ အလုပ်ကြမ်းသမားများကို တွေ့မြင်ရာ တောကြီးတစ်ခု၌ရှိခဲ့၏။ ထိုအခါ ငါသည် တောတစ်ခုမှ တစ်ခုသို့၊ ချုံတစ်ခုမှ တစ်ခုသို့၊ လျှိုတစ်ခုမှ တစ်ခုသို့၊ တောင်ကုန်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့သွားခဲ့၏။ အဘယ်ကြောင့် ငါဤသို့ပြုခဲ့သနည်း။ တစ်စုံတစ်ဦးကို ငါက မမြင်ရစေရန်နှင့် တစ်ဦးကလည်း ငါ့ကို မမြင်ရစေရန် ငါ ဆုံးဖြတ်ခဲ့သောကြောင့်တည်း။

'သာရိပုတ္တ၊ ထိုအချိန်က ငါသည် လူတို့ကိုမြင်သည့်အခါ တောတစ်ခုမှ တစ်ခုသို့၊ ချုံတစ်ခုမှ တစ်ခုသို့၊ လျှိုတစ်ခုမှ တစ်ခုသို့၊ တောင်ကုန်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့သွားသည့် တောသမင်တစ်ကောင်နှင့် တူခဲ့၏။ သာရိပုတ္တ၊ ယခု ငါဆိုခဲ့သည်ကား

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်ရာ၌ နေထိုင်ခြင်းဟူသော စတုတ္ထဂုဏ်၏ အင်္ဂါရပ်များကို ဖြည့်ကျင့်ရန် ငါ လုပ်ဆောင်ခဲ့သည့် အကြောင်းဖြစ်၏။

၅။ 'သာရိပုတ္တ၊ အလွန်ခြိုးခြံစွာကျင့်ခြင်း၊ တွယ်တာမှုမရှိခြင်း၊ သနားကြင်နာခြင်း၊ ဆိတ်ငြိမ်ရာ၌နေထိုင်ခြင်း ဟူသော ဂုဏ်လေးပါးတို့၏ အင်္ဂါရပ်များကို ဖြည့်ကျင့်ခဲ့သည့်အပြင် ငါသည် အညီအမျှထားခြင်း (ဥပေက္ခာ) ဟူသော ပဉ္စမဂုဏ်၏ အင်္ဂါရပ်များကိုလည်း ဖြည့်ကျင့်ခဲ့၏။

'သာရိပုတ္တ၊ တစ်ခါတစ်ရံ ငါသည် အလွန်ကြောက်ဖွယ်ကောင်းသည့် တောထဲသို့ သွားခဲ့၏။ မိမိတို့၏ ကိလေသာများကို မပယ်သတ်ရသေးသော ပုဂ္ဂိုလ်တို့သည် ထိုတောထဲသို့ ဝင်သွားခဲ့လျှင် အများအားဖြင့် ကြောက်စိတ်ဖြင့် တုန်လှုပ်သွားကြလိမ့်မည်။ သာရိပုတ္တ၊ အလွန်အမင်းအေးလှသည့် ဆောင်းရာသီ၌ ငါသည် ထိုတောအနီးရှိ လွင်တီးခေါင်၌ ညအခါနေထိုင်ခဲ့၏။ ငါသည်နေ့အချိန်၌ ထိုတောထဲသို့ ဝင်သွားခဲ့၏။ အလွန်အမင်း ပူပြင်းသည့် နွေအခါ၌ ငါသည် နေ့အချိန်မှာ လွင်တီးခေါင်၌နေ၍ ညအချိန်မှာ တောထဲသို့ ဝင်သွားခဲ့၏။ သာရိပုတ္တ၊ တစ်နေ့သ၌ ရှေးက ဘယ်တုန်းကမှ ငါ မကြားဖူးသည့် အလွန်အံ့ဖွယ်ကောင်းသော ဂါထာတစ်ပုဒ်သည် ငါ့စိတ်ထဲ၌ ပေါ်လာခဲ့၏။ ယင်းကား အောက်ပါအတိုင်း ဖြစ်၏။

'တစ်ဦးတည်းနေသော အဝတ်မဝတ်သည့် ရဟန်းသည် လွန်ကဲသော အပူနှင့် အအေးကိုခံကာ ကြောက်ဖွယ်ကောင်းသည့်တောကြီးထဲ၌ (ပင့်သက်ရှူနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်သောသူတို့မှ ကွေ့ကွင်းခြင်းကဲ့သို့သော ဒုက္ခ၏ အဆုံးဖြစ်သော) နိဗ္ဗာန်ကို ရှာဖွေနေ၏။

'သာရိပုတ္တ၊ သုသာန်ထဲ၌ ငါသည် လူ့အရိုးစုများကို ငါ၏ ခေါင်းအုံးများအဖြစ် အသုံးပြုကာ အိပ်ခဲ့၏။ သာရိပုတ္တ၊ နွားကျောင်းသားငယ်တို့သည် ငါ့ထံလာ၍ ငါ့အပေါ်မှာ တံတွေးထွေးခဲ့ကြ၏။ သူတို့သည် ငါ့အပေါ်မှာ သေးပေါက်ခဲ့ကြ၏။ သူတို့သည် ငါ့အပေါ်မှာ မြူမှုန်များကို သွန်ချခဲ့ကြ၏။ ငါ့နားထဲသို့ တုတ်များကို ထိုးသွင်းခဲ့ကြ၏။ သာရိပုတ္တ၊ ဤနွားကျောင်းသားငယ်များအပေါ် ငါအံ့မျက်ထားရှိခဲ့သည်ဟု ငါ မမှတ်မိချေ။ သာရိပုတ္တ၊ ငါပြောခဲ့သည်ကား အညီအမျှထားခြင်း (ဥပေက္ခာ) ဟူသော ပဉ္စမဂုဏ်၏ အင်္ဂါရပ်များကို ဖြည့်ကျင့်ရန် ငါ ပြုလုပ်ခဲ့သည့် အကြောင်းဖြစ်၏။

'သာရိပုတ္တ၊ ပြင်းထန်သည့် ဒုက္ခများကို ရင်ဆိုင်လျက် ဤဂုဏ်ငါးပါးတို့၏ အင်္ဂါရပ်များကို ဇွဲကြီးစွာဖြင့် ငါ ဖြည့်ဆည်းခဲ့ပြီးသော်လည်း ထိုဂုဏ်တို့သည် ဒုက္ခ၏ အဆုံး (နိဗ္ဗာန်)သို့ရောက်ကြောင်း မှန်ကန်သည့် မဂ္ဂင်ငါးပါးသာ ဖြစ်ခဲ့မည်ဆိုလျှင် ကုသလကမ္မပထတရား (မေ့ပါလ ၃၀–၂၈ ကြည့်) ထက် များစွာ သာလွန်သော ငါ့အား အရိယပုဂ္ဂိုလ်အဖြစ် ဧကန်ပြုပေးမည်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်များ (အဓိကဉာဏ်များ)ကို ငါ မရရှိခဲ့ချေ။ အဘယ့်ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ငါ မရရှိခဲ့သနည်း။ ထိုအချိန်က ငါသည် ဒုက္ခ၏အဆုံး (နိဗ္ဗာန်)သို့ အလွန်ကောင်းစွာ ဆောင်ပေးနိုင်သည့် အင်္ဂါရှစ်ပါးရှိ အရိယမဂ္ဂင်နှင့်လျော်ညီစွာ လမ်းမှန်အတိုင်း တရားအားမထုတ်ခဲ့သေးသောကြောင့်တည်း။'



အထက်ပါဖြည့်ကျင့်မှုတို့သည် မိမိအလိုရှိသည့် နိဗ္ဗာန်ဟူသော အကျိုးရလဒ်ကို ပေးခဲ့နိုင်သောကြောင့် ဘုရားအလောင်းသည် နောက်တစ်ဆင့် တစ်မျိုးလုပ်ဆောင်ရန် ဆုံးဖြတ်လေ၏။

လုပ်ဆောင်ပုံများကို မရှင်းပြမီ အရေးကြီးသည့် အချက်တစ်ခုကို ဤနေရာ၌ ဖော်ပြရပေမည်။ ဘုရားအလောင်းဖွားမြင်ပြီးနောက် မကြာမီပင် မိမိ၏ဖခင် သုဒ္ဓေါဒနမင်းကြီးသည် ပုရောဟိတ်ရှစ်ယောက်နှင့် တိုင်ပင်ခဲ့သည်ကို မှတ်မိပေလိမ့်မည်။ အငယ်ဆုံးပုရောဟိတ်က မင်းသားသည် ဗုဒ္ဓ (ဘုရား)မှ တစ်ပါး အခြား ဘာမျှဖြစ်မည် မဟုတ်ဟု နိမိတ်ဖတ်ကြားခဲ့၏။ ထိုပုရောဟိတ်ငယ်သည် ထိုသို့ နိမိတ်ဖတ်ကြားပြီးနောက် မကြာမီပင် တောထွက်သွားခဲ့၏။ သူ့မိတ်ဆွေ လေးဦးတို့သည် သူ့နောက်လိုက်ပါခဲ့ကြ၏။ သူတို့သည် ရဟန်းပြုပြီး ဗုဒ္ဓ၏ ပထမဆုံးတရားကို နာကြားရမည့်နေ့ကို သည်းခံစောင့်နေခဲ့ကြ၏။ ဘုရင်သိဒ္ဓတ္ထသည် တောထွက်ပြီး ရဟန်းပြုသွားပြီဟု ကြားသောအခါ သူတို့သည် ဘုရားအလောင်းကိုရှာဖွေရင်း တစ်နေရာမှ တစ်နေရာသို့ သွားခဲ့ကြ၏။ သူတို့သည် ဘုရားအလောင်းအား ကိုယ့်ကိုယ်ကိုယ် နှိပ်စက်သည့်(တဝ) အကျင့်များကျင့်ပြီးနောက် မကြာမီပင် တွေ့ခဲ့ကြ၏။ ကြီးမားသောဆုံးဖြတ်ချက် ခိုင်လုံလဖြင့် ဤ (တပ) အကျင့်များ ကျင့်ကြံအားထုတ်နေသည်ကို တွေ့ရ၍ သူတို့ အလွန့်အလွန် အားရခဲ့ကြ၏။ ဘုရားအလောင်းသည် ဧကန်ပင် ဘုရား (ဗုဒ္ဓ)ဖြစ်မည်ဟု ခိုင်မာစွာ ယုံကြည်သောကြောင့် သူတို့သည် ဘုရားအလောင်းနှင့်အတူနေပြီး သူ့အား အလွန်ရိုသေစွာ လုပ်ကျွေးခဲ့ကြ၏။

## နောက်ထပ် လုပ်ဆောင်မှုများ

အောက်ပါတို့သည် တစ်ခုပြီးတစ်ခု ဘုရားလောင်းပြုလုပ်သည့် လုပ်ဆောင်မှုများဖြစ်၏။

၁။ သူသည် ကောင်းသောအာရုံများ၌ မိမိ၏စိတ်ကို စူးစိုက်ရှုခဲ့၏။ ဤနည်းဖြင့် သူသည် မကောင်းသော အကြံအစည်များကို မဖြစ်ပေါ်အောင် တားဆီးနိုင်ခဲ့၏။

၂။ နောက်မကြာမီပင် သူသည် အပ္ပာဏက–ဈာနဟုခေါ်သော နောက်တစ်ဆင့်ကို ဆောင်ခဲ့၏။ အပ္ပာဏက–ဈာနဟု ခေါ်ဆိုခြင်းကား ထိုဈာန်ကိုအားထုတ်သော ...လ်သည် အသက်ရှူခြင်းကို အတင်းအကျပ် ရပ်ဆိုင်းစေရန် ထိုအပ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဘုရားအလောင်းသည် မိမိ၏နှာခေါင်းနှင့် ပါးစပ်ကို ပိတ်ထားခဲ့၏။ သူသည် ထိုအလုပ်ကို သူစွမ်းနိုင်သလောက် များစွာလုပ်ဆောင်၍ အလွန်နာကျင်ပြီး အားကုန်သွားသည်အထိ ထပ်ကာ ထပ်ကာ လုပ်ဆောင်ခဲ့၏။ ထိုသို့ကျင့်ကြံသည့် အတွင်းမှာ ပြင်းထန်သည့် အတွင်းလေသည် သူ့နားများထဲမှ အတင်းတိုးထွက်လာပြီး ပန်းပဲ၏ ဖားဖိုမှထွက်လာသည့် အသံများကဲ့သို့ အသံများကို ဖြစ်ပေါ်စေခဲ့၏။

၃။ မကြာမီပင် သူသည် နှာခေါင်းနှင့် ပါးစပ်ကိုပိတ်သည့်အပြင် မိမိ၏ နားများကိုပါ ပိတ်ထားခဲ့၏။ ထိုအခါ အတွင်းလေသည် ဦးခေါင်းသို့ အတင်းတိုးဝင်သွားခဲ့၏။ ဘုရားအလောင်းသည် မိမိ၏ဦးခေါင်းကို လူတစ်ဦးက ချွန်ထက်သည့်ကိရိယာဖြင့် ထိုးဆွနေသလို ခံစားခဲ့ရ၏။

၄။ ဘုရားအလောင်းသည် ကြီးမားသည့် လုံ့လဖြင့် ထိုအကျင့်ကို ဆက်လက်အားထုတ်ခဲ့၏။ ယင်း၏ အကျိုးရလဒ်အဖြစ် သူသည် မကြာမီပင် ပြင်းထန်သည့် ခေါင်းခဲနာကို ရရှိခဲ့၏။ သူသည် မိမိ၏ဦးခေါင်းကို လူတစ်ဦးက သားရေကြိုးပိုင်းဖြင့် အလွန်တင်းကြပ်စွာ ဖွဲ့ချည်ထားသလို ခံစားခဲ့ရ၏။

၅။ ဘုရားအလောင်းသည် ထိုတပအကျင့်ကို မလျှော့သော ဖွဲလုံ့လဖြင့် ဆက်လက်အားထုတ်ခဲ့၏။ သူသည် မိမိ၏ အူမကြီးများကို သားသတ်သမားက ထက်စွာသော ဓားဖြင့် လှီးဖြတ်နေသလို ခံစားခဲ့ရ၏။

၆။ ဘုရားအလောင်းသည် ထိုအကျင့်ကို ပို၍ပင် ကြီးမားသည့်လုံ့လဖြင့် ဆက်လက်အားထုတ်ခဲ့၏။ သူသည် မိမိကို အားကောင်းသည့် လူနှစ်ဦးက ဆွဲငင်ပြီး မီးကြီးပေါ်၌ ဖုတ်ကင်သလို ခံစားခဲ့ရ၏။

ထိုအချိန်၌ သူသည် မိမိစားသုံးမည့်အစာ နည်းပါးလွန်းမှုကြောင့် အလွန်အမင်းအားနည်းလာခဲ့၏။ ထို့ကြောင့် ဘုရားလောင်းသည် ပြင်းထန်လှသည့် (တပ) အကျင့်၏ ထိုကဲ့သို့သော ဖိစီးမှုဒဏ်ကို မခံနိုင်လာသောကြောင့် ခွေလဲကျသွားပြီး သတိမေ့သွားခဲ့၏။

ဤသို့ဖြစ်သောအခါကား အကြမ်းဖျင်းအားဖြင့် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန် (မေလခန့်) လဆန်း ၁ ရက်ဖြစ်၏။ ယင်းကား သူ ဗုဒ္ဓမဖြစ်မီ ၁၅ ရက်ခန့်ဖြစ်၏။

## အယူမှားကို စွန့်ပယ်ခြင်း

ဘုရားအလောင်းသည် သတိပြန်ရသောအခါ အောက်ပါအတိုင်း စဉ်းစားလေ၏။

'အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ရှိ မည်သည့်လူသားအဖို့မျှ ငါပြုလုပ်ခဲ့သည်ထက် ပို၍ ပြုလုပ်ရန် ဖြစ်နိုင်လိမ့်မည်မဟုတ်။ ငါသည် အစွမ်းကုန် အားထုတ်ခဲ့သော်လည်း



ဖြစ်ခဲ့ချေ။ ယခု ရှင်းလင်းသိသာပေပြီ။ မိမိကိုယ်ကို နှိပ်စက်သည့် ဤတပအကျင့်ဖြင့် ဗုဒ္ဓအဖြစ်ကို ငါ မရရှိနိုင်ချေ။ ငါ့အား ကေန်ဗုဒ္ဓဖြစ်စေနိုင်သည့် အကျင့်သည် မိမိကိုယ်ကိုနှိပ်စက်သည့် ဤအကျင့်တို့မှ လုံးဝ ခြားနားကြရမည်။ ယင်းအကျင့်တို့ကား အဘယ်နည်း'

ဘုရားလောင်းသည် လေးနက်စွာစဉ်းစားပြီးနောက် မကြာမီပင် မိမိ၏မင်းသား ငယ်ရွယ်စဉ်အခါက မိမိအားထုတ်ခဲ့ဖူးသည့် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ရလေ၏။ အာနာပါနဿတိသည် အာန+အပါန+သတိ ဟူသော စကားလုံး လုံးပေါင်းထားသည့် ပုဒ်ဖြစ်၏။ အာနသည် ထွက်လေကို ဆိုလို၏။ အပါန ဝင်လေကို ဆိုလို၏။ သတိသည် သိမှတ်ခြင်းကို ဆိုလို၏။ ထို့ကြောင့် အာနာ ဿတိ ဟူသည် မိမိ၏ စိတ်ကို ဝင်လေ ထွက်လေအပေါ် စူးစိုက် ရှုမှတ်ခြင်းဖြင့် ၏ တည်ကြည်မှု သမာဓိကို တည်ဆောက်ခြင်းကို ဆိုလို၏။

ဘုရားလောင်းသည် ယင်းအကျင့်ကို ဗုဒ္ဓအဖြစ်သို့ရောက်စေသည့် လမ်းမှန်ဟု စားပြီး ထိုသို့ပြုကျင့်ရန် ခန္ဓာကိုယ်ကြံ့ခိုင်သည်နှင့်တစ်ပြိုင်နက် ယင်းအကျင့်ကို င် အားထုတ်ရန် ဆုံးဖြတ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

## အာနာပါနသတိ၏ အရေးပါမှု

အာနာပါနသတိကို ကျင့်ကြံရန်ဆုံးဖြတ်ခြင်းသည် အလွန့် အလွန် အရေးပါသည့် ဆုံးဖြတ်ချက်ဖြစ်၏။ အမှန်အားဖြင့် ယင်းသည် ဗုဒ္ဓဖြစ်ခြင်းသို့ ရှည်လျားခက်ခဲလှ... သူ လျှောက်လှမ်းရာ၌ အလှည့်အပြောင်းတစ်ခုဖြစ်၏။ ယင်းသည် အလွန့်အလွန် အရေးပါသည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်းစာရှုသူတို့အား နားလည်နိုင်စေရန် ဤနေရာ... ရှင်းလင်းချက်ပေးသင့်၏။

ကမ္မဋ္ဌာန်းအားထုတ်ရာ၌ အဓိက နည်း နှစ်နည်း ရှိ၏။ ယင်းတို့ကား

၁။ အပြင်အာရုံများပေါ်၌ မိမိ၏စိတ်ကို စူးစိုက်ရှုစေခြင်း၊ ဤအာရုံတို့သည် ရုပ်အာရုံ၊ နာမ်အာရုံတစ်ခုခု ဖြစ်နိုင်၏။ (သမာဓိဆိုင်ရာအခန်းကို ကြည့်...) ဤနည်းကို သမထဘာဝနာဟု ခေါ်၏။ သမထ ဟူသည် စိတ်၏ တည်ကြည်... ကို ဆိုလို၏။ ဘာဝနာ ဟူသည် ကမ္မဋ္ဌာန်းအားထုတ်ပွားများမှုကို ဆိုလို၏... ထို့ကြောင့် သမထဘာဝနာ ဟူသည် အပြင်အာရုံများပေါ်၌ စူးစိုက်ခြင်း... စိတ်၏ တည်ငြိမ်မှုကို ရရှိဖို့အတွက် ကမ္မဋ္ဌာန်းအားထုတ်ခြင်း ဖြစ်၏။

၂။ မိမိကိုယ်အပေါ်၌ စိတ်ကို စူးစိုက်ရှုခြင်း။ (ပညာဆိုင်ရာအခန်းကိုကြည့်...) ဤနည်းကို ဝိပဿနာဘာဝနာဟုခေါ်၏။ ဝိပဿနာဟူသည် ဝိ နှင့် ပဿနာ... ပုဒ်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်၏။ ဝိ သည် ထင်ရှားသေချာစွာဟု ဆိုလို၏... ပဿနာသည် သိမှတ်ခြင်းကို ဆိုလို၏။ ဘာဝနာ ဟူသည် ကမ္မဋ္ဌာန်း အားထုတ်... ပွားများမှုဟု ဆိုလို၏။ ထို့ကြောင့် ဝိပဿနာဘာဝနာ ဟူသည် မိမိကိုယ်အပေါ်... စူးစိုက်ခြင်းဖြင့် နာမ်နှင့်ရုပ်တို့၏ သဘောအမှန်ကို ထင်ရှားသေချာစွာ သိမြင်ဖို့အတွက် ကမ္မဋ္ဌာန်း အားထုတ်ပွားများခြင်း ဖြစ်၏။

သမထဘာဝနာကိုသာ အားထုတ်သောသူသည် အပြင်အာရုံအပေါ်၌ မိမိ... စိတ်ကို ရှုမှတ်စေသောကြောင့် မိမိ၏နာမ်နှင့် ရုပ်ခန္ဓာ၏ သဘောအမှန်ကို ဘယ်... သိမြင်လိမ့်မည်မဟုတ်။ သူသည် ယင်းသဘောအမှန်ကို မသိမြင်လျှင် မိမိ၏နာ...



...ခန္ဓာကို ဘယ်တော့မှ ငြီးငွေ့လိမ့်မည် မဟုတ်။ သူသည် ထိုငြီးငွေ့မှုမရှိခဲ့လျှင် ...သယခုနစ်ပါးကို ပယ်သတ်နိုင်သည့် မဂ်ဖိုလ်ဉာဏ်ကို ဘယ်တော့မှ ရရှိမည်မဟုတ်။ ...ဆက်အနေဖြင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ...ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ပြင်းစွာပူပန်ခြင်း၊ မိမိရွံ့မုန်းသည့်သတ္တဝါ၊ ဝတ္ထုတို့နှင့် ...နေရခြင်း၊ မိမိချစ်အပ်သည့် သတ္တဝါ၊ ဝတ္ထုတို့နှင့် ကွေကွင်းရခြင်း၊ လူတို့၏ ...ဆန္ဒများ မပြည့်ဝခြင်းတည်းဟူသော အဆုံးမရှိသည့် ဘဝသံသရာ လည်ရမှုကို ... ရရှိလိမ့်မည်။

ဝိပဿနာဘာဝနာကို အားထုတ်ပွားများသောသူသည် မိမိကိုယ်ပေါ်၌ မိမိ၏ ...ကို ရှုမှတ်စေသောကြောင့် မိမိ၏နာမ်နှင့် ရုပ်ခန္ဓာ၏ သဘောအမှန်ကို သိမြင် ...မည်။ သူသည် ထိုသဘောအမှန်ကို သိမြင်လျှင် မိမိ၏နာမ်နှင့် ရုပ်ခန္ဓာကို ...ငွေ့လိမ့်မည်။ သူသည် ထိုငြီးငွေ့မှုရှိခဲ့လျှင် အနုသယခုနစ်ပါးကို ပယ်သတ်နိုင်မည့် ...ဖိုလ်ဉာဏ်များကို ရလိမ့်မည်။

ပုဂ္ဂိုလ်တစ်ဦးသည် နည်းလေးနည်းကို အသုံးပြုခြင်းဖြင့် မိမိကိုယ်အပေါ်၌ ...၏ စိတ်ကို အပြည့်အဝ ရှုမှတ်ထားစေနိုင်၏။ ယင်းနည်းတို့ကား အောက်ပါအတိုင်း ...၏။

၁။ မိမိကိုယ်နှင့်ဆိုင်သည့် အရာရာတိုင်း၌ မိမိစိတ်ကို စွဲမြဲစွာ ရှုမှတ်နေစေခြင်း။

၂။ မိမိ၏ ခံစားမှု ဝေဒနာများနှင့်ဆိုင်သည့် အရာရာတိုင်း၌ မိမိစိတ်ကို စွဲမြဲစွာ ရှုမှတ်နေစေခြင်း။

၃။ မိမိစိတ်နှင့်ဆိုင်သည့် အရာရာတိုင်း၌ မိမိစိတ်ကို စွဲမြဲစွာ ရှုမှတ်နေစေခြင်း။

၄။ မိမိ၏ စိတ်အကြံများနှင့်ဆိုင်သည့် အရာရာတိုင်း၌ မိမိစိတ်ကို စွဲမြဲစွာ ရှုမှတ်နေစေခြင်း။

ဗုဒ္ဓသည် ဤနည်းလေးပါးကို သတိပဋ္ဌာနဟု ခေါ်၏။ ယင်းသည် သတိ+ ...ဋ္ဌာန ဟူသော ပုဒ်နှစ်ခုကို ပေါင်းစပ်ထားခြင်း ဖြစ်၏။ သတိ ဟူသည် ရှုမှတ်ခြင်း ...၏။ ဥပဋ္ဌာန ဟူသည် (အာရုံ၌) စွဲမြဲသောဟု ဆိုလို၏။ ထို့ကြောင့် သတိပဋ္ဌာန ...သည် မိမိ၏ နာမ်ရုပ်အပေါ်၌ မိမိ၏ရှုမှတ်မှုကို စွဲမြဲစွာထားဖို့အတွက် နည်းများဟု ...၏။

ပုဂ္ဂိုလ်တစ်ဦးသည် သတိပဋ္ဌာန် နည်း လေးပါးကို အသုံးမပြုမီ စိတ်၏ ...ကြည်မှုကို ရယူနိုင်လျှင် အလွန်ကျေးဇူးများပေမည်။ စိတ်တည်ကြည်မှုကို ...အတွက် ထားရှိသော ဘာဝနာ ၄၀ (ဝါ) ကမ္မဋ္ဌာန်း ၄၀ ထဲတွင် အာနာပါန ...သည် သတိပဋ္ဌာန်နည်း လေးပါးကို အသုံးမပြုမီ အောက်ပါအကြောင်းများ ...င့် ကျင့်သုံးရန်အကောင်းဆုံး ကမ္မဋ္ဌာန်းအားထုတ်နည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အာနာပါနသတိမှာ အဓိက အဆင့်သုံးခုရှိ၏။ ယင်းတို့ကား ၁။ ဂဏနာ (ဝင်လေ၊ ထွက်လေကို ရေတွက်ခြင်း)၊ ၂။ အနုဗန္ဓနာ (ဝင်ထွက်လေ၏ ရှည်လျားမှု အပေါ်၌ ရှုမှတ်နေခြင်း)၊ ၃။ ဌပနာ (ဒုတိယအဆင့် အောင်မြင်စွာပြီးစီးခြင်းသို့ ရောက်သောအခါ ယောဂီပုဂ္ဂိုလ်ရရှိသည့် စိတ်၏အာရုံအပေါ်၌ စူးစိုက်ရှုမှတ်နေခြင်း)။ [ ဤအဆင့်များအကြောင်းကို သမာဓိဆိုင်ရာအခန်း၌ ပြည့်စုံစွာ ရှင်းပြထား၏။ ]

ယောဂီပုဂ္ဂိုလ်သည် စိတ်၏အာရုံကို ရရှိသည့်ကာလတိုင်အောင် ဝင်လေထွက်လေ၏ ထိခိုက်မှုကို ပို၍ထင်ရှားအားကောင်းစွာ ခံစားသိရှိနိုင်သည့် မိမိ၏ နှာခေါင်းပေါက် (ဝါ) အထက်နှုတ်ခမ်း တစ်ခုခုအပေါ်၌သာ ရှုမှတ်နေရမည်။ ဤအချက်သည် သတိပဋ္ဌာန်နည်း လေးပါး၏အကြိုခံစားမှုကို ပေးလိမ့်မည်။ ထို့ကြောင့် အာနာပါနသတိကို ဝိပဿနာ ဘာဝနာအတွက် မှန်ကန်သော အခြေခံအဖြစ် မှတ်ယူထားခြင်းဖြစ်၏။

အာနာပါနသတိကို ချီးကျူးသည့်အနေဖြင့် ဗုဒ္ဓက ဤသို့မိန့်ဆိုခဲ့၏။ အာနာပါနသတိ၏ ဂုဏ်တို့ကား ကြီးမား၏။ ရဟန်းတို့၊ ပုဂ္ဂိုလ်တစ်ဦးသည် အာနာပါနသတိကို အားထုတ်လျှင် ယင်းကို ထပ်ကာ ထပ်ကာ အကြိမ်များစွာ ပြုကျင့်လျှင် ယင်းသည် သူ့အား သတိပဋ္ဌာန်နည်းလေးပါးကို ပြည့်ဝကုံလုံစွာ အသုံးပြုနိုင်စေလိမ့်မည်။ သူသည် ထိုနည်းလေးပါးကို ပြည့်ဝကုံလုံစွာ အသုံးပြုခဲ့လျှင် ယင်းတို့ထပ်ကာ ထပ်ကာ အကြိမ်များစွာပြုကျင့်လျှင် ယင်းသည် သူ့အား ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပြည့်ဝကုံလုံစွာ ကျင့်ကြံနိုင်စေလိမ့်မည်။ သူသည် ဗောဇ္ဈင်ခုနစ်ပါးကို ထပ်ကာ ထပ်ကာ အကြိမ်များစွာ ကျင့်ကြံလျှင် ယင်းသည် သူ့အား မဂ် ဖိုလ် ဉာဏ်များကို ပြည့်ဝကုံလုံစွာ ရယူနိုင်စေလိမ့်မည်။

ဗုဒ္ဓ ချီးကျူးစကား၏ အချုပ်ကား ဤသို့ဖြစ်၏။ အာနာပါနသတိ၏ ဂုဏ်ကား ကြီးမား၏။ ယင်းသည် ပုဂ္ဂိုလ်တစ်ဦးအား ကိလေသာတို့ကို ပယ်သတ်နိုင်သည့် မဂ် ဖိုလ် ဉာဏ်များကို ရရှိအောင်ကူညီပေးနိုင်၏။

## သတိပဋ္ဌာန်၏ အရေးပါမှု

ယောဂီ (တရားအားထုတ်သူ)သည် အာနာပါနသတိကို အားထုတ်ခြင်းဖြင့် လုံလောက်သော စိတ်တည်ကြည်မှုကိုရရှိပြီးသော် သတိပဋ္ဌာန်နည်းလေးပါးကို အသုံးပြုခြင်းဖြင့် မိမိကိုယ်၏ အခြားအစိတ်အပိုင်းများသို့ ရွှေ့ပြောင်းရန် လိုအပ်လိမ့်မည်။

သတိပဋ္ဌာန်အကြောင်းကို ပညာဆိုင်ရာအခန်း၌ အလွန်ပြည့်စုံစွာ ရှင်းပြထား၏။ သို့ရာတွင် ယင်း၏ အဓိကအချက်အချို့ကို ဤနေရာ၌ဖော်ပြလျှင် စာရှုသူတို့အား အသုံးဝင်လိမ့်မည်။ ဤအဓိကအချက်တို့သည် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်အားလုံး၏ အဓိကတွေ့ကြုံခံစားရမှုတချို့ကို စာရှုသူတို့အား ထုတ်ပြလိမ့်မည်။ ဘုရားအလောင်းသည် မိမိ၏ နောက်ဆုံးအချိန်၌ မိမိ၏ ကိလေသာအားလုံးကို ပယ်သတ်ခဲ့သည့် မဂ် ဖိုလ် ဉာဏ်များဆီသို့ မည်သို့ မှန်မှန်လျှောက်လှမ်းခဲ့သည်ကိုလည်း စာရှုသူတို့အား ယင်းက သိမြင်နိုင်စေလိမ့်မည်။



ယောဂီသည် မဂ် ဖိုလ်ကို မရမီမှာ အဆင့် ၁၂ ဆင့်ကို ဖြတ်သန်းသွားရလိမ့်မည်။ ပထမအဆင့်မှ ၁၂ ခုမြောက်အဆင့်အထိ ဤအဆင့်များအသီးသီးအတွင်း၌ သူသည် လိုက်လျော်သည့် ဉာဏ်အမြင်ကို ရရှိလိမ့်မည်။ လတ်တလောအနေဖြင့် ဤဉာဏ် ၁၂ ပါးကို ဝိပဿနာဉာဏ်များဟု ခေါ်လိမ့်မည်။ ဘုရားအလောင်းမှ အနိမ့်ဆုံး အရိယာလောင်းလျာများအထိ (အရိယာဟူသည် မဂ်လေးပါးတွင် တစ်ပါးပါးကိုရရှိပြီး သူများ ဖြစ်၏) မည်သူမျှ ဤ ၁၂ ဆင့်လုံးကို ဖြတ်သန်းမသွားလျှင် မဂ်ဖိုလ်ကို ရရှိလိမ့်မည် မဟုတ်။

နည်းလေးပါးကို အသုံးပြုခြင်းဖြင့် ယောဂီသည် မိမိ၏သိမှတ်မှုကို မိမိ၏ နာမ်နှင့် ရုပ်ခန္ဓာအပေါ်၌ မြဲမြဲစွာ စူးစိုက်ထားရှိလိမ့်မည်။ မိမိ၏ နာမ်နှင့်ရုပ်ခန္ဓာကို မြဲမြဲစွာ ရှုမှတ်မှုကြောင့် သူသည် မိမိ၏နာမ်နှင့် ရုပ်ခန္ဓာ၏ သဘောအမှန်ကို ရှင်းလင်း သေချာစွာ သိမြင်နိုင်၏။ ဗုဒ္ဓက 'သမာဟိတော ယထာဘူတံ ဇာနာတိပဿတိ– စိတ်၏ တည်ကြည်မှုသည် ပုဂ္ဂိုလ်တစ်ဦးအား သဘောအမှန်ကို သိမြင်နိုင်စေလိမ့်'ဟု မိန့်ဆိုခဲ့၏။ ယောဂီသည် မဂ် ဖိုလ်ဉာဏ်များဆီသို့ တစ်ဆင့်မှတစ်ဆင့် ပြောင်းရွှေ့သွားသည့်အခါ မလွဲမသွေ သိမြင်ရမည့် မှတ်တိုင်များကို ယခု ကျွန်ုပ်တို့ ကြည့်ကြစို့။

## မှတ်တိုင်များ

၁။ ပဋိသန္ဓေနေသည်မှ သေသည်အထိ စိတ်တစ်ခုတည်းရှိသည်ဟု ရှေးက သူထင်ခဲ့၏။ ယခုမူ သူသည် စိတ်များဖြစ်ပေါ်လာလိုက်၊ ပျောက်ကွယ်သွားလိုက်နှင့် အဆုံးမရှိသည့် စိတ်၏ဖြစ်စဉ်ကို ထင်ရှားစွာ သိမြင်လိမ့်မည်။

လက်မောင်းဆန့်တန်းခြင်းကို ဥပမာအားဖြင့် ယူကြပါစို့။ နည်းနည်းချင်း နည်းနည်းချင်း တဖြည်းဖြည်း ဆန့်လိုက်သည့် စက္ကန့်အနည်းငယ်အတွင်း၌ပင် သူသည် ဆန့်လိုသည့်စိတ်ဆန္ဒများ ဖြစ်ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်ပေါ်နေသည်ကို သိမြင်လိမ့်မည်။ သူသည် လက်မောင်းအား ရွှေ့လျားစေရန် တွန်းအားပေးနိုင်သည့် စိတ်ပေါင်းများစွာ ဖြစ်ပေါ်လာလိုက်၊ ပျောက်ကွယ်သွားလိုက်ဖြစ်နေသည်ကိုလည်း သိမြင်လိမ့်မည်။

ပဋိသန္ဓေနေသည်မှ သေသည်အထိ ခန္ဓာကိုယ်တစ်မျိုးတည်းရှိ၏ဟု ရှေးက သူထင်ခဲ့၏။ ယခုမူ သူသည် ရုပ်သစ်က ရုပ်ဟောင်းကို အစားထိုးသွားသည့် အဆုံးမရှိသော ရုပ်ဖြစ်စဉ်ကို ထင်ရှားစွာ သိမြင်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းဆန့်ခြင်း ဥပမာကိုပင် ယူကြပါစို့။ သူသည် လက်မောင်းဟာ အနည်းငယ် ဆန့်လိုက်ပြီးနောက် ထိုအနည်းငယ်မဆန့်မီက လက်မောင်းနှင့်မတူတော့ ဟု သိမြင်လိမ့်မည်။

ဤနည်းအားဖြင့် သူသည် စိတ်နှင့်ကိုယ်ခန္ဓာ၏ မမြဲသည့်သဘောကို ထင်ရှားစွာ သိမြင်လိမ့်မည်။ မမြဲသောသဘောကို အနိစ္စဟု ခေါ်၏။

ခ။ စိတ်နှင့် ရုပ်ခန္ဓာ၏ မမြဲသည့်သဘောကို ဤသိမြင်ခြင်းကြောင့် သူသည် မမြဲသည့် စိတ်နှင့် ရုပ်ခန္ဓာအား ဒုက္ခမှတစ်ပါး အခြားဘာကိုမျှ မဖြစ်စေနိုင် ဟူ၍ အလိုအလျောက် သိမြင်သွား၏။

ရှေးက သူသည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်အပ်သူတို့မှ ကွေကွင်းစသည် တို့ကိုသာ ဒုက္ခဟု မှတ်ယူခဲ့၏။ ယခုမူ ဒုက္ခဟူသည် ဘဝ၏ ဤဆင်းရဲဒုက္ခများထက် ပိုလွန်ပါတကားဟု သိမြင်၏။ ယင်းတို့၏ မမြဲသည့်သဘောကြောင့် ဒုက္ခသည် စိတ္တက္ခဏ ခဏကလေးများ အသီးသီး၌လည်းကောင်း၊ ခန္ဓာကိုယ် ဖွဲ့စည်းရာ ပရမာဏု မြူများ (အသေးဆုံးအနုမြူများ) အသီးသီး၌လည်းကောင်း ကိန်းဝပ်တည်ရှိ၏ ဟူ၍ သိမြင်၏။

ဂ။ ဤအနိစ္စသဘောကို သိမြင်မှုပို၍ ထင်ရှားလာပြီး ဒုက္ခသဘောကို သူ၏ သိမြင်မှုလည်း ပို၍ သေချာလာသောအခါ သူသည် ဤကဲ့သို့သော အထင်အမြင်များကို ရရှိလိမ့်မည်။ မိမိသိမြင်ထားသည့် စိတ်တွေအားလုံးနှင့် ရုပ်ခန္ဓာ၏အစိတ်အပိုင်း အားလုံးတို့သည် အဆက်မပြတ် ဆုတ်ယုတ်နေ၏။ ယင်းတို့ကို ဆုတ်ယုတ်ခြင်းမှ မည်သူမျှ မရုပ်ဆိုင်းနိုင်ချေ။ ယင်းတို့သည် မိမိတို့၏ ပင်ကိုသဘာဝအတိုင်း ဆုတ်ယုတ် နေ၏။ ယင်းတို့သည် မည်သူ၏အလိုဆန္ဒများသို့မျှ မလိုက်လျောကြချေ။ ယင်းတို့ သည် အားကိုးနိုင်ဖွယ်မရှိ။ အလွန်ကြောက်ဖွယ်ကောင်းလှ၏။ အသုံးမကျ အချည်းနှီး ဖြစ်၏။ ဤကဲ့သို့သော အထင်အမြင်များကို အနတ္တသဘောအား အလိုအလျောက် သိမြင်မှုဟု ခေါ်၏။

ဃ။ သူ၏ သိမြင်မှုသည် ပို၍ အားကောင်းလာလေလေ မိမိစိတ်နှင့် ရုပ်ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ပို၍ ထင်ရှားစွာ သူသိမြင်လာလေလေ ဖြစ်၏။ မိမိ၏ စိတ်နှင့် ရုပ်ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ပို၍ထင်ရှားစွာ သူ သိမြင်လာ လေလေ စိတ်နှင့် ရုပ်ခန္ဓာ၌ သူ၏ စက်ဆုပ်မှုက ပို၍ အားကောင်းလာလေလေဖြစ်၏။ ဤနည်းအားဖြင့် အနုသယခုနစ်ပါးကို ပယ်သတ်နိုင်သည့် မဂ် ဖိုလ် ဉာဏ်များနှင့် သူ နီးကပ်သွားသည့်တိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် သူ တက်သွားလိမ့်မည်။

င။ သူ၏ သိမြင်မှုသည် အထွတ်အထိပ်သို့ ရောက်သောအခါ မိမိ၏စိတ်နှင့် ရုပ်ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို သူ၏ သိမြင်မှု အထွတ်အထိပ်သို့



ရောက်သောအခါ မိမိ၏စိတ်နှင့် ကိုယ်ခန္ဓာ၌ သူ၏ စက်ဆုပ်မှု အထွတ်အထိပ်သို့ ရောက်သောအခါ သူ၏စိတ်သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် ကြံသိမှု ဟူသော ဖြစ်နေကျ လောကီအာရုံခြောက်ပါး၊ တစ်ပါးပါးကို ချက်ချင်းပင် စွန့်လွှတ်၍ နိဗ္ဗာန်ဟုခေါ်သော လုံးဝအသစ်ဖြစ်သည့် အာရုံ၌ တည်နေလိမ့်မည်။ ယင်းစိတ် နောက်၌ ဆက်ဖြစ်သည့် နောက်စိတ်သည်လည်း နိဗ္ဗာန် အာရုံ၌ တည်နေလိမ့်မည်။ ဒုတိယ စိတ်၏နောက်၌ဆက်ဖြစ်သည့် စိတ်နှစ်စိတ်တို့သည်လည်း နိဗ္ဗာန်၌ တည်နေ လိမ့်မည်။ ပထမစိတ်ကို ဂေါတြဘူဟု ခေါ်၏။ ယင်းနောက်က ဆက်ဖြစ်သည့် နောက်စိတ်ကို မဂ်ဟု ခေါ်၍ မဂ်စိတ်နောက်က ဆက်ဖြစ်သော စိတ်နှစ်စိတ်ကို ဖိုလ် ဟု ခေါ်၏။ ဖြစ်နေကျ အာရုံခြောက်ပါးမှ တစ်ပါးပါးကို ချက်ချင်းစွန့်လွှတ်ပြီး နိဗ္ဗာန်၌ တည်နေသည့် စိတ်လေးပါးတို့သည် ဂေါတြဘူ+မဂ်+ဖိုလ်စိတ် ဟူသော ဤအစဉ်၌ ရှိကြ၏။

စ။ ဤသည်တို့အတွက် မဂ်ဖိုလ်လေးပါးအနက် ပထမမဂ် ဖိုလ်ဖြစ်၏။ ယင်းတို့ကို သောတာပတ္တိ မဂ်ဖိုလ်ဟုခေါ်၏။ သောတာပတ္တိမဂ်သည် အဆုံးမရှိသည့် သံသရာ များကို ဖြစ်စေသည့် ယောဂီ၏ အနုသယခုနစ်ပါးတွင် နှစ်ပါးကို ပယ်သတ်၏။ ဤအနုသယနှစ်ပါးကား ၁။ ဒိဋ္ဌာနုသယနှင့် ၂။ ဝိစိကိစ္ဆာသယတို့ ဖြစ်၏။

ယောဂီသည် သောတာပတ္တိမဂ် ဖိုလ်ကို ရရှိပြီးနောက် ချက်ချင်းပင် ၁။ မဂ်ကို မိမိခံစားမှု၊ ၂။ ဖိုလ်ကိုခံစားမှု ၃။ နိဗ္ဗာန်ကို မိမိခံစားမှုတို့ကို မှတ်မိလိမ့်မည်။ ဤ သုံးဆင့်တို့ကို ပစ္စဝေက္ခဏာဉာဏ်သုံးပါးဟု ခေါ်၏။ ဤပစ္စဝေက္ခ သုံးပါးဖြစ်ပြီးနောက် စိတ်သည် စတုတ္ထဝိပဿနာဉာဏ်၏ အဆင့်သို့ သက်ဆင်းသွားလိမ့်မည်။

အရေးပါသည့်အချက်တစ်ခုကို ဤနေရာ၌ ရှင်းပြရမည်။ ယောဂီသည် ပထမ မဂ်ကို မရရှိမီမှာ ပထမဝိပဿနာဉာဏ်ဖြင့် စတင်၏။ သို့ရာတွင် သူသည် ပထမ မဂ်ကို ရရှိပြီးသော် စတုတ္ထဝိပဿနာဉာဏ်ဖြင့် စတင်၏။ အရိယာတစ်ဦး၏စိတ်သည် စတုတ္ထဝိပဿနာဉာဏ် အဆင့်အောက်နိမ့်သည့် အဆင့်သို့ မည်သည့်အခြေအနေတွင်မှ ဆင်းသွားလိမ့်မည် မဟုတ်။

ဆ။ ယောဂီသည် မိမိ၏ သတိပဋ္ဌာန်လေးပါးကို ဆက်လုပ်၏။ သူ၏ စိတ်သည် စတုတ္ထဝိပဿနာဉာဏ်အဆင့်မှသည် အဆုံးတွင် ဒုတိယ မဂ် ဖိုလ်ကို သူ ရရှိသည် အထိ ဝိပဿနာဉာဏ် တစ်ခုပြီးတစ်ခု ဖြတ်သန်းကာ တက်သွားပေ၏။ ယင်းဒုတိယ မဂ် ဖိုလ်ကို သကဒါဂါမိမဂ်ဖိုလ်ဟု ခေါ်၏။ သကဒါဂါမိမဂ်သည် ကျန်အနုသယ ...ထဲမှ တစ်ပါးပါးကိုမျှ မပယ်သတ်ချေ။ သို့ရာတွင် ယင်းအနုသယ တို့ကိုမူ ...္ အားနည်းသွားအောင် ပြု၏။

www.burmeseclassic.com

www.burmeseclassic.com



ယောဂီသည် သကဒါဂါမိ မဂ် ဖိုလ်ကို ရပြီးနောက် ချက်ချင်းပင် သူ့စိတ်သည် ပစ္စဝေက္ခဏာ သုံးမျိုးကိုပြုလုပ်၏။ ထိုစိတ်သည် ပစ္စဝေက္ခဏာသုံးပါးပြီးသော် စတုတ္ထဝိပဿနာဉာဏ်အဆင့်သို့ ဆင်းသွားလိမ့်မည်။

၈။ ယောဂီသည် မိမိ၏ သတိပဋ္ဌာန်လေးပါးကို ဆက်လုပ်၍ ရှေးနည်းအတိုင်းပင် တတိယ မဂ် ဖိုလ်ကို ရရှိ၏။ ယင်းတို့ကို အနာဂါမိ မဂ် ဖိုလ် ဟု ခေါ်၏။ အနာဂါမိမဂ်သည် ကျန်အနုသယငါးပါးထဲမှ နှစ်ပါးကို ပယ်သတ်၏။ ဤအနုသယနှစ်ပါးတို့ကား ကာမရာဂါနုသယ နှင့် ပဋိဃာနုသယတို့ ဖြစ်၏။

ယောဂီသည် အနာဂါမိမဂ် ဖိုလ်ကို ရပြီးနောက် ချက်ချင်းပင် သူ့စိတ်သည် ပစ္စဝေက္ခဏာ သုံးမျိုးကို ပြုလုပ်၏။ ဤပစ္စဝေက္ခဏာ သုံးပါးပြီးသော် ထိုစိတ်သည် စတုတ္ထဝိပဿနာဉာဏ်အဆင့်သို့ ဆင်းသွားလိမ့်မည်။

၉။ ယောဂီသည် မိမိ၏ သတိပဋ္ဌာန်လေးပါးကို ဆက်လုပ်ပြီး ရှေးနည်းအတိုင်းပင် စတုတ္ထနှင့် နောက်ဆုံး မဂ် ဖိုလ်ကို ရရှိ၏။ ယင်း မဂ် ဖိုလ်ကို အရဟတ္တမဂ် ဖိုလ်ဟု ခေါ်၏။ အရဟတ္တမဂ်သည် မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ ဟူသော ကျန်အနုသယသုံးပါးလုံးကို ပယ်သတ်၏။

ယောဂီသည် အရဟတ္တ မဂ် ဖိုလ်ကို ရရှိပြီးနောက် ချက်ချင်းပင် သူ၏စိတ်သည် ပစ္စဝေက္ခဏာ သုံးမျိုးကိုပြုလုပ်၏။ ပစ္စဝေက္ခဏာ သုံးပါးပြီးသော် ထိုစိတ်သည် စတုတ္ထဝိပဿနာအဆင့်သို့ ဆင်းသွားလိမ့်မည်။

သို့ရာတွင် ဘုရားလောင်းနှင့် ပါရမီကြီးမြင့်သည့်အရိယာများအရာ၌ ခြွင်းချက်နှစ်ခုရှိ၏။ အောက်ပါတို့သည် ခြွင်းချက်များဖြစ်၏။

၁။ ထိုပုဂ္ဂိုလ်တို့အရာ၌ သူတို့၏ မဂ်စိတ်နောက်ဆက်ဖြစ်သော ဖိုလ်စိတ်တို့၏ အရေအတွက်သည် အခြား သာမန်အရိယာများမှာလို စိတ်နှစ်ခုမဟုတ်ဘဲ စိတ်သုံးခုဖြစ်၏။

၂။ သူတို့သည် မိမိတို့၏ မဂ် ဖိုလ် နိဗ္ဗာန်ခံစားမှုကို မှတ်မိသည့်အပြင် ပယ်သတ်ပြီးသောအနုသယများနှင့် ပယ်သတ်ရန်ကျန်သည့် အနုသယများကို ဇကန် သိကြ၏။ ထို့ကြောင့် သူတို့၏ ပစ္စဝေက္ခဏာအရေအတွက်သည် အခြားသာမန် အရိယာများမှာလို စိတ်သုံးခုမဟုတ်ဘဲ စိတ်ငါးခုဖြစ်၏။ သို့ရာတွင် စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သည့် အရဟတ္တ မဂ် ဖိုလ် ရရှိပြီးနောက် သူတို့၏ ပစ္စဝေက္ခဏာ အရေအတွက်ကို လေးခုသို့ လျော့ကျသွား၏။ ကျန်အနုသယအားလုံးကို စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သည့် အရဟတ္တမဂ်က ပယ်သတ်ပြီးဖြစ်သောကြောင့် သူတို့သည် ပယ်သတ်ရန် ကျန်ရှိသည့် အနုသယများကို သိဖို့မလိုတော့ချေ။



နောက်ထပ်အရေးပါသည့် အချက်တစ်ခုကို ဤနေရာ၌ ဖော်ပြသင့်၏။ ဘုရားလောင်းနှင့် ပါရမီကြီးမားသည့် အရိယာများအရာ၌ဖြစ်စေ၊ သာမန် အရိယာများအရာ၌ဖြစ်စေ ထိုပုဂ္ဂိုလ်အားလုံးအရာ၌ ပစ္စဝေက္ခဏာသည် အလိုလိုဖြစ်ပေါ်၏။ မဂ် ဖိုလ် ရပြီးနောက် ချက်ချင်းပင် မလွဲမသွေ ဖြစ်ပေါ်၏။

ဗုဒ္ဓသည် သတိပဋ္ဌာနသုတ်၌ အတိအလင်း ဤသို့ အတည်ပြုမိန့်ဆိုထား၏။ သတ္တဝါတို့၊ စိတ်နှင့် ရုပ်ခန္ဓာအကြောင်း မြဲမြဲစွာသိရှိမှုကို တည်ဆောက်ဖို့အတွက် သတိပဋ္ဌာန်နည်း လေးပါးရှိ၏။ သတိပဋ္ဌာန်သည် ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း အရိယာလောင်းလျာမှ စ၍ သတ္တဝါအားလုံး အနုသယများကို ပယ်သတ်ရန် ဖြတ်သန်းသွားရမည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။ သတိပဋ္ဌာန်သည် ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို အဆုံးသတ်ရန်အလို့ငှာ သတ္တဝါအားလုံး ဖြတ်သန်းသွားရမည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။ သတိပဋ္ဌာန်သည် အရိယမဂ် ဖိုလ်လေးပါးကို ရရန်အလို့ငှာ သတ္တဝါအားလုံး ဖြတ်သန်းသွားရမည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။ သတိပဋ္ဌာန်သည် မဂ်ဖိုလ်ဉာဏ်တို့အားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် သတ္တဝါအားလုံး ဖြတ်သန်းသွားရမည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

## ဗုဒ္ဓအဖြစ်သို့ မှန်ကန်သောလမ်းကြောင်း

ဘုရားအလောင်းသည် အာနာပါနသတိကို ကျင့်သုံးရန်ဆုံးဖြတ်လေ၏။ သို့ရာတွင် သူသည် အလွန်အမင်း ပြင်းထန်စွာ ခြိုးခြံခဲ့သည့် တပအကျင့်ကြောင့် အားနည်းအားကုန်ခန်းလာသည့် မိမိ၏ထိုအချိန်က ခန္ဓာကိုယ်အခြေအနေမှာ မိမိ၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ဖြစ်နိုင်မည်မဟုတ်ဟု တွေ့မြင်ခဲ့၏။ ထို့ကြောင့် သူသည် ကျန်းမာရေးကောင်းဖို့အတွက် လုံလောက်သောအစာကို ပြန်လည်စားသုံးရန် ဆုံးဖြတ်ခဲ့၏။ ထိုဆုံးဖြတ်ချက်နှင့်အညီ သူသည် မိမိ၏သပိတ်နှင့် ဆွမ်းခံရန် သေနရွာသို့ သွားခဲ့၏။

သူ ဘုရားဖြစ်လာသည့်အခါ သူ့ထံမှ တရားဦးကိုကြားနာရန် ကြီးမားသော မျှော်လင့်ချက်များဖြင့် သူ့အား လုပ်ကျွေးနေသည့် ရဟန်းငါးပါးတို့သည် သူ အကျင့်ပျက်သွားပြီ၊ ဘုရားဖြစ်ရေးလမ်းကြောင်းမှ သွေဖည်သွားပြီဟု မှတ်ယူခဲ့၏။ ထို့ကြောင့် သူတို့သည် သူ့ကို စွန့်ခွာပြီး မိဂဒါဝုန်တောသို့ ထွက်သွားခဲ့ကြ၏။ (ယင်းတောသည် ယခု စာရ်နတ်ဟု ထင်ရှားပြီး ဗာရာဏသီမှ မိုင်အနည်းငယ်ဝေး၏။)

### ဘုရားအလောင်း၏ စိမ်ချက်

ဘုရားအလောင်းသည် အာနာပါနသတိကို ကျင့်သုံးရန် လုံလောက်စွာ ကြံ့ခိုင်လာသည်နှင့် တစ်ပြိုင်နက် ထိုအကျင့်ကိုအားထုတ်လေ၏။ သူသည် လုံလောက်သော စိတ်၏တည်ကြည်မှုကို ရရှိသောအခါ မိမိ၏စိတ်နှင့် ရုပ်ခန္ဓာအပေါ်၌ မိမိ၏သိမှတ်မှုကို မြဲမြံစွဲမြဲနေစေရန် သတိပဋ္ဌာန်နည်းလေးပါးသို့ ရွှေ့ပြောင်းခဲ့၏။ ဤနည်းအားဖြင့် ဘုရားအလောင်းသည် ကြီးမားသောလုံ့လဖြင့် အနုသယခုနစ်ပါးကို ပယ်သတ်ရန် အားထုတ်နေခဲ့၏။

မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် (မေလခန့်)နေ့မှာ ဘုရားအလောင်းသည် သေနရွာမှ သူဌေးကြီး၏သမီး သုဇာတာထံမှ နို့ဃနာဆွမ်းကို ခံယူခဲ့၏။



...နောက် သူသည် ရေချိုးရန် နေရဉ္ဇရာမြစ်သို့ သွားခဲ့၏။ ရေချိုးပြီးနောက် မြစ်ကမ်း...၌ထိုင်ကာ နို့ဃနာဆွမ်းကို ဘုဉ်းပေးခဲ့၏။ သူသည် နို့ဆွမ်း ဘုဉ်းပေးပြီးသော်...တ်ပါသစ္စာအဓိဋ္ဌာန်ကို ပြုခဲ့၏။ ‘ငါသည် ယနေ့ ဗုဒ္ဓဖြစ်မည်ဆိုလျှင် ဤခွက်...ည် ရေညာသို့ ဆန်တက်ပါစေ၊ ငါသည် ယနေ့ ဗုဒ္ဓဖြစ်မည်မဟုတ်လျှင် ဤခွက်...ည် ရေစုန်သို့ မျောပါသွားစေ’ ထို့နောက် ခွက်ကို မြစ်ထဲ၌ချလေ၏။ ထိုခွက်သည် ...ညာသို့ ဆန်တက်သွား၏။

ထို့နောက် ဘုရားအလောင်းသည် အနီးရှိ အင်ကြင်းတောသို့ သွားခဲ့၏။ ...တော၌ သူသည် ရူပဈာန်လေးပါးကို ရသည်အထိ အာနာပါနသတိကို အားထုတ်...၏။ သူသည် နာမ်အာရုံများကို အသုံးပြုလျက် အရူပဈာန်လေးပါး၏ အထွတ်...ထိပ်သို့ တက်သွားခဲ့၏။ ထို့နောက် သူသည် အဘိညာဉ် (စိတ်တန်ခိုး)ငါးပါးကို ...ခဲ့၏။ အာနာပါနသတိကို အားထုတ်ကာ သမာပတ်ရှစ်ပါး (ဈာန်ရှစ်ပါး)နှင့် ...ဘိညာဉ် (စိတ်တန်ခိုး) ငါးပါးတို့ကို သူ ရရှိသည့်အကြောင်းတို့ကို ဓိနာလင်္ကာရ ...ာခေါ် ငှိကာကျမ်း၌သာ ဖော်ပြထား၏။ ဗုဒ္ဓဝံသအဋ္ဌကထာနှင့် ဇာတကအဋ္ဌကထာ ...သည့် ဆိုင်ရာအဋ္ဌကထာကျမ်း နှစ်ခု၌မူ ဖော်ပြမထားချေ။

ညနေအခါ၌ ဘုရားအလောင်းသည် ရေချိုးရန် နေရဉ္ဇရာမြစ်သို့ သွားခဲ့၏။ ...ချိုးပြီးနောက် သူသည် ဗောဓိပင်သို့ သွားခဲ့၏။

ည၏ ပဌမယာမ်အတွင်း၌ သူသည် ရူပဈာန်လေးပါးအပေါ် လုံ့ဝနိုင်နင်းမှုကို ...သည်အထိ အာနာပါနသတိကို အားထုတ်ခဲ့၏။ ထို့နောက် သူသည် ပုဗ္ဗေနိဝါသာ...သတိဉာဏ်ကို ရရှိရန် စိတ်ဆန္ဒပြုခဲ့၏။ ယင်းဉာဏ်သည် တစ်စုံတစ်ဦးအား ...တိတ်ဘဝများကို ပြန်မှတ်မိနိုင်မည့် အဘိညာဉ် (စိတ်တန်ခိုး) ဖြစ်၏။

ည၏အလယ်ယာမ်အတွင်း၌ သူသည် ရူပဈာန်လေးပါးအပေါ် လုံ့ဝနိုင်နင်းထား...ကြောင့် ဒိဗ္ဗစက္ခုဉာဏ်ကိုလည်း ရရှိရန်စွမ်းနိုင်ခဲ့၏။ ဤစိတ်တန်ခိုးသည် ...စုံတစ်ဦးအား မိမိမြင်လိုသည့်အရာဟူသမျှကို မြင်နိုင်စေလိမ့်မည်။ သတ္တဝါတစ်ဦး ...ပြီးနောက် ဘယ်ဘုံ၌ ပြန်ဖြစ်သည်ကိုလည်း မြင်နိုင်စေလိမ့်မည်။ ဘုရားအလောင်း...သည် ယင်းအဘိညာဉ်နှင့်အတူတကွ ယထာကမ္မူပဂဉာဏ်နှင့် အနာဂတံသဉာဏ် ...သော အခြားအဘိညာဉ် (စိတ်တန်ခိုး)နှစ်မျိုးကိုရရှိခဲ့၏။ ယထာကမ္မူပဂဉာဏ်...သည် တစ်စုံတစ်ဦးအား သတ္တဝါတို့ ပဋိသန္ဓေနေခြင်း၏အကြောင်းကံများကို သိမြင်နိုင်...လိမ့်မည်။ ဥပမာ၊ သတ္တဝါတစ်ဦးသည် နတ်အဖြစ် ပဋိသန္ဓေနေခဲ့လျှင် သူ ပဋိသန္ဓေနေ...ခြင်း၏ အကြောင်းကံသည် အဘယ်ကံဖြစ်သည်ကို သူ သိလိမ့်မည်။ လူတစ်ဦး...သည် ဆင်းရဲလျှင် ဆင်းရဲခြင်း၏အကြောင်းကံကို သူ သိ၏။ အနာဂတံသဉာဏ်သည်

www.burmeseclassic.com

www.burmeseclassic.com





တစ်စုံတစ်ဦးအား အနာဂတ်ကို သိနိုင်စေလိမ့်မည်။ တစ်စုံတစ်ဦးသည် ဤအဘိညာဉ် (စိတ်တန်ခိုး)များကို အလိုရှိသည့် အခါတိုင်းမှာ ရှပရှာန်လေးပါးအပေါ်၌ နိုင်နင်းရန် မိမိရရှိလိုသည့် အဘိညာဉ် (စိတ် တန်ခိုး) ဟူသမျှအတွက် စိတ်ဆန္ဒပြုရန် ဟူသော ရှေးနည်းအစဉ်ကိုပင် ထပ်ဆိုရ၏။

## အကြောင်းအကျိုးဝါဒ

ည၏ နောက်ဆုံးယာမ်၌ ဘုရားအလောင်းသည် အကြောင်းနှင့်အကျိုး ဆက်သွယ် လုပ်ဆောင်ခြင်းသဘောကို ရှုဆင်ခြင်ခဲ့၏။ ဤသဘောကို ပဋိစ္စသမုပ္ပါဒဟု ခေါ်၏။

ဘုရားအလောင်းသည် ဇရာ (အိုခြင်း) နှင့် မရဏ (သေခြင်း)တို့ အဘယ်ကြောင့် ဖြစ်ကြသည်ကို ရှုဆင်ခြင်ခြင်းဖြင့် စတင်ခဲ့၏။ မည်သည်တို့က ယင်းတို့ကို ဖြစ်ပေါ် အောင် စီမံခဲ့သနည်း။ အိုခြင်း သေခြင်းတို့ကို ဖြစ်ပေါ်အောင် စီမံခဲ့သောအရာကား ဇာတိ (ပဋိသန္ဓေနေခြင်း) ဖြစ်၏ဟု သူ တွေ့ရှိခဲ့၏။

ဤနည်းအားဖြင့် ဇရာနှင့် မရဏတို့ကို နောက်ဆုံးအခြေခံအားဖြင့် စီမံပေးသည့် မူလအကြောင်းရင်းကို တွေ့ရှိရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားခဲ့၏။ သူသည် အောက်ပါအတိုင်း အကြောင်းရင်း တစ်ခုပြီးတစ်ခု တွေ့ရှိခဲ့၏။

ဇရာကိုဖြစ်ပေါ်စေသည့်အရာကား အဘယ်နည်း၊ ဇရာကိုဖြစ်ပေါ်စေသည့် အရာကား ဘဝ (ပဋိသန္ဓေအတွက်ကံတရား) ဖြစ်၏။

ဘဝကိုဖြစ်ပေါ်စေသည့်အရာကား အဘယ်နည်း၊ ဘဝကိုဖြစ်ပေါ်စေသည့် အရာကား ဥပါဒါန်(ကာမဂုဏ်များ၊ အကြံအစည်များ၊ အယူဝါဒများ၊ သာလွန်မြင့်မြတ်သည့် ဘဝများ၌ စွဲလမ်းတပ်မက်ခြင်း) ဖြစ်၏။

တဏှာကိုဖြစ်စေသည့်အရာကား အဘယ်နည်း၊ တဏှာကိုဖြစ်ပေါ်စေသည့် အရာကား ဝေဒနာ (ခံစားမှု) ဖြစ်၏။

ဝေဒနာကိုဖြစ်ပေါ်စေသည့်အရာကား အဘယ်နည်း၊ ဝေဒနာကိုဖြစ်ပေါ်စေသည့် အရာကား ဖဿ (ဒွါရ၊ အာရုံ၊ ဝိညာဉ်တို့၏ ပေါင်းစပ်ထိတွေ့မှု) ဖြစ်၏။

ဖဿကိုဖြစ်ပေါ်စေသည့်အရာကား အဘယ်နည်း၊ ဖဿကိုဖြစ်ပေါ်စေသည့် အရာကား သဠာယတန (ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါး) ဖြစ်၏။

သဠာယတနကိုဖြစ်ပေါ်စေသည့်အရာကား အဘယ်နည်း၊ သဠာယတနကို ဖြစ်ပေါ်စေသည့် အရာကား နာမရူပ (နာမ်နှင့်ရုပ်) ဖြစ်၏။

နာမ်ရုပ်ကိုဖြစ်ပေါ်စေသည့်အရာကား အဘယ်နည်း၊ နာမ်ရုပ်ကိုဖြစ်ပေါ်စေသည့် အရာကား ဝိညာဏ (ဝိညာဉ်စိတ်) ဖြစ်၏။

ဝိညာဉ်ကိုဖြစ်ပေါ်စေသည့်အရာကား အဘယ်နည်း၊ ဝိညာဉ်ကိုဖြစ်ပေါ်စေသည့် အရာသည်လည်း နာမ်ရုပ်ပင်ဖြစ်၏။

[ဘုရားအလောင်းသည် မိမိ၏ ရှုဆင်ခြင်မှုကို ပစ္စုပ္ပန်ဘဝထက်ကျော်လွန်ပြီး မလုပ်ဆောင်ခဲ့ပေ။ သို့ရာတွင် သူသည် ဗုဒ္ဓဖြစ်လာသောအခါ ထိုရှုဆင်ခြင်မှုကို ပစ္စုပ္ပန်ဘဝထက် ကျော်လွန်လုပ်ဆောင်၍ ဝိညာဉ်ကို ဖြစ်ပေါ်စေသည့်အရာကား သင်္ခါရ (အတိတ်ဘဝများက ပြုခဲ့သည့် ကိုယ်မှုများ၊ ပြောဆိုခဲ့သည့်စကားများ၊ ကြံစည်ခဲ့သည့် အကြံအစည်များ) ဖြစ်၏ဟု တွေ့ရှိခဲ့၏။ ဗုဒ္ဓသည် သင်္ခါရကို ဖြစ်ပေါ် စေသည့်အရာကား အဝိဇ္ဇာ (အရိယသစ္စာလေးပါးကို မသိမြင်မှု) ဖြစ်၏ဟုလည်း တွေ့ရှိခဲ့၏။ ]

## အနုလောမ (သဘာဝ အလိုက်သင့်အစဉ်)

ဘုရားအလောင်းသည် ဝိညာဉ်နှင့် နာမ်ရုပ်တို့အချင်းချင်းကို အမှီပြုကြောင်း တွေ့ရှိပြီး နောက်၌ ဤသို့ အပြီးသတ်မှတ်ယူခဲ့၏။ ဝိညာဉ်သည် လှည့်ပတ်ဖြစ်၏။ ယင်းတို့ ဖြစ်ပေါ်စေသည့် အကြောင်းရင်းကား နာမ်ရုပ်မှတစ်ပါး အခြားမရှိချေ။ ဝိညာဉ်ကို ဖြစ်ပေါ်စေသည့်အကြောင်းရင်းကား နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်ကိုဖြစ်ပေါ်စေသည့် အရာလည်း ဝိညာဉ်ပင် ဖြစ်၏။ ဇာတိ၊ ဇရာ၊ မရဏ၊ အဆုံးမရှိသော ပဋိသန္ဓေ နေခြင်းများကို ဝိညာဉ်နှင့် နာမ်ရုပ်တို့၏ ဤအချင်းချင်းအမှီပြုနေမှုက ဖြစ်ပေါ်စေ၏။

ဤအပြီးသတ် မှတ်ယူပြီးနောက် ဘုရားအလောင်းသည် မိမိ၏ ရှုဆင်ခြင်မှုကို အောက်ပါအတိုင်း သဘာဝအလိုက်သင့် အစဉ်ဖြင့် လုပ်ဆောင်လေ၏။

ဝိညာဉ်သည် နာမ်ရုပ်ကို ဖြစ်စေ၏၊ နာမ်ရုပ်သည် သဠာယတနကို ဖြစ်စေ၏။ သဠာယတနသည် ဖဿကို ဖြစ်စေ၏၊ ဖဿသည် ဝေဒနာကို ဖြစ်စေ၏။ ဝေဒနာ သည် တဏှာကိုဖြစ်စေ၏၊ တဏှာသည် ဥပါဒါန်ကိုဖြစ်စေ၏။ ဥပါဒါန်သည် ဘဝကို ဖြစ်စေ၏၊ ဘဝသည် ဇာတိကိုဖြစ်စေ၏။ ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ပြင်းစွာပူပန်ခြင်းတို့ ဖြစ်ပေါ်ကြ၏။ ဤသည် တို့ကား ဒုက္ခသာတည်း။ ဤဒုက္ခအစု၌ တပ်မက်သင့်၊ ပျော်ရွှင်သင့်၊ မှီခိုအားထား နိုင်သည့်အရာ ဘာမျှမရှိချေ။

ဤအနုလုံအားဖြင့် ရှုဆင်ခြင်ပြီးနောက် ဘုရားအလောင်းသည် အဆင့်မြင့် သော ဉာဏ်ဆိုင်ရာ ကျေနပ်မှုကို ရရှိလေ၏။

## ပဋိလောမ (နောက်ပြန်အစဉ်)

အနုလုံအစဉ်ဖြင့် ရှုဆင်ခြင်ပြီးနောက် ဘုရားအလောင်းသည် ရှုဆင်ခြင်မှုကို အောက်ပါ အတိုင်း ပဋိလုံအစဉ်ဖြင့် လုပ်ဆောင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



[ပဋိလုံအစဉ်၌ ဘုရားအလောင်းသည် ဝိညာဉ်မှ စတင်ခဲ့၏။ သို့ရာ သူသည် ဗုဒ္ဓဖြစ်လာသောအခါ အဝိဇ္ဇာမှစတင်၍ အဝိဇ္ဇာ (အရိယသစ္စာလေးပါး မသိမြင်မှု) ချုပ်သွားလျှင် ဝိညာဉ်ချုပ်၏ စသည်ဟု မိန့်ဆိုလေ၏။]

ဘုရားအလောင်းသည် ပဋိလုံအစဉ်အားဖြင့် မည်သို့ ရှုဆင်ခြင်ခဲ့သည်ကို ကြည့်ကြစို့။

'ဝိညာဉ်ချုပ်လျှင် နာမ်ရုပ်ချုပ်၏၊ နာမ်ရုပ် ချုပ်လျှင် သဠာယတန ချုပ်၏၊ သဠာယတနချုပ်လျှင် ဖဿချုပ်၏၊ ဖဿချုပ်လျှင် ဝေဒနာချုပ်၏၊ ဝေဒနာချုပ်လျှင် တဏှာချုပ်၏၊ တဏှာချုပ်လျှင် ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်လျှင် ဘဝချုပ်၏၊ ဘ ချုပ်လျှင် ဇာတိချုပ်၏၊ ဇာတိချုပ်လျှင် အိုခြင်းနှင့် သေခြင်းတို့ မဖြစ်နိုင်။ စိုးရိမ်ခြင်း ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲနှင့် ပြင်းစွာ ပူပန်ခြင်းတို့ မဖြစ်နိုင်။ ဒုက္ခ တစ်ပါး ဘာမျှမရှိ။ ဤဒုက္ခအစု၌ တပ်မက်သင့်၊ ပျော်ရွှင်သင့်၊ မှီခို အားထားနိုင်သည် အရာ ဘာမျှမရှိချေ။ ယင်းတို့အားလုံးသည် ဒုက္ခသာတည်း။ ထို့ကြောင့် ယင်းတို့ ချုပ်လျှင် ဒုက္ခသာ ချုပ်ခြင်းဖြစ်၏။ ယင်းသည် ပြင်းထန်စွာ တောက်လောင်နေသည် မီးပုံကြီး ငြိမ်းသွားခြင်းနှင့် တူ၏။ တိုင်းတာမရနိုင်သည့် အတိတ်ကဒုက္ခကို ဖြစ်စေ ပြီးသော တိုင်းတာမရနိုင်သည့် အနာဂတ်၌လည်း ဒုက္ခကို ဆက်လက်ဖြစ်စေဦးမည် ဖြစ်သော ကြောက်မက်ဖွယ်ရာ ကိရိယာ အဆုံးသတ်သွားသည်နှင့် တူ၏။

ဤနည်းအားဖြင့် ဘုရားလောင်းသည် ပဋိစ္စသမုပ္ပါဒ် ပဋိလုံ၏ လုပ်ဆောင်မှု အပေါ်၌ ရှုဆင်ခြင်လေ၏။

ပဋိစ္စသမုပ္ပါဒ်သည် ဗုဒ္ဓဘာသာ၌ အလွန်အသိခက်သော အကြောင်းအရာဖြစ်၏။ ယင်းကို လမ်းစဉ်ဆိုင်ရာ အတွဲ၌ ပြည့်စုံစွာရှင်းပြလိမ့်မည်။

## သတိပဋ္ဌာန်ကို အားထုတ်ခြင်း

ဤပဋိစ္စသမုပ္ပါဒ်အပေါ်၌ ရှုဆင်ခြင်ပြီးနောက် ဘုရားအလောင်းသည် သတိပဋ္ဌာန်ကို အားထုတ်ခဲ့၏။ သူသည် လုံလောက်သော စိတ်တည်ကြည်မှုကို ရရှိသောအခါ နောက်ဆုံးတွင် သောတာပတ္တိ မဂ် ဖိုလ်ကို သူရရှိသည့်တိုင်အောင် သူ့အား ဝိပဿနာ ဉာဏ် တစ်ဆင့်မှ တစ်ဆင့်သို့ ပို့ဆောင်ပေးသည့် သတိပဋ္ဌာန်သို့ ပြောင်းရွှေ့သွားခဲ့၏။ သောတာပတ္တိ မဂ် ဖိုလ် နောက်၌ ချက်ချင်းပင် ပစ္စဝေက္ခဏာဉာဏ် ငါးမျိုးတို့ လိုက်ဖြစ်လေ၏။

ယင်းပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပြီးနောက် သူ၏စိတ်သည် စတုတ္ထဝိပဿနာ ဉာဏ်သို့ဆင်းသက်သွားခဲ့၏။ သတိပဋ္ဌာန်နည်း လေးပါးအားဖြင့် သူ၏စိတ်သည်



ဆုံး၌ သကဒါဂါမိ မဂ် ဖိုလ်ဟုခေါ်သော ဒုတိယ မဂ် ဖိုလ်ကို သူရရှိသည် အောင် ဝိပဿနာဉာဏ် တစ်ဆင့်မှ တစ်ဆင့်သို့ တက်သွားခဲ့၏။ ဤ မဂ် ဖိုလ် ၌ ချက်ချင်းပင် ပစ္စဝေက္ခဏာဉာဏ် ငါးမျိုးတို့လိုက်ဖြစ်လေ၏။

ယင်းပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပြီးနောက် သူ၏စိတ်သည် စတုတ္ထ ဝိပဿနာ အဆင့်သို့ တစ်ဖန်ဆင်းသွားခဲ့၏။ သတိပဋ္ဌာန်နည်း လေးပါးအားဖြင့် သူ၏ သည် နောက်ဆုံး၌ အနာဂါမိ မဂ် ဖိုလ်ဟုခေါ်သော တတိယ မဂ်ဖိုလ်ကို သည့်တိုင်အောင် ဝိပဿနာဉာဏ် တစ်ဆင့်မှ တစ်ဆင့်သို့ တက်သွားခဲ့၏။ ဤ ဖိုလ်နောက်၌ ချက်ချင်းပင် ပစ္စဝေက္ခဏာဉာဏ် ငါးမျိုးတို့ လိုက်ဖြစ်လေ၏။

ယင်းပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပြီးနောက် သူ၏စိတ်သည် စတုတ္ထ ဝိပဿနာ ဉာဏ်အဆင့်သို့ တစ်ဖန်ဆင်းသွားခဲ့၏။ သတိပဋ္ဌာန်နည်း လေးပါးအားဖြင့် သူ၏ သည် နောက်ဆုံး၌ အရဟတ္တ မဂ် ဖိုလ်ဟုခေါ်သော စတုတ္ထနှင့် နောက်ဆုံး ဖိုလ်ကို ရရှိသည့်တိုင်အောင် ဝိပဿနာဉာဏ် တစ်ဆင့်မှ တစ်ဆင့်သို့ တက်သွား ၏။ ဤ မဂ် ဖိုလ်နောက်၌ ချက်ချင်းပင် ပစ္စဝေက္ခဏာဉာဏ် ငါးမျိုးတို့ လိုက်ဖြစ် ၏။ အရဟတ္တမဂ်သည် အဆုံးမရှိသည့် ဒုက္ခကိုဖြစ်စေသော အာသဝများ ကိလေသာများ) အားလုံးကို လုံးဝ ပယ်သတ်သောကြောင့် ယင်းကို အာသဝက္ခယ ဉာဏ်ဟု ခေါ်၏။

သဗ္ဗညုတဉာဏ် ပွင့်ပေါ်ရေးအား အတားအဆီးဖြစ်နေသည့် ဘုရားအလောင်း၏ ကိလေသာတို့ကို မဂ်ဖိုလ်လေးပါးတို့က ပယ်သတ်ပြီးဖြစ်သောကြောင့် သဗ္ဗညုတဉာဏ် သည် ပစ္စဝေက္ခဏာဉာဏ် ငါးပါး၏ အဆုံး၌ ချက်ချင်းပင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခဲ့မှုတို့၏ ဆုံးခန်းတိုင်သည့်အနေဖြင့် ပွင့်ပေါ်လာလေ၏။

## ဗုဒ္ဓ၏ ဂုဏ်တော်များ

ဂုဏ်တော်ကိုးပါးရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်းဖြစ်၏။ ၁။ အရဟံ၊ ။ သမ္မာသမ္ဗုဒ္ဓေါ၊ ၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ၄။ သုဂတော၊ ၅။ လောကဝိဒူ၊ ၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ ၇။ သတ္ထာဒေဝမနုဿာနံ၊ ၈။ ဗုဒ္ဓေါ၊ ၉။ ဘဂဝါ။

### ၁။ အရဟံ

င်းသည် အနုသယခုနစ်ပါး (ကိလေသာများ) အားလုံးကို ပယ်သတ်ခြင်း သော ဂုဏ်တော်ဖြစ်၏။ ဤအကြောင်းကြောင့် ဗုဒ္ဓသည် ဒုက္ခ၏အဆုံးသို့ရောက် ကြောင်း လမ်းကြောင်းကို တွေ့ရှိသူဖြစ်၍ လူနတ်ဗြဟ္မာတို့ ရှိခိုးပူဇော်ထိုက်ခြင်းဟူသော တော်ကိုလည်းကောင်း ဆိုလိုပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ သမ္မာသမ္ဗုဒ္ဓေါ

ယင်းသည် ဒုက္ခ–ဒုက္ခသမုဒယ–ဒုက္ခနိရောဓ–ဒုက္ခချုပ်ကြောင်းမဂ်လမ်း ဟူသော အရိယသစ္စာလေးပါးနှင့် ပတ်သက်၍ သိအပ်ဖွယ်အားလုံးကို မှန်ကန်စွာ ကိုယ်တိုင် သိခြင်းဟူသော ဂုဏ်တော်ဖြစ်၏။

## ၃။ ဝိဇ္ဇာစရဏသမ္ပန္နော

ယင်းသည် ဝိဇ္ဇာ စရဏနှင့် ပြည့်စုံခြင်းဟူသော ဂုဏ်တော်ဖြစ်၏။ ဝိဇ္ဇာ၏အဘိညာဉ် (စိတ်တန်ခိုး) ငါးပါး၊ ဝိပဿနာဉာဏ် ၁၂ ပါးနှင့် မဂ်ဉာဏ်များပါဝင်၏။ စရဏ၌ အလုံးစုံကောင်းမြတ်သည့် အမူအကျင့်ကိုဖြစ်စေသော ပြီးမြောက်ခြင်း ၁၅ ပါး ပါဝင်၏။

တချို့ ရဟန္တာများမှာလည်း ဤဂုဏ်မျိုးရှိပါလျက် ဗုဒ္ဓအားသာ ဤဂုဏ်ကို အဘယ့်ကြောင့်ပေးအပ်ထားသည်ကို တချို့က သိလိုကြ၏။

ဝိဇ္ဇာနှင့် စရဏမှာ ဗုဒ္ဓ၏ ဂုဏ်တော်အရာ၌ များစွာ ပို၍လေးနက် ပို၍ သိမ်မွေ့သည့် အဓိပ္ပာယ်ပါရှိ၏။ ထို့ကြောင့် ဝိဇ္ဇာသည် သတ္တဝါတို့အား ဒုက္ခမှ မည်သို့ ကယ်တင်နိုင်ကြောင်းကို အကုန်အစင် သိရှိသည့် မဟာဉာဏ်တော်ကို ဆိုလို၏။ ထို့ပြင် စရဏသည် ဒုက္ခမှကယ်တင်နိုင်သည့် သတ္တဝါတို့ကိုကယ်တင်ရန် မလွဲမသွေ ပြီးပြည့်စုံရသည့် အကျင့်မြတ်ကို ဆိုလို၏။ ထို့ကြောင့် ဤဂုဏ်တော်ကို ထင်ရှားသော ရဟန္တာကြီးတို့ပင် ခွဲဝေမရနိုင်ချေ။

BURMESE CLASSIC .com

## ၄။ သုဂတော

ယင်းသည်မှန်ကန်၍ အကျိုးရှိသည့်အရာကို ပြောဆိုခြင်း ဟူသော ဂုဏ်ရှိ၏။ (စကား ခြောက်မျိုးရှိ၏။ ဗုဒ္ဓသည်နှစ်မျိုးကိုသာ အသုံးပြု၍ ကျန်စကားလုံးများကိုအသုံးမပြုချေ။

အောက်ပါတို့သည် ဗုဒ္ဓအသုံးပြုသည့် စကားနှစ်မျိုးဖြစ်၏။

က။ စကားသည် မှန်ကန်၏။ မိမိကိုယ်ကို ဒုက္ခမှကယ်တင်ရန် သူတစ်ပါးကို ကူညီပေးရာ၌ အကျိုးရှိ၏။ ယင်းသည် သူတစ်ပါးအား နှစ်သက်ဖွယ်ဖြစ်၏။

ခ။ စကားသည် မှန်ကန်၏။ ယင်းသည် အကျိုးရှိမည်ဖြစ်လျှင် ယင်းသည် သူတစ်ပါးအား နှစ်သက်စေဖွယ် မဟုတ်သော်မှလည်း ယင်းကို အသုံးပြု၏။

အောက်ပါတို့သည် ဗုဒ္ဓအသုံးမပြုသည့် စကားလေးမျိုးဖြစ်၏။

ဂ။ မမှန်၊ အကျိုးမရှိ၊ နှစ်သက်စေသောစကား။

ဃ။ မှန်ကန်၊ အကျိုးမရှိ၊ နှစ်သက်စေသောစကား။



င။ မမှန်၊ အကျိုးမရှိ၊ မနှစ်သက်စေသောစကား။

စ။ မှန်ကန်၊ အကျိုးမရှိ၊ မနှစ်သက်စေသောစကား။

## ၅။ လောကဝိဒူ

ယင်းသည် နာမ်ရုပ်နှင့် ပတ်သက်၍ သိဖွယ်အရာအားလုံးကို သိခြင်း ဟူသော ဂုဏ်ဖြစ်၏။ ယင်းသည် ဗြဟ္မာများ၊ နတ်များ၊ လူသားများနှင့် အပါယ်လေးဘုံရှိ သတ္တဝါများအဖြစ်ဖြင့် အဆုံးမရှိသော ပဋိသန္ဓေနေမှုတို့၏ အကြောင်းရင်းများနှင့် ပတ်သက်၍လည်းကောင်း၊ သူတို့၏တစ်ဘဝအတွင်း၌ သူတို့အားဖြစ်ပေါ်လာသည့် ကောင်း မကောင်းသော အရာတို့၏ အကြောင်းရင်းများနှင့်ပတ်သက်၍လည်းကောင်း သိဖွယ်အရာအားလုံးကို သိခြင်းဟူသော ဂုဏ်ကိုလည်း ဆိုလို၏။

ဤဂုဏ်တော်ကြောင့် ဗုဒ္ဓသည် ပုဂ္ဂိုလ်တစ်ဦး၊ အရိယသစ္စာလေးပါးကိုနားမလည် အောင် ကိလေသာတို့က လွှမ်းမိုးစွာ ဖုံးလွှမ်းထားသည် ဟုတ် မဟုတ်ကို လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦး သဒ္ဓါ၊ ဝီရိယ၊ မြဲမြံသောသိမှတ်မှု၊ သမာဓိ၊ နာမ်ရုပ် ... ၏ မမြဲသောသဘောကို သိမြင်ခြင်းတို့နှင့် ပြည့်စုံသည် ဟုတ် မဟုတ်ကိုလည်း ကောင်း သိမြင်လေ၏။ ထိုပုဂ္ဂိုလ်သည် ဤဂုဏ်ငါးပါးနှင့် ပြည့်စုံခဲ့လျှင် ယင်းဂုဏ် ... သည် သူ့အတွက် မဂ်ဉာဏ်များကိုရရှိဖို့ ရင့်ကျက်နေပြီ ဟုတ် မဟုတ်ကို လည်းကောင်း၊သူသည် မဂ်ဉာဏ်များကိုမရအောင် တားမြစ်မည့် အကုသိုလ်ကံမှ ... မကင်းကို လည်းကောင်း ဗုဒ္ဓ သိမြင်၏။ (မိခင်၊ ဖခင်၊ ရဟန္တာကိုသတ်ခြင်း၊ ... သာအတွင်း ဂိုဏ်းကွဲစေခြင်း၊ ဗုဒ္ဓအားသတ်လိုသည့်စေတနာဖြင့် ဒဏ်ရာရစေခြင်း ... သည် ပုဂ္ဂိုလ်တစ်ဦးအား သူ၏ မျက်မှောက်ဘဝအတွင်း၌ မဂ်ဉာဏ်မရအောင် ... မြစ်မည့် အကုသိုလ်ကံဖြစ်၏။)

သူသည် မဂ်ဉာဏ်များကို ရပြီးသောအခါ၌ပင် သူသည် မဂ်ဉာဏ်လေးပါးတွင် ... သည့်ဉာဏ်များကို ရရှိကြောင်း ဗုဒ္ဓက သိမြင်လေ၏။

## ၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ

... ဘာသာအလိုအရ အဓိကအားဖြင့် သတ္တဝါ နှစ်မျိုးနှစ်စားရှိ၏။ ယင်းတို့ကား ... မဂ်ဉာဏ်လေးပါးတွင် တစ်ပါးပါးကို မရရှိသေးသူများနှင့် ခ။ မဂ်ဉာဏ်လေးပါး ... တစ်ပါးပါးကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ရပြီးသူများဖြစ်၏။ ပထမအမျိုးအစား ... ဆိုင်သော သူတို့ကို ပုထုဇဉ်များဟု ခေါ်၏။ ဒုတိယအမျိုးအစားနှင့်ဆိုင်သော ... ကို အရိယာများဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်တို့မှာ အနုသယခုနစ်ပါးလုံး မပျက်မယွင်းရှိကြ၏။ ဤအနုသယခုနစ်ပါး တို့အနက် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယတို့သည် သူ့အား ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၌-ယုံကြည်မှု ကို စွန့်လွှတ်စေနိုင်၏။ ယင်းတို့သည် သူ့အား သတ်ခြင်း၊ ခိုးခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ မုသားပြောခြင်း၊ သေအရက်သောက်ခြင်းတို့ကိုလည်း ပြုလုပ်စေနိုင်၏။

ထို့ကြောင့် ပုထုဇဉ်သည် ဘုရားတရား၌ မည်မျှကြည်ညို၊ မည်မျှမှန်မြတ် မည်မျှ မြင့်မြတ်နေစေကာမူ စိတ်မချရချေ။ အခြေအနေ တစ်စုံတစ်ရာကြောင့် သူသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၏ ဂုဏ်တော်များ၌ မိမိယုံကြည်မှုကို စွန့်လွှတ်နိုင်၏။ သတ်ခြင်း၊ ခိုးခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ မုသားပြောခြင်း၊ သေအရက် သောက်ခြင်း တို့ကိုလည်း ပြုနိုင်၏။

ဗုဒ္ဓဘာသာအရ ပုထုဇဉ်အားလုံးကို မယဉ်ကျေးသေးသော သတ္တဝါများအဖြစ် အမျိုးအစားခွဲထား၏။ ပုထုဇဉ်နှင့် ဆန့်ကျင်ဘက်အားဖြင့် အရိယာပုဂ္ဂိုလ်သည် လုံး စိတ်ချရ၏။

က။ သူရရှိပြီးသော ပထမမဂ်သည် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယတို့ကို ပယ် သတ်ပြီး ဖြစ်၏။

ခ။ သူရရှိပြီးသော ဒုတိယမဂ်သည် ကျန်အနုသယငါးပါးကို အားနည်းအောင်ပြုပြီး ဖြစ်၏။

ဂ။ သူရရှိပြီးသော တတိယမဂ်သည် ကာမရာဂါနုသယနှင့် ပဋိဃာနုသယတို့ကို ပယ်သတ်ပြီး ဖြစ်၏။

ဃ။ သူရရှိပြီးသော စတုတ္ထမဂ်သည် မာနာနုသယ၊ ဘဝရာဂါနုသယနှင့် အဝိဇ္ဇာ နုသယတို့ကို ပယ်သတ်ပြီး ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာအရ ပထမမှ စတုတ္ထအထိ အရိယာပုဂ္ဂိုလ်အားလုံးကို ယဉ်ကျေးပြီးသော သတ္တဝါများအဖြစ် အမျိုးအစားခွဲထား၏။

မယဉ်ကျေးသေးသော ပုထုဇဉ်တို့ကို ယဉ်ကျေးပြီးသောအရိယာများဖြစ်အောင် ဆုံးမသည့် အတတ်ပညာ၌ ဗုဒ္ဓသည် အတုမရှိ အမြတ်ဆုံးဖြစ်၏။

မယဉ်ကျေးသေးသောသူများကို ယဉ်ကျေးလာအောင်ဆုံးမခြင်း အတတ်ပညာ၌ အတုမရှိ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော ဂုဏ်ကို အနုတ္တရောပုရိသ ဒမ္မသာရထိ ဟု ခေါ်၏။

## ၇။ သတ္ထာဒေဝ မနုဿာနံ

ဗုဒ္ဓ၏ တရားတော်တို့မှာ သီလ၊ သမာဓိ၊ ပညာဟူသော အဓိကအပိုင်းသုံးခုပါရှိ၏။ သီလသည် မမှန်သောအရာကို ပြုလုပ်ပြောဆိုခြင်းမှ လုံးဝရှောင်ကြဉ်ခြင်းကို ဆိုလို၏။



သမာဓိသည် အလွန်ထူးခြားသည့် စိတ်၏တည်ကြည်မှုကို ဆိုလို၏။ ပညာသည် ဝိပဿနာဉာဏ်များနှင့် အနုသယခုနစ်ပါးကို ပယ်သတ်သည့် မဂ်ဉာဏ်များကိုဆိုလို၏။

ပုဂ္ဂိုလ်တစ်ဦးသည် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ ဗုဒ္ဓ၏တရားတော်များကို လိုက်နာခြင်းဖြင့် အကျိုးကျေးဇူးများကိုရရှိ၍ ဘာမျှ ဆုံးရှုံးလိမ့်မည် မဟုတ်။ လူနတ် ဗြဟ္မာတို့သည် ဤတရားတော်တို့၏ အကျိုးတရားများကို နောင်ဘဝအထိ စောင့်ဆိုင်းဖို့ မလိုချေ။ သူတို့သည် မိမိတို့၏ မျက်မှောက်ဘဝအတွင်း၌ မိမိတို့အတွက် အကျိုးတရား များကို တွေ့မြင်လိမ့်မည်။ ဗုဒ္ဓ၏သာဝကများထဲ၌ လူသားတို့သာမက နတ် ဗြဟ္မာ တို့လည်း ပါရှိကြ၏။

ထို့ကြောင့် သတ္ထာဒေဝမနုဿာနံသည် လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာဖြစ်ခြင်း ဟူသောဂုဏ်ကို ဆိုလို၏။

BURMESE CLASSIC .com

## ၈။ ဗုဒ္ဓေါ

ယင်းသည် အရိယသစ္စာလေးပါးကို ဟောကြားရန်ပြီးပြည့်စုံသည့် စွမ်းရည်ရှိခြင်း ဟူသော ဂုဏ်ဖြစ်၏။ ပစ္စေကဗုဒ္ဓါတို့သည် ဗုဒ္ဓများကဲ့သို့ပင် တစ်စုံတစ်ဦးထံမှ လမ်းညွှန်မှုကိုမယူဘဲ ကိုယ်တိုင်ပင် အနုသယခုနစ်ပါးကို ပယ်သတ်နိုင်ခဲ့ကြ၏။ သို့ရာတွင် သူတို့သည် ဗုဒ္ဓများကဲ့သို့ အရိယသစ္စာလေးပါးကို မဟောစွမ်းနိုင်ခဲ့ချေ။

## ၉။ ဘဂဝါ

ယင်းသည် အောက်ပါအင်္ဂါခြောက်ပါးရှိခြင်း ဟူသော ဂုဏ်ဖြစ်၏။

က။ ဣဿရိယ (ရှာန်များအပေါ်၌ လုံးဝနိုင်နင်းခြင်း)

ခ။ ဓမ္မ (မဂ်လေးပါး၊ ဖိုလ်လေးပါးနှင့် နိဗ္ဗာန်ကိုရရှိခြင်း)

ဂ။ ယသ (လူနတ်ဗြဟ္မာတို့အပေါ်၌ ကျယ်ပြန့်သော ဩဇာအရှိန်အဝါရှိခြင်း)

ဃ။ သီရိ (တင့်တယ်ခန့်ညားခြင်းနှင့် ပြည့်စုံသည့် ဥပဓိရုပ်ရှိခြင်း)

င။ ကာမ (အလိုဆန္ဒကို ဖြည့်ဆည်းနိုင်သည့် တန်ခိုးရှိ၏) ဘုရားအလောင်းသည် သဗ္ဗညုတဉာဏ်ရရှိရန် ကြီးမားသည့်ဆန္ဒရှိခဲ့ပြီး မိမိ၏ဆန္ဒသည် ဗုဒ္ဓဖြစ်လာသောအခါ ပြည့်ဝသွား၏။ တစ်ဖန် သူ့မှာ သူတစ်ပါးတို့ကို ဗောဓိဉာဏ် ရရှိရန်ကြီးမားသည့် ဆန္ဒရှိခဲ့ပြီး၊ ဤဆန္ဒသည် မိမိ၏သာဝကတို့ အရိယာများဖြစ်လာသည့်အခါ ပြည့်ဝ သွား၏။ ထို့ကြောင့် ကာမသည် မိမိ၏ ဆန္ဒနှစ်မျိုး ပြည့်ဝခြင်းဟူသော ဂုဏ်ဖြစ်၏။

စ) ပယတ္တ (သတ္တဝါတို့အား ဒုက္ခမှ လွတ်မြောက်စေရေးအတွက်ကြီးမားသည့် ဝီရိယရှိခြင်းဟူသော ဂုဏ်)။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၈

## ဗုဒ္ဓအဖြစ် ၄၅ ဝါ

ဗုဒ္ဓအဖြစ် ၄၅ ဝါ ကြာမြင့်ခဲ့၏။ ဝဿ–ဝါ သည် မိုးရွာခြင်းကို ဆိုလို၏။ ဝဿကို ပုံပမာဖြင့် ရှင်းပြသင့်၏။ ဥပမာ ဗုဒ္ဓသည် ဗိမ္ဗိသာရမင်းက မိမိအား လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်း၌ နေထိုင်ခဲ့၏။ သူသည် ကျောင်းမှ ခဏခဏ ထွက်ခွာပြီး ဗုဒ္ဓဘာသာကို ဖြန့်ချိရန် ဝေးကွာသည့် မြို့ရွာအချို့သို့ ကြွသွားလိမ့်မည်။

ခရီးသွားခြင်းသည် နေ့အနည်းငယ်မှ ရက်သတ္တပတ်အနည်းငယ်အထိ ကြာလိမ့်မည်။ သို့ရာတွင် ဝါဆိုလပြည့်နေ့ (ဇူလိုင်ခန့်)မှ စတင်၍ သီတင်းကျွတ်လပြည့် (အောက်တိုဘာလခန့်)အထိ မိုးလေးလ ကာလအတွင်းမှာ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်းမှ ထွက်ခွာသွားလိုလျှင် အရုဏ်တက်ပြီးနောက် ထွက်ခွာသွားပြီး နေမဝင်မီကျောင်းသို့ ပြန်လာခဲ့၏။ သူသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးခဲ့၏။ သီတင်းကျွတ်လပြည့်နေ့ ပြီးသောနေ့၌ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်း၌ တစ်ဝါပြီးဆုံးပြီဟု မှတ်ထား၏။ ထို့ကြောင့် ဝါသည် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ မိုးလေးလ ကာလတိုင် ကျောင်းတစ်ခုတည်း၌ ဆက်တိုက်သီတင်းသုံးခြင်းကို ဆိုလို၏။

အောက်ပါတို့သည် ဗုဒ္ဓအဖြစ် ၄၅ ဝါ နှစ်အတွင်း၌ ဝဿ–ဝါတစ်ဝါ၊ ဝါများ ပြီးဆုံးအောင် ဗုဒ္ဓနေခဲ့သည့် နေရာများဖြစ်၏။

| | |
|---|---|
| ပထမဝါ | ဗာရာဏသီအနီး မိဂဒါဝုန်တောထဲရှိကျောင်း |
| ဒုတိယ | |
| တတိယ | ရာဇဂြိုဟ်၊ ဝေဠုဝန်ကျောင်း |
| စတုတ္ထ | |
| ပဉ္စမဝါ | ဝေသာလီ၊ မဟာဝုန်တောထဲရှိကျောင်း |
| ဆဋ္ဌမဝါ | မင်္ကုလတောင်၊ တောကျောင်း |
| သတ္တမဝါ | တာဝတိံသာ၊ သိကြားမင်း၏ပလ္လင် |
| အဋ္ဌမဝါ | ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့အနီး တောထဲရှိကျောင်း |



| | |
|---|---|
| …မဝါ | ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း |
| …မဝါ | ပါလိလေယျက တောထဲရှိကျောင်း |
| …ဒသမဝါ | နာဠခေါ် ပုဏ္ဏားရွာအနီးရှိ နာလိကာရုံကျောင်း |
| …ဒသမဝါ | ဝေရဉ္ဇာမြို့အနီးရှိကျောင်း |
| …ရသမဝါ | ဇန္တုရွာအနီးရှိ စာလိကာတောင်ကျောင်း |
| …သမဝါ | သာဝတ္ထိပြည်ဇေတဝန်ကျောင်း |
| …ဿာရသမဝါ | ကပိလဝတ္ထုပြည်၊ နိဂြောဓာရုံကျောင်း |
| …ဋ္ဌသမဝါ | အာဠဝီပြည်၊ အဂ္ဂါဠဝကျောင်း |
| …ဿရသမဝါ | ရာဇဂြိုဟ်၊ ဝေဠုဝန်ကျောင်း |
| … ၁၉ မြောက်ဝါ | ဇန္တုရွာအနီးရှိ စာလိကာတောင်ကျောင်း |
| …၀ မြောက်ဝါ | ရာဇဂြိုဟ်၊ ဝေဠုဝန်ကျောင်း |
| …၁ မှ ၄၄ ခုမြောက်ဝါ | သာဝတ္ထိပြည် ဇေတဝန်ကျောင်း၊ ပုဗ္ဗာရုံကျောင်းတစ်ခုခု |
| …၅ ခု မြောက်ဝါ | ဝေသာလီပြည်၊ ဗေလုဝရွာရှိကျောင်း |

ဗုဒ္ဓအဖြစ် ၄၅ ဝါတွင် တချို့နှင့်ပတ်သက်၍ ထူးခြားသည့် အချက်အနည်းငယ်ကို …ပြပါမည်။

***

### ပထမဝါ

### ဓမ္မစကြာသုတ်

…သည် နှစ်လတိုင် ဗောဓိပင်ဝန်းကျင်၌နေထိုင်ခဲ့၏။ ထိုကာလအတွင်း၌ ဗုဒ္ဓသည် …သုတဉာဏ်တော်ဖြင့် မိမိ၏ ဓမ္မ (တရားတော်များ)ကို ပြန့်ပွားစေရန်အလို့ငှာ …ိုလ်အမျိုးအစားများအပေါ် ရှုဆင်ခြင်ခဲ့၏။ သူသည် ပုဂ္ဂိုလ်လေးမျိုးလေးစားကို …မြင်ခဲ့၏။ ယင်းတို့ကား

၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်မျိုး

၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး

၃။ နေယျပုဂ္ဂိုလ်မျိုး

၄။ ပဒပရမပုဂ္ဂိုလ်မျိုးတို့ ဖြစ်၏။

(အဘိဓမ္မပိဋက၊ ပုဂ္ဂလပညတ်ကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



၁။ ပထမအမျိုးအစားနှင့် သက်ဆိုင်သူတို့မှာ ဗုဒ္ဓ၏တရားတော်များကို အလွန် ထူးခြားစွာ နားလည်နိုင်စွမ်းရှိကြ၏။ သူတို့သည် ဗုဒ္ဓဟောကြားအပ်သည့် တစ်ဂါထာကို ကြားနာနေစဉ်မှာပင် အများအားဖြင့် ဝဂ်လေးခုပါရှိသည့် တစ်ဂါထာ၏ လေးပုံ သုံးပုံ ကို ဗုဒ္ဓဟောမပြီးမီမှာပင် မဂ်လေးပါးလုံး (ဝါ) အနည်းဆုံး တစ်မဂ်ကို ရကြကုန်၏။

၂။ ဒုတိယအမျိုးအစားနှင့် သက်ဆိုင်သူတို့သည် ဗုဒ္ဓ၏တရားတော်များကို နားလည်ရာ၌ ပထမအမျိုးအစား ပုဂ္ဂိုလ်များထက် အနည်းငယ်ပိုနှေးကြ၏။ ထို့ကြောင့် သူတို့သည် ဗုဒ္ဓကဂါထာတစ်ပုဒ်ကို ရွတ်နေစဉ်မှာ တစ်မဂ်မျှ မရရှိကြချေ။ ဗုဒ္ဓ ထိုတစ်ဂါထာကို ရှင်းလင်းဟောကြားပြီးသည့်နောက်၌သာ သူတို့သည် မဂ်လေးပါးလုံး (ဝါ) အနည်းဆုံး တစ်မဂ်ကို ရကြ၏။

၃။ တတိယအမျိုးအစားနှင့် သက်ဆိုင်သူတို့သည် ထိုရှင်းလင်းဟောကြားချက်ကို ကြားနာပြီးနောက်၌ပင် မဂ်လေးပါးတွင်တစ်ပါးမျှ မရနိုင်ကုန်။ သူတို့သည် ဝိပဿနာ ကမ္မဋ္ဌာန်းကို ပြင်းထန်စွာအားထုတ်ပြီးနောက်၌သာ မဂ်များကို ရနိုင်ကုန်၏။

၄။ စတုတ္ထအမျိုးအစားနှင့် သက်ဆိုင်သူတို့သည် ဝိပဿနာကမ္မဋ္ဌာန်းကို ပြင်းစွာအားထုတ်သော်မှပင် မိမိတို့၏ မျက်မှောက်ဘဝအတွင်း၌ မဂ်လေးပါးတွင် တစ်ပါးမျှ မရနိုင်ကုန်။ သို့ရာတွင် ပြင်းထန်စွာအားထုတ်မှုက သူတို့အား ဝိပဿနာ ဉာဏ်စဉ်တချို့သို့ ရောက်စေနိုင်လိမ့်မည်။ ဤဉာဏ်များကိုတွေ့သိမှုက နောင်ပွင့်သော ဗုဒ္ဓလက်ထက်တွင် ဥဂ္ဃဋိတညူ (ဝါ) ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး သူတို့ဖြစ်လိုလျှင် ရရှိထား လိုအပ်သည့် ကုသိုလ်ကံ၏အစိတ်အပိုင်းကို ပြုပေးလိမ့်မည်။ သို့တည်းမဟုတ်၊ ဒုက္ခ စာနိုင်သမျှ စောစော သူတို့ လွတ်မြောက်လိုလျှင် ဝိပဿနာကမ္မဋ္ဌာန်းကို ပြင်းစွာ အားထုတ်ခြင်းမှ သူတို့ရရှိသည့် ကုသိုလ်ကံက နောက်ဘဝအတွင်း ဤအနည်းဆုံး ပထမမဂ်ကို ရရှိရေး၌ သူတို့အား ကူညီပေးလိမ့်မည်။

ဤပုဂ္ဂိုလ်လေးမျိုးထဲက တချို့ကျောင်းသားများက ဂုဏ်ထူးအမှတ်များရ တချို့က ဂုဏ်ထူးနားကပ် အမှတ်များရကြ၊ တချို့က အောင်မှတ်ရကြ၍ တချို့ ကျရှုံးကြသော အတန်းအစားသဘောကို စာရှုသူတို့အား သတိရစေလိမ့်မည်။ ဂုဏ်ထူးအမှတ်များ၊ ဂုဏ်ထူးနားကပ်အမှတ်များ အောင်မှတ်များရရန် ကျောင်းသား များအတွက် ဆရာ၏ သင်ပြမှုတစ်ခုတည်းနှင့် မလုံလောက်၊ ထိုကျောင်းသား ဉာဏ်ရည်နှင့် လုံ့လ ရှိရမည်။ ဉာဏ်ရည်နှင့် လုံ့လ မရှိကြသူများအတွက် ဆရာ သူတို့အတွက် အောင်မှတ်ပင်ရရှိအောင် ဘာမျှလုပ်မပေးနိုင်ချေ။

ပထမ၊ ဒုတိယ၊ တတိယ အမျိုးအစားထဲပါ ပုဂ္ဂိုလ်များအရာ၌ သူတို့ မိမိတို့၏ ရှေးဘဝတချို့၌ မိမိတို့နှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်မျိုးအသီးသီးအ အရည်အချင်းပြည့်မီရန် သူတို့အဖို့ လုံလောက်သည့် ကုသိုလ်ကံကို ဆည်းပူး ခဲ့၏။ (ကုသိုလ်ကံဟူသည် ဒါနပြုခြင်း၊ မမှန်သည့်အရာကိုပြုလုပ်၊ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သမထ၊ ဝိပဿနာအားထုတ်ခြင်းကို ဆိုလို၏။) ဗုဒ္ဓ၏ တရားတော် တစ်ခုတည်းသည် သူတို့အဖို့ မဂ်များကိုရရှိရန် မလုံလောက်၊ ထို့ကြောင့် ထိုကဲ့သို့သော ကုသိုလ်မျိုး မရရှိခဲ့သည့် စတုတ္ထအမျိုးအစားထဲပါ ပုဂ္ဂိုလ်များအရာ၌ ဗုဒ္ဓသည် မဂ် များကို ရရှိအောင် သူတို့အတွက် ဘာမျှလုပ်မပေးနိုင်ချေ။

အထက်ပါပုဂ္ဂိုလ်လေးမျိုးကို သိမြင်ပြီးနောက် ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော် ဖြင့် မဂ်များရရှိအောင် မိမိကူညီပေးနိုင်သည့် ပုဂ္ဂိုလ်မျိုးအပေါ် ရှုဆင်ခြင်ခဲ့၏။ ဗုဒ္ဓ ဖြစ်သည်မှစ၍ အဆုံးအထိ ဗုဒ္ဓသည် နံနက်စောစော တစ်ကြိမ်၊ ညနေမှာ တစ်ချိန် ထိုကဲ့သို့ရှုဆင်ခြင်ရန် သတ်မှတ်ထားခဲ့၏။ ဗုဒ္ဓသည် မိမိရှုဆင်ခြင်ရာတွင် မိမိ ကူညီနိုင်မည့်ပုဂ္ဂိုလ်၏ ရုပ်သွင်ကိုမြင်၏။ ထို့နောက် သူသည် ထိုပုဂ္ဂိုလ်၏ ရင့်ကျက် လာတော့မည့် ကုသိုလ်ကံ၊ သူ့ကုသိုလ်ကံရင့်ကျက်ခြင်း၏ အကျိုးရလဒ်အနေဖြင့် ရရှိမည့်တရား၊ ထိုအချိန်တွင် ထိုပုဂ္ဂိုလ်နှင့်သင့်လျော်မည့် တရားအမျိုးအစားတို့ကို ဆင်ဆင်ချင်း ရှုဆင်ခြင်ခဲ့၏။ ဤအချက်များအပေါ် ရှုဆင်ခြင်ပြီးနောက် သူသည် သင့်တော်သည့်အချိန်မှာ ထိုပုဂ္ဂိုလ်ထံ သွားခဲ့၏။ ဗုဒ္ဓသည် မဂ်ဉာဏ်များရရှိမှုကို အမြင့်ဆုံးအထားဆုံးဖြစ်၏။ သို့ရာတွင် ဗုဒ္ဓသည် မိမိ၏ကြွရောက်ခြင်းတို့က ထိုသူတို့အား နောင်ဘဝများစွာတိုင် အကျိုးကျေးဇူးများဆောင်ပေးမည့် ဗုဒ္ဓ ဓမ္မ သံဃာ၌ ယုံကြည် မှု ဖြစ်စေခြင်းကဲ့သို့သောနည်းဖြင့် ကူညီပေးနိုင်လျှင်သော်မှ သို့တည်းမဟုတ် သူတို့အား အပါယ်လေးပါးတစ်ပါးပါး၌ဖြစ်ခြင်းမှ တားမြစ်နိုင်လျှင်သော်မှ ဤပုဂ္ဂိုလ် များထံ ကြွသွားလိမ့်မည်။

ဗုဒ္ဓသည် အထက်ပါပုဂ္ဂိုလ်လေးမျိုးကို တွေ့ရှိပြီးနောက် သဗ္ဗညုတဉာဏ်တော်ဖြင့် သူတွေ့မြင်ခဲ့သောပုဂ္ဂိုလ်တို့ကား ရဟန်းငါးပါးဖြစ်၏။ သူတို့သည် ဗုဒ္ဓဖြစ်ရေး လမ်း ကြောင်းမှ ဘုရားအလောင်း သွေဖည်သွားလေပြီဟု ထင်မှားပြီးနောက် သူ့ကိုစွန့်ခွာသွား သည့် ရဟန်းများဖြစ်ကြ၏။ ထို့ကြောင့် ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓသည် ဤရဟန်းများ နေထိုင်ရာ မိဂဒါဝုန်တောသို့ ကြွသွားလေ၏။ နေဝင်ပြီးအချိန်မှာ ထိုရဟန်းတို့သည် မိမိတို့ထံလာနေသည့် ဗုဒ္ဓကိုမြင်ကြလေ၏။ သူတို့သည် ဤသို့ အချင်းချင်း သဘောတူ ကြ၏။ အရှင်တို့၊ ရဟန်းဂေါတမသည် ငါတို့ဆီလာနေ၏၊ သူသည် ကမ္မဋ္ဌာန်း လမ်းကြောင်းမှ လျှော့ကျသွားခဲ့ပြီ။ ယခု သူသည် လောကီ လာဘ်လာဘများကို ရှာရန် ...လုပ်နေ၏။ ယခု သူသည် လောကီ လာဘ်လာဘများဘက်သို့ လိုက်ပါသွား၏။ ... သူ့အား အရိုအသေမပြုဘဲ နေကြစို့။ သူ့ကို မကြိုဆိုဘဲ နေကြစို့။ သူ့၏သပိတ်၊ ...ကို လှမ်းယူခြင်းဖြင့် သူ့အား လေးစားမှုကို မပြဘဲနေကြစို့။ သို့ရာတွင် သူ ...သော် ထိုင်နိုင်ဖို့ရာ သူ့အတွက် နေရာတစ်ခုထားကြအံ့။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသည် ဤရဟန်းငါးပါး၏ စိတ်များထဲ၌ ဘာဖြစ်နေသည်ကို သိမြင်ခဲ့၏။ ထို့ကြောင့် သူသည် ထိုသူတို့အပေါ်၌ စူးစိုက်၍ မေတ္တာဘာဝနာကို ပွားလေ၏။ သူတို့ထံ ဗုဒ္ဓချဉ်းကပ်လာသော် ဗုဒ္ဓ၏ ကြီးမားသည့် ဥပဓိရုပ်၏ လွှမ်းမိုးမှုကြောင့်လည်းကောင်း၊ ရဟန်းငါးပါးတို့သည် မိမိတို့၏ ကတိကို မေ့သွားခဲ့ကြ၏။ သူတို့အားလုံး ဗုဒ္ဓကို ကြိုဆိုခဲ့ကြ၏။ သူတို့အထဲမှ တစ်ပါးက ဗုဒ္ဓထံမှ သပိတ်နှင့် သင်္ကန်းကို ယူရန် ကမ်းလှမ်း၏။ ဒုတိယရဟန်းက နေရာကို သပ်ရပ်စွာပြင်ဆင်၏။ တတိယရဟန်းက ဗုဒ္ဓအတွက် သူ့ခြေဆေးစရာ ရေကို ယူလာ၏။ စတုတ္ထရဟန်းက ဗုဒ္ဓ ခြေဆေးရန် ပျဉ်ချပ်ကို ချထား၏။ ပဉ္စမရဟန်းက ဗုဒ္ဓ၏ခြေဖဝါးများမှ အညစ်အကြေးကို ခြစ်ချရန် အိုးခြမ်းကွဲကို ဗုဒ္ဓအားပေးအပ်၏။

ရဟန်းတို့သည် ဗုဒ္ဓအား ကောင်းစွာ ဆက်ဆံ၏။ သို့ရာတွင် သူတို့သည် သူ ဗုဒ္ဓဖြစ်သွားပြီကို မယုံသောကြောင့် ဗုဒ္ဓအား ခေါ်ဝေါ်သင့်သည့်အတိုင်း ကောင်းစွာ မခေါ်ဝေါ်ခဲ့ချေ။ သူတို့က သူ့အား ဂေါတမဟုလည်းကောင်း၊ ငါ့ရှင်ဟုလည်းကောင်း ခေါ်ဝေါ်ခဲ့ကြ၏။

ရဟန်းငါးပါးနှင့် ဗုဒ္ဓအကြား အောက်ပါအပြန်အလှန်ပြောစကားသည် အလွန် စိတ်ဝင်စားဖွယ်ကောင်း၏။

'ငါ့ရှင် ရဟန်းဂေါတမ၊ သင် အလွန်ပြင်းထန်စွာ တရားအားထုတ်နေခဲ့စဉ် ဥရုဝေလတောထဲ၌ သင်နှင့်အတူရှိခဲ့စဉ်က ကျွန်ုပ်တို့သည် ထိုအရပ်၌ သင် သွားလာ နေစဉ်အတွင်းမှာ သင်၏ သပိတ်နှင့် သင်္ကန်းကို သယ်ဆောင်ပေးခဲ့ကြ၏။ ကျွန်ုပ်တို့ သည် သင်မျက်နှာသစ်ရန်ကို ရေနှင့် သင့်သွားများကို ပွတ်တိုက်ရန် တံပူ (သွားများ ကို ပွတ်တိုက်ရန် သစ်သားအပျော့ဖြင့်လုပ်ထားသည့် တုတ်ပြားငယ်များ)ကို ယူဆောင် ပေးခဲ့ကြ၏၊ ကျွန်ုပ်တို့ ထွက်သွားသည့်အခါ မည်သူက သင့်အတွက် ဒါတွေ လုပ်ပေးခဲ့သနည်း၊ ကျွန်ုပ်တို့ ထွက်သွားသည့် အခါ သင်သည် မိမိ ထွေရာလေး အကြံများကို ထိန်းချုပ်နိုင်ခဲ့၏လော'

'ရဟန်းတို့၊ ငါ့အား ဂေါတမဟုလည်းကောင်း၊ ငါ့ရှင်ဟု လည်းကော မခေါ်ဝေါ်ကြလင့်။ ရဟန်းတို့၊ ယခု ငါသည် သိဖွယ်အရာအားလုံးကိုသိသည့် ဖြစ်လာပြီ။ ရဟန်းတို့ ငါပြောသည်ကို နားထောင်ကြလော့။ ငါသည် နိဗ္ဗာန်ရော ကြောင်း လမ်းကို တွေ့ခဲ့ပြီ၊ ငါသည် သင်တို့အား သင်ပြပေးအံ့။ သင်တို့အား တ ဟောပေးအံ့။ သင်တို့သည် ငါ၏ ညွှန်ကြားချက်များအတိုင်း ကျင့်ကြံအားထုတ် သင်တို့ မျက်မှောက်ဘဝ၌ မကြာမီ အရဟတ္တမဂ်ကို ရရှိလိမ့်မည်။ ယင်းသည် ဒုက္ခ အဆုံးသို့ရောက်ကြောင်း လမ်းကိုရှာရန်အလို့ငှာ တောထွက်ပြီး ရဟန်းပြု အယုတ်အမြတ် ပုဂ္ဂိုလ်နှစ်မျိုးလုံးအတွက် ပန်းတိုင်ဖြစ်၏'



'ငါ့ရှင်ဂေါတမ၊ သင်သည် လွန်သည့်ခြောက်နှစ်တိုင်တိုင် အပါနကရျာန်ကဲ့သို့ သော အလွန်အံ့ဖွယ်ကောင်းသည့် ကမ္မဋ္ဌာန်းလမ်းစဉ်ကို အားထုတ်နေတုန်းကမှ ရဟတ္တမဂ်နှင့် သဗ္ဗညုတဉာဏ်ကို မရနိုင်ခဲ့ချေ။ သင်သည် လောကီ လာဘ်လာဘ ကိုရဖို့ အလုပ်လုပ်နေသည့်အခါ ကမ္မဋ္ဌာန်းလမ်းကြောင်းမှ လျှောကျသည့်ရဟန်း သွားသည့်အခါ လောကီလာဘ်လာဘများဘက်သို့ လိုက်ပါသွားသည့်အခါမှာ သလကမ္ဘပထတရား ၁၀ ပါးထက် များစွာသာလွန်သည့် အရဟတ္တမဂ်နှင့် ညုတဉာဏ်ကို ရရှိရန် သင့်အဖို့ မည်သို့ဖြစ်နိုင်မည်နည်း'

'ရဟန်းတို့ ငါသည် လောကီလာဘ်လာဘများကို ရရှိရန်လုပ်နေသည့် ရဟန်း ဟုတ်။ ကမ္မဋ္ဌာန်းလမ်းကြောင်းမှ လျှောကျသွားသည့် ရဟန်းမဟုတ်။ လောကီ ဘ်လာဘများဘက်သို့ လိုက်ပါသွားသည့် ရဟန်းလည်းမဟုတ်။ ရဟန်းတို့ ငါသည် ဖွယ်အရာအားလုံးကိုသိသော တစ်လောကလုံး၏ အပူအဇော်ကို ခံယူထိုက်သော ဖြစ်လာပြီ။ ရဟန်းတို့ ငါပြောသည်ကို နားထောင်ကြလော့။ နိဗ္ဗာန်ရောက်ကြောင်း မ်းကို ငါ တွေ့ခဲ့ပြီ။ သင်တို့အား ငါ သင်ပြပေးအံ့။ သင်တို့အား တရားဟောပြပေးအံ့ င်တို့သည် ငါ၏ညွှန်ကြားချက်များအတိုင်း ကျင့်ကြံအားထုတ်လျှင် သင်တို့ မှောက်ဘဝ၌ မကြာမီ အရဟတ္တမဂ်ကို ရရှိလိမ့်မည်။ ယင်းသည် ဒုက္ခ၏အဆုံးသို့ ာက်ကြောင်း လမ်းကိုရှာရန်အလို့ငှာ မိမိတို့ပိုင်သည့်အရာများကို စွန့်ပြီး ရဟန်းပြု သည့် အယုတ်အမြတ်ပုဂ္ဂိုလ်နှစ်မျိုးလုံးအတွက် ပန်းတိုင်ဖြစ်၏'

ရဟန်းငါးပါးတို့သည် နားမလည်ကြသေးဘဲရှိ၍ ရှေးကအတိုင်း ပြန်ပြောကြ ၏။ ဗုဒ္ဓသည် အထက်က မိမိပြောခဲ့သည့်စကားကို ထပ်ပြော၍ ရဟန်းတို့ကလည်း ာအတိုင်း ပြန်ပြောခဲ့ကြ၏။ ထိုအခါ ဗုဒ္ဓသည် မေးခွန်းတစ်ခုကို ရဟန်းတို့အား ဤသို့ မေးလေ၏။

'ရဟန်းတို့၊ ဥရုဝေလတောထဲ၌ ငါတို့ အတူတကွနေခဲ့ကြတုန်းက ငါသည် င်တို့အား ငါ့ရှင်ရဟန်းတို့၊ စိတ်အားမလျှော့ကြလင့်၊ ဤနေရာမှ ထွက်ခွာသွားဖို့ ငံ့စားကြလင့်၊ ငါသည် အံ့ဖွယ်အလင်းများနှင့် အရောင်များကို မြင်ရပြီ၊ ငါ့ ဋ္ဌာန်း၏ အကျိုးရလဒ်အနေဖြင့် အံ့ဖွယ်အသိအမြင်များကိုလည်း ငါရရှိပြီ၊ ဤသို့ ကြိမ်တစ်ခါမျှ မမှန်စကားပြောခဲ့သည်ကို ကြားခဲ့ဖူးကြောင်း သင်တို့ မှတ်မိခဲ့ကြ ဘ'

ဤမေးခွန်းက သူတို့အား ဤသို့စဉ်းစားမိစေ၏။ 'မိမိကိုယ်ကို နှိပ်စက်သည့် င့်များကို သူအားထုတ်စဉ်က အကယ်၍သာ ယခု ရဟန္တာဖြစ်ပြီဟုဆိုခဲ့လျှင် သူ့ကို ယုံကြမည်ဖြစ်၏။ သို့ရာတွင် ရဟန်းဂေါတမသည် ထိုကဲ့သို့သော ားကို ငါတို့အား မပြောခဲ့ဘူး။ ထို့ကြောင့် သူ ဗုဒ္ဓဖြစ်ပြီဟု သူပြောသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



သူ အမှန်ကိုပြောနေတာ ဖြစ်ရမည်' ထိုအချိန်မှစ၍ ဤဗုဒ္ဓအပေါ် သူတို့၏ စိတ်ထား
သည် ပြောင်းသွား၏။ သူတို့သည် ဗုဒ္ဓ၏အမေးကို ပြန်ပြောသည့်အခါ မိမိတို့၏
မယဉ်ကျေးသည့် စကားအသုံးအနှုန်းကို စွန့်ပြီး ဤသို့လေးစားစွာဖြင့် ဆိုကြလေ၏။
'အရှင်ဘုရား၊ ဉရုဝေလတောထဲ၌ ကျွန်ုပ်တို့အတူနေခဲ့စဉ်က ထိုကဲ့သို့သောစကားမျိုး
အရှင်ပြောခဲ့သည်ကို ကြားဖူးကြောင်း ကျွန်ုပ်တို့ မမှတ်မိခဲ့ကြပါ'

'ထို့ကြောင့် မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့် (ဇူလိုင်လခန့်)နေ့
နေဝင်ခါနီးအချိန်တွင် ဗုဒ္ဓသည် ဓမ္မစက္ကပဝတ္တနခေါ်သော ပထမဆုံးတရားတော်ကို
ရဟန်းငါးပါးတို့အား ဟောကြားခဲ့၏။

## ဓမ္မစက္ကပဝတ္တနသုတ်

ယင်းသည် အလွန်ပင် အရေးပါလှသည့် တရားတော်ဖြစ်၏။ ဗုဒ္ဓသည် မိမိ၏
တရားတော်များပါ အရေးကြီးသည့် အချက်အားလုံးကို ယင်းသုတ်ထဲ၌ အကျဉ်းချုပ်
ပြထား၏။ တစ်စုံတစ်ဦးသည် ယင်းသုတ်ကိုကျနစွာ နားလည်လျှင် ဗုဒ္ဓဘာသာ၏
အဓိကအချက်များကို နားလည်၏။ ထို့ကြောင့် စာရေးသူသည် တရားတော်ထဲပါ
မှတ်သားဖွယ်တချို့ကို ယခုထုတ်နုတ် ပြဆိုလိမ့်မည်။

## ဓမ္မစကြာအကျဉ်းချုပ်

ရဟန်းတစ်ပါးရှောင်ရှားရမည့် လမ်းနှစ်ခုရှိ၏။ ပထမကား ကာမဂုဏ်ခံစားခြင်းဟူသော
လမ်း ဖြစ်၏။ ဒုတိယကား မိမိကိုယ်ကိုနှိပ်စက်သည့် အကျင့်များကို အားထုတ်ခြင်း
ဟူသောလမ်း ဖြစ်၏။

ပထမလမ်းသည် ယုတ်ည့်၏။ လူသာမန်တို့ အလုပ်ဖြစ်၏။ ပုထုဇဉ်များသာ
ကျင့်သုံး၏။ အရိယာများအတွက် မသင့်လျော် အကျိုးမရှိ။

ဒုတိယလမ်းသည် ဆင်းရဲ၏။ အရိယာများအတွက် မသင့်လျော်၊ အကျိုးမရှိ။

လမ်းတစ်ခုကား လျော့ရဲလွန်းခြင်း သဘောဖြစ်၍ နောက်တစ်လမ်းကား
တင်းကြပ်လွန်းခြင်း သဘောရှိ၏။ မဇ္ဈိမပဋိပဒါ (အလယ်အလတ်)ဖြစ်၏။ ယင်းသည်
တစ်စုံတစ်ဦးအား သစ္စာလေးပါးကို နားလည်စေနိုင်၊ ဝိပဿနာမဂ်ဉာဏ်များကို ရ
စေနိုင်လိမ့်မည်။ ယင်းသည် အနုသယများကိုပယ်သတ်၍ တစ်စုံတစ်ဦးအား ဒုက္ခ
အဆုံးသို့ သယ်ဆောင်ပေးမည့် မဂ်လေးပါးကိုရဖို့အတွက် ရည်ရွယ်ထားရှိ၏။

အလယ်လမ်းမှ အင်္ဂါအဆင့်ရှစ်ခု ပါရှိ၏။ ယင်းလမ်းသည်တစ်စုံတစ်ဦးအား
အရိယာအဖြစ်သို့ ပြောင်းပေးသည့် မဂ်ဉာဏ်များကို ဆောင်ပေးသောကြောင့် ယင်း



အရိယာ အဋ္ဌင်္ဂိကောမဂ္ဂေါ (အင်္ဂါရှစ်ပါးရှိ အရိယာလမ်း)ဟု ခေါ်၏။ ဤလမ်းစဉ်
အင်္ဂါရှစ်ပါးတို့ကား အောက်ပါအတိုင်း ဖြစ်၏။

၁။ သမ္မာဒိဋ္ဌိ (မှန်ကန်သောသိမြင်မှု)
၂။ သမ္မာသင်္ကပ္ပ (မှန်ကန်သောကြံစည်မှု)
၃။ သမ္မာဝါစာ (မှန်ကန်သောစကား)
၄။ သမ္မာကမ္မန္တ (မှန်ကန်သောအလုပ်)
၅။ သမ္မာအာဇီဝ (မှန်ကန်သောအသက်မွေးမှု)
၆။ သမ္မာဝါယမ (မှန်ကန်သောအားထုတ်မှု)
၇။ သမ္မာသတိ (မှန်ကန်သောသိမှတ်မှု)
၈။ သမ္မာသမာဓိ (မှန်ကန်သော စိတ်၏တည်ကြည်မှု)

ဤသစ္စာလေးပါးကို အရိယာပုဂ္ဂိုလ်များသာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် တို့ဖြင့်
သိမြင်နိုင်သောကြောင့် အရိယသစ္စာဟု ခေါ်ဆို၏။

## ဒုက္ခသစ္စာ (ပထမ အရိယသစ္စာ)

...ဟူသည် ရှိ၏။ ယင်းသည် ကေန်မှန်၏။ ထို့ကြောင့် ယင်းကို ဒုက္ခသစ္စာဟု ခေါ်၏။

ပဋိသန္ဓေနေရခြင်းလည်း ဒုက္ခဖြစ်၏။ အိုခြင်းလည်း ဒုက္ခဖြစ်၏။ သေခြင်းလည်း
...ဖြစ်၏။ သောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသာပိ (စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း)
...နှင့် ခန္ဓာကိုယ်အား ဆင်းရဲစေသောအရာဟူသမျှ (စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်
...)တို့လည်း ဒုက္ခဖြစ်၏။ မိမိ စက်ဆုပ်ရွံရှာသည့် သက်ရှိသတ္တဝါ၊ သက်မဲ့ အရာဝတ္ထု
...နှင့် အတူနေရခြင်းသည်လည်း ဒုက္ခဖြစ်၏။ မိမိ ချစ်နှစ်သက်သည့် သက်ရှိသတ္တဝါ၊
...က်မဲ့အရာဝတ္ထုတို့နှင့် ကွေကွင်းခြင်းသည်လည်း ဒုက္ခဖြစ်၏။ မိမိ၏အလိုဆန္ဒများ
...ည့်ဝခြင်းသည်လည်း ဒုက္ခဖြစ်၏။ အမျိုးမျိုးသော ဒုက္ခ အမျိုးအမည် အားလုံးတို့
...ကျဉ်းချုပ်ပြောရလျှင် ပဉ္စုပါဒါနက္ခန္ဓာသည် ဒုက္ခ ဖြစ်၏ဟု ဆိုရပေမည်။

သို့ဖြစ်လျှင် ပဉ္စုပါဒါနက္ခန္ဓကား အဘယ်နည်း။

ပိုလွယ်သည့် ဝေါဟာရတို့အားဖြင့် စိတ်နှင့် ကိုယ်ခန္ဓာရှိသည့် ဗြဟ္မာများ
...သာရှိ၍ ကိုယ်ခန္ဓာမရှိသည့် ဗြဟ္မာများ၊ ကိုယ်ခန္ဓာသာရှိ၍ စိတ်မရှိသည့် ဗြဟ္မာ
... နတ်များ၊ လူသားများ၊ ထို့ပြင်သာမဟုတ် ပုထုဇဉ်ပုဂ္ဂိုလ်အားလုံး (မဂ် ဖိုလ်
...ခဲ့မှု မရရှိသေးသည့် သတ္တဝါများ)သည် ပဉ္စုပါဒါနက္ခန္ဓ၏ ဆောင်အတွင်း၌ ...
... ။ တဏှာအဝိဇ္ဇာ (လိုချင်ခြင်းနှင့် သစ္စာကိုမသိခြင်း)တို့က ဖြစ်စေသော
...ထုဇဉ်တို့သည် သူတို့ မြင်တာ၊ ကြားတာ၊ နံတာ၊ လျက်တာ၊ တွေ့ထိတာ၊
...င်းတယ် မှန်တယ်လို့ ယုံကြည်တာတွေကို တပ်မက် တွယ်တာကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တဏှာနှင့် အဝိဇ္ဇာတို့၏ ဆွဲဆောင်လွှမ်းမိုးခြင်း ခံရသောကြောင့် ဤပုထုဇဉ်တို့သည် အဆုံးမရှိသည့် ပဋိသန္ဓေများ နေကြလိမ့်မည်။ အဆုံးမရှိသည့် ပဋိသန္ဓေနေရခြင်းကြောင့် သူတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မိမိတို့စက်ဆုပ်သည့် သူ့အရာဝတ္ထုတို့နှင့် နေကြရခြင်း၊ မိမိချစ်နှစ်သက်သည့်သူ၊ အရာဝတ္ထုတို့နှင့် ကွေကွင်းကြရလိမ့်မည်။

## သမုဒယသစ္စာ (ဒုတိယ အရိယသစ္စာ)

ဒုက္ခ၏အကြောင်းရင်းသည် ရှိ၏။ ယင်းသည် ကေန်မှန်၏။ ထို့ကြောင့် ယင်းကို သမုဒယသစ္စာဟု ခေါ်၏။

တဏှာသည် ဒုက္ခ၏အကြောင်းရင်းဖြစ်၏။ တဏှာဟူသည် တစ်စုံတစ်ဦးအား အရာဝတ္ထုများနှင့် သဘောတရားတို့ကို တပ်မက်စေသည့် ကိလေသာဖြစ်၏။ ယင်းသည် အဆုံးမရှိသည့် ပဋိသန္ဓေနေရခြင်းတို့၏ အကြောင်းရင်းဖြစ်၏။

တဏှာမျိုးကွဲများ သုံးမျိုးရှိ၏။ ယင်းတို့ကား

၁။ ကာမ-တဏှာ- တစ်စုံတစ်ဦးအား ကာမဂုဏ်များကို တပ်မက်စေသည့် ကိလေသာ ဖြစ်၏။

၂။ ဘဝ-တဏှာ- တစ်စုံတစ်ဦးအား ပို၍ကောင်းမွန်မြင့်မြတ်သည့် ဘဝကို တပ်မက်စေသည့် ကိလေသာ ဖြစ်၏။

၃။ ဝိဘဝ-တဏှာ- တစ်စုံတစ်ဦးအား သေပြီးနောက် တစ်ဖန်ပဋိသန္ဓေနေရခြင်း မရှိဟူသောအယူကို တပ်မက်စေသည့် ကိလေသာ ဖြစ်၏။

## နိရောဓသစ္စာ (တတိယ အရိယသစ္စာ)

ဒုက္ခ၏အဆုံးဟူသည် ရှိ၏။ ယင်းသည် ကေန်မှန်၏။ ထို့ကြောင့် ယင်းကို နိရောဓသစ္စာဟုခေါ်၏။

နိရောဓ သည် နိဗ္ဗာန နှင့် အဓိပ္ပာယ်တူ၏။ ယင်းသည် ဒုက္ခ၏ကုန်ဆုံးခြင်းဖြစ်၏။ နိရောဓ (ဝါ) နိဗ္ဗာန ဟူသည် တဏှာလုံးဝချုပ်ငြိမ်းခြင်း၊ တဏှာကိုလုံးဝစွန့်ခြင်း၊ တဏှာမှလုံးဝလွတ်မြောက်ခြင်း ၊ တဏှာနှင့် လုံးဝပတ်သက်မှုမရှိခြင်းပင်ဖြစ်၏။

## မဂ္ဂသစ္စာ (စတုတ္ထ အရိယသစ္စာ)

ဒုက္ခ၏အဆုံးဖြစ်သည့် နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းဟူသည် ရှိ၏။ ယင်းသည် ကေန် မှန်၏။ ထို့ကြောင့် ယင်းကို မဂ္ဂသစ္စာဟု ခေါ်၏။

ယင်းမှာ အဆင့် အင်္ဂါရှစ်ပါးရှိ၏။ယင်းသည် တစ်စုံတစ်ဦးအား အရိယာ အဖြစ်သို့ ပြောင်းပေးသည့် မဂ်ဉာဏ်များသို့ ဆောင်ကြဉ်းပေး၏။(မဂ်လေးပါး ဆစ်ပါး ပါးရပြီးသော ပုဂ္ဂိုလ်ကို အရိယာဟု ခေါ်၏) ထို့ကြောင့် ယင်းကို အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ (အင်္ဂါရှစ်ပါးရှိ အရိယာလမ်း)ဟု ခေါ်၏။



အင်္ဂါရှစ်ပါးရှိ အရိယာလမ်း၌ပါဝင်သည့် အဆင့်=အင်္ဂါရှစ်ပါးတို့ကား အဘယ်နည်း။

အဆင့် အင်္ဂါရှစ်ပါးတို့ကား

| | | |
|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | (မှန်ကန်သောသိမြင်မှု) |
| ၂။ | သမ္မာသင်္ကပ္ပ | (မှန်ကန်သောကြံစည်မှု) |
| ၃။ | သမ္မာဝါစာ | (မှန်ကန်သောစကား) |
| ၄။ | သမ္မာကမ္မန္တ | (မှန်ကန်သောအလုပ်) |
| ၅။ | သမ္မာအာဇီဝ | (မှန်ကန်သောအသက်မွေးမှု) |
| ၆။ | သမ္မာဝါယာမ | (မှန်ကန်သောအားထုတ်မှု) |
| ၇။ | သမ္မာသတိ | (မှန်ကန်သောသိမှတ်မှု) |
| ၈။ | သမ္မာသမာဓိ | (မှန်ကန်သော စိတ်၏တည်ကြည်မှု)တို့ ဖြစ်၏။ |

ဤသည်တို့သည် အင်္ဂါရှစ်ပါးရှိ အရိယာလမ်း၏ အဆင့် အင်္ဂါရှစ်ပါးဖြစ်၏။

ထို့နောက် ဗုဒ္ဓက နည်းသုံးမျိုးဖြင့် အရိယာ သစ္စာလေးပါး အသီးသီးကို မိမိအား သိစေနိုင်ခဲ့သည့် ဉာဏ်အမြင်တို့ကို မိမိရရှိပြီဖြစ်ကြောင်း ဆက်လက်မိန့်ကြားသေး၏။

## ဒုက္ခသစ္စာ (ပထမ အရိယသစ္စာ) အတွက် နည်း သုံးပါး

၁။ ဒုက္ခသည် ပထမအရိယသစ္စာဖြစ်၏ဟုလည်းကောင်း၊

၂။ တစ်စုံတစ်ဦးသည် ယင်းကို ထင်ရှားသေချာစွာ သိမြင်ရမည်ဟုလည်းကောင်း၊

၃။ မိမိသည် ယင်းကို ထင်ရှားသေချာစွာ သိမြင်ခဲ့ပြီဟုလည်းကောင်း သိစေနိုင်ခဲ့၏။

## သမုဒယသစ္စာ (ဒုတိယ အရိယသစ္စာ) အတွက် နည်း သုံးပါး

ဉာဏ်အမြင်တို့က မိမိအား-

၁။ တဏှာသည် ဒုတိယ အရိယသစ္စာဖြစ်၏ဟုလည်းကောင်း၊

၂။ တစ်စုံတစ်ဦးသည် ယင်းကို ပယ်သတ်ရမည်ဟုလည်းကောင်း၊

၃။ မိမိသည် ယင်းကို ပယ်သတ်ပြီးပြီဟုလည်းကောင်း သိစေနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## နိရောဓသစ္စာ (တတိယ အရိယသစ္စာ) အတွက် နည်း သုံးပါး

ဉာဏ်အမြင်တို့က မိမိအား-

၁။ နိရောဓသည် တတိယအရိယသစ္စာဖြစ်၏ဟုလည်းကောင်း၊
၂။ တစ်စုံတစ်ဦးသည် ယင်းကို သိမြင်ရမည်ဟုလည်းကောင်း၊
၃။ မိမိသည် ယင်းကို သိမြင်ပြီးပြီဟုလည်းကောင်း သိစေနိုင်ခဲ့၏။

## မဂ္ဂသစ္စာ (စတုတ္ထ အရိယသစ္စာ) အတွက် နည်း သုံးပါး

ဉာဏ်အမြင်တို့က မိမိအား-

၁။ အင်္ဂါရှစ်ပါးရှိ အရိယမဂ္ဂသစ္စာသည် စတုတ္ထအရိယသစ္စာဖြစ်၏ဟုလည်းကောင်း၊
၂။ တစ်စုံတစ်ဦးသည် ဒုက္ခ၏အဆုံးသို့ရောက်အောင် အလို့ငှာ ပြည့်စုံစွာပွားများရမည်ဟုလည်းကောင်း၊
၃။ မိမိသည် ပြည့်စုံစွာပွားများပြီး၍ အင်္ဂါရှစ်ပါးရှိ အရိယမဂ္ဂသစ္စာ၏ အဆုံးသို့ ရောက်ပြီဟုလည်းကောင်း သိစေနိုင်ခဲ့၏။

ထို့နောက် ဗုဒ္ဓက အထက်ကဖော်ပြခဲ့သည် အရိယသစ္စာလေးပါး အသီးသီးကို နည်းသုံးပါးဖြင့် ရှင်းလင်းသေချာစွာ မိမိအားသိစေနိုင်ခဲ့သည့် ဉာဏ်အမြင်တို့ကို မိမိရခဲ့သည့် ကာလတိုင်အထိ မိမိသည် ငါ ဗုဒ္ဓဖြစ်ပြီ ဟူ၍ ဗြဟ္မာ၊ နတ်၊ လူ တို့အား မကြေညာခဲ့ပေ။

အထက်ဖော်ပြခဲ့သည့် အရိယမဂ္ဂသစ္စာအသီးသီးကို နည်းသုံးပါးဖြင့် ရှင်းလင်းသေချာစွာ မိမိအားသိစေနိုင်ခဲ့သည့် ဉာဏ်အမြင်များကို မိမိရရှိသည့်အခါ၌သာလျှင် မိမိသည် ငါ ဗုဒ္ဓဖြစ်ပြီ ဟူ၍ ဗြဟ္မာ၊ နတ်၊ လူတို့အား ကြေညာခဲ့၏။

## ပစ္စဝေက္ခဏာဉာဏ်အကြောင်း

နောက်ဆုံးတွင် ဗုဒ္ဓသည် 'ပစ္စဝေက္ခဏာဉာဏ်ဟု ခေါ်သည့် ဉာဏ်အမြင်များကို မိမိရရှိပြီ'ဟု မိန့်ဆိုခဲ့၏။

ဤဉာဏ်တို့က မိမိအား-

၁။ မဂ်ဉာဏ်အားလုံးကို မိမိရရှိပြီးပြီ၊ ယင်းတို့ကို မည်သည့်အခြေအနေတွင်မျှ ကိလေသာတို့က မဖျက်ဆီးနိုင်ဟု လည်းကောင်း၊
၂။ မိမိ၏ပစ္စုပ္ပန်ပဋိသန္ဓေသည် နောက်ဆုံးပဋိသန္ဓေဖြစ်၏ဟုလည်းကောင်း၊
၃။ မိမိအတွက် နောက်ထပ် ပဋိသန္ဓေနေဖို့ အခွင့်အလမ်း လုံးဝမရှိတော့ပြီဟု လည်းကောင်း သိစေနိုင်ခဲ့၏။



## တရားမျက်စိများ

ရဟန်းငါးပါးတို့သည် ဗုဒ္ဓ၏တရားတော်ကို ကြားနာနေစဉ် ထိုရဟန်းအစု၏ ခေါင်းဆောင် အရှင်ကောဏ္ဍညသည် သောတာပတ္တိမဂ် ဖိုလ်ခေါ်သော တရားမျက်စိများကို တစ်ခဏအတွင်း ရရှိလေ၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် တစ်စုံတစ်ဦးအား နိဗ္ဗာန်ကို သိမြင်နိုင်စေသောကြောင့် ယင်းတို့ကို တရားမျက်စိများဟု တင်စားခေါ်ဆို၏။ တရားမျက်စိများဖြင့် နိဗ္ဗာန်ကိုသိမြင်ခြင်းက ပဋိသန္ဓေနေခြင်းတို့သည် တဏှာကြောင့်ဖြစ်၏ဟု လည်းကောင်း၊ ယင်းအကြောင်းရင်းဖြစ်သည့် တဏှာကို ပယ်သည့်အခါ ယင်းတို့လည်း ကုန်ဆုံးသွားမည်ဟုလည်းကောင်း သူ့အား နားလည်စေခဲ့၏။

အရှင်ကောဏ္ဍညသည် ဝိပဉ္စိတညူပုဂ္ဂိုလ်ဖြစ်သောကြောင့် ဤကဲ့သို့လျင်မြန်စွာ သောတာပတ္တိမဂ် ဖိုလ်ကို ရရှိနိုင်ခြင်းဖြစ်၏။ ထိုကဲ့သို့ထူးမြတ်သည့် ပါရမီရှင် ပုဂ္ဂိုလ်အရာ၌ပင် သူသည် ပထမဝိပဿနာဉာဏ်မှ စတင်ရ၍ ကျန်ဝိပဿနာဉာဏ် အားလုံးကို ဖြတ်သန်းသွားပြီးနောက်မှသာ ပထမမဂ် ဖိုလ်ကို ရရှိခဲ့၏။ ဉဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်များအရာ၌ ဝိပဿနာဉာဏ်တစ်ခုမှ တစ်ခုသို့ ရွေ့ပြောင်းသည့်နှုန်းသည် အလွန့် အလွန် လျင်မြန်လှ၏။

## ဝိပဉ္စိတညူဖြစ်လာခဲ့ပုံ

ဝိပဉ္စိတညူပုဂ္ဂိုလ်ဖြစ်လာဖို့ သူဘာတွေလုပ်ခဲ့သည်ကို ယခုကြည့်ကြစို့။

လွန်ခဲ့သော ကမ္ဘာတစ်သိန်းကျော်က ပဒုမုတ္တရမည်သော ဗုဒ္ဓ ပွင့်ခဲ့၏။ ထိုအချိန်၌ အရှင်ကောဏ္ဍညဖြစ်မည့် ပုဂ္ဂိုလ်သည် ဥစ္စာကြွယ်ဝသူဖြစ်ခဲ့၏။ တစ်နေ့သ၌ သူသည် ဗုဒ္ဓအားဖူးမြော်ရန်သွားသော် ဗုဒ္ဓက အရိယသစ္စာလေးပါးကိုသိရန် ပထမဆုံး ပုဂ္ဂိုလ်ဖြစ်သည့်အတွက် မိမိ၏သာဝကအားလုံးတွင် အလွန်ထူးမြတ်ကြောင်း ကြေညာခြင်းဖြင့် ရဟန်းတစ်ပါးအား ချီးမွမ်းနေသည်ကို ကြားခဲ့၏။

ကောဏ္ဍညအလောင်းသည် မိမိကြားခဲ့သည့်စကားဖြင့် အလွန့် အလွန်နှစ်ထောင်းအားရ ဖြစ်ခဲ့၏။ သူသည် ဗုဒ္ဓကချီးမွမ်းခဲ့သည့် ထိုရဟန်းကဲ့သို့ ဗုဒ္ဓ၏သာဝကများတွင် အရိယသစ္စာလေးပါးကိုသိရန် ပထမဆုံးပုဂ္ဂိုလ်ဖြစ်ဖို့ အလွန့် အလွန်ဆန္ဒပြင်းပြခဲ့၏။ ထို့ကြောင့် သူသည် ဗုဒ္ဓနှင့်ရဟန်းများအား မိမိအိမ်သို့ပင့်၍ ခုနစ်ရက်တိုင် ဆွမ်းနှင့် ပစ္စည်းများကို ပေးလှူခဲ့၏။ အလှူဒါန၏ ခုနစ်ရက်မြောက်နေ့အဆုံး၌ သူသည် ပြုခဲ့သည့် ခုနစ်ရက်က ဗုဒ္ဓကချီးမွမ်းခဲ့သော ရဟန်းကဲ့သို့ ဗုဒ္ဓ၏သာဝကအားလုံးတွင် အရိယာသစ္စာလေးပါးကို သိရန် ပထမဆုံးဖြစ်မည့် ရဟန်းဆုပန်လေ၏။ ဗုဒ္ဓသည် အနာဂတံသဉာဏ်တော်ဖြင့် ကြည့်၍ ဂေါတမဗုဒ္ဓလက်ထက်၌ သူ၏ဆန္ဒ ပြည့်ဝမည်ဟု ဗျာဒိတ်ပြုမိန့်ဆိုခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပဒုမုတ္တရဘုရား စံလွန်သော် စေတီကြီးတစ်ဆူကို လူတို့က တည်ခဲ့ကြ၏။ စေတီ၏ အလယ်ဗဟို၌ ကောဏ္ဍညအလောင်းသည် ဓာတ်တော်များအတွက်အလွန် တန်ဖိုးကြီးသည့် ဌာပနာတိုက်ကို ဆောက်ခဲ့၏။

တစ်ဖန်လွန်ခဲ့သည့် ၉၁ ကမ္ဘာက ဝိပဿီဘုရားလက်ထက်တွင် ကောဏ္ဍည အလောင်းသည် ဥစ္စာကြွယ်ဝသူဖြစ်ခဲ့၏။ သူသည် ဗုဒ္ဓနှင့်ရဟန်းများအား ကိုးကြိမ်တိုင် ဆွမ်းလှူဒါန်းခဲ့၏။ ပထမအကြိမ်လှူဒါန်းပြီးသော် သူသည် ဗုဒ္ဓ၏သာဝကအားလုံးတွင် အရိယသစ္စာလေးပါးကို သိမြင်ရန် ပထမဆုံးဖြစ်မည့် ရဟန်းဖြစ်ဖို့ ဆုပန်ခဲ့၏။ ဗုဒ္ဓက သူ၏ဆု ပြည့်ဝမည်ဟု အတည်ပြုမိန့်ဆိုခဲ့၏။

နောက်ဆုံးတွင် သူသည် သုဒ္ဓေါဒနမင်းကြီး၏ ပုရောဟိတ်များတွင် တစ်ဦး ဖြစ်လာခဲ့၏။ မင်းကြီး၏သားသည် ဗုဒ္ဓဖြစ်မည်ဟု အနိုင်အမာနိမိတ်ဖတ်ပြီးနောက် သူနှင့် သူ့မိတ်ဆွေ လေးဦးတို့သည် ဗုဒ္ဓ၏ပထမဆုံးစကားကိုကြားနာရဖို့ ကိုယ့်ကိုယ် ကိုယ် အရံသင့်ဖြစ်စေရန် တောထွက်ခဲ့ကြ၏။ ဗုဒ္ဓသာဝကအားလုံးတွင် သူသည် မဂ် ဖိုလ်ကို ရမည့် ပထမဆုံး ပုဂ္ဂိုလ်ဖြစ်ခဲ့၏။

## ရဟန်းအဖြစ်တောင်းခံခြင်း

မိမိအား ရဟန်းပြုပေးရန် အရှင်ကောဏ္ဍည၏ တောင်းခံချက်အရ ဗုဒ္ဓသည် မိ လက်များကိုမြှောက်၍ ဤသို့ မိန့်ကြားလေ၏။ 'ရဟန်းလာလော့၊ သင် တောင်း သည့် ရဟန်းအဖြစ်ကို ခံယူလော့၊ ငါသည် တရား (သစ္စာများ)ကို ကောင်းစွာဟော မိမိကိုယ်ကို ဒုက္ခ၏အဆုံးသို့ ပို့ဆောင်ရန်အလို့ငှာ ကျန်မဂ်သုံးပါးကို ရရှိဖို့ လုံ ဖြင့် အားထုတ်လော့' ဤနည်းဖြင့် အရှင်ကောဏ္ဍညသည် မဂ် ဖိုလ်ကို ရရှိ ပထမဆုံးပုဂ္ဂိုလ်ဖြစ်သည်သာမက သံဃာ့ဘောင်သို့ဝင်ရောက်သည့် ပထမဆုံးရဟ လည်း ဖြစ်ခဲ့၏။

ဗုဒ္ဓအဖြစ်၏ ရှေးဦးကာလ၌ အထက်ပါသည့် သာဝကများကို ရဟန်းသံ ဘောင်သို့ သွတ်သင်းရန် ဗုဒ္ဓအသုံးပြုခဲ့သည့် ပုံစံဖြစ်၏။ ရဟန်းပြုပေးခွင့်အာဏာ ရဟန်းတို့အား ပေးအပ်ရာတွင် အသုံးပြုဖို့ ဒုတိယနှင့် တတိယရဟန်းပြုနည်းပုံစံ ကျင့်သုံးလာသည့်နောက်၌ပင် ဗုဒ္ဓသည် လိုအပ်သည့်အခါတိုင်း ပထမပုံစံကို အသုံး ခဲ့၏။

## ပထမပုံစံ၏ အံ့ဩဖွယ်

ရဟန်းပြုနည်း ပထမပုံစံကို ဗုဒ္ဓအသုံးပြုသည့်အခါတိုင်းမှာ အနီးအနားရှိသူ အောက်ပါအတိုင်း အံ့ဩဖွယ်ကို တွေ့မြင်ခဲ့ကြ၏။ ပထမပုံစံကို ဗုဒ္ဓအသုံးပြုခဲ့



တို့၏ အဝတ်အစားကို ရဟန်း၏ ဖန်ရည်ဆိုးသင်္ကန်းများဖြင့် ချက်ချင်း ထိုးပစ်လိမ့်မည်။ ရဟန်းတို့၏ ကျန်အဝတ်အစားတို့သည်လည်း သူတို့၏ အတိုင်း ဖြစ်သွားလိမ့်မည်။ ဦးခေါင်းပေါ်က ဆံပင်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ် သည်း အဝတ်အစားနှင့်အတူ ချက်ချင်း ပျောက်ကွယ်သွားလိမ့်မည်။ သို့ရာတွင် ပထမပုံစံကို အသုံးမပြုဘဲ ဆိုင်ရာပုဂ္ဂိုလ်တို့အား သင်္ကန်း သပိတ် စသည်ကို လာနိုင်းသည့်အခါ မိမိတို့ကို ရဟန်းဘောင်သို့ သွတ်သွင်းပေးရန် ဆိုင်ရာပုဂ္ဂိုလ် ဗုဒ္ဓကိုတောင်းခံသည့်အခါများလည်း ရှိခဲ့ကြ၏။ ဗုဒ္ဓသည် ပထမပုံစံကို မိမိ ရှေးဘဝတချို့၌ ရဟန်းတို့အား သပိတ်၊ သင်္ကန်းများ စသည်ကိုလှူခဲ့ခြင်း ကုသိုလ် (ကောင်းမှု)ကံကို ဆည်းပူးခဲ့ဖူးသည့် ပုဂ္ဂိုလ်များအတွက်အသုံးပြုခဲ့ အဋ္ဌကထာဆရာတချို့က ရှင်းပြထား၏။ သူသည် ထိုကဲ့သို့သော ကုသိုလ်ကံ ဘယ်တုန်းကမျှ မဆည်းပူးခဲ့ဖူးသည့် ပုဂ္ဂိုလ်များအတွက် ပထမပုံစံကို အသုံး ။ ပထမပုံစံကို ဗုဒ္ဓအသုံးပြုသည့်အခါ ဖြစ်ပေါ်လာသည့် သင်္ကန်း သပိတ် စသည် သည် အကြောင်းဖြစ်သည့် သူတို့၏ကုသိုလ်ကံ၏ အကျိုးဆက်ပင် ဖြစ်၏။

## ကျန်အဖော် ရဟန်းလေးပါးအကြောင်း

တစ်နေ့၌ အခြား ရဟန်းလေးပါးတို့သည် ဆွမ်းခံရန်ထွက်သွားခဲ့၏။ အရှင်ဝပ္ပ ဆွမ်းခံမထွက်ချေ။ သူသည် ဗုဒ္ဓ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်ခဲ့၏။ သူသည် နေ့မကုန်မီမှာ သောတာပတ္တိ မဂ် ဖိုလ်ကို ရခဲ့၏။ ဤ ဖြင့် အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်နှင့် အရှင်အဿဇိတို့သည် ဗုဒ္ဓ၏ တိုက်ရိုက် ကြပ်မှုဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ကြရာ နေ့စဉ်ရက်ဆက် တစ်ပါးပြီး ါး သောတာပတ္တိ မဂ် ဖိုလ်ကို ရခဲ့ကြ၏။ ရဟန်းအသီးသီးကို သောတာပတ္တိမဂ် ရသည့်နေ့၌ပင် ဗုဒ္ဓက သူတို့၏တောင်းခံချက်အရ ရဟန်းဘောင်သို့ သွတ်သွင်း ၏။ ဤကျန်ရဟန်းလေးပါးတို့သည် နေယျ ပုဂ္ဂိုလ်များ ဖြစ်၏။

ဝါဆိုလပြည့်ကျော် ၅ ရက် (ဝါ) မြွစကြာတရားတော်ကို ဗုဒ္ဓဟောပြီးနောက် ်မြောက်၌ ဗုဒ္ဓသည် အနတ္တလက္ခဏာသုတ်ဟုခေါ်သည့် ဒုတိယတရားတော်ကို ကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

## ပထမပါဝ

## အနတ္တနိဒါန်း

အနတ္တလက္ခဏာသုတ်သည် ဓမ္မစကြာသုတ်ကဲ့သို့ပင် ဗုဒ္ဓဘာသာကိုနားလည်ဖို့ ... ချက် ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသည် ယင်းသုတ်ကိုနားလည်လျှင် ဗုဒ္ဓဘာသာအကြော... များစွာ နားလည်၏။ ယင်းသည် ဗုဒ္ဓဘာသာအား အလွန့် အလွန် ထူးခြားသွားအော... ပြုသည့် တရားတော်ဖြစ်၏။ ထို့ကြောင့် ယင်းကို ပြည့်စုံနိုင်သမျှ ပြည့်စုံအော... ရှင်းပြရပေမည်။

### အနတ္တ

အနတ္တသည် အတ္တမဟုတ်၊ ယင်းသည် အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြော... ပုဂ္ဂိုလ်တစ်ဦးသည် အနတ္တကိုနားလည်လိုလျှင် အတ္တကို ပထမဦးဆုံး နားလည်ရ...

ဝိသေသိကဒဿန ညာယဒဿန မိမံသာနှင့် သချ်ာဟူသော ထင်ရှား... ဒဿနအယူဝါဒ ရှင်းလင်းကျမ်း လေးခုရှိ၏။

ဝိသေသိကဒဿနနှင့် ညာယဒဿနတို့၌ အတ္တဟူသည် ပိုင်ဆိုင်သူ၊ အုပ်ချု... စိုးမိုးသူ၊ အရှင်သခင်ဟု အဓိပ္ပာယ်ရှိသည့် သာမိ ဖြစ်၏ဟု အဓိပ္ပာယ်ဖွင့်ထာ... အတ္တသည် အဘယ်ကို ပိုင်ဆိုင်သူ၊ အုပ်ချုပ်သူ၊ စိုးမိုးသူ ဖြစ်သနည်း။ ဤ... ရှင်းတမ်းများအရ အတ္တသည် နားအရေ၊ မျက်စိ၊ လျှာ၊ အာခေါင်၊ ပါးစပ်၊ ... ခြေ၊ အထီး အမ အင်္ဂါများ၊ စိတ် စသည်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး၏ အင်္ဂါအစိတ်အ... အားလုံးကို ပိုင်ဆိုင်သူ၊ အုပ်ချုပ်သူ၊ စိုးမိုးသူ ဖြစ်၏။ အတိုချုပ်အားဖြင့် အတ္တ... ပုဂ္ဂိုလ်တစ်ဦးလုံး (ဝါ) စိတ်နှင့် ကိုယ်ခန္ဓာကို ပိုင်ဆိုင်သူ၊ အုပ်ချုပ်သူ၊ စိုးမိုးသူဖြ...

မိမံသာထဲ၌ အတ္တသည်ပြုလုပ်သူ၊ (ဝါ) ကတ္တားကိုဆိုလိုသော ကာရကဖြ... အဓိပ္ပာယ်ဖွင့်ထား၏။ အတ္တသည် ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ် နှုတ် အပြုအမူ အ... အတွက် တာဝန်ရှိ၏။



'မိမံသာနှင့် သချ်ာတို့၌ အတ္တသည် ထိသိခံစားသူကို ဆိုလိုသည့် ဝေဒကဖြစ်၏ ...လည်း အဓိပ္ပာယ်ဖွင့်ထား၏။

သို့ရာတွင် ဤဒဿနရှင်းလင်းကျမ်းများ၌ အတ္တသည် ၁။ နိဝါသီ ၂။ သယံ ...သီ ၃။ အဓိဋ္ဌာယကအဖြစ် အဓိပ္ပာယ်ဖွင့်ထား၏။

၁။ နိဝါသီသည် တည်မြဲခြင်းကို ဆိုလို၏။ ပုဂ္ဂိုလ်တစ်ဦးသေသော် အတ္တ နေထိုင် ...နေရာကိုယ်သည် ဆွေးမြည့်ပြီး မြေမှုန်အဖြစ် ပြောင်းသွားပါက ပျောက်ကွယ်သွားလိမ့် ...။ သို့ရာတွင် အတ္တကား အမြဲတည်ရှိနေလိမ့်မည်။ ယင်းသည် နေစရာ ကိုယ်အသစ် ... ရရှိလိမ့်မည်။

၂။ သယံဝါသီဟူသည် စိတ်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၏ အမိန့်များကို ...ိုက်နာသည့်အရာဟု ဆိုလို၏။ စိတ်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကသာ ယင်း၏ ...န့်များကို လိုက်နာကြရ၏။

၃။ အဓိဋ္ဌာယက ဟူသည် စိုးမိုးသူ အရှင်သခင်ကို ဆိုလို၏။ ယင်းသည် ကိုယ်မှု ...ာ်မှု၊ စိတ်မှု အားလုံးအတွက် ညွှန်ကြားချက်များပေးသူဖြစ်၏။

### ပဋိသမ္ဘိဒါမဂ္ဂကျမ်းက ဘာပြောသနည်း

...သမ္ဘိဒါမဂ္ဂ၌ စိတ်၏သမာဓိ (ဝိပဿနာမှန်ဘီလူး)ရှိထားသည့် ယောဂီသည် ...က်ပါဉာဏ်အမြင် ငါးမျိုးလုံးဖြစ်စေ၊ တစ်မျိုးမျိုးဖြစ်စေ တစ်ခါတစ်ရံရရှိလိမ့်မည်။

၁။ အနတ္တ
၂။ ပရ
၃။ ရိတ္တ
၄။ တုစ္ဆ
၅။ သုည

### ၁။ အနတ္တ

...ဝပုဂ္ဂိုလ်သည်

...။ စိတ်နှင့် ကိုယ်ခန္ဓာမှာ မိမိတို့ကို ထိန်းချုပ်သည့်အတ္တ မရှိဟုလည်းကောင်း
...။ ယင်းတို့မှာ မသေသည့်အတ္တ မရှိဟုလည်းကောင်း
...။ ယင်းတို့မှာ မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ၊ ထိသိ၊ ကြံသိသော ... သော အတ္တမရှိဟုလည်းကောင်း
...။ ယင်းတို့မှာ ထိသိသည့်အတ္တ မရှိဟုလည်းကောင်း
...။ ယင်းတို့မှာ အမိန့်ပေးသည့်အတ္တ မရှိဟုလည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



စ။ ယင်းတို့မှာ မိမိတို့အား သူ့အလိုများသို့ လိုက်လျောစေနိုင်သည့်အတ္တမရှိ
လည်းကောင်း ဤသို့သော ဉာဏ်အမြင်များကို အလိုလိုရရှိလိမ့်မည်။

## ၂။ ပရ

ယောဂီသည် စိတ်နှင့် ကိုယ်ခန္ဓာတို့ကို

က။ သူ၏အလိုသို့ မလိုက်ပါသောကြောင့်လည်းကောင်း

ခ။ သူ၏ဆန္ဒများနှင့် ဆန့်ကျင်၍ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကိုသာ ယူဆော
လာသောကြောင့်လည်းကောင်း၊

ပြင်ပပုဂ္ဂိုလ်များနှင့်တူ၏ဟူသော ဉာဏ်အမြင်များကို အလိုလိုရရှိလိမ့်မည်။

## ၃။ ရိတ္တ

ယောဂီသည် ကိုယ်ခန္ဓာနှင့် စိတ်တို့ကား

က။ မတည်ငြိမ်၊ မတည်မြဲသောကြောင့်လည်းကောင်း

ခ။ သုခကိုဖြစ်စေမည့်အစား ဒုက္ခကိုသာဖြစ်စေသောကြောင့်လည်းကောင်း

ဂ။ အလွန်စက်ဆုပ်ဖွယ်ရာနှင့် ပြည့်နေသောကြောင့်လည်းကောင်း

အနှစ်သာရမရှိ၊ အချည်းနှီးဖြစ်၊ အသုံးမကျဟူသော ဉာဏ်အမြင်တို့အလို
ရရှိလိမ့်မည်။

## ၄။ တုစ္ဆ

သူသည် စိတ်နှင့် ကိုယ်ခန္ဓာတို့ကား အချည်းနှီး၊ အသုံးမကျ ဝိညာဉ် (ဝါ) အတ္တ
ယင်းတို့နှင့်ဆင်တူသည့် အရာဟူသမျှမှ လုံးဝကင်းဆိတ်၏ဟူသော ဉာဏ်အမြင်များ
အလိုလိုရရှိလိမ့်မည်။

## ၅။ သုည

သူသည် စိတ်နှင့် ကိုယ်ခန္ဓာတို့ကား အတ္တမှ လုံးဝကင်းဆိတ်၏ဟူသော ဉာဏ်အမြင်
များကို အလိုလိုရရှိလိမ့်မည်။

ပဋိသမ္ဘိဒါမဂ်၏ အဖွင့်အဋ္ဌကထာက အထက်ဖော်ပြပါ ငါးခုစာရင်း
နောက်ထပ် ဉာဏ်အမြင် သုံးခုကို ထပ်ထည့်ထား၏။ ယင်းတို့ကား အောက်ပါအ
ဖြစ်၏။

၁။ အသာမိက

၂။ အနိဿရ

၃။ အဝသဝတ္တိ



### ၁။ အသာမိက

ယောဂီသည် စိတ်နှင့် ကိုယ်ခန္ဓာတို့မှာ မိမိတို့ကို ပိုင်ဆိုင်သော၊ မိမိတို့ကို အုပ်ချုပ်သော၊ မိမိတို့အပေါ် စိုးမိုးသောသူတစ်ဦးမျှမရှိ ဟူသော ဉာဏ်အမြင်များကို အလိုလိုရရှိလိမ့်မည်။

### ၂။ အနိဿရ

သူသည် စိတ်နှင့်ကိုယ်ခန္ဓာတို့မှာ မိမိတို့ကို အမိန့်ပေးနိုင်သူ တစ်ဦးမျှမရှိဟူသော ဉာဏ်အမြင်များကို အလိုလိုရရှိလိမ့်မည်။

### ၃။ အဝသဝတ္တိ

သူသည် စိတ်နှင့်ကိုယ်ခန္ဓာတို့ကား တစ်စုံတစ်ဦး၏ အလိုဆန္ဒသို့ မလိုက်ပါဟူသော ဉာဏ်အမြင်များကို အလိုလိုရရှိလိမ့်မည်။

ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်းဖော်ပြထား၏။

ဗုဒ္ဓက ဒုက္ခဟုခေါ်နိုင်သည့် အရာဟူသမျှသည် အတ္တမဟုတ်ဟု မိန့်ဆိုခဲ့၏။ ထို့ကြောင့် ဒုက္ခသာဖြစ်ကြသည့် ခန္ဓာငါးပါးတို့သည် အနတ္တသာ ဖြစ်၏။ ခန္ဓာငါးပါးသည် အဘယ့်ကြောင့် အနတ္တဖြစ်ကြသနည်း။ တစ်စုံတစ်ဦး၏ အလိုသို့ စိတ်နှင့်ရုပ်ဖြစ်စဉ်တို့က မလိုက်ပါမှုသည် အနတ္တ၏သိသာထင်ရှားသည့် အချက်ဖြစ်သောကြောင့်တည်း။

ဝိသုဒ္ဓိမဂ် ၌ တစ်ဖန် အောက်ပါအတိုင်းဖော်ပြထား၏။

စိတ်နှင့်ရုပ် ဖြစ်စဉ်များထဲ၌ သီးခြားတည်ရှိသည့် အရာများကို သိမြင်ရန် မစွမ်းနိုင်သောကြောင့်လည်းကောင်း၊ တစ်စုံတစ်ဦးအား ဤသီးခြားတည်ရှိသည့် အရာများကို မမြင်နိုင်အောင် ဃနများက ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း၊ တစ်စုံတစ်ဦးအား စိတ်နှင့်ကိုယ်သည် အတ္တမဟုတ်ဟု သိမြင်စေနိုင်မည့် အနတ္တ၏ ထင်ရှားပြမှုသည် ငုပ်နေခြင်းဖြစ်၏။ တစ်စုံတစ်ဦးမှာ စိတ်နှင့်ရုပ်ဖြစ်စဉ်များ၌ သီးခြားတည်ရှိသည့် အရာများကို သိမြင်နိုင်စွမ်းရှိသောအခါ သူသည် ဤစွမ်းဆောင်နိုင်မှုကြောင့် ဃနများကို အစိတ်စိတ်ချေပစ်နိုင်သည့်အခါမှာ စိတ်နှင့် ကိုယ်ခန္ဓာတို့သည် အတ္တမဟုတ်ဟု သိမြင်စေနိုင်မည့် အနတ္တ၏ ထင်ရှားပြမှုသည် ပေါ်လွင်လာလိမ့်မည်။

သို့ဖြစ်လျှင် ဃနများဟူသည် အဘယ်သို့နည်း။

ဃနများဟူသည် တစ်စုံတစ်ဦးအား တစ်ခုတည်းဖြစ်သော မပြောင်းလဲသော အသွင်အပြင်ကိုပေးသည့် လှည့်စားခြင်းများကို ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com



စာရှုသူတို့အား ယနကို နားလည်စေရန်အလို့ငှာ စိတ်နှင့် ကိုယ်ခန္ဓာ၏သဘာဝ အကြောင်း အကျဉ်းဖော်ပြမှုကို ဤနေရာ၌ ပေးသင့်ပါ၏။

သဘာဝအင်အားကြီးလေးပါး၏ ခွဲမရနိုင်သည့်သဘောကြောင့် သေးငယ်လှသည့် အနုမြူမှုန်ကလေးများကို အဆက်မပြတ် ပုံဖော်တည်ဆောက်နေကြ၏။ ရုပ်ဝတ္ထု ဟူသည် ထိုသေးငယ်လှသည့် အနုမြူမှုန်ကလေးများ၏ ဖွဲ့စည်းထားခြင်းပင်ဖြစ်၏။ ယင်းတို့ကို ပရမာဏုမြူဟု ခေါ်၏။ ပရမာဏုမြူ၏ သက်တမ်းသည် အလွန့် အလွန် တိုတောင်းလှ၏။ ပရမာဏုမြူ ဖြစ်ပေါ်ခြင်းနှင့် သေပျောက်သွားခြင်းတို့သည် တစ်စက္ကန့်အတွင်း၌ အကြိမ်များစွာ ဖြစ်ကြ၏။

စိတ်ဟူသည် မီးပွင့်ကလေးပမာ အစအနကလေးသာဖြစ်၏။ စိတ်ကလေးတစ်ခု သည် ဖြစ်ပေါ်လာပြီး၍ နောက်စိတ်ကိုဖြစ်ပေါ်စေပြီးနောက် သေပျောက်သွား၏။ နောက်စိတ်သည်လည်း နောက်စိတ်ကိုဖြစ်ပေါ်စေပြီးနောက် သေပျောက်သွား၏။ ဤနည်းအားဖြင့် ဖြစ်ပေါ်လာပြီး၍ နောက်စိတ်ကိုဖြစ်ပေါ်စေပြီးနောက် သေပျောက် သွားသည့် စိတ်ကလေးများပါရှိသော အဆုံးမရှိသည့် စိတ်၏ဖြစ်စဉ်ဟူသည် ရှိ၏။

## ဘဝင်စိတ်နှင့် ဝီထိစိတ် = မသိစိတ်နှင့် သိစိတ်

စိတ်တို့သည် ဘဝင်စိတ် (မသိစိတ်) နှင့် ဝီထိစိတ် (သိစိတ်) ဘက် မည်သို့ပြုမူကြ သည်ကို ယခု ကြည့်ကြစို့။

ပုဂ္ဂိုလ်တစ်ဦးသည် အိပ်ပျော် (ဝါ) မသိသည့်အခါ သို့မဟုတ် စိတ်နားနေရာ အာရုံ ကုန်ဆုံးသွားသည့်အခါ သူ့မှာဘဝင်စိတ်များရှိ၏။ ဘဝင်စိတ်များဟု ခေါ်ဆိုရ ခြင်းမှာ ယင်းတို့သည် စိတ်၏ဖြစ်စဉ် ဆက်ဖြစ်နေမှုကို ထိန်းသိမ်းထားသည့် စိတ်များ ဖြစ်သောကြောင့် ဖြစ်၏။ ယင်းတို့သည် ဘဝင်စိတ်ဘဝ၌ရှိသည့် စိတ်များဖြစ်သော ကြောင့် ငြိမ်ဝပ်နေကြ၏။ သို့မဟုတ် ယင်းတို့ကို အိပ်နေသည့်စိတ်များဟု ခေါ်နိုင်၏။

ဝီထိစိတ်တို့သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိဖွယ် စိတ်အကြံ ဟူသော အာရုံများနှင့် တွေ့ဆုံသည့်အခါ ဖြစ်ပေါ်ကြ၏။ ဝီထိစိတ်များဟု ခေါ်ဆိုရခြင်း မှာ ယင်းတို့ကိုဖော်ပြထားရာ စိတ်အစဉ်အားလျော်စွာ ဖြစ်ပေါ်သောကြောင့်ဖြစ်၏။

ကိုယ်နှင့်စိတ်ရှိသည့် သတ္တဝါအားလုံးမှာ ဘဝင်စိတ်နှင့် ဝီထိစိတ်များအပြင် မည်သည့်စိတ်မျှ မရှိချေ။ ဘဝင်စိတ်များဖြစ်ပေါ်စဉ်မှာ ဝီထိစိတ်များမဖြစ်။ ဝီထိ စိတ်များ ဖြစ်ပေါ်စဉ်မှာ ဘဝင်စိတ်များမဖြစ်ချေ။

စိတ်သည်အာရုံနှင့် မည်သို့တွေ့ဆုံသနည်း။ ယင်းအကြောင်းကို ဤ၌ အကျဉ်း ရှင်းပြသင့်၏။



လူတစ်ဦးသည် ပန်းချီကားတစ်ချပ်ကိုမြင်သည်ဆိုကြပါစို့။ ယင်းသည် စိတ်က မျက်စိမှတစ်ဆင့် အာရုံနှင့်တွေ့ဆုံသည့်အရာဖြစ်၏။ မြင်သည့်ကာလသည်တစ်မိနစ် ကြာ၏ဟုလည်း ဆိုကြပါစို့။ ကျွန်ုပ်တို့အများစုက ပန်းချီကားချပ်သည်မျက်စိထဲ၌ တစ်မိနစ်တိုင် မပြတ်ရှိနေ၏ဟုလည်းကောင်း၊ သို့မဟုတ် လူသည် ပန်းချီကားကို တစ်မိနစ်လုံး မပြတ်မစဲ မြင်၏ဟုလည်းကောင်း ထင်မှတ်ကြမည်။ ဤထင်မှတ်ခြင်း သည် မှား၏။

ထိုတစ်မိနစ်အတွင်းမှာ အမှန်တကယ် ဘာဖြစ်နေသည်ကို ယခုကြည့်ကြပါစို့။

ပန်းချီကား၏အာရုံသည် မျက်စိပေါ် ကျရောက်နေ၏။ ယင်းသည် ထိုနေရာ၌ ခဏလေးသာတည်နေ၏။ တိတိကျကျပြောရလျှင် ယင်းတို့နေရာ၌ ဆက်တိုက်ဖြစ် သည့် စိတ်ကလေး ၁၇ ခု ဖြစ်သည့် ကာလတိုင်အောင်သာ တည်နေ၏။ ရှေးဦးစွာ အနေဖြင့် မျက်စိပေါ်ကျရောက်သည့်အာရုံသည် ရုပ်တရားဖြစ်၏။ ဒုတိယအနေဖြင့် ရုပ်၏အသက်သည် ဆက်တိုက်ဖြစ်သည့် စိတ်ခဏလေး ၁၇ ခု ဖြစ်သည့် ကာလ လောက်သာကြာ၏။

ရူပါရုံသည် မျက်စိပေါ်ကျရောက်ရောက်ချင်း လုံလောက်စွာ အားမကောင်းသေး သောကြောင့် မျက်စိထဲ၌မထင်ပေါ်သေး။ သာမန်အားဖြင့် ဘဝင်တစ်ခုသည်မျက်စိ ထဲ၌ ရူပါရုံမပေါ်မီ ချုပ်သွား၏။ တစ်ခါတစ်ရံ ၁ ခုမှ ၁၁ ခုထိ ဘဝင်စိတ်တို့သည် မျက်စိထဲ၌ ရူပါရုံမထင်ပေါ်မီ ချုပ်သွားကြ၏။ ယင်းသည် အာရုံ၏ ပမာဏအလင်း ဆောင်၏ လုံလောက်မှု၊ မျက်စိ၏ဂုဏ်သတ္တိ၊ လူ၏အာရုံစိုက်မှုကဲ့သို့သော အကြောင်း အရာ များစွာအပေါ် မူတည်နေ၏။ ထို့ကြောင့် ရှင်းပြချက်ကို လွယ်ကူစေရန်အလို့ငှာ ရူပါရုံသည် စိတ်တစ်ခုကုန်ဆုံးပြီးနောက်၌ ထင်ပေါ်လာ၏ဟု ဆိုကြပါစို့။

ရူပါရုံသည် မျက်စိထဲ၌ ထင်ပေါ်သည်နှင့်တစ်ပြိုင်နက် အိပ်နေသည့်ဘဝင်စိတ်ကို နိုးလှုပ်လိုက်၏။ အိပ်နေသည့်ဘဝင်စိတ်သည် လှုပ်သွား၏။ သို့သော် မနိုးဘဲ ချုပ်သွား၏။

ထို့နောက် ရူပါရုံသည် နောက်ဘဝင်စိတ်ကို လှုပ်၏။ ယင်းစိတ်လည်း လှုပ်၏။ သို့ရာတွင် ယင်းစိတ်လည်း ရှေးစိတ်ကဲ့သို့ပင် မနိုးဘဲ ချုပ်သွား၏။

စတုတ္ထစိတ်သည် နိုးလာ၏။ ဤစိတ်ဖြစ်ပေါ်လာသည်နှင့်အတူပင် အိပ်နေသည့် ဘဝင်စိတ်တို့ ဖြစ်စဉ်သည် ကုန်ဆုံးသွားပြီး ဝီထိစိတ်ဖြစ်စဉ်တစ်ခု၏ သက်တမ်းကာလ အတွင်းဖြစ်ရမည့် စိတ် ၁၇ ချက်အနက် စိတ် ၃ ချက်သည် ချုပ်သွား၏။ ယင်းစိတ်သည် ...ငါးပါးတို့တွင် ဘယ်ဒွါရ၌ အာရုံသစ်ကျရောက်သည်ကို စုံစမ်း၏။ ထို့နောက် ...သွား၏။

ပဉ္စမစိတ်သည် မျက်စိပေါ်၌ကျရောက်နေသည့် ရူပါရုံသို့ ပြေးသွား၏။ ထို့နောက် ...သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆဋ္ဌမစိတ်သည် ပဥ္စမစိတ်နားခဲ့ပြီးရာ ရူပါရုံကို လက်ခံ၏။ ထို့နောက် ချုပ်သွား၏။ သတ္တမစိတ်သည် ထိုအာရုံကို စုံစမ်း၏။ ထို့နောက် ချုပ်သွား၏။

အဋ္ဌမစိတ်သည် ထိုအာရုံကား မည်းသလား ဖြူသလားဟု လည်းကောင်း ကောင်းသလား ဆိုးသလားဟုလည်းကောင်း စသည်ဖြင့် အာရုံ၏သဘာဝကို ဆုံးဖြတ်၏။ ထို့နောက် ချုပ်သွား၏။

နဝမမှ ၁၅ ခုမြောက်အထိသော စိတ်ခုနစ်ခုတို့သည် အထူးစိတ်များဖြစ်၏။ တစ်ခါတစ်ရံ အထူးစိတ် ခြောက်ခုသာဖြစ်ပေါ်၏။ တစ်စုံတစ်ဦးသည် သေခါနီးသော် လူနာ၏ ယေဘုယျအားနည်းမှုကြောင့် အထူးစိတ် ငါးခုသာ ဖြစ်ပေါ်၏။ သို့ရာတွင် အများအားဖြင့် အထူးစိတ် ခုနစ်ခုရှိ၏။ ယင်းသည် ရှေးစိတ်များကဲ့သို့ပင် တစ်ခုပြီး တစ်ခု ဖြစ်ပေါ်ကြ၏။

ဤအထူးစိတ်တို့သည် အခြား ဝီထိစိတ်များနှင့်မတူဘဲ တပ်မက်ခြင်း (ဝါ) ရက်ရောခြင်းဖြင့်ဖြစ်စေ၊ အမျက်ဒေါသ (ဝါ) မေတ္တာဖြင့်ဖြစ်စေ၊ မသိမှု (ဝါ) အသိပညာဖြင့် ဖြစ်စေ စသည်ဖြင့် ပြည့်နှက်နေ၏။

၁၆ ခုနှင့် ၁၇ ခုမြောက်စိတ်တို့သည် အထူးစိတ်တို့၏ အာရုံကိုဆက်၍ လက်ခံကြ၏။ ယင်းတို့လည်း ရှေးစိတ်များကဲ့သို့ပင် တစ်ခုပြီးတစ်ခု ချုပ်ပျောက်သွား၏။

၁၇ ခုမြောက်စိတ် ချုပ်သွားသည့်အခါ ရူပါရုံလည်း ချုပ်သွား၏။ ရူပါရုံချုပ်သွားသည့်အခါ ဝီထိစိတ်ဖြစ်စဉ်သည် ဘဝင်စိတ်ဖြစ်စဉ်သို့ သူ့အလိုလိုပြောင်းသွား၏။

မျက်စိပေါ်သို့ နောက်ရူပါရုံကျရောက်သည့်အခါ ဘဝင်စိတ်ဖြစ်စဉ်သည် ရှေးက ဖြစ်ခဲ့သည့်အတိုင်း ဝီထိစိတ်ဖြစ်စဉ်သို့ ပြောင်းသွား၏။ ဤနည်းအားဖြင့် ဘဝင်စိတ်ဖြစ်စဉ်နှင့် ဝီထိစိတ်ဖြစ်စဉ်တို့ တစ်မိနစ်အတွင်းမှာ အကြိမ်ထောင်ပေါင်းများစွာ ဖြစ်ကြ၏။

ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ ထိတွေ့ခြင်းအရာ၌လည်း ဘဝင်စိတ်ဖြစ်စဉ်နှင့် ဝီထိစိတ်ဖြစ်စဉ်တို့ကို အတူဖြစ်ပေါ်ကြ၏။

စိတ် ၁၄ ခု ပါရှိသည့် ဝီထိ၌ ဒုတိယဝီထိစိတ်ကသာ မြင်သိ၏၊ ကြားသိ၏၊ နံသိ၏၊ လျက်သိ၏၊ ထိသိ၏။ ယင်းစိတ်သည် အာရုံတို့၏ သဘာဝကို အခြေပြု၍ မျက်စိ နား နှာ လျှာ ကိုယ် တစ်ခုခု၌ ဖြစ်ပေါ်၏။

ဘဝင်စိတ်များမှ တစ်ပါးသောဝီထိစိတ်တို့သည် ဟဒယဝတ္ထုခေါ် နှလုံး၌ ဖြစ်ပေါ်ကြ၏။

ဗုဒ္ဓသာလျှင် ဤဘဝင်စိတ်နှင့် ဝီထိစိတ်ဖြစ်စဉ်တို့ကို သိမြင်နိုင်၏။ အလွန်အားကောင်းသည့် ဝိပဿနာမှန်ဘီလူးရှိသည့် ပုဂ္ဂိုလ်တို့ပင် ဤစိတ်ဖြစ်စဉ်များကို မြင်ခြင်းငှာ စွမ်းနိုင်မည်မဟုတ်။ သို့ရာတွင် စာရှုသူတို့အား ထူးခြားသည့် အချက်တချို့ကို အကြမ်းဖျင်း သိရှိစေရန်အတွက် ဤနေရာ၌ ဤစိတ်ဖြစ်စဉ်တို့ကို ဤသို့ ဖော်ပြထား၏။



၁။ အမြဲတည်ရှိနေသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုအားလုံးအတွက် လုံးဝတာဝန်ခံသော တစ်ခုတည်းသော အမာခံဓာတ်မျိုးသည် စိတ်၏ဖြစ်စဉ်၊ ရုပ်၏ဖြစ်စဉ်အားလုံး၌ မည်သည့်နေရာမှာမှ မရှိချေ။

၂။ လိုအပ်သည့်အခြေအနေများ ပေါင်းစပ်မှုမရှိလျှင် ကိုယ်မှုဖြစ်စေ၊ နှုတ်မှုဖြစ်စေ၊ စိတ်မှုဖြစ်စေ မည်သည့် လှုပ်ရှားမှုမှ မဖြစ်ပေါ်နိုင်။

၃။ စိတ်တစ်ခုသည် အမှုတစ်ခုကိုသာ ပြုနိုင်၏။ မိမိအမှုကို ပြုပြီးနောက် ချုပ်ပျောက်သွား၏။

ယောဂီနှင့်ပတ်သက်၍မူ သူသည် တခြားစီဖြစ်ပေါ်နေသည့် ဓာတ်သဘာဝ အနည်းငယ်ကို သိမြင်နိုင်လျှင် လုံးဝ လုံလောက်၏။ ဥပမာ– မြင်ခြင်းအရာ၌ သူသည် မြင်လိုခြင်းပန်းချီကား သို့မဟုတ် မျက်စိများကို ရွှေ့သွားစေသည့်စွမ်းအား၊ ပန်းချီကား ကြည့်စဉ် စိတ်တွေအဆက်ပြတ်ပြတ်ပြီး ဖြစ်နေသည့်အချက် ပန်းချီနှင့် ပတ်သက်၍ ...သည့်အချက်တို့ကို တစ်ခုပြီးတစ်ခုသိမြင်လျှင် လုံလောက်လိမ့်မည်။ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ တွေ့ထိခြင်း၊ ကြံစည်ခြင်းအရာ၌လည်း သူသည် တခြားစီဖြစ်နေသည့် ဓာတ်သဘာဝအနည်းငယ်ကို သိမြင်လျှင် လုံလောက် လိမ့်မည်။ သွားခြင်း၊ နေခြင်း၊ လမ်းလျှောက်ခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်းအရာ၌လည်း တခြားစီဖြစ်နေသည့် ဓာတ်သဘာဝအနည်းငယ်ကို သိမြင်လျှင် လုံလောက်လိမ့်မည်။

## မသိမြင်ခြင်းအတွက် အကြောင်းများ

လူ နတ် ဗြဟ္မာတို့သည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု (အသီးသီး)တို့ကို သီးခြားစီဖြစ်သည့် ဓာတ်သဘောများအဖြစ်ဖြင့် မသိမြင်ကုန်။ ယောဂီတို့ပင် ယင်းတို့ကို အစပထမ၌ ...ကဲ့သို့ မသိမြင်နိုင်ကုန်။ ယင်းသည် အောက်ပါအကြောင်းများကြောင့် ဖြစ်၏။

၁။ စိတ် ရုပ် တို့ဖြစ်စဉ်များ ဖြစ်ပေါ်သည့် အမြန်နှုန်းသည် အလွန်အထူး မြန်လှ၏။

၂။ လူ နတ် ဗြဟ္မာတို့မှာ အများအားဖြင့် ဝိပဿနာမှန်ဘီလူး မရှိကြ။

၃။ စိတ်တို့ အာရုံများနှင့် တွေ့ဆုံသည့်အခါတိုင်း ကိလေသာတို့၏ မျိုးစေ့များဖြစ်သည့် အနုသယတို့သည် ဆိုင်ရာ စိတ်အညစ်အကြေးများကို ဖြစ်စေကုန်၏။

ဤအကြောင်းသုံးပါးတို့သည် ပူးပေါင်း၍ ဃနများဟုခေါ်သည့် မှောက်မှားမှု ... ယင်းတို့ကိုယ်တိုင်ပြုလုပ်ကြ၏။

ယောဂီသည် ဝိပဿနာမှန်ဘီလူးကိုရရှိသည့်အခါ

၁။ သူသည် တခြားစီဖြစ်နေသည့် ဓာတ်သဘာဝများကို သိမြင်၏။ အကြောင်း ... ခဲ့ဆိုခဲ့သည့်အတိုင်း စိတ်၏တည်ကြည်မှုသည် ယောဂီအား စိတ်နှင့်ရုပ်တို့၏ ...ဖြစ်ပေါ်နေပုံတို့ကို သိမြင်နိုင်စေမည်ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ စိတ်၏တည်ကြည်မှုကြောင့် အနုသယတို့သည် ငြိမ်ဝပ်သွား၍ ကိလေသာ တို့ကို ဖြစ်ပေါ်စေခွင့် မရရှိကုန်။

ဤအကြောင်းနှစ်ခုတို့က ဈာနများကို အစိတ်စိတ်ချေမှုပစ်ရန်အတွက် ... လုပ်ဆောင်ကြ၏။

ဈာနများရှိသောအခါ ယင်းတို့သည် အတ္တဒိဋ္ဌိယုံမှုကို အားပေးကြ၏။ ယင်းတို့ ချေမှုန်းပစ်သည့်အခါ အတ္တဒိဋ္ဌိယုံမှုက နှစ်မြုပ်ထားအပ်သော အနတ္တ၏ ထင်ရှားဖြစ်ပေါ် လာမှုတို့သည် အလိုလိုပင် ယောဂီအား ထင်ရှားလာလိမ့်မည်။

ဈာန လေးမျိုးရှိ၏။ ယင်းတို့ကား ၁။ သန္တတိဈာန ၂။ သမူဟဈာန၊ ၃။ ကိစ္စ ဈာန၊ ၄။ အာရမ္မဏဈာနတို့ ဖြစ်၏။

## ၁။ သန္တတိဈာန

သန္တတိဈာနဟူသည် ဝိပဿနာမှန်ဘီလူး မရှိသည့် ပုဂ္ဂိုလ်အား၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၌ရှိသည့် တခြားစီဖြစ်နေသည့် ဓာတ်သဘောတို့ကို မမြင်အောင်လုပ်သည့် မှောက်မှားခြင်းဖြစ်၏။ ဥပမာ– မြင်ခြင်း။ မြင်သည့်စက္ကန့်အနည်းငယ် အတွင်းမှာပင် မြင်လိုခြင်း၊ မြင်ရန်အားထုတ်ခြင်း၊ မြင်ခြင်း၊ အကြိမ်ကြိမ်မြင်ခြင်း၊ မြင်ရသည့် အရာဝတ္ထုနှင့် ပတ်သက်၍ စဉ်းစားခြင်းကဲ့သို့သော တခြားစီဖြစ်နေသည့် ဓာတ်သဘော များစွာရှိကြ၏။ ဓာတ်သဘောတစ်ခုအတွက် တာဝန်ခံသော နောက် စိတ်တစ်ခု ပေါ်မလာမီ သေပျောက်သွား၏။

သို့ရာတွင် သန္တတိဈာနကြောင့် တစ်စုံတစ်ဦးသည် မြင်ခြင်းကိုသာ သိလိမ့်မည်။ သူသည် တခြားစီဖြစ်နေသည့် ဤဓာတ်သဘောတို့၏ တည်ရှိမှုကို သိမြင်လိမ့်မည် မဟုတ်။ ဤတခြားစီဖြစ်နေသည့် ဓာတ်သဘောတို့၏ တည်ရှိခြင်းကို မသိမှု အတ္တဒိဋ္ဌိယုံမှုကို ဖြစ်ပေါ်လာစေလိမ့်မည်။

သန္တတိဟူသည် အဆက်မပြတ်ဖြစ်ခြင်းကို ဆိုလို၏။

## ၂။ သမူဟဈာန

သမူဟဈာနသည် ဝိပဿနာမှန်ဘီလူး မရှိသည့်ပုဂ္ဂိုလ်အား စိတ်နှင့် ရုပ်နာမ်တို့ ကို သီးခြား စိတ်သဘာဝနှစ်ခုအဖြစ်ဖြင့် မမြင်အောင်လုပ်သည့် မှောက်မှားမှုဖြစ်၏။ ဥပမာ– ကွေးခြင်း။ ကွေးလိုက်သည့် စက္ကန့်အနည်းငယ်အတွင်းမှာပင် ကွေးလိုခြင်း၊ ကွေးရန် အားထုတ်ခြင်း၊ ကွေးသွားသောလက်များကဲ့သို့သော သီးခြားဓာတ်သဘော များရှိကြ၏။



သို့ရာတွင် သမူဟဈာနကြောင့် တစ်စုံတစ်ဦးသည် လက်ကွေးသွားသည်ကိုသာ သိလိမ့်မည်။ သူသည် စိတ်နှင့် ရုပ်ခန္ဓာတို့ကို သီးခြားဓာတ်သဘာဝ နှစ်ခုအဖြစ်ဖြင့် မြင်လိမ့်မည် မဟုတ်။ သိစိတ်နှင့် ရုပ်ခန္ဓာတို့ကို သီးခြားဓာတ်သဘာဝနှစ်ခုအဖြစ်ဖြင့် တည်ရှိမှုကို မသိမြင်မှုက အတ္တဒိဋ္ဌိယုံမှုကို ဖြစ်ပေါ်သွားစေလိမ့်မည်။

သမူဟသည် စုပေါင်းဖြစ်မှုကို ဆိုလို၏။

## ၃။ ကိစ္စဈာန

ကိစ္စဈာနဟူသည် ဝိပဿနာမှန်ဘီလူး မရှိသည့် ပုဂ္ဂိုလ်အား သီးခြားအလုပ်များ လုပ်နေကြသည့် စိတ်များနှင့် ရုပ်တို့အကြား ခြားနားချက်များ တည်ရှိမှုကို မသိ မြင်အောင် ပြုလုပ်သည့် မှောက်မှားမှုဖြစ်စေ၏။ ဥပမာ မျက်စိ၌ဖြစ်သည့် စိတ်သည် မြင်သိ၏။ နား၌ဖြစ်သည့်စိတ်သည် ကြားသိ၏။ နှာခေါင်း၌ဖြစ်သည့် စိတ်သည် နံသိ၏။ လျှာ၌ဖြစ်သည့် စိတ်သည် အရသာသိ၏။ ကိုယ်၌ဖြစ်သည့် စိတ်သည် ထိသိ၏။ သဘောအာရုံနှင့် တွေ့ဆုံသည့်စိတ်သည် ကြံသိ၏။

သို့ရာတွင် ကိစ္စဈာနကြောင့် တစ်စုံတစ်ဦးသည် အထက်ကဖော်ပြခဲ့သည့် ခြားနားချက်တို့၏တည်ရှိမှုကို သိမြင်လိမ့်မည်မဟုတ်။

ယခု ရုပ်ဘက်ကိုသွားကြစို့။ မျက်စိတို့သည် စိတ်အားမြင်အောင်ကူညီကြ၏။ နားတို့သည် စိတ်အား ကြားအောင် ကူညီကြ၏။ နှာခေါင်းသည် စိတ်အား အနံ့ရအောင် ကူညီ၏။ လျှာသည် စိတ်အား အရသာသိအောင် ကူညီ၏။ ကိုယ်သည် စိတ်အား ထိသိ အောင်ကူညီ၏။

သို့ရာတွင် ကိစ္စဈာနကြောင့် တစ်စုံတစ်ဦးသည် အထက်ကဖော်ပြခဲ့သည့် ခြားနားချက်တို့၏ တည်ရှိမှုကို သိမြင်လိမ့်မည်မဟုတ်။

ဤစိတ်များနှင့် ရုပ်တို့ပြုလုပ်သည့် လုပ်ငန်းများနှင့်လျော်ညီစွာ ယင်းတို့၏ခြားနား ချက်များ တည်ရှိမှုကို မသိမြင်မှုက အတ္တဒိဋ္ဌိယုံကြည်ခြင်းကို ဖြစ်ပေါ်သွားစေလိမ့်မည်။

ကိစ္စ ဟူသည် လုပ်ဆောင်ချက်များ (ဝါ) လုပ်ငန်းများကို ဆိုလို၏။

## ၄။ အာရမ္မဏဈာန

စိတ်တို့သည် မိမိတို့၏ သိမြင်မှုနှင့်ပတ်သက်၍ အချင်းချင်းမှ ကွဲပြား၏။ စက္ခုဝိညာဏ်စိတ် (မျက်စိများ၌ဖြစ်သောစိတ်)သည် ရူပါရုံကို သိမြင်၏။ (နားများထဲရှိ) သောတဝိညာဏ်စိတ်သည် အသံကိုကြားသိ၏။ (နှာခေါင်းထဲရှိ) ဃာနဝိညာဏ်စိတ်သည် အနံ့ကို သိ၏။ (လျှာထဲရှိ) ဇိဝှာဝိညာဏ်စိတ်သည် အရသာကို လျက်သိ၏။ (ကိုယ်ထဲရှိ) ကာယဝိညာဏ်စိတ်သည် ထိတွေ့မှုကို သိ၏၊ မနောဝိညာဏ်စိတ်သည် (ကြံစည်မှုနှင့် ဆက်သွယ် ... လာသောစိတ်) ကြံစည်မှုကို သိ၏၊ အတ္တကို ဗဟုသုတ မည်မျှရှိရှိ ... သည် ဥဏ္ဏါဒိုင်တည်း၊ ဝိပဋ္ဌိတည်းပုဂ္ဂိုလ်များ အမှန်မဟုတ်ခဲ့လျှင်) ... တရားတော်

www.burmeseclassic.com

www.burmeseclassic.com



များကို မည်မျှနာနာ၊ သီလသိက္ခာပုဒ်များကို မည်မျှစောင့်စောင့် သမထဘာဝနာ မည်မျှအားထုတ်ထုတ် တစ်စုံတစ်ဦးကိုမျှ အနတ္တကိုသိမြင်စေနိုင်မည် မဟုတ်ဟု ဗုဒ္ဓက ဝန်ခံခဲ့၏။ ထို့ကြောင့် အနတ္တသုတ်၌ ဗုဒ္ဓသည် မိမိ၏သာဝကများအား အနတ္တကိုသိမြင်ဖို့အတွက် ဝိပဿနာဘာဝနာကိုအားထုတ်ရန် အမိန့်ပေး၏။

အတ္တ၌ယုံမှုသည် အလွန်အမင်း စိုးမိုးခဲ့လျှင်

၁။ တပ်မက်ခြင်း (တဏှာ)သည် ရှိလိမ့်မည်။

၂။ ထောင်လွှားမှု (မာန) သည် ရှိလိမ့်မည်။

၃။ ခန္ဓာငါးပါးကို လွဲမှားစွာသိမြင်မှု (ဒိဋ္ဌိ) သည် ရှိလိမ့်မည်။

တပ်မက်ခြင်း၊ ထောင်လွှားခြင်း၊ ခန္ဓာငါးပါးကို လွဲမှားစွာ သိမြင်မှုများရှိခဲ့လျှ အဆုံးမရှိသည့် ပဋိသန္ဓေနေမှုများကို (ဝါ) ဒုက္ခ၏အကြောင်းရင်းဖြစ်သည့် မည်သ ကိလေသာကိုမျှ ပယ်သတ်နိုင်မည် မဟုတ်။ ထို့ကြောင့် ဗုဒ္ဓသည် ယောဂီပုဂ္ဂိုလ်အ ခန္ဓာငါးပါး၏ အနတ္တသဘော ထင်မြင်မှုဟူသော မှန်ကန်သည့် အသိအမြင်ကိုပေး သည့် တစ်ခုတည်းသောနည်းဖြစ်သည့် ဝိပဿနာဘာဝနာအပေါ်၌ အကြီးမား အလေးအနက်ထားခြင်းဖြစ်၏။

## ဝိပဿနာဘာဝနာအကျဉ်းချုပ်

ဝိပဿနာဘာဝနာကိုအားထုတ်စဉ်၌ ယောဂီသည် မိမိ၏စိတ်တည်ကြည်မှု ကောင်းလာသည့်အခါ ဝိပဿနာဉာဏ်တစ်ခုမှ တစ်ခုသို့ တက်သွားလိမ့်မည်။ ဉာဏ်အမြင်တို့သည် ရှေးက မိမိမှကွယ်ဝှက်နေသည့် ရုပ်ခန္ဓာနှင့် စိတ်တို့၏သဘော လက္ခဏာများကို သိမြင်စေနိုင်လိမ့်မည်။ ဤဉာဏ်အမြင်တို့သည် ရှေးက အိပ်မက်ပင် မမက်ခဲ့ဖူးသည့် ဉာဏ်အမြင်တို့ကိုလည်း မိမိအား ရရှိစေနိုင်လိမ့်မည်

ယောဂီသိမြင်သည့် ရုပ်ခန္ဓာနှင့် စိတ်တို့၏ သဘောလက္ခဏာတို့ကိုလည်းကော ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ခဲ့စဉ်က မိမိရရှိခဲ့သည့် ဉာဏ်အမြင်တို့ကိုလည်းကော မဂ္ဂင်လမ်းဆိုင်ရာ အတွဲထဲ၌ အပြည့်အစုံဖော်ပြထား၏။ သို့ရာတွင် ယခုလော ဆယ်အတွက် စာရေးသူသည် အလွန်အကျဉ်းရုံးသော ရှင်းလင်းချက်ကို ပေးပါမည်

ယောဂီသည် တတိယဝိပဿနာဉာဏ်ကိုရရှိသောအခါ မိမိရုပ်ခန္ဓာနှင့် စိ တို့၏ မမြဲသည့်သဘောကို စတင်မြင်လိမ့်မည်။ ဤ မမြဲသည့်သဘောကို အနိစ္စ ခေါ်၏။ သူ၏စိတ်တည်ကြည်မှု ပိုအားကောင်း လာသည့်အခါ အနိစ္စသဘော သိမြင်မှုသည် ပို၍ ရှင်းလင်းသေချာလာ၏။ ထိုအခါ မိမိ၏ စိတ်တည်ကြည်မှု ရှေးကထက် ပိုအားကောင်းလာသောကြောင့် သူသည် ရုတ်တရက်ပင် ဤ ဉာဏ်အမြင်များကို ရရှိလိမ့်မည်။



ခန္ဓာငါးပါးတို့သည် အလွန်ကြောက်ဖွယ်ကောင်း၏။

သို့မဟုတ်

ငါတို့သည် သေခြင်းနှင့်နီးကပ်စွာ အမြဲနေနေကြ၏။

သို့မဟုတ်

ခန္ဓာငါးပါးတို့သည် ရင်းနေသည့် အိုင်းအနာများနှင့် တူ၏။

သို့မဟုတ်

မမြဲသည့် ခန္ဓာကိုယ်တို့က သုခကို မည်သို့ဖြစ်စေနိုင်မည်နည်း။

သို့မဟုတ်

ဒုက္ခသည် ခန္ဓာငါးပါး၌ ကိန်းဝပ်တည်ရှိ၏။

ဉာဏ်အမြင်တို့သည် အထက်ပါတို့ကဲ့သို့ အတိအကျဖြစ်ဖို့ မလိုအပ်ပေ။ ဒုက္ခသည် အနိစ္စ၏ ကြောင်းကျိုးဆက် ရလဒ်ဖြစ်၏ဟု မိမိအား သိမြင်စေနိုင်သည့် စိတ်တစ်ချက်ကလေးမျိုး ဖြစ်ခဲ့လျှင် ယင်းဉာဏ်အမြင်သည် မှန်ကန်နေ၏။

မိမိ၏စိတ်တည်ကြည်မှု ပိုမိုအားကောင်းလာသဖြင့် ထိုကဲ့သို့သောဉာဏ်အမြင် အနည်းငယ်ကိုရရှိပြီးနောက် ယောဂီသည် အသစ်ဖြစ်သော (သို့သော် ပို၍ထင်ရှားသော) ဉာဏ်အမြင်များကို ရုတ်တရက် ရရှိလိမ့်မည်။ ယင်းအမြင်တို့သည် အောက်ပါတို့ကဲ့သို့ အတိအကျဖြစ်ဖို့ မလိုအပ်ပေ။ ယင်းတို့သည် အနတ္တသဘောလက္ခဏာများကို ဆောင်ခဲ့လျှင် ယင်းတို့သည် မှန်ကန်၏။

လျင်မြန်စွာပြောင်းနေသည့် ခန္ဓာကိုယ်တို့ကို မည်သူကမျှ မထိန်းချုပ်နိုင်။

သို့မဟုတ်

လျင်မြန်စွာပြောင်းနေသည့် ခန္ဓာကိုယ်တို့သည် အသုံးမကျ အချည်းနှီးဖြစ်၏။

သို့မဟုတ်

လျင်မြန်စွာပြောင်းနေသည့် ခန္ဓာကိုယ်တို့သည် ပုန်ကန်နေသည့် ရန်သူများနှင့် တူ၏။

သို့မဟုတ်

လျင်မြန်စွာပြောင်းနေသည့် ခန္ဓာကိုယ်တို့မှာ အတ္တမရှိနိုင်ကုန်။

သို့မဟုတ်

လျင်မြန်စွာပြောင်းနေသည့် ခန္ဓာကိုယ်တို့သည် အားကိုးနိုင်စရာ မဟုတ်။

သို့မဟုတ်

ဒုက္ခကိန်းဝပ်ရာ ခန္ဓာကိုယ်တို့သည် အလွန်ကြောက်ဖွယ်ကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာဘာဝနာ၌ အနိစ္စ (မမြဲမှု)ကို သိမြင်ခြင်းသည် အလွန်အရေးပါသည့် အချက်ဖြစ်၏။ တစ်စုံတစ်ဦးသည် အနိစ္စကိုသိမြင်လျှင် ဒုက္ခနှင့် အနတ္တသဘော သိမြင်မှုတို့သည် အချိန်တန်လျှင် နောက်က လိုက်လာကြ၏။

## ရှုဆင်ခြင်မှုများနှင့် သိမြင်မှုများ

ပုဂ္ဂိုလ်တချို့က သိမြင်မှုများကို ရှုဆင်ခြင်မှုများဟု ထင်မှတ်ကြ၏။ ယင်းသည် မမှန်။ ယင်းတို့နှစ်ခုအကြား၌ ထင်ရှားသည့် ခြားနားမှုရှိ၏။

ရှုဆင်ခြင်မှုဟူသည် အာရုံအပေါ်၌ တစ်သီတစ်တန်းစဉ်းစားမှုဖြစ်၏။ ရှုဆင်ခြင်သူသည် စိတ်တည်ကြည်မှုကို မရရှိသေးသောကြောင့် မိမိ၏ဆင်ခြင်မှုထဲသို့ အဆို ဆင်ခြေနှင့် ကောက်ချက်ချမှုများစွာတို့ ထည့်သွင်းနိုင်၏။ သူသည် မိမိကိုယ်တိုင် ပြုခဲ့ပြီးသည့် ကောက်ချက်ချမှုများကို အကြိမ်ကြိမ်ငြင်းပယ်နိုင်၏။ တစ်ခါတစ်ရံ သူသည် မိမိရှုဆင်ခြင်နေသည့်အာရုံနှင့် မဆက်စပ်သည့် အဆိုဆင်ခြေနှင့် ကောက်ချက် ချမှုများကို သွင်းယူလာနိုင်၏။

သို့ရာတွင် ဉာဏ်အမြင်သည် စိတ်တည်ကြည်မှုအားဖြင့် အချက်တစ်စုံတစ်ရာကို သိမြင်မှုဖြစ်၏။ လုံလောက်စွာအားကောင်းသည့် စိတ်တည်ကြည်မှုကို ယောဂီပုဂ္ဂိုလ် ရရှိသည့်အခါမှသာ ထိုဉာဏ်အမြင်များကို ရရှိ၏။ ဉာဏ်အမြင်များနောက်သို့ ဉာဏ်ပိုင်း ဆိုင်ရာ ကျေနပ်မှုက မလွဲမသွေ လိုက်လာ၏။

ဉာဏ်အမြင်များကို ယောဂီရရှိရာအဆင့်၌ သူ၏ သိမြင်မှု (ဝါ) စိတ်၏ တည်ကြည်မှုသည် လုံးဝအားကောင်းလာလေပြီ။ သူ၏ စိတ်သည် တစ်သီတစ်တန်းကြီး စဉ်းစားမှုများမှ လွတ်မြောက်၏။ တံခါးကိုရိုက်ခွဲဖွင့်ပြီး ထွက်လာသည့် လူသန်ကြီး ကဲ့သို့ပင် ဉာဏ်အမြင်တို့သည် စိတ်၏ တည်ကြည်မှုကို အစိတ်စိတ်ဆုတ်ဖြဲကာ ပေါ်ထွက်လာကြ၏။

ယောဂီသည် မဂ်ဉာဏ်ကို လျင်မြန်စွာ ဆက်သွားလိုလျှင် ယင်းတို့ကို သိမြင် ခြင်းဖြင့် ပယ်ဖျောက်ပစ်ရန် အစွမ်းကုန်ကြိုးစားရမည်။ ဤဉာဏ်အမြင်တို့သည် အသုံးဝင်၏။ သို့ရာတွင် ယင်းတို့များလွန်းက ယောဂီ၏ တည်ငြိမ်သောသိမြင်မှုကို အားနည်းစေလိမ့်မည်။ တည်ငြိမ်သောသိမြင်မှု ဆုံးရှုံးသွားခြင်းကြောင့် ဤသိမြင်မှုတို့မှာ ရှုဆင်ခြင်မှုများသို့ ပြောင်းလဲသွားသည့်အန္တရာယ် ရှိပေသည်။

သို့ရာတွင် ယောဂီသည် မဂ်လေးပါးထဲမှ အနည်းဆုံး ပထမအဆင့်ကို မရ သေးလျှင် သိမြင်မှုတို့သည် မခိုင်မြဲသေး။ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်စဉ်အတွင်း ၌ပင် ယောဂီသည် ပထမမဂ်ကို မရမီ မိမိ၏စိတ်တည်ကြည်မှု ဆုံးရှုံးသွားလျှင် အတ္တ၌ယုံကြည်မှုသည် ခေါင်းထောင်လာနိုင်၏။



## နိဗ္ဗာန်

အနိစ္စကိုရှုမှတ်မှု၊ ဒုက္ခနှင့် အနတ္တကို သိမြင်မှုသည် ၁၂ ခုမြောက် ဝိပဿနာဉာဏ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ယောဂီတက်သွားသည့်အခါ ပို၍ ရှင်းလင်းအားကောင်း သေချာ လာ၏။ ယင်းရှုမှတ်မှု သိမြင်မှုတို့သည် ပို၍ရှင်းလင်းအားကောင်း သေချာလာသည့် အခါ မိမိ၏ရုပ်ခန္ဓာနှင့် စိတ်၌ ယောဂီ၏ ငြီးငွေ့မှုသည် ပို၍ ပို၍ ထုထည်ကြီးလာ၏။ ထုထည်ကြီးသည့် ဤငြီးငွေ့မှုကြောင့် ယောဂီ၏စိတ်သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော ဟူသော စိတ်အာရုံခြောက်ပါးထဲက တစ်ပါးပါးဖြစ်လေ့ ရှိသည့် ယင်း၏အာရုံမှ ရုတ်တရက် ကင်းကွာသွား၏။ ထိုစိတ်သည် မိမိ၏ဘဝ တစ်လျှောက်လုံး ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးသည့် အာရုံတစ်ခု၌ တည်ရှိနေ၏။ ယင်းအာရုံကား နိဗ္ဗာန်ဖြစ်၏။

နိဗ္ဗာန်၌တည်နေသောစိတ်ကို မဂ်စိတ်ဟုခေါ်၍ ယင်းနောက်ကလိုက်ဖြစ်သည့် စိတ်နှစ်ခုကို ဖိုလ်စိတ်ဟုခေါ်၏။ ထိုစိတ်သုံးခုတို့၏ သက်တမ်းသည် အလွန်အခင်း တိုတောင်းလှ၏။ သို့ရာတွင် ထိုစိတ်ဖြစ်မှုသည် ပုထုဇဉ်ကို အရိယာအဖြစ်သို့ ပြောင်းလဲပစ်သောကြောင့် အလွန်ထူးခြားလှ၏။ ထိုစိတ်သည် အနုသယအားလုံးတွင် အားအကောင်းဆုံးဖြစ်သည့် ဒိဋ္ဌာနုသယကို ပယ်သတ်သောကြောင့်လည်း အလွန် ထူးခြား၏။ ယောဂီသည် ထိုမဂ်စိတ်ဖြစ်မှုကို ရပြီဟု သိမြင်သည့်အချိန်၌ မဂ် ဖိုလ် စိတ်တို့သည် ချုပ်သွားပြီးလေပြီ။ သို့ရာတွင် ယင်းတို့သည် အလွန်လေးနက်သည့် အကျိုးရလဒ်ကို ထားရစ်ခဲ့၏။ ယောဂီသည် မိနစ်အနည်းငယ်တိုင် မဖော်ပြနိုင်သည့် ငြိမ်းမြောက်မှုအနေမှာ ရှိလိမ့်မည်။ မဂ်လေးပါးရှိ၏။ ယင်းတို့အားလုံးသည် ထပ်တူ ညီးအတိုင်း ဖြစ်ပေါ်ကြ၏။

၁။ ပထမမဂ်သည် ဒိဋ္ဌာနုသယ (အတ္တ၌ယုံမှု)နှင့် ဝိစိကိစ္ဆာနုသယ (ယုံမှားမှု)ကို ပယ်သတ်၏။ ယောဂီသည် ပထမမဂ်ကို မရမီက ဗုဒ္ဓဘာသာဝင်ဖြစ်သောကြောင့် အနတ္တကိုဟောကြား၍ အနတ္တဘက်လိုက် ဆင်ခြေပေးပြီး အနတ္တဆန့်ကျင်သူတို့ကို ချေပြော၏။ သို့ရာတွင် သူသည် ပုထုဇဉ်ဖြစ်သောကြောင့် ကိုယ်တိုင်က အတ္တ၌ ယုံ၏။ သူသည် ဤအချက်ကို အလွန်ကောင်းစွာသိ၏။

သို့ရာတွင် ပထမမဂ်ကို ရပြီးနောက်၌ကား အတ္တ၌ယုံမှုကို ပယ်သတ်ခဲ့၏။ သူသည် ဤအချက်ကိုလည်း သိ၏။

၂။ ဒုတိယမဂ်သည် ကျန်ကိလေသာများထဲမှ တစ်ခုကိုမျှ မပယ်သတ်။ သို့သော် ယင်းတို့ကို အားနည်းသွားအောင်ကား ပြု၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ တတိယမဂ်သည် ကာမရာဂါနုသယ (ကာမဂုဏ်တို့၌ တပ်မက်မှု)နှင့် ပဋိဃာနုသယ (ဒေါသ)ကို ပယ်သတ်၏။

၄။ စတုတ္ထမဂ်သည် မာနာနုသယ (မာန)၊ ဘဝရာဂါနုသယ (မြင့်မြတ်သည့် ဘဝများ၌ တပ်မက်မှု)၊ အဝိဇ္ဇာနုသယ (မသိမှု=မောဟ)ဟူ၍ ကျန်အနုသယအားလုံးကို ပယ်သတ်၏။

စတုတ္ထမဂ်ရပြီးသော ပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်၏။ ကိလေသာတို့သည် အဆုံးမရှိသည့် ပဋိသန္ဓေများ၏ အကြောင်းရင်းဖြစ်သောကြောင့် ကိလေသာအားလုံးကို ပယ်သတ်ပြီးသော ရဟန္တာသည် မိမိစုတေသော် ဒုက္ခ၏အချုပ်ဖြစ်သည့် ပဋိသန္ဓေနေမှုကို နောက်ထပ်ရရှိတော့မည် မဟုတ်။

## အခန်း ၁၀

## အနတ္တနှင့်ယင်း၏ နောက်ဆက်အကျိုးများ

...သခင်က ဖန်ဆင်းခြင်းကို အားလုံး၏ အဓိကအကြောင်းရင်းအဖြစ် အသိအမှတ် ...သည့် ဝါဒ)

### ဣဿရနိမ္မာန–ဟေတု–ဝါဒ

...တစ်ဦးသည် ဘာသာဝါဒများကိုလေ့လာလျှင် ဖန်ဆင်းရှင်၊ ဖန်ဆင်းရှင်က ...ဆင်းသည့်ဝိဉာဏ်နှင့် ဝိညာဉ်အတွက်နောက်ဆုံးဘုံကို မလွဲမသွေနီးပါး တွေ့ရှိ ...သည်။ ဘာသာတစ်ခု၏ဖန်ဆင်းရှင်သည် ဝိညာဉ်နှင့် နောက်ဆုံးဘုံသည် အခြား ...သာတစ်ခု၏ ဖန်ဆင်းရှင်ဝိညာဉ်နှင့် နောက်ဆုံးဘုံမှ အချို့အချက်များ၌ ကွဲပြား ...င်း ကွဲပြားနိုင်၏။ ဘာသာတစ်ခု၏ နောက်ဆုံးဘုံသို့ရောက်ပုံနည်းသည် အခြား ...သာတစ်ခု၏နည်းမှ ကွဲပြားကောင်း ကွဲပြားနိုင်၏။ သို့ရာတွင် ဖန်ဆင်းရှင်ဝိညာဉ် ...် နောက်ဆုံးဘုံတို့ကို ထားရှိသည့်ပုံစံသည် အတူတူပင် ဖြစ်၏။

ဗုဒ္ဓက ယင်းဘာသာများကို ဣဿရနိမ္မာန ဟေတုဝါဒ ဟူသော ဤပုံစံဖြင့် ...ခေါ်ထား၏။

ဗုဒ္ဓဘာသာ၌ ဤပုံစံမျိုးမရှိကြောင်း ထင်ရှား၏။ ဘာသာတစ်ခု၏အဓိက ...ထာသည် ဖန်ဆင်းရှင်၊ ဝိညာဉ်နှင့် ယင်း၏နောက်ဆုံးဘုံတို့ကို လူသားက ...အမှတ်ပြုထားခြင်းသာဖြစ်သောကြောင့် ဗုဒ္ဓဘာသာကို ဘာသာ (Religion) ...အဖြစ် သတ်မှတ်ရန် မှန်လေသလောဟူ၍ ဗုဒ္ဓဘာသာဝင်များစွာတို့က သိလို ...။ သူတို့၏အလိုအရ ဗုဒ္ဓဘာသာကို သာသနာ (ဝါ) ဗုဒ္ဓ၏သာသန ဟူ၍မူသာ ...ခေါ်လျှင် မှန်ကန်သင့်တော်လိမ့်မည်။ သာသနသည် ဗုဒ္ဓကိုယ်တိုင် အသုံးပြုခဲ့သည့် ...ာရဖြစ်၏။ ယင်းသည် ဗုဒ္ဓ၏အဆုံးအမများဟု ဆိုလို၏။

### ဗုဒ္ဓနှင့် ဘဒ္ဒမင်းသားများ

...က်ရှိနေပေမယ့် ပုဂ္ဂိုလ်အချို့တို့သည် အနတ္တ၏မှတ်တိုင်များကို ကျော်ဖြတ် ...ဗုဒ္ဓနှင့် ဘဒ္ဒမင်းသားတို့အကြား အပြန်အလှန်ပြောခန်း...လေးထဲပါ အတ္တ

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားလုံးကို ညွှန်ပြကြ၏။ ယင်းစကားပြောခန်း မဖြစ်ပေါ်မီ အချိန် အနည်းငယ်က ဘဒ္ဒမင်းသားတို့သည် ပျော်ပွဲစားထွက်ရန် ကပ္ပာသိကတောသို့ မိမိတို့၏ ဇနီး များကို ခေါ်လာခဲ့ကြ၏။ သူတို့အထဲမှ မယားမရှိသူတစ်ဦးသည် ပြည့်တန်ဆာမတစ်ဦး ကို ခေါ်လာခဲ့၏။ မင်းသားများအိပ်ပျော်နေစဉ် ထိုပြည့်တန်ဆာမသည် မိမိမင်းသားတို့၏ ရတနာများကိုခိုး၍ ထွက်ပြေးသွားခဲ့၏။ မင်းသားတို့သည်နိုးသော် ခိုးသွားခြင်းကိုသိ၍ ပြည့်တန်ဆာမကိုရှာရန် တောထဲသို့ လှည့်လည်သွားခဲ့ကြ၏။

ထိုအချိန်မှာပင် ဗုဒ္ဓသည် ကဿပညီနောင်များ ယင်းတို့၏ တပည့်များ နှင့် ဆက်သွယ်ရန် ဥရုဝေလတောသို့ သွားနေ၏။ သူသည် ကပ္ပာသိကတောအနီး ရောက်သောအခါ မိမိ၏သဗ္ဗညုတဉာဏ်တော်ဖြင့် ဘဒ္ဒမင်းသားတို့ကိုမြင်လေ၏။ ထို့ကြောင့် သူသည် ဘေးသို့ကွေ့ကာ ထိုတောသို့ ဆက်ကြွလေ၏။ မင်းသားတို့သည် ဗုဒ္ဓကိုမြင်သော် သူ့အား မိန်းမတစ်ယောက်ကို မြင်မိပါသလောဟု မေးကြ၏။

## အပြန်အလှန်စကားပြောခြင်း

ဗုဒ္ဓ။ ။မင်းသားတို့ ထိုမိန်းမကို အဘယ့်ကြောင့် သင်တို့ရှာနေသနည်း

မင်းသားများ။ ။အရှင်ဘုရား၊ ထိုမိန်းမသည် အကျွန်ုပ်တို့ထဲကတစ်ဦး၏ ရတနာ များကို ခိုးသွားပါ၏။

ဗုဒ္ဓ။ ။မင်းသားတို့ ထိုမိန်းမကိုရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်း နှစ်မျိုးတွင် သင်တို့အတွက် မည်သည်က မြတ်သည်ဟု သင်တို့ ထင်သနည်း

မင်းသားများ။ ။အရှင်ဘုရား၊ မိမိကိုယ်ကိုရှာခြင်းကို မြတ်သည်ထင်ပါ၏။

ဗုဒ္ဓ။ ။သို့ဖြစ်လျှင် သင်တို့ ထိုင်ကြလော့၊ သင်တို့အား ငါတရားဟောမည်

မင်းသားများ။ ။ကောင်းပါပြီအရှင်ဘုရား၊ အကျွန်ုပ်တို့ ယင်းသို့ပြုပါမည်။

## စာရေးသူ၏ အကြောင်းပြချက်များ

ဤစကားပြောခန်းသည် ဗုဒ္ဓသာသနာ၌ အရေးကြီးသည့် စကားပြောခန်းမဟုတ်ပေ။ သို့ရာတွင် ယင်းအခန်းကို အတ္တ၏ ရှေ့နေများက အမြဲကိုးကားပြသောကြောင့် ယင်းစကားပြောခန်းထဲပါ အတ္တသည် ဘာကို ဆိုလိုကြောင်း ယင်းအတ္တသည် မိမိ ကိုယ်ကိုမျှသာ အဘယ့်ကြောင့်ဆိုလိုကြောင်း အကြောင်းပြချက်တို့ကို ပြည့်စုံစွာ ပေးရမည်။

စာရေးသူ၏ အကြောင်းပြချက်တို့ကား အဘယ်နည်း။



စာရေးသူမှာ အကြောင်းပြချက် ငါးခုရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်၏။

## ပထမအကြောင်းပြချက်

အတ္တမှာ အဓိပ္ပာယ် မျိုးကွဲများစွာ ရှိ၏။ ပါဠိအသင်းထုတ်၊ ပါဠိ အင်္ဂလိပ် အဘိဓာန် ကျမ်း၌ အတ္တ၏ အဓိပ္ပာယ်မျိုးကွဲနှစ်ခုကို အတ္တဟုဖော်ပြထားရာ မူရင်းပါဠိတော် အဋ္ဌကထာများနှင့် ဋီကာများမှ ဝါကျအကိုးများနှင့်တကွ ဖော်ပြထား၏။

ထိုအဘိဓာန်အလိုအရ အတ္တ၏ပထမအဓိပ္ပာယ်သည် ဝိညာဉ်ဖြစ်၏။ အတ္တ၏ ဒုတိယအဓိပ္ပာယ်အဖြစ်ဖြင့် မိမိကိုယ်တိုင်၊ သူ့ကိုယ်တိုင်၊ သင့်ကိုယ်တိုင်တို့ကို ဖော်ပြထား၏။

ဗုဒ္ဓသာသနအဖွဲ့ကိုဏ်း၊ ပါဠိမြန်မာ အဘိဓာန်ကျမ်း၌ အတ္တ၏ အဓိပ္ပာယ်မျိုးကွဲ ၁၂ ခုကို ဆိုင်ရာအကိုးများနှင့်တကွ ပေးထား၏။ ယင်းကျမ်းစာက စာရှုသူတို့အား အတ္တ၏ အခြားအဓိပ္ပာယ်များကို လေ့လာလိုလျှင် ထင်ရှားသော မြန်မာဗုဒ္ဓဘာသာပြန် ကျမ်းစ်ကို ကြည့်ရှုရန် အကြံပြုထား၏။ ယင်းစကားလုံးမှာ ထိုမျှကျယ်ဝန်းသည့် အဓိပ္ပာယ်နက်နဲမှု ရှိနေ၏။ စာရှုသူတို့၏အကျိုးငှာ ထိုအဘိဓာန်အဓိပ္ပာယ် ၁၂ ခု မှ ရှစ်ခုကို အောက်တွင်ဖော်ပြပါမည်။

အတ္တ၏အဓိပ္ပာယ်မျိုးကွဲရှစ်ခု

၁။ စိတ်

၂။ ခန္ဓာကိုယ်

၃။ လောကီ လောကုတ္တရာအကြောင်းများဆိုင်ရာ တရားတော်များ

၄။ သဘာဝ (အများအားဖြင့် ရှေ့ဆက်ပုဒ်များနှင့် တွေ့ရ၏။)

၅။ မိမိကိုယ်

၆။ သား၊ ဖခင်

၇။ ဝိညာဉ်၌ယုံမှု

၈။ ဝိညာဉ်

## ဒုတိယအကြောင်းပြချက်

မဟာဝဂ္ဂကျမ်း(ဗုဒ္ဓသာသနအဖွဲ့ကိုဏ်း၊ မြန်မာပြန်)၌လည်းကောင်း (ဗုဒ္ဓသာသနအဖွဲ့ ကိုဏ်း ၆ တွဲရှိသည်) တိပိဋကဘဏ္ဍာဂါရိက အရှင် ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကျမ်း၌လည်းကောင်း အထက်ပါ စကားပြောခန်းကို ဖော်ပြထား၏။ ယင်းနှစ်ကျမ်းလုံး၌ အတ္တကို မိမိကိုယ်ဟု အဓိပ္ပာယ်ကောက်ယူထား၏။

www.burmeseclassic.com

www.burmeseclassic.com



## တတိယအကြောင်းပြချက်

ဗုဒ္ဓ၏သာသနအလိုအရ အတ္တ (ဝိညာဉ်)ဟူသည် မရှိ။ (ဒီဃနိကာယ်၊ ပေါဋ္ဌပါဒသုတ်) ယင်းသည် ပုထုဇဉ်တို့၏ ကြံစည်ဖန်တီးချက်သာ ဖြစ်၏။ ဗုဒ္ဓသည် မင်းသားတို့အား အတ္တမရှိကြောင်း ကိုယ်တိုင်ဟောပြထားသည့် အရာကို တွေ့အောင်ရှာခိုင်းလိမ့်မည် မဟုတ်။

## စတုတ္ထအကြောင်းပြချက်

ဗုဒ္ဓများ ပစ္စေကဗုဒ္ဓများမှ သာမန်အရိယာများအထိ မည်သူမျှမဂ်ဉာဏ်သို့ တောင် လျှောက် ခုန်မသွားနိုင်။ မဂ်ဉာဏ်သို့မရောက်မီ ဝိပဿနာဘာဝနာကို အားထုတ်သည့် ယောဂီအားလုံးသည် ဝိပဿနာဉာဏ် ၁၂ ပါးကို ယင်းတို့၏ ရှေ့နောက်အစီအစဉ် အားလျော်စွာ ဖြတ်သန်းသွားရမည်။ ထုံးစံအားဖြင့် စာကြောင်းတို လေးခုပါရှိသည့် တစ်ဂါထာ၏ လေးပုံသုံးပုံကို ဗုဒ္ဓဟောမပြီးသေးမီ မဂ်လေးပါးထဲမှ တစ်ပါးပါး ရနိုင်သည့် ဥဃ္ဃဋိတညူ ယောဂီမျိုးသည်ပင်လျှင် မိမိတို့မဂ်ဉာဏ်များကို မရမီ ဤဝိပဿနာ ၁၂ ပါးကို ဖြတ်သန်းသွားရပေမည်။ ဤဝိပဿနာဉာဏ် ၁၂ ပါး ဖြတ်သန်းသွားသည့် ဥဃ္ဃဋိတညူပုဂ္ဂိုလ်တို့၏ စိတ်အမြန်နှုန်းသည် အလွန်အမင်းမြန် ၏။ ယောဂီတို့၏ စိတ်များက ဤဝိပဿနာဉာဏ်များကို ဖြတ်သန်းသွားသည့်အခါ သာလျှင် သူတို့သည် ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို သိမြင်နိုင်ကြ သူတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သိမြင်သည့်အခါမှသာလျှင် သူတို့သည် ခန္ဓာငါးပါးကို ငြီးငွေ့ကြပေမည်။ ခန္ဓာငါးပါး၌ တပ်မက်မှုကိုပယ်သတ်ရန် မင်းသား တို့အား ကူညီပေးသည့်အရာကား ဤငြီးငွေ့မှုပင် ဖြစ်၏။

ဓမ္မပဒကျမ်း၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့်ပတ်သက်၍ ထင်ရှားသည့် ဂါထာ သုံးပုဒ်ရှိ၏။ ကာလကြာမြင့်စွာ တရားအားထုတ်ပြီးနောက် မဂ်ဖိုလ်များကို မရကြသေး အခါ မဂ်ဖိုလ်များရဖို့အတွက် ဗုဒ္ဓ၏လမ်းညွှန်မှုကို တောင်းခံရန် ရောက်လာကြသည့် ရဟန်းတချို့အား ဗုဒ္ဓက ယင်းဂါထာများကို ရွတ်ဆိုခဲ့ခြင်း ဖြစ်၏။

## သုံးဂါထာ

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

www.burmeseclassic.com



သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေ ဓမ္မာ အနတ္တာတိ
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အောက်ပါတို့သည် အထက်ပါဂါထာသုံးခု၏ အဓိပ္ပာယ်အကျဉ်းဖြစ်၏။

ရဟန်းတို့၊ ခန္ဓာငါးပါးတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ကုန်၏။ တစ်စုံတစ်ဦး သည် ဝိပဿနာဉာဏ်တို့အားဖြင့် ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သိမြင်လျှင် ခန္ဓာငါးပါးကို ငြီးငွေ့လာလိမ့်မည်။ ဤခန္ဓာငါးပါးကို ငြီးငွေ့ခြင်းသည် တစ်စုံတစ်ဦးအား ကိလေသာတို့၏ ငြိမ်းသွားခြင်းသို့ ဆောင်ကြဉ်းပေးမည့် လမ်း ကြောင်းဖြစ်၏။

ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သိမြင်မှုသည် မဂ်ဉာဏ်များကို ရဖို့အတွက် လုံးဝ လိုအပ်၏ဟူသော အချက်ပြရာ၌ ဤသုံးဂါထာထက်ပိုရှင်းသည့် အရာမရှိနိုင်ချေ။ အမှန်အားဖြင့် ဤသိမြင်မှုသည် မဂ်ဉာဏ်များကိုရဖို့အတွက် အခြေခံ ကျသည့် အကြိုလိုအပ်ချက်ဖြစ်၏။

ဘဒ္ဒမင်းသားတို့သည် အတ္တဝိညာဉ်ကို တွေ့ရှိရန်အားထုတ်ခဲ့ကြအံ့ ဘယ်တော့မှ မဂ်ဉာဏ်တစ်ခုခုကို ရခဲ့မည်မဟုတ်၊ သို့ရာတွင် ဝိနယ၊ မဟာဝဂ္ဂနှင့် မဟာဗုဒ္ဓဝင် ကျမ်းတို့ အလိုအရ ဘဒ္ဒမင်းသား ၃၀ အားလုံးသည် သောတာပတ္တိမဂ်မှ အနာဂါမိ မဂ် အထိသော မဂ်ဉာဏ်များကို ရရှိခဲ့ကြ၏။

## ပဥ္စမအကြောင်းပြချက်

သုတ်များစွာတို့၌ ဗုဒ္ဓသည် အတ္တနှင့်ပတ်သက်၍ အောက်ပါ အဓိကအချက်များကို ဟောပြခဲ့၏။

က။ အနုသယတို့သည် ခုနစ်ပါးရှိ၏။ ဤခုနစ်ပါးတွင် အတ္တ၌ယုံမှုကိုဖြစ်စေ သည့် ဒိဋ္ဌာနုသယခေါ် ပထမအနုသယသည် ကျန်အနုသယခြောက်ပါးတို့ အားအင် နှင့် သန်စွမ်းမှုကို ထုတ်ယူရရှိရာ ရင်းမြစ်ဖြစ်၏။ ဒိဋ္ဌာနုသယကို သောတာပတ္တိမဂ်က ပယ်သတ်ပြီးနောက်၌ ယောဂီသည် ဝိပဿနာ ဘာဝနာကို လုံးဝ ရှင်းတွတ်ထားလျှင် ဆောင်မှ ကျန်အနုသယတို့သည် သင်းသတ်ထားသည့် သစ်ပင်ကဲ့သို့ အချိန်တန်လျှင်

www.burmeseclassic.com

www.burmeseclassic.com



သဘာဝအတိုင်း သေသွားလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျန်အနုသယတို့သည် မည်သည့်အခြေအနေတွင်မှ ဘဝထက်ပို၍ အသက်မရှည်နိုင်ချေ (ရတနသုတ်)။

အဗ္ဗာ၌ ယုံမှုကိုဖြစ်ပေါ်စေသည့် ဒိဋ္ဌာနုသယသည် အနုသယအားလုံးတွင် အားအကောင်းဆုံးဖြစ်၏ဟု မှတ်သားနိုင်၏။

ခ။ ပြဟ္မာဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်ဟုတ်သူဖြစ်စေ၊ မဟုတ်သူဖြစ်စေ အဗ္ဗာ၌ယုံမှုကိုဖြစ်စေသည့် ဒိဋ္ဌာနုသယရှိသောပုဂ္ဂိုလ် (ဝါ) ပုထုဇဉ်သည် စိတ်ချ အားကင်းမှု မရှိချေ။ သူသည် အဆုံးမရှိသည့် ပဋိသန္ဓေနေမှုများတစ်လျှောက် ရှည်လျားသည့် သံသရာခရီးအတွင်း၌ အပါယ်လေးပါးတစ်ပါးပါးမှာ ထပ်ကာ ထပ်ကာ ဖြစ်ရသည့် သဘောရှိ၏။ သူသည် ပထမမဂ်အားဖြင့် ဒိဋ္ဌာနုသယကိုပယ်သတ်ပြီး နောက်၌သာလျှင် သူ့အဖို့ ဤအပါယ်လေးဘုံသို့သွားရာ တံခါးများ လုံးဝပိတ်၏။ (ရတနသုတ်)။

အဗ္ဗာ၌ ယုံမှုကိုဖြစ်ပေါ်စေသည့် ဒိဋ္ဌာနုသယသည် အနုသယအားလုံးတွင် အန္တရာယ်အများဆုံးဖြစ်၏ဟု မှတ်သားနိုင်၏။

ဂ။ ဒိဋ္ဌာနုသယကြောင့် ပဋိသန္ဓေနေရခြင်းတို့သည် အဆုံးမရှိကုန်။ ပထမမဂ်အားဖြင့် ဒိဋ္ဌာနုသယကိုပယ်သတ်ပြီးသော သတ္တဝါသည် အလွန်ဆုံးနောက်ထပ် ခုနစ်ဘဝသာရှိလိမ့်မည်။ (ရတနသုတ်)။

အဗ္ဗာ၌ ယုံမှုကိုဖြစ်ပေါ်စေသည့် ဒိဋ္ဌာနုသယသည် အဆုံးမရှိသည့် ဒုက္ခ၏ အကြောင်းရင်းဖြစ်၏ဟု မှတ်သားနိုင်၏။

ဃ။ ဒိဋ္ဌာနုသယရှိသော ပုဂ္ဂိုလ်သည် စိတ်အေးကင်းမှု မရှိချေ။ သူသည် ဂုဏ်ကြီးမြတ်သူဖြစ်ပါစေ၊ သူသည်ပိဋကတ်သုံးပုံ၌ အလွန်တတ်ကျွမ်းသည့် ရဟန်း (ဝါ) လူပုဂ္ဂိုလ်ဖြစ်ပါစေ၊ ဈာန်အချို့ကိုရရှိထားသည့် ရဟန်း (ဝါ) လူပုဂ္ဂိုလ်ပင်ဖြစ်ပါစေ သူသည် ဒိဋ္ဌာနုသယကို မပယ်သတ်ရသေးခဲ့လျှင် သူသည် အခြေအနေအရ

ပစ္စေကဗုဒ္ဓါကို သတ်နိုင်၏။

ရဟန္တာကို သတ်နိုင်၏။

မိမိ၏ ဖခင်ကို သတ်နိုင်၏။

မိမိ၏ မိခင်ကို သတ်နိုင်၏။

သတ်လိုသည့်စေတနာဖြင့် ဗုဒ္ဓအား ဒဏ်ရာရအောင်လုပ်နိုင်၏။

ရဟန်းသံဃာအတွင်း၌ ဂိုဏ်းကွဲအောင်လုပ်နိုင်၏။

(ဒေဝဒတ်နှင့် အဇာတသတ်တို့သည် ဤဖော်ပြချက်တို့၏ စံပြနမူနာများ ဖြစ်၏။ ဒေဝဒတ်သည် ဗုဒ္ဓ၏အသက်ကို လုပ်ကြံရန်အားထုတ်ခဲ့၏။ ဗုဒ္ဓ၏ ခြေမကြီးမှာ ဒဏ်ရာရခဲ့၏။ ဗုဒ္ဓကိုသတ်ခြင်းသည် မည်သည့်အခြေအနေတွင်



မဖြစ်နိုင်သည့်အရာဖြစ်သောကြောင့် ဗုဒ္ဓက မိမိကို ကာကွယ်ရန် ရောက်လာကြသည့် တပည့်များကို မိမိတို့ကျောင်းများသို့ ပြန်သွားရန် ပြောကြားလေ၏။ ဒေဝဒတ်သည် သံဃာအဖွဲ့အတွင်း ဂိုဏ်းခွဲခြင်းကို ပြုလုပ်ခဲ့၏။ အဇာတသတ်သည် မိမိ၏ဖခင်မြတ် ဗိမ္ဗိသာရမင်းကို သတ်ခဲ့၏။

ဓမ္မာဒါသပရိယာယသုတ်အရ ဒိဋ္ဌာနုသယကို ပယ်သတ်ပြီးသည့် ပုဂ္ဂိုလ်သည် မည်သည့်အခြေအနေတွင်မှ

သတ်လိမ့်မည် မဟုတ်။

ခိုးလိမ့်မည် မဟုတ်။

သူ့သားမယားကို ကျူးလွန်မည်မဟုတ်။

မုသားစကားကို ပြောလိမ့်မည်မဟုတ်။

သေရက်တို့ကို သောက်မည်မဟုတ်။

ဓမ္မာဒါသပရိယာယသုတ်က အလွန်အရေးပါသည့် အချက်တစ်ခုကိုလည်း ဖော်ပြထား၏။ ဒိဋ္ဌာနုသယပျောက်သွားလျှင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် ပတ်သက်၍ တွေဝေမှုကို ဖြစ်စေသည့် ဝိစိကိစ္ဆာနုသယလည်း ပျောက်သွား၏။

မဂ်လေးပါးတွင် တစ်ပါးပါးကိုရပြီးသော ပုဂ္ဂိုလ်ကို အရိယာဟုခေါ်၏။ ဗုဒ္ဓ ဓမ္မ သံဃ၌ အရိယာ၏ ယုံကြည်မှုသည် ကျောက်တောင်ပမာ ခိုင်မြဲလှ၏။

ဤအချက်မှပုဂ္ဂိုလ်တစ်ဦးသည် မည်မျှကောင်းမြတ်၊ သူတော်စင်ဖြစ်ပြီး မြင့်မြတ်စေကာမူ ပထမမဂ်အားဖြင့် ဒိဋ္ဌာနုသယကို မပယ်ရသေးလျှင် အခြေအနေပေးလာသော် သတ်ခြင်း၊ ခိုးခြင်း၊ သူ့သားမယားကိုကျူးလွန်ခြင်း၊ မုသားစကားပြောခြင်း၊ သေအရက်များကိုသောက်ခြင်းတို့ကို ပြုလုပ်နိုင်ပြီး ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် ပတ်သက်၍ တွေဝေနိုင်၏ဟု မှတ်ယူနိုင်၏။

အဗ္ဗာ၌ယုံမှုတို့ဖြစ်စေသည့် ဒိဋ္ဌာနုသယသည် ကိလေသာအားလုံးတွင် ယုတ်မာဆုံး ဖြစ်၏ဟု မှတ်သားနိုင်၏။

## အခြေခံအုတ်မြစ်များကို ကိုင်လှုပ်ခြင်း

ဤတရားတော်ရှိနေငြားသော်လည်း ဗုဒ္ဓသည် မင်းသားတို့အား အဗ္ဗ (ဝိညာဉ်) ရှိ ကြောင်းသည်ဆိုလျှင် ယင်းသည် ဗုဒ္ဓ၏ သာသနာကို ယင်း၏ အခြေခံအုတ်မြစ်များမှ ကာန်ပင် ကိုင်လှုပ်ခြင်း ဖြစ်သွားစေမည်။

ဒီဃနိကာယ် သီလက္ခန္ဓဝဂ်၊ ပေါဋ္ဌပါဒသုတ်၌ ဗုဒ္ဓသည် အဗ္ဗကိုပယ်ရာ၌ ပြင်းပြင်း ပြတ်သားလှ၏။ ယင်းနှင့်ပတ်သက်၍ ဗုဒ္ဓကဘာမိန့်ဆိုခဲ့သည်ကို ကြည့်ကြစို့။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ပေါဋ္ဌပါဒပရိဗိုဇ်နှင့် ဆင်ထိန်း၏သား စိတ္တတို့သည် ဗုဒ္ဓအား ဂါရဝပြုရန် ရောက်လာကြ၏။ ဗုဒ္ဓက သူတို့အား အတ္တ၏ရှေ့နေများဖြစ်သည့် ရဟန်း ပုဏ္ဏားတို့နှင့် မိမိ အပြန်အလှန်စကားပြောခဲ့ပုံကို ပြန်ပြောပြခဲ့၏။ ယင်းကား အချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်၏။

**ဗုဒ္ဓ။** ။အတ္တမှာ ထာဝရသုခရှိ၏။ ယင်းသည် မသေဟူသောအယူကို သင်တို့ ယူကြ၏ဟူသည် မှန်သလော။

**ရှေ့နေများ။** ။မှန်ပါ၏။ ကျွန်ုပ်တို့ ယူကြပါ၏။

**ဗုဒ္ဓ။** ။ဒီလိုဆိုလျှင် အတ္တမသေရာ၊ ထာဝရသုခကို ခံစားနေရာ ဘုံကို သင်တို့ နေ့ညပတ်လုံး မြင်ကြ၏လော။

**ရှေ့နေများ။** ။ကျွန်ုပ်တို့ မမြင်ပါ။

**ဗုဒ္ဓ။** ။ဒါဖြစ်လျှင် သင်တို့သည် ထိုဘုံကို တစ်ညလုံး (ဝါ) တစ်နေ့လုံးသာ (ဝါ) ညဝက်သာ (ဝါ) နေ့ဝက်သာ မြင်ကြသလော။

**ရှေ့နေများ။** ။ကျွန်ုပ်တို့ မမြင်ပါ။

**ဗုဒ္ဓ။** ။ဒါဖြင့် ထိုဘုံသို့သွားနိုင်ရာ လမ်းကို သင်တို့သိကြသလော။

**ရှေ့နေများ။** ။ကျွန်ုပ်တို့ မသိပါ။

**ဗုဒ္ဓ။** ။ဒီလိုဆိုလျှင် ရဟန်း ပုဏ္ဏားတို့၊ ထာဝရသုခရှိရာ ထိုဘုံသို့ရောက်လာဖို့ အတွက် ကောင်းစွာအားထုတ်ကြလော့။ ရဟန်းပုဏ္ဏားတို့ ယင်းအတွက် လုံ့လဖြင့် အားထုတ်ကြလော့။ ငါတို့ကိုယ်တိုင် ကောင်းစွာ လုံ့လဖြင့် အားထုတ်ခဲ့သောကြောင့် ငါတို့ ထိုဘုံသို့ရောက်ခဲ့ကြပြီ ဟူ၍ ထိုဘုံသား တမန်တော်တို့က သင်တို့အား ပြောကြားသည်ကို ကြားဖူးကြသလော။

**ရှေ့နေများ။** ။ကျွန်ုပ်တို့ မကြားဖူးပါ။

ယင်းစကားပြောခန်းကို ပြန်ပြောပြပြီးနောက် ဗုဒ္ဓက 'အတ္တ (ဝိညာဉ်)ကို ရှေ့နေလိုက်သူတို့၏ အယူများသည် အခြေခံမရှိဟု သင်တို့ မထင်ခဲ့သလော'ဟူ၍ ထိုညီသည်နှစ်ဦးအား မေးလေ၏။

ထို့နောက် ဗုဒ္ဓက ထိုညီသည်နှစ်ဦးအား အတ္တ၏ရှေ့နေတို့သည် နေပြည်တော်၏ အလှဘုရင်မကို ချစ်ကြိုက်၏ဟု ကြေညာသည့် စိတ်ကူးယဉ်ချစ်ကြိုက်သူနှင့် များစွာတူ၏ဟု ပြောကြားခဲ့၏။ မေးမြန်းကြည့်သော် ထိုစိတ်ကူးယဉ် ချစ်သူက သူမကို သူဘယ်တုန်းကမှ မသိခဲ့ဘူး၊ မမြင်ခဲ့ဘူးဟု ဝန်ခံ၏။ သူမသည် အရပ်ရှည်သလား၊ အရပ်ပုသလား၊ မရှည်မပု အလယ်အလတ် ရှိသလားဟု လည်းကောင်း အသားမည်းသလား၊ ဝါသလား၊ ညိုသလားဟု လည်းကောင်း သူ မသိခဲ့ကြောင်းကို လည်း သူ ဝန်ခံ၏။



ဗုဒ္ဓက ထိုညီသည်နှစ်ဦးအား အတ္တ၏ရှေ့နေတို့သည် အိမ်အတွက် လှေကား […]နေသည့် လက်သမားနှင့် များစွာတူ၏ဟုလည်း ပြောကြားခဲ့၏။ မေးမြန်းကြည့်[…]သော် သူက ထိုအိမ်ကို ဘယ်တုန်းကမှ မသိခဲ့ဘူး၊ မမြင်ခဲ့ဘူးဟု ဝန်ခံ၏။ ထိုအိမ်သည် […]ရှေ့ဘက်မှာ ရှိသလား၊ အနောက်ဘက်မှာ ရှိသလား၊ မြောက်ဘက်မှာ ရှိသလား၊ […]တောင်ဘက်မှာ ရှိသလားဟု လည်းကောင်း၊ မြင့်သလား၊ နိမ့်သလား၊ မနိမ့်မမြင့် […]လယ် အလတ် ရှိသလားဟုလည်းကောင်း သူ မသိခဲ့ကြောင်းကိုလည်း သူဝန်ခံ၏။

## ခြားနားချက်

[…]ဗုဒ္ဓက မိမိ၏တရားတော်တို့သည် အတ္တရှေ့နေတို့၏ တရားများမှ ခြားနားကြောင်း […]ကြားပြီးနောက် ခြားနားချက်ကိုပြသည့် ရှင်းပြချက်တရားရှည်တစ်ပုဒ်ကို ဟောကြား[…]၏။ အောက်ပါသည် ယင်းတရား၏ အချုပ်ဖြစ်၏။

ဒါန၊ သီလမှုတို့အားဖြင့် နတ်များ၊ ဘုရင်ကြီးများ၊ သမ္မတကြီးများ၊ သူဌေး[…]ကြီးများအဖြစ် ပဋိသန္ဓေနေရဖို့ရန် အားထုတ်နေသည့် ပုဂ္ဂိုလ်များရှိကြ၏။

တချို့က ရူပဈာန်တို့အားဖြင့် ရူပဗြဟ္မာများဖြစ်ရန် အားထုတ်နေကြ၏။

တချို့က အရူပဈာန်တို့အားဖြင့် အရူပဗြဟ္မာများဖြစ်ရန် အားထုတ်နေကြ၏။

နတ်များ၊ ဘုရင်များ၊ သမ္မတများ၊ သူဌေးကြီးများ၊ ရူပဗြဟ္မာများ၊ အရူပ[…]ဗြဟ္မာများသည် အပါယ်လေးပါးတစ်ပါးပါး၌ ပဋိသန္ဓေနေရခြင်းထက် ပိုကောင်း[…]ကြ၏။ သို့ရာတွင် သူတို့သည် အဆုံးမရှိသည့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း[…]တိဒုက္ခရောက်ခြင်း၊ ပူဆွေးခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ပျက်ခြင်း၊ […] မနှစ်သက်သည့် သက်ရှိသတ္တဝါ၊ သက်မဲ့အရာဝတ္ထုတို့နှင့် အတူနေရခြင်း၊ မိမိ[…]နှစ်သက်သည့် သက်ရှိသတ္တဝါ၊ သက်မဲ့အရာဝတ္ထုတို့နှင့် ကွေကွင်းရခြင်း၊ မိမိ၏ […]လိုဆန္ဒများ မပြည့်ဝခြင်း ဟူသော ဒုက္ခမှ မလွတ်မြောက်ကြကုန်။

ထို့ကြောင့် ဗုဒ္ဓက သူတို့အား နတ်များ၊ ဘုရင်များ၊ သမ္မတများ၊ သူဌေးကြီးများ[…] ရူပဗြဟ္မာများ၊ အရူပဗြဟ္မာများဖြစ်လိုသည့် မိမိတို့၏ လိုအင်ဆန္ဒများကို စွန့်လွှတ်ရန် […]ိုက်တွန်းလေ၏။ ဗုဒ္ဓကသူတို့အား မိမိကိုယ်ကို ဒုက္ခမှ လွတ်မြောက်ရန်အလို့ငှာ […]ဿနာကို အားထုတ်ဖို့ ဆုံးမလေ၏။

ဗုဒ္ဓ၏အဆုံးအမများကိုလက်ခံပြီး ဝိပဿနာဘာဝနာကို အားထုတ်ကြသူတို့သည် […]က မိမိတို့ဖုံးကွယ်နေသည့် အရာများစွာကို ရှုဆင်ခြင်၍ သိမြင်နိုင်သည့် […]ာက်အမြင်များကို ရရှိကြ၏။ ထိုသို့ရှုဆင်ခြင်၍ သိမြင်ကြသည့် အရာတို့တွင် […]ငါးပါး၏ အနိစ္စ ဒုက္ခ အနတ္တ သဘောကို ရှုဆင်ခြင်ခြင်းနှင့် သိမြင်ခြင်းတို့သည် […]ခြားဆုံး ဖြစ်၏။ ထိုကဲ့သို့သော ရှုဆင်ခြင်သိမြင်မှုတို့၏ အကျိုးရလဒ်အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူတို့၏ ခန္ဓာငါးပါးကို ငြီးငွေ့ခြင်း ဖြစ်ပေါ်လာ၏။ ဤငြီးငွေ့မှုလည်းလုံလောက်စွာ ထုထည်ကြီးလာသည့်အခါ အဆင်း၊ အနံ့၊ အရသာ၊ အတွေ့သဘောဟူသော အာရုံ ခြောက်ပါး တစ်ပါးပါး၌ အမြဲမှီတည်ဖြစ်သောသူတို့၏ (ပီတိ) စိတ်သည် ယင်း၏ ဖြစ်နေကျ အာရုံမှ ရုတ်တရက်ကင်းကွာသွားပြီး လုံးဝအသစ်ဖြစ်သည့် အာရုံတစ်ခု အပေါ်၌ တည်နေလေ၏။ ဤအာရုံကား နိဗ္ဗာန်ဖြစ်၏။ ယင်းသည် ဗုဒ္ဓတရားတော်တို့၏ ပန်းတိုင်ဖြစ်၏။ ယောဂီသည် ယင်းနိဗ္ဗာန်အာရုံကို မထင်မရှား မဟုတ်ဘဲ အလွန်ထင်ရှား သေချာစွာသိမြင်လေ၏။

နိဗ္ဗာန်ကိုတည်နေသောစိတ်ကို မဂ်စိတ်ဟုခေါ်၏။ တစ်စုံတစ်ဦးသည် ဝိပဿနာ ဘာဝနာ၏ အဆုံးသို့ရောက်သော် မဂ်လေးပါးကို ရရှိရမည်။

ပထမမဂ်သည် ဒိဋ္ဌာနုသယ (အတ္တ၌ယုံမှု)နှင့် ဝိစိကိစ္ဆာနုသယ (ယုံမှားမှု)တို့ကို ပယ်သတ်၏။

ဒုတိယမဂ်သည် ပယ်သတ်ခြင်းမပြုသော်လည်း ကျန်အနုသယများကို အားနည်းအောင် ပြု၏။

တတိယမဂ်သည် ကာမရာဂါနုသယ (ကာမဂုဏ်တို့ကိုတပ်မက်မှု)နှင့် ပဋိဃာနုသယ (ဒေါသ)ကို ပယ်သတ်၏။

စတုတ္ထမဂ်သည် ဘဝရာဂါနုသယ (မြင့်မြတ်သည့်ဘဝများကိုတပ်မက်မှု) မာနာနုသယ (မာန)နှင့် အဝိဇ္ဇာနုသယ (သစ္စာတရားကိုမသိမှု)တို့ကို ပယ်သတ်၏။

ရဟန္တာပုဂ္ဂိုလ်သည် စတုတ္ထမဂ်ကိုရပြီးနောက် ချက်ချင်းပင်

က။ မိမိသည် ကိလေသာတို့မှ လွတ်မြောက်ပြီဟုလည်းကောင်း၊
ခ။ မိမိအတွက် ပဋိသန္ဓေသည် ကုန်ဆုံးလေပြီဟုလည်းကောင်း၊
ဂ။ မိမိသည် မြင့်မြတ်သည့်ဘဝများကိုရဖို့အတွက် မြင့်မြတ်သည့်အကျင့်များ (သီလနှင့် သမာဓိ)ကို နောက်ထပ်ကျင့်သုံးသွားဖို့မလိုတော့ပြီဟုလည်းကောင်း၊
ဃ။ မိမိသည် မဂ် ဖိုလ်ကိုရရှိရန် ဝိပဿနာဘာဝနာကို နောက်ထပ်အားထုတ်ရန် မလိုတော့ပြီဟုလည်းကောင်း၊
င။ ယခုလက်ရှိ စိတ်နှင့် ရုပ်တို့၏ ဖြစ်စဉ်ကုန်ဆုံးပြီးသော် နောက်ထပ်စိတ်နှင့် ရုပ်တို့၏ ဖြစ်စဉ် ရှိတော့မည် မဟုတ်ဟုလည်းကောင်း ချက်ချင်းသိမြင်လိမ့်မည်။

ဗုဒ္ဓသည်ရှည်လျားသည့် ရှင်းပြချက်တရားကို ဟောကြားပြီးသော် ဆင်ထိန်းသား စိတ္တအား 'စိတ္တ ငါ၏ ဤတရားတော်ကို ခြေအမြစ်မရှိဟု ခေါ်မည်လော' ဟု မေးလေ၏။

'မဟုတ်ပါဘုရား၊ နည်းနည်းမျှ မဟုတ်ပါဘုရား'

ထိုအခါ စိတ္တသည် ဗုဒ္ဓထံမှ ဝိပဿနာကို သင်ယူ၍ ကြိုးမားသည့်လုံ့လဖြင့် အားထုတ်ပြီးသော် မဂ်လေးပါးကို ရရှိသွားလေ၏။



## ဖန်ဆင်းရှင်အကြောင်း

အရာအတော်များများကို အတ္တအတွက် ပေးခဲ့ပြီ။ ယခု ယင်း၏ ဖန်ဆင်းရှင်သို့ သွားကြစို့။

ယင်းသည် အလွန်အရေးပါသည့် ပြဿနာဖြစ်၏။ ဝေဒကျမ်းများ၌ ဗုဒ္ဓကို ဝမြောက် အဝတာရအဖြစ်ဖြင့် ဖော်ပြထား၏။ အဝတာရ ဟူသည် လူဝင်စား အသွင်ဖြင့် လူ့ပြည်သို့ဆင်းသက်လာသည့် နတ်မင်း ဖြစ်၏။ ဤအဆိုအရ ဗုဒ္ဓသည် ဖန်ဆင်းရှင်၌ ယုံမှု၏ ရှေ့နေမဟုတ်။ သူကိုယ်တိုင်ကပင် ဖန်ဆင်းရှင်ဝင်စားသူ ဖြစ်နေ၏။ ထို့ကြောင့် ဤပြဿနာကိုလည်း အတ္တပြဿနာကဲ့သို့ ကောင်းစွာကိုင်တွယ် ဖြေရှင်းရမည်။

အင်္ဂုတ္တရနိကာယ် မဟာဝဂ္ဂတိတ္ထာယတနသုတ်၌ ဗုဒ္ဓသည် ပုဗ္ဗေကတ ဟေတုဝါဒ ဣဿရနိမ္မာန ဟေတုဝါဒနှင့် အဟေတုကဝါဒဟူသော ဝါဒသုံးပါးကို ဖော်ပြခဲ့၏။

ဝါဒသည် အယူကို ဆိုလို၏။ အထက်ကဖော်ပြခဲ့သည့် ဝါဒ သုံးပါးတို့တွင် ဣဿရနိမ္မာန ဟေတုဝါဒသည် ဘုရားသခင်က ဖန်ဆင်းခြင်းကို အရာအားလုံး၏ အဓိကအကြောင်းရင်းအဖြစ်ဖြင့် (ဝါ) ဘုရားသခင်ကဖြစ်စေသည့် ထုတ်လုပ်မှုလုပ်မှုကို အသိအမှတ်ပြုသည့် အယူဝါဒဖြစ်၏။

ဗုဒ္ဓသည် ဝါဒ သုံးပါးလုံးကို ငြင်းပယ်ခဲ့၏။

## ဖန်ဆင်းရှင်အတွက် အဘိဓမ္မာကိုရှာဖွေခြင်း

သုတ္တန်များ၌ စိတ္တ(စိတ်)နှင့် (ရုပ်) တို့ကို တစ်စိတ်တစ်ဒေသအပေါ်ယံအားဖြင့် ရှင်းပြထား၏။ သို့ရာတွင် ယင်းတို့ကို အဘိဓမ္မာ၌ နားလည်အောင် ပြီးပြည့်စုံအောင် ရှင်းပြထား၏။ ထို့ကြောင့် ဖန်ဆင်းရှင်အတွက် အဘိဓမ္မာကို ရှာကြည့်ကြစို့။ သူ့ကို ဆင်းအဘိဓမ္မာ၌မတွေ့နိုင်လျှင် ဗုဒ္ဓ၏သာသနာတစ်ခုလုံး၌ ဘယ်နေရာမှာ ဖန်ဆင်းရှင်ကို တွေ့နိုင်မည်မဟုတ်။

## အဘိဓမ္မာ

အဘိဓမ္မာသည် ၁။ စိတ်၊ ၂။ စေတသိက်၊ ၃။ ရုပ်၊ ၄။ နိဗ္ဗာန်အကြောင်း အကျယ် ရှင်းပြသည့် ကျမ်းအဖြစ် အလွန်ထင်ရှား၏။ ဤအကြောင်းအရာ လေးပါးတို့တွင် စေတသိက်ဟူသည် စိတ်၏ယှဉ်ဘက် တရားတစ်ခုသာဖြစ်၏။ ယင်းမှာ သီးခြား တည်ရှိမှုမရှိချေ။ ယင်းသည် စိတ်ဖြစ်သောအခါ စိတ်၌သာ ဖြစ်ပေါ်နိုင်၏။ နိဗ္ဗာန် သည် စိတ်နှင့်ရုပ်တို့မှ လုံးဝ တသီးတခြားတည်ရှိသည့် အရာမဟုတ်။ အချုပ်ပြောရလျှင် နိဗ္ဗာန်ဟူသည် စိတ်နှင့် ရုပ(စိတ်နှင့်ရုပ်) တို့၏ ချုပ်ငြိမ်းခြင်းကိုဆိုလို၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မာကို နာမရူပ ပရိစ္ဆေဒကထာ ဟုလည်း ခေါ်၏။ ယင်းသည် စိတ်နှင့် ရုပ်တို့၏ လက္ခဏာအမျိုးမျိုးတို့ကို ရှင်းလင်းပြသည့် တရားတော်ကို ဆိုလို၏။

ယခု အဘိဓမ္မာသည် စိတ်နှင့်ရုပ်တို့ကို ဖန်ဆင်းရှင်က ပြုလုပ်ထားသည့်အရာ ဟုတ် မဟုတ် ကြည့်ကြစို့။

## အခြေခံဓာတ် ၆ ပါး

စိတ်နှင့်ရုပ်ကို အဆုံးစွန် ခွဲစိတ်ပြရာ၌ အခြေခံဓာတ် ခြောက်ပါးသာရှိလိမ့်မည်။ အဘိဓမ္မာ ပိဋကတ်ဝိဘင်းကျမ်း သုတ္တန္တဘာဇနိယ၊ ဓာတုဝိဘင်းအခန်း၌ ဗုဒ္ဓသည် အခြေခံဓာတ် ခြောက်ပါးတို့ကို အောက်ပါအတိုင်း ရေတွက်ပြထား၏။

၁။ ပထဝီဓာတ်

၂။ အာပေါဓာတ်

၃။ တေဇောဓာတ်

၄။ ဝါယောဓာတ်

၅။ အာကာသဓာတ်

၆။ ဝိညာဏဓာတ် တို့ ဖြစ်၏။

သို့ဖြစ်လျှင် ဓာတ်ဟူသည် အဘယ်နည်း။

ဓာတုပုဒ်၏ ထင်ရှားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ခုရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်းဖြစ်၏။

က။ နိဿတ္တ နိဇ္ဇီဝဋ္ဌေန ဓာတု (ဓာတ်ဟူသည် သတ္တမဟုတ် ဇီဝ မဟုတ်)။

### ဓာတ်ဟူသည် သတ္တမဟုတ်

ဓာတ်ဟူသည် သတ္တာကာရနှင့် သတ္တကိစ္စမှ လုံးဝကင်း၏။ သတ္တာကာရဟူသည် သတ္တဝါ၏ ဂုဏ်များနှင့် နည်းလမ်းများ၊ ထုံးနိသျှည်းများကို ဆိုလို၏။ သတ္တကိစ္စ ဟူသည် သတ္တဝါတစ်ဦး၏ကိစ္စများ၊ လုပ်ဆောင်ချက်များ၊ တာဝန်များကိုဆိုလို၏။ သို့ဖြစ်လျှင် သတ္တဟူသည် အဘယ်နည်း။ သတ္တများကို အများအားဖြင့် သတ္တဝါဟု ဘာသာပြန်ရာတွင် လက်ရှိစကားစပ်၌ သတ္တ (ဝါ) ဝိညာဉ်ကိုဆိုလို၏။

### ဓာတ်ဟူသည် ဇီဝမဟုတ်

ဇီဝ ဟူသည် အသက်ကိုဆိုလို၏။ သို့ရာတွင် ဤစကားစပ်၌ ဇီဝဟူသည် အရှားလည်နေသကဲ့သို့အသက်ကိုမဆိုလို။ ယင်းသည် ဝိညာဉ်၏ထာဝရဘာဝကိုဆိုလို၏။

ခ။ အတ္တနော ဧဝ သဘာဝံ ဓာရေတီတိ ဓာတု (သဘာဝနိယာမများနှင့်အညီ ပြုမူသော သဘာဝစွမ်းအားဖြစ်သောကြောင့် ဓာတု–ဓာတ်ဟု ခေါ်၏)။



## အခြေခံဓာတ် ၆ ပါးတို့၏ အဓိပ္ပာယ်များ

၁။ ကက္ခဠ (မာကျောမှု)၏ ဂုဏ်နှင့်ပြည့်စုံသော သဘာဝစွမ်းအားဖြစ်သောကြောင့် ပထဝီဓာတ်ဟု ခေါ်၏။

၂။ အာဗန္ဓန (ဖွဲ့စည်းမှု)၏ ဂုဏ်နှင့်ပြည့်စုံသော သဘာဝစွမ်းအားဖြစ်သောကြောင့် အာပေါဓာတ်ဟု ခေါ်၏။ ယင်းမှာ ပဂ္ဃရဏ (ယိုစီးမှု) ဂုဏ်လည်းပါရှိ၏။

၃။ ဝိတ္ထမ္ဘန (အရာဝတ္ထုကိုကျသွားခြင်းမှတားမြစ်သော ထောက်ကန်မှု) ဂုဏ်နှင့် ပြည့်စုံသော သဘာဝစွမ်းအားဖြစ်သောကြောင့် ဝါယောဓာတ်ဟု ခေါ်၏။ ယင်းမှာ သမီရဏ (လှုပ်ရှားမှု) ဂုဏ်လည်းပါရှိ၏။

၄။ ဥဏှ (အပူ)နှင့် သီတ (အအေး) ဂုဏ်နှင့်ပြည့်စုံသော သဘာဝစွမ်းအားဖြစ်သောကြောင့် တေဇောဓာတ်ဟု ခေါ်၏။

၅။ ပရိစ္ဆေဒ (နယ်ပယ်ကိုသတ်မှတ်မှု) ဂုဏ်နှင့်ပြည့်စုံသော သဘာဝစွမ်းအားဖြစ်သောကြောင့် အာကာသဓာတ်ဟု ခေါ်၏။

၆။ ဝိဇာနန (အခြားသော သိခြင်းပုံစံတို့မှ ကွဲပြားသည့်သိမှုမျိုး၊ ယင်းသည် သိခြင်းမျှကိုသာ ဆိုလို၏) ဂုဏ်နှင့်ပြည့်စုံသော သဘာဝစွမ်းအားဖြစ်သောကြောင့် ဝိညာဏဓာတ်ဟု ခေါ်၏။

ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဓာတ်တို့ကား အချင်းချင်းမှ ခွဲမရအောင် ဤ ...ရမှုကြောင့် အရာဝတ္ထုကလေးများကို အမြဲမပြတ် ပုံသွင်းပြုလုပ်နေ၏။ ယင်းတို့ကား သေးငယ်လှ၏။ ယင်းတို့ကို မျက်စိဖြင့် မမြင်နိုင်။ သေးငယ်လှသည့် အရာဝတ္ထုကို ...ရမာဟု ခေါ်၏။ ယင်းသည် ရုပ်ဝတ္ထု၏ အသေးငယ်ဆုံးအပိုင်းဖြစ်၏။ ယင်းသည် ...စ်ပေါ်ပြီးနောက် ချက်ချင်းသေပျောက်၏။ နေ၊ ကြယ်၊ တာရာ၊ လ၊ မြေကြီး၊ တော၊ သမုဒ္ဒရာ၊ တောင်၊ သတ္တဝါတို့၏ ကိုယ်ခန္ဓာများ စသည်သို့သော ဝတ္ထုရုပ် အားလုံးသည် ဤ(မရေတွက်နိုင်သည့်) ပရမာဏုမြူမှုန်ကလေးများ စုဖွဲ့နေခြင်းတို့သာ ဖြစ်၏။ အာကာသဓာတ်ဟူသော ပဉ္စမဓာတ်ကြောင့် ဝတ္ထုရုပ်အားလုံးရှိ မြူမှုန်ကလေးတို့သည် အချင်းချင်း မထိဘဲ တည်ရှိနေခြင်းဖြစ်၏။

ဝိညာဏဓာတ်ဟူသည် အများအားဖြင့် နားလည်ထားသည့် စိတ်မျိုးကိုမဟုတ်။ ယင်းသည် စိတ်၏ဖြစ်မှု ခဏကလေးသာဖြစ်၏။

ဗုဒ္ဓသည် အဘိဓမ္မာပိဋကတ်၊ အဘိဓမ္မာဘာဇနိယ၊ ဓာတုဝိဘင်းထဲ၌ ဓာတ် ...မျိုး အစုခြောက်စုံအားဖြင့် ဓာတ် ၁၈ ပါးကို ရေတွက်ပြသည့်အခါ ပိုမိုင်တိကျ... ...ာ အောက်ပါအတိုင်း မိန့်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



က။ ၁။ စက္ခု (မျက်စိ)
၂။ ရူပ–မျက်စိ၌ကျရောက်သည့် (အဆင်း)
၃။ စက္ခုဝိညာဏ်–မျက်စိနှင့် အဆင်းတို့ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်သော (မျက်စိထဲရှိသိမှု) တို့သည် ဓာတ်များဖြစ်၏။

ခ။ ၄။ သောတ (နား)
၅။ သဒ္ဒ–နား၌ကျရောက်သည့် (အသံ)
၆။ သောတဝိညာဏ်–နားနှင့် အသံတို့တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်သော (နားထဲရှိသိမှု) တို့သည် ဓာတ်များဖြစ်၏။

ဂ။ ၇။ ဃာန (နှာခေါင်း)
၈။ ဂန္ဓ–နှာခေါင်း၌ကျရောက်သည့် (အနံ့)
၉။ ဃာနဝိညာဏ်–နှာခေါင်းနှင့် အနံ့တို့တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်သော (နှာခေါင်းထဲရှိ သိမှု) တို့သည် ဓာတ်များဖြစ်၏။

ဃ။ ၁၀။ ဇိဝှာ (လျှာ)
၁၁။ ရသ–လျှာ၌ကျရောက်သည့် (အရသာ)
၁၂။ ဇိဝှာဝိညာဏ်–လျှာနှင့် အရသာတို့ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်သော (လျှာထဲရှိသိမှု) တို့သည် ဓာတ်များဖြစ်၏။

င။ ၁၃။ ကာယ (ကိုယ်)
၁၄။ ဖောဋ္ဌဗ္ဗ–ကိုယ်၌ကျရောက်သည့် (ထိမှုယ်ဝတ္ထု)
၁၅။ ကာယဝိညာဏ်–ကိုယ်နှင့်ထိမှုယ်ဝတ္ထုတို့ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်သော (ကိုယ်ထဲရှိသိမှု) တို့သည် ဓာတ်များဖြစ်၏။

စ။ ၁၆။ မနော (စိတ်)
၁၇။ ဓမ္မ–စိတ်၌ကျရောက်သည့် (သဘော)
၁၈။ မနောဝိညာဏ်–စိတ်နှင့် သဘောတို့ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်သော (စိတ်ထဲရှိသိမှု) တို့သည် ဓာတ်များဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ

အဘိဓမ္မ ပိဋကဝိဘင်းကျမ်းလာ ပဋိစ္စသမုပ္ပါဒ်ဟူသည် အကြောင်းနှင့် အကျိုးဖြစ်တရားတော်ဖြစ်၏။ ယင်းသည် စိတ်နှင့် ရုပ်တို့၏ ဖြစ်စဉ်များကို မည်သို့ဖြစ်ပေါ်စေကြောင်းနှင့် ယင်းတို့ မည်သို့အဆုံးသတ်ကြကြောင်းကို ပြပေ၏။ ယင်းသည် အမှန်တရား (သစ္စာ) မသိမှုကိုဆိုလို၏။ တစ်စုံတစ်ဦးမှာ အနုသယခုနစ်ပါးရှိနေသမျှ မသိမှုသည် ဆက်လက်တည်ရှိနေ၏။



## အဆုံးမရှိသည့် ပဋိသန္ဓေနေမှုများ

၁။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပေါ်၏။ သင်္ခါရသည် ကံကိုဆိုလို၏။

ယင်းကံကို လေးမျိုး ခွဲထား၏။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်၏။

က။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့၌ သတ္တဝါများအဖြစ် ပဋိသန္ဓေတို့ကို ဖြစ်စေနိုင်သည့် မကောင်းသောကိုယ်မှု၊ မကောင်းသောစကား၊ မကောင်းသောအကြံအစည်များ၊ ပြိတ္တာနှင့် အသူရကာယ်တို့သည် အလွန်ဆင်းရဲကြသည့် သတ္တဝါများဖြစ်၏။

အောက်ပါတို့သည် မကောင်းသော ကိုယ်မှု၌ ပါဝင်ကြ၏။

သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ သေအရက်သောက်ခြင်း၊ မမှန်သောနည်းတို့ဖြင့် မိမိ၏ကာမဆန္ဒများကို ကျေနပ်အောင်ပြုခြင်း။

အောက်ပါတို့သည် မကောင်းသော စကား၌ ပါဝင်ကြ၏။

မုသားပြောခြင်း၊ တစ်ဦးကိုတစ်ဦး ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းဆဲရေးသည့်စကားများကိုသုံးခြင်း၊ အကျိုးမရှိသည့်စကားများကို ပြောဆိုခြင်း။

အောက်ပါတို့သည် မကောင်းသော အကြံအစည်၌ ပါဝင်ကြ၏။

အလိုကြီးခြင်း၊ သူတစ်ပါးအားပျက်စီးစေလိုသည့် စိတ်၊ ကြောင်းကျိုးဆက်ဖြစ် တရားသဘောတို့ကိုပယ်သော အယူတို့၌ယုံခြင်း၊ ဥပမာ– သတ်ဖြတ်ခြင်းကဲ့သို့သော မကောင်းသောအကြောင်းသည် ငရဲ၌ သတ္တဝါအဖြစ် ပဋိသန္ဓေနေရခြင်းကဲ့သို့သော မကောင်းကျိုးကို ရစေလိမ့်မည်။ သတ်ဖြတ်ခြင်းမှ ရှောင်ခြင်းကဲ့သို့သော ကောင်းသောအကြောင်းသည် နတ်အဖြစ် ပဋိသန္ဓေနေခြင်းကဲ့သို့သော ကောင်းကျိုးကို ရစေလိမ့်မည်။

ခ။ လူများ၊ နတ်များအဖြစ် ပဋိသန္ဓေများကို ဖြစ်စေသော ကောင်းသောကိုယ်မှု၊ ကောင်းသောစကား၊ ကောင်းသောအကြံအစည်များ

အောက်ပါတို့သည် ကောင်းသော ကိုယ်မှု၌ ပါဝင်ကြ၏။

သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ မမှန်သောနည်းတို့ဖြင့် မိမိ၏ ကာမဆန္ဒများကို ကျေနပ်အောင်ပြုခြင်းမှ ရှောင်ခြင်း။

အောက်ပါတို့သည် ကောင်းသော စကား၌ ပါဝင်ကြ၏။

မုသားပြောခြင်းမှရှောင်ခြင်း၊ တစ်ဦးကိုတစ်ဦး ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းဆဲရေးသည့်စကားများတို့ကို သုံးစွဲခြင်းမှရှောင်ခြင်း၊ အကျိုးမရှိသည့်စကားများကို ပြောဆိုခြင်းမှရှောင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါတို့သည် ကောင်းသော အကြံအစည်၌ ပါဝင်ကြ၏။

အလိုကြီးခြင်းကင်းသော အကြံအစည်များ၊ သူတစ်ပါးအားပျက်စီးစေလိုသည့်စိတ် ကင်းသောအကြံအစည်များ၊ မှားသောအယူတို့၌ ယုံခြင်းကင်းသော အကြံအစည်များ။

ဂ။ တစ်စုံတစ်ဦးသည် ရူပဗြဟ္မာများ (စိတ်နှင့်ရုပ်ခန္ဓာ)ရှိသော ဗြဟ္မာများအဖြစ် ပဋိသန္ဓေများကို ဖြစ်စေနိုင်သည့် ရူပဈာန်တို့ကို ရသည့်တိုင်အောင် မိမိ၏စိတ်ကို ရုပ်အာရုံ၌ စူးစိုက်ရှုရန် လုံ့လကြီးစွာဖြင့် အားထုတ်ခြင်း။

ဃ။ တစ်စုံတစ်ဦးသည် အရူပဗြဟ္မာများ (စိတ်သာရှိ၍ ရုပ်ခန္ဓာမရှိသည့် ဗြဟ္မာများ) အဖြစ် ပဋိသန္ဓေများကိုဖြစ်စေနိုင်သည့် အရူပဈာန်များကို ရသည့်တိုင်အောင် ရုပ်တွေ့မဟုတ်သည့် အာရုံ၌ မိမိ၏စိတ်ကိုစူးစိုက်ရှုရန် လုံ့လကြီးစွာဖြင့် အားထုတ်ခြင်း။ ကျမ်းစာများအလိုအရ သင်္ခါရကို သုံးမျိုးသာခွဲထား၏။ ခ နှင့် ဂ ကို တစ်မျိုးတည်းပေါင်းထား၏။ သို့ရာတွင် အောက်ပါရှင်းလင်းချက်ကို စာရှုသူတို့အား ကောင်းစွာနားလည်နိုင်စေရန်အလို့ငှာ ခ နှင့် ဂ ကို တခြားစီ ခွဲထား၏။

က၊ ခ၊ ဂ၊ ဃ တို့သည် သင်္ခါရ၌ ပါဝင်ကြ၏။

၂။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပေါ်၏။

ဝိညာဏ်ဟူသည် စိတ်ကိုဆိုလို၏။ လူများစွာတို့ ပဋိသန္ဓေနေသည်မှ သေသည်အထိ စိတ်တစ်ခုတည်းရှိ၏ဟု ထင်ကြ၏။ ဗုဒ္ဓဘာသာအလိုအရ စိတ်သည် မီးပွားပမာ အစအနကလေးသာဖြစ်၏။ အစအနကလေးတစ်ခုကို စိတ်ဟုခေါ်၏။ ပဋိသန္ဓေနေသည်မှ သေသည်အထိ ထိုကဲ့သို့သော စိတ်ကလေးများ မရေတွက်နိုင်အောင်များလှ၏။ ဘဝတစ်ခု၏ ပထမစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်၏။ ဘဝတစ်ခု၏နောက်ဆုံးစိတ်ကို စုတိစိတ်ဟု ခေါ်၏။

စိတ်တစ်ခုသည် ဖြစ်ပေါ်ပြီးပြီးချင်း သေပျောက်လိမ့်မည်။ သို့ရာတွင် ယင်းသည် မသေပျောက်မီမှာ နောက်စိတ်၏ဖြစ်ပေါ်ခြင်းကို ဖန်တီးပေးလိမ့်မည်။ စိတ်သည် အနန္တရသတ္တိဟုခေါ်သော အရာမျိုးရှိသောကြောင့် ယင်းသို့ ပြုလုပ်နိုင်ခြင်းဖြစ်၏။ သတ္တိဟူသည် စွမ်းအားကို ဆိုလို၏။ ထို့ကြောင့် ယင်းသည် ရှေ့စိတ်တို့အား နောက်စိတ်များ ဖြစ်ပေါ်ခြင်းကို ဖန်တီးပေးနိုင်သည့် အစွမ်းသတ္တိမျိုးဖြစ်၏။

သင်္ခါရသည် ဤအနန္တရသတ္တိဟူသော အစွမ်းသတ္တိ၏ အကူအညီဖြင့်မရေတွက်နိုင်သည့် စိတ်၏ဖြစ်စဉ်ကို ဖြစ်ပေါ်စေ၏။

၃။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပေါ်၏။

နာမ်ရုပ်ဟူသည် စိတ်နှင့် ရုပ်တို့၏ ဖြစ်စဉ်များကို ဆိုလို၏။ သဘာဝနိယာမနည်းအညီ ရုပ်တစ်စုံသည် စိတ်ဖြစ်ပေါ်သည့်အခါတိုင်း သုံးကြိမ်ဖြစ်၏။ ထိုအစု၌ မည်သည့်



ရုပ်မျိုးများ ပါရှိသနည်း။ ထိုရုပ်အစု၌ ရုပ်လေးမျိုးပါရှိ၏၊ ယင်းတို့ကား ၁။ ကမ္မဇရုပ် ၂။ စိတ္တဇရုပ် ၃။ ဥတုဇရုပ် ၄။ အာဟာရဇရုပ်တို့ ဖြစ်၏။ ကမ္မဇရုပ်ဟူသည် တစ်စုံတစ်ဦး၏ ကံက ဖြစ်စေအပ်သည့်ရုပ် ဖြစ်၏။ စိတ္တဇရုပ်ဟူသည် မိမိစိတ်က ဖြစ်ပေါ်စေအပ်သည့် ရုပ်ဖြစ်၏။ ဥတုဇရုပ်ဟူသည် ရုပ်တစ်ခု၏ အသေးငယ်ဆုံး အစိတ်အပိုင်းဖြစ်သော ပရမာဏုမြူထဲပါ အဓိကလေးမျိုးထဲက တစ်ခုဖြစ်သည့် တေဇောဓာတ်က ဖြစ်စေအပ်သော ရုပ်ဖြစ်၏။ အာဟာရရုပ်သည် မိမိက (ဝါ) သန္တေသားအရာ၌ မိမိ၏ ခင်ကစားသုံးသည့် အစာကဖြစ်စေအပ်သော ရုပ်ဖြစ်၏။ ဤနည်းဖြင့် နာမ်နှင့် ရုပ်တို့၏ အပြိုင်ဖြစ်စဉ်တို့သည် အဆုံးမရှိ ဆက်လက်ဖြစ်ကြ၏။

၄။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏။

(သဠာယတနဟူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်'ဟူသော အာယတန ခြောက်ပါးကို ဆိုလို၏။

၅။ သဠာယတနကြောင့် ဖဿဖြစ်၏။

(ဖဿဟူသည် အာယတန ခြောက်ပါးနှင့် ယင်းတို့ဆိုင်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိဖွယ်သဘောဟူသော အာရုံခြောက်ပါးတို့ တွေ့ဆုံခြင်း ဖြစ်၏။

၆။ ဖဿကြောင့် ဝေဒနာဖြစ်၏။

(ဝေဒနာဟူသည် ခံစားမှုကိုဆိုလို၏။)

၇။ ဝေဒနာကြောင့် တဏှာဖြစ်၏။

(တဏှာဟူသည် ကာမဂုဏ်များ (ဝါ) သဘောများ (ဝါ) အယူများ (ဝါ) မြင့်မြတ်သည့်ဘဝများကို အမြဲမပြတ်ဆာလောင်မွတ်သိပ်ခြင်းကို ဆိုလို၏။

၈။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။

(ဥပါဒါန်ဟူသည် ကာမဂုဏ်များ (ဝါ) သဘောများ (ဝါ) အယူများ (ဝါ) မြင့်မြတ်သည့်ဘဝများကို တပ်မက်စွဲလမ်းခြင်းကို ဆိုလို၏။)

၉။ ဥပါဒါန်ကြောင့် ဘဝဖြစ်၏။

(ဘဝဟူသည် ပဋိသန္ဓေအတွက် ကံကိုဆိုလို၏။ တစ်စုံတစ်ဦးသည် တစ်နာရီအတွင်းမှာပင် ကိုယ်မှု၊ နှုတ်မှု အကြံအစည်များအားဖြင့် မိမိ၏ပဋိသန္ဓေကိုဖြစ်စေသည့် အထောင်မကသောကံတို့ကို ဆည်းပူးနိုင်၏။ တစ်ဘဝအတွင်း၌ တစ်စုံတစ်ဦးသည် ကံပေါင်းမည်မျှ ဆည်းပူးမည်ကို ဖော်ပြခြင်းထက် စဉ်းစားကြည့်ခြင်းက ကောင်း၏။ ဤစုဆောင်းထားသည့် ထိုကဲ့သို့ကံများ၏ အစုအပုံကြီးထဲ၌ မိမိ၏ နောက် ပဋိသန္ဓေကိုဖြစ်နိုင်မည့် ကံက ယင်း၏အခွင့်ကို မည်သို့ရရှိသနည်း။ ကံတို့သည် အောက်ပါအစဉ်အတိုင်း ပဋိသန္ဓေတို့ကိုဖြစ်စေရန် မိမိတို့၏အခွင့်ကို ရကြ၏။)

www.burmeseclassic.com

www.burmeseclassic.com



၁။ ဂရုကံ

၂။ အာသန္နကံ

၃။ အာစိဏ္ဏကံ

၄။ ကဋတ္တာကံ

၅။ ဂရုကံ

ဂရုကံဟူသည် အားကောင်းကြီးလေးသောကံကို ဆိုလို၏။ ဖခင် မိခင် ရဟန္တာတို့ကို သတ်ခြင်းသည် ဂရုကံမည်၏။ ဗုဒ္ဓအားသေစေလိုသည့်စေတနာဖြင့် ဒဏ်ရာရအောင်ပြုခြင်း၊ ရဟန်းသံဃာအတွင်း ဂိုဏ်းကွဲအောင်ပြုခြင်းတို့လည်း ဂရုကံများဖြစ်၏။ ဤသည်တို့သည်မကောင်းသည့် ဂရုကံများ ဖြစ်၏။

ဈာန်များအတွက် သမထဘာဝနာကို အားထုတ်ခြင်းနှင့် သေသည့်အထိ ဈာန်များကို ထိန်းထားခြင်းတို့သည် ကောင်းသောဂရုကံများဖြစ်၏။

ဤဂရုကံတို့သည် ပဋိသန္ဓေကိုဖြစ်စေရာ၌ ကျန်ကံသုံးမျိုးထက်ပို၍ အရေးပါကြ၏။

၃။ အာသန္နကံနှင့်

၄။ အာစိဏ္ဏကံ

အာသန္နကံဟူသည် သေခါနီး၌ဖြစ်ပေါ်သည့် ကိုယ်မှု၊ နှုတ်မှု အကြံအစည်များကို ဆိုလို၏။ အာစိဏ္ဏကံဟူသည် တစ်စုံတစ်ဦး အချိန်မှန်မှန်ပြုလုပ်သော ကိုယ်မှု နှုတ်မှု အကြံအစည်များကို ဆိုလို၏။ အာစိဏ္ဏကံသည် အာသန္နကံထက် ပိုအားကောင်း၏။ သို့ရာတွင် အာသန္နကံသည် သေခါနီး၌ဖြစ်သောကြောင့် ပဋိသန္ဓေများကိုဖြစ်စေရာ၌ အာစိဏ္ဏကံထက် ပိုအရေးပါ၏။ ဥပမာ– အားကောင်းသည့် နွားထီးများ ပြည့်နေသည့် နွားခြံ၌ အိုမင်းမစွမ်းဖြစ်သော နွားထီးတစ်ကောင်ရှိ၏။ သာမန်အား အားကောင်းသည့် နွားထီးတို့သည် သူ့ကို အလွယ်တကူပင် တွန်းပစ်သွားနိုင်၏။ သို့ရာတွင် ထိုနွားအိုသည် တံခါးအနီးမှာရှိသောကြောင့် အခြားနွားထီးများက သူ့အား တွန်းပစ်သွားခွင့်မရကြချေ။ တံခါးဖွင့်ဖွင့်ချင်း အိုမင်းမစွမ်းနွားအိုက ပထမ ထွက်သွား၏။

ဥပမာ– ညှဉ်းပန်းနှိပ်စက်တတ်၊ ခိုးတတ်၊ စားပြတိုက်တတ်၊ (မိခင်၊ ဖခင်၊ ရဟန္တာမှတစ်ပါးသော ပုဂ္ဂိုလ်များကို) သတ်ဖြတ်တတ်သောလူဆိုးစားပြမှာ အာသန္နကံ များရှိ၏။ သူသည် မိခင်၊ ဖခင်၊ ရဟန္တာတို့ကို သတ်ဖြတ်လျှင် ယင်းသတ်ဖြတ်မှုသည် ဂရုကံဖြစ်လိမ့်မည်။ သို့ရာတွင် မသေမီအချိန်အနည်းငယ်မှာ သူသည် မိမိ ငွေကြေးအားလုံးကို မိမိ၏မိခင်အားပေးဝေ၍ ပီတိဖြင့်ပြုံးရွှင်နေသည့် မိခင်ကိုမြင် သူလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ဤကား အာသန္နကံဖြစ်၏။ ဤ အာသန္နကံ



၏ အာစိဏ္ဏကံထက် ပို၍ အရေးပါပြီး နတ် (ဝါ) လူသားအဖြစ် မိမိ၏ပဋိသန္ဓေကို ဖြစ်စေလိမ့်မည်။ သို့ရာတွင် အာသန္နကံသည် မိမိ၏ပဋိသန္ဓေ အတွက်သာကောင်း၏။ မိမိ၏ အာစိဏ္ဏကံသည် မိမိ၏ဘဝတစ်လျှောက်လုံး မိမိနောက် လိုက်၍ မိမိအား မကောင်းသည့် အရာများစွာကို ဖြစ်စေလိမ့်မည်။ ဥပမာ သူသည် နတ်အဖြစ် ဖွားမြင်၏ ဟု ဆိုကြပါစို့။ သူသည် မိမိ၏ အာစိဏ္ဏကံကြောင့် နွမ်းပါး၊ စက်ဆုပ်ဖွယ်၊ မပျော်ရွှင်၊ ဥစ္စာမရှိ၊ အသက်တိုသည့် နတ်ဖြစ်လိမ့်မည်။

ကောင်းသည့် ဥပမာကို ယူကြပါစို့။ သူတစ်ပါးအကျိုးဆောင်တတ်သော ပုဂ္ဂိုလ်သည် မိမိ၏ ဥစ္စာဓနများစွာကို ပေးလှူခြင်းတို့၌ သုံးစွဲခဲ့၏။ သူသည် မသေမီ အချိန် အလေးမှာ မိမိ၏သမီး ကားမောင်းသမားနှင့် ထွက်ပြေးသွားသည်ကို ရုတ်တရက် အမှတ်ရ၏။ သူမအကြောင်း စဉ်းစားမိမှုသည် သူ့အား အလွန်စိတ်ဆိုးစေ၏။ ဤ အာသန္နကံသည် သူ့အား ခွေးအဖြစ်ပဋိသန္ဓေနေခြင်းကို ဖြစ်စေလိမ့်မည်။ သို့ရာတွင် သူ၏ အာစိဏ္ဏကံသည် သူ့အား မိမိကို အလွန်ကြင်နာသည့် သူဌေးကြီး၏ အယုအယ ခံရသည့် ခွေးတစ်ကောင်ဖြစ်လာစေလိမ့်မည်။ ထိုခွေးသည် သူဌေးကြီး၏ မိသားစုနှင့် အလွန်အကျွမ်းတဝင် ဖြစ်လိမ့်မည်။

သို့ရာတွင် တစ်စုံတစ်ဦးသည် အာသန္နကံ မရှိခဲ့လျှင် မိမိ၏ အာစိဏ္ဏကံထဲမှ အားအကောင်းဆုံးကံက မိမိ၏နောက် ပဋိသန္ဓေကိုဖြစ်စေလိမ့်မည်။

၅။ ကဋတ္တာကံ

တစ်စုံတစ်ဦးသည် မိမိ၏ဘဝအတွင်းမှာ သဘာဝအားဖြင့်ပင် ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံတစ်ခုခုအဖြစ် မရေတွက်နိုင်သော အမှုများစွာကိုပြု၊ စကားများစွာကိုပြော၊ အကြံအစည်များစွာကို ကြံစည်လိမ့်မည်။ ဤကံတို့သည် ကဋတ္တာကံများ ဖြစ်၏။ ယင်းတို့သည် အလွန် အရေးမပါ၊ ပေါ့သောကံများဖြစ်၏။

ထို့အပြင် အပရာပရိယဝေဒနီယကံများဟု ခေါ်သောကံတို့သည် ရှိကြ၏။ ဤကံတို့သည် မိမိ၏ရှေးဘဝများတစ်လျှောက် တစ်စုံတစ်ဦး ဆည်းပူးခဲ့သည့်ကံများ ဖြစ်၏။ ယင်းကံတို့မှ တချို့သည် အကျိုးပေးခဲ့ပြီ။ ယင်းကံတို့မှ များစွာက အကျိုး ပေးဘဲ တည်ရှိကြ၏။ ဤအပရာ ပရိယဝေဒနီယကံတို့ကိုလည်း ကဋတ္တာကံများ အဖြစ် ထည့်သွင်းရေတွက်နိုင်၏။

ဤကံလေးမျိုးကို ဘဝဟု ခေါ်၏။ ၃၁ ဘုံတွင် တစ်ဘုံဘုံ၌ ပဋိသန္ဓေများကို ဖြစ်စေနိုင်သည့် ကံများဖြစ်သောကြောင့် ယင်းသို့ ဘဝဟု ခေါ်ခြင်းဖြစ်၏။ အပါယ် လေးဘုံ၊ လူ့ဘုံ နတ်ပြည်ခြောက်ထပ်၌ ပဋိသန္ဓေများကိုဖြစ်စေနိုင်သည့် ကံတို့ကို ကာမဘဝဟု ခေါ်၏။ ဤ ၁၁ ဘုံရှိ သတ္တဝါတို့သည် ဤဘုံတို့၌ အလွန်ပေါ်ရှိကြသည့် ကာမဂုဏ်တို့ကို အများအားဖြင့် လိုက်စားကြသောကြောင့် ယင်းသို့ ကာမဘဝဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခြင်းဖြစ်၏။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်ဘုံတို့၌ ပဋိသန္ဓေများ
ဖြစ်စေနိုင်သည့် ကံတို့ကို ရူပဘဝဟု ခေါ်၏။ ဤ ၁၆ ဘုံရှိ ဗြဟ္မာတို့မှာ စိတ္တ (စိတ်)
နှင့် ရူပ (ရုပ်ခန္ဓာ)များရှိသောကြောင့် ယင်းတို့ကို ရူပ ဗြဟ္မာဟု ခေါ်ခြင်းဖြစ်၏။
အရူပဈာန် လေးဘုံ၌ ပဋိသန္ဓေများကိုဖြစ်စေနိုင်သည့် ကံတို့ကို အရူပဘဝဟု ခေါ်၏။
ဤဘုံများရှိဗြဟ္မာတို့မှာ စိတ်သာရှိပြီး ရုပ်ခန္ဓာ မရှိသောကြောင့် ယင်းတို့ကို အရူ
ဗြဟ္မာဟု ခေါ်ခြင်းဖြစ်၏။ (ဘုံတို့ဟူသည် ဗြဟ္မာများ၊ နတ်များ၊ လူသားများ၊ အပါယ်
သတ္တဝါလေးမျိုးတို့ နေထိုင်ရာဘုံများဖြစ်၏။ ဈာန်တို့ဟူသည် ကမ္မဋ္ဌာန်းအားထုတ်
ခြင်းဖြင့် တစ်စုံတစ်ဦးရရှိသည့် အလွန်ထူးခြားသော စိတ်တည်ကြည်ခြင်းများဖြစ်၏။
ဤအချက်တို့ကို မဂ္ဂင်လမ်းအတွဲ၌ ပြည့်စုံစွာ ရှင်းပြလိမ့်မည်။

၁၀။ ဘဝကြောင့် ဇာတိဖြစ်၏။

(ဇာတိသည် ပဋိသန္ဓေနေခြင်းကို ဆိုလို၏။)

၁၁။ ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ
စိတ်ဆင်းရဲ၊ စိတ်ပျက်ခြင်းတို့ ဖြစ်ကြ၏။

## ပဋိသန္ဓေကုန်ဆုံးခြင်း

အနုသယခုနစ်ပါးတွင် အားအကောင်းဆုံးဖြစ်သော အဝိဇ္ဇာကို မဂ်ဉာဏ်တို့ဖြ
ပယ်သတ်နိုင်၏။ တစ်စုံတစ်ဦးသည် အင်္ဂါရှစ်ပါးရှိ အရိယမဂ္ဂင်လမ်းအတိုင်း သွားလျှင်
မဂ်ဉာဏ်များကို ရနိုင်၏။ တစ်စုံတစ်ဦးသည် မယိမ်းယိုင်သည့်သဒ္ဓါ၊ မလျှော့သော
ဇွဲလုံ့လဖြင့် သီလကိုစောင့်၊ သမာဓိကို အားထုတ်၊ ပညာကိုပွားများလျှင် သူသည်
မဂ္ဂင်လမ်းအတိုင်း သွားနေသည်ဟု ဆိုအပ်၏။ (သီလ၊ သမာဓိ၊ ပညာတို့ကို မဂ္ဂင်လမ်း
အတွဲ၌ ပြည့်စုံစွာ ရှင်းပြလိမ့်မည်။)

ပထမမဂ်ဖြစ်သည့် သောတာပတ္တိမဂ်သည် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ
တို့ကို ပယ်သတ်လိမ့်မည်။

ဒုတိယမဂ်ဖြစ်သည့် သကဒါဂါမိမဂ်သည် မည်သည့်အနုသယတို့ကိုမျှ မပယ်
သတ်။ သို့ရာတွင် ကျန်အနုသယငါးပါးကို အားနည်းအောင်ပြု၏။

တတိယမဂ်ဖြစ်သည့် အနာဂါမိမဂ်သည် ကာမရာဂါနုသယနှင့် ပဋိဃာနုသယ
တို့ကို ပယ်သတ်လိမ့်မည်။

စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သည့် အရဟတ္တမဂ်သည် မာနာနုသယနှင့်
ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယတို့ကို ပယ်သတ်လိမ့်မည်။

၁။ (မဂ်လေးပါးက ပယ်သတ်သည့်အကျိုးအားဖြင့်) အဝိဇ္ဇာချုပ်ငြိမ်းခြင်းကြော
သင်္ခါရသည် ချုပ်ငြိမ်း၏။



၂။ သင်္ခါရချုပ်ငြိမ်းခြင်းကြောင့် ဝိညာဏ်သည် ချုပ်ငြိမ်း၏။

၃။ ဝိညာဏ်ချုပ်ငြိမ်းခြင်းကြောင့် နာမ်ရုပ်သည် ချုပ်ငြိမ်း၏။

၄။ နာမ်ရုပ်ချုပ်ငြိမ်းခြင်းကြောင့် သဠာယတနသည် ချုပ်ငြိမ်း၏။

၅။ သဠာယတနချုပ်ငြိမ်းခြင်းကြောင့် ဖဿသည် ချုပ်ငြိမ်း၏။

၆။ ဖဿချုပ်ငြိမ်းခြင်းကြောင့် ဝေဒနာသည် ချုပ်ငြိမ်း၏။

၇။ ဝေဒနာချုပ်ငြိမ်းခြင်းကြောင့် တဏှာသည် ချုပ်ငြိမ်း၏။

၈။ တဏှာချုပ်ငြိမ်းခြင်းကြောင့် ဥပါဒါန်သည် ချုပ်ငြိမ်း၏။

၉။ ဥပါဒါန်ချုပ်ငြိမ်းခြင်းကြောင့် ဘဝသည် ချုပ်ငြိမ်း၏။

၁၀။ ဘဝချုပ်ငြိမ်းခြင်းကြောင့် ဇာတိသည် ချုပ်ငြိမ်း၏။

၁၁။ ဇာတိချုပ်ငြိမ်းခြင်းကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေး
ခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတို့သည် ချုပ်ငြိမ်းကုန်၏။

## ဖန်ဆင်းရှင်၏ လက်ရာ

...ဋ္ဌသမုပ္ပါဒ်ထဲ၌ အဆုံးမရှိသည့် ပဋိသန္ဓေများဖြစ်ပေါ်သည့်အခါမှာဖြစ်စေ၊ ယင်းတို့
...န်ဆုံးသည့်အခါမှာ ဖြစ်စေ ဖန်ဆင်းရှင်၏ လက်ရာကို မတွေ့မြင်ရချေ။

ဖန်ဆင်းရှင်၏လက်ရာကို ပဋ္ဌာန်းထဲ၌ တွေ့မြင်ရမလားဆိုသည်ကို ယခုတစ်ဖန်
...ည့်ကြဦးစို့။ ပဋ္ဌာန်းဟူသည် အဘိဓမ္မာတရားတော် ခုနစ်မျိုးတွင် တစ်မျိုးအပါအဝင်
...၏။ ယင်းသည် ဤတရားတော်ခုနစ်မျိုးတွင် အရှည်ဆုံးဖြစ်ပြီး ယင်း၏ နက်နဲမှု
...တွက်လည်းကောင်း၊ စိတ်နှင့်ရုပ်တို့အချင်းချင်း ကျေးဇူးပြု (ဖြစ်စေ) ပုံနည်းမျိုးစုံတို့
...လွန်အထူး အံ့မခန်းမှု၊ သိမ်မွေ့ထားရှိမှုအတွက်လည်းကောင်း၊ အထူးအမြတ်ဆုံး
...ထားအပ်သည့် တရားတော်ဖြစ်၏။ အမှန်အားဖြင့် ပဋ္ဌာန်းသည် ပဋိစ္စသမုပ္ပါဒ်
...ည့်သို့ပင် အကြောင်းအကျိုးဆက်ပုံပြတရားတော်လည်း ဖြစ်၏။ သို့ရာတွင် ပဋိစ္စ
...မုပ္ပါဒ်နှင့် ပဋ္ဌာန်းတို့အကြား ဤခြားနားချက်ကားရှိ၏။ ပဋိစ္စသမုပ္ပါဒ်သည်
...ကြောင်းနှင့် ယင်း၏ အကျိုးကိုသာပြပြီး၊ ပဋ္ဌာန်းကမူ ဆိုင်ရာအကျိုးတရားကိုဖြစ်စေ
...ည့် အကြောင်းတရား၏သတ္တိ (ဂုဏ်/အစွမ်း)ကို အသေးစိတ်ဆုံးနည်းဖြင့် ပြ၏။

စိတ်နှင့် ရုပ်တို့အချင်းချင်း ကျေးဇူးပြု (ဖြစ်စေ) ပုံနည်းမျိုးစုံကို အဓိကနည်း
၂၄ နည်းဖြင့် စုပေါင်းပြထား၏။ ထို့ကြောင့် ပဋ္ဌာန်းသည် ၂၄ ပစ္စည်း (...)
...ကြောင်းကျိုးဆက်ပြ ၂၄ နည်း ဟု ထင်ရှား၏။

ပဋ္ဌာန်းအကြောင်း အကြမ်းဖျင်းသဘောကို စာရှုသူတို့အား ရှိစေ...အလို့ငှာ
...ကြောင်းကျိုးဆက်ပြ ၂၄ နည်းကို အောက်ပါအတိုင်း ခြောက်မျိုး ခွဲထား၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ စိတ်တို့က အခြားစိတ်များကို ကျေးဇူးပြုပုံ ခြောက်နည်း။
၂။ စိတ်တို့က အခြားစိတ်များနှင့် ရုပ်တို့ကို ကျေးဇူးပြုပုံ ငါးနည်း။
၃။ စိတ်တို့က ရုပ်များကို ကျေးဇူးပြုပုံ တစ်နည်း။
၄။ ရုပ်တို့က စိတ်များကို ကျေးဇူးပြုပုံ တစ်နည်း။
၅။ ပညတ် (တောင်၊ သမုဒ္ဒရာ၊ လူ၊ မိန်းမ စသည်ကဲ့သို့သော အမည်နာမ) စိတ်နှင့် ရုပ်တို့က စိတ်များကို ကျေးဇူးပြုပုံ နှစ်နည်း။
၆။ စိတ်နှင့် ရုပ်တို့က အခြားစိတ်နှင့် ရုပ်များကို ကျေးဇူးပြုပုံ ကိုးနည်း။

ကြောင်းကျိုးဆက်ပြနည်း နမူနာရိုးရိုးကလေးတစ်ခုကို ယူကြည့်ကြစို့။ စက္ခုဝိညာဏ်သည် မျက်စိ၌ဖြစ်ပေါ်သည့် စိတ်ဖြစ်၏။ ယင်းသည် မျက်စိ၌ကျရောက်သည့် အဆင်းကို မြင်သောစိတ်ဖြစ်၏။ ယင်းသည် ဖန်ဆင်းရှင်က ပြုလုပ်ပေးခြင်းမဟုတ်။ ယင်းကို အဆင်း မျက်စိနှင့် ယင်းစိတ်ရှေ့ကဖြစ်ခဲ့သော စိတ်၏ အနန္တရသတ္တိတို့ ပေါင်းဆုံမှုကဖြစ်စေ၏။ သောတဝိညာဏ်(နား၌ဖြစ်စိတ်)၊ ဃာနဝိညာဏ် (နှာခေါင်း၌ ဖြစ်စိတ်)၊ ဇိဝှာဝိညာဏ် (လျှာ၌ဖြစ်စိတ်)၊ ကာယဝိညာဏ် (ကိုယ်၌ဖြစ်စိတ်)တို့ကို အလားတူပင် အစဉ်အတိုင်း ဆိုင်ရာ ဆိုင်ရာ အာရုံဒွါရနှင့် ရှေ့ကဖြစ်သည့် စိတ်၏ အနန္တ ရသတ္တိတို့ ပေါင်းဆုံမှုက ဖြစ်စေ၏။ သဘောအာရုံကိုလက်ခံသည့် ပထမဆုံး သိစိတ်ဖြစ်သော မနောဒွါရာဝဇ္ဇန်းကို သဘောအာရုံ မနောဒွါရနှင့် ရှေ့ဖြစ်သည့် စိတ်၏အနန္တ ရသတ္တိတို့ ဖြစ်စေ၏။

ပဋ္ဌာန်းထဲ၌ စိတ်နှင့် ရုပ်တို့အချင်းချင်း နည်းမျိုးစုံအားဖြင့်ဖြစ်စေ၊ (ကျေးဇူးပြု မှု)ကြောင့်သာလျှင် စိတ်နှင့် ရုပ်ဖြစ်စဉ်တို့ အဆက်မပြတ်ဖြစ်နေမှုကိုလည်းကောင်း ထိုအဆက်မပြတ်ဖြစ်မှု ကုန်ဆုံးခြင်းကိုလည်းကောင်း တွေ့ရှိရ၏။ ဖန်ဆင်းရှင်နှင့် အတ္တအား ရည်ညွှန်းဆိုမှုအနည်းငယ်မျှကိုပင် မတွေ့နိုင်ချေ။

## မာလုကျပုတ္တ၏ မေးခွန်းများ

တစ်ခါတုန်းက မာလုကျပုတ္တ (မာလုဝိလိယ၏သား) အမည်ရှိ ရဟန်းတစ်ပါးသည် ဗုဒ္ဓအား မေးခွန်းတချို့ကိုမေးခဲ့၏။ ဗုဒ္ဓသည် ထိုမေးခွန်းများကိုဖြေဆိုရန် ငြင်းပယ် ပြီး ထိုမေးခွန်းများကို ဖြေဆိုရန်ငြင်းပယ်ရကြောင်း အလွန်သဘောကျဖွယ်အကြောင်း အချက်များကို ပေးခဲ့၏။ သို့ရာတွင် ဣသရနိမ္မာနဟေတုဝါဒ၏ ရှေ့နေတချို့က ဗုဒ္ဓ၏ ငြင်းပယ်ခြင်းကိုသာ ကောက်နုတ်ပြပြီး ငြင်းပယ်ရကြောင်း ဗုဒ္ဓ၏ အကြောင်း ပြချက်များကို ဖော်မပြချေ။ သူတို့က ဗုဒ္ဓသည် မာလုကျပုတ္တရဟန်း၏ မေးခွန်းများကို အဘယ်ကြောင့် မဖြေခဲ့သနည်းဟု တစ်မေးတည်း မေးကြ၏။ တချို့က ဗုဒ္ဓ



...ငြင်းပယ်ခြင်းသည် အဖြေများကို သူ မသိသောကြောင့် ဖြစ်ရမည်ဟု တွေးဆကြ၏။ ...ချို့က အဖြေတို့သည် အရေးမကြီးသည့် အကြောင်းအရာများနှင့် ဆက်နွှယ်နေသော ...ကြောင့် ဗုဒ္ဓသည် ယင်းအဖြေတို့ကို သိသော်လည်း မဖြေကြားခဲ့ဟု ထင်ကြ၏။

## မေးခွန်းများနှင့်ပတ်သက်သည့် အချက်တချို့

...လုကျပုတ္တရဟန်း၏ မေးခွန်းများနှင့် ဗုဒ္ဓ၏အဖြေများကို စာရှုသူတို့၏ အကျိုး အတွက် အကျဉ်းမျှဖော်ပြပါမည်။ သို့ရာတွင် ယင်းတို့ကိုမဖော်ပြမီ ဤမေးခွန်းများနှင့် ...တ်သက်သည့် အချက်တချို့ကို ဖော်ပြပေးက အကျိုးများလိမ့်မည်။

ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်၌ ဗုဒ္ဓသည်ရှေးရှေးကာလမှစ၍ ...ခေတ်တိုင်အောင် ဘာသာရေးခေါင်းဆောင်အမျိုးမျိုးက ဟောကြားခဲ့သည့် အယူဝါဒ ...အားလုံးကို ဖော်ပြခဲ့၏။ ယင်းသုတ်မှာ ပုဗ္ဗန္တာနုဒိဋ္ဌိနှင့် အပရန္တာနုဒိဋ္ဌိ မည်သော အစိတ ...ပိုင်းကြီးနှစ်ခု ပါရှိ၏။ ပထမပိုင်းသည် အတိတ်ကာလနှင့်ပတ်သက်သည့် ဝါဒ ...၁၈ မျိုးကို ရှင်းလင်းဖော်ပြ၍ ဒုတိယပိုင်းသည် နောက်ကာလနှင့်ပတ်သက်သည့် ...ဝါဒ ၄၄ မျိုးကို ရှင်းလင်းဖော်ပြလေရာ စုစုပေါင်း ဝါဒ ၆၄ ပါး ဖြစ်လေ၏။

မာလုကျပုတ္တ၏ မေးခွန်းတို့သည် ဤအယူဝါဒ ၆၄ ပါး၌လာသည့် အယူဝါဒ တချို့နှင့်သက်ဆိုင်၏။ ဤဝါဒ၏ရှေ့နေများကို ဗုဒ္ဓက လေးမျိုးခွဲပြ၏။ သို့ရာတွင် ...ထမ ဒုတိယအမျိုးအစားတို့ကို တစ်မျိုးတည်းအဖြစ် ပေါင်းရုံးနိုင်၏။ ယင်းတို့သည် ...ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဟု ခေါ်သည့် တန်ခိုးဣဒ္ဓိရှိကြသော ဘာသာရေး ခေါင်းဆောင်များ ဖြစ်၏။ ဤတန်ခိုးဣဒ္ဓိသည် တစ်စုံတစ်ဦးအား လွန်ခဲ့သည့်ဘဝ ...အနည်းငယ်မှ လွန်ခဲ့သည့်ကမ္ဘာများစွာအထိ ကျယ်ပြန့်သော အတိတ်ကာလကို ...ပြန်အောက်မေ့နိုင်စေ၏။ (ဤအကြောင်းကို မဂ္ဂင်လမ်းအတွဲ၌ အပြည့်အစုံဖော်ပြ ...ပါလိမ့်မည်။) ဘာသာရေးခေါင်းဆောင် စတုတ္ထအမျိုးအစားကား ပုဗ္ဗေနိဝါသာနုဿတိ ...အဘိညာဉ်မရရှိသော တွေးဆသမားတို့မျှသာ ဖြစ်၏။

သို့ရာတွင် သူတို့အထဲကတစ်ဦးမျှ ဝိပဿနာဉာဏ်များ မရှိကြသောကြောင့် ...အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောဟူသော စိတ်နှင့် ရုပ်တို့၏သဘောအမှန်ကို မသိမြင်သော ...ကြောင့် ထိုပုဂ္ဂိုလ်တို့တွင် များစွာတို့က အတ္တဝါဒကိုလက်ခံ၍ အနည်းငယ်က ...အဟေတု (အကြောင်းမရှိသော အကြောင်းမဲ့) ဝါဒကို လက်ခံခဲ့ခြင်းဖြစ်၏။

ဗုဒ္ဓသည် ထိုဝါဒများကို ငြင်းပယ်ရုံသာမက မိမိ၏ သာဝကတို့အားလည်း ...ကောက်ဘဝ၌ မဂ်ဖိုလ်များရရှိမှုကို အထောက်အကူမပြုသည့် ဝါဒများနှင့်ပတ်သက် ... အချိန်ဖြုန်းနေခြင်းမှ တားမြစ်ခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အမေးနှင့် အဖြေများ

မာလုကျပုတ္တရဟန်း၏ မေးခွန်းများနှင့် ဗုဒ္ဓ၏အဖြေများကိုဖော်ပြရာသုတ်ကို မဇ္ဈိမ ပဏ္ဏာသဘိက္ခုဝဂ် စူဠမာလုကျပုတ္တသုတ်ဟု ခေါ်၏။ ထိုအချိန်၌ ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေ၏။

တစ်နေ့၌ မာလုကျပုတ္တသည် မိမိနေရာ၌ တစ်ဦးတည်းရှိခဲ့၏။ သူသည် ဤကဲ့သို့ ကိုယ့်ဘာသာ ပြောဆိုနေလေ၏။

'ဗုဒ္ဓက ငြင်းပယ်ထားသည့် ဝါဒများရှိ၏။ ရဟန်းတို့အားလည်း ထိုဝါဒများ အကြောင်း ဆွေးနွေးပြောဆိုခြင်းမှ တားမြစ်ထား၏။ ငါသည် ဗုဒ္ဓထံသွားပြီး ဝါဒ တချို့နှင့်ပတ်သက်သည့် မေးခွန်းများကိုမေးအံ့၊ ဗုဒ္ဓက ငါ့အား အဖြေများကို ပေးလျှင် ငါသည် သံဃာ့ဘောင်၌ ဆက်နေ၍ သူ၏ ညွှန်ကြားမှုများကို လိုက်နာအံ့။ ထိုသို့ မဟုတ်လျှင် ငါသည် သံဃာ့ဘောင်ကို စွန့်အံ့'

ထို့နောက် သူသည် ဗုဒ္ဓထံသွား၍ အောက်ပါ အပြန်အလှန်ပြောစကား ဖြစ်ပေါ် လာခဲ့၏။

### မာလုကျပုတ္တ၏ မေးခွန်းများအချုပ်

'အရှင်ဘုရား ဝါဒတချို့ရှိပါ၏။ ဗုဒ္ဓသည် ဤဝါဒများကို သင်ပြရန်ငြင်းဆိုသည်သာ မက ရဟန်းတို့အားလည်း ထိုဝါဒများအကြောင်း ဆွေးနွေးပြောဆိုခြင်းမှ တားမြစ် ထား၏။ အကျွန်ုပ်သည် ဤမေးခွန်းများကို ဗုဒ္ဓအား မေးလိုပါ၏။

၁။ လောကကြီးသည် မြဲသလော။
၂။ လောကကြီးသည် မမြဲသလော။
၃။ လောကကြီးသည် အဆုံးရှိသလော။
၄။ လောကကြီးသည် အဆုံး မရှိသလော။
၅။ ခန္ဓာကိုယ်နှင့် အသက်သည် အတူတူလော။
၆။ ခန္ဓာကိုယ်နှင့် အသက်သည် တခြားစီလော။
၇။ သတ္တဝါသည် သေပြီးနောက် ဖြစ်သေးသလော။
၈။ သတ္တဝါသည် သေပြီးနောက် မဖြစ်သလော။
၉။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းဟုတ်၊ မဖြစ်သည်လည်း ဟုတ် သလော။
၁၀။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်သလော။



'အရှင်ဘုရား၊ ဤသည်တို့ကား မေးခွန်းများဖြစ်၏။ အရှင်ဘုရားသည် အကျွန်ုပ်အား ဤမေးခွန်းတို့၏ အဖြေများကို မပေးခဲ့စဖူး၊ ထိုအမေးများအား ဖြေဆိုရန် ငြင်းပယ်မှုကို ကျွန်ုပ် မနှစ်သက်ပါ။ မကျေနပ်ပါ။

'ဗုဒ္ဓသည် အကျွန်ုပ်အား အဖြေများကိုပေးလျှင် အကျွန်ုပ်သည် ဤသံဃာ့ ဘောင်၌ ဆက်နေပြီး မဂ်ဉာဏ်များကိုရအောင် လုပ်ဆောင်အံ့။ ထိုသို့မဟုတ်လျှင် ကိုယ်တိုင် သင်္ကန်းချွတ်ပြီး သံဃာ့ဘောင်ကို စွန့်ခွာအံ့။

'ဗုဒ္ဓသည် အဖြေများကိုသိလျှင် ထိုအဖြေများကို အကျွန်ုပ်အားပေးရန် ဗုဒ္ဓကို ပြောကြားပါ၏။ ဗုဒ္ဓသည် ထိုအဖြေများကိုမသိလျှင် မသိကြောင်းဝန်ခံစေလိုပါ၏။ မစွမ်းဆောင်နိုင်မှုကို ဝန်ခံခြင်းသည် ရိုးသားသည့်လမ်း ဖြစ်ပါ၏။'

### ဗုဒ္ဓ၏ ဖြေကြားချက်အချုပ်

မာလုကျပုတ္တ၊ ငါသည် သင့်အား ဤသို့ပြောခဲ့ဖူးသလော။ မာလုကျပုတ္တ၊ လာ၍ သံဃာ့ဘောင်သို့ဝင်ရောက်လော့၊ ငါသည် သင့်အား ဤအဖြေများကိုပေးအံ့'

'မဟုတ်ပါ၊ ဗုဒ္ဓက အကျွန်ုပ်အား ဤသို့ မပြောကြားဖူးပါ'

'မာလုကျပုတ္တ၊ သင်ကလည်း ငါ့အား ဤသို့ပြောခဲ့ဖူးသလော၊ အရှင်ဘုရား၊ ဘုရားသည် အကျွန်ုပ်အား ဤအဖြေများကိုပေးခဲ့လျှင် အကျွန်ုပ်သည် သံဃာ့ဘောင်သို့ ဝင်ရောက်အံ့'

'မဟုတ်ပါ၊ အကျွန်ုပ်သည် ဗုဒ္ဓအား ဘယ်တုန်းကမှ ဤသို့မပြောခဲ့ဖူးပါ'

'ရဟန်းတို့၊ ထိုသို့ဖြစ်လျှင် ဤအဖြေများကိုပေးရန် ဘယ်သူက ဘယ်သူ့အား တာဝန်ရှိသနည်း။

'မာလုကျပုတ္တ၊ တစ်စုံတစ်ဦးက ဗုဒ္ဓသည် မိမိအား ဤအဖြေများကိုမပေးလျှင် ဗြဟ္မစရိယသဿနာဘာဝနာကို အားမထုတ်အံ့ဟု ပြောဆိုလျှင် ထိုသူသည် ဝိပဿနာဘာဝနာကို အားထုတ်ဖို့ အခွင့်ကိုမရတော့ဘဲ သေသာသေသွားမည်ဖြစ်နိုင်၏။ ဗုဒ္ဓ၏ ထိုကဲ့သို့သော အဖြေများကို ပေးမည်မဟုတ်။

'မာလုကျပုတ္တ၊ ဥပမာ လူတစ်ဦးသည် လူထပ်စွာ အဆိပ်သုတ်ထားသည့်မြားဖြင့် ထိုးဖောက်ခံရသည် ဆိုပါစို့၊ သူ၏ ဆွေမျိုးတို့သည် သူ့ကိုကုစားရန် ဆေးဆရာကို ခေါ်လာကြ၏၊ ဒဏ်ရာရသူက မြားပစ်သူသည် ဘုရင်လား၊ ပုဏ္ဏားလား၊ ကုန်သည်လား၊ အလုပ်သမားလားဟု ငါ မသိရသေးလျှင် ဆေးဆရာအား ငါ့ကို ဆေးကုရန် ခွင့်ပြုမည်မဟုတ်ဟု ဤသို့ ရုတ်တရက် ပြောဆိုရာ၏။

'မြားပစ်သူ၏ အမည်နှင့် ဆွေစဉ်မျိုးဆက်ကို မသိရသေးလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



'ထိုသူသည် အရပ်ရှည်သလား၊ ပုသလား၊ မရှည် မပု အလယ်အလတ် ရှိသလား

ဟု မသိရသေးလျှင်၊

'ထိုသူသည် အသားမည်းသလား၊ ဝါသလား၊ နီသလားဟု မသိရသေးလျှင်၊

'ထိုသူလာခဲ့သည့်ရွာ၊ မြို့၏အမည်ကို ငါ မသိရသေးလျှင်၊

'သူ အသုံးပြုခဲ့သည့် လေးအမျိုးအစားကို ငါ မသိရသေးလျှင်၊

'လေး၏ကြိုး ဘာနဲ့လုပ်ထားသည်ကို ငါ မသိရသေးလျှင်၊

'မြားသည် ဘာနဲ့လုပ်ထားသည်ကို ငါ မသိရသေးလျှင်၊

'မြား၏အမျိုးအစားကို ငါ မသိရသေးလျှင်၊

ဆေးဆရာအား ငါ့ကို ဆေးကုရန် ငါ ခွင့်ပြုမည်မဟုတ်၊

'မာလုကျပုတ္တ၊ ဒဏ်ရာရလူသည် ထိုသို့ပြောဆိုလျှင် သူ့အဖို့ မိမိသိလိုသည့် အရာများကို မသိရဘဲသေဖို့ရန်သာ ဖြစ်နိုင်၏။ ထို့အတူပင် တစ်စုံတစ်ဦးက ဗုဒ္ဓသည် မိမိအား ဤအဖြေများကိုမပေးလျှင် ဝိပဿနာဘာဝနာကို မိမိ အားထုတ်မည် မဟုတ်ဟုပြောဆိုလျှင် သူ့အဖို့ ဝိပဿနာဘာဝနာကို အားထုတ်ခွင့်မရမီ သေဖို့ရန်သာ ဖြစ်နိုင်၏။ ဗုဒ္ဓသည် ထိုသို့သောအဖြေများကို ဘယ်တော့မှ မပေး။

'မာလုကျပုတ္တ ဝါဒများထဲက တစ်ခုခုသည် မှန်သည်ဟု သင်ယုံသည်ဆိုကြပါစို့။ ထိုယုံမှုက မင်္ဂဖိုလ်များကိုရယူရာ၌ သင့်အား ကူညီမလား၊ သင့်ကို ကူညီမည်မဟုတ်။ ဘယ်ဝါဒကို သင်လက်ခံသည်ဖြစ်စေ၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ပြင်းစွာပူပန်ခြင်း၊ စိတ်ပျက်ခြင်းတို့ ရှိသည်သာ။ ဤဒုက္ခများကို မိမိ၏ မျက်မှောက်ဘဝ၌ အဆုံးသတ်ပစ်ရမည်ဟု ငါ ဟောကြား၏။

'မာလုကျပုတ္တ၊ ငါ ဟောကြားရန် ငြင်းဆိုသည့်အရာများရှိ၏။ ငါဟောကြားသည့် အရာများရှိ၏။ ဟောကြားရန် ငါ ငြင်းဆိုလျှင် ထိုသို့မဟောခြင်းအတွက် အကြောင်းများရှိ၏ဟု မှတ်လော့။ ငါ ဟောကြားလျှင်လည်း ဟောကြားခြင်းအတွက် အကြောင်းများရှိ၏ဟု မှတ်လော့။

'မာလုကျပုတ္တ၊ ဤအဖြေများကို သင့်အားပေးရန် ငါ ငြင်းပယ်၏။ ဤအဖြေများကိုပေးရန် ငြင်းဆိုခြင်းအတွက် အကြောင်းများကား အဘယ်နည်း။ အဖြေများသည် အကျိုးမရှိ။ ငါ့တရားတော်များ၏ မည်သည့်အပိုင်းတွင်မှ ထိုအဖြေများကို တွေ့ရမည် မဟုတ်။ ယင်းအဖြေတို့သည် တစ်စုံတစ်ဦးအား ဒုက္ခကိုငြိမ်းဌေးအောင် မလုပ်နိုင်၊ ရာဂကို ပယ်သတ်ရန် မကူညီနိုင်၊ ကိလေသာမီးကိုငြိမ်းသတ်ရန် မကူညီနိုင်၊ ခန္ဓာငါးပါး၏ သဘောအမှန်ကို မကူညီနိုင်၊ ဒုက္ခကိုငြိမ်းသွားအောင်မလုပ်နိုင်၊ ထို့ကြောင့် ဤအဖြေများကို သင့်အားပေးရန် ငါ ငြင်းဆိုခြင်းဖြစ်၏။



'မာလုကျပုတ္တ၊ ဤတရားမျိုးကို ငါ ဟောကြား၏။ ဤကား ဒုက္ခဖြစ်၏။ ဤကား ဒုက္ခ၏အကြောင်းဖြစ်၏။ ဤကားဒုက္ခ၏အဆုံးဖြစ်၏။ ဤကား ဒုက္ခ၏ အဆုံးသို့ရောက်ကြောင်း လမ်းဖြစ်၏။

'မာလုကျပုတ္တ၊ ဤတရားမျိုးကို ဟောခြင်းအတွက် အကြောင်းများကား အဘယ် တို့နည်း။ ဤတရားသည် အကျိုးရှိ၏။ ငါ့အဆုံးအမများ သာသနာ၏ အဓိကအပိုင်း ဖြစ်၏။ ယင်းတရားသည် တစ်စုံတစ်ဦးအား ဒုက္ခကိုငြိမ်းဌေးလာအောင် လုပ်ပေး၏။ စိတ်ကိုရာဂမှ ကင်းဝေးအောင်ကူညီ၏။ ရာဂကိုပယ်သတ်ရန် ကူညီ၏။ ကိလေသာကိုငြိမ်းသတ်ရန် ကူညီ၏။ ခန္ဓာငါးပါး၏ သဘောအမှန်ကိုသိမြင်ဖို့ ဉာဏ်အမြင်များကို ရရန်ကူညီ၏။ အရိယသစ္စာလေးပါးကို သိမြင်ရန် ကူညီ၏။ ဒုက္ခကို ငြိမ်းသွားစေရန် လုပ်ပေး၏။ ထို့ကြောင့် ဤတရားမျိုးကို ငါ ဟောခြင်းဖြစ်၏။

'မာလုကျပုတ္တ၊ အချို့သောအရာများကို ငါ မဟောလျှင် ယင်းတို့ကိုမဟောခြင်း အတွက် ငါ့မှာ အကြောင်းများရှိ၏ဟု သင်တို့အားလုံး မှတ်ထားလော့။ အချို့သော အရာများကို ငါ ဟောလျှင် ယင်းတို့ကို ဟောခြင်းအတွက် ငါ့မှာ အကြောင်းများရှိ၏ဟု သင်တို့အားလုံး မှတ်ထားလော့။'

ယင်းသုတ်၏အထက်ပါအကျဉ်းချုပ်က မာလုကျပုတ္တ၏ အမေးများကို ဖြေဆိုရန် အဘယ့်ကြောင့် ဗုဒ္ဓက ငြင်းပယ်ခဲ့ကြောင်းကို ပြည့်စုံစွာ ရှင်းလင်းပေးလေပြီဟု စာရေးသူ မျှော်လင့်ပါ၏။

ကျွန်ုပ်တို့ ရှေ့ဆက်မသွားမီ စာရှုသူတို့အား စာရေးသူကို အောက်ပါအတိုင်း မေးခွန်းအနည်းငယ်ကို မေးခွင့်ပြုရန် တောင်းခံပါ၏။

သင်္ချာဆိုင်ရာ အတန်းတစ်ခုရှိ၏။ ကျောင်းသားတစ်ဦးက မတ်တတ်ရပ်၍ ဤသို့မေး၏။ 'ပါမောက္ခကြီး၊ ကလပ်စ် ဘေဘယ်လ်ဆိုသူကို အဘယ်ကြောင့် မိန်းမ ဆွဲက သဘောကျ ချီးကျူးကြသနည်း၊ အဲလီဇဘက်တေလာသည် ရစ်ချက်ဘာတန်ကို အဘယ်ကြောင့် ကွာရှင်းခဲ့သနည်း၊ ဘော့စ်ဘောကစားနည်းဟာ ခရစ်ကက် ကစား နည်းထက် ပို၍ စိတ်ဝင်စားဖွယ်ကောင်းတယ်ဆိုတာ မှန်ပါသလား၊ လကမ္ဘာပေါ် ဆင်းသက်တာဟာ အစစ်အမှန်လား၊ သို့မဟုတ် ကင်မရာ လှည့်စားထားမှုလား၊ မိန်းမတွေဟာ တစ်ကြိမ်ထက်ပိုပြီး လက်ထပ်သင့်ပါသလား။

'ပါမောက္ခကြီး၊ သည်အဖြေများကိုသိလျှင် ကျွန်ုပ်အား ပြောပြပါ၊ သင်သည် ယင်းအဖြေများကို မသိလျှင် မသိကြောင်းကို ဝန်ခံပါ။ ကျွန်ုပ်သည် သင့်ကို သိသော သူ ဖြစ်စေလိုပါ၏။ ရိုးသားမှုသည် အကောင်းဆုံးသောထား ဖြစ်ပါ၏။

သင်္ချာပါမောက္ခကြီးသည် ဘယ်လို အဖြေပေးသင့်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီးသည် ဤကျောင်းသားအား လိုက်လျောရန်ကြိုးစားခဲ့လျှင် အခြား ကျောင်းသားတချို့က အလားတူမေးခွန်းများကို လိုက်မေးလာကြမည် မဟုတ်လော

ထိုကဲ့သို့သော မေးခွန်းများကို ဆွေးနွေးခဲ့ကြလျှင် မူလက သချ်ာဘာသာ သင်ကြားရန် စီမံထားအပ်သော သချ်ာအတန်းကား ဘာဖြစ်လာမည်နည်း။

## ရဟန္တာ၏သဘာဝ

မာလုကျပုတ္တ၏ မေးခွန်းများကို ဗုဒ္ဓက အဘယ်ကြောင့် ဖြေဆိုရန်ငြင်းခဲ့ရကြောင်း အခြား အကြောင်းပြချက်ကောင်းတစ်ခုလည်း ရှိသေး၏။ မဇ္ဈိမပဏ္ဏာသ ဂဟပတိ အဘယ ရာဇကုမာရသုတ်၌ ဗုဒ္ဓက မင်းသားအား ဤသို့မိန့်ကြားခဲ့၏။

၁။ ဗုဒ္ဓသည် မမှန် အကျိုးမရှိ၊ သူတစ်ပါးတို့အား မနှစ်သက်စေသည့် အရာမျိုး ဘယ်တော့မှ ပြောဆိုလေ့မရှိ။

၂။ ဗုဒ္ဓသည် မှန်ကန် အကျိုးမရှိ၊ သူတစ်ပါးတို့အား မနှစ်သက်စေသည့် အရာမျိုး ကို ဘယ်တော့မှ ပြောဆိုလေ့မရှိ။

၃။ ဗုဒ္ဓသည် မမှန် အကျိုးမရှိ၊ သူတစ်ပါးတို့အား နှစ်သက်စေသည့် အရာမျိုး ဘယ်တော့မှ ပြောဆိုလေ့မရှိ။

၄။ ဗုဒ္ဓသည် မှန်ကန် အကျိုးမရှိ၊ သူတစ်ပါးတို့အား နှစ်သက်စေသည့် အရာမျိုး ဘယ်တော့မှ ပြောဆိုလေ့မရှိ။

၅။ ဗုဒ္ဓသည် မှန်ကန် အကျိုးရှိ၊ သူတစ်ပါးတို့အား မနှစ်သက်စေသည့် အရာမျိုး ပြောဆိုလိုအပ်သည်ဟု တွေ့ရသည့်အခါတိုင်းမှာ ပြောဆိုတတ်၏။

၆။ ဗုဒ္ဓသည် မှန်ကန် အကျိုးရှိ၊ သူတစ်ပါးတို့အား နှစ်သက်စေသည့် အရာမျိုး ပြောဆိုလိုအပ်သည်ဟု တွေ့ရသည့်အခါတိုင်းမှာ ပြောဆိုတတ်၏။

## ဗုဒ္ဓက ငြင်းပယ်ထားသော စကားလေးမျိုး

၁။ မမှန်၊ အကျိုးမရှိ၊ မနှစ်သက်ဖွယ်စကားမျိုး
၂။ မှန်ကန်၊ အကျိုးမရှိ၊ မနှစ်သက်ဖွယ်စကားမျိုး
၃။ မမှန်၊ အကျိုးမရှိ၊ နှစ်သက်ဖွယ်စကားမျိုး
၄။ မှန်ကန်၊ အကျိုးမရှိ၊ နှစ်သက်ဖွယ်စကားမျိုး

## ဗုဒ္ဓက လက်ခံထားသော စကားနှစ်မျိုး

၁။ မှန်ကန်၊ အကျိုးရှိ၊ မနှစ်သက်ဖွယ်စကားမျိုး
၂။ မှန်ကန်၊ အကျိုးရှိ၊ နှစ်သက်ဖွယ်စကားမျိုး



အမှန်အားဖြင့် ပထမစကားလေးမျိုးကို ငြင်းပယ်ပြီး ဒုတိယ စကားနှစ်မျိုးကို လက်ခံထားသူကား ဗုဒ္ဓတစ်ဦးတည်းသာမဟုတ်၊ ရဟန္တာတို့လည်း အလားတူပင် ဖြစ်ကြ၏။ အခန်း ၈ ထဲ၌ စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သည့် အရဟတ္တမဂ်က ပယ်သတ်သည့် ကိလေသာများစာရင်းကို ဖော်ပြခဲ့ပြီ။ ထိုစာရင်း၌ စာရှုသူတို့သည် အကျိုးမရှိသောစကားကို တွေ့ရပေမည်။ အကျိုးမရှိသည့်စကားကို ပြောလိုသည့် ဆန္ဒသည် ဗုဒ္ဓနှင့် ရဟန္တာတို့ပယ်သတ်ပြီးသော ကိလေသာတစ်ခုဖြစ်၏။ တတိယ မဂ်ကိုရပြီးသော အနာဂါမ်ပုဂ္ဂိုလ်သည်ပင် တစ်ခါတစ်ရံ အကျိုးမရှိသည့် စကားမျိုးကို ပြောဆိုနိုင်၏။ သို့ရာတွင် ဗုဒ္ဓနှင့် ရဟန္တာတို့ကား အကျိုးမရှိသည့်စကားများကို မည်သည့်အခြေအနေတွင်မှ မပြောဆိုနိုင်ချေ။ မာလုကျပုတ္တအား ဖြေကြားဖွယ်တို့သည် အကျိုးမရှိသည့်စကားမျိုး သတ်မှတ်ချက်အတွင်း၌ ကျရောက်၏။

## တားမြစ်ချက်

ရဟန်းများ (ရဟန္တာမဟုတ်သူများ)အား ထိုဝါဒများအကြောင်း ဆွေးနွေးပြောဆိုခြင်းမှ ဗုဒ္ဓကအဘယ့်ကြောင့် တားမြစ်ခဲ့သနည်း။ အောက်ပါ စကားအဖြေဖြစ်၏။ ဗုဒ္ဓသည် အကျိုးမရှိသည့်စကားများ ဆူညံစွာ ပြောဆိုခြင်းကို သူတော်ကောင်းဂုဏ်၏ အမှတ် အသား အဖြစ်ဖြင့် သဘောမရှိခဲ့ချေ။ ရဟန်းတို့သည် အကျိုးရှိမည့် (ဝါ) မဂ်ဉာဏ် များ ရရှိမှုအား ကျေးဇူးပြုမည့်အကြောင်းအရာများကို ဆွေးနွေးနိုင်၏။ သူတို့သည် ဆွေးနွေးရန် ထိုသို့သောအကြောင်းအရာများ မရှိခဲ့လျှင် တိရစ္ဆာနကထာကို ဆွေးနွေး ခြင်းဖြင့် မိမိတို့၏အချိန်ကိုမဖြုန်းရချေ။ မဂ်ဖိုလ်များရရှိမှုနှင့် ဖီလာဖြစ်သည့် အကြောင်း အရာမျိုးကို တိရစ္ဆာနကထာဟု ခေါ်၏။ သူတို့သည် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတစ်မျိုးမျိုးကို အထူးအလေးမူ၍ ဝိပဿနာဘာဝနာကို အားထုတ်ကြရမည်။

ဗုဒ္ဓသည် ရဟန်းတို့အား ဤကဲ့သို့ မကြာခဏအမိန့်ပေးလေ့ရှိ၏။ ရဟန်းတို့သည် သင်တို့နှစ်ဦး တွေ့ဆုံသည့်အခါ အကျိုးရှိသည့် တရားဓမ္မများကို ဆွေးနွေးကြလော့။ သင်တို့မှာ ဆွေးနွေးရန်အကျိုးရှိသည့် တရားဓမ္မများမရှိလျှင် မိမိတို့၏ ပါးစပ်ကို ပိတ်ထားကြလော့။

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဝေးရပ်ဒေသများမှ ရဟန်းအချို့သည် ဗုဒ္ဓအား ဖူးမြင်အရိုအသေပြုရန် ရောက်လာခဲ့ကြ၏။ အရှင်သာရိ ပုတ္တရာ၊ အရှင်မောဂ္ဂလာန်မည်သော ဗုဒ္ဓ၏ အဂ္ဂသာဝကကြီးနှစ်ပါးသည် ထိုရဟန်း များကို ဗုဒ္ဓ၏ကျောင်းတော်သို့ ခေါ်လာခဲ့၏။ ရဟန်းတို့သည် ဆူညံစွာ စကားပြော နေကြ၏။ ဗုဒ္ဓက ရဟန်းကောင်းများအဖို့ ဆူဆူညံညံ စကားပြောရန်မသင့်ဟုဆိုကာ ထိုရဟန်းတို့အား ကျောင်းပရဝုဏ်မှ ထွက်သွားရန် ပြောကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် သာမညဖလသုတ်၌ ဗုဒ္ဓသည် ဆိတ်ငြိမ်မှုကို နှစ်သက်သူဖြစ်ကြောင်းနှင့် ပတ်သက်၍ အရေးပါသည့် အချက်တစ်ခုကိုလည်း မှတ်တမ်းတင်ထား၏။ ထိုအချိန်၌ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်ဇီဝက၏သရက်ဥယျာဉ်၌ ရဟန်းပေါင်း ၁၂၅၀ နှင့်အတူ သီတင်းသုံးနေ၏။ တစ်ညတွင် ကျော်စောလှသော ဘုရင်သမားတော် ဇီဝကသည် အဇာတသတ်မင်းကို ဗုဒ္ဓထံခေါ်လာခဲ့၏။ မင်းသည် ဥယျာဉ်ထဲ၌ လုံးဝတိတ်ဆိတ်နေသည်ကို တွေ့ရသည့်အခါ ဗုဒ္ဓနှင့်ရဟန်းများရှိသည် မထင်ခဲ့ချေ။ သူသည် မိမိ၏ရန်သူများထံ မိမိကို လက်နက်ချစေရန် ထိုနေရာသို့ ဇီဝက သစ္စာဖောက်ပြီး မိမိကို ခေါ်ဆောင်လာခဲ့၏ဟု စိုးရိမ်ကြောက်ရွံ့ခဲ့၏။ သူသည် ချက်ချင်းပင် စိတ်လှုပ်ရှားစွာဖြင့် ဇီဝကအား ဤသို့မေးလေ၏။ ဇီဝက သင်သည် ငါ့ကို သစ္စာမဖောက်ဘူးဆိုတာ သေချာသလော၊ သင်သည် ငါ့အား လှည့်စားဘူးဆိုတာ သေချာသလော၊ သင်သည် ငါ့ရန်သူများထံ ငါ့ကို လက်နက်အချမခိုင်းဘူးဆိုတာ သေချာသလော၊ ရဟန်းတွေ ၁၂၅၀ လောက် များစွာရှိနေလျှင် အဘယ့်ကြောင့် ဆူညံသံတစ်စုံတစ်ရာ မရှိပါသနည်း။

ဗုဒ္ဓသည် အကျိုးမရှိသော ဆူဆူညံညံစကားပြောဆိုမှုတို့ကို မနှစ်သက်ဟူသော အချက်သည် ဆန့်ကျင်ဘက် သံဃာ့ဂိုဏ်းဝင်များအတွင်း၌ပင် အလွန်ထင်ရှား၏။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် ပေါဋ္ဌပါဒသုတ်၌ ဤသို့ မှတ်တမ်းတင်ထား၏။

တစ်နေ့သ၌ ဗုဒ္ဓသည် ပေါဋ္ဌပါဒအမည်ရှိ ပရိဗိုဇ်၏ ကျောင်းဝင်းဆီသို့ လမ်းလျှောက်သွားနေ၏။ ထိုပရိဗိုဇ်၏ တပည့်တို့သည် အကြောင်းအရာအမျိုးမျိုးကို ဆူညံစွာ ဆွေးနွေးပြောဆိုနေကြ၏။ ပေါဋ္ဌပါဒပရိဗိုဇ်သည် မိမိ၏ ပရိဝုဏ်ဆီသို့ လျှောက်လာနေသည်ကိုမြင်သောအခါ မိမိ၏ ပရိဗိုဇ်တို့အား ဤသို့အော်ပြောလေ၏။ ‘ဆိတ်ဆိတ်နေကြစမ်း၊ ဆူညံသံ မလုပ်ကြနှင့်၊ ရဟန်းဂေါတမသည် ဤပရိဝုဏ်ဆီသို့ လမ်းလျှောက်လာနေ၏။ သူက တိတ်ဆိတ်မှုကို နှစ်သက်၏၊ သူသည် တိတ်ဆိတ်မှုကို ချီးမွမ်းလေ့ရှိ၏၊ သူသည် ဤနေရာမှာ တိတ်ဆိတ်မှုကိုတွေ့လျှင် ငါတို့၏ပရိဝုဏ်သို့ လာကောင်းလာနိုင်၏’ အားလုံး တိတ်ဆိတ်စွာနေကြ၏။ ဗုဒ္ဓသည် သူတို့၏ ပရိဝုဏ်သို့ အလည်သွား၏။

## တာဝန်နှစ်ခုသာ

ဗုဒ္ဓ၏သာသနာတော်အရ ရဟန်းတစ်ပါးမှာပြုရန် တာဝန်နှစ်ခုသာရှိ၏။ ယင်းတို့က အောက်ပါအတိုင်းဖြစ်၏။

၁။ ဗုဒ္ဓ၏တရားတော်များကို သင်ယူရန် ဤတာဝန်ကို ဂန္ထဓုရ (စာပေလေ့လာခြင်း ဝန်) ဟု ခေါ်၏။



၂။ မိမိ၏ မျက်မှောက်ဘဝအတွင်း၌ မဂ်ဉာဏ်များကိုရရန်အလို့ငှာ လုံ့လဖြင့် အားထုတ်ရန်။ ဤတာဝန်ကို ဝိပဿနာဓုရ (ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ခြင်း ဝန်) ဟု ခေါ်၏။

ဤတာဝန်နှစ်ခုမှအပ ဘာကိုမျှ ဗုဒ္ဓက မနှစ်သက်ချေ။ ဤတာဝန်နှစ်ခု၏ နယ်ပယ်မှ လုံးဝအပဖြစ်သည့် ဝါဒများအကြောင်း ရဟန်းတို့အား ဆွေးနွေးခွင့်ပြုမှုကို အသာထားဘိဦး အထက်ဖော်ပြပါ တာဝန်နှစ်ခုတွင် တစ်ခုခုကိုမပြုလုပ်ဘဲ ရှိသောမှ ခင်တွယ်မှုကြီးစွာဖြင့် မိမိအနီး၌နေခြင်းကိုပင် ရဟန်းတို့အား ဗုဒ္ဓက ခွင့်ပြုမည်မဟုတ်။

ဓမ္မပဒကျမ်း၊ ဘိက္ခုဝဂ်၊ ဝက္ကလိဝတ္ထု၌ မိမိအား အလွန်ခင်တွယ်သည့် ရဟန်းတစ်ပါးအား ဤတာဝန်နှစ်ခုတွင် တစ်ခုခုကိုမပြုလုပ်သောကြောင့် ဗုဒ္ဓက မည်ကဲ့သို့ နှင်ထုတ်ခဲ့ကြောင်း အလွန်စိတ်ဝင်စားဖွယ်ဝတ္ထုတစ်ခုကို စာရှုသူတို့ တွေ့ရှိလိမ့်မည်။

သာဝတ္ထိပြည်၌ ဝက္ကလိအမည်ရှိ ပုဏ္ဏားတစ်ဦးရှိခဲ့၏။ သူသည် မြို့တွင်း၌ ဆွမ်းခံနေသည့် ဗုဒ္ဓကိုမြင်သည့်အခါ ဗုဒ္ဓ၏ ကြီးမြတ်လှစွာသောရုပ်ရည်ကို အလွန် အလွန် စွဲမက်မိလေ၏။ ထိုပုဂ္ဂိုလ်မြတ်ကြီးအနီး၌ နေထိုင်ခွင့်ရရှိကြောင်း တစ်ခု တည်းသော နည်းလမ်းသည် ရဟန်းပြုခြင်းပင် ဖြစ်၏ဟု စဉ်းစားမိသောကြောင့် သူသည် မိမိ၏မိသားစုနှင့် ဥစ္စာတို့ကို စွန့်၍ ရဟန်းပြုလေ၏။

ဝက္ကလိရဟန်းသည် ဗုဒ္ဓ၏တရားတော်များကိုလည်း မသင်ယူ၊ ဝိပဿနာကိုလည်း အားမထုတ်ချေ။ သူသည် ဗုဒ္ဓအနီးမှာထိုင်၍ ဗုဒ္ဓ၏မျက်နှာကို စွဲငြိစွာ ကြည့်ရှုခြင်းဖြင့် မိမိ၏အချိန်ကိုသာဖြုန်းနေခဲ့၏။ အတန်ကြာသော် ဗုဒ္ဓက သူ့အား မိမိအနီး၌ အချိန်မဖြုန်းဘဲ ဝိပဿနာကိုအားထုတ်ရန် သူ့ကို ဆုံးမခဲ့၏။ တစ်စုံတစ်ဦးသည် ဗုဒ္ဓကို ကြည့်ရှုနေရုံမျှဖြင့် ဗုဒ္ဓကို တကယ်မြင်ရလိမ့်မည်မဟုတ်ကြောင်း၊ တရားဓမ္မကို သိမြင်သောသူတို့သာလျှင် ဗုဒ္ဓကိုတကယ်မြင်ရမည့်အကြောင်း သူ့အား လေးနက်စွာမိန့်ကြားလေ၏။ သို့ရာတွင် ဝက္ကလိရဟန်းသည် ထွက်သွားပြီး ဝိပဿနာကို အားထုတ်ရန် မစွမ်းနိုင်ခဲ့ချေ။ ဗုဒ္ဓက သည်းခံပြီး စောင့်ဆိုင်းခဲ့၏။ ဗုဒ္ဓသည် ဝက္ကလိရဟန်းကား ရဟန္တာဖြစ်ဖို့ ပါရမီရင့်ပြီဟု သိမြင်လျှင်မြင်ချင်း သူ့ကို ထွက်သွားရန် အမိန့်ပေးလေ၏။ ဝက္ကလိရဟန်းသည် စိတ်သောကကြီးစွာ ခံစားရ၏။ မိမိကိုယ်ကို သတ်သေရန်တောင်တစ်ခုသို့ တက်သွားနေစဉ်မှာ ဗုဒ္ဓသည် တန်ခိုးဣဒ္ဓိ များကိုပြနိုင်သည့် စိတ်တန်ခိုးတစ်ခုဖြစ်သော ဣဒ္ဓိဝိဓအဘိညာဉ်အားဖြင့် ဂါထာတစ်ခုကို ပို့လွှတ်လိုက်၏။ ယင်းဂါထာကား မိမိကိုယ်ကို ကိလေသာတို့မှ လွတ်မြောက်စေရန် သူ့အား ဗုဒ္ဓက ကူညီပေးမည်ဟု အချုပ်အားဖြင့် ဆိုလို၏။ ဝက္ကလိရဟန်းသည် ထိုဂါထာကို ဝမ်းသာခြင်းကြီးစွာဖြင့် နာကြားခဲ့၏။ သူသည် ဗုဒ္ဓထံပြန်လာ၍ မကြာမီပင် စတုတ္ထ ... နောက်ဆုံးမဂ်ဖြစ်သည့် အရဟတ္တမဂ်ကို ရရှိလေ၏။ ရဟန်းများ၏ သဘာင်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ ဗုဒ္ဓအပေါ်ကြီးမားသည့် ရိုသေလေးမြတ်မှု ထားရှိရာ၌ ရဟန်းတို့တွင် သူသည် အမြတ်ဆုံးဖြစ်၏ဟု ဗုဒ္ဓက ကြေညာခဲ့ပေ၏။

## အဓိကအကြောင်းရင်းကား အဘယ်နည်း

ဤဝါဒအမျိုးမျိုး၌ စိတ်ဝင်စားမှု၏အဓိကအကြောင်းရင်းကား အဘယ်နည်း။ အဓိက အကြောင်းရင်းကား ဒိဋ္ဌာနုသယမှတစ်ပါး အခြားမဟုတ်၊ ဒိဋ္ဌာနုသယကို ပထမမဂ်က ပယ်သတ်နိုင်၏။ ပထမမဂ်ရပြီးသော အရိယာပုဂ္ဂိုလ်သည် ဝါဒအမျိုးမျိုး၌ မည်သည့် စိတ်ဝင်စားမှုမျိုးမှ ရှိမည်မဟုတ်။ သောတာပတ္တိမဂ်ဟူသော ပထမမဂ်ကို ရပြီးပြီးချင်း ဤဝါဒများ၌ စိတ်ဝင်စားမှုသည် အလိုလိုပင် ပေသွား၏။ ဤကား ဗုဒ္ဓက ထိုကဲ့သို့ သော မေးခွန်းများကို မိမိထံယူဆောင်လာသည့် ထိုမေးမြန်းသူတို့အား သူတို့၏ မျက်မှောက်ဘဝအတွင်းမှာပင် မဂ်ဉာဏ်များကို ကြိုးစားပြီး ရယူရန် အဘယ့်ကြောင့် ဆိုဆုံးမခဲ့ခြင်း၏ အကြောင်းပြချက်ဖြစ်၏။

ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဇာလိယသုတ်၌ မဏ္ဍိယနှင့် ဇာလိယမည်သော ပရိဗိုဇ်နှစ်ဦးက အလားတူမေးခွန်းများကို ဗုဒ္ဓထံယူဆောင်လာခဲ့ကြောင်း တွေ့ရ၏။ ဗုဒ္ဓက ယင်းတို့ကို မဖြေကြားခဲ့။ ဗုဒ္ဓက ထိုသူတို့အား ပထမ၊ ဒုတိယ၊ တတိယ စတုတ္ထဈာန်များကို ရယူရန်ဆုံးမခဲ့၏။ သူတို့သည် ဈာန်များကိုရပြီးနောက် ထိုကဲ့သို့ သော မေးခွန်းများ၌ စိတ်ဝင်စားသေးသလားဟု ဗုဒ္ဓက သူတို့အားမေး၏။ သူတို့က ဟုတ်မှန်ကြောင်း ဖြေကြ၏။

ထိုအခါ ဗုဒ္ဓက သူတို့အား ဝိပဿနာ ဘာဝနာကို အားထုတ်ရန် ဆုံးမ၏။ ဝိပဿနာဉာဏ်များကို သူတို့ရပြီးနောက် ထိုကဲ့သို့သောမေးခွန်းများ၌ စိတ်ဝင်စားသေး သလားဟု ဗုဒ္ဓက သူတို့အား တစ်ဖန်မေးပြန်၏။ သူတို့က ဟုတ်မှန်ကြောင်း ဖြေကြ၏။

ထိုအခါ ဗုဒ္ဓက သူတို့အား မဂ်ဉာဏ်များကို ရယူရန် ဆုံးမ၏။ မဂ်ဉာဏ်များကို သူတို့ရပြီးနောက် ထိုကဲ့သို့သော မေးခွန်းများ၌ စိတ်ဝင်စားသေးသလားဟု ဗုဒ္ဓက သူတို့အား တစ်ဖန် မေးပြန်၏။ သူတို့က ဟုတ်မှန်ကြောင်း ပြန်ဖြေကြ၏။

## မာလုကျပုတ္တရဟန်းအား ဘာဖြစ်ခဲ့သနည်း

ဗုဒ္ဓနှင့် အပြန်အလှန်ပြောဆိုပြီးနောက် မာလုကျပုတ္တရဟန်းသည် တစ်နေ့သ၌ ဗုဒ္ဓ ထံ လာ၍ ဤသို့ လျှောက်လေ၏။

အရှင်ဘုရား ဝိပဿနာဘာဝနာ၏ အကျဉ်းချုပ်ကို အကျွန်ုပ်အား ပေးတော်မူပါ။ အကျွန်ုပ်သည် ဆိတ်ငြိမ်သောနေရာသို့သွား၍ မဂ်ဉာဏ်များရရှိဖို့အတွက် လုံ့လကြီး မြဲမြဲသော သိမှတ်မှုဖြင့် အလုပ်လုပ်လိုပါ၏။



ဗုဒ္ဓက ဤသို့ ဖြေကြားလေ၏။

'ရဟန်း၊ သင်သည် အလွန် အိုမင်းမစွမ်းရှိချေပြီ၊ သင်သည် အရွယ်ကောင်းချိန်ကို ...စွာ လွန်သွားလေပြီ၊ ယခု သင်သည် သင့်ဘဝ၏ နောက်ဆုံးအဆင့်သို့ ရောက် ...ပြီ၊ သို့သော်ငြားလည်း သင်သည် ဝိပဿနာဘာဝနာ၏အကျဉ်းချုပ်ကို တောင်းခံ ...။ သင်ကဲ့သို့သော လူအိုသည် အကျဉ်းချုပ်ကိုတောင်းခံလျှင် ရဟန်းငယ်တို့က ...သနာဘာဝနာကို အားထုတ်လိုသည့်အခါ ဘာကို တောင်းခံကြမည်နည်း'

'အရှင်ဘုရား၊ အကျွန်ုပ်သည် အိုမင်းမစွမ်းဖြစ်နေပြီ မှန်ပါ၏။ အကျွန်ုပ်သည် ...၏ အရွယ်ကောင်းချိန်ကို များစွာ ကျော်လွန်ခဲ့ပေပြီ။ အကျွန်ုပ်သည် အကျွန်ုပ် ...၏ နောက်ဆုံးအဆင့်သို့ ယခု ရောက်နေပါပြီ။ သို့ရာတွင် အရှင်ဘုရား၊ အကျွန်ုပ် ...ည် အကျွန်ုပ်အား တရားအကျဉ်းချုပ်ကိုမျှသာ ဗုဒ္ဓပေးစေလိုပါ၏။ ဗုဒ္ဓ၏ တရားတော် ...ကို အကျွန်ုပ် နားလည်နိုင်စွမ်းရှိမည်ဟု မျှော်လင့်ပါ၏။ မဂ်ဉာဏ်များကို အကျွန်ုပ် ...နိုင်စွမ်းရှိမည်ဟု မျှော်လင့်ပါ၏'

ဗုဒ္ဓသည် ထိုစိတ်မာသည့်ရဟန်းအိုနှင့် ငြင်းခုန်ပြောရန် အချိန်မဖြုန်းခဲ့ချေ။ ...သည် ဝိပဿနာဘာဝနာ၏ အဓိကအချက်များကို နားလည်စေဖို့ အလွန်ကောင်း ...ည့် အခွင့်အရေးကိုပေးသော အလွန်ရှည်လျားသည့် အပြန်အလှန်ပြောစကားထဲသို့ ...ဟန်းကို ဆွဲခေါ်သွားလေ၏။ ဤအပြန်အလှန်ပြောခန်းသည် ဝိပဿနာဘာဝနာကို ...ထုတ်လိုသည့် ယောဂီများ အလွန်အရေးပါသည့် လမ်းညွှန်မှုတစ်ခု ဖြစ်လာခဲ့၏။ ...င်းအပြန်အလှန်ပြောခန်းကို မဂ္ဂင်လမ်းဆိုင်ရာ အတွဲ၌ အကျဉ်းမျှ ဖော်ပြထား၏။)

ထိုရဟန်းသည် ဆိတ်ငြိမ်ရာသို့သွား၍ ဝိပဿနာကိုလုံ့လကြီးစွာဖြင့် အားထုတ် ...နောက် မဂ်လေးပါးကိုရရှိလေ၏။ သူသည် တစ်ချိန်က သူထားရှိခဲ့သည့် ထိုဝါဒ ...မျိုးကို နောက်ထပ် သတိမရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၁

### ယထမဝါ

### သာသနာပြုလုပ်ငန်းအချီး

ယသသည် အလွန်ကြွယ်ဝသည့် မိဘတို့၏သားဖြစ်၏။ အမှန်အားဖြင့် သူ၏မိခင်သည် ဘုရားအလောင်း ဗုဒ္ဓအဖြစ်ကိုရရှိမည့်နေ့ ကဆုန်လပြည့် (မေလ) နေ့မှာ ဗုဒ္ဓအား နို့ဆွမ်း ကပ်လှူခဲ့သည့် သုဇာတာဖြစ်၏။ မိဘတို့သည် စည်းစိမ်ရင်ခွင်ထဲ၌ သူ့ကို မွေးမြူ ၏။ ဗုဒ္ဓသည် ပဉ္စဝဂ္ဂီရဟန်းငါးပါးစုအား အနတ္တလက္ခဏသုတ်ကို ဟောကြားပြီးနောက် ၁၀ ရက်ခန့်တွင် ယသသည် မိမိနေထိုင်ခံစားနေသည့် စည်းစိမ်ရှိဘဝကို ငြီးငွေ့သော ကြောင့် အရုဏ်မတက်မီ တစ်ဦးတည်း အိမ်မှထွက်သွားခဲ့၏။ သူသည် ဗုဒ္ဓနှင့် ရဟန်း ငါးပါးတို့နေထိုင်ရာ မိဂဒါဝုန်တောဆီသို့ အိုး၊ ဤခန္ဓာအစုကြီးကား ကြောက်စရာ ဒုက္ခကြီးပါတကား၊ ယင်းခန္ဓာကို ကိလေသာမျိုး အားလုံးက နှိပ်စက်နေပါတကား ရှုမှန်းစွာဖြင့် ဟစ်ကြွေးလျက် အမှတ်တမဲ့ လျှောက်သွားနေမိ၏။ သူသည် ဗုဒ္ဓအနီး ရောက်သောအခါ ဤအားကောင်းလှသည့် မနှစ်မြို့မှုကို ဟစ်ကြွေးနေတုန်းပင် ဖြစ်၏။

ထိုအချိန်၌ ဗုဒ္ဓသည် စင်္ကြံလျှောက်နေ၏။ ထိုအခါ ဗုဒ္ဓသည် ထိုင်၍ ယသ အား ဤသို့ ဖိတ်ခေါ်လေ၏။ 'ယသ၊ ငါသည် ကိလေသာတို့မှ သင့်ကိုလွတ်မြောက် စေနိုင်သည့်လမ်းကို သိရှိထားပြီ၊ ဤနေရာမှာထိုင်လော့၊ ငါသည် သင့်အား နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းကို ပြောကြားအံ့' ယသသည် ဗုဒ္ဓအနီး၌ ရှိသေစွာထိုင်လေ၏။

ဗုဒ္ဓက ယသအား ဤအနိမ့်အမြင့် စဉ်ထားသည့် တရားတော်ကို ဟောကြား လေ၏။

၁။ ပေးလှူခြင်းဒါန၏ ဂုဏ်များ

၂။ သီလဂုဏ်များ

၃။ အလှူဒါနများကိုပေးလှူခြင်းနှင့် သီလသိက္ခာပုဒ်များကို စောင့်ထိန်းခြင်းတို့၏ အကျိုးအားဖြင့် နတ်ပြည်တို့၌ ဖြစ်ရခြင်းများ။

ထို့ပြင် ဗုဒ္ဓသည် ယသကို သင့်လျော်သည့် စိတ်အနေအထားသို့ ဆောင်ယူ သောအခါ အရိယသစ္စာလေးပါးအား နိဒါန်းပျိုးသောအားဖြင့် ကာမဂုဏ်တို့၏အပြစ်



ကြောင်းဟောကြားလေ၏။ ထို့နောက် ဗုဒ္ဓသည် ကိလေသာတို့မှ လွတ်မြောက်မှု အစပျိုးသည့်အနေဖြင့် တောထွက်ခြင်း၏ ဂုဏ်များသို့ ဆက်ဟောလေ၏။

အနိမ့်အမြင့်စဉ်ထားသည့် တရားကိုဟောကြားစဉ်အတွင်းမှာ လုံလောက်သော ၏ တည်ကြည်မှုကို ယသ ရပြီးသောအခါ ဗုဒ္ဓသည် အရိယသစ္စာလေးပါး ကြောင်း အကျယ်ရှင်းပြလေ၏။ ယသသည် တရားမပြီးမီ သောတာပတ္တိမဂ်ကို လေ၏။

မိခင်သည် သူ့ကို သူ့အိမ်မှာ မတွေ့ရသောကြောင့် သူ့ဖခင်ထံသို့ အကြောင်းကို ကြားပို့လိုက်၏။ ဖခင်သည် ထိတ်လန့်သွားပြီး သားကိုရှာဖွေရန် မိဂဒါဝုန်တောဆီသို့ ပြေးလမ်းစွာသွား၏။ ဗုဒ္ဓသည် ဖခင်ကို အဝေးကမြင်သောအခါ သားသည် မမြင်ရဘဲ နေဝါစေဟူသည့် အဓိဋ္ဌာန်ကိုပြုလေ၏။ ဖခင်သည် အနီးသို့ရောက်လာသော် ဗုဒ္ဓကို ၍ မိမိသား ယသကို ဗုဒ္ဓ မြင်မိပါသလားဟု မေး၏။ ဗုဒ္ဓက ဤသို့ ပြန်ပြော ၏။ 'သူဌေးကြီး၊ သင်သည် သင့်သားကိုတွေ့လိုလျှင် ဤမှာထိုင်ပါ၊ သင်သည် ထိုင်နေစဉ်မှာ သင့်အနီး၌ထိုင်နေသည့် သင့်သားကို မြင်ရလိမ့်မည်'

ဖခင်သည် ဗုဒ္ဓအနီး၌ ထိုင်နေ၏။ ဗုဒ္ဓသည် သူ့အား (ရှေးကအတိုင်း) အနိမ့်အမြင့် စဉ်ထားသည့် တရားကို ဟောကြား၏။ ယင်းတရား၏အဆုံး၌ ဖခင်သည် သောတာ ပတ္တိမဂ်ကိုရရှိ၍ သူ့သား အရှင်ယသသည် စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သော အရဟတ္တ မဂ် ဖိုလ်ကို ရလေ၏။

ဗုဒ္ဓသည် သားကိုမမြင်နိုင်ဘဲ တည်နေစေသည့်အဓိဋ္ဌာန်ကို ရုပ်သိမ်းလိုက်သော အခါ ဖခင်သည် မိမိအနီး၌ထိုင်နေသည့် သားကို မြင်လေ၏။ ဖခင်က သားအား ဤသို့ပြောဆို၏။ 'ချစ်သား၊ သင့်မိခင်သည် သင့်ကို မတွေ့မြင်သောကြောင့် ဆင်းရဲ ကြီးစွာရပြီး မျက်ရည်စက်လက်ဖြစ်နေ၏၊ ကျေးဇူးပြု၍ ပြန်သွားပြီး သူ့မအား အသက်ကိုပေးပါလော့' သားက မဖြေချေ။ သူသည် မိမိ၏ကိုယ်စား ဖြေကြားပေးရန် တောင်းခံနေဘိအလား ဗုဒ္ဓကို ကြည့်နေ၏။ ထိုအခါ ဗုဒ္ဓက ဤသို့ဖြေကြား၏။ 'သူဌေးကြီး၊ ငါသည် ယခု သင့်အား မေးခွန်းတစ်ခု မေးအံ့၊ သင် စဉ်းစားမိတာကို ပြောလော့၊ ပုဂ္ဂိုလ်တစ်ဦးသည် သောတာပတ္တိမဂ်ကိုရပြီး၍ ထိုမဂ်ဖြင့် သင်ကိုယ်တိုင် သိမြင်ပြီးသည့်အတိုင်း အရိယသစ္စာလေးပါးကို သိမြင်သွား၏။ ထို့နောက် သူသည် ကျန်မဂ်သုံးပါးကို ရ၍ ရဟန္တာဖြစ်သွားသည်အထိ ဆက်သွား၏၊ ရဟန္တာသည် ကာမဂုဏ်တို့ကိုခံစားသည့် လူ၏အဆင့်သို့ ပြန်ကျသွားလိမ့်မည်လော' ဖခင်က 'မဟုတ်ပါဘုရား၊ ရဟန္တာသည် ကာမဂုဏ်တို့ကို ခံစားမည်မဟုတ်ပါ'ဟု ပြောကြား၏။

ဗုဒ္ဓသည် သူ့သား၏အခြေအနေကို ဤသို့ဆက်လက်ရှင်းပြ၏။ 'သူဌေးကြီး သင့်သား ယသသည် ဤနေရာသို့ သင်မရောက်မီကပင် သောတာပတ္တိမဂ်အားဖြင့် အရိယသစ္စာလေးပါးကို သိပြီးပြီ၊ ထို့နောက် သူသည် ကျန်မဂ်သုံးပါးကို သူရသည်

www.burmeseclassic.com

www.burmeseclassic.com



အထိ ဆက်သွားခဲ့၏။ ယခု သူသည် ရဟန္တာဖြစ်၏။ သူသည် မည်သည့်အခြေအနေတွင်မှ ကာမဂုဏ်တို့ကိုခံစားမည့် လူပုဂ္ဂိုလ်အဆင့်သို့ ပြန်လျောကျလိမ့်မည်မဟုတ်။ ဖခင်သည် ဝမ်းသာစွာဖြင့် မိမိ၏သားကား မိမိကိုယ်ကို ဒုက္ခမှ လုံးဝလွတ်မြောက်ခြင်းဖြင့် လူတစ်ဦးခံစားနိုင်သည့် အကျိုးကျေးဇူးအားလုံးကို အပြည့်အဝ ခံစားရပြီဟူ၍ ကြွေးကြော်လေ၏။ ဖခင်သည် ဗုဒ္ဓနှင့် မိမိသားအား မိမိအိမ်၌ ဆွမ်းလက်ခံပင့်ဖိတ်ပြီးနောက် ထွက်သွားသော် သားသည် ဗုဒ္ဓအား မိမိကို ရဟန်းဘောင်သို့ သွတ်သွင်းပေးရန် ပန်ကြား၏။ ဗုဒ္ဓသည် မိမိလက်ကိုဆန့်တန်းပြီး ဤသို့မိန့်ဆိုလေ၏။ 'ရဟန်း လာလော့၊ သင်တောင်းခံသည့်ရဟန်းအဖြစ်ကို ခံယူလော့၊ ငါသည် တရား (သစ္စာတရားများ)ကို ကောင်းစွာ ဟောပြီးပြီ၊ သီလဆိုင်ရာ ငါ၏ တရားများနှင့်အညီ သင့်ဘဝဆုံးသည့်တိုင် တိကျစွာ နေသွားလော့'

ဗုဒ္ဓနှင့် အရှင်ယသတို့သည် ဆွမ်းကိုခံယူရန် သူဌေးကြီး၏အိမ်သို့ ကြွသွားကြ၏။ သို့ရာတွင် ဆွမ်းမကပ်သေးမီမှာ ဗုဒ္ဓသည် အရှင်ယသ၏မိခင်နှင့် မယားဟောင်းတို့အား အနိမ့်အမြင့်စဉ်ထားသည့် တရားတော်ကို ဟောကြား၏။ ထိုတရားအဆုံး၌ ထိုသူနှစ်ဦးလုံး သောတာပတ္တိမဂ်ကို ရသွားကြ၏။ သူတို့က မိမိတို့ဘဝကုန်ဆုံးသည်အထိ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၌ မယိမ်းယိုင်သည့် ယုံကြည်မှုရှိသူ ဗုဒ္ဓ၏ ဥပါသကာများအဖြစ် မှတ်ယူပါရန် ဗုဒ္ဓအားပန်ကြားလေ၏။

ထို့နောက် များမကြာမီ သူဌေးသားများလည်းဖြစ်ကြသည့် အရှင်ယသ၏ မိတ်ဆွေလေးဦးတို့သည် အရှင်ယသအား ဖူးမြော်အရိုအသေပြုရန် ရောက်လာကြ၏။ ဗုဒ္ဓထံခေါ်ဆောင်သွားအပ်သော် သူတို့လည်း ဗုဒ္ဓထံမှ အနိမ့်အမြင့်စဉ်ထားသည့် တရားတော်ကို နာကြားပြီးနောက် မဂ်လေးပါးကိုရရှိပြီး ရဟန္တာများဖြစ်သွားကြ၏။ သူတို့၏ ပန်ကြားချက်အရ ဗုဒ္ဓသည်သူတို့ကို ရဟန်းဘောင်သို့ သွတ်သွင်းပေးလေ၏။

ရက်အနည်းငယ်ကြာသော် အရှင်ယသ၏ အနီးအနားရှိ ရွာများမှ မိတ်ဆွေ ၅၀ တို့သည် အရှင်ယသအား ရှိခိုးအရိုအသေပြုရန် ရောက်လာကြ၏။ ဗုဒ္ဓထံ ခေါ်ဆောင်သွားအပ်သော် သူတို့လည်း အနိမ့်အမြင့်စဉ်ထားသည့် ဗုဒ္ဓ၏ တရားတော် အဆုံး၌ ရဟန္တာများဖြစ်သွားကြ၏။ ဤရဟန္တာ ၅၀ တို့လည်း သူတို့၏ ပန်ကြားချက်အရ သံဃာ့ဘောင်သို့ သွတ်သွင်းပေးလေ၏။

ရဟန္တာများ၏ အရေအတွက်သည် ၅၅ ပါးမှ ယခု ၆၁ ပါးအထိ ရောက်သွားလေပြီ။ (အရှင်ကောဏ္ဍညအမှူးရှိသော ရဟန္တာငါးပါးနှင့် အရှင်ယသ အမှူးရှိသော ၅၅ ပါး)

သုမေဓာဘုရားလက်ထက်က အရှင်ယသအလောင်းသည် ဗုဒ္ဓနှင့်ရဟန်းတို့အား အဖိုးတန်သင်္ကန်းများကို လှူဒါန်းခဲ့၏။ သူသည် ထိုဘုရားရဟန္တာတို့အား အမြဲ ရိုသေ၍ အလွန်ပင်ပေးလှူခဲ့၏။ သိဒ္ဓတ္ထဘုရားလက်ထက်မှာ သူသည် ဖောင်အနာခုနစ်ပါးကို လှူဒါန်းခဲ့၏။ ကဿပဘုရားလက်ထက်၌ သူသည် ရဟန်း ပြုခဲ့၏။ ဤကမ္ဘာ၌ သူသည် မိမိ၏ရှေးဘဝတစ်ခုမှာ ပြည်သူ့အကျိုးပြုအဖွဲ့တစ်ခု၏ ခေါင်းဆောင်ဖြစ်ခဲ့၏။ ယင်းအဖွဲ့မှာ ခေါင်းဆောင်အပါအဝင် လူ ၅၀ ပါရှိ၏။ အဖွဲ့၏လုပ်ငန်းများထဲမှ တစ်ခုမှာ ဆင်းရဲနွမ်းပါး ခိုကိုးရာမဲ့သူတို့၏ အလောင်းကောင်တို့ကို ကောင်းစွာ မီးသင်္ဂြိုဟ်ပေးခြင်းဖြစ်၏။ တစ်နေ့သ၌ အဖွဲ့ဝင်တို့သည် ကိုယ်ဝန်ဆောင်မိန်းမတစ်ဦး၏ အလောင်းကောင်ကိုတွေ့ရှိ၍ မီးသင်္ဂြိုဟ်ရန် သုသာန်သို့ ယူသွား၏။ သုသာန်၌ အလောင်းအား မီးသင်္ဂြိုဟ်ခြင်းတာဝန်ကို ခေါင်းဆောင်နှင့် အခြားလူလေးဦးအားပေးပြီးနောက် အခြားအဖွဲ့ဝင်တို့ ထွက်သွားကြ၏။ မီးသင်္ဂြိုဟ်စဉ်မှာ ခေါင်းဆောင်၏စိတ်သည် အလောင်း၏ပုပ်ဆွေးခြင်းအပေါ်၌ လေးလေးနက်နက် စူးစိုက်ရှုမိလေ၏။ သူသည် အလောင်း၏ ပုပ်ဆွေးခြင်းအပေါ်၌ စိတ်ကို စူးစိုက်ရှုမှတ်သည့် မိမိ၏နည်းကို ပြီးပြည့်စုံအောင်ပြုပြီး ထိုရှုနည်းကို အခြားအဖွဲ့ဝင်တို့အား သင်ပြပေးခဲ့၏။ သူသည် ထိုနည်းကို မိမိ၏ မိဘများနှင့် မယားအားလည်း သင်ပေးခဲ့၏။ ယင်းရှုနည်းကို အသုဘဘာဝနာ (အလောင်း၏ပုပ်ဆွေးခြင်းအပေါ်၌ ရှုမှု)ဟု ခေါ်၏။ သူတို့သည် မိမိတို့ဘဝကုန်ဆုံးသည့်တိုင် ထိုရှုနည်းကို မှန်မှန်ဆက်လုပ်ခဲ့ကြ၏။ ဤဘာဝနာကုသိုလ်ကံက ဗုဒ္ဓ၏အနိမ့်အမြင့်စဉ်ထားသည့် တရားတော်ကိုနာကြားစဉ် သူတို့အား မဂ်ဖိုလ်တို့ကို လျင်မြန်စွာရရှိအောင် ကူညီပေးခဲ့၏။

## သာသနာပြုအလုပ် စတင်ပြီ

ခါကျွတ်လျှင်ကျွတ်ချင်း ဗုဒ္ဓသည် ရဟန္တာ ၆၀ တို့အား စုဝေးခိုင်းပြီး ဤသို့ မိန့်ဆိုသ၏။ 'ငါသည် နတ်၊ လူ၊ ကာမဂုဏ်တို့၏ အဓိကအခြေခံဖြစ်သည့် တဏှာ (ကိလေသာ)၏ ထောင်ချောက်တို့မှ မိမိကိုယ်ကို လွတ်မြောက်စေခဲ့ပြီ၊ ရဟန်းတို့၊ သင်တို့လည်း နတ်လူကာမဂုဏ်တို့၏ အဓိကအခြေခံဖြစ်သောတဏှာ (ကိလေသာ)၏ ထောင်ချောက်တို့မှ မိမိကိုယ်ကို လွတ်မြောက်စေခဲ့ကြပြီ။

'ရဟန်းတို့၊ ဗြဟ္မာ နတ် လူတို့အား မကောင်းတာကိုရှောင်၊ ကောင်းတာကို ပြုအောင်လည်းကောင်း၊ သူတို့အား တဏှာ၏ထောင်ချောက်များမှ မိမိတို့ကို လွတ်မြောက်စေမည့် ဉာဏ်အမြင်များကို ရရှိအောင်လည်းကောင်း ကူညီပေးရန်အလို့ငှာ သင်တို့သည် တစ်နေ့လျှင် အလွန်ဆုံး တစ်ယူဇနာ (အကြမ်းဖျင်း ၁၂ မိုင်ခန့်)နှုန်းဖြင့် အလုပ်ရှစ်မျက်နှာသို့ ခရီးထွက်ကြရမည်။ သင်တို့သွားသော် တစ်ဦးတည်း သွားရမည်။ ပြည့်သည့်ရဟန်းမှု အခြားရဟန်းတစ်ပါးကို အဖော်အဖြစ်ဖြင့် မိမိနှင့်အတူ ခေါ်သွား...

'ရဟန်းတို့ အစ အလယ် အဆုံး ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံသော တရားဓမ္မကို ဟောပြောကြလော့။ ယင်းဓမ္မ၏ အဓိပ္ပာယ်သာမက ယင်းဓမ္မကိုရှင်းပြရန်သုံးစွဲထားသည့် စကားလုံးများနှင့် သဒ္ဒါနည်းတို့လည်း ကောင်းမွန်ကြ၏။ ထိုဓမ္မသည် ပိုနေတာ

www.burmeseclassic.com



လိုနေတာ ဘာမျှမပါရှိသည့် ဓမ္မမျိုး ဖြစ်၏။ ပြီးပြည့်စုံသော မည်သည့်မကောင်းမှု နှင့်မျှ မရောယှက်သော သီလ သမာဓိ ပညာဟူသည့် အဓိကအပိုင်းသုံးခု ပါရှိသော တရားဓမ္မမျိုးကို နတ်လူတို့အား ဟောကြားကြပါစေ။ သီလဟူသည် တစ်စုံတစ်ဦးအား မမှန်တာကို ပြုလုပ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန် သိက္ခာပုဒ်များကို ဆောက်တည်ဖို့လို၏။ သမာဓိဟူသည် တစ်စုံတစ်ဦးအား စိတ်၏တည်ကြည်မှုရရှိအောင် ကမ္မဋ္ဌာန်းအားထုတ်ဖို့ လို၏။ ပညာဟူသည် စိတ်နှင့် ရုပ်ခန္ဓာ၏ အနိစ္စ ဒုက္ခ အနတ္တသဘောကို သိမြင်ရန် ကိလေသာတို့ကိုပယ်သတ်သည့် မဂ်ဉာဏ်လေးပါးကို ရရှိရန်အလို့ငှာ သတိပဋ္ဌာန် ရှုနည်းလေးပါးကို အားထုတ်ဖို့လို၏။

'ရဟန်းတို့ အရိယသစ္စာလေးပါးကိုသိမြင်၍ မဂ်ဖိုလ်များကို ရရှိရန် မိမိတို့ အရုံသင့်ဖြစ်စေပြီးသည့် ကုသိုလ်ကံများနှင့် ပြည့်စုံသော ဗြဟ္မာ နတ် လူတို့ များစွာ ရှိကြ၏။ သူတို့သည် သင်တို့ တရားကိုမကြားနာနိုင်လျှင် အရိယသစ္စာလေးပါးကိုသိ၍ မဂ်ဖိုလ်များကိုရဖို့ အခွင့်အရေးကို ကျော်လွန်သွားလိမ့်မည်။ သူတို့သည် သင်တို့ တရားကို နာကြားရလျှင် အရိယသစ္စာလေးပါးကို သိမြင်သည့် နတ်လူများစွာတို့ ကျော်ပေါ်ထွန်းလာလိမ့်မည်။

'ရဟန်းတို့၊ ငါသည်လည်း ရသေ့ညီနောင်သုံးဦး အမှူးရှိသော ရသေ့တစ်ထောင် အား တရားဓမ္မကို ဟောကြားရန်အလို့ငှာ ဥရုဝေလတောသို့ သွားအံ့'

ရဟန်းအားလုံးသည် ဗုဒ္ဓမိန့်ကြားသည့်အတိုင်း သာသနာပြုအလုပ်ကို လုပ်ဆောင် ရန် နေရာအနှံ့အပြားသို့ ထွက်သွားကြလေ၏။

## ရဟန်းပြုပေးနည်း ဒုတိယပုံစံ

ဗုဒ္ဓတစ်ပါးတည်းသည် တန်ဆောင်မုန်းလပြည့် (နို၀င်ဘာလခန့်)အထိ မိဂဒါဝုန်တော၌ နေခဲ့၏။ ထိုရဟန်းတို့အသီးသီးသည် သံဃာ့ဘောင်သို့ဝင်ရောက်လိုသည့် လူအချို့ အတွက် အလုံအလောက် စုဆောင်းရရှိသည့် အချိန်တိုင်းမှာ ယင်းတို့ကို ရဟန်းပြုပေးရန် ဗုဒ္ဓထံသို့ ခေါ်လာခဲ့၏။ သွားလိုက် ပြန်လိုက်လုပ်ရခြင်းသည် သာသနာပြုအလုပ် အား အနှောင့်အယှက်ဖြစ်၏ဟု တွေ့ရှိသောအခါ ဗုဒ္ဓသည် ထိုရဟန်းတို့အား ရဟန်းပြုပေးခွင့် အာဏာများကို ပေးအပ်လေ၏။ သံဃာ့ဘောင်ဝင်ရောက်လိုသော ပုဂ္ဂိုလ်သည် အောက်ပါလုပ်ငန်းစဉ်များကို ပြုလုပ်ရန် လိုအပ်လိမ့်မည်။

၁။ သူသည် မိမိ ဆံပင် နှုတ်ခမ်းမွေး မုတ်ဆိတ်ကို သန့်ရှင်းစွာရိတ်ရမည်။

၂။ ထို့နောက် သူသည် ဖန်ရည်ဆိုးထားသည့် သင်္ကန်းများကို ဝတ်ရုံရမည်။

၃။ သင်္ကန်းများကို သပ်ရပ်စွာ ဝတ်ရုံပြီးနောက် သူသည် ရဟန်း၏ခြေများ ကို မိမိ၏ ဦးခေါင်းဖြင့် ထိရမည်။ (ဦးခိုက်ရမည်)



၄။ ထို့နောက် သူသည် အချင်းချင်းထိထားသည့် လက်ဝါးနှစ်ဖက် (ဝါ) လက်အုပ်ကို မိမိ၏ ဦးခေါင်းပေါ်တင်ကာ ရဟန်း၏ရှေ့၌ ရိုသေစွာထိုင်လျက် အောက်ပါ တို့ကို ဆိုရမည်။

| | | | |
|---|---|---|---|
| | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ |
| | ဓမ္မံ | သရဏံ | ဂစ္ဆာမိ |
| | သံဃံ | သရဏံ | ဂစ္ဆာမိ |
| ဒုတိယမ္ပိ | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ |
| ဒုတိယမ္ပိ | ဓမ္မံ | သရဏံ | ဂစ္ဆာမိ |
| ဒုတိယမ္ပိ | သံဃံ | သရဏံ | ဂစ္ဆာမိ |
| တတိယမ္ပိ | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ |
| တတိယမ္ပိ | ဓမ္မံ | သရဏံ | ဂစ္ဆာမိ |
| တတိယမ္ပိ | သံဃံ | သရဏံ | ဂစ္ဆာမိ |

အထက်ပါကို အောက်ပါအတိုင်း လွတ်လပ်စွာ ဘာသာပြန်ထား၏။

အကျွန်ုပ်သည် မိမိကိုယ်ကို ဒုက္ခမှလွတ်မြောက်စေရန် ဗုဒ္ဓ ဓမ္မ သံဃာ၌ ကိုးကွယ်ဆည်းကပ်ပါ၏။

ရဟန်းပြုပေးခွင့်အာဏာများကို ပေးအပ်ပြီးနောက် ဗုဒ္ဓသည် ရဟန်းသစ်တို့အား ဤသို့ မိန့်ကြားလေ၏။ 'ရဟန်းတို့၊ မှန်ကန်စနစ်ကျသော ရှုမှတ်မှုနှင့် ပွားများ အားထုတ်မှုများဖြင့် ရဟန္တာပုဂ္ဂိုလ်သည် မြင့်မြတ်သော အတုမရှိသော အရဟတ္တမဂ်ကို ရယူနိုင်၏။ ငါသည် ထိုသို့ပြုရန် အချိန်ရတိုင်းမှာ မြင့်မြတ်သော အတုမရှိသော အရဟတ္တဖိုလ်ကို ရယူလေ့ရှိ၏။ ရဟန်းတို့ သင်တို့လည်း သာသနာပြုအလုပ်မှ အွတ်လပ်ချိန်တိုင်းမှာ မှန်ကန်စနစ်ကျသော ရှုမှတ်မှုနှင့် ပွားများအားထုတ်မှုအားဖြင့် မြင့်မြတ်သော အတုမရှိသော အရဟတ္တဖိုလ်ကို ရယူသင့်၏။

(ဖလ–ဖိုလ်ဟူသည် ဘ၀င်ကျနေခြင်းမျိုးဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသည် ဖိုလ်၌ရှိနေ (ဖိုလ်ဝင်စားနေ)သည့် အသိစိတ်ရှိနေသော်လည်း သူ၏ စိတ်သည် နိဗ္ဗာန်၌ငြိမ်ငြိမ်စွာ ထားနေလေသောကြောင့် သူသည် မိမိဝန်းကျင်ရှိလောကီအာရုံများကို မသိတော့ချေ။ သူသည် ရုပ်တုကဲ့သို့ မလှုပ်မယှက် ထိုင်နေ၏။)

၁။ သောတာပတ္တိမဂ်ကိုရပြီးသောသူသည် သောတာပတ္တိဖိုလ်ကို ရယူနိုင်၏။

၂။ ထို့အတူ ကျန်မဂ်သုံးပါးတွင် တစ်ပါးပါးကို ရပြီးသောသူသည် ဆိုင်ရာဖိုလ်တို့ကို ရယူနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၂

## ပထမပါ

## ဘဒ္ဒမင်းသားများကို ကယ်ချွတ်ခြင်း

တန်ဆောင်မုန်း (နိုဝင်ဘာလခန့်) လဆုတ်တစ်ရက်နေ့မှာ ဗုဒ္ဓသည် မိဂဒါဝုန်တောမှ ရသေ့ညီနောင် သုံးဦးတို့ ရသေ့တစ်ထောင်ကို ဦးဆောင်နေထိုင်နေရာ ဥရုဝေလတောသို့ ကြွသွား၏။ အစ်ကိုအကြီးမှာ သူ့အောက်၌ ရသေ့ငါးရာရှိ၏။ သူ့အမည်ကား ဥရုဝေလကဿပ ဖြစ်၏။ ဒုတိယညီကား နဒီကဿပ ဖြစ်၏။ သူ့မှာ သူ့အောက်၌ ရသေ့သုံးရာရှိ၏။ တတိယညီမှာ သူ့အောက်၌ ရသေ့နှစ်ရာရှိ၏။ သူ့အမည်ကား ဂယာကဿပ ဖြစ်၏။ သူတို့သည် နေရဉ္ဇရာမြစ်ကမ်းပေါ်၌ နေကြ၏။ သူတို့၏ သခ်မ်းကျောင်းတို့ကား အချင်းချင်းမှ မိုင်အနည်းငယ်စီ ဝေးကွာ၏။ ဗုဒ္ဓသည် ဘုရားလောင်းအဖြစ်နှင့် ထိုဥရုဝေလတော၌ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်သည့်အကျင့်များကို ကျင့်ကြံနေသည့်အခါ ဤရသေ့တို့၏ အိမ်နီးချင်းသား ဖြစ်ခဲ့၏။

ဤရသေ့များထံသွားသည့် ခရီးတွင် ဗုဒ္ဓသည် အကြောင်းထူးတစ်ခုကြောင့် ဥရုဝေလတောသို့သွားသည့် မူလလမ်းခရီးမှ ဖယ်ခွာပြီး ကပ္ပာသိကတောသို့ ကြွသွားခဲ့၏။ ထိုနေရာ၌သူသည် သစ်ပင်တစ်ပင်အောက်၌ ထိုင်နေ၏။ ထိုအချိန်၌ ကောသလမင်းကြီး၏ ညီဝမ်းကွဲများဖြစ်သည့် မင်းသား ၃၀ တို့သည် ထိုတောထဲ၌ ပျော်ပွဲစားခြင်းမျိုး ပြုလုပ်နေကြ၏။ သူတို့အနက် ၂၉ ဦးမှာ မိမိတို့၏မယားများကို ခေါ်လာခဲ့ကြ၏။ သူတို့အနက် မင်းသားတစ်ဦးမှာ မယားမရှိချေ။ ထို့ကြောင့် သူသည် ပြည့်တန်ဆာတစ်ဦးကို ခေါ်လာခဲ့၏။ သူတို့သည် အိပ်ပျော်နေသောအခါ ထို ပြည့်တန်ဆာမသည် မင်းသားရတနာများကို ခိုးယူ၍ ထွက်ပြေးခဲ့၏။ မင်းသားတို့သည် ထိုအကြောင်းကို သိရှိသောအခါ သူမနောက်သို့လိုက်ကြ၏။ သူတို့သည် သစ်ပင်တစ်ပင်အောက်၌ ထိုင်နေသည့် ဗုဒ္ဓကိုမြင်သော် သူ့အား မိန်းမတစ်ဦးကို မြင်မိပါသလားဟု မေးကြ၏။

ထိုအခါ ဗုဒ္ဓသည် အောက်ပါအတိုင်း သူတို့နှင့် အပြန်အလှန် ပြောဆိုလေ၏။

'မင်းသားတို့၊ သင်တို့သည် ထိုမိန်းမကို အဘယ်ကြောင့် ရှာနေကြသနည်း'

'မင်းသားတို့၊ ထိုမိန်းမကိုရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်း နှစ်မျိုးတွင် မည်သည်က သင်တို့အတွက် ကောင်းမြတ်သည်ဟု ထင်သနည်း'



'အရှင်ဘုရား၊ မိမိကိုယ်ကိုရှာဖွေခြင်းက ကောင်းမြတ်၏ဟု ထင်ပါ၏'

'မင်းသားတို့၊ ထိုသို့ဖြစ်လျှင် ထိုင်ကြလော့၊ သင်တို့အား ငါ တရားဟောအံ့'

'ကောင်းပါပြီ အရှင်ဘုရား၊ အကျွန်ုပ်တို့ ထိုသို့ပြုပါမည်'

ဗုဒ္ဓသည် သူတို့အား အနိမ့်အမြင့်စဉ်ထားသည့် တရားတော်ကို ဟောကြား၏။ ထိုတရား၏အဆုံး၌ ထိုသူတို့တွင် တစ်ဦးမျှ အကျိုးထူးမရဘဲမကျန်ခဲ့ချေ။ သူတို့အားလုံးသည် သောတာပတ္တိမဂ် ဖိုလ်၊ သကဒါဂါမိမဂ် ဖိုလ်၊ အနာဂါမိမဂ် ဖိုလ် ဟူသော အောက်မဂ်ဖိုလ် သုံးပါးတွင် တစ်ပါးပါးကို ရသွားကြ၏။ သူတို့၏ တောင်းခံချက်အရ ဗုဒ္ဓသည် သူတို့အား ရဟန်းပြုပေးနည်း ပထမပုံစံဖြင့် သံဃာ့ဘောင်သို့ သွတ်သွင်းပေး၏။ နောက်မကြာမီမှာ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အသမတ္တသုတ်မည်သော တရားကိုဟောကြားသည့်အခါတွင် ဤရဟန်း ၃၀-တို့သည် တရားကို နာခွင့်ရခဲ့ကြ၏။ ထိုတရား၏အဆုံး၌ သူတို့သည် စတုတ္ထနှင့် နောက်ဆုံးမဂ်ကို ရပြီး ရဟန္တာများ ဖြစ်သွားကြ၏။

ဤရဟန်း ၃၀ တို့သည် သူတို့၏ ရှေးဘဝများတစ်ခု၌ သေသောက်ကြူးများ ဖြစ်ခဲ့ကြ၏။ သူတို့သည် ဘုရားအလောင်းနှင့်တွေ့သော် ပုံစံပြောင်းသွားခဲ့ကြ၏။ သူတို့သည် မိမိတို့၏ အကျင့်ဆိုးများကို စွန့်ပြီး သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်း၊ မုသားပြောခြင်း၊ သေအရက်သောက်ခြင်းတို့မှ ရှောင်ကြဉ်ခြင်းဟူသော ငါးပါးသီလကို အသက်ထက်ဆုံး စောက်တည်သွားခဲ့ကြ၏။

မဟာဗုဒ္ဓဝင်ကျမ်းပြုဆရာက မင်းသားတို့သည် မိမိတို့အား မဂ် ဖိုလ်များတို့ အမြန် လျင်မြန်စွာ ရရှိစေနိုင်သည့် ငါးပါးသီလစောင့်ထိန်းခဲ့မှုအပြင် ကုသိုလ်ကံများစွာ ဆည်းပူးခဲ့ပြီး ဖြစ်ရမည်ဟု ယူဆ၏။ (မဟာဗုဒ္ဓဝင်အတွဲ ၂၊ နှာ ၅၄၃).

ဤမင်းသားတို့သည် အချိန်အများဆုံး အတူတကွနေခဲ့သောကြောင့် ဘဒ္ဒဝဂ္ဂိယ (ဘဒ္ဒမင်းသားစု) ဟု ထင်ရှားကြ၏။

## ပထမပါ

## ရသေ့တို့ကို ကယ်ချွတ်ခြင်း

ဗုဒ္ဓသည် ရသေ့များကိုတွေ့ရန် ဥရုဝေလတောသို့ ခရီးဆက်လေ၏။

ဗုဒ္ဓသည် ရသေ့များထံသို့ အဘယ့်ကြောင့် သွားခဲ့သနည်း။ ရသေ့ညီနောင် သုံးဦးနှင့် သူတို့၏ တပည့်များသည် သူတို့အား စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သည့် အရဟတ္တ မဂ် ဖိုလ်ကို ရရှိစေနိုင်မည့် လုံလောက်သောကုသိုလ်ကံများကို ဆည်းပူးထားပြီးပြီဟု ဗုဒ္ဓက သဗ္ဗညုတဉာဏ် (အလုံးစုံကိုသိခြင်း)ဖြင့် သိသောကြောင့် သူတို့ထံသို့ သွားခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ထင်ရှားသည့် ဥပမာနှစ်ခု

ရသေ့ညီနောင်များနှင့် သူတို့၏တပည့်များသည် အမှန်အားဖြင့် သူတို့၏ ရှေးဘဝများ… ကုသိုလ်များစွာကို ဆည်းပူးခဲ့ပြီးဖြစ်၏။ ဤသည်တို့မှ ဥပမာနှစ်ခုကို ဓာတ်တော်… ဖော်ပြထား၏။ ယင်းတို့ကား အောက်ပါအတိုင်းဖြစ်၏။

လွန်ခဲ့သည့် ကမ္ဘာတစ်သိန်းကျော်က ပဒုမုတ္တရမည်သော ဗုဒ္ဓ ပွင့်ပေါ်ခဲ့၏။ တစ်နေ့မှာ အရှင်ဥရုဝေလကဿပဖြစ်မည့် ပုဂ္ဂိုလ်သည် တစ်နေ့သ၌ ဗုဒ္ဓတရားတော်… နာကြားနေစဉ် နောက်လိုက်အရေအတွက်အများဆုံးရှိရာ၌ မိမိ၏သာဝကများတွင် အမြင့်မြတ်ဆုံးဟု ရဟန်းတစ်ပါးအား ဗုဒ္ဓက ချီးမွမ်းပြောနေသည်ကို ကြားခဲ့ရ… ဥရုဝေလကဿပအလောင်းသည် ထိုကြေညာချက်ကို အလွန့် အလွန်နှစ်ထောင်းအား… ဖြစ်ခဲ့၏။ ထို့ကြောင့် သူသည် ဗုဒ္ဓနှင့်ရဟန်းများကိုပင့်ဖိတ်ပြီး ခုနစ်ရက်တိုင် ဆွမ်း… ကပ်ခဲ့၏။ နောက်ဆုံးနေ့၌ သူသည် ဗုဒ္ဓနှင့်ရဟန်းအသီးသီးအား သင်္ကန်းသုံးထည်အစုံ… ကို ပေးလှူခဲ့၏။ ထို့နောက် သူသည် ဗုဒ္ဓနှင့် သံဃာအား ဆွမ်းနှင့် သင်္ကန်းများ… ပေးလှူရမှုကုသိုလ်ကံကြောင့် နောက်လိုက်အရေအတွက်အများဆုံးရှိရာ၌ မိမိ၏သာဝက… များတွင် အမြင့်မြတ်ဆုံးဟု ဗုဒ္ဓက ကြေညာအပ်သည့် ရဟန်းတစ်ပါးဖြစ်ရပါလို၏… ဆုတောင်း၏။ သူ၏ဆုသည် ဂေါတမဗုဒ္ဓလက်ထက်၌ပြည့်မည်ဟု ဗုဒ္ဓက သဗ္ဗညု… ဉာဏ်တော်ဖြင့် သိမြင်၏။ ထို့ကြောင့် ဗုဒ္ဓက သူ၏ဆုပြည့်လိမ့်မည်ဟု အတည်… မိန့်ဆိုလေ၏။

လွန်ခဲ့သည့် ၉၂ ကမ္ဘာကျော်က ကဿပမည်သော ဗုဒ္ဓ ပွင့်ပေါ်ခဲ့၏။ သူသည်… ကာသိတိုင်း၏ဘုရင် ဇယသေနနှင့် မိဖုရားကြီးသိရိမာတို့၏ သားဖြစ်၏။ မင်းကြီးသည်… ဆွမ်း၊ ကျောင်း၊ သင်္ကန်း၊ ဆေးဟူသော ပစ္စည်းလေးပါးဖြင့် ဗုဒ္ဓနှင့် ရဟန်းများအား… ထောက်ပံ့မှုတာဝန်ကို တစ်ဦးတည်းယူထား၏။ ပြည်သူတို့က ယင်းနှင့် ပတ်သက်၍… အလွန် မကျေမနပ်ဖြစ်ကြ၏။ သို့ရာတွင် မင်းကြီး၏ဆုံးဖြတ်ချက်ဖြစ် သောကြောင့်… ယင်းကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာကို သူတို့ ပြုခွင့်မရနိုင်ခဲ့ချေ။ ဘုရင်၏မိဖုရား… သုံးဦးမှ ဖွားသည့် သားသုံးဦးဖြစ်ကြသော မင်းသားသုံးဦးတို့ကလည်း မင်းကြီး၏… ဆုံးဖြတ်ချက်ကို မကျေနပ်ကြချေ။ တစ်နေ့သ၌ သူတို့သည် ပြည်သူတို့နှင့်ပူးပေါင်း… ကြံစည်၍ ဒေသတစ်ခု၌နေသူတို့အား သူပုန်ထရန် လှုံ့ဆော်ခဲ့၏။

မင်းကြီးသည် အလွန်ထိတ်လန့်ပြီး ပုန်ကန်မှုကို ချက်ချင်းနှိမ်နင်းရန် မိမိ၏… မင်းသားသုံးဦးကို စေလွှတ်လိုက်၏။ ယင်းသည် မိမိတို့၏ ပုန်ကန်မှုဖြစ်သောကြောင့်… မင်းသားတို့သည် ထိုပုန်ကန်မှုကို နှိမ်နင်းရန် အင်အားသုံးဖို့ မလိုချေ။ သူတို့သည်… ထိုအရပ်သို့သွား၍ သူပုန်တို့အား ပုန်ကန်မှုကို ရပ်စဲရန်ပြောကြားလေ၏။ မင်းကြီးသည်…



…ကန်မှုကို မိမိ၏သားသုံးဦးက လျင်မြန်စွာနှိမ်နင်းခဲ့မှုကို အလွန့် အလွန် နှစ်ထောင်း… အားရ ရှိသွား၏။ ထို့ကြောင့် သူတို့တောင်းသည့် ဘယ်ဆုမျိုးကိုမဆို ပေးမည်ဟု သူက… ကြေညာ၏။ မင်းသားတို့က ဗုဒ္ဓနှင့် ရဟန်းများအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့… ခွင့်ကို တောင်းခံကြ၏။ မင်းကြီးက မိမိသားတို့အား တခြားဆုများကို တောင်းရန်… ပြောကြား၏။ သားတို့က ထိုသို့ပြုရန် ငြင်းပယ်ကြ၏။ ထို့ကြောင့် မင်းကြီးသည်… သူတို့အား သုံးလအထိ ခွင့်ပေးခြင်းဖြင့် အလျှော့ပေးခဲ့ရ၏။

မင်းသားတို့သည် ပစ္စည်းလေးပါးပေးလှူဖို့အတွက် အစီအစဉ်များကိုပြုလုပ်ရန်… မိမိတို့၏ အမှုဆောင်အမတ်များအား အမိန့်ပေးလေ၏။ ထိုအမတ်များအား မင်းသား… တို့၏ ဘဏ္ဍာစိုးနှင့် မယားများက စိတ်ရောကိုယ်ပါ ကူညီပေးခဲ့၏။ ထိုကိစ္စများအရံသင့်… ဖြစ်သော် မင်းသားတို့သည် ဗုဒ္ဓနှင့် ရဟန်းများအား မိမိတို့နေရာသို့ ပင့်ဖိတ်၍ အလေး… အနက်ဆုံးသော ပူဇော်မှု၊ ပေးလှူမှုတို့ဖြင့် ပံ့အောချလေ၏။

မင်းသားသုံးဦးတို့သည် နန်းသား နောက်လိုက်တစ်ထောင်နှင့်အတူ မိမိတို့၏… …တ်နေကျ အဝတ်အစားများအစား ဖန်ရည်ဆိုးသင်္ကန်းများကိုဝတ်ကာ ကျောင်းမှူး၏… …ရိုက်အတွင်း၌နေ၍ ဗုဒ္ဓနှင့်ရဟန်းများ သက်သက်သာသာရှိမှုအတွက် အလုပ်လုပ်ရာ… …၌လည်းကောင်း၊ ဗုဒ္ဓ၏တရားတော်များကို နာကြားရာ၌လည်းကောင်း မိမိတို့၏… အချိန်ကို အကျိုးရှိစွာ အသုံးပြုကြလေ၏။

ဂေါတမဘုရားလက်ထက်၌ ဤမင်းသားတို့၏ အမှုဆောင်အမတ်သည် ဗိမ္ဗိသာရ… …င်း ဖြစ်လာခဲ့၏။ ဘဏ္ဍာစိုးသည် ဝိသာခသူဌေးကြီး ဖြစ်လာခဲ့၏။ ဘဏ္ဍာစိုး၏… …ယားသည် ဝိသာခသူဌေး၏မယား ဓမ္မဒိန္နာ ဖြစ်လာခဲ့၏။ မင်းသားသုံးဦးနှင့် သူတို့… …န်းတွင်းသူနန်းတွင်းသား နောက်လိုက်တစ်ထောင်တို့သည် ပုဏ္ဏားမျိုးတို့၌ မွေးဖွားခဲ့… …ကြ၏။ သူတို့သည် အရွယ်ရောက်သော် တောထွက်၍ ရသေ့ပြုခဲ့ကြ၏။

## ဥရုဝေလကဿပနှင့်တွေ့ခြင်း

…သည် ရဟန္တာဖြစ်ပြီဟု ထင်မှတ်မှားနေသည့် အစ်ကိုအကြီးဆုံး ဥရုဝေလကဿပ၏… …သခမ်းကျောင်းသို့ ကြွသွား၏။ ဗုဒ္ဓကို သာမညရဟန်းဟု ထင်မှတ်၏။ ဗုဒ္ဓက… …ရသေ့တို့ မီးကိုပူဇော်ရာ တဲကျောင်း၌ တစ်ညတာနေထိုင်ခွင့်ကို တောင်းသည့်အခါ… …ရသေ့တို့၏ခေါင်းဆောင် ဥရုဝေလကဿပက ထိုတဲကျောင်း၌ အလွန်ကြောက်စရာ… …ကောင်းသည့် မြွေတစ်ကောင်ရှိ၏ဟုပြန်ပြော၏။ ဗုဒ္ဓက ခေါင်းဆောင်ထံမှ ခွင့်ပြု… …နိုင်လျှင် ထိုနေရာ၌ ညအခါနေထိုင်ဖို့ မိမိဝန်လေးမည်မဟုတ်၊ မြွေက မိမိအား… …ကွမပေးနိုင်ဟု ဆိုလေ၏။ ဗုဒ္ဓသည် ခွင့်ပြုချက်ရသော် တဲကျောင်းထဲဝင်သွား၏။ …သည် ထိုနေရာ၌ မိမိစိတ်ကို မီးအပေါ်၌ စူးစိုက်ရှုခြင်းဖြင့် …ဈာန်ကို ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဤနည်းကို တောဓာကသိုဏ်းဟု ခေါ်၏။ ထိုအဘိညာဉ်ကြောင့် ဗုဒ္ဓသည် တစ်စုံတစ်ဦးကိုမျှ မထိခိုက်စေမည့် အလွန်တောက်ပသည့် မီးလျှံတို့ဖြင့် တဲကျောင်း တစ်ခုလုံးကို ပြည့်စေနိုင်ခဲ့၏။ အရုဏ်တက်ချိန်၌ ဗုဒ္ဓသည် မြွေကို မိမိ၏ သပိတ်၌ ထည့်ပြီး ခေါင်းဆောင်အားပြ၏။ ခေါင်းဆောင်နှင့်သူ့တပည့်တို့သည် မြွေကို ဗုဒ္ဓ ဆုံးမနိုင်ခြင်းကိုသာမက တောက်ပသည့် မီးလျှံတို့ဖြင့် တဲကျောင်းတစ်ခုလုံးကို ပြည့်စေ နိုင်သည့် ဗုဒ္ဓ၏ တန်ခိုးဣဒ္ဓိများကိုလည်း အလွန့်အလွန် နှစ်ထောင်းအားရဖြစ်ကြ လေ၏။ သို့ရာတွင် ခေါင်းဆောင်ရသေ့သည် ဤရဟန်းကြီး (ဗုဒ္ဓကိုဆိုလို)ကား တန်ခိုး ကြီး၏။ သို့ရာတွင် ငါကဲ့သို့ကား ရဟန္တာမဟုတ်သေးဟု ထင်လေ၏။ ဗုဒ္ဓသည် ခေါင်းဆောင်ရသေ့ ဘာစဉ်းစားခဲ့သည်ကို သိရှိ၏။

ထိုနေ့၌ ဗုဒ္ဓသည် ထိုတဲကျောင်းမှ အနီးရှိသော တောတစ်ခုသို့ ပြောင်းရွှေ့သွား ၏။ ညအခါတွင် စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့ ဗုဒ္ဓထံလာရောက်၍ သူတို့ လွှတ်လိုက်သည့် အလင်းရောင်သည် သည်တောဒေသကြီးကို ထွန်းလင်းစေခဲ့၏။ ဤပုဂ္ဂိုလ်လေးဦးကား ဘယ်သူတွေနည်းဟု ခေါင်းဆောင်ရသေ့ကမေးသော် ဗုဒ္ဓက ထိုသူတို့သည် နတ်မင်းကြီးလေးပါးဖြစ်ကြောင်း ပြန်ပြော၏၊ ခေါင်းဆောင်ရသေ့သည် ရှေးကအတိုင်းပင် ရဟန်းကြီးကား တန်ခိုးကြီး၏၊ သို့သော် ငါကဲ့သို့ကား ရဟန္တာ မဟုတ်သေးဟု ထင်လေ၏။

ဗုဒ္ဓသည် ခေါင်းဆောင်ရသေ့နှင့် သူ့နောက်လိုက်တို့ကား မိမိတရားကို နာကြားရန် အပြည့်အဝမရင့်ကျက်သေးဟု သိ၏။ ထို့ကြောင့် ဗုဒ္ဓသည် သင့်တော်သည့်အချိန်ကို စောင့်ဆိုင်းနေစဉ် ရသေ့တို့နှင့် သုံးလကြာနေထိုင်စဉ်အတွင်း၌ တန်ခိုးဣဒ္ဓိ ၁၆ မျိုးကို ပြခဲ့၏။ တန်ခိုးဣဒ္ဓိပြပြီးတိုင်း ခေါင်းဆောင်ရသေ့သည် ထုံးစံအတိုင်းပင် ရဟန်းကြီး ကား တန်ခိုးကြီး၏၊ သို့သော် ငါကဲ့သို့ကား ရဟန္တာမဟုတ်သေးဟု ထင်လေ၏။

တစ်နေ့တွင် အချိန်ရောက်လာလေပြီ။ ထိုနေ့၌ ပြင်းထန်သည့်မိုးကြီးရွာသွန်းခဲ့၏။ ယင်းမိုးသည် ဗုဒ္ဓနေထိုင်ရာ အနိမ့်ပိုင်းဒေသကို ကောင်းကောင်းကြီး ရေလွှမ်းနိုင်ခဲ့၏။ ဗုဒ္ဓသည် ထုံးစံအတိုင်းပင် မိမိနေထိုင်ရာ မြေကွက်ငယ်တစ်ခုကို ရေမထိအောင် အဘိညာဉ်ကို ပြုလုပ်ခဲ့၏။ သူသည် ထိုနေရာမှ တခြား တန်ခိုးဣဒ္ဓိတစ်ခုသို့ ပြောင်း သွားပြီး မြေကွက်ငယ်သည် ပြင်းစွာရွာသည့်မိုးမှ လွတ်ကင်းပါစေဟု၍ အဓိဋ္ဌာန်ပြု လေ၏။ ထိုနေရာကလေးပေါ်၌ ဗုဒ္ဓသည် စင်္ကြံလျှောက်သွားသည့်အခါ မြူမှုန်များကို ထနေစေ၏။ ခေါင်းဆောင်ရသေ့နှင့် ရသေ့အချို့သည် ဘေးအန္တရာယ်မှ ဗုဒ္ဓကို ကယ်တင်ရန် ရည်ရွယ်ကာ လှေဖြင့် ဗုဒ္ဓထံသွားကြ၏။ ထို့ကြောင့် သူတို့သည် ဗုဒ္ဓ စင်္ကြံလျှောက်နေသည်ကို တွေ့ရ၍ အံ့သြကြလေ၏။ ခေါင်းဆောင်ရသေ့သည် မိမိ မျက်စိများကိုမယုံ၍ 'ဟော့ ရဟန်းကြီးလား'ဟု အော်ပြော၏။ ဗုဒ္ဓသည် 'ဟုတ်တယ်'



ဟု ပြန်ပြောပြီးနောက် ကောင်းကင်သို့ပျံတက်ပြီး သူတို့ လှေထဲသို့ ဆင်းလေ၏။ ဤအဖြစ်ကိုမြင်ရသော ခေါင်းဆောင်ရသေ့သည် ထုံးစံအတိုင်းပင် ရဟန်းကြီးသည် တန်ခိုးကြီး၏၊ သို့သော် ငါကဲ့သို့ကား ရဟန္တာမဟုတ်သေးဟု ထင်လေ၏။

သင့်တော်သည့်အချိန် ရောက်လာပြီဖြစ်သောကြောင့် ဗုဒ္ဓက ဤသို့ဆိုလေ၏။ 'ကဿပ ၁။ သင်သည် ရဟန္တာမဟုတ်၊ ၂။ သင်သည် အရဟတ္တမဂ်ကို မရသေး၊ ၃။ အရဟတ္တမဂ်ကိုထားဘိဦး အရဟတ္တမဂ်ကိုရကြောင်း လမ်းမှန် အစအနကလေး ကိုပင် မတွေ့ရှိသေး'

ဗုဒ္ဓ၏ ဤသုံးဝါကျတို့သည် ရသေ့ခေါင်းဆောင်အား မိမိ၏ လမ်းအမှားကို မြင်သွားစေခဲ့၏။ ထို့ကြောင့် သူသည် အချိန်ကိုမဖြုန်းဘဲ ဗုဒ္ဓ၏ ခြေတော်များကို မိမိ၏နဖူးဖြင့်ထိ၍ ဤသို့ တောင်းခံလေ၏။ 'ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား ရဟန်းဘောင်သို့ သွတ်သွင်းပေးတော်မူပါ'

ဗုဒ္ဓသည် သူ့အား သံဃာ့ဘောင်သို့ ချက်ချင်း သွတ်သွင်းမပေးချေ။ ဗုဒ္ဓက သူ့အား 'သင်သည် လမ်းအသစ်သို့ကူးပြောင်းသွားရန်မဆုံးဖြတ်မီ မိမိတပည့်များနှင့် တိုင်ပင်လျှင် သင့်တော်မည်မဟုတ်လော'ဟု ပြောလေ၏။ သူသည် ထိုသို့ပြုသော် ရသေ့အားလုံးတို့သည် တညီတညွတ်တည်း သူ၏အကြံပြုချက်ကို လက်ခံကြလေ၏။ သူတို့အားလုံးသည် မိမိတို့၏ ရသေ့ပရိက္ခရာများကို နေရင်းရာမြစ်ထဲသို့ ပစ်ချပြီးနောက် ဗုဒ္ဓထံသို့ တစ်စုတည်း သွားကြ၏။ ဗုဒ္ဓသည် သူတို့ကို သူတို့၏ တောင်းခံချက်အရ ရဟန်းပြုနည်း ပထမပုံစံဖြင့် သံဃာ့ဘောင်သို့ သွတ်သွင်းပေးခဲ့၏။

သူတို့၏ ပရိက္ခရာတို့သည် မြစ်ပေါ်မျောသွားသောအခါ ယင်းပစ္စည်းတို့ကို ဒုတိယညီတော် နဒီကဿပနှင့် သူ၏တပည့်ရသေ့သုံးရာတို့က မြင်ကြ၏။ နဒီကဿပ သည် ဘေးဒုက္ခတစ်စုံတစ်ရာပေါ်ပေါက်လေသလောဟု သိရှိရန် အစ်ကိုအကြီးဆုံးထံသို့ ချက်ချင်းသွားလေ၏။ သူသည် အခြေအနေမှန်ကိုသိရသော် မိမိ၏အစ်ကိုအကြီးဆုံး အား ဤသို့ မေးမြန်းလေ၏။ 'နောင်တော်ကဿပ၊ ဗုဒ္ဓထံ၌ ရဟန်းအဖြစ်သည် တကယ်ပင် ချီးမွမ်းထိုက်၍ မြင့်မြတ်ပါသလော' အစ်ကိုအကြီးဆုံးက 'ဟုတ်မှန်၏'ဟု ပြန်ပြောလေ၏။

နဒီကဿပသည် မိမိ၏ သခ်မ်းကျောင်းသို့ပြန်သွားပြီး ရဟန်းဘောင်သို့ ဝင်ရောက်ရန် အကြံပြု၏။ ယင်းအကြံကို ရသေ့တို့က တညီတညွတ်တည်း လက်ခံ ကြ၏။ သူတို့သည် မိမိတို့၏ ရသေ့ပရိက္ခရာများကို နေရင်းရာမြစ်ထဲသို့ ပစ်ချပြီးနောက် သံဃာ့ဘောင်သို့ဝင်ရောက်ရန် ဗုဒ္ဓထံသို့တစ်စုတည်းသွားကြ၏။ နောင်တော်နှစ်ဦးနှင့် ...တ်သက်၍ သတင်းကိုကြားရသော် ညီအငယ်ဆုံး ဂယာကဿပနှင့် သူ့တပည့် ရသေ့ ...့သည် အလားတူပင် ရဟန်းဘောင်သို့ ဝင်ရောက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပထမဝါ
## အာဒိတ္တ ပရိယာယသုတ်

ရက်အတန်ကြာသော် ဗုဒ္ဓသည် ရသေ့ခေါင်းဆောင်များနှင့် သူတို့၏နောက်လိုက် တစ်ထောင်တို့ကို ဂယာရွာအနီးရှိ ဂယာသီသခေါ် တောင်ကုန်းတစ်ခုသို့ ခေါ်သွားတော်မူ၏။ ထိုနေရာ၌ ဗုဒ္ဓသည် ရသေ့တို့အား တရားဟော၏။ ထိုတရားကား အာဒိတ္တ ပရိယာယသုတ်ဟု ထင်ရှား၏။ ယင်းတရားသည် အားလုံး မီးလောင်နေ၏ဟု ဆိုလို၏။ စာရှုသူတို့သည် ထိုသုတ်ကိုမဖတ်မီသုတ်အမည်၏အဓိပ္ပာယ်ကို နားလည်ထားလျှင် အကျိုးရှိလိမ့်မည်။ ထို့ကြောင့် ထိုသုတ်၏ အကျဉ်းရှင်းပြချက်ကို ဤ၌ပေးပါမည်။

ဗြဟ္မာများမှစ၍ ငရဲသားများအထိ သတ္တဝါအားလုံးတို့သည် မီးဖြင့်လောင်နေကြ၏။ ယင်းတို့ကိုလောင်နေသည့်မီးကား ၁၁ မျိုးရှိ၏။ ယင်းတို့ကား တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ မသိခြင်း၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲ ပြင်းစွာပူပန်ခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ'တို့ဖြစ်၏။ ဗုဒ္ဓသည် ရသေ့တို့အား ပဋိသန္ဓေ၏အကြောင်းရင်းများကို မသိလျှင် ဤမီး ၁၁ ပါးမှ သူတို့ လွတ်မြောက်လိမ့်မည်မဟုတ် ဟူသော အချက်ကို သိစေလို၏။ တပ်မက်ခြင်း၊ အမျက်ထွက်ခြင်းစသည်တို့ကိုရှင်းပြရာ၌ မီးဥပမာကို ဗုဒ္ဓအသုံးပြုခြင်းမှာ ယင်းသည် မကြာသေးမီကာလအထိ မီးကိုပူဇော်ခဲ့ကြသည့် ရသေ့ဟောင်းတို့အပေါ်၌ လွန်စွာ အကျိုးသက်ရောက်မည်ဖြစ်သောကြောင့်တည်း။ သုတ်၏အကျဉ်းချုပ်ကား အောက်ပါအတိုင်း ဖြစ်၏။

ရဟန်းတို့၊ သတ္တဝါအားလုံးသည် မီးဖြင့်လောင်နေကြ၏။ ရဟန်းတို့၊ မီးဖြင့် လောင်နေသည့် အရာတို့ကား အဘယ်နည်း။ မျက်စိသည် မီးဖြင့် လောင်နေ၏။ မျက်စိကမြင်သော အဆင်းအာရုံတို့သည် မီးဖြင့်လောင်နေ၏။ မျက်စိအား အဆင်းအာရုံများကို မြင်စေသည့် အသိစိတ်သည် မီးဖြင့်လောင်နေ၏။ မျက်စိနှင့်အဆင်းအာရုံ တွေ့ထိမှု (ဖဿ)တို့သည် မီးဖြင့်လောင်နေ၏။ ကောင်းသောခံစားမှု မကောင်းသော ခံစားမှု၊ ကောင်း မကောင်းမဟုတ်သည့် ခံစားမှု၊ မျက်စိနှင့် အဆင်းအာရုံတို့တွေ့ထိမှုကြောင့် ဖြစ်ပေါ်လာသည့် ဤခံစားမှုတို့သည် မီးဖြင့်လောင်နေကြ၏။ ယင်းတို့ကား အဘယ်မီးမျိုးတွေနည်း၊ ယင်းတို့ကား တပ်မက်ခြင်းမီး၊ အမျက်ထွက်ခြင်းမီး၊ စိတ်နှင့် ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မသိမှုမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး ၁၁ မျိုးတို့ ဖြစ်၏။

ရဟန်းတို့ ဤမီးများအပေါ် လေးနက်စွာစူးစိုက်ရှုမှုနှင့် မှန်ကန်သော ဝိပဿနာ အားထုတ်မှုတို့အားဖြင့် ယင်းမီးတို့ကိုသိမြင်နိုင်သော ငါ၏တပည့်သားတို့သည် မျက်စိ၊ မျက်စိကမြင်သည့်အဆင်းအာရုံ၊ မျက်စိအား အဆင်းအာရုံကို မြင်စေသည့်



အသိစိတ်၊ မျက်စိနှင့်အဆင်းအာရုံတို့ တွေ့ထိမှုများ၊ မျက်စိနှင့် အဆင်းအာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်ပေါ်လာသည့်ခံစားမှုများကို စေနိပင် ငြီးငွေ့ကြလေမည်။

ဤငြီးငွေ့မှုကြောင့် မျက်စိအဆင်းအာရုံ၊ မြင်သိစိတ်၊ အတွေ့ခံစားမှုတို့၌ ငါ့တပည့်သားတို့၏ တပ်မက်မှုကိုပယ်သတ်အပ်ပေသည်။ တပ်မက်မှုကို ဤသို့ပယ်သတ် အပ်သောအခါ သူတို့သည် ကိလေသာတို့မှ လွတ်မြောက်ကြလိမ့်မည်။ သူတို့သည် ဤသို့လွတ်မြောက်သောအခါ မိမိတို့ လွတ်မြောက်ကြပြီဟု သူတို့အား သိမြင်စေသည့် ဉာဏ်အမြင်ကိုရရှိလိမ့်မည်။ သူတို့သည် ၁။ မိမိတို့မှာ နောက်ထပ် ပဋိသန္ဓေနေရမှု ရှိတော့မည်မဟုတ်ဟူ၍လည်းကောင်း၊ ၂။ နိမ့်ကျသည့် အောက်တန်းစားဘုံတို့၌ ပဋိသန္ဓေနေရမှုမှ မိမိတို့ကိုယ်ကို တားမြစ်ရန်အလို့ငှာ ကောင်းသောကိုယ်မှုများကို ပြုဖို့၊ ကောင်းသောစကားကိုပြောဖို့၊ ကောင်းသောအကြံအစည်များကို ကြံစည်ဖို့ ညွှန်ပြအပ်သည့်လမ်း၏ အဆုံးသို့ မိမိတို့ရောက်ပြီဟုလည်းကောင်း၊ ၃။ မိမိတို့သည် မဂ်ဉာဏ်အားလုံးကိုရပြီဟုလည်းကောင်း၊ ၄။ မဂ်ဉာဏ်များကိုရဖို့အတွက် နောက်ထပ် ဘာစုံတစ်ရာ လုပ်ဆောင်ဖို့မလိုတော့ပြီဟုလည်းကောင်း ဤသို့ မိမိတို့အား သိမြင်စေသည့်အမြင်ကိုလည်း ရကြလိမ့်မည်။

(နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အတွေ့၊ စိတ်နှင့်အကြံ အာရုံတို့ကိုလည်း မျက်စိနှင့် အဆင်း အာရုံတို့ နည်းအတိုင်း ပြုပါလေ။)

အဖွင့် အနုသယဟု ခေါ်သောအရာသည် ရှိ၏။ ယင်းတို့ ပါဠိအင်္ဂလိပ် အဘိဓာန် (ပါဠိကျမ်းစာအသင်း)ထဲ၌ ဤသို့ အဓိပ္ပာယ်ရှင်းထား၏။ 'ကိုင်းညွတ်ခြင်း၊ ငုံ့ကွက်ခြင်း၊ ကြံကြံခဲငြိမ်ဝပ်နေခြင်း၊ ငုတ်နေသည့်သဘော၊ တင်ကူးဖြစ်နေသည့် သဘော၊ ဆိုက်ပါဖြစ်တတ်သည့်သဘော(ယင်းတို့သည်) အမြဲမကောင်းသည့် အဓိပ္ပာယ်နှင့် ရှိ၏။ ဟောဗုဒ္ဓဝင် (မြန်မာလို) ကျမ်းပြုဆရာက ယင်းကို ကိလေသာ (စိတ်၏အညစ်အကြေး)၏ မျိုးစေ့ဟု အဓိပ္ပာယ်ဖွင့်၏။

အနုသယ ခုနစ်မျိုးရှိ၏။ ယင်းတို့ကား

က။ ဒိဋ္ဌာနုသယ ဟူသည် သက္ကာယဒိဋ္ဌိဟူသော သစ်ပင်ကို ၎င်းမှ ပေါက်လာစေနိုင်သည့် မျိုးစေ့ကို ဆိုလို၏။ သက္ကာယဒိဋ္ဌိဟူသည် စိတ်နှင့်ရုပ် (ခန္ဓာငါးပါး) အကြောင်းမှားသော ရှုမြင်မှုကိုဆိုလို၏။

ခ။ ဝိစိကိစ္ဆာနုသယ ဟူသည် ယုံမှားမှုဟူသော သစ်ပင်ကို ၎င်းမှ ပေါက်လာစေနိုင်သည့် မျိုးစေ့ကို ဆိုလို၏။ ဝိစိကိစ္ဆာသည် ယုံမှားခြင်းကိုဆိုလို၏။

ဂ။ ကာမရာဂါနုသယ ဟူသည် ကာမရာဂဟူသော သစ်ပင်ကို ၎င်းမှ ပေါက်လာစေနိုင်သည့် မျိုးစေ့ကို ဆိုလို၏။ ကာမရာဂဟူသည် အဆင်းအသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော အာရုံငါးပါး၌ တပ်မက်မှုကို ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com



ဃ။ ပဋိဃာနုသယ ဟူသည် ပဋိဃဟူသော သစ်ပင်ကို ၎င်းမှ ပေါက်လာ နိုင်သည့် မျိုးစေ့ကို ဆိုလို၏။ ပဋိဃဟူသည် အမျက်ဒေါသကို ဆိုလို၏။

င။ မာနာနုသယ ဟူသည် မာနဟူသော သစ်ပင်ကို ၎င်းမှ ပေါက်လာစေနိုင်သည့် မျိုးစေ့ကို ဆိုလို၏။ မာနဟူသည် ထောင်လွှားခြင်းကိုဆိုလို၏။

စ။ ဘဝရာဂါနုသယ ဟူသည် ဘဝရာဂဟူသော သစ်ပင်ကို ၎င်းမှ ပေါက်လာ နိုင်သည့် မျိုးစေ့ကို ဆိုလို၏။ ဘဝရာဂဟူသည် ဗြဟ္မာများအဖြစ် ပဋိသန္ဓေ နေမှု၌ တပ်မက်ခြင်းကိုဆိုလို၏။

ဆ။ အဝိဇ္ဇာနုသယ ဟူသည် အရိယသစ္စာလေးပါးကို သိနိုင်စွမ်းမရှိမှုဟူသော သစ်ပင်ကို ၎င်းမှပေါက်လာစေနိုင်သည့် မျိုးစေ့ကို ဆိုလို၏။ အဝိဇ္ဇာဟူသည် အရိယသစ္စာလေးပါးကို သိနိုင်စွမ်းမရှိမှုကို ဆိုလို၏။

ပုထုဇဉ် (မဂ်ဉာဏ်တစ်ခုမျှ မရသေးသူ)၏ စိတ်သည် ဤအနုသယခုနစ်ပါး ပြည့်လျှံနေပြီး မြဲမြဲစွာ ပျံ့နှံ့နေ၏။ မဂ်ဉာဏ်တို့မှတစ်ပါး ကမ္ဘာရှိ ဘယ်အရာဝတ္ထု ယင်းတို့ကို မပယ်သတ်နိုင်။

ပထမမဂ်သည် က နှင့် ခ ကို ပယ်သတ်၏။

ဒုတိယမဂ်သည် ကျန်အနုသယငါးပါးကို အားနည်းအောင်ပြု၏။

တတိယမဂ်သည် ဂ နှင့် ဃ ကို ပယ်သတ်၏။

စတုတ္ထမဂ်သည် င နှင့် စ တို့ကို ပယ်သတ်၏။

ယင်းအနုသယများနှင့်ပတ်သက်၍ မှတ်ဖွယ်လက္ခဏာတစ်ခုကား ယင်း ကိုယ်တိုင်ကမူ အန္တရာယ်မရှိဟူသော အချက်ဖြစ်၏။ စိတ်သည် အဆင်း၊ အသံ၊ အ အရသာ အတွေ့နှင့် အကြံအာရုံ ဟူသော အာရုံခြောက်ပါး တစ်ပါးပါးနှင့် မတွေ့ သရွေ့ကာလပတ်လုံး ယင်းအနုသယတို့သည် ငြိမ်ဝပ်တည်ရှိနေ၏။ ဤငြိမ်ဝပ် သည့်အဆင့်၌ ယင်းတို့ကို အနုသယကိလေသာများ (ဝါ) ကိလေသာတို့၏ မျိုး များဟု ခေါ်၏။

သို့ရာတွင် စိတ်သည်အာရုံခြောက်ပါးတစ်ပါးပါးနှင့် တွေ့ဆုံသည့်အခါ စိတ်သ အများအားဖြင့် လောဘ၊ ဒေါသ၊ မောဟကဲ့သို့သော ကိလေသာတို့နှင့် ပြည့်န သွား၏။ ဤစိတ်၏အဆင့်၌ ကိလေသာတို့ကို ပရိယုဋ္ဌာနကိလေသာများဟုခေါ်၏။

သို့ရာတွင် ကိုယ်မှု၊ နှုတ်မှုများဖြစ်အောင် ဆောင်ကြဉ်းပေးသည့် ပရိယုဋ္ဌာ ကိလေသာတို့၏ ပေါက်ကွဲမှုဖြစ်ပေါ်သည့်အခါ ယင်းကိလေသာတို့ကို ဝီတိက္ကမ ကိလေသာများဟု ခေါ်၏။

ဤနည်းဖြင့် အနုသယကိလေသာ၊ ပရိယုဋ္ဌာနကိလေသာ၊ ဝီတိက္ကမကိလေသာ ဟူသော ကိလေသာမျိုးကွဲ အဆင့်သုံးဆင့် ဖြစ်လာ၏။



ဤအနုသယခုနစ်ပါးတို့သည် လူတို့သန္တာန်မှာ အမြဲတမ်း ရှိနေသည်ထင်ရ သောက်အောင် အဆက်မပြတ် အဖန်ဖန် ဖြစ်နေသော သဘောရှိကြောင်းအထက်တွင် ခဲ့ပြီး ဖြစ်ပါသည်။ အနုသယကိလေသာသည် အကြောင်းတိုက်ဆိုင်သောအခါ ဖြစ်လာပါသည်။ ဖြစ်လာပြီး သိသိသာသာ ထကြွလာပါသည်။ ထိုသို့ သိသိသာသာ ထကြွလာခြင်းကို ပရိယုဋ္ဌာနကိလေသာဟု ခေါ်သည်။ ထကြွလာပြီး တစ်စုံတစ်ရာ လွန်ကျူးမှုကိုဖြစ်စေပါသည်။ ယင်းသို့ လွန်ကျူးမှုဖြစ်ပေါ်ခြင်းကို ဝီတိက္ကမကိလေသာ ဟု ခေါ်သည်။

တပ်မက်မှု၊ အမျက်ဒေါသ၊ မသိမှုတို့ရှိနေသရွေ့ ကောင်း မကောင်းသော အမှုကံများကိုပြုလုပ်လိမ့်မည်။ ကောင်း မကောင်းသောကံများရှိနေသရွေ့ အဆုံးမရှိ သော ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ပြင်းစွာပူပန်ခြင်းတို့ ဧကန်ဖြစ်ပေါ်လာလိမ့်မည်။

ဗုဒ္ဓသည် လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့ကို မီး ၁၁ ပါးအဖြစ် ဖော်ပြထား၏။ ဤမီးတို့ကို ငြိမ်းသတ်ရန်အလို့ငှာ တစ်စုံတစ်ဦးသည် ပထမအဆင့်အနေဖြင့် ဤမီး ၁၁ ပါးတို့၏ ဆိုးကျိုးများအပေါ်၌ လေးနက်စွာ ရှုးစိုက်ရှုရမည်။ သူသည် ဤသို့ပြုသောအခါ ခေါင်တ (သံဝေဂ) ရလာလိမ့်မည်။ ဤနှောင်တရမှုသည် ဒွါရ ခြောက်ပါးမှတစ်ဆင့် အာရုံခြောက်ပါး တစ်ပါးပါးနှင့် မိမိ၏စိတ် တွေ့ဆုံတိုင်းမှာ မိမိ၏စိတ်အပေါ်၌ ကြပ်ထိန်းကြီးအဖြစ် ကျေးဇူးပြုလုပ်ဆောင်သွားလိမ့်မည်။

အဆင်းအာရုံကိုမြင်သည့် မျက်စိ၊ မျက်စိကမြင်သည့်အဆင်းအာရုံ၊ မျက်စိအား အဆင်းအာရုံကိုမြင်စေသည့် အသိစိတ်၊ မျက်စိနှင့် အဆင်းအာရုံတို့တွေ့ဆုံမှု၊ မျက်စိ နှင့် အဆင်းအာရုံတို့ တွေ့ထိမှုကြောင့် ဖြစ်ပေါ်လာသည့်ခံစားမှုတို့ကို ငြီးငွေ့မှု (နိဗ္ဗိန္ဒ) ရရှိရန်အလို့ငှာ တစ်စုံတစ်ဦးသည် သတိပဋ္ဌာန်ရှုနည်း လေးပါးကို အားထုတ်ရမည်။ ဝိပဿနာကိုရရှိစေမည့် ငြီးငွေ့မှု၊ စိတ်နှင့်ရုပ်ခန္ဓာကို ငြီးငွေ့မှုကို တစ်စုံတစ်ဦးအား ရရှိစေနိုင်သည့်နည်းကား သတိပဋ္ဌာန်မှတစ်ပါး အခြားနည်းမရှိချေ။

ယောဂီ (ကမ္မဋ္ဌာန်းအားထုတ်သူ)သည် သတိပဋ္ဌာန်ရှုနည်းလေးပါးကို အားထုတ် သောအခါ အချိန်တန်လျှင် ဝိပဿနာဉာဏ် တစ်ခုပြီးတစ်ခုကိုရရှိလိမ့်မည်။ သူသည် ခြောက်ခုမြောက်သော ဝိပဿနာဉာဏ်ကိုရရှိသော် စိတ်နှင့် ရုပ်ခန္ဓာအပေါ်၌ ငြီး ငွေ့မှုသည် စတင်ဖြစ်ပေါ်လာ၏။ သူသည် ၁၁ ခုမြောက် ဝိပဿနာဉာဏ်ကို ရရှိ သည့်တိုင်အောင် ထိုငြီးငွေ့မှုသည် ပိုမိုကြီးထွားလာ၏။ ဝိပဿနာဉာဏ်များတိုးတက်ခြင်း နှင့်အတူပင် သူသည် မြဲမြံသောသိမှတ်မှုကို တိုးတက်အောင်တည်ဆောက်လိမ့်မည်။ ထိုသော သိမှတ်မှုရှိလာသောသူသည် အဆင်းအာရုံကို မြင်မြင်ချင်း သူ မြင်၏ ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အချက်ကို သိလာလိမ့်မည်။ သို့ရာတွင် မိတ်ဆွေ၊ ရန်သူ၊ လှပသည့်မိန်းမ စသည့် သူ မြင်သည့်အရာကို မသိမီတွင် သူ၏ မြဲမြံသည့် သိမှတ်မှုသည် မိမိမြင်နေသည့် အရာကို မိမိအား ထုံးစံအတိုင်း သိစေပုံပေါ်သော အတွေးတစ်သီတစ်တန်းကို အောက်ပါ နည်းဖြင့် ပိတ်ဆို့တားမြစ်၏။

ဥပမာ၊ မြဲမြံသည့် သိမှတ်မှုရှိသော ပုဂ္ဂိုလ်သည် လှပသည့် မိန်းမတစ်ဦးကို မြင်သည် ဆိုပါစို့။ သူသည် မြင်မြင်ချင်းမှာ မြင်တယ်၊ မြင်တယ်၊ မြင်တယ်ဟု စိတ်ဖြင့် ဆိုလျက် ပုဂ္ဂိုလ်အပေါ်၌ စူးစိုက်မှုမရှဘဲ မြင်ပြီးသည့်အချက်၌သာ စူးစိုက်ရှုရ၏။ မြဲမြံသည့်သိမှတ်မှုကြောင့် အဆင်းအာရုံကို မြင်မှုနှင့် မြင်သည့်အချက်၌သာ စူးစိုက်ရှု အကြားမှာ ကြားကာလ မရှိတော့ချေ။ မိမိမြင်နေသည့်အရာကို မိမိအား ထုံးစံအတိုင်း သိစေသည့် အတွေးတစ်သီတစ်တန်းကြီးကို မြဲမြံသည့်သိမှတ်မှုက ပိတ်ဆို့ဟန့်တားထား သောကြောင့် သူသည် မိမိမြင်ခဲ့တာ ဘယ်သူဖြစ်သည်ဆိုတာကို မသိတော့ချေ။ မိမိ မြင်ခဲ့တာ ဘယ်သူဖြစ်သည်ကို သူ မသိသောကြောင့် ထိုကဲ့သို့သောအဆင်းအာရုံ မြင်ခြင်းနောက်သို့ ထုံးစံအရ လိုက်ဖြစ်တတ်သော တပ်မက်စိတ်များ (ဝါ) ကာမဆိုင်ရာ အလိုဆန္ဒများသည် သူ၏ စိတ်သန္တာန်၌ဖြစ်ပေါ်ခွင့်မရတော့ချေ။ နားနှင့်အသံ၊ နှာခေါင်း နှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အတွေ့၊ စိတ်နှင့်အကြံအာရုံတို့ တွေ့ဆုံသည့်အခါ၌ လည်း မြဲမြံသည့် သိမှတ်မှုရှိသော ပုဂ္ဂိုလ်သည် အတွေးတစ်သီတစ်တန်းကြီးနှင့် ဤ အတွေး တစ်သီတစ်တန်းကြီးကြောင့် ဖြစ်ပေါ်လာသည့်ကိလေသာတို့ကို အလားတူ နည်းဖြင့် ပိတ်ဆို့တားမြစ်နိုင်၏။

ထုံးစံအားဖြင့် သဒ္ဓါရှုပေက္ခာဉာဏ်ဟု ခေါ်သည့် ၁၁ ခုမြောက် ဝိပဿနာဉာဏ် ကို ရရှိပြီးသော ယောဂီ (ကမ္မဋ္ဌာန်းအားထုတ်သူ)တို့သည် ထိုကဲ့သို့သော မြဲမြံသည့် သိမှတ်မှုကို ရရှိလိမ့်မည်။ ဗုဒ္ဓက ထိုကဲ့သို့သောပုဂ္ဂိုလ်ကို တဒင်္ဂနိဗ္ဗုတဟု ခေါ်၏။ ယင်းသည်ထိုကဲ့သို့ မြဲမြံမှုရှိနေသည့်ကာလအတွင်း၌ မီး ၁၁ ပါးမှ လွတ်မြောက်သော ပုဂ္ဂိုလ်မျိုးကို ဆိုလို၏။

ဤမြဲမြံသည့် သိမှတ်မှုသည် နောက်ဆုံးတွင် စတုတ္ထနှင့် နောက်ဆုံးမဂ်သို့ ပို့ဆောင်ပေးလိမ့်မည်။ သူသည် ရဟန္တာဖြစ်သည့်အခါ ဤမြဲမြံသည့် သိမှတ်မှုကို ထိန်းထားရန် အထူးအားထုတ်မှုပြုဖို့ မလိုတော့ချေ။ အကြောင်းကား ဤသို့ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်အရာ၌ သူ ရရှိပြီးသော မဂ်ဖိုလ်လေးပါးတို့သည် အာရုံခြောက်ပါး တစ်ပါးပါးနှင့် စိတ်တွေ့ဆုံသည့်အခါတိုင်းမှာ အများအားဖြင့် ကိလေသာတစ်ပါးပါး ကို ဖြစ်စေနိုင်သည့် အနုသယအားလုံးကို ပယ်သတ်ပြီးဖြစ်သောကြောင့် လောကီအာရုံ ခြောက်ပါးတွင် တစ်ပါးမှ ကိလေသာတို့ကို ဖြစ်ပေါ်စေနိုင်သည့် အစွမ်း မရှိတော့ချေ။



(သိမှတ်မှုနှင့်ပတ်သက်သည့် အချက်များကို ပညာဆိုင်ရာ အခန်း၌ အပြည့်အစုံ ရှင်းပြထား၏။)

ထိုသုတ်၏အဆုံး၌ ခေါင်းဆောင်ရသေ့များနှင့် သူတို့၏ နောက်လိုက်တို့သည် အရဟတ္တမဂ်ကိုရရှိ၍ ရဟန္တာဖြစ်သွားကြ၏။ ထို့နောက် ဗုဒ္ဓသည် ရဟန္တာများခြံရံ လျက် ရာဇဂြိုဟ်ပြည်သို့ကြွ၍ မြို့၏ဆင်ခြေဖုံး၌ နေထိုင်လေ၏။ ဗိမ္ဗိသာရမင်း၊ သူ၏ မှူးမတ်များ၊ ပုဏ္ဏားများ၊ မြို့တော်သားမြောက်မြားလှစွာတို့သည် ဗုဒ္ဓအား ရှိခိုး ဖူးမြင်ရန် ထွက်လာကြ၏။ ဗုဒ္ဓသည် သူတို့အား အနိမ့်အမြင့်စဉ်ထားသည့်ငါးဆင့်ရှိ တရားတော်ကို သူတို့အား ဟောကြား၏။ ထိုတရား၏အဆုံး၌ ဗိမ္ဗိသာရမင်း၊ သူ၏ မိတ်ဆွေ ဝိသာခသူဌေးကြီးနှင့် အခြားများစွာတို့သည် သောတာပတ္တိ မဂ် ဖိုလ်ကို ရကြလေ၏။

မင်းကြီးသည် နောက်နေ့မှာ မိမိနန်းတော်၌ ဗုဒ္ဓနှင့် ရဟန်းများအား ဆွမ်းများ ကပ်လှူ၍ နေထိုင်ရာ အဆောက်အဦများနှင့်တကွ ဝေဠုဝန်ဥယျာဉ်ကို ဗုဒ္ဓအား လှူဒါန်းလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၃

### ပထမပိုင်း

### အဂ္ဂသာဝကနှစ်ပါးအကြောင်း

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် ဗုဒ္ဓ၏ အဂ္ဂသာဝကနှစ်ပါး ဖြစ်ကြ၏။ သူတို့သည် အဂ္ဂသာဝကများ မည်သို့ဖြစ်လာပုံကို ယခု ကြည့်ရှုကြ...

လွန်ခဲ့သော မရေတွက်နိုင်သည့်ကမ္ဘာများ၌ သာရိပုတ္တရာအလောင်းနှင့် မဟာ မောဂ္ဂလာန်အလောင်းတို့သည် အလွန်ကြွယ်ဝသည့် မိဘတို့၏ သားများဖြစ်ခဲ့ကြ... သူတို့၏အမည်များကား သာရဒနှင့် သီရိဝဍ္ဍနတို့ ဖြစ်၏။ သာရဒသည် မိမိ၏... သေလွန်သော် မိသားစု၏အကြီးအကဲဖြစ်လာ၏။ တစ်နေ့သ၌ သူသည် မိမိ၏အမွေ... များကို အုပ်ချုပ်နေစဉ် သေခြင်းကား မလွှဲမရှောင်နိုင် ဟူသော သိမြင်မှုကို ရလေ... ထိုနေ့မှစ၍ သေခြင်းသည် မလွှဲမရှောင်နိုင် ဟူသော အသိသည် သူ့ကို မစွန့်ချေ... ယင်းအသိသည် သူ သွားလေတိုင်း သူ့စိတ်ထဲသို့ ရောက်ရောက်လာနေ၏။ ဘဝ... အနှစ်ကင်းမဲ့မှုသည် သူ့အား အလွန်ထင်ရှားလာသောအခါ သူသည် တောထွက်... ရသေ့ပြုလေ၏။ ထိုအချိန်၌ သူ့မိတ်ဆွေ သီရိဝဍ္ဍနသည် တောထွက်ဖို့အတွက် မရင့်ကျက်သေးချေ။

အနောမဒဿီ ဗုဒ္ဓလက်ထက်ဖြစ်၏။ တစ်နေ့သ၌ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ် တော်ဖြင့် သာရဒ ရသေ့၏ တပည့်တို့သည် အရဟတ္တမဂ်ကိုရ၍ ရဟန္တာများဖြစ်သော မည်ဟု သိမြင်လေ၏။ သာရဒ ရသေ့ကား လာမည့်ဗုဒ္ဓတစ်ဆူ၏ အဂ္ဂသာဝကဖြစ်... ဆန္ဒရှိသောကြောင့် မဂ် ဖိုလ်တစ်ခုမျှ ရရှိမည်မဟုတ် ဟူ၍လည်း ဗုဒ္ဓက သိမြင်လေ... ဗုဒ္ဓသည် ထိုရသေ့တို့၏နေရာသို့ တစ်ပါးတည်းကြွသွား၏။ ခဏကြာသော် သူ့အ... အရှင်နိသဘနှင့် အရှင်အနောမမည်သော အဂ္ဂသာဝကနှစ်ပါးအမှူးရှိသည့် ရဟန်းများ ခြံရံလိုက်ပါသွား၏။ ဗုဒ္ဓ၏အမိန့်အရ အဂ္ဂသာဝကနှစ်ပါးက တရားဟော၏။ ... တရား၏အဆုံး၌ သာရဒ ရသေ့၏ တပည့်များသည် ရဟန္တာများဖြစ်သွားကြ... ဗုဒ္ဓသည် သူတို့အား သူတို့၏ တောင်းခံချက်အရ ပထမပုံစံကိုအသုံးပြု၍ ရဟန်းတော်... သို့ သွတ်သွင်းပေးခဲ့၏။

သာရဒ ရသေ့သည် ပထမအဂ္ဂသာဝကကို ရိုသေညွှန်ပြပြီးနောက် သူ့အမည်ကို ...နိုင်ပါသလားဟု ဗုဒ္ဓအားမေး၏။ ဗုဒ္ဓက 'သူ့အမည်ကား နိသဘဖြစ်၏။ သူသည် ...မ အဂ္ဂသာဝကဖြစ်၏'ဟု ဖြေကြား၏။ ထိုအခါ သာရဒ ရသေ့သည် ခုနစ်ရက် ...ိုင် ဗုဒ္ဓအားအရိပ်ပေးရန် ပန်းထီးကိုပေးလှူရသည့် မိမိကောင်းမှုကြောင့် တစ်နေ့တွင် ...ောင်ပွင့်မည့်ဗုဒ္ဓ၏ ပထမသာဝကဖြစ်ရပါလို၏ဟု ဆုတောင်း၏။ ဗုဒ္ဓက 'ဂေါတမ ...ဒ္ဓ၏လက်ထက်တွင် သူ၏ဆု ပြည့်လိမ့်မည်'ဟု အတည်ပြုမိန့်ကြားလေ၏။

ဗုဒ္ဓနှင့်ရဟန်းများထွက်သွားပြီးနောက် သာရဒရသေ့သည် သူ့မိတ်ဆွေ သီရိဝဍ္ဍန ...ံ ချက်ချင်းသွားပြီး ပထမအဂ္ဂသာဝကဖြစ်လိုသည့် မိမိ (သာရဒ ရသေ့)၏ ဆုကို ...ဒ္ဓက အတည်ပြုမိန့်ကြားခဲ့၏ဟု သူ့အား ပြောကြား၏။ ထို့နောက် သူသည် မိမိ၏ ...ိတ်ဆွေ သီရိဝဍ္ဍနအား မိမိနှင့်အတူ တစ်ချိန်တည်းမှာ ဒုတိယအဂ္ဂသာဝကဖြစ်ဖို့ ...ုတောင်းရန် တိုက်တွန်း၏။ မိတ်ဆွေ သီရိဝဍ္ဍနက သဘောတူ၏။ သူသည် ဗုဒ္ဓနှင့် ...ဟန်းများအားခုနစ်ရက်တိုင် ဆွမ်း သင်္ကန်းများ လှူဒါန်းသည့်ပွဲကြီးကို ပြု၏။ ပွဲကြီး ...ီးသော် သူသည် ဤသို့ဆုပန်လေ၏။ 'အရှင်ဘုရား၊ အကျွန်ုပ်၏မိတ်ဆွေ သာရဒ ...သေ့သည် ဂေါတမဗုဒ္ဓ၏ ပထမအဂ္ဂသာဝကဖြစ်ရန် ဆုပန်ခဲ့ပြီးပါပြီ၊ အကျွန်ုပ်လည်း ...ေါတမဗုဒ္ဓ၏ ဒုတိယအဂ္ဂသာဝကဖြစ်ရန် ဆုပန်လိုပါ၏'ဗုဒ္ဓက သူ၏ဆုကို အတည်ပြု ...းလေ၏။

နောက်ဆုံးတွင် ဘုရားအလောင်း ဂေါတမဗုဒ္ဓဖြစ်မလာမီကလေးမှာ သာရဒ ရသေ့ (...) သာရိပုတ္တရာအလောင်းသည် ရာဇဂြိုဟ်ပြည်အနီးရှိ ဥပတိဿရွာ သူဌေးကြီး၏ ...ယား ရူပသာရီမှ ဖွားမြင်၏။ သီရိဝဍ္ဍန (ဝါ) မဟာမောဂ္ဂလာန်အလောင်းသည် ...ာဇဂြိုဟ်ပြည်အနီးရှိ ကောလိတရွာသူဌေးကြီး၏မယား မောဂ္ဂလီမှ ဖွားမြင်၏။ ပထမ ...ုဂ္ဂိုလ်မှာ ဥပတိဿဟုခေါ်၍ ဒုတိယပုဂ္ဂိုလ်ကား ကောလိတဟုခေါ်၏။ သူတို့နှစ်ဦး ...ုံးသည် ကလေးဘဝမှစ၍ စည်းစိမ်ရင်ခွင်၌ ကြီးပြင်းခဲ့၏။ သူတို့ ကြီးပြင်းလာသော် ...သီးသီးမှာ အဖော်များ၊ အစေခံများပါ အခြွေအရံများစွာ ရှိလေ၏။ ဥပတိဿသည် ...ရိုးလှည့်လည်သော် သူနှင့် သူ့အဖော်တို့သည် အစေခံ လေးဦးတို့၏ ပခုံးများပြင် ...လှည့်ကျထမ်းသယ်သည့် အဖိုးတန်ထမ်းစင်များကို အသုံးပြုကြ၏။ သို့ရာတွင် ...ောလိတနှင့် သူ့မိတ်ဆွေတို့ကား မြင်းများကဆွဲသည့် ရထားများကို အသုံးပြု၏။

တစ်နေ့သ၌ ရာဇဂြိုဟ်ပြည်တွင် တောင်ထိပ်၌ နှစ်စဉ်ကျင်းပမြဲ ပွဲသဘင်ကျင်းပ ...၏၊ ဥပတိဿနှင့် ကောလိတ မိတ်ဆွေနှစ်ဦးတို့သည် မိမိတို့၏ အဖော်များနှင့်အတူ ...ပွဲသို့ သွားလည်ကြ၏။ သူတို့ နှစ်ဦးလုံးသည် ဤပွဲနှင့် အခြားပွဲများသို့ ရှေးက ...က်ဖူးကြ၏။ ထိုရှေးအခါများ၌ သူတို့သည် ပျော်ရွှင်ရယ်မောကာ အားရပါးရ ...ှမွေ့ခဲ့ကြ၏။ သို့ရာတွင် ဤအကြိမ်၌ သူတို့သည် ကိုယ်ကိုယ်ကိုယ် လုံးဝခြားနား

www.burmeseclassic.com

www.burmeseclassic.com



သည့် စိတ်အနေအထားဖြင့် ရှိသည်ကို ထူးဆန်းစွာ တွေ့ရှိကြ၏။ သူတို့သည် မိမိ မြင်ရ ကြားရတာတွေကို ခံစားနေမည့်အစား သေခြင်းတရား၏ မလွှဲရှောင်သာသည့် သဘောဖြင့် လေးလေးနက်နက်စူးစိုက်ရှုနေကြ၏။ သူတို့သည် ဤသို့ စဉ်းစားကြ၏။ ငါတို့သည် ဤပွဲမှ ဘာပျော်ရွှင်မှုကို ရနိုင်သနည်း၊ ပျော်ရွှင်ခံစားဖို့ လာကြသည့် ပွဲကြည့်သူများနှင့် ကပြသူတို့သည် နှစ်တစ်ရာမကုန်ဆုံးမီ ဤလူ့ပြည်မှ ပျောက်ကွယ်သွားကြလိမ့်မည်၊ ထို့ကြောင့် ငါတို့သည် အဆုံးမရှိသည့် ပင့်သ လှည့်ပတ်နေရမှုမှ ကိုယ့်ကိုယ်ကိုယ် လွတ်မြောက်စေနိုင်ကြောင်းကို လမ်းရှာရမည်

သူတို့နှစ်ဦးလုံးသည် တောထွက်ရန်ဆုံးဖြတ်ပြီး မိမိတို့၏အဖော်များနှင့်အ သိဥ္စည်းဟု ခေါ်သည့် ပရိဗိုဇ်ကဦးဆောင်သည့် ဌာနချုပ်ကျောင်းသို့ တောက်လျှောက် သွားကြ၏။ သူတို့နှစ်ဦးလုံးသည် ပါရမီအလွန်ထူးသည့် ဉာဏ်ကြီးရှင်များ ဖြစ်သော ကြောင့် ထိုဌာနချုပ်၌ သင်ယူဖွယ်အားလုံးကို နှစ်ရက် သုံးရက်အတွင်း သင်ယူပြီးဖြစ်၏။ သိဥ္စည်း၏ နည်းနာသည် မိမိတို့ရှာနေသည့် ဒုက္ခမှလွတ်မြောက်မှုကို မိမိတို့အား မပေးနိုင် ဟူ၍ သူတို့ သင်ယူထားသည့်အရာတို့မှ ကောင်းစွာသိကြ၏။ ထို့ကြောင့် သူတို့သည် ဌာနချုပ်၏ အကြီးအကဲထံသွား၍ သင်ယူဖွယ်များကို နောက်ထပ် ပေးနိုင် သေးသလားဟု သူ့အား မေး၏။ ဌာနချုပ်အကြီးအကဲက မရှိတော့ကြောင်း ပြန်ပြော သောအခါ သူတို့သည် မိမိတို့ဒုက္ခမှ လွတ်မြောက်စေနိုင်သည့် နည်းနာကိုရှာဖွေရန် ဌာနချုပ်ကို စွန့်ခွာဖို့ ဆုံးဖြတ်လေ၏။ သူတို့၏ ကြိုးစားမှုတို့သည် ကာလအတန်ကြာ အောင် အချည်းနှီးဖြစ်ခဲ့၏။ အကြောင်းမှာ မိမိတို့၏ဆရာများအဖြစ် ရွေးချယ်ဖို့ သူတို့ ချဉ်းကပ်ခဲ့သည့် ပညာရှိအားလုံးက ဆွေးနွေးမှု တစ်ခု နှစ်ခု ပြုပြီးနောက် မိမိတို့၏ တပည့်များဖြစ်ဖို့ခံယူလာကြသောကြောင့်တည်း။ ထို့နောက် သူတို့သည် စိမ်ချ အသစ်တစ်ခုချရန် မိမိတို့၏ဌာနချုပ်သို့ ပြန်လာခဲ့ကြ၏။ ဤအကြိမ်၌ သူတို့သည် နည်းနာရရှိသူက ထိုအကြောင်းကို အခြားသူအား ပြောကြားပါမည်ဟု အချင်းချင်း ကတိထားပြီးနောက် တခြားစီ ထွက်သွားရန် ဆုံးဖြတ်ကြ၏။

## အရှင်အဿဇိကို ဥပတိဿ တွေ့ရှိခြင်း

အချိန်ကား ရဟန်းများနှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓရောက်ပြီးနောက် ၁၅ ရက် ခန့် ဖြစ်၏။ ထိုအချိန်၌ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်များကို ဗုဒ္ဓကဟောကြား အပ်ပြီးသော ပဉ္စဝဂ္ဂီငါးပါးစုမှ တစ်ပါးဖြစ်သည့် အရှင်အဿဇိသည် ဆွမ်းခံရန် ရာဇဂြိုဟ်မြို့ လမ်းမကြီးများအတိုင်း သွားနေ၏။ ဥပတိဿသည် ထိုအရှင်ကိုမြင်၍ ထိုရဟန်းပြုမူသည့် ဣန္ဒြေတည်ငြိမ်မှုနှင့် အသရေကို အလွန့် အလွန် နှစ်သောင်းအား ဖြစ်လေ၏။ ထို့ကြောင့် ဥပတိဿက ရဟန်းသည် အရဟတ္တ မဂ်ဖိုလ်ကို ရပြီး

သူများထဲက တစ်ပါးဖြစ်မည်ဟု စဉ်းစား၏။ သူသည် ရဟန်းထံချဉ်းကပ်ပြီး ဘယ် ဆရာက သင့်အား ရဟန်းပြုပေးသနည်း၊ ဘယ်သူသည် သင့်ဆရာနည်း၊ ဘယ်သူ၏ တရားတော်များကို သင်နှစ်သက်သနည်းဟု အလွန်ပင် မေးမြန်းလို၏။ သို့ရာတွင် သူသည် ရဟန်းဆွမ်းခံပြီးသည်အထိ စောင့်ဆိုင်းရန် ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် သူသည် ရဟန်း ဆွမ်းစားရန် တစ်နေရာ၌ ရပ်သည်အထိ နောက်က နီးကပ်စွာလိုက်လေ၏။ ဥပတိဿသည် ရဟန်းအား လေးစားစွာဖြင့် လုပ်ကျွေးပြုစု၏။ ဆွမ်းစားမှုပြီးသော် ဥပတိဿက ဤသို့ပြောဆိုကာ စတင်လေ၏။

'ရဟန်း၊ သင်သည် အလွန်တင့်တယ်ပြီး တည်ငြိမ်လှ၏။ ဘယ်ဆရာက သင့်အား ရဟန်းပြုခိုင်းခဲ့သနည်း၊ ဘယ်သူသည် သင့်ဆရာနည်း၊ ဘယ်သူ့တရားများကို သင်နှစ်သက်သနည်း'

'ငါ့အား ရဟန်းပြုခိုင်းခဲ့သည့်ဆရာကား ထီးနန်းကိုစွန့်ပြီး ဗုဒ္ဓဖြစ်လာခဲ့သော သိုလ်သာတည်း၊ ဗုဒ္ဓသည် ငါ၏ဆရာဖြစ်၏၊ ငါသည် သူ့တရားများကို နှစ်သက်၏'

'ဗုဒ္ဓက ဘာတွေကို ဟောကြားသနည်း'

'ငါသည် ရဟန်းငယ်တစ်ပါးဖြစ်၏၊ ထို့ကြောင့် ငါသည် ဗုဒ္ဓ၏တရားတော် များနှင့် ပတ်သက်၍ သင့်အား များစွာ မပြောပြနိုင်၊ တရားတော်များ၏ အနှစ်ချုပ် ကိုသာ ငါ ပြောပြနိုင်၏'

'အဲဒါ ကျွန်ုပ် အလိုရှိတာပါပဲ၊ ကျွန်ုပ်အား ထိုအနှစ်ချုပ်ကို ပြောပြပါ'

အရှင်အဿဇိသည် အောက်ပါအကြောင်း ဝဂ်လေးကြောင်းပါရှိသည့် ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလေ၏။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံ တထာဂတောအာဟ၊
တေသဉ္စ ယော နိရောဓော
ဧဝံ ဝါဒီ မဟာ သမဏော

ထိုဂါထာသည် အချုပ်အားဖြင့် ဤသို့ဆိုလို၏။

ဒုက္ခနှင့် ဒုက္ခ၏အကြောင်းတရားဟူသည် ရှိကြ၏ဟု ဗုဒ္ဓက ဟောကြား၏၊ ဒုက္ခ၏အဆုံးနှင့် ဒုက္ခ၏အဆုံးသို့ရောက်ကြောင်း လမ်းကိုလည်း သူ ဟောကြားလေ၏။

ဥပတိဿသည် ဂါထာ၏ဒုတိယစာကြောင်းကို ကြားနာပြီးနောက် သောတာပတ္တိ ဖိုလ်ကို ရသွား၏။ သူသည် လွန်စွာ ပီတိဖြစ်ပြီး အဲဒါ မိမိနှင့် မိမိ၏ မိတ်ဆွေ နှစ်ဦးလုံးရှာနေသည့် တရားမျိုးဖြစ်၏ဟု ရဟန်းအား ပြောကြား၏။ ထိုဂါထာသည် ငါတို့ အတွက် လုံလောက်၏ဟုလည်း သူက ဆို၏။ ဥပတိဿသည် ဗုဒ္ဓရှိရာ ကျောင်းကို မှတ်သားပြီးနောက် သူ့မိတ်ဆွေ ကောလိတထံသို့သွား၏။ ကောလိတသည်

www.burmeseclassic.com

www.burmeseclassic.com



ဥပတိဿထံမှ ထိုဂါထာကိုကြားနာရသော် သူလည်း သောတာပတ္တိမဂ်ကို ရသွား၏။ ဌာနချုပ်ရှိ ၂၅၀ သော ပုရဗိုဇ်ရဟန်းတို့က မိမိတို့ထံ ပူးပေါင်းလာပြီးနောက် သူတို့သည် ဌာနချုပ်၏အကြီးအကဲပုရဗိုဇ်ရဟန်းဖြစ်သူ သိဉ္စည်းထံ သွား၍ သူ့အား ဗုဒ္ဓထံသို့ မိမိတို့နှင့်အတူ လိုက်ပါရန် တိုက်တွန်းလေ၏။ သိဉ္စည်းသည် သူတို့ထွက်သွားသည်ကိုမြင်ရ၍ ဝမ်းနည်းသော်လည်း သူသည် ဗုဒ္ဓထံ နောက်လိုက် တပည့်ခံရန်သွားခြင်းထက် ဌာနချုပ်၏ ခေါင်းဆောင်အဖြစ် ဆက်နေမည်ဟု သူတို့အား ပွင့်လင်းစွာ ပြောကြားလေ၏။

ထိုအချိန်၌ ဗုဒ္ဓသည်ရဟန်းတို့အား တရားဟောနေ၏။ ဗုဒ္ဓသည် သူတို့လာသည်ကို အဝေးကမြင်သော် ဥပတိဿ၊ ကောလိတနှင့် သူတို့၏ နောက်လိုက်များ လာနေကြ၏၊ ဥပတိဿနှင့် ကောလိတ တို့သည် မကြာမီ မိမိ၏ အဂ္ဂသာဝကများ ဖြစ်လာမည် ဟူ၍ ရဟန်းတို့အား ပြောကြားလေ၏။ ဗုဒ္ဓသည် ထိုသူတို့အား သူတို့၏ တောင်းခံချက်အရ ရဟန်းပြုပေးနည်း ပထမပုံစံကို အသုံးပြု၍ သံဃာ့ဘောင်သို့ သွတ်သွင်းပေးလေ၏။ ဗုဒ္ဓသည် ရဟန်းပြုပြီးနောက် သူတို့အား သင့်လျော်သည့် တရားကိုဟောကြား၏။ ထိုတရား၏အဆုံး၌ နောက်လိုက် ၂၅၀ တို့သည် အရဟတ္တမဂ်ကို ရရှိ၍ ရဟန္တာများဖြစ်သွားကြ၏။ ဥပတိဿနှင့် ကောလိတ ခေါင်းဆောင် နှစ်ဦးတို့ကား ကျန်မဂ်ဉာဏ်များတွင်တစ်ခုကိုမျှ မရခဲ့ချေ။ ယင်းအတွက်အကြောင်းကို အကျဉ်းမျှ ရှင်းပြရမည်။

ဗုဒ္ဓ၏ သာဝကများတွင် အဆင့်လေးမျိုး ရှိ၏။

၁။ သေက္ခ ရဟန်းများ ဟူသည် ရဟန္တာများဖြစ်ဖို့ အားထုတ်နေသည့် ရဟန်းများ ဖြစ်၏။

၂။ ပကတိသာဝက ဟူသည် ကိလေသာ ၁၀ ပါးကို ပယ်သတ်ပြီး၍ ရဟန္တာများဖြစ် သွားသည့် ရဟန်းများဖြစ်၏။

၃။ မဟာသာဝက ဟူသည် ဉာဏ်အစွမ်းနှင့် တန်ခိုးအစွမ်းတို့၌ အခြားရဟန်း များထက် သာလွန်သည့် ရဟန္တာများဖြစ်၏။

၄။ အဂ္ဂသာဝက ဟူသည် ဉာဏ်အစွမ်းနှင့် တန်ခိုးအစွမ်းတို့၌ မဟာသာဝက များထက် သာလွန်သည့် ရဟန္တာများဖြစ်၏။

ဥပတိဿနှင့် ကောလိတတို့သည် ဗုဒ္ဓ၏အဂ္ဂသာဝကများ (အမြင့်မြတ်ဆုံးတပည့် များ) ဖြစ်ဖို့ ပါရမီကံပါလာခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် ဉာဏ်အစွမ်းကြီးမားသူများ ဖြစ်ကြ၏။ သူတို့သည် ဗုဒ္ဓတရားကို ကြားနာနေစဉ်မှာ အခြား သာမန်ရဟန်းများကဲ့သို့ မဟုတ်ဘဲ၊ ဗုဒ္ဓ၏တရားတော်ကို အာရုံစိုက်ပြီး နားမထောင်နိုင်ခဲ့ချေ။ သူတို့သည် မိမိတို့၏ ကြီးမားသည့် ဉာဏ်အစွမ်းတို့ဖြင့် တရားထဲပါ အဓိက အချက်အချို့ကို



အသေးစိတ် စိစစ်ရန် အားထုတ်နေကြ၏။ ထို့ကြောင့် သူတို့သည် မဂ်ဉာဏ်များရဖို့ အတွက် လိုအပ်သော သင့်လျော်သော စိတ်တည်ကြည်မှုကို မလုပ်နိုင်ခဲ့ကြချေ။

ရဟန်းပြုပြီးနောက်တွင် ဥပတိဿသည် အရှင်သာရိပုတ္တရာဟုလည်းကောင်း၊ ကောလိတသည် အရှင်မဟာမောဂ္ဂလာန်ဟုလည်းကောင်း ခေါ်တွင်လာ၏။ အရှင်မဟာ မောဂ္ဂလာန်သည် ရဟန်းပြုပြီးနောက် ခုနစ်ရက်ရှိလျှင် ရဟန္တာဖြစ်သွား၏။ အရှင်သာရိ ပုတ္တရာသည် ရဟန်းပြုပြီးနောက် ၁၅ ရက်ရှိလျှင် ရဟန္တာဖြစ်သွား၏။ အချိန်ကား တပို့တွဲလ (ဖေဖော်ဝါရီလခန့်) လပြည့်နေ့ဖြစ်၏။

ဗုဒ္ဓသည် အရေးပါသည့် ကြေညာချက်ကိုပြုဖို့ သင့်တော်သည့် အခွင့်အခါကို အမှတ်ရန် အင်္ဂါလေးပါးရှိသည်ကို သိမြင်၏။ ယင်းအင်္ဂါလေးပါးကား အောက်ပါ အတိုင်း ဖြစ်၏။

၁။ လပြည့်နေ့ဖြစ်ခြင်း၊

၂။ အစည်းအဝေးကို အထူးမခေါ်ဘဲနှင့် တစ်နေရာတည်း (ဥပမာ–ဝေဠုဝန်ကျောင်း) ၌ ရဟန်းပေါင်း ၁၂၅၀ စုဝေးပြီးဖြစ်ခြင်း၊

၃။ ရဟန်း ၁၂၅၀ လုံးအား ပထမပုံစံကို အသုံးပြု၍ သံဃာ့ဘောင်သို့ သွတ်သွင်း ပေးပြီးခြင်း၊

၄။ ထိုရဟန်းအားလုံး အဘိညာဉ်ငါးပါးကို ရပြီးသည့် ရဟန္တာများ ဖြစ်ခြင်း။

အင်္ဂါလေးပါးစုံမှုကို အခွင့်ကောင်းယူလျက် ဗုဒ္ဓသည်ရဟန်းများအစည်းအဝေး၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့အား အစဉ်အတိုင်း ပထမနှင့် ဒုတိယ အဂ္ဂသာဝကများ (အမြတ်ဆုံးသာဝကများ) အဖြစ် ခန့်အပ်ခြင်းကို ကြေညာလေ၏။

ကြေညာပြီးနောက် ဗုဒ္ဓသည် ဩဝါဒပါတိမောက္ခဟု ခေါ်သည့် ဩဝါဒတရားကို ဟောလေ၏။ ဝိနည်းဥပဒေများ မတည်ရှိသေးမီမှာ ရဟန်းများကို ဆုံးမရန် ရံဖန်ရံခါ ဩဝါဒပါတိမောက္ခကို အသုံးပြု၏။

## ပါတိမောက္ခဟူသည် အဘယ်နည်း

ပါတိမောက္ခ ဟူသည် ဗုဒ္ဓ၏အဆုံးအမ (ဝါ) အမိန့် ဖြစ်၏။ ပါတိမောက္ခဟု ခေါ်ဝေါ် ခြင်းမှာ ၎င်းနှင့်အညီ တိကျစွာနေထိုင်ကြသည့် ရဟန်းတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံဟူသော အပါယ်လေးပါးမှ ကိုယ့်ကိုယ်ကိုယ် ကင်းဝေးစေနိုင်သော ကြောင့် ဖြစ်၏။ ပါတိမောက္ခနှစ်မျိုးရှိ၏။ ယင်းတို့ကား ၁။ ဩဝါဒပါတိမောက္ခ၊ ၂။ အာဏာပါတိမောက္ခ တို့ ဖြစ်၏။ ဩဝါဒပါတိမောက္ခကို ဗုဒ္ဓကဟောပေး၏။ အာဏာပါတိမောက္ခကို လပြည့် လကွယ်နေ့တိုင်းမှာ သံဃာကရွတ်ဆို၏။ ရွတ်ဆိုနေဆဲ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဩဝါဒ ဟူသည် ယေဘုယျ အကြံပေးခြင်းကိုဆိုလို၏။ ထို့ကြောင့် ဩဝါဒ ပါတိမောက္ခ ဟူသည်ကို အကြံပေးချက်နှင့်အညီနေထိုင်ရန် ရဟန်းတို့အား ယေဘုယျ အကြံပေးမှုကို ဆိုလို၏။

အာဏာ ဟူသည် အမိန့်တည်း။ ထို့ကြောင့် အာဏာပါတိမောက္ခ ဟူသည် ရဟန်း တို့အား အမိန့်ပေးခြင်းများကိုဆိုလို၏။ ဗုဒ္ဓသည် ကျူးလွန်ပြစ်များကို အမည်တပ် သင့်တော်သည့် ပြစ်ဒဏ်များကို သတ်မှတ်ခဲ့၏။ ထို့နောက် ရဟန်းတို့အား မိမိ အပြစ်များကို ကျူးလွန်တိုင်း ဤအပြစ်ဒဏ်များကိုပြုရန် အမိန့်ပေးထား၏။ ထို့နောက် ဝိနည်းဥပဒေတို့သည် အာဏာပါတိမောက္ခ၌ ပါဝင်ကြ၏။

ဩဝါဒပါတိမောက္ခသည် အလွန်ရှင်းသည့် အကြံပေးချက်ကလေး ဖြစ်၏။ ဗုဒ္ဓသည် ယင်းကို ရဟန်းတို့အား မကြာခဏ ပေးလေ့ရှိ၏။ ၎င်းမှာ သုံးဂါထာသာ ပါရှိ၏။ အောက်ပါသည် ယင်းကို လွတ်လပ်စွာ ဘာသာပြန်ထားခြင်း ဖြစ်၏။

### ဩဝါဒပါတိမောက္ခ

က။ မကောင်းမှုကို မပြုနှင့် ကောင်းမှုကိုပြုလော့။ မိမိစိတ်ကို ဖြူစင်အောင် ထိန်း သိမ်းလော့။ ဤကား ဗုဒ္ဓ၏ အဆုံးအမ ဖြစ်၏။

ခ။ သည်းခံခြင်းသည် အမြင့်မြတ်ဆုံးသောအကျင့်ဖြစ်၏။ နိဗ္ဗာန်သည် အကောင်း မြတ်ဆုံး ဖြစ်၏။ ဤသို့ ဗုဒ္ဓတို့ မိန့်ဆိုကြ၏။ သူတစ်ပါးတို့ကို နှိပ်စက်သော သူသည် မြတ်သောရဟန်းမဟုတ်။ သူတစ်ပါးတို့ကို ညှဉ်းဆဲသောသူသည် မြတ်သောရဟန်း မဟုတ်။

ဂ။ သူတစ်ပါးတို့ကို မစွပ်စွဲ မညှဉ်းဆဲရာ၊ ပါတိမောက္ခဥပဒေများကို စောင့်ထိန်း ရာ၏၊ အစာ၌ အတိုင်းအရှည်ကို သိရာ၏၊ ဆိတ်ငြိမ်သောနေရာ၌ နေထိုင် ရာ၏၊ အမြတ်ဆုံးသောစိတ်ငြိမ်မှုကိုရဖို့ အားထုတ်ရာ၏။ ဤကား ဗုဒ္ဓ၏ အဆုံးအမ ဖြစ်၏။

***

## အခန်း ၁၄

### ပထမပါဒ

### ကပိလဝတ်ပြည်သို့ ဗုဒ္ဓကြွခြင်း

ဖခင် သုဒ္ဓေါဒနမင်းကြီး၏ ဖိတ်ကြားချက်အရ ဗုဒ္ဓသည် ရဟန်းများခြံရံလျက် ကပိလဝတ်ပြည်သို့ ကြွခဲ့၏။ ဗုဒ္ဓသည် မိမိ၏ဆွေမျိုးများနှင့် ကပိလဝတ်ပြည်သား တို့အား ကုသိုလ်များကို နိုင်သမျှ များများရအောင် ကြိုးစားခြင်းဖြင့် မိမိ၏ကြွရောက် မှုကို အခွင့်ကောင်းယူစေလို၏။ သို့ရာတွင် မိမိ၏ဆွေမျိုးများ၊ သာကီဝင် မင်းသား မင်းသမီးများသည် အလွန်မာနကြီးပြီး ထောင်လွှားသောသူများ ဖြစ်၏။ သူတို့သည် ဘယ်လောက်မြင့်မြတ်သည်ကို မတိုင်းဆနိုင်ကြချေ။ ထို့ကြောင့် သက်ကြီးသကျ ဝင်များ၊ အထူးသဖြင့် ဦးလေး အဒေါ်များ၊ အစ်ကိုကြီး အစ်မကြီးများသည် အား မရှိခိုးလိုကြချေ။ သို့ရာတွင် မင်း၏ အမိန့်ဖြစ်သောကြောင့် သူတို့မှာ ချယ်စရာမရှိ။ ဗုဒ္ဓအားကြိုဆိုရန် လာရောက်ကြရ၏။ သူတို့သည် လာသောအခါ တို့၏ ကလေးများကိုခေါ်လာပြီး ဗုဒ္ဓအတွက်ရည်ရွယ်ထားသည့် နေရာအနီး၌ထား၍ တို့ကမူ ထိုနေရာမှဝေးသည့်နေရာများ၌ ထိုင်ကြ၏။ သူတို့၏အကြံကား မင်းကြီး မြင်ရအောင် ဗုဒ္ဓအား ရှိခိုးခြင်းကို ရှောင်ရှားရန်၊ မိမိတို့၏ကလေးများအားသာ တို ရှိခိုးစေရန် ဖြစ်၏။

ဗုဒ္ဓသည် သာကီဝင်မင်းသား မင်းသမီးတို့၏ စိတ်၌ဖြစ်နေတာကို သိရှိ၏။ တို့၏ ဤမာနနှင့် ထောင်လွှားမှုသည် သူတို့အား ကောင်းတာထက် မကောင်းတာကို ပြုလိမ့်မည်ဟုလည်း ဗုဒ္ဓသိ၏။ ထို့ကြောင့် ဗုဒ္ဓသည် သူတို့၏ မာနနှင့်ထောင်လွှားမှု ယ်ဖျောက်ရန် တန်ခိုးဣဒ္ဓိအချို့ကို ပြခဲ့၏။ တန်ခိုးဣဒ္ဓိများပြခြင်း မပြီးဆုံးမီ သာရိပုတ္တရာနှင့် ရဟန္တာငါးရာတို့သည် ရာဇဂြိုဟ်ပြည်မှ ပြန်ရောက်လာပြီး အား မည်ကဲ့သို့ ဗုဒ္ဓဖြစ်လာခဲ့ကြောင်းနှင့် ပတ်သက်၍ တရားတစ်ပုဒ်ကို ရဟန်း ပရိသတ်အား ဟောကြားပေးပါရန် ပန်ကြားလေ၏။ ဗုဒ္ဓသည်တရားဟော၏။ တရားက ပါဠိလို ဗုဒ္ဓဝံသ မည်၏။ ယင်း၏ အကျဉ်းချုပ်ကို အခန်း ၁၅ ၌ ပြဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



## မြို့တော်အတွင်း ဆွမ်းခံခြင်း

သုဒ္ဓေါဒန မင်းကြီးသည် သူ့သား ဗုဒ္ဓကား ဆွမ်းအတွက် မိမိ၏နန်းတော်သို့ကြွလာ
မည်ဟု အမှန်ယူဆခဲ့၏။ ထို့ကြောင့် သူသည် ဗုဒ္ဓအားဆွမ်းအတွက် မိမိ၏
နန်းတော်သို့ကြွလာရန် ထုံးစံအတိုင်း မပင့်ဖိတ်ခဲ့ဘဲထွက်သွား၏။ သူသည် နန်းတော်
သို့ရောက်သော် ဗုဒ္ဓနှင့်ရဟန်းများအား ဆွမ်းကပ်လှူဖို့အတွက် လိုအပ်သည့် ပြင်ဆင်မှု
များကို ပြုလုပ်၏။ တစ်စုံတစ်ဦးထံမှ ထုံးစံအတိုင်း ပင့်ဖိတ်မှုမရှိသောကြောင့် ဗုဒ္ဓနှင့်
ရဟန်းများသည် နောက်နေ့တွင် ဆွမ်းခံရန် မြို့တွင်းသို့ ကြွသွားကြ၏။ ရာဟုလာ၏
မိခင်သည် မြို့ထဲ၌ ဗုဒ္ဓနှင့် ရဟန်းများ ဆွမ်းခံနေသည်ကိုမြင်သော် ထိုအကြောင်းကို
သုဒ္ဓေါဒနမင်းထံ သတင်းပို့လေ၏။ မင်းကြီးသည် ကပျာကယာ နန်းတော်မှ ထွက်သွား
ပြီး ဗုဒ္ဓအား ဤသို့ပြစ်တင်ပြောဆိုလေ၏။ အရှင်ဘုရား၊ အရှင်သည် အကျွန်ုပ်အား
အဘယ်ကြောင့် အရှက်ခွဲဘိသနည်း၊ အရှင်သည် အဘယ်ကြောင့် ဤကဲ့သို့မြို့ထဲ၌
ဆွမ်းခံလှည့်ဘိသနည်း၊ အကျွန်ုပ်သည် အရှင်နှင့် ရဟန်းများအား ဆွမ်းများကပ်လှူရန်
မတတ်နိုင်ဟု အရှင်ထင်ပါသလော’ ဗုဒ္ဓက ‘တစ်အိမ်မှ တစ်အိမ်သို့သွား၍ ဆွမ်းခံခြင်း
ကို ဗုဒ္ဓအားလုံးတို့က ကျင့်သုံးခဲ့၏’ဟု ဖြေလေ၏။

ဖခင်က ခတ္တိယမင်းများသမိုင်း၌ မမှတ်မိနိုင်သည့် ရှေးအခါကစ၍ ဆွမ်းခံ၍
မြို့ထဲလှည့်လည်သွားခဲ့ဖူးသူ တစ်ဦးမျှ မရှိခဲ့ဟု ပြန်ချေပ၏။ သုဒ္ဓေါဒနမင်းကြီးသည်
ခတ္တိယမင်းတို့၏ ဘိုးဘေးမျိုးနွယ်နှင့် သက်ဆိုင်၏၊ ဗုဒ္ဓမှုကား ဒီပင်္ကရာဗုဒ္ဓ၊ ကောဏ္ဍည
ဗုဒ္ဓ၊ မင်္ဂလဗုဒ္ဓမှ ကဿပဗုဒ္ဓအထိ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့၏ ဘိုးဘေးမျိုးနွယ်နှင့်
သက်ဆိုင်၏ဟု ဗုဒ္ဓက ပြန်ဖြေလေ၏။ ဤဗုဒ္ဓတို့သည် တစ်အိမ်မှ တစ်အိမ်သို့
ဆွမ်းခံလေ့ရှိခဲ့ကြ၏ဟုလည်း ဗုဒ္ဓက ဆက်ပြောလေ၏။ ထိုအချိန်၌ ဗုဒ္ဓသည် ဖခင်
သုဒ္ဓေါဒနမင်းကြီးကား ပထမမဂ်အတွက် ပါရမီရင့်ကျက်ပြီဟု သိရှိ၍ ဗုဒ္ဓ စာကြောင်း
ဝင်လေးခုပါရှိသည့် ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလေ၏။ ၎င်းသည် ဤသို့ ဆိုလို၏။

ရဟန်းတို့သည် ကြည်ညိုစဖွယ် ဣန္ဒြေနှင့်ပြည့်စုံသည့်အမူအရာဖြင့် တစ်အိမ်မှ
တစ်အိမ်သို့ ဆွမ်းခံသွားသည့်အကျင့်ကို ဘယ်တော့မှမမေ့ရ၊ သူတို့သည် မမှန်သည့်
နည်းများသို့မလိုက်ဘဲ ဤမှန်ကန်သည့်အသက်မွေးမှုကို ထိန်းသိမ်းရမည်၊ ဤမှန်ကန်
သည့် အသက်မွေးမှုကို ထိန်းသိမ်းနိုင်သော ရဟန်းသည် ဤဘဝ၌သာမက နောင်ဘဝ
မှာပါ ကိုယ်ကျန်းမာ စိတ်ချမ်းသာမှုကို ရရှိလိမ့်မည်။ (ရဟန်း မည်သည် ကောင်းမြင့်
စင်ကြယ်သောအကျင့်နှင့် ဒုက္ခမှ လူသားများ လွတ်မြောက်ဖို့အတွက် အခြားအရာများ
တွင် မည်သည်ကို အသုံးပြုရမည့်အကြောင်း သိရှိမှုအားဖြင့် မိမိ၏ အသက်မွေးမှု
ပြုရမည်။ ဤကား ဗုဒ္ဓက ချီးမွမ်းအပ်သည့် မှန်ကန်သော အသက်မွေးမှုဖြစ်၏။ ရဟန်း
တစ်ပါးသည် မည်သည့်အခြေအနေတွင်မှ ဝင်ရောက်စွက်ဖက်ခြင်း (ဝါ) ပိုကြီးသည့်



...ရမှုကို မျှော်လင့်ပြီး တစ်စုံတစ်ရာပေးခြင်းအားဖြင့် အလှူဒကာများနှင့် လိုက်လျော
...ပေါင်းသင်းမှုမပြုရ။ ဤသည်ကို မကောင်းသည့်နည်းလမ်းများ ကျင့်သုံးခြင်းဟု
...၏။)

ဂါထာ၏အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိမဂ်ဟူသော ပထမမဂ်ကို
...သွား၏။

ဗုဒ္ဓနှင့်ရဟန်းများ နန်းတော်ထဲ၌ ထိုင်နေသောအခါ ဗုဒ္ဓသည် ဤကဲ့သို့ဆိုလိုသည့်
...ဂါထာကို ရွတ်ဆိုလေ၏။

ရဟန်းတစ်ပါးသည် မမှန်သည့်နည်းလမ်းများကို မကျင့်သုံးဘဲ ဤဆွမ်းခံသည့်
...တ်သောအကျင့်ကို ထိန်းသိမ်းရမည်၊ သူတို့သည် ဆွမ်းခံဖို့ ထွက်သွားသောအခါ
...သင့်တော်သည့် နေရာများကိုရှောင်ကြဉ်ရမည်၊ မမှန်သည့်နည်းများကို ကျင့်သုံး၍
...သက်မမွေးသော၊ ဆွမ်းခံနေစဉ် မသင့်တော်သည့် နေရာများကို ရှောင်ကြဉ်သော
...ဟန်းသည် ဤဘဝ၌သာမက နောင်ဘဝ၌ပါ ကျန်းမာမှု ချမ်းသာမှုကို ရရှိလိမ့်မည်။

(အဋ္ဌကထာများအလိုအရ ရဟန်းအတွက် မသင့်တော်သည့် နေရာတို့သည်
...ာက်ပါအတိုင်းဖြစ်၏၊ အပျိုကြီး၊ ပဏ္ဍုက်၊ ပြည့်တန်ဆာမများ၊ လင်ကွာ မိန်းမများ၊
...ဟန်းမများ၏အိမ်တို့ ဖြစ်၏။ ဤနေရာတို့၌ အတူနေထိုင်သူများနှင့် ကာမစပ်ယှက်
... ပြားယောင်းခံရမည့် ရဟန်း၏ အန္တရာယ်သည် ကြီးမား၏။ ဆွမ်းခံနေသည့် ရဟန်း
...၏ အရက်ဆိုင်ကိုလည်း မသင့်တော်သည့်နေရာဟု သဘောထားအပ်၏။)

ဂါထာ၏အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိမဂ်ဟူသော ဒုတိယမဂ်ကို
...၍ သူ၏မိဖုရားကြီး မဟာပဇာပတိဂေါတမီသည် သောတာပတ္တိ မဂ်ဖိုလ်ကို ရရှိ
...၏။

## ရာဟုလာ၏မိခင်ထံကြွခြင်း

...မ်းစားပြီးနောက် ဗုဒ္ဓသည် သုဒ္ဓေါဒနမင်းကြီးအား မိမိ၏သပိတ်ကိုကိုင်ဆောင်စေ
...ာ် အဂ္ဂသာဝကနှစ်ပါးခြံရံကာ ရာဟုလာမိခင်၏ တိုက်ခန်းသို့ ကြွလေ၏။ ဗုဒ္ဓ
...င်လျှင်ထိုင်ချင်း သုဒ္ဓေါဒနမင်းကြီးက ဤသို့လျှောက်လေ၏။

‘အရှင်ဘုရား၊ အကျွန်ုပ်၏သမီးသည် အရှင်ဘုရားတောထွက်ပြီးနောက် ဖန်ရည်
...သာအဝတ်များကို ဝတ်ပြီဟူသော သတင်းကိုရရှိသည့်အခါမှစ၍ မိမိ၏ နန်းတွင်း
...တ်အစားများကို ဖန်ရည်ဆိုးအဝတ်များဖြင့် အစားထိုးခဲ့၏၊ အရှင်ဘုရားသည်
...နေ့လျှင်ဆွမ်းတစ်နပ်သာစားပြီဟူသော သတင်းကို ရရှိသည့်အခါမှစ၍ သူမသည်
...နေ့လျှင် ထမင်းတစ်နပ်သာ စားခဲ့၏၊ အရှင်ဘုရားသည် မြင့်မားသော အိပ်ရာများကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပယ်ပြီဟူသောသတင်းကို ရရှိသည့်အခါမှစ၍ သူမသည် နန်းသုံးအိပ်ရာကို စွန့်ပယ်ခဲ့၏၊ အရှင်ဘုရားသည် ပန်းများ၊ အမွှေးအကြိုင်များ၊ နံ့သာများကို စွန့်ပြီ ဟူသော သတင်းကို ရရှိသည့်အခါမှစ၍ သူမသည် ယင်းတို့ကို စွန့်ပယ်ခဲ့၏။

'အရှင်ဘုရား တောထွက်ပြီးနောက် နန်းတွင်းမင်းသားများစွာတို့က စာများနှင့် လက်ဆောင်များပို့ခြင်းဖြင့် ပိုးပန်းခဲ့ကြ၏၊ သူမက သူတို့တွင် မည်သူ့ကိုမျှ မတုံ့ပြန်ခဲ့ အကျွန်ုပ်၏သမီးသည် ထိုမျှလောက် မြင့်မြတ်ဂုဏ်ပြုထိုက်သည့် မိန်းကလေးဖြစ်ပါ၏'

ဗုဒ္ဓက ဤသို့ ပြန်လည်မိန့်ကြား၏။

'ရာဟုလာမိခင်သည် သင်မင်းကြီး၏ စောင့်ရှောက်မှုအောက်မှာရှိသောအခါ မိမိ ပါရမီများ၏ အထွတ်အထိပ်သို့ရောက်ပြီးသည့်အခါမှာ မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်သည်မှာ အံ့ဖွယ်မဟုတ်၊ သူမသည် မိမိအားစောင့်ရှောက်မည့် သင်ကဲ့သို့ သောသူ တစ်ဦးမျှ မရှိသည့်အခါ မိမိ၏ပါရမီများ နုသေးသည့်အဆင့်၌ ရှိနေသည့် အခါတုန်းကပင် မိမိ၏ဂုဏ်သိက္ခာကို အလားတူစောင့်ထိန်းခဲ့ဖူး၏'

ထိုအခါ ဗုဒ္ဓသည် ဖခင်၏တောင်းပန်ချက်အရ မိမိနှင့် ရာဟုလာ၏မိခင်တို့ ဟိမဝန္တာတောင်ခြေရင်း၌ ကိန္နရာနှင့် ကိန္နရီမ ဖြစ်ခဲ့တုန်းက အဖြစ်အပျက်ကို ပြန်ပြောပြလေ၏။ ဇာတ်တော်ကား အောက်ပါအတိုင်းဖြစ်၏။

## စန္ဒကိန္နရီ

ရှေးအခါက အလွန်ထူးဆန်းသည့် ငှက်တစ်မျိုးရှိခဲ့၏။ အထီးများကို ကိန္နရာဟု ခေါ်၍ အမများကို ကိန္နရီဟု ခေါ်၏။ သူတို့သည် လူ့ဦးခေါင်းနှင့်တူသည့် ဦးခေါင်း ပါရှိသည့် ငှက်များဖြစ်၏။ သူတို့သည် ဟိမဝန္တာအရပ်ရှိ စန္ဒ တောင်ပေါ်၌နေကြ၏၊ နွေအခါ၌ သူတို့သည် တစ်ခါတစ်ရံ ဟိမဝန္တာတောင်ခြေသို့ လာကြ၏။ သူတို့သည် ကခြင်း၊ သီဆိုခြင်းကို နှစ်သက်ကြ၏။

တစ်ခါတုန်းက ဘုရားအလောင်းနှင့် ရာဟုလာမိခင်အလောင်းတို့သည် ကိန္နရာ နှင့် ကိန္နရီအဖြစ် ဖွားမြင်ခဲ့ကြ၏။ သူတို့နေထိုင်ရာတောင်ကို အစွဲပြု၍ သူတို့ကို စန္ဒကိန္နရာနှင့် စန္ဒကိန္နရီဟု ခေါ်၏။ တစ်ခုသောနွေအခါ၌ မောင်နှံနှစ်ဦးသည် တောင်ခြေရင်းသို့ဆင်းလာ၏။ သူတို့သည် ပျော်မြူးနေကြစဉ် စန္ဒကိန္နရာသည် ဗာရာဏသီမင်း၏ အဆိပ်လူးမြားဖြင့် အပစ်ခံရ၏။ လင်သည် သတိမရ လဲလျောင်း နေစဉ် ယုတ်မာသည့်မင်းသည် စန္ဒကိန္နရီကို မိဖုရားကြီးအဖြစ် တင်မြှောက်မည်ဟု ကတိပေးကာ စန္ဒကိန္နရီကို ဖျက်ဆီးရန်သွေးဆောင်လေ၏။ စန္ဒကိန္နရီသည် ရှုံ့ရှာစွာငို ပျံပြေးပြီး မင်းကြီးအား ဤသို့ပြင်းထန်စွာ ကျိန်ဆဲ၏။

'ငါသည် သတိမရသည့် ငါ့လင်ကိုမြင်ရ၍ သောကဖြင့် ပြင်းစွာနှိပ်စက်ခြင်း ခံရ၏၊ သင့်မိခင်သည် အလားတူသောကဖြင့် နှိပ်စက်ခြင်း ခံရပါစေ၊ သင့်မယားသည်



အလားတူ သောကဖြင့် နှိပ်စက်ခြင်းခံရပါစေ၊ သင်သည် ငါ့ကို သင့်မယားဖြစ်လို သောကြောင့် အပြစ်မဲ့ငါ့လင်ကို အလွန်ရက်စက်စွာ သင်သတ်ခဲ့၏၊ သင့်မိခင်သည် သင့်ကို ဘယ်တော့မှ တစ်ဖန်မတွေ့မြင်ရစေသား၊ သူမသည် မိမိလင်ကို ဘယ်တော့မှ တစ်ဖန် မတွေ့မြင်ရစေသား၊ သင့်မယားသည် မိမိသားကို ဘယ်တော့မှ တစ်ဖန် တွေ့မြင်ရစေသား၊ သူမသည် မိမိလင်ကို ဘယ်တော့မှ တစ်ဖန် မတွေ့မြင်ရစေသား။

'မင်းကြီး၊ ငါသည် အပြစ်မဲ့ ငါ့လင်ကို သတ်ခဲ့သည့် သူ၏မယားအဖြစ်သို့ ကိုယ့်ကိုယ်ကိုယ် ခွင့်ပြုခြင်းထက် သေသာသေအံ့'

မင်းကြီးသည် ပြင်းစွာအမျက်ထွက်သွား၏။ တောတီရစ္ဆာန်တို့သည် မိမိတို့၏ ကာမစိတ်ဆန္ဒအား အပြည့်အဝထွက်ပေါက်ပေးပြီး သင်းကို ဖျက်ဆီးအံ့ဟု ပြန်အော် ပြောပြီးနောက် သူထွက်ပြေးလေ၏။ မင်းကြီးထွက်သွားပြီဟု သိသောအခါ သူမသည် ပြန်လာပြီး သတိမရသည့်မိမိလင်ကို တောင်ထိပ်သို့သယ်သွား၏။ ထိုနေရာ၌ သူမ သည် မိမိလင်၏ဦးခေါင်းကို မိမိရင်ခွင်ပေါ်ထား၍ မိမိလင်မပါဘဲ မိမိအဖို့ အသက်ရှင် နေထိုင်ရန် ဖြစ်နိုင်မည်မဟုတ်၊ တစ်ချိန်က မိမိတို့ကို ဆွဲဆောင်ခဲ့သည့် မိမိတို့ စားကျက် များရှိ သဘာဝအလှတို့သည် မိမိချစ်လင် မပါရှိဘဲ နောက်ထပ် ဆွဲဆောင်မှုရှိတော့မည် မဟုတ်ဟုဆိုကာ ကျယ်လောင်စွာဖြင့် ငိုကြွေးလေ၏။

သူမသည် မိမိလင် အသက်ရှိနေသေးသည်ကို တွေ့ရ၍ ဤသို့ နတ်တို့၏ အကူအညီကို တောင်းခံလေ၏။ သူတော်ကောင်းများကို သူယုတ်မာတို့မှ ကာကွယ် ပေးသည့် နတ်ဒေဝါများ မရှိတော့သလော၊ သို့မဟုတ် သူတို့ မေ့လျော့နေကြသလော၊ သို့မဟုတ် သူတို့ သေသွားကြပြီလော၊ သူတို့သည် ငါ့ချစ်လင်ကို အဲဒီ မင်းယုတ်မှ ကာကွယ်မပေးကြချေ။

ရုတ်တရက် ချက်ချင်းပင် နတ်တို့၏ဘုရင် သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် ပေါ်လာပြီး သူမ၏လင်ကို အသက်ပြန်ရှင်အောင် လုပ်ပေးလေ၏။

ဇာတ်တော်အဆုံး၌ ဗုဒ္ဓသည် စန္ဒကိန္နရီကား ရာဟုလာ မိခင်ဖြစ်ကြောင်း၊ ဗာရာဏသီမင်းကြီးသည် ဒေဝဒတ် ဖြစ်ကြောင်း၊ နတ်တို့၏ဘုရင် သိကြားမင်းသည် အရှင်အနုရုဒ္ဓါဖြစ်ကြောင်း ဇာတ်ပေါင်းပြလေ၏။

## နန္ဒမင်းသား ရဟန်းဖြစ်သွားခြင်း

မိဖခင်၏ နေပြည်တော်သို့ ဗုဒ္ဓကြွရာ၌ ထူးခြားသည့်နောက်တစ်ချက်ကို မဖော်ပြမီ သကျမျိုး၏ စိတ်ဝင်စားဖွယ် လူမှုဆက်ဆံရေး ဓလေ့ထုံးစံကို ဤနေရာ၌ အကျဉ်းမျှ ပြသင့်၏။ မျိုးနွယ်၏ သန့်စင်မှုကို ထိန်းသိမ်းသည့်အနေဖြင့် သကျနွယ်ဝင်တို့သည် မိမိတို့အထဲက လူတိုင်းသည် အချင်းချင်းသာထိမ်းမြားရန် စည်းမျဉ်းချမှတ်ထား၏။ သူတို့သည် မျိုးနွယ်ပြင်ပမှ ဘယ်သူ့ကိုမျှ မထိမ်းမြား၊ ပြင်ပမှ မိန်းကလေးများအားလည်း

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့အနွယ်ဝင်များနှင့် ထိမ်းမြားခွင့်မပြုချေ။ နောက်အခန်း၌ စာရှုသူတို့သည် အမြင်ကျဉ်းသော မျိုးနွယ်မာန်နှင့် ထောင်လွှားမှုကို ဆက်လက်ထိန်းသိမ်းထားသည့် ဤလူမှုဆက်ဆံရေး ဓလေ့ထုံးစံက သကျတစ်မျိုးလုံး ပျက်စီးခြင်းကို မည်သို့ဖြစ်စေ ကြောင်း တွေ့မြင်ရပေမည်။

ဤလူမှုဆက်ဆံရေး ဓလေ့ထုံးစံနှင့်အညီ သုဒ္ဓေါဒနမင်းကြီးသည် သကျနွယ်ဝင် သုပ္ပဗုဒ္ဓမင်း၏နှမနှစ်ဦးကို ထိမ်းမြားယူ၍ အစ်မကြီးကို မိဖုရားကြီးပြုပြီး ညီမကို ဒုတိယမိဖုရားပြုခဲ့၏။ အစ်မကြီးက သိဒ္ဓတ္ထမင်းသား ဖွားမြင်၍ ညီမက နန္ဒမင်းသားနှင့် ဇနပဒကလျာဏီ မင်းသမီးတို့ ဖွားမြင်ခဲ့၏။

သုပ္ပဗုဒ္ဓမင်းသည် သုဒ္ဓေါဒနမင်း၏နှမကို ထိမ်းမြားယူ၍ သူမက ဒေဝဒတ် မင်းသားနှင့် ယသော်ဓရာ မင်းသမီးတို့ ဖွားမြင်ခဲ့၏။ သိဒ္ဓတ္ထမင်းသားသည် ယသော်ဓရာမင်းသမီးကို ထိမ်းမြားယူခဲ့၏။

ကပိလဝတ်ပြည်သို့ ဗုဒ္ဓကြွရာ၌ ထူးခြားသည့်အချက်တစ်ခုသို့ ယခုရောက်လာ တော့မည်။

ကပိလဝတ်ပြည်သို့ ဗုဒ္ဓရောက်လာပြီး သုံးရက်ကြာသော် သုဒ္ဓေါဒနမင်းကြီးသည် မင်္ဂလာ (ကောင်းမြတ်သည့်ဆောင်ရွက်မှုများ) ငါးခုကိုပြုလုပ်ရန် အခမ်းအနားကြီး တစ်ခု ကျင်းပ၏။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်၏။

၁။ ကေသဝိသဇ္ဇနမင်္ဂလ ဟူသည် မင်းသားအဖြစ်နန္ဒမင်းသား ဆင်မြန်းထား ရှိသည့် ဆံထုံးဟန်ကို အိမ်ရှေ့မင်းသား၏ ဆံထုံးဟန်အသစ်ဖြင့် အစားထိုးရန် ကျင်းပသည့်ပွဲဖြစ်၏။

၂။ ပဋ္ဋဗန္ဓမင်္ဂလ ဟူသည် နန္ဒမင်းသား၏ နဖူးပတ်လည်မှာ အိမ်ရှေ့မင်းသား ကမွည်းထိုးထားရာရွှေပြားကို ဝတ်ဆင်ရန် ကျင်းပသည့်ပွဲဖြစ်၏။

၃။ ဃရပ္ပဝေသနမင်္ဂလ ဟူသည် အိမ်ရှေ့မင်းသား၏နန်းတော်ကို နန္ဒမင်းသား အား လွှဲအပ်ဖို့အတွက် ကျင်းပသည့်ပွဲဖြစ်၏။

၄။ အာဝါဟမင်္ဂလာ ဟူသည် အိမ်ရှေ့မင်းသားနန္ဒကို သူ့နှမ ဇနပဒကလျာဏီ မင်းသမီးနှင့် ထိမ်းမြားပေးဖို့အတွက် ကျင်းပသည့်ပွဲဖြစ်၏။

၅။ ဆတ္တုဿာပနမင်္ဂလာ ဟူသည် အိမ်ရှေ့မင်းသား၏ ထီးဖြူကို အိမ်ရှေ့ မင်းသား နန္ဒအား လွှဲအပ်ဖို့အတွက် ကျင်းပသည့်ပွဲဖြစ်၏။

အခမ်းအနားမဖွင့်မီ မင်းကြီးသည် ဗုဒ္ဓနှင့်ရဟန်းများအား ဆွမ်းကပ်၏။ ဆွမ်း ပြီးသော် ဗုဒ္ဓသည် သင့်လျော်သည့်တရားကို ဟောကြားပြီး နန်းတော်မှ ထွက်ခွာ၏။ နန္ဒမင်းသားသည် မျက်မှောက်ဘဝ၌ ရဟန္တာဖြစ်နိုင်၏ဟု ကြိုတင်မြင်သောကြောင့် ဗုဒ္ဓသည် မိမိညီတော်အား အိမ်ရှေ့မင်းသားဖြစ်ခြင်း၊ ထို့နောက် ဖခင်ကွယ်လွန်သော် ဘုရင်ဖြစ်ခြင်းအားဖြင့် ဤအခွင့်ကောင်းကြီးကို လက်မလွှတ် စေလိုခဲ့ပေ။ သူသည်



အိမ်ရှေ့မင်းသား (ဝါ) ဘုရင်ဖြစ်သောအခါ မင်းစည်းစိမ်များ၌ မိမိကိုယ်ကို နစ်မြုပ်စေ လိမ့်မည်။ ဤသို့လျှင် သူသည် အရိယသစ္စာလေးပါးနှင့် ဒုက္ခမှလွတ်မြောက်ခြင်းမှ ဝေးကွာသွားလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓသည် နန္ဒမင်းသားကို နိဂြောဓာရုံကျောင်းသို့ ခေါ်သွားလေ၏။ ထိုကျောင်း၌ ဗုဒ္ဓသည် နန္ဒအား ရဟန်းပြုလိုသလားဟု မေး၏။ နန္ဒ မင်းသားသည် ဗုဒ္ဓအား အလွန်ရိုသေလေးစားသောကြောင့် ဗုဒ္ဓအား မပြုလိုဝါဟု မပြောဝံ့ချေ။ သူသည် မှန်လှပါဘုရား၊ ဟောတော်မူသည့်အတိုင်းပါဘုရားဟု ဖြေ လျှောက်ရတော့၏။ ဗုဒ္ဓ၏အမိန့်ဖြင့် ရဟန်းတို့သည် နန္ဒကို သံဃာ့ဘောင်သို့ သွတ်သွင်းပေးခဲ့၏။

## ရာဟုလာ သာမဏေဖြစ်ပြီ

ထို့နောက် ခုနစ်ရက်ကြာသော် ဗုဒ္ဓသည် ဆွမ်းစားပြီးသော် နန်းတော်မှ ပြန်ကြွ၏။ မိခင်၏မိခင်က ညွှန်ကြားသောကြောင့် ရာဟုလာသည် ဗုဒ္ဓနောက်သို့ လိုက်သွား၏။ သူသည် အသက်ခုနစ်နှစ်သာ ရှိသေး၏။ ဗုဒ္ဓသည် ကိုက်အနည်းငယ်သွားပြီးသော် ရာဟုလာသည် မိမိအား အမွေပေးပါရန် ဗုဒ္ဓကို စတင်တောင်းခံလေ၏။ ရာဟုလာ မင်းသားလည်း မျက်မှောက်ဘဝ၌ ရဟန္တာဖြစ်နိုင်၏ဟု ကြိုတင်သိမြင်သောကြောင့် ဗုဒ္ဓသည် ပြန်မပြောဘဲ ဆက်ကြွသွား၏။ နိဂြောဓာရုံသို့ရောက်သော် ဗုဒ္ဓသည် အရှင်သာရိပုတ္တရာအား ဤသို့မိန့်ကြားလေ၏။ သာရိပုတ္တရာ၊ ရာဟုလာသည် ငါ့ထံမှ အမွေကို အလိုရှိ၏၊ သူ့အား သာမဏေ (ကိုရင်) ပြုပေးလော့။

ထိုသတင်းသည် သုဒ္ဓေါဒနမင်းကြီးထံရောက်သွားသော် မင်းကြီးသည် အလွန် အလွန် စိတ်တုန်လှုပ်သွား၏။ ထို့ကြောင့် သူသည် ဗုဒ္ဓထံအမြန်သွားပြီး ဤသို့ ညည်းတွား လျှောက်လေ၏။

'အရှင်ဘုရား၊ အရှင်သည် တောထွက်ပြီး ရဟန်းပြုသွားခဲ့တုန်းက အကျွန်ုပ်သည် ပြောပြနိုင်အောင် စိတ်မချမ်းမသာဖြစ်ခဲ့ရ၏၊ တစ်ဖန် အရှင်သည် နန္ဒမင်းသားအား ရဟန်းပြုပေးတုန်းက အကျွန်ုပ်သည် အလားတူပင် စိတ်မချမ်းမသာ ဖြစ်ခဲ့ရ၏၊ ယခု အရှင်သည် ရာဟုလာကိုလည်း သာမဏေပြုပေးပြန်ပြီ၊ အကျွန်ုပ်၏ စိတ်မချမ်းသာမှု သည် အတိုင်းအဆ မရှိတော့ပါ၊

'မိဘ ဘိုးဘွားတို့က မိမိတို့၏ သားသမီးများ၊ မြေးများအပေါ် ချစ်ခင်မှုသည် သူတို့၏ အရေပါး အရေထူ အသား အရိုး တို့ကို ဖောက်ပြီး ရိုးတွင်းခြင်ဆီ ရောက်လျှောက် နစ်မြုပ်သွား၏၊ ထို့ကြောင့် အရှင်ဘုရား၊ အကျွန်ုပ် အဆုံးအဖြတ် ကောင်းပန်ပါရစေ၊ မိဘတို့၏ ခွင့်ပြုချက်မရဘဲ မည်သူ့ကိုမျှ သာမဏေပြုစေ၊ ရဟန်း ပြုစေ ဘယ်တော့မှ ပြုမပေးပါနှင့်'

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသည် သုဒ္ဓေါဒနမင်းကြီး၏ တောင်းပန်ချက်ကို လက်ခံပြီး ရဟန်းတို့ နောက်တစ်ကြိမ် တွေ့ဆုံပွဲ၌ အောက်ပါအတိုင်း ကြေညာလေ၏။

မိဘတို့၏ ခွင့်ပြုချက်ကို မရရှိသူ၊ မည်သူ့ကိုမျှ သာမဏေ (ဝါ) ရဟန်းပြု ပေး ရ၊ ရဟန်းတစ်ပါးသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို သာမဏေ (ဝါ) ရဟန်းပြုပေးလျှင် ဒုက္ကဋ်အာပတ် အပြစ်သင့်၏။

## သတင်းများကို မယုံခြင်း

နောက်ရက်အနည်းငယ်ကြာသော် ဗုဒ္ဓနှင့် ရဟန်းတို့သည် ကပိလဝတ်ပြည်မှ ရာဇဂြိုဟ် ပြည်သို့ ထွက်ခွာသွား၏။ လမ်းခရီးတွင် မလ္လတိုင်းပြည်ရှိ ဥယျာဉ်ထဲ၌ ဗုဒ္ဓသီတင်းသုံး နေစဉ် သကျမင်းသားတစ်ထောင်တို့သည် သုဒ္ဓေါဒနမင်းကြီး၏ တိုက်တွန်းချက်အ သံဃာ့ဘောင်သို့ဝင်ရောက်ရန် ဗုဒ္ဓထံ ရောက်လာကြ၏။ နောက်မကြာမီပင် ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တနှင့် သူတို့၏ ဆတ္တာသည် ဥပါလိ ဟူသော သကျမင်းသားကြီးတို့က ထိုသူတို့ထံ ပူးပေါင်းလာခဲ့၏။

ရဟန်းတို့၏ သံဃာ့အဖွဲ့အစည်းသည် ရဟန်းများသံဃာ့ဘောင်သို့ မဝင်ရောက် မီက မိမိတို့ သက်ဆိုင်ခဲ့ကြသည့် အမျိုးဇာတ် (ဝါ) အဆင့်ခြားနား ကွာဟချက်များ အသိအမှတ်မပြုခဲ့၊ ယခုလည်း အသိအမှတ်မပြုချေ။ ရဟန်းတို့သည် ဝါကြီးမှုအ အချင်းချင်းကို အရိုအသေပြုရ၏။ ရဟန်းတစ်ပါးသံဃာ့ဘောင်၌ရှိပြီးခဲ့သည့် ကာ ကြာရှည်မှုဖြင့် ဝါကြီးမှုကို ရေတွက်၏။ ဤသို့လျှင် ဘုရားလောင်းဖြစ်သူ ရဟန်း တစ်ပါးသည် မိမိထက် တစ်ခဏမျှစောပြီး သံဃာ့ဘောင်သို့ ဝင်ရောက်ခဲ့သော မိမိ၏ ကျွန်ထက် ဝါငယ်သူ ဖြစ်သွား၏။ ထို့ကြောင့် ဘုရင်ဟောင်းဖြစ်သော ရဟန်းသည် မိမိ၏ ကျွန်ဟောင်းဖြစ်သည့် ရဟန်းကို ရိုသေရမည်။

ဤစည်းကမ်းကြောင့် သကျမင်းသားတို့သည် ဗုဒ္ဓအား ဤသို့ ပန်ကြားကြ၏ 'အရှင်ဘုရား၊ အကျွန်ုပ်တို့ သကျနွယ်ဝင်တို့သည် အလွန်မာနကြီး၍ ထောင်လွှားကြ၏ အရှင်ဘုရား၊ ဆတ္တာသည် ဥပါလိသည် ကာလကြာမြင့်စွာ အကျွန်ုပ်တို့၏ကျွန် ဖြစ် ပါ၏။ ဥပါလိကို သံဃာ့ဘောင်သို့ ဦးစွာသွတ်သွင်းပေးပါဟု တောင်းခံပါ၏၊ သူ့ကို သံဃာ့ဘောင်သို့ ဦးစွာသွတ်သွင်းပေးလျှင် နောက်မှ သံဃာ့ဘောင်သို့သွတ်သွင်း အပ်သော အကျွန်ုပ်တို့က သူ့အား အကျွန်ုပ်တို့၏ဝါကြီးသူအဖြစ်ဖြင့် ရှိခိုးရကြို အရိုအသေပြုရပါမည်၊ ဤသို့ပြုခြင်းက အကျွန်ုပ်တို့၏ မာနနှင့် ထောင်လွှားမှု ကေန်ချိုးနှိမ်သည် မည်ပါလိမ့်မည်'

ဗုဒ္ဓသည် သကျမင်းသားတို့၏ တောင်းခံချက်ကို လက်ခံ၏။ နန္ဒမင်းသား ရာဟုလာမင်းသား၊ ဆတ္တာသည်ဥပါလိနှင့် ဒေဝဒတ်မှတစ်ပါးသော မင်းသားခြောက်ပါး တို့သည် နောင်တွင် ရဟန္တာများ ဖြစ်သွားခဲ့ကြ၏။

# အခန်း ၁၅

## ဒုတိယ၊ တတိယ၊ စတုတ္ထဝါများ

### ဟန်ဆောင်သူ ဇမ္ဗုက

လက်ထက်က ရာဇဂြိုဟ်ပြည်၌ ကြွယ်ဝသော မိဘတို့အား ထူးဆန်းသည့်သားလေး တစ်ဦး ဖွားမြင်ခဲ့၏။ သူသည် လမ်းလျှောက်နိုင်သည့်အရွယ်သို့ ကြီးပြင်းလာသော် မြေကြီးပေါ်၌ အိပ်၏။ သူ့ခုတင်ပေါ်၌ သူ့ကို အိပ်နိုင်း၍ မရနိုင်။ သူသည် မိမိ၏ မစင်ကို စား၏။ သူ့အား သင့်လျော်သည့်အစာကိုစားရန် ဆွဲဆောင်၍မရနိုင်။ မိဘနှင့် ဆွေမျိုးများက သူသည် အချိန်တန်လျှင် ပိုကောင်းစွာ ပြုမူလိမ့်မည်ဟု ထင်ခဲ့ကြ၏။ သို့ရာတွင် သူ ကြီးပြင်းလာသည့်အခါ သူ့အမူအရာ ပြောင်းလဲမှုတစ်စုံတစ်ရာကို သူတို့ မတွေ့မြင်ရ၍ အလွန့်အလွန် စိတ်ပျက်သွားကြ၏။ သူ့အား အဝတ်များဝတ်ရန် သူတို့က အစွမ်းကုန် လေ့ကျင့်သင်ကြားပေးသော်ငြားလည်း သူ အဝတ်မဝတ်ဘဲ နေတာက ပိုဆိုး၏။ ထို့ကြောင့် မိဘတို့သည် သူ့ကို အာဇီဝက (အဝတ်မဝတ်) ရဟန်း များထံသို့ သူတို့၏ ရဟန်းဘောင်သို့ သွတ်သွင်းပေးရန်ခေါ်သွားခဲ့ကြ၏။ သူတို့သည် ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာ့အဖွဲ့နှင့် ဆန့်ကျင်ဘက်ရဟန်းများဖြစ်ကြ၏။

ရဟန်းပြုပေးရာ၌ ပထမအဆင့်အနေဖြင့် အာဇီဝကရဟန်းတို့သည် ဇမ္ဗုကကို ခုံးလောက်နစ်သည့် တွင်းထဲသို့ချထား၏။ သူတို့သည် ထိုတွင်းထဲ၌ သူ့အား သူ့လည်ပင်း၏ ဘေးနှစ်ဖက်ပေါ်မှာ နီးကပ်စွာမျဉ်းပြိုင်ပြေးထားသည့် ပျဉ်ချပ်နှစ်ခု ကြား၌ ထား၏။ ဤနည်းဖြင့်သူ့ကို မလှုပ်နိုင်အောင် ထားပြီးနောက် ရဟန်းတို့သည် သူ့ရှေ့နှင့် သူ့နောက်မှာရှိ ပျဉ်ချပ်ပေါ်၌ထိုင်ကာ ကိုရိယာငယ်တစ်ခုဖြင့် သူ့ဆံပင် များကို ဆွဲနုတ်ကြ၏။ ရဟန်းပြုပွဲပြီးသော် မိဘတို့သည် နောက်နေ့မှာ မိမိတို့၏အိမ်၌ ဆွမ်းကိုခံယူရန် ရဟန်းတို့အား ဖိတ်ကြားခဲ့ကြ၏။

နောက်နေ့မှာ ရဟန်းတို့သည် ဆွမ်းအတွက် သူ့မိဘအိမ်သို့ သူတို့နှင့်အတူလိုက် ပါရန် သူ့အား ဆွဲဆောင်မရနိုင်သောကြောင့် သူ့ကို ထားရစ်ခဲ့ရ၏။ သူသည် တစ်ယောက်တည်းရှိလေသော် ကုဋီသို့သွား၍ မစင်ကို အားရအောင် မြိုချ၏။ ရဟန်းတို့သည် ဤအချက်ကိုမသိသောကြောင့် သူ့အတွက် သူ့မိဘများထံမှ ဆွမ်းကို ယူလာခဲ့၏။ သူသည် ဆွမ်းကို မထိသော် ရဟန်းတို့က သူ့အား အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုဆွမ်းကိုစားရန် ငြင်းပယ်နေကြောင်း မေးကြ၏။ သူ အစာစားပြီးပြီဟု သူက ပြန်ပြော၏။ သူတို့က အစာကို ဘယ်ကရသနည်းဟုမေးသော သူက ထိုကျောင်း အစာကိုရခဲ့၏ဟု ဆို၏။ ရဟန်းတို့သည် မြို့ထဲ၌ ဆွမ်းခံဖို့အတွက် သူတို့နှင့်အတူ သူ့ကို လိုက်လာနိုင်းလို့လည်း မရ၊ သူတို့ခံယူခဲ့သည့်ဆွမ်းကို သူ့အား စားနိုင်း၍လည်း မရသော် သူတို့၏သံသယများသည် ရက်အတန်ကြာလျှင် တိုးပွားလာ၏။ ထို့ကြောင့် သူတို့သည် အကြောင်းကိစ္စ ဘယ်သို့ရှိသည်ကို သိရှိရန် ရဟန်း တစ်ပါး နှစ်ပါး တိတ်တဆိတ် ထားရစ်ခဲ့၏။ ဤရဟန်းတို့သည် သူ့အား မစင်စားနေလျက်သား မိသွားလေ၏။ ထို့ကြောင့် သူ့ကို ကျောင်းမှ နှင်ထုတ်လိုက်၏။

ကံအားလျော်စွာ ဇမ္ဗုကသည် တစ်နေရာသို့ ရောက်သွား၏။ ထိုနေရာ၌ ကျောက်ဆောင်ကြီးတစ်ခုရှိ၏။ ထိုဒေသ၌ နေထိုင်သည့်လူတို့သည် ထိုကျောက်ဆောင်ကြီး၏နောက်ကွယ်၌ အကာအကွယ်ကိုယူလျက် ထိုနေရာ၌ နေ့စဉ် ကျင်ကြီး ကျင်ငယ် စွန့်ကြ၏။ သူသည် သူတစ်ဦးတည်းရှိသည့် ညအခါမျိုး၌ ထိုမစင်ကို စားသုံးလိမ့်မည်။ နေ့အခါ၌ လူတို့ ကျင်ကြီးကျင်ငယ်စွန့်ဖို့လာကြသော် သူသည် ခြေတစ်ဖက်ကို အခြားခြေတံ၏ ဒူးပေါ်၌တင်လျက် မိမိကိုယ်ကို ထောက်မထားရန် လက်တစ်ဖက်ကို ကျောက်ဆောင်ပေါ်၌ တင်ထားကာ ရပ်နေလိမ့်မည်။ သူသည် ပါးစပ်ကိုတစ်ပြင့် ဖွင့်ထားပြီး ဦးခေါင်းကို အနည်းငယ်အပေါ်မြှောက်ထား၏။ ရိုးအသူတို့က သူ့ကို ချဉ်းကပ်ပြီး ထိုအမူအရာဖြင့် သူ မတ်တတ်ရပ်နေခြင်း၏အကြောင်းကိုမေးသော် သူက ဤသို့ ကြွားဝါစွာ ပြန်ပြောလိမ့်မည်။

'ငါသည် လေကိုသာစား၏၊ လေကား ငါစားသည့်တစ်ခုတည်းသောအစာတည်း။ ငါသည် ဘာသာရေးအရ အလွန်ပြင်းထန်သည့် တပ အကျင့်မျိုးကို ကျင့်သုံးနေသည့် ဝက္ကိုလ်ဖြစ်၏။ ထိုအကျင့်ကြောင့် ကမ္ဘာမြေကြီးသည် ငါ ခြေနှစ်ဖက်စလုံးဖြင့် သူ့အပေါ်ရပ်လိုက်လျှင် တုန်လှုပ်သွားမည်၊ ထို့ကြောင့် မြေကြီးကို တုန်လှုပ်ခြင်းကင်းစေရန်အလို့ငှာ ငါသည် မထိုင်၊ မအိပ်ခြင်း ဖြစ်၏'

သူ၏ ဟန်ဆောင်မှုသည် လူတချို့ကို လှည့်ဖြားနိုင်သဖြင့် မကြာမီပင် အတော်များသည့် နောက်လိုက်တစ်စုကို ရရှိလေ၏။ လတိုင်း လတိုင်းမှာ သူ့ကို ပူဇော်သည့် ပွဲတစ်ခု ရှိလိမ့်မည်။ နောက်လိုက်တို့သည် မိမိတို့စီရင်ထားသည့် အကောင်းဆုံးအစာကို ထိုပွဲသို့ယူလာလိမ့်မည်။ အံ့ဩလောက်အောင် ရှားပါးသည့် ဘာသာရေးအကျင့်မျိုးရှိသည့် ထိုဘာသာရေးခေါင်းဆောင်က မိမိတို့ စားဖွယ်ကိုသုံးဆောင်လျှင် မိမိတို့ ကုသိုလ်များစွာကိုရမည်ဟု ယုံကြည်ကြ၏။ ထို့ကြောင့် သူတို့က အတင်းတိုက်တွန်းသောအခါ သူသည် မိမိ၏နောက်လိုက်များကို ကျေနပ်စေရန်အလို့ငှာ မြက်ဖျားငယ်တစ်ခုကို ဖြတ်စေပြီး ထိုမြက်ဖျားဖြင့် စားဖွယ်ခွက်တိုင်းကို ထိ၍လျက်၏။



ဤသို့အားဖြင့် ၅၅ နှစ်ခန့်တိုင်အောင် ဇမ္ဗုကသည် မစင်ကိုစား၊ မိမိဆံပင်များကို ဆွဲနုတ်၊ မြေကြီးပေါ်၌အိပ်ကာ အဝတ်မဝတ်ဘဲ ဆက်လက်နေထိုင်လေ၏။

တစ်နေ့သ၌ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဒုတိယဝါသီတင်းသုံးနေစဉ် ဇမ္ဗုက၏ပုံရိပ်သည် မိမိ၏ သဗ္ဗညုတဉာဏ်တော်၌ ထင်လာခဲ့၏။ ဗုဒ္ဓသည် သူ၏အတိတ်ဘဝကို ပြန်အောက်မေ့ကြည့်သော် အောက်ပါအတိုင်းတွေ့ရှိရ၏။

သူသည် ကဿပဗုဒ္ဓလက်ထက်က ရဟန်းတစ်ပါးဖြစ်ခဲ့၏။ ရွာမှဒကာတစ်ဦးက ကျောင်းကိုဆောက်၍ သူ့အား လှူဒါန်း၏။ ထိုဒကာ၏အိမ်၌ ဆွမ်းစားရန် သူ့အတွက် အမြဲဖိတ်ထားခြင်း ရှိ၏။ တစ်နေ့သ၌ ဒကာအိမ်၌ သူ ရှိနေစဉ် ရဟန္တာတစ်ပါးသည် ထိုရွာသို့ ရောက်လာ၏။ ထိုရဟန္တာ၏ပြုမူနေထိုင်သည့် တင့်တယ်မှု ဣန္ဒြေသိက္ခာသည် ဒကာအား အလွန်နှစ်ထောင်းအားရဖြစ်စေသောကြောင့် ဒကာက ထိုရဟန္တာအား မိမိ၏အိမ်၌ ဆွမ်းခံယူရန် ဖိတ်ကြား၏။ ဆွမ်းစားပြီးသော် ဒကာသည် ရဟန္တာ၏သင်္ကန်းများကို အလွန့်အလွန် ဟောင်းနွမ်းနေသည်ကို တွေ့ရှိသဖြင့် ဆေးဆိုးပြီး သင်္ကန်းအဖြစ် အသုံးပြုဖို့ အဝတ်အထည်ကောင်းတစ်ခုကို မထေရ်အား လှူဒါန်းလိုက်၏။ နောက် ဒကာသည် ရဟန္တာအား ကာလအတန်ကြာအောင် ကျောင်း၌ မိမိ၏ရဟန်းနှင့်အတူနေရန်ဖိတ်ကြား၏။ ရဟန်းနှစ်ပါးတို့ အိမ်မှထွက်ခွာမည်ပြုသော် ဒကာက ရဟန္တာအတွက် ခုတင်တစ်ခုနှင့် ရှည်နေသည့် သူ့မုတ်ဆိတ်ကိုရိတ်ရန် ဆတ္တာသည်တစ်ဦးကို များမကြာမီ ခေါ်ယူလာမည်ဟုကတိပြု၏။ ပထမရဟန်းသည် မိမိဒကာထံမှ ဤသို့ရှိသေစွာ ပြုမူဆက်ဆံမှုမျိုးကို ဘယ်တုန်းကမှ မရရှိခဲ့ဖူး။ ထို့ကြောင့် မဂ်ဉာဏ်တစ်ခုမျှ မရသေးသည့် သာမန်ရဟန်းဖြစ်သောကြောင့် ရဟန္တာအား ဤအထူးပြုမူဆက်ဆံမှုမျိုးက သဘာဝအားဖြင့် သူ့သန္တာန်၌ မနာလိုမှုကို နှိုးဆွပေးခဲ့၏။

ဒကာသည် ကတိပေးခဲ့သည့်အတိုင်း မကြာမီပင် ခုတင်နှင့် ဆတ္တာသည်တို့နှင့်အတူ ရောက်လာ၏။ သူသည် ပြန်ထွက်မသွားမီ နောက်တစ်နေ့၌ မိမိအိမ်မှာ ဆွမ်းကိုစားရန် ရဟန္တာအား ဖိတ်ကြားခဲ့၏။ ဒကာသည် ထွက်ခွာသွားသော် ကျောင်းနေရဟန်းသည် တိုးပွားနေသည့် မိမိ၏ မခံမရပ်နိုင်ဖြစ်မှုကို မထိန်းနိုင်သောကြောင့် ရဟန္တာ၏ အခန်းထဲသို့ ပြေးဝင်သွားပြီး ရဟန္တာအား အောက်ပါအတိုင်း စော်ကားစကား ပြောဆိုလေ၏။

'သင်သည် ဒကာ့အိမ်၌ ဆွမ်းကိုစားခြင်းထက် မစင်ကို စားသင့်၏'

'သင့်ဦးခေါင်းပေါ်ရှိ ဆံပင်ကို သင်စုန်းဓားဖြင့် ရိတ်ခြင်းထက် ဆွဲနုတ်သင့်၏'

'သင်သည် ဖန်ရည်ဆိုးသင်္ကန်းကို ဝတ်ခြင်းထက် အဝတ်မဝတ်ဘဲနေသင့်၏'

'သင်သည် ခုတင်ပေါ်၌အိပ်ခြင်းထက် မြေကြီးပေါ်၌ အိပ်သင့်၏'

www.burmeseclassic.com

www.burmeseclassic.com



ထိုရဟန်းသည် နောက်တစ်နေ့ နံနက်အစောကြီး ဒကာ့အိမ်သို့ တစ်ပါးတည်း ထွက်သွားပြီး ထိုအခြားရဟန်းသည် ကျောင်းထဲ၌ အိပ်နေတုန်းရှိ၏ဟု ဒကာအား မဟုတ်မမှန် ညည်းတွားပြောဆို၏။ ဆွမ်းကိစ္စပြီးသော် ဒကာသည် ဆွမ်းကိုသပိတ်၌ ထည့်၍ ထိုဆွမ်းကို အခြားရဟန်းထံ ကျေးဇူးပြုယူသွားပါရန် ပန်ကြား၏။ ထိုဆွမ်း ကောင်းသည် အခြားရဟန်းအား ကျောင်း၌ အကြာကြီးနေအောင် ဆွဲဆောင်နိုင်၏ စိုးရွံ့သောကြောင့် ထိုရဟန်းသည် သူ့ကျောင်းသို့မရောက်မီမှာ ထိုဆွမ်းကို သွန်ပစ်၏။ ရဟန္တာသည် ထိုရဟန်း၏ စိတ်ထဲ၌ ဘာဖြစ်နေသည်ကို သိ၏။ ထို့ကြောင့် သူသည် ကျောင်းနေရဟန်း ဒကာ့အိမ်သို့ ထွက်သွားသွားချင်း ကျောင်းမှ ထွက်သွားလေ၏။

ကျောင်းနေရဟန်းသည် အမှန်စင်စစ် ကုသိုလ်(ကောင်းမှု)ကံကို ဆည်းပူးခဲ့၏။ သို့ရာတွင် ရဟန္တာအား စော်ကားခြင်းဖြင့် သူဆည်းပူးခဲ့သည့် အကုသိုလ်(မကောင်းမှု) ကံက သူ၏ ကုသိုလ်ကံထက် ပိုကြီးလေး၏။ ထို့ကြောင့် သူသည် သေလွန်သော် ငရဲ ဖြစ်၍ သူ့ အကုသိုလ်ကံ၏ အဓိက အပိုင်းအစုအားလုံး မခံမရပ်နိုင်သည့် ငရဲ၏ အသွင်ဖြင့် အပြည့်အဝ အကျိုးပေးပြီးသည့်အထိ ငရဲ၌နေခဲ့ရ၏။ သူ့ကုသိုလ် အကျိုးပေးဖို့ အချိန်ရောက်လာသောအခါ သူသည် ဇမ္ဗုကအဖြစ်ဖြင့် ဖွားမြင်ခဲ့၏။ သို့ဖြစ်သော်မှပင် သူသည် ရဟန္တာဖြစ်ဖို့ ပါရမီက မရင့်ကျက်သေးမီမှာ သူ့အကုသိုလ် ၏ အကြွင်းအကျန်သည် ၅၅ နှစ်တိုင် စက်ဆုပ်ဖွယ်ဘဝဖြင့် အကျိုးပေးခဲ့၏။

သူ၏ အတိတ်ဘဝကိုပြန်အောက်မေ့ပြီးသော် ဗုဒ္ဓသည် သူ့အပေါ်၌ ရှုဆင်ခြင် ကြည့်ရာ သူ့အကုသိုလ်ကံ၏ စွမ်းအားသည် ကုန်ခန်းတော့မည်ဟု သိမြင်၏။ ရဟန္တာ အဖြစ်ဖြင့် သူဆည်းပူးခဲ့သည့်ကုသိုလ်ကံသည် မိမိ၏တရားတော်ကို ကြားနာပြီး နောက် မဂ်လေးပါးနှင့် ကြီးမားသည့်တန်ခိုးဣဒ္ဓိများကို သူ့အား ရရှိစေနိုင်လိမ့်မည် ဟူ၍လည်း ဗုဒ္ဓ တွေ့မြင်လေ၏။

ထို့ကြောင့် ဗုဒ္ဓသည် ဇမ္ဗုကထံ ကြွသွား၏။ ဇမ္ဗုကသည် အခြားသူတို့ကို လှည့်ပတ်လေ့ရှိသည့်အတိုင်း ဗုဒ္ဓကိုလည်း လှည့်ပတ်နိုင်လိမ့်မည်ဟု ထင်ခဲ့၏။ ထို့ ကြောင့် သူသည် မိမိ၏ ပြင်းထန်သည့် ဘာသာရေးအကျင့်များ၊ ကြီးမားသည့် တန်ခိုး ဣဒ္ဓိများနှင့် ပတ်သက်၍ စတင်ဝါကြွားပြောဆို၏။

ဗုဒ္ဓသည် သူပြောတာကို သည်းခံပြီး နားထောင်၏။ သူပြောပြီးသော် ဗုဒ္ဓက မဟုတ်မမှန် သင် ပြောဆိုနေ၏ဟု သူ့အားပြောကြား၏။ ထို့နောက် ဗုဒ္ဓသည် ကလေးဘဝမှစ၍ သူကျင့်သုံးလာခဲ့သည့် စက်ဆုပ်ဖွယ်အကျင့်ကို ပြန်ပြောပြီး ရှေးဘဝများ၌ သူ ဆည်းပူးခဲ့သော အလွန်ကြီးလေးသည့် အကုသိုလ်ကံကြောင့် ထိုကဲ့သို့ပြုခဲ့ရ၏ ဟုလည်း ထပ်လောင်းမိန့်ကြားခဲ့၏။



ဇမ္ဗုက၏ ပန်ကြားချက်အရ ဗုဒ္ဓသည် မည်ကဲ့သို့ သူအကုသိုလ်ကံ ဆည်းပူးခဲ့ပုံကို ပြောပြလေ၏။ ဇမ္ဗုကသည် ဗုဒ္ဓပြောစကားကို နားထောင်နေစဉ် သူသည် ရှက်စိတ် ကြီးစွာဖြင့် လွှမ်းမိုးအပ်သောကြောင့် မိမိ၏အတွင်းအင်္ဂါများကို ဖုံးရန် ရုတ်တရက် လိုင်ချ၏။ ဗုဒ္ဓသည် ရေချိုးစဉ်အတွင်း မိမိအသုံးပြုသည့် သင်္ကန်းဟောင်းကို သူ့အား ပစ်ပေးလိုက်၏။ သူသည် ထိုသင်္ကန်းဟောင်းကို အမြန်ကောက်ယူပြီး မိမိ၏ခါးပိုင်းကို ရစ်ပတ်လေ၏။

သူ့အတိတ်ဘဝကြောင်းကို ပြန်ပြောပြီးနောက် ဗုဒ္ဓက သူ့အား အရိယသစ္စာ လေးပါးအကြောင်း တရားတော်ကိုဟောကြားလေရာ တရားမဆုံးမီမှာပင် ဇမ္ဗုကသည် မဂ်ဉာဏ်လေးပါးကိုရ၍ ရဟန္တာဖြစ်သွားလေ၏။ သူသည် ကြီးမားသည့် တန်ခိုးဣဒ္ဓိ များကိုလည်း ရ၏။

ထိုနေ့သည် ဇမ္ဗုကအား လစဉ် ဂုဏ်ပြုပွဲများကျင်းပဖို့နေ့ ဖြစ်သောကြောင့် သူ့ နောက်လိုက်များသည် ထုံးစံအတိုင်း ဆွမ်းအမျိုးမျိုးကိုယူလာကာ ရောက်လာကြ၏။ သူတို့က မိမိ၏ခေါင်းဆောင်အား အရိအသေပေးရန် ဗုဒ္ဓရောက်လာခဲ့၏ဟု ထင်ကြ၏။ ဗုဒ္ဓသည် ဤအချက်ကိုသိ၍ သူတို့အား မိမိတရားကို လက်ခံဖို့အတွက် သင့်လျော်သည့် စိတ်သဘောထားရှိရန် ပြင်ဆင်စေရန်အလို့ငှာ ဤအထင်မှားမှုကို ပယ်ဖျောက်လိုက်၏။ အရှင်ဇမ္ဗုကကလည်း မိမိ၏ နောက်လိုက်များကို ထိုလမ်းမှားမှ လွှဲဖယ်လိုက်၏။ ထို့ကြောင့် ဗုဒ္ဓ၏ အမိန့်အရ သူသည် ကောင်းကင်သို့ အလွန်မြင့်စွာတက်ပြီး ဆင်းလာ သည့်အခါ မိမိ၏နဖူးဖြင့် ဗုဒ္ဓ၏ခြေတော်များကို ထိ၏။ သူသည် ကောင်းကင်သို့ တက်သည့် အကြိမ်တိုင်း၌ ယခင်ပျံတက်မှုထက် ပိုမိုမြင့်အောင်တက်ကာ ခုနစ် ကြိမ်တိုင် ဤပျံတက်ခြင်းကို ပြု၏။

သူ၏နောက်လိုက်တို့သည် သင့်လျော်သည့် စိတ်သဘောထားရှိပြီးနောက် ဗုဒ္ဓက ဂါထာတစ်ခုကို ရွတ်ဆိုတော်မူလေ၏။

ပြင်းထန်သည့် တပ အကျင့်များကို ကျင့်ကြံရန် အဓိဋ္ဌာန်ပြု ရည်မှန်းချက်ရှိသူ သည် မြက်ဖျားကလေးက ဆောင်ယူနိုင်လောက်သည့် ဆွမ်းကို နှစ်များစွာတိုင် တစ်လ တစ်ကြိမ်သာ စားသုံး၏၊ သို့ရာတွင် သူသည် မိမိအား အရိယသစ္စာလေးပါးကို သိမြင်မှုသို့ ဆောင်ကြဉ်းပေးမည့်လမ်းမှန်ပေါ်သို့ မရောက်ရှိလျှင် အရိယသစ္စာလေးပါး ကို သိပြီးသော အရိယာပုဂ္ဂိုလ်၏ အစိတ် ၂၅၆ စိတ်က တစ်စိတ်ကိုမျှ ထိုက်မျှ ၏စိတ်အလို ထိန်းချုပ်မှုတစ်ခုတည်းသည် မလုံလောက်ဟူသော အချက်၏ အလေး ကို ဗုဒ္ဓက အလေးထား၏။ မိမိ၏စိတ်အလို ထိန်းချုပ်မှုကို ကျင့်ကြံသော လည်း အင်္ဂါရှစ်ပါးရှိ မဂ္ဂင်လမ်းဖြစ်သည့် လမ်းမှန်ပေါ်၌ ရောက်ရှိရမည်။

ထိုတရားတိုကလေးသည် ပရိသတ်အား တရားမျက်စိဖွင့်ပေးသည်ဖြစ် ကျေးဇူး ထိုသူတို့အား များစွာ အကျိုးရှိစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝေသာလီပြည်၌ မိုးခေါင်၊ အစာရှား၊ ကပ်ရောဂါဘေး ဆိုက်ရောက်ခြင်း

တစ်ခါတုန်းက ဝေသာလီဒေသ၌ ပြင်းထန်သောမိုးခေါင်မှုဖြစ်ခဲ့၏။ မိုးခေါင်မှုကြောင့် ကောက်ပင်များမဖြစ်ထွန်းခဲ့ချေ။ ကောက်ပင်များမဖြစ်ထွန်းမှုနောက် အငတ်ဘေးကြီး လိုက်ဖြစ်၏။ လူတို့သည် များစွာသေခဲ့၏။ သေနှုန်းသည် အလွန်မြင့်မားသောကြောင့် အလောင်းများကို ကောင်းစွာ ဂရုမစိုက်နိုင်ခဲ့ချေ။ အလွန် စိတ်ချောက်ချားဖွယ် အခြေအနေကြောင့် ကပ်ရောဂါသည် ဝေသာလီပြည်၌ ဖြစ်ပေါ်ခဲ့၏။

မြို့သားတို့သည် ဤထိတ်လန့်ဖွယ်အခြေအနေကို ဆွေးနွေးရန် အရေးပေါ် အစည်းအဝေးကို ခေါ်ခဲ့၏။ လူများစွာတို့က ဤအခြေအနေကို အုပ်ချုပ်သူမင်းကြီး ကျူးလွန်သည့်မကောင်းမှုတို့က ဖြစ်ပေါ်စေခဲ့၏ဟု ထောက်ပြခဲ့ကြ၏။ ထို့ကြောင့် အစည်းအဝေး၏သဘောထားကို မင်းကြီးအားပြောကြားရန် တာဝန်ကို ကိုယ်စားလှယ် အဖွဲ့အား လွှဲအပ်၏။ မင်းကြီးသည် မိမိ၏မကောင်းမှုများ တစ်စုံတစ်ရာရှိသလား ဟူသည်ကို စုံစမ်းရန် စုံစမ်းရေးကော်မရှင်ကို ခန့်အပ်ခဲ့၏။ စုံစမ်းရေးကော်မရှင်သည် မကောင်းမှုတစ်စုံတစ်ရာကို မတွေ့ရှိခဲ့ချေ။ ထိုကော်မရှင်က ၎င်း၏အစီရင်ခံစာ နောက်အစည်းအဝေးသို့တင်သွင်းသည့်အခါ အစည်းအဝေးက ဗုဒ္ဓကိုဖိတ်ကြားရန် ဆုံးဖြတ်ခဲ့၏။

ဗုဒ္ဓသည် ဆုံးဖြတ်ချက်ကိုလက်ခံသောအခါ ရတနသုတ်ကို မိမိရွတ်ဆိုပြီးနောက် ဝေသာလီသည် မိုးခေါင်၊ အစာရှား၊ ကပ်ရောဂါဘေးတို့မှ လွတ်မြောက်လိမ့်မည်ဟု လည်းကောင်း၊ လူများစွာတို့သည် မဂ်ဉာဏ်တစ်ပါးပါးကို ရရှိမည်ဟုလည်းကောင်း ကြိုတင်သိမြင်ခဲ့၏။ သူသည် သူတို့၏ဖိတ်ကြားချက်ကိုလက်ခံပြီး ရဟန်းငါးရာခြံရံ ဝေသာလီသို့ ကြွလေ၏။ ရာဇဂြိုဟ်ပြည့်ရှင်နှင့် ပြည်သားတို့သည် ရာဇဂြိုဟ်မှ ဂင်္ဂါ မြစ်ကမ်းအထိ လမ်းကိုပြင်၍ ယင်းလမ်းကို ပန်းမျိုးစုံဖြင့် ဖုံးလွှမ်းကြ၏။ ခရီး တစ်လျှောက်တွင် မင်းကြီးသည် ဗုဒ္ဓအား ထီးဖြူနှစ်လက်ဖြင့်လည်းကောင်း၊ ရဟန်း ငါးရာကို ထီးဖြူတစ်လက်စီဖြင့်လည်းကောင်း မိုးပေးစေခဲ့၏။ ဂင်္ဂါမြစ်ကမ်း၌ ဗုဒ္ဓ နှင့် ရဟန်းများကို လှေများဖြင့် ဝေသာလီဆိပ်ကမ်းသို့ သယ်ဆောင်ပေးခဲ့၏။ လှေများ ထွက်လာနေသည့်အခါ ဗိမ္ဗိသာရမင်းကြီးသည် မိမိလည်ပင်းသို့ ရေထိရောက်သည် အထိ ဂင်္ဂါမြစ်ထဲသို့ဆင်းပြီး မိမိ၏နဖူးပေါ်၌ လက်အုပ်တင်ချီကာ ဗုဒ္ဓအား ဤသို့ ရိုသေစွာလျှောက်လေ၏။ ‘အရှင်ဘုရား၊ ဝေသာလီမှ ဗုဒ္ဓပြန်ကြွလာသည်အထိ ဂင်္ဂါမြစ်ကမ်းပေါ်၌ အကျွန်ုပ် စောင့်ဆိုင်းနေပါမည်’

ဗုဒ္ဓသည် ဝေသာလီမြေပေါ်၌ မိမိ၏ ခြေတစ်ဖက်ကို ချ ချချင်း ပြင်းထန်သော မိုးကြီး သွန်းချလေ၏။ မစောင့်ရှောက်ဘဲ ပစ်ထားကြသည့် ရုပ်ပျက်အလောင်းများ မြို့တော်မှ ဂင်္ဂါမြစ်ထဲသို့သယ်ပို့လေ၏။ တစ်မြို့လုံးဆေးကြောသုတ်သင်ပြီး ဖြစ်သွား၏။



ဗုဒ္ဓနှင့် ရဟန်းငါးရာတို့သည် ဂင်္ဂါမြစ်ကမ်းမှ တစ်ဖန် ဝေသာလီမြို့တော်သို့ ခြေလျင်ကြွလေ၏။ ဝေသာလီမင်းသားတို့သည် ဗုဒ္ဓအားကြိုဆိုပွဲကို မိမိတို့၏ အလိုက် သည်းလိုက် လေးစားမှု၊ ခမ်းနားမှု၊ အေးဆေးတည်ငြိမ်မှုတို့ဖြင့် အကောင်းဆုံး ဖူးတွဲ လုပ်ဆောင်ရန် အစွမ်းကုန်အားထုတ်ကြ၏။ ဝေသာလီမြို့တော်တံခါးသို့ ရောက်သော် ဗုဒ္ဓသည် အရှင်အာနန္ဒာအား ရတနသုတ်ကိုသင်ယူရန်ပြောကြားပြီးနောက် ထိုသုတ်ကို ရွတ်ဆို၏။ ဗုဒ္ဓသည် ဝေသာလီ၌ မိမိ သီတင်းသုံးနေစဉ်အတွင်း နေထိုင်မည့် စည်းဝေး ခန်းမသို့ မထွက်ခွာမီ အရှင်အာနန္ဒာအား မြို့တော်ကို ကာရံထားသည့် တံတိုင်းသုံးခုကို လှည့်ပတ်၍ ရတနသုတ်ကို အထပ်ထပ် ရွတ်ဆိုသွားရန် ညွှန်ကြား၏။ မကျန်းမာ သူတို့သည် အံ့ဩဖွယ်ရာ ကျန်းမာလာပြီး စီတန်းလှည့်လည်သည့် လူတန်းကြီးကို တိုး၍ ကြီးမားလာစေ၏။ အရှင်အာနန္ဒာဦးဆောင်သော စီတန်းလှည့်လည်သည့် လူတန်းကြီးသည် နောက်တစ်နေ့နံနက် ယင်း၏လမ်းကြောင်း ပြီးဆုံးသောအခါ ဗုဒ္ဓအား ပူဇော်ရန် အစည်းအဝေးခန်းမဆီသို့ ချီတက်သွား၏။ ဗုဒ္ဓသည် ရတနသုတ်ကို ထပ်၍ ရွတ်ဆို၏။ ဗုဒ္ဓသည် ထိုသုတ်ကို ခုနစ်ရက်တိုင် ထပ်ကာ ထပ်ကာ ရွတ်ဆို တော်မူခဲ့၏။

ထိုသုတ်၏ အဓိကအကြောင်းအရာကား သစ္စာစကားဆိုပြီးနောက် သတ္တဝါတို့၏ ကိုယ်ကျန်းမာမှု၊ စိတ်ချမ်းသာမှုအတွက် ဆုတောင်းခြင်းဖြစ်၏။ အောက်ပါတို့ကား နမူနာတချို့ဖြစ်၏။

၁။ ဗုဒ္ဓမှာ သဗ္ဗညုတဉာဏ်တော်ရှိ၏။ သူသည် နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းကို တွေ့ရှိခဲ့၏။ သူသည် သတ္တဝါတို့ကို ဒုက္ခမှ လွတ်မြောက်စေဖို့အတွက် မိမိ၏တရား များကို လှည့်လည်ဟောကြားခဲ့၏။ သူသည် သတ္တဝါတို့၏အကျိုးစီးပွားအတွက် မြတ်သောအားထုတ်မှုတို့ကို ပြုခဲ့၏။ သူသည် သတ္တဝါတို့အား မဂ် ဖိုလ် နိဗ္ဗာန်ကို ရရန် ကူညီမည့်တရားတော်များကို ဟောကြားခဲ့၏။ ထို့ကြောင့် ဗုဒ္ဓကိုခေါ်ဆိုသော ရတနာသည် လောကီရတနာဟူသမျှထက် ပို၍ မြတ်၏။ ဤသစ္စာစကားကိုဆိုရခြင်း ကြောင့် သတ္တဝါအားလုံးတို့ စိတ်ချမ်းသာမှု၊ ကိုယ်ကျန်းမာမှုကို ရကြပါစေ။

၂။ ဗုဒ္ဓသည် ကိလေသာအားလုံးမှ လုံးဝကင်းရှင်းသည့် အရဟတ္တမဂ်ဉာဏ်ကို အဖော်ပြုသည့် သမာဓိ (စိတ်တည်ကြည်မှု)ကို ချီးမွမ်း၏။ ထိုသမာဓိ၏အကျိုးသည် ချက်ချင်းဖြစ်ပေါ်၏ဟု ဗုဒ္ဓက ဟောကြား၏။ သမာဓိနှင့် ၎င်း၏ အကျိုးတရား အကြား၌ ကြားကာလမရှိ။ အရဟတ္တမဂ်တို့က အဖော်ပြုသည့် သမာဓိနှင့်တူညီသော သမာဓိမျိုး မရှိ။ ထို့ကြောင့် အရဟတ္တမဂ် သမာဓိကို ခေါ်ဆိုသောရတနာသည် လောကီ ရတနာအားလုံးထက် ပို၍ မြတ်၏။ ဤသစ္စာစကားကို ဆိုရခြင်းကြောင့် သတ္တဝါ အားလုံးတို့ စိတ်ချမ်းသာမှု၊ ကိုယ်ကျန်းမာမှုကို ရကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ယောဂီသည် ပထမမဂ် (သောတာပတ္တိမဂ်)ကို ရရချင်း ဤကိလေသာသုံးပါးတို့ကို လုံးဝ ပယ်သတ်ပြီးဖြစ်၏။ က။ မိမိအား အတ္တ (ဝါ) ဝိညာဉ်၌ ယုံကြည်မှု ရှိစေသည့် ပထမကိလေသာ၊ ခ။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် ပတ်သက်၍ မိမိအား ယုံမှားမှု ရှိစေသည့် ဒုတိယကိလေသာ၊ ဂ။ တစ်စုံတစ်ဦးအား ဒုက္ခ၏အဆုံးသို့ ပို့ဆောင်နိုင်သည့် အင်္ဂါရှစ်ပါးရှိ မဂ္ဂင်လမ်းမှတစ်ပါး အခြားလမ်းများရှိ၏ဟု မိမိအား ယုံကြည်စေသည့် တတိယကိလေသာ။

ပထမမဂ်ရပြီးသော ပုဂ္ဂိုလ်ကို သောတာပန်ဟု ခေါ်၏။ သောတာပန်သည် မိမိ၌ ကိလေသာတချို့ ရှိနေသေးသော်မှပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံ တစ်ဘုံဘုံ၌ ဘယ်တော့မှ ပြန်ဖြစ်မည် မဟုတ်။ သူသည် ဖခင်ကိုသတ်ခြင်း၊ မိခင်ကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ သံဃာအတွင်းသင်းခွဲခြင်း၊ ဗုဒ္ဓအား ဒဏ်ရာရစေခြင်း၊ ဗုဒ္ဓဘာသာမဟုတ်သည့် ဘာသာရေးခေါင်းဆောင်၏ တပည့်ဖြစ်သွားခြင်းဟူသော အပြစ်မျိုးကို ဘယ်တော့မှ ကျူးလွန်မည်မဟုတ်။ ထို့ကြောင့် သောတာပန်ကိုခေါ်ဆိုသည့် ရတနာသည် လောကီရတနာအားလုံးထက် ပို၍မြတ်၏။ ဤသစ္စာစကားကိုဆိုရခြင်းကြောင့် သတ္တဝါအားလုံးတို့ စိတ်ချမ်းသာမှု၊ ကိုယ်ကျန်းမာမှုကို ရကြပါစေ။

ဗုဒ္ဓသည် ဝေသာလီ၌ ၁၅ ရက်ခန့်နေပြီး ရာဇဂြိုဟ်သို့ ပြန်ကြွခဲ့၏။ လေ့တို့သည် ကမ်းနားဘေးသို့မရောက်လာမီ ဗိမ္ဗိသာရမင်းကြီးသည် နောက်တစ်ကြိမ် မြစ်လည်ပင်းကို ရေထိသည့်တိုင် ဂင်္ဂါမြစ်ထဲဆင်းသွားပြီး မိမိနဖူးပေါ်၌ လက်အုပ်တင်ကာ ရိုသေစွာဖြင့် ဗုဒ္ဓကို ကြိုဆိုခဲ့၏။ သာလွန်သည့် ငွေကြေးအင်အားနှင့် ပြည့်စုံသော ဗိမ္ဗိသာရမင်းကြီးသည် ဂင်္ဂါမြစ်ကမ်းမှ ရာဇဂြိုဟ်အထိ ခမ်းနားသည့် ကြိုဆိုပွဲကြီးကို ဝေသာလီမင်းသားတို့က ဗုဒ္ဓအားပြုပေးခဲ့သည့် သင့်လျော်သော မင်းကြိုဆိုပွဲထက် သာလွန်အောင် ကိုယ်တိုင်ပင်စီစဉ်လေ၏။

ဝေဠုဝန်ကျောင်းတွင် တရားဟောခန်းမ၌ တစ်ညနေမှာ ရဟန်းတို့သည် ဝေသာလီ အသွားအပြန်ခရီးအတွင်း၌ ဗုဒ္ဓအား အံ့သြဖွယ်ရာ ပြုစုပေးမှုအကြောင်းကို ဆွေးနွေးနေကြ၏။ ဗုဒ္ဓသည် ရဟန်းတို့ ဘာဆွေးနွေးနေကြသည် သိရှိသောအခါ ခရီးတစ်လျှောက်လုံး ငါ့အား ကြီးမားသည့် ပူဇော်မှုပြုခြင်းကို ငါ၏ ဣဒ္ဓိများက ဖြစ်စေခဲ့သည် မဟုတ်။ နတ်ဗြဟ္မာတို့၏ တန်ခိုးဣဒ္ဓိများကလည်း ဖြစ်စေခဲ့သည် မဟုတ်။ စင်စစ် ယင်းသည် ငါ၏ ရှေးဘဝတစ်ခုက ငါပြုခဲ့သည့် ကုသိုလ်ကံ အနည်းငယ်၏ အကျိုးပေးမှုဖြစ်၏။

ရဟန်းတို့ တောင်းပန်ချက်အရ ဗုဒ္ဓသည် ထိုကုသိုလ်ကံ သူ ဆည်းပူးခဲ့ပုံကို ပြန်ပြောပြလေ၏။ အောက်ပါကား အကျဉ်းချုပ်ဖြစ်၏။



တစ်ခါတုန်းက သခ်မည်သော ပုဏ္ဏားတစ်ဦးရှိခဲ့၏။ သုသိမသည် သူ့သားဖြစ်၏။ တစ်နေ့သ၌ သုသိမသည် ဗာရာဏသီရှိ ဆရာကြီးထံ၌ ပညာသင်ရန် မိမိအိမ်ခင်ကို စွန့်ခွာခဲ့၏။ သူသည် အလွန်မြင့်မြတ်သည့် ပါရမီရှင် လူငယ်တစ်ဦးဖြစ်သောကြောင့် သင်ယူဖွယ်အလုံးစုံကို အချိန်တိုအတွင်း၌ သင်ယူပြီးစီးခဲ့၏။ သူသည် နောက်တစ်ဆင့်လေ့လာဖို့အတွက် အနီးရှိတောထဲ၌ သီတင်းသုံးနေသည့် ပစ္စေကဗုဒ္ဓများထံ သွားခဲ့၏။

ထိုနေရာ၌ သူ ရဟန်းပြုခဲ့၏။ သူသည် ပစ္စေကဗုဒ္ဓါဖြစ်ဖို့အတွက် မိမိ၏ပါရမီများ ပြည့်ဆည်းမှုပြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် မကြာမီပင် သုသိမ ပစ္စေကဗုဒ္ဓါဖြစ်သွား၏။ သူသည် ဗာရာဏသီပြည်၌ သုသိမ ပစ္စေကဗုဒ္ဓါဟု အလွန်ထင်ရှား၏။ သို့ရာတွင် ကံမကောင်းသဖြင့် သူသည် ငယ်ရွယ်စဉ်မှာ သေလွန်ခဲ့၏။ အခြား ပစ္စေကဗုဒ္ဓါများနှင့် သူတို့တပည့်များက သူ့ကိုမီးသဂြိုဟ်ပြီး ဗာရာဏသီအနီး၌ သူ့ဓာတ်တော်များ ဌာပနာထားရာ သင့်လျော်သည့်စေတီတစ်ဆူကို တည်ထားခဲ့ကြ၏။

သူ့ဖခင် သခ်သည် မိမိထံမှ ပညာသင်ဖို့ထွက်သွားချိန်မှစ၍ သတင်း တစ်စုံတစ်ရာကို မရရှိသောအခါ သူ့အကြောင်းကိုစုံစမ်းရန် ဗာရာဏသီသို့ ရောက်လာခဲ့၏။ တစ်ဦးက သူ့အား သူ့သား၏ ဓာတ်တော်များနှင့် စေတီအကြောင်းကို ပြောပြသည့်အခါ သူသည် ထိုစေတီသို့ သွားခဲ့၏။

သူသည် အုတ်ခုံမှ တောမြက်များကို ရှင်းလင်း၏။ သူသည် ထိုအုတ်ခုံကို သဲဖြူဖြင့် ဖုံးလွှမ်း၏။ သူသည် မြူမှုန်ကို သိပ်စေရန် စေတီပတ်လည်ကျယ်ပြန့်သော နေရာပေါ်၌ ရေလောင်း၏။ ထို့နောက် သူသည် အနီးရှိတောမှ တောပန်းများစွာကို နှိုင်သမျှ ခူးပြီး ထိုပန်းတို့ကို စေတီအား လှူဒါန်း၏။ သူသည် မိမိအပေါ်ရုံကိုလည်း တံခွန်အဖြစ်ပြု၍ စေတီအားလှူဒါန်း၏။ (အဝတ်ရှည်ပိုင်းတစ်ခု၏ အနံ့ဘက်ကို အနံ့လောက်အရွယ်ရှိသော တုတ်တစ်ခု၌ ချည်ထား၏။ ထို့နောက် ထိုတုတ်ကို မြေပေါ်စိုက်ထူထားသည့် တိုင်ရှည်တစ်ခု၏ထိပ်၌ တုံးလုံးလှဲချည်၏။ ဤသည်ကို အကြမ်းဖျင်းအားဖြင့် တံခွန်ဟုခေါ်၏။ ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုးအများဆုံး၌ ယနေ့ထက်ထိ တွဲလျားဆွဲနေသည့် တံခွန်တို့၏ ရှုက်ထည်များကို တွေ့မြင်နိုင်၏) သုသိမ ပစ္စေကဗုဒ္ဓါ၏ ဖခင်သည် ထွက်ခွာမသွားမီ အထွတ်အနေဖြင့် မိမိ၏ထီးကိုလှူဒါန်း၍ ထိုထီးကို စေတီ၏ထိပ်၌ ချည်ထားခဲ့၏။

၁။ 'အုတ်ခုံမှ တောမြက်များရှင်းလင်းခဲ့သည့် ငါ့ကုသိုလ်ကံ၏ အကျိုးဆက်အနေဖြင့် ရာဇဂြိုဟ်မှ ဝေသာလီအကြားရှိလမ်းများကို အဟန့်အတားအားလုံး ဖယ်ရှင်းပစ်ပြီး ကောင်းစွာ ပြင်ဆင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com





၂။ အုတ်ခုံကို သဲဖြူဖြင့် ဖုံးလွှမ်းသည့် ငါ့ကုသိုလ်ကံ၏ အကျိုးပေးအနေဖြင့် ရာဇဂြိုဟ်နှင့် ဝေသာလီအကြားရှိ လမ်းများကို သဲဖြင့် ဖုံးလွှမ်းခဲ့၏။

၃။ စေတီအားပန်းမျိုးစုံကို လှူခဲ့သည့် ငါ့ကုသိုလ်ကံ၏ အကျိုးပေးအနေဖြင့် ရာဇဂြိုဟ်နှင့် ဝေသာလီအကြားရှိလမ်းများကို ပန်းမျိုးစုံဖြင့် ဖုံးလွှမ်းခဲ့၏။

၄။ စေတီဝန်းကျင်ရှိ ကျယ်ပြန့်သော နေရာ၌ ရေလောင်းခဲ့သည့် ငါ့ကုသိုလ်ကံ၏ အကျိုးပေးအနေဖြင့် ဝေသာလီမြေပေါ်၌ ငါ ခြေချ ချချင်း ပြင်းထန်သည့်မိုးကြီး ရွာသွန်းခဲ့၏။

၅။ တံခွန်နှင့် ထီးကိုလှူဒါန်းခဲ့သည့် ငါ့ကုသိုလ်ကံ၏ အကျိုးပေးအနေဖြင့် ငါနှင့် ငါ့အား ခြံရံလိုက်ပါသည့် ရဟန်းတို့အား လှူဒါန်းခဲ့သည့် ထီး တံခွန်တို့ များပြားခဲ့ခြင်း ဖြစ်၏။'

'ရဟန်းတို့၊ ဤသို့အားဖြင့် ငါ့အားကြီးကျယ်သော ပူဇော်မှုကိုပေးခဲ့သည်မှာ ငါ၏ တန်ခိုးဣဒ္ဓိများကြောင့်မဟုတ်၊ နတ်၊ ဗြဟ္မာတို့၏ တန်ခိုးဣဒ္ဓိများကြောင့်လည်း မဟုတ်၊ သင်္ခအမည်ရှိ ဘုရားအလောင်းဖြစ်ခဲ့စဉ်က ငါဆည်းပူးခဲ့သည့် ကုသိုလ်ကံ၏ အကျိုးပေးမှုသာ ဖြစ်၏။'

## ဥဂ္ဂသေန ကျွမ်းသမား

ဗုဒ္ဓလက်ထက်၌ ကျွမ်းအဖွဲ့ကြီးတစ်ခုရှိခဲ့၏။သူတို့သည် နှစ်စဉ် ရာဇဂြိုဟ်ပြည်သို့ အလည်လာရောက်၍ တစ်ပတ်ခန့်ကြာအောင် မင်းကြီးရှေ့မှာ အမိန့်အရ ကပြခဲ့ကြ၏။ ထို့နောက် သူတို့သည် လူထုအား ပြသခဲ့ကြ၏။

ကျွမ်းအဖွဲ့၏ခေါင်းဆောင်မှာ အလွန်လှပသည့် သမီးတစ်ဦးရှိခဲ့၏။ သူမသည် ကျွမ်းထိုးကပြခြင်းတို့၌သာမက သီဆိုခြင်း၌လည်း အလွန်တတ်ကျွမ်း၏။ ကပြ တစ်ခု၌ သူဌေးကြီးတစ်ဦး၏သားဖြစ်သူ ဥဂ္ဂသေနသည် သူမကိုမြင်၍ သူမ၏အ တို့ဖြင့် ဖမ်းစားခြင်းခံခဲ့ရ၏။ သူသည် သူမကို လက်ထပ်ယူရန် ခွင့်ပြုချက် တောင်းခံသော် သူ့မိဘများက ခေါင်းမာစွာ ငြင်းပယ်ခဲ့၏။ သူသည် မိမိနှင့်တန်းတူ တစ်ပါး မည်သူ့ကိုမျှ လက်မထပ်ရဟု သူတို့က သူ့အား ရှင်းရှင်းပင် ပြောလိုက်၏။ ဥဂ္ဂသေနကလည်း မိမိ၏ဆုံးဖြတ်ချက်၌ ခေါင်းမာလှ၏။ သူက မိဘတို့၏ခွင့်ပြုချက် မရခဲ့လျှင် သေသည်အထိ အစာငတ်ခံမည်ဟု ကြေညာ၏။ သူသည် ပြင်းပြ အစာငတ်ခံ ဆန္ဒပြခဲ့၏။ နောက်ဆုံး၌ မိဘများက အလျှော့ပေးခဲ့ရ၏။ သူတို့သည် ဥဂ္ဂသေန၏ မိတ်ဆွေကို ထိုမိန်းကလေး၏ဖခင်ထံသို့ ဤစာနှင့်အတူစေလွှတ်ခဲ့၏။ ဥဂ္ဂသေန၏ မိဘတို့က ဖခင်အား ငွေဒင်္ဂါးတစ်ထောင် ပေးပါမည်၊ အတုံ့အ အားဖြင့် ခေါင်းဆောင်ကြီးက မိမိ သမီးကို သူတို့၏ သားနှင့် ထိမ်းမြားပေးစေလို

ခေါင်းဆောင်က သူတို့၏ ပန်ကြားချက်ကို မလေးမစားဖြင့် ပယ်ချခဲ့၏။ သူတို့က သူတို့၏ ငွေဒင်္ဂါးတစ်ထောင်ကို အလိုမရှိဟု ဆို၏။ သူက ဥဂ္ဂသေနသည် မိမိ၏ သမီးကို လက်ထပ်ယူလိုလျှင် မိမိတို့အဖွဲ့ထဲဝင်ပြီး မိမိတို့နှင့်အတူ လိုက်ပါရမည်ဟု အတင်းအကြပ်တောင်းဆို၏။ ဥဂ္ဂသေနသည် ခေါင်းဆောင်၏ စည်းကမ်းချက်ကို သက်ခံပြီး မိဘတို့၏ ပြင်းထန်စွာကန့်ကွက်သည့်ကြားမှ ကျွမ်းအဖွဲ့ထဲဝင်သွားလေ၏။

ဥဂ္ဂသေနသည် ကျွမ်းပညာရပ်၌ ဘယ်တုန်းက သင်ကြားလေ့ကျင့်မှုမရှိခဲ့ချေ။ ထို့ကြောင့် ခေါင်းဆောင်က သူ့အား အဖွဲ့၏ အထမ်းသမားများထဲက တစ်ဦးအဖြစ် ခန့်ထားခဲ့၏။ သူသည် အထုပ်အပိုးများကိုသယ်ရသည့်အပြင် လှည်းနွားများကိုလည်း ထိန်းကျောင်းရ၏။ မယားသည် ဤသို့ သရော်သည့် ကလေးချော့ သီချင်းများကို သီဆို ခြင်းဖြင့် မိမိ၏လင်ကို မကြာခဏ ပြစ်တင်ကဲ့ရဲ့၏။

အို အထမ်းသမားကြီးသား
မေမေ့ကိုချစ်ရင် အိပ်ပါတော့လား။
အို နွားကျောင်းသမားကြီး၏သား
မေမေ့ကိုချစ်ရင် အိပ်ပါတော့လား။
အို လူအ လူထိုင်းကြီး၏သား
မေမေ့ကိုချစ်ရင် အိပ်ပါတော့လား။

ဥဂ္ဂသေနသည် ဤကဲ့ရဲ့စကားများကို အလွန်အမင်း မကျေမနပ်ဖြစ်၏။ သို့ရာတွင် သူသည် မိမိမယားနှင့် ကလေးကို အလွန်အမင်းချစ်သောကြောင့် အနှိမ်ခံရမှု အလွန်အမင်း ခံစားရသော်မှပင် သူတို့ကို စွန့်ခွာသွားဖို့ မဆိုထားဘိ စွန့်ခွာသွားရိုး ပင် မစဉ်းစားနိုင်ခဲ့ချေ။ ထို့ကြောင့် သူသည် မိမိ၏ ယောက္ခမထံ၌ လေ့ကျင့် သင်ကြားခဲ့ပြီး ပါရမီထူးမြတ်သူဖြစ်သောကြောင့် မကြာမီအတွင်း ကျွမ်းအဖွဲ့၏ ပါတ်တစ် ဖြစ်လာခဲ့၏။

သူတို့ ဗိမ္ဗိသာရမင်းကြီးအား အမိန့်အရ ကပြပြီးနောက် တစ်နှစ်ကြာသော် ရာဇဂြိုဟ်ပြည်သားတို့အား ကပြနေကြ၏။ တစ်ခုသောနံနက်၌ ဥဂ္ဂသေန၏ရုပ်သွင် သည် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ထဲ၌ ပေါ်လာ၏။ ဗုဒ္ဓသည် သူ့အပေါ်၌ ရှုဆင်ခြင် ကြည့်သော် ဥဂ္ဂသေနသည် ထိုနေ့မှာပင် စာကြောင်းဝက်လေးခုပါဂါထာတိုတစ်ခုကို ကြားနာပြီးနောက် အရဟတ္တမဂ်ကိုရပြီး ရဟန္တာဖြစ်ရန် ပါရမီရင့်ကျက်နေပြီဟု သိမြင် လေ၏။ ထို့ကြောင့် သင့်တော်သည့်အချိန်၌ ဗုဒ္ဓသည် ရဟန်းများခြံရံလျက် ဆွမ်းခံရန် ရာဇဂြိုဟ်မြို့ထဲသို့ ရောက်လာခဲ့၏။ ထိုအချိန်၌ ဥဂ္ဂသေနသည် ပရိသတ် တစ်ရပ်အား အံ့ဩဖြစ်နေအောင် ထိန်းထားသည့် ကျွမ်းထိုးကပြခြင်းများကို စတင်ပြလေ၏။ ထိုအခါတွင် ဗုဒ္ဓနှင့်ရဟန်းများ အနီးသို့ရောက်လာသော် လူတို့သည် ဗုဒ္ဓဘက်လှည့်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဥဂ္ဂသေနကို တစ်ဦးတည်းပစ်ထားခဲ့၏။ ဥဂ္ဂသေနသည် မိမိ၏ ဆွဲဆောင်နိုင်သည့် ကျွမ်းထိုးကပြမှုများကို အလွန့်အလွန် အထင်ကြီးခဲ့၏။ ထို့ကြောင့် သူသည် မိမိ တစ်ဦးတည်း ပစ်ထားခံရသော် စိတ်ပျက်သွား၏။ ဗုဒ္ဓသည် သူ့စိတ်ထဲ၌ ဘာဖြစ်နေ သည်ကို သိရှိ၏။ ထို့ကြောင့် ဗုဒ္ဓသည် ဥဂ္ဂသေနအား ဆက်လက် ကပြဖို့ပြောကြား၏ အရှင် မဟာမောဂ္ဂလာန်ကို စေလွှတ်၏။ ဥဂ္ဂသေနသည် အရှင်မဟာမောဂ္ဂလာန်ထံမှ အားပေးစကားများကို ကြားရသည့်အခါ အလွန်ပင် ဝမ်းသာသွား၏။ သူသည် ဆက်လက်ကပြ၏။ ကျွမ်းထိုးတစ်မျိုး ကပြပြီးသော် သူသည် ခဏမျှနားနေ၏။ ဗုဒ္ဓက သင့်လျော်သည့်အချိန် ကျရောက်ပြီဟု သိ၍ ဂါထာတို တစ်ပုဒ်ကို ရွတ်ဆို၏။ ယင်း၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်၏။

ဥဂ္ဂသေန၊ အတိတ်က ခန္ဓာငါးပါး (ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာလေးပါး)အား သင်၏ တပ်မက်မှုကို ပယ်သတ်လော့၊ အနာဂတ်ခန္ဓာငါးပါးအား သင်၏ တပ်မက်မှုကို ပယ်သတ်လော့၊ ပစ္စုပ္ပန်ခန္ဓာငါးပါးအား သင်၏ တပ်မက်မှုကို ပယ်သတ်လော့။ သင်သည် ဤခန္ဓာငါးပါးအား သင်၏ တပ်မက်မှုကိုပယ်သတ်လျှင် သင်သည် သင်၏ ပဋိသန္ဓေအဆုံးသို့ရောက်၍ သင်မြင်သည့် အဆင်းအာရုံ၊ သင်ကြားသည့် အသံအာရုံ၊ သင်နံသည့် အနံ့အာရုံ၊ သင်လျက်သည့် အရသာအာရုံ၊ သင်တွေ့ထိသည့် အတွေ့အာရုံ၊ သင်ကြံစည်သည့် အကြံအာရုံတို့အား လုံးဝ မတပ်မက်ခြင်းနှင့်အတူ နေရလိမ့်မည်။ သင်သည် ပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်းကဲ့သို့သော ဒုက္ခနှင့်တွေ့ဆုံရန် နောက်ထပ်ရှိတော့မည် မဟုတ်။

ဂါထာတို၏ အဆုံး၌ ကျွမ်းသမားတို့၏ နံပါတ်တစ်ဖြစ်သူ ဥဂ္ဂသေနသည် အရဟတ္တမဂ်ကိုရရှိပြီး ရဟန္တာဖြစ်သွား၏။ သူသည် ဗုဒ္ဓထံသွားပြီး သူ၏ခြေများကို မိမိ ဦးခေါင်းဖြင့် ထိကာ မိမိအား သံဃာ့ဘောင်သို့သွတ်သွင်းပေးပါရန် တောင်းခံ လေ၏။ ဗုဒ္ဓသည် ရဟန်းပြုပေးနည်း ပထမပုံစံကို အသုံးပြုခဲ့၏။

ညနေချမ်းတွင် ဝေဠုဝန်ကျောင်း တရားဟောခန်းမ၌ ရဟန်းတချို့က မထေရ် ကြီးတို့အား ကျွမ်းသမားတစ်ဦးက ဤကဲ့သို့ ရဟန္တာဖြစ်သွားနိုင်ခြင်း၏အကြောင်းကို မေးမြန်းနေကြ၏။ သူတို့ ဆွေးနွေးကြစဉ်တွင် ဗုဒ္ဓရောက်လာခဲ့၏။ ဆွေးနွေးနေသည့် အကြောင်းအရာကို ဗုဒ္ဓအား အသိပေးအပ်သော် ဗုဒ္ဓက ဥဂ္ဂသေနသည် ရှေးဘဝက သူ ပြုခဲ့သည့်ကံကြောင့် ကျွမ်းသမားဖြစ်ပြီးနောက် ရဟန္တာဖြစ်လာခဲ့၏ဟု ပြန်လည် မိန့်ကြား၏။ ရဟန်းတို့၏တောင်းပန်ချက်အရ ဗုဒ္ဓက သူပြုခဲ့သည့် ကံကို ပြန်လည် ပြောပြလေ၏။ အောက်ပါကား အကျဉ်းချုပ်ဖြစ်၏။



အချိန်ကား ကဿပဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ဖြစ်၏။ ဗာရာဏသီပြည်သား တို့သည် ဗုဒ္ဓ၏ဓာတ်တော်များ ဌာပနာထားဖို့ရာ စေတီကြီးတစ်ဆူကို တည်နေကြ၏။ သူများစွာတို့သည် စေတီတည်ဖို့အတွက် မိမိတို့လုပ်အားကို ပေးကြ၏။ ဥဂ္ဂသေန လောင်းနှင့် သူ့မယားတို့သည် အလုပ်ကြမ်းသမားအဖွဲ့ဝင်ဖြစ်ကြ၏။ တစ်နေ့သ၌ သူတို့သည် စေတီ၌ အလုပ်လုပ်ရန်သွားနေစဉ် ရဟန္တာတစ်ပါးကိုတွေ့ခဲ့၏။ သူတို့ သည် ထိုရဟန္တာအား မိမိတို့ဆွမ်းကို ခံယူရန်ဖိတ်ကြား၍ မိမိတို့၏အလှူဒါနကြောင့် တစ်နေ့မှာ ရဟန္တာများဖြစ်လို၏ဟု ဆုတောင်းခဲ့၏။ အနာဂတံသဉာဏ်ဖြင့် ရဟန္တာ သည် သူတို့ဆုပြည့်မည်ဟု ကြိုတင်သိမြင်ခဲ့၏။ ထို့ကြောင့် သူက ပြုံး၏။ မယား သည် ရဟန္တာပြုံးတာကို မြင်သောအခါ သူမက ရယ်မောကာ ရဟန်းသည် ဇာတ်ပွဲ ထဲက ပုဂ္ဂိုလ်ဖြစ်၏ဟုထင်ကြောင်း မိမိယောကျာ်းအား ပြောပြ၏။ လင်သည် သူမနှင့် သဘောကိုက်ညီကြောင်း ပြန်ပြော၏။ ရဟန္တာ၌ နောက်ပြောင်သည့် အကုသိုလ်ကံအကျိုးပေးကြောင့် သူတို့လင်မယားနှစ်ဦးလုံးသည် သူတို့၏နောက်ဆုံး ဘဝ၌ ကျွမ်းသမားဖြစ်လာခဲ့ကြ၏။ ရဟန္တာအားလှူခဲ့သည့် သူတို့၏ဒါနကြောင့် သူတို့နှစ်ဦးလုံးရဟန္တာများ ဖြစ်လာကြ၏။ (ဥဂ္ဂသေန၏မယားသည် ဗုဒ္ဓကမိန်းမများကို ရဟန်းပြုခွင့်ပေးပြီးနောက် ဘိက္ခုနီမကျောင်းသို့ သွားလေ၏။ အပြင်းအထန် ဝိပဿနာ ကို အားထုတ်ပြီးနောက် သူမလည်း ရဟန္တာဖြစ်သွား၏။)

***

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၆

## ပဥ္စမဝါ
## ဘိက္ခုနီ (ရဟန်းမ) သံဃာစတင်ခြင်း

ဗုဒ္ဓသည် ဝေသာလီအနီး မဟာဝုန်တောရှိ ကုဋာဂါရသာလာကျောင်း၌ ပဥ္စမ
သီတင်းသုံး၏။ ထိုကာလအတွင်း၌ ဘိက္ခုနီသံဃာကိုတည်ထောင်ခဲ့၏။ သံဃာ
သို့ ဝင်ရောက်လာသည့် ပထမဆုံးဘိက္ခုနီကား ဗုဒ္ဓ၏ကျော်စောလှသော မိထွေးဖြစ်
မဟာပဇာပတိဂေါတမီပင် ဖြစ်၏။ သူသည် ပထမဆုံးဘိက္ခုနီဖြစ်လာခဲ့ပုံ အကြော
တစ်စုံတစ်ရာကိုမပြောသေးမီ သူမ၏ အတိတ်ဘဝအကြောင်းကို အကျဉ်းမျှပြန်
ပြလျှင် အကျိုးရှိပေမည်။

### သူမ၏ အတိတ်ဘဝ

ပဒုမုတ္တရ ဗုဒ္ဓလက်ထက်က သူမသည်ကြွယ်ဝသည့် မိန်းကလေးဖြစ်ခဲ့၏။ တစ်နေ့
တရားဟောပြီးသည့်အဆုံးတွင် ဗုဒ္ဓက ဘိက္ခုနီတစ်ပါးအား သံဃာအတွင်း၌ ဝါကြီး
သောအရာမှာ ဘိက္ခုနီအားလုံးတွင် အမြတ်ဆုံးဟု ကြေညာခဲ့၏။ သူမသည်
မြင်ရ ကြားရတာကို အလွန်နှစ်ထောင်းအားရ ဖြစ်မိ၏။ သူမသည် ဗုဒ္ဓနှင့် ရဟ
တို့အား ဆွမ်းသင်္ကန်းများ လှူပွဲကို ကြီးကျယ်စွာကျင်းပခဲ့၏။ သူမသည် ထိုဒါနကြော
နောင်ဘဝမှာ သံဃာအတွင်း ဝါကြီးအရာ၌ ဘိက္ခုနီအားလုံးတွင် အမြတ်ဆုံး
ဗုဒ္ဓကြေညာခဲ့သည့်ဘိက္ခုနီမျိုး ဖြစ်လိုပါ၏ဟု ဆုတောင်းခဲ့၏။ ဗုဒ္ဓက သူမ၏ဆု
အတည်ပြုပေးခဲ့၏။

နောက်ကမ္ဘာအနည်းငယ်ကြာသော် သူမသည် မိမိတို့၏ ပိုင်ရှင်များအ
ရေသယ်ပေးရသည့် ကျွန်မတစ်စု၏ အကြီးအကဲဖြစ်လာခဲ့၏။ သူမ၏
အဆိုပြုချက်အရ ကျွန်မ ငါးရာနှင့် သူတို့၏လင်တို့သည် မိမိတို့ကိုယ်ကို အုပ်စု
ဖွဲ့ကြ၏။ အုပ်စုအသီးသီးသည် ပစ္စေကဗုဒ္ဓါငါးပါး တစ်ပါးစီအတွက်
တစ်ဆောင်စီ ဆောက်ခဲ့၏။ ဝါတွင်းသုံးလအတွင်း၌ ဤကျွန်တို့သည် ဆွမ်း သ
ဆေးများအတွက် ကိုယ်တိုင်တာဝန်ယူကြရ၏။



ဝါကျွတ်ခါနီးသော် တစ်ဖန်ကျွန်အကြီးအကဲ၏အဆိုပြုချက်အရ ကျွန်မအသီးသီး
သည် အဝတ်အထည်စကို ရက်လုပ်၏။ သူတို့သည် မိမိတို့၏ အထည်ကြမ်းငါးရာကို
အထည်စကောင်းတချို့နှင့် အလဲအလှယ်ပြုပြီး ယင်းတို့ကို ပစ္စေကဗုဒ္ဓါများအတွက်
င့်လျော်သည့် သင်္ကန်းများကို ပြုလုပ်၏။

နောက်ဘဝများစွာကြာသော် တစ်ဖန် ကျွန်မအကြီးအကဲသည် ယက္ကန်းရွာ၌
ယက္ကန်းသည် အကြီးအကဲ၏သမီး ဖြစ်လာခဲ့၏။ တစ်နေ့သ၌ ပစ္စေကဗုဒ္ဓါငါးရာ
တို့သည် ဗာရာဏသီ၌ ဆွမ်းခံရန်ကြိုးစား၍မရသော် ထိုရွာသို့ရောက်လာခဲ့ကြ၏။
သူမ၏ ရှေးဦးအဆိုပြုချက်အရ ဆွမ်းကိုအချိန်မီစုပြီး ပစ္စေကဗုဒ္ဓါတို့အား လှူခဲ့ကြ၏။

ဂေါတမဗုဒ္ဓမဖွားမြင်မီ နှစ်အနည်းငယ်က ယက္ကန်းသည်အကြီးအကဲ၏သမီး
သည် အဥ္စနမင်းကြီး၏ သမီးငယ်အဖြစ် ဖွားမြင်ခဲ့၏။ သူ့အမည်ကား ဂေါတမီဖြစ်၏။
သူ့အစ်မကြီးကား မဟာမာယာဖြစ်၏။ ကပိလပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးသည်
သူတို့နှစ်ဦးလုံးကို လက်ထပ်ယူပြီး အစ်မကြီးကို မိဖုရားကြီး၊ ညီမကို ဒုတိယမိဖုရား
မြှောက်ခဲ့၏။ မိဖုရားကြီးမဟာမာယာကား ဘုရားအလောင်းဖွားမြင်၍ ဒုတိယမိဖုရား
ဂေါတမီကား ဘုရားအလောင်းထက် သုံးရက်ခန့်ငယ်သော နန္ဒမင်းသား ဖွားမြင်ခဲ့၏။

ဘုရားအလောင်းဖွားမြင်ပြီး ခုနစ်ရက်မြောက်၌ မဟာမာယာကွယ်လွန်သော်
ဂေါတမီသည် ဘုရားအလောင်းအား ကိုယ်တိုင်နို့တိုက်ကာပြုစုခဲ့ပြီး မိမိ၏သားအရင်းကို
အခြား နန်းတွင်းနို့ထိန်းတို့အား စောင့်ရှောက်စေကာ ဘုရားအလောင်းအား မိခင်ရင်း
သတိဝိရိယမျိုးဖြင့် စောင့်ရှောက်ခဲ့၏။

ဗုဒ္ဓသည် ကပိလဝတ်ပြည်သို့ ပထမဆုံးကြွလာသည့်အခါ ပဇာပတိဂေါတမီသည်
ဗုဒ္ဓထံမှ ဘိက္ခုနီ(ရဟန်းမ) ပြုခွင့်ရရှိရန် သုံးကြိမ် အားထုတ်ခဲ့၏။ ဗုဒ္ဓက ထိုကြိုးစားချက်
တို့ကို ပယ်ချခဲ့၏။ ဗုဒ္ဓအားလုံးမှာ ဘိက္ခု (ရဟန်းယောကျ်ား) သံဃာ၊ ဘိက္ခုနီ (ရဟန်း
မိန်းမ)သံဃာဟူ၍ သံဃာနှစ်မျိုးထားရှိခဲ့၏ဟု ဗုဒ္ဓက ကောင်းစွာသိရှိ၏။ မိမိ၏မိထွေး
မဟာပဇာပတိဂေါတမီသည် သူမ၏ ပထမဆုံးဘိက္ခုနီဖြစ်လိုသည့် ဆုကို ပဒုမုတ္တရ
ဗုဒ္ဓက အတည်ပြုခဲ့ပြီးဖြစ်သောကြောင့် ပထမဆုံးဘိက္ခုနီဖြစ်ဖို့ ပါရမီကံပါလာခဲ့ဟု
လည်း ဗုဒ္ဓ သိမြင်၏။ သို့ရာတွင် ဗုဒ္ဓက အလွယ်တကူခွင့်မပေးလိုခဲ့ချေ။ သူသည် မိန်းမ
တို့အား သံဃာအား အလေးစားဆုံးပြုမူစေရန်အလို့ငှာ ဤအချက်ကို သိစေလိုခဲ့၏။

ထို့နောက် အတန်ကြာသော် မဟာပဇာပတိဂေါတမီသည် မိန်းမတို့အား ဘိက္ခုနီ
ပြုခွင့်ပေးဖို့ ဗုဒ္ဓကို တောင်းခံရန် နောက်အခွင့်အရေးတစ်ခုကို ရရှိခဲ့၏။ သူသည်
ထိုအခွင့်အရေးကို ဤနည်းဖြင့်ရခဲ့၏။

ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ကပိလဝတ္ထုနှင့်
ကောလိယပြည်တို့ ရောဟိနီမြစ်မှ ရေကို ဘယ်သူသုံးစွဲသင့်၏ဟူသော ပြဿနာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ စစ်ထိုးကြတော့မည်ဟု မိမိ၏သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်ခဲ့ကြ ဗုဒ္ဓသည် နှစ်ဖက်သောစစ်တပ်များကိုတွေ့ဖို့ ကြွရောက်ပြီးနောက် ငြိမ်းချမ်းရေးရ လားဟု သိရှိရန် စစ်ပွဲအပေါ် ရှုဆင်ခြင်ခဲ့၏။ ဗုဒ္ဓသည် တရားသုံးပုဒ်ဟောပြီးနော ငြိမ်းချမ်းရေးရရှိမည်ဟု မိမိ၏သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်ခဲ့၏။ ထို့ကြောင့် သည် စစ်ပွဲ မစတင်မီကလေးမှာပင် စစ်မြေပြင်သို့ရောက်အောင် မိမိ ကြွသွားမှ ချိန်ကိုက်ခဲ့၏။ ဗုဒ္ဓသည် ထိုနေရာ၌ စစ်မြေပြင်မှ ကိုက်အနည်းငယ်အဝေး ကောင်းကင်တွင် ရပ်လျက် နှစ်ဖက်သော စစ်တပ်တို့အား ရေကလေးအတွက် မိမိတို့၏ အဖိုးမဖြတ်နိုင်သည့် အသက်များကို မစွန့်လွှတ်ကြရန် မိန့်ကြားလေ၏။

ထို့နောက် ဗုဒ္ဓသည် တရားသုံးပုဒ်ကို ဆက်တိုက်ဟော၏။ ဖန္ဒနဇာတ် ခေါ်သည့် ပထမတရားသည် ရန်ငြိုးထားမှု၏ မကောင်းမှုတို့နှင့်ပတ်သက်၏။ ဒုဗ္ဘ ဇာတ်ဟုခေါ်သည့် ဒုတိယတရားသည် ယုံလွယ်ခြင်း၏ အန္တရာယ်များနှင့်ပတ်သက် လဋုကိကဇာတ်ဟုခေါ်သည့် တတိယတရားသည် အားနည်းသူ၊ အောက်ကျသူတို့ အထင်သေးခြင်း၏ အန္တရာယ်များနှင့် ပတ်သက်၏။ ဗုဒ္ဓသည် ပုံပမာအနေဖြင့် ငှက် ကို အထင်သေးပြီး သူမ၏ ကလေးငယ်နှစ်ဦးအပေါ် ရွံ့ရှာစဖွယ် နင်းသတ်ခဲ့သည် ဆင်ကြီးတစ်ကောင်အား ငှက်ကလေးတစ်ကောင်က သတ်ခဲ့သည့် ဝတ္ထုကိုပြောပြ၏။

ထို့နောက် ဗုဒ္ဓသည် နောက်ထပ်တရားနှစ်ပုဒ်ကို ဟောကြား၏။ ရုက္ခဓမ္မဇာတ် ခေါ်သော ပထမတရားသည် ညီညွတ်ခြင်း၏တန်ဖိုးနှင့်ပတ်သက်၏။ ဝဋ္ဋဇာတ်ဟု သော ဒုတိယတရားလည်း ညီညွတ်ခြင်း၏ တန်ဖိုးနှင့်ပတ်သက်၏။ ဥပမာအနေ ဗုဒ္ဓသည် ငုံးငှက်များဝတ္ထုကို ပြောပြ၏။ တစ်ခါတုန်းက ထိုငုံးတို့သည် မုဆိုး ပိုက်ကွန်ထဲ၌ မိသွားကြ၏။ သူတို့သည် ညီညွတ်ကြသောကြောင့် မုဆိုး၏ပိုက်ကွန် သယ်သွား၍ ဆားကင်းခြင်းကို ရခဲ့ကြ၏။ သူတို့ မညီညွတ်သောအခါ မုဆိုး၏လက် သို့ ကျရောက်သွား၏။ နောက်ဆုံးတရားကား အတ္တဒဏ္ဍသုတ်ဖြစ်၏။

ထိုသုတ်၏အဆုံး၌ နှစ်ဖက်သောစစ်တပ်တို့၏ ခေါင်းဆောင်သည် မိမိတို့ အချင်းချင်းဖျက်ဆီးခြင်းမှ ကယ်တင်ခဲ့သည့်အတွက် ဗုဒ္ဓအား ကျေးဇူးတင်သည့် အ အနေဖြင့် မိမိတို့၏သားများထဲမှ တစ်ဖက်လျှင် ၂၅၀ သော မင်းသားတို့ကို ဗုဒ္ဓအ ပေးလှူရန် သဘောတူကြ၏။ ဗုဒ္ဓသည် သူတို့ကိုလက်ခံ၍ ရဟန်းပြုနည်း ပထမပုံ အသုံးပြုကာ သူတို့ကို ရဟန်းပြုပေးခဲ့၏။ သူတို့သည် ဗုဒ္ဓဟောကြားသည့် ကုဏာ ဇာတ်ကို နာကြားပြီးနောက် မထေမဂ်ကိုရသွားကြ၏။ ထို့နောက် မကြာမီ သူတို့သည် ဗုဒ္ဓထံမှ ဝိပဿနာနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ရရှိကြ သူတို့အားလုံးသည် (ကုဋာဂါရကျောင်း၌ရှိနေစဉ်) ကျန်မဂ်သုံးပါးကိုရ၍ ရဟန္တာ ဖြစ်သွားကြ၏။





ဤမင်းသားတို့၏ မယားဟောင်းတို့သည် မဟာပဇာပတိဂေါတမီထံသွားပြီး ...တို့အတွက် ဗုဒ္ဓထံမှ ဘိက္ခုနီပြုခွင့်ကိုရရှိရန် ထပ်ကြိုးစားဖို့ သူမအား တိုက်တွန်းကြ ...။ မဟာပဇာပတိဂေါတမီသည် ထပ်ကြိုးစားရန်သဘောတူ၏။ သို့ရာတွင် ဤ ...ကြိမ်၌ သူမသည် နည်းဗျူဟာသစ်ကိုအသုံးပြု၏။ သူမသည် မိမိ၏ ဦးခေါင်းကို ...က်တုံးပြီး မိမိ၏ မိဖုရားအဝတ်အစားကိုချွတ်ပယ်ကာ ဖန်ရည်ဆိုးအဝတ်များကို ...တ်၏။ သူမသည် ထိုရဟန္တာတို့၏ မယားဟောင်းငါးရာတို့ကိုလည်း အလားတူပြုရန် ...ကြား၏။ ဘိက္ခုနီဖြစ်ဖို့ မိမိတို့၏ စိတ်အားထက်သန်မှုနှင့် ဆုံးဖြတ်ချက်အား ...လေးဂရုပြုမှုကို ဗုဒ္ဓအားပြသရန် ဤနည်းဗျူဟာကို သုံးခဲ့၏။ ကပိလဝတ္ထုနှင့် ...ာလိယ အစိုးရတို့က သူတို့ကို တင်ဆောင်ဖို့အတွက် ထမ်းစင်များကိုပေးကြ၏။ ...င်းသည် ဗုဒ္ဓအား မလေးစားသည့် အမှတ်အသားဖြစ်လိမ့်မည်ဟု စဉ်းစားကာ ...တို့သည် ထမ်းစင်များကို လက်ခံရန်ငြင်းပယ်ပြီး မိုင် ၃၅၀ ခန့် ခရီးရှည်ကြီးဖြစ် ...သည့် ကပိလဝတ္ထုမှ ဝေသာလီအနီးရှိ ကုဋာဂါရကျောင်းသို့ ခရီးတစ်ခုလုံး လမ်းလျှောက် ...သွားကြ၏။ သို့ရာတွင် သူတို့သည် ခရီးတစ်ခုလုံးအတွက် ကိုယ်ရံအစောင့်အရှောက် ...နှင့် ရိက္ခာများ သူတို့ပေးကမ်းမှုကိုလက်ခံခဲ့၏။ သူတို့သည် ဗုဒ္ဓ ပဉ္စမဝါ သီတင်းသုံး ...ရာ ဝေသာလီသို့ရောက်သော် အားအင်ကုန်ခန်းပြီး မမှတ်မိနိုင်အောင် မြူမှုန်တို့ဖြင့် ...ကျံနေ၏။ အရှင်အာနန္ဒာသည် ပထမ သူတို့ကို မမှတ်မိနိုင်ချေ။ သူသည် မှတ်မိ ...သော် မဟာပဇာပတိနှင့် မင်းသမီးငါးရာတို့ တောင်းခံနေသည့် ခွင့်ပြုချက်ကို ဗုဒ္ဓ ...အား တောင်းခံလေ၏။ ပထမက ဗုဒ္ဓသည် အရှင်အာနန္ဒာ၏ တောင်းပန်ချက်ကို ...ကြိမ်တိုင်ပယ်ချခဲ့၏။ ထို့နောက် အရှင်အာနန္ဒာက အောက်ပါအတိုင်းချဉ်းကပ်နည်း ...သစ်ကို အသုံးပြု၏။

'အရှင်ဘုရား၊ မိန်းမများအဖို့ သူတို့ ဘိက္ခုနီများဖြစ်ပြီးနောက် သောတာပတ္တိ ...မဂ် ဖိုလ်၊ သကဒါဂါမိ မဂ် ဖိုလ်၊ အနာဂါမိ မဂ် ဖိုလ်၊ အရဟတ္တ မဂ် ဖိုလ်တို့ရရှိ ...ဖြစ်နိုင်ပါသလော'

'အာနန္ဒာ ဖြစ်နိုင်၏'

'အရှင်ဘုရား၊ မိန်းမများအဖို့ သူတို့ ဘိက္ခုနီများဖြစ်ပြီးနောက် မဂ် ဖိုလ်လေးပါးကို ...ရရန်ဖြစ်နိုင်ခဲ့လျှင် မိန်းမတို့အား တရားတော်များနှင့်အညီ ဘိက္ခုနီများပြုခွင့်ပေးပါရန် ...အား အကျွန်ုပ် ပန်ကြားပါရစေ၊

'ထို့အပြင် အရှင်ဘုရား၊ ဗုဒ္ဓသည် မဟာပဇာပတိဂေါတမီအား ကျေးဇူးဆပ်... ...ရှိနေပါ၏၊ သူမသည် ရှေးဦးစွာ ဗုဒ္ဓချစ်အပ်သော အဒေါ်နှင့် မိထွေးဖြစ်ပေါ၏။ ...သည် ဗုဒ္ဓအား ကလေးဘဝကစပြီး မိခင်တို့၏ ဂရုစိုက်မှု၊ ညာ...မှုတို့ဖြင့် ...မွေးပြုစုခဲ့ပါ၏။ သူမသည် တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် ဗုဒ္ဓအား ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပေးပြီး အမွေးနံ့သာတို့ဖြင့် ပွတ်လိမ်းပေးကာ အဝတ်ဟောင်းများကို အဝတ်သစ်များဖြင့် လဲပေးခဲ့ပါ၏။ ဗုဒ္ဓ၏မိခင် ကွယ်လွန်သောအခါ မိမိ၏ သားအရင်းကို နို့တိုက်ကျွေးခဲ့သူ ကိုယ်တိုင် နို့ထိန်းအား ပေးအပ်ထားကာ ဗုဒ္ဓအား နို့တိုက်ကျွေးခဲ့သူမှာ မဟာပဇာပတိဂေါတမီပင် ဖြစ်ပါ၏'

'အာနန္ဒာ၊ မဟာပဇာပတိဂေါတမီသည် အထူးစည်းကမ်းချက် ရှစ်ခုကိုလက်ခံရန် ဆန္ဒရှိလျှင် ဤလက်ခံမှုသည် သူမအား ဘိက္ခုနီဖြစ်ခွင့်ရရှိလိမ့်မည်၊ သူမအဖို့ ထုံးစံ ရဟန်းပြုနည်းအစဉ်အတိုင်းသွားဖို့ လိုမည်မဟုတ်၊ အထူးစည်းကမ်းရှစ်ခု (ဂရုဓမ္မရှစ်ပါး) တို့ကား အောက်ပါအတိုင်းဖြစ်၏။

၁။ ဘိက္ခုနီတစ်ဦးသည် ဝါတစ်ရာတိုင် အသက်ရှင်နေနိုင်ကောင်း နေမည် သို့ရာတွင် သူမသည် ရဟန်းပြုပြီးဖြစ်သော ဘိက္ခု(ရဟန်း) အသစ်တစ်ပါးအား မိမိ၏ နဖူးပေါ်၌ လက်အုပ်တင်ကာ ရှိခိုးခြင်း၊ ကြိုဆိုခြင်း၊ နှုတ်ဆက်ခြင်းများကို ပြုလော မည်။ ဘိက္ခုနီသည် အထူးစည်းကမ်းချက်ကို သက်ဆုံးတိုင် လေးစားသွားရမည်။

၂။ ဘိက္ခုနီတစ်ဦးသည် ဩဝါဒများပေးနိုင်သည့် ဘိက္ခုများ၏ကျောင်းအနီး မရှိသော ကျောင်းမှာ ဝါဆို သီတင်းမသုံးရ၊ ဘိက္ခုနီသည် ဤအထူးစည်းကမ်းချက်ကို သက်ဆုံးတိုင် လေးစားသွားရမည်။

၃။ ဘိက္ခုနီတစ်ဦးသည် ဩဝါဒများကိုခံယူရန် ဥပုသ်နေ့များ၌ တစ်လလျှင် နှစ်ကြိမ် ဘိက္ခုသံဃာထံ သွားရမည်။ ဘိက္ခုနီသည် ဤစည်းကမ်းချက်ကို သက်ဆုံး တိုင် လေးစားသွားရမည်။ (ဥပုသ်နေ့များဟူသည် ပါတိမောက္ခကိုရွတ်ဆိုရန် သိမ်ထဲ၌ သံဃာများတွေ့ဆုံရာနေ့များဖြစ်၏၊ ယင်းတို့ကား လတစ်ဝက်၏ ၁၄ (ဝါ) ၁၅ ရက် မြောက်နေ့၌ ဖြစ်၏။ ဥပုသ်နေ့များအကြောင်း ပိုပြည့်စုံသည့် ရှင်းပြချက်အတွက် သာဝကများဆိုင်ရာ အခန်းကို ကြည့်ပါ။)

၄။ ဝါကျွတ်သော် ဘိက္ခုနီတစ်ဦးသည် မိမိမှာ အပြစ်တစ်ခုခု၌ အပြစ်ရှိသည်ဟု သူတို့မြင်ခဲ့လျှင် တစ်စုံတစ်ဦးထံမှကြားခဲ့လျှင် သံသယဖြစ်ကြောင်းရှိခဲ့လျှင် မိမိအား ဆုံးမရန် ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာ နှစ်ပါးစုံကို ဖိတ်ကြားရမည်။ ဘိက္ခုနီသည် ဤအထူးစည်းကမ်းချက်ကိုလည်း သက်ဆုံးတိုင် လေးစားသွားရမည်။

၅။ သံဃာဒိသိသ်အာပတ် (အပြစ်) ကျူးလွန်မိသော ဘိက္ခုနီတစ်ဦးသည် ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာနှစ်ပါးစုံ၏ ကြီးကြပ်မှုဖြင့် မာနတ်ကို ကျင့်သုံးရမည်။ မာနတ်၏ စုစုပေါင်းကာလသည် ၁၅ ရက် ဖြစ်ရမည်။ ဘိက္ခုနီသည် ဤအထူး စည်းကမ်းချက်ကိုလည်း သက်ဆုံးတိုင် လေးစားသွားရမည်။ (သံဃာဒိသိသ်အာပတ် ဟူသည် ဘိက္ခုနှင့် ဘိက္ခုနီနှစ်မျိုးလုံးအတွက် ဒုတိယအကြီးလေးဆုံးသော အပြစ်ဖြစ်၏။ မာနတ်ဟူသည် အပြစ်အတွက် ဆင်းရဲလှသည့် အကျင့်ကို ကျင့်သုံးခြင်းဖြစ်၏။ ပိုပြည့်စုံသည့် ရှင်းပြချက်ကို သာဝကများဆိုင်ရာ အခန်း၌ ကြည့်ပါ။)



၆။ ဘိက္ခုနီတစ်ဦးသည် အစမ်းနှစ်နှစ်တာနေပြီးသည့် သိက္ခမာန်တစ်ဦးကို ဘိက္ခုနီ သံဃာ့ဘောင်အတွင်း သွတ်သွင်းပေးဖို့အတွက် ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန် ကိုယ်တိုင်တာဝန်ယူရမည်။ ဘိက္ခုနီသည် ဤအထူး စည်းကမ်းချက်ကိုလည်း သက်ဆုံးတိုင် လေးစားသွားရမည်။

၇။ ဘိက္ခုနီတစ်ဦးသည် မည်သည့်အခြေအနေတွင်မှ ဘိက္ခုတစ်ဦးအား ဆဲရေး ခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်း မပြုရ။ ဘိက္ခုနီသည် ဤအထူးစည်းကမ်းချက်ကိုလည်း သက်ဆုံးတိုင် လေးစားသွားရမည်။

၈။ ဘိက္ခုနီတစ်ဦးသည် ဘိက္ခုတစ်ဦးအား ဩဝါဒမပေးရ။ ဘိက္ခုတစ်ဦးက ဘိက္ခုနီတစ်ဦးအား ဩဝါဒများကိုပေးနိုင်၏။ ဘိက္ခုနီသည် ဤအထူးစည်းကမ်းချက် ကိုလည်း သက်ဆုံးတိုင် လေးစားသွားရမည်။

မဟာပဇာပတိဂေါတမီသည် အရှင်အာနန္ဒာအား ဗုဒ္ဓပေးသည့် ညွှန်ကြားချက် များနှင့်အညီ ယင်းအထူးစည်းကမ်းချက်ရှစ်ခုကိုလက်ခံ၍ လက်ခံပြီးနောက် ချက်ချင်း ပင် ဘိက္ခုနီဖြစ်သွားလေ၏။ ဆဋ္ဌမအထူးစည်းကမ်းချက်နှင့်အညီ ဘိက္ခုနီသံဃာ့ဘောင် ဝင်ရောက်လိုသော မိန်းမတစ်ဦးသည် ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာနှစ်ပါးစုံက သံဃာ့ဘောင်သို့ သွတ်သွင်းပေးရမည်။ သို့ရာတွင် မဟာပဇာပတီသည် မိမိအတွက် ဘိက္ခုနီဖြစ်ဖို့ ဗုဒ္ဓ၏သဘောတူညီမှုကို တောင်းခံခဲ့သည့် ပထမဆုံးမိန်းမဖြစ်သော ကြောင့် သူမအား အထူးကိစ္စအဖြစ်သဘောထားခဲ့၏။ သူမသည် ဤအထူးစည်းကမ်း ချက် ရှစ်ခုကို လက်ခံပြီးနောက် ချက်ချင်းပင် ဘိက္ခုနီဖြစ်သွားခဲ့၏။

မဟာပဇာပတိဂေါတမီနှင့် အတူလိုက်လာကြသည့် ကျန်မင်းသမီးငါးရာတို့၏ ကိစ္စ၌ ထိုအချိန်က ဘိက္ခုနီသံဃာ မရှိသေးသောကြောင့် ဆဋ္ဌမအထူးစည်းကမ်းချက် အရ သူတို့ကို သံဃာ့ဘောင်သို့သွတ်သွင်းပေး၍ မရနိုင်။ ထို့ကြောင့် သူတို့လည်း အထူးကိစ္စအနေဖြင့် ဘိက္ခုသံဃာတစ်မျိုးတည်းက ဘိက္ခုနီသံဃာ့ဘောင်သို့ သွတ်သွင်း ပေးခဲ့၏။

မဟာပဇာပတိဂေါတမီသည် ဗုဒ္ဓဟောကြားသည့် သံခိတ္တသုတ်၏ အဆုံး၌ ရဟန္တာဖြစ်သွားခဲ့၏။

နန္ဒကောဝါဒသုတ်အဆုံး၌ မင်းသမီးငါးရာထဲမှ တချို့သည် သောတာပတ္တိမဂ် တချို့က သကဒါဂါမိမဂ်၊ တချို့က အနာဂါမိမဂ်၊ တချို့က အရဟတ္တမဂ်ကို ရကြ ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပဥ္စမဝါ

## မာနကြီးသူ သစ္စက

သစ္စကသည် ပုရဗိုဇ်ဖြစ်၏။ ပုရဗိုဇ်သည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ရဟန်းဖြစ်၏။ သူသည် ဝေသာလီမင်းသားများစွာတို့၏ ဆရာဖြစ်၏။ သူသည် မိမိ၏ ဝါဒအတွက် အလွန်ကျော်စော၏။

ဗုဒ္ဓသည် ဝေသာလီ၌ ပဥ္စမဝါသီတင်းသုံးနေကြောင်း ကြားသည့်အခါ သူက ဝေသာလီပြည်သားတို့အား ဤသို့ပြောကြားလေ၏။

'ငါသည် သူ၏ဝါဒရေးရာတရားများနှင့်ပတ်သက်၍ မေးခွန်းများမေးသည့်အခါ သူ့နောက်လိုက်တို့လောက် များပြားသောရဟန်းများရှိသည့် ခေါင်းဆောင်တစ်ဦးမျှကိုလည်းကောင်း၊ အဖွဲ့အစည်းရှိသည့် ခေါင်းဆောင်တစ်ဦးမျှကိုလည်းကောင်း၊ မိမိကိုယ်တိုင် ဗြဟ္မဏဟု ကြေညာသည့် ပုဂ္ဂိုလ်တစ်ဦးမျှကိုလည်းကောင်း၊ မိမိကိုယ်တိုင် ဗြဟ္မာ၊ နတ်၊ လူတို့၏ အပူဇော်ကိုခံယူထိုက်၏ဟု ကြေညာသော မိမိကိုယ်ကို သဗ္ဗညုတ ဉာဏ်ရှင်ဖြစ်၏ဟု ကြေညာသော ဗုဒ္ဓကိုလည်းကောင်း မတွေ့မြင်ရချေ။ စင်စစ် မဘုန်လှုပ်၊ မချောက်ချား၊ လက်ကတီးကြားများ၌ ချွေးမထွက်သည့် ပုဂ္ဂိုလ် တစ်ဦး ကိုမျှ ငါ မတွေ့မြင်ရချေ။ ငါသည် အသိစိတ်မရှိသည့် ကျောက်တိုင်အား မေးခွန်းများ မေးလိုက်လျှင် ထိုကျောက်တိုင်သည် ယိမ်းယိုင်သွားရမည်။ လူသတ္တဝါတို့သည် ငါ့မေးခွန်းများကို ဘယ်လို ခံနိုင်အံ့နည်း'

တစ်နေ့သ၌ သူသည် လမ်းလျှောက်သွားနေစဉ် ဝေသာလီ၏ လမ်းမကြီးများ၌ ဆွမ်းခံနေသည့် အရှင်အဿဇိကို တွေ့မြင်၏၊ ရဟန်းသည် အနီးရောက်လာသော် သူက ထိုအရှင်အား ဤသို့နှုတ်ဆက်ပြော၏။

'အို အဿဇိ၊ ဂေါတမဗုဒ္ဓက သူ့တပည့်များအား ဘာတွေဟောကြားသနည်း ဂေါတမဗုဒ္ဓသည် သူ၏ တရားအားလုံးတွင် ဘယ်တရားကို သူ့တပည့်များအား မကြာခဏ ဟောကြားသနည်း'

'သစ္စက၊ ဗုဒ္ဓသည် မိမိတပည့်များအား ဤသို့ဟောကြားတတ်၏။ သင့်အား ယခု ငါပြောမည့်အရာကို ဗုဒ္ဓက မကြာခဏ ဟောကြားတတ်၏။ ရဟန်းတို့ ရုပ်သည်မမြဲ၊ ဝေဒနာသည်မမြဲ၊ သညာသည်မမြဲ၊ သင်္ခါရသည်မမြဲ၊ ဝိညာဏ်သည်မမြဲ ရုပ်သည်အတ္တမဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် အတ္တမဟုတ်ကုန် သင်္ခါရအားလုံးသည် မမြဲ။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့သည် အတ္တမဟုတ်ကုန်'

'သစ္စက၊ သင့်အား ငါယခုပြောခဲ့သည့်အရာကား ဗုဒ္ဓက သူ့တပည့်များအား မကြာခဏဟောကြားတတ်သည့် တရားပင်ဖြစ်၏'



'အို အဿဇိ၊ ထိုကဲ့သို့ မသင့်လျော်သည့်အရာကို ကြားရတာ ကံခေလှ၏။ ဂေါတမဗုဒ္ဓသည် မိမိ၏တပည့်များအား ဤကဲ့သို့ မကြာခဏဟောကြားလေ့ရှိ၏ဟု ဘာလကြာမြင့်စွာကပင် အခြားနေရာများမှ ကျွန်ုပ်တို့လည်း ကြားပြီးဖြစ်ပါ၏။

'တစ်နေ့တွင် ဂေါတမဗုဒ္ဓကို ကျွန်ုပ်တွေ့မည်ဟု မျှော်လင့်ပါ၏။ သူ့ကိုတွေ့သည့်အခါ ဤအကြောင်းအရာကို သူနှင့် ဆွေးနွေးခွင့်ရမည်ဟုလည်း ကျွန်ုပ်မျှော်လင့်ပါ၏။ ကျွန်ုပ်တို့ဆွေးနွေးကြသည့်အခါ ထိုမိစ္ဆာဝါဒမှ သူ့ကို ကျွန်ုပ် ကယ်တင်ကောင်း ကယ်တင်နိုင်ပါမည်'

သစ္စကသည် အရှင်အဿဇိနှင့် စကားပြောပြီးနောက် ဝေသာလီမင်းသားငါးရာ အစည်းအဝေးကျင်းပနေရာ စည်းဝေးခန်းမသို့ တောက်လျှောက်သွား၏။ သူသည် စည်းဝေးခန်းမသို့ဝင်ပြီး မင်းသားတို့အား ဤသို့ပြောဆိုလေ၏။

'လိစ္ဆဝီမင်းသားတို့၊ ငါနှင့်အတူလာကြလော့၊ လိစ္ဆဝီမင်းသားတို့၊ ငါနှင့်အတူ လာကြလော့၊ ယနေ့ ငါနှင့် ဂေါတမဗုဒ္ဓအကြား စကားစစ်ထိုးပွဲကောင်းတစ်ခု ဖြစ်လိမ့်မည်၊ ဂေါတဗုဒ္ဓသည်သူ၏ထင်ရှားသည့် သာဝကများတွင် တစ်ပါးအပါအဝင် ဖြစ်သည့် အဿဇိရဟန်းက ငါ့အားပြောပြခဲ့သည့်အတိုင်း သူ၏ တပည့်များအား အနိစ္စနှင့် အနတ္တအကြောင်း မကြာခဏပြောဟော၏ဟူ၍ ငါ့အား သူ ဝန်ခံလျှင် ငါသည် ဂေါတမဗုဒ္ဓအား ဤသို့ပြုမူအံ့။

၁။ 'အားကောင်းသည့် ယောကျ်ားတစ်ဦးက သိုးတစ်ကောင်၏ရှည်လျားသည့် သိုးမွေးကို ဖမ်း၍ ဟိုဟိုဒီဒီ ဆွဲလိုက် တွန်းလိုက်လုပ်သကဲ့သို့ ငါသည် ရဟန်းဂေါတမကို သူ့တရားများထဲမှ ထိုအပိုင်းနှင့် ပတ်သက်၍ သူ့အား မေးခွန်းများမေးခြင်းဖြင့် ဟိုဟိုဒီဒီ ဆွဲလိုက် တွန်းလိုက် လုပ်အံ့။

၂။ အရက်ဆိုင်၌ အားကောင်းသည့် အလုပ်သမားတစ်ဦးက ဖျာကြမ်းတစ်ချပ်ကို ဆေးကြောဖို့ ရေကန်ထဲပစ်ချ၍ ထိုဖျာမှတစ်ပိုင်းတချို့ကို ဖမ်းယူကာ ဟိုဟိုဒီဒီ ဆွဲလိုက် တွန်းလိုက်လုပ်သကဲ့သို့ ငါသည် ရဟန်းဂေါတမကို သူ့တရားများထဲမှ ထိုအပိုင်းနှင့် ပတ်သက်၍ သူ့အား မေးခွန်းများမေးခြင်းဖြင့် ဟိုဟိုဒီဒီ ဆွဲလိုက် တွန်းလိုက် လုပ်အံ့။

၃။ အရက်မူးတစ်ဦးက မိမိ၏အရက်ခွက်အား တစ်ခါတင်ရံ အောက်ခြေကို အောက်မှာထား၍ တစ်ခါတစ်ရံ ထိုခွက်အား အောက်ခြေကို အပေါ်မှာထားပြီး တစ်ခါတစ်ရံ ပြင်းထန်စွာလှုပ်သကဲ့သို့ ငါသည် ရဟန်းဂေါတမကို သူ့တရားများထဲမှ ထိုအပိုင်းနှင့်ပတ်သက်၍ သူ့အား မေးခွန်းများမေးခြင်းဖြင့် သူ့မှက်နှာကို အောက်စိုက်၊ အပေါ်မော့ထားလိုက်လုပ်ပြီး လှုပ်ခါကာ သူ့ကိုကြိမ်ဖန်များစွာ လှုပ်အံ့။

၄။ အသက် ၆၀ အရွယ်၌သာ အားအင်ကုန်ဆုံးသော အားကောင်းသည့် ဆင်သည် ရေကန်ထဲဆင်းသွား၍ ရေကန်ထဲ၌ ပိုက်ဆံလျှော်ဆော့နေသူများကို ...ကာ မိမိ၏ နှာခေါင်းကြီးဖြင့် ရေကိုရိုက်ခြင်း၊ မိမိ၏ နံဘေးများနှင့် ခြေထောက်

www.burmeseclassic.com

www.burmeseclassic.com



များကို ရေပက်ဖျန်းခြင်းပြု၍ ပျော်ရွှင်မြူးထူးစွာကစားသကဲ့သို့ ငါသည်လည်း ဂေါ
ဗုဒ္ဓကို ပြုမူစဉ် ထိုပိုက်ဆံလျှော်ဆေးကြောသမားကို အတုယူလိမ့်မည်။

'မင်းသားတို့ လာကြလော့၊ ငါနှင့် ဂေါတမဗုဒ္ဓအကြား အလွန်စိတ်ဝင်စားဖွယ်
စကားစစ်ထိုးပွဲကြီး ဖြစ်လိမ့်မည်'

ထို့နောက် သစ္စကသည် ဗုဒ္ဓထံသို့မင်းသားများကို ဦးဆောင်သွားလေ၏
လမ်းတွင် ဝေသာလီပြည်သား လူအုပ်ကြီးက သူတို့ထံ ပူးပေါင်းကြလေ၏။

ယမန်နေ့ နံနက်စောစောက ဗုဒ္ဓသည် ထုံးစံအတိုင်း မိမိ ကူညီနိုင်မည့်သူ
တစ်ဦးဦးကို ကြည့်ရှုသောအခါ မိမိ၏သဗ္ဗညုတဉာဏ်တော်ထဲ၌ သစ္စကကို မြင်၏
သူသည် မိမိ၏ သဗ္ဗညုတဉာဏ်ထဲ၌ သစ္စကနှင့် မိမိအကြား စကားစစ်ထိုးပွဲ
ကြည့်ရှုရန် လူအုပ်ကြီးလာနေသည်ကို မြင်၏။ ထို့ကြောင့် နောက်နေ့တွင် သူ
ရောက်လာချိန်လောက်မှာ ဗုဒ္ဓသည် သစ်ပင်များ၏အရိပ်အောက်၌ ကျယ်ပြန့်သည့်
မြေပြင်သို့ ကြွသွား၏။

သစ္စကသည် ဗုဒ္ဓကိုတွေ့သော် ဤသို့ နှုတ်ဆက်ပြောလေ၏။

'ရဟန်း ဂေါတမ၊ သင် ခွင့်ပြုလျှင် ကျွန်ုပ်သည် သင့်အား မေးခွန်းတစ်ခု
မေးလို၏'

'ကောင်းပြီ သစ္စက၊ သင် မေးလိုသည့် မေးခွန်းမှန်သမျှကို သင် မေးနိုင်၏'

'ရဟန်း ဂေါတမ၊ သင်သည် သင့်တပည့်များအား ဘာတွေကို ဟောကြား
သနည်း၊ သင်သည် သင့်တရားများထဲက ဘယ်အပိုင်းကို မကြာခဏ ဟောပြောတတ်
သနည်း'

'သစ္စက၊ ငါသည် သူတို့အား ဤသို့ဟောပြော၏၊ ဤကား သူတို့အား
မကြာခဏဟောပြောလေ့ရှိသည့် အပိုင်းဖြစ်၏၊ ရဟန်းတို့ ရုပ်သည်မမြဲ၊ ဝေဒနာသည်
မမြဲ၊ သညာသည်မမြဲ၊ သင်္ခါရသည်မမြဲ၊ ဝိညာဏ်သည်မမြဲ၊ ရုပ်သည်အတ္တမဟုတ်၊
ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် အတ္တမဟုတ်ကုန်၊ သင်္ခါရအားလုံးသည်
မမြဲ၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့သည် အတ္တမဟုတ်ကုန်'

'အို ရဟန်းဂေါတမ၊ ငါသည် သင်ပြောတာကို နားထောင်နေစဉ်မှာ ဥပမာ
အချို့ကို စဉ်းစားမိ၏'

'သစ္စက၊ သင့်ဥပမာများကို ငါတို့အား သင်ပြောပြနိုင်၏'

'ရဟန်း ဂေါတမ၊ သစ်စေ့များနှင့် သစ်ပင်များသည် မိုးရာမြေကြီးကို ရရှိသော
ရပ်တည်ရန်မြေကြီးကိုရရှိမှသာ အညှောင့်ပေါက်ပြီး ကြီးပြင်းကြလိမ့်မည်၊ ကိုယ်အား
အသုံးပြုလိုသောသူတို့သည် မိုးရာမြေကြီးကိုရရှိမှသာ၊ ရပ်တည်ရာမြေကြီးရရှိ
ထိုသို့ပြုနိုင်ကြ၏၊ အို ရဟန်းဂေါတမ၊ ထို့အတူပင် ပုဂ္ဂိုလ်တစ်ဦးသည် ဆိုင်ရာအ



...များကို လိုက်လျောသည့် ရုပ်ကိုရရှိမှသာ အကုသိုလ်ကံကို ကျူးလွန်နိုင်၏
(ဝါ) ကုသိုလ်ကံကို ဆည်းပူးရရှိနိုင်၏။ ပုဂ္ဂိုလ်တစ်ဦးသည် ဆိုင်ရာအတ္တ၏ ဆန္ဒ
များကို လိုက်လျောသည့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ရရှိမှသာ အကုသိုလ်
ကံကို ကျူးလွန်နိုင်၏ (ဝါ) ကုသိုလ်ကံ ဆည်းပူးရရှိနိုင်၏'

'သစ္စက၊ ခန္ဓာငါးပါးတို့သည် လူတို့၏အတ္တအား လိုက်လျောကြ၏ဟု သင်
...လိုသလော'

'ရဟန်း ဂေါတမ၊ ခန္ဓာငါးပါးတို့သည် လူတို့၏အတ္တအား လိုက်လျောကြ၏ဟု
...အများက ဆိုကြ၏၊ ကျွန်ုပ်လည်း ထိုသို့ပင်ဆို၏'

'သစ္စက၊ လူအများသည် ကိစ္စမရှိ၊ သင့်ကိုယ်ပိုင်အယူကိုသာ ဖော်ပြလော့'

'ခန္ဓာငါးပါးတို့သည် သူတို့၏အတ္တအား လိုက်လျောကြ၏ဟု ကျွန်ုပ်ဆို၏'

'သစ္စက၊ သင်သည် ဒီလိုဆိုလျှင် သင့်အား မေးခွန်းတစ်ခုကို ငါမေးပါရစေ၊
သင်နှစ်သက်သလိုဖြေလော့၊ ဤအရာကို သင် ဘယ်သို့ထင်သနည်း။ ကောသလမင်းနှင့်
...တသတ်မင်း နှစ်ဦးလုံးတို့သည် သရဖူဆောင်းပြီးသည့် မင်းများဖြစ်၏။ သူတို့မှာ
...တို့အား လိုက်လျောသည့် မိမိတို့၏ပြည်သူများအား အမိန့်ပေးနိုင်သည့် တန်ခိုး
အာဏာ ရှိကြသလော၊ ဥပမာ ဤမင်းတို့မှာ မိမိတို့၏ ပြည်သူတစ်ဦးတစ်ယောက်
အား သေဒဏ်အပြစ်ကိုလက်ခံရန် (ဝါ) သူတို့အား မိမိတို့၏ဥစ္စာများကို မင်းတို့အား
...ပ်နှံရန် (ဝါ) တိုင်းပြည်မှထွက်သွားရန် အမိန့်ပေးနိုင်သည့် တန်ခိုးအာဏာ ရှိကြ
...လော'

'မှန်၏၊ သူတို့မှာ ရှိကြ၏၊ ဝေသာလီရှိ မင်းငယ်များမှာပင် ထိုကဲ့သို့သော
အာဏာများရှိကြ၏'

'သစ္စက၊ ယခု သင့်အား ငါမေးမည့်မေးခွန်းကို သင် မည်သို့ထင်သနည်း၊
...သည် သူ့အတ္တအား လိုက်လျော၏ဟု သင် ဆိုခဲ့၏၊ သင့်အတ္တမှာ သင့်ရုပ်သည်
...သို့ဖြစ်ရမည်၊ ထိုသို့မဖြစ်ရဟူ၍ အမိန့်ပေးနိုင်သည့် တန်ခိုးအာဏာရှိသလော'

သစ္စကသည် မိမိအမှားကို ချက်ချင်းသိမြင်၏။ ထို့ကြောင့် သူ မဖြေခဲ့ချေ။
...သည် ခေါင်းငိုက်စိုက်ချကာ ဆိတ်ဆိတ်နေ၏။ မိမိ၏အမှားက မိမိ တပည့်များ၏
...မှောက်မှာ မိမိကို အရှက်ခွဲလေပြီဟု ခံစားမိသောကြောင့် သူသည် ချွေးဒီးဒီးကျ
...၏။

ဗုဒ္ဓက ဒုတိယအကြိမ်မှာလည်း သူ့အား ဒီမေးခွန်းကိုပင် မေးသောအခါ သူ
...ခဲ့ချေ။ ရှေးကအတိုင်း ခေါင်းငိုက်စိုက်ဖြင့် ဆိတ်ဆိတ်နေ၏။ ထို့ကြောင့် ဗုဒ္ဓက
...အား ခေါင်းငိုက်စိုက်ဖြင့် ဆိတ်ဆိတ်နေဖို့အချိန် မဟုတ်ဟု သူ့အား ...ပေး၏။
...ဘိပေးပြီးနောက် သူက ဗုဒ္ဓအား ဤသို့ ပြောဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်း ဂေါတမ၊ သင့်မေးခွန်းကို ထပ်ပြောပါ၊ ကျွန်ုပ် ဖြေပါအံ့'

'သင့်ရုပ်သည် အတ္တအားလိုက်လျော၏ဟု သင် ဆိုခဲ့၏၊ ဒီလိုဆိုလျှင် သင်၏ အတ္တမှာ သင့်ရုပ်သည် ဤသို့ဖြစ်ရမည်၊ ထိုသို့မဖြစ်ရဟု တန်ခိုးအာဏာရှိမည်လော'

'မဟုတ်ပါ၊ သူ့မှာ ထိုအာဏာမျိုး မရှိပါဘုရား'

'သစ္စက၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့လည်း မိမိတို့၏အတ္တအား လိုက်လျောကြ၏ဟုလည်း သင်ဆိုခဲ့၏။ ထိုသို့ဖြစ်လျှင် သင်၏အတ္တမှာ သင်၏ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် ဤသို့ဖြစ်ရမည်၊ ထိုသို့မဖြစ်ရဟု အမိန့် ပေးနိုင်သည့် တန်ခိုးအာဏာ ရှိမည်လော'

'မဟုတ်ပါ၊ သူ့မှာ ထိုအာဏာမျိုး မရှိပါဘုရား'

'သစ္စက၊ ဤအရာကို သင်မည်သို့ထင်သနည်း၊ ရုပ်သည် နိစ္စလော၊ အနိစ္စလော'

'အနိစ္စပါဘုရား'

'သစ္စက၊ အနိစ္စသည် ဒုက္ခကို (ဝါ) သုခကိုဖြစ်စေနိုင်သလော'

'ဒုက္ခကို ဖြစ်စေနိုင်ပါ၏ ဘုရား'

'သစ္စက၊ ရုပ်သည် အနိစ္စ ဒုက္ခသဘောရှိပြီး ပျက်စီးတတ်သည့်သဘောရှိကြောင်း ထင်ရှားပါလျက် ရုပ်သည် အတ္တ၏ ပစ္စည်းဖြစ်၏၊ ရုပ်ကိုယ်တိုင်ကပင် အတ္တ ဖြစ်၏၊ ထိုရုပ်သည် အတ္တအား လိုက်လျောရ၏ဟူသော အယူကို စွဲလမ်းတပ်မက်လျှင် သင့်တော်မည်လော'

'သင့်တော်မည်မဟုတ်ပါ ဘုရား'

'သစ္စက၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် နိစ္စလော၊ အနိစ္စလော'

'ယင်းတို့သည် အနိစ္စပါဘုရား'

'သစ္စက၊ အနိစ္စသည် ဒုက္ခ (ဝါ) သုခကို ဖြစ်စေနိုင်သလော'

'အနိစ္စသည် ဒုက္ခကို ဖြစ်စေနိုင်ပါ၏ ဘုရား'

'သစ္စက၊ ယင်းတို့သည် အနိစ္စ၊ ဒုက္ခသဘောရှိပြီး ပျက်စီးတတ်သည့်သဘော ရှိကြောင်း ထင်ရှားပါလျက် ယင်းတို့သည် အတ္တပိုင် ပစ္စည်းများဖြစ်၏။ ယင်းတို့ ကိုယ်တိုင်ပင် အတ္တဖြစ်ကြ၏။ ယင်းတို့သည် အတ္တအား လိုက်လျောရ၏ဟူသော အယူကို စွဲလမ်းတပ်မက်လျှင် သင့်တော်မည်လော'

'သင့်တော်မည်မဟုတ်ပါ ဘုရား'

'ယခု သင့်အား နောက်မေးခွန်းတစ်ခုကို ငါ မေးအံ့၊ သင် စဉ်းစားမိတာ ငါ့အား ပြောပြလော့'

'ခန္ဓာငါးပါးသည် အတ္တပိုင်ပစ္စည်းများ ဖြစ်ကြ၏၊ ယင်းတို့ကိုယ်တိုင်ကပင် အတ္တဖြစ်ကြ၏။ ယင်းတို့သည် အတ္တအား လိုက်လျောရ၏ဟူသောအယူကို စွဲလမ်း တပ်မက်လျှင် ထိုပုဂ္ဂိုလ်သည် ခန္ဓာငါးပါး၏သဘောအမှန်ကို သိမြင်နိုင်သလော'



'မသိမြင်နိုင်ပါ ဘုရား'

'သူသည် ခန္ဓာငါးပါး၏သဘောအမှန်ကို မသိမြင်နိုင်လျှင် မိမိကိုယ်ကို ဒုက္ခမှ လွတ်မြောက်စေနိုင်သလော'

'မလွတ်မြောက်စေနိုင်ပါ ဘုရား'

'သစ္စက၊ အစည်းအဝေး၏အစ၌ သင် ပြောခဲ့သည့်အချက်အရ သင်သည် ဒုက္ခကို တပ်မက်ခဲ့ပုံ ပေါ်မနေဘူးလော၊ (ခန္ဓာငါးပါးနှင့် ဒုက္ခသည် ထပ်တူဖြစ်၏။ ခန္ဓာငါးပါးကို တပ်မက်သောသူသည် ဒုက္ခကို တပ်မက်သည် မည်၏။)

'တပ်မက်ခဲ့ပုံ ပေါ်ခဲ့ပါ၏ဘုရား'

'သစ္စက၊ သင်သည် ဒုက္ခကို အတ္တပိုင်ပစ္စည်းဟု ယူဆခဲ့ပုံ ပေါ်မနေဘူးလော'

'ယူဆခဲ့ပုံ ပေါ်ခဲ့ပါ၏ဘုရား'

'သစ္စက၊ သင်သည် ဒုက္ခကို အတ္တဟု ယူဆခဲ့ပုံ ပေါ်မနေဘူးလော'

'ယူဆခဲ့ပုံ ပေါ်ခဲ့ပါ၏ ဘုရား'

'သစ္စက၊ ဒုက္ခသည် အတ္တအား လိုက်လျော၏ဟု သင်ယုံခဲ့ပုံ ပေါ်မနေဘူးလော'

'ယုံခဲ့ပုံ ပေါ်ခဲ့ပါ၏ ဘုရား'

ဤအဆင့်တွင် ဒုမ္မုခမင်းသားအမည်ရှိ သစ္စက၏ တပည့်တစ်ဦးက ဤသို့ ဆိုလေ၏။

'အကျွန်ုပ်အား စကားပြောခွင့်ပြုပါ ဘုရား၊ ရွာတစ်ရွာအနီး၌ ရေကန်တစ်ခုရှိ၏၊ ရွာသားကလေးတို့သည် ထိုရေကန်ရှိ ပုစွန်လုံးကြီးတစ်ခုကိုဖမ်းပြီး မြေကြီးပေါ်၌ ချထား၏။ ကလေးတချို့က ပုစွန်လုံး၏ ကိုယ်အင်္ဂါများကို တုတ်ဖြင့် ရိုက်ချိုးကြ၏။ အခြားကလေးများက ယင်းတို့ကို ထက်စွာသော အိုးခြမ်းကွဲစများဖြင့် ဖြတ်ကြ၏။ ဤပုစွန်အဖို့ ရေကန်ထဲသို့ပြန်သွားဖို့ မဖြစ်နိုင်တော့ချေ။ ထို့အတူ ဗုဒ္ဓသည် သစ္စက၏ အယူဝါဒကို အပိုင်းပိုင်း ဖြတ်တောက်ခဲ့ပါ၏။ သစ္စကအဖို့ နောက်တစ်ချီ စကားစစ်ထိုးဖို့ အတွက် ဗုဒ္ဓထံ နောက်တစ်ကြိမ်ပြန်လာရန် မဖြစ်နိုင်တော့ပါ'

သစ္စကသည် မိမိတပည့်တစ်ဦး၏ မှတ်ချက်စကားများကြောင့် အနှောင့်အယှက် ဖြစ်ပြီး အတိုးမိသလို ပြင်းစွာနာကျင်ခံစားရ၏။ ထို့ကြောင့် သူသည် ဒုမ္မုခ မင်းသားအား ဆိုပြီး 'အသင် ဒုမ္မုခ၊ ပါးစပ်ပိတ်ထားစမ်း၊ ငါသည် သင်နှင့် စကားပြောနေသည် မဟုတ်၊ ငါသည် ဗုဒ္ဓနှင့်စကားပြောနေ၏'ဟု အော်ပြောလေ၏။ ထို့နောက် သစ္စကသည် ဗုဒ္ဓအား မေးခွန်းတစ်ခု မေးလေ၏။

'ရဟန်းတစ်ပါးသည် ဗုဒ္ဓ၏ ခိုင်မြဲသော တပည့်အစစ်ဖြစ်၏ဟု ဘယ်အချိန်မှာ ဒ်ခံရနိုင်ပါသနည်း၊ သူသည် ဗုဒ္ဓ ဓမ္မ သံဃနှင့် ပတ်သက်၍ ယုံမှားမှုများကို ချတတ်ပြီးပြီဟု ဘယ်အချိန်မှာ ဆိုနိုင်ပါသနည်း'

www.burmeseclassic.com

www.burmeseclassic.com



'သစ္စက၊ ရဟန်းတစ်ပါးသည် ဝိပဿနာဉာဏ်တို့အားဖြင့် ခန္ဓာငါးပါးသည် အတ္တ၏ ကိုယ်ပိုင်ပစ္စည်းများမဟုတ်၊ ယင်းတို့ကိုယ်တိုင်သည် အတ္တမဟုတ်၊ ယင်းတို့သည် အတ္တသို့လိုက်လျောကြသည် မဟုတ်ဟု သိမြင်ပြီးနောက်၌ ပထမမဂ်ကိုရသည် အထိ ဆက်လက်အားထုတ်ခဲ့လျှင် သူသည် ဗုဒ္ဓ၏ခိုင်မြဲသောတပည့်အစစ် ဖြစ်သွားမည်။ ထိုရဟန်း၌ ဗုဒ္ဓ ဓမ္မ သံဃနှင့် ပတ်သက်၍ ယုံမှားမှုရှိတော့မည် မဟုတ်။ အကြောင်းက ထိုယုံမှားမှုကို လုံးဝပယ်သတ်ပြီးသောကြောင့် ဖြစ်၏'

'ရဟန်းတစ်ပါးသည် ဘယ်အချိန်မှာ ရဟန္တာဖြစ်လာနိုင်ပါသနည်း'

'သစ္စက၊ ရဟန်းတစ်ပါးသည် ဝိပဿနာဉာဏ်တို့အားဖြင့် ခန္ဓာငါးပါးသည် အတ္တ၏ ကိုယ်ပိုင်ပစ္စည်းများမဟုတ်၊ ယင်းတို့ကိုယ်တိုင်က အတ္တမဟုတ်၊ ယင်းတို့သည် အတ္တသို့ လိုက်လျောကြသည် မဟုတ်ဟု သိမြင်ပြီးနောက် စတုတ္ထနှင့် နောက်ဆုံးမဂ်ကို ရရှိသည်အထိ ဆက်လက်အားထုတ်ခဲ့လျှင် သူသည် ရဟန္တာဖြစ်လာမည်။ သူ ရရှိသော မဂ်ဉာဏ်လေးပါးတို့က သူ့အား အဆုံးမရှိသည့် ပဋိသန္ဓေနေရမှုတို့၌ ချည်နှောင်ထားသည့် ကိလေသာအားလုံးကို ပယ်သတ်လိမ့်မည်။ အဆုံးမရှိသည့် ပဋိသန္ဓေနေရမှုတို့မှ ဤကဲ့သို့လွတ်မြောက်ပြီးသော ထိုရဟန်းသည် ဗုဒ္ဓနောက်သို့သာ လိုက်လိမ့်မည်။ အကြောင်းကား ဗုဒ္ဓသည် မိမိကိုယ်တိုင်ကိလေသာတို့ကို ပယ်သတ်ပြီးနောက်မှသာ ကိလေသာတို့ကို ပယ်သတ်ဖို့အတွက် တရားဓမ္မကိုဟောကြား၏ဟု သူ သိမြင်သောကြောင့်တည်း'

ထိုအခါ သစ္စကက ဗုဒ္ဓအား စကားစစ်ထိုးပွဲသို့ မောက်မာစွာ စိန်ခေါ်မှုအတွက် တောင်းပန်၏။ တောင်းပန်စကားပြောပြီးနောက် သူသည် ဗုဒ္ဓနှင့် ရဟန်းများအား နောက်နေ့တွင် မိမိကျောင်း၌ ဆွမ်းလက်ခံပါရန် ဖိတ်ကြားလေ၏။ ဗုဒ္ဓနှင့် ရဟန်းတို့က ဖိတ်ကြားခြင်းကိုလက်ခံသော် သူသည် မင်းသားတို့အား နောက်တစ်နေ့တွင် မိမိ၏ ကျောင်းသို့ ဗုဒ္ဓနှင့်ရဟန်းများအတွက် သင့်လျော်သည့် စားဖွယ်အမျိုးမျိုးကို ပို့ကြရန် ပြောကြားလေ၏။

***

## အခန်း ၁၇

## ဆဋ္ဌမ ဝါ

## မလိုလားအပ်သော တန်ခိုးဣဒ္ဓိကို ပြခြင်း

ဗုဒ္ဓသည် မကုလတောင်ပေါ်ကျောင်း၌ ဆဋ္ဌမဝါ သီတင်းသုံး၏။ ဝါကျွတ်ပြီးနောက် သူသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သူဌေးကြီးတစ်ဦးသည် ဆိပ်၌ အချင်းချင်း စုချည်ထားသည့် ဝါးလုံးရှည်များအားဖြင့် အမြင့်ကြီးတွင် စန္ဒကူး သပိတ်တစ်လုံးကို ထား၏။ ထို့နောက် သူက ကောင်းကင်ဖြင့်လာပြီး ထိုသပိတ်ကို ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးရှိခဲ့လျှင် ထိုရဟန္တာပုဂ္ဂိုလ်ကို မိမိ ဖိတ်ခေါ်ပါ၏ဟု ကြေညာလေ၏။

ဗုဒ္ဓကို ဆန့်ကျင်ဘက်ပြုနေသည့် ထင်ရှားသော ဘာသာရေးခေါင်းဆောင် ခြောက်ဦးမှ အသီးသီးသည် သူဌေးကြီးအား သပိတ်ကိုချပြီး မိမိအား ပေးလှူရန် တောင်းခံဖို့ ခြောက်ရက်တွင် တစ်နေ့စီ လာရောက်ကြ၏။ သူတို့အထဲမှ ပုဂ္ဂိုလ် အသီးသီးက ဘာသာရေးခေါင်းဆောင်အဖြစ် မိမိ၏ ထင်ရှားသည့် ရာထူးကြောင့် သပိတ်ကဲ့သို့သော သေးငယ်သည့် ပစ္စည်းကလေးအတွက် တန်ခိုးဣဒ္ဓိများပြခြင်းမှ မိမိကို ခြွင်းချန်ထားသင့်၏ဟု သူဌေးကြီးအား တောင်းခံ၏။ ကောင်းကင်ဖြင့်လာပြီး သပိတ်ကို ယူလော့ဟု သူတို့အား တိုတိုနှင့် ပြန်ပြောသည့် သူဌေးကြီးကို သူတို့ အထဲမှ မည်သူမျှ ဆွဲဆောင်မရနိုင်ခဲ့ချေ။ သူဌေးကြီး ကြေညာပြီးနောက် ခြောက်ရက် မြောက်အထိ မည်သူမျှ သပိတ်ကိုယူရန် ကောင်းကင်ဖြင့် မလာခဲ့ချေ။

ခုနစ်ရက်မြောက်နေ့၌ ဗုဒ္ဓ၏ ဒုတိယ အဂ္ဂသာဝကဖြစ်သူ အရှင်မဟာ မောဂ္ဂလာန်နှင့် အထက်တန်း ရဟန်းတစ်ပါးဖြစ်သူ အရှင်ပိဏ္ဍောလဘာရဒွါဇတို့သည် ဆွမ်းခံရန် ရာဇဂြိုဟ်မြို့ထဲ ဝင်လာနေစဉ်မှာ အရက်မူးသမားတချို့ ဤသို့ဆောင်ရွက်နေ သည်ကို ကြားခဲ့ကြ၏။ 'ယခု ခုနစ်ရက်မြောက်ရှိပြီ၊ မိမိကိုယ်ကို ရဟန္တာဟု ကြေညာ ပြီးနောက် ကောင်းကင်ခရီးဖြင့် သူဌေးကြီး၏သပိတ်ကို ယူနိုင်သည့်ပုဂ္ဂိုလ် တစ်ဦးမျှ မလာခဲ့ပြီ၊ လောက၌ ရဟန္တာများ မရှိဟု ယနေ့ပင် ငါတို့ သိရ၏'

www.burmeseclassic.com

www.burmeseclassic.com



ဤမှတ်ချက်စကားများကိုကြားပြီးနောက် ရဟန္တာ နှစ်ပါးလုံးသည် ဗုဒ္ဓသူ၏ တရားတော်များ၊ သူ၏ တပည့်များ မထိမ့်မြင်အပြုခံနေရပြီဟု ခံစားမိကြ၏။ ထို့ကြောင့် အရှင်မဟာမောဂ္ဂလာန်၏ ပန်ကြားချက်အရ အရှင် ပိဏ္ဍောလ ဘာရဒွါဇသည် ကျောက်တုံးကြီးတစ်ခုကို သယ်ဆောင်ကာ ကောင်းကင်သို့ တက်သွား၏။ သူသည် ရာဇဂြိုဟ်မြို့ကြီးကို ခုနစ်ကြိမ်တိုင် လှည့်ကြ၏။ ခုနစ်ကြိမ်မြောက် ကြပြီးနောက် သူသည် ကျောက်တုံးကို ယင်း၏ မူလနေရာသို့ ပြန်ပို့လွှတ်လိုက်၏။ ထို့နောက် ထိုရဟန္တာသည် သူဌေးကြီး၏ အိမ်ကြီးအပေါ် ကောင်းကင်၌ ရပ်နေ၏။ သူဌေးကြီး၏ ပန်ကြားချက်အရ ရဟန္တာသည် ဆင်းကြွလာ၏။ သူဌေးကြီးသည် သပိတ်ကိုချပြီး အလွန်အဖိုးထိုက်သည့် ဘောဇဉ်မျိုးစုံဖြင့် သပိတ်နှုတ်ခမ်းအထိပြည့်ကာ ထိုသပိတ်ကို ရဟန္တာအား ကပ်လှူလေ၏။

ရဟန္တာသည် ဝေဠုဝန်ကျောင်းသို့ ပြန်ရောက်လာသော် ပရိသတ်ကြီးက သူ့နောက် လိုက်လာကြ၏။ ပရိသတ်ကြီးပြုသည့် ဆူညံသံသည် ဗုဒ္ဓ၏ သတိပြုမှုကို ဆွဲဆောင်လေ၏။ ဗုဒ္ဓသည် သပိတ်ကိစ္စအကြောင်း သိရှိရသော် ရဟန်းတို့အား ချက်ချင်း စုဝေးစေခဲ့၏။

ဗုဒ္ဓသည် သင့်လျော်သည့်အခါများ၌ ရဟန္တာတို့ တန်ခိုးဣဒ္ဓိများပြခြင်းကို မကန့်ကွက်ချေ။ မည်သည့်ရဟန်းမျှ တန်ခိုးဣဒ္ဓိများကို မပြရဟု စည်းကမ်းချက် ပြုပြီးနောက်၌ပင် ဗုဒ္ဓသည် သင့်လျော်သည့်အခါများ၌ တန်ခိုးဣဒ္ဓိများကိုပြ၍ ရဟန္တာ တချို့အားလည်း သဒ္ဓါတရားမရှိသည့် လူတချို့၏ ယုံမှားမှုများကို ပယ်ဖျောက်စေ၍ ဝါ သဒ္ဓါတရားရှိပြီးသော ပုဂ္ဂိုလ်တချို့၌ သဒ္ဓါတရားကို တိုးပွားစေရန် တန်ခိုးဣဒ္ဓိ များကိုပြရန် အမိန့်ပေးခဲ့၏။

အရှင်ပိဏ္ဍောလ ဘာရဒွါဇသည် သပိတ်ကို ရယူရန်အလို့ငှာ တန်ခိုးဣဒ္ဓိ များကို ပြခဲ့သည် မဟုတ်၊ ဗုဒ္ဓ ဓမ္မ သံဃကို ကာကွယ်သောအားဖြင့်သာ ပြခဲ့ခြင်း ဖြစ်၏ဟု ဗုဒ္ဓက ကောင်းစွာ သိခဲ့၏။

သို့ရာတွင် တန်ခိုးဣဒ္ဓိများပြမှုနှင့်ပတ်သက်၍ သင့်လျော်သည့်ဆောင်ရွက်မှု များကို မပြုလုပ်လျှင် ရဟန်းတချို့ကို အထူးသဖြင့် မဂ် လေးပါးတွင် တစ်ပါးမျှ မရ သေးသည့် ရဟန်းတို့ကို မိမိတို့ သံဃာဘောင်သို့ ဝင်ရောက်ခဲ့ကြောင်း မဂ်ဉာဏ်များ ထက် တန်ခိုးဣဒ္ဓိများက ပို၍ ဆွဲဆောင်သွားလိမ့်မည်ဟု ဗုဒ္ဓက ကြိုတင်သိမြင်ခဲ့၏။ လောကီ လာဘ်လာဘများအတွက် ရဟန်းတချို့ တန်ခိုးဣဒ္ဓိများပြလျှင် ကြီးလေးသည့် အန္တရာယ် ဖြစ်ပေါ်လာမည်ကိုလည်း ဗုဒ္ဓက ကြိုတင် သိမြင်ခဲ့၏။

ရဟန်းများ စုဝေးနေကြသော် ဗုဒ္ဓက အရှင်ပိဏ္ဍောလ ဘာရဒွါဇအား သပိတ်နှင့် ပတ်သက်၍ တန်ခိုးဣဒ္ဓိများ ပြခဲ့ခြင်းနှင့် ပတ်သက်သည့် သတင်းသည် မှန်သလော



ဟု မေး၏။ ရဟန္တာက ဟုတ်မှန်ကြောင်း ဖြေကြားခဲ့၏။ ဗုဒ္ဓသည် သူ့အား ကဲ့ရဲ့၍ သင့်လျော်သည့် တရားစကား ဟောကြားပြီးနောက် အောက်ပါ စည်းကမ်းချက်ကို ချမှတ်လေ၏။

'ရဟန်းတို့၊ တန်ခိုးဣဒ္ဓိများကို မပြရ၊ ရဟန်းတစ်ပါးသည် တန်ခိုးဣဒ္ဓိများကို ပြခဲ့လျှင် ဒုက္ကဋ်အာပတ် အပြစ်ကျူးလွန်သည်ဟု မှတ်ယူအပ်၏၊ ဤအပြစ်အတွက် ပြေပျောက်ရန်မှာ ထိုအပြစ်ကျူးလွန်သည့် ရဟန်းသည် မိမိ၏ အပြစ်ကို အခြားရဟန်း တစ်ပါးအား ဝန်ခံပြောကြားပြီး ထိုအပြစ်ကို နောက်ထပ် မပြုမိအောင် အစွမ်းကုန် အားထုတ်ပါမည်ဟု ကတိပေးဖို့ လိုအပ်၏'

ဤစည်းကမ်းချက် ချမှတ်ပြီးနောက် ဗုဒ္ဓသည် ထိုသပိတ်ကို အစိတ်စိတ်ခွဲပစ်ရန် အမိန့်ပေး၏။ သူသည် သက်ဆိုင်ရာ ရဟန်းတို့ကိုလည်း စန္ဒကူးသားသည် မျက်စိ ဒဏ်ရာများအတွက် ကောင်းသောကြောင့် ထိုစန္ဒကူးအပိုင်းအစများကို ရဟန်းတို့ အကြား ဝေငှရန် မိန့်ကြားလေ၏။

ဤအမိန့်ကိုပေးပြီးနောက် ဗုဒ္ဓသည် အခြားစည်းကမ်းတစ်ခုကို အောက်ပါ အတိုင်း ချမှတ်လေ၏။

'ရဟန်းတို့၊ ရဟန်းတစ်ပါးသည် သစ်သားသပိတ်ကို အသုံးမပြုရ၊ အသုံး ပြုလျှင် ထိုရဟန်းသည် ဒုက္ကဋ်အာပတ်အပြစ်ကို ကျူးလွန်သည်ဟု မှတ်ယူအပ်၏'

## ဗုဒ္ဓ တန်ခိုးဣဒ္ဓိအချို့ကို ပြခြင်း

ဗုဒ္ဓကို ဆန့်ကျင်သည့် ဘာသာရေးခေါင်းဆောင်တို့သည် ရဟန်းတို့အား တန်ခိုး ဣဒ္ဓိများ ပြခြင်းမှ တားမြစ်သည့် စည်းကမ်းချက်အကြောင်း ကြားကြလေသော် ရဟန်းများ သာမက ဗုဒ္ဓလည်း နောင်တွင် တန်ခိုးဣဒ္ဓိများကို ပြတော့မည်မဟုတ်ဟု သူတို့က ထင်ကြ၏။ ဤအခြေအနေကို အခွင့်ကောင်းယူလျက် ဤဘာသာရေး ခေါင်းဆောင် တို့သည် ဗုဒ္ဓအား တန်ခိုးဣဒ္ဓိများပြရာ၌ မိမိတို့နှင့် ယှဉ်ပြိုင်ရန် လူသိရှင်ကြား စိန်ခေါ် ကြလေ၏။ ဤစိန်ခေါ်မှုက လူရိုးလူအများစွာတို့ကို အထင်မှားစေခဲ့၏။ ဤဘာသာရေး ခေါင်းဆောင်များအပေါ် သူတို့၏ အထင်အမြင်သည် သူဌေးကြီး၏ သပိတ်ကိစ္စအပြီး တွင် ပိုဆိုးသွားခဲ့ရာမှ ခေါင်းထောင်စပြုခဲ့၏။ ဗုဒ္ဓသည် ဤသနားစရာကောင်းသည့် လူအများကို လမ်းမှားမှ ကယ်တင်ရမည်ဟု ခံစားမိ၏။ ထို့ကြောင့် ဗုဒ္ဓသည် တန်ခိုးဣဒ္ဓိ များပြရန် ဆုံးဖြတ်ပြီးနောက် ရာဇဂြိုဟ်မှ သာဝတ္ထိပြည်သို့ ထွက်ခွာသွား၏။ ထို့နောက် ဘာသာရေးခေါင်းဆောင်များနှင့် သူတို့၏တပည့်များလည်း ဗုဒ္ဓနှင့်အတူ သွားခဲ့ ကြ၏။ လမ်းခရီးတွင် လူတို့က သူတို့အား ဗုဒ္ဓနှင့်အတူသွားနေခြင်း၏ အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



မေးကြသော် သူတို့က ဗုဒ္ဓသည် သူတို့၏ စိန်ခေါ်မှုကို လက်မခံနိုင်သောကြောင့် ထွက်ပြေးနေ၏ဟု ပြန်ပြောကြ၏။ သူတို့က ဗုဒ္ဓသည် မည်သည့်အခြေအနေတွင်မှ လွတ်ထွက်သွားမည် မဟုတ်ဟု ကြုံးဝါး ပြောဆိုကြ၏။

ဝါဆိုလပြည့် (ဝါ၏ ပထမရက်)နေ့၌ ဗုဒ္ဓသည် တန်ခိုးပြာဋိဟာမျာ်းကို ပြသော်၏။ သူသည် တန်ခိုးပြပြီးသော် သတ္တမဝါ သီတင်းသုံးရန်နှင့် အဘိဓမ္မာတရားကို ဟောကြားရန် စာတုမဟာရာဇ်နှင့် တာဝတိံသာနတ်တို့၏ ဘုရင်၊ သိကြားမင်းနေရာ ဘုံဖြစ်သည့် တာဝတိံသာနတ်ပြည်သို့ ကြွသွား၏။

ထိုဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်တို့သည် တန်ခိုးပြာဋိဟာမျာ်းကို ပြနိုင်မည် ထားဘိဦး၊ ပေါ်ပင် ပေါ်မလာခဲ့ပေ။ သူတို့မှာ တန်ခိုးပြာဋိဟာမျာ်း မရှိကြဟုလည်းကောင်း ဗုဒ္ဓသည် တန်ခိုးပြာဋိဟာမျာ်းကို ပြမည်မဟုတ်ဟု အတွက်မှားခဲ့သောကြောင့်သာ သူတို့ စိန်ခေါ်ခြင်းဖြစ်၏ဟု သူတို့က သိစပြုလာခဲ့၏။

ဗုဒ္ဓသည် အဘိဓမ္မာကို ဟောကြားလျက် တာဝတိံသာ၌ သတ္တမဝါ သီတင်းသုံး၏။ ဝါကျွတ်သော် ဗုဒ္ဓသည် တာဝတိံသာမှ ထွက်ခွာပြီး သာဝတ္ထိပြည်သို့ကြွလေ၏။

## အသရေဖျက်သူ စိဥ္စမာဏဝိကာ

ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်တို့သည် မကြာသေးမီကမိမိတို့၏ အရှက်တကွဲ ဖြစ်မှုပေါ်သွား၍ နာကြည်းနေတုန်းရှိသော်လည်း ဦးမညွတ်ကြချေ။ သူတို့သည် သာဝတ္ထိ ပြည်၏ လမ်းမများတစ်လျှောက် လျှောက်သွားပြီး လူတို့အား ဤသို့ ပြောကြလေ၏။

'ဒကာတို့၊ ရဟန်းဂေါတမသည် ဗုဒ္ဓတစ်ဦးတည်း ဖြစ်လေသလော၊ ငါတို့လည်း ဗုဒ္ဓများဖြစ်ကြ၏၊ သင်တို့သည် ရဟန်းဂေါတမအား ပေးလှူကြလျှင် ကုသိုလ်ကံ (ကောင်းမှု)ကို ရ၏ဟု ထင်မှတ်သလော၊ သင်တို့သည် ငါတို့အားလည်း ပေးလှူကြလျှင် ကုသိုလ်ကံကိုရပါ၏၊ ငါတို့အား ပေးလှူကြလော့၊ ငါတို့အား ပေးလှူခြင်းဖြင့် ကုသိုလ်ကံ (ကောင်းမှု)ကိုရဖို့ အားထုတ်ကြလော့'

လူတို့၏ တုံ့ပြန်ချက်သည် အားနည်းနေတုန်း ရှိသည့်အခါ သူတို့သည်ဤကဲ့သို့ ခိုင်မြဲသည့် ခြေလှမ်းကို လှမ်းရန် ဆုံးဖြတ်ကြ၏။ သူတို့မှာ စိဥ္စမာဏဝိကာ အမည်ရှိ တပည့်မတစ်ဦးရှိ၏။ သူမသည် အလွန်ချောလှ၏။ သူတို့က သူမအား ဗုဒ္ဓ၏ သူ့တပည့်သားများ၏ရှေ့မှောက်တွင် မည်သို့ အသရေဖျက်ရမည်ကို ညွှန်ကြားကြ၏။ ယခု သူမ၏ လုပ်ဆောင်ပုံကို ကြည့်ကြစို့။

ဥပါသကာတို့သည် ညနေတရားပွဲများအပြီးတွင် ဗုဒ္ဓတရားများ ဟောတော်မူရာ ဇေတဝန်ကျောင်းမှ ပြန်လာသည့်အချိန်မှာ စိဥ္စမာဏဝိကာသည် ကြက်သွေးရောင် အပေါ်ရုံကို ဝတ်ဆင်ကာ လက်ထဲ၌ ပန်းများကိုင်လျက် ဇေတဝန်ကျောင်းဆီသို့ သွားနေသည်ကို တွေ့မြင်ရပေမည်။ ဥပါသကာတချို့က နေ့အခါ၌ ထိုအချိန်မျိုးမှာ သူမ ဘယ်သွားမည်ကို မေးသောအခါ သူမက ဉာဏ်ပါပါဖြင့် ဤကဲ့သို့ မလွဲမသွေ ပြန်ပြောလိမ့်မည်။

'ငါသွားမည့်နေရာကို သိခြင်းဖြင့် သင်တို့အား ဘယ်လိုအကျိုးဖြစ်စေမှာလဲ'

သာဝတ္ထိပြည်မှ ဥပါသကာတချို့ ဗုဒ္ဓအား ပူဇော်ရန် ဇေတဝန်ကျောင်းသို့ ထွက်လာတတ်သည့် နံနက်စောစောအချိန်လောက်မှာ စိဥ္စမာဏဝိကာသည် ဇေတဝန်ကျောင်းထဲမှ မိမိထွက်လာနေသလို ဟန်ဆောင်မှုများ အတုပြုနေသည်ကို တွေ့မြင်ရမည်။ ဗုဒ္ဓ၏ ဥပါသကာတချို့က ဘယ်မှာ သူမ ညအိပ်ခဲ့သနည်းဟု မေးသော် သူမက ဉာဏ်ပါပါနှင့် ဤကဲ့သို့ မလွဲမသွေ ပြန်ပြောလိမ့်မည်။

'ငါ ညအိပ်တဲ့နေရာကို သိခြင်းဖြင့် သင်တို့အား ဘယ်လို အကျိုးဖြစ်စေမှာလဲ'

တစ်လခန့် ဤကဲ့သို့ ဆက်လုပ်ပြီးနောက် သူမသည် ပိုခိုင်မြဲသည့်ခြေလှမ်းကို လှမ်းလေ၏။ ဇေတဝန်ကျောင်းသို့ နံနက်စောစောသွားသူတို့က မေးသော် သူမ ဤကဲ့သို့ မလွဲမသွေ ပြန်ပြောလိမ့်မည်။

'ငါသည် ရဟန်းဂေါတမနှင့်အတူ ဇေတဝန်ကျောင်းထဲရှိ သူ အိပ်သည့် ကျောင်း၌ ညအိပ်ခဲ့၏'

ပုထုဇဉ်များ (မဂ်ဉာဏ်မရသေးသူများ)ကား ယုံမှားစပြုလာကြ၏။ သူတို့သည် သူတို့အချင်းချင်း ဒါ မမှန်နိုင်ဘူးလား ဟူ၍ စတင်မေးကြ၏။

လေးလခန့်ကြာသော် သူမသည် ပိုရဲတင်းသည့် ခြေလှမ်း လှမ်းလာခဲ့၏။ သူမသည် အဝတ်စများဖြင့် မိမိ၏ ရင်သားများကို ကိုယ်ဝန်ဆောင်မိန်းမတစ်ဦး၏ ရင်သားများနှင့်တူအောင် ကြွပေါ်လာအောင် ပြုလုပ်၏။ ရင်သားများ အပြည့်အဝ ပေါ်နေလျှင် မိမိ၏ စဉ်းလဲ လှည့်စားမှုကို စူးရှသည့် မျက်စိတချို့က တွေ့မြင်နိုင်သည်ကို စိုးရိမ်သောကြောင့် သူမသည် ရင်သားများ၏ တစ်စိတ်တစ်ပိုင်းကို မြင်နိုင်အောင် ကြက်သွေးရောင် ခြုံထည်ကို ဝတ်ထား၏။ ထို့နောက် သူမသည် လူတို့အား ဤသို့ ပြောကာ လှည့်လည်လေ၏။

'ငါ ယခု ကိုယ်ဝန်ရပြီ၊ ဒီကိုယ်ဝန်ကို ရဟန်းဂေါတမမှတစ်ပါး ဘယ်သူနှင့်မျှ ရသည်မဟုတ်'

ကိုးလခန့်ကြာသော် သူမသည် အရဲတင်းဆုံးခြေလှမ်းကို လှမ်းရန် အရုံးသင့် ဖြစ်လေပြီ။ သူမသည် သစ်သားခွံကို ပြုလုပ်စေ၏။ ယင်းသည် ဘဲဥတစ်ခြမ်းပုံနှင့် တူ၏။ သူမသည် ထိုသစ်သားခွံကို မိမိ၏ ဝမ်းဗိုက်နှင့် ချည်နှောင်၏။ သူမသည် ယင်းသစ်သားခွံကို မိမိ၏ ကြက်သွေးရောင် ခြုံထည်ဖြင့် ဖုံးအုပ်ထား၏။ ထို့နောက် သူမသည် မိမိ၏ ပုံသွင်သည် မွေးခါနီးကိုယ်ဝန်ဆောင်မိန်းမနှင့်တူစေရန်အလို့ငှာ



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ လက် ခြေများကို နွား၏ မေးရိုးဖြင့် ရိုက်နှက်၏။ သူမသည် မိမိ၏မျက်နှာ... ကိုယ်လက်အင်္ဂါများ၌ အားအင်ကုန်ခန်းနေပုံနှင့် အရုံသင့်ဖြစ်လေသော ဗုဒ္ဓက မိ... တပည့်များအား တရားဟောနေစဉ်အခါ ဇေတဝန်ကျောင်းထဲရှိ ညနေ တရားပွဲ... သွားလေ၏။ ထိုနေရာ၌ စိဉ္စမာဏဝိကာသည် ဗုဒ္ဓ၏ ရှေ့မှောက်မှာ ရပ်တင်းစွာရပ်လျ... ဗုဒ္ဓအား ဤသို့ စွပ်စွဲလေ၏။

'ရဟန်းကြီး၊ သင်သည် တရားများကိုသာ ဟောနေဘိ၏၊ သင့်စကားပြောပုံ... ကောင်းပါ၏၊ ငါ့အဖို့မူကား ငါသည် သင်နှင့်ရသည့် ကိုယ်ဝန်အရင့်အမာနှင့် မိန်း... တစ်ဦး ဖြစ်ရ၏၊ သင်သည် မွေးဖွားဖို့အတွက် သင့်တော်သည့် အိမ်တစ်လုံးကိုရှာ... တော့ စိတ်ရှုပ်မခံဘူး၊ သင်သည် မီးဖွားစဉ်အတွင်း ငါ စားသုံးရန် မခမ်း၊ ထောပတ် များရည် စသည်ကဲ့သို့သော အစားအစာကို စုဆောင်းဖို့ စိတ်ရှုပ်မခံဘူး၊ သင်သည် ဤတပ်မက်ခြင်းကင်းမဲ့နေထိုင်ပုံကို ငါ အံ့သြမိ၏၊ သင်သည် ဤအရာတွေ... ကိုယ်တိုင် မပြုလိုလျှင် မိမိ၏ ထင်ရှားသည့် တပည့် ဒကာများထဲမှ ကောသလ မင်းကြီး အနာထပိဏ်သူဌေးကြီး၊ ဝိသာခါ တစ်ဦးဦးအား စိဉ္စမာဏဝိကာကို စောင့်ရှောက်... ကြလော့၊ သူမအား လိုအပ်သည့်အကူအညီ ပေးကြလော့ ဟူ၍ ဤကဲ့သို့သော စကားများ အနည်းငယ်ပြောခြင်းဖြင့် ငါ့အား ကူညီရန် တောင်းပန်သင့်၏၊ သင်သည် ဒါမျိုး ဘာတစ်ခုမျှ မပြောခဲ့။ ရဟန်းကြီး၊ သင်သည် မိမိဖြစ်စေခဲ့သည့် ကိုယ်... အတွက် ပေးအပ်သည့်ဒုက္ခကိုတော့ မယူဘဲနှင့် ကာမပျော်ပါးမှုကိုသာ ခံစားလိုသည့် လူစားမျိုးဖြစ်၏'

ဗုဒ္ဓက ဤသို့ ပြန်ပြောလေ၏။

'စိဉ္စမာဏဝိကာ၊ ယခုပင် သင်ပြောခဲ့သောအရာသည် မှန်သလား၊ မှားသလား ဆိုတာကို သင်နှင့် ငါသာ သိကြ၏'

'ဟုတ်ပါတယ် ရဟန်းကြီး၊ မှန်ပါတယ်၊ သင်နှင့် ငါတို့သာ သိ၏၊ ဒါဟာ ဒီကိုယ်ဝန်ကို ငါရခဲ့ခြင်း၏အကြောင်းပင် ဖြစ်၏' ဟု စိဉ္စမာဏဝိကာက ပြန်ချေပ၏။

ဤအချိန်တွင် သစ်သားခွံကို သူမ၏ ဝမ်းဗိုက်၌ချည်ထားသည့် ကြိုးများသည် နတ်တချို့၏ တန်ခိုး ဣဒ္ဓိများကြောင့် အံ့သြဖွယ် ပြတ်ကျသွား၏။ သစ်သားခွံသည် သူမ၏ ခြေများပေါ်၌ကျပြီး ခြေများကျိုးသွားလေ၏။

## သုန္ဒရီကို သတ်သူ

ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်တို့သည် ဗုဒ္ဓကို ချေပစ်ရန် သန္နိဋ္ဌာန်ချထား၏။ ထို့ကြောင့် သူတို့သည် စိဉ္စမာဏဝိကာအား ဗုဒ္ဓကို အသရေဖျက်စေရန် မိမိတို့၏ စက်ဆုပ်ဖွယ်လုပ်ကြံမှုပေါ်သွားပြီးနောက် ခဏမျှ ငြိမ်ဝပ်နေကြ၏။ သူတို့သည် ...ောက်တစ်ကြိမ် ရိုက်ချက်ပစ်လွှတ်ရန် အရုံသင့် ဖြစ်စ ဖြစ်ချင်းပင် ပို၍ ရဲတင်းသည့် ...ကြံကို စတင်လေ၏။ ဤအကြိမ်၌လည်း သူတို့သည် သုန္ဒရီအမည်ရှိ မိမိတို့၏ ...ပည့်ချောမလေးတစ်ဦးကို အသုံးချခဲ့၏။ သူမအား နံနက်စောစော ဗုဒ္ဓ၏ ကျောင်းသို့ ...ွားဟန်ပြုသည့် ရှေးဦးပထမ အဆင့်တုန်းက စိဉ္စမာဏဝိကာ လုပ်ခဲ့တာမျိုးကို ...ပ်လုပ်ရန် ညွှန်ကြားထား၏။ ဗုဒ္ဓ၏တပည့်ဒကာများစွာတို့သည် ဤထင်ရှားသည့် ...ွားလိုက် ပြန်ထွက်လိုက် လုပ်နေတာတွေကို မြင်ခဲ့ကြပြီးသော် ဤဆန့်ကျင်ဘက် ...ာသာရေးခေါင်းဆောင်တို့သည် လူသတ်သမားတချို့ကိုငှားရမ်းပြီး သူမကို ပျောက် ...စ်စေခဲ့၏။ လူသတ်သမားတို့အား ဇေတဝန်ကျောင်း ဝင်ပေါက်အနီးတွင် တပည့် ...ကာများက ဗုဒ္ဓအား ပူဇော်ပြီးနောက် စွန့်ပစ်ခဲ့သည့် ပန်းပုံအောက်၌ သူမ၏ အလောင်းကို ဖုက်ထားခဲ့ရန် ညွှန်ကြားထား၏။

ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်တို့သည် မိမိတို့၏ ညွှန်ကြားချက် ...ားကို လူသတ်သမားတို့က ဆောင်ရွက်ပြီးနောက်၌ သုန္ဒရီအမည်ရှိ မိမိတို့၏ တပည့်မ ...စ်ဦး ထူးဆန်းစွာပျောက်သွား၏ဟု ကောသလမင်းကြီးထံ သတင်းပို့လိုက်၏။ ထို ...ူးဆန်းစွာ ပျောက်သွားမှုအတွက် ဘယ်သူမှာ တာဝန်ရှိသည်ဟု သံသယရှိသနည်းဟု ...င်းကြီးက မေးအပ်သော် သူတို့က ဇေတဝန်ကျောင်းထဲရှိ ပုဂ္ဂိုလ်များကို သံသယ ...ှိ၏ဟု ပြန်ပြောကြ၏။ သူတို့သည် မိမိတို့၏ နောက်လိုက်များကို စုပြီး ဇေတဝန် ...ကျောင်း၌ ရှာဖွေဟန်ပြုကြ၏။ အတန်ကြာသော် သူတို့သည် ပန်းများကို ရွှေ့ပြောင်း ...ိုက်ပြီး မိမိတို့၏ တပည့်မအလောင်းကို ကောက်ယူကြ၏။ သူတို့သည် သူမကို သစ်သားခုတင်ဖြင့် ဆောင်ယူ၍ မင်းကြီးအား ဤသို့ သတင်းပေးလေ၏။

'ရဟန်းဂေါတမ၏ တပည့်တို့သည် မိမိတို့ခေါင်းဆောင်၏ မကောင်းမှုတို့ကို ...ုံးကွယ်ရန်အလို့ငှာ ကျွန်ုပ်တို့၏ တပည့်မကို သတ်ပြီး ဇေတဝန်ကျောင်းအဝင်ဝရှိ ...န်းပုံအောက်၌ ဖုံးထားကြ၏'

ထိုသတင်းကိုကြားသော် မင်းကြီးသည် အလွန့်အလွန် အမျက်ထွက်ပြီး ဤသို့ အမိန့်ပေးလေ၏။

'ဒီလိုဆိုလျှင် သွားကြလော့၊ သင်တို့ အသံကုန်အော်ဟစ်ကြလော့၊ တစ်မြို့လုံး ဤမကောင်းမှုအကြောင်း ကြားပစေ'

ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်တို့သည် ဤသို့ အော်ဟစ်ကာ သုန္ဒ... ၏ အလောင်းကို သာဝတ္ထိပြည်၏ အရပ်မျက်နှာတိုင်းသို့ သယ်ဆောင်ကြလေ၏။

'သာဝတ္ထိပြည်သားတို့၊ သကျမင်းသား (ဗုဒ္ဓကိုဆိုလို)နှင့် ရဟန်း... ...သာ ဤသူရဲဘောကြောင်သည့်အမှုကို ကြည့်ကြလော့၊ သူတို့မှာ အ... စိတ် မရှိကြ၊ ...ီလ မရှိကြ၊ ယုတ်မာကြ၏၊ မုသားပြောလေ့ရှိ၏၊ မေထုန်မှီဝဲကြ၏၊ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ဤမကောင်းမှုမျိုး ပြုကျင့်ပေမယ့် လူတို့အား တရားခမ္မကို ကျင့်ကြံအားထုတ် အကျင့်စင်ကြယ်ရန်၊ ကောင်းမှုပြုရန်၊ သီလရှိရန်၊ ရည်ရွယ်ချက် ဖြောင့်မှန်မှုရှိ အမှန်ကို ပြောရန် ရဲတင်းစွာပြောဟောနေကြ၏၊ သို့ရာတွင် စင်စစ်မှုကား သူတို့သည် ရဟန်း၏စည်းမျဉ်းအားလုံးကို လုံးဝ ဂရုမစိုက်ကြချေ၊ ဤရဟန်းများအတွက် ရဟန်း စည်းမျဉ်းတို့ လုံးဝပျောက်ကွယ်နေပြီ၊ ထိုသို့သော ရဟန်းတို့အတွက် ရဟန်းစည်းမျဉ်း များကို လေးစားရန် မည်သို့ဖြစ်နိုင်မည်နည်း၊ သူတို့သည် မိန်းမတစ်ဦးနှင့် မေထုန် ပြီးနောက် သူမကို သတ်ပစ်လောက်အောင် ယုတ်မာကြ၏၊ ထိုကဲ့သို့သော ရဟန်းယုတ် များအား ရဟန်းစည်းမျဉ်းများကို လေးစားမှုရှိမည်ဟု မည်သို့ မျှော်လင့်နိုင်ပါသနည်း'

ထိုသူတို့ပြောတာကိုကြားရသော် သာဝတ္ထိပြည်သား မြောက်မြားစွာတို့သည် ဗုဒ္ဓနှင့် သူ့ရဟန်းများအား ပြင်းစွာ အမျက်ထွက်ကြလေ၏။ သူတို့သည် ဗုဒ္ဓ၏ ရဟန်းများကို တွေ့သည့်နေရာတိုင်းမှာ ဆန့်ကျင်ဘက်ခေါင်းဆောင်များ သုံးစွဲသည့် စကားများကို သူတို့အပေါ် ပစ်လွှင့်ကြလေ၏။ ရဟန်းတို့က ထိုအကြောင်းကို ဗုဒ္ဓအား သတင်းပို့ကြ၏။ ဗုဒ္ဓက မိမိ၏ရဟန်းများအား ဤသို့ ပြန်ပြောလေ၏။

'ထိုကဲ့သို့သော စွပ်စွဲသံတို့သည် ကြာကြာခံမည် မဟုတ်၊ ခုနစ်ရက်ကြာသော် ပျောက်ကွယ်သွားမည်၊ ရဟန်းတို့၊ သာဝတ္ထိပြည်သားတို့က သင်တို့အား ထိုစွပ်စွဲချက် များဖြင့် ပြစ်တင်ကဲ့ရဲ့ကြသောအခါ သင်တို့က အောက်ပါဂါထာဖြင့် ပြန်လည်ချေ ကြရမည်။

'လိမ်လည်ပြောဆိုလေ့ရှိသောသူသည် ငရဲ၌ဖြစ်လိမ့်မည်၊ မကောင်းမှုကို မိမိ တကယ်ပြုခဲ့ပြီးနောက် မိမိပြုခဲ့တာကို ငြင်းဆိုသောသူသည်လည်း ငရဲ၌ဖြစ်လိမ့်မည် ဤလူယုတ်မာ နှစ်ဦး သေသောအခါ နောင်ဘဝ၌ တစ်ဦး တွေ့ကြုံရမည့်ဆိုးကျိုး တို့သည် အခြားတစ်ဦး တွေ့ကြုံရမည့် ဆိုးကျိုးတို့မှ ကွဲပြားခြားနားမည် မဟုတ်'

ရဟန်းတို့သည် မိမိတို့ကို ဗုဒ္ဓက ညွှန်ကြားသည့်အတိုင်း ပြုကြလေ၏။

လူတို့သည် မိမိတို့၏ ကဲ့ရဲ့စကားများနှင့် ရိုင်းစိုင်းသည့် စွပ်စွဲချက်များအား မတုံ့ပြန်ကြောင်း၊ သည်းခံစိတ်ကို အလွန့်အလွန် နှစ်ထောင်းအားရရှိကြ၏။ ထို့အပြင် ရဟန်းတို့ ရွတ်ဆိုသည့်ဂါထာသည် သူတို့အား ဤသို့ စဉ်းစားမိ၏။ ငါတို့၏ ရိုင်းစိုင်း စွပ်စွဲချက်များသည် တစ်ဆင့်စကားအပေါ်၌သာ အခြေခံ၏၊ ငါတို့အထဲမှ တစ်ဦးမျှ ထိုပြုမှုချက် မမြင်ခဲ့ရချေ၊ ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်များ ကိုယ်တိုင် ထိုအမှုကို မပြုခဲ့ဘူးဟု ဘယ်သူသိသနည်း၊ သူတို့အားလုံးသည် တစ်ချိန်လုံး ဗုဒ္ဓနှင့် သူ့ရဟန်းများကို ကြိတ်ချေဖို့အတွက် ဆန္ဒပြနေကြ၏။ ထိုစွပ်စွဲချက်တို့သည် ခုနစ်ရက်မြောက်နေ့ မကုန်ဆုံးမီ ပြီးဆုံးသွား၏။



နောက် ရက်အနည်းငယ်ကြာသော် အရက်ဆိုင်တစ်ခုထဲ၌ အရက်မူးသမား အစုသည် မူးပြီး စကားများကြ၏။ မင်းကြီး၏ ရာဇဝတ်မှုစုံစမ်းရေးဌာနမှလူတို့သည် ထိုသူတို့ကို မထင်မရှား စောင့်ကြည့်နေကြ၏။ ရုတ်တရက်ပင် အမူးသမားများထဲမှ တစ်ဦးက မိမိ၏ရန်ဘက်သည် ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်များထံမှ ငွေအနည်းငယ်ကိုရရှိ၍ သူတို့ညွှန်ကြားသည့်အတိုင်း သုန္ဒရီကို တစ်ချက်တည်းဖြင့် သတ်ပြီး သူမ၏အလောင်းကို ပန်းပုံအောက်၌ ဖုက်ထားခဲ့၏ဟု အမှတ်တမဲ့ဖော်ပြော မိ၏။ ရာဇဝတ်မှုစုံစမ်းသူတို့သည် ထိုသူကို ဖမ်းဆီးလိုက်၏။ သူတို့သည်မင်းကြီး၏ ရှေ့မှောက်၌ ဝန်ခံကြ၏။ ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်များကိုခေါ်လာသော် သူတို့ကလည်း ဝန်ခံကြ၏။ ထိုအခါ မင်းကြီးက သူတို့အား သာဝတ္ထိပြည်၏ အရပ် မျက်နှာတိုင်းသို့ သွားပြီး မိမိတို့၏ ဝန်ခံချက်ကို အောက်ပါအတိုင်း လူတို့အား ဖော်ပြောရန် အမိန့်ပေးလေ၏။

'ရဟန်း ဂေါတမနှင့် သူ၏ရဟန်းများကို အသရေဖျက်လိုသည့် ရည်ရွယ်ချက် ဖြင့် ငါတို့သည် သုန္ဒရီကိုသတ်ရန် လူသတ်သမားအချို့ကို ငှားရမ်းခဲ့ကြ၏၊ လူသတ်မှု နှင့် ပတ်သက်၍ ရဟန်းဂေါတမသည် လုံးဝ အပြစ်မရှိ၊ သူ၏ ရဟန်းတို့လည်း လုံးဝ အပြစ်မရှိ၊ ငါတို့သည် လူသတ်မှုအတွက် လုံးဝ တာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်၏' မင်းကြီးသည် လူသတ်မှုအတွက် ဆန့်ကျင်ဘက် ဘာသာရေးခေါင်းဆောင်တို့အား ကြီးလေးသည့်အပြစ်ဒဏ်များကို ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၈

## အဋ္ဌမ ဝါ

## ပဋ္ဌက လယ်သမား

ဗုဒ္ဓသည် သံသုမာရဂိရိမြို့အနီး၊ ဘေသကလာ တောထဲရှိ ကျောင်း၌ အဋ္ဌမဝါသီတင်းသုံး၏။ ဝါကျွတ်သော် ဗုဒ္ဓသည် ထုံးစံအတိုင်း တရားဓမ္မကို ဟောကြားကာ ဒေသအချို့သို့ ကြွရောက်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ဆက်ကြွ၏။

တစ်ခုသော နံနက်စောစောအချိန်၌ ဗုဒ္ဓသည် ထုံးစံအတိုင်း မိမိကူညီနိုင်မည့် ပုဂ္ဂိုလ်ကို ကြည့်ရှု၏။ သူသည် မိမိ၏ သဗ္ဗညုတဉာဏ်တော်ထဲ၌ သာဝတ္ထိပြည်၌ နေသည့် ပဋ္ဌက အမည်ရှိသူ၏ ရုပ်သွင်ကိုမြင်လေ၏။ သူသည် ထိုလယ်သမားအပေါ်၌ ရှုဆင်ခြင်သော် လင်မယား နှစ်ဦးလုံးအဖို့ ကဿပ ဗုဒ္ဓလက်ထက်က သူတို့ဆည်းပူးခဲ့သည့် ကုသိုလ်ကံကြောင့် တတိယမဂ်ကို ရရှိရန် ပါရမီရင့်ကျက်သည့်အချိန်ရောက်ပြီဟု သိမြင်၏။ ထိုအချိန်ကလည်း သူတို့သည် လယ်သမားများဖြစ်ခဲ့ကြ၏။ သူတို့သည် နံနက်စောစော မိမိတို့၏ လယ်တောသို့ သွားသည့်အခါ ကျောင်းဘေးရှိ လမ်းအတိုင်း သွားခဲ့သောကြောင့် နာမ်နှင့် ရုပ် (စိတ်နှင့်ရုပ်) အား ညွှန်းဆိုချက်များ ပါရှိသည့် ဂါထာများ ရဟန်းတို့ ရွတ်ဆိုနေသည်ကို ကြားခဲ့ကြ၏၊ အချိန်ကြာမြင့်စွာသော် ဤဂါထာတို့သည် သူတို့၏ စိတ်နှလုံးများထဲ၌ နက်ရှိုင်းစွာ စွဲမြဲနေပြီး သူတို့အား အမြဲလိုလိုပင် ဘာသာရေး သံဝေဂစိတ်ဖြင့် ပြည့်စေခဲ့၏။ မိမိတို့ဘဝ၏ နောက်ဆုံးအချိန်အထိ သူတို့ ထိန်းသိမ်းလာခဲ့သည့် ဤဘာသာရေး သံဝေဂစိတ်သည် နာမ်နှင့် ရုပ် (စိတ်နှင့်ရုပ်) အား ညွှန်းဆိုချက်အချို့ပါရှိသည့် ဗုဒ္ဓ၏ ဂါထာတိုတစ်ပုဒ်ကို ကြားနာနိုင်ခဲ့လျှင် သူတို့အတွက် တတိယမဂ်ကိုရရန် လုံလောက်၏။

ထို့ကြောင့် ဗုဒ္ဓသည် သပိတ်တစ်လုံးနှင့် တစ်ပါးတည်းကြွသွား၍ ပဋ္ဌက၏ အိမ်ရှေ့၌ ရပ်လေ၏။ ထိုအချိန်၌ ပဋ္ဌကသည် ဗုဒ္ဓရပ်နေသည့်လမ်းဘက်သို့ ကျောပေး၍ နေ့လယ်စာ ထမင်းစားနေ၏။ မိမိ၏လင်နှင့် မျက်နှာချင်းဆိုင်ရပ်နေသည့် မယားသည် ဗုဒ္ဓကို မြင်၏။ မိမိ၏လင်သည် သူ့နေ့လယ်စာ ထမင်းအကြွင်းအကျန်ကို ဗုဒ္ဓအား ပေးလှူနိုင်၏ဟု စိုးရိမ်သောကြောင့် သူမက ဗုဒ္ဓအား ထွက်သွားရန် လက်အမူအရာပြ



သ၏။ ဗုဒ္ဓက ခေါင်းရမ်း၏။ ဤဗုဒ္ဓ၏ အမူအရာသည် လယ်သမား၏မယားမှာ အံ့ကျယ်စွာ ရယ်သည်ကို ဖြစ်ပေါ်စေ၏။ လင်သည် မိမိ၏မယား ဘယ်အတွက် ရယ်သည်ကို သိရှိရန် မော်ကြည့်ချိန်၌ ဗုဒ္ဓသည် လယ်သမား၏အိမ်ထဲသို့ မိမိ၏ ရောင်ခြည်တော်ကို လွှတ်ပြီး ဖြစ်နေ၏။ လယ်သမားသည် ရောင်ခြည်တော်ထွက်ရာ အရပ်ဘက်သို့ လှည့်လိုက်သော် ဗုဒ္ဓရပ်နေသည်ကို တွေ့မြင်၏။ သူသည် မိမိ၏ နေ့လယ်စာထမင်းခွက်ကို အမြန်မ ယူပြီး ဗုဒ္ဓဆီသို့ ပြေးသွား၏။

သူသည် ဗုဒ္ဓ၏ ခြေတော်များကို ထိပြီးနောက် မိမိသည် ဗုဒ္ဓအတွက် နေ့လယ်စာကို ချက်ပေးနိုင်သော်လည်း ထိုထမင်းသည် မွန်းမတည့်မီ အရံသင့် ဖြစ်မည်မဟုတ်ဟု အကြိမ်ကြိမ်ရှင်းပြ၏။ ထို့ကြောင့် သူက နေ့လယ်စာကျန်ထမင်းကို ဗုဒ္ဓအား ပေးလှူရန် မိမိအဖို့ သင့်တော်မည်လားဟု ဗုဒ္ဓအား မေးလျှောက်၏။ ဗုဒ္ဓက လယ်သမားအား ဤသို့ ရှင်းပြကာ သင့်တော်ကြောင်း ပြန်ကြားလေ၏။

'ပဋ္ဌက၊ နေ့လယ်စာ တစ်စိတ်တစ်ပိုင်းကို သင် မစားမီ သင့် နေ့လယ်စာကို ဗုဒ္ဓအား သင်ပေးလှူလျှင် သင့်တော်၏'

'ပဋ္ဌက၊ နေ့လယ်စာ တစ်စိတ်တစ်ပိုင်းကို သင်စားပြီးနောက် အကျန်ကို ဗုဒ္ဓအား သင်လှူခဲ့လျှင်လည်း သင့်တော်၏'

'ပဋ္ဌက၊ သင် ထမင်းထဲမှ နောက်ဆုံးအလုတ်ကို ဗုဒ္ဓအား သင်လှူလျှင်တောင်မှ သင့်တော်၏'

ထို့နောက် ဗုဒ္ဓက လယ်သမားအား ဤသို့ ဆက်ပြောလေ၏။

'ပဋ္ဌက၊ သူတစ်ပါးတို့၏ ရက်ရောစွာ ပေးလှူသည့် ပစ္စည်းများအပေါ် မှီခိုနေသော ရဟန်းသည် ထမင်း တစ်စိတ်တစ်ပိုင်းကို တစ်စုံတစ်ဦး မစားသေးမီ ထိုထမင်းကို တစ်ခါတစ်ရံ လက်ခံ၏၊ သူသည် တစ်ခါတစ်ရံ အကြွင်းအကျန်များကိုသာ လက်ခံရ၏၊ ဗုဒ္ဓသည် ဆွမ်းကိုခံယူရာတွင် အခြားသူအားလုံး၏ [illegible] အခါ စိတ်နေ (ဘဝင်) မမြင့်ချေ၊ သူသည် အကြွင်းအကျန်များကို [illegible] ထိုကဲ့သို့သော ဘိက္ခုတစ်ပါးအား အကြွင်းအကျန်များလှူသည့်အတွက် ထိုအလှူရှင်အား အမျက် (မကောင်းစိတ်) လည်း မထား၊ ကျိန်လည်း မကျိန်ဆဲချေ၊ တပ်မက်ခြင်းနှင့် အမျက်ဒေါသ ကင်းစင်သည့် ထိုကဲ့သို့သော ဘိက္ခု ရဟန်းသည် ကိလေသာတို့ကို [illegible] ပယ်သတ်ပြီးသော မုနိ ဝါ ရဟန္တာ ဖြစ်၏ ဟူ၍ ဗုဒ္ဓနှင့် ရဟန္တာ [illegible] ဆိုကြ၏' (ရဟန်းတိုင်းသည် ကိလေသာတို့ကို ပယ်သတ်ပြီးသည့် ရဟန္တာပုဂ္ဂိုလ် [illegible]ဘ်၊ သို့ရာတွင် ယခုတရား၌ ဘိက္ခု = ရဟန်း ဟူသော စကား[illegible] ဗုဒ္ဓသုံးစွဲသည်

www.burmeseclassic.com

www.burmeseclassic.com



အခါတိုင်း၊ အထူးရည်ရွယ်ချက်ဖြင့် ရဟန္တာကို ဆိုလိုခဲ့၏။) တရား၏အဆုံး၌ ဝဋ္ဋ သည် ဆွမ်းကို လက်ခံဖို့ အိမ်ထဲသို့ကြွရန် ဗုဒ္ဓအား ပင့်ဖိတ်၏။ ဆွမ်းစားပြီးသော် ဝဋ္ဋဂ္ဂသည် ဗုဒ္ဓအား ဤသို့ မေးခွန်းတစ်ခု မေးခဲ့၏။

'အရှင်ဘုရား၊ ဗုဒ္ဓသည် မိမိ၏ တပည့်သာဝကများကို ဘိက္ခုဟု ခေါ်တတ်၏။ ဘိက္ခုတစ်ပါးသည် ဘယ်သောအခါ ထိုကဲ့သို့ အခေါ်ခံခွင့်ရပါသနည်း'

ဗုဒ္ဓသည် နာမ်နှင့်ရုပ်အား ညွှန်းဆိုချက်အချို့ပါရှိသည့် စာကြောင်း ဝဂ်လေး ပါ ဂါထာတိုတစ်ပုဒ်ကို မိမိ ရွတ်ဆိုဖို့ အချိန်ရောက်လာပြီဟု သိရှိ၏။ ထို့ကြောင့် ဗုဒ္ဓသည် ထိုဂါထာတိုကို ရွတ်ဆိုခဲ့၏။ ထိုဂါထာသည် ဤသို့ဆိုလို၏။

ရဟန်းတစ်ပါးသည် နာမ်နှင့် ရုပ်၌ တပ်မက်ခြင်း လုံးဝ ကင်းစင်သောအခါ သူသည် နာမ်နှင့် ရုပ်တို့၏ ကုန်ဆုံးခြင်းသို့ ချဉ်းကပ်နေသည့်အတွက် စိုးရိမ်သော ဖြစ်ခြင်းမျိုးဟူသမျှ လုံးဝကင်းစင်သောအခါ ထိုရဟန်းကို ဘိက္ခုဟု ခေါ်ဆိုအပ်၏။

ထိုဂါထာတို၏ အဆုံး၌ လယ်သမားနှင့် သူ၏မယား နှစ်ဦးလုံး တတိယမဂ်ကို ရရှိသွားလေ၏။

# အခန်း ၁၉

## နဝမ ဝါ

## မာဂဏ္ဍီပုဏ္ဏားက သမီးကို ဗုဒ္ဓအားပေးခြင်း

ဃောသက၊ ကုက္ကုဋနှင့် ပါဝါရိကတို့သည် ကောသမ္ဗီပြည်၏ သူဌေးကြီး သုံးဦး ဖြစ်ကြ၏။ သူတို့အသီးသီးသည် ဗုဒ္ဓနှင့် ရဟန်းများအတွက် ကျောင်းတစ်ဆောင်စီကို ဆောက်လုပ်ခဲ့၏။ သူတို့၏ ဖိတ်ကြားချက်အရ ဗုဒ္ဓသည် မိမိ၏ ရဟန်းများနှင့်အတူ ကျောင်း သုံးကျောင်းကို လက်ခံရန် ကြွရောက်လာ၏။

တစ်ခုသော နံနက်စောစောအချိန်၌ ဗုဒ္ဓသည် ကောသမ္ဗီသို့ ကြွသွားနေစဉ်တွင် မာဂဏ္ဍီပုဏ္ဏားနှင့် သူ့မယားတို့၏ ရုပ်သွင်များကို မြင်၏။ သူသည် သူတို့အပေါ်၌ ... ခြင်သော် သူတို့ ဆည်းပူးခဲ့ပြီးသည့် ကုသိုလ်ကံသည် စတုတ္ထနှင့် နောက်ဆုံးမဂ်ကို ... ရန် သူတို့အဖို့ လုံလောက်စွာ ရင့်ကျက်နေပြီဟု သိမြင်လေ၏။ ထို့ကြောင့် သူသည် ကောသမ္ဗီသို့ ဆက်သွားမည့်အစား ထိုပုဏ္ဏားလင်မယားနှစ်ဦး နေထိုင်ရာ ကမ္မာသဒမ္မ ... ဘက်သို့ လှည့်ကြွလေ၏။

ဗုဒ္ဓသည် ထိုရွာ၌ ဆွမ်းခံနေစဉ် မာဂဏ္ဍီပုဏ္ဏားသည် တစ်ညလုံး မီးနတ်အား ... ပူဇော်ပသနေသည့်နေရာမှ ရွာထဲသို့ ဝင်လာခဲ့၏။ ပုဏ္ဏားသည် ဗုဒ္ဓကို မြင်သော် ... ၏ အလွန်တင့်တယ်မှုနှင့် ယောကျ်ားကောင်းပီသမှုကို အလွန်အမင်း နှစ်ထောင်း ... ရ ဖြစ်လေ၏။ ထို့ကြောင့် သူသည် ဗုဒ္ဓထံသွား၍ ဤသို့ လျှောက်၏။

'အို ရဟန်း၊ ကျွန်ုပ်မှာ သမီးတစ်ဦးရှိ၏၊ ကျွန်ုပ်သည် သင်ကဲ့သို့သော ... ယောကျ်ားမျိုးကို ရှေးက ဘယ်တုန်းကမှ မမြင်ခဲ့စဖူး၊ သင်သည် ကျွန်ုပ်၏သမီးနှင့် ... ကယ်ပင် လိုက်ဖက်ညီသူဖြစ်၏၊ သူမလည်း သင်နှင့် တကယ်ပင် လိုက်ဖက်ညီသူ ... ၏၊ သင်သည် မိမိကို ကောင်းစွာလုပ်ကျွေးရန် မယားကောင်းတစ်ဦး ရသင့်၏၊ ... ည်း မိမိမှီခိုအားထားနိုင်ရာ လင်ကောင်းတစ်ဦးကို ရသင့်၏၊ ထို့ကြောင့် ကျွန်ုပ် ... သင့်အား သူမကို ပေးပါမည်၊ ကျွန်ုပ် ပြန်ရောက်သည့်အထိ ဒီမှာ စောင့်ဆိုင်း ...'

ပုဏ္ဏားသည် ထိုသို့ပြောဆိုကာ အိမ်သို့ အမြန်ပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ တောင်းပန်ချက်အရ သူ့မယားသည် သမီးကို ဝတ်စားဆင်ယင်ပေး၏။ ဖခင် မိခင်နှင့် သမီးတို့သည် ဖခင်က မိမိပြန်လာသည့်အထိ စောင့်ဆိုင်းရန် ဗုဒ္ဓအား ပန်ကြားခဲ့ရာ ထိုနေရာသို့ ရောက်လာသော် ဗုဒ္ဓကို မတွေ့ရတော့ချေ။ ပုဏ္ဏားသည် ဗုဒ္ဓကို မျှော်ကြည့်နေစဉ်မှာ ဖခင် မိခင် သမီးတို့ ထင်ရှားစွာမြင်စေရန် အမိဋ္ဌာန်ပြီးနောက် ရည်ရွယ်ချက်ဖြင့် မြေကြီးပေါ်၌ ဗုဒ္ဓ ထားရစ်ခဲ့သော ခြေတော်ရာတချို့ကို တွေ့မြင်လေ၏။ မယားသည် အသိပညာဆိုင်ရာ ဟိန္ဒူကျမ်းစာများဖြစ်သည့် ဗေဒကျမ်းများ၌ ကောင်းစွာ ကျွမ်းကျင်၏။ ထို့ကြောင့် သူမသည် ခြေတော်ရာများကို မြင်မြင်ချင်း ထိုခြေရာတို့ကား ကိလေသာတို့ကို ပယ်သတ်ပြီးသောကြောင့် ကာမတို့၌ စိတ်ဝင်စားမှုမရှိသည့် ပုဂ္ဂိုလ်တစ်ဦး၏ ခြေရာများဖြစ်၏ဟု မိမိ၏လင်အား ထောက်ပြလေ၏။ ပုဏ္ဏားသည် မိမိ၏သမီးကို ဗုဒ္ဓနှင့် ထိမ်းမြားပေးရန်ဆုံးဖြတ်ထားသောကြောင့် သူမ၏ ရှင်းပြချက်ကို လက်မခံနိုင်ချေ။ သူက မှားတယ်ဟု ပြောသည်။ မယားနှင့် သူမ မသိဘူးဟု ပြောသည့် လင်တို့၏ ငြင်းခုံနေစဉ်မှာ ဗုဒ္ဓနှင့် ရဟန်းတို့ ဆွမ်းစားပြီးနောက် ပြန်ကြွနေကြသည်ကို တွေ့မြင်ရ၏။ 'ဟိုမှာ သူပဲ' ဟု လင်က မိမိ၏ မယားအား ဝမ်းမြောက်စွာဖြင့် ပြောလေ၏။ ထို့နောက် သူသည် ဗုဒ္ဓထံသို့ ခြေလှမ်းအနည်းငယ်သွားပြီး ဤသို့ဆိုလေ၏။

'အို ရဟန်း၊ ကျွန်ုပ်သည် အသင့်အား လုပ်ကျွေးရန် ကျွန်ုပ်၏ သမီးကို ပေးပါ၏'

'ပုဏ္ဏား၊ ငါသည် သင့်အား တစ်စုံတစ်ရာကို ပြောလို၏၊ ငါ တောထွက်သည့်နေ့မှစ၍ ဗုဒ္ဓဖြစ်လာခဲ့သည့်အထိ မာရ်နတ်(နတ်ဆိုးတို့၏ခေါင်းဆောင်)သည် ဗုဒ္ဓအဖြစ်သို့ ရောက်ကြောင်း လမ်းမှ ငါ့အား သွေဖည်သွားစေရန် နည်းမျိုးစုံကို အသုံးပြုခဲ့၏။ ငါသည် ဗုဒ္ဓအဖြစ်ကိုရပြီးနောက် ရက်အတန်ကြာမှာပင် ထိုမာရ်နတ်သည် မိမိကို ဖြားယောင်းစေရန် သူ့သမီးချော သုံးဦးကို စေလွှတ်ခဲ့၏၊ ငါသည် ထိုအချိန်က ငါ၏ ကိလေသာအားလုံးကို ပယ်သတ်ပြီးဖြစ်သောကြောင့် ထိုသူမတို့နှင့် မေထုန်မှုပြုရန် ဆန္ဒအနည်းငယ်မျှပင် ငါ့မှာ မရှိ၊ မာရ်နတ်၏သမီးချောများနှင့် မေထုန်မှုပြုရန် ဆန္ဒအနည်းမျှပင် ငါ့မှာ မရှိခဲ့လျှင် ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြည့်နေသည့် ဝမ်းဗိုက်ရှိသော သင့်သမီးအတွက် ထိုကဲ့သို့သော ဆန္ဒများ ငါ့မှာ ဘယ်လိုရှိနိုင်တော့မည်နည်း၊ ငါ့ခြေထောက်များဖြင့်ပင် သူမကို ထိရန် ဆန္ဒ ငါ့မှာ မရှိ' (နတ်တို့၏ အစာသည် အလွန်အမင်း နူးညံ့သိမ်မွေ့၏၊ ထို့ကြောင့် နတ်တို့မှာ ကျင်ကြီးကျင်ငယ် မရှိ။)

ဤတရားတော်သည် တင်းမာလှသည်မှာ သေချာ၏၊ သို့ရာတွင် ဗုဒ္ဓမှာ အခြား ရွေးချယ်စရာ မရှိ၊ သူသည် သဗ္ဗညုတဉာဏ်တော်ထဲ၌ တစ်စုံတစ်ဦးကို မြင်သည့်



အခါတိုင်း ၁။ ထိုပုဂ္ဂိုလ်၏ ကုသိုလ်ကံကား ဘာဖြစ်သည်၊ ၂။ ထိုကံသည် မည်သို့ အကျိုးပေးမည်၊ ၃။ ထိုကံသည် ဘယ်အခါ အကျိုးပေးမည်၊ ၄။ ထိုပုဂ္ဂိုလ်၏ ကုသိုလ်ကံ အကျိုးပေးအောင် ကူညီရန်အလို့ငှာ မိမိ ဘာလုပ်သင့် ဘာပြောသင့်သည် တို့ကို တွေ့ရှိရန် ထိုသူ့အပေါ်၌ ထုံးစံအားဖြင့် ရှုဆင်ခြင်ခဲ့၏၊ ပုဏ္ဏားနှင့် သူ့မယား တို့၏ လက်ရှိကိစ္စ၌လည်း ဗုဒ္ဓသည် အခြားကိစ္စများမှာကဲ့သို့ပင် သူတို့အပေါ်၌ ရှုဆင်ခြင်၍ 'ထိုတင်းမာသည့် တရားတော်သည် ထိုသူတို့အား တတိယမဂ်ရအောင် ကူညီရမည်ဆိုက မိမိပေးရမည့် တစ်ခုတည်းသော တရားတော်ဖြစ်သည်ဟု တွေ့ရှိခဲ့၏၊ ထိုတင်းမာလှသည့် တရားတော်သည် ခန္ဓာငါးပါး (ရုပ်ခန္ဓာနှင့် နာမ်တရား လေးပါး) တို့၏ အသုံးမရမှုနှင့် စက်ဆုပ်ဖွယ်ကောင်းမှုတို့ကို ပုဏ္ဏားလင်မယား နှစ်ဦးအား သိမြင်စေခဲ့၏၊ ဤသိမြင်မှုကြောင့် သူတို့၏ မိမိတို့ခန္ဓာငါးပါး၌ တပ်မက်မှုကို ပယ်သတ်ခဲ့၏၊ အကျိုးရလဒ်အနေဖြင့် သူတို့ နှစ်ဦးလုံးသည် ဗုဒ္ဓ၏တရားတော်အဆုံး၌ တတိယမဂ်ကို ရရှိသွား၏။ ထိုတရားသည် သမီးကို စော်ကားရန် ရည်ရွယ်သည့် တရားမျိုး မည်သည့်နည်းနှင့်မျှ မဖြစ်ပေ။ ဗုဒ္ဓသည် ကိလေသာအားလုံးကို ပယ်သတ်ပြီးပြီ။ သူ့မှာ တစ်စုံတစ်ဦးအား စော်ကားရန် ဆန္ဒမရှိချေ။

သို့ရာတွင် သနားစရာကောင်းသည့်သမီးကား ထိုတင်းမာလှသည့် တရားတော်ကို ဤအသိအမြင်ဖြင့် မယူနိုင်ခဲ့ချေ။ သူမအဖို့ ထိုတရားစကားသည် စော်ကားမှု တိုက်ရိုက်စော်ကားမှု ဖြစ်၏။ ဗုဒ္ဓက ငါသည် သူမကို အလိုမရှိဟု ပြောခဲ့နိုင်၏။ ဒီစကားသည် လုံလောက်၏။ သူသည် စဉ်းစားဆင်ခြင်ပြီး မိမိကို စော်ကားလိုစိတ် မရှိခဲ့လျှင် ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြည့်နေသည့် ဝမ်းဗိုက်ရှိသော သင့်သမီးဟု လည်းကောင်း၊ ငါသည် ငါ့ခြေထောက်များဖြင့်ပင် သူမကို ထိလိုစိတ်မရှိဟု လည်းကောင်း ဤစကားများကို သုံးစွဲခဲ့မည် မဟုတ်၊ ထိုသို့ သမီးက ဆင်ခြေတက်ခဲ့၏၊ သူမသည် ဗုဒ္ဓအပေါ် အလွန်ပင် အမျက်ထွက်ခဲ့သောကြောင့်၊ ချက်ချင်းပင် ဤသို့သော အမိဋ္ဌာန်ကိုပြုလေ၏။ မိမိ၏ ရုပ်အလှ၊ မြင့်မြတ်သည့် ပုဏ္ဏား ဇာတ်နှင့် ဥစ္စာဓနတို့ကြောင့် အဆင့်အတန်းမြင့်သူ လူတစ်ဦးက မိမိကို ထိမ်းမြားယူခဲ့လျှင် မိမိသည် မိမိအား သူပေးခဲ့သည့် အသုံးမကျတာတွေ အားလုံးကို ဗုဒ္ဓအား ပြန်ယူချိုး..သည်။

သို့ရာတွင် သူမ၏ မိခင်၊ ဖခင်တို့ကမူ ဤသို့ ကွဲပြားသည့် အမိဋ္ဌာန်ကိုပြုကြ၏။ သူတို့က ၁။ ဘိက္ခုနှင့် ဘိက္ခုနီ သံဃာ့ဘောင်သို့ အသီးသီးဝင်ရောက်ရန်၊ ... စတုတ္ထနှင့် နောက်ဆုံး မဂ်ကိုရသည်အထိ ဝိပဿနာကမ္မဋ္ဌာန်းကို ... အမိဋ္ဌာန်ပြုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## မာဂဏ္ဍိယာ မိဖုရားဖြစ်လာခြင်း

ပုဏ္ဏားကြီး၏ညီငယ်ဖြစ်သူ စူဠ မာဂဏ္ဍိယ သည် မိမိ၏တူမ မာဂဏ္ဍိယာကို ကောသမ္ဗီ ပြည့်ရှင် ဥတေနမင်းအား ဆက်သလေရာ မင်းကြီးက သူမအား ရုပ်ချောမှုကြောင့် ချက်ချင်းပင် မိမိ၏ မိဖုရားကြီးသုံးဦးတွင် တစ်ဦးအဖြစ် တင်မြှောက်လေ၏။ ပုဏ္ဏား ကြီးသည် ဘိက္ခု သံဃာ့ဘောင်သို့ ဝင်ရောက်၍ မယားက ဘိက္ခုနီ သံဃာ့ဘောင်သို့ ဝင်ရောက်၏။ သူတို့ နှစ်ဦးလုံးသည် စတုတ္ထနှင့် နောက်ဆုံးမဂ်ကို ရရှိ၍ ရဟန္တာများ ဖြစ်သွားကြ၏။

တစ်နေ့သ၌ ဗုဒ္ဓနှင့် ရဟန်းများ ဆွမ်းစားရာမှ ပြန်လာနေစဉ် မာဂဏ္ဍိယာ မိဖုရားက သူတို့ကို မြင်လေ၏။ သူမသည် ချက်ချင်းပင် မိမိ၏အမိန္ဒာန်ကို အမှတ်ရ ခဲ့၏။ ထို့ကြောင့် သူမက မိမိ၏ အစေခံတို့အား ၁။ လူဆိုးတချို့ကို ငှားရမ်းရန် ၂။ သူတို့အား ဗုဒ္ဓနောက်လိုက်သွားဖို့ ညွှန်ကြားရန်၊ ၃။ သူတို့ စဉ်းစားရနိုင်သမျှသော ဆဲရေးခြင်းမျိုးစုံကို ဗုဒ္ဓအပေါ်၌ ပစ်လွှင့်ဖို့ ညွှန်ကြားရန် စေခိုင်းလေ၏။ ထိုလူဆိုး များက မိမိတို့ကို ပြောပြသည့်အတိုင်း ပြုကြလေ၏။

အရှင်အာနန္ဒာသည် ဤပြုမူမှုမျိုးကို မနှစ်သက်ချေ။ ထို့ကြောင့် သူသည် ဗုဒ္ဓအား ထွက်ခွာပြီး အခြားနေရာသို့သွားရန် အကြံပြုလေ၏။ ဗုဒ္ဓက ရှင်အာနန္ဒာအား သည်းခံစိတ်ထားရှိရန် ဆုံးမ၏။ လက်ရှိစော်ကားမှုသည် ခုနစ်ရက်ထက် ကျော်လွန် ခံမည် မဟုတ်ဟုလည်း ဗုဒ္ဓက အရှင်အာနန္ဒာအား အာမခံ၏။ ထိုစော်ကားမှုသည် ခုနစ်ရက် မကုန်ဆုံးမီ ပျောက်ကွယ်သွား၏။

## သံဃာအတွင်း သင်းကွဲခြင်း

ဗုဒ္ဓသည် ကောသမ္ဗီပြည်၌ နဝမဝါ သီတင်းသုံး၏။ ထိုအချိန်အတွင်း၌ တရားဟော ပြောခြင်း၌ ကျော်ကြားသည့် ရဟန်းတစ်ပါးနှင့် ရဟန်းဝိနည်းဥပဒေများကို သိကျွမ်း ခြင်း၌ ကျော်ကြားသော အခြားရဟန်းတစ်ပါးတို့အကြား ပြင်းထန်သော ငြင်းခုံမှု ပေါ်ပေါက်ခဲ့၏။ ယင်းငြင်းခုံမှုသည် ဤသို့ စတင်ခဲ့၏။ အဆင်ပြေမှုအတွက် ပထမ ရဟန်းကို ဓမ္မကထိကဟု ခေါ်၍ ဒုတိယရဟန်းကို ဝိနည်းမိုရ်ဟု ခေါ်ပါရစေ။

တစ်နေ့သ၌ ဓမ္မကထိကသည် ကုဋီသို့သွား၍ ရေကိုသုံးစွဲပြီးနောက် အသုံး တမဲ့ ရေအနည်းငယ်ကို ခွက်ထဲ၌ ချန်မိခဲ့၏။ သူ့နောက်က ချက်ချင်းပင် ဝိနည်းမိုရ် သည် ကုဋီသို့သွား၍ ခွက်ထဲ၌ ရေကိုတွေ့မြင်၏။ သူက ထွက်လာသော ဓမ္မကထိကအား သွား၍ ရေချန်ထားခဲ့သလားဟု မေး၏။

www.burmeseclassic.com



'ချန်ခဲ့မိပါ၏ ဘုရား'

'ခွက်ထဲ၌ ရေကို ချန်ထားခဲ့ခြင်းဖြင့် သင်သည် အပြစ်ကျူးလွန်ခဲ့၏ဟု မသိ သလော'

'မသိပါဘုရား'

'ခွက်ထဲ၌ ထိုကဲ့သို့ ရေကို ချန်ထားခဲ့ခြင်းဖြင့် အပြစ်ကို သင် ကျူးလွန်ခဲ့၏'

'ကျွန်ုပ်သည် အပြစ်ကို ကျူးလွန်မိလျှင် ကျွန်ုပ်၏အပြစ် ဖြေဖျောက်ရန် လုပ်ဆောင်ဖွယ်များကို လုပ်ပါမည်'

'သင်သည် ထိုအမှုကို အမှတ်တမဲ့ပြုမိခဲ့လျှင် အပြစ်ကျူးလွန်သည် မမည်ဝါ'

ဝိနည်းမိုရ်သည် မိမိ၏ တပည့်များကို တွေ့သော် ဓမ္မကထိကကို ဝိနည်း စည်းကမ်းများ မသိမှုအတွက် ရှုံ့ချပြောဆို၏။ ဤတပည့်များသည် ဓမ္မကထိက၏ တပည့်များကိုတွေ့သော် ဤသို့ ဆိုကြ၏။ သင်တို့၏ ခေါင်းဆောင်သည် အပြစ်ကို ကျူးလွန်ခဲ့သည့်အခါကိုပင် မသိ။ ထိုတပည့်များက ထိုအကြောင်းကို ဓမ္မကထိကအား ပြောကြားသော် ဓမ္မကထိက က ဤသို့ ပြန်ပြော၏။ ဝိနည်းမိုရ်သည် ငါ့အား အပြစ် တစ်စုံတစ်ရာကို ငါ မကျူးလွန်ဟု ပြောခဲ့၏၊ ယခုမူ သူသည် မိမိ၏ စကားများကို ပြန်ရုပ်သိမ်းခဲ့၏၊ ဤရဟန်းသည် မုသားဆို၏ ထိုတပည့်တို့သည် မိမိတို့၏ ဆန့်ကျင်ဘက်တပည့်များထံ သွား၍ သင်တို့၏ ခေါင်းဆောင်သည် မုသား ပြော၏ဟု ဆိုကြလေ၏။

ဝိနည်းမိုရ်က မိမိ၏ ရဟန်းများအား ဓမ္မကထိက ရဟန်းသည် အပြစ်ကို ကုစားရန် သင့်တော်သည့် လုပ်ဆောင်ဖွယ်များကို မလုပ်ခဲ့သည့်အတွက် သူနှင့် မဆက်ဆံကြရန် လှုံ့ဆော်ခြင်းဖြင့် တုံ့ပြန်တိုက်ခိုက်၏။ သူသည် ရဟန်းတော်တော် များများကို စုဆောင်းရရှိပြီးသော် သံဃာ (ရဟန်းအဖွဲ့အစည်း) သည် ဓမ္မကထိကနှင့် မဆက်ဆံရ ဟူ၍ အဆိုပြုလေ၏။ သူ့ကို ထောက်ခံသူများက ထိုဆုံးဖြတ်ချက်ကို လက်ခံကြ၏။

ဓမ္မကထိကသည် ယင်းကို ငုံ့မခံခဲ့ချေ။ သူသည် မိမိအတွက် ထောက်ခံမှုကို လှည့်လည်တောင်းခံရန် မိမိ၏တပည့်များကို မြို့ရွာ ကျေးလက်ဒေသများသို့ စေလွှတ် ၏။ သူသည် ထင်ရှားသည့် ရဟန်းတစ်ပါးလည်းဖြစ်သောကြောင့် ထိုထောက်ခံမှုကို ပုံလောက်စွာရနိုင်ခဲ့၏။ ဤထောက်ခံသူတို့သည် ဝိနည်းမိုရ်အုပ်စုထံသွားပြီး သူတို့၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြ၏။ တစ်ဖက်အုပ်စုက ခေါင်းမာကြ၏။

ဤအုပ်စု နှစ်စုနှင့် သက်ဆိုင်သည့် ရဟန်းတို့သည် ကောသမ္ဗီပြည်သို့ ဗုဒ္ဓနှင့် အတူ လိုက်ပါခဲ့သည့် မူလရဟန်းများ မဟုတ်ဟု မှတ်ထားသင့်၏။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ကောသမ္ဗီမှ ရဟန်းများဖြစ်၏။ သူတို့သည် ကောသမ္ဗီ၌ ဗုဒ္ဓ နဝမဝါ သီတင်းသုံးနေ... သံဃာ့ဘောင်သို့ ဝင်ရောက်လာခဲ့ကြ၏။ ထိုငြင်းခုံမှုဖြစ်ပွားချိန်၌ သူတို့သည် ... လေးပါးတွင် တစ်ပါးမျှ မရရှိကြသေးချေ။

ဗုဒ္ဓသည် ထိုရဟန်းအုပ်စု နှစ်ခုအကြား ခိုက်ရန်ဖြစ်မှုအကြောင်း သိရှိ... သောအခါ အုပ်စု နှစ်ခုလုံးထံသွား၍ သူတို့အား မိမိတို့၏ကွဲလွဲချက်များကို ဖြေ... ကြရန် တိုက်တွန်း၏။ သို့ရာတွင် ဗုဒ္ဓသည် သူတို့အား ထိုသို့ပြုရန် မဆွဲဆောင်နိုင်ခဲ့ချေ... အုပ်စုတစ်ခုသည် သိမ်ထဲ၌ရှိသော် အခြားအုပ်စုက အပြင်ဘက်၌ ထိုင်ကြ၏။ အုပ်... နှစ်ခုတို့ ဆွမ်းစားဇရပ်များ၌ တွေ့ဆုံကြသော် အခြားအုပ်စုက ဘယ်နည်းနှင့်... ခွင့်မလွှတ်နိုင်မည့် စကားလုံးများကို သူတို့ ရွေးသုံးကြ၏ဟု သူတို့က စောဒကတက်... ကြ၏။ နှစ်ဖက်စလုံး၌ ခံစားချက်တို့သည် အလွန်မြင့်တက်သွားသောကြောင့် ရန်ပွဲ... မကြာခဏ ဖြစ်ကြ၏။ ဗုဒ္ဓသည် ဤအကြောင်းကို သိရှိလာသည့်အခါ အုပ်စုနှစ်ခု... အား ဆွမ်းစားဇရပ်များ၌ အချင်းချင်း ဆဲဆို၊ ထိုးကြိတ်ခြင်းမပြုနိုင်အောင် အချင်းချင်း... မမီနိုင်သည့် အကွာအဝေး၌ ထိုင်ကြရန် ပြောရလေ၏။

ဗုဒ္ဓက ဆိုဆုံးမသော်လည်း ခိုက်ရန်ဖြစ်မှုတို့သည် မငြိမ်သက်ဘဲ ဆက်လ... ဖြစ်နေကြ၏။ ခိုက်ရန်ဖြစ်ကြသည့် ရဟန်းတို့အား လူအများက တုံ့ပြန်မှုတို့သည်... အလွန်ဆိုးဝါး၏။ သဒ္ဓါတရားမရှိသည့်လူတို့က ပို၍ပင် မထီမဲ့မြင်ပြုကြ၏။ သဒ္ဓါ... တရားရှိသည့် လူတို့က ဤရဟန်းတို့အား ရိုသေမှု လျော့နည်းလာခဲ့၏။ ထို့ကြောင့်... ရဟန်းတစ်ပါး၏ တောင်းပန်ချက်အရ ဗုဒ္ဓသည် ထိုအုပ်စု နှစ်ခုလုံးထံ ထပ်သွားပြီး... ဤသို့ မိန့်ဆိုလေ၏။ 'ရဟန်းတို့၊ ဒါ မသင့်တော်ချေ၊ ဒါ မကောင်းချေ၊ ခိုက်ရန်... မဖြစ်ကြလင့်၊ မတိုက်ခိုက်ကြလင့်၊ အခြားသူတို့အား ထိခိုက်၏ဟု ယူဆအပ်သော... တိုက်ခိုက်သည့် စကားလုံးများကို မသုံးကြလင့်'

ထိုရဟန်းကလည်း ဗုဒ္ဓအား မိမိ၏ ပန်ကြားချက်ကို ထပ်လျှောက်လေ၏။

ဗုဒ္ဓသည် ဤဆိုဆုံးမရခက်သည့် ရဟန်းတို့သည် တရားဓမ္မများ ဟောကြား... ခြင်းဖြင့် ဆုံးမ၍ မရနိုင်ဟု ကြိုတင်သိမြင်၏။ သူတို့အား သတိတရား အသိစိတ်... များ ရရှိစေနိုင်ကြောင်း နည်းလမ်းတစ်ခုသာ ရှိ၏။ ထိုအချိန်ရောက်လာသည့်အခါ... ဗုဒ္ဓသည် ညီညွတ်ခြင်း၏ ကျေးဇူးများနှင့်ပတ်သက်သည့် မိမိ၏ တရားတော်များနှင့်... ဆက်သွားလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓအား လျစ်လျူရှုရန် ထိုရဟန်းက အကြံပြုပေမယ့်... ဗုဒ္ဓသည် ခိုက်ရန်ဖြစ်နေသည့် အုပ်စုတို့အား ဒီဃာဝုဇာတ်ကို ဟောကြားလေ၏။ ထိုရဟန်းတို့ သတိတရား အသိစိတ်များရရှိပြီးနောက် သူတို့၏ ခိုက်ရန်များပြီး... သွားသည့်အခါမှာ ဤဇာတ်သည် ရဟန်းတို့အား များစွာအသုံးဝင်၏။



## ဒီဃာဝု ဇာတ်

...စ်ခါတုန်းက ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် ဘုန်းတန်ခိုးကြီးသည့် ...င်းဖြစ်ခဲ့၏။ ကောသလတိုင်း၏ ဒီဃတိမင်းသည် အားနည်းသည့် မင်းဖြစ်၏။ တစ်နေ့ ...သ၌ ဗြဟ္မဒတ်မင်းသည် ကောသလတိုင်းကို ဝင်ရောက်တိုက်ခိုက်၏။ ကောသလတိုင်း ...၏ မင်းနှင့် မိဖုရားတို့သည် တိုင်းပြည်မှ ထွက်ပြေးပြီး ဗာရာဏသီပြည်၏ မြို့စွန်တွင် ...အိုးထိန်းသည်၏အိမ်၌ ခိုလှုံခဲ့၏။ အတန်ကြာသော် သူတို့အား သားတစ်ဦးဖွားမြင်၏။ ...သားသည် အရွယ်ရောက်သော် ဖခင်သည် ကြိုတင်ကာကွယ်သည့်အနေဖြင့် သူ့ကို ...ရပ်ဝေးသို့ စေလွှတ်၏။ ထို့ကြောင့် သူနှင့် သူ့မယားတို့သည် မိမိ၏နန်းတော်က ...တ္တာသည်ယောင်း၏ သတင်းပေးချက်အရ အဖမ်းခံရသော် သားသည် လွတ်မြောက် ...သွား၏။ ဗြဟ္မဒတ်မင်းသည် လင်မယားနှစ်ဦးကို မြို့တွင်းသို့ လှည့်လည်ခေါ်ဆောင် ...သွားပြီး ရက်စက်စွာသတ်ရန် အမိန့်ပေးလေ၏။ သူတို့ကို မြို့တွင်း၌ လှည့်လည် ...ခေါ်ဆောင်သွားစဉ်တွင် သူတို့၏သားသည် ပွဲကြည့်ပရိသတ်များထဲ၌ ရှိ၏။ မိမိ၏ ...သားအား ကျေးဇူးများစေမည့် အလွန်အရေးကြီးသည့် သတင်းစကားကို ထားရစ်ခဲ့လို ...သောကြောင့် သူသည် ကောင်းကင်သို့ မိမိ၏ဦးခေါင်းကို မော့၍ ဤသို့ အော်ပြော ...လေ၏။

'ချစ်သား ဒီဃာဝု၊ တစ်ခုကို ရှည်အောင် မထားလင့်'

'ချစ်သား ဒီဃာဝု၊ အခြားတစ်ခုကို တိုအောင် မဖြတ်လင့်'

'ချစ်သား ဒီဃာဝု၊ သင်သည် မိမိ၏ ရန်သူအပေါ်၌ ရန်ငြိုးထားနေသ... ...န်ငြိုးသည် ဘယ်တော့မှ အဆုံးမသတ်'

'ချစ်သား ဒီဃာဝု၊ သင်သည် မိမိ၏ ရန်သူအပေါ်၌ ရန်ငြိုးမထားသော် ...န်ငြိုးသည် အဆုံးသတ်သွားမည်'

မင်းကြီး၏လက်ပါးစေသည် ကောင်းကင်သို့ခေါင်းထောင်ကာ ဤသို့ အော် ...ပြောသည့် သူ့စကားကို ကြားရသော် သင့်ရောက်အံ့သော သေခြင်းတရားက ဘုရင် ...ဟောင်းအား အသိစိတ်ကင်းမဲ့အောင် ချောက်လှန့်ခဲ့၏ဟု ထင်ခဲ့ကြ၏။ မြို့တွင်း၌ ...လှည့်လည်ပတ်ပြပြီးနောက် ဘုရင်ဟောင်းနှင့် သူ့မယားကို တံခါးမများမှ ထုတ်ပြီး ...ရက်စက်စွာ သတ်ပစ်ကြ၏။

ဒီဃာဝုသည် မိမိ၏ ပုဂ္ဂိုလ်အမှန်ကို ဖုံးကွယ်ထားကာ မင်းကြီး၏ဆင်ထိန်း ...ကြီးအကဲထံသွား၍ အလုပ်သင်သူ ဖြစ်လာခဲ့၏။ နေ့တိုင်း နံနက်စောစောအချိန်၌ ...သူသည် နန်းတော်အနီးရှိ မိမိ၏ အိပ်ဆောင်မှ အညှို့ဓာတ်ပါသည့် မိမိ၏အသံနှင့် ...တေးသံတီးကျွမ်းကျင်မှုကို မင်းကြီး၏ စိတ်အာရုံကို ဆွဲဆောင်ရန် ကောင်းစွာအသုံးခ...

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ မင်းကြီးသည် မိမိ၏နန်းတော်မှ သီချင်းနှင့်တီးသံကို ကြားရ၏။ တစ်နေ့သည် မင်းကြီး၏ရှေ့မှောက်မှာ သီဆိုတီးပြမှုပြုပြီးနောက် သူ့အား နန်းတော်သို့လာရောက်ပြီး မင်းကြီးအား လုပ်ကျွေးပြုစုရန် အမိန့်ပေး၏။ သူသည် ပါးနပ်လှသည့် လူငယ်တစ်ဦး ဖြစ်သောကြောင့် မိမိ၏ အရှင်သခင်အား ဘယ်လိုအနိုင်ယူပြီး လွှမ်းမိုးရမည်ကို သိ၏။ ၁။ သူသည် မင်းကြီးအရင် ပိုစောပြီး အိပ်ရာမှထ၏။ ၂။ သူသည် မင်းကြီးနောက်မှ အိပ်ရာဝင်၏။ ၃။ သူသည် အာရုံစိုက်တတ်၍ မင်းကြီး၏အမိန့်များကို ကျွမ်းကျင်စွာ ဆောင်ရွက်ဖို့ မိမိကိုယ်ကို အရံသင့်ရှိအောင်နေ၏။ ၄။ သူသည် မင်းကြီးနှင့်ဆက်ဆံ ရာ၌ အလွန်အမင်း အချိန်မှန်အောင် ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ထား၏။ ၅။ သူသည် မင်းကြီးအား အလွန်အမင်း ဝမ်းမြောက်နေစေရန် အံ့ဝင်ခွင်ကျ စကားလုံးများကို သုံးနှုန်း ရာ၌ ဉာဏ်စွမ်းရှိ၏။

ဒီဃာဝုသည် မကြာမီပင် မင်းကြီး၏ကိုယ်ရံတော်အဖြစ်သို့ ရာထူးတိုးသွား၏။ တစ်နေ့သ၌ မင်းကြီးသည် သမင်လိုက်ဖို့အတွက် ထွက်သွား၏။ သူ့ရထားထဲ၌ သူ့အပြင် ရထားကိုမောင်းနှင်သည့် ဒီဃာဝုသာ ရှိ၏။ သူသည် လျင်မြန်စွာမောင်းသောကြောင့် သူ၏စစ်သားများကို အဝေးကြီးမှာ ချန်ရစ်ထားခဲ့၏။ အတန်ကြာသော် မင်းကြီးသည် အလွန့်အလွန် ပင်ပန်းသွား၏။ သူသည် ဒီဃာဝုအား အရပ်ခိုင်းပြီး နှစ်ဦးစလုံး ရထားမှ ဆင်းကြ၏။ မင်းကြီးသည် ဒီဃာဝုအား မြေကြီးပေါ်၌ ဆောင့်ကြောင့် ထိုင်စေပြီးနောက် ဒီဃာဝု၏ ရင်ခွင်ပေါ်၌ ဦးခေါင်းကိုထားပြီး မြေကြီးပေါ် လဲလျောင်း၍ ပင်ပန်းမှုကြောင့် အိပ်ပျော်သွား၏။

ဒီဃာဝုသည် မိမိ မိဘများ၏ တိုင်းပြည်ဆုံးရှုံးမှု၊ မိဘများ သေဆုံးမှုတို့ကို လက်စားချေလိုလျှင် ယင်းသည် အကောင်းဆုံးအချိန် ဖြစ်၏။ ထို့ကြောင့် မိမိ၏ မိဘများကို မင်းကြီးက အသတ်ခိုင်းသကဲ့သို့ သူ၏ ပထမဇောစိတ်က မင်းကြီးအား လေးပိုင်း ပိုင်းရန် ဓားအိမ်မှ သန်လျက်ကို သူ့အား ဆွဲထုတ်စေခဲ့၏။ သို့ရာတွင် ထိုအချိန်၌ သူသည် မိမိ၏ ဖခင်က မိမိအား ပေးခဲ့သည့် နောက်ဆုံးအမှာစကားကို ချက်ချင်း သတိရခဲ့၏။ ဤနည်းဖြင့် သုံးကြိမ်တိုင်တိုင် သန်လျက်ကို ဆွဲထုတ်လိုက် ဓားအိမ်ထဲ ပြန်သွင်းလိုက် ပြုခဲ့၏။ နောက်ဆုံးအကြိမ်ပြီးသော် မင်းကြီးသည် ကြောက်လန့်စွာဖြင့် နိုး၏။ ဒီဃာဝုက သူ့အား ကြောက်လန့်ခြင်း၏အကြောင်းကို မေးသော် မင်းကြီးက 'အိပ်မက်ထဲ၌ ဒီဃတိမင်းကြီး၏သား ဒီဃာဝုက သန်လျက် စွဲကာ မိမိထံသို့ ပြေးလိုက်နေသည်ကို မြင်မက်၏' ဟု ပြန်ပြော၏။ ဒီဃာဝုသည် အမျက်ဒေါသ ပေါက်ကွဲသဖြင့် မင်းကြီး၏ ဆံပင်ကို မိမိ၏ ဘယ်လက်ဖြင့်ဆွဲကိုင်ပြီး သန်လျက်ကို ညာလက်ဖြင့် ဆွဲထုတ်၏။ ထို့နောက် သူက ဤသို့ဆို၏။



'မင်းကြီး၊ ကျွန်ုပ်သည် ဒီဃတိမင်းကြီး၏သား ဒီဃာဝု ဖြစ်၏။ သင်သည် ကျွန်ုပ်တို့၏ တိုင်းပြည်ကို သိမ်းယူခဲ့၏၊ သင်သည် ကျွန်ုပ်၏ မိဘများကို ရက်စက်စွာ သတ်ခဲ့၏၊ သင်သည် ကျွန်ုပ်တို့ကို အတိုင်းအရှည်ထက်လွန်ပြီး ပြစ်မှားခဲ့၏၊ ယခု ကျွန်ုပ်တို့၏ တိုင်းပြည် ဆုံးရှုံးမှုနှင့် ကျွန်ုပ် မိဘများ သေဆုံးမှုကို လက်စားချေရမည့် အချိန် ရောက်လာပြီ'

မင်းကြီးသည် ဒီဃာဝု၏ ခြေများကို မိမိ၏နဖူးဖြင့် ထိကာ ဒီဃာဝုအား ဤသို့ ပြောဆိုခြင်းဖြင့် သနားကြင်နာမှုကို တောင်းခံလေ၏။

'ငါ့သား ဒီဃာဝု၊ ငါ့အသက်ကို ချမ်းသာပေးပါ'

'ငါ့သား ဒီဃာဝု၊ ငါ့အသက်ကို ချမ်းသာပေးပါ'

မဆုံးဖြတ်နိုင်သည့် အချိန်ကလေးပြီးသော် ဒီဃာဝုသည် သူ့အား အသက် ချမ်းသာပေးလေ၏။ စင်စစ် မင်းကြီး၏အသက်ကို ကယ်တင်ပေးခဲ့သည်ကား မိမိ၏ သားအား ပေးခဲ့သည့် ဖခင်၏ နောက်ဆုံးအမှာစကားသာ ဖြစ်၏။ သူတို့သည် နေပြည်တော်သို့ မထွက်ခွာမီ အချင်းချင်း မကောင်းမကြံမည့်အကြောင်း သစ္စာပြု ကြ၏။ သူတို့ နန်းတော်ရောက်သော် မင်းကြီး၏ ပန်ကြားချက်အရ ဒီဃာဝုသည် မိမိ ဖခင်၏ နောက်ဆုံးအမှာစကားကို ရှင်းပြလေ၏။ အမှာစကားမှာ မိန့်မှာချက် လေးခု ပါရှိ၏။ ယင်းတို့ကား

၁။ တစ်ခုကို ရှည်အောင် မထားလင့်။ ယင်းသည် ဤသို့ဆိုလို၏။ ငါသည် ရန်ငြိုးကို ကြာမြင့်စွာ မွေးမထားရ။

၂။ အခြားတစ်ခုကို တိုအောင် မဖြတ်လင့်။ ယင်းသည် ဤသို့ ဆိုလို၏။ ငါသည် မိတ်ဆွေအဖြစ်ကို တိုအောင်မဖြတ်ရ။

၃။ သင်သည် မိမိရန်သူအပေါ် ရန်ငြိုးကို ထားနေသမျှ ရန်ငြိုးသည် ဘယ်တော့မှ အဆုံးမသတ်။ ယင်းသည် ဤသို့ ဆိုလို၏။ ငါသည် မိမိ၏ မိဘများကို သတ်ခဲ့ သည့် ပုဂ္ဂိုလ်အဖြစ် သင်မင်းကြီးကို သတ်ခဲ့လျှင် သင်၏ နောက်လိုက်တို့က ငါ့ကို သတ်ခြင်းဖြင့် လက်စားချေလိမ့်မည်၊ ထို့နောက် ငါ၏ နောက်လိုက်များက သင်၏ လူများကို သတ်ခြင်းဖြင့် လက်စားချေလိမ့်မည်၊ ထို လက်စားချေမှုနှင့် တန်ပြန် လက်စားချေမှုတို့သည် ဤကဲ့သို့ ဆက်သွားလျှင် ရန်ငြိုးသည် ဘယ်တော့မှ အဆုံးသတ် လိမ့်မည် မဟုတ်။

၄။ သင်သည် မိမိ၏ရန်သူအပေါ် ရန်ငြိုးမထားသည့်အခါမှသာ ရန်ငြိုးသည် အဆုံးသတ်လိမ့်မည်။ ယင်းသည် ဤသို့ဆိုလို၏။ 'ယခု သင်မင်းကြီးသည် ငါ၏ အသက်ကို ချမ်းသာပေးခဲ့ပြီ၊ ငါကလည်း သင်မင်းကြီး၏အသက်ကို ချမ်းသာပေး ခဲ့ပြီ၊ ကျွန်ုပ်တို့ နှစ်ဦးစလုံးသည် အချင်းချင်းအား လက်စားချေခြင်းမှ မိမိတို့ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



မြဲမြဲစွာ ထိန်းသိမ်းနိုင်သောကြောင့် ကျွန်ုပ်တို့၏ ရန်ငြိုးသည် ယခု အဆုံးသတ်သွား လေပြီ။

မင်းကြီးသည် အလွန်ပင် နောင်တရသွား၏။ သူသည် အမွေခံအမှန်ဖြစ်သော ဒီဃာဝုအား ကောသလတိုင်းကို ပြန်ပေးလိုက်၏။ သူသည် မိမိ၏ သမီးချောကိုလည်း ဒီဃာဝုအား ထိမ်းမြားပေးလိုက်၏။

ဇာတ်တော်၏အဆုံး၌ ဗုဒ္ဓသည် ရဟန်းတို့အား ဤသို့ဆုံးမ၏။ 'ရဟန်းတို့ မိမိတို့၏ ငြင်းခုံမှုများကို ဖြေရှင်းရာ၌ လက်နက်များကို သုံးစွဲဖို့ တာစူနေကြသည့် မင်းတို့သည်ပင် အချင်းချင်းအား သည်းခံမှုနှင့် ချစ်ခင်မှုကို ပြနိုင်ကြသေး၏၊ ရဟန်းတို့ သင်တို့အားလုံးသည် သီလ၊ သမာဓိ၊ ပညာ ဟူသော ငါ၏ အဓိကတရား သုံးပါးကို လက်ခံပြီးနောက် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ကြ၏၊ ထိုကဲ့သို့သော ရဟန်းများ အဖို့ သည်းခံမှုနှင့် ချစ်ခင်မှုကိုပြမည့်အစား ရန်ပွဲငြိမ်းမှုကို ငြင်းပယ်ရန်သင့်တော် မည်လော၊ ဒါ သင့်တော်မည် မဟုတ်' ထို့နောက် တတိယအကြိမ် ဗုဒ္ဓက မိမိ၏ ရဟန်း များအား အောက်ပါတို့ကို မိန့်ကြားလေ၏။ 'ရဟန်းတို့၊ ဒါ မသင့်လျော်ချေ၊ ဒါ မကောင်းချေ၊ ရန်မဖြစ်ကြလင့်၊ မတိုက်ခိုက်ကြလင့်၊ အခြားသူတို့အား ထိခိုက်စေ ဟု ယူဆအပ်သည့် တိုက်ခိုက်သည့် စကားလုံးများကို မသုံးကြလင့်'

ဗုဒ္ဓအား ငြင်းခုံမှုနှင့်ပတ်သက်၍ လျစ်လျူရှုရန် ပန်ကြားခဲ့သော ရဟန်းသည် မိမိ၏ ပန်ကြားချက်ကို ထပ်လျှောက်လေ၏။

## ဗုဒ္ဓ၏ ခြေလှမ်းသစ်

နောက်နေ့တွင် ဗုဒ္ဓသည် ၁၀ ဂါထာဖြင့် ဖွဲ့ဆိုထားသည့် အဆုံးအမများကို ရဟန်း တို့အား ပေးပြီးနောက် ကောသမ္ဗီပြည်မှ တစ်ပါးတည်းထွက်ခွာပြီး ပါလိလေယျက တောသို့ ဆက်ကြွလေ၏။ ယင်းသည် တိုက်ခိုက်နေသည့် အုပ်စု ၂ ခုအား သတိတရား အသိစိတ်များရစေရန် ခြေလှမ်းသစ်တစ်ခု ဖြစ်၏။ ဗုဒ္ဓသည် ပါလိလေယျက တောထဲ၌ ဒသမဝါ သီတင်းသုံးလေ၏။

## လူတို့က ကြားဝင်လာခြင်း

ကောသမ္ဗီပြည်သားတို့သည် ရဟန်းအုပ်စု နှစ်ခု၏ ရန်ပြေငြိမ်းဖို့ ငြင်းဆန်ခြင်းသည် မိမိတို့ကို ဗုဒ္ဓအား ပူဇော်ခွင့်ကို လက်လွှတ်စေခဲ့ပြီဟု သိမြင်သောအခါ အလွန် စိတ်မချမ်းမသာ ဖြစ်သွားကြ၏။ သူတို့သည် ချက်ချင်းပင် အစည်းအဝေးကျင်းပ



ဤရန်ဖြစ်နေကြသည့် ရဟန်းတို့အား ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်းတို့ကို ထောက်ပံ့ရန် ဆုံးဖြတ်ကြ၏။ သူတို့သည် ဤရဟန်းတို့ကို ရဟန်းများအဖြစ်ဖြင့် ဖြို့မှ မဆက်ဆံရန်လည်း ထပ်တိုးကြ၏။ ဤဆုံးဖြတ်ချက်များက ထိုရဟန်းတို့ကို အရေးကြီးဆုံးသောနေရာ၌ ထိမှန်ကြ၏။ သူတို့သည် ချက်ချင်းပင် မိမိတို့၏ ရန်ပွဲကို ရပ်ဆိုင်းပြီး မြို့သားတို့အား မိမိတို့ ညီညွတ်မှုပြုပြီးသည့်အကြောင်း အသိပေးကြ၏။ သို့ရာတွင် မြို့သားတို့က သူတို့အား ဤသို့ ထောက်ပြကြ၏။

'သင်တို့ အားလုံးသည် ဗုဒ္ဓ၏ အဆုံးအမများနှင့် ရဟန်းဖြစ်လာခဲ့ကြ၏၊ သို့ရာတွင် ဗုဒ္ဓက သင်တို့အား ညီညွတ်မှုအတွက် အားထုတ်ရန် ဆုံးမသည့်အခါ သင်တို့သည် ရန်ပြေငြိမ်းဖို့ ငြင်းဆန်မှုကိုပြခဲ့ပြီး ဗုဒ္ဓအား တော်လှန်ခဲ့ကြ၏၊ ထို့ကြောင့် သင်တို့သည် မိမိတို့၏ ရန်ပြေငြိမ်းဖို့ ငြင်းဆန်ခဲ့မှုနှင့် တော်လှန်ခဲ့မှုအတွက် ဗုဒ္ဓအား ရှိခိုး၍ တောင်းပန်သည်အထိ (ဝါ) မတောင်းပန်ခဲ့လျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များကို ပြန်လည်ရုပ်သိမ်းမည် မဟုတ်'

ရဟန်းတို့သည် ဝါတွင်း၌ မိမိတို့ကျောင်းများမှ ထွက်သွားခဲ့လျှင် မိမိတို့၏ ရန်ပြေငြိမ်းဖို့ ငြင်းဆန်မှုနှင့် တော်လှန်မှုထဲသို့ နောက်ထပ်တစ်ပြစ် တိုးလာနိုင်၏ဟု စိုးရိမ်သွားကြ၏။ ထို့ကြောင့် သူတို့သည် လူတို့၏ ဆုံးဖြတ်ချက်များမှ ပေါ်ထွက်လာသည့် ဆင်းရဲဒုက္ခဒဏ်များကို ဝါတွင်းသုံးလတိုင် ခံကြရလေ၏။

သာဝတ္ထိပြည်ရှိ တပည့်တို့သည် ပါလိလေယျက တောထဲ၌ ဗုဒ္ဓတစ်ပါးတည်း သီတင်းသုံးနေ၏ဟု ကြားသောအခါ ဝါကျွတ်သော် ဗုဒ္ဓအား သာဝတ္ထိပြည်သို့ပြန်ကြွရန် ပန်ကြားပေးဖို့ အရှင်အာနန္ဒာထံသို့ တမန်များကို စေလွှတ်ကြ၏။

ဝါကျွတ်သော် ဗုဒ္ဓသည် အရှင်အာနန္ဒာ၏ တောင်းပန်ချက်အရ သာဝတ္ထိပြည်သို့ ကြွလေ၏။

ကောသလမင်းကြီးသည် ကောသမ္ဗီရဟန်းများ လာနေကြကြောင်း သတင်းကို ရှိသောအခါ ဗုဒ္ဓအား သူသည် မိမိနိုင်ငံ၏ မြေပေါ်၌ ရဟန်းတို့အား သူတို့၏ ခြေများ ကို ချခွင့်ပေးမည်မဟုတ်ဟု လျှောက်၏။ ဗုဒ္ဓက ဤသို့ ပြန်ကြား၏။ 'မင်းကြီး ကောသမ္ဗီ ရဟန်းတို့မှာ သီလ ရှိကြ၏၊ သူတို့သည် အချင်းချင်း ငြင်းခုံနေကြသော ကြောင့်သာ ဗုဒ္ဓစကားကို နားမထောင်ကြခြင်း ဖြစ်၏၊ သူတို့သည် ယခု ဗုဒ္ဓအား ရှိခိုး ဖြော်ရန် လာနေကြ၏၊ သူတို့ လာကြပါစေ' ဇေတဝန် ကျောင်း ... ခွင့်ပြုမည်မဟုတ်ဟု လျှောက်၏။ ဗုဒ္ဓက မင်းကြီးအား ရှင်းပြခဲ့သည့်အတိုင်း ...အား ရှင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကောသမ္ဗီရဟန်းတို့ ရောက်လာကြသော် ဗုဒ္ဓက သူတို့အား ဒီဃာဝုဇာတ်ကို ထပ်၍ ဟောကြား၏။ ဇာတ်တော်၏အဆုံး၌ ဗုဒ္ဓက ရဟန်းတို့အား ဤသို့ဆုံးမလေ၏။

'တစ်စုံတစ်ဦးသည် မိမိ၏ မိဘများစကားကို နားထောင်ခြင်းအားဖြင့် မိမိ ဆုံးရှုံးခဲ့သည့် တိုင်းပြည်ကို ပြန်ရနိုင်သည်သာမက ရန်သူဟောင်း၏သမီးကိုပင် ထပ်ဆောင် ရရှိနိုင်လျှင် ဗုဒ္ဓစကားကို လိုက်နာခြင်းဖြင့် ပို၍ ရနိုင်၏။ (ဗုဒ္ဓစကားကို လိုက်နာခြင်း ဖြင့် တစ်စုံတစ်ဦးရရှိမည့် မဂ်ဉာဏ်တို့သည် လောကီပစ္စည်းဥစ္စာများထက် နှိုင်းယှဉ် မရနိုင်အောင် ပိုမြင့်မြတ်၏) ရဟန်းတို့သည် သင်တို့သည် ဗုဒ္ဓစကားကို ငြင်းပယ် ခြင်းဖြင့် ကြီးလေးသည့် အပြစ်ကို ကျူးလွန်ခဲ့ပြီ'

ထို့နောက် ဗုဒ္ဓက မိမိ၏ ဆုံးမစကားကို ဤသို့ နိဂုံးချုပ်လေ၏။

'ရဟန်းတို့အလယ်၌ ငြင်းခုံတိုက်ခိုက်နေကြသည့် ရဟန်းတို့သည် မိမိတို့ ဘဝ၏ ခဏတိုင်း ခဏတိုင်းမှာ သေခြင်းတရားကို မိမိတို့ ရင်ဆိုင်တွေ့နေကြ၏ဟု မသိမြင်ကြချေ၊ မိမိတို့ဘဝ၏ ခဏတိုင်း ခဏတိုင်း၌ သေခြင်းတရားကို ရင်ဆိုင် တွေ့နေကြ၏ဟု သိမြင်ကြသည့် ရဟန်းတို့သည် ငြင်းခုံခြင်း၊ တိုက်ခိုက်ခြင်းများကို အဆုံးသတ်စေမည့် အကျင့်အပေါ်၌ ရှုးစိုက် ရှုကြလိမ့်မည်' (ဤနေရာ၌ အကျင့် ဟူသည် မဂ်ဉာဏ်လေးပါးကို ရရှိဖို့ ဝိပဿနာအားထုတ်ခြင်းကို ဆိုလို၏၊ အောက်ဆုံး မဂ်ကို အနည်းဆုံး ရရှိသော ရဟန်းတစ်ပါးသည် ငြင်းခုံရန်ဖြစ်ခြင်း ပြုမည်မဟုတ်။)

# အခန်း ၂၀

## ၁၇ ခုမြောက်ဝါ

## သိရိမာ ပြည့်တန်ဆာမ

ဝေသာလီပြည်၌ တစ်ခါတုန်းက အလွန်ချောလှသည့် ပြည့်တန်ဆာမတစ်ဦး ရှိခဲ့၏။ ရာဇဂြိုဟ်ပြည်သား ကုန်သည်တို့သည် ဝေသာလီမှ ပြန်လာကြသော် ဗိမ္ဗိသာရမင်းကြီး အား မိမိတို့ကို ရာဇဂြိုဟ်ပြည်၌ ပြည့်တန်ဆာမတစ်ဦး ထားခွင့်ပြုရန် အကြံပြုကြ၏။ မင်းကြီးသည် သူတို့၏ အကြံပြုချက်ကို လက်ခံ၏။ ထို့ကြောင့် အလွန်ချောလှသည့် မိန်းကလေးတစ်ဦးဖြစ်သူ သာလဝတီကို ပြည့်တန်ဆာမတစ်ဦးအဖြစ် နေရာချထား၏။ သူမကို ဘုရင့်နိုင်ငံတော်၏ ပြည့်တန်ဆာမအဖြစ် အသိအမှတ်ပြုထား၏။

နောက်အတန်ကြာသော် သာလဝတီသည် သားတစ်ဦးကို မွေးဖွားခဲ့၏။ သူမသည် မိမိ၏လုပ်ငန်းကို ဆက်ထိန်းရန် သမီးကိုသာ အလိုရှိသောကြောင့် သားကို အမှိုက်ပုံတစ်ခုပေါ်၌ စွန့်ပစ်စေခဲ့၏။ လူ့ဇာတိအတွက် ကံကောင်းထောက်မ၍ သူ့ကို အဘယမင်းသားက ကောက်ယူပြီး မိမိ၏သားအဖြစ်ဖြင့် မွေးစားလေ၏။ သူ့ကို ဇီဝက ဟု အမည်ပေး၏။ သူသည် ကြီးပြင်းလာသော် မိမိအရွယ်တန်းတွင် ထိပ်တန်း သမားတော်ကြီး ဖြစ်လာ၏။ သူသည် ဗုဒ္ဓစာပေထဲ၌ အလွန်ထင်ရှား၏။

ဇီဝကကို မွေးဖွားပြီးနောက် မကြာမီပင် သာလဝတီပြည့်တန်ဆာမသည် သမီးတစ်ဦးကို မွေးဖွားခဲ့၏။ သူမကို သိရိမာဟု အမည်ပေးခဲ့၏။ မင်းသားများ၊ သူဌေးကြီးများ၊ ကုန်သည်ကြီးများသည် သူမက အဖော်ပြုပေးမှုကို ခဏလေးမျှပင် ရရှိဖို့ အချင်းချင်း အပြိုင်အဆိုင် အားထုတ်ကြ၏။ အခကြေးငွေ အဆအတန်များလွန်း မှုကြောင့် ရာဇဂြိုဟ်ပြည်ရှိ သာမန်သူဌေးတို့သည် ဘာမျှမလုပ်နိုင်ဘဲ ခံစားချက်များကို ထိန်းချုပ်ထားရပြီး လက်ပိုက်ကြည့်နေကြရ၏။

တစ်နေ့သ၌ သူမသည် ဤနည်းဖြင့် အလွန်ထူးခြားသည့် အခွင့်အရေးကို ရရှိခဲ့၏။

ပုဏ္ဏနှင့် ဥတ္တရာတို့သည် ရာဇဂြိုဟ်ပြည်၏သူဌေးကြီးများ ဖြစ်ကြ၏။ သူတို့မှာ သမီးချောတစ်ဦးရှိ၏။ သူမအား သူ့အမေကို အစွဲပြု၍ ဥတ္တရာဟုပင် အမည်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထား၏။ သူမန အမည်ရှိ အခြားသူဌေးတစ်ဦးက ပုဏ္ဏကို မိမိ၏သားအား သူ့သမီးကို ထိမ်းမြားပေးရန် တောင်းခံ၏။ ပုဏ္ဏနှင့် သူ့မယားတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ မိမိတို့၏ သမီးကို ဗုဒ္ဓဘာသာဝင် မဟုတ်သူတစ်ဦးအား ထိမ်းမြားမပေးလို ကြချေ။ ဖခင်၊ မိခင်၊ သမီး ဟူသော သုံးဦးတို့တွင် ထိမ်းမြားမှုကို အပြင်းအထန် ဆန့်ကျင်သူကား သမီးသာဖြစ်၏။ သူမမှာ ယင်းအတွက် အကြောင်းပြချက်ကောင်း တစ်ခုရှိ၏။ သူမသည် မိမိ၏ ဖခင် မိခင် ကဲ့သို့ပင် သောတာပန် (သောတာပတ္တိမဂ် ရပြီးသူ)ဖြစ်၏။ ထို့အပြင် သူမသည် တစ်လတွင် ရှစ်ရက်မှာ ရှစ်ပါးသီလကို စောင့်ထိန်း လေ့ရှိ၏။ ရှစ်ပါးသီလတို့က သူမအား မေထုန်မှုမှ ရှောင်ကြဉ်ရန် တောင်းဆို၏။ သူမသည် မိမိအချိန်အများဆုံးမှာ ဈာန်များ (တစ်စုံတစ်ဦးအား နာရီ အနည်းငယ်မှ ရက်အနည်းငယ်တိုင် သတ်မှတ်ထားသည့် အာရုံတစ်ခု၌ မိမိ၏ စိတ်ကို ထိန်းထား နိုင်စွမ်းရှိစေသည့် အလွန်အထူး စိတ်၏တည်ကြည်မှု)ကို ရရှိသည်အထိ စိတ်၏ တည်ကြည်မှုကို ကျင့်ကြံအားထုတ်လိမ့်မည်။ သူမသည် ထိမ်းမြားပြီးနောက် မိမိ၏ အကျင့်ကောင်းအားလုံးကို မိမိစွန့်လွှတ်ရမည်ဟု အလွန် ကောင်းစွာ ကြိုမြင်နိုင်ခဲ့၏။ ထို့ကြောင့် ဆိုင်ရာ ပုဂ္ဂိုလ်အားလုံး၏ သဘောတူညီချက်ဖြင့် ထိမ်းမြားဖို့တောင်းခံချက် ကို ပယ်ချခဲ့၏။ အခြား သူဌေးတစ်ဦးဖြစ်သူ ပုဏ္ဏက ဒုတိယအကြိမ် တောင်းခံချက်ကို ပို့လွှတ်ပြန်ရာ ယင်းကိုလည်း ပထမအကြိမ် တောင်းခံချက်ကဲ့သို့ပင် အမြန်ပယ်ချခဲ့၏။ သို့ရာတွင် တတိယအကြိမ် တောင်းခံချက် ရောက်လာသော် ဖခင်သည် ဤစဉ်းစား ချက်ကြောင့် အနည်းငယ် ပျော့ပျောင်းသွားခဲ့၏။

သူသည် သူဌေးကြီးမဖြစ်မီက ပုဏ္ဏသူဌေးကြီးထံ၌ အခစားလုပ်သူဖြစ်ခဲ့၏။ ထို့ကြောင့် သူသည် ပုဏ္ဏအား သူ့အပေါ် မိမိ စိတ်ပြောင်းသွားပြီဟု မထင်မှတ်စေလို၍ သူ၏အကြံပေးချက်အရ စကားနားထောင်တတ်သည့် သမီးက လက်ထပ်ရန် သဘော တူခဲ့၏။

သူမ ကြိုမြင်ထားသည့်အတိုင်းပင် သူမ၏အကျင့်ကောင်းအားလုံးကို လက်ထပ် ပြီးနောက် စွန့်လွှတ်ခဲ့ရ၏။ တစ်နှစ်ကြာသော် သူမသည် မိမိ၏လင်အား မိမိ၏ အကျင့် ကောင်းများကို ထုံးစံအတိုင်း ဆက်လုပ်ခွင့်ပြုရန် တောင်းခံခဲ့၏။ တောင်းခံချက်မှာ ပယ်ချခံရ၏။ ထို့ကြောင့် သူမသည် ဤနည်းဖြင့် ပါးနပ်စွာ ခြေလှမ်း လှမ်းခဲ့၏။

သူမသည် သိရိမာ ပြည့်တန်ဆာမကို တစ်နေ့လျှင် အသပြာတစ်ထောင်နှုန်းဖြင့် ပေးကာ ၁၅ ရက်တိုင် ငှားသုံးခွင့်ရခဲ့၏။ သူမသည် သိရိမာကို အိမ်ခေါ်လာပြီး ၁၅ ရက်တိုင် မိမိ၏ ကိုယ်စားအဖြစ် သူမကို မိမိ၏ လင်အား ပေးအပ်၏။ လင်သည် သူမ၏ စီစဉ်မှုကို အလွန့်အလွန် ကျေနပ်၏။



သူမသည် မိမိ၏ အိမ်ထောင်မှုဆိုင်ရာ တာဝန်များမှ လွတ်လပ်မှုကို ရရှင်း ရှစ်ပါးသီလကို စောင့်၊ ဗုဒ္ဓနှင့် ရဟန်းများအား ၁၅ ရက်တိုင် ဆွမ်းခံယူရန် မိမိအိမ်သို့ ပင့်၊ မိမိ၏ အစေခံများနှင့်အတူ ဆွမ်းများချက်ကာ မိမိ၏ အားလပ်ချိန်အတွင်း၌ စိတ်၏ တည်ကြည်မှု သမာဓိ အလုပ်ကို အားထုတ်လေ၏။

ဤသို့လျှင် သူမသည် အိမ်ထောင်မှုတာဝန်များမှ မိမိ လွတ်လပ်သည့်နောက်ဆုံး ရက်သို့ ရောက်လာခဲ့၏။ ထိုအချိန်၌ သူမ၏လင်သည် သိရိမာ၏အလှများကို အလွန် စွဲမက်လာသောကြောင့် ထိန်းသိမ်းခံရသူ မိန်းမက ဖမ်းဆီးသူဖြစ်လာပြီး ထိုမိန်းမကို ထိန်းသိမ်းသူက သူမ၏လက်တွင်း၌ ဖမ်းဆီးခံရသူဖြစ်သွား၏။ ထို ဖမ်းဆီးသူနှင့် ဖမ်းဆီးခံရသူ နှစ်ဦးလုံးသည် မီးဖိုဆောင်အနီးရှိ နောက်ဖေးဝင်းထဲသို့ ပြတင်းပေါက်မှ ကြည့်ရှုနေကြ၏။ သူတို့သည် ဥတ္တရာနှင့် အစေခံတို့ ဗုဒ္ဓအတွက် ဆွမ်းချက်နေကြသည်ကို မြင်ကြ၏။ လင်သည် 'ဒီအမိုက်မသည် သူဌေးကြီး၏မယား ကဲ့သို့ ဂုဏ်သရေဖြင့် မနေနိုင်ဘဲ ကျွန်ကဲ့သို့ အလုပ်လုပ်ရတဲ့အခါမှာ ပျော်ဘိ၏' ဟု မိမိကိုယ်ကို ပြောဆိုကာ ရွှင်ရသည့်အပြုံးဖြင့် ဥတ္တရာကို စိတ်ပါပါဖြင့် ကြည့်ရှုနေ၏။ ထိုအချိန်၌ ဥတ္တရာကလည်း မော့ကြည့်မိ၏။ သူမသည် မိမိ၏လင်ကို မြင်သောအခါ 'ဤလူအသည် မိမိ၏ ပစ္စည်းဥစ္စာ မပျက်စီးနိုင်ဟု ထင်ဘိ၏' ဟု မိမိကိုယ်ကို ပြော ဆိုကာ လင်၏ အပြုံးကို တုံ့ပြန်ခဲ့၏။

သိရိမာ ပြည့်တန်ဆာသည် ဥတ္တရာကို မနာလိုစိတ် မရှိခဲ့ချေ။ မိမိကို ငှားရမ်း အသုံးပြုမှုသည် မိမိထွက်သွားရတော့မည့် နောက်တစ်နေ့မှာ ကုန်ဆုံးတော့မည်ဟုလည်း သူမ ကောင်းစွာသိ၏။ သို့ရာတွင် သူမသည် မိမိ၏လူအပေါ်၌ မိမိ တန်ခိုးသြဇာကို အသေအချာ သိနေသောကြောင့် သူမ၏ မာနက သူမ မထွက်ခွာမီ ထိုမာနကိုပြရန် သူမအား တိုက်တွန်းလေ၏။ ထို့ကြောင့် သူမသည် အောက်သို့ဆင်းပြေးလာခဲ့၏။ ဥတ္တရာသည် သိရိမာကို မြင်မြင်ချင်း သိရိမာသည် မိမိကို နှိပ်စက်ရန် ရည်ရွယ်ချက် ရှိ၏ဟု သူမ၏ အမူအရာမှ နားလည်နိုင်ခဲ့၏။ ထို့ကြောင့် သူမသည် မေတ္တာ (သတ္တဝါအားလုံးကိုချစ်ခင်မှု)၌ စူးစိုက်ရှုပွားခဲ့၏။ သူမသည်ချက်ချင်းပင် မေတ္တာဈာန် ကို ရရှိပြီး သူမ၏ စိတ်စဉ်တစ်ခုလုံးသည် မေတ္တာ (သတ္တဝါအားလုံးကိုချစ်ခင်မှု) စိတ်နှင့်သာ ပြည့်နေ၏။ ထို့ကြောင့် သိရိမာသည် ကြော်နေသည့်အိုးထဲမှ ပွက်နေ သည့် ဆီတစ်ခွက်စာကိုယူပြီး ဥတ္တရာ၏ဦးခေါင်းပေါ်၌ လောင်းချလေသော်လည်း ဆီ ၏ အကျိုးသက်ရောက်မှု မရှိခဲ့ချေ။ ဥတ္တရာသည် ရေတစ်ခွက်ကို ခံယူခဲ့သည့်ကဲ့သို့ ဆီကို ခံယူလေ၏။ သိရိမာသည် ယင်းအခြေအနေကိုမြင်သော် သူမသည် အံ့ဩ ...းသည်သာမက ကြောက်လည်း ကြောက်ရွံ့သွား၏။ သူမသည် သူတော်ကောင်းဓ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကို မိမိ ပြစ်မှားမိပြီဟု သိရှိသောကြောင့် ဥတ္တရာ၏ ရှေ့တွင် ဒူးတုပ်ပြီး နဖူး... လက်အုပ်ထိကာ ဥတ္တရာထံမှ ခွင့်လွှတ်မှုကို တောင်းခံလေ၏။ ဥတ္တရာက ဗုဒ္ဓသ... မကြာမီအတွင်း ကြွလာတော့မည်ဖြစ်သောကြောင့် မိမိသည် ဗုဒ္ဓအားရှိခိုး၍ ခွင့်လွှတ်... တောင်းခံမည်ဟု ပြန်ပြောလေ၏။ ဗုဒ္ဓက သူမအား ခွင့်လွှတ်ခဲ့လျှင် မိမိလည်း သူ... ခွင့်လွှတ်မည်ဟု ထပ်ဆင့်ပြောလေ၏။ သိရိမာသည် မိမိကို ပြောသည့်အတိုင်း ပြုခဲ့... ဗုဒ္ဓနှင့် ဥတ္တရာတို့သည် သူမကို ခွင့်လွှတ်ကြ၏။

ဆွမ်းစားပြီးသော် ဗုဒ္ဓက အောက်ပါအတိုင်း တရားတိုတစ်ပုဒ်ကို ဟောကြား... လေ၏။

တစ်စုံတစ်ဦးသည် စိတ်ဆိုးနေသူတစ်ဦးကို မေတ္တာဖြင့် ပြုမူခြင်းဖြင့် သူ့အပေါ်... အောင်နိုင်မှုကို ရယူသင့်၏၊ အကျင့်မကောင်းသောသူကို စိတ်ထားမြတ်မှုနှင့်ပြုမူခြင်း... ဖြင့် သူ့အပေါ် အောင်နိုင်မှုကိုရယူသင့်၏၊ တစ်စုံတစ်ဦးသည် စေးနှဲသောသူကို ရက်ရော... ပေးကမ်းမှုဖြင့် ပြုမူခြင်းဖြင့် သူ့အပေါ် အောင်နိုင်မှုကို ရယူသင့်၏၊ တစ်စုံတစ်ဦးသည်... လိမ်ပြောသောသူကို မှန်ကန်စွာ ပြောဆိုခြင်းနှင့် ပြုမူခြင်းဖြင့် သူ့အပေါ် အောင်နိုင်မှု... ရယူသင့်၏။

တရားတို့၏အဆုံး၌ သိရိမာသည် သောတာပတ္တိမဂ်ကိုရ၍ သောတာပန်ဖြစ်သွား... ၏။ နောက်မကြာမီပင် သူမသည် မိမိ၏နေအိမ်၌ ဗုဒ္ဓနှင့်ရဟန်းများအား ကြီးကျ... သည့် အလှူကိုပေး၏။ သူမသည် ဒကာတို့၏အိမ်များ၌ ဆွမ်းခံယူရန် ရဟန်းများ... သတ်မှတ်ပေးသည့်တာဝန်ကိုယူသော ရဟန်းအားလည်း မိမိ၏ဆွမ်းများကိုခံယူ... မိမိ၏နေအိမ်သို့ နေ့စဉ် ရဟန်းရှစ်ပါးလွှတ်ပေးရန်လည်း ပန်ကြားလေ၏။

တစ်နေ့သ၌ သူမအိမ်သို့ကြွရောက်ခဲ့သော ရဟန်းရှစ်ပါးထဲမှ တစ်ပါးသ... အရပ်ဝေးသို့ ထွက်ခွာသွားခဲ့၏။ ထိုနေရာ၌ သူသည် သိရိမာနှင့်ပတ်သက်၍ အ... များစွာကို သိလိုသော ရဟန်းတစ်ပါးကိုတွေ့ခဲ့၏။ ထို့ကြောင့် သူသည် သိလိုသ... ရဟန်းအား ဤသို့ပြောပြ၏။

'ဆွမ်းကို အလွန်ကောင်းမွန်စွာ စီရင်ထား၏၊ ထိုဆွမ်းသည် တကယ်ပင် အရ... ရှိလှ၏၊ ကျွန်ုပ်သည် သိရိမာ၏ဆွမ်းကို ထိုက်တန်စွာ ဖော်မပြနိုင်ပါ၊ သူမသည်... ဆွမ်း၏ စံချိန်ကို ဘယ်နည်းနှင့်မျှ လျော့မသွားအောင် အထူးဂရုစိုက်၏၊ ရဟန်း... ဝင်ရောက်လာသော် သူမသည် မိမိ၏နဖူးပေါ်၌လက်အုပ်တင်ကာ ဝင်းတံခါး အနီး... ရပ်လျက် ထိုရဟန်းများကိုတွေ့၏၊ ရဟန်းများ ထိုင်ကြသော် သူမသည် ထိုရဟန်း... တို့အား ရိုသေစွာရှိခိုးပြီး အဖျော်ယမကာများဖြင့် ကိုယ်တိုင်လုပ်ကျွေး၏၊ အဖျော်... ယမကာများကို သုံးဆောင်ပြီးသော် သူမသည် ကိုယ်တိုင် ရဟန်းရှစ်ပါး၏ သပိ...



...သီးထဲ၌ ဆွမ်းကို လောင်းထည့်၏၊ ရဟန်းတစ်ပါးရရှိသည့်ဆွမ်းသည် ရဟန်း ...လေးပါးအတွက် လုံလောက်မည်။ သို့ရာတွင် ထိုအခါသမယ၏ တကယ် ထူးခြား ...သည့်အရာကား ဆွမ်းမဟုတ်၊ သိရိမာကိုယ်တိုင်ဖြစ်၏၊ သူမသည် အလွန်ချောမောသည့် ...သူမယ်တစ်ဦးဖြစ်၏၊ တစ်စုံတစ်ဦးသည် သူမကို မြင်ရသည့် အခါမှသာ ထိုကဲ့သို့ ...ပြစ်ကင်းစင်အလှဘုရင်မမျိုး ဤလောက၌ သက်ရှိထင်ရှားရှိ၏'ဟု ယုံလိမ့်မည်။

အထက်ပါသရုပ်ဖော်ပြောပြချက်ကို နားထောင်နေသည့် ရဟန်းသည် သိရိမာကို ...မြင်ရန် ဆုံးဖြတ်လေ၏။ သူသည် မိမိ၏သပိတ်ကို အမြန်မယူပြီး ရာဇဂြိုဟ်သို့ ...ထွက်သွား၏။ သို့ရာတွင် သိရိမာအိမ်သို့ သူ မရောက်မီနေ့မှာ သူမသည် ရုတ်တရက် ...စွာ ဖျားနာလေ၏။ ထို့ကြောင့် သူမသည် မိမိ၏လှပသည့် အသွင်ဟန်များဖြင့် ...ရဟန်းများကို လုပ်ကျွေးရန် မစွမ်းနိုင်ခဲ့ပေ။ သူမ၏ပန်ကြားချက်အရ သူမကို သူမ၏ ...ခံမများက သူမ၏အခန်းထဲမှ တွဲခေါ်လာခဲ့ရ၏။ သူမကိုကြည့်ရန်အတွက်သာ ...ဝေးမှလာသည့် ရဟန်းသည် သူမကို မြင်၏။ 'အား၊ ဖျားနာနေတုန်းမှာ ဒီလောက် ...ချောမောတင့်တယ်နေသော... ချစ်ဖွယ် လှနေသောအမျိုးသမီးသည် ကျန်းမာရေးကောင်း၊ အခြယ်အသကောင်း၊ ...တ်အစားကောင်းနှင့်ဆိုလျှင် အဆများစွာပိုပြီး စွဲမက်စဖွယ်လှနိုင်လေ၏'ဟူ၍ ...တွေးဆယူပြီး အခြားရဟန်းများထွက်ခွာသည့်အခါ ထွက်ခွာသွားခဲ့ရ၏။

ထိုရဟန်းသည် သိရိမာ၏အလှများဖြင့် ပြင်းထန်စွာရိုက်ထားအပ်သောကြောင့် ...ကျောင်းတွင်းတစ်နေရာ၌ မိမိ၏သပိတ်ကိုထားပြီး မိမိ၏သင်္ကန်းကြီးကိုဖြန့်ခင်း၍ ...သင်္ကန်းပေါ်၌ မိမိမြင်ခဲ့သည့်အလှများကို ပြန်ပြောင်းအောက်မေ့ကာ လဲလျောင်း ...လေ၏။ ရဟန်းတစ်ပါးကမျှ သူ့ကို ဆွမ်းစားအောင် မဆွဲဆောင်နိုင်ခဲ့ချေ။

ညနေချိန်တွင် ထိုရဟန်းအစာငတ်ခံ စတင်ဆန္ဒပြကြောင်းဖြစ်သော သိရိမာသည် ...ကွယ်လွန်သွား၏။ သူမသည် ဗုဒ္ဓသမားတော်ကြီး၏ နှမဖြစ်သောကြောင့် မင်းကြီးက ...မ ကွယ်လွန်ကြောင်း ဗုဒ္ဓထံ အကြောင်းကြား၏။ ဗုဒ္ဓက မင်းကြီးအား သူမ၏ ...လောင်းကို မီးမသင်္ဂြိုဟ်ဘဲ ရက်အနည်းငယ်ကြာအောင်ထားရန် မိန့်ကြား၏။ ...စတုတ္ထမြောက်နေ့၌ သိရိမာ၏အလောင်းသည် အလွန်ပုပ်ပြနေသည့် အခြေအနေမှာ ...သောအခါ ဗုဒ္ဓသည် သိရိမာအတွက် အစာငတ်ခံဆန္ဒပြခဲ့သည့် ရဟန်းအပါအဝင် ...ရဟန်းများနှင့်အတူတကွ သုသာန်သို့ကြွသွား၏။ မင်းကြီးလည်း အခြွေအရံနှင့် ရောက်... ...၏။ မင်းကြီး၏အမိန့်အရ ရာဇဂြိုဟ်ပြည်သား မြောက်မြားစွာတို့လည်း ရောက်... ...၏။ ထိုအခါ ဗုဒ္ဓက မင်းကြီးအား ဤသို့မေး၏။ 'မင်းကြီး၊ သူမတေ ဘယ်သူနည်း' ...မင်းကြီးက 'အရှင်ဘုရား၊ သူမကား သိရိမာအမည်ရှိ ဇီဝကအား နှမတော်ပါဘုရား' ဟု ...လျှောက်၏။ ဗုဒ္ဓက ဤသို့ထပ်မေး၏။ 'မင်းကြီး၊ သူမသည် သိရိမာဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



မှန်လျှင် ရာဇဂြိုဟ်ပြည်သားများထဲတွင် အသပြာငွေတစ်ထောင်ပေးပြီး သူမကို အိမ်
သွားရန်ပြင်ဆင်ထားမည့်သူ တစ်စုံတစ်ဦးရှိသလားဆိုတာကို စုံစမ်းလော့' မင်းကြီး
ဗုဒ္ဓက မိန့်ကြားသည့်အတိုင်း ပြု၏။ မည်သည့်အရပ်မျက်နှာမှ မည်သူတစ်ဦးမျှမရှိ
ဗုဒ္ဓသည် မင်းကြီးအား အခကြေးငွေကို တစ်ဆင့်ပြီးတစ်ဆင့် ပိုက်ဆံတစ်ပြား
(ငွေအသပြာ၏အနိမ့်ဆုံး သတ်မှတ်ချက်) အထိသို့ပင် လျှော့ချသွားရန် မိန့်ကြား၏
ပေးသူ တစ်ဦးမျှ မရှိတုန်းပင် ဖြစ်၏။ အလောင်းကောင်ကို တစ်ပြားမျှမပေး
(အလကား) ယူသွားနိုင်သည်ဟု လူတို့ကိုပြောသော်မှုပင် အလောင်းကောင်ကို ယူ
လိုသူ တစ်ဦးမျှ မရှိချေ။ ထိုအခါ ဗုဒ္ဓက ဤသို့ မိန့်ဆိုလေ၏။

'ရဟန်းတို့၊ တစ်ချိန်က သန်းများစွာထိုက်သည့် (တန်သည့်) ယမင်းရုပ်က
ဖြစ်ခဲ့သည့် ထိုမိန်းမကို ကြည့်ကြစမ်းလော့၊ ရှေးကာလ ဤရာဇဂြိုဟ်ပြည်၌ တစ်
တစ်ဦးသည် အသပြာငွေတစ်ထောင်ပေးမှသာလျှင် တစ်နေ့တာ သူမနှင့်အတူ ပျော်
နေရမှုကို ရရှိနိုင်ခဲ့၏။ သို့ရာတွင် ယခုမူ တစ်ပြားမှ မပေးရဘဲနှင့်တောင်မှ သူမ
အိမ်သို့ ယူသွားလိုသူ တစ်ဦးမျှမရှိတော့ချေ။ ထိုမျှလောက် ခြောက်ပြစ်စင်သ
ထိုကဲ့သို့သော အလှမယ်သည်ပင် အားလုံး ပျက်စီးရသည့်သဘောရှိ၏ ဟူ
တရားသဘောမှ ခြွင်းချက်မရှိနိုင်ခဲ့ချေ။ ရဟန်းတို့၊ သင်တို့သည် အသုဘဘာဝ
(မစင်ကြယ်သည့် အရာများအပေါ် ရှုဆင်ခြင်မှု) ဖြင့် ရုပ်ခန္ဓာ၏မမြဲသည့်သဘော
မြင်အောင်ရှုရန် အားထုတ်ရမည်'

ရဟန်းတို့အား ဤတရားဟောပြီးသော် ဗုဒ္ဓသည် အချုပ်အားဖြင့် ဤသို့ဆို
သည့် ဂါထာတိုတစ်ပုဒ်ကို ရွတ်ဆို မိန့်ကြားတော်မူလေ၏။

'ရဟန်းတို့၊ ခန္ဓာကိုယ်သည် မည်သည့်အခြေအနေတွင်မှ တည်မြဲနေသည်
အမျိုးမျိုးသောခြယ်သပုံများနှင့် အဝတ်အစားများကြောင့် ထိုခန္ဓာကိုယ်သည် ဆွဲ
လှပပုံပေါ်၏။ ထိုကိုယ်သည် အသုဘဘာဝနာကိုမပွားများသည့်ပုဂ္ဂိုလ်တို့ကို တပ်မ
ခြင်းများ၊ ကာမဆန္ဒများနှင့် မေထုန်ဆိုင်ရာ အကြံအစည်များဖြင့် ပြည့်စေနိုင်၏
ရဟန်းတို့၊ သင်တို့သည် ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ကောင်းသော ပုပ်သိုးဆွေးမြည့်
သဘောကို သိမြင်နိုင်ရန်အလို့ငှာ အသုဘဘာဝနာကိုပွားများအားထုတ်ရမည်'

ဤဂါထာတို့အဆုံး၌ အစောင်ခံခဲ့သော ရဟန်းငယ်သည် ပဌမမဂ်ကို ရ
လေ၏။ ယင်းတရားသည် လူစုလူဝေးကြီးထဲရှိ အခြား လူများစွာတို့ကိုလ
အကျိုးရှိစေခဲ့၏။

ဤဂါထာတို့အဆုံး၌ ဗုဒ္ဓသည် ထင်ရှားလှသောတရားတစ်ပုဒ်ကို ဟော
ယင်းကား ဝိဇယသုတ်ဟုထင်ရှား၏။ ယင်းသုတ်သည် တစ်စုံတစ်ဦးအား မိမိ၏ ထို
သူတစ်ပါး၏ကိုယ်၌ တပ်မက်ခြင်းကိုအောင်နိုင်စေသောကြောင့် ယင်းသို့ (ဝိဇယ



ခေါ်ခြင်းဖြစ်၏။ ယင်းသုတ်သည် အထက်ဖော်ပြပါဂါထာကို ချဲ့ထွင် ရှင်းထားခြင်း
ဖြစ်၏။ ယင်းသုတ်မှာ ဂါထာတို ၁၄ ခုပါရှိ၏။ လွန်ခဲ့သည့် ဆယ်နှစ်လောက်က
သည် မိမိ၏နှမဝမ်းကွဲ ခေမပဒကလျာဏီအား ထိုသုတ်ကို ပဌမဆုံးအကြိမ်
ကြားခဲ့၏။ သူမသည် နန္ဒမင်းသားနှင့် ထိမ်းမြားဖို့ရှိခဲ့၏ဟု စာရှုသူတို့ မှတ်မိ
မည်။ သို့ရာတွင် လက်ထပ်မည့်နေ့၌ နန္ဒမင်းသားကို ဗုဒ္ဓက ခေါ်ယူသွားခဲ့၏။
မင်းသား သံဃာ့ဘောင်သို့ဝင်ရောက်ပြီးသည့်နောက်၌ပင် သူမသည် မိမိ၏လှသည်
ဟန်အောင်ကိုစွန့်ခွာပြီး မိမိထံပြန်လာလိမ့်မည်ဟု အလွန်ဆန္ဒပြင်းစွာ မျှော်လင့်
ခဲ့၏။ သို့ရာတွင် နန္ဒမင်းသား ရဟန္တာဖြစ်သွားသော် သူ့ကို ပြန်ရဖို့ သူမ၏
မျှော်လင့်ချက်တို့သည် အစိတ်စိတ် ကွဲပျက်သွားခဲ့၏။ (သူမ မိခင် မဟာပဇာပတိ
ခါတမီလည်း ဘိက္ခုနီသံဃာ့ဘောင်သို့ဝင်ရောက်ခဲ့ပြီးနောက် ရဟန္တာဖြစ်သွားခဲ့၏။
သူမသည် သံဃာ့ဘောင်သို့မဝင်ရောက်ခဲ့လျှင် မိမိ၏မိခင်မရှိဘဲ မနေနိုင်ခဲ့။ ထို့ကြောင့်
မိမိ၏စိတ်ဆန္ဒမပါရှိသော်လည်း အခြေအနေများက သူမအား ဘိက္ခုနီဖြစ်ဖို့ အတင်း
တွန်းပို့ခဲ့၏။

သူမသည် ဘိက္ခုနီဖြစ်လာပြီးနောက်၌ပင် မိမိ၏ရုပ်အလှသည် ပြိုင်ဘက်ကင်း၏
ဟု ထင်ခဲ့၏။ သူမသည် ထိုရုပ်အလှ၌ အလွန်အမင်းဂုဏ်ယူခဲ့၏။ ဗုဒ္ဓသည် ပရိသတ်
တို့အား အသုဘဘာဝနာဖြင့် မိမိတို့ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ကောင်းသော ပုပ်သိုး
ဆွေးမြည့်သည့်သဘောကို သိမြင်အောင်အားထုတ်ရန် တိုက်တွန်းလေ့ရှိသောကြောင့်
သူမသည် ဗုဒ္ဓထံသွား၍ ဖူးမြော်ရန်တွန့်ဆုတ်ခဲ့၏။ သူမသည် ရဟန္တာဖြစ်ဖို့အတွက်
ပါရမီ မရင့်ကျက်သေးဟု ဗုဒ္ဓက သိမြင်ခဲ့၏။ ထို့ကြောင့် သူသည် သူမကို တစ်ဦး
တည်း ချန်ထားခဲ့၏။ သို့ရာတွင် သူသည် အရဟတ္တဖိုလ်ရဖို့အတွက် သူမ ပါရမီ
ရင့်ကျက်ပြီဟု သိမြင်သောအခါ မိမိထံမှအဆုံးအမများကိုခံယူရန် ဘိက္ခုနီတို့သည်
တစ်လှည့်စီလာကြရမည်ဟု အမိန့်ထုတ်လေ၏။ သူမ၏အလှည့်ရောက်လာသော်
သူမက အခြားဘိက္ခုနီမတစ်ဦးအား မိမိကိုယ်စားဗုဒ္ဓထံ အဆုံးအမကိုသွားခံယူရန်
စေ်ကြားခဲ့၏။ ထိုအခါ ဗုဒ္ဓက မည်သည့်ဘိက္ခုနီမှ ကိုယ်စားမပြုဘဲ မိမိထံမှ အဆုံးအမ
များကို မခံယူရ ဟု နောက်ထပ်အမိန့်တစ်ခုထုတ်ပြန်၏။ ထို့ကြောင့် သူမသည် ဗုဒ္ဓကို
ဖူးမြင်ခဲ့ရ၏။)

ဗုဒ္ဓသည် မိမိတန်ခိုးဣဒ္ဓိအားဖြင့် ခေမပဒကလျာဏီအား သူမ၏အလှထက်
အများစွာသာသည့် ရုပ်အလှနှင့်ပြည့်စုံသော ၁၆ နှစ်ခန့်အရွယ်ရှိ မိန်းမငယ်တစ်ဦးကို
မြင်စေရန်အဓိဋ္ဌာန်ပြုခဲ့၏။ သူမသည် ဗုဒ္ဓအနီး၌ထိုင်နေသည့် မိန်းမငယ်ကိုမြင်သော
အခါ မာန်ကျိုးညွတ်ကျသွား၏။ သူမသည် ထိုမိန်းမငယ်ကို စိုက်ကြည့်နေသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ငယ်ရုပ်သည် တဖြည်းဖြည်း အိုခြင်း နာခြင်း သေခြင်း ပုပ်ပျက်ဆွေးသွားခြင်း ပြောင်းပြောင်းသွားနေသည်ကိုလည်း မြင်ရ၏။ ထိုအချိန်၌ ဇနပဒကလျာဏီသည် ဤကဲ့သို့ ဉာဏ်အမြင်ကိုရရှိလေ၏။ ဤနေရာကား လူတိုင်းအနေးနှင့်အမြန်ရောက် ရမည့် နေရာဖြစ်၏။ ဤဉာဏ်အမြင်နောက်သို့ စိတ်နှင့် ရုပ်ခန္ဓာ၏ အနိစ္စ၊ အနတ္တသဘောဆိုင်ရာ ရောင်ခြည်တချို့ကို မိမိ၏လျင်မြန်သည့်သိမြင်မှုက ချက်ချင်း လိုက်လေ၏။ ဤသိမြင်မှုကြောင့် သူမတပ်မက်ခဲ့သည့် လူ နတ် ဗြဟ္မာလောကတို့သည် မီးလောင်နေသည့် အိမ်များလို ထင်ပေါ်လာ၏။

စိတ်ပိုင်းဆိုင်ရာ အသင့်တော်ဆုံး အချိန်၌ ဗုဒ္ဓသည် ဝိဇယသုတ်ကို ဟောကြား လေ၏။ ဇနပဒကလျာဏီသည် တရား၏အဆုံး၌ ပထမမဂ်ကိုရရှိလေ၏။ ထို့နောက် သူမသည် ဝိဇယသုတ်ထဲ၌ အရေးပါသည့် အချက်များအပေါ် အခြေခံထားသည့် ပြင်းထန်သောတရားအားထုတ်မှုလုပ်ငန်းကို လုပ်ဆောင်၍ ရက်အနည်းငယ်ကြာသော် ရဟန္တာဖြစ်သွားလေ၏။

ရှေ့က စာပိုဒ်အချို့တို့၌ အသုဘ ဘာဝနာအား ညွှန်းဆိုချက်များကိုပြုခဲ့၏။ ယင်းကား အသုဘ+ဘာဝနာ ဖြစ်၏။ အသုဘဟူသည် ရုပ်ခန္ဓာ၏ မစင်ကြယ်သည့် အညစ်အကြေးများကိုဆိုလို၏။ ဘာဝနာ ဟူသည် ပြေးသွားနေသည့်စိတ်ကို သတ်မှတ် ထားသည့် အာရုံတစ်ခုပေါ်၌ အပြည့်အဝ စူးစိုက်ရှုနေစေရန် ကမ္မဋ္ဌာန်းအားထုတ် (ဝါ) လုံ့လပါသော အဆက်မပြတ်သော အားထုတ်မှုကို ဆိုလို၏။ ထို့ကြောင့် အသုဘ ဘာဝနာ ဟူသည် ရုပ်ခန္ဓာ၏ စက်ဆုပ်ဖွယ်သော ပုပ်သိုးဆွေးမြည့်သည့် သဘောကို သိမြင်စေရန်အလို့ငှာ ယင်း၏ မစင်ကြယ်သည့်အညစ်အကြေးများအပေါ် စိတ်ကို အပြည့်အဝစူးစိုက်ရှုနေစေရန် ကမ္မဋ္ဌာန်းအားထုတ်မှုဖြစ်၏။ အသုဘဘာဝနာ ဆယ်မျိုးရှိ၏။ ယင်းတို့ကို အလောင်းကောင်၏ ပုံစံအမျိုးမျိုးနှင့်အညီ အမျိုးအစား ခွဲထား၏။ ယင်းတို့ကို မဂ္ဂင်လမ်းအတွဲ၌ အပြည့်အစုံရှင်းပြပါမည်။

***

# အခန်း ၂၁

## ၁၈ ခုမြောက်ဝါ

## ယက္ကန်းသည်မကလေးအကြောင်း

ဗုဒ္ဓသည် စာလိယတောင်၌ ၁၈ ခုမြောက်ဝါ သီတင်းသုံး၏။ ဝါကျွတ်သော် ဗုဒ္ဓသည် အနီးအနားရှိ ဒေသအချို့သို့ကြွပြီး သာဝတ္ထိပြည်ဇေတဝန်ကျောင်းသို့ ကြွလေ၏။

တစ်ခုသောနံနက်စောစောအချိန်၌ ယက္ကန်းသည်မကလေးတစ်ဦး၏ ရုပ်သွင်သည် ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်တော်ထဲ၌ ပေါ်လာခဲ့၏။ ဗုဒ္ဓက သူမပေါ် ရှုဆင်ခြင်သော် အောက်ပါအချက်တို့သည် သူ၏ စိတ်ထဲသို့ ပြန်ရောက်လာခဲ့၏။ ဗုဒ္ဓသည် လွန်ခဲ့သော သုံးနှစ်ခန့်က အာဠဝီပြည်သို့ ကြွခဲ့၏။ ထိုအချိန်၌ ဗုဒ္ဓသည် တပည့်ဒကာများ၏ ပရိသတ်၌ သေခြင်းတရား၏ မလွဲမရှောင်သာမှုအပေါ်၌ မှန်မှန်ကမ္မဋ္ဌာန်းအားထုတ်ခြင်း၏ အကျိုးတရားများနှင့် ပတ်သက်သည့် တရားတစ်ပုဒ်ကို ဟောကြားခဲ့၏။ ဗုဒ္ဓသည် သူတို့အား သေခြင်းကို စိတ်တည်ငြိမ်စွာဖြင့် ရင်ဆိုင်နိုင်စေရန် ဤကမ္မဋ္ဌာန်းကို အားထုတ်ခြင်းအားဖြင့် မိမိတို့ကိုယ်ကို လက်နက်တပ်ဆင်ထားဖို့ တိုက်တွန်းခဲ့၏။ လက်နက်မပါသောပုဂ္ဂိုလ်သည် အဆိပ်ပြင်းမြွေကိုမြင်သည့်အခါ အလွန်ကြောက်ရွံ့သွားသကဲ့သို့ ထိုကမ္မဋ္ဌာန်းဖြင့် မိမိတို့ကိုယ်ကို လက်နက်တပ်ဆင်မထားသောသူတို့သည် သေခြင်းတရားနှင့် ရင်ဆိုင်ရသည့်အခါမှာ အလွန် ကြောက်ရွံ့သွားကြလိမ့်မည်။ ဤကမ္မဋ္ဌာန်းတရားကို အားထုတ်မှုဖြင့် မိမိတို့ကိုယ်ကို လက်နက်တပ်ဆင်ထားသူတို့သည်ကား အေးဆေးသည့် သေခြင်းကို ရရှိလိမ့်မည်။

ဗုဒ္ဓသည် ထိုတရားကိုဟောကြားနေစဉ် ရက်ကန်းသည်မလေးသည် ရှိ၏။ ထိုအခါမှစ၍ သူမသည် ထိုကမ္မဋ္ဌာန်းကို အချိန်မှန်မှန်အားထုတ်ခဲ့၏။

ဗုဒ္ဓသည် ရှုဆင်ခြင်သည့်အချိန်အတွင်း၌ ရက်ကန်းသည်မကလေးသည် အနည်း ငယ်ကြာသော် ကွယ်လွန်လိမ့်မည်ဟု သိမြင်ခဲ့၏။ သူမသည် မိမိ ဆေးခွန်းလေးခုကို ဖြေခွင့်ရခဲ့လျှင်၊ မိမိ၏ဂါထာတိုတစ်ပုဒ်ကို ကြားနာခွင့်ရခဲ့လျှင် သူမ ကွယ်လွန်သည့် နေ့မှာ ပထမမဂ်ကို ရလိမ့်မည်ဟုလည်း ဗုဒ္ဓ သိမြင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com





ထို့ကြောင့် ဗုဒ္ဓသည် မိမိရဟန်းများခြံရံလျက် အာဠဝီပြည်သို့ ကြွလေ၏။ အာဠဝီ၌ ဗုဒ္ဓနှင့်ရဟန်းများအား ဒကာတချို့က ဆွမ်းခံပင့်ဖိတ်ကြ၏။

ဆွမ်းစားပြီးသော် ဒကာများအားတရားဟောရန် ဗုဒ္ဓအဖို့ ထုံးစံဖြစ်၏။ သို့ရာတွင် ဤအခါမှာ ယက္ကန်းသည်မကလေး ရောက်မလာသေးကြောင်း ဗုဒ္ဓက စောင့်ဆိုင်းနေခဲ့၏။ သူမ ရောက်လာသော် ဗုဒ္ဓက သူမအား အောက်ပါမေးခွန်းများကို မေး၏။

'ယက္ကန်းသည်မကလေး သင် ဘယ်ကလာသနည်း'

'မသိပါ ဘုရား'

'ယက္ကန်းသည်မကလေး သင် ဘယ်ကိုသွားမည်နည်း'

'မသိပါ ဘုရား'

'ယက္ကန်းသည်မကလေး သင် မသိဘူးလား'

'သိပါ၏ ဘုရား'

'ယက္ကန်းသည်မကလေး သင် သိသလော'

'မသိပါ ဘုရား'

ဤအဖြေများကိုဖြေပြီးသော် ရှိနေသည့် တပည့်ဒကာများအတွင်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ သူတို့သည် သူမပြောနေတာကို တလွဲသိနေကြ၏။ သူတို့က သူမသည် ဗုဒ္ဓအား မလေးမစားပြုနေ၏ဟု ထင်ကြ၏။ ဗုဒ္ဓက ထိုသူတို့ကို အသံတိတ်သွားစေရန် အောက်ပါ အမေးအဖြေ ဖြစ်ပေါ်လာ၏။

'ယက္ကန်းသည်မလေး၊ သင် ဘယ်ကလာခဲ့သနည်းဟု မေးသော် သင်က အဘယ့်ကြောင့် မသိပါဟု ဖြေခဲ့သနည်း။

'အရှင်ဘုရား၊ အကျွန်ုပ်အိမ်မှ (ဝါ) အခြားတစ်နေရာမှ အကျွန်ုပ်လာခဲ့သလားဆိုတာကို ဗုဒ္ဓ စိတ်မဝင်စားခဲ့ပါ၊ ဗုဒ္ဓမေးလိုသည့်အရာကား အကျွန်ုပ် ဒီလက်ရှိဘဝသို့ ဘယ်ရှေးဘဝက လာခဲ့သနည်းဆိုတာ ဖြစ်ပါ၏၊ ထို့ကြောင့် အကျွန်ုပ် မသိပါဟု ဖြေခဲ့ခြင်းဖြစ်ပါ၏'

(ဗုဒ္ဓက အဖြေမှန်အတွက် သူမကို ချီးကျူး၏။)

'ယက္ကန်းသည်မလေး၊ သင် ဘယ်သို့သွားမည်နည်းဟု ငါမေးသော် သင်က အဘယ့်ကြောင့် မသိပါဟု ဖြေခဲ့သနည်း'

'အရှင်ဘုရား၊ အကျွန်ုပ်အိမ်သို့ သွားမလား (ဝါ) အခြားတစ်နေရာသို့ သွားမလားဆိုတာကို ဗုဒ္ဓ စိတ်မဝင်စားခဲ့ပါ၊ ဗုဒ္ဓမေးလိုသည့်အရာကား အကျွန်ုပ် နောင်ဘယ်ဘဝသို့ သွားမည်နည်းဆိုတာ ဖြစ်ပါ၏၊ ထို့ကြောင့် အကျွန်ုပ် မသိပါဟု ဖြေခဲ့ခြင်းဖြစ်ပါ၏။

(ဗုဒ္ဓကတစ်ဖန် အဖြေမှန်အတွက် သူမကို ချီးကျူး၏။)





'ယက္ကန်းသည်မကလေး၊ သင် မသိသလောဟု ငါမေးသော် သင်က အဘယ့်ကြောင့် သိပါ၏ဟု ဖြေခဲ့သနည်း'

'အရှင်ဘုရား၊ ဗုဒ္ဓမေးလိုသည့်အရာကား သေခြင်းတရားသည် မလွှဲမရှောင်နိုင်ဟု အကျွန်ုပ် မသိဘူးလားဆိုတာ ဖြစ်ပါ၏၊ ထို့ကြောင့် သိပါ၏ဟု အကျွန်ုပ်ဖြေခဲ့ခြင်းဖြစ်ပါ၏' (ဗုဒ္ဓက တစ်ဖန် အဖြေမှန်အတွက် သူမကို ချီးကျူး၏။)

'ယက္ကန်းသည်မကလေး၊ သင် သိသလားဟု ငါမေးသော် သင်က အဘယ့်ကြောင့် မသိပါဟု ဖြေခဲ့သနည်း'

'အရှင်ဘုရား၊ ဗုဒ္ဓ မေးလိုသည့်အရာကား အကျွန်ုပ် ဘယ်တော့သေမည်ကို သိသလား ဆိုတာဖြစ်ပါ၏၊ အကျွန်ုပ် သေမည်ဆိုတာကို သိပါ၏၊ ဘယ်တော့သေမည်ဆိုတာကို မသိပါ၊ ထို့ကြောင့် မသိပါဟု အကျွန်ုပ်ဖြေခဲ့ခြင်း ဖြစ်ပါ၏' (ဗုဒ္ဓက တစ်ဖန် အဖြေမှန်အတွက် သူမကို ချီးကျူး၏။)

ထို့နောက် ဗုဒ္ဓကတရားဟောလေ၏။ အနှစ်ချုပ်ကား အောက်ပါအတိုင်းဖြစ်၏။

'လူအများစုတို့သည် စိတ်နှင့်ရုပ်ခန္ဓာ၏ သဘောမှန်ကို မသိကြ။ စိတ်နှင့်ရုပ်ခန္ဓာ၏ သဘောမှန်ကို မသိသူတို့သည် သူကန်းတို့နှင့်တူ၏။ လက်တစ်ဆုပ်စာ လူတို့သာလျှင် စိတ်နှင့် ရုပ်ခန္ဓာ၏ မမြဲသည့်သဘောကို သိမြင်နိုင်၏။ မုဆိုး၏ ပိုက်ကွန်မှ လွတ်မြောက်သည့် ငှက်အရေအတွက်သည် နည်းပါးသကဲ့သို့ နတ်ပြဟ္မာတို့ ဘုံဘဝများ၌ ပဋိသန္ဓေနေရသူတို့၏ အရေအတွက်သည် နည်းပါးလှ၏'

တရားတော်၏အဆုံး၌ ယက္ကန်းသည်မကလေးသည် ပထမမဂ်ကိုရရှိသွား၏။ ပရိသတ်အစုအဝေးမှ ပြန်သွားသော် သူမသည် မတော်တဆဖြစ်မှုတစ်ခုနှင့် တွေ့ကြုံ၍ မိမိ၏ ဖခင်ရှေ့မှောက်၌ ရုတ်တရက် ကွယ်လွန်သွား၏။ ဖခင်သည် အလွန်ပူဆွေးနေသောကြောင့် အကူအညီတောင်းဖို့ ဗုဒ္ဓထံသွား၏။ ဗုဒ္ဓက 'မရေမတွက်နိုင်သည့် ရှေးကမ္ဘာများစွာက ချစ်အပ်သူတို့အတွက် ကျခဲ့ပြီးသည့် မျက်ရည်အားလုံးကို စုဆောင်းနိုင်ခဲ့လျှင် ထိုမျက်ရည်တို့သည် သမုဒ္ဒရာထဲရှိ ရေထက်ပင် ပို၍ များလိမ့်မည်' ဟု သူ့အားပြောကြား၏။ ထို့နောက် ဗုဒ္ဓက သူ့အား တရားတစ်ပုဒ်ကို ဟော၏။ ထိုတရား၏အဆုံး၌ သူသည် သံဃာ့ဘောင်သို့ဝင်ရောက်၏။ သူသည် ကြိုးစားသည့် သဒ္ဓါတရား၊ ဖွဲ၊ လုံ့လဖြင့် တရားအားထုတ်၍ ရက်အတန်ကြာသော် ရဟန္တာ ဖြစ်သွားလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၂

## ၁၉ ခုမြောက်ဝါ

## ကပ်စေးနဲ သူဌေးကြီး

အာနန္ဒာသည် သူဌေးကြီးတစ်ဦးဖြစ်၏။ သူသည် သန်း လေးရာလောက်ကြွယ်ဝ၏။ သူ့ကို မင်းကြီးက မိမိနိုင်ငံ၏ ဘဏ္ဍာစိုးလေးဦးတွင်တစ်ဦးအဖြစ်ဖြင့် အသိအမှတ်ပြုထား၏။ သို့ရာတွင် သူသည် အလွန်ကပ်စေးနဲ၏။ သူသည် မိမိဆွေမျိုးတို့ အစည်းအဝေးများကို တစ်လနှစ်ကြိမ်ခေါ်လေ့ရှိပြီး အစည်းအဝေးများ၌ သူ့ဆုံးမစကား၏ အဓိကအကြောင်းအရာသည် ကေန်ဤသို့ဖြစ်မည်။ 'ငါ့သား မူလသီရိ၊ ငါတို့မှာရှိသည့် သန်း ၄၀၀ ကို အများကြီးဟု ဘယ်တော့မှမစဉ်းစားလင့်။ ငါတို့ဆည်းပူးထားသည့် ဥစ္စာထဲမှ တစ်စိတ်တစ်ပိုင်းကို သူတစ်ပါးတို့အား ဘယ်တော့မှ မပေးလင့်။ ငါတို့ ဆည်းပူးရရှိထားသည့် ဥစ္စာထဲသို့ အဆက်မပြတ်ထပ်ထည့်နိုင်အောင် သင်အားထုတ်ရမည်။ တစ်စုံတစ်ဦးသည် တစ်နေ့လျှင်တစ်ကျပ်ကိုပင်သုံးခဲ့လျှင် အချိန်ကြာသော် ယင်းသည် ကြီးမားသည့် ပမာဏသို့ ပေါင်းထည့်သွားလိမ့်မည်။

'ငါ့သား မူလသီရိ၊ ကျောက်တုံးသည်ပင် ယင်းကို ခဏခဏ ပွတ်တိုက်လျှင် ကုန်သွား၏၊ (သူသည် ဆေးဖက်ဝင် ကျောက်တုံးကို ရည်ညွှန်းပြောနေခြင်းဖြစ်၏။ လူတချို့သည် မျက်စိနာရောဂါရှိသော် ကျောက်တုံးကို ရေစက်အနည်းငယ်နှင့်တကွ ကျောက်ပြားပိုင်းပေါ်၌ ပွတ်သွေး၏။ ပွတ်တိုက်ခြင်းက မျက်စိထဲထည့်ရန် အရည်ချစ်ကို ဖြစ်စေ၏။) ခြကောင်တို့သည် ဖွဲလုံ့လဖြင့် အလုပ်လုပ်သည့်ရက်များကြာညောင်းသော် မြေတောင်ပို့တစ်ခုကို တည်ဆောက်နိုင်၏။ ပျားကောင်တို့သည် ဖွဲလုံ့လဖြင့် တည်ဆောက်သည့်ရက်များကြာညောင်းသော် ပျားအုံကြီးတစ်ခုကို ပြုလုပ်နိုင်၏။ ပညာရှိသည် ဤဥပမာများကို ဘယ်တော့မှ မျက်ခြည်အပြတ်ခံမည်မဟုတ်။ သူသည် မိမိရရှိထားပြီးသည့် ဥစ္စာကိုထိန်းသိမ်းထားရန် ယင်းဥစ္စာထဲသို့ ဥစ္စာအသစ်ကို ထပ်ထည့်ရန် အမြဲတမ်း ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်၏'

သူဌေးကြီးသေလွန်သော် သူသည် သာဝတ္ထိ ဝင်းတံခါးကြီးများအပြင်ဘက်ကိုက်အနည်းငယ်အကွာရှိ သူတောင်းစားအုပ်စုထဲ၌နေထိုင်သည့် သူတောင်းစားမဒင်ဦး၏ ဝမ်းဗိုက်ထဲ၌ ပဋိသန္ဓေနေ၏။ ပဋိသန္ဓေနေချိန်မှစ၍ ဘေးအန္တရာယ်သည် ထိုသူတောင်းစားအုပ်စုအပေါ်၌ ကျရောက်ခဲ့၏။ သူတို့သည် လူတို့ထံမှ ထမင်းဟင်း တောင်းခံရရှိရန် အလွန်အမင်းခဲယဉ်းသည်ကို တွေ့ရှိရ၏။ ရှေးက သာဝတ္ထိမြို့တွင်း၌ သူတို့ တောင်းခံရရှိခဲ့သည့် ထမင်းဟင်းကျန်တို့သည် သူတောင်းစားတစ်စုလုံးအတွက် လုံလောက်သည်ထက် ပိုခဲ့၏။ ထိုဘေးဒုက္ခ ကျရောက်ခဲ့သည်မှစ၍ သူတို့ တောင်းခံရရှိသည့် ထမင်းဟင်းသည် သူတို့အတွက် မလုံလောက်ခဲ့ပေ။

ထို့ကြောင့် ထိုခေတ်က ဓလေ့နှင့်အညီ သူတို့သည် ဘေးဒုက္ခ၏ အကြောင်းရင်းဖြစ်သော ပုဂ္ဂိုလ်ကိုတွေ့ရှိရန်အလို့ငှာ အုပ်စုကိုနှစ်ပိုင်းခွဲကြ၏။ ထိုနှစ်ပိုင်းတွင် ဘေးဒုက္ခရောက်နေတုန်း တွေ့ရသည့်အပိုင်းကို နှစ်ပိုင်းထပ်ခွဲ၏။ သူတို့သည် နောက်ဆုံးတွင် ကပ်စေးနဲသူ သူဌေးကြီးဟောင်း ပဋိသန္ဓေနေခဲ့သော သူတောင်းစားမကို တွေ့ရှိသည်အထိ ဤအုပ်စုခွဲခြင်းအစီအစဉ်ကို ဆက်လုပ်ခဲ့ကြ၏။ သူမနှင့် သူမ၏ လင်တို့သည် သူတောင်းစားအဖွဲ့စုကို စွန့်ခိုင်းခံခဲ့ရ၏။

သူတို့၏ဘဝသည် ပိုဆိုးသွားခဲ့၏။ သူတို့ တောင်းခံရနိုင်သည့် ထမင်းသည် မိမိတို့ ကိုယ်နှင့်စိတ် ပူးတွဲထားနိုင်ရုံသာ လုံလောက်ခဲ့၏။ မွေးဖွားသောအခါ သားသည် အလွန်အမင်း ပုံပျက်ပန်းပျက်ရှိ၏။ သူ၏ လက်၊ ခြေ၊ မျက်စိ၊ နားခေါင်းနှင့် ပါးစပ်တို့သည် ယင်းတို့နေရာများမှာ မရှိကြချေ။ သူမသည် မိမိနေ့စဉ် လှည့်လည် သွားလာရာ၌ ကလေးကိုခေါ်သွားသော် ဘာမျှမရခဲ့ချေ။ သူမသည် တစ်ယောက်တည်းသွားသည့်အခါ၌သာ တစ်စုံတစ်ရာကို ရနိုင်ခဲ့၏။ မိဘတို့သည် သူ့ကို အလွန် ခဲယဉ်းစွာဖြင့် မွေးမြူလာခဲ့ရ၏။ သူသည် ကြီးကောင်ဝင်သည့်အရွယ်သို့ ရောက်လာသော် မိခင်က သူ့အား ဤသို့ပြောလေ၏။

'သား၊ ကြီးမားသည့်ဘေးဒုက္ခသည် သင့်ကြောင့် ငါတို့အပေါ် ကျရောက်ခဲ့၏၊ ငါတို့သည် သင့်ကို ဆက်မမွေးမြူနိုင်တော့ပေ၊ ဤသာဝတ္ထိမြို့ကြီး၌ ကုန်သည်များနှင့် ခရီးသွားများကို ကျွေးမွေးရာ ဌာနများရှိ၏၊ ဤဌာနများသို့လှည့်လည်သွားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် အသက်မွေးရစ်ပေတော့'

ထို့နောက် မိခင်သည် သူတောင်းစားတို့ခွက်တစ်ခုကို ကဲဆိုသားအား ပေး၍ သူတို့အိမ်မှ နှင်ထုတ်လိုက်၏။ သူသည် သူတောင်းစားခွက်နှင့်အတူ လှည့်လည်သွားနေစဉ် သူ အာနန္ဒာသူဌေးကြီးဖြစ်ခဲ့တုန်းက မိမိနေအိမ်ဟောင်းရှေ့သို့ ရောက်သွား၏။ သူသည် လျှပ်တစ်ပြက်အတွင်း မိမိ၏ရှေးဘဝကိုမှတ်မိ၍ သန့်စင်သည့်ခြံဝင်းကြီးဖြင့် ဝင်းထဲဝင်သွား၏။ သူသည် စတုတ္ထအတွင်းတံခါးမအထိ ဝင်သွားနိုင်ခဲ့၏။ ထိုနေရာ၌ သူ့ကို မိမိသားဟောင်း မူလသီရိ၏ ကလေးများက မြင်တွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မိမိတို့အဘိုးယောင်း၏ ပုံပျက်ပန်းပျက်ရုပ်သွင်ကို ကြောက်လန့်သွားကြ၏။ သူတို့က အကူအညီ အော်ဟစ်တောင်းခံကြ၏။ အစောင့်တို့က သူ့ကို ပြင်းထန်စွာ ရိုက်ပြီး သူသတိမေ့သွားချိန်တွင် သူတို့အိမ်အနီးရှိ အမှိုက်ပုံပေါ်သို့ပစ်ချလေ၏။

ထိုအချိန်၌ ဗုဒ္ဓသည် အရှင်အာနန္ဒာလိုက်ပါလျက် ရောက်ရှိလာ၏။ ဗုဒ္ဓသည် သတိမေ့နေသည့် သူတောင်းစားကလေး၏ကိုယ်ကိုတွေ့မြင်သော် လှည့်၍ အရှင်အာနန္ဒာအား သူဌေးကြီး မူလသီရိကို ခေါ်လာခိုင်း၏။ မူလသီရိသည် ဗုဒ္ဓထံရောက်လာ ချိန်၌ ပရိသတ်ခပ်များများ စုရုံးရောက်လာ၏။ ဗုဒ္ဓက မူလသီရိအား ဤသို့မေးလေ၏။

'မူလသီရိ၊ သင်သည် ဤသူတောင်းစားကို သိသလော'

'မသိပါ အရှင်ဘုရား'

'သူသည် ရှေးဘဝက သင့်ဖခင် အာနန္ဒာ ဖြစ်ခဲ့၏'

'အကျွန်ုပ် ဒါကို မယုံပါ အရှင်ဘုရား'

'ဒါကို သက်သေပြလျှင် သင် ယုံမည်လော'

'ဒါကို သက်သေပြနိုင်လျှင် ယုံပါမည် အရှင်ဘုရား၊ သို့ရာတွင် ဒါမဖြစ်နိုင်ပါ'

ထို့ကြောင့် သူတောင်းစားကလေးကို သတိပြန်ရရချင်း ခေါ်လာခဲ့၏။ ဗုဒ္ဓက သူ့အား ဤသို့မိန့်ဆိုလေ၏။ 'အာနန္ဒာ၊ ရွှေအိုးတစ်လုံးစီ သင်မြှုပ်ထားခဲ့ရာ ထိုင်းနေရာကို သင့်သားအား ပြလော့'

သူတောင်းစားကလေးသည် မိမိ၏သားယောင်း မူလသီရိအား ထိုင်းနေရာကို ပြလေ၏။ ရွှေအိုးများကို မြေမှဖော်ယူပြီးနောက် မူလသီရိက 'သူတောင်းစားလေးသည် သူ၏ ရှေးဘဝက မိမိ၏ဖခင်ဖြစ်ခဲ့ကြောင်း သူ ယုံပါပြီ'ဟု ဗုဒ္ဓအား ဝန်ခံလေ၏။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃကို မိမိ၏ကိုးကွယ်ရာအဖြစ် သူလက်ခံပါကြောင်း'လည်း သူက ဗုဒ္ဓအား လျှောက်ကြားသော် ဗုဒ္ဓကအချုပ်အားဖြင့် ဤသို့ဆိုလိုသော ဂါထာကို တစ်ပုဒ်ကို ရွတ်ဆိုလေ၏။

'လူမိုက်တချို့တို့သည် မိမိတို့၏ သားသမီးများနှင့် ဥစ္စာတို့၌ တပ်မက်မှုများကို မွေးမြူကြ၏။ ဤတပ်မက်မှုတို့က သူတို့အား ဤနည်းဖြင့် မိမိတို့ ဒုက္ခများကို ရှာဖွေစေကြ၏။ ကလေးများသေကြသော် (ဝါ) သူတို့သေခါနီးကြသော် (ဝါ) မိမိတို့ ကလေးများထံရောက်လာတော့မည့် သေခြင်းအကြောင်းကို သူတို့စဉ်းစားမိကြသော် သူတို့သည် စိုးရိမ်၊ ပူဆွေး၊ ငိုကြွေးခြင်းတို့ဖြင့် နှိပ်စက်ခံကြရ၏။ မိမိတို့၏ ဥစ္စာ ပျက်စီးသွားကြသော် (ဝါ) ထိုဥစ္စာပျက်စီးတော့မည်ဖြစ်သော် (ဝါ) မိမိတို့၏ ဥစ္စာအပေါ် ကျရောက်မည့်ပျက်စီးမှုအကြောင်းကို သူတို့စဉ်းစားမိကြသော် သူတို့သည် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း ငိုကြွေးခြင်းတို့ဖြင့် နှိပ်စက်ခံကြရ၏။



စင်စစ် ဤလူမိုက်များသည်လည်းကောင်း၊ သူတို့၏ ကလေးများသည် လည်းကောင်း၊ သူတို့၏ ဥစ္စာသည်လည်းကောင်း အချင်းချင်းကို မကူညီနိုင်ကြချေ။ ဤလူမိုက်တို့နှင့် သူတို့၏ ကလေးတို့သည် ဒါန၊ သီလ၊ ဘာဝနာအားဖြင့်သာလျှင် မိမိတို့ ကိုယ်ကို ကူညီနိုင်ကြ၏။

(ဒါနဟူသည် အလှူဒါနကို ပေးလှူခြင်းကို ဆိုလို၏)

သီလဟူသည် သတ်ခြင်း၊ ခိုးခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ မုသား ပြောခြင်း၊ သေအရက်တို့ကို သောက်စားခြင်းမှ ရှောင်ခြင်းကို ဆိုလို၏။

ဒါနနှင့် သီလတို့သည် တစ်စုံတစ်ဦးအား ဥစ္စာဓန၊ တန်ခိုးအာဏာ၊ ကျော်စော ခြင်း၊ လှပခြင်း၊ အသက်ရှည်ခြင်း၊ လူ့ဘုံနတ်ဘုံတို့၌ ပငြိမ်းသေခြင်းကို ပေးနိုင်၏။

ဘာဝနာဟူသည် ကမ္မဋ္ဌာန်းအားထုတ်ခြင်းကို ဆိုလို၏။ ကမ္မဋ္ဌာန်းနှစ်မျိုးရှိ၏။ တစ်ခုကား ဈာန်များရဖို့အတွက်ဖြစ်ပြီး အခြားတစ်ခုကား မဂ်ဉာဏ်များရဖို့ ဖြစ်၏။ ဈာန်တို့သည် တစ်စုံတစ်ဦးအား ဗြဟ္မာ့ဘုံများ၌ ပငြိမ်းသေခြင်းကို ပေးနိုင်၏။

မဂ်ဉာဏ်တို့သည် တစ်စုံတစ်ဦးအား ပငြိမ်းသေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ချစ်အပ်သောသူတို့မှ ကွေကွင်းခြင်း စသည်ကဲ့သို့သော ဒုက္ခမှ လွတ်မြောက်ခြင်းကို ပေးနိုင်၏။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၃

## ၂၀ မြောက်ဝါ

## အမြဲလုပ်ကျွေးသူ

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ၂၀ မြောက်ဝါ သီတင်းသုံးနေ၏။ ထိုအချိန်အထိ ဗုဒ္ဓမှာ အမြဲလုပ်ကျွေးသူမရှိ။ ရဟန်းတချို့သည် သူတို့အဆင်ပြေချိန်၌ ဗုဒ္ဓကိုလုပ်ကျွေးခဲ့၏။ သူတို့ထဲမှ တချို့သည် တာဝန်ကျေကြ၏။ တချို့ကား အဆုံးမခက်ကြ၏။ ထို့ကြောင့် တစ်နေ့သ၌ ဗုဒ္ဓသည်ရဟန်းတို့အား ဤသို့မိန့်ကြားလေ၏။

'ရဟန်းတို့၊ ငါသည် ယခုအသက်ကြီးလာ၏၊ ငါက ဒီလမ်းကိုသွားကြစို့ဟု ဆိုသော် လုပ်ကျွေးသူတချို့က တခြားလမ်းသို့သွား၍ ငါ့ကို တစ်ပါးတည်းပစ်ထားခဲ့၏၊ တချို့လုပ်ကျွေးသူတို့က ငါ့သက်န်းနှင့် သပိတ်ကို မြေကြီးပေါ်၌ချထားပြီး ထွက်ပြေးခဲ့ကြ၏၊ ငါ့အား အမြဲလုပ်ကျွေးမည့်သူဖြစ်မည့် ရဟန်းတစ်ပါးကိုရွေးကြလော့'

အရှင်အာနန္ဒာမှတစ်ပါး ပထမအဂ္ဂသာဝက အရှင်သာရိပုတ္တရာမှ အစပြု၍ မထေရ်ကြီး ရဟန်းအားလုံးက မိမိတို့ကိုယ်တိုင် ဗုဒ္ဓအား ကမ်းလှမ်းကြ၏။ အရှင်အာနန္ဒာတစ်ပါးတည်းသာ ဆိတ်ဆိတ်နေ၏။ ဗုဒ္ဓက ထိုမထေရ်ကြီး ရဟန်းအားလုံး၏ ကမ်းလှမ်းမှုများကိုပယ်ချသော် သူ့အနီးရှိရဟန်းတချို့က အခြားမထေရ်ကြီး ရဟန်းများ ကဲ့သို့ပင် သူ့အား ဗုဒ္ဓအား ကိုယ်တိုင်ကမ်းလှမ်းရန် တိုက်တွန်းကြလေ၏။

'ကျွန်ုပ်သည် ထိုရာထူးကိုတောင်းခံမည်မဟုတ်၊ ဗုဒ္ဓသည် ကျွန်ုပ်ကို အလိုရှိလျှင် ပြောလိမ့်မည်'

ထိုအခါ ဗုဒ္ဓက 'ရဟန်းတို့၊ အာနန္ဒာသည် တိုက်တွန်းဖို့လိုသည့်ပုဂ္ဂိုလ် မဟုတ်၊ သူသည် ငါ၏ အမြဲလုပ်ကျွေးသူ ဖြစ်မည်ဟု သူ သိ၏'

ထိုအချိန်တွင် အရှင်အာနန္ဒာသည် ထ၍ ဤသို့လျှောက်၏။

၁။ 'အရှင်ဘုရား၊ ဗုဒ္ဓက မိမိအားလှူအပ်သည့် သင်္ကန်းကျောင်းများကို အကျွန်ုပ်အား ပေးမည်ဆိုလျှင်

၂။ ဗုဒ္ဓက အကျွန်ုပ်အားလှူအပ်သည့် ဆွမ်းကောင်းကို အကျွန်ုပ်အား ပေးမည်ဆိုလျှင်



၃။ ဗုဒ္ဓက အကျွန်ုပ်အား အဆောက်အဦတစ်ခုတည်း၌ မိမိနှင့်အတူနေခိုင်းမည်ဆိုလျှင်

၄။ ဗုဒ္ဓအားသာ တိုက်ရိုက်ဖိတ်ကြားသည့်အခါ ဗုဒ္ဓက မိမိနှင့်အတူလိုက်လာခိုင်းမည်ဆိုလျှင် အကျွန်ုပ်သည် ဗုဒ္ဓအား အမြဲလုပ်ကျွေးသူအဖြစ်ဖြင့် လုပ်ကျွေးရန် သဘောတူမည်မဟုတ်'

အရှင်အာနန္ဒာမှာ ပုထုဇဉ်ရဟန်းနှင့် လူဒကာတချို့ကပြုလာနိုင်သည့် အရမ်းစွပ်စွဲချက်များနှင့်ပတ်သက်၍ ယုံမှားသံသယ ခံစားချက်များရှိခဲ့၏။

[မဂ်ဉာဏ်တစ်ခုမျှမရသော ပုဂ္ဂိုလ်ဟူသမျှကို ပုထုဇဉ်ဟုခေါ်၏။ မဂ်ဉာဏ်တစ်ပါးပါးရပြီးသောပုဂ္ဂိုလ်ကို အရိယာဟုခေါ်၏။] အရှင်အာနန္ဒာသည် ပုထုဇဉ်တို့က ဤသို့ပြောလာမည်ဟု စိုးရိမ်ခဲ့၏။ ထိုကဲ့သို့သောရာထူးကို ဝန်ထုပ်တစ်ခုအဖြစ် ဘယ်သူ ယူဆမည်နည်း။ ထိုရာထူးသည် လာဘ်လာဘများပြား ပူဇော်မှုကြီးမားသည့် ရာထူးဖြစ်၏။ ထိုကဲ့သို့သော စွပ်စွဲမှုများမှ မိမိကိုယ်ကို ကာကွယ်ရန်အလို့ငှာ အရှင်အာနန္ဒာက ဤစည်းကမ်းချက်လေးခုကို တောင်းဆိုခဲ့၏။

၁။ 'အရှင်ဘုရား၊ ဒကာများ၏ကိုယ်စား အကျွန်ုပ်လက်ခံယူလာသည့် ဖိတ်ကြားချက်များကို ဗုဒ္ဓက လက်ခံမည်ဆိုလျှင်

၂။ ဗုဒ္ဓကိုဖူးမြင်ရန် အကျွန်ုပ်ခေါ်လာခဲ့သည့် ဘုရားဖူးဟူသမျှအား ဗုဒ္ဓက ချက်ချင်း အခွင့်ပေးမည်ဆိုလျှင်

၃။ အကြောင်းအရာ တစ်ခုခုနှင့်ပတ်သက်၍ အကျွန်ုပ်မှာ ယုံမှားမှုများရှိတိုင်း ရှင်းလင်းပေးဖို့အတွက် အကျွန်ုပ် ဗုဒ္ဓကို ဖူးတွေ့ခွင့်ရမည်ဆိုလျှင်

၄။ အကျွန်ုပ် မပါရှိစဉ်အတွင်း၌ ဟောကြားခဲ့သည့် တရားဟူသမျှ အဆုံးအစ ဟူသမျှကို ဗုဒ္ဓက အကျွန်ုပ်အား ထပ်ဟောကြားမည်ဆိုလျှင်

အကျွန်ုပ်အား သည်ဗုဒ္ဓအား အမြဲလုပ်ကျွေးသူအဖြစ်ဖြင့် လုပ်ကျွေးရန် သဘောတူပါမည်။'

ဗုဒ္ဓက အရှင်အာနန္ဒာအား သူ့တောင်းခံချက်တစ်ခုလုံးကို ပေးလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၄

ဗုဒ္ဓအဖြစ်သည် ၄၅ နှစ်ကြာခဲ့၏။ ပထမဝါမှ ၂၀ မြောက်ဝါအထိသော ကာလကို အဋ္ဌကထာဆရာများက အနိဗဒ္ဓ ကာလဟု ခေါ်ကြ၏။ ယင်းသည် သတ်မှတ်ထားသည့် နေရာတစ်ခု၌သာမက နေရာများစွာတို့၌ ဗုဒ္ဓ ဝါလသီတင်းသုံးခဲ့ရာ ကာလကို ဆိုလို၏။ သို့ရာတွင် ဗုဒ္ဓအဖြစ် ၂၀ မြောက်ဝါပြီးသော် ၂၁ ခုမြောက် ဝါမှစ၍ ၄၄ ခု မြောက် ဝါအထိ ဗုဒ္ဓသည် သာဝတ္ထိပြည်၌သာလျှင် ဝါလအားလုံး သီတင်းသုံးခဲ့၏။ ထို့ကြောင့် ဗုဒ္ဓအဖြစ်၏ ၂၁ ခုမြောက်နှင့် ၄၄ ခုမြောက် အကြားရှိ ကာလကို နိဗဒ္ဓကာလဟု ခေါ်၏။

ဤအခန်းနှင့် နောက်လာမည့် တစ်ခန်း နှစ်ခန်းတို့၌ နိဗဒ္ဓကာလဆိုင်ရာ ထူးခြားချက်တချို့ကို အကျဉ်းမျှ ဖော်ပြပါမည်။

### ၂၁ ခုမြောက်ဝါ

### ပေါက္ခရသာတိကို ကယ်ချွတ်ခြင်း

တစ်ခုသော နံနက်စောစော၌ ပေါက္ခရသာတိပုဏ္ဏား၏ ရုပ်သွင်သည် သဗ္ဗညုတဉာဏ်ထဲ၌ ပေါ်လာခဲ့၏။ ဗုဒ္ဓသည် သူ့အပေါ် ရှုဆင်ခြင်သော် သူနှင့်ပတ်သက်၍ အောက်ပါ အချက်များကို သိမြင်လေ၏။

ဂေါတမဗုဒ္ဓမတိုင်မီကလေးက ပွင့်ပေါ်ခဲ့ပြီးသော ကဿပဗုဒ္ဓလက်ထက်က ပေါက္ခရသာတိသည် အလွန်ပညာရှိသော ပုဏ္ဏားတစ်ဦးဖြစ်ခဲ့၏။ သူသည် ဗုဒ္ဓ၏ ရဟန်းများအား ဆွမ်းကပ်လှူခဲ့၏။ သူသည်ဆွမ်းစားအပြီး၌ ကဿပဗုဒ္ဓ၏ တရား ကြားနာခွင့်ရခဲ့၏။ ထိုအချိန်၌ သူသည် မဂ်ဉာဏ်တစ်ခုခုရဖို့ ပါရမီ မရင့်ခဲ့သေး သောကြောင့် သူသည် ထိုမဂ်ဉာဏ်ကို မရခဲ့ချေ။

သို့ရာတွင် ဗုဒ္ဓသည် သူ့အပေါ် ရှုဆင်ခြင်ချိန်၌ ပထမမဂ်အတွက် သူ၏ပါရမီ ရင့်ကျက်လာပြီဟု သိမြင်လေ၏။ ဗုဒ္ဓသည် ဣစ္ဆာနင်္ဂလရွာသို့ မိမိကြွရောက်သည့် ကာလအတွင်း၌ ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓ၏ ဗုဒ္ဓဖြစ်ကြောင်းပြ လက္ခဏာကြီး ၃၂ ပါးနှင့် ပတ်သက်၍ စုံစမ်းစေရန် ဗုဒ္ဓထံသို့ မိမိတပည့် အမ္ဗဋ္ဌကို စေလွှတ်လိမ့်မည် ဟုလည်း သိမြင်ခဲ့၏။ အမ္ဗဋ္ဌသည် ဗုဒ္ဓ၏ ဆွေမျိုးများဖြစ်ကြသည့် သကျမင်းသားတို့



သူ့အား စော်ကားမှုအတွက် ဗုဒ္ဓအပေါ် လက်စားချေလိုသည့်ဆန္ဒဖြင့် ဗုဒ္ဓကိုစော်ကားရန် အစွမ်းကုန် လုပ်လိမ့်မည်။ သို့ရာတွင် သူသည် ကျွန်တစ်ဦး၏သား ဖြစ်ကြောင်း ဗုဒ္ဓက သူ့အားထောက်ပြသောအခါ သူသည် ဦးညွှတ်ကျသွားလိမ့်မည်။ ဗုဒ္ဓ၏ ထူးခြားလှသည့် လက္ခဏာကြီး ၃၂ ပါးအကြောင်း သတင်းစကားကို အမ္ဗဋ္ဌထံမှရရှိသောအခါ ပေါက္ခရသာတိပုဏ္ဏားသည် အမ္ဗဋ္ဌ၏သတင်းပေးချက်ကို မှန် မမှန်စိစစ်ရန် ဗုဒ္ဓထံ ရောက်လာလိမ့်မည်။ ဗုဒ္ဓက တရားဟောကြားသော် ထိုတရား၏အဆုံး၌ ပေါက္ခရသာတိ ပုဏ္ဏားသည် ပထမမဂ်ကိုရရှိလိမ့်မည်။ ဗုဒ္ဓသည်မိမိ၏သဗ္ဗညုတဉာဏ်တော်ထဲ၌ ဤအချက်များကိုလည်း မြင်ခဲ့၏။ ထို့ကြောင့် သူသည် ဣစ္ဆာနင်္ဂလရွာသို့ကြွရန် ဆုံးဖြတ်ခဲ့၏။

ပေါက္ခရသာတိကို သူ့အား ဝေဒကျမ်းများ (ရှေးဟောင်းဟိန္ဒူကျမ်းများ) ထဲပါ သင်ကြားပေးဖွယ်အားလုံးကို သင်ကြားပေးခဲ့သည့် ပညာရှိရသေ့တစ်ပါးက မွေးမြူခဲ့၏။ သူသည်ကြီးပြင်းလာသော် ကောသလတိုင်း၌ အလွန် ကျမ်းဂန်တတ်သူ၊ ပညာကြီးသူ အဖြစ် ထင်ရှားခဲ့၏။ ဤအရည်အချင်းများကြောင့် သူ့ကို ဥက္ကဋ္ဌပြည်နယ်ကို အုပ်ချုပ်သူအဖြစ် ခန့်အပ်ခဲ့၏။ သူသည် မိမိ၏ အလွန်သန့်စင်သည့် ဥပဓိရုပ်အတွက် လည်း ထင်ရှားခဲ့၏။ သူသည် ကြာဖြူပန်းတစ်ပွင့်နှင့် တူ၏။ ထို့ကြောင့် သူသည် ပေါက္ခရသာတိဟု ထင်ရှားခဲ့၏။

သူသည် ငယ်ရွယ်စဉ်မှစ၍ ဗုဒ္ဓများဟု အကြေညာခံရသည့် ပုဂ္ဂိုလ်မြောက်မြားစွာ အကြောင်း ကြားခဲ့၏။ သူသည် အခြားသော ရိုးအ အသိဉာဏ်မရှိသည့် ပုဂ္ဂိုလ် များနှင့်မတူဘဲ ထိုပုဂ္ဂိုလ်တစ်ဦးမျှထံသို့ မသွားခဲ့ချေ။ ယင်းမသွားခြင်းသည် သူ၏ အလွန့်အလွန်ကြီးသည့် မာနကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် အားကြီး သည့်အကြောင်းကား ဤသို့ဖြစ်၏။ သူသည် ကလေးအရွယ်မှစ၍ ဗုဒ္ဓဟူသည် ဝေဒ ကျမ်းများ၌ အသေးစိတ် ဖော်ပြထားသည့် အရေးပါသည့်လက္ခဏာကြီး ၃၂ ပါးနှင့် ပြည့်စုံရမည်ဟု ဝေဒကျမ်းများမှ လေ့လာသိရှိခဲ့၏။ ထို့ကြောင့် ဗုဒ္ဓအဖြစ် ထိုက်တန်သူ တစ်ဦးအကြောင်း ကြားသည့်အခါတိုင်း ဤလက္ခဏာကြီး ၃၂ ပါးကို အသေအချာ သိရှိရန် မိမိ၏တပည့်တစ်ဦးကို စေလွှတ်လိမ့်မည်။ ထိုတပည့်တို့သည် ဗုဒ္ဓအဖြစ် ထိုက်တန်သူတို့ အနည်းဆုံး မိမိတို့၏ကိုယ်နှင့် နှုတ် အပေါ်စိုးမိုးထားရန် မျှော်လင့် သော ဤလက္ခဏာကြီး ၃၂ ပါးကိုသာမက မိမိကိုယ်မိမိ ထိန်းချုပ်မှုကို မတွေ့မြင်ခဲ့ ချေ။ ဤတပည့်တို့သည် မိမိတို့တွေ့မြင်ခဲ့ရသည်များကို အလွန်စက်ဆုပ်ပြီး ပြန်လာ ကြ၏။

ထို့ကြောင့် ပေါက္ခရသာတိသည် အနီးရှိတောထဲသို့ ဗုဒ္ဓရောက်လာကြောင်း သတင်းကိုရရှိသောအခါ မိမိ၏အရင်းနှီးဆုံးတပည့် အမ္ဗဋ္ဌကို စေလွှတ်၍ သူ့အား ဤသို့ မှာကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ချစ်သား အမ္ဗဋ္ဌ၊ ဂေါတမဗုဒ္ဓထံသို့ သွားပါလော့၊ သူ့ကိုချဉ်းကပ်ပြီး သူ၏ကျော်စောမှုသည် မှန်ကန်မှုအပေါ်အခြေခံသလား၊ မှားယွင်းမှုအပေါ်အခြေခံသလားဆိုတာကို တွေ့အောင်ရှာလော့၊ သူသည် ရပ်ဝေးဒေသများစွာ၌ ပျံ့နှံ့နေသည့်ကျော်စောခြင်းနှင့် တကယ်ထိုက်တန်သလားဆိုတာကို ငါတို့အတွက် တွေ့အောင်ရှာလော့'

'ကျွန်ုပ် ဘာကိုတွေ့အောင် ရှာသင့်ပါသနည်း ဆရာ'

'ချစ်သား အမ္ဗဋ္ဌ၊ သင်သည် ဝေဒကျမ်းများ၌ ကောင်းစွာ ကျွမ်းကျင်၏။ ဝေဒကျမ်းနှင့် ပတ်သက်၍ သင်သည် ငါသိသလောက် သင်သိ၏၊ သင်သိသလောက် ငါသိ၏ဟု ငါ့အား စေန်ပြောနိုင်သည့် ငါ့တပည့်များထဲမှ တစ်ဦးတည်းသာဖြစ်၏။ ဤဝေဒကျမ်းများ၌ ထူးခြားသည့် လက္ခဏာကြီး ၃၂ ပါးကို ပြည့်စုံစွာဖော်ပြထား၏။ ဤထူးခြားသည့် လက္ခဏာကြီး ၃၂ ပါး ပါရှိသောပုဂ္ဂိုလ်သည် နှစ်မျိုးတွင် တစ်မျိုးသာ ဖြစ်နိုင်၏။ သူသည် လူ့ဝတ်ကြောင်အဖြစ်ဖြင့်နေဖို့ ရွေးချယ်လျှင် စကြဝတေးမင်း ဖြစ်လာမည်။ သို့ရာတွင် သူသည် လောကကို စွန့်ခွာလျှင် မိမိ၏ကိလေသာအားလုံး ပယ်သတ်ပြီးသော သိဖွယ်အားလုံးကိုသိသော လူ နတ်ဗြဟ္မာတို့၏ အထူးပူဇော်မှု ခံထိုက်သော ဗုဒ္ဓဖြစ်လာမည်'

အမ္ဗဋ္ဌနှင့် သူ့မိတ်ဆွေတို့သည် ဗုဒ္ဓကိုဖူးတွေ့ရန် ထွက်ခွာသွားကြ၏။ ထိုအချိန်၌ ဗုဒ္ဓသည် ကျောင်းငယ်ကလေးထဲ၌ တစ်ပါးတည်းထိုင်နေ၏။ အမ္ဗဋ္ဌ၏ မိတ်ဆွေတို့သည် ဗုဒ္ဓအနီး၌ ရိုသေစွာထိုင်နေကြ၏။ သို့ရာတွင် အမ္ဗဋ္ဌက မထိုင်ချေ။ သူသည် စင်္ကြံသွားနေ၏။ တစ်ခါတစ်ရံ စကားနည်းနည်းပြောဖို့ ဗုဒ္ဓ၏ရှေ့၌ မတ်တတ်ရပ်နေ၏။ တစ်ခါတစ်ရံ စင်္ကြံသွားနေစဉ် ဗုဒ္ဓအား စကားပြောနေ၏။

အတန်ကြာသော် ဗုဒ္ဓက အမ္ဗဋ္ဌအား ဤသို့မေးသော်

'အမ္ဗဋ္ဌ၊ သင်သည် သက်ကြီးပုဏ္ဏားများအား စကားပြောလျှင် ယခု ငါ့အား သင်ပြောနေသကဲ့သို့ပင် သင်ပြောခဲ့သလော'

'မဟုတ်ပါ ရဟန်းဂေါတမ၊ ကျွန်ုပ်သည် သူတို့အား ထိုကဲ့သို့ မပြောခဲ့ပါ။ လမ်းလျှောက်နေသည့်ပုဏ္ဏားအား ကျွန်ုပ်စကားပြောလိုသော် ကျွန်ုပ်လည်း လမ်းလျှောက်ခဲ့၏၊ ရပ်နေသည့်ပုဏ္ဏားအား ကျွန်ုပ် စကားပြောလိုသော် ကျွန်ုပ်လည်း ရပ်ခဲ့၏၊ ထိုင်နေသည့်ပုဏ္ဏားအား ကျွန်ုပ်စကားပြောလိုသော် ကျွန်ုပ်လည်း ထိုင်ခဲ့၏၊ လျောင်းနေသည့်ပုဏ္ဏားအား ကျွန်ုပ် စကားပြောလိုသော် ကျွန်ုပ်လည်း လျောင်းခဲ့၏။ သို့ရာတွင် ရဟန်းဂေါတမ၊ ကျွန်ုပ်သည် ဗြဟ္မာမင်း၏ ခြေဖမိုးမှဖွားမြင်လာခဲ့သော စက်ဆုပ်ဖွယ်သော၊ ဇာတ်နိမ့်သော၊ ညစ်ပတ်သော ဦးပြည်းရဟန်းများအား ကျွန်ုပ် စကားပြောရသည့်အခါမှာ ယခု သင့်အား ကျွန်ုပ် ပြောခဲ့သည့်နည်းဖြင့် သူတို့အား ပြောခဲ့၏'



'အမ္ဗဋ္ဌ၊ သင်သည် စေတမန်တာဝန်ဖြင့် ဒီမှာရောက်ရှိနေ၏။ ထို့ကြောင့် သင်သည် ထိုစေတမန်တာဝန်အပေါ်၌ စူးစိုက်ကြည့်လော့၊ (အမ္ဗဋ္ဌ၏မိတ်ဆွေများအား ပြောကြားလျက်) လူငယ်တို့၊ အမ္ဗဋ္ဌသည် မရင့်ကျက်သေးချေ၊ သို့ရာတွင် သူသည် မိမိကိုယ်ကို ပညာရှိဟု မှတ်ယူဘိ၏။ သူသည် သူပြုနေ၊ သူပြောနေသည့်အရာများက သူ၏ မရင့်ကျက်သေးမှုကို ပြနေ၏။ စင်စစ် ထိုပြုမူ ပြောဆိုမှုတို့မှာ တခြား ဘာအဓိပ္ပာယ်မျှမရှိ'

(အမ္ဗဋ္ဌသည် ဗုဒ္ဓ၏ မှတ်ချက်စကားဖြင့် အလွန့် အလွန် နာကြည်းသွား၏။ ထို့ကြောင့် သူသည် ဗုဒ္ဓအား ပို၍ပြင်းထန်စွာစော်ကားရန်အလို့ငှာ မိမိပြောသည့် အကြောင်းအရာကို ပြောင်းလိုက်၏။)

'ရဟန်းဂေါတမ၊ သကျမင်းများနှင့် မင်းသားတို့သည် ထောင်လွှားကြမ်းကြုတ် ယုတ်ညံ့စကားများကြ၏၊ သူတို့သည် အမျိုးယုတ်ညံ့သော်မှလည်း ပုဏ္ဏားတို့ကို မရိုသေကြ၊ ပုဏ္ဏားတို့အား ရှိမခိုးကြ (မပူဇော်ကြ)၊ ပုဏ္ဏားတို့ကို မမြတ်နိုးကြ၊ ပုဏ္ဏားတို့အား မနာခံကြချေ၊ သကျမင်းများနှင့် မင်းသားများအဖို့ ထိုသို့ပြုမူရန် မသင့်ချေ'

'အမ္ဗဋ္ဌ၊ ဤသကျမင်းများနှင့် မင်းသားများက ကိုယ်တိုင်ပင် သင့်အား ပြစ်မှား ခဲ့ဖူးသလော'

'ရဟန်းဂေါတမ၊ တစ်ခါတုန်းက ကျွန်ုပ်၏ဆရာ ပေါက္ခရသာတိက သကျ တိုင်းပြည်၏မြို့တော် ကပိလဝတ္ထုသို့ ဟာမန်တာဝန်ဖြင့် စေလွှတ်ခဲ့၏၊ ထိုနေရာ၌ ကျွန်ုပ်သည် သူတို့၏ စည်းဝေးသဘင်သို့ သွားခဲ့၏၊ ထိုလူစုသဘင်၌ သကျမင်းသား များစွာကို မြင်ခဲ့၏၊ ကျွန်ုပ်သည် သူတို့အချင်းချင်း ကလိထိုးကာကျယ်လောင်စွာ ရယ်မောနေကြသည်ကို တွေ့မြင်ခဲ့၏။ သူတို့က မိမိကို သရော်နေသည်ဟု ကျွန်ုပ် ထင်၏။ ဒါတင်မကသေး။ ထိုအချိန်က သူတို့သည် ကြမ်းပြင်ပေါ်၌ ထိုင်နေကြ၏။ ဘယ်သူမှ ကျွန်ုပ်အား ထိုင်ခုံကို မပေးကြချေ။ ဘယ်သူမှ ကျွန်ုပ်ကို မဖိတ်ခေါ်ကြချေ။ သကျမင်းများနှင့် မင်းသားများသည် ဇာတ်နိမ့်ပုဂ္ဂိုလ်များဖြစ်ကြသော်လည်း ပုဏ္ဏား တို့ကို မရိုသေကြကုန်။ ဒါဟာ လုံးဝ မသင့်တော်ချေ'

'အမ္ဗဋ္ဌ၊ မိုးစွေငှက် (ဘီလုံးငှက်) ကဲ့သို့သော ငှက်ကလေးတောင်မှ မိမိအသိုက် ထဲ၌ မိမိကြိုက်သလောက် အော်ဟစ်ရန်လွတ်လပ်မှုရှိ၏။ အမ္ဗဋ္ဌ၊ ကပိလဝတ္ထုသည် သကျမင်းများနှင့် မင်းသားများ၏ တိုင်းပြည်ဖြစ်သည်ကို မမေ့သင့်။ ထိုကဲ့သို့သော အသေးအဖွဲကလေးများကို စိတ်နှလုံးထဲသို့ အလွန်လေးနက်စွာ မယူသင့်ချေ'

(အမ္ဗဋ္ဌသည် ဗုဒ္ဓ၏ မိသားစုဆွေမျိုးများဖြစ်သည့် သကျမင်းများနှင့်မင်းသားများ ကို တိုက်ခိုက်ခြင်းဖြင့် ဗုဒ္ဓကို သူ တိုက်ခိုက်နေ၏ဟု ထင်မှတ်နေ၏။ ထိုကဲ့သို့သော

www.burmeseclassic.com

www.burmeseclassic.com



အသေးအဖွဲကလေးများကို စိတ်နှလုံးထဲသို့ အလွန်လေးနက်စွာမယူရန် သူ့အား ဗုဒ္ဓက ဆိုဆုံးမသော်မှလည်း စိတ်မကျေသေးချေ။)

'ရဟန်းဂေါတမ၊ ပုဏ္ဏားများ၊ မင်းများ၊ ကုန်သည်များ၊ အလုပ်ကြမ်းသမားများဟူ၍ ဇာတ်လေးမျိုးရှိ၏။ ရဟန်းဂေါတမ ကျွန်ုပ် သင့်အားပြောအံ့၊ ဤဇာတ်လေးမျိုးတို့တွင် မင်းများ၊ ကုန်သည်များ၊ အလုပ်ကြမ်းသမားများသည် စင်စစ် ပုဏ္ဏားတို့၏ အလုပ်အကျွေးများဖြစ်၏။ ရဟန်းဂေါတမ၊ ဤသကျမင်းများနှင့် မင်းသားများသည် ဇာတ်နိမ့်ကြ၏။ သူတို့အဖို့ ပုဏ္ဏားများကို မလေးမစားပြုရန် မသင့်တော်ချေ'

(ယခု ထောင်လွှားနေသည့် အမ္ဗဋ္ဌကို ပြားပြားဝပ်သွားအောင်လုပ်ဖို့ အချိန်ရောက်ပြီဟု ဗုဒ္ဓ သိမြင်လေ၏။)

'အမ္ဗဋ္ဌ၊ သင်၏ ဘိုးဘွားတို့ကား ဘယ်သူတွေနည်း'

'ကျွန်ုပ်သည် ကဏှာယနမှ ဆင်းသက်သူဖြစ်၏'

'အမ္ဗဋ္ဌ၊ ဒီလိုဆိုလျှင် သင့်အဘိုး ကဏှာယနသည် ဩက္ကာသမင်းကြီး၏ ကျွန်၏သားဖြစ်၏။ အမ္ဗဋ္ဌ၊ သကျမင်းတို့သည် ဩက္ကာသမင်းကြီးကို သူတို့၏အဘိုးအဖြစ်ဖြင့် ယူဆထားကြ၏။ ဩက္ကာသမင်းကြီးသည် သူမြတ်နိုးသည့် မိဖုရားငယ်တစ်ဦး၏ သားအား ထီးနန်းကိုပေးလိုသောကြောင့် မိဖုရားကြီး၏ ဩက္ကာမုခ၊ ကရကဏ္ဍ၊ ကတ္ထိနိက၊ သိနိသူရ မည်သော မိမိသားလေးဦးတို့ကို တိုင်းပြည်မှနှင်ထုတ်ခဲ့၏။ မင်းကြီး၏ ပိယ၊ သုပ္ပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတသေနာ မည်သော သမီးငါးဦးတို့သည် မိမိတို့၏အစ်ကိုများနောက် အတူလိုက်သွားလိုသည့်ဆန္ဒကို ထုတ်ပြောပြီး သူတို့နှင့်အတူ လိုက်သွားကြ၏။ သူတို့သည် ဟိမဝန္တာတောင်ခြေရှိ ကျွန်းတောထဲ၌ နေခဲ့ကြ၏။ မိမိတို့အမျိုးအနွယ်၏ သန့်စင်မှုကို ထိန်းသိမ်းရန်အလို့ငှာ မင်းသားတို့သည် မိမိတို့၏နှမများကို လက်ထပ်ယူကြ၏။ အတန်ကြာသော် အမတ်တစ်ဦးက မင်းကြီးအား သူ၏ သားများနှင့် သမီးများရှိသည့် နေရာများကို လည်းကောင်း အစ်ကိုများက နှမများကို လက်ထပ်ယူကြကြောင်းကိုလည်းကောင်း ပြောကြားသော် မင်းကြီးက ဤသို့ ကြွေးကြော်လေ၏'

'ငါ့သားတို့သည် ဉာဏ်စွမ်းဉာဏ်စ ရှိကြ၏'

'ငါ့သားတို့သည် ဉာဏ်စွမ်းဉာဏ်စ ရှိကြ၏'

(သကျဟူသည် ဉာဏ်စွမ်းဉာဏ်စ ကို ဟောသည့် ပါဠိစကားလုံး ဖြစ်၏။ ထိုအချိန်မှစ၍ အစ်ကိုများနှင့် နှမများမှဆင်းသက်လာသူတို့သည် မိမိတို့ကိုယ်ကို သကျမျိုးနွယ်ဟု ထင်ရှားလာခဲ့သည့် မျိုးနွယ်တစ်ခုအဖြစ် ဖန်တီးခဲ့ကြ၏။ ထိုမျိုးနွယ်ဝင် ပုဂ္ဂိုလ်တို့ကို သကျမင်းများ (ဝါ) သကျမင်းသားများ (ဝါ) သကျမင်းသမီးများဟု ခေါ်ခဲ့ကြ၏။ သူတို့သည် မိမိတို့အချင်းချင်းသာ လက်ထပ်ယူခဲ့ကြ၏။ မျိုးနွယ်ပြင်ပ မည်သည့်ပုဂ္ဂိုလ်နှင့်မျှ လက်ထပ်ခြင်း မရှိခဲ့ပေ။)



'အမ္ဗဋ္ဌ၊ ဩက္ကာသမင်းကြီးမှာ ဒိသာအမည်ရှိ ကျွန်မတစ်ဦးရှိခဲ့၏။ တစ်နေ့မှာ ဒိသာသည် သားတစ်ဦးကို မွေးဖွားခဲ့၏။ သူသည် ကလေးငယ်အဖြစ်နှင့်ပင် အလွန်ထူးခြားသည့် ဉာဏ်ရည်များရှိသောကြောင့် ကဏှာဟု တင်ရှားလာခဲ့၏။ သူသည် သင်ဆင်းသက်လာခဲ့ရာ ကဏှာယန မျိုးနွယ်၏အဘိုး ဖြစ်ခဲ့၏။

(အမ္ဗဋ္ဌသည် ဒါမှန်ကန်သည်ဟု သိခဲ့၏။ ထို့ကြောင့် သူသည် ယင်းနှင့်ပတ်သက်၍ ဗုဒ္ဓနှင့် မငြင်းခုံရဲခဲ့ပေ။ မိမိ၏ ဆွေစဉ်မျိုးဆက်ကို ဖော်ထုတ်ခံခဲ့ရပြီးနောက် အမ္ဗဋ္ဌသည် အလွန့် အလွန် မာန်ကျသွားခဲ့၏။ အမ္ဗဋ္ဌ၏ မိတ်ဆွေများရှေ့မှောက်၌ သူ့အား မျက်နှာမပျက်ရစေရန်အလို့ငှာ ဗုဒ္ဓက အောက်ပါအတိုင်း လျင်မြန်စွာ ထပ်ပြောလေ၏။)

'လူငယ်တို့၊ ကဏှာသည် တန်ခိုးကြီးသည့် ရသေ့အဖြစ် ကြီးပြင်းလာခဲ့၏။ သူသည် ဩက္ကာသမင်းကြီးထံသွား၍ မဒ္ဒရူပီ အမည်ရှိ သူ့သမီးကို တောင်းခဲ့၏။ မင်းကြီးသည် ကြောက်ရွံ့သဖြင့် သူ့အား မိမိသမီးကို ပေးခဲ့ရ၏။ အမ္ဗဋ္ဌကို အထင်မသေးလင့်။ သူ၏အဘိုးသည် ကျွန်မ၏သားဖြစ်သော်မှလည်း အလွန်တန်ခိုးကြီးသည့် ရသေ့တစ်ဦး ဖြစ်ခဲ့၏'

အမ္ဗဋ္ဌအား မျိုးနွယ်နှင့်ပတ်သက်၍ အမှန်ကိုသိမြင်စေရန်အလို့ငှာ ဗုဒ္ဓက လူငယ်တို့အား ဇာတ်မြင့်မှု (ဝါ) ဘုရင့်ဘုန်းတန်ခိုး (ဝါ) ဥစ္စာခနေ (ဝါ) မွဲတေခြင်းသည် လူတို့အား မြင့်မြတ်အောင် (ဝါ) နိမ့်ကျအောင်မလုပ်နိုင်ဟု ပြောကြားခဲ့၏။ ဤပြဿနာကို ဆုံးဖြတ်နိုင်သည့်အရာကား ဝိဇ္ဇာ (အသိဉာဏ်) နှင့် စရဏ (အကျင့်သာဖြစ်၏) ဝိဇ္ဇာနှင့် စရဏထားရှိသူသည် ဝိဇ္ဇာ စရဏ မရှိသောသူတို့ထက် သာလွန်မြင့်မြတ်ပေမည်။

ဝိဇ္ဇာနှင့် စရဏတို့ကို အခန်း ၇ ထဲ၌ ဖော်ပြခဲ့ပြီး ဖြစ်၏။ ဤနေရာ၌စာရှုသူတို့အား မိမိတို့၏မှတ်မိမှုကို နှိုးဆော်စေရန်အလို့ငှာ ယင်းတို့ကို အကျဉ်းမျှရှင်းပြပါမည်။

၁။ ပုဂ္ဂိုလ်တစ်ဦးအား တစ်ခါတစ်ရံ ရှေးကမ္ဘာ ၃၀ (ဝါ) ကမ္ဘာ ၄၀ အထိ ပြန်သွားနိုင်သော အတိတ်အကြောင်းကို ပြန်အမှတ်ရစေနိုင်သည့် စိတ်တန်ခိုး။ ယင်းကို ပုဗ္ဗေ နိဝါသ နုဿတိဉာဏ်ဟု ခေါ်၏။

၂။ ပုဂ္ဂိုလ်တစ်ဦးအား မြင်နိုင်ဖွယ်အရာဟူသမျှကို မြင်စေနိုင်သော စိတ်တန်ခိုး။ ယင်းသည် ပုဂ္ဂိုလ်တစ်ဦးအား သတ္တဝါတစ်ဦးသေပြီးနောက် ဘယ်နေရာ၌ ပဋိသန္ဓေနေသည်ကိုလည်း သိမြင်နိုင်စေလိမ့်မည်။ ယင်းကို ဒိဗ္ဗစက္ခုဉာဏ်ဟု ခေါ်၏။

၃။ မဂ်ဉာဏ်တို့သည် ကိလေသာတို့ကို ပယ်သတ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



၄။ ပုဂ္ဂိုလ်တစ်ဦးအား သတ်ခြင်း၊ ခိုးခြင်း၊ သူ့သားမယားကိုပြစ်မှားခြင်း၊ မုသား ပြောခြင်း၊ သေအရက်များကို သောက်စားခြင်းတို့မှ ရှောင်စေနိုင်မည့် သီလ (ဝါ) ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်မှု၊ ရဟန်းအရာ၌ သူသည် မိမိ၏ ကိုယ့်ကိုယ် ကိုယ် ထိန်းချုပ်မှုကို ပို၍ ပြုကျင့်ရမည်။

၅။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်များ (ဝါ) အလွန်အထူးစိတ်တည်ကြည်မှု ပထမ၊ ဒုတိယ၊ တတိယအချက်တို့ကို ဝိဇ္ဇာဟု လည်းကောင်း၊ စတုတ္ထနှင့် ပဥ္စမအချက်တို့ကို စရဏဟု လည်းကောင်း အချုပ်အားဖြင့် မှတ်ထားနိုင်၏။

အမ္ဗဋ္ဌကို နှိပ်ကွပ်ပြီးနောက် အမ္ဗဋ္ဌအား မိမိ၏ထူးခြားသည့် လက္ခဏာကြီး ၃၂ ပါးကို မြင်နိုင်စေရန်အလို့ငှာ ကျောင်းဝင်းထဲသို့ လမ်းလျှောက်ထွက်လေ၏။ အမ္ဗဋ္ဌသည် လက္ခဏာကြီး နှစ်ခုမှတစ်ပါး ထိုလက္ခဏာကြီးများကိုမြင်၏။ ယင်း လက္ခဏာကြီးနှစ်ခုကား အိတ်ကပ်နှင့်တူသည့် အရေပြားကြီးက သဘာဝအားဖြင့် ဖုံးအုပ်ထားသည့် ဗုဒ္ဓ၏အင်္ဂါဇာတ်နှင့် ရှည်လျားကျယ်ပြန့်သည့် လျှာတို့ဖြစ်၏။ အမ္ဗဋ္ဌသည် ဤလက္ခဏာကြီးနှစ်ခုနှင့်ပတ်သက်၍ ဇဝေဇဝါဖြစ်နေ၏ဟု ဗုဒ္ဓ သိရှိခဲ့၏။ ထို့ကြောင့် ဗုဒ္ဓသည် ဤလက္ခဏာကြီးနှစ်ခုကို အမ္ဗဋ္ဌအား မြင်စေဟု အဓိဋ္ဌာန်ပြုခဲ့၏။ သူသည် ဤလက္ခဏာကြီးနှစ်ခုကိုမြင်ရသော် အလွန်ဝမ်းမြောက်သွားပြီး သူနှင့် သူ့မိတ်ဆွေတို့သည် မိမိတို့ဆရာကြီးအား သတင်းပို့ရန် ပြန်သွားကြလေ၏။

သတင်း၏အဆုံး၌ ပေါက္ခရသာတိသည် နောက်တစ်နေ့၌ ဗုဒ္ဓနှင့်ရဟန်းများအား ကပ်လှူမည့်ဆွမ်းအတွက် အစီအစဉ်များကို အမြန်ပြုလုပ်လေ၏။ ထို့နောက် သူသည် မီးတုတ်များကိုထွန်းညှိကာ ညအခါမှောင်မိုက်နေသည့်အကြောင်းကြောင့် မိမိ၏ မိသားစုနှင့် တပည့်များက ကန့်ကွက်ကြသည်ကို ဂရုမစိုက်ဘဲ ဗုဒ္ဓထံသွားရန် ရထား ယူသွား၏။ သူသည် ဗုဒ္ဓကိုမြင်သော် သူ၏ပြင်းပြသည့်ဇောစိတ်ကား လက္ခဏာကြီး ၃၂ ပါး၊ အထူးသဖြင့် အင်္ဂါဇာတ်နှင့် လျှာတို့ကို တွေ့မြင်ရန် ဖြစ်၏။ ဗုဒ္ဓသည် ဤအချက်ကိုသိရှိ၍ သူ့အား အင်္ဂါဇာတ်နှင့် လျှာအပါအဝင်ကို ထူးခြားသည့် လက္ခဏာများကို အလားတူမြင်ခွင့်ကိုလည်း ပေးလေ၏။

နောက်တစ်နေ့၌ ဆွမ်းစားပြီးသော် ဗုဒ္ဓက အနိမ့်အမြင့်စဉ်ထားသည့် တရားတော် ကို ဟောကြား၏။ ထိုတရား၏အဆုံး၌ ပေါက္ခရသာတိသည် ပထမမဂ်ကိုရရှိလေ၏။

## ပုက္ကုသာတိမင်းကြီး တောထွက်ခြင်း

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးနှင့် တက္ကသိုလ်ပြည့်ရှင် ပုက္ကုသာတိ မင်းကြီး တို့သည် နှစ်နိုင်ငံမှကုန်သည်တို့ သွားလာမှုများ လဲလှယ်မှုမှတစ်ဆင့် အချင်းချင်း ကောင်းစွာသိခဲ့ကြ၏။ တစ်နေ့သ၌ ပုက္ကုသာတိ မင်းကြီးသည် ဗိမ္ဗိသာရမင်းကြီး



အလွန်အဖိုးတန်သည့် ခြုံထည်ရှစ်ထည်ကို ပို့ပေးခဲ့၏။ အပြန်အားဖြင့် ဗိမ္ဗိသာရ မင်းကြီးသည် ဗုဒ္ဓ-ဓမ္မ သံဃဟူသော ရတနာသုံးပါးနှင့် ယင်းတို့၏ ဂုဏ်များ ရေးထိုး ပါရှိသည့် ရွှေပြားများကို ပို့ပေးခဲ့၏။ ထိုအချိန်၌ တက္ကသိုလ်ပြည်သည် မဇ္ဈိမဒေသ ရှိ ဗုဒ္ဓဘာသာလှုပ်ရှားမှုမှ ပြတ်တောက်နေတုန်းဖြစ်၏။ ထို့ကြောင့် ပုက္ကုသာတိ မင်းကြီးသည် ရေးထိုးထားသည့် ရွှေပြားများကို လက်ခံရရှိသော် အလွန်အမင်း ပီတိ ဖြစ်ခဲ့၏။

ရေးထိုးစာများကိုဖတ်ပြီးနောက် ပုက္ကုသာတိမင်းကြီးသည် မိမိ၏ စိတ်ကို ဝင်သက် ထွက်သက်အပေါ်၌ စူးစိုက်ရှုခြင်းဖြင့် ဈာန်များ (အလွန်အထူး စိတ်၏ တည်ကြည်မှုများ)ကို ရဖို့အတွက် လုပ်နည်းဖြစ်သော အာနာပါနသတိ၌ အလွန့် အလွန် စိတ်ဝင်စားလာခဲ့၏။ သူသည် မိမိနန်းပြာသာဒ်၏ ထိပ်ဆုံးအထပ်၌ ကိုယ့် ကိုယ်ကိုယ် တံခါးပိတ်နေပြီး ထို အာနာပါနသတိ ကမ္မဋ္ဌာန်းကိုအားထုတ်လေ၏။ ၁၅ ရက်အတွင်း၌ သူသည် ရူပဈာန်လေးပါးလုံးကို ရရှိခဲ့၏။

လူတို့သည် မိမိတို့၏မင်းကြီးကို ရှေးကတွေ့မြင်နေကျအတိုင်း မတွေ့မြင်ရသော် ဗိမ္ဗိသာရမင်းကြီး၏ သဝဏ်လွှာနှင့် လက်ဆောင်တို့သည် သူ့အပေါ်၌ အလွန်အထူး အကျိုးသက်ရောက်ခဲ့၏ဟု သံသယဖြစ်လာခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် မင်း ရင်ပြင်၌စုဝေးပြီး မင်းကြီးကို တွေ့မြင်ခွင့်တောင်းကြ၏။ မင်းကြီးသည် မင်းရင်ပြင်မှာ အသံကျယ် ဆူညံသံကို ကြား၏။ ထိုအခါ သူသည်ပြန်မရုတ်သိမ်းနိုင်သည့် ဆုံးဖြတ် ချက်ကိုချကာ မိမိ၏ ဆံပင်ကိုဖြတ်၊ ပြာသာဒ်တံခါးကိုဖွင့်ပြီး မင်းအဖြစ် အမှတ် လက္ခဏာအဖြစ်ဖြင့် မိမိ၏ဆံပင်ကို အသုံးပြုရန် လူတို့အား ပန်ကြားလျက် ထိုဆံပင်နှင့် မိမိ၏ခေါင်းပေါင်းကို ပရိသတ်ထဲသို့ ပစ်ချလိုက်၏။ သူသည် ဖန်ရည်ဆိုးသင်္ကန်း များကို ဝတ်ပြီးနောက် လူတို့၏ အပြင်းအထန်ကန့်ကွက်မှုကိုဆန့်ကျင်ကာ ဗုဒ္ဓထံ သွားရန် နန်းတော်မှ ထွက်ခွာလေ၏။

သူသည် ရှေးဦးစွာ ဗုဒ္ဓရှိရာ သာဝတ္ထိပြည်သို့ ရောက်သွား၏။ သို့ရာတွင် သူသည် ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓရှိမည်ဟုထင်ပြီး သာဝတ္ထိပြည်၌ မရပ်နားဘဲ ဆက်သွား၏။ ရာဇဂြိုဟ်၌ သူသည် သာဝတ္ထိပြည်၌ ဗုဒ္ဓရှိ၏ဟု တွေ့ရှိရ၏။ သို့ရာတွင် အလွန် မှောင်လာနေပြီဖြစ်သောကြောင့် သူသည် အိုးထိန်းသည်၏တဲထဲ၌ ညအတွက် နားနေ လေ၏။

ထိုနေ့ နံနက်စောစောအချိန်မှာ ပုက္ကုသာတိမင်းကြီး၏ ရုပ်သွင်သည် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ထဲ၌ ပေါ်လာခဲ့၏။ ဗုဒ္ဓသည် သူ့အပေါ်ရှုဆင်ခြင်သော် ပုက္ကုသာတိ သည် နောက်တစ်နေ့၌ ရာဇဂြိုဟ်လမ်းမထဲမှာ နွားရူးမတစ်ကောင်က ဝှေ့သတ်ခြင်း ခံရမည်ဟု သိမြင်၏။ ပုက္ကုသာတိသည် တတိယမဂ်ရဖို့အတွက် ပါရမီရင့်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် သူ မသေမီ ဗုဒ္ဓ၏ သုတ်=တရားတော်ကို နာကြားခွင့်ရခဲ့လျှင် ထိုမဂ်ဉာဏ်ကို ရရှိလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓသည် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ တစ်ခါးတည်း ကြွသွား၍ ပုက္ကုသာတိနောက် အချိန်အနည်းငယ်ကြာသော် ထိုအိုးထိန်းသည်၏ တဲသို့ ရောက်လေ၏။ ပုက္ကုသာတိသည် ထိုကဲ့သို့ အရင်ရောက်နှင့်နေသောကြောင့် ဗုဒ္ဓက မိမိအတွက် တဲထဲ၌ တစ်ညတာနေထိုင်ခွင့်ကို တောင်းခံလေ၏။ ခွင့်ပြုချက်ပေး၏။ သို့ရာတွင် ပုက္ကုသာတိသည် ဒါ ဗုဒ္ဓဖြစ်၏ဟု မသိခဲ့ချေ။ သူသည် ဗုဒ္ဓကို သာမန်ရဟန်းဟုမှတ်ထင်ခဲ့၏။ ဗုဒ္ဓသည် ပုက္ကုသာတိအား ခရီးရှည်ကြီး သွားခဲ့ရပြီးနောက် ကောင်းကောင်းအနားယူစေလိုခဲ့၏။ ထို့ကြောင့် သူသည် မိမိ၏ ဖလသမာပတ်ထဲ၌ မလှုပ်မရှား ထိုင်နေခဲ့၏။ (ဖလသမာပတ်ဟူသည် နိဗ္ဗာန်ပေါ်၌ စိတ်အပြည့်အဝ အာရုံပြုနေရာ စိတ်အစဉ်ဖြစ်၏။ ယင်းကို မဂ္ဂင်လမ်း အတွဲ၌ အပြည့်အစုံ ရှင်းပြထား၏။) ပုက္ကုသာတိလည်း အာနာပါနဿတိဘာဝနာ အားထုတ်မှု၏ အကျိုးအားဖြင့် မိမိရရှိခဲ့သည့် စတုတ္ထဈာန်ထဲ၌ မလှုပ်မရှားထိုင်နေခဲ့၏။

ဗုဒ္ဓသည် သန်းခေါင်ကျော်တွင် မိမိ၏ ဖလသမာပတ်မှထ၍ မိတ်ဆက်သည့် အနေဖြင့် ပုက္ကုသာတိအား ဤသို့မိန့်ဆိုလေ၏။ 'ရဟန်း၊ ဘယ်သူက သင့်အား ရဟန်းပြုရန် နှိုးဆော်ခဲ့သနည်း၊ ဘယ်သူသည် သင်၏ ဆရာနည်း၊ ဘယ်သူ၏တရားကို သင် နှစ်သက်သနည်း' ထို့နောက် ပုက္ကုသာတိက ရဟန်းပြုရန် မိမိဘယ်လို နှိုးဆော်မှုရခဲ့ကြောင်း၊ ဘယ်သူသည် မိမိဆရာ ဖြစ်ကြောင်း၊ ဘယ်သူ၏တရားကို မိမိနှစ်သက်ကြောင်းတို့ကို အသေးစိတ်ပြောကြားလေ၏။

**ဗုဒ္ဓ** ။ ။'ရဟန်း၊ ယခု ဗုဒ္ဓ ဘယ်မှာ သီတင်းသုံးနေသည်ကို သိသလော'

**ပုက္ကုသာတိ** ။ ။'ယခု သာဝတ္ထိပြည်မှာ ဗုဒ္ဓ သီတင်းသုံးနေပါ၏'

**ဗုဒ္ဓ** ။ ။'ရဟန်း၊ ဗုဒ္ဓကို သင် မြင်ဖူးသလား၊ သင်သည် သူ့ကိုမြင်လျှင် မှတ်မိမလား'

**ပုက္ကုသာတိ** ။ ။'ဗုဒ္ဓကို ကျွန်ုပ် မမြင်ဖူးပါ၊ သူ့ကိုမြင်လျှင် ကျွန်ုပ် မှတ်မိမည် မဟုတ်ပါ'

**ဗုဒ္ဓ** ။ ။'ရဟန်း၊ ငါသည် သင့်အား တရားဟောအံ့၊ နားထောင်လော့ ထိုတရားအပေါ်၌ ကောင်းစွာ အာရုံစိုက်လော့'

**ပုက္ကုသာတိ** ။ ။'ကောင်းပါပြီ အရှင်ရဟန်း၊ ကျွန်ုပ် ထိုသို့ပြုပါမည်'

(ထိုအချိန်အထိ ပုက္ကုသာတိသည် မိမိအားစကားပြောနေသူကား ဗုဒ္ဓဖြစ်ကြောင်း မသိသေးချေ။)

ထိုအခါ ဗုဒ္ဓသည် သုတ်တရားတော်များတွင် ဓာတုဝိဘင်္ဂသုတ်ဟု ထင်ရှားသည့် တရားတော်ကို ဟောကြားလေ၏။



၁။ ရဟန်း၊ သတ္တဝါဟူသည် သဘာဝဓာတ် ခြောက်ပါး၏ အစုအဝေးသာဖြစ်၏။

၂။ သူ့မှာ ဆက်သွယ်ရာနည်းလမ်း ခြောက်ခုရှိ၏။

၃။ သူ့မှာ စဉ်းစားရာ နည်းလမ်း ၁၈ ခု ရှိ၏။

၄။ သူ့အားထားရဖို့ ရယူစရာ လေးမျိုးရှိ၏။ ဤရယူစရာများအပေါ် အမြဲရပ်တည်နေသည့်ပုဂ္ဂိုလ်၌ ကိလေသာတို့ ဘယ်တော့မှ မပေါ်ပေါက်ကုန်။ ထိုကဲ့သို့သော ရဟန်းအား ဤကိလေသာများကို ပယ်သတ်ပြီးသူဟု ခေါ်ဆိုအပ်၏။

၅။ ဝိပဿနာဘာဝနာကို ဘယ်တော့မှ မမေ့လင့်။

၆။ နိဗ္ဗာန်သည် ဆွေးမြည့်ပျက်စီးသည့် သဘောမရှိ။

၇။ ကိလေသာတို့ကို ပယ်သတ်ဖို့အတွက် လုံ့လအားဖြင့်ထုတ်လော့။ ဤကား သင့်အား ငါဟောမည့် ဓာတုဝိဘင်္ဂသုတ်၏ ဥဒ္ဒေသ အကျဉ်းချုပ်ဖြစ်၏။

ထို့နောက် ဗုဒ္ဓသည် ထိုအကျဉ်းကို အကျယ်ချဲ့ ဟောကြားလေ၏။ သို့ရာတွင် အောက်ပါတို့သည် ထိုအကျယ်၏ အကျဉ်းချုပ်ဖြစ်၏။

၁။ သဘာဝဓာတ် ခြောက်ပါးရှိ၏။

- က။ ပထဝီဓာတ်
- ခ။ အာပေါဓာတ်
- ဂ။ တေဇောဓာတ်
- ဃ။ ဝါယောဓာတ်
- င။ အာကာသဓာတ်
- စ။ ဝိညာဏဓာတ်

(ဤသဘာဝဓာတ်ခြောက်ပါးနှင့်ပတ်သက်၍ တစ်စုံတစ်ရာကို အခန်း ၈ နှင့် ၁၀ တို့၌ ဆိုခဲ့ပြီ။ မဂ္ဂင်လမ်း အတွဲထဲ၌ ယင်းတို့ကို ပြည့်စုံစွာ ပြဆိုပါမည်။)

၂။ ဆက်သွယ်ရာနည်းလမ်း ခြောက်ခု

ပုဂ္ဂိုလ်တစ်ဦးမှာ အပြင်အာရုံများနှင့် ဆက်သွယ်ရာနည်းလမ်း ခြောက်ခုရှိ၏။ ယင်းတို့ကား မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တို့ ဖြစ်၏။

၃။ စဉ်းစားရာ နည်းလမ်း ၁၈ ခု

ပုဂ္ဂိုလ်တစ်ဦးမှာ စဉ်းစားရာနည်းလမ်း ၁၈ ခု ရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်၏။

ပုဂ္ဂိုလ်တစ်ဦးသည် အဆင်းအာရုံကိုမြင်သော် သူ့မှာ ကောင်းသောခံစားမှု (ဝါ) မကောင်းသောခံစားမှု (ဝါ) အလယ်အလတ်ခံစားမှုများ ရှိ၏။ ဤခံစားမှုများအပေါ် အခြေပြု၍ သူ့မှာ ဤကဲ့သို့ စဉ်းစားရာ နည်းသုံးနည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



က။ ကောင်းသောခံစားမှု၏ အကြောင်းရင်းဖြစ်သည့် အဆင်းအာရုံကို သူ စဉ်းစား၏။

ခ။ မကောင်းသော ခံစားမှု၏ အကြောင်းရင်းဖြစ်သည့် အဆင်းအာရုံကို သူ စဉ်းစား၏။

ဂ။ အလယ်အလတ်ခံစားမှု၏ အကြောင်းရင်းဖြစ်သည့် အဆင်းအာရုံကို သူ စဉ်းစား၏။

အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် သဘော အာရုံဟူသော ဤအာရုံများ၌လည်း သူ့မှာ အာရုံအသီးသီးအတွက် အလားတူပင် စဉ်းစားရာနည်းလမ်းသုံးခု ရှိ၏။ ထို့ကြောင့် အဆင်း၊ အသံ၊ အရသာ၊ အတွေ့နှင့်သဘော၊ အာရုံဟူသော အာရုံ ခြောက်ပါးအတွက် သူ့မှာ စဉ်းစားရာနည်းလမ်း ၁၈ ခု ရှိလိမ့်မည်။

၄။ အားထားနိုင်ဖွယ်ရာ ရယူစရာ လေးမျိုး

ပုဂ္ဂိုလ်တစ်ဦး ဒုက္ခမှလွတ်မြောက်ဖို့ အားထားနိုင်ဖွယ်ရာ ရယူစရာလေးမျိုးရှိ၏။ ယင်းတို့ကား အဘယ်နည်း။ ယင်းတို့ကား

က။ ပညာ–ပညာသည် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့နှင့် အဓိပ္ပာယ်တူပုဒ်ဖြစ်၏

ခ။ သစ္စ–သစ္စ ဟူသည် မဂ်ဉာဏ်တို့ဖြင့် အရိယသစ္စာလေးပါး သိခြင်းကို ဆိုလို၏

ဂ။ ကိလေသာတို့ကို ပယ်သတ်ခြင်း

ဃ။ ကိလေသာတို့ လုံးဝ မရှိခြင်း

င။ ဝိပဿနာဘာဝနာကို ဘယ်တော့မှ မမေ့နှင့်

ပုဂ္ဂိုလ်တစ်ဦးသည် မဂ်ဉာဏ်များကိုရသည်အထိ ဝိပဿနာဘာဝနာကို အမြဲ မပြတ် အားထုတ်ရမည်။ ထိုသို့အားမထုတ်လျှင် သူ့မှာ စိတ်နှင့်ရုပ်တို့၌ အမြင်မှား ရှိလိမ့်မည်။ ထိုစိတ်နှင့်ရုပ်တို့သည် အတ္တပိုင်ပစ္စည်းများဟုလည်းကောင်း၊ ယင်းတို့ သည်ပင် အတ္တဖြစ်၏ဟုလည်းကောင်း၊ ယင်းတို့သည် အတ္တအား လိုက်လျောကြရ၏ ဟု လည်းကောင်း သူ ယုံနေလိမ့်မည်။

သို့ရာတွင် သူသည် ဝိပဿနာဘာဝနာကို အမြဲမပြတ်ခွဲလုံ့လဖြင့် အားထုတ်လျှင် ထိုစိတ်နှင့်ရုပ်တို့သည် အတ္တပိုင်ပစ္စည်းများမဟုတ်ဟုလည်းကောင်း၊ ယင်းတို့သည် အတ္တ မဟုတ်ဟု လည်းကောင်း၊ ယင်းတို့သည် အတ္တအား မလိုက်လျောကြဟုလည်းကောင်း သိမြင်လိမ့်မည်။ စိတ်နှင့်ရုပ်တို့၏ သဘာဝကို ဤမှန်ကန်သော သိမြင်မှုက သူ့အား ယင်းတို့ကို စက်ဆုပ် စေလိမ့်မည်။ ဤစက်ဆုပ်မှုက ယင်းတို့၌ သူ၏ တပ်မက်မှုကို ပယ်သတ်လိမ့်မည်။



ထိုစိတ်နှင့်ရုပ်၌ မိမိ၏တပ်မက်မှုကို ပယ်သတ်ပြီးသောပုဂ္ဂိုလ်သည် မိမိမှာ နောက်ထပ် ပဋိသန္ဓေနေရမှု ရှိတော့မည်မဟုတ်ဟုလည်းကောင်း၊ မိမိသည် ဝိပဿနာ ဘာဝနာကို ကျင့်သုံးအားထုတ်ပြီးပြီဟု လည်းကောင်း၊ မိမိသည် မဂ်ဉာဏ်များကို ရပြီဟု လည်းကောင်း၊ မိမိမှာ မဂ်ဉာဏ်များရရန် တစ်စုံတစ်ရာပြုဖို့မလိုတော့ပြီဟု လည်းကောင်း ဤသို့သော ဉာဏ်အမြင်ကို ရရှိလိမ့်မည်။

၆။ နိဗ္ဗာန်သည် ဆွေးမြည့်ပျက်စီးခြင်းသဘော၌မရှိ။

နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်များဖြင့် သေချာစွာ သိမြင်နိုင်၏။ ယင်းသည် ဆွေးမြည့်ပျက်စီးခြင်းသဘော မရှိ။ မမြဲခြင်းသို့ပို့ဆောင်သည့် လမ်းဟူသမျှသည် မှန်ကန်သည့်လမ်း မဟုတ်ချေ။ ဆွေးမြည့်ပျက်စီးခြင်းသဘောမရှိသည့် နိဗ္ဗာန်သို့ ပို့ဆောင်သောလမ်းသည် မှန်ကန်သောလမ်းဖြစ်၏။ နိဗ္ဗာန်သည် အလွန်မြင့်မား ကောင်းမြတ်သည့် အမှန်တရားတစ်ခုဖြစ်၏။

(စိတ်နှင့်ရုပ်သည် ဆွေးမြည့်ပျက်စီးခြင်း သဘောရှိ၏။ နိဗ္ဗာန်ကား စိတ်လည်း မဟုတ်၊ ရုပ်လည်းမဟုတ်သောကြောင့် ဆွေးမြည့်ပျက်စီးခြင်းသဘော မရှိ။ ယင်းသည် စိတ်နှင့်ရုပ်တို့၏ ချုပ်ငြိမ်းမှုသာဖြစ်၏။ စိတ်နှင့် ရုပ်တို့ လုံးဝမရှိမှုဖြင့် ထင်ရှားရာ ဖြစ်သော သဘောကို ပုဂ္ဂိုလ်တစ်ဦး ဖလသမာပတ်အခြေအနေသို့ဝင်ရောက်သည့် အခါမှာ သိမြင်နိုင်၏။ မဂ်ဉာဏ်များရပြီးသောသူသည် ထိုအခြေအနေသို့ ဝင်ရောက် နိုင်၏။ ထိုအကြောင်း မဂ္ဂင်လမ်း အတွဲ၌ ပြည့်စုံစွာ ရှင်းလင်းပြပါမည်။)

၇။ ကိလေသာတို့ကိုပယ်သတ်ခြင်း။

ပုဂ္ဂိုလ်တစ်ဦးသည် ပုထုဇဉ် (မဂ်ဉာဏ်တစ်ခုမျှ မရသေးသူ) ဖြစ်နေသေးတုန်းမှာ သူ့မှာ ကိလေသာများရှိနေ၏။ ရဟန္တာပုဂ္ဂိုလ်ရရှိထားသည့် မဂ်ဉာဏ်လေးပါးတို့က ကိလေသာအားလုံးကို ပယ်သတ်ခဲ့၏။

ပုဂ္ဂိုလ်တစ်ဦးသည် ပုထုဇဉ် ဖြစ်နေသေးတုန်းမှာ သူ့မှာ အဘိဇ္ဈာ (အလိုကြီးမှု (ဝါ) သူတစ်ပါးနှင့်ဆိုင်သည့်အရာကို ရလိုသည့် အလိုဆိုး) ဆန္ဒ (တောင့်တ၊ တပ်မက်လိုချင်မှု)နှင့် ရာဂ (ပြင်းထန်သောတပ်မက်စွဲလမ်းမှု)တို့ ရှိနေ၏။

ရဟန္တာပုဂ္ဂိုလ်ရရှိထားသော မဂ်ဉာဏ်တို့က ဤကိလေသာအားလုံးကို ပယ်သတ် ကြ၏။

ပုဂ္ဂိုလ်တစ်ဦးသည် ပုထုဇဉ်ဖြစ်နေသေးတုန်းမှာ သူ့မှာ အာဃာတ (ရန်ငြိုးထား ခြင်း)၊ ဗျာပါဒ (သူတစ်ပါးတို့ကို ဖျက်ဆီးလိုသော (ဝါ) သူတစ်ပါးတို့ ဒုက္ခရောက်သည် ကို မြင်လိုသည့်အလိုဆိုး)၊ ပဋိဃ (အမျက်ဒေါသ၊ စိုးရိမ်၊ ပူဆွေး၊ စိတ်ပျက်မှု)တို့ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာပုဂ္ဂိုလ်ရရှိထားသော မဂ်ဉာဏ်တို့က ဤကိလေသာအားလုံးကို ပယ်သတ်ကြ၏။

ပုဂ္ဂိုလ်တစ်ဦးသည် ပုထုဇဉ် ဖြစ်နေသေးတုန်းမှာ သူ့မှာ အဝိဇ္ဇာ(ကိလေသာ ၁၀ ပါးတို့က ဖုံးလွှမ်းထားခြင်းဖြင့် စိတ်နှင့်ရုပ်တို့၏ သဘောမှန်ကို မသိခြင်း)နှင့် မောဟ (ဗုဒ္ဓ၊ ဓမ္မ၊ သံဃာနှင့် ပတ်သက်၍ တွေဝေမှု)တို့ ရှိနေ၏။

ရဟန္တာပုဂ္ဂိုလ်ရရှိထားသော မဂ်ဉာဏ်တို့က ဤကိလေသာအားလုံးကို ပယ်သတ်ကြ၏။

'ရဟန်း၊ ကိလေသာတို့ကို ပယ်သတ်မှုက ဖြစ်ပေါ်စေအပ်သည့် ငြိမ်းအေးမှုသည် အခြားငြိမ်းအေးမှု ဟူသမျှထက် များစွာ ပို၍ သာလွန်မြင့်မြတ်လှပေ၏။

'ရဟန်း၊ ဤကိလေသာအားလုံးကို ပယ်သတ်ပြီးသော ရဟန်းမှာ နောက်ထပ် ပဋိသန္ဓေနေရမှုများရှိတော့မည်မဟုတ်၊ ပဋိသန္ဓေနေမှုအတွက်တာဝန်ရှိသည့် အကြောင်းရင်းများကို လုံးဝ ဖျက်ဆီးပစ်လေပြီ။

'ရဟန်း၊ ပဋိသန္ဓေနေမှုမရှိသည့်အခါ အိုခြင်း၊ သေခြင်းတို့ ဘယ်လိုရှိနိုင်တော့အံ့နည်း'

ပုက္ကုသာတိသည် ဗုဒ္ဓ ဟောကြားတာကို ကြားနာပြီးနောက် မိမိအားပြောဟော နေသူကား ဗုဒ္ဓကိုယ်တိုင်ပင်ဖြစ်၏ဟု သိမြင်လာခဲ့၏။ သူသည် တရားမဆုံးမီမှာ တတိယမဂ်ကို ရရှိခဲ့၏။ တရား၏အဆုံး၌ သူသည် ဗုဒ္ဓ၏ရှေ့မှောက်၌ ပျပ်ဝပ်ပြီး သင့်လျော်သည့် ရိုသေလေးစားမှုကိုပေးရန် မသိ၍ ပျက်ကွက်ခဲ့မှုအတွက် ခွင့်လွှတ်ပါရန် တောင်းပန်လေ၏။

ထို့နောက် ပုက္ကုသာတိသည် မိမိကို သံဃာ့ဘောင်သို့ သွတ်သွင်းပေးပါရန် ဗုဒ္ဓအား ပန်ကြား၏။ ဗုဒ္ဓက သူ့အား ရဟန်း၏ ပရိက္ခရာများကို ရှာဖွေခိုင်း၏။

သူသည် ဗုဒ္ဓက သတ်မှတ်ထားသည့်သင့်လျော်သော သင်္ကန်းများကိုပြုလုပ်ရန် ရာဇဂြိုဟ်လမ်းမကြီးတစ်ခု၌ အဝတ်စုတ်များကိုရှာဖွေနေသောအခါ သူ့ကို နွားမရူး တစ်ကောင်က ဖော့သတ်လေ၏။

## အတိတ်အကြောင်းနှင့် ပတ်သက်၍

ကဿပဗုဒ္ဓလက်ထက်က သူသည် ခုနစ်ရက်အတွင်း မဂ် ဖိုလ်များကိုရယူရန် အလွန် ပြင်းထန်သည့် အဓိဋ္ဌာန်ကိုပြုခဲ့သူ ပုဂ္ဂိုလ်ခုနစ်ဦးတွင် တစ်ဦးဖြစ်ခဲ့၏။ သူတို့ အသီးသီး သည် မိမိကိုယ်ကို ခုနစ်ရက်အတွက်သာ ဆွမ်းပေးအပ်ထားပြီး မိမိတို့၏ ရိက္ခာစေ့ရင်း မိမိတို့သုံးဆောင်ပြီးသောအခါ သူတစ်ပါး၏ဆွမ်းကိုမထိရန် အဓိဋ္ဌာန်လည်း ပြုခဲ့၏။



ခေါင်းဆောင်နှင့် အခြားပုဂ္ဂိုလ်တစ်ဦးသည် မဂ်ဉာဏ်များကိုရယူရာ၌ အောင်မြင်ခဲ့ပြီး ကျန်ငါးဦးတို့ကား အစာငတ်မှုကြောင့် သေလွန်ခဲ့ကြ၏။ ဤစိတ်ဝင်စားဖွယ် အဖြစ်အပျက်ကို သာဝကများ အခန်းထဲ၌ အစာငတ်မှုကြောင့် သေလွန်ခဲ့သည့် အထက် ဖော်ပြပါ ငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သူ အရှင် ဗာဟိယဒါရုစီရိယကို ကယ်ချွတ် ခြင်းနေရာသို့ ရောက်ရှိလာသည့်အခါမှာ ပြည့်စုံစွာ ရှင်းပြပါမည်။ သူသည် မိမိ၏ အမြတ်ဘက်တွင် ဤကုသိုလ်ကံကို ရရှိခဲ့၏။

မိမိ၏ ကြွေးမြီဘက်တွင် ဘယ်အကုသိုလ်ကံကို သူရရှိခဲ့ကြောင်း ယခုကြည့်ကြ ပါစို့။ သူ၏ ရှေးဘဝများအနက်တစ်ခုတွင် လူငယ်လေးဦးရှိခဲ့ကြ၏။ သူတို့အသီးသီး သည် သူဌေးသားဖြစ်ခဲ့၏။ တစ်နေ့သ၌ ဤလူငယ်လေးဦးတို့သည် ပြည့်တန်ဆာမ တစ်ဦးကို သူမအား အသပြာငွေတစ်ထောင်နှင့် အဝတ်အစားများပေးပြီးနောက် ဥယျာဉ်တစ်ခုသို့ ခေါ်သွားခဲ့ကြ၏။ သူတို့သည် သူမနှင့် တစ်နေ့လုံးနေခဲ့ပြီး ညရောက် လာသော် သူမကိုသတ်ပြီး မိမိတို့အသပြာငွေနှင့် အဝတ်အစားအားလုံးကို ပြန်ယူခဲ့ ကြ၏။ ဤအကုသိုလ်ကံကြောင့် သူတို့သည် ငရဲ၌ခံစားရပြီး နောက်တစ်ဖန် ပဋိသန္ဓေ နေခဲ့ကြ၏။ ပုက္ကုသာတိအလောင်းသည် မိမိရှိ အကုသိုလ်ကံ၏ အဓိကအပိုင်း အကျိုးပေးပြီးနောက်တွင် အခြားဘဝများစွာတို့၌ ပြန်ဖြစ်ခဲ့၏။ လူသားအဖြစ် ဤ နောက်ဆုံးဘဝမတိုင်မီက သူသည် မိမိ၏ ရှေးဘဝများတစ်လျှောက် အကြိမ်တစ်ရာ ဆက်ပို၍ နွားဖော့သတ်ခြင်း ခံခဲ့ရ၏။

ပြည့်တန်ဆာမကိုသတ်မှု၌ ပါဝင်ကြသည့် အခြားလူငယ်သုံးဦးသည် ဂေါတမ ဗုဒ္ဓလက်ထက်၌ ရဟန္တာဖြစ်ရာတွင် အံ့သြဖွယ်လျင်မြန်မှုအတွက် ကျော်စောခဲ့သော အရှင်ဗာဟိယဒါရုစီရိယ၊ ဗိမ္ဗိသာရမင်းကြီး၏ အဆိုးကျော်ကြား အာဏာပါးကွက်သား ဖြစ်သော တမ္ဗဒါဌိကနှင့် ဗုဒ္ဓတရားကိုကြားနာစဉ် ပထမမဂ်ကိုရခဲ့သည့် နူနာစွဲသူ ဖြစ်လာသော သုပ္ပဗုဒ္ဓ ဖြစ်လာခဲ့ကြ၏။ သူတို့အားလုံးသည် စိတ်ရူးပေါက်သော နွားမ၏ဦးချိုများဖြင့် အလားတူ သေခဲ့မှုများကို တွေ့ကြုံခဲ့ကြရ၏။

## ကောသလမင်းကြီး၏ အံ့ဖွယ်အမတ်ကြီး သန္တတိ

သန္တတိအမတ်ကြီးသည် သူပုန်ကိုနှိမ်နင်းရာ၌ မိမိ၏လုပ်ဆောင်မှုကောင်းခြင်းကြောင့် ဘုရင့်အစားအစာများ၊ ဘုရင့်ဝတ်ရုံများ၊ ဘုရင့်ဆင်၊ ဘုရင့်ဥယျာဉ် စသည့် ဘုရင့် အခွင့်ထူးများကို ခုနစ်ရက်တိုင်တိုင် ပေးအပ်ခြင်းခံခဲ့ရ၏။ ဤအခွင့်ထူးများအပြင် ကောသလမင်းကြီးက သန္တတိအား ခုနစ်ရက်တိုင်ပျော်ဖို့အတွက် အလွန်ချောလှသည့် ကချေသည်အုပ်စုမှ ကြိုက်ရာတစ်ဦးကို ရွေးချယ်ခွင့်ပြုခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ဤအထူးအခွင့်အရေးများ၏ နောက်ဆုံးနေ့၌ သန္တတိသည် ဘုရင့်ဆင်ကို စီး၍ မိမိ၏ ကချေသည်ချောကလေးနှင့်အတူ သာဝတ္ထိပြည် တံခါးမကြီးမှ ထွက်လာ၏။ ဗုဒ္ဓနှင့် သူ၏ရဟန်းတို့ ထိုတံခါးမှ မြို့ထဲသို့ဝင်လာနေကြ၏။

ထိုအချိန်၌ သန္တတိသည် အပြည့်အဝမူးနေ၏။ သို့ရာတွင် သူသည် ဗုဒ္ဓကို မြင်သောအခါ ဗုဒ္ဓအားရိုသေပူဇော်သည့် အမှတ်အသားအဖြစ်ဖြင့် ဦးညွတ်လေ၏။ ဗုဒ္ဓသည် သန္တတိကိုမြင်၍ ပြုံး၏။ ဗုဒ္ဓသည် ရှင်းပြစရာ ကိစ္စထူးရှိသောအခါ ပြုံးလေ့ရှိ၏။ ထိုအခါ အရှင်အာနန္ဒာက ပြုံးခြင်း၏အကြောင်းကို မေးလျှောက်၏။ ဗုဒ္ဓက သန္တတိသည် ထိုညနေချမ်းအချိန်မှာ သူ၏ ပရိသတ်များခြံရံလျက် သူ၏ ဘုရင့် အဝတ်အစားများဖြင့် ဗုဒ္ဓထံရောက်လာမည်၊ သန္တတိသည် ဂါထာကို (တရား)တစ်ပုဒ် ကြားရသော် ရဟန္တာဖြစ်လိမ့်မည်ဟု ရှင်းပြ၏။ ယင်းသည် အမှန်ပင် အံ့ဖွယ် ရှင်းပြချက် ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓ၏ မှတ်ချက်များကိုကြားကြသည့် ဗုဒ္ဓဘာသာဆန့်ကျင်သူတို့က ယင်း မှတ်ချက်များ မှန်လာမည်မဟုတ်၊ တစ်နေ့လုံး သေအရက်များ လွှမ်းမိုးခံရသည့် ပုဂ္ဂိုလ်တစ်ဦးက ထိုမျှမြန်မြန် ဘယ်နည်းနှင့်မျှ ရဟန္တာမဖြစ်နိုင်ဟု ထင်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် ဗုဒ္ဓအားရှုံ့ချပြောဆိုဖို့ ဤအခွင့်ကောင်းကြီးရမည်ကို အလွန် ဝမ်းသာနေ၏။

သို့ရာတွင် ဗုဒ္ဓ၏မှတ်ချက်များကို ကြားကြသည့် ဗုဒ္ဓဘာသာဝင်တို့က တစ်မျိုး ထင်ခဲ့ကြ၏။ သူတို့အလိုအရ ဗုဒ္ဓသည် ဘယ်တော့မှ မှားမည်မဟုတ်။ ထို့ကြောင့် သူတို့သည် ထိုအံ့ဖွယ်ကို မိမိတို့ တွေ့မြင်ရမည့် အချိန်အခါကို အလွန်စိတ်အားထက်သန်စွာ စောင့်မျှော်နေကြ၏။

ဗုဒ္ဓထံ သန္တတိသွားရောက်ဖို့ အချိန်နီးကပ်လာသည့်အခါ ဗုဒ္ဓဘာသာဆန့်ကျင်သူများအုပ်စုနှင့် ဗုဒ္ဓဘာသာဝင်အုပ်စုဟူသော အုပ်စုကြီး နှစ်ခုသည် ဇေတဝန်ကျောင်း ထဲ၌ စုရုံးနေခဲ့ကြ၏။

ထိုအချိန်လောက်မှာ အပြည့်အဝမူးနေသည့် သန္တတိသည် မိမိ၏အချစ်ဆုံး မိန်းကလေး ကနေသည်ကို ကြည့်ရှုနေ၏။ ထိုမိန်းကလေးသည် ရုတ်တရက် လဲပြိုကာ ခွေလဲကျသွားပြီး သန္တတိက သူမအား ကူညီမပေးနိုင်မီမှာပင် သေသွားလေ၏။

သောကဖြင့်နှိပ်စက်အပ်သော သန္တတိသည် ဤအဖြစ်ဆိုးတွေ့ရချိန်၌ အရက် ပြေပျောက်သွားပြီး ဗုဒ္ဓကို အမှတ်ရလေ၏။ သူက မိမိကို ဗုဒ္ဓထံ ချက်ချင်းခေါ်ဆောင် ရန် မိမိ၏ အလုပ်အကျွေးများကို ပြောကြား၏။ ဗုဒ္ဓသည် သူတို့ကို တွေ့မြင်သော ဝိပဿနာဘာဝနာစကားဖြင့် ဤသို့ဆိုလိုသောဂါထာတို (တရား) တစ်ပုဒ်ကို ရွတ်ဆို





လေ၏။ 'သန္တတိ၊ သင်သည် သင့်ခန္ဓာကိုယ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို သိမြင် ဆနိုင်မည့် ဝိပဿနာဉာဏ်အမြင်များကို ရသည်အထိ သင့်ကိုယ်နှင့် စိတ်အကြောင်း မြဲမြံသည့်သိမှတ်မှု၌ ရှိပါစေ၊ သင့်ခန္ဓာကိုယ်နှင့် စိတ်တို့၏ သဘောမှန်ကို ဤ သိမြင်မှုက သင့်အား မင်္ဂလေးပါး၊ ဖိုလ်လေးပါးကို ရရှိစေနိုင်လိမ့်မည်'

ဤဂါထာတို၏အဆုံး၌ သန္တတိသည် ရဟန္တာ ဖြစ်သွားလေ၏။

ရဟန္တာဖြစ်ဖြစ်ချင်းပင် အရှင်သန္တတိသည် မိမိ မကြာမီ သေလွန်မည်ဟု သိ၏။ ထို့ကြောင့် သူသည် ဗုဒ္ဓအား မိမိကို ပရိနိဗ္ဗာန်စံခွင့်ပြုပါရန် တောင်းခံလေ၏။ ဗုဒ္ဓက သူ့အား ဤသို့မိန့်ကြား၏။ 'သန္တတိ၊ လူအုပ်စုနှစ်ခုကိုကြည့်လော့၊ အုပ်စု တစ်စုသည် ဂါထာတိုတစ်ပုဒ်သင်ကြားပြီး ချက်ချင်း သင်ရဟန္တာဖြစ်မည်ဟု သင့်အား ကြိုပြောခဲ့သည့် ဗုဒ္ဓသည် မှား၏ဟု တွေ့မြင်ရန် ဤနေရာ၌ ရောက်နေ၏။

'အခြားအုပ်စုသည် ဗုဒ္ဓ ဘယ်တော့မှ မမှားဟု မြဲမြံစွာ သူတို့ယုံသောကြောင့် အံ့ဖွယ်ကိုတွေ့မြင်ရန် ဤနေရာ၌ ရောက်နေ၏။

'သန္တတိ၊ တန်ခိုးဣဒ္ဓိများဖြင့် ထန်းပင်အမြင့် ခုနစ်ပြန်ထက် မနိမ့်သည့် အမြင့် သို့ ပျံတက်လော့၊ ထိုအမြင့်မှ ထိုမျှ အလွန်လျင်မြန်စွာ သင်ဘယ်လို ရဟန္တာဖြစ်လာခဲ့ ကြောင်းကို ထိုလူနှစ်စုအား ရှင်းပြလော့'

အရှင်သန္တတိသည် ဗုဒ္ဓ၏ခြေများကို မိမိ၏နဖူးဖြင့်ထိပြီးနောက် ဗုဒ္ဓပြဆိုခဲ့သည့် အမြင့်သို့ ပျံတက်သွား၏။ ထိုအမြင့်မှ သူသည် အုပ်စုနှစ်ခုအား အောက်ပါအတိုင်း ပြောကြားလေ၏။

'လွန်ခဲ့သည့် ၉၁ ကမ္ဘာက ဝိပဿီဗုဒ္ဓလက်ထက်မှာ ကျွန်ုပ်သည် ဗုဒ္ဓသီတင်းသုံး နေထိုင်ရာ ဗန္ဓုမတီ မြို့သားတစ်ဦးဖြစ်ခဲ့၏။ ကျွန်ုပ်သည် မိမိ၏ မိသားစုနှင့် မိမိ ပိုင်သည့်အရာအားလုံးကို စွန့်ခဲ့၏။ ကျွန်ုပ်သည် လောကီအမှုကိစ္စအားလုံးကိုစွန့်ပြီး မြို့တွင်း ဘာသာရေးအော်ဟစ်သူ (မြန်မာလို နိဗ္ဗာန်ဆော်ဟုခေါ်သော ပုဂ္ဂိုလ်မျိုး) အလုပ်ကိုမျှသာ လုပ်ဆောင်ခဲ့၏။

'ကျွန်ုပ်၏ အလုပ်အား နံနက်စောစောထ၍ မြို့တွင်းအရပ်ရပ်သို့သွားကာ ဗန္ဓုမတီမြို့သားတို့အား အောက်ပါအတိုင်း ကြေညာရန်ဖြစ်၏။

'မြို့သားတို့၊ ယခုထ၍ ကုသိုလ်ကံများကို လုပ်ဆောင်ရန် သင်တို့အတွက် အချိန် ကျရောက်ပါပြီ။

'ဗုဒ္ဓမိန့်ကြားခဲ့သည့်အတိုင်း အလှူဒါနပေးရန် သီလသိက္ခာပုဒ်များ ဆောက်တည် ရန် သင်တို့၏ စိတ်တည်ကြည်မှုတိုးတက်ဖို့အတွက် အားထုတ်ရန် သင်တို့အတွက် ယခု အချိန်ကျရောက်ပါပြီ၊ ဗုဒ္ဓထံ သွားရောက်ရှိခိုးပူဇော်ရန်နှင့် ဗုဒ္ဓ၏တရားများကို ကြားနာရန်လည်း သင်တို့အတွက် အချိန်ကျရောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်ုပ်သည် သက်ဆုံးတိုင်အောင် ဤအလုပ်ကို မှန်မှန်လုပ်ခဲ့၏။ ကျွန်ုပ်၏ ဤကုသိုလ်ကံက မင်္ဂလေးပါး ဖိုလ်လေးပါးကို ထိုမျှ လျင်မြန်စွာ ရရှိရာ၌ ကျွန်ုပ်အား ကူညီပေးခဲ့ပါ၏'

ထိုရှင်းလင်းပြီးသည်၏အဆုံး၌ အရှင်သန္တတိသည် မိမိအတွက် ပရိနိဗ္ဗာန်ပြုရန် အချိန်ရောက်လာပြီဟု သတိရ၏။ ထို့ကြောင့် သူသည်-မိမိကိုယ်မိမိ မီးသင်္ဂြိုဟ်ရန် အလို့ငှာ တေဇော ကသိုဏ်း (ဘာဝနာတစ်မျိုး)ကို ဝင်စားခဲ့၏။ ခဏကြာသော် မိမိ ကိုယ်မှထွက်လာသည့် မီးလျှံတို့က ထိုကိုယ်ကိုလောင်ကျွမ်းစေပြီး သူ၏ ဓာတ်တော် တို့သည် သူ့အောက်မှ မြေပြင်ပေါ်၌ ဗုဒ္ဓဖြန့်ခင်းထားသည့် အဝတ်ပိုင်းပေါ်သို့ ကျလေ၏။

***

## အခန်း ၂၅

## ဒေဝဒတ်

အခန်း ၁၂ ထဲ၌ ဗုဒ္ဓသည် သာဝတ္ထိပြည်မှအပြန်တွင် မလ္လာမင်းတို့၏ နိုင်ငံထဲရှိ သရက်ဥယျာဉ်ထဲ၌ သီတင်းသုံးနေစဉ် သကျမင်းသားကြီး ခြောက်ဦးတို့သည် ဗုဒ္ဓ ထံလာ၍ သံဃာ့ဘောင်သို့ဝင်ရောက်ခဲ့ကြ၏ဟု ဖော်ပြခဲ့၏။ စာရှုသူတို့၏ မှတ်မိမှုကို အားဖြည့်ပေးရန်အလို့ငှာ သူတို့၏အမည်များကို ဤနေရာ၌ ထပ်၍ ဖော်ပြသင့်၏။ သူတို့ကား ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ္တတို့ဖြစ်၏။ သူတို့နှင့် အတူပင် သူတို့၏ဆတ္တာသည်ဖြစ်သူ ဥပါလိသည် သံဃာ့ဘောင်သို့ ဝင်ရောက်ခဲ့၏။

အရှင်ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ ဘဂု၊ ကိမိလနှင့် ဥပါလိတို့သည် ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်အတွင်းမှာ ရဟန္တာများဖြစ်သွားခဲ့ကြ၏။ အာနန္ဒာသည် ဗုဒ္ဓ မဟာပရိနိဗ္ဗာန် စံလွန် ပြီး (ကွယ်လွန်ပြီး)နောက်မှ ရဟန္တာဖြစ်လာခဲ့၏။ ဒေဝဒတ်ကား တစ်မဂ်မျှ မရခဲ့ချေ။ သူသည် မိမိအား တန်ခိုးအနည်းငယ်ကို ပြစေနိုင်သည့် စိတ်တန်ခိုးများကိုသာ ရခဲ့၏။

### ဆွဲဆောင်မှုတို့က ဒေဝဒတ်ကို ဖျက်ဆီးခြင်း

အရှင်ဒေဝဒတ်မှာ ရှေးဦးအစက အလိုဆိုးများမရှိခဲ့ချေ။ သို့ရာတွင် သူသည် အထူးသဖြင့် ဗုဒ္ဓအား ယေဘုယျအားဖြင့် ရဟန်းများအား မင်းများနှင့် ပြည်သူများက လေးနက် တည်ကြည်သော ယုံကြည်မှုထားရှိခြင်း၊ သူဌေးများ၊ သူဆင်းရဲများက အတိုင်းမသိ ရက်ရောစွာပေးလှူခြင်းတို့ကို မြင်သောအခါ အရှင်ဒေဝဒတ်မှာ အာဏာရှိပုဂ္ဂိုလ်တစ်ဦး ၏ အကူအညီဖြင့် တန်ခိုးအာဏာခမ်းနားမှု၊ စန်းပွင့်မှု၊ ကြီးပွားမှုရှိသည့်အဆင့်ကို တည်ဆောက်လိုသည့် အလိုဆိုးက အလွှမ်းမိုးခံခဲ့ရ၏။ ထို့ကြောင့် သူသည် မိမိ၏ ကောင်းသောရည်မှန်းချက်များကို သူ့အား သိမြင်နိုင်ရန်အလို့ငှာ ဗိမ္ဗိသာရမင်း၏ သားငယ် အဇာတသတ်ကို မိမိ၏ဩဇာအောက်သို့ရောက်လာစေရန် အားထုတ်ခဲ့၏။ သူသည် တန်ခိုးအနည်းငယ်ကိုပြ၍ မင်းသားငယ်က အလွန့်အလွန် နှစ်သက်ထင်းအားရ သွား၏၊ အကျိုးရလဒ်အနေဖြင့် မင်းသားငယ်သည် ဒေဝဒတ်၏ ဦးဆောင်မှုကို

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလေ၏။ ထိုအချိန်မှစ၍ မင်းသားငယ်သည် ဒေဝဒတ်အား မင်းသားဆိုင်ရာ လှူဖွယ်များကို သွန်ချပေးလှူလေ၏။ မင်းသား၏ မပြတ်လာရောက်မှုတို့က သူ့အား များစွာ စန်းထလာစေခဲ့၏။ မင်းသားနှင့်ဆက်နွှယ်သည့် နန်းတွင်းသူများ၊ အလုပ်အကျွေးများ၊ အရာထမ်းများ၊ ကုန်သည်များ စသည်တို့က မင်းသားခြေရာအတိုင်း စတင်လိုက်လာကြသော် ဒေဝဒတ်သည် အတော်ကြီးမားသည့် အုပ်စုကို ရရှိခဲ့၏။ သူသည် မင်းသား၏ဆရာတစ်ဦးအနေဖြင့် အရာရှိများကပြုပေးသည့် အရာဝတ္ထုများစွာကို ရနိုင်ခဲ့၏။ ဤအရာဝတ္ထုအားလုံး မင်းသား၏အလှူပစ္စည်းများ၊ စန်းထခြင်းနောက်လိုက်၊ တန်ခိုးအာဏာတို့ စုပေါင်းပြီး သူ့အား ပို၍ ရည်မှန်းချက်ကြီးလာစေခဲ့၏။ သူသည် အောင်မြင်မှုဖြင့် ယစ်မူးလာခဲ့၏။ သူသည် ဗုဒ္ဓကိုတော်လှန်ဖို့ စဉ်းစားလာခဲ့၏။ ထိုအခါမှစ၍ သူ့အား တန်ခိုးအနည်းငယ် ပြစွမ်းစေနိုင်သည့် စိတ်တန်ခိုးတို့သည် သူ့ကို စွန့်ခွာသွားခဲ့ကြ၏။

'ငါသည် သံဃာကို ဦးဆောင်အံ့'

တစ်နေ့သ၌ ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေ၏။ ရဟန်းများ၊ မင်းကြီး၊ လူဒါကာတို့သည် ရှိနေကြ၏။ ပထမဆုံးအခွင့်အခါ၌ အရှင်ဒေဝဒတ်သည် ထ၍ ဗုဒ္ဓအား အောက်ပါအတိုင်းလျှောက်လေ၏။

'အရှင်ဘုရား၊ အရှင်သည် အိုမင်းမစွမ်း၊ ချည့်နဲ့၊ အရွယ်ကောင်း လွန်သွားပါပြီ အရှင်သည် ယခု အရှင့်အရွယ်၏ နောက်ဆုံးပိုင်းသို့ရောက်နေပါပြီ အရှင်ဘုရား အရှင်သည် ယခု အနားယူပြီး ငြိမ်းအေးသည့် ဘဝနေသွားမှု၌ စူးစိုက်ရှုသင့်ပါ၏။ ရဟန်းသံဃာကို အကျွန်ုပ်အား လွှဲအပ်ပါ၊ အကျွန်ုပ်သည် ထိုသံဃာကို ဦးဆောင်ပါအံ့'

ဗုဒ္ဓက ဤသို့ပြန်လည်မိန့်ကြား၏။

'ဒေဝဒတ်၊ မသင့်၊ ရဟန်းသံဃာကို ဦးဆောင်ခြင်း၌ စိတ်မဝင်စားလင့်'

ဒေဝဒတ်သည် မိမိ၏ဖော်ပြချက်ကို ထပ်လျှောက်၍ ဗုဒ္ဓက ယခင် ပြန်စကားကိုပင် ထပ်ပြောလေ၏။

သို့ရာတွင် ဒေဝဒတ်က တတိယအကြိမ် မိမိ၏ ဖော်ပြချက်ကို ထပ်ပြောသော် ဗုဒ္ဓက ဤသို့ မြဲမြဲစွာ ပြန်ပြောလေ၏။

'ဒေဝဒတ်၊ ငါသည် သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့အားပင် ရဟန်းသံဃာကို လွှဲအပ်မည်မဟုတ်၊ ယုတ်မာသော၊ တံတွေးကဲ့သို့သောအရာများကို အသုံးပြုသော သင့်အား ထိုသံဃာကို အဘယ့်ကြောင့် ငါ လွှဲအပ်သင့်သနည်း'

ဤစကားကိုကြားသော် ဒေဝဒတ်သည် အလွန့် အလွန် နာကြည်းသွား၍ ပရိသတ်မှ ဖယ်သွားလေ၏။



ဒေဝဒတ် ဘာလုပ်မည်ကို ဗုဒ္ဓက သိ၏။ ထို့ကြောင့် သူသည် ဤကဲ့သို့ချိန်းတိုက်အလုပ်ကို လုပ်ဆောင်၏။ ဗုဒ္ဓသည် အောက်ပါအတိုင်း ဒေဝဒတ်ကို ဖော်ထုတ်ပြသည့် ဆုံးဖြတ်ချက်ကို ချမှတ်ရန် သံဃာအားညွှန်ကြားလေ၏။

'ယခုပစ္စုပ္ပန်ရှိ ဒေဝဒတ်သည် ရှေးအတိတ်က ဒေဝဒတ်မှ ကွဲပြားခြားနား၏။ သူသည် တစ်စုံတစ်ရာကို ပြုလုပ်ပြောဆိုလျှင် သူ့ဆန္ဒအရသာ ထိုသို့ ပြုလုပ်ပြောဆိုခြင်းဖြစ်၏။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့သည် သူပြုလုပ်ပြောဆိုတာအတွက် တာဝန်မရှိကုန်'

သံဃာသည် အထက်ပါဆုံးဖြတ်ချက်ကို လူအများသိအောင် ပြောကြားရန် အရှင်သာရိပုတ္တရာကို တညီတညွတ်တည်း တင်မြှောက်ကြ၏။ အရှင်သာရိပုတ္တရာသည် ရဟန်းများစွာခြံရံလျက် မြို့တော်၏ဗဟိုချက် နေရာများစွာသို့ကြွ၍ သံဃာ၏ညွှန်ကြားချက်များကို ဆောင်ရွက်လေ၏။ ဗုဒ္ဓ၏တရားတော်များကို ဆန့်ကျင်ကျော့ခိုင်းခဲ့သော ရဟန်းတစ်ပါးအား ဤဖော်ထုတ်ပြသည့်နည်းကို ပကာသနီယကံဟု ခေါ်၏။

## ဗုဒ္ဓနှင့် မင်းကြီးကို မကောင်းကြံမှုများ

နောက်မကြာမီပင် ဒေဝဒတ်သည် ဗိမ္ဗိသာရမင်းကြီး၏သား အဇာတသတ်ထံသို့ သွား၏။ သူသည် မင်းသားအား ဤသို့ပြောလေ၏။

'မင်းသား၊ ရှေးအခါက လူတို့သည် အသက်ရှည်ကြ၏၊ ယခုမူ အသက်တိုကြ၏၊ မင်းသားအဖြစ်ဖြင့် သင်သေနိုင်တာ ဖြစ်နိုင်၏။ ထို့ကြောင့် သင့်ဖခင်ကိုသတ်၍ ဘုရင်ဖြစ်လော့။ ငါသည် ဗုဒ္ဓကိုသတ်၍ ဗုဒ္ဓဖြစ်အံ့'

မင်းသားသည် မိမိ၏ခေါင်းဆောင်သည် သူ့အား တန်ခိုးဣဒ္ဓိများကိုပြစေနိုင်သည့် စိတ်တန်ခိုးများဆုံးရှုံးသွားပြီဟု မသိခဲ့ချေ။ မိမိ၏ခေါင်းဆောင်မှာ ထိုတန်ခိုးဣဒ္ဓိများ ရှိ၏ဟု သူ ယုံကြည်တုန်းပင်ရှိခဲ့၏။ ထို့ကြောင့် ဒေဝဒတ်သည် မိမိ၏ တန်ခိုးဣဒ္ဓိများဖြင့် ဖြစ်လာမည့်အရာများကို သိ၏ဟုထင်သောကြောင့် သူသည် ဒေဝဒတ်၏ အကြံပေးချက်ကို လက်ခံခဲ့၏။ သို့ရာတွင် သူသည် မင်းကြီးအခန်းထဲသို့ မဝင်ရောက်နိုင်မီမှာ မင်းကြီး၏ လုံခြုံရေးပုဂ္ဂိုလ်များက သံသယဖြင့် ဖမ်းဆီးခဲ့၏။ သူ့ကိုရှာဖွေသော် သူ့ပေါင်၌ချည်ထားသည့် ဓားတစ်ချောင်းကို တွေ့ရ၏။ ဒေဝဒတ်၏ အကြံပေးချက်အရ ဤကြံစည်မှုကို ပြုခဲ့၏ဟု သူ ဝန်ခံခဲ့၏။ ပကာသနီယကံအားဖြင့် ဒေဝဒတ်ကို အချိန်မီ ဖော်ထုတ်ပြခြင်းသာ မရှိခဲ့လျှင် ဗုဒ္ဓနှင့် ရဟန်းများလည်း ဤကြံစည်မှု၌ ပါဝင်ပတ်သက်ကြ၏ဟု လူအများက စောန်ယုံကြည်မှာ ဖြစ်နိုင်၏။

အဇာတသတ်က မိမိသည် ဘုရင်ဖြစ်လိုသောကြောင့် ဖခင်၏ အသက်ကို သပ်ကြံခဲ့ခြင်း ဖြစ်၏ဟု ဖခင်အား ဝန်ခံပြောကြား၏။ ဤစကားကိုကြားသော်

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် သူ့သားအလိုဆန္ဒအတိုင်း ချက်ချင်း ရာထူးလွှဲအပ်လေ၏။ ဒေဝဒတ်က မင်းသစ် (ဘုရင်သစ်)အား ဖခင်ကို အမြန်ဖျောက်ဖျက်ပစ်ရန် အကြံပေးခဲ့၏။ သူက မင်းသစ်အား သင်က သူ့ကို ဦးစွာ မဖျောက်ဖျက်လျှင် မကြာမီပင် ဖခင်က သင့်ကို ဖယ်ထုတ်ပစ်ပြီး ဖျောက်ဖျက်လိမ့်မည်ဟု ပြောကြား၏။ ထိုအခါ မင်းသစ်က ဖခင်မှာ မင်းသွေးပါရှိသောကြောင့် သူ့ကို လက်နက်များဖြင့် မသတ်နိုင်ဟု ထောက်ပြ၏။ ဒေဝဒတ်က သူ့ကို သေအောင် အစာငတ်ထားရန် အကြံပေး၏။ ဒေဝဒတ်၏အကြံပေးချက်နှင့်အညီ ဖခင်ကိုဖမ်းဆီးပြီး ထိုထောင်သားအား မည်သည့်အခြေအနေတွင်မှ အစာမကျွေးရန် တင်းကြပ်သည့် ညွှန်ကြားချက်များဖြင့် သံလှောင်အိမ်ထဲ ထည့်ထားလေ၏။

သို့ရာတွင် ဖခင်အတွက် ကံကောင်းထောက်မ၍ မင်းသည် မိခင်အား သံလှောင်အိမ်ထဲရှိ သူ့ကို တွေ့ခွင့်ပြုခဲ့၏။ သူမသည် မိမိ၏ အဝတ်များအောက်၌ ဖုက်ကာ အစာကို ယူလာခဲ့၏။ ဤနည်းဖြင့် ဖခင်သည် အတန်ကြာအောင် ဆက်နေနိုင်ခဲ့၏။ ထိုအချက်ကိုတွေ့ရှိသွားသော် သူမသည် မိမိ၏ဆံထုံးဖြင့် အစာကို ယူဆောင်သွားခဲ့ရ၏။ အတန်ကြာသော် ထိုအချက်ကိုတွေ့ရှိသွား၍ သူမသည် မိမိ၏ဖိနပ်များဖြင့် အစာကို ဖုံးသွားရ၏။ ထိုအချက်ကိုတွေ့ရှိသော် သူမသည် မိမိ၏ကိုယ်အထက်ပိုင်း၌ ပျားရည်ကို သုတ်လာ၍ လင်က ထိုပျားရည်ကို လျက်ရ၏။ ထိုအချက်ကိုတွေ့ရှိသော် သူမအား မိမိလင်ဆီကို နောက်ထပ်တစ်ကြိမ်သာ သွားရောက်ခွင့်ပြုခဲ့၏။ သို့ရာတွင် သူမအား မင်း၏အမိန့်များဖြင့် သံလှောင်အိမ်ထဲသို့ ဝင်ရောက်ခြင်းမှ တားမြစ်ခဲ့၏။

သူမသည် သံလှောင်အိမ်အပြင်ဘက်၌ရပ်လျက် သူမသည် မိမိပါးများမှ စီးကျသည့် မျက်ရည်များဖြင့် ဤသို့အလွန်စိတ်လှုပ်ရှားစဖွယ်ပြောဆိုလေ၏။ 'အရှင်မင်းကြီး သင်သည် ဤကျေးဇူးကန်းသားကို သူငယ်စဉ်က ဖျက်ဆီးပစ်ရန် အကျွန်ုပ်အား ခွင့်မပြုခဲ့၊ အသင်သည် မိမိ၏ ရန်သူကို မွေးမြူခဲ့၏။ အရှင်မင်းကြီး ဤကား အသင့်ထံ အကျွန်ုပ် နောက်ဆုံးလာခြင်းဖြစ်ပါ၏။ အသင့်ထံ နောက်တစ်ကြိမ်လာပြီး အရိုအသေ ပေးရန် အကျွန်ုပ်ကို ခွင့်ပြုတော့မည် မဟုတ်။ အရှင်မင်းကြီး၊ အကျွန်ုပ်သည် အသင့်အား တစ်နည်းနည်းဖြင့် ပြစ်မှားမိခဲ့လျှင် အကျွန်ုပ်အားကြင်နာသောအားဖြင့် ခွင့်လွှတ်ပါ'

စာရှုသူတို့အား သူမ၏စကားများကို နားလည်နိုင်စေရန်အလို့ငှာ ရှင်းလင်းချက် အချို့ကို ဤနေရာ၌ ပေးသင့်၏။ ထိုသား သန္ဓေတည်နေပြီးနောက် ခဏအကြာတွင် မိဖုရားကြီးမှာ မိမိလင်၏ ယာဘက်လက်မောင်းသွေး သောက်လိုသော အလွန်ထူးဆန်းသည့် တပ်မက်ခြင်း (ချင်ခြင်း) ရှိခဲ့၏။ ဤဟာသည် မကောင်းသည့် တပ်မက်ခြင်းဖြစ်သောကြောင့် သူမသည် ထိုကိုယ်ဝန်ကို တအားကုန်ဖိနှိပ်ချခဲ့၏။ ဤဖိနှိပ်ချမှုက သူမအား အလွန်နာမကျန်းဖြစ်မှုကို ဖြစ်ပေါ်စေခဲ့၏။ ထိုအခြေအနေမှာ မိဖုရားကြီး



ခြင်ရသော် မင်းကြီးသည် တုန်လှုပ်သွားခဲ့၏။ မကျန်းမာခြင်း၏အကြောင်းကို ပြောရမည်ဟူသော သူ၏ပြင်းထန်သည့်အမိန့်များအရ သူမက အမှန်ကိုပြောခဲ့ရ၏။ စိတ်သဘောကောင်းသည့် မင်းကြီးသည် သူမအား မိမိ၏သွေးကိုပေးခဲ့၏။ နန်းတွင်း ဗေဒင်ဆရာများကို တိုင်ပင်ကြည့်သော် သူတို့က ယင်းသည် မင်းကြီးအတွက် ဘေးဒုက္ခကို ကြိုပြောနေ၏ဟု ဆိုကြ၏။ သူတို့က မိဖုရားကြီးသည် ဖခင်ကိုသတ်မည့် သားကို မွေးဖွားလိမ့်မည်ဟု ပြောရန် မြုပ်မထားခဲ့ပေ။ ဤအချက်ကိုကြားရသော် မိဖုရားကြီးသည် မိမိလင်၏ ရန်သူကို ဖျောက်ပစ်ရန် ဆုံးဖြတ်ခဲ့၏။ သူမသည် မင်းဥယျာဉ်သို့ မကြာခဏသွားပြီး ထိုနေရာ၌ အလွန် ကျွမ်းကျင်သည့် ဝမ်းဆွဲမများ၏ အကူအညီဖြင့် ကိုယ်ဝန်ပျက်ကျအောင် အစွမ်းကုန်အားထုတ်ခဲ့၏။ မင်းကြီးသည် ဤအချက်ကို သိရှိသော် ချက်ချင်းပင် ထိုအမှုကိုရပ်စေပြီး ကိုယ်ဝန်ကိုဖျက်ချဖို့ သူမ၏ အကြံအစည်များမှ ဟန့်တားရန်အလို့ငှာ သူမကို သတိကြီးစွာဖြင့် စောင့်ကြပ်ထားလေ၏။ သားဖွားမြင်သော် သူသည် သတ်ပစ်ခြင်းမှ ကာကွယ်ရန်ယုံကြည်ရသည့် အစောင့်များကို ချထား၏။ ထို့ကြောင့်ပင် သူမ၏လင်ထံ နောက်ဆုံးနှုတ်ဆက် သွားရသည့်အချိန်၌ သူမ၏ စိတ်လှုပ်ရှားစဖွယ် စကားများထွက်လာရခြင်း ဖြစ်၏။

ထို့နောက် မင်းကြီးသည် မကြာခဏ ဖလသမာပတ် ဝင်စားခြင်းဖြင့် မိမိကိုယ် (အသက်)ကို ထိန်းထားနိုင်ခဲ့၏။ (မဂ်ဉာဏ်တစ်ပါးပါးရပြီးသောပုဂ္ဂိုလ်သည် ထိုဖလသမာပတ်ကို ရရှိနိုင်၏။ ယင်းသည် စိတ်ငြိမ်သက်မှုမျိုး ဖြစ်၏။ ယင်းကို ဝေ့ဂင်လမ်း အတွဲထဲ၌ အပြည့်အစုံ ဖော်ပြပါမည်။) ကြားအားလပ်ချိန်၌ သူသည် ကိုယ်လက်လျှော့ရန် လှောင်အိမ်ထဲ၌ လမ်းလျှောက်ခဲ့၏။ ဖခင်သည် အသက်ရှင်တုန်းပဲဟု သိလာသည့်အခါ မင်းကြီးသည် သူ့ကို လမ်းလျှောက်ခြင်းမှတားမြစ်ဖို့ သူ့ခြေဖဝါးများကို ခွဲဖွင့်ရန် ဆတ္တာသည်တစ်ဦးကို စေလွှတ်လေ၏။

အစာငတ်ခြင်းနှင့် ခြေထောက်များကဒဏ်ရာသည် ဘုရင်ဟောင်းအတွက် များလွန်းလှ၏။ သူသည် မကြာမီ စုတေသွား၏။ သို့ရာတွင် သူသည် မသေမီမှာ အားလုံးအတွက်မေတ္တာထားခြင်း၊ ဘယ်သူ့အတွက်မှ ရန်ငြိုးမထားခြင်းဖြင့် ဤသို့ သီဆိုနိုင်ခဲ့၏။ 'ဗုဒ္ဓ၏ ဂုဏ်တော်တို့ကား အံ့ဖွယ်ရှိစွ၊ ဓမ္မ၏ ဂုဏ်တော်တို့ကား အံ့ဖွယ်ရှိစွ၊ သံဃာ၏ ဂုဏ်တော်တို့ကား အံ့ဖွယ်ရှိစွ'။

## ဗုဒ္ဓ၏အသက်ကို လုပ်ကြံခြင်းများ

...လုပ်ကြံမှုအတွက် အဓာတသတ်မင်းထံမှ လူသတ်သမား ၁၅ ဦးထံမှ ...သည် ...ကိုသတ်ရန် ဗုဒ္ဓသီတင်းသုံးနေသည့် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တစ်ဦးကို...လိုက်၏။ ...သည် ပထမလူသတ်သမားအား သူ့အလုပ်ပြီးဆုံးပြီးနောက် တော...ပြန်အလာတွင်

www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်ရန် ပထမအဆင့်၌ လူသတ်သမားနှစ်ဦးကို ချထား၏။ သူသည် ထိုလူသတ်သမား နှစ်ဦးအား ပထမ လူသတ်သမားကိုသတ်ပြီးနောက် ပထမအဆင့်မှ ပြန်အလာ တွင် သတ်ပစ်ရန် ဒုတိယအဆင့်၌ လူသတ်သမား လေးဦးကိုချထား၏။ သူသည် ထိုလူသတ်သမားလေးဦးအား ဒုတိယလူသတ်သမားနှစ်ဦးကို သတ်ပစ်ရန် တတိယ အဆင့် လူသတ်သမား ရှစ်ဦးကို ချထား၏။ ပထမလူသတ်သမားသည် ဗုဒ္ဓကို မသတ် ဖြစ်ခဲ့ချေ။ သူသည် ဗုဒ္ဓကို မြင်သောအခါ ကြောက်စိတ်ဖြင့် ကြက်သေ သေနေ ဖြစ်သွား၏။ ဗုဒ္ဓသည် သူ့ကိုလာရန် ဖိတ်ခေါ်၏။ လူသတ်သမားသည် ဓား၊ လေးမြား တို့ကို စွန့်ပစ်ပြီး ရှေ့တိုးလာ၏။ သူသည် သင့်လျော်သည့်နေရာ၌ ထိုင်နေသော် ဗုဒ္ဓက သူ့အား တရားဟော၏။ ထိုတရား၏အဆုံး၌ လူသတ်သမားသည် ပထမမဂ်ကို ရသွား၏။ ဗုဒ္ဓက သူ့အား အခြားလမ်းဖြင့်ပြန်ရန် ပြောကြား၏။

ပထမလူသတ်သမားသည် ကြာမြင့်ပြီး ရောက်မလာသော် ပထမအဆင့်ရှိ လူသတ်သမားနှစ်ဦးတို့သည် ဗုဒ္ဓထံရောက်သွားသည်အထိ သူ့အား ဘာဖြစ်နေသည်ကို သိမြင်ရန် သွားကြ၏။ ဗုဒ္ဓ၏ တရားတော်ကို ကြားနာရပြီးနောက် သူတို့လည်း ပထမမဂ်ကို ရသွားကြ၏။ ဤနည်းအားဖြင့် ဒုတိယနှင့် တတိယအဆင့်များရှိ လူသတ်သမားတို့သည် ပထမမဂ်ကိုရသွားခဲ့ကြ၏။

ပထမလူသတ်သမားသည် ဗုဒ္ဓကိုမသတ်နိုင်ခဲ့ဟု သတင်းပို့ရန် ဒေဝဒတ်ထံ သွားသော် ဒေဝဒတ်က ကောင်းပြီ၊ ဒါကို ငါကိုယ်တိုင်လုပ်မည်ဟု တိုတိုပဲ ပြန်ပြော လိုက်၏။ တစ်နေ့သ၌ ဗုဒ္ဓသည် ဂိဇ္ဈကုဋ်တောင်နံဘေး၌ လမ်းလျှောက်နေစဉ် ဒေဝဒတ်သည် ဗုဒ္ဓအပေါ်သို့ ကျောက်တုံးကြီးတစ်ခုကို လှိမ့်ချလိုက်၏။ ဗုဒ္ဓသည် သေလောက်သည့်ဒဏ်ရာမှ အံ့သြဖွယ် လွတ်မြောက်သွားခဲ့၏။ ထိုကျောက်တုံး ကျောက်လွှာစကလေးသာ ဗုဒ္ဓခြေမပေါ်၌ ဒဏ်ရာငယ်တစ်ခုကိုဖြစ်စေခဲ့၏။ ရဟန်း တို့သည် ဗုဒ္ဓကို ဇေတဝန်ကျောင်းသို့ ဆောင်ယူသွားကြ၏။ ထိုနေရာ၌ ဗုဒ္ဓ၏ မိမိ၏ ကိုယ်ရေးသမားတော် ဇီဝကက ကုသပေးခဲ့၏။

ဗုဒ္ဓ၏အသက်ကို ဤလုပ်ကြံသည့်သတင်းသည် တောမီးကဲ့သို့ တစ်မြို့လုံး ပျံ့နှံ့ သွား၏။ အနီးအဝေးမှရဟန်းတို့သည် ဗုဒ္ဓကို နောက်ထပ် လုပ်ကြံခြင်းများ ကာကွယ်ရန် ဇေတဝန်ကျောင်းသို့ စုဝေးရောက်လာကြ၏။ သူတို့သည် အုပ်စုများဖွဲ့ ဖွဲ့ကာ ကျောင်းကို ဝန်းရံထားပြီး ဗုဒ္ဓ၏ တရားတော်များကို ရွတ်ဆိုကြ၏။ ဗုဒ္ဓ သူတို့အား စုဝေးရန်ပြောကြားပြီး ဤသို့ မိန့်ဆိုလေ၏။

'အဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္က မေ န
တထာဂတံ ဇီဝိတာ ဝေါရောပေယျ အနုက္က မေ န
ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာ ယိသန္တိ'



(ရဟန်းတို့၊ ဗုဒ္ဓကိုသတ်ခြင်းသည် ဘယ်တော့မှ မဖြစ်နိုင်သည့် အမှုဖြစ်၏။ ဗုဒ္ဓတို့သည် သဘာဝအတိုင်းသာ ကွယ်လွန်ကြလိမ့်မည်။)

ဤတရားတိုကို ဟောပြီးသော် ဗုဒ္ဓက ရဟန်းတို့အား ဤသို့ စနစ်ကျသော တရားတစ်ပုဒ်ကို ဟောလေ၏။

'ရဟန်းတို့၊ ဆရာငါးမျိုး ရှိ၏။ ယင်းတို့ကား အောက်ပါအတိုင်းဖြစ်၏။

၁။ ပထမဆရာသည် မိမိမှာ သီလ (မမှန်သောအရာကို ပြုလုပ်ပြောဆိုခြင်းမှ ရှောင်ရန် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်မှု)မရှိဟု သိသော်လည်း ရှိဟန်ဆောင်သည့် ဆရာမျိုး ဖြစ်၏။

၂။ ဒုတိယဆရာကား မိမိမှာ သန့်ရှင်းသည့် အသက်မွေးမှု မရှိဟု သိသော်လည်း ရှိဟန်ဆောင်သောဆရာမျိုး ဖြစ်၏။

၃။ တတိယဆရာကား မိမိမှာ သန့်စင်သည့် တရားတော်ကို ဟောကြားရန် အစွမ်းသတ္တိမရှိဟု သိသော်လည်း ရှိဟန်ဆောင်သောဆရာမျိုး ဖြစ်၏။

၄။ စတုတ္ထဆရာကား ဘယ်အရာသန့်စင်သည်ဟု ပြောနိုင်သည့် အသိဉာဏ်မရှိဟု သိသော်လည်း ရှိဟန်ဆောင်သောဆရာမျိုး ဖြစ်၏။

၅။ ပဉ္စမဆရာကား အရိယသစ္စာလေးပါးကို သိနိုင်သည့် ဉာဏ်အမြင် မရှိသော်လည်း ရှိဟန်ဆောင်သောဆရာမျိုး ဖြစ်၏။'

'ရဟန်းတို့၊ သူတို့၏တပည့်များသည် မိမိတို့ဆရာများ၏ ဤအပြစ်များကို တွေ့ရှိသော်မှလည်း ယင်းတို့နှင့်ပတ်သက်၍ ဆိတ်ဆိတ်နေခဲ့ကြ၏။ ဤတပည့်တို့သည် ဤဆရာများထံမှ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အသွင်ဖြင့် အကူအညီကိုရရှိသော ကြောင့် ဖြစ်၏။ ဤနည်းအားဖြင့် ဆရာများနှင့် သူတို့၏ တပည့်များသည် အချင်း ချင်းကို ကူညီကြ၏။

'ရဟန်းတို့၊ ယင်းသည် တပည့်များက ကူညီပေးသင့်သည့် ထိုကဲ့သို့သော ဆရာမျိုးသာ ဖြစ်၏။ ဤဆရာတို့သည် သဘာဝအားဖြင့် မိမိတို့၏တပည့်များမှ အကူအညီကို မျှော်လင့်ကြ၏။

'ရဟန်းတို့၊ သို့ရာတွင် ဗုဒ္ဓသည် မိမိမှာ တကယ်သီလရှိသောကြောင့် သီလ ရှိ၏ဟု ဝန်ခံ၏။

'ဗုဒ္ဓသည် မိမိမှာ သန့်ရှင်းသော အသက်မွေးမှု တကယ်ရှိသောကြောင့် ရှိ၏ဟု ဝန်ခံ၏။

'ဗုဒ္ဓသည် မိမိမှာ သန့်စင်သည့်တရားတော်ကို ဟောကြားနိုင်စွမ်း တကယ်ရှိသော ကြောင့်ကို အစွမ်းရှိ၏ဟု ဝန်ခံ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓသည် မိမိမှာ သန့်စင်သည့်အရာကို ပြောနိုင်သည့် အသိဉာဏ်တကယ်ရှိသော ကြောင့် ထိုအသိဉာဏ်မျိုး ရှိ၏ဟု ဝန်ခံ၏။

'ဗုဒ္ဓသည် မိမိမှာ အရိယသစ္စာလေးပါးကို သိမြင်နိုင်သည့် ဉာဏ်အမြင် တကယ် ရှိသောကြောင့် ယင်းဉာဏ်မျိုး ရှိ၏ဟု ဝန်ခံ၏။

'ထို့ကြောင့် ဗုဒ္ဓသည် မိမိ၏ မည်သည့်တပည့်များထံမှ အကူအညီကို မလိုချေ။ မိမိတပည့်များထံမှ အကူအညီကိုလည်း မိမိမမျှော်လင့်။

'ရဟန်းတို့၊ ငါ ထပ်ပြောမည်၊ ဗုဒ္ဓကိုသတ်ခြင်းသည် ဘယ်တော့မှ မဖြစ်ပေါ်မည့် အမှုမျိုးဖြစ်၏၊ ဗုဒ္ဓတို့သည် သဘာဝအတိုင်းသာ ကွယ်လွန်ကြ၏။

'ရဟန်းတို့၊ သင်တို့၏အသီးသီးသော ကျောင်းများသို့ ပြန်သွားကြလော့'

ဗုဒ္ဓတို့သည် မိမိတို့၏ လုံခြုံမှုအတွက် တစ်ပါးသူတို့၏ အကာအကွယ်ကို လိုသည့် ပုဂ္ဂိုလ်များ မဟုတ်ကုန်။

## နောက်တစ်မျိုး လုပ်ကြံမှု

ဒေဝဒတ်သည် ဗုဒ္ဓကိုသတ်ရန် လက်နက်စွဲ လူသတ်သမားကို စေလွှတ်ခြင်းနှင့် ဗုဒ္ဓ အပေါ်သို့ ကျောက်တုံးကိုပစ်ချခြင်း ဟူသော မိမိလုပ်ကြံမှုနှစ်ခု မအောင်မြင်ခဲ့သော် လည်း ရဲတင်းတုန်းပင်ရှိ၏။ သူသည် နောက်လုပ်ကြံမှုတစ်မျိုးလုပ်သေးရန် စိတ်ညွှတ် နေ၏။ ထို့ကြောင့် သူသည် မင်းထံသွား၏။ သူ၏ တောင်းခံချက်အရ မင်းသည် ဘုရင့်ဆင်ထိန်းကိုဆင့်ခေါ်ပြီး သူ့အား ဤညွှန်ကြားချက်များပေးလေ၏။

၁။ 'ဆင်ထိန်း၊ သင်သည် နက်ဖြန်နံနက်မှာ နာဠာဂီရိဆင်ကို ဒိဂရီအပြည့် မူးအောင် လုပ်ရမည်။

၂။ 'နက်ဖြန် ဂေါတမဗုဒ္ဓ မြို့ထဲဝင်လာသည့်အခါ သူ့ဆီသို့လွှတ်လိုက်'

ဤအဆင့်၌ ဒေဝဒတ်က ဤသို့ ကြားဝင်ပြော၏။

'ဆင်ထိန်း၊ နာဠာဂီရိဆင်သည် နေ့စဉ် အရက်ဘယ်နှပုလင်း သောက်သနည်း'

'ရှစ်ပုလင်းပါ ဘုရား'

'နက်ဖြန် သူ့ကို ၁၆ ပုလင်း ပေးလော့၊ ရဟန်းဂေါတမသည် မြို့ထဲဝင်လာသော် သူ့ဆီသို့ ဆင်ကို လွှတ်လိုက်လော့'

'ကောင်းပါပြီ ဘုရား၊ ဒီအတိုင်းပြုပါမည်'

သို့ရာတွင် သူသည် မိမိ၏စီမံချက်ကို မလွဲမသွေ ဆောင်ရွက်သည်ကို တွေ့မြင် လိုသောကြောင့် နန်းတော်မှ သူထွက်သွားသည့်အခါ ဘုရင့်ဆင်တင်းကုပ်သို့ သွားလေ ၏။ ထိုနေရာ၌ သူသည် ဆင်ထိန်းအကြီးအကဲနှင့် သူ၏လက်အောက်ခံများကို ဆင့်ခေါ်၍ ဤသို့ လေးနက်စွာ ပြောထား၏။



'ဆင်ထိန်းတို့၊ ငါသည် မင်း၏ ဂုရု (ဆရာ)ဖြစ်၏ဟု သင်တို့ အလွန် ကောင်းစွာ သိ၏။ ငါ့မှာ မင်း၏ဆရာအဖြစ်ဖြင့် သင်တို့အား ရာထူးတိုးပေးနိုင်၊ ရာထူးချပစ်နိုင် သည့် အာဏာရှိ၏။ သင်တို့သည် ရာထူးတိုးမှုကိုအလိုရှိလျှင် ယခု ငါပြောသည့် အတိုင်း လုပ်ကြလော့၊ နက်ဖြန် နံနက်စောစော သင်တို့သည် နာဠာဂီရိ ဆင်အား အရက် ၁၆ ပုလင်းကို တိုက်ကျွေးရမည်။ ရဟန်းဂေါတမသည် မြို့ထဲသို့ဝင်လာသော် ဆင့်နားရွက်များ၏နောက်ဘက်ရှိ နေရာကို ပြင်းထန်စွာ ရိုက်ခြင်းဖြင့် လည်းကောင်း၊ သူ၏ကိုယ်ကို လှံများနှင့်ထိုးခြင်းဖြင့်လည်းကောင်း သူ့ကို ဒေါသဖြင့် ရိုင်းစိုင်းအောင် လုပ်ကြလော့။ ဆင်သည် အမျက်ဒေါသဖြင့် တံခါးကိုခွဲဖွင့်ပြီး ရဟန်းဂေါတမဘက်သို့ အလွန်ရိုင်းစိုင်းစွာ ထွက်သွားသည့်အထိ ဒါကို သင်တို့ လုပ်ရမည်'

'ကောင်းပါပြီဘုရား၊ ဒါကို လုပ်ပါမည်'

ကြံစည်မှုသတင်းသည် မြို့တစ်လျှောက်လုံး တောမီးကဲ့သို့ပျံ့နှံ့သွား၏။ တပည့် ဒကာ များစွာတို့သည် နောက်နေ့မှာ မြို့ထဲသို့ ဆွမ်းခံမထွက်ရန် ဗုဒ္ဓအားပန်ကြားကြ၏။ သူတို့က ဗုဒ္ဓနှင့် ရဟန်းများအတွက် ကျောင်းသို့ မိမိတို့ ဆွမ်းကို ယူလာပါမည်ဟု လျှောက်ကြ၏။ ဗုဒ္ဓသည် ကျောင်းသို့ယူလာမည့်ဆွမ်းနှင့် ပတ်သက်၍ ဘာမှမပြောချေ။ ထို့ကြောင့် ထိုတပည့်ဒကာတို့က မိမိတို့ ဆွမ်းကို ဗုဒ္ဓလက်ခံမည်ဟု သိကြ၏။ သို့ရာ တွင် ဗုဒ္ဓက မိမိသည် ဂါထာတို့နှစ်ခုရွတ်ဆိုခြင်းဟူသော အလွန်အရေးကြီးသည့် အကြောင်းတစ်ခုကြောင့် မြို့ထဲသို့ ကေန်သွားရမည်ဟု မိန့်ကြား၏။ ဤဂါထာတို့က နာဠာဂီရိကို ယဉ်ကျေးစေပြီး ပွဲကြည့်သူများစွာတို့အား အကျိုးရှိစေလိမ့်မည်။ ဗုဒ္ဓက မြို့တော်ပတ်လည် ပျံ့နှံ့တည်ရှိသည့် ကျောင်း ၁၈ ကျောင်းမှ သံဃာများကို နောက် တစ်နေ့ မြို့ထဲသို့ ဗုဒ္ဓကြွသည့်အခါ ပူးပေါင်းလိုက်ပါဖို့ အကြောင်းကြားလော့ဟု အရှင်အာနန္ဒာအား မိန့်ကြားလေ၏။

မြို့သားများစွာတို့သည် ထွက်လာကြ၏။ ပရိသတ်ထဲ၌ ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓဘာသာ ဆန့်ကျင်သူများဟူသော အုပ်စုနှစ်ခု ပါရှိကြ၏။ ဗုဒ္ဓဘာသာဝင်တို့က နာဠာ ဂီရိဆင်အား ဗုဒ္ဓကဆုံးမသည့် တန်ခိုးဣဒ္ဓိကို မိမိတို့မြင်ရမည်ဟု လုံးဝ သေချာစွာ သိကြ၏။ သို့ရာတွင် ဗုဒ္ဓဘာသာဆန့်ကျင်သူတို့ကမူ တစ်မျိုးထင်ကြ၏။ သူတို့အမြင် နာဠာ ဂီရိသည် ဗုဒ္ဓနှင့် လူတို့ကို မကြောက်ရွံ့သည့် ကြောက်မက်ဖွယ်တိရစ္ဆာန်ဖြစ်၏။ ထိုဆင်သည် ရဟန်းဂေါတမ၏ ပျက်စီးလွယ်သော ခန္ဓာကိုယ်ကို ကေန် ဖျက်ဆီးပစ်လိမ့်မည်။ ရန်သူ တို့သည် မိမိတို့၏ရန်သူ ကြေမွပြီး ရှုံးသွားတာကို ကေန် မြင်ရလိမ့်မည်။

ဗုဒ္ဓနှင့် ရဟန်းများ ဆင်တင်းကုပ်အနီးသို့ရောက်လာသော် နာဠာဂီရိသည် တံခါးကို ခွဲဖွင့်ပြီး ဗုဒ္ဓဆီသို့ ဖြောင့်ဖြောင့်သွားလေ၏။ ဗုဒ္ဓမှ ကိုက်အနည်းငယ်အတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ဦးသည် မိမိလက်ထဲမှ ကလေးနှင့်အတူရပ်နေ၏။ သူမသည် ထိုတိရစ္ဆာန်ကို မြင်သော် အလွန့် အလွန် ကြောက်လန့်ပြီး မိမိအသက်အတွက် ပြေးလေ၏။ ဤ လှုပ်ရှားနေသည့်ရုပ်သွင်သည် ဆင်၏အာရုံကို ဆွဲဆောင်သဖြင့် ဆင်သည် သူမနောက် သို့ ပြေးလိုက်လေ၏။ မိခင်သည် ခြေလှမ်းအနည်းငယ်သွားပြီးသော် မိမိ၏သားကို ချခဲ့ပြီး ဒုန်းစိုင်းပြေးလေ၏။ သူမသည် ထိုဆင်မိလောက်ရာမှ လွတ်ပြေးသွားသောအခါ ဆင်သည် သားဆီသို့ပြန်လှည့်သွား၏။ ထိုအချိန်၌ ဗုဒ္ဓသည် အမျက်ထွက်နေသည့် ဆင်အပေါ်၌ မိမိ၏မေတ္တာကို ရှုပွားကာ အလွန်ညက်ညောသာယာသည့် အသံဖြင့် ဤသို့ ဆိုလေ၏။

'နာဠာဂီရိ၊ သင်၏ ဆင်ထိန်းတို့က သင့်အား အရက် ၁၆ ပုလင်း တိုက်ထားခဲ့ သည်မှာ သူတစ်ပါးတို့ကို သတ်ဖို့မဟုတ်၊ ငါ့ကိုသတ်ဖို့ ဖြစ်၏၊ လမ်းဖြတ်ကူးသူ တို့အား မလိုအပ်သည့် ဒုက္ခကို မပေးလင့်၊ ငါ့ထံသို့ ဖြောင့်ဖြောင့်လာလော့'

မေတ္တာစာတ်ဖြင့် ရောယှက်နေသည့် ဤချိုသာသည့်စကားသံတို့က နာဠာဂီရိ၏ မူးယစ်ခြင်းမှ လှုပ်ခါပစ်လိုက်၏။ ထိုဆင်သည် ခဏမျှ ဗုဒ္ဓကို စိုက်ကြည့်၏။ ထို့ကြောင့် အမျက်ထွက်နေသည့် တိရစ္ဆာန်သည် ဗုဒ္ဓ၏ကြီးမြတ်သည့် ဥပမိရုပ်က သူ့ကို ပြောင်းလဲပစ်လိုက်သကဲ့သို့ ညွတ်ကျိုးကျိုး သိမ်မွေ့သွားလေ၏။ နာဠာဂီရိသည်ဦးညွတ် ကာ ဗုဒ္ဓဆီသို့ဖြည်းညင်းစွာလာပြီး ဗုဒ္ဓ၏ရှေ့မှာ ဒူးတုပ်လေ၏။ ဗုဒ္ဓက သူ့အား ဤသို့ မိန့်ကြား၏။ 'နာဠာဂီရိ၊ ယခုမှစ၍ နောင်တွင် ကြမ်းတမ်းသူမဖြစ်လင့်၊ သူသတ်သမား မဖြစ်လင့်၊ သတ္တဝါအားလုံးအတွက် ချစ်ခင်လေးစားရန် အစွမ်းကုန် ကြိုးစားလော့'

ဗုဒ္ဓသည် နာဠာဂီရိ၏ ဦးခေါင်းကို မိမိ၏ ညာလက်ဖြင့်ထိကာ ဂါထာ နှစ်ပုဒ်ကို ရွတ်ဆို၏။ ယင်းတို့သည် ဤသို့ဆိုလို၏။

နာဠာဂီရိ၊ မမှန်တာကို ဘယ်တော့မှမလုပ်လင့်၊ ဗုဒ္ဓကိုသတ်ဖို့ ရည်ရွယ်စိတ်ဖြင့် ဘယ်တော့မှ မလာလင့်။ နာဠာဂီရိ၊ ဗုဒ္ဓကိုသတ်ဖို့ ရည်ရွယ်စိတ်ဖြင့် ချဉ်းကပ်ခြင်းသည် ဒုက္ခ၏အကြောင်းရင်းဖြစ်သည့် မကောင်းမှုဖြစ်၏။ နာဠာဂီရိ၊ ဗုဒ္ဓကို သတ်လို (ဖ) ညှဉ်းဆဲလိုသည့် ဆန္ဒရှိသောသူသည် သေလွန်သော် လူသား (ဝါ) နတ်အဖြစ်ဖြင့် ပျော်ရွှင်စွာ ပင်္ဂသန္ဓေနေရဖို့ ဘယ်တော့မှ အခွင့်အလမ်းအနည်းငယ်မျှ ရရှိမည်မဟုတ်။

'နာဠာဂီရိ၊ မထောင်လွှားလင့်၊ ကုသိုလ်ကမ္မပထတရား ၁၀ ပါးကို မမေ့ထား၊ ယင်းတို့ကို 'မေ့သောသူတို့သည် သေလွန်သော် လူနတ်အဖြစ်ဖြင့် ဘယ်တော့မှ ပဋိသန္ဓေ မနေရချေ။ သင်သည် ဤကုသိုလ်ကမ္မပထတရား ၁၀ ပါးကို စောင့်ထိန်း လျှင် လူ နတ်အဖြစ်ဖြင့် ပဋိသန္ဓေနေရလိမ့်မည်။ ယင်းတို့ကို သင်ကိုယ်တိုင် စောင့် ထိန်းဖို့ အရေးကြီး၏'



[ကုသိုလ် ကမ္မပထတရား ၁၀ ပါးတို့ကား ဤသို့ ဖြစ်၏။]

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ခြင်း၊

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ခြင်း၊

၃။ သူ့သားမယားကို ကျူးလွန်ခြင်း၊ သေအရက်သောက်ခြင်းကဲ့သို့ မမှန်သောနည်း တို့ဖြင့် မိမိကာမဂုဏ်ဆန္ဒများကို ကျေနပ်အောင်လုပ်ခြင်းမှ ရှောင်ခြင်း၊

(ဤသိက္ခာပုဒ်သုံးပါးကို ကိုယ်ခန္ဓာဆိုင်ရာ သန့်ရှင်းမှုရဖို့ စောင့်ထိန်းရ၏။)

၄။ မုသားစကားများကိုပြောဆိုခြင်းမှ ရှောင်ခြင်း၊

၅။ တစ်ဦးနှင့်တစ်ဦးကို ကုန်းတိုက်ခြင်းမှ ရှောင်ခြင်း၊

၆။ ကြမ်းတမ်းသည့်စကားများကို သုံးစွဲခြင်းမှ ရှောင်ခြင်း၊

၇။ အကျိုးမရှိသည့်စကားများကို ပြောဆိုခြင်းမှ ရှောင်ခြင်း၊

(ဤသိက္ခာပုဒ်လေးပါးကို နှုတ်ဆိုင်ရာ သန့်ရှင်းမှုရရှိဖို့ စောင့်ထိန်းရ၏။)

၈။ ဥစ္စာ၊ မယား၊ လင်၊ ရာထူး၊ ကျော်စောမှု စသည်ကဲ့သို့ သူတစ်ပါးတို့နှင့် ဆိုင်သည့် အရာများကို ရလိုသည့်အလိုဆိုးကို မွေးမြူခြင်းမှ ရှောင်ခြင်း၊

၉။ သူတစ်ပါးတို့ကို နှိပ်စက်၊ သတ်ဖြတ်၊ ဖျက်ဆီးလိုသည့်အလိုဆိုးကို မွေးမြူခြင်းမှ ရှောင်ခြင်း၊

၁၀။ မမှန်သည့်အယူများကို လက်ခံခြင်းမှ ရှောင်ခြင်း၊

(ဤသိက္ခာပုဒ်သုံးပါးကို စိတ်ဆိုင်ရာ သန့်ရှင်းမှုရဖို့အတွက် စောင့်ထိန်းရ၏။)

ထိုဂါထာတို့သည် နာဠာဂီရိကို ဆုံးမသည့်အပြင် ပွဲကြည့်သူ မြောက်မြားစွာ တို့ကိုလည်း အကျိုးရှိစေခဲ့၏။

## ဒေဝဒတ်၏ စီမံချက်အသစ်

ဒေဝဒတ်သည် မိမိနောက်ဆုံးအားထုတ်မှု အချည်းနှီးဖြစ်ပြီးနောက် အလကား ထိုင်မနေ ခဲ့။ ဗုဒ္ဓ၏အသက်အပေါ် သူ၏ လုပ်ကြံမှုတို့သည် မိမိအပေါ်ပြန်ကျရောက်သည့် ...တ်နက်အဖြစ်ဖြင့် ကျေးဇူးပြုလာခဲ့၏။ အကြောင်းကား လူတို့က ဤသို့ စဉ်းစား ...နေသောကြောင့်တည်း။ အဇာတသတ်အား သူ့ဖခင်ကို သတ်အောင်လှုံ့ဆော်ခဲ့ ...ား ဒေဝဒတ်ဖြစ်၏။ မင်းအား ဗုဒ္ဓကိုသတ်ရန် လူသတ်သမားများကို စေလွှတ် ...င် လှုံ့ဆော်ခဲ့သူလည်း ဒေဝဒတ်ပင် ဖြစ်၏။ ဗုဒ္ဓကိုသတ်ရန် အရက်မူးဆင်ကို ...ာ်အောင် မင်းအား လှုံ့ဆော်ခဲ့သူလည်း ဒေဝဒတ်ပင်ဖြစ်၏။ ထိုသူသည် ...ယ်ကို ဒီလုပ်ယုတ်အောက်၌ အဘယ်ကြောင့် ထိုမျှလောက် နစ်မြုပ်ခဲ့သနည်း။ ...ဘားချက်က ပြည်သူတို့အား မင်းအပေါ် ကြီးစွာအမျက်ထွက်စေခဲ့၏။ မင်းသည်

www.burmeseclassic.com



ဤအကြောင်းကိုသိလာသော အလွန့် အလွန် တုန်လှုပ်သွားခဲ့၏။ ထို့ကြောင့် သူသည် ချက်ချင်းပင် ဒေဝဒတ်ကို အဆက်ဖြတ်လိုက်၏။ မင်း၏ ကပ်စား မြှောက်စား ကလည်း မိမိတို့၏မင်းသည် ဒေဝဒတ်အား ထောက်ပံ့မှုကို ရုပ်သိမ်းလိုက်ပြီဟု သိ သော် ဒေဝဒတ်ကို အဆက်ဖြတ်ကြ၏။ ဒေဝဒတ်သည် အသက်ရှင်နေရန် ဆွမ်းအလှူ အလောက် မရတော့ချေ။ ထို့ကြောင့် သူသည် မိမိ၏ ရှေးကရှိခဲ့သည့် တန်ခိုးကြီးအဆင့် ပြန်လည်ရရန် စတန့်သစ်တစ်ခုကို ချစဉ်းစားရပေမည်။

တစ်နေ့သ၌ သူသည် ကောကာလိကရဟန်း၊ ကဋမောဒက၊ တိဿရဟန်း သမုဒ္ဒဒတ္တရဟန်းဟူသော မိမိ၏လက်ထောက် လူဆိုးမိုလ်သုံးဦးကို တွေ့မြင်၍ သူတို့အား မိမိ၏ စီမံချက်အသစ်ကို ရှင်းပြ၏။ ထိုစီမံချက်အသစ်မှာ အဆင့်လေးဆင့် ပါဝင်၏။ ပထမကား ဗုဒ္ဓကပယ်ချမည့်တောင်းဆိုချက်များကို မှုကြမ်းရေးရန်ဖြစ်၏။ ဒုတိယကား ဤတောင်းဆိုချက်များကို ပယ်ချပြီးနောက် ရဟန်းသံဃာကို ခွဲပစ်ရန် ဖြစ်၏။ စတုတ္ထကား ဤတောင်းဆိုချက်များကို လက်ခံသည့် သံဃာအပိုင်းကို သိမ်းပိုက်ရန်ဖြစ်၏။ ဒေဝဒတ်သည် ကိုယ်တိုင်ပင် ဤတောင်းဆိုချက်များကို အကြမ်း ရေးဆွဲ၏။ ယင်းတို့ကား အောက်ပါအတိုင်းဖြစ်၏။

ရဟန်းအားလုံးအတွက် ယင်းကို မလုပ်မနေ ပြဋ္ဌာန်းရမည်။

၁။ ရွာများ၊ မြို့များကဲ့သို့သော လူနေအရပ်မှ ဝေးသည့် နေရာများ၌ နေထိုင်ရန်။

၂။ ဒကာ့အိမ်၌ ဆွမ်းစားရန်ဖိတ်ကြားခြင်းကို လက်မခံဘဲ တစ်အိမ်မှတစ်အိမ်သို့ ကိုယ်တိုင်သွားပြီး ခံ၍ရရှိသည့် ဆွမ်းကိုစားရန်။

၃။ ဒကာများကလှူသည့် သင်္ကန်းများကို လက်မခံဘဲ အမှိုက်ပုံများ၊ သုသာန်များ၌ စွန့်ပစ်ထားသည့် အဝတ်စုတ်များမှ ကိုယ်တိုင်ပြုလုပ်သည့် ထိုသင်္ကန်းများကိုသာ ဝတ်ရန်။

၄။ အမိုးပါအဆောက်အဦထဲ၌ မနေဘဲ သစ်ပင်များအောက်၌ နေထိုင်ရန်။

၅။ ငါး၊ အသားကိုမစားဘဲ သစ်သီးသစ်ရွက်များကိုသာ စားရန်။

ဤစည်းကမ်းများမှ တစ်ခုခုကို ချိုးဖောက်သည့် ရဟန်းကို အပြစ်ရှိသည်ဟု မှတ်ယူရမည်။

တစ်နေ့သ၌ ဒေဝဒတ်နှင့် သူ၏လက်ထောက်တို့သည် မိမိတို့၏စည်းကမ်းချက် ငါးချက်ကို ဗုဒ္ဓအား တင်ပြကြ၏။ ဗုဒ္ဓသည် ဤစည်းကမ်းချက်များနှင့်အညီ နေထိုင် ခြင်းကို ဘယ်တုန်းကမှ မပယ်ခဲ့ဘူးချေ။ စင်စစ် ဗုဒ္ဓသည် ဤစည်းကမ်းချက်များနှင့် အညီနေထိုင်သည့် ရဟန်းများကို ချီးပင် ချီးကျူးခဲ့လေ၏။ ဗုဒ္ဓ၏ မဟာပရိနိဗ္ဗာန် စံလွန်ပြီးနောက် ပထမသင်္ဂါယနာ၌ သဘာပတိပြုခဲ့သော အရှင်ရဟန်းဖြစ်သူ အရှင် မဟာကဿပသည် ဤစည်းကမ်းချက်ငါးခုအပြင် အခြားစည်းကမ်း ရှစ်ခုနှင့်အညီ



မိမိဘဝတစ်လျှောက်လုံးနေသွားရန် အဓိဋ္ဌာန်ပြုခဲ့၏။ ဤစည်းကမ်း ၁၃ ခုကို ဓုတင် (ဝါ) ခြိုးခြံသည့် အကျင့် ၁၃ ပါးအနက် လေးပါး၊ ငါးပါး၊ ခြောက်ပါး၊ ခုနစ်ပါး တို့နှင့်အညီ နေထိုင်ခဲ့သည့် အခြားရဟန်းများစွာ ရှိခဲ့၏။ ဗုဒ္ဓသည်ထိုကဲ့သို့သော ရဟန်းများအတွက် ချီးကျူးခြင်းအပြည့် ရှိခဲ့၏။ တစ်ချိန်က ဗုဒ္ဓက မိမိသည် တစ်ခု သော ကာလအပိုင်းအခြားအတွက် တစ်ပါးတည်းနေလို၏ဟု ကြေညာခဲ့၏။ ထိုကာလ အတွင်း၌ ဓုတင်ငါးပါးနှင့်အညီ နေထိုင်လျက်ရှိသည့် ရဟန်းတချို့က ဗုဒ္ဓကို ရှိခိုး ပူဇော်ရန် ရောက်လာခဲ့ကြ၏။ ကျောင်းထဲရှိ ရဟန်းတချို့က ဗုဒ္ဓအား နှောင့်ယှက်ခြင်း အတွက် ထိုအလည်လာ ရဟန်းများကို ရှုံ့ချကြ၏။ သို့ရာတွင် ဗုဒ္ဓက ထိုရဟန်းတို့ကို မရှုံ့ချခဲ့ချေ။ သူသည် သူတို့၏ ခြိုးခြံစွာနေခြင်းအတွက် သူတို့ကို ချီးကျူးပြီး ထိုကဲ့ သို့သော ရဟန်းတို့သည် ဗုဒ္ဓကို အချိန်မရွေး ဖူးတွေ့နိုင်၏ဟု မိန့်ဆိုခဲ့၏။

သို့ရာတွင် ဤ ဓုတင်ငါးပါး (ဝါ) ထိုကိစ္စအတွက် အရှင်မဟာကဿပ ကျင့်သုံး ခဲ့သည့် ဓုတင် ၁၃ ပါးတို့သည် မဂ်ဉာဏ်များရရှိဖို့အတွက် အထူးလိုအပ်သည် မဟုတ်သောကြောင့် ဗုဒ္ဓက ရဟန်းတို့အား ထိုဓုတင်အကျင့်များကို မဖြစ်မနေကျင့်သုံးဖို့ မပြဋ္ဌာန်းခဲ့ချေ။ ဓုတင်များကို မကျင့်မနေပြုခဲ့ရလျှင် ရဟန်းမြောက်မြားစွာတို့သည် သံဃာ့ဘောင်ကို စွန့်ခွာသွားကြလိမ့်မည်။ သဒ္ဓါတရားရှိသူမြောက်မြားစွာတို့သည် သံဃာ့ဘောင်သို့ ဝင်ရောက်ခြင်းမှ တွန့်ဆုတ်သွားကြလိမ့်မည်။ ဤသို့လျှင် သူတို့သည် မဂ်ဉာဏ်များရဖို့ အခွင့်ကောင်းများမှ ထုတ်ပယ်ဆုံးရှုံးသွားကြလိမ့်မည်။

သို့ရာတွင် လူနေဒေသအနီး၌ နေထိုင်ခြင်း၊ ဒကာ၏အိမ်၌ ဆွမ်းကိုခံယူခြင်း၊ ဒကာတို့ကလှူဒါန်းသည့် သင်္ကန်းများကို ဝတ်ခြင်း၊ အမိုးများရှိအဆောက်အဦတို့၌ နေထိုင်ခြင်း၊ သားငါးများစားခြင်းတို့ကို မဂ်ဉာဏ်များရရေး၌ အတားအဆီးများဟု ဗုဒ္ဓက မယူဆခဲ့ချေ။

ဤအကြောင်းများကြောင့် ဗုဒ္ဓသည် ဓုတင်များကို ချီးကျူးရုံသာ ချီးကျူးခဲ့ သော်လည်း ယင်းတို့ကို မကျင့်မနေရအဖြစ် မပြဋ္ဌာန်းခဲ့ချေ။

ထို့ကြောင့် ဒေဝဒတ်က သူ တင်သွင်းခဲ့သည့် ဓုတင်ငါးပါးကို ပြဋ္ဌာန်းပါဟု တောင်းဆိုသောအခါ ဗုဒ္ဓက ဤသို့ ပြန်ပြောလေ၏။

'ဒေဝဒတ်၊ ဒါ မသင့်ချေ။

၁။ ရဟန်းတစ်ပါးသည် လူနေဒေသမှ ဝေးစွာနေလိုလျှင် ထိုအတိုင်းပြုပါစေ၊ သူသည် လူနေဒေသအနီးမှာ နေလိုလျှင် ထိုအတိုင်းပြုပါစေ။

၂။ ရဟန်းတစ်ပါးသည် တစ်အိမ်မှ တစ်အိမ်သို့ လှည့်လည်၍ ဆွမ်းခံရရှိသည့် ဆွမ်းကိုသာစားလိုလျှင် ထိုအတိုင်းပြုပါစေ၊ သူသည် ဒကာတို့၏အိမ်များ၌ ပေးလှူသည့်ဆွမ်းကို လက်ခံလိုလျှင် ထိုအတိုင်းပြုပါစေ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ရဟန်းတစ်ပါးသည် အဝတ်စုတ်များမှပြုလုပ်သည့် သင်္ကန်းများကိုသာ ဝတ် လျှင် ထိုအတိုင်းပြုပါစေ၊ သူသည် ဒကာကလှူသည့် သင်္ကန်းများကို လ လိုလျှင် ထိုအတိုင်းပြုပါစေ။

၄။ ဒေဝဒတ် သစ်ပင်များအောက်၌ တစ်နှစ်လျှင် ရှစ်လတိုင်နေလိုသည့်ရဟန်းမျ ထိုအတိုင်းပြုခွင့် ငါ ပေးခဲ့ပြီးဖြစ်၏။ (မိုးလေးလကို နှစ်မှ ထုတ်ပယ်ထား

၅။ မြင်ခြင်း၊ ကြားခြင်း၊ သံသယရှိခြင်းဟူသော အပြစ်သုံးပါးမှကင်းလွတ်သ သား ငါးစားသုံးရန် ရဟန်းတို့အား ငါ ခွင့်ပြုပြီးဖြစ်၏။ (ရဟန်းတစ်ပါးသ မိမိအတွက် (ဝါ) မိမိပါဝင်သည့် ရဟန်းစုအတွက် တိရစ္ဆာန်ကိုသတ်နေ မြင်ခဲ့လျှင် သို့မဟုတ် သတ်သည့်အချိန်၌ တိရစ္ဆာန်၏ စူးရှသံကို သူကြားခဲ့လျ သို့မဟုတ် မိမိအတွက် (ဝါ) မိမိပါဝင်သည့် ရဟန်းစုအတွက် အသား ဆက်ကပ်ဖို့ ရည်ရွယ်ပြီး တိရစ္ဆာန်ကိုသတ်၏ဟု သံသယဖြစ်ဖို့ အကြောင်း လျှင် သူသည် ထိုအသားကို မစားရချေ။ သူသည် ဤအပြစ်သုံးပါးမှ လုံး ကင်းလွတ်ခဲ့လျှင် ထို သား ငါးကို စားနိုင်၏။)

ရဟန်းအား အစာကို သိမ်းရန် ချက်ပြုတ်ရန် ခွင့်မပြု ဆိုတာကိုလည်း မှတ်သ သင့်၏။ သူသည် ဒကာက နေ့စဉ်လှူဒါန်းသည့် ဆွမ်းကိုသာစားနိုင်၏။ ဒကာတို့ ဟင်းသီးဟင်းရွက်များကိုသာ သူ့အား ပေးလှူလျှင် ယင်းတို့ကို သူ စားရမည်။ ဟင် ဟင်းရွက်များကိုချက်လျှင် သူသည် ချက်ပြီးဟင်းသီးဟင်းရွက်များကို စားရမည် သူသည် ဒကာအား ဒကာ၊ ဒီမှာကြည့်ပါ၊ ဟင်းသီးဟင်းရွက်စိမ်းများကို ငါ မကြို ငါ့အတွက် ယင်းတို့ကို ချက်ပေးပါဟု မပြောနိုင်ချေ။ ရဟန်းသည် ဟင်းသီးဟင်း များကို မကြိုက်လျှင် ဒကာ၊ ဒီမှာကြည့်ပါ၊ ဟင်းသီးဟင်းရွက်များကို ငါမကြို ငါ့အား အသားကိုပေးပါဟု လည်းကောင်း၊ အပြစ်အားဖြင့်လည်းကောင်း မပြောနိုင်

ဗုဒ္ဓအဖြစ် ၁၂ နှစ်မြောက်၌ ဝေရဉ္စရာမြို့နေ ပုဏ္ဏားတစ်ဦးက ဝေရဉ္စရာ မိုးရာသီ သီတင်းသုံးရန် ဗုဒ္ဓကိုပန်ကြားခဲ့၏။ ဗုဒ္ဓက ထိုဖိတ်ကြားခြင်းကို လက်ခံခဲ့ သို့ရာတွင် အစာခေါင်းပါးမှုဘေးကြီးကြောင့် မြို့သားတို့သည် ဗုဒ္ဓနှင့် ရဟန်းမျ ဆွမ်းလှူခြင်းကိုထားဘိဦး၊ မိမိတို့ကိုယ်ကိုပင် မကျွေးနိုင်ခဲ့ကြချေ။ ရဟန်းတို့သ မိမိတို့၏စခန်းမှ များစွာမဝေး၊ စခန်းချနေကြသည့် မြင်းကုန်သည်များထံမှ မြ ပြောင်းဆန်အနည်းငယ်ကို ခံယူရရှိနိုင်ခဲ့၏။ ရဟန်းတို့သည် မိမိတို့ကို ချက်ခွင့်မပြု ကြောင့် ထိုပြောင်းဆန်ကို အမှုန့်ထောင်းပြီး အမှုန့်ကို ဗုဒ္ဓအား ဆက်ကပ်ခဲ့ ဗုဒ္ဓနှင့် ရဟန်းများသည် ဝါတွင်း ရက် ၉၀ တစ်လျှောက်လုံး ထိုပြောင်းဆန်ကို မှီ နေထိုင်ခဲ့ကြ၏။



ဒေဝဒတ်နှင့် သူ၏လက်ထောက်တို့သည် ဗုဒ္ဓက မိမိတို့ တောင်းဆိုချက်များကို ပယ်ချသောအခါ အလွန့် အလွန် ကျေနပ်သွားပြီး နေရာမှ ဆုတ်ခွာသွားခဲ့ကြ၏။ သူတို့သည် မြို့ထဲရှိ ဌာနချုပ်တစ်ခုပြီးတစ်ခု သွားရောက်ပြီး လူတို့အား ရဟန်းတို့အဖို့ စစ်မှန်သည့် ခြိုးခြံစွာ နေထိုင်နည်းအတွက် မိမိတို့၏အကြံပြုချက်ငါးခုကို ဗုဒ္ဓက ပယ်ချခဲ့၏ဟု ရှင်းပြကြ၏။ ဗုဒ္ဓက ပယ်ချသော်လည်း မိမိတို့ကမူ မိမိတို့၏ အကြံပြုချက်များဖြင့် ဆက်သွားမည်ဟု အကောက်ဉာဏ်များဖြင့် သူတို့ ကတိပြုကြ၏။ ရဟန်းတို့က ထိုအကြောင်းကို ဗုဒ္ဓထံသတင်းပို့ကြသော် ဗုဒ္ဓက ရဟန်းတို့အား ချက်ချင်း စုဝေးစေခဲ့၏။ ဒေဝဒတ်ကိုလည်း အစည်းအဝေးသို့လာရန် ပန်ကြားခဲ့၏။ ရဟန်းတို့၏ ရှေ့မှောက်၌ ဗုဒ္ဓက ဒေဝဒတ်အား ဤသို့မေးလေ၏။

'ဒေဝဒတ်၊ သင်သည် ရဟန်းသံဃာအတွင်းကို သင်းကွဲစေရန် အားထုတ်နေ၏ ဟူသည် မှန်သလော'

'မှန်ပါ၏ အရှင်ဘုရား'

'ဒေဝဒတ်၊ ဒါ မသင့်ချေ။ သံဃာသင်းခွဲမှု၌ စိတ်မဝင်စားလင့်။ ရဟန်းသံဃာကို သင်းခွဲခြင်းသည် အလွန်ကြီးလေးသည့် အကုသိုလ်ကံ(မကောင်းမှု)ဖြစ်၏။ ညီညွတ် နေသည့်သံဃာကို သင်းခွဲသောသူသည် အကုသိုလ်ကံကို ကျူးလွန်သည်မည်၍ ယင်းအတွက် သူသည် အတိုင်းအဆမရှိ ဒုက္ခခံစားရလိမ့်မည်။ သူသည် ငရဲ၌ဖြစ်၍ အကန့်အသတ်မရှိ နေရလိမ့်မည်။

'ဒေဝဒတ်၊ ကွဲနေသည့်သံဃာကို ညီညွတ်အောင်လုပ်သောသူသည် အလွန်မြတ် သည့် ကုသိုလ်ကံ(ကောင်းမှု)ကို ရရှိ၏။ ယင်းအတွက် သူသည် နတ်ပြည်၌ အကန့် အသတ်မရှိ နေရလိမ့်မည်။ ဒေဝဒတ်၊ သံဃာကိုသင်းခွဲခြင်းသည် မသင့်၊ ယင်း၌ စိတ်မဝင်စားလင့်၊ ယင်းသည် အလွန်ကြီးလေးသည့် အကုသိုလ်ကံ ဖြစ်၏'

ဗုဒ္ဓက ဆိုဆုံးမသော်လည်း ဒေဝဒတ်သည် မိမိ၏စိမ်ချက်ကို မစွန့်လွှတ်ခဲ့ချေ။ သူသည် ရဟန်းတို့အား သံဃာ့အဖွဲ့ကို စွန့်ခွာပြီး မိမိတို့၏ စည်းကမ်းချက်ငါးခု အောက်ရှိ မိမိတို့အဖွဲ့ထဲသို့ဝင်ရောက်ရန် ဆက်လက်လှုံ့ဆော်လေ၏။ ဒေဝဒတ်နှင့် သူ့လက်ထောက်တို့သည် ပါးနပ်သူများဖြစ်၏။ သူတို့သည် မိမိတို့ စိတ်ထက်သန်စွာ တောင်းခံနေသည့် အံ့ဖွယ်ကိုလိုလားသည့် သဘောရှိကြသော ရဟန်းငယ်များထံသို့ သွားရောက်သကဲ့သို့ပင် မထေရ်ကြီးများထံသို့ မသွားကြချေ။ အရှင်အာန ထိုအကြောင်းကို ဗုဒ္ဓထံသတင်းပို့လေသော် ဗုဒ္ဓက ဂါထာတိုတစ်ပုဒ်ကို ရွတ်ဆိုလေ၏။ အောက်ပါကား လွတ်လပ်စွာ ဘာသာပြန်ဆိုချက် ဖြစ်၏။

'သူတော်ကောင်းတို့အဖို့ ကောင်းမှုများကိုပြုရန် လွယ်၏

www.burmeseclassic.com

www.burmeseclassic.com

လူယုတ်မာတို့အဖို့ ကောင်းမှုများကို ပြုရန်ခဲယဉ်း၏။
လူယုတ်မာတို့အဖို့ မကောင်းမှုများကို ပြုရန်လွယ်၏။
သူတော်ကောင်းတို့အဖို့ မကောင်းမှုများကို ပြုရန်ခဲယဉ်း၏'

## ကွဲပြီး ပြန်ညီညွတ်ခြင်း

ဥပုသ်နေ့များ၌ ရဟန်းတို့သည် သိမ်ဟု ခေါ်သည့် သီးခြားနေရာ၌ ထိုင်ပြီး ပါတိမောက် (ရဟန်းများအတွက်စည်းကမ်းများ)ကို ရွတ်ဆိုကြ၏။ ထို့ကြောင့် ဥပုသ်နေ့ တစ်နေ့၌ ရဟန်းတို့ ပါတိမောက်ကို မရွတ်ဆိုမီမှာ ဒေဝဒတ်သည် ရဟန်းပရိသတ်အား မိမိ၏စည်းကမ်းချက်ငါးခုအောက်၌ မိမိထံသို့ ပူးပေါင်းရန် ပြောကြားလေ၏။ အကြံ ပြုချက်ကို မခွဲလေသော် ဝေသာလီမှ ရဟန်းငယ်ငါးရာတို့သည် သံဃာကို စွန့်ခွာပြီး ဒေဝဒတ်ထံသို့ ပူးပေါင်းခဲ့ကြ၏။ ဒေဝဒတ်နှင့် သူ့လက်ထောက်တို့သည် ရာဇဂြိုဟ်မှ မိုင်အနည်းငယ်ဝေးသည့် ဂယာသီသ ခေါ် နေရာသို့ သူတို့ကိုခေါ်သွား၏။

ဗုဒ္ဓက ထိုရဟန်းငယ်တို့သည် ပထမမဂ်အတွက် ပါရမီ ရင့်ကျက်နေပြီဟု သိ၏။ အချိန်မီမကယ်တင်ခဲ့လျှင် သူတို့သည် မဂ်ဉာဏ်ကိုရဖို့ အခွင့်ကောင်းကြီးကို လက်လွှတ်သွားလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓသည် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်ဟူသော မိမိ၏ အဂ္ဂသာဝကကြီးနှစ်ပါးအား ထိုရဟန်းငယ်များကိုပြန်ခေါ် လာရန် စေလွှတ်ခဲ့၏။ အဂ္ဂသာဝကကြီးနှစ်ပါး စခန်းသို့ရောက်လာချိန်မှာ ဒေဝဒတ်သည် ရဟန်းငယ်တို့အား အထွေထွေတရားကို စတင်ဟောကြားနေ၏။ တစ်စုံတစ်ဦးက သူ့အား အဂ္ဂသာဝကကြီးနှစ်ပါး ရောက်လာကြောင်း အကြောင်းကြားသော် ဒေဝဒတ်က ထိုရဟန်းတို့အား ဝင်လာခွင့်ပြုရန် ပြောကြားလေ၏။ သူသည် ရဟန်းငယ်များ ဘက်သို့လှည့်လျက် ဤသို့ မှတ်ချက်ပေးလေ၏။

'ကြည့်စမ်း၊ ငါသည် တရားတော်များကို အလွန်ကောင်းစွာ ဟောနေကြောင်းကို ယခု သင်တို့မြင်နိုင်ပြီ၊ ရဟန်းဂေါတမ၏ အဂ္ဂသာဝကကြီးနှစ်ပါးတို့ကပင် ဤတရားများကို နှစ်သက်ကြ၏။ သူတို့သည် ငါတို့ထံ ပူးပေါင်းရန် ဤနေရာသို့ ရောက်လာကြပြီ'

ဤအချက်၌ ကောကာလိကသည် မိမိ၏အကြီးအကဲအား သူတို့နှင့် အရောမဝင်ရန် သတိပေးခဲ့၏။ သူတို့သည် ယုတ်မာသူများ ဖြစ်၏၊ သူတို့၏ အပြုအမူများကို သူတို့၏ အလိုဆိုးများက အမြဲလှုပ်ရှားစေခဲ့၏ဟုလည်း သူက ဆက်ပြော၏။ ဒေဝဒတ်က ဤသို့ပြန်ပြော၏။ 'ကောကာလိက၊ သင် ဒီလိုမပြောသင့်၊ သူတို့သည် ငါ၏ တရားတော်များကို နှစ်သက်သောကြောင့် ဒီနေရာသို့ လာကြခြင်းဖြစ်၏။ ထို့ကြောင့် သူတို့လာခြင်းကို ကောင်းသောလာခြင်းဟု မှတ်ယူရမည်'



အရှင်သာရိပုတ္တရာနှင့် နှုတ်ဆက်စကား အနည်းငယ်ဖလှယ်ပြီးနောက် ဒေဝဒတ်သည် ညသန်းခေါင်ကျော်သည်အထိ သူ့တရားကို ဆက်ဟော၏။ ထို့နောက် သူသည် ဗုဒ္ဓကို အတုပြုကာ အရှင်သာရိပုတ္တရာအား ဤသို့ပြောလေ၏။

'ရဟန်း သာရိပုတ္တရာ၊ ရဟန်းတို့သည် ငိုက်မျဉ်းခြင်းမှကင်းကြ၏၊ သူတို့အား စကားအနည်းငယ်ကို ပြောလော့၊ ငါ၏ ကျောကုန်းသည် ကြာကြာထိုင်ပြီးနောက် ပင်ပန်းလာပြီ၊ ငါသည် ခဏမျှ ထိုကျောကို ဆန့်ဦးအံ့'

(တစ်ခါတစ်ရံ ဗုဒ္ဓသည် ရဟန်းများ ငိုက်မျဉ်းခြင်းမှ ကင်းနေသည့်အခါ တရားရှည်ကြီးကို ဟောလေ့ရှိ၏။ သူသည် ပင်ပန်းလာသည့်အခါ ယခု ဒေဝဒတ် အသုံးပြုသည့် စကားများကိုဆိုကာ အရှင်သာရိပုတ္တရာအား ပြောဆိုလိမ့်မည်။ အရှင်သာရိပုတ္တရာသည် ရဟန်းတို့အားပြောဟောနေစဉ် ဗုဒ္ဓသည် မိမိအား နာတာရှည်ဖြစ်နေသော ကျောကုန်းနာကို သက်သာရစေရန် ခဏမျှ လဲလျောင်းတတ်၏။ သို့ရာတွင် ဗုဒ္ဓသည် ဘယ်တော့မှ အိပ်ပျော်မသွားချေ။ အရှင်သာရိပုတ္တရာ၏ တရားအဆုံး၌ ဗုဒ္ဓက ထထိုင်ပြီး အရှင်သာရိပုတ္တရာအား သူ၏တရားအတွက် ချီးကျူး ပြောဆိုလိမ့်မည်။)

ဒေဝဒတ်သည် စကားအရှည်ကြီး ပြောရခြင်းကြောင့် ပင်ပန်းသွားခဲ့၏။ ထို့ကြောင့် သူသည် ခဏကြာသော်အိပ်ပျော်သွား၏။ အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလာန်တို့က တရားများ ဟောကြား၏။ ဤတရားများဟောစဉ်အတွင်း၌ ထိုရဟန်းငယ်အားလုံးသည် ပထမမဂ်ကို ရသွားကြ၏။ တရားများပြီးဆုံးသော် အရှင်သာရိပုတ္တရာက ရဟန်းငယ်တို့အား ဤသို့ပြောကြား၏။

'ရဟန်းတို့၊ ယခု ငါတို့ ဗုဒ္ဓထံသွားကြစို့၊ ဗုဒ္ဓ၏တရားတော်များကို နှစ်သက်ကြသည့် ရဟန်းတို့သည် ငါတို့နှင့်အတူလိုက်လာနိုင်၏'

ထိုရဟန်းငယ်အားလုံးသည် ထ၍ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့နောက် လိုက်သွားကြလေ၏။

ဒေဝဒတ်၏ ပထမသာဝကဖြစ်သူ ကောကာလိကသည် ဒေဝဒတ်ကို အမြန်နှိုးပြီး သူ့အား သတင်းကို ပြောကြား၏။ သူသည် ဤဆုံးရှုံးမှုကား မိမိအချိန်မီ သတိပေးသော်လည်း မိမိအကြီးအကဲ၏ မိုက်မဲမှုကြောင့် လုံးလုံးဖြစ်၏ဟု ပြောလေ၏။ ထို့ကြောင့် သူသည် အလွန်အမင်း အမျက်ထွက်သဖြင့် မိမိ၏ဒူးဖြင့် မိမိအကြီးအကဲ၏ ရင်ဝ၌ အလွန်ပြင်းထန်စွာ ပုတ်ခတ်လေ၏။ ဒေဝဒတ်သည် လဲကျသွားပြီး သွေးအန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## နောင်တရသည့် ဒေဝဒတ်

ဒေဝဒတ်သည် မိမိ၏ရင်ဝရှိ ပြင်းထန်သည့်ပုတ်ခတ်ချက်ကြောင့် ကိုးလကြာအောင် နာမကျန်းဖြစ်၍ လဲနေ၏။ တစ်နေ့သ၌ သူသည် မိမိကို ဗုဒ္ဓထံသို့ပို့ရန် မိမိ၏တပည့်များအား ပန်ကြား၏။ သူသည် နာမကျန်းမဖြစ်မီက ဗုဒ္ဓအား ကြံစည်မှု တစ်ခုပြီး တစ်ခု လုပ်နေသောကြောင့် ပို့ပေးခြင်းကိစ္စကို သူတို့ မလုပ်ရဲကြောင်း၊ သူတို့က သူ့ကို ပွင့်ပွင့်လင်းလင်းပြောဆိုကြ၏။ သူက ထပ်တောင်းပန်ပြီး ဤသို့ ပြောလေ၏။

'ငါ့အား မပျက်စီးစေပါလင့်၊ စင်စစ် ငါသည် ဗုဒ္ဓအား ရန်လိုခဲ့၏၊ ဗုဒ္ဓမှာမူ ငါ့အပေါ် အနည်းငယ်မျှ ရန်လိုမှု မရှိခဲ့ချေ။ ဗုဒ္ဓသည် ရာဟုလာ (ဗုဒ္ဓ၏သား)နှင့် သတ္တဝါအားလုံးအပေါ် ထားရှိသလောက် ငါ့အပေါ် အင်္ဂုလိမာလ နာဠာဂီရိတို့နှင့် အခြားသူတို့အပေါ်၌လည်း အကျိုးလိုမှု မေတ္တာများစွာကို ထားရှိပေ၏။ ငါ့ကို ဗုဒ္ဓထံသို့ ပို့ပေးကြပါလော့'

(အင်္ဂုလိမာလသည် နာမည်ဆိုး လူသတ်သမားတစ်ဦး ဖြစ်၏။ သူသည် လူတစ်ထောင်မက ပို၍သတ်ခဲ့၏။ သူသည် ဗုဒ္ဓကိုသတ်ရန် ပြေးလိုက်ခဲ့၏။ ဗုဒ္ဓသည် သူ့ကို ကယ်ချွတ်ခဲ့၏။ နောက်ဆုံး၌ သူသည် ရဟန္တာဖြစ်သွား၏။ နာဠာဂီရိသည် ဆင်ဆိုးကြီးတစ်ကောင်ဖြစ်၏။ သူသည် ဗုဒ္ဓကိုသတ်ရန်လာခဲ့၏။ သို့ရာတွင် သူ့ကို ဗုဒ္ဓက ယဉ်ကျေးအောင် ဆုံးမခဲ့၏။ ရာဟုလာသည် သိဒ္ဓတ္ထမင်း၏ ဗုဒ္ဓမဖြစ်မီက သားဖြစ်ခဲ့၏။)

သူ၏ပန်ကြားချက်အရ သူ့ကို ရာဇဂြိုဟ်မှ ဗုဒ္ဓသီတင်းသုံးရာနေရာ သာဝတ္ထိသို့ ထမ်းစင်ဖြင့် သယ်ဆောင်သွား၏။ ရဟန်းတချို့က ဤအကြောင်းကို သတင်းပို့သော် ဗုဒ္ဓက 'ဒေဝဒတ်မှာ မိမိကို ဖူးတွေ့ခွင့် မရှိတော့ပြီ'ဟု ပြန်ပြောလေ၏။ ဗုဒ္ဓ၏ အသက်ကို လုပ်ကြံမှုများပြုလုပ်ခြင်း၊ ရဟန်းသံဃာကို သင်းခွဲပစ်ခြင်းတို့ဖြင့် ဒေဝဒတ် ဆည်းပူးခဲ့သည့် အကုသိုလ်ကံသည် သူ့အား ဗုဒ္ဓကိုဖူးတွေ့ရန် အခွင့်အရေး အားလုံးမှ ရုပ်သိမ်းခဲ့ ရပြီဟု ဗုဒ္ဓက ကြိုတင်သိမြင်ခဲ့၏။ ယင်းသည် သူ့အကုသိုလ်ကံ၏ အကျိုးပေးမှုဖြစ်သောကြောင့် ဗုဒ္ဓကိုယ်တိုင်ပင် ယင်းနှင့်ပတ်သက်၍ ဘာမျှ မလုပ်နိုင်ခဲ့ပေ။ ဒေဝဒတ်သည် ဗုဒ္ဓရှိနေရာ ဇေတဝန်ကျောင်းမှ ကိုက်အနည်းငယ်အကွာတွင် သေလွန်လေ၏။ သို့ရာတွင် သူသည် မသေမီကလေးမှာပင် ဗုဒ္ဓအား ရှိခိုးပူဇော်မှု အဖြစ်ဖြင့် မိမိနဖူးပေါ်၌ လက်အုပ်ကိုတင်ထိကာ (အောက်ပါဂါထာကိုရွတ်ဆိုပြီး) မိမိသည် ဗုဒ္ဓ၌ ကိုးကွယ် ဆည်းကပ်ပါ၏ဟု စိတ်အားထက်သန်စွာဖြင့် ကြွေးကြော် လေ၏။



'ဣမေဟိ အဋ္ဌိဟိ တမဂ္ဂပုဂ္ဂလံ၊
ဒေဝါတိဒေဝံ နရဒမ္မ သာရထိံ
သမန္တ စက္ခုံ သတ ပုည လက္ခဏံ၊
ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ'

[ယခု သေလုဆဲဆဲဖြစ်သော ယခု အရေနှင့်အရိုးများသာရှိတော့သော မိမိမှာ အသက်အနည်းငယ်ကလေးသာ ကျန်ရှိတော့သော အကျွန်ုပ် ဒေဝဒတ်သည် စကြဝဠာ ထဲရှိ သတ္တဝါအားလုံးတွင် အမြတ်ဆုံးဖြစ်ပေသော နတ်အားလုံးထက် သာလွန်သည့် နတ်ဖြစ်ပေသော၊ တရားကိုဟောကြားခြင်းဖြင့် ဆုံးမထိုက်သူတို့ကို ဆုံးမပေသော ပြီးပြည့်စုံသည့် ဉာဏ် (သဗ္ဗညုတဉာဏ်)နှင့် ပြည့်စုံပေသော ယောကျ်ားမြတ်၏ ထူးခြားသည့် ကိုယ်ခန္ဓာဆိုင်ရာ လက္ခဏာကြီး လက္ခဏာငယ်အားလုံးနှင့် ပြည့်စုံသော ဗုဒ္ဓ၌ အလွန်ရှိသေလေးမြတ်စွာဖြင့် ကိုးကွယ်ဆည်းကပ်ပါ၏။]

ဒေဝဒတ်သည် ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ခဲ့သောကြောင့် သူ၏ အကုသိုလ် အားလုံး အကျိုးပေးပြီးသောအခါ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်ဟု ဗုဒ္ဓက ကြိုတင် မိန့်ကြား ခဲ့ပေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၆

## ဘေးကြီးကိုဖြစ်စေခဲ့သော လစ်လျူရှုမှု

ဗုဒ္ဓလက်ထက်က ဒေသများစွာရှိ သူဌေးတပည့်များစွာတို့သည် ရဟန်းများစွာတို့အား မိမိတို့ဆိုင်ရာအိမ်များသို့ ကြွရောက်ပြီး မိမိတို့၏ နေ့စဉ်ဆွမ်းများကိုစားရန် မိမိတို့၏ စွမ်းအားအလျောက် ထာဝရဖိတ်ကြားချက်များကို ပြုခဲ့ကြ၏။ ဥပမာ အနာထပိဏ် သူဌေးကြီးသည် ရဟန်းနှစ်ထောင်အတွက် ထာဝရဖိတ်ကြားချက်များကို ပြုခဲ့၏။ ဗုဒ္ဓ၊ အနာထပိဏ်၊ ဝိသာခါ၊ သုပ္ပဝါသာတို့ကလည်း သူတို့၏အိမ်များ၌ နေ့စဉ် ရဟန်းငါးရာစီ ရှိခဲ့၏။ ကောသလမင်းကြီးသည် ထိုကဲ့သို့သော သတင်းများကိုရရှိသော် အလွန် အလွန်ပင် စိတ်အားထက်သန်လာခဲ့၏။ ထို့ကြောင့် ကောသလမင်းကြီးသည် သူဌေးများကို အတုပြု၍ ဗုဒ္ဓနှင့် ရဟန်းတစ်ထောင်တို့အား နန်းတော်၌ ခုနစ်ရက်တိုင်တိုင် ဆွမ်းဘုဉ်းပေးရန် ဖိတ်ကြားခဲ့၏။ ခုနစ်ရက်မြောက်၌ သူသည် ဆွမ်းဘုဉ်းပေးရန် နန်းတော်သို့ နေ့စဉ် ရဟန်းငါးရာတစ်ပါးကို လွှတ်ပေးပါရန် ဗုဒ္ဓအား ပန်ကြားခဲ့၏။ (ထိုကဲ့သို့သော နေရာများစွာ ထိုသို့ ရဟန်းတိုင်းအား အခွင့်အရေးပေးသည့်အနေဖြင့် နေ့တိုင်း ရဟန်းငါးရာကို မန့်ကိုက်ရန် ပန်ကြားခဲ့၏။ မဲပေါက်သူတို့ကို ထိုကဲ့သို့သောနေရာများသို့ စေလွှတ်ခဲ့၏။ မင်းကြီး၏ ပန်ကြားချက်အရ ကျန်တစ်ပါးကို ဗုဒ္ဓက သတ်မှတ်ပေးရန်ဖြစ်၏။ ဗုဒ္ဓသည် အရှင်အာနန္ဒာကို အထူး ရဟန်းအဖြစ် သတ်မှတ်ပေးခဲ့၏။)

မင်းကြီးသည် ရဟန်းများအား ကိုယ်တိုင်ကြိုဆို၍ ဆွမ်းကို ခုနစ်ရက်တိုင် ကပ်လှူခဲ့၏။ သူသည် မိမိ၏နန်းတွင်းသားတို့အား တာဝန်သတ်မှတ်မပေးခဲ့သော ကြောင့် ရှစ်ရက်မြောက်သို့ရာတွင် ခုနစ်ရက်ကြာသော် သူသည်ရဟန်းများကို လုံးဝမေ့လျော့ခဲ့၏။ နန်းတွင်းသားတို့သည် မင်းကြီးထံမှ ညွှန်ကြားချက်များကို မရသောကြောင့် ရဟန်းတို့အား ကြိုလည်း မကြို၊ ဆွမ်းလည်း မကပ်လှူခဲ့ချေ။ ဤသို့ သုံးရက်တိုင် ဆက်လက်ဖြစ်ခဲ့၏။ တတိယမြောက်နေ့၌ အရှင်အာနန္ဒာမှအပ ရဟန်းအားလုံးတို့သည် နန်းတော်သို့ မသွားတော့ချေ။ မင်းကြီးသည် ထိုနေ့၌ သေါ်လာ၏။ သူသည် အရှင်အာနန္ဒာတစ်ပါးတည်းကို မြင်သောအခါ အလွန့် အလွန် စိတ်မချမ်းမသာဖြစ်သွား၏။ ထို့ကြောင့် သူသည် ဗုဒ္ဓအား ဤသို့ ညည်းညူလျှောက်ထားလေ၏။

'အရှင်ဘုရား၊ အကျွန်ုပ်သည် ရဟန်းငါးရာအတွက် (ဆွမ်းကို) ပြင်ဆင်ထား၏၊ အရှင်အာနန္ဒာမှတစ်ပါး ရဟန်းတစ်ပါးမျှ မကြွလာ၊ ထိုရဟန်းများအတွက် ပြင်ထားသည့် ဆွမ်းသည် ရှိရင်းအတိုင်း ရှိနေပါ၏၊ ရဟန်းတို့က မိမိတို့ကို အကျွန်ုပ်၏ နန်းတော်သို့ ပင့်ဖိတ်ထားပြီးဖြစ်၏ ဟူ၍ မှတ်မိဖို့ပင် ဂရုမထားကြကုန်၊ အဘယ့်ကြောင့် ထိုသို့ဖြစ်ပါသနည်း ဘုရား'

'မင်းမြတ်၊ သင်နှင့် ငါ၏ရဟန်းများအကြား ရင်းနှီးမှုမရှိ၊ ဤသည်ပင် သူတို့ မကြွလာခြင်း၏အကြောင်း ဖြစ်နိုင်၏'

ထို့နောက် ဗုဒ္ဓက မင်းကြီး၏ရှေ့မှောက်၌ ရဟန်းတို့အား တရားဟောလေ၏။ ထိုတရား၏အချုပ်ကား အောက်ပါအတိုင်းဖြစ်၏။

'ရဟန်းတို့၊ သင်တို့သည် ချို့ယွင်းချက် ကိုးခုရှိသော ဒကာ၏ နေရာသို့ မရောက်ခဲ့ဖူးသေးလျှင် ထိုအိမ်သို့ မသွားသင့်၊ သင်တို့သည် ရောက်ဖူးပြီးဖြစ်လျှင် ထိုအိမ်၌ မထိုင်သင့်၊

'ရဟန်းတို့၊ ထိုချို့ယွင်းချက်ကိုးခုကား အဘယ်နည်း၊ ယင်းတို့သည် အောက်ပါ အတိုင်း ဖြစ်၏။

၁။ လေးစားသည့်အမှတ်အသားအဖြစ် ရဟန်းတို့ကို မကြိုဆိုခြင်း၊

၂။ လေးစားသည့်အမှတ်အသားအဖြစ် ရဟန်းတို့အား ရှိခိုးမှုမရှိခြင်း၊

၃။ လေးစားသည့်အမှတ်အသားအဖြစ် ရဟန်းတို့အား ထိုင်စရာများမပေးခြင်း၊

၄။ လှူဖွယ်ပစ္စည်းများကို ရဟန်းတို့မမြင်ရအောင် ဖုံးကွယ်ထားခြင်း၊

၅။ ဒကာသည် များပြားစွာ လှူဒါန်းနိုင်အောင် လုံလောက်စွာ ကြွယ်ဝသော်လည်း တွန့်ဆုတ်မှုများစွာဖြင့် အနည်းငယ်သာပေးလှူခြင်း၊

၆။ ဒကာသည် ပစ္စည်းကောင်းများကို လှူနိုင်အောင်လုံလောက်စွာ ကြွယ်ဝသော်လည်း တွန့်ဆုတ်မှုများစွာဖြင့် ပစ္စည်းညံ့များကိုသာ ပေးလှူခြင်း၊

၇။ မရိုမသေပေးလှူခြင်း၊

၈။ ရဟန်း၏တရားများကို နာကြားရန် သင့်တော်သည့် နေရာ၌ မထိုင်ခြင်း၊

၉။ ရဟန်း၏တရားများကို ရိုသေစွာ မကြားနာခြင်း၊

'ရဟန်းတို့၊ သင်တို့သည် အထက်ပါချို့ယွင်းချက်များရှိသည့် ဒကာအိမ်သို့ မရောက်ဖူးသေးလျှင် ထိုအိမ်သို့ မသွားသင့်။ သင်တို့သည် သွားဖူးပြီးဖြစ်လျှင် ထို အိမ်၌ မထိုင်သင့်။

'ရဟန်းတို့၊ သင်တို့သည် ဂုဏ်အင်္ဂါကိုးပါးရှိသော ဒကာ၏အိမ်သို့ မရောက်ဖူး သေးလျှင် ထိုအိမ်သို့သွားသင့်၏။ သင်တို့သည် ရောက်ဖူးခဲ့လျှင် ထိုအိမ်၌ ထိုင်သင့်၏။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတို့၊ ထိုဂုဏ်အင်္ဂါ ကိုးပါးတို့ကား အဘယ်နည်း။ ယင်းတို့ကား အောက်ပါအတိုင်းဖြစ်၏။

၁။ ရဟန်းတို့ကို လေးစားစွာဖြင့် ကြိုဆိုခြင်း၊
၂။ ရဟန်းတို့ကို လေးစားစွာဖြင့် ရှိခိုးခြင်း၊
၃။ ရဟန်းတို့ကို လေးစားစွာဖြင့် ထိုင်စရာများပေးခြင်း၊
၄။ လှူဖွယ်ပစ္စည်းများကို ရဟန်းတို့ မမြင်အောင် ဖုံးကွယ်မထားခြင်း၊
၅။ တွန့်ဆုတ်သည့်လက္ခဏာကိုမပြဘဲ ပစ္စည်းများကို ရက်ရောစွာပေးလှူခြင်း၊
၆။ တွန့်ဆုတ်သည့်လက္ခဏာကိုမပြဘဲ ပစ္စည်းညံ့များကိုဘေးဖယ်ပြီး ပစ္စည်းကောင်းများကို ပေးလှူခြင်း၊
၇။ လေးစားစွာဖြင့် ပေးလှူခြင်း၊
၈။ ရဟန်း၏တရားများကိုကြားနာရန် သင့်တော်သည့်နေရာ၌ ထိုင်ခြင်း၊
၉။ ရဟန်း၏တရားများကို ရိုသေစွာဖြင့် ကြားနာခြင်း၊

'ရဟန်းတို့၊ သင်တို့သည် အထက်ပါဂုဏ်အင်္ဂါ ကိုးပါးရှိသော ဒကာ၏အိမ်သို့ မရောက်ဖူးသေးလျှင် ထိုအိမ်သို့ သွားသင့်၏။ သင်တို့သည် ရောက်ဖူးပြီးဖြစ်လျှင် ထိုအိမ်၌ ထိုင်သင့်၏။

'မင်းမြတ်၊ သင်နှင့် ငါ၏ ရဟန်းများအကြား၌ ထိုကဲ့သို့သော ရင်းနှီးမှုမရှိ၍သည်ပင် သင်၏နန်းတော်သို့ သူတို့မလာကြခြင်း ဖြစ်နိုင်၏'

မင်းကြီးသည် မိမိနှင့်ရဟန်းများအကြား၌ ရင်းနှီးမှုကို အလွန့်အလွန် ရလို၏။ သူသည် ဗုဒ္ဓ၏ ဆွေမျိုးများထဲမှ တစ်ဦးကိုလက်ထပ်ယူခဲ့လျှင် ထိုရင်းနှီးမှုမျိုးကို သူ ရမည်ဟုထင်သောကြောင့် သူသည် ဤကိစ္စကိုညှိနှိုင်းရန် ကပိလဝတ်သို့ မိမိ၏ တမန်များကိုစေလွှတ်ခဲ့၏။ သူတို့က ကပိလဝတ်မင်းကြီးအား သကျမင်းသမီး ရှိ ဟူသော အရာမှန်သမျှသည် အရှင်ကောသလမင်းကြီးအား လက်ခံနိုင်ဖွယ်ရှိမည် မဟုတ်ဟု ပွင့်ပွင့်လင်းလင်း ပြောကြားကြ၏။

သကျမျိုးနွယ်သည် အလွန်အမြင်ကျဉ်း၊ မာနကြီးသည့် မျိုးနွယ်ဖြစ်၏။ သူတို့သည် မျိုးနွယ်ပြင်ပသူတစ်ဦးကို လက်မထပ်ကြ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦးအားလည်း မိမိတို့ထဲမှတစ်ဦးကို လက်ထပ်ခွင့်မပြုခဲ့ချေ။ မိမိတို့မျိုးနွယ်၏ သန့်စင်မှုကိုထိန်းသိမ်းရန် အလို့ငှာ သူတို့သည် မိမိတို့မျိုးနွယ်အတွင်း၌ အိမ်ထောင်ပြုခြင်းကို ကျင့်သုံးခဲ့ကြ၏။ ထို့ကြောင့် ကောသလမင်းကြီး၏ စာသဝဏ်သည် သူတို့ကို အံ့အားသင့်စေ၏။ သူတို့သည် သေးငယ်သည့် မျိုးနွယ်ဖြစ်၏။ သူတို့သည် ကောသလကဲ့သို့သော တန်ခိုးကြီးမင်း၏ တောင်းဆိုချက်ကို မငြင်းပယ်ရဲချေ။ သို့ရာတွင် သူတို့သည် ကြိုးစွာသော ...ဖြင့် မိမိတို့ ထိန်းသိမ်းခဲ့သည့် မိမိတို့ အစဉ်အလာကို ဖျက်ရန် ရှုံ့မုန်းကြ၏။



ဤသို့လျှင် သူတို့သည် ပေးရန် မပေးရန် ဟူသော အကြပ်အတည်းနှစ်ခု ပေါ်ရောက်နေကြ၏။ သူတို့သည် အချင်းချင်းတိုင်ပင်၍ အဖြေတစ်ခုကို ရှာတွေ့ကြ၏။ ဗုဒ္ဓ၏ ညီအစ်ကိုဝမ်းကွဲတော်သူ မဟာနာမ်မင်းကြီးမှာ နာဂမုဏ္ဍာမည်သော ကျွန်မ တစ်ဦး ရှိခဲ့၏။ သူသည် သူမကို အမြှောင်မယားအဖြစ်ထားခဲ့၏။ သူသည် သူမနှင့် အလွန်ချောလှသည့် ဝါသဘခတ္တိယာမည်သော သမီးတစ်ဦးရခဲ့၏။ သကျမင်းသားတို့သည် မဟာနာမ်မင်းကြီး၏ ဝါသဘခတ္တိယာကို ကောသလမင်းကြီး အားပေးမည် ဟူသော တင်ပြချက်ကိုလက်ခံခဲ့ကြ၏။ ထို့ကြောင့် မဟာနာမ်မင်းကြီး၏ ကိုယ်စားလှယ်တို့သည် ကောသလမင်းကြီး၏ တမန်များကိုတွေ့သော် ပြောခွင့်ရှိသူက ဤသို့ပြောလေ၏။

'ကောင်းပြီ တမန်တို့၊ ငါသည် သင်တို့မင်းကြီးအတွက် သတို့သမီးကိုပေးမည်'

'သကျမင်းသားတို့တွင် ဘယ်သူသည် သူမ၏ ဖခင်နည်း'

'သူမသည် မဟာနာမ်မင်းကြီး၏သမီးဖြစ်၏၊ မဟာနာမ်သည် ဗုဒ္ဓ၏ ညီအစ်ကိုဝမ်းကွဲ ဖြစ်၏၊ သူမ၏အမည်ကား ဝါသဘခတ္တိယာ ဖြစ်၏'

တမန်တို့သည် နေပြည်တော်သို့ပြန်ပြီး ထိုအကြောင်းကိုမင်းကြီးအား သတင်းပို့ကြ၏။ မင်းကြီးကလက်ခံ၏။ သို့ရာတွင် သူသည် သံသယရှိသောကြောင့် မိမိ၏ တမန်တို့အား သူတို့ထွက်ခွာခါနီးမှာ အသေချာဆုံးသောစကားများဖြင့် ဤသို့ညွှန်ကြားလေ၏။

'မင်းတို့သည် ကောက်ကျစ်ကြသည်၊ သူတို့သည် တစ်ခါတစ်ရံ မိမိတို့သမီးအဖြစ်ဖြင့် ကျွန်မကို လွှတ်နိုင်၏၊ ထို့ကြောင့် စားပွဲတစ်ခုတည်းမှာ ဖခင်နှင့်အတူထိုင်ပြီး ထမင်းစားနေသည့်မိန်းကလေးကိုသာ သင်တို့ ခေါ်လာရမည်'

(သကျနွယ်ဝင် ပုဂ္ဂိုလ်တို့သည် ကျွန်နှင့်အတူထမင်းစားခြင်းထက် ကိုယ့်ကိုယ်ကိုယ်သာ သတ်သေလိမ့်မည်။ ထို့ကြောင့် ထမင်းအတူစားခြင်းကို ဝါသဘခတ္တိယာ သကျမျိုး စစ် မစစ် စမ်းသပ်ဖို့ ကိုက်တံအဖြစ် အသုံးပြုရ၏။)

တမန်တို့သည် ကပိလဝတ်သို့သွားကြသော် သူမ၏ဖခင် မဟာနာမ်မင်းကြီးနှင့် အတူ ဝါသဘခတ္တိယာ ထမင်းစားနေတာကိုကြည့်ဖို့ တောင်းဆိုကြ၏။ မင်းကြီးသည် ဤနည်းဖြင့် တမန်တို့ကို လှည့်ပတ်လေ၏။ ဖခင်နှင့် သမီးအတွက် စားပွဲကို ချထားလေ၏။ ထို့နောက် ဝါသဘခတ္တိယာသည် အဝတ်အစားအပြည့်အစုံနှင့် မိမိ ဖခင်နှင့်အတူ ထမင်းစားရန်အခန်းထဲသို့ဝင်လာ၏။ မဟာနာမ်မင်းကြီးသည် ပထမ ထမင်းလုတ်ကို ထိထိချင်းပင် အမတ်ကြီးတစ်ဦးသည် မိတ်ဆွေမင်းကြီးတစ်ဦးထံမှ အရေးကြီးသည့် စာသဝဏ်တစ်ခု ရောက်လာ၏ဟု ပြောကြားရန် ဝင်လာခဲ့၏။ မင်းကြီး၏ခွင့်ပြုချက်ဖြင့် သဝဏ်စာအရှည်ကြီးကို မင်းကြီးအားဖတ်ပြနေ၏။ မင်းကြီးသည် ထမင်းကို ပန်းကန်ပြားထဲချပြီး စာသဝဏ်ကိုအာရုံစိုက်ကာ နားထောင်နေသလို

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်၏။ ထိုအချိန်အတွင်း၌ ဝါသဘခတ္တိယာ မင်းသမီးသည် မိမိ ထမင်းစားပြီးသည်အထိ ဆက်စားနေ၏။ သဝဏ်စာအရှည်ကြီး ပြီးဆုံးသော် စားပွဲကို ရှင်းလိုက်၏။

ကောသလမင်းကြီး၏တမန်တို့သည် အညာခံလိုက်ကြရ၏။ သူတို့သည် ဝါသဘခတ္တိယကို မဟာနာမ်မင်းကြီး၏ သမီးအဖြစ် လက်ခံခဲ့ကြ၏။ ကောသလမင်းကြီးသည် သူမအား မိမိ၏မိဖုရားကြီးများတွင် တစ်ဦးအဖြစ်တင်မြှောက်ခဲ့၏။ အချိန်တန်သော် မိဖုရားအား သားတစ်ဦးဖွားမြင်ခဲ့၏။ သူ့ကို ဝိဋူဍုပဟု အမည်ပေး၏။ ကောသလမင်းကြီးသည် မိမိသားကိုအလွန်ချစ်သောကြောင့် သူ့ကို စစ်တပ်များ၏ ဗိုလ်ချုပ်ကြီးအဖြစ် ခန့်ထားခဲ့၏။ တစ်နေ့သ၌ ဝိဋူဍုပက မိခင်အား ကပိလဝတ်သို့သွားလည်လိုကြောင်း ပြော၏။ ကပိလဝတ်၌ သူ့အား မည်သို့ပြုမူမည်ကို ကောင်းစွာသိသောကြောင့် မိခင်က သားအား မသွားရန်အကြံပေးခဲ့၏။ သူမသည် သူ့ကို မဆွဲဆောင်နိုင်ခဲ့ချေ။ မိခင်က ကြိုတင်မြင်ထားသကဲ့သို့ပင် သူ့ကို ပြုမူခဲ့၏။

သူ့ကို မိမိ၏သက်ကြီးဆွေမျိုးများဟု ယူဆရသည့် သကျနွယ်ဝင် သက်ကြီးပုဂ္ဂိုလ်များကသာ တွေ့ကြ၏။ အစဉ်အလာအရ အသက်ငယ်သူဆွေမျိုးက အသက်ကြီးသူ ဆွေမျိုးအား အရိုအသေပြု ရှိခိုးရမည်ဖြစ်သောကြောင့် ဝိဋူဍုပသည် မိမိ တွေ့ခဲ့သည့် အသက်ကြီးဆွေမျိုးများအား ရှိခိုးခဲ့ရ၏။ သူသည် 'မိမိအလည်လာစဉ်အတွင်း၌ မိမိထက်ငယ်သူဆွေမျိုးတို့သည် အနေးနှင့်အမြန်လာပြီး မိမိအား အရိုအသေပေးကြမည်ဟု မျှော်လင့်နေ၏၊ တစ်ဦးမှမလာခဲ့ချေ၊ ဝိဋူဍုပထက် ငယ်သူအားလုံးကို ဝိဋူဍုပ လာလည်စဉ်အတွင်း၌ မြို့အပြင်သို့ ပို့ထား၏။ ဝိဋူဍုပသည် အလွန့်အလွန် နာကြည်းသွား၏။

အလည်ခရီး၏အဆုံး၌ ဝိဋူဍုပသည် ခန်းမထဲ၌ သက်ကြီးဆွေမျိုးများကို တွေ့ခဲ့ရ၏။ သူသည် သက်ကြီးဆွေမျိုးများအား ရှိခိုးပြီးနောက် နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့၏။ ခဏကြာသော် ဝိဋူဍုပ၏ အရာရှိတစ်ဦးသည် မိမိကျန်ရစ်ခဲ့သည့် မိမိ၏ လက်နက်ကိုယူရန် ခန်းမသို့ပြန်လာခဲ့၏။ သူသည် ခုနက ဝိဋူဍုပထိုင်ခဲ့သည့်ကြမ်းပြင်ကို ဆေးကြောနေသည့် အစေခံမတစ်ဦးကို တွေ့မြင်ခဲ့၏။

'မိန်းကလေး၊ သင် ဘာလုပ်နေသလဲ'

'ကျွန်ုပ် ကြမ်းပြင်ကို ဆေးကြောနေ၏'

'သင်သည် ကြမ်းပြင်ကို ရေဖြင့်မဆေး၊ နို့ရည်ဖြင့် ဆေးနေ၏၊ ဘာ့ကြောင့်နည်း'

'ဤကား ဝိဋူဍုပ ထိုင်ခဲ့သည့် နေရာဖြစ်၏၊ သူ၏မိခင် ဝါသဘခတ္တိယာသည် သကျမင်းသမီးမဟုတ်၊ သူသည် မဟာနာမ်မင်းကြီးနှင့် သူ၏ အခြေအောင်မယား ကျွန်မ



တို့၏ တရားမဝင်သမီးဖြစ်၏၊ ထို့ကြောင့် ဝိဋူဍုပကို ကျွန်တစ်ဦးအဖြစ် ဒီမှာယူဆ၏၊ ကျွန်ထိုင်သွားသည့်နေရာသည် ညစ်ထေးသွားခဲ့ပြီ၊ ယင်းသည် သန့်စင်မှု လိုအပ်၏'

အရာရှိသည် စစ်တပ်သို့ပြန်ရောက်လာသော် မိမိ၏ ရင်းနှီးသည့် မိတ်ဆွေတချို့အား ဤအဖြစ်ကိုပြောပြ၏။ မကြာမီပင် ထိုသတင်း စစ်တပ်ထဲ၌ တောမီးဝမာ ပျံ့နှံ့သွားခဲ့၏။ ထိုသတင်းသည် ဝိဋူဍုပ နားသို့ရောက်သွားသော် သူသည် အလွန် အမျက်ထွက်သွား၏။ သူသည် သကျမင်းသားတို့၏ လည်ချောင်းများကို ဖြတ်ရန် ဆုံးဖြတ်ပြီး နို့ဖြင့်ဆေးကြောခဲ့သောကြမ်းပြင်ကို လည်ချောင်းတို့မှ ပန်းထွက်လာသည့် သွေးဖြင့် သူ ပြန်ဆေးကြောလိမ့်မည်။

ကောသလမင်းကြီးလည်း ဤအကြောင်းကိုကြားသော် အမျက်ချောင်းချောင်း ထွက်လေ၏။ သူသည် ချက်ချင်းပင် ဝါသဘခတ္တိယာ မိဖုရားကို ရာထူးမှချပြီး ဝိဋူဍုပကို ကျွန်အဆင့်သို့ အရာချလေ၏။ နှစ်ရက် သုံးရက်ကြာသော် ဗုဒ္ဓသည် နန်းတော်သို့ ကြွသွား၏။ မင်းကြီးက ဗုဒ္ဓအား ဤသို့လျှောက်၏။

'အရှင်၊ အရှင်၏ ဆွေမျိုးသားချင်းတို့သည် မင်းသမီးဟန်ဆောင်ထားသည့် ကျွန်မကို ပို့လွှတ်ခြင်းဖြင့် အကျွန်ုပ်အပေါ် လှည့်ပတ်ခဲ့ပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် မိခင်နှင့် သား နှစ်ဦးလုံးကို သူတို့၏ဆိုင်ရာ ရာထူးများမှ နုတ်ပယ်ပြီး ကျွန်များ အဆင့်သို့ လျှော့ချခဲ့ပါ၏'

'မင်းကြီး၊ သကျမင်းသားတို့သည် မသင့်သောအမှုကို ပြုခဲ့ဘိ၏၊ သူတို့သည် သကျမင်းသမီးကို ပို့လွှတ်ခဲ့သင့်၏၊ သို့ရာတွင် သင့်အား တစ်စုံတစ်ရာကို ငါ ပြောလို၏၊ ဝါသဘခတ္တိယာသည် သကျမင်းကြီး မဟာနာမ်၏သမီးဖြစ်သည်သာမက သင့်နန်းတော်ထဲ၌ အစဉ်အလာ အခမ်းအနားများဖြင့် မိဖုရားကြီးအဆင့်သို့ တင်မြှောက်ခဲ့ပြီးသော အမျိုးသမီးလည်း ဖြစ်၏။ ဝိဋူဍုပလည်း သင်နှင့်ရခဲ့သည့် သားဖြစ်၏။ မိခင်၏ ဆွေမျိုးဆက်သည် အရေးမကြီး။ ဖခင်၏ ဆွေစဉ်မျိုးဆက်သာလျှင် အရေးကြီး၏။ ရှေးအခါ ပညာရှိတို့သည် ဤအချက်ကို အသိအမှတ်ပြုခဲ့ပြီး ထင်းခွေသူမ တစ်ဦးကို မိဖုရားကြီးအဆင့်သို့ တင်မြှောက်ခဲ့ဖူး၏။ သူမက ဖွားမြင်သည့်သားသည် တရာဏသီပြည့်ရှင် မင်းကြီး ဖြစ်လာခဲ့ဖူး၏'

ထို့နောက် ကောသလမင်းကြီး၏ ပန်ကြားချက်အရ ဗုဒ္ဓက ကဋ္ဌဝါဟနဇာတ်ကို ပြန်ပြောပြလေ၏။

မင်းကြီးသည် ဖခင်၏ ဆွေစဉ်မျိုးဆက်ကိုသာ အရေးကြီး၏ဟု မှတ်ယူသင့်၏ ဟူသော ဗုဒ္ဓ၏ ခုခံပြောဆိုချက်ကို အလွန့် အလွန် နှစ်သက်သွား၏။ ထို့ကြောင့် သူသည် ဝါသဘခတ္တိယာနှင့် ဝိဋူဍုပတို့ကို သူတို့၏ မူလကရာထူးအဆင့်သို့ပြန်လည် မြှင့်တင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံ၏အခြေအနေ ရုတ်တရက်ပြောင်းလဲသွားခြင်း

ကောသလမင်းကြီးသည် မိမိ၏မိဖုရားကြီးများထဲမှ တစ်ဦးဖြစ်သူ မလ္လိကာ၏ အရာရှိကောင်းများကြောင့် ဗုဒ္ဓအားကြည်ညိုလာခဲ့၏။ သို့ရာတွင် သူသည် သဘာဝ အားဖြင့် ရက်စက်၊ သစ္စာမဲ့၊ ကာမဖောက်ပြန်၊ ယုံလွယ်တတ်သူဖြစ်၏။ တစ်ခါတုန်းက သူသည် မိန်းမတစ်ဦးကိုတွေ့မြင်ခဲ့၏။ သူသည် သူမကို သိမ်းပိုက်လိုခဲ့၏။ သို့ရာတွင် စုံစမ်းကြည့်သော် သူမသည် လက်ထပ်ပြီးမိန်းမဖြစ်ကြောင်းတွေ့ရှိရ၏။ ထို့ကြောင့် သူသည် လင်ကို ဖျောက်ဖျက်ပစ်ပြီး သူမကိုသိမ်းပိုက်နိုင်မည့် စီမံချက်ကို ကြံစည်ခဲ့၏။ ဗုဒ္ဓသည် ထိုလင်ကို သေမင်းခံတွင်းဝမှ ကယ်တင်ခဲ့ရ၏။ တစ်ခါတုန်းက ပြစ်မှုတတ်သူ နန်းတွင်းသားတချို့က သူ့စစ်သူကြီး ဗန္ဓုလသည် သူ့ကိုမင်းအဖြစ်မှ ဖြုတ်ချရန် ကြံစည်နေ၏ဟု သူ့အား သတင်းပို့ခဲ့ကြ၏။ ယင်းသည် ချင့်ချိန်စဉ်းစားလုပ်ထား သော မုသားစကားဖြစ်၏။ ဗန္ဓုလသည် တိတိကျကျ ရိုးဖြောင့်သူဖြစ်၏။ သို့ရာတွင် မင်းကြီးသည် သတင်းများကိုလက်ခံပြီး လှည့်စားသည့်နည်းဖြင့် ဗန္ဓုလနှင့် သူ့သား များကို ဖျောက်ဖျက်ပစ်ခဲ့၏။ မင်းကြီးသည် သတင်းများအရ အလွန် အလျင်စလို လုပ်ခဲ့မိကြောင်း နောက်မှ တွေ့ရှိခဲ့၏။ သူသည် မိမိအပြစ် သိစိတ်ကိုနှစ်သိမ့်စေရန် အလို့ငှာ ဗန္ဓုလ၏တူ ဒီဃကာရာယဏကို စစ်သူကြီးအသစ်အဖြစ် ခန့်ထားခဲ့၏။ ဒီဃကာရာယဏသည် မင်းကြီးကို မယုံခဲ့။ ထိုရာထူးကို သူလက်ခံခဲ့သည်မှာ မိမိ ငြင်းပယ်က မိမိကို ဒုက္ခထဲရောက်စေနိုင်၏ဟု စိုးရွံ့ခဲ့သောကြောင့် ဖြစ်၏။ မင်းကြီးသည် မိမိကို ပရိယာယ်ဖြင့် ဖျောက်ဖျက်လိမ့်မည် ဟုလည်း သူ စိုးရွံ့ခဲ့၏။ ထို့ကြောင့် သူသည် မင်းကြီးအား ပထမဆုံး သေလောက်သည့်ထိုးနှက်ချက်ကိုပြုရန် အမြဲ ကြံစည်နေခဲ့၏။

တစ်နေ့သ၌ ဗုဒ္ဓသည် မေဒတဠုမ္ပ မည်သော ရွာတစ်ရွာ၌ သီတင်းသုံးနေ၏။ မင်းကြီးလည်း မိမိအားလပ်ချိန်အတွင်း၌ ဗုဒ္ဓကိုဖူးမြင်နိုင်ရန် ထိုရွာမှ မနီးမဝေးမှာ စခန်းချခဲ့၏။ တစ်နေ့သ၌ သူသည် ဘုရင့်အဝတ်အစားများဖြင့် ကျောင်းသို့သွားခဲ့၏။ သို့ရာတွင် ကျောင်းထဲသို့ဝင်ခါနီးသော် မိမိ၏ဘုရင့်အဝတ်အစားဖြင့် ဗုဒ္ဓကိုဖူးမြင်ရန် မသင့်ဟု သူ သတိရခဲ့၏။ ထို့ကြောင့် သူသည် ထိုဘုရင်အဝတ်အစားကိုချွတ်၍ မိမိ၏စစ်သူကြီးအား ထိုဘုရင်အဝတ်အစားကို ထိန်းသိမ်းထားရန် အမိန့်ပေးခဲ့၏။ ထို့နောက် သူသည် ကျောင်းထဲသို့ တစ်ဦးတည်းဝင်သွား၏။ ယင်းသည် စစ်သူကြီး အတွက် အခွင့်ကောင်းကြီးတစ်ခုဖြစ်၏။ သူသည် အိမ်ရှေ့မင်း ဝိဋူဍဘအား ထိုဘုရင့် အဝတ်အစားကို ဝတ်ဆင်ခိုင်းပြီး သူ့ကို ဒုတိယဘုရင်အဖြစ် ကြေညာလေ၏။ ဘုရင်ဟောင်းအတွက် မြင်းနှင့် စားရည်နှင့် သူ့အားပြုစုရန် အလုပ်အကျွေးမတစ်ဦးကို



အားရစ်ခဲ့ပြီး ဘုရင်အသစ် စစ်သူကြီးနှင့် စစ်တပ်သည် မြို့တော်သို့ ပြန်ချီတက်သွား လေ၏။ ဘုရင်ဟောင်းသည် မိမိအား ထီးနန်းပြန်ရနိုင်စေရန် အဇာတသတ်မင်းထံမှ အကူအညီကိုတောင်းခံရန် ရာဇဂြိုဟ်မြို့သို့သွားလေ၏။ သို့ရာတွင် သူသည် ရာဇဂြိုဟ် အနီးရှိ ဇရပ်တစ်ခု၌ နားနေစဉ်မှာ နှလုံးသွေးရပ်သွားခြင်းဖြင့် ကွယ်လွန်လေ၏။

## ဝိဋူဍဘ၏ စွဲကပ်နေသည့်ခံစားချက်

ဝိဋူဍဘသည် သကျမင်းသားတို့၏ လှည့်ချောင်းများကိုဖြတ်ပြီး သူတို့၏ သွေးဖြင့် (မိမိထိုင်ခဲ့ရာ) ခန်းမရှိ ကြမ်းပြင်ကိုဆေးကြောရန် ဟူသော စဉ်းစားချက်တစ်ခုဖြင့် ပြင်းထန်စွာ စွဲကပ်နေ၏။ ထို့ကြောင့် သူသည် အလွန်အားကောင်းသည့် စစ်တပ်ကို ဖွဲ့စည်းပြီး ကပိလဝတ်သို့ ချီတက်သွား၏။ သကျမျိုးနွယ် ပျက်စီးရတော့မည်ဟု ဗုဒ္ဓက ကြိုတင်သိမြင်ခဲ့၏။ ယင်းသည် သူတို့၏ရှေးဘဝများတစ်ခုက သူတို့ တစ်စု တစ်ပေါင်းတည်း ကျူးလွန်ခဲ့သည့် အကုသိုလ်ကံ၏အကျိုးပေးမှုဖြစ်သောကြောင့် ဗုဒ္ဓသည် ယင်းနှင့်ပတ်သက်၍ ဘာမျှမလုပ်နိုင်ခဲ့ချေ။ သို့ရာတွင် သူသည် မိမိ၏ ဆွေမျိုးသားချင်းများကို လုံးဝပျက်စီးရခြင်းမှ ကယ်တင်ရန် တစ်စုံတစ်ရာကို မိမိ မလုပ်ခဲ့လျှင် သကျမင်းသား၊ မင်းသမီး များစွာတို့သည် ဗုဒ္ဓအားအလွန်ပြင်းထန်သည့် စကားလုံးများဖြင့် ရှုံ့ချ ပြောဆိုကြလိမ့်မည်ဟုလည်း ကြိုတင်သိမြင်ခဲ့၏။ သကျ မင်းသားများထဲတွင် ဗုဒ္ဓသည် သိဒ္ဓတ္ထမင်းသားဘဝက မိမိ၏မိဖုရား ယသော်ဓရာကို စွန့်သွားခဲ့၏ဟုလည်းကောင်း၊ ဗုဒ္ဓသည် ဒေဝဒတ်ကိုသေချာစွာစဉ်းစားပြီး ဖျက်ဆီးခဲ့ ၏ဟု လည်းကောင်း ထင်ခဲ့ကြသူတချို့ ရှိနေပြီးဖြစ်၏။ ဤလူတို့ကို မိဖုရား ယသော်ဓရာ၏ ဖခင်ဖြစ်သူပုဂ္ဂိုလ်ကသာ ဦးဆောင်ခဲ့၏။ သကျမင်းသမီးဟန်ဆောင် ထားသည့် ကျွန်မတစ်ဦးကို ပေးခဲ့ခြင်းဟူသော သစ္စာမဲ့သည့် အမှုနှင့်ပတ်သက်၍ ဗုဒ္ဓက ကောသလမင်းကြီးအား မိမိ၏ဆွေမျိုးတို့သည် မသင့်သောအမှုတို့ကို ပြုခဲ့၏ဟုလည်း ကောင်း၊ သူတို့သည် မင်းကြီးအား သကျမင်းသမီးကို ပို့ပေးခဲ့သင့်တယ် လည်းကောင်း ပြောကြားခဲ့၏။

ဗုဒ္ဓ၏ ဤစကားများကို ပြန်သတိရနေကြသော၊ ထိုစကားများကို မိမိတို့ ရည်ရွယ်ချက်များနှင့် သင့်လျော်အောင် လှည့်သုံးလိုကြသော ဤသကျမင်းသား တချို့ သည် ဗုဒ္ဓအား ကပိလဝတ်ကို ဝင်တိုက်ခြင်း၌ ပူးပေါင်းကြံစည်မှုရှိခြင်း စွပ်စွဲကြ လိမ့်မည်။ သူတို့သည် ထိုကဲ့သို့ပြုခဲ့လျှင် အလွန်ကြီးလေးသည့် အကုသိုလ်ကံကို ကျူးလွန်သည်ဖြစ်လိမ့်မည်။ ဗုဒ္ဓက ယင်းကို မဖြစ်စေလိုခဲ့ချေ။ ထို့ကြောင့် သူသည် မိမိ၏ တန်ခိုးဣဒ္ဓိများကို အသုံးပြုလျက် ကောင်းကင်ခရီးဖြင့် ကပိလဝတ်နှင့် သာဝတ္ထိ

www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်၌ ကြွလေ၏။ ဗုဒ္ဓသည်ထိုနေရာသို့ ဝိဋ္ဋချူပနှင့် သူ့စစ်တပ်အရင် ရောက်နှင့်၏။ ဗုဒ္ဓသည် ကပိလဝတ်ဘက်ရှိ အရွက်မရှိသည့် သစ်တစ်ပင်၏အောက်၌ အေးဆေးစွာ ထိုင်နေ၏။ ဝိဋ္ဋချူပသည် ဗုဒ္ဓကိုမြင်သော် သွား၍ ဗုဒ္ဓအား ဤသို့ ဖိတ်ကြား၏။

'အရှင်ဘုရား၊ အဘယ့်ကြောင့် ထိုအရွက်မရှိသည့် သစ်ပင်အောက်၌ ထိုင်နေပါသနည်း။ (သာဝတ္ထိနယ်ထဲက အရွက်များဖြင့်ပြည့်နေသည့် ပညောင်ပင်ကို ညွှန်ပြလျက်) ဟိုဘက်မှာ အရိပ်ကောင်းသည့် ပညောင်ပင်ရှိပါ၏။ ထိုပညောင်ပင်အောက်၌ထိုင်ရန် အရှင့်ကို ဖိတ်ပါရစေ'

'မဟုတ်ဘူး မင်းမြတ်၊ ဆွေမျိုးသားချင်းများကပေးသည့် အရိပ်သည် အလွန်အေးမြ၏'

ဝိဋ္ဋချူပသည် လှည့်ပြန်ရန် မိမိအတွက် အရိပ်အမြွက်အဖြစ် ယင်းအချက်ကို ယူဆခဲ့၏။ သို့ရာတွင် သူသည် အစွမ်းကုန်ကြိုးစားပေမယ့် သေးငယ်သည့် မျိုးနွယ်ဝင်တို့က မိမိအား အနူတစ်ဦးအဖြစ် ပြုမူခဲ့၏ဟူသော အချက်ကို မမေ့မရခဲ့ချေ။ ငါ ထိုင်ခဲ့သည့်ကြမ်းပြင်ကို နို့ရည်ဖြင့် ဆေးကြောခဲ့၏။ ဤစကားတို့က သူသွားလေရာတိုင်း၌ သူ့ထံသို့ ရောက်ရောက်လာခဲ့၏။ သူ့အား ပေးခဲ့သည့် စော်ကားမှုသည် မျိုးချစ်သူ့အတွက် တကယ်ပင် များလွန်းလှ၏။ ထို့ကြောင့် အတန်ကြာသော် သူသည် ကပိလဝတ်သို့ တစ်ဖန်ချီတက်သွား၏။ သူသည် နယ်စပ်၌ ဗုဒ္ဓကို တွေ့မြင်သော် ဗုဒ္ဓအား ရိုသေသောအားဖြင့် လှည့်ပြန်ခဲ့၏။ အတန်ကြာသော် သူသည် ကပိလဝတ်သို့ တစ်ဖန်ချီတက်သွားရာ ယင်းနှစ်ကြိမ်ကကဲ့သို့ပင် လှည့်ပြန်လာခဲ့၏။ သူသည် စတုတ္ထအကြိမ် တစ်ဖန်ချီတက်သွားသော် ဗုဒ္ဓသည် နယ်စပ်သို့ မကြွတော့ချေ။ ဗုဒ္ဓက သကျမျိုးနွယ် ပျက်စီးတော့မည့်အချိန် ရောက်လာပြီဟု သိမြင်ခဲ့၏။

ဝိဋ္ဋချူပသည် သကျမင်းသားတို့၏ သွေးဖြင့် ခန်းမရှိကြမ်းပြင်ကို ဆေးကြောခြင်းဖြင့် မိမိ၏အခဲ့ဘာန်ကို ပထမဆုံး ဖြည့်ဆည်းခဲ့၏။ သူသည် မိမိ၏အဘိုး မဟာနာမ် မင်းကြီးနှင့် သူ့နား ကပ်နေသော သကျမင်းသား အနည်းငယ်ကို ချမ်းသာပေးခဲ့၏။ ထို့နောက် သူသည် ကလေးများကိုပင် ချမ်းသာမပေးဘဲ သကျတစ်မျိုးလုံးကို စားပေါ်တင်ခဲ့၏။ မိမိတို့သည် သကျနွယ်ဝင်များ မဟုတ်ဟု စစ်သားတို့ကို လှည့်ပတ်ပြောနိုင်သူ အနည်းငယ်သာ ဝိဋ္ဋချူပ၏ ကြောက်ဖွယ် အမျက်ဒေါသမှ ကင်းခဲ့ကြ၏။ သတ်ဖြတ်မှုကြီးပြီးဆုံးသော် ဝိဋ္ဋချူပသည် မိမိနှင့်အတူ မိမိ၏အဘိုးကို ခေါ်ယူကာ ပြန်သွားခဲ့၏။ နေ့လယ်စာစားချိန်၌ သူသည် မိမိ၏အဘိုးကို မိမိနှင့်အတူ နေ့လယ်စာစားရန် ဖိတ်ခေါ်၏။ အဘိုးအိုကား မျိုးနွယ်တွင် မာနအကြီးဆုံးဖြစ်၏။ ထို့ကြောင့် သူသည် ကျွန်မသားနှင့်အတူ ထမင်းစားခြင်းထက် ကိုယ့်ကိုယ်ကိုယ် သတ်သေရန်



ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် သူက ထမင်းမစား၊ မိမိ ရေချိုးလို၏ဟု ဝိဋ္ဋချူပကို ပြောကြားခဲ့၏။ ဝိဋ္ဋချူပသည် အနီးရှိရေကန်ထဲ၌ သူ့အား ရေချိုးခွင့်ပြုခဲ့၏။ အဘိုးအိုသည် ရေကန်ထဲ၌ ကိုယ့်ကိုယ်ကိုယ် နှစ်ခြင်းဖြင့် သတ်သေသွားလေ၏။

## ဝိဋ္ဋချူပသည် မိမိ၏လက်စားချေ နတ်သမီးနှင့်တွေ့ခြင်း

ဝိဋ္ဋချူပနှင့် သူ့စစ်တပ်သည် အစိရဝတီမြစ်ကမ်းသို့ရောက်သော် အလွန်မှောင်လေပြီ။ ထို့ကြောင့် မင်းကြီးသည် ထိုနေရာ၌ ညအိပ်ရန် ဆုံးဖြတ်ခဲ့၏။ ပင်ပန်းကြသည့် စစ်သားအချို့သည် မြစ်ကမ်းပေါ်၌ အိပ်ကြ၏။ လေအေးနှင့် စွန့်စားသွားလာမှုကို ရလိုသောသူတို့သည် ဖောင်များကိုပြုလုပ်၍ မြစ်အလယ်၌ ပြန့်ကြဲတည်နေသည့် သဲသောင်ကမ်းများသို့ ကူးဖြတ်သွားခဲ့ကြ၏။ ခဏကြာသော် မိုးကြီးသည်းထန်စွာ ရွာသွန်းချလေ၏။ ထိုမိုးသည် မမျှော်လင့်ဘဲ ရောက်လာသောကြောင့် သောင်ကမ်းပေါ်ရှိ လူများစွာတို့သည် အစိရဝတီမြစ်၏ လက်စားချေသည့် ရေအလျှံ၏ အမျက်ဒေါသမှ လွတ်မြောက်ရန် မပြင်ဆင်ခဲ့ရချေ။ သကျမျိုးနွယ်၏ ကြောက်စရာကွင်းလိ ဝိဋ္ဋချူပ လည်း ထိုလူတို့အထဲ၌ ပါဝင်၏။ လျင်မြန်သည့် ရေအလျှဉ်တွင်သွားသော် သူ့အလောင်းကို ဘယ်နေရာမှာမှ ရှာမတွေ့တော့ချေ။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၇

## အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန်ဝင်ခြင်း

ဝေဠုဝမည်သော ရွာငယ်တစ်ခုရှိခဲ့၏။ ထိုရွာသည် ဝေသာလီအနီးမှာရှိ၏။ ဗုဒ္ဓသည် ထိုရွာ၌ နောက်ဆုံးဝါ သီတင်းသုံးခဲ့၏။ ရွာသည် အလွန်ငယ်သောကြောင့် ဗုဒ္ဓနှင့်အတူ လိုက်ပါခဲ့သည့် ရဟန်းများအား နေရာမပေးနိုင်ချေ။ ထို့ကြောင့် ဗုဒ္ဓက သူတို့အား ဝေသာလီသို့ပြန်သွားပြီး ဝေသာလီအတွင်းအပြင်ရှိကျောင်းများ၌ မိမိတို့၏ ဝါကပ် နေထိုင်ရန် ညွှန်ကြားလေ၏။ ထိုရက်သည် ဝါဆို (ဇူလိုင်လခန့်) လပြည့်မတိုင်မီ ရက်အနည်းငယ်ခန့် ဖြစ်ဖွယ်ရှိ၏။ ဝါဆိုလပြည့်နေ့၌ ဝါလစတင်ခဲ့၏။ ထိုနေ့၌ ဗုဒ္ဓသည် အလွန် ပြင်းထန်စွာ မကျန်းမမာဖြစ်ခဲ့၏။ ဗုဒ္ဓနှင့်အတူနေသည့် အနည်းငယ်သော ရဟန်းတစ်စုက ဗုဒ္ဓ အဆုံးများသတ်တော့မလားဟု အံ့သြစိတ်ဝင်လာ၏။

သို့ရာတွင် ဗုဒ္ဓသည် ဤကဲ့သို့ ရုတ်တရက် ပရိနိဗ္ဗာန်မပြုလိုခဲ့ချေ။ ဗုဒ္ဓသည် မိမိ ပရိနိဗ္ဗာန်မပြုမီ မိမိ၏တပည့်ရဟန်းတို့အား မိမိ၏ တရားတော်များထဲပါ အရေးကြီး သည့် အချက်တချို့ကို ပြန်လည်ဟောကြားလိုခဲ့၏။ ထိုရဟန်းတို့အား မဂ်ဉာဏ်များ အတွက် ပို၍ အားထုတ်စေရန်အလို့ငှာ မိမိ ပရိနိဗ္ဗာန်ပြုမည့်နေ့ရက်ကို သင့်လျော်သည့် ကြိုတင်အသိပေးမှုကိုလည်း ပြုလို၏။ ထို့အပြင် သူသည် မိမိ ပရိနိဗ္ဗာန်ပြုသည့်အခါ ပုထုဇဉ်သောတာပန် သကဒါဂါမ်များဖြစ်ကြသည့် မိမိ၏ တပည့်ရဟန်းတချို့ကို ဖြစ်နိုင်သမျှ စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုပြုကြစေရန် လိုလားခဲ့၏။

(ဗုဒ္ဓ ရုတ်တရက်ကွယ်လွန်သွားခြင်းသည် ပုထုဇဉ်သောတာပန်၊ သကဒါဂါမ် များဖြစ်သည့် မိမိ၏တပည့်တချို့အား အကြီးအကျယ် စိတ်လှုပ်ရှားသွားစေလိမ့်မည်။ ဤတပည့်တို့မှာ သူတို့အား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ စိတ်ပျက်အားလျော့မှုတို့ကို ဖြစ်စေနိုင်သည့် ပဋိဃာနုသယဓာတ် ရှိနေကြသေး၏။ အနာဂါမ်နှင့် ရဟန္တာများဖြစ်သည့် အခြားတပည့်တို့အတွက်မူ သူတို့သည် ပဋိဃာ နုသယကို ပယ်ဖျောက်ပြီးဖြစ်သောကြောင့် ဗုဒ္ဓ၏ ပရိနိဗ္ဗာန်ပြုသွားမှုကို စိတ်တည်ငြိမ်စွာ ဖြင့် ခံယူနိုင်ကြ၏။



အနာဂါမ်နှင့် ရဟန္တာများမှကြွင်းသော တပည့်တို့သည် ဗုဒ္ဓပရိနိဗ္ဗာန်ပြုသောအခါ မည်သို့ တုံ့ပြန်ပြုမူကြသည်ကို ထိုအချိန်၌ သောတာပန်သာဖြစ်သေးသည့် အရှင်အာနန္ဒာ အကြောင်း လေ့လာခြင်းဖြင့် မှန်းကြည့်နိုင်၏။ ဗုဒ္ဓသည် အရှင်အာနန္ဒာအား ကာလ ကြာမြင့်စွာက အသိပေးခြင်း၊ သင့်တော်သည့်အရာများကို ဟောကြားခြင်းဖြင့် မိမိ၏ နောက်ဆုံးပရိနိဗ္ဗာန်ပြုချိန်အတွက် သူ့အားပြင်ဆင်စေရန် အားထုတ်ခဲ့သော်မှတင် အရှင်အာနန္ဒာသည် အလွန်ပြင်းထန်စွာ ငိုကြွေးခဲ့၏။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဗုဒ္ဓသည် အဆင့်နှစ်ဆင့် စီစဉ်ခဲ့၏။ ပထမအဆင့်ကား မိမိကိုယ်ကို အာယုသင်္ခါရ ဖလသမာပတ်ကို ဝင်စားပြီးပြင်ဆင်ရန် ဖြစ်၏။ ဒုတိယအဆင့်ကား မိမိ ထိုအာယုသင်္ခါရဖလသမာပတ် ဝင်စားချိန်မှစ၍ ၁၀ လ တိုင်အောင် နာမကျန်းမှုဟူသမျှမှ လုံးဝကင်းရှင်းလို၏ဟု အဓိဋ္ဌာန်ပြုရန်ဖြစ်၏။ သူသည် ထိုဖလသမာပတ်မှထွက်သော် နာမကျန်းမှုမှ အပြည့်အဝ ပြန်ထူထောင်လာသည် သည်ကို တွေ့ရ၏။ အရှင်အာနန္ဒာသည် ထိုပြင်းထန်သည့်ဝေဒနာမှ အံ့သြဖွယ် လျင်မြန်စွာ ဗုဒ္ဓ ပြန်ကျန်းမာလာသည့်အခါ ဗုဒ္ဓအား လေးစားစွာ ဝမ်းမြောက်ကြောင်းများ ပြောကြားမည့်သူ ပထမဆုံးပုဂ္ဂိုလ်ဖြစ်၏။

၁။ မင်္ဂါနန္တရဖလသမာပတ်၊ ၂။ ဝလဥ္စနဖလသမာပတ်၊ ၃။ အာယုသင်္ခါရ ဖလသမာပတ်ဟူ၍ ဖလသမာပတ် သုံးမျိုးရှိ၏။

၁။ ဗုဒ္ဓသည် ဘုရားအလောင်းအဖြစ်ဖြင့် စတုတ္ထနှင့် နောက်ဆုံးမဂ်ဖြစ်သည့် အရဟတ္တမဂ်ကိုရသောအခါ ထိုမဂ်နောက်က ချက်ချင်း ဖိုလ်စိတ်သုံးပါး လိုက်ဖြစ်၏။ ဤဖိုလ်စိတ်သုံးပါးကို မင်္ဂါနန္တရ ဖလသမာပတ်ဟု ခေါ်၏။

၂။ ဗုဒ္ဓဖြစ်ပြီးကာလအတွင်း၌ ဗုဒ္ဓသည် အခွင့်အခါရတိုင်း ဖလသမာပတ်ကို ဝင်စားခဲ့၏။ အဋ္ဌကထာများက ဤသို့ဆိုကြ၏။ ဗုဒ္ဓသည်တရားဟောနေစဉ်အတွင်း တပည့်သာဝကများက သာဓု၊ သာဓု၊ သာဓု ဟု ကြွေးကြော်ခေါ်ဆိုကြမည်။ သာဓု ဟူသည် တရားတော်ကို ကောင်းစွာ ဟောအပ်ပေ၏ဟု ဆိုလိုကြောင်း အဓိပ္ပာယ်ပြန်ဆို နိုင်၏။ တရားတစ်ပုဒ်အတွင်းမှာ ထိုကဲ့သို့သော ကြွေးကြော်မှုများကို ဆယ်ကြိမ်လောက် ထပ်ဆိုနိုင်၏။ ကြွေးကြော်မှုတစ်ခုစီသည် စက္ကန့်အနည်းငယ် ကြာပေမည်။ ထို တိုတောင်းသည့် စက္ကန့်ကလေးအတွင်းမှာပင် ဗုဒ္ဓသည် ဖလသမာပတ်ကို ဝင်စား နိုင်ခဲ့၏။ ဗုဒ္ဓသာ ဤသို့ပြုနိုင်၏။ အခြား အရိယာများစွာတို့သည် ဖလသမာပတ်ကို ဝင်စားနိုင်သော်လည်း ထိုကဲ့သို့ ပြုနိုင်ဖို့အချိန် ပိုကြာကြာယူရလိမ့်မည်။ ဤဖလ သမာပတ်မျိုးကို ဝလဥ္စနဖလသမာပတ်ဟု ခေါ်၏။

၃။ တတိယကို အာယုသင်္ခါရ ဖလသမာပတ် ဟု ခေါ်၏။ ယင်းသည် တစ်ခုံ ဘဝ်ဦး၏ အသက်ကို ရှည်စေသောကြောင့် ထိုသို့ခေါ်ဝေါ်ခြင်းဖြစ်၏။ ယင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ဦးအား မိမိ၏ သက်တမ်းကာလတစ်ခုလုံး နေနိုင်စေသည့်တန်ခိုးရှိ၏။ ဗုဒ္ဓ၏အသက်တမ်းကား နှစ်တစ်ရာဖြစ်၏။ ယင်းသည်ဗုဒ္ဓအား သူ အလိုရှိခဲ့လျှင် အသက်နှစ်တစ်ရာတိုင် နေနိုင်စွမ်းရှိစေ၏။ သို့ရာတွင် ဗုဒ္ဓသည် ထိုဆန္ဒကို မပြုခဲ့။ သူသည် အာယုသင်္ခါရဖလသမာပတ်ရှိနေချိန်မှ ၁၀ လတိုင် နာမကျန်းမှုမှ လုံး၀ ကင်းလွတ်သင့်၏ဟုသာ အလိုရှိခဲ့၏။ အဘယ့်ကြောင့်နည်း။ အောက်ပါအရေးကြီးသည့် အကြောင်းခြင်းရာကြောင့်ဖြစ်၏။ အစဉ်အလာထုံးစံအရ ဗုဒ္ဓတို့သည် မိမိတို့ သက်တမ်း၏ ငါးပုံ လေးပုံသာ နေခဲ့ကြ၏။ မိမိဆန္ဒထဲပါ ၁၀ လ ကုန်ဆုံးသောနေ့၌ ဗုဒ္ဓသည် အစဉ်အလာထုံးစံအရ မိမိ၏အသက်တမ်း၏ ငါးပုံလေးပုံဖြစ်သော မိမိ အသက်၏ လုံး၀ ၈၀ ပြည့်မြောက်နှစ် ဖြစ်သည်။ ထိုနေ့သည် ကဆုန် (မေလခန့်) လပြည့်နေ့၌ ကျရောက်၏။

အရှင်အာနန္ဒာသည် မိမိ၏ လေးလေးစားစား ဝမ်းသာစကားများ ပြောကြားပြီးနောက် ဗုဒ္ဓက သူ့အား အရေးကြီးသော တရားတစ်ပုဒ်ကို ဟောခဲ့၏။ အောက်ပါကား အကျဉ်းချုပ်ဖြစ်၏။

'အာနန္ဒာ၊ ရဟန်းတစ်ပါးသည် မိမိကိုယ်ကို ဒုက္ခမှ လွတ်မြောက်စေရန် မိမိကိုယ်ကို အားကိုးရမည်။ သူသည် သူတစ်ပါးတို့ကို အားမကိုးရ။ ဒုက္ခကို အဆုံးသတ်လိုသော ရဟန်းအဖို့ တစ်ခုတည်းသောအားထားရာကား ဓမ္မသာဖြစ်၏။ ထိုသို့သော ရဟန်းသည် ဘာကိုလုပ်ရမည်နည်း။ သူသည် မဟာသတိပဋ္ဌာန်ပွားနည်း လေးပါးကို အသုံးပြုလျက် မြဲမြဲသော သိမှတ်မှုကို တည်ဆောက်ရမည်။ ဤမြဲမြဲသော သိမှတ်မှုက သူ့အား မိမိခန္ဓာကိုယ်နှင့် စိတ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို မြင်စေနိုင်လိမ့်မည်။ ဤအကျင့်ကို စွဲမြဲစွာ လုံ့လကြီးစွာဖြင့် ဆက်လုပ်နေသောရဟန်းတို့သည် ရဟန်းတို့တွင် အမြတ်ဆုံးသော ရဟန္တာပုဂ္ဂိုလ်များ ဖြစ်လာကြလိမ့်မည်'

## အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံလွန်ခြင်း

ဝါကျွတ်သော် ဗုဒ္ဓသည် ဝေဠုဝရွာမှထွက်ခွာ၍ သာဝတ္ထိသို့ ဆက်ကြွလေ၏။ ယင်းကား တန်ဆောင်မုန်း (နိုဝင်ဘာလခန့်) လဆုတ် ၈ ရက်ခန့် ဖြစ်၏။ ပဌမနှင့် ဒုတိယ အဂ္ဂသာဝကများအဖြစ်ဖြင့် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏တာဝန်ကား အများအားဖြင့် ဗုဒ္ဓအနီးမှာ ရှိနေရန်ဖြစ်၏။ သို့ရာတွင် ဇေတဝန်ကျောင်းသို့ ရောက်သည့်နေ့မှာ အရှင်သာရိပုတ္တရာသည် နောက်ထပ် ခုနစ်ရက်သာ မိမိ နေရတော့မည်ဟု သိသောကြောင့် ဗုဒ္ဓအား ဤသို့ နောက်ဆုံးနှုတ်ဆက်စကားကို လျှောက်လေ၏။

'အရှင်ဘုရား၊ မိမိကိုယ်ကို ဗုဒ္ဓနှင့် ဆက်ဆံခွင့်ကို ရနိုင်စေရန်အလို့ငှာ အကျွန်ုပ်သည် အတိုင်းအဆမရှိ အလွန့် အလွန် ရှည်လျားလှသည် ကာလတိုင်တိုင်



ပါရမီများဖြည့်ဆည်းသည့်အလုပ်ကို လုပ်ခဲ့ပါ၏။ (ပါရမီများဟူသည် ဂေါတမဗုဒ္ဓ၏ ပဌမ အဂ္ဂသာဝကဖြစ်လာဖို့ သူ ဆောင်ရွက်ခဲ့ရသည့် သတ်မှတ်ထားချက်များ ဖြစ်၏။ ယင်းကို အခန်း ၁၅ ၌ အပြည့်အစုံရှင်းပြခဲ့ပြီးဖြစ်၏။) အကျွန်ုပ်ဆန္ဒ၏ ပြည့်စုံမှုသည် ယခု ယင်း၏အထွတ်အထိပ်သို့ ရောက်ခဲ့ပါပြီ။ အကျွန်ုပ်သည် နောက်ထပ်ဖြင့် ပဋိသန္ဓေကို ဖြစ်စေနိုင်သည့် အကြောင်းရင်းအားလုံးကို ပယ်သတ်ပြီးသောကြောင့် အကျွန်ုပ်မှာ နောင်မည်သည့်ဘဝမှာမှ ဗုဒ္ဓနှင့် ထပ်တွေ့ဆုံခွင့် မရှိတော့ပါ။ ယခု အကျွန်ုပ် ပရိနိဗ္ဗာန် ပြုပါတော့အံ့။ ထို့ကြောင့် အကျွန်ုပ်သည် ဗုဒ္ဓအား ကိုယ်၊ နှုတ်၊ စိတ် အားဖြင့် ပြစ်မှားခဲ့မူးလျှင် ဤအပြစ်များအတွက် အကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ'

'သာရိပုတ္တရာ၊ သင်သည် ထိုသို့သောအပြစ်များကို မကျူးလွန်ခဲ့ချေ'

ထို့နောက် ဗုဒ္ဓသည် တရားဟောခန်းမရှိ၊ မိမိ၏နေရာမှထ၍ မိမိ၏ ပဌမ အဂ္ဂသာဝကအား သင့်လျော်သည့်လိုက်ပို့မှုပေးရန် အတန်ဝေးအောင် ရဟန်းများ၏ ရှေ့ဦး၌ လျှောက်ကြွလေ၏။ ဗုဒ္ဓသည် ဂန္ဓကုဋီကျောင်း၏ရှေ့၌ ရပ်၏။ ထိုနေရာ၌ အရှင်သာရိပုတ္တရာသည် ဗုဒ္ဓအား နောက်ဆုံးရှိခိုးပူဇော်မှု ပေးလေ၏။ ထို့နောက် ဗုဒ္ဓသည် အရှင်သာရိပုတ္တရာအား လိုက်ပို့ရန်အလို့ငှာ သူနှင့်အတူ အတော်ဝေးဝေး လမ်းလျှောက်သွားကြရန် ရဟန်းတို့ကို မိန့်ကြားလေ၏။

သူသည် မိမိ၏နောက်ဆုံးနေ့ သီတင်းသုံးသင့်သည့်နေရာကို စဉ်းစားသော် မိမိ၏ အမေအိုကို အမှတ်ရလေ၏။ သူမသည် ဗြဟ္မာမင်းကို အမြတ်ဆုံးပုဂ္ဂိုလ်ဟု ဘာသာဝင်တို့က အသိအမှတ်ပြုဖို့ လိုအပ်သည့် ဘာသာကွဲနှင့် သက်ဆိုင်နေ၏။ သူမမှာ သားလေးဦးနှင့် သမီးသုံးဦးရှိ၏။ သူတို့သည် အရှင်သာရိပုတ္တရာကဲ့သို့ပင် မိမိတို့ မိခင်ကို စွန့်ပြီး ဗုဒ္ဓအောက်ရှိ ရဟန်းသံဃာအဖွဲ့သို့ ဝင်ရောက်ခဲ့ကြ၏။ အချိန်တန်သော် သူတို့အားလုံး ရဟန္တာများဖြစ်လာခဲ့ကြ၏။ အရှင်သာရိပုတ္တရာသည် သူမအပေါ် ရှုသင်ခြင်းသော် သူမသည် ပဌမမဂ်အတွက် ပါရမီရင့်ကျက်ပြီးဟုသိမြင်၏။ ထို့ကြောင့် သူသည် သူမ၏နေအိမ်သို့သွားရန် ဆုံးဖြတ်ခဲ့၏။ ထိုနေရာမှာ သူ ပရိနိဗ္ဗာန်စံဝင်သော၏။ သို့ရာတွင် သူသည် ထိုသို့မပြုမီ မိမိ၏မိခင်အား ပဌမ မဂ်ကို ရအောင် ကူညီနိုင်ခဲ့၏။

မီးသင်္ဂြိုဟ်ပြီးသော် အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို အရှင်သာရိပုတ္တရာ၏ ညီငယ် အရှင်စုန္ဒက ဗုဒ္ဓထံသို့ယူလာခဲ့၏။ ဗုဒ္ဓက ယင်းတို့ကို သာဝတ္ထိရှိ စေတီ တစ်ဆူထဲ၌ ဌာပနာစေခဲ့၏။

## အရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်စံဝင်ခြင်း

ထို့နောက် ဗုဒ္ဓသည် ရာဇဂြိုဟ်သို့ ကြွသွား၏။ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံ (ကွယ်လွန်) ပြီးနောက် ၁၅ ရက်ကြာသော် ဒုတိယအဂ္ဂသာဝကဖြစ်သော အရှင်မဟာ

www.burmeseclassic.com

www.burmeseclassic.com



မောဂ္ဂလာန်သည် ရာဇဂြိုဟ်၌ ပရိနိဗ္ဗာန်စံဝင်ခဲ့၏။ မီးသဂြိုဟ်ပြီးသော် ဗုဒ္ဓသည် ရာဇဂြိုဟ်ရှိ စေတီတစ်ဆူထဲ၌ ထိုဓာတ်တော်များကို အလားတူပင် ဌာပနာစေခဲ့၏။

## ဗုဒ္ဓ၏ ခရီးစဉ်

ဗုဒ္ဓသည် ရာဇဂြိုဟ်မှ ဥက္ကစေလမြို့သို့ ကြွသွား၏။ သူသည် ထိုနေရာမှ ဝေသာလီသို့ ကြွ၍ အရှင်အာနန္ဒာကို စာပါလ စေတီသို့ ခေါ်သွား၏။ ထိုနေ့သည် တပို့တွဲ (ဖေဖော်ဝါရီလခန့်) လပြည့်နေ့မတိုင်မီ ရက်အနည်းငယ် (ဝါ) လပြည့်နေ့ဖြစ်၏။ ထိုနေရာ၌ ဗုဒ္ဓက အရှင်အာနန္ဒာအား မိမိအလိုရှိခဲ့သည့် ၁၀ လသည် ကဆုန်လပြည့်နေ့၌ ကုန်ဆုံးသည့်အခါ အာယုသင်္ခါရကို ထပ်မဝင်စားရန် မိမိ၏ဆုံးဖြတ်ချက်ကို ပြောကြားလေ၏။ ရှင်းရှင်းပြောရလျှင် ယင်းသည် ထိုနေ့မှ သုံးလကြာသော ကဆုန်လပြည့် (မေလခန့်)နေ့မှာ ဗုဒ္ဓ ပရိနိဗ္ဗာန်စံလိမ့်မည်ဟု ဆိုလို၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ အာယုသင်္ခါရ ဖလသမာပတ်ကို ဆက်လက်ဝင်စားခြင်း မပြုတော့ဟု ရန့်ရင်းသော နိမိတ်ကိုပြုပါလျက်၊ ရန့်ရင်းသော အရိပ်အရောင်ကိုပြုပါလျက်၊ လူအများ အကျိုးစီးပွားဖြစ်ရန်လည်းကောင်း၊ လူအများ ချမ်းသာရန်လည်းကောင်း၊ လောကကိုစောင့်ရှောက်ရန်လည်းကောင်း၊ လူနတ်တို့၏ အကျိုးဖြစ်ရန်လည်းကောင်း၊ အစီးအပွားဖြစ်ရန်လည်းကောင်း ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ။ (သက်တော်တစ်ရာအပြည့် နေတော်မူပါ) ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်နေတော်မူပါဟု ဘုရားရှင်အား မလျှောက်ထားနိုင်ဖြစ်ခဲ့ ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူမည်ဟူသော မိန့်တော်မူချက်ကို ကြားလျှင်ကြားချင်း အလွန်အမင်း ပူဆွေးခြင်း၊ အာယုကပ်ပတ်လုံး ဆက်လက်တည်နေတော်မူပါဟု မလျှောက်ထားနိုင်လောက်အောင် မာရ်မင်း၏ နှောင့်ယှက်တားမြစ်မှုကို ခံရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထိုအခါ ဗုဒ္ဓက အရှင်အာနန္ဒာအား ဤသို့ မိန့်ကြားလေ၏။

'အာနန္ဒာ၊ တစ်စုံတစ်ဦးသည် မိမိတို့၏ ချစ်အပ်သောသူတို့မှ နည်းလမ်းများစွာ ဖြင့်ခွဲခွာသွားနိုင်၏။ သူသည် သူတို့ အသက်ရှင်နေစဉ်မှာပင် တစ်ဦးဦး သေသည့်အခါ သူတို့အသီးသီး ဘဝတခြားစီမှာ ပြန်ဖြစ်သောအခါ မိမိ၏ချစ်အပ်သောသူတို့မှ ခွဲခွာသွား နိုင်၏။ ဗုဒ္ဓသည် သင့်အား ဤအချက်တို့ကို ရှေးဦးအစကပင် ပြောခဲ့ပြီမဟုတ်လော အာနန္ဒာ၊ သက်ရှိသတ္တဝါများ၊ သက်မဲ့အရာဝတ္ထုများအားလုံးသည် ပြိုကွဲ ပျက်စီး တတ်သည့် သဘောရှိကြ၏။ တစ်စုံတစ်ဦးသည် ယင်းတို့အထဲမှ တစ်စုံတစ်ရာကို



မိမိ အလိုရှိသလို တည်မြဲအောင် မည်သို့လုပ်နိုင်အံ့နည်း။ ထိုသို့သော ဆန္ဒပြည့်စေရန် ဘယ်တော့မှ ဖြစ်နိုင်မည် မဟုတ်'

ထို့နောက် ဗုဒ္ဓ၏ညွှန်ကြားချက်အရ ဝေသာလီအတွင်းနှင့် ဝန်းကျင်၌ရှိနေ ကြသည့် ရဟန်းအားလုံးသည် အရေးကြီးသောအခါများ၌ ရဟန်းများ ဆုံစည်းလေ့ရှိရာ ခန်းမထဲ၌ စုဝေးကြကုန်၏။ ဗုဒ္ဓသည် မိမိ၏ တရားတော်ထဲပါ အရေးကြီးသည့် ၃၇ ချက်တို့ကို ပြန်လည်ဟောကြားလေ၏။ ထို ၃၇ ချက်တို့ကို ဗောဓိပက္ခိယဓမ္မဟု စုပေါင်း၍ ခေါ်ဝေါ်၏။ ယင်းတို့သည် မဂ်ဉာဏ်များရရှိရေးကို ထောက်မကူညီပေးသည့် တရားများဖြစ်သောကြောင့် ယင်းတို့ကို ထိုသို့ ခေါ်ဝေါ်ခြင်းဖြစ်၏။ (ဗောဓိ=မဂ် ဉာဏ်များ + ပက္ခိယ = ထောက်မပေးသည့်တရားများ)။ အောက်ပါသည် ဗုဒ္ဓဟောသည့် တရားတော်၏ အကျဉ်းချုပ်ဖြစ်၏။

'ရဟန်းတို့၊ သင်တို့သည် သဗ္ဗညုတဉာဏ် (ဗုဒ္ဓအား သိဖွယ်အားလုံးကို သိမြင် နိုင်သော ဉာဏ်အမြင်)ကို ရရှိပြီးနောက် ငါတွေ့ရှိခဲ့သော အရေးပါသည့် ဤ ၃၇ ချက်တို့ကို သင်ယူသင့်၏။ မှတ်မိထားသင့်၏။ ကျင့်ကြံအားထုတ်သင့်၏။ မြဲမြဲစွာ ခွဲလုံ့လဖြင့် ကျင့်ကြံ အားထုတ်သင့်၏။ သင်တို့သည် ထိုသို့ပြုသော် ငါ၏တရားတော် များထဲပါ အဓိက ၃၇ ချက်တို့သည် အလွန်ကြာမြင့်စွာ တည်တံ့နေလိမ့်မည်။ ထိုကဲ့ သို့သော တည်တံ့မှုက လောက ဗြဟ္မာ၊ နတ်၊ လူများကို တဖြည်းဖြည်း ဆုတ်ယုတ် နစ်မြုပ်သွားခြင်းမှ ကယ်တင်မှုကိုပေးလိမ့်မည်။ ထိုကဲ့သို့သောတည်တံ့မှုက ဗြဟ္မာ နတ် လူတို့အား အကျိုးပြုနေလိမ့်မည်။

'ရဟန်းတို့၊ ဤအဓိက အချက် ၃၇ ပါးတို့ကား အဘယ်နည်း၊ ယင်းတို့ကား

၁။ သတိပဋ္ဌာန်ပွားနည်း လေးပါး၊
၂။ သမ္မပ္ပဓာန်တရား လေးပါး၊
၃။ ဣဒ္ဓိပါဒ်တရား လေးပါး၊
၄။ ဣန္ဒြေတရား ငါးပါး၊
၅။ ဗိုလ်တရား ငါးပါး
၆။ ဗောဇ္ဈင်တရား ခုနစ်ပါး၊
၇။ အရိယမဂ္ဂင်ရှစ်ပါး၊

'ရဟန်းတို့၊ သင်တို့သည် သဗ္ဗညုတဉာဏ်တော်ကို ငါရပြီးနောက် ငါတွေ့ရှိ ခဲ့သော ဤအချက် ၃၇ ပါးတို့ကို သင်ယူသင့်၏။ မှတ်မိထားသင့်၏။ ကျင့်ကြံ အားထုတ်သင့်၏။ မြဲမြဲစွာ ခွဲလုံ့လတို့ဖြင့် ကျင့်ကြံအားထုတ်သင့်၏။ ရဟန်းတို့သည် တစ်ဆက်ပြီးတစ်ဆက် ထိုကဲ့သို့ မြဲမြဲစွာ ခွဲလုံ့လဖြင့်ပြုလုပ်သွားလျှင် ဤအချက် ၃၇ ပါးတို့သည် ကြာရှည်တည်တံ့နေလိမ့်မည်။ ထိုသို့သော တည်တံ့မှုက လောက (လူ နတ် ဗြဟ္မာများ)ကို တဖြည်းဖြည်း ဆုတ်ယုတ်နစ်မြုပ်သွားခြင်းမှ ကယ်တင်မှုကို ပေးလိမ့်မည်။ ထိုကဲ့သို့ တည်တံ့မှုက လူ နတ် ဗြဟ္မာတို့အား အကျိုးပြုနေလိမ့်မည်'

www.burmeseclassic.com

www.burmeseclassic.com

## ဖွင့်ဆိုချက်

ဤအဆင့်၌ ဗောဓိပက္ခိယဓမ္မ ၃၇ ပါးအကြောင်း အပေါ်ယံဖွင့်ဆိုမှုများကို ပြုလိမ့်မည်။ ဒုတိယတွဲ မဂ္ဂင်လမ်းဆိုင်ရာ အတွဲသို့ ကျွန်ုပ်တို့ရောက်သောအခါ ယင်းတို့ကို အပြည့်အစုံရှင်းပြပါမည်။

ဗောဓိပက္ခိယဓမ္မ ၃၇ ပါးတို့ကို ဗုဒ္ဓအဖြစ် ၄၅ နှစ်အတွင်း၌ ဗုဒ္ဓဟောကြားသည့် ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်အဖြစ် မှတ်မိထားသင့်၏။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်၏။

၁။ **သတိပဋ္ဌာန်မှားနည်းလေးပါး**–သတိပဋ္ဌာန်ဟူသည် မြဲမြံသော သိမှတ်မှုကို ဆိုလို၏။ ဤနည်းလေးပါးကို အသုံးပြု၍ မိမိ၏ရုပ်ခန္ဓာနှင့် စိတ်တို့၏ အနိစ္စ ဒုက္ခ အနတ္တသဘောကို ယောဂီအားသိမြင်စေနိုင်သည့် မြဲမြံသောသိမှတ်မှုကို တည်ဆောက်ရမည်။

၂။ **သမ္မပ္ပဓာန်တရားလေးပါး**–သမ္မပ္ပဓာန် ဟူသည် မလျော့သော ဇွဲလုံ့လကို ဆိုလို၏။ ယောဂီသည် သတိပဋ္ဌာန်လေးပါးတို့ အားထုတ်နေစဉ်တွင် သူ့အား အစွမ်းကုန်လုပ်ရန် စွမ်းအားအကုန်ပေးရန် လှုံ့ဆော်ပေးဖို့ ယင်းတရားလေးပါးကို ရည်ရွယ်ထား၏။

၃။ **ဣဒ္ဓိပါဒ်တရားလေးပါး**– ဣဒ္ဓိ ဟူသည် မဂ်ဉာဏ်များဟူသော မိမိ၏ အမြင့်ဆုံး ရည်မှန်းချက်များကို ရရှိရန် ယောဂီပုဂ္ဂိုလ်အားထုတ်မှု၏အဆုံးခန်းတိုင် အထွတ်အထိပ်သို့ ရောက်ခြင်းကို ဆိုလို၏။ ပါဒဟူသည် အခြေခံအုတ်မြစ်ကို ဆိုလို၏။ ထို့ကြောင့် ဣဒ္ဓိပါဒ်များ ဟူသည် မဂ်ဉာဏ်များရရှိရန် ယောဂီပုဂ္ဂိုလ် အားထုတ်မှုတို့၏ ဆုံးခန်းတိုင်ရောက်ဖို့အတွက် လိုအပ်သော အခြေခံအုတ်မြစ်များကို ဆိုလို၏။

၄။ **ဣန္ဒြေတရားငါးပါး**– ဣန္ဒြေဟူသည် မိမိ၏စိတ်ကို ထိန်းချုပ်ခြင်းကို ဆိုလို၏။ ထိန်းချုပ်ခြင်းသည် အလွန်ပြီးပြည့်စုံသောကြောင့် မိမိ၏ ယုံကြည်မှု၊ ဇွဲလုံ့လ၊ မြဲမြံသည့် ရှုမှတ်မှု စသည်ကို ဆုတ်ယုတ်မသွားအောင် ထိန်းသိမ်းနိုင်၏။

၅။ **ဗိုလ်တရားငါးပါး**–ဗိုလ်ဟူသည် အင်အားကို ဆိုလို၏။ ဣန္ဒြေနှင့် ဗိုလ်ထဲ၌ တရားတို့သည် အတူတူဖြစ်၏။ ယောဂီသည် အဘိညာဉ်များကိုရဖို့အတွက် သမထ ဘာဝနာကို အားထုတ်နေသည့်အခါ (ဝါ) မဂ်ဉာဏ်များကိုရဖို့အတွက် ဝိပဿနာ



ဘာဝနာကို အားထုတ်နေသည့်အခါ ဤတရားများကို ဣန္ဒြေတရားများဟု ခေါ်၏။ သို့ရာတွင် ယောဂီသည် အဘိညာဉ်များ၊ မဂ်ဉာဏ်များ၏ ရန်သူတို့ကို တိုက်ခိုက်နေသောအခါ ယင်းတို့ကို ဗိုလ်တရားများဟု ခေါ်၏။

အဘိညာဉ်များ၊ မဂ်ဉာဏ်များ၏ ရန်သူတို့ကား အောက်ပါအတိုင်းဖြစ်၏။ ယင်းတို့ကား နီဝရဏများဟုခေါ်သော တပ်မက်ခြင်း၊ ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ယုံမှားတွေဝေခြင်းတို့ဖြစ်၏။

၆။ **ဗောဇ္ဈင်တရား ခုနစ်ပါး**– ဗောဇ္ဈင်ဟူသည် တစ်စုံတစ်ဦးအား မဂ်ဉာဏ်များကို ရရှိစေနိုင်မည့် တရားများကို ဆိုလို၏။ ဤခုနစ်ပါးတွင် အရေးကြီးဆုံးတရားကား ၁။ သတိပဋ္ဌာန်ရှုပွားနည်း လေးပါးကို အားထုတ်ခြင်း၊ ၂။ မလျော့သော ဇွဲလုံ့လ ရှိခြင်းတို့ ဖြစ်၏။

၇။ **အရိယမဂ္ဂင်တရားရှစ်ပါး**–ယင်းကို အင်္ဂါရှစ်ပါးရှိ အရိယမဂ္ဂင်လမ်းဟု အများအားဖြင့် ခေါ်၏။

ဤဗောဓိပက္ခိယတရား ၃၇ ပါး တို့ကို သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးအဖြစ်သို့ ချုံ့ပစ်နိုင်၏။

မမှန်သောအရာများကို ပြုလုပ်ပြောဆိုခြင်းမှ ရှောင်ရန် မိမိကိုယ်ကို ထိန်းချုပ်မှု ရယူဖို့အတွက် ဗုဒ္ဓဟောထားသည့် တရားတော်အားလုံးသည် သီလ အောက်၌ ပါဝင်ကြ၏။

စိတ်၏တည်ကြည်မှု သမာဓိကို ရယူဖို့အတွက် ဗုဒ္ဓဟောထားသည့် တရားတော် အားလုံးသည် သမာဓိ အောက်၌ ပါဝင်ကြ၏။

ဝိပဿနာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို ရယူဖို့အတွက် ဗုဒ္ဓဟောထားသည့် တရားတော် အားလုံးသည် ပညာ အောက်၌ ပါဝင်ကြ၏။

ဗုဒ္ဓသည်မိမိ၏ မဟာပရိနိဗ္ဗာန်စံဝင် (ကွယ်လွန်)ခါနီး၌ ထိုဗောဓိပက္ခိယတရား ၃၇ ပါး (ဝါ) သိက္ခာသုံးပါးတို့ကို ပြန်လည်ဟောကြားရန် အထူးအလေးအနက်ပြုခဲ့၏။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၈

## ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

## (မဟာပရိနိဗ္ဗာန)

ဗုဒ္ဓသည် ဗောဓိပက္ခိယတရား ၃၇ ပါးကို လေ့လာရန်၊ မှတ်မိထားရန်၊ ကျင့်ကြံအားထုတ်ရန် ရဟန်းတို့အား မှာကြားခဲ့ပြီးနောက် မဟာပရိနိဗ္ဗာန်အကြောင်းကို ရဟန်းတို့အား နည်းလမ်းတကျ ဤသို့ ကြေညာလေ၏။

'ရဟန်းတို့၊ ယခု သင်တို့အား အကြောင်းအရာတစ်ခုကို ပြောဖို့ရှိ၏။ ရုပ်ခန္ဓာနှင့် စိတ်တို့သည် ဆွေးမြည့်ပျက်စီးခြင်းသဘော ရှိကြ၏။ သင်တို့သည် မိမိတို့၏ ရုပ်ခန္ဓာနှင့် စိတ်အကြောင်း မြဲမြံသည့် ရှုမှတ်မှုကို တည်ဆောက်ခြင်းအားဖြင့် မဂ်လေးပါးကိုရဖို့အတွက် အားထုတ်ကြရမည်။ ဗုဒ္ဓသည် မကြာမီ ပရိနိဗ္ဗာန်စံဝင်လိမ့်မည်။ ဗုဒ္ဓသည် ယခုမှစ၍ သုံးလမြောက်မှာ ပရိနိဗ္ဗာန်စံဝင်လိမ့်မည်။

ဤနည်းလမ်းတကျကြေညာပြီးနောက် ဗုဒ္ဓသည် ဤသို့ဆက်လက်ဟောကြားလေ၏။

'ရဟန်းတို့၊ သင်တို့သည် ဖွဲလုံ့လမြဲမြံသည့် သိမှတ်မှုဖြင့် ကုသိုလ်ကံ ၁၀ ပါးကို တိကျစွာ စောင့်ထိန်းခြင်းအားဖြင့် မိမိတို့၏ စင်ကြယ်မြင့်မြတ်သည့် သီလကို မစင်ကြယ် မမြင့်မြတ်ခြင်းမှ ကာကွယ်ရန် အားထုတ်ကြရမည်။

'ရဟန်းတို့၊ သမာဓိ (ဝါ) မြဲမြံသည့် သိမှတ်မှုနှင့် မှန်ကန်သည့် ရှုဆင်ခြင်မှုကို ထိန်းသိမ်းရန် လုံ့လကြီးကုတ် အားထုတ်ခြင်းဖြင့် မိမိတို့၏စိတ်ကို ကိလေသာ ၁၀ ပါးမှ ကာကွယ်ရန် အားထုတ်ကြရမည်။

'ရဟန်းတို့၊ တစ်စုံတစ်ဦးသည် ဗုဒ္ဓ၏တရားတော်များနှင့်အညီ မိမိ၏ မြဲမြံသည့် သိမှတ်မှုကို ထိန်းထားနိုင်ခဲ့လျှင် ဒုက္ခကို အဆုံးသတ်စေရန် အဆုံးမရှိသည့် ပဋိသန္ဓေနေမှုများမှ မိမိကိုယ်ကို လွတ်မြောက်စေမည့် မဂ်ဉာဏ် (ဝါ) ပညာလေးပါးကို ရရှိလိမ့်မည်'

### ဘဏ္ဍုရွာသို့ ကြွသွားခြင်း

ဗုဒ္ဓသည် ရဟန်းများခြံရံလျက် ဝေသာလီမှ ဘဏ္ဍုရွာသို့ ကြွ၏။ ထိုရွာ၌ ဗုဒ္ဓသည် ရဟန်းတို့အား ဤသို့ မိန့်ကြားလေ၏။

'ရဟန်းတို့၊ ငါနှင့် သင်တို့သည် တရား ဓမ္မ လေးပါးကို ဉာဏ်အမြင်တို့ မြင်ကောင်းစွာ၊ နက်ရှိုင်းစွာ မသိခဲ့သောကြောင့် အတိုင်းအဆမရှိသော ကာလ တစ်လျှောက်လုံး ပဋိသန္ဓေတစ်ခုမှတစ်ခုသို့ (တစ်ဘဝမှ တစ်ဘဝသို့)ပြောင်းရွှေ့သွားခဲ့ရ၏။ ထိုဓမ္မလေးပါးကား အောက်ပါအတိုင်းဖြစ်၏။

'ရဟန်းတို့၊ က။ ငါတို့သည် မြတ်သောသီလကို ဒုက္ခမှလွတ်မြောက်ဖို့အတွက် အကျင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဉာဏ်အမြင်တို့ဖြင့် ကောင်းစွာ၊ နက်ရှိုင်းစွာ မသိခဲ့သောကြောင့် အတိုင်းအဆမရှိသည့် ကာလတစ်လျှောက်လုံး ပဋိသန္ဓေတစ်ခုမှ တစ်ခုသို့ (တစ်ဘဝမှ တစ်ဘဝသို့) ပြောင်းရွှေ့သွားခဲ့ရ၏။

'ရဟန်းတို့၊ ခ။ ငါတို့သည် မြတ်သော သမာဓိကို ဒုက္ခမှလွတ်မြောက်ဖို့အတွက် အကျင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဉာဏ်အမြင်တို့ဖြင့် ကောင်းစွာ၊ နက်ရှိုင်းစွာ မသိခဲ့သောကြောင့် အတိုင်းအဆမရှိသည့် ကာလတစ်လျှောက်လုံး ပဋိသန္ဓေတစ်ခုမှ တစ်ခုသို့ (တစ်ဘဝမှ တစ်ဘဝသို့) ပြောင်းရွှေ့သွားခဲ့ရ၏။

'ရဟန်းတို့၊ ဂ။ ငါတို့သည် မြတ်သော ပညာကို ဒုက္ခမှလွတ်မြောက်ဖို့အတွက် အကျင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဉာဏ်အမြင်တို့ဖြင့် ကောင်းစွာ၊ နက်ရှိုင်းစွာ မသိခဲ့သောကြောင့် အတိုင်းအဆမရှိသည့် ကာလတစ်လျှောက်လုံး ပဋိသန္ဓေတစ်ခုမှ တစ်ခုသို့ (တစ်ဘဝမှ တစ်ဘဝသို့) ပြောင်းရွှေ့သွားခဲ့ရ၏။

'ရဟန်းတို့၊ ဃ။ ဒုက္ခမှမြတ်သော လွတ်မြောက်မှုဟူသည့် အမှန်တရားကို ဉာဏ်အမြင်တို့ဖြင့် ကောင်းစွာ၊ နက်ရှိုင်းစွာ မသိခဲ့သောကြောင့် အတိုင်းအဆမရှိသည့် ကာလတစ်လျှောက်လုံး ပဋိသန္ဓေတစ်ခုမှ တစ်ခုသို့ (တစ်ဘဝမှ တစ်ဘဝသို့) ပြောင်းရွှေ့သွားခဲ့ရ၏။

'ရဟန်းတို့၊ ဗုဒ္ဓသည် က။ မြတ်သောသီလ၊ ခ။ မြတ်သောသမာဓိ၊ ဂ။ မြတ်သောပညာ၊ ဃ။ ဒုက္ခမှ မြတ်သောလွတ်မြောက်မှု ဟူသည့် အမှန်တရားတို့ကို သိခဲ့ပြီ၊ ဗုဒ္ဓသည် ပဋိသန္ဓေနေမှု (ဘဝ)တို့၌ တပ်မက်ခြင်းကိုပယ်သတ်ခဲ့ပြီ၊ ငါ့အား အဆုံးမရှိသည့် ပဋိသန္ဓေနေမှု (ဘဝ)တို့၌ နှောင်ဖွဲ့ထားသည့် ဤတပ်မက်ခြင်းတို့ ယခု ပယ်သတ်ပြီးခဲ့ပြီ။ ဗုဒ္ဓမှာ နောက်ထပ်ပဋိသန္ဓေနေမှုများ ရှိတော့မည်မဟုတ်'

ဗုဒ္ဓသည် ချဉ်းကပ်လာနေသည့် မဟာပရိနိဗ္ဗာန်ကို အပြည့်အဝသိရှိထားသောကြောင့် ဖြစ်နိုင်သည့်အခါတိုင်းမှာ အောက်ပါ အဆုံးအမတရားကို ထပ် ထပ် ဟောကြားခဲ့၏။

'ရဟန်းတို့၊ ဤကား သီလတည်း။ ဤကား သမာဓိတည်း။ ဤကား ပညာတည်း။ သီလအပေါ် အခြေခံသည့် သမာဓိမှာ ကြီးမားသည့်တန်ခိုးသတ္တိရှိ၏။ သမာဓိအပေါ်အခြေခံသည့် ပညာမှာ ကြီးမားသည့် တန်ခိုးသတ္တိများရှိ၏။ ပညာအပေါ် အခြေခံသည့် မဂ်ဉာဏ်တို့သည် ကိလေသာအားလုံးကို ပယ်သတ်နိုင်၏'

www.burmeseclassic.com

www.burmeseclassic.com



## ဘောဂမြို့သို့ကြွသွားခြင်း

ဘဏ္ဍာရွာ၌ ရက်အနည်းငယ်နေပြီးနောက် ဗုဒ္ဓသည် ရဟန်းများခြံရံလျက် ဘောဂမြို့သို့ ကြွ၏။ ဘောဂသို့သွားသည့် ခရီးတွင် ဗုဒ္ဓသည် ဟတ္ထိရွာ၊ သမ္ဗုရွာ၊ ဇမ္ဗုရွာတို့၌ ရက်အနည်းငယ်စီ သီတင်းသုံးခဲ့၏။ ဘောဂမြို့၌ ဗုဒ္ဓသည် အာနန္ဒာစေတီ၏ ပရိဝုဏ် နား၌ နေ၏။

ထိုနေရာ၌ ဗုဒ္ဓသည် မဟာပဒေသ လေးပါးအကြောင်း ဟောကြားခဲ့၏။ အောက်ပါကား အကျဉ်းချုပ်ဖြစ်၏။

'ရဟန်းတို့၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ငါ့အား (ဝါ) ကျမ်းဂန်တတ်ကျောင်းထိုင် ဘုန်းကြီးတစ်ပါးအား (ဝါ) ကျောင်းတွင် ပိဋကတ်သုံးပုံကို အာဂုံရထားသော ကျမ်းဂန်တတ်ရဟန်းတချို့အား (ဝါ) ပိဋကတ်သုံးပုံကို အာဂုံရထားသော ကျမ်းဂန် တတ် ရဟန်းတစ်ပါးအား မိမိတို့၏ ပညာဆည်းပူးရရှိရာများအဖြစ်ဖြင့် ကိုးကား၍ ဤသို့ပြောဆိုကြမည့် ပုဂ္ဂိုလ်များစွာ ပေါ်ထွန်းလာလိမ့်မည်။

'ရဟန်းတို့၊ ဤသည်တို့ကား သုတ်တရားဖြစ်၏။ ဤသည်တို့ကား ဝိနည်း တရားများဖြစ်၏။ ငါတို့သည် ယင်းတို့ကို အထက်ဖော်ပြပါ ဆိုင်ရာပုဂ္ဂိုလ်တို့မှ သင်ယူလေ့လာခဲ့၏။

'ရဟန်းတို့၊ သင်တို့သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်များကိုတွေ့လျှင် သူတို့ ပြောတာတွေကို ချက်ချင်း ပယ်လည်း မပယ်လင့်၊ လက်လည်း မခံလင့်၊ ယင်းတို့ သည် သင်တို့အား ငါဟောကြားခဲ့ပြီးသည့် ပိဋကတ်သုံးပုံနှင့် ညီသလားဟု ယင်းတို့ထို စိစစ်လော့။ ယင်းတို့သည် ပိဋကတ်သုံးပုံနှင့် ကိုက်ညီလျှင် ယင်းတို့ကို လက်ခံလော့။ မညီလျှင် ယင်းတို့ကို ပယ်လော့'

ဗုဒ္ဓသည် ဘောဂမြို့၌ သီတင်းသုံးနေစဉ် မိမိ၏ တရားတော်ထဲပါ အပိုင်း သုံးပိုင်း ကို ဤသို့ ထပ်ဟောလေ၏။

'ရဟန်းတို့၊ ဤကား သီလတည်း။ ဤကား သမာဓိတည်း။ ဤကား ပညာ တည်း။ သီလအပေါ်အခြေခံသည့် သမာဓိမှာ ကြီးမားသည့် တန်ခိုးသတ္တိများရှိ၏။ သမာဓိအပေါ် အခြေခံထားသည့် ပညာမှာ ကြီးမားသည့် တန်ခိုးသတ္တိများရှိ၏။ ပညာအပေါ်အခြေခံသည့် မဂ်ဉာဏ်တို့သည် ကိလေသာအားလုံးကို ပယ်သတ်နိုင်၏။

## ပါဝါမြို့သို့ ကြွသွားခြင်း

ဗုဒ္ဓနှင့် ရဟန်းများသည် ဘောဂမြို့မှ ပါဝါ မြို့တော်သို့ ကြွသွားကြ၏။ ထိုနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်ကို အထူး မှတ်ထားသင့်၏။ ထိုနေ့သည် ဗုဒ္ဓ အသက်



၈၀ မြောက်နှစ်ပြည့်ပြီးသော နေ့ဖြစ်၏။ ထိုနေ့သည် ၁၀ လတိုင်တိုင် နာမကျန်းဖြစ်မှုမှ လွတ်မြောက်ဖို့ ဗုဒ္ဓအဓိဋ္ဌာန်ပြုမှု ကုန်ဆုံးသည့်နေ့လည်း ဖြစ်၏။

ပါဝါမြို့တော်၌ ဗုဒ္ဓသည် ပန်းထိမ်ဆရာ၏သား စုန္ဒ၏ နေအိမ်၌ မိမိ၏ နောက်ဆုံးဆွမ်းကို ဘုဉ်းပေးခဲ့၏။ နေ့ဆွမ်းစားပြီးသော် ဗုဒ္ဓသည် ပြင်းထန်စွာ သွေးအန် သည့် အူမကြီးရောဂါကို ရုတ်တရက် ရရှိခဲ့၏။ သို့ရာတွင် ဗုဒ္ဓသည် ကုသိနာရုံသို့ မိမိ၏ခရီးကို ဆက်ကြွခဲ့၏။ ဗုဒ္ဓသည် ညနေချိန်၌ မိမိ၏ခရီးဆုံးသို့ ရောက်ခဲ့၏။ ဗုဒ္ဓသည် အင်ကြင်းပင်များရှိသော ဘုရင့်ဥယျာဉ်သို့ကြွ၍ ထိုနေရာ၌ နားနေလေ၏။

မဟာပရိနိဗ္ဗာန်ပြုရန် ကုသိနာရုံသို့ ဗုဒ္ဓကြွလာသည့် ခရီးသတင်းကို ကြားသော ကြောင့် အနီးအဝေးမှ လူဒကာများနှင့် ဘာသာရေးဆိုင်ရာ တပည့်သာဝကများသည် ဗုဒ္ဓအား မိမိတို့၏ နောက်ဆုံး အရိုအသေပေးမှုကိုပြုရန် ရောက်ရှိလာကြ၏။ တချို့က ပန်းများကို ကပ်လှူ၊ တချို့က မွှေးနံ့သာများကို မီးရှို့၍ တချို့က ဗုဒ္ဓ၏ ဂုဏ်တော် များကို ချီးကျူးကာ သီဆိုတီးမှုတ်ကြ၏။

ဗုဒ္ဓက အရှင်အာနန္ဒာအား ဤသို့မိန့်ကြား၏။

'အာနန္ဒာ၊ ဤဗုဒ္ဓအားဆည်းကပ်သူတို့သည် စင်စစ် ဗုဒ္ဓအား ထိုက်တန်သည့် ရိုသေမှုကို ပေးနေကြသည် မဟုတ်၊ ဤပူဇော်မှုမျိုးသည် ဗုဒ္ဓအဖို့ သင့်လျော်သည့် ရိုသေခြင်းလက္ခဏာ၊ သင့်လျော်သည့် မြတ်နိုးခြင်းလက္ခဏာ မဟုတ်ချေ။

'အာနန္ဒာ၊ ရဟန်း၊ ရဟန်းမတစ်ဦးသည် ဆည်းကပ်သူ ဒကာ ဒကာမတစ်ဦးဦး သည် မဂ်ဉာဏ်များရဖို့ ရည်ရွယ်ချက်ဖြင့် သတိပဋ္ဌာန်ပွားနည်းလေးပါးကို ကျင့်ကြံ အားထုတ်နေလျှင် သူ၊ သူမသည် ငါ့အား အမြင့်မြတ်ဆုံးရိုသေမှုကို ပေးခဲ့ပြီဟု ဆိုနိုင် ၏။ ငါ့အား အမြင့်မြတ်ဆုံး လေးစားမှု၊ အမြင့်မြတ်ဆုံးမြတ်နိုးမှု၊ အမြင့်မြတ်ဆုံး ပူဇော်မှုကို ပေးခဲ့ပြီဟု ဆိုနိုင်၏။

'ထို့ကြောင့် အာနန္ဒာ၊ ဗုဒ္ဓ၏ ဒကာတပည့်များအားလုံးတို့သည် ဗုဒ္ဓ၏တရားတော် များနှင့်အညီ မဂ်ဉာဏ်များကို ရသည့်အထိ သတိပဋ္ဌာန်ပွားများနည်း လေးပါးကို မိမိတို့ ကျင့်ကြံအားထုတ်အံ့ဟု အပြည့်အဝ ဆုံးဖြတ်ကြရမည်'

အရှင်အာနန္ဒာသည် ဗုဒ္ဓအားမေးခွန်းများစွာကို မေးမြန်းခဲ့၏။ ဗုဒ္ဓက ယင်းတို့ကို အပြည့်အစုံ ဖြေကြားခဲ့၏။ သို့ရာတွင် နေရာမရှိမှုကြောင့် ဤမေးခွန်းများနှင့် အဖြေ များကို ဖော်မပြနိုင်ချေ။ သို့ရာတွင် အောက်ပါအမေးနှင့် အဖြေများကို ဖော်ပြသင့်သော စာရေးသူ ယူဆပါ၏။

'အရှင်ဘုရား၊ မိန်းမများအပေါ် ဘယ်စိတ်ထားမျိုးကို အကျွန်ုပ်တို့ထားသင့်ပါ သနည်း'

www.burmeseclassic.com

www.burmeseclassic.com



'အာနန္ဒာ၊ သူတို့ကို ရှောင်လော့'

'အရှင်ဘုရား၊ ကျွန်ုပ်တို့ အစွမ်းကုန်ကြိုးစားပေမယ့် မလွှဲမရှောင်သာဖြစ်လာလျှင် ဘာလုပ်သင့်ပါသနည်း'

'ဒါဖြစ်လျှင် သူတို့အား စကားမပြောလင့် အာနန္ဒာ'

'အရှင်ဘုရား၊ သူတို့အား စကားမပြောမိရန် ကျွန်ုပ် အစွမ်းကုန်ကြိုးစားပေမယ့် မလွှဲမရှောင်သာဖြစ်လာလျှင် ဘာလုပ်သင့်ပါသနည်း'

'အာနန္ဒာ၊ ဒါဖြစ်လျှင် သူမသည် သင့်မိခင်အရွယ်ရှိနေလျှင် သင့်မိခင်အား သင် စကားပြောနေ၏ဟူသော အချက်ကို အမြဲသတိမူရမည်၊ (သူမသည် သင့်နှမ အရွယ် (ဝါ) သမီးအရွယ်ရှိနေလျှင်) သူမကို သင့်နှမ (ဝါ) သမီး ဟု မှတ်ယူလော့။ (သဠာယတနသံယုတ် ၁၃၊ ၃၊ ဂဟပတိဝဂ်)၌ ၄ ဘာရဒွါဇသုတ်)

'အရှင်ဘုရား၊ အရှင်သည် ပရိနိဗ္ဗာန်ပြုသောအခါ သင့်လျော်သည့်နည်းဖြင့် အရှင်၏ကိုယ်ကို မီးသင်္ဂြိုဟ်ရန် အကျွန်ုပ်တို့ ဘာလုပ်သင့်ပါသနည်း'

'အာနန္ဒာ၊ ရဟန်းတို့သည် ထိုကိစ္စ၌ကြောင့်ကြမစိုက်သင့်၊ သင်တို့၏ ဘာဝနာမှားမှ အလုပ်ပေါ်၌ စူးစိုက်နေရန် သင်တို့အား ငါ ပြင်းထန်စွာ အမိန့်ပေးနေ၏။ သင်တို့သည် နိဗ္ဗာန်သို့စေလွှတ်သည့် တစ်ခုတည်းသောစိတ်ဖြင့် မိမိတို့၏ ဘာဝနာမွားမှ အလုပ်ကို ခွဲလုံ့လဖြင့်အားထုတ်၍ မိမိတို့ပန်းတိုင်သို့ရောက်အောင် အစွမ်းကုန် လုပ်ရမည်။ အာနန္ဒာ၊ ဗုဒ္ဓအပေါ်ရိုသေလေးစားမှုရှိကြသည့် မင်း၊ ပုဏ္ဏား၊ သူဌေးကြီး တို့သည် မီးသင်္ဂြိုဟ်ခြင်းကိစ္စကို ဂရုပြုကြလိမ့်မည်'

ထိုအမေးအဖြေများပြီးသော် ဗုဒ္ဓသည် ခံယူလောက်သည့် ကြည်ညိုမှု၊ ကိုယ်ကျိုးစွန့်မှုဖြင့် လုပ်ကျွေးသူ ရဟန်းအဖြစ် ဗုဒ္ဓအားလုပ်ကျွေးခဲ့သည့် အရှင်အာနန္ဒာ၏ ဂုဏ်များကို ဖော်ပြောလေ၏။ ထို့နောက် ဗုဒ္ဓသည် မဟာသုဒဿနသုတ် မည်သော ရှည်လျားသည့် တရားတော်ကို ဟောကြားလေ၏။

သုတ်ပြီးဆုံးပြီးနောက် ခဏကြာသော် မလ္လမင်းများ၊ မင်းသားများ၊ မင်းသမီးများ သူတို့၏ မိသားစုများသည် ဗုဒ္ဓအား အရိုအသေပေးရန် ရောက်လာကြ၏။ သူတို့သည် ဗုဒ္ဓနှင့်အတူ ပထမယာမ်ညပိုင်း နေသွားကြ၏။ ဗုဒ္ဓသည် သူတို့အား သင့်လျော်သည့် တရားစကားများကို ဟောကြားခဲ့၏။

သူတို့ထွက်ခွာသော် သုဘဒ္ဒ အမည်ရှိ ပရိဗိုဇ် တစ်ဦးသည် ဗုဒ္ဓကို ဖူးတွေ့ရန် ရောက်လာ၏။ ပရိဗိုဇ်တို့မှာ ကိုယ်ပိုင် ရဟန်းအဖွဲ့အစည်းရှိကြ၏။ ယင်းသည် ဗုဒ္ဓ၏ ရဟန်းအဖွဲ့အစည်းနှင့် ဆန့်ကျင်၏။ ထို့ကြောင့် အရှင်အာနန္ဒာက သင့်အား မေးခွန်းမျိုးစုံတို့ကို မေးခြင်းဖြင့် ပင်ပန်းနေသည့် ဗုဒ္ဓအား မလိုလားအပ်သည့်ဒုက္ခကို



ပေးမည့်သူဟု ယူဆခဲ့၏။ အရှင်အာနန္ဒာသည် သူ့အား ဗုဒ္ဓကိုဖူးတွေ့ခွင့် မပြုခဲ့ချေ။ ဗုဒ္ဓသည် ပင်ပန်းနေ၏ဟု သူက ဆို၏။ ဗုဒ္ဓသည် အရှင်အာနန္ဒာနှင့် သုဘဒ္ဒပရိဗိုဇ်တို့ အပြန်အလှန်ပြောစကားကို ကြားလေ၏။

ကုသိနာရုံသို့လာဖို့ ဗုဒ္ဓအတွက် အဓိကအကြောင်းတစ်ခုကား သုဘဒ္ဒပရိဗိုဇ်ကို တွေ့ရန် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ထဲ၌ သူ့အားရဟန္တာဖြစ်ဖို့ အပြည့်အဝ ပါရမီရင့်ကျက်နေသူဟု ဗုဒ္ဓ သိမြင်ထား၏။ ထို့ကြောင့် ဗုဒ္ဓက အရှင်အာနန္ဒာအား ဤသို့မိန့်ကြားလေ၏။

'အာနန္ဒာ၊ သူ့ကို ရပ်တန့်ရန် မသင့်၊ သုဘဒ္ဒကို မရပ်တန့်လင့်၊ ငါ့အား ဖူးတွေ့ခွင့် သူ ရပါစေ၊ သုဘဒ္ဒသည် ငါ့အား မေးခွန်းများမေးလျှင် ငါ့အား မလိုလားအပ်သည့် ဒုက္ခကို ပေးမည်မဟုတ်၊ ငါသည် သူ့အမေးများကိုဖြေကြားလျှင် သူသည် ငါ၏ အဖြေများကို အရုံသင့်နားလည်လာပေမည်'

ပရိဗိုဇ်သည် ဗုဒ္ဓကိုတွေ့သော် အောက်ပါမေးခွန်းများကို မေးလေ၏။

'ရဟန်းဂေါတမ၊ ရဟန်း၊ ပုဏ္ဏား တချို့မှာ နောက်လိုက်များစွာ ရှိကြ၏၊ သူတို့မှာ ကိုယ်ပိုင်အဖွဲ့အစည်းများ ရှိကြ၏၊ သူတို့သည် ဤအဖွဲ့အစည်းများ၏ ခေါင်းဆောင်များဖြစ်ကြ၏၊ သူတို့သည် အလွန်ပင် ထင်ရှားကြ၏၊ သူတို့ကို လူတို့က သူတော်စင်များဟု အသိအမှတ်ပြုထားကြ၏။ သူတို့ကား က။ ပူရာဏကဿပ ခ။ မက္ခလိဂေါသာလ၊ ဂ။ အဇိတကေသကမ္ဗလ ဃ။ ပကုဓကစ္စာယန င။ သဉ္စယ ဗေလဋ္ဌိပုတ္တ စ။ နိဂဏ္ဌနာဋပုတ္တတို့ ဖြစ်၏'

'ဤဘာသာရေးခေါင်းဆောင်အားလုံးသည် သူတို့ ကြေညာခဲ့သည့်အတိုင်း အရာအားလုံးကို သိကြပါသလော၊ သို့မဟုတ် သူတို့အားလုံးသည် သူတို့ကြေညာခဲ့သည့်အတိုင်း အရာအားလုံးကို မသိကြသလော။ သို့မဟုတ် သူတို့ထဲက တချို့သည် အရာအားလုံးကို သိ၍ အချို့ အရာအားလုံးကို မသိကြသလော'

ဗုဒ္ဓက သုဘဒ္ဒအား ဤသို့ပြန်ပြောလေ၏။

'သုဘဒ္ဒ၊ ဤမေးခွန်းများကို မမေးလင့်၊ ဒါတွေကို ဘေးဖယ်ထားလော့။

'သုဘဒ္ဒ၊ ငါသည် သင့်အား နိဗ္ဗာန်ရောက်ကြောင်းလမ်းကို ဟောအံ့၊ ငါဟော ဘာကို ကောင်းစွာ နားထောင်လော့၊ ငါ မိန့်ဆိုသည့် အရာအပေါ်၌ သင့် စိတ်ကို အပြည့်အဝ စူးစိုက်ထားလော့၊ သင့်အား အပြည့်အစုံ ငါ ဟောပြောအံ့။

'သုဘဒ္ဒ၊ အရိယမဂ္ဂင်ရှစ်ပါး မရှိသည့် တရားများကို လက်ခံကြသည့် ထို ဂိုဏ်းတို့အထဲ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာများ ပေါ်မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



'သုဘဒ္ဒ၊ အရိယမဂ္ဂင်ရှစ်ပါး ပါရှိသည့် တရားများကို လက်ခံကြသည့် ထိုပုဂ္ဂိုလ်တို့အထဲ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာများ ပါရှိလိမ့်မည်။

'သုဘဒ္ဒ၊ ငါ၏ တရားများထဲ၌ အရိယမဂ္ဂင်ရှစ်ပါး ကောန်ပါရှိ၏၊ ငါ၏ တရားတော်များကိုလက်ခံကြသည့် ပုဂ္ဂိုလ်တို့အထဲ၌သာလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာများ ပါရှိလိမ့်မည်၊ (သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဟူ၍ မဂ်လေးပါးရှိ၏။ ထိုမဂ်လေးပါးတွင်တစ်ပါးပါးကို ရရှိသောပုဂ္ဂိုလ်ကို အရိယာဟုခေါ်၏။ ပထမမဂ်ရရှိသူကို သောတာပန်ဟု ခေါ်၏။ ဒုတိယမဂ်ကို ရရှိသူကို သကဒါဂါမ်ဟု ခေါ်၏။ တတိယမဂ်ကိုရရှိသူကို အနာဂါမ်ဟု ခေါ်၏။ စတုတ္ထမဂ်ရရှိသူကို ရဟန္တာဟု ခေါ်၏။)

'အရိယမဂ္ဂင်ရှစ်ပါး မပါရှိသည့် တရားများကို လက်ခံသူတို့အထဲ၌ နိဗ္ဗာန်ကို သိမြင်သည့် အရိယာများ မပါရှိ၊ သူတို့အထဲ၌ ရဟန္တာအဖြစ်ကို အလိုရှိသူများ မပါရှိ။

'သုဘဒ္ဒ၊ ဤအရိယာတို့သည် မိမိတို့သင်ယူ သိမြင်ခဲ့ပြီးတာတွေကို လူတို့အား မှန်ကန်ကောင်းမွန်စွာ ဟောကြား၍ ဤလူတို့အား ဗုဒ္ဓ၏တရားတော်များကို ကျင့်ကြံအားထုတ်စေခဲ့လျှင် ကမ္ဘာကုန်ဆုံးသည်အထိ ရဟန္တာများ ဆိတ်သုဉ်းသွားမည် မဟုတ်။

'သုဘဒ္ဒ၊ ငါသည် သဗ္ဗညုတဉာဏ်တော်ရရှိရန် အမိဋ္ဌာန်ထားသည့် ရည်မှန်းချက်ဖြင့် အသက် ၂၉ နှစ်မှစ၍ ရဟန်းဖြစ်ခဲ့၏၊ ယခု ငါ ရဟန်းဖြစ်သည်မှစ၍ အနှစ် ၅၀ ကျော် ရှိပြီ၊ ငါ၏တရားတော်များကို လက်ခံသူတို့မှတစ်ပါး အရိယမဂ်ဉာဏ်များရဖို့ ရည်ရွယ်ချက်ဖြင့် ဝိပဿနာဘာဝနာကို အားထုတ်သူတစ်ဦးမျှမရှိရှ၊ သူတို့အထဲ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာများ မရှိကုန်။

'ငါ၏တရားများထဲမှ တစ်ပါးသော ထိုတရားများကို လက်ခံထားသူတို့ထဲ၌ နိဗ္ဗာန်ကိုသိမြင်သည့် အရိယာများလည်း မရှိ၊ ရဟန္တာအဖြစ်ကို တောင့်တသူများလည်း မရှိကုန်။ သုဘဒ္ဒ၊ ဤအရိယာများနှင့် ရဟန္တာအဖြစ်ကို တောင့်တသူတို့သည် မိမိတို့ သင်ယူသိမြင်ပြီးသော အရာတို့ကို လူတို့အား တစ်ဆက်ပြီးတစ်ဆက် မှန်ကန်ကောင်းမွန်စွာ ဆက်လက်ဟောကြားနေပြီး ဤလူတို့ကို ကျင့်ကြံအားထုတ်စေခဲ့လျှင် ကမ္ဘာကုန်ဆုံးသည့်အထိ ရဟန္တာများ ဆိတ်သုဉ်းသွားမည်မဟုတ်'

ဗုဒ္ဓ၏တရားတော်အဆုံး၌ သုဘဒ္ဒသည် တတိယမဂ်ကိုရရှိ၍ မိမိအား ရဟန်းသံဃာဘောင်သို့ သွတ်သွင်းပေးပါရန် ဗုဒ္ဓအား ပန်ကြားလေ၏။ ဗုဒ္ဓသည် အရှင်အာနန္ဒာအား သုဘဒ္ဒ၏ပန်ကြားချက်ကို လုပ်ဆောင်ပေးရန် အမိန့်ပေးလေ၏။

သုဘဒ္ဒသည် ရဟန်းဖြစ်လာသော် ဗုဒ္ဓကသူ့အား ဝိပဿနာဘာဝနာအတွက် ညွှန်ကြားချက်များကိုပေးလေ၏။ အရှင်သုဘဒ္ဒသည် အင်ကြင်းဥယျာဉ်၏ဆိတ်ငြိမ်



သည့်ထောင့်တစ်ထောင့်၌ သတိပဋ္ဌာန်ပွားနည်း လေးပါးအပေါ်၌ အပြည့်အဝ စူးစိုက်ရှု၍ စင်္ကြံသွားနေစဉ်မှာပင် ညဥ့်၏ ဒုတိယယာမ်အပိုင်းမကုန်မီလေးမှာပင် အရဟတ္တမဂ်ကို ရ၍ ရဟန္တာဖြစ်သွားလေ၏။ သူသည် ဗုဒ္ဓထံလာပြီး ဝိပဿနာဘာဝနာ၏အဆုံးသို့ သူ ရောက်ပြီဖြစ်ကြောင်း လျှောက်ကြားလေ၏။

ယခု ဗုဒ္ဓအဖို့ နောက်ဆုံးစကား အနည်းငယ်မိန့်ကြားရန် အချိန်ရောက်လာလေပြီ။ သူသည်အောက်ပါအတိုင်း မိန့်ကြားလေ၏။

(က) အာနန္ဒာ၊ သင်တို့အထဲမှ တချို့က ဗုဒ္ဓသည် မကြာမီကွယ်လွန်တော့မည်ဟု လည်းကောင်း၊ သူ၏ တရားတော်များသည် ယင်းတို့ကို ဟောကြားခဲ့သည့် ဆရာမှ ကင်းမဲ့သွားလိမ့်မည်ဟု လည်းကောင်း၊ ငါတို့သည် မိမိတို့၏ဆရာကြီးမှ ကင်းမဲ့သွားပြီဟု လည်းကောင်း ထင်ကောင်း ထင်နေကြပေမည်။

ဤထင်မြင်ချက်တချို့က သင်တို့ တချို့ကို စိတ်ဓာတ်ကျဆင်းသွားစေလိမ့်မည်။ အာနန္ဒာ၊ ဤသို့မထင်လင့်။ အာနန္ဒာ၊ ဗုဒ္ဓအဖြစ် ၄၅ နှစ်အတွင်း၌ ဗုဒ္ဓဟောကြားခဲ့သည့် ဓမ္မနှင့် ဝိနယများဟူသော တရားတော်တို့သည် ငါ ဘုရားကွယ်လွန်သော် သင်တို့၏ ဆရာ (သင်တို့၏ဗုဒ္ဓ) ဖြစ်လိမ့်မည်။

ခ။ 'အာနန္ဒာ၊ ယခု သက်ငယ်သက်ကြီး ရဟန်းအားလုံးသည် အချင်းချင်းအား အာဝုသော (ငါ့ရှင်ရဟန်း)ဟု ခေါ်ကြ၏။ ငါဘုရား ကွယ်လွန်သော် သင်တို့သည် အချင်းချင်းကို ဤသို့မခေါ်သင့်။ ဝါကြီးရဟန်းက ဝါငယ်ရဟန်းကို သူ့အမည်ဖြင့် ဖြစ်စေ၊ သူ့မျိုးနွယ်အမည်ဖြင့်ဖြစ်စေ၊ အာဝုသော (ငါ့ရှင်ရဟန်း) ဟုဖြစ်စေ ခေါ်သင့်၏။ သို့ရာတွင် ဝါငယ်ရဟန်းက ဝါကြီးရဟန်းကို ဘန္တေ (အရှင်ဘုရား)ဟုဖြစ်စေ၊ အာယသမ္မာ (သက်တော်ရှည်ဘုရား)ဟုဖြစ်စေ ခေါ်ရမည်။

ဂ။ 'အာနန္ဒာ၊ ငါဘုရား ကွယ်လွန်သော် သံဃာသည် သူတို့ အလိုရှိလျှင် ပါတိမောက်မှ သေးငယ်သည့် အပြစ်များကို နုတ်ပယ်နိုင်၏။

ဃ။ 'အာနန္ဒာ၊ ငါဘုရား ကွယ်လွန်သော် ဆန္န ရဟန်းအား ဗြဟ္မဒဏ်ကို ပေးသင့်၏။

ထိုအခါ အရှင်အာနန္ဒာက ဗြဟ္မဒဏ်၏ သဘောကို ရှင်းပြပါရန် ဗုဒ္ဓအား ပန်ကြား၏။

ဗုဒ္ဓက ဤသို့ပြန်ပြောလေ၏။

'အာနန္ဒာ၊ ဆန္နရဟန်းသည် သူ အလိုရှိသလိုပြောနိုင်၏၊ သို့ရာတွင် အခြားရဟန်းတို့က သူ ပြောတာကို အသိအမှတ် အရေးတယူမပြုသင့်၊ ဤသည်ကို ဗြဟ္မဒဏ် ဟု ခေါ်၏။ (ဆန္နရဟန်းသည် သိဒ္ဓတ္ထမင်း၏ မြင်းထိန်းအကြီးအကဲဖြစ်ခဲ့၏၊ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



သည် တောထွက်သော် ဆန္နသည် ဘုရင်ကိုအဖော်လိုက်ပါခွင့်ပြုခဲ့သည့် တစ်ဦးတည်းသောသူဖြစ်ခဲ့၏။ သူသည် ဤအချက်ကို အလွန်အမင်း ဂုဏ်ယူခဲ့၏။ သူသည် ရဟန်းဖြစ်လာသော် ဝါကြီး ဝါငယ် မည်သည့်ရဟန်းအားမျှ မိမိကိုဆုံးမခွင့်မပြုခဲ့ချေ။ ထို့ကြောင့် ဗုဒ္ဓကွယ်လွန်သော် ဆန္နရဟန်းအား ဗြဟ္မဒဏ်ကိုပေးသင့်၏။ ယင်းသည် အလွန်သိမ်မွေ့သော်လည်း ဆန္နရဟန်းအား သိမ်မွေ့သွားစေရန် ထိရောက်သည့် အပြစ်ဒဏ်ဖြစ်၏။ ယင်းသည် လူမှုဆက်ဆံရေးအရ သပိတ်မှောက် ကြဉ်ဖယ်ခြင်းမျိုးဖြစ်၏။

နောက်ထပ် စကားအနည်းငယ် ပြောပြီးနောက် ဗုဒ္ဓက ဤသို့ မိန့်ကြားလေ၏။

'ရဟန်းတို့၊ ယခု ငါ့အဖို့သင်တို့အား နောက်ဆုံးစကားပြောရန်အချိန်တန်ပြီ။ သင်္ခါရ (စိတ်နှင့် ရုပ်) အားလုံးသည် ဆွေးမြည့် ပျက်စီးခြင်းသဘော ရှိကုန်၏။ ထို့ကြောင့် သင်တို့အားလုံးသည် မြဲမြံသည့်သိမှတ်မှုကို ပြုစုပျိုးထောင်ပြီး မဂ်ဉာဏ်များ ရရှိရန် သင်တို့ ကြိုးစားအားထုတ်မှုများ ဆုံးခန်းတိုင်ဖို့အတွက် ခွဲလုံ့လဖြင့် အားထုတ်ကြရမည်'

ခဏကြာသော် ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံဝင်တော် မူသွားလေ၏။

မောင်နု

စာပေလောကထုတ်
ဦးနု စာအုပ်များ

| | |
|---|---|
| မိတ္တဗလ | ၃၅၀၀ |
| ကာမတဏှာ | ၂၅၀၀ |
| ငရဲဆို ချိန့်နဲ့လားဗျို့ | ၂၁၁၀ |
| ကျေးလူရှင် | ၁၀၀၀ |
| အာဇာနည် | ၈၀၀ |

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏

## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၀၇ ။မေလ ၂၅ ရက်၊ စနေနေ့၊ ၁၂၆၉ ခုနှစ်၊ နယုန်လပြည့်နေ့၊ နံနက် ၈ နာရီ ၃၉ မိနစ်၊ ၁၂ စက္ကန့်တွင် ဝါးခယ်မမြို့၌ အဖ ဦးစံထွန်း၊ အမိ ဒေါ်စောခင်တို့မှ မွေးဖွားသည်။ မွေးချင်း နှစ်ယောက်တွင် အကြီးဆုံး၊ ညီငယ်အမည်မှာ မောင်ဥ။

၁၉၂၀ ။တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဝါးခယ်မမြို့ အစိုးရကျောင်း၌ ပဥ္စမတန်းမှ ပါဝင်။ ၆ တန်း၌ ပညာသင်ကြားနေစဉ် ဝါးခယ်မ အမျိုးသားကျောင်းတွင် ဆရာ အခက်အခဲရှိနေ၍ ဆရာတစ်ဖက်၊ ကျောင်းသားတစ်ဖက် ဆောင်ရွက်ခဲ့။

၁၉၂၅ ။မြို့မ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်။ ရန်ကုန်တက္ကသိုလ် ဆက်တက်။

၁၉၂၉ ။ဘီ အေ (ဝိဇ္ဇာ)ဘွဲ့ ရရှိ။

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးတည်ထောင်ရာတွင် ကမကထ လုပ်၍ ပါဝင်။

ဦးသန့်၏ တိုက်တွန်းချက်အရ ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်း တွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်း။

သုံးခွမြို့ အမျိုးသားကျောင်း၊ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့။

ပန်းတနော်မြို့ အမျိုးသားကျောင်းကော်မတီ ဥက္ကဋ္ဌ သမီး ဒေါ်မြရီနှင့် အိမ်ထောင် ကျ။ ပန်းတနော် အမျိုးသားကျောင်းသို့ ပြန်လည်၍ တာဝန်ထမ်း။

၁၉၃၄ ။ဘီ အယ်လ် (ခေါ်) ဥပဒေတန်းတက်။

တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖြစ် ရွေးချယ်ခံရ။

၁၉၃၅ ။တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ။

ဘီ အယ်လ် (ဥပဒေ၊ ဝိဇ္ဇာဘွဲ့) ရရှိ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကို ခေါင်းဆောင်ခဲ့။ ကျွန်ပညာကို အလိုမရှိ ဟူသော သဘောဖြင့် ဘီ အေ ဘွဲ့ကို ပြန်အပ်။

၁၉၃၇ ။သတင်းစာဆရာ ဦးဘခိုင်၊ ဒီးဒုတ်ဦးဘချိုတို့ ဖွဲ့စည်းထားသော မြေဘိယ် နိုင်ငံရေးပါတီတွင် ဝင်ရောက်ကူညီ။ ဒီးဒုတ်ဂျာနယ်တွင် ပြဇာတ်များ၊ ဆောင်းပါး များ အပတ်စဉ် မှန်မှန်ရေး၊ နဂါးနီစာအုပ် အသင်းကြီးကို တည်ထောင်။ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ သခင်နု ဖြစ်လာခဲ့။

၁၉၃၉ ။တရုတ်ပြည်သို့ ချစ်ကြည်ရေးသွားသောအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်။

၁၉၄၀ ။အင်္ဂလိပ်အစိုးရက ဖမ်းဆီး၍ ရုံးတင်စစ်ဆေးပြီး ထောင်ဒဏ် နှစ်နှစ် အပြစ်ပေး။

၁၉၄၂ ။ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်။

၁၉၄၄ ။ပြန်ကြားရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်။

၁၉၄၅ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖ ဆ ပ လ လူထုညီလာခံမှရွေးချယ်သော ဗဟို အမှုဆောင် ၁၀ ဦးတွင် ပါဝင်။ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့။

၁၉၄၇ ။ဇွန် ၁၃ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရ။ ဇွန် ၂၃ ရက်တွင် ဗြိတိန်နိုင်ငံသို့ထွက်ခွာ။ ဇူလိုင် ၁၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။ ဇူလိုင် ၁၈ ရက်တွင် ယာယီအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်လာ။

ဇူလိုင် ၂၆ ရက်တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌရာထူးမှနုတ်ထွက်။

ဩဂုတ် ၂၆ ရက်တွင် ဘာသာပြန်စာပေအသင်းကြီး တည်ထောင်ရန် ဆုံးဖြတ်။ အောက်တိုဘာ ၁၇ ရက်တွင် အင်္ဂလန်ပြည် လန်ဒန်မြို့၌ နန်းရင်းဝန် ရစ်ချတ် အက်တလီနှင့် မြန်မာနိုင်ငံယာယီအစိုးရဝန်ကြီးချုပ် သခင်နု (ဦးနု)တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် နု အက်တလီ စာချုပ် သဘောတူလက်မှတ် ရေးထိုး။

၁၉၄၈ ။ဇန်နဝါရီလ ၃ ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမှ မြန်မာနိုင်ငံ၏ ပထမဝန်ကြီးချုပ်အဖြစ် အမည် တင်သွင်းခံရ။ ၄ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရ။

ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂျပ်ဆင် ကောလိပ်ကျောင်းဝင်းတွင်း ယာယီ အသင်းတိုက်၌ ဘာသာပြန်စာပေအသင်းကိုဖွင့်လှစ်၊ ၎င်းမှတစ်ဖန် အမှတ်-၃၆၁ ပြည်လမ်းပေါ်ရှိ ဆိုရန်တိုဗီလာ အဆောက်အဦသို့ ပြောင်းရွှေ့ပြီးနောက် စာပေဗိမာန် ဟု အမည်ပြောင်း။

၁၉၅၀ ။ဘာသာပြန်စာပေအသင်း အုပ်ချုပ်မှုကောင်စီဖွဲ့စည်း၊ ဥက္ကဋ္ဌ တာဝန်ယူ။

၁၉၅၂ ။ဇန်နဝါရီလ ၁၅ ရက်၊ ၁၃၁၄ တပို့တွဲလဆန်း တစ်ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော် အနီးတွင် လိုဏ်ဂူတော်ကြီးကို ဝန်ကြီးချုပ် အုတ်မြစ်ချ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၄ ။မေလ ၁၇ ရက်၊ ၁၃၁၆ ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကို ရန်ကုန်မြို့ ရေကျော်ရပ် သီရိမင်္ဂလာကုန်းမြေရှိ လိုဏ်ဂူတော်ကြီးတွင် ကျင်းပ။

၁၉၅၆ ။ဇွန်လ ၁၂ ရက်တွင် ဝန်ကြီးချုပ်ရာထူးမှ ခေတ္တနုတ်ထွက်။
ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံရ။

၁၉၅၇ ။ကမ္ဘာတစ်ပတ် (ဒေါ်မြရီ၊ ဦးသန့်၊ ဗိုလ်မှူးလွင်၊ ဗိုလ်ကြီးပြည်စိုး)

၁၉၅၈ ။ဇွန်လ ၉ ရက်နေ့ သန့်ရှင်း ဖ ဆ ပ လအဖွဲ့ကို တည်ထောင်။
အောက်တိုဘာ ၂၈ ရက်နေ့တွင် အိမ်စောင့်အစိုးရသို့ အာဏာလွှဲပြောင်း။

၁၉၆၀ ။ရန်ကုန် အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ထပ်မံရွေးချယ်ခံရ။
မတ်လ ၁၈ ရက်တွင် သန့်ရှင်း ဖ ဆ ပ လ အဖွဲ့မှ ပြည်ထောင်စုပါတီ အဖြစ် အမည်ပြောင်း၊ ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူ။
ဧပြီလ ၄ ရက်တွင် ကာကွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးတာဝန်များ စတင် ထမ်းဆောင်။
အောက်တိုဘာ ၁ ရက်တွင် တရုတ် မြန်မာ နယ်စပ်ကိစ္စ လက်မှတ်ရေးထိုး။

၁၉၆၁ ။မတ် ၁၄ ရက်တွင် ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်။

၁၉၉၅ ။ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်။

BURMESE CLASSIC .com

## စာရေးသူ
## ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များ

၁၉၂၅ ။အချစ်လော၊ အမုန်းလော ပြဇာတ်ကို ဓူဝံ မဂ္ဂဇင်းတွင် ပုံနှိပ် ဖော်ပြခွင့်ရ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပြီးသည့်အခါ သပိတ်မှောက် ကျောင်းသား အမည်ဖြင့် ဇာတ်ညွှန်းရေး၍ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ရိုက်။

၁၉၃၇ ။ပြဇာတ်တိုများထဲမှ ကောင်းနိုးရာရာများကို ရွေးချယ်၍ ခေတ်မီ ပြဇာတ်တိုများ အမည်ပေး၍ နဂါးနီ စာအုပ်အသင်းမှ ထုတ်ဝေ။

၁၉၃၈ ။ဗမာ့သတ္တိ။
။လူပေါ်လူဇော်လုပ်နည်း ပထမတွဲ။
။လူပေါ်လူဇော်လုပ်နည်း ဒုတိယတွဲ။
(နောင်အခါ ထိုစာအုပ်ကို မိတ္တဗလင်္ကာ အမည်သစ်သို့ပြောင်း၍ ကျောင်းသုံး စာအုပ်အဖြစ် အစိုးရ ပညာရေးဌာနမှ ကျောင်းများတွင် သင်ကြားရန်ပြဋ္ဌာန်း)

၁၉၃၉ ။တရုတ်ပြည်သွားအဖြစ်အပျက်များကို ဂန္ဓာလရာဇ် အမည်ဖြင့် စာအုပ်ရေး၍ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေ။

၁၉၄၀ ။နိုင်ငံရေးအဘိဓာန် (သခင်လှဖေနှင့် တွဲဖက်၍ရေး)

၁၉၄၁ ။ထောင်ထဲမှာရှိနေစဉ် အင်္ဂလိပ်ပြဇာတ် ၁၅ ပုဒ်ကို ဆီလျော်အောင် ဘာသာပြန်ခဲ့ရာ ၎င်းတို့ထဲမှ နွားသိုးကြီးပြဇာတ် နှင့် ပုထုဇနော ဥမ္မတကော ပြဇာတ် နှစ်ပုဒ်ကို ဂျပန်တို့ မြန်မာပြည်အုပ်စိုးနေချိန်က ထုတ်ဝေ။
။အင်းစိန်ထောင်တွင်ရှိနေစဉ် ရက်စက်ပါပေ့ကွယ်ကို ရေးခဲ့သည့်ပြင်
။ဦးသောင်းဒန် ဝတ္ထုကိုလည်း ရေးခဲ့။

၁၉၄၃ ။ပုထုဇနော ဥမ္မတကော

၁၉၄၅ ။အာဇာနည်ဆိုတာ ဘာလဲ ပထမအကြိမ်။
။မာစ်ဆွမ်မ်ဆိုတာ ဘာလဲ (ဗမာတွေ ဘာလုပ်ရမလဲ)
။ငါးနှစ်ရာသီ ဗမာပြည် ပထမအကြိမ်။
။ငါးနှစ်ရာသီ ဗမာပြည် ဒုတိယအကြိမ်။(မြန်မာနိုင်ငံအစိုးရ အမျိုးသ[illegible] ဌာန၊ အတိုင်ပင်ခံအရာရှိကြီး မစ္စတာဂျေ အက်ဖ် ဖာနီဗဲလ်က အင်္ဂလိပ်[illegible])
*Towards Peace & Democracy*

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၉ ။မိတ္တဗလင်္ကာ တတိယအကြိမ်။
။အာဇာနည် ဒုတိယအကြိမ်။
။လူမွဲတို့၏ ထွက်ရပ်လမ်း။
၁၉၅၀ ။မိတ္တဗလင်္ကာ စတုတ္ထအကြိမ်။
၁၉၅၁ ။*From Peace to Stability*
၁၉၅၂ ။စာရိတ္တမဏ္ဍိုင်။
။*The People Win Through*
။လူထုအောင်သံ ပြဇာတ် (မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ၌ သင်ကြားရန် ပညာရေးဌာနမှပြဌာန်း၊ အမေရိကန်ရုပ်ရှင်ကုမ္ပဏီ တစ်ခုနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံ ဒီမိုကရေစီ ပညာပြန့်ပွားရေးအသင်းမှ ကြီးမှူး၍ ရုပ်ရှင်ရိုက်။ အမေရိကန်တွင် ပြဇာတ်အဖြစ် စင်တင်)
၁၉၅၃ ။ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်များ။
။အာဇာနည် တတိယအကြိမ်။
။မိတ္တဗလင်္ကာ ပဉ္စမအကြိမ်။
။နိုင်ငံတော်ပန်းတိုင်။
။*Burma looks Ahead*
၁၉၅၄ ။မိတ္တဗလင်္ကာ ဆဋ္ဌမအကြိမ်။
။အာဇာနည် စတုတ္ထအကြိမ်။
။*Burma under the Japan* : Picture and Portraits
၁၉၅၅ ။အသားထဲကလောက်ထွက် ပြဇာတ်။
။ပြည်ထောင်စုပန်းတိုင် ပထမတွဲ။ ပြည်ထောင်စုပန်းတိုင် ဒုတိယတွဲ။
။မိတ္တဗလင်္ကာ သတ္တမအကြိမ်။
။မိတ္တဗလင်္ကာ အဋ္ဌမအကြိမ်။
။ပြည်တော်သာ ပန်းတိုင်။
။*Forward with the People*
၁၉၅၆ ။မိတ္တဗလင်္ကာ နဝမအကြိမ်။
၁၉၅၇ ။အာဇာနည် ပဉ္စမအကြိမ်။
။ပြည်တော်သာ ပန်းတိုင် ဒုတိယအကြိမ်။
၁၉၅၈ ။မေ့မအကြောင်း။
။ငါးပါးသီလအကြောင်း။
။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ မေ့မအကြောင်း။
။ဗုဒ္ဓသာသနာအရေးတော်ပုံ။
၁၉၅၉ ။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ပ ကြိမ်။
။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ဒု ကြိမ်။


။ဒီမိုကရေစီကာကွယ်ကြ (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)
။ရှေ့တန်းခေါင်းဆောင် ဖြစ်လိုသော်။
။*We Must Defend Democracy*
၁၉၆၀ ။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ မေ့မအကြောင်း။
။ဗုဒ္ဓသာသနာအရေးတော်ပုံ ဒုတိယအကြိမ်။
။သာကအလ ပြဇာတ်။
၁၉၆၁ ။*Wages of Sin*
၁၉၆၂ ။အိန္ဒိယပြည်၌ ဟောပြောသော ဗုဒ္ဓတရားတော်များ။
၁၉၆၃ ။ပုထုဇနော ဥမ္မတကော ဒုတိယအကြိမ်။
၁၉၆၇ ။ကာမတကျာ ဝတ္ထုကြီး ပထမအုပ် ပထမအကြိမ်။
။ကာမတကျာ ဝတ္ထုကြီး ဒုတိယအုပ် ပထမအကြိမ်။
၁၉၆၈ ။ကာမတကျာ ဝတ္ထုကြီး ပထမအုပ် ဒုတိယအကြိမ်။
။ကာမတကျာ ဝတ္ထုကြီး ဒုတိယအုပ် ဒုတိယအကြိမ်။
။ရက်စက်ပါပေ့ကွယ် ဒုတိယအကြိမ်။
။ရုပ်စုံအခြေခံသမိုင်း၊ အတွဲ ၁။
။(ကမ္ဘာနှင့် သတ္တဝါအစ၊ ယဉ်ကျေးမှုအစ)
၁၉၈၂ ။ကာမတကျာ ဝတ္ထုကြီး ၂ အုပ်တွဲ ပထမအကြိမ်။
၁၉၈၃ ။ညောင်ကန်အေး ဝိပဿနာတရားတော်။
။ငရဲဆို ချိုနဲ့လားဗျို့ ပထမအကြိမ်။
။ရက်စက်ပါပေ့ကွယ် တတိယအကြိမ်။ (ပြန်ကြားရေးဝန်ထောက် ဦးခင်ဇော်မှ အင်္ဂလိပ်ဘာသာဖြင့် ဂါးဒီးယန်းသတင်းစာတွင် ရေးသားသည်ကို အစ္စရေး သံအမတ်က ဖတ်ရှု၍ အစ္စရေးနိုင်ငံတွင် ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေခဲ့)
။ဗုဒ္ဓဘာသာ တရားတော် (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)
၁၉၈၄ ။ကျေးရွာရှင်။
။မေ့စကြာ တရားတော်။
၁၉၈၅ ။အနတ္တလက္ခဏသုတ် တရားတော်။
၁၉၈၇ ။ငရဲဆို ချိုနဲ့လားဗျို့ ဒုတိယအကြိမ်။
၁၉၈၈ ။တြိရတနသရဏဝေယျ မင်္ဂလာဂါထာတော်များ (စိစဉ်ပြုစု)။
၁၉၉၆ ။မိတ္တဗလင်္ကာ ဒသမအကြိမ်။
၁၉၉၇ ။အာဇာနည် ဆဋ္ဌမအကြိမ်။
၂၀၀၀ ။ကာမတကျာ ဝတ္ထုကြီး ၂ အုပ်တွဲ ဒုတိယအကြိမ်။
၂၀၀၀ ။မိတ္တဗလင်္ကာ ဧကဒသမအကြိမ်။
၂၀၀၄ ။ငရဲဆို ချိုနဲ့လားဗျို့ တတိယအကြိမ်။
၂၀၀၄ ။အာဇာနည် သတ္တမအကြိမ်။

www.burmeseclassic.com

www.burmeseclassic.com

စာပေလောကထုတ်
ဦးနု စာအုပ်များ

| | |
|---|---|
| မိတ္တဗလ | ၃၅၀၀ |
| ကာမတဏှာ | ၂၅၀၀ |
| ငရဲဆို ချိုနဲ့လားဗျို့ | ၂၀၀၀ |
| ကျေးဇူးရှင် | ၁၀၀၀ |
| အာဃာနည် | ၈၀၀ |



နေဝင်း (လန်ဒန်)

ဆရာတော်ကြီးများနှင့်
တွေ့ဆုံ မေးမြန်းမှုများ

- ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်
- ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ
- ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး ဦးသောဘိတ
- မဟာစည့်ဗွင်ကျွမ်းပြုဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ
- မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သုပညိန္ဒာဘိဝံသ
- ဆရာတော် ဦးကောသလ
- အမရပူရမြို့ မဟာဂန္ဓာရုံတိုက်၊ နာယကချုပ်၊ ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသ
- မြောင်းမြဆရာတော် ဦးဉာ နိက
- ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ
- ရွှေတောင်ကုန်းဆရာတော် ဦးပဏ္ဍိတာဘိဝံသ
- မန္တလေးမြို့ နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသ
- မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဆရာတော်ဦးတိလောက
- အဂ္ဂမဟာပဏ္ဍိတ အရှင်သီရိန္ဒာဘိဝံသ
- အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသုမင်္ဂလ စသည့်

မြန်မာနိုင်ငံရှိ သက်တော်ရှည် ဆရာတော်ကြီးများ၊ မေ့ကာထိက ဆရာတော်ကြီးများ၊ တရားပြဆရာတော်ကြီးများနှင့် တရားဆွေး ဆွေးနွေးလျှောက်ထား မေးမြန်းမှုများ စုစည်းတင်ပြထားသည်။

[တမှုခွင့်ပြုချက် အမှတ် ၅၅၆/ ၂၀၀၄ (ဂ)]

www.burmeseclassic.com